www.dhammadownload.com

မဂ်လာဘုံကျော်

ညောင်ကန်ဆရာတော်ဘုရားကြီး

ပြန်ဆိုရေးသားတော်မူခဲ့သော

ပုံတော်စုံ

ငါးရာငါးဆယ်ဇာတ်ဝတ္ထု

ပဌမတွဲ



ခင်ချိုထွန်းစာပေ

အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

www.dhammadownload.com

သဗ္ဗဉ်ညာဏ်အား နှစ်မိုး ၃-ပါး

၁။ သီရန်မှန်က၊ မကျန်ရအောင်၊ လုံးဝကုန်စင်၊ အကုန်မြင်-
သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား၊ များအပြားဌ၌၊ ဟာထားစဖွယ်၊
နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်-
သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ၊ များစေနော်၊ ဣန္ဒြေစရိုက်၊
သူ့အကြိုက်ကို၊ နှိုက်ဖျတ်စုံလင်၊ အကုန်မြင်-
သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

(အရှင်ဓနကာဘိဝံသ)

ဤစာအုပ်တွင်-

၁။ အထက်ပါ သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသုံးပါးတွင် သိထိုက်သော အရာဟူသမျှကို သိတော်မူသောကြောင့် ဖြစ်ပေါ်လာသမျှ အကြောင်းအရာများ၏အခြေအမြစ်များကို အတိတ်ဖြစ်ရပ်နှင့် ဆက်စပ်၍သိတော်မူသဖြင့်-

၂။ ဟောကြားသင့်ပုံ အတိတ်ဖြစ်ရပ်အစုံတို့ကို ဇာတိသရ-ဉာဏ်တော်မြတ်ဖြင့် ထင်ဟပ်ပေါ်လွင်စေပြီးလျှင် ထိုက်သင့်ရာရာ ဖြစ်တော်စဉ် ဇာတ်တော်များဖြင့် အတင့်အတယ် ခြယ်လှယ် တန်ဆာဆင်လျက်-

၃။ မူရင်းဇာတ်ဆောင်တို့၏ အဇ္ဈာသယ, ဣန္ဒြေနှင့်, အကျင့်စရိုက်တို့အား ထိုက်တန်သော, လိုက်လျောသော, အံဝင်ခွင်ကျဖြစ်သော, တိုက်ရိုက်ဆက်စပ်သော ဝေးကွာလှသော ကမ္ဘာကမ္ဘာ ဘဝပေါင်းများစွာမှ ဖြစ်ရပ်တစ်ခုဖြင့် စပ်ဟပ်ဖော်ဆောင်ကာ သစ္စာကိုပါပြလျက် ချွတ်ချွေတော်မူပုံအစုံစုံကို အာရုံယူမှတ်သား၍ စိတ်ထား ပြုပြင်နိုင်ရုံတွင်မက ဗဟုသုတများနှင့် ပြည့်စုံစေနိုင်ပြီး နည်းယူမှတ်သားဖွယ်တို့ကိုပါ တွေ့ရှိခံစားရမည်ဖြစ်ပါသည်။

www.dhammadownload.com

မဂ်လာဘုံကျော်

သောင်ကန်သရာတော်ဘုရားကြီး

ပြန်ဆိုရေးသားတော်မူခဲ့သော

ပုံတော်စံ

ငါးရာငါးခေတ်

ရှတ်ဝတ္ထု


(ပဌမတွဲ၊ ဇာတ်ပေါင်း---၁၇)



ရဂင်္ချီတွန်းတပေ

အမှတ်၊ ၈၆၊ ၃၇လမ်း၊ ရန်ကုန်မြို့။

www.dhammadownload.com



သာကီဝင် ဆွေတော်မျိုးတော်တို့၏ မာန်တံခွန်ကို နှိမ်ချိုးခြင်းအကျိုးငှါ အမျိုးမျိုးသော
တန်ခိုးပြာဋိဟာတို့ကို ပြတော်မူစဉ်

www.dhammadownload.com

နိဒါန်း

ကိုယ်တိုင်လည်းသိ၊ သိထိုက်သူကိုလည်းသိစေ

မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် သခ္ခေါလေးရပ် တစ်သိန်းကပ် ကာလပတ်လုံး သဗ္ဗညုတဉာဏ်တော်အတွက် အင်္ဂါခြေလက် အသက်ကိုပါစွန့်လျက် ပါရမီတော်များကို ဖြည့်ဆည်းပူးတော်မူခဲ့လေသည်။ ယင်းသို့ ဖြည့်ဆည်းပူးတော်မူခဲ့သဖြင့်လည်း ထိုက်ထိုက်တန်တန် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူလေသည်။

ပထမစွမ်းအား

ထိုသဗ္ဗညုတဉာဏ်တော်ဖြင့် သိထိုက်, သိသင့်သော တရားမှန်သမျှကို အကြွင်းအကျန်မရှိစေဘဲ မိမိအလိုလို ကိုယ်တော်တိုင်သိမြင်တော်မူပြီးဖြစ်လေသည်။ ထိုသို့အကြွင်းအကျန်မရှိ ကုန်စင်အောင်သိတော်မူခြင်းသည်လည်း "သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝကုန်စင်၊ အကုန်မြင်၊ သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း" ဟူသည်နှင့်အညီ သဗ္ဗညုတဉာဏ်တော် "ပထမ-စွမ်းအား" ဖြစ်သည်။

ထိုသဗ္ဗညုတဉာဏ်တော်၏ ပထမစွမ်းအားဖြင့် သိပြီးဖြစ်သော တရားများတွင် ဘုရားရှင်တို့နှင့်သာဆိုင်သောတရား, ပစ္စေကဗုဒ္ဓါတို့နှင့်သာဆိုင်သော တရား, ရဟန္တာပုဂ္ဂိုလ်များနှင့်သာ ဆိုင်သောတရား, အနာဂါမ်-သကဒါဂါမ်-သောတာပန်တို့နှင့်သာ အသီးသီးဆိုင်သော တရားဝို့ဟူ၍ အကန့်အသပ် အပိုင်းအခြားရှိ၏။

ထိုသို့ အကန့်အသပ်, အပိုင်းအခြားရှိသော တရားများစွာတို့မှ ထိုက်သင့်ရာရာ တရားတော်တို့ကို ထိုက်သင့်ရာရာ ပုဂ္ဂိုလ်တို့အား ပိုင်းခြား၍ သိစေ, ရစေတော်မူလေသည်။ ထိုသို့သိစေ, ရစေတော်မူသောကြောင့်လည်း ထိုထိုသိပြီး, ရပြီးသူတို့သည် နိဗ္ဗာ်သောင်တစ်ဖက်ကမ်းသို့ တက်လှမ်း အေးငြိမ်း၍ ချမ်းသာကိန်းကြီးများ ဆိုက်ခဲ့ကြပေသည်။

ဒုတိယစွမ်းအား

ထိုသို့ ချမ်းသာကိန်းကြီးများ ဆိုက်ခဲ့ကြရခြင်းသည်၊ ထိုထိုသိထိုက်သူတို့အား "သိသောတရား၊ များအပြားဌ်၊ ဟောထား၊စဖွယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း" ဟူသည်နှင့်အညီ သဗ္ဗညုတဉာဏ်တော်၏ "ဒုတိယ-စွမ်းအား"ဖြင့် ဟောနည်းဟောပုံ နည်းစုံ ဟောကြားတော်မူသောကြောင့် ဖြစ်ပေသည်။

ဆန်းကျယ် စုံလင်သောနည်းတို့ဖြင့် ဟော၊ဖော်ညွှန်ပြ ဆုံးမရာတွင်လည်း ဓမ္မပဋိဂ္ဂါဟက-တရားတော်ကို ခံယူသူတို့တွင် တရားရမည့်ပုဂ္ဂိုလ် ကျွတ်ထိုက်သူ

www.dhammadownload.com

(ခ) ငါးရာငါးဆယ်ဇာတ်ဝတ္ထုနိဒါန်း

တို့တွင် မည်၏သည့်ပုဂ္ဂိုလ်တွင် မည့်သည်ကုန်ခြေနှင့် စရိုက်လွန်ကဲသည် အစရှိသည်ဖြင့် သေချာစွာသိသဖြင့် ထိုထိုပုဂ္ဂိုလ်၏ ထိုထိုကုန်ခြေ, စရိုက်တို့နှင့် လိုက်လျောညီထွေရှိစေရန် ရွေးချယ် ညွှန်ကြား ဟောတော်မူသောအားဖြင့် မဂ်လမ်း, ဖိုလ်လမ်းသို့ လျှောက်လှမ်းနိုင်ကြပြီး သံသရာဝဋ်ဇာတ်တွင် အဝိဇ္ဇာ, တဏှာတို့၏ စိုးမိုးချုပ်ချယ်ခြင်းမှ လွတ်လပ်သည့် နိဗ္ဗာန်တည်းဟူသော အေးငြိမ်းနိုင်ငံတော်ကြီးကို တည်ထောင် ခံစားနိုင်သော သစ္စာအသိ, မဂ္ဂင်ကျင့်စဉ်တို့ဖြင့် ရရှိခံစားကြရပေသည်။

တတိယစွမ်းအား ထိုသို့ အဝိဇ္ဇာ, တဏှာ-တို့၏ စိုးအုပ်ချုပ်ချယ်ခြင်းမှ လွတ်လပ်သော အေးငြိမ်းနိုင်ငံတည်ထောင် ခံစားနိုင်ခြင်းမှာ "ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ကုန်ခြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချွတ် စုံလင်၊ အကုန်မြင်၊ သဗ္ဗညုတဉာဏ်တော် အစွမ်းတည်း" ဟူသည်နှင့်အညီ သဗ္ဗညုတဉာဏ်တော်၏ "တတိယ-စွမ်းအား"ဖြင့် သတ္တဝါတို့၏ ကျွတ်ထိုက်-မကျွတ်ထိုက်သော ကုန်ခြေ, စရိုက်တို့သိပြီး သိတော်မူသည့်အဟိုင်း လိုက်လျောညီထွေ ဟောကြားတော်မူလေသောကြောင့် ဖြစ်ပေသည်။

ငါးရာငါးဆယ်ဇာတ်တော်များကို ဟောကြားပုံ

ကေနိပါတ်မှ အသီတိနိပါတ်အထိ ဇာတ်တော်များနှင့် မဟာနိပါတ် ဇာတ်တော်များတွင် ဘုရားရှင်သည် ဖြစ်ပေါ်လာသောအကြောင်းအား လျော်စွာ ထိုထိုပုဂ္ဂိုလ်တို့၏ အတိတ်ဖြစ်ရပ် ဇာတ်လမ်းတို့တွင် တစ်ထပ်တည်းတူညီသော ဖြစ်ရပ်တို့ကို သဗ္ဗညုတဉာဏ်တော်၏ အစွမ်းအားဖြင့် ပြန်ပြောင်းကြည့်ရှု၍ စံပြုဟောကြားမတ်မူခြင်းဖြစ်၏။ ထိုသို့ နှိုးနွှယ်ဆက်စပ် ဖြစ်ရပ်ဖြစ်ပုံကို စုံလင်ပြည့်ဝအောင် ဟောကြားသဖြင့် အေးငြိမ်းမှုကို ခံစားကြရပေသည်။

အကြောင်းရင်းခံ (ဒေဝဒတ်ကဲ့သို့) ပုဂ္ဂိုလ်အတွက် တိုက်ရိုက်အကျိုး မများစေသော်လည်း အခြားသော တရားနာပရိသတ်တို့မှာ အကျိုးခံစားကြရပေသည်။ ထိုသို့ အကျိုးခံစားစေနိုင်အောင်လည်း ထိုထိုပရိသတ်၏ စရိုက်နှင့် ထိုက်တန်သောဖြစ်ရပ်ကို ရွေးထုတ်စီစဉ် တန်ဆာဆင်၍ ဟောတော်မူခြင်းဖြစ်၏။ ထို့ကြောင့် ငါးရာငါးဆယ်ဇာတ်တော်များသည် "ဥပမာယ မိဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ"ဟူသော စကားအရ ဥပမာဖြင့်ဖော်ပြလျှင် သိလွယ်မြင်လွယ်ကြသဖြင့် ဥပမာနှင့်တူသော တိုက်ရိုက်ဖြစ်ရပ်တို့ဖြင့် ကျွတ်ထိုက်-တရားသိထိုက်သော သတ္တဝါတို့အား တရားသံဝေဂဖြစ်စေရန် တရားသိစေရန် အလွယ်ကူဆုံးသော ဟောပြောနည်းဖြင့် ဟောထားသော ဇာတ်တော်များဖြစ်၏။

www.dhammadownload.com

ယင်းဇာတ်တော် များသည် မူရင်းအရေအတွက်အားဖြင့် ၅၄၇-ဇာတ်ရှိလေသည်။ သို့ရာတွင် ခေါ်ဝေါ်လွယ်စေရန်အတွက် (၅၅၀)ငါးရာငါးဆယ်ဟု ခေါ်တွင်နေခြင်းဖြစ်သည်။ (ပုဂံဝန်ထောက်မင်းပြုစုသော ဇာတ်စာရင်းတွင်ကား- ၁။ ဝေလာမဇာတ်၊ ၂။ မဟာဂေါဝိန္ဒဇာတ်၊ ၃။ သုမေဓပဏ္ဍိတဇာတ်-ဟူသော ဇာတ် ၃-ဇာတ်တို့ကို ပကိဏ္ဏကနိပါတ်၏ အဆုံး၌ ထည့်သွင်းရေတွက်ကာ (ပကိဏ္ဏက-၁၆ ဖြစ်၍) ဇာတ်ပေါင်း (၅၅၀)ငါးရာငါးဆယ်ဖြစ်လေသည်။)

ဇာတ်အဋ္ဌကထာဆရာ

လင်္ကာဒီပမည်သော သီဟိုဠ်ကျွန်း (ယခုအခေါ်-သီရိလင်္ကာ)၌ မဟာနာမ-မင်းအုပ်စိုးစဉ် သာသနာသက္ကရာဇ် ၉၃၀-ခုနှစ်ကျော်လောက်တွင် အရှင်မဟာ ဗုဒ္ဓဃောသမထေရ်သည် ပိဋကတော်များ၏ အဖွင့်အဋ္ဌကထာကျမ်းများ ရေးသားပြုစုတော်မူခဲ့လေသည်။ ထိုသို့ အဋ္ဌကထာကျမ်းများကို ပြုစုရေးသားရာ၌ ခုနှကနိကာယ်တွင် ပါဝင်သော မြတ်စွာဘုရားရှင်သည် အကျဉ်းဂါထာများဖြင့် ဟောထားအပ်သည့် ဇာတကပါဠိတို့ကို အကျယ်ဖွင့်ဆို၍ "ဇာတကဋ္ဌကထာ"ကို ရေးသားပြုစုတော်မူခဲ့လေသည်။

ညောင်ကန်ဆရာတော် (၁၁၁၅ - ၁၁၈၃)

အရှင်မဟာဗုဒ္ဓဃောသ ရေးသားခဲ့သော ဇာတကဋ္ဌကထာများသည် ပါဠိဘာသာဖြင့် ရေးသားဖွင့်ဆိုထားသော ကျမ်းစာများဖြစ်၍ ပါဠိဘာသာကို မကျွမ်းကျင်သော လူပုဂ္ဂိုလ်များအတွက် ဖတ်ရှုလေ့လာဖို့ ခက်ခဲလှပေသည်။ ထို့ကြောင့် ဘာသာပြန်အကျော် ညောင်ကန်ဆရာတော်သည် ပါဠိဘာသာ မကျွမ်းကျင်သူများအတွက် အမြော်အမြင်ကြီးစွာဖြင့် ဇာတ်အဋ္ဌကထာများကို အပြည့်အစုံ ဝိရိယကြီးစွာ မြန်မာစကားပြေ ပြန်ဆိုရေးသားခဲ့ပေသည်။ ယင်းညောင်ကန်ဆရာတော်သည် အလုံမြို့၊ ညောင်ကန်ကျေးရွာ၌ ၁၁၁၅-ခုနှစ်တွင် ဖွားမြင်၍ အသက် ၁၅-နှစ်တွင် သာမဏေပြုကြောင်းနှင့် ၁၁၈၃-ခုနှစ်၊ သက်တော်-၆၈၊ သိက္ခာတော် ၄၈-ဝါ အရတွင် ပျံလွန်တော်မူကြောင်း မှတ်တမ်းများတွင် တွေ့ရှိရလေသည်။

ဋီကာ, နိဿယ, ဂဏ္ဌိနှင့် မြန်မာပြန်

အဋ္ဌကထာမြန်မာပြန်များ မပေါ်မီ ဇာတ်ဋီကာနှစ်ကျမ်း, ဇာတ်ပါဠိတော် နိဿယကျမ်း, ဇာတ်ဂဏ္ဌိကျမ်း, ဇာတ်အဋ္ဌကထာ နိဿယကျမ်းများ ပေါ်ပေါက်ခဲ့ပေသည်။ ဋီကာကျမ်းများမှာ သီဟိုဠ်ကျွန်း(သီရိလင်္ကာနိုင်ငံ) အနုရာဓမြို့၏အနောက်ဗဒရတိတ္ထကျောင်းနေ အရှင်ဓမ္မပါလ မထေရ်ရေးသားသော ဇာတ်ဋီကာနှင့် ပဋ္ဌမသင်္ဂါရနာတင် ဘဝရှင်မင်းတရားကြီး(မင်းတုန်း) လက်ထက် မောင်းထောင်ကြီး

www.dhammadownload.com

(ဃ) ငါးရာငါးဆယ်ဇာတ်ဝတ္ထုနိဒါန်း

ရွာဇာတိ၊ ဒုတိယမောင်းထောင်ဆရာတော် ရေးသားသော ဇာတ်ဦးကဟူ၍ ဦးကာနှစ်ကျမ်း ရှိခဲ့လေသည်။ စကားပြေမြန်မာပြန်များမှာ ပိကတ်တော်သမိုင်းအရ-တပယင်းမြို့စိရင်စုမုန်တိုင်းပင်ဆရာတော် ရေးသားသော စကားပြေနှင့် မင်္ဂလာဘုံကျော် စံကျောင်းတော်နေ **ဒုတိယညောင်ကန်ဆရာတော်** ရေးသားသော (ယခုဖတ်ရှုရမည့်) စကားပြေဟူ၍ နှစ်ကျမ်းမျှ ပေါ်ပေါက်ခဲ့လေသည်။

မြန်မာစကားပြေမပြန်ခင် ကမ္ဘာတွင်နှံ့.

ဤဇာတ်တော်များမှာ မြန်မာဘာသာဖြင့် မပြန်ဆိုမီ ရှေးယခင်ကပင် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့နေကြောင်းကို အရိပ်အမြွက် သိရှိရပေသည်။ ၎င်းမှာ သင်္ကဋ္ဌစာပေတွင် ထင်ရှားသော ပဋ္ဌာန်ရကျမ်းတစ်စောင်ရှိလေရာ ယင်းကျမ်းတွင် ပါရှိသော မူလအခြေခံများကို ဘုရားရှင်ဟောကြားတော်မူအပ်သော ဇာတ်တော်များနှင့် တူညီစွာတွေ့ရှိရကြောင်း သင်္ကဋ္ဌကျမ်းကျင်သူတို့၏ အဆိုအရ သိရှိရပေသည်။ ထိုပဋ္ဌာန်ရကျမ်းမှာ ဘာသာအမျိုးမျိုးပြန်ဆိုထားသည့် ကျမ်းတစ်စောင်ဖြစ်၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့နေသောကြောင့် ဇာတ်တော်များသည် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့နေကြောင်း ထောက်ရှုသိရခြင်းဖြစ်သည်။

ဖြန့်ချိထုတ်ဝေ

ကမ္ဘာသို့ သွယ်ဝိုက်ပျံ့နှံ့နေသော ဇာတ်တော်များကို မြန်မာပြည်သူတို့ အလွယ်တကူ ကြည့်ရှုမှတ်သားနိုင်ရန် ပါဠိတော်ဂါထာများကို အနက်ပြန်ဆို နိဿယရေးပြီး အဋ္ဌကထာ ပါဠိဘာသာများကို မြန်မာစကားပြေ ရေးသားပြန်ဆိုထားသော "ညောင်ကန်ဆရာတော်၏ ငါးရာငါးဆယ်ဇာတ်ဝတ္ထုများ" အပြည့်အစုံ(ပထမ တွဲမှ ပဋ္ဌမတွဲအထိ) ငါးတွဲလုံးကို "ခင်ချိုထွန်းစာပေ၊ အမှတ် ၈၆/၃၇-လမ်း၊ ရန်ကုန်မြို့"မှ တန်ဖိုးအရင်းအနှီးများစွာဖြင့် ရင်းနှီးမြှုပ်နှံ၍ စာချစ်သူ ဓမ္မသုတေသီများအတွက် မေတ္တာ စေတနာရှေ့ထား၍ ရိုက်နှိပ်ဖြန့်ချိလိုက်ပေသတည်း။

ပါဠိဆရာကြီးဦးစိုးမြင့်

(သာသနဓဇသိရိပဝရမဟာစရိယ)

၁၃၃၆-ခု၊ ၁၉၉၅-ခု

www.dhammadownload.com

(စတ္တာလီသနိပါတ်)

၁။ တေသကုဏဇာတ်

ပစ္စုပ္ပန်ဝတ္ထု = မြတ်စွာဘုရား ကောသလမင်းကြီးအား ဆုံးမဟောကြားခြင်း ၂

အတိတ်ဝတ္ထု = ခင်ပုပ်, ဆက်ရက်, ကျေးသားတို့ပြောသော မင်းကျင့်တရား ၂

ဇာတ်ပေါင်းခန်း = ဘုရားလောင်း ဧမ္မုကကျေးသားသုခမိန် ၂၈

၂။ သရဘင်္ဂဇာတ်

ပစ္စုပ္ပန်ဝတ္ထု = သိကြားမင်း၏ဝေဇယန္တာနန်းပြာသာဒ်ကို ခြေဖြင့်ညှပ်၍
တုန်လှုပ်စေနိုင်သော်လည်း ဝိပါကကံကြောင့် ခိုးသားသတ်
ခံရသော အရှင်မဟာမောဂ္ဂလာန် ၂၉

အတိတ်ဝတ္ထု = ဇောတိပါလ၏ လေးအတတ်မျိုးစုံနှင့် သရဘင်္ဂရသေ့နှင့်
သိကြားမင်း အမေးအဖြေ ၃၃

ဇာတ်ပေါင်းခန်း = ဘုရားလောင်း သရဘင်္ဂရသေ့ ၇၅

၃။ အလမ္ဗုသာဇာတ်

ပစ္စုပ္ပန်ဝတ္ထု = မယား ဟောင်းဖြားယောင်သော ရဟန်း
(ဣန္ဒြိယဇာတ်တွင် ဖော်ပြပြီး) ၇၇

အတိတ်ဝတ္ထု = ဣသိသိင်္ဂရသေ့၏သိလကို အလမ္ဗုသာနတ်သမီးဖျက်ဆီး ၇၇

ဇာတ်ပေါင်းခန်း = ဘုရားလောင်း ဣသိသိင်္ဂရသေ့၏ဖခင်ရသေ့ကြီး ၉၈

၄။ သန်ပါလဇာတ်

ပစ္စုပ္ပန်ဝတ္ထု = ဘုရားရှင်ထံ၌ ဥပုသ်စောင့်သုံးကြခြင်း ၉၈

အတိတ်ဝတ္ထု = သန်ပါလနဂါးမင်းဥပုသ်စောင့်ပုံနှင့် ဒါနဝတ္ထု ၁၀-ပါး ဟောပုံ ၉၉

ဇာတ်ပေါင်းခန်း = ဘုရားလောင်း သန်ပါလနဂါးမင်း ၁၃၀

၅။ စူဠသုတသောမဇာတ်

ပစ္စုပ္ပန်ဝတ္ထု = မြတ်စွာဘုရား၏ နိက္ခမပါရမီ(မဟာနာရဒကဿပဇာတ်နှင့်တူ) ၁၃၁

အတိတ်ဝတ္ထု = ဆံတစ်ပင်ဖြူသည်ကိုမြင်၍ ခမည်းတော်မယ်တော်စသည်တို့
ငိုကြွေးစဉ် ရဟန်းပြုသောမင်း ၁၃၁

ဇာတ်ပေါင်းခန်း = ဘုရားလောင်း သုတသောမမင်း ၁၆၁

www.dhammadownload.com

(ပဏ္ဏာသနိပါတ်)

၁။ နိလိနိကာဇာတ်

ပစ္စုပ္ပန်ဝတ္ထု = မယား:ဟောင်း:ဖြာ:ယောင်:သော ရဟန်:တစ်ပါး: ၁၆၃
အတိတ်ဝတ္ထု = မိန်:မကိုမမြင်ဖူ:သောကျသိသိဂံရသေ့အား မင်:သမီး:ဖျက်ဆီး:ပုံ ၁၆၃
ဇာတ်ပေါင်:ခန်: = ဘုရား:လောင်: ဖခင်ရသေ့ကြီး: ၁၉၂

၂။ ဥမ္မာဒန္တီဇာတ်

ပစ္စုပ္ပန်ဝတ္ထု = ကာမဂုဏ်တို့၏အပြစ်ကိုပြ၍ အချင်:ချင်:ဆုံ:မခြင်:ကို
မနာယူသောရဟန်: ၁၉၂
အတိတ်ဝတ္ထု = ဥမ္မာဒန္တီအလှကြောင့် သိဝိမင်: ယောင်ရမ်:မြည်တမ်:ရ
(ရူး:သကဲ့သို့ဖြစ်) ၁၉၄
ဇာတ်ပေါင်:ခန်: = ဘုရား:လောင်: သိဝိမင်: ၂၂၃

၃။ မဟာဇောဓိပရိဗ္ဗာဇကဇာတ်

ပစ္စုပ္ပန်ဝတ္ထု = သူ့တစ်ပါး:တို့ အယူဝါဒကို ချိုး:ဖဲ့ဖျက်ဆီး:နိုင်သော
ဘုရား:ရှင်၏ပညာပါရမီ ၂၂၄
အတိတ်ဝတ္ထု = မိစ္ဆာဝါဒ(အယူ)၅-မျိုး:ကို ဖျက်ချိုး:၍ မိမိအယူဥ္ဒ
တည်စေသော ပုရဇိုဒ် ၂၃၅
ဇာတ်ပေါင်:ခန်: = ဘုရား:လောင်: မဟာဇောဓိပုရဇိုဒ် ၂၅၁

(သဋ္ဌိနိပါတ်)

၁။ သောဏကဇာတ်

ပစ္စုပ္ပန်ဝတ္ထု = မြတ်စွာဘုရား၏ နေကွမ္မပါရမီကို ချီး:မွမ်း:ကြခြင်: ၂၅၃
အတိတ်ဝတ္ထု = အရှင်ပစ္စေကဗုဒ္ဓါ ကောင်:ကင်ခရီး:ကြွသည်ကို
မြင်၍ တောထွက်သောမင်: ၂၅၄
ဇာတ်ပေါင်:ခန်: = ဘုရား:လောင်: အရိန္ဒမမင်: ၃၀၄

၂။ သံကိစ္စဇာတ်

ပစ္စုပ္ပန်ဝတ္ထု = အဖကိုသတ်သော အဇာတသတ် ဘုရား:ဟူသော
သပ္ပုရိသူပနိဿယကြောင့် ကြောက်ရွံ့.ထိပ်လန့်.ခြင်း:မှ
သက်သာရာရ၍ မင်:ချမ်:သာကို ခံစား:နိုင်ခြင်: ၃၀၅

www.dhammadownload.com

အကြောင်းအရာဖော်ပြချက် စာမျက်နှာ

အတိတ်ဝတ္ထု = ငရဲကြီးရှစ်ထပ်နှင့်, အဖသတ်သူ, အမိသတ်သူ, ကိုယ်ဝန်ဖျက်သူ, လင်ငယ်မယားငယ်နေသူ, တံငါမုဆိုး, လာဘ်စားသူ, မုဆိုးတို့၏လားရာငရဲများနှင့် သူကောင်းတို့ စံစားရာ နတ်ပြည်ချမ်းသာကို ရသေ့ဟောခြင်း ၃၀၇

ဇာတ်ပေါင်းခန်း = ဘုရားလောင်း သံကိစ္စရသေ့ ၃၂၇

(သတ္တတိနိပါတ်)

၁။ ကုသဇာတ်

ပစ္စုပ္ပန်ဝတ္ထု = လူထွက်လိုသောရဟန်းအား နိမိတ်ငါးပါး, စုတေ(သေ)ခါနီးသောနတ်တို့အားထင်သော နိမိတ်ငါးပါးနှင့် သာသနာမှ လူထွက်လိုသော ရဟန်းအကြောင်း ၃၂၉

အတိတ်ဝတ္ထု = လူအဖြစ်ဖြင့် နတ်ပြည်၌ ခုနစ်ရက်နေဖူးသော မိဖုရား, သိကြားပေးသောသား ကုသမင်းသား ပဘာဝတီကိုရပုံနှင့် ၎င်းတို့၏ ဆုတောင်းနှင့်အဖြစ်စုံ ၃၃၁

ဇာတ်ပေါင်းခန်း = ဘုရားလောင်း ကုသမင်း ၃၉၇

၂။ သောဏနန္ဒဇာတ်

ပစ္စုပ္ပန်ဝတ္ထု = အမိအဖတို့ကို လုပ်ကျွေးသောရဟန်း ၃၉၈

အတိတ်ဝတ္ထု = အမိအဖတို့ကို လုပ်ကျွေးသော ရသေ့ညီနောင်တို့ လုပ်ကျွေးပုံ ၃၉၉

ဇာတ်ပေါင်းခန်း = ဘုရားလောင်း သောဏပညာရှိရသေ့ ၄၄၁

(အဋ္ဌကနိပါတ်)

၁။ စူဠဟံသဇာတ်

ပစ္စုပ္ပန်ဝတ္ထု = ဘုရားရှင်အား သေကြောင်းကြံသောဒေဝဒတ် လေးသမားကိုခိုင်း, ကျောက်တုံးနှင့်လိမ့်, နာဠာဂိရိဆင်နှင့်တိုက်ရာ နာဠာဂိရိဆင်ကို ဘုရားရှင်ဆုံးမတော်မူခြင်းအကြောင်း ၄၄၃

အတိတ်ဝတ္ထု = အရှင်သခင်ဟင်္သာမင်းအား အသတ်ပေး၍ ကယ်ယူသော ဟင်္သာစစ်သူကြီး သုမုခတို့အကြောင်း ၄၄၅

ဇာတ်ပေါင်းခန်း = ဘုရားလောင်း ဓတရဋ္ဌဟင်္သာမင်း ၄၈၆

www.dhammadownload.com

၂။ မတာဟံသဇာတ်

ပစ္စုပ္ပန်ဝတ္ထု = (စူဠဟံသဇာတ် ပစ္စုပ္ပန်ဝတ္ထုနှင့်တူ၏။) ၄၈၆

အတိတ်ဝတ္ထု = ခေမာမိဖုရားကြီးအိပ်မက် သံယမမင်းအား
ချင်ခြင်းဖြစ်ကြောင်းပြောသဖြင့် ရွှေဟင်္သာမင်းကိုဖမ်းစေရာ
မိ၍ သုမုခဟင်္သာစစ်သူကြီးကြောင့် ဘေးကင်းခြင်း ၄၈၇

ဓာတ်ပေါင်းခန်း = ဘုရားလောင်း ဓတရဋ္ဌဟင်္သာမင်း ၅၄၁

၃။ သုဓာဘောဇနဇာတ်

ပစ္စုပ္ပန်ဝတ္ထု = မိမိအား ရသောလာဘ်ကို အလှူခံတို့အား ပေးလှူသဖြင့်
အလှူဒါနကို အလိုရှိသော ရဟန်းတော်တစ်ပါး ၅၄၂

အတိတ်ဝတ္ထု = ကုဋေ့ရှစ်ဆယ်ကြွယ်ဝသောသူကြွယ်၏ ငါးဆက်မြောက်သား
မစ္ဆရိယကောသိယသူဌေးအား သိကြားနှင့်နတ်များဆုံး၍
အလှူဒါနပြုစေသဖြင့် နတ်ပြည်သို့ရောက်ခြင်း ၅၄၃

ဓာတ်ပေါင်းခန်း = ဘုရားလောင်း သိကြားနတ်မင်း ၆၀၀

၄။ မဟာကဏ္ဍာလဇာတ်

ပစ္စုပ္ပန်ဝတ္ထု = ဆွေတော်မျိုးတော်တို့မှ ရဟန်းပြုသစ်စ ရဟန်းငါးရာတို့
မပျော်မွေ့ခြင်းကို ပျောက်စေရန် ကုဏ္ဍာလရေအိုင်အနီးသို့
ကြွဆောင်ဟောကြားတော်မူခြင်း ၆၀၀

အတိတ်ဝတ္ထု = ကုဏ္ဍာလရေအိုင်မှ ငှက်စသည်တို့၏ ရှေးဖြစ်အဟောင်း
ဖြစ်ကြောင်း ကုန်စင်။ ၆၀၉

ဓာတ်ပေါင်းခန်း = ထိုရဟန်း ၅၀၀-တို့ ရဟန္တာဖြစ်ပြီး၍ မဟာသမယနှင့်
သမ္မာပရိဗ္ဗာဇနီယစသော သုတ်များကို ဟောတော်မူသည်။ ၆၈၈

၅။ မဟာသုတသောမဇာတ်

ပစ္စုပ္ပန်ဝတ္ထု = အဂုံလိမာလအား ဘုရားရှင်ဆုံးမတော်မူခြင်းနှင့်စပ်၍
ရဟန်းများပြောကြားခြင်း ၆၉၀

အတိတ်ဝတ္ထု = လူသားစား ပေါရိသာဒမင်းနှင့် အဆွေတော်ဟောင်း
မဟာသုတသောမ မင်းတို့အကြောင်း ၆၉၁

ဓာတ်ပေါင်းခန်း = ဘုရားလောင်း မဟာသုတသောမမင်း ၇၀၅
ပဋ္ဌမတွဲ၊ မာတိကာပြီး

www.dhammadownload.com



ပုံ ကောင် ပုံ

ငါးရငါးဆယ်ကောင်ပွဲ



စတ္တာလီသန္နိပါတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-တေသကုဏ္ဍလာတ်

မင်းကျင့်တရား၊ ဟောမြွက်ကြား၊ သုံးပါးငှက်သူတော်။

ဟောတော်မူရာဌာန နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် 'ဝေဿန္တရံ တံ ပုစ္ဆာမိ' အစရှိသော ဂါထာတစ်ပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤတေသကုဏ္ဍလာတ်ကို ဧတဝဒန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် **ကောသလမင်းကြီး** အား ဆုံးမတော် မူသည်၏ အစွမ်းအားဖြင့် ဟောတော်မူ၏။

F1(၅၅၀-ပဥ္စမ)

www.dhammadownload.com

ပစ္စုပ္ပန်ဝတ္ထု၂ ထိုစကားသည် မှန်၏။ တရားနာ အံ့သောဌာဇေတဝန် ကျောင်းတော်သို့လာသော ထိုကောသလမင်းကို သဗ္ဗညု မြတ်စွာဘုရားသည် ခေါ်တော်မူ၍ "မြတ်သောမင်းကြီး....မည်သည်ကား တရားနှင့်အညီ မင်းပြုရာ၏။ ထိုစကားသည် မှန်၏။ အကြင်အခါ၌ မင်းတို့သည် တရားမစောင့်သည် ဖြစ်ကုန်၏၊ ထို့သို့ မင်းတရားမစောင့်သော အခါ မင်း၏သားတော်၊ သမီးတော်တို့သည်လည်း တရားမစောင့်သည် ဖြစ်ကုန်၏၊ ဤသို့အစရှိသော စတုက္ကနိပါတ်၌လာသော နည်းဖြင့်လျှင် ဆုံးမတော်မူ၍ လေးပါးသော အဂတိတို့ဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ ရောက်ခြင်း၌ အပြစ်ကိုလည်းကောင်း၊ မရောက်ခြင်း၌ အကျိုးလိုလည်းကောင်း ဟောတော်မူ၍ ကာမဂုဏ်တို့သည် အိပ်မက်နှင့် တူကုန်၏"။ ဤသို့ အစရှိသောနည်းဖြင့် ကာမဂုဏ်တို့၌ အပြစ်ကို ခွဲ၍တော်မူ၍ "မြတ်သောမင်းကြီး....အကြင့်ကြောင့် ဤသတ္တဝါတို့အား သေမင်းနှင့် အချိန်းအချက်သည် မရှိ, လက်ဆောင် တံစိုးယူခြင်းလည်း မရှိ, စစ်ထိုးခြင်းသည်လည်း မရှိ, သေမင်းကို အောင်သည်လည်း မရှိ, ခပ်သိမ်းကုန်သော သတ္တဝါတို့သည် သေမင်းနိုင်ငံသို့ သွားရကုန်သည်ချည်းတည်း၊ ထို့ကြောင့် ဘဝတစ်ပါးသို့ ပြောင်းသွားရကုန်သော ထိုသတ္တဝါတို့အား မိမိသည် ပြုအပ်သော ကောင်းမှုကံကိုထား၍ တစ်ပါးသော တည်ရာမည်သည် မရှိ၊ အကြင် အကြင် ဆိုအပ်ပြီးသောနည်းဖြင့် တစ်ခဏသာလျှင် ထင်ခြင်းရှိသော ဘဝတစ်ပါးသို့ ဆောင်ယူ၍ မသွားနိုင်ချေရကား စင်စစ်စွန့်ပစ်အပ်သော ဥစ္စာစည်းစိမ် အခြေအရံ ပရိသတ် မျူးမတ် ဗိုလ်ပါအပေါင်းကို အမှီပြု၍ မေ့လျော့ခြင်းကို ပြုခြင်းငှာမသင့်၊ မမေ့မလျော့သည်ဖြစ်၍ တရားသဖြင့် မင်းပြုခြင်းငှာ သင့်၏"။ ထိုစကားသည် မှန်၏၊ ရှေးမင်းတို့သည် ဘုရားပွင့်တော်မမူပဲလျက်လဲ ပညာရှိတို့ အဆုံးအမ၌တည်၍ တရားသဖြင့် မင်းပြုခြင်းကြောင့် နတ်ပြည်ကို ပြည့်စေကုန်ဖူးပြီ"ဟု မိန့်တော်မူ၍ ထို ကောသလမင်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မ၏။

အတိတ်ဝတ္ထု၂ မြတ်သောမင်းကြီး လွန်လေပြီးသောအခါ ဗာရာဏဿီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် သားသမီး မရှိသည်ဖြစ်၍ ဆုတောင်းသော်လည်း သားသမီးကိုမရ။ ထိုဗြဟ္မဒတ်မင်းသည် တစ်နေ့သ၌ များစွာသော အခြံအရံဖြင့် ဥယျာဉ်တော်သို့ သွားပြီးလျှင် နေ့အဖို



(၅၅၀-မ၊ တေသကုဏ္ဍဇာတ်)

ပုံ-၁။ ဗြဟ္မဒတ်မင်းကြီးသည် မုဆိုးတို့အားခေါ်၍ "ဤငှက်ဥတို့ကား အဘယ်ငှက်ဥတို့နည်း" ဟု မေးနေပုံ။

www.dhammadownload.com

www.dhammadownload.com

ပတ်လုံး ဥယျာဉ်တော်၌ ကစားတော်မူ၍ မင်္ဂလာ အင်ကြင်းပင်အနီး၌ နေရာတော် ခင်းစေ၍ ထိုနေရာအထက်၌ စက်ဒတော်ခေါ်၏။

ဌက်သိုက်ကို တွေ့ပြီ

အတန်ငယ် စက်တော်ခေါ်၍ နိုးတော်မူလျှင် အင်ကြင်းပင်ကို ကြည့်လတ်သော် ထိုအင်ကြင်းပင်အထက်၌ ဌက်သိုက်ကိုမြင်၏။ မြင်တော်မူသည်နှင့် တကွသာလျှင် ဗြဟ္မဒတ်မင်းအား ချစ်ခြင်းသည် ဖြစ်၏။ ထို ဗြဟ္မဒတ်မင်းသည် မင်းခစား ယောကျ်းတစ်ယောက်ကို ' ခေါ်တော်မူ၍ အင်ကြင်းပင်ထက်သို့တက်၍ ထိုဌက်သိုက်၌ တစ်စုံတစ်ခုရှိသည်၏ အဖြစ်ကို လည်းကောင်း၊ မရှိသည်၏ အဖြစ်ကိုလည်းကောင်း သိချေလော့ ဟု ဆို၏။ ထို မင်းခစား ယောကျ်းသည် ''အရှင်မင်းကြီး ကောင်းပြီ'' ဟု ဆို၍ တက်လေလျှင် ထိုဌက်သိုက်၌ ဥသုံးလုံးတို့ကိုမြင်၍ ဗြဟ္မဒတ်မင်းအား တင်လျှောက်၏။ မင်းသည် ''ထိုသို့တပြီးကား တို့ဌက်ဥတို့၏ အပေါ်၌ နှာခေါင်းလေကို မလွတ်လင့်'' ဟု ဆို၍၊ ''ပန်းပုံတောင်း၌ ဝါဂွမ်းစုကိုခင်း၍ ထို ဝါဂွမ်းစု၌သာလျှင် သုံးလုံးကုန်သော ဌက်ဥတို့ကို ထား၍ ဖြည်းညင်းသာယာစွာ ဆင်းခဲ့လော့'' ဟုဆို၍ ဆင်းစေပြီးလျှင် ပန်းပုံတောင်းတို့ကို လက်ဖြင့်ကိုင်၍၊ ''အို....အမတ်များတို့ ဤဌက်ဥတို့ကား အဘယ်ဌက်ဥတို့နည်း'' ဟု မှူးမတ်တို့ကို ဗြဟ္မဒတ်မင်း မေးတော်မူသည်ရှိသော်၊ ''အရှင်မင်းကြီး....အကျွန်ုပ်တို့သည် မသိပါကုန်၊ မုဆိုးတို့သည် သိပါကုန်လတ္တံ့'' ဟု တင်လျှောက်ကုန်၏။

ဌက်ဥထိန်းကြောင်း မှူးမတ်ပေါင်း

ဗြဟ္မဒတ်မင်းသည် မုဆိုးတို့ကို ခေါ်တော်မူစေ၍ မေးတော်မူ၏။ မုဆိုးတို့သည် ''မြတ်သောမင်းကြီး.... ထိုသုံးလုံးကုန်သော ဌက်ဥတို့တွင် တစ်လုံးကား ခင်ပုပ်၏, တစ်လုံးကား ဆက်ရက်၏, တစ်လုံးကား ကျေး၏'' ဟု တင်လျှောက်ကုန်၏။ ''အမောင်တို့ တစ်ခုတည်းသော အသိုက်၌ ဌက်မ သုံးကောင်တို့၏ အဥတို့သည် ဖြစ်ကုန်မည်လော'' ဟု မေးတော်မူသည်ရှိသော် ''အရှင်မင်းကြီး....ဖြစ်ပါကုန်၏၊ ဘေးရန်မရှိသော် ကောင်းစွာထားအပ်ကုန်သော အဥတို့သည် မပျက်စီးကုန်'' ဟု တင်လျှောက်ကြကုန်လျှင် ဗြဟ္မဒတ်မင်းသည် နှပ်သက်ဟော်မူ၍ ဌက်ဥတို့သည် ဘ၀သားတော်တို့သည် ဖြစ်ကုန်လတ္တံ့'' ဟု နှလုံးသွင်း၍ ထို ဥသုံးလုံးတို့ကို အမတ်

www.dhammadownload.com

သုံးယောက်တို့အား အပ်နှင်း၍ "ဤ ငှက်ဥတို့သည် ငါ၏ သားတော်တို့သည် ဖြစ်ကုန်လတ္တံ့၊ သင်တို့သည် ကောင်းစွာ စောင့်ရှောက်၍ ဥခွံမှ ပေါက်သောကာလ၌ ငါ့အား တင်ခဲလျှောက်ကြကုန်လော့" ဟု ဆို၏။ ထိုအမတ်တို့သည် ငှက်ဥတို့ကို ကောင်းစွာ စောင့်ရှောက်ကုန်၏။

အမည်သညာ ဝေဿန္တရာ

ထိုသုံးလုံးသော ငှက်ဥတို့တွင် ခင်ပုပ်ဥသည် ရှေးဦးစွာပေါက်၏။ ထို ဥတောင်ထိန်းအမတ်သည် မုဆိုးတစ်ယောက်ကို ခေါ်စေ၍ "သင်သည် အမ၏အဖြစ်ကို လည်းကောင်း၊ အဖို၏ အဖြစ်ကိုလည်းကောင်း သိအောင် ပြုလော့" ဟု ဆို၏။ ထို မုဆိုးသည် စုံစမ်းဆင်ခြင်၍ "အဖို" ဟူ၍ ဆိုလတ်သော် ငြဟ္မဒတ်မင်းသို့ကပ်၍ "အရှင်မင်းကြီး.... အရှင်မင်းကြီး၏ သားတော်သည် ဖွားတော်မူပြီ" ဟု တင်လျှောက်၏။ ငြဟ္မဒတ်မင်းသည် နှစ်သက်တော်မူ၍ ထိုအမတ်အား မျှားစွာသော ဥစ္စာတို့ပေးတော်မူ၍ "ငါ၏ သားငယ်ကို ကောင်းစွာ မွေးမြူလေလော့၊ ထိုသားငယ်အား ဝေဿန္တရာဟူသော အမည်ကိုလည်း မှည့်လေလော့" ဟုဆို၍ လွှတ်လိုက်၏။ ထိုအမတ်သည် ငြဟ္မဒတ်မင်းဆိုတိုင်း ပြု၏။

အမည်တွင်မည် ကုဏ္ဍလိနီ

ထို့နောက်မှ တစ်ရက်, နှစ်ရက်လွန်သဖြင့် ဆက်ရက်ဥသည် ပေါက်ပြန်၏။ ထိုဆက်ရက် ဥတောင်ထိန်း အမတ်သည်လည်း ထို ပေါက်သစ်စသော ဆက်ရက်ငယ်ကို မုဆိုးကို စုံစမ်းစေ၍ "အမ" တည်းဟု ကြား၍ ငြဟ္မဒတ်မင်းအထံသို့သွား၍ "အရှင်မင်းကြီး၏ သမီးတော်သည် ဖွားတော်မူပြီ" ဟု တင်လျှောက်၏။ ငြဟ္မဒတ်မင်းသည် နှစ်သက်သည်ဖြစ်၍ ထိုအမတ်အားလည်း မျှားစွာသော ဥစ္စာကိုပေး၍ "ငါ၏ သမီးတော်ကို ကောင်းစွာ မွေးမြူလေလော့၊ ထိုသမီးတော်အား ကုဏ္ဍလိနီ ဟူသော အမည်ကိုလည်း မှည့်လေလော့" ဟု ဆို၍ လွှတ်လိုက်၏။ ထိုအမတ်သည်လည်း ငြဟ္မဒတ်မင်းဆိုတိုင်း ပြု၏။

ဇမ္ဗုက

တဖန် တစ်ရက်, နှစ်ရက်လွန်သဖြင့် ကျေးဥသည် ပေါက်၏။ ထို ကျေးဥတောင်ထိန်း အမတ်သည်လည်း ထိုပေါက်သစ်စသော ကျေးငယ်ကို

www.dhammadownload.com

မုဆိုးကို စုံစမ်းစေ၍ ''အဖို'' ဟူ၍ ဆိုလတ်သော် ဗြဟ္မဒတ်မင်းအထံသို့ သွား၍ ''အရှင်မင်းကြီး....အရှင်မင်းကြီး၏ သားတော်သည် ဖွားတော်မူပြီ'' ဟု တင်လျှောက်၏။ ဗြဟ္မဒတ်မင်းသည် နှစ်သက်တော်မူ၍ ထို အမတ်အား မျှားစွာသော ဥစ္စာကိုပေး၍ ''ငါ၏ သားတော်ကို ကောင်းစွာလုပ်ကျွေးလော့၊ ထို သားတော်အား မျှားစွာသော အခြံအရံဖြင့် မင်္ဂလာပွဲခံ၍ ဇမ္ဗူက ဟူသော အမည်ကို မှည့်လေလော့'' ဟု ဆို၍ လွှတ်လိုက်၏။ ထို အမတ်သည်လည်း ဗြဟ္မဒတ်မင်းဆိုတိုင်း ပြု၏။

ဝေဿန္တရာ ယနာမြခြင်း

ထိုဌတ်သုံးခုတို့သည်လည်း အမတ်သုံးယောက်တို့၏ အိမ်တို့၌ မင်းသားတို့၏ အစောင့်အရှောက်ဖြင့်သာလျှင် ကြီးကုန်၏။ ဗြဟ္မဒတ်မှင်းသည်လည်း ''ငါ၏သားတော်၊ ငါ၏သမီးတော်'' ဟု ခေါ်တော်မူ၏။ ထိုအခါ ဗြဟ္မဒတ်မင်းအား မှူးတော် မတ်တော်တို့သည် အချင်းချင်း ပြက်ရယ်ပြုကုန်၏။ အဘယ်သို့ ပြက်ရယ်ပြုကုန်သနည်းဟူမူကား ''အချင်းတို့....ငါတို့ အရှင်မင်းကြီး၏ အမှုအရာတော်ကို သင်တို့သည် ကြည့်ကြကုန်လော့၊ တိရစ္ဆာန်တို့ကိုလျက်လည်း ငါ၏သားတော်, ငါ၏သမီးတော်ဟု ခေါ်တော်မူလျက် သွားတော်မူဘိ၏တကား'' ဟု ပြက်ရယ် ပြုကြကုန်၏။

ထိုစကားကို ကြား၍ ဗြဟ္မဒတ်မင်းသည် ကြံ၏။ ''ဤအမတ်တို့သည် ငါ့သားတော် သမီးတော်တို့၏ ပညာနှင့်ပြည့်စုံခြင်းကို မသိကြလေကုန်၊ ထိုအမတ်တို့အား သိသာထင်ရှားအောင် ငါ့ပြုအံ့'' ဟု ကြံ၏။ ထိုသို့ကြံပြီးမှ အမတ်တစ်ယောက်ကို ဝေဿန္တရာ၏ အထံသို့ စေလိုက်၏။ အသို့စေလိုက်သနည်း ဟူမူကား ''အရှင့်သားတော် ဝေဿန္တရာ....အရှင့်သားတော်တို့၏ ခမည်းတော်မင်းမြတ်သည် ပြဿနာကို မေးလို၏။ အဘယ်အခါ၌ လာလတ်၍ မေးစိမ့်သောငှာ အလိုရှိသနည်းဟု မေးချေလော့'' ဟု စေတော်မူလိုက်၏။ အမတ်သည် သွား၍ ဝေဿန္တရာကို ရှိခိုးလျက် ထိုစေတော်မူလိုက်သော အခြင်းအရာကို ကြား၏။ ထိုစကားကို ကြား၍ ဝေဿန္တရာသည် မိမိအထိန်းတော် အမတ်ကို ခေါ်စေ၍ ''အချင်းအထိန်းတော်....ငါ ကြားရသည်ကား ငါ၏ခမည်းတော် မင်းမြတ်သည် ငါ့အား ပြဿနာကို မေးတော်မူလို၏။ ဤ ငါတို့အိမ်သို့ ကြွတော်မူလာသောအခါ ထိုခမည်းတော်မင်းမြတ်အား ပူဇော်သက္ကာရကို ပြုခြင်းငှာ

www.dhammadownload.com

သင့်၏၊ ဘယ်အခါ၌ ကြွတော်မူလာစေရမည်နည်း'' ဟု မေး၏။ အထိန်းတော် အမတ်သည် ''အရှင့်သား....ဤနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ ကြွလာတော်မူပါစေလော'' ဟု ပြန်လျှောက်၏။ ထိုအထိန်းတော်အမတ် ပြန်လျှောက်သော စကားကိုကြား၍ ဝေဿန္တရာသည် ''ငါ၏ခမည်းတော် မင်းမြတ်သည် ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ကြွတော် မူလာစေလော့'' ဟု ဆို၍ လွှတ်လိုက်၏။

ထိုအမတ်သည် လာလတ်၍ ဖြဟ္မဒတ်မင်းအား တင်လျှောက်၏။ ဖြဟ္မဒတ်မင်းသည် ခုနစ်ရက်မြောက်သောနေ့၌ ဗာရာဏသီမြို့တော်အလုံး ဝယ် စည်လည်စေ၍ သားတော် ဝေဿန္တရာ၏ နေရာသို့ ကြွတော်မူ၏။ သားတော် ဝေဿန္တရာသည် ခမည်းတော် ဖြဟ္မဒတ်မင်းအား မျှားစွာသော ပူဇော်သက္ကာရကို ပြုစေ၏။ အယုတ်သဖြင့် ကျွဲးတော်မျိုး, ကျွန်တော်မျိုး အမှုထမ်းတို့အား သော်လည်း ပူဇော်သက္ကာရကို ပြုစေ၏။ ဖြဟ္မဒတ်မင်းသည် ဝေဿန္တရာ အမည်ရှိသော ခင်ပုပ်ဌက်၏ နေအိမ်၌ စားတော်ခေါ်၍ မျှားစွာသောစည်းစိမ်ကို ခံစားတော်မူခဲ့ပြီးလျှင် မိမိ နေရာ နန်းတော်သို့လာလတ်၍ ညီလာခံရာ မင်းရင်ပြင်၌ ကြီးစွာသော မဏ္ဍပ်ကိုဆောက်၍ ဗာရာဏသီမြို့အလုံး၌ စည်လည်စေ၍ တန်ဆာ ဆင် အပ်ပြီးသော မဏ္ဍပ်အလယ်၌ လူမျှားအပေါင်းကို ခြံရံလျက် နေတော် မူ၍ ''ဝေဿန္တရာကို ဆောင်ခဲ့လော့'' ဟု အမတ်ထံသို့ ဗေဒတော် မူလိုက်၏။ အထိန်းတော်အမတ်သည် ဝေဿန္တရာကို ရှေ့အင်းပျဉ်၌ နေစေ၍ ဆောင်ယူခဲ့၏။ ဝေဿန္တရာ အမည်ရှိသော ခင်ပုပ်ဌက်သည် ခမည်းတော် ဖြဟ္မဒတ်မင်း၏ ရင်ခွင်တော်၌နေ၍ ခမည်းတော်မင်းမြတ်နှင့်တကွ ကစား၍, သွား၍ ရှေ့အင်းပျဉ်၌သာလျှင် နေ၏။ ထိုသို့ နေသောအခါ သား တော် ဝေဿန္တရာကို ခမည်းတော် ဖြဟ္မဒတ်မင်းသည် လူမျှားအလယ်၌ မင်းကျင့်တရားကို မေးတော်မူလိုသကား....

၁။ ဝေဿန္တရံ တံ ပုစ္ဆာမိ၊ သကုဏ ဘဒ္ဒ မတ္တဂု တေ။
ရဇ္ဇံ ကာရေတုကာမေန၊ ကိံ သု ကိစ္စံ ကတံ ဝရံ—

ဟူသော ရှေးဦးစွာသော ဂျိုဂါထာကို ဆို၏။

၁။ သကုဏ၊ ဝေဿန္တရာမည်ရှ သားငှက်လှ။ တေ၊ သင် ချစ် သားအား။ ဘဒ္ဒံ၊ ကောင်းမြတ်လှစွာ မင်္ဂလာသည်။ အတ္ထဂု၊ ဖြစ်စေ

www.dhammadownload.com

သတည်း။ ဝေဿန္တရံ၊ ဆန်းကြယ်ပြောက်ကျားသော အဘောင်တို့ဖြင့် ဖုံးလွှမ်းအပ်သောကြောင့် ဝေဿန္တရာ အမည်ရှိသော။ တံ၊ သင်ချစ်သား ကို။ ပုစ္ဆာမိ၊ မေးပါအံ့။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေတုကာမေန၊ ပြု လိုသောသူသည်။ ကိံသု ကိစ္စံ၊ အဘယ်အမှုကို။ ကတံ၊ ပြုရခြင်းသည်။ ဝရံ၊ မြတ်သနည်း။ တာတ၊ ချစ်သား ဝေဿန္တရာ။ တုံ၊ သင် ချစ်သား သည်။ ကထေဟိ၊ ဖြေပါလော့။

ထိုစကားကိုကြား၍ ဝေဿန္တရာသည် ပြဿနာကို မဖြေသေးပဲ ရှေးဦးစွာ ဗြဟ္မဒတ်မင်းကို မေ့လျော့ခြင်းဖြင့် အပြစ်တင်လိုရကား....

၂။ စိရဿံ ဝတ မေ တာဘော၊ ကံသော ဗာရာဏသိဂ္ဂဟော။
ပမတ္တော အပွမတ္တံ မံ၊ ပိတာ ပုတ္တံ အစောဒယိ—

ဟူသော နှစ်ခုမြောက်သော ဂျိဂါထာကို ဆို၏။

၂။ ဗာရာဏသိဂ္ဂဟော၊ ဗာရာဏသီပြည်သား လူအများကို လေး ပါးသော သင်္ဂဟဝတ္ထုဖြင့် ချီးမြှင့်တော်မူတတ်သော။ ကံသော၊ ကံသ အမည်ရှိသော။ တာတော၊ ခမည်းတော်မင်းမြတ်သည်။ ဝတ၊ စင်စစ်။ မေ၊ အကျွန်ုပ်၏။ သန္တိကေ၊ အထံ၌။ ဝသန္တော၊ နေတော်မူပါလျက်။ စိရဿံ၊ ကြာမြင့်စွာ။ ပမတ္တော၊ မေ့တော်မူလျက်။ အပွမတ္တံ၊ မမေ့ မလျော့သော။ ပုတ္တံ၊ သားတော်ဖြစ်သော။ မံ၊ အကျွန်ုပ်ကို။ ပိတာ၊ မွေးမြူပေသော ခမည်းတော်မင်းမြတ်သည်။ အဇ္ဇ၊ ယခုမှ။ အစောဒယိ၊ မေးတော်မူ၏။

ဤသို့ ထိုဝေဿန္တရာသည် ဂျိဂါထာဖြင့် အပြစ်တင်၍ "မြတ်သော မင်းကြီး....မင်းမည်သည်ကား သုံးပါးကုန်သောတရားတို့၌ တည်၍ တရား သဖြင့် မင်းပြုရာ၏" ဟု ဆို၍ မင်းကျင့်တရားကို ဟောလိုရကား....

၃။ ပဌမေနေဝ ဝိတထံ၊ ကောဓံ ဟာသံ နိဝါရယေ။
တတော ကိစ္စာနိ ကာရေယျ၊ တံ ဝတံ အာဟု ခတ္တိယ။
၄။ ယံ တုံ တာတ တပေါ ကမ္မံ၊ ပုဗ္ဗေ ကတမသံသယံ။
ရတ္တော ဒုဋ္ဌော စ ကယိရာ နတံ ကယိရာ တတော ပုန။
၅။ ခတ္တိယဿ ပမတ္တဿ၊ ရဋ္ဌသ္မိံ ရဋ္ဌဝဍ္ဎန။
သဗ္ဗေ ဘောဂါ ဝိနဿန္တိ၊ ရညော တံ ဝုစ္စတေ အဃံ။

www.dhammadownload.com

၆။ သိရီ တာတ အလက္ခီ စ၊ ပုစ္ဆိတာ ဧတေဒဗြဝုံ။
ဥဋ္ဌာနဝီရိယေ ပေါသေ၊ ရမာဟံ အနုသူယကေ။
၇။ ဥသူယကေ ဒုဟဒယေ၊ ပုရိသေ ကမ္မဒုဿကေ။
ကာဠကဏ္ဏီ မဟာရာဇ၊ ရမတိ စက္ကဘဥ္ဇနီ။
၈။ သော တုံ သဗ္ဗေ သုဟဒဟော၊ သဗ္ဗေသံ ရက္ခိတော ဘဝ။
အလက္ခိံ နုဒ မဟာရာဇ၊ လက္ခ္ဟ ဘဝ နိဝေသနံ။
၉။ သလက္ခိံ ဓိတိသမ္ပန္နော၊ ပုရိသော ဟိ မဟဂ္ဃတော။
အမိတ္တာနံ ကာသိပတိ၊ မူလံ အဂ္ဃဥ္ဇ ဆိန္ဒတိ။
၁၀။ သဇက္ကာပိ ဟိ ဘူတပတိ၊ ဥဋ္ဌာနေ နပ္ပမဇ္ဇတိ။
သကလ္ယာဏေ ဓိတိံ ကတ္ဝာ၊ ဥဋ္ဌာနေ ကုရုတေ မနော။
၁၁။ ဂန္ဓဗ္ဗာ ပိတရော ဒေဝါ၊ သာဇီဝါ ဟောန္တိ တာဒိနော။
ဥဋ္ဌာဟတော အပ္ပမဇ္ဇတော၊ အနုတိဋ္ဌန္တိ ဒေဝတာ။
၁၂။ သော အပ္ပမတ္တော အက္ကုဒ္ဓေါ၊ တာတ ကိစ္စာနိ ကာရယ။
ဝါယမဿု စ ကိစ္စေသု၊ နာလသော ပိန္ဒတော သုခံ။
အလံ မိတ္တေ သုခါပေတုံ၊ အမိတ္တာနံ ဒုခါယ စ—
ဟူသော တစ်ဆယ့်တစ်ဂါထာကို ဆို၏။

၃။ တာတ၊ ခမည်းတော်မင်းမြတ် ဗြဟ္မဒတ်။ ရာဇာ နာမ၊ မင်းမည်သည်ကား။ ပဌမေနေဝ၊ ရှေးဦးမဆုံကသာလျှင်။ ဝိတထံ၊ မမှန်စကား မုသားဆိုခြင်းကို လည်းကောင်း။ ကောဓံ၊ အမျက်ထွက်ခြင်းကို လည်းကောင်း။ ဟာသံ၊ ပေါ်လွင် ရွှင်မြူးခြင်းကို လည်းကောင်း။ နိဝါရယေ၊ ကြဉ်ရှောင်ရာ၏။ တတော၊ ထို့နောင်မှ။ ကိစ္စာနိ၊ တိုင်းနိုင်ငံသူ ရှင်လူတို့၏ စီရင်ဖွယ် ကိစ္စတို့ကို။ ကာရယေ၊ စီရင်ဆုံးဖြတ်ရာ၏။ ခတ္တိယ၊ ခမည်းတော်မင်းမြတ်။ ယံ ဝစနံ၊ အကြင် မုသာဝါဒ အမျက် ဒေါသ ပေါ်လွင်ရွှင်မြူးခြင်းတို့ကို ကြဉ်ရှောင်၍ တိုင်းရေး ပြည်ရေးတို့ကို စီရင်ရာ၏ဟူသော စကားကို။ မယာ၊ အကျွန်ုပ်သည်။ ဝုတ္တံ၊ ဆိုအပ်ပြီ။ တံ၊ ထို အကျွန်ုပ်ဆိုအပ်ပြီးသော ကျင့်ဝတ်တရားကို။ ဝတံ၊ မင်းကျင့်တရားဟူ၍။ ပေါရာဏပဏ္ဍိတာ၊ ရှေးပညာရှိတို့သည်။ အာဟု၊ ဆိုတော်မူကုန်ပြီ။

၄။ တာတ၊ ခမည်းတော်မင်းမြတ်။ တုံ၊ ခမည်းတော်ဘုရား မင်းတရားသည်။ ရတ္တော၊ တပ်စွန်းတော်မူသည်ဖြစ်၍။ ဒုဋ္ဌော၊ မျက်တော်မူ

www.dhammadownload.com

သည်ဖြစ်၍။ ယံ ကမ္မံ၊ အကြင် အမှုကို။ ကယိရာ၊ ပြုတော်မူရာ၏။ ပုဗ္ဗေ၊ ရှေး၌။ ကတံ၊ ပြုအပ်သော။ ယံ ကမ္မံ၊ အကြင် အမှုကို။ တံ၊ ခမည်းတော် ဘုရား မင်းတရားသည်။ ပစ္ဆာ၊ နောက်ပြီးတစ်ဖန်။ အသံသယံ၊ မချုတ်။ တပေါ၊ စိုးရိမ်တော်မူရာ၏။ တံ ကမ္မံ၊ ထို နောက်ပြီးတစ်ဖန် ပူပန်စေတတ်သောအမှုကို။ တတော၊ ထို ရှေး၌ပြုပြီးသည်မှ။ ပုန၊ တစ်ဖန်။ န ကယိရာ၊ ပြုတော်မမူလင့်။

၅။ ရဋ္ဌဝဗုန၊ နိုင်ငံတော်သား လူအများကို ပွားစေဘတ်သော မင်းမြတ်ဖခင် ဘဝရှင်။ ပမတ္တာသ၊ မေ့လျော့သော။ ခတ္တိယာသ၊ ပြည့်ရှင်မင်း၏။ ရဋ္ဌသ္မိံ၊ တိုင်းနိုင်ငံ၌။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဘောဂါ၊ စည်းစိမ်တို့သည်။ ဝိနဿန္တိ၊ ပျက်စီးကုန်၏။ တံ ဘောဂဝိနာသံ၊ ထို တိုင်းနိုင်ငံ၌ စည်းစိမ်ဥစ္စာပျက်စီးခြင်းကို။ ရညော၊ ပြည့်ရှင်မင်း၏။ အဃံ၊ ဆင်းရဲဟူ၍။ ပေါရာဏပဏ္ဍိတာ၊ ရှေးပညာရှိတို့သည်။ ဝုစ္စတေ-ဝုစ္စန္တိ၊ ဆို့တော်မူကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တုံ၊ ဖခင်မင်းမြတ် လောကနတ်သည်။ မာ ပမဇ္ဇ၊ မေ့လျော့တော်မမူလင့်။

၆။ တာတ၊ ရေမြေပိုင်သ လောကသေဋ္ဌနင်း ခမည်းမင်း။ သိရီ စ၊ သိရီနတ်သမီး လည်းကောင်း။ အလက္ခီ စ၊ အလက္ခီနတ်သမီး လည်းကောင်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတာ၊ ဗာရာဏသီပြည်၌ သုစိပရိဝါရရှင်သူဌေးသည် မေးအပ်သော။ ဧတာ ဒေဝဓိတာ၊ ထိုနတ်သမီးတို့သည်။ ဧတံ ဝစနံ၊ ထို စကားကို။ အဗြဝုံ၊ ဆိုကြကုန်ပြီ။ တာတ၊ ခမည်းတော်မင်းမြတ်။ တာသု၊ ထို နှစ်ယောက်ကုန်သော် နတ်သမီးတို့တွင်။ သိရီ၊ သိရီနတ်သမီးသည်။ ဘော မဟာသေဋ္ဌိ၊ အိုသုစိပရိဝါရရှင် သူဌေးကြီး။ အဟံ၊ ငါသည်။ ဥဋ္ဌာနေ၊ ထကြွခြင်းရှိသော။ ဝီရိယေ၊ လုံ့လရှိသော။ အနုသူယကေ၊ သူတစ်ပါးစည်းစိမ်ကို မငြူစူတတ်သော။ ပေါသေ၊ ယောကျ်ား၌။ ရမာ၊ မွေ့လျော်၏။ ဣတိ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ အာဟ၊ ဆိုဖူး၏။

၇။ တာတ၊ ခမည်းတော်မင်းမြတ်။ အလက္ခီ ပန၊ အလက္ခီနတ်သမီးသည်ကား။ ဘော မဟာသေဋ္ဌိ၊ အို-သုစိပရိဝါရ ရှင်သူဌေးကြီး။ အဟံ၊ ငါသည်။ ဥသူယကေ၊ သူတစ်ပါးစည်းစိမ်ကို ငြူစူတတ်သော။

www.dhammadownload.com

ဒုဟဒယေ၊ မကောင်းသော စိတ်ရှိသော။ ကမ္မဒုဿကေ၊ ကုသိုလ်ကောင်းမှုကို ဖျက်ဆီးတတ်သော။ ပုရိသေ၊ ယောကျ်ားဦ။ ရမာ၊ မေ့လျော့၏။ ဣတိ၊ ဤသို့။ အာဟ၊ ဆိုဖူး၏။ မဟာရာဇ၊ မြတ်သော ခမည်းတော်မင်းကြီး။ ဧဝံ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ စက္ကဘဉ္ဇနီ၊ ကုသိုလ်စက်ကို ဖျက်ဆီးတတ်သော။ ကာဠကဏ္ဏီ၊ အလက္ခိနတ်သမီးသည်။ ဥဿုယကေ၊ သူတစ်ပါးစည်းစိမ်ကို ငြူစူတတ်သော။ ဒုဟဒယေ၊ မကောင်းသောစိတ်ရှိသော။ ကမ္မ ဒုဿကေ၊ ကုသိုလ်ကောင်းမှုကို ဖျက်ဆီးတတ်သော။ ပုရိသေ၊ ယောကျ်ားယုတ်ဦ။ ရမတိ၊ မေ့လျော့ချေ၏။

၇။ မဟာရာဇ၊ ကာသိတိုင်းရှင် ဖခင်မင်းမြတ် လောကနတ်။ သော ကုံ၊ ထို ရေမြေစိုးရ လောကသေဋ္ဌနှင်း တရားမင်းသည်။ သဗ္ဗေ-သဗ္ဗသို့၊ တိုင်းနိုင်ငံသူ ရှင်လူအလုံးဦ။ သုဟဒယော၊ ကောင်းမြတ်သော ရွေနှလုံးတော်ရှိသည်ဖြစ်၍။ သဗ္ဗေသံ၊ အလုံးစုံကုန်သော တိုင်းပြည် သူတို့အား။ ရက္ခိတော၊ စောင့်ရှောက် မှစတော်မူသည်။ ဘဝ၊ ဖြစ်တော်မူလော့။ အလက္ခိ၊ အလက္ခိ နတ်သမီးကို။ နုဒ၊ နှင်ထုတ်တော်မူလော့။ လက္ခ္မော၊ သိရီနတ်သမီး၏။ နိဝေသနံ၊ တည်ရာသည်။ ဘဝ၊ ဖြစ်တော်မူလော့။

၉။ ကာသိပတိ၊ ကာသိတိုင်းရှင် ဖခင်မင်းမြတ်။ လက္ခိ ဓိတိ သမ္ပန္နော ပညာလုံ့လနှင့်ပြည့်စုံသော။ မဟဂ္ဂတော၊ မြတ်သောဆန္ဒရှိသော။ သ-သော ပုရိသော၊ ထို ယောကျ်ားသည်။ အမိတ္တာနံ၊ ရန်သူတို့၏။ မူလဓ္ဓ၊ အရင်းကိုလည်းကောင်း။ အဂ္ဂဓ္ဓ၊ အဖျားကို လည်းကောင်း။ ဆိန္ဒတိ၊ ဖြတ်ရာ၏။

၁၀။ ဘူတပတိ၊ ကာသိတိုင်းသား လူမျိုးသခင် ဖနတ်ရှင်။ တုံ၊ ဖခင်မင်းမြတ် လောကနတ်သည်။ မမ၊ အကျွန်ုပ်အား။ ဝါယမဿု လုံ့လပြုတော်မူလော့။ မိတိသမ္ပန္နော၊ လုံ့လနှင့် ပြည့်စုံသောသူသည်။ အမိတ္တာနံ၊ ရန်သူတို့၏။ မူလဂ္ဂံ၊ အမြစ်အညွှန့်ကို။ ဆိန္ဒတိ၊ ဖြတ်ရာ၏။ ဣတိ၊ ဤသို့။ တုံ၊ သင်သားတော် ဝေဿန္တရာသည်။ ဩဝါဒေသိ၊ ဆုံးမတော်မူ၏။ အဟံ၊ ငါသည်။ အမိတ္တာနံ၊ ရန်သူတို့၏။ မူလဂ္ဂဆေဒကော၊ အမြစ်အညွှန့်ကို ဖြတ်တတ်သော။ ရာဇာ၊ ရေမြေစိုးရဘဝသေဋ္ဌနှင်း

www.dhammadownload.com

အရှင်မင်းသည်။ အမှိုနှုး၊ ဖြစ်သည်မဟုတ်တုံလော။ တဝ၊ သားတော် အမောင် ဝေဿန္တရာ ငှက်လိမ္မာ၏။ သြဝါဒ ဝစနံ၊ ဆုံးမတော်မူသော စကားသည်။ ကထံ ယုဇ္ဇတိ၊ အဿိသင့်ပါမည်နည်း။ ဣတိ၊ ဤသို့။ ဝဒေယျ စေ၊ ဆိုတော်မူငြားအံ့။ ယံ သြဝါဒဝစနံ၊ အကြင် ဆုံးမသော စကားကို။ မယာ၊ ငါသည်။ ဝုတ္တံ၊ ဆိုအပ်၏။ တံ သြဝါဒ ဝစနံ၊ ထို ဆုံးမ့သောစကားသည်။ ဟိ-ယုတ္တံ၊ သင့်၏။ သက္ကောပိ၊ သိကြားမင်းစင် လျက်လည်း။ ဥဋ္ဌာနေ၊ လုံ့လ ဝီရိယ၌။ နပ္ပမဇ္ဇတိ၊ မမေ့မလျော့ချေ။ သော သက္ကော၊ ထိုသိကြားမှင်းသည်။ ကလျာဏော၊ ကုသိုလ်ကောင်းမှု၌ သာလျှင်။ ဓိတိံ ကတ္ဝာ၊ လုံ့လဝါယမပြု၍။ ဥဋ္ဌာနေ၊ အားထုတ်ခြင်း၌။ မနော၊ စိတ်ကို။ ကုရုတေ၊ ပြုပါသေး၏။ တသ္မာ၊ ထို့ကြောင့်။ ယုတ္တံ သင့်၏။

၁၁။ ဂန္ဓဗ္ဗာ၊ ဂန္ဓဗ္ဗနတ်တို့သည် လည်းကောင်း။ ပိတရော၊ ဖြဟ္မာတို့သည် လည်းကောင်း။ ဒေဝါ၊ ကာမာဝစရ နတ်ပြည်ခြောက်ထပ် နတ်တို့သည် လည်းကောင်း။ တာဒိနော၊ ထိုသို့သဘောရှိကုန်သော။ ဥဋ္ဌာဟတော၊ ကုသိုလ်ကောင်းမှု၌ လုံ့လပြုထသော။ အပ္ပမတ္တတော၊ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူနှင့်။ သာဇီဝါ၊ တူသော အသက် မွေးခြင်း ရှိကုန်သည်။ ယသ္မာ၊ အကြင့်ကြောင့်။ ယောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဒေဝတာ၊ ဖြဟ္မာတို့သည်။ တာဒိနော၊ ထိုသို့ သဘောရှိသောသူအား။ အနုတိဋ္ဌန္တိ၊ စောင့်ရှောက်ကုန်၏။

၁၂။ တာတ၊ ဖခင်မင်းမြတ် ပြည်ကြီးနတ်။ သောတုံ၊ ထို ဖခင်မင်းမြတ် လောကနတ်သည်။ အပ္ပမတ္တော၊ မမေ့မလျော့။ အက္ကုဒ္ဓေါ၊ အမျက်ထွက်တော်မမူပဲ။ ကိစ္စာနိ၊ တိုင်းရေး ပြည်ရေးတို့ကို။ ကာရယ၊ ကိုယ်တော်တိုင် စီရင်ခန့်ထားတော်မူလော့။ ဝါယမဿု၊ လုံ့လပြုတော်မူလော့။ သကိစ္စေသု၊ မိမိအမှုတို့၌။ အလသော၊ ပျင်းရိသောသူသည်။ သုခံ၊ ချမ်းသာကို။ နဝိန္ဒတေ၊ မရနိုင်ရာချေ။

၁၃။ တာတ၊ ခမည်းတော်မင်းမြတ် ဖြဟ္မဒတ်။ တတ္ထဝေ၊ ဖခင်မင်းမြတ်၏ "ကိံသု ကိစ္စံ ကတံ ဝရံ" ဟူသော ပြဿနာဌ်သာလျှင်။ ဝုတ္တာ၊ အကျွန်ုပ် ဖြေဆိုအပ်ကုန်သော။ ဧတေ၊ ထို "ပဌမေနေဝ ဝိတထံ" အစ

www.dhammadownload.com

ရှိသည်တို့သည် ဝတ္ထုပဒါ၊ မင်းကျင့်တရားအစုတို့တည်း။ ဧတ္ထ၊ ဤ မင်းကျင့်တရား အစုဉ်။ တံ့၊ ခမည်းတော် မင်းမြတ်သည်။ ပတ္တဿု၊ ကျင့်တော်မူလော့။ သေဝ၀၊ ဤသည်သာလျှင်။ အနုသာသနီ၊ ခမည်းတော်မင်းမြတ် အား အကျွန်ုပ်သည် ပေးအပ်သော အဆုံးအမတည်း။ ဧဝံဘူတမာနော၊ ဤသို့ အကျွန်ုပ် ဆုံးမတိုင်း ကျင့်သောမင်းသည်။ မိတ္တော၊ ချစ်ခင်လေးမြတ်ကုန်သော မိဖုရား, သားတော်, သမီးတော် အစရှိကုန်သော သူတို့ကို။ သုခါပေတုံ စ၊ ချမ်းသာစေတော်မူခြင်းငှာ လည်းကောင်း။ အမိတ္တာနံ၊ ရန်သူတို့ကို။ ဒုက္ခာယစ၊ ဆင်းရဲစိမ့်သောငှာ လည်းကောင်း။ အလံ၊ စွမ်းနိုင်ပါ၏။

ဝေဿန္တရာ စစ်ဗိုလ်ချုပ်ကြီးခန့်ပြီ

ဤသို့လျှင် ဝေဿန္တရာ အမည်ရှိသော ခင်ပုပ်ငှက်သည် တစ်ဂါထာဖြင့် ဖြဟ္မဒတ်မင်းကို မေ့လျော့ခြင်းဌာ အပြစ်တင်ပြီး၍ တစ်ဆယ့် တစ်ဂါထာတို့ဖြင့် မင်းကျင့်တရားကို ဟောသည်ရှိသော် "ဘုရားကဲ့သို့ တင့်တယ်ခြင်းဖြင့် ပြဿနာကို ဖြေဆို၏" ဟု လူမျှားသည် အံ့ဖွယ်သရဲ မဖြစ်ဘူးမြဲသော စိတ်ရှိသည်ဖြစ်၍ မျှားစွဲကုန်သော သာဓုခေါ်ခြင်းတို့ကို ဖြစ်စေ၏။

ဖြဟ္မဒတ်မင်းသည် ဝမ်းမြောက်ခြင်းကို ရသည်ဖြစ်၍ မှူးတော်မတ်တော်တို့ကို ခေါ်တော်မူ၍ "အမတ်တို့ ဤသို့ မင်းကျင့်တရားကို ဟော၊ ပေသော ငါ၏ သားတော် ဖြစ်သော ဝေဿန္တရာသည် အဘယ်သူသည် ပြုအပ်သောကိုစ္စကို ပြုသင့်သနည်း" ဟု မေးတော်မူ၏။ "အရှင်မင်းကြီး.... သားတော် ဝေဿန္တရာအား စစ်ဗိုလ်ချုပ်ကြီးသည် ပြုအပ်သော ကိစ္စကို ပြုသင့်ပါ၏" ဟု တင်လျှောက်ကုန်လတ်သော် "ထိုသို့ စစ်ဗိုလ်ချုပ်ကြီး အရာနှင့် သင့်မူကား ထို ငါ့သားတော် ဝေဿန္တရာအား စစ်ဗိုလ်ချုပ်ကြီး အရာကို ငါ ပေးတော်မူ၏" ဟု ဝေဿန္တရာကို အရာအထူးဌာ ထားတော်မူ၏၊ ထို ဝေဿန္တရာသည် စစ်ဗိုလ်ချုပ်ကြီးအရာကို ရသောအခါမှစ၍ စစ်ဗိုလ်ချုပ်ကြီးအရာဌာ တည်လျက် ခမည်းတော် ဖြဟ္မဒတ်မင်း၏ အမှုကြီးငယ်ကို စီရင်၏။

ဝေဿန္တရာငှက်သည် ဖြေဆိုဖွယ်သော ပြဿနာသည် ပြီး၏။

www.dhammadownload.com

ကုဏ္ဍလိနီ တရားဟောခြင်း

တစ်ဖန် ဗြဟ္မဒတ်မင်းသည် တစ်ရက် နှစ်ရက် လွန်သဖြင့် ရှေးနည်းဖြင့်သာလျှင် ကုဏ္ဍလိနီ၏ အထံသို့ တမန်စေ၍ ခုနစ်ရက်မြောက်သော နေ့၌ ထို ကုဏ္ဍလိနီ၏ နေရာ အိမ်သို့သွား၍ တစ်ဖန် ပြန်လည်ခဲ့ပြီးလျှင် ထို ရှေးမင်္ဂလာပ်အလည်၌လျှင် နေ၍ ကုဏ္ဍလိနီကို ဆောင်ခဲ့စေပြီးလျှင် ရှေအင်းပျဉ်၌ နေသော ကုဏ္ဍလိနီကို မင်းကျင့်တရားကို မေးလိုရကား-

၁၄။ သက္ခိသိ တုံ ကုဏ္ဍလိနီ၊ မညသိ ခတ္တဗန္ဓုနီ။
ရဇ္ဇံ ကာရေတုကာမေန၊ ကိံ သုကိစ္ဆံ ကတံ ဝရံ—

ဟူသော ဤဂါထာကို ဆို၏။

၁၄။ ခတ္တဗန္ဓုနီ၊ စစ်ဗိုလ်ချုပ်ကြီး၏ နှမ ဖြစ်သော။ ကုဏ္ဍလိနီ၊ နားနှစ်ဖက်တို့၌ ထိန်လက်ရောင်မောင်း နားတောင်းသဏ္ဌာန် အလှုံ့စေ့စေ့ နှစ်ခုသော အရေးကြောင့် မည်ပေးသည် ရှင်မ ကုဏ္ဍလိနီ။ တုံ၊ သင်ရှင်မသည်။ သက္ခိသိ၊ ဖြစ်မှန်းနိုင်ပါမည်လော။ မညသိ၊ ငါ မေးတော်မူသော ပြဿနာ၏ အနက်ကို သိပါလတ္တံ့လော၊ သင်္ကောန္တီ၊ ဖြစ်မှန်းနိုင်ပါမူကား။ တံ၊ ရှင်မကို။ ပုစ္ဆိဿာမိ၊ ငါ မေးတော်မူအံ့။ ရဇ္ဇံ၊ မင်း အဖြစ် ကို။ ကာရေတုကာမေန၊ ပြုလိုသောသူသည်။ ကိံ သုကိစ္ဆံ၊ အဘယ် အကျင့်ကို။ ကတံ၊ ကျင့်ခြင်းသည်။ ဝရံ၊ မြတ်သနည်း။

ထို ကုဏ္ဍလိနီသည် ဤ "သက္ခိသိ တုံ" အစရှိသော တစ်ဂါထာဖြင့် ဗြဟ္မဒတ်မင်းသည် မင်းကျင့်တရားကို မေးသည်ရှိသော် "ခမည်းတော် မင်းမြတ်....သင် ခမည်းတော်မင်းမြတ်သည် မိန်းမငယ် မည် သည် ကား အဘယ်မှာ ဖြဆိုနိုင်အံ့နည်းဟု စုံစမ်းတော်မူယောင် တကား၊ ဖခင် မင်းမြတ်အား အလုံးစုံသော မင်းကျင့်တရားကို နှစ်ခုသော အကြောင်း တို့၌သာလျှင် ထည့်သွင်း၍ ဟောပါအံ့" ဟု ဆို၍ ဟောလိုရကား—

၁၅။ ဒ္ဒဝ တာတ ဝဒကာနီ၊ ယတ္ထ သဗ္ဗံ ပတိဋ္ဌိတံ။
အလဒ္ဓဿ စ ယော လာဘော၊ လဒ္ဓဿ စာနုရက္ခဏာ။
၁၆။ အမစ္စေ တာတ ဇာနဝ်ဟိ၊ ဓိရေ အတ္ထဿ ကောဝိဒေ။
အနက္ခာ ကိတဝေ တာတ၊ အသောဏ္ဍေ အဝိနာသကေ။

www.dhammadownload.com

၁၃။ ယော စ တံ တာတ ရက္ခေယျ၊ ဓနံ ယဉ္စေဝ တေ သိယာ။
သ္ဝေဝ ရထံ သံဂဏှေ၊ သော တေ ကိစ္စံ ကာရယေ။

၁၈။ သုသံဂဟီတန္တိဇနော၊ သယံ ဝိတ္တံ အဝေက္ခိယ။
နိဓိဉ္စ ဣဏဒါနဉ္စ၊ န ကရေ ပရပတ္ထိယာ။

၁၉။ သယံ အာယံ ဝယံ ဇညာ၊ သယံဇညာ ကတာကတံ။
နိဂ္ဂဏှေ နိဂ္ဂဟာရဟံ၊ ပဂ္ဂဏှေ ပဂ္ဂဟာရဟံ။

၂၀။ သယံ ဇာနပဒံ အတ္ထံ၊ အနုသာသ ရထေသဘ။
မာ တေ အဓမ္မိကာ ယုတ္တာ၊ ဓနံ ရဋ္ဌဉ္စ နာသယုံ။

၂၁။ မာ စ ဝေဂေန ကိစ္စာနိ၊ ကရောသိ ကာရယေ သိဝါ။
ဝေဂသာ ဟိ ကတံ ကမ္မံ၊ မန္ဒော ပစ္ဆာနုတပ္ပတိ။

၂၂။ မာ တေ အဓိသရေ မုဉ္စ၊ သုဗာဠ္ဟမဓိကောပိတံ။
ကောဓသာ ဟိ ဗဟူ ဖီတာ၊ ကုလာ အကုလတံ ဂတာ။

၂၃။ မာ တာတ ဣဿရောမှိတိ၊ အနတ္ထာယ ပတာရယိ။
ဣတ္ထိနံ ပုရိသာနဉ္စ၊ မာ တေ အာသိ ဒုခုဒ္ဒြယော။

၂၄။ အပေတလောမဟံသဿ၊ ရညော ကာမာနု သာရိနော။
သမ္ဗ ဘောဂါ ဝိနဿန္တိ၊ ရညော တံ ဝုစ္စတေ အဃံ။

၂၅။ တတ္ထေပ တေ ဝတ္တပဒါ၊ သေဝ အနုသာသနီ။
ဒက္ခဿု ဒါနိ ပုညကရော၊ အသောဇ္ဇော အဝိနာကကော။
သီလဝါဿု မဟာရာဇ၊ ဒုဿီလော ဝိနိပါတိကော—

ဟူသော ဥဒ္ဒါတစ်ဆယ့်တစ်ဂါထာတို့ကို ဆို၏။

၁၅။ တာတ၊ ခမည်းတော်မင်းမြတ် ဖြဟ္မဒတ်။ အလဒ္ဓဿ၊ မရသေးသော စည်းစိမ်ကို။ ယော လာဘော စ၊ အကြင်ရအောင် ပြုခြင်းသည် လည်းကောင်း။ လဒ္ဓဿ၊ ရပြီးသောစည်းစိမ်ကို။ ယာအနုရက္ခဏာ စ၊ အကြင် စောင့်ရှောက်ခြင်းသည် လည်းကောင်း၊ ဣတိ၊ ဤသို့။ ပဒကာနိ၊ မင်းတို့ကျင့်ရာသော အကြောင်းတို့သည်။ ဒ္ဒဝ၊ နှစ်ပါးတို့သည်သာတည်း။ ယတ္ထ၊ အကြင်နှစ်ပါးသော အကြောင်း၌။ သဗ္ဗံ။ အလုံးစုံသော အကျိုးသည်။ ပတိဋ္ဌိတံ၊ တည်၏။ တတ္ထ၊ ထိုနှစ်ပါးသော အကြောင်း၌။ တုံ၊ ခမည်းတော်မင်းမြတ်သည်။ ပတိဋ္ဌဟိ၊ တည်တော်မူလော့။

www.dhammadownload.com

၁၆။ တာတ၊ ခမည်းတော်မင်းမြတ် ဗြဟ္မဒတ်။ ဓိရ၊ တည်ကြည်ကုန်သော။ အတ္ထဿ၊ ဘဏ္ဍာစိုး အစရှိသော သူတို့သည် ပြုအပ်သော အမှုအရေးဌာ။ ကောဝိဒေ၊ လိမ္မာကုန်သော။ အမစ္စေ၊ အမတ်တို့ကို။ ဇာနာဟိ၊ စုံစမ်းတော်မူလော့။ တာဘ၊ ခမည်းတော်ဘုရား မင်းတရား။ အနက္ခာ ကိတဝေ၊ ကြွေလောင်းအန်ခတ် လှည့်ပတ် စဉ်းလဲခြင်း ကင်းကုန်သော။ အသောဏ္ဍော၊ မှုန့်သုရာ နံ့သာပန်းတို့ကို စားသောက် လိမ်းကျံ ဆင်ပန်ကြူးခြင်း ကင်းကုန်သော။ အဝိနာသကေ၊ မင်း၏ဥစ္စာ ဘဏ္ဍာတော်တို့ကို မဖျက်ဆီးတတ်ကုန်သော။ အမစ္စေ၊ အမတ်တို့ကို။ ဇာနာဟိ၊ စူးစမ်းတော်မူလော့။

၁၇။ တာတ၊ ခမည်းတော်မင်းမြတ်၊ သူတော၊ ရထားထိန်းသည်။ ရထံ၊ မိမိနှင်သောရထားကို။ သံဂဏှေ ဣဝ၊ မညီမညွတ်သော ခရီးသို့ မရောက်စေရ မ-စ စောင့်ရှောက်သကဲ့သို့။ တေ၊ သင် ခမည်းတော် မင်းမြတ်၏။ ဃရေ၊ ရှေနန်းတော်၌။ ယဉ္ဇော မနံ၊ အကြင် ဘဏ္ဍာတော်သည်လျှင်။ သိယာ၊ ရှိသည်ဖြစ်ရာ၏။ တံ မနံ၊ ထို ဘဏ္ဍာတော်ကို။ ယော စ အမစ္စော၊ အကြင် အမတ်သည်လျှင်။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။ သော အမစ္စော၊ ထိုအမတ်သည်။ တေ၊ သင် ခမည်းတော် မင်းမြတ်၏။ အဓိစ္စော နာမ၊ ဘဏ္ဍာစိုးစသောအရာနှင့် သင့်လျော်သော အမတ်မည်၏။ တာ ဒိသံ၊ ထိုသို့သဘောရှိသော သူကို။ သံဂဟေတွာ၊ ချီးမြှောက်တော်မူ၍။ ကိစ္စာနိ၊ ဘဏ္ဍာစိုးသော အရာတို့ကို။ ကာရယေ၊ ခန့်ထားတော်မူလော့။

၁၈။ တာတ၊ ခမည်းတော်မင်းမြတ် လောကနတ်။ သုသံဂဟိတနွှဇနော၊ ကိုယ်တော်မြတ်၏ အထံတော်၌ မြဲစွဲစေပါးသောသူကို ပေးကမ်းခြင်း အစရှိသည်ဖြင့် ကောင်းစွာ ချီးမြှင့်တော်မူ၍။ သယံ၊ ကိုယ်တော်တိုင်။ ဝိတ္တံ၊ ဥစ္စာကို၊ အဝေက္ခိယ၊ ရှုတော်မူ၍။ နိဓိဉ္စ၊ ဥစ္စာမြှုပ်ထားတော်မူခြင်းကို လည်းကောင်း။ ဣဏဒါနဉ္စ၊ ကြွေးမြီ ချပေးတော်မူခြင်းကို လည်းကောင်း။ အတ္တာပစ္စက္ခမေဝ၊ ကိုယ်တော် မျက်မြင်သာလျှင်။ ကရေယျာသိ၊ ပြုတော်မူလော့။ ပရပတ္တိယာ၊ ၌ကိုယ့်ကြည်သဖြင့်။ နကရေ-မာ ကရိ၊ ပြုတော်မမူလင့်။

www.dhammadownload.com

၁၉။ တာတ၊ ခမည်းတော်မင်းမြတ်။ အာယံ၊ ဆက်သ ဝင်ရောက်လာသော အခွန်အတုတ်ကို လှည်းကောင်း။ ဝယံ၊ ပေးရသမျှသော မျိုးရိက္ခာကို လည်းကောင်း။ သယံဇညာ၊ ကိုယ်တော်တိုင် သိတော်မူရာ၏။ ကတာကတံ၊ ကျေးဇူးပြုဖူး မပြုဖူးသော သူကိုလည်း။ သယံဇညာ၊ ကိုယ်တော်တိုင် သိတော်မူရာ၏။ နိဂ္ဂဟာရဟံ၊ နှိပ်ကွပ်ထိုက်သော သူကို။ နိဂ္ဂဏှာ၊ နှိပ်ကွပ်ရာ၏။ ပဂ္ဂဟာရဟံ၊ ချီးမြှောက်ထိုက်သောသူကို။ ပဂ္ဂဏှာ၊ ချီးမြှောက်ရာ၏။

၂၀။ ရထေသဘာ၊ ရထားစီးချင်း မင်းတကာတို့ထက် မြတ်တော်မူသော ခမည်းတော်ဘုရား မင်းတရား။ ဇနပဒံ-ဇနပဒဝါသိနံ၊ ဇနပုဒ်သူတို့၏။ အတ္ထံ၊ စီရင်ဖွယ်အရေးကို။ သယံ၊ ကိုယ်တော်တိုင်။ အနုသာသ၊ စီရင်တော်မူလော့။ အဓမ္မိကာ၊ မဘရားသောအမှု၌ ယှဉ်တတ်ကုန်သော။ အာယုတ္တာ၊ တရားသူကြီးတို့သည်။ တေ၊ သင်ဖခင်မင်းမြတ်၏။ ဓနံ၌၊ ဥစ္စာကို လည်းကောင်း။ ရဋ္ဌံ၌၊ တိုင်းနိုင်ငံသူတို့ လည်းကောင်း။ မာနာသယုံ၊ မဖျက်ဆီးစေကုန်လင့်။

၂၁။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ မန္ဒော၊ မလိမ္မာသော သူသည်။ ဝေဂသာ၊ မဆင်မခြင် အဆောတလျင်။ ကတံ၊ ပြုမိသော။ ကမ္မံ၊ အမှုကို။ ပဋိစ္စ၊ စွဲ၍။ ပစ္ဆာနုပဂတိ၊ နောက်ကာလ၌ ပူပန်ဆင်းရဲရ၏။ တသ္မာ၊ ထို့ကြောင့်။ တာတ၊ ခမည်းတော်မင်းမြတ်။ တုံ၊ သင် ခမည်းတော်မင်းမြတ်သည်။ ဝေဂေန၊ မဆင်မခြင် အဆောတလျင်။ ကိစ္စာနိ၊ အမှုတို့ကို၊ မာကရောသိ၊ ပြုတော်မမူလင့်။ သိဝါ၊ ဆင်ဆင်ခြင်ခြင် ဖြည်းဖြည်းညင်းညင်း။ ကာရယေ၊ ပြုတော်မူလော့။

၂၂။ တာတ၊ ခမည်းတော်မင်းမြတ်။ ကောဓသာ၊ အမျက်ထွက်ခြင်းကြောင့်။ ဖီတာ-ဖီတာနိ၊ ပွင့်လင်းစွာကုန်သော ဗဟု-ဗဟူနိ၊ မျိုးစွာကုန်သော။ ကုလာ-ကုလာနိ၊ မင်းမျိုးတို့သည်။ အကုလတံ၊ ကြီးစွာသော ပျက်စီးခြင်းသို့။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ ဂတာ-ဂတာနိ၊ ရောက်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အဓိသရေ၊ ကောင်းမှုကိုလွန်၍ ဖြစ်သော သူတစ်ပါးတို့၏ မကောင်းမှု၌။ တေ၊ သင် ခမည်းတော်မင်း

www.dhammadownload.com

မြတ်၏။ ဟဒယံ၊ စိတ်တော်သည်။ သုဗာဋ္ဌံ၊ အလှန်ပြင်းစ့ဉ့။ အဓိကော-ပိတံ၊ အမျက်ကို ဖြစ်စေ၍။ မာ မံဠူ၊ လွှတ်တော် မမူလင့်။

၂၃။ တာတ၊ ခမည်းတော်မင်းမြတ်။ တုံ၊ ခမည်းတော်မင်းမြတ်သည်။ ဣဿရောမှိတိ၊ ငါ အစိုးရသော မင်းမြတ်တကား ဟူ၍။ မဟာဇနကာယံ၊ တိုင်းနိုင်ငံသား လူအပေါင်းကို။ အနတ္တာယ၊ အကျိုးမရှိသော အကျင့်ကို ကျင့်စိမ့်သောငှာ။ မာပတာရယိ၊ ပြုတော်မမူလင့်။ တေ၊ ခမည်းတော်မင်းမြတ်၏။ ဝိဇိတေ၊ နိုင်ငံတော်၌။ ဣတ္ထိနဠူ၊ မိန်းမတို့အား လည်းကောင်း။ ပုရိသာနဠူ၊ ယောကျ်းတို့အား လည်းကောင်း။ ဒုဒ္ဒြယော၊ ဆင်းရဲခြင်း၏အဖြစ်သည်။ မာအာသိ၊ မဖြစ်စေလင့်။

၂၄။ တာတ၊ ခမည်းတော်မင်းမြတ်။ အပေတ လောမဟံသဿ၊ သံသရာ, ပစ္စုပ္ပန် နှစ်တန်သောဘေးမှ ကြောက်ခြင်း ကင်းထ့သော။ ကာမာနုသာရိနော၊ မိမိအလိုသို့သာ လိုက်လေ့ရှိသော။ ရညော၊ မင်း၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဘောဂါ၊ စည်းစိမ်တို့သည်။ ဝိနဿန္တိ၊ ပျက်စီးကုန်၏။ တံ ဘောဂဗျသနံ၊ ထို စည်းစိမ် ပျက်စီးခြင်းကို။ ရညော၊ မင်း၏။ အဃံ၊ ဆင်းရဲဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။

၂၅။ တာတ၊ ခမည်းတော်မင်းမြတ်။ တတ္ထဝ၊ ခမည်းတော်မင်းမြတ်၏ "ကိံ သု ကိစ္စံ ကတံ ဝရံ" ဟူသော ပြဿနာဥ်သာလျှင်။ ဝုတ္တာ၊ အကျွန်ုပ်သည် ဖြေဆိုအပ်ကုန်သော။ ဇတော၊ ထို "ဒ္ဒဝ တာတ ပဒကာနိ" အစရှိသည်တို့သည်။ ဝတ္တာပဒါ၊ မင်းကျင့်တရားအစုတို့တည်း။ ဇတ္ထ၊ ဤ မင်းကျင့်တရားအစု၌။ တုံ၊ ဖခင်မင်းမြတ်သည်။ ပတ္တာဿု၊ ကျင့်တော်မူလော့။ ဇသာဝ၊ ဤ စကားသည်သာလျှင်။ အနုသာသနီ၊ ခမည်းတော်မင်းမြတ်အား အကျွန်ုပ်သည် ပေးအပ်သောအဆုံးအမတည်း။ တာတ၊ ခမည်းတော်မင်းမြတ်။ တုံ၊ ဖခင်မင်းမြတ်သည်။ ဣမံ အနုသာသနံ၊ ဤ အဆုံးအမကို။ သုတ္ဝာ၊ နာတော်မူ၍။ ဒါနိ၊ ယခုအခါ၌။ ဒက္ခော၊ မပျင်းမရိသည်။ ပုညကရော၊ ကောင်းမှုကို ပြုတတ်သည်။ အသောဘော်၊ သုရာသောက်ကြူးခြင်း အစရှိသည်မှ ကင်းသည်။ အဝိနာသကော၊ ပစ္စုပ္ပန် သံသရာ အကျိုးဗီဇပွားကို မဖျက်ဆီးတတ်သည်။ အာဿု၊ ဖြစ်တော်မူလော့။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တုံ၊ သင် မင်းကြီးသည်။

www.dhammadownload.com

သီလဝါ၊ အကျင့်သီလနှင့် ပြည့်စုံသည်။ အဿု၊ ဖြစ်တော်မူလေ၊။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဒုဿီလော၊ သီလမရှိသော သူသည်။ ဝိနိပါတိကော၊ ငရဲသို့ ကျသည်မည်၏။

ကုဏ္ဍလိနီအား ဘဏ္ဍာစိုးခန့်ပြီ

ဤသို့ ကုဏ္ဍလိနီ မည်သော ဆက်ရက်မသည်လည်း တစ်ဆယ့်တစ် ဂါထာတို့ဖြင့် မင်းကျင့်တရားကို ဟော၏။ ဗြဟ္မဒတ်မင်းသည် အလွန်နှစ်သက်တော်မူသည်ဖြစ်၍ မှူးတော် မတ်တော်တို့ကို ခေါ်တော်မူ၍ မေးတော်မူ၏။ ''အို....အမတ်တို့၊ အကြင် အကြင် ဆိုအပ်ပြီးသော နည်းဖြင့် မင်းကျင့်တရားကို ဟောပေသော ငါ့ သမီးတော် ကုဏ္ဍလိနီသည် အဘယ်သူသည် ပြုအပ်သောကိစ္စကို ပြုသင့်သနည်း'' ဟု မေးတော်မူ၏။ ''အရှင်မင်းကြီး....ဘဏ္ဍာစိုးသည် ပြုအပ်သောကိစ္စကို ပြုသင့်၏'' ဟု တင်လျှောက်ကုန်လတ်သော် ''ထိုသို့တပြီးကား ထိုငါ့သမီးတော် ကုဏ္ဍလိနီအား ဘဏ္ဍာစိုးအရာကို ငါပေးတော်မူ၏'' ဟု မိန့်တော်မူ၍ ကုဏ္ဍလိနီမည်သော ဆက်ရက်မအား ဘဏ္ဍာစိုးအရာ၌ ထားတော်မူ၏။ ထို ကုဏ္ဍလိနီမည်သော ဆက်ရက်မသည် ထိုအခါမှစ၍ ဘဏ္ဍာစိုးအရာ၌တည်လျက် ခမည်းတော်အမှုကို စီရင်၏။

ကုဏ္ဍလိနီမည်သော ဆက်ရက်မသည် ဖြေဆိုအပ်သော ပြဿနာသည် ပြီး၏။

ဇမ္ဗုက တရားဟောခြင်း

ကစ်ဖန် ဗြဟ္မဒတ်မင်းသည် တစ်ရက်, နှစ်ရက် လွန်သဖြင့် ရှေးနည်းဖြင့်သာလျှင် ဆပြေသီး အဆင်းနှင့် တူသော နွားတ်သီး ရှိသည်၏ အဖြစ်ကြောင့် ဇမ္ဗုက အမည်ရသော ကျေးသား သုခမိန် အထံသို့ တမန်စေ၍ ခုနစ်ရက်မြောက်သော နေ့၌ ဇမ္ဗုက ကျေးသား သုခမိန် နေရာအိမ်သို့ သွားပြီးလျှင် စည်းစိမ်ကို ခံစား၍ တစ်ဖန် ပြန်လည်ခဲ့သဖြင့် ထို ရှေးနည်း အတူသာလျှင် မဏ္ဍပ်အလယ်၌ နေ၏။ ငှက်တော်ထိန်း အမတ်သည် ဇမ္ဗုက ပညာရှိကို ရှေ့နေရာ၌ နေစေ၍ ရှေ့နေရာကို ဦးဒေါင်းဖြင့် ရွက်ဆောင်လျက် လာလတ်၏။ ဇမ္ဗုက သုခမိန်သည် ခမည်းတော် ဗြဟ္မဒတ်မင်း ရင်ခွင်၌ နေ၍ ကစားပြီးလျှင် သွား၍ ရှေ့နေရာ၌သာလျှင် နေ၏။ ထိုသို့ နေသော

www.dhammadownload.com

အခါ ဇမ္မုက သုခမိန်ကို ခမည်းတော် ဗြဟ္မဒတ်မင်းသည် ပြဿနာ မေးလို ရကား—

၂၆။ အပုစ္ဆိမ္မ ကောသိယ ဂေါတ္တံ၊ ကုဏ္ဍလိနိံ တထေဝ စ။
တံ ဒါနိ ဝဒေဟိ ဇမ္မုက၊ ဗလာနံ ဗလမုတ္တမံ—
ဟူသော ဤဂါထာကို ဆို၏။

၂၆။ တာတ ဇမ္မုက၊ အမောင် ဇမ္မုက။ ကောသိယ ဂေါတ္တံ၊ ကောသိယ အနွယ်ဖြစ်သော မောင့်အစ်ကို ဝေဿန္တရာကို လည်းကောင်း။ ကုဏ္ဍလိနိ စ၊ ကုဏ္ဍလိနိ ဒေမည်ရှိသော မောင့်နှမ ဆက်ရက်မကို လည်း ကောင်း။ အဟံ၊ ငါသည်။ ရာဇ ဓမ္မံ၊ မင်းကျင့်တရားကို။ အပုစ္ဆိမ္မ၊ မေး လေပြီ။ ဇမ္မုက၊ ဖခင်သားလု ဇမ္မုက။ တထော၊ ထို့အတူလျှင်။ တံ၊ သင်ချစ်သားကို။ ပုစ္ဆာမိ၊ မေးဦးအံ့။ ဒါနိ၊ ယခု။ တံ၊ သင် ချစ်သားသည်။ ဗလာနံ၊ အားတို့တွင်။ ဥတ္တမံ၊ မြတ်သော။ ဗလဉ္စ၊ အားကို လည်းကောင်း။ ရာဇဓမ္မဉ္စ၊ မင်းကျင့်တရားကို လည်းကောင်း။ မေ၊ ငါ့အား။ ဝဒေဟိ၊ ဖြေဆိုလော့။

ဤဂါထာဖြင့် ဗြဟ္မဒတ်မင်းသည် ဘုရားလောင်း ဇမ္မုက ကျေး သားကို ပြဿနာ မေးသည်ရှိသော် ဘုရားလောင်းမှ တစ်ပါးကုန်သော ဝေဿန္တရာ, ကုဏ္ဍလိနီတို့အား မေးအပ်သော နည်းဖြင့် မမေးမူ၍လျှင် အထူးပြု၍ မေး၏။ ထိုသို့မေးသောအခါ ဗြဟ္မဒတ်မင်းအား ဇမ္မုကပညာ ရှိသည် "မြတ်သောမင်းကြီး....ထိုသို့ တပြီးကား ချအပ်သော နားရှိသည် ဖြစ်၍ နာတော်မူဘလော့၊ ခမည်းတော် မင်းကြီးအား မေးတော်မူသမျှကို ဖြေဆိုပါအံ့" ဟု ဆို၍ ဖြန့်၍ ခံအပ်သော လက်ဝါးပြင်၌ ဥစ္စာ ထောင် ထုပ်ကို တင်ထားဘိသကဲ့သို့ တရားဟောလိုရကား—

၂၇။ ဗလံ ပဉ္ဇဝိဓံ လောကေ၊ ပုရိသဿိံ မဟဂ္ဂတေ။
တတ္ထ ဗာဟုဗလံ နာမ၊ စရိမံ ဝုစ္စတေ ဗလံ။
၂၈။ ဘောဂဗလဉ္စ ဒီဃာဝု၊ ဒုတိယံ ဝုစ္စတေ ဗလံ။
အမစ္စဗလဉ္စ ဒီဃာဝု၊ တတိယံ ဝုစ္စတေ ဗလံ။
၂၉။ အဘိဇစ္စ ဗလဉ္စေဝ၊ တံ စတုတ္ထံ အသံသယံ။
ယာနိ စေတာနိ သဗ္ဗာနိ၊ အဓိဂဏှာတိ ပဏ္ဍိတော။

www.dhammadownload.com

၃၀။ တံ ဗာလာနံ ဗလံ သေဋ္ဌံ၊ အဂ္ဂံ ပညာဗလံ ဗလံ။
ပညာ ဗလေ နုပတ္ထဒ္ဓေါ၊ အတ္ထံ ဝိန္ဒတိ ပဏ္ဍိတော။
၃၁။ အပိ စေ လဘတိ မန္ဒေါ၊ ဖိတံ ဓရဏိံ မူတ္တမံ။
အကာမဿ ပဿယ်ံဝါ၊ အညော တံ ပဋိပဇ္ဇတိ။
၃၂။ အဘိဇာတောပိ စေ ဟောတိ၊ ရဇ္ဇံ လဒ္ဓါန ခတ္တိယော။
ဒုပ္ပညော ဟိ ကာသိပတိ၊ သဗ္ဗေနပိ န ဇီဝတိ။
၃၃။ ပညာဝ သုတံ ဝိနိစ္ဆိနိ၊ ကိတ္တိ သိလေဿကဝဟုနိ။
ပညာသဟိတော နရော ဣဓ၊ အပိ ဒုက္ခေ သုခါနိ ဝိန္ဒတိ။
၃၄။ ပညဉ္စ ခေါ အသုဿုသံ၊ နကောဝိ အဓိဂစ္ဆတိ။
ဗဟုဿုတံ အနာဂမ္မ၊ မေဓံ့ အဝိနိဘုဇံ။
၃၅။ ယော စ ဓမ္မဝိဘင်္ဂညူ၊ ကာလုဋ္ဌာယီ အတန္ဒိတော။
အနုဋ္ဌဟတိ ကာလေန၊ ကမ္မဖလံ တာသိဇ္ဈတိ။
၃၆။ အနာယတန သိလဿ၊ အနာယတန သေဝိနော။
န နိပ္ပဇ္ဇန္တိယ ကာရိဿ၊ သမ္မဒတ္ထော ဝိပစ္စတိ။
၃၇။ အဇ္ဈတ္တဉ္စ ပယုဿတ္တော၊ တထာယတန သေဝိနော။
အနိပ္ပဇ္ဇန္တိယ ကာရိဿ၊ သမ္မဒတ္ထော ဝိပစ္စတိ။
၃၈။ ယောဂပ္ပယောဂ သန်္ဓါတံ၊ သမ္ဘတသာဓုရက္ခကံ။
တာနိ တံ့ တာတ သေဝဿု၊ မာ အကမ္မာယ ရန္ဓယိ။
အကမ္မုနာ ဟိ ဒုမ္မေဓော၊ နဋ္ဌာဂါရံဝ သီဒတိ-

ဟူသော ဤ တစ်ဆယ့်နှစ်ဂါထာတို့ကို ဆို၏။

၂၇။ မဟာရာဇ၊ မြတ်သော မင်းကြီး။ လောကေ၊ သတ္တ လောကဌ်။ မဟဂ္ဂတေ၊ မြတ်သောဆန္ဒရှိသော။ ပုရိသသ့ိ်၊ ယောကျ်ားဌ်။ ဗလံ၊ အားသည်။ ကာယ ဘောဂ အမစ္စ ဇာတိ ပညာဗလ ဝဿေန၊ ကိုယ်အား, စည်းစိမ်အား, အမတ်အား, အမျိုးအား, ပညာအားတို့၏ အစွမ်းအားဖြင့်။ ပဋိဝံ၊ ငါးပါးအားပြရှိ၏။ တတ္ထ၊ ထို ငါးပါးသော အားတို့တွင်။ ဗာဟုဗလံ၊ ကြီးလင့်ကစား ကိုယ်ခန္ဓအားကို။ စရိမံ၊ ယုတ်သော။ ဗလံနာမ၊ အားမည်၏ဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။

၂၈။ ဒီဃာဝု၊ မင်းမြတ် ဒီဃာဝု။ ဘောဂဗလဉ္စ၊ စည်းစိမ်အား ကိုလည်း။ ဒုတိယံ၊ နှစ်ခုမြောက်ဖြစ်သော။ ဗလံ၊ ကိုယ်အားထက် မြတ်၍

www.dhammadownload.com

အမတ်အား[illegible]တို့အောက် ယုတ်သောအားဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။ ဒီဃာဝု၊ မင်းမြတ် ဒီဃာဝု။ အမ့စ္စဗလဋ္ဌ၊ အမတ်အားကိုလည်း။ တတိယံ၊ သုံးခုမြောက်ဖြစ်သော။ ဗလံ၊ ကိုယ်အား, စည်းစိမ်ချမ်းသာ အားတို့ထက် မြတ်၍ အမျိုးအား စသည်တို့အောက် ယုတ်သောအားဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။

၂၉။ အဘိဇစ္စဗလံ၊ သုံးပါးသော အမျိုးတို့ထက် လွန်မြတ်သော မင်းမျိုးအားဟု ဆိုအပ်သော။ တံ ဗလဋ္ဌ၊ ထို အားသဲ့လည်း။ စတုတ္ထံ၊ လေးခုမြောက်ဖြစ်သော။ ဗလံ၊ ကိုယ်အား, စည်းစိမ်အား, အမတ်အား, တို့ထက် မြတ်သော ပညာအားအောက် ယုတ်သောအားဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ယာနိ စေတာနိ၊ အကြင် လေးပါးကုန်သော အားတို့ကို။ ပဏ္ဍိတော၊ ပညာအားရှိသော ပုဂ္ဂိုလ် သည်။ အသံသယံ၊ မချုတ်မယွင်း။ အဓိဂစ္ဆာတိ၊ လွှမ်းမိုးနိုင်လေ၏။

၃၀။ တသ္မာ၊ ထို့ကြောင့်။ တံ ဗလာနံ၊ ထို လေးပါးကုန်သော အားတို့ထက်။ ပညာဗလံ၊ ပညာအားကို။ သေဋ္ဌံဗလံ၊ အားမြတ်ဟူ၍။ အဂ္ဂဗလံ၊ အထွတ်အဖျားဖြစ်သော အားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ပညာဗလေန၊ ပညာအား သည်။ ဥပတ္ထဒ္ဓေါ-ဥပတ္ထဒ္ဓတ္တာ၊ ထောက်ပံ့အပ်သည်၏ အဖြစ်ကြောင့်။ ပဏ္ဍိတော၊ ပညာရှိသော ပုဂ္ဂိုလ်သည်။ အတ္ထံ၊ စီးပွားချမ်းသာခြင်းသို့။ ဝိန္ဒတိ၊ ရောက်လေ၏။ တသ္မာ၊ ထို့ကြောင့်။ ပညာဗလံ၊ ပညာအားကို။ သေဋ္ဌံဗလံ၊ မြတ်သောအားဟူ၍။ အဂ္ဂံဗလံ၊ အထွတ်အဖျား ဖြစ်သောအား ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၃၁။ မဟာရာဇ၊ မြတ်သောမင်းကြီး၊ မန္ဒာ၊ ပညာနည်းသော သူသည်။ ဖီတံ၊ ရတနာခုနစ်ပါးနှင့် ပြည့်စုံထသော။ ဥတ္တမံ၊ မြတ်သော။ ဓရဏိံ၊ မြေအပြင်ကို။ အပိ စေ လဘတိ၊ ရလင့်ကစား။ တာဿ၊ ထိုပညာမရှိသောသူအား။ အကာမဿ၊ အလိုမရှိဘဲလျက်။ ပဿယ္ဟံ ဝါ၊ အနှိုင့်အထက် လုယက်ခြင်းကိုလည်း။ ကတ္တာ၊ ပြု၍။ အညော၊ ပညာရှိ တစ်ဦးသည်။ တံ ဓရဏိံ၊ ထို မြေအပြင်ကို။ ပဋိပဇ္ဇတိ၊ စီရင် စိုးအုပ်တတ်၏။

www.dhammadownload.com

၃၂။ ကာသိပတိ၊ ကာသိတိုင်းရှင် ဖခင်မင်းမြတ် ဗြဟ္မဒတ်။ အဘိဇာတော၊ အမျိုး သုံးပါးတို့ထက် လွန်မြတ်သော။ ခတ္တိယောပိ၊ မင်းသားသည်မူလည်း။ ဟောတိ စေ၊ ဖြစ်လင့်ကစား။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ လဒ္ဓါန၊ ရ၍။ ဒုပ္ပညော၊ ပညာနည်းချက။ သဗ္ဗေနပိ၊ အလုံးစုံသော မင်းအဖြစ်ဖြင့်လည်း။ နဇီဝတိ ဟိ-နဇီဝတိ ဇော၊ အလက်မမွေးနိုင်ချေ သလျင်ကတည်း။

၃၃။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ပညာ၊ ပညာသည်သာ လျင်။ သုတံ၊ အကြားအမြင် အသင်အတတ်နှင့်, ပြည့်စုံသည်၏ အဖြစ်ကို။ ဝိနိစ္ဆိနိ၊ ပြုတတ်၏။ ပညာ၊ ပညာသည်။ ကိတ္တိ သိ လောကဝဟုနိ၊ အကျော်အစော လာဘ်ပူဇော်သက္ကာရကို ပွားများစေတတ်၏။ ဣဓ လောကေ၊ ဤသတ္တလောကဌ်။ ပညာသဟိတော၊ ပညာရှိသော။ နရော၊ လူသည်။ အပိ၊ စင်စစ်။ သုခါနိ၊ ချမ်းသာခြင်းတို့ကို။ ဝိန္ဒတိ၊ ရရာ၏။

၃၄။ မဟာရာဇ၊ မြတ်သော မင်းကြီး။ ဓမ္မဋ္ဌံ၊ သဘော အကြောင်းဌ် တည်သော။ ဗဟုဿုတံ၊ များသော အကြားအမြင်ရှိသော ပဂ္ဂိုလ်အထံသို့။ အနာဂမ္မ၊ မဆည်းကပ်မူ၍။ အသုဿူသံ—အသုဿူသန္တော၊ နည်းနာနယကို မနာမခံရသော။ အဝိနိဗ္ဘုဇံ-အဝိနိဗ္ဘုဇန္တော၊ အကျိုးရှိသည်-မရှိသည်, အကြောင်းဟုတ်သည်-မဟုတ်သည်ကို မဆင်ခြင်သော။ ကောစိ၊ တစ်စုံတစ်ယောက်သောသူသည်။ ပညဉ္စ၊ ပညာကို လည်း။ နအဓိဂစ္ဆတိဒေါ၊ မရချေသလျင်ကတည်း။

၃၅။ မဟာရာဇ၊ မြတ်သော မင်းကြီး။ ဓမ္မဝိဘင်္ဂညူ၊ ကုသိုလ်ကမ္မပထ တရားဆယ်ပါးကို ခွဲခြမ်းဝေဖန်ခြင်းဌ် လိမ္မာထသော။ ကာလုဋ္ဌာယီ၊ အခါဌ် လုံ့လပြုလေ့ရှိထသော။ အတန္ဒိတော၊ ပျင်းရိခြင်းကင်းထသော။ ယော စ ပဏ္ဍိတော၊ အကြင် ပညာရှိသည်လည်း။ ကာလေန၊ လုံ့လပြုသင့်သော ကာလဌ်။ အနုဋ္ဌဟတိ၊ လုံ့လပြု၏။ ကဿ ပဏ္ဍိတဿ၊ ထို ပညာရှိအား။ ဖလံ၊ ကံ၏ အကျိုးသည်။ သမိဇ္ဈတိ၊ ပြည့်စုံ၏။

www.dhammadownload.com

၃၆။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အနာယတန သိလဿ၊ သီလမရှိသောသူတို့၏ အမှုကို ပြုလေ့ရှိထသော။ အနာယတန သေဝိနော၊ သီလမရှိသောသူကို မှီဝဲဆည်းကပ်တတ်ထသော။ နိဗ္ဗိန္ဒိယ ကာရိဿ၊ ကုသိုလ်ကောင်းမှုကို ပြုသောကာလ၌ တဆန့်ကျင်ကျင် မရွှင်ပြိုးငွေ့၍ ပြုလေ့ရှိသောသူအား။ သမ္မဒတ္ထော၊ လူ့ပြည် နတ်ရပ်၌ ဖြစ်သော မြတ်သောအကျိုးသည်။ နဝိပစ္စတိ၊ မပြည့်စုံနိုင်ချေ။

၃၇။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အဇ္ဈတ္တဉ္စ၊ မိမိသန္တာန်၌လည်း။ ပယုတ္တဿ၊ အနိစ္စ အစရှိသော ဘာဝနာတို့၏ အစွမ်းအားဖြင့် ကုသိုလ်တရားကို အားထုတ်တတ်သော။ တထာ ယတန သေဝိနော၊ ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော သီလဝန္တ ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်လေ့ရှိထသော။ အနိဗ္ဗိန္ဒိယ ကာရိဿ၊ ကုသိုလ်ကောင်းမှုကို ပြုသောကာလ၌ တဆန့်ကျင်ကျင် မရွှင်ပြိုးငွေ့ခြင်း ကင်းသည်ဖြစ်၍ ပြုလေ့ရှိသော ပညာရှိအား။ သမ္မဒတ္ထော၊ လူ့ပြည်နတ်ရပ်၌ ကောင်းမြတ်သော အကျိုးသည်။ ဝိပစ္စတိ၊ ပြည့်စုံ၏။

၃၈။ တာတ၊ ခမည်းတော်မင်းမြတ်။ သမ္ဘတဿ၊ အပုံအစုပြုအပ်သော စည်းစိမ်ဥစ္စာကို။ အနုရက္ခဏံ၊ အစဉ် စောင့်ရှောက်ခြင်း။ ယောဂပယောဂ သန်္ဓါတံ၊ ယှဉ်သင့်သည်၌ ယှဉ်ခြင်းဟု ဆိုအပ်သော ပညာ။ တာနိ၊ ထို နှစ်ပါးကုန်သော အကြောင်းတို့ကိုလည်း၊ တုံ၊ ခမည်းတော် မင်းမြတ်သည်။ သေဝဿု၊ မှီဝဲတော်မူလော့။ ဒုမ္မေဓော၊ ပညာမရှိသောသူသည်။ အကမ္မုနာ၊ မသင့်မလျော်သော အကြောင်းဖြင့်။ ဓနံ၊ ဥစ္စာကို။ နာသေတွာ၊ ပျက်စီးစေ၍။ နဋ္ဌာဂါရံ၊ ကျူးအိမ်ဆွေးသည်။ သီဒတိ ဣဝ၊ ပျက်စီးသကဲ့သို့။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ သီဒတိ၊ ပျက်စီးတတ်၏။ တသ္မာ၊ ထို့ကြောင့်။ တုံ၊ ခမည်းတော် မင်းမြတ်သည်။ အကမ္မာယ၊ မသင့်မလျော်သော အကြောင်းဖြင့်။ မာ အာဂရန္ဓယိ၊ ဥစ္စာကို ကုန်ခန်းစိမ့်သောငှာ လုံ့လပြုတော်မမူလင့်။

ဇမ္ဗုက၏ အဆုံးအမ

ဤသို့လျှင် ဘုရားအလောင်း ဇမ္ဗုကမည်ဒသာ ကျေးဇူးသည် ဤမျှ အတိုင်းအရှည်ရှိသော အကြောင်းဖြင့် ငါးပါးကုန်သော အားတို့ကို

www.dhammadownload.com

ဟောချ၍ ပညာအားကို ချီးမြှောက်တော်မူသဖြင့် လပြည့်ဝန်းကို ဆောင်ယူဘိသကဲ့သို့ ဟောတော်မူပြီး၍ ယခုအခါ မင်းအား အဆုံးအမ ပေးပြန်လိုရကား—

၃၉။ ဓမ္မံ စရ မဟာရာဇ၊ မာတာပိတူသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ရာဇာ သဂ္ဂံ ဂမိဿသိ။

၄၀။ ဓမ္မံ စရ မဟာရာဇ၊ ပုတ္တေ ဒါရေသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ရာဇာ သဂ္ဂံ ဂမိဿသိ။

၄၁။ ဓမ္မံ စရ မဟာရာဇ၊ မိတ္တာ မစ္စေသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ရာဇာ သဂ္ဂံ ဂမိဿသိ။

၄၂။ ဓမ္မံ စရ မဟာရာဇ၊ ဝါဟနေသု ဗလေသု စ။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ရာဇာ သဂ္ဂံ ဂမိဿသိ။

၄၃။ ဓမ္မံ စရ မဟာရာဇ၊ ဂါမေသု နိဂမေသု စ။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ရာဇာ သဂ္ဂံ ဂမိဿသိ။

၄၄။ ဓမ္မံ စရ မဟာရာဇ၊ ရဋ္ဌေ ဇနပဒေသု စ။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ရာဇာ သဂ္ဂံ ဂမိဿသိ။

၄၅။ ဓမ္မံ စရ မဟာရာဇ၊ သမဏေ ဗြာဟ္မဏေသု စ။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ရာဇာ သဂ္ဂံ ဂမိဿသိ။

၄၆။ ဓမ္မံ စရ မဟာရာဇာ၊ မိဂပက္ခီသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ရာဇာ သဂ္ဂံ ဂမိဿသိ။

၄၇။ ဓမ္မံ စရ မဟာရာဇ၊ မမ္မော စိဏ္ဏော သုခါဝဟော။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ရာဇာ သဂ္ဂံ ဂမိဿသိ။

၄၈။ ဓမ္မံ စရ မဟာရာဇ၊ သဣန္ဒာဒေဝါ သဗြဟ္မကာ။
သုစိဏ္ဏေန ဒိဝံ ပတ္တာ၊ မာ ဓမ္မံ ရာဇ ပါမဒေါ—
ဟူသော ဤဆယ်ဂါထာတို့ကို ဆို၏။

၃၉။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မာတာပိတူသု၊ မယ်တော်ခမည်းတော်တို့၌။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ ခတ္တိယ၊ မင်းမြတ်။ ဣဓလောကေ၊ ဤလောက၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်သောကြောင့်။ တံ ရာဇာ၊ သင် ဖခင်မင်းမြတ်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ ရောက်တော်မူရလတ္တံ့။

www.dhammadownload.com

၄၀။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ပုတ္တဒါရသု၊ သားတော်သမီးတော်, မိဖုရားတော်, မောင်းမ မိဿံတို့၌။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ ခတ္တိယ၊ ခမည်းတော်မင်းမြတ်။ ဣဓ လောကေ၊ ဤလောက၌၊ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူသောကြောင့်။ တံ ရာဇာ၊ သင် ဖခင်မင်းမြတ်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ ရောက်တော်မူရလတ္တံ့။

၄၁။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မိတ္တာပစ္စေသု၊ ချစ်သော အဆွေခင်ပွန်း မျိုးမတ် မယ်တော်တို့၌။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ ခတ္တိယ၊ မင်းမြတ်။ ဣဓ လောကေ၊ ဤလောက၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူသောကြောင့်။ တံ ရာဇာ၊ သင် ဖခင်မင်းမြတ်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ ရောက်တော်မူရလတ္တံ့။

၄၂။ မဟာရာဇာ၊ မြတ်သောမင်းကြီး။ ဝါဟနေသု စ၊ ဆင်, မြင်းစသော ယာဉ်တို့၌လည်းကောင်း။ ဗလေသုစ၊ ရဲမက်ဗိုလ်ပါတို့၌ လည်းကောင်း။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ ဣဓ လောကေ၊ ဤလောက၌၊ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူသောကြောင့်၊ တံ ရာဇာ၊ သင် ဖခင်မင်းမြတ်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ ရောက်တော်မူရလတ္တံ့။

၄၃။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဂါမေသု စ၊ ရွာတို့၌ လည်းကောင်း။ နိဂမေသု စ၊ နိဂုံးတို့၌လည်းကောင်း။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ ဣဓ လောကေ၊ ဤလောက၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်သောကြောင့်။ တံ ရာဇာ၊ သင် ဖခင်မင်းမြတ်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ ရောက်တော်မူရလတ္တံ့။

၄၄။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ရဋ္ဌေသု စ၊ တိုင်းနိုင်ငံသူ တို့၌လည်းကောင်း။ ဇနပဒေသု၊ စ၊ ဇနပုဒ်သူတို့၌လည်းကောင်း။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မလော့။ ဣဓ လောကေ၊ ဤလောက၌။ ဓမ္မံ၊ တရားကို စရိတ္ဝာန၊ ကျင့်တော်မူသောကြောင့်။ တံ ရာဇာ၊ သင် ဖခင်မင်းမြတ်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ ရောက်တော်မူရလတ္တံ့။

www.dhammadownload.com

၄၅။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သမဏ ဗြာဟ္မဏောသု၊ ရဟန်းပုဏ္ဏားတို့၌။ ဓမ္မံ၊ တရားကို။ စရ ကျင့်တော်မူလော့။ ဣဓ လောကေ၊ ဤလောက၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူသော ကြောင့်။ တံ ဆာဇာ၊ သင် ဖခင်မင်းမြတ်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ ရောက်တော်မူရလတ္တံ့။

၄၆။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မိဂပက္ခီသု၊ သားငှက်တို့၌။ ဓမ္မံ တရားကို။ စရ၊ ကျင့်တော်မူလော့။ ခတ္တိယ၊ မင်းမြတ်။ ဣဓ လောကေ၊ ဤလောက၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန။ ကျင့်တော်မူသော ကြောင့်။ တံ ဆာဇာ၊ သင် ဖခင်မင်းမြတ်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ ရောက်တော်မူရလတ္တံ့။

၄၇။ မဟာရာဇ၊ မြတ်သောမင်းကြီး၊ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ သုစိဏ္ဏော၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မော၊ တရားသည်။ သုခံ၊ ချမ်းသာခြင်းသို့။ အာဝဟတိ၊ ရောက်စေတတ်၏။ ဣဓ လောကေ၊ ဤလောက၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူသော ကြောင့်။ တံ ဆာဇာ၊ သင် ဖခင်မင်းမြတ်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ ရောက်တော်မူရလတ္တံ့။

၄၈။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ သုစိဏ္ဏော၊ ကောင်းစွာကျင့်အပ်သော။ ဓမ္မော၊ တရားသည်။ သုခံ၊ ချမ်းသာခြင်းသို့။ အာဝဟတိ၊ ရောက်စေတတ်၏။ ဣဓ လောကေ၊ ဤလောက၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူသော ကြောင့်။ တံ ဆာဇာ၊ သင် ဖခင်မင်းမြတ်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ ရောက်တော်မူရလတ္တံ့။

၄၉။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ သပြဟ္မကာ၊ ဗြဟ္မာနှင့် တကွကုန်သော။ ဣဒ္ဓါဒေဝါ၊ သိကြား, ကာမာ ဝစရ နတ်တို့သည်။ သုစိဏ္ဏေန၊ ကောင်းစွာကျင့်အပ်သော သုစရိုက်ကြောင့်။ ဒိဝံ၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့။ ပတ္တာ၊ ရောက်ကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ရာဇာ၊ ခမည်းတော်မင်းမြတ်။ တံ ဆာဇာ၊ သင် ဖခင်မင်းမြတ်သည်။ ဓမ္မံ တရားကို။ ပါမဒေါ၊ အသက်ကို စွန့်ပစ်ရသော်လည်း မေ့တော်မမူလင့်။

ဤသို့လျှင် မင်းတို့ကျင့်အပ်သော တရားကိုပြသော ဆယ်ဂါထာတို့ကို ဟောတော်မူပြီး၍ အလွန်သည်း ဆုံးမပြန်လိုရကား....

၅၉။ တတ္ထဝံ တေ ဝတ္တာပဒါ၊ သောဝ အနုသာသနီ။
သပ္ပညသေဝီ ကလျာဏီ၊ ဘာမတ္တံ သာမံ တံဝိဒူ—

ဟူသော အဆုံးဖြစ်သော ဤဂါထာကိုဆို၏။

www.dhammadownload.com

၄၉။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တတ္ထဝ၊ ထိုဖခင်မင်းမြတ်သည် မေးအပ်သော "အပုစ္ဆိမ့ ကောသိယဂေါတ္တံ" အစရှိစသာ ပုစ္ဆာတော်၌သာလျှင်။ မယာ၊ အကျွန်ုပ်သည်။ ဝုတ္တာ၊ ဖြေဆိုအပ်ကုန်သော။ ဇေတေ၊ ထို "ဗလံပဉ္ဉဝိဓံ" အစရှိသောစကားတို့သည်။ ဝတ္တပဒါ၊ ဖွဲ့မင်းကျင့်တရားအစုကို ပြသောစကားတို့တည်း။ ဇေတ္ထ၊ ဤ မင်းကျင့်တရားအစု၌။ တံ့၊ သင် ဖခင်မင်းမြတ်သည်။ ဝတ္တာသု၊ ကျင့်တော်မူလော့။ သေဝ၊ ဤသည်လျှင်။ အနုသာသနီ၊ ခမည်းတော်မင်းမြတ်အား အကျွန်ုပ်ပေးအပ်သော အဆုံးအမပေတည်း။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သမတ္တံ၊ အပြည့်အစုံဖြစ်သော။ တံ၊ ထိုအကျွန်ုပ်ပေးအပ်သော အဆုံးအမကို။ သာမံ၊ ကိုယ်တော်တိုင်။ ဝိဒူ၊ သိတော်မူ၍။ သပ္ပညဿေဝီ၊ ပညာရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်တော်မူ၍။ ကလ္လာဏီ၊ ကောင်းမြတ်သော ကျေးဇူးနှင့် ပြည့်စုံတော်မူသည် ဖြစ်၍။ ယထာနုသိဋ္ဌံ၊ အကျွန်ုပ်ဆုံးမတိုင်း။ ပဋိပဇ္ဇ၊ ကျင့်တော်မူလော့။

ဇမ္ဗုကကို သေနာပတိခန့်ပြီ

ဤသို့လျှင် ဘုရားအလောင်း ဇမ္ဗုကကျေးသားသည် ကောင်းကင်ပြင်၌စီးသောမြစ်ကို အောက်သို့ စီးစေဘိသကဲ့သို့ သဗ္ဗညု မြတ်စွာဘုရား၏ တင့်တယ်စံပယ်တော်မူခြင်း တရားဟောတော်မူ၏။ လူမျှားသည် မျှားစွာသော ပူဇော်သက္ကာရကိုပြု၏။ ကောင်းချီးအထောင် ပေးခြင်းတို့ကို ပေး၏။ ဗြဟ္မဒတ်မင်းသည် အလွန် နှစ်သက်တော်မူသည်ဖြစ်၍ မှူးတော်မတ်တော်တို့ကို ခေါ်တော်မူ၍ မေး၏။ "အမတ်တို့....အကြင် အကြင် ဆိုအပ်ခဲ့ကုန်ပြီးသောနည်းဖြင့် တရားဟောပေသော သပြေသီးနှင့် တူသော နွုတ်သီးရှိသော ငါ့သားတော်ဇမ္ဗုကသုခမိန်သည် အဘယ်သူသည် ပြုအပ်သော ကိစ္စကိုပြုအပ်သနည်း" ဟု မေး၏။ "အရှင်မင်းကြီး....စစ်သူကြီးသည် ပြုအပ်သောအရာကို ပြုအပ်၏" ဟု တင်လျှောက်ကုန်လတ်သော် "ထိုသို့ တပြီးကား ငါ့သားတော် ဇမ္ဗုကအား စစ်သူကြီးအရာကို ငါပေးတော်မူ၏" ဟု ဆို၍ ဇမ္ဗုကကို အရာအထူးဌာန ထားတော်မူ၏။

ဌာက်သုံးပါးတို့အား မျှားသောပူဇော်သက္ကာရသည် ဖြစ်၏။
ဌာက်ပညာရှိသုံးပါးတို့သည်လည်း ဗြဟ္မဒတ်မင်းအား အကျိုးအကြောင်းကို ဆုံးမကုန်၏။

www.dhammadownload.com

ဖြဟ္မဒတ်မင်းသည် ဘုရားလောင်း ဇမ္ဗုကကျေးသား အဆုံးအမ၌ တည်၍ ဒါန အစရှိသော ကောင်းမှုတို့ကိုပြု၍ နတ်ပြည်သို့ လား၏။ မျှားတော်မတ်တော်တို့သည် ဖြဟ္မဒတ်မင်း၏အလောင်းကို သင်္ဂြိဟ်ခြင်းကိစ္စကို ပြုပြီးလျှင် ငှက်ပျာရှိသုံးပါးတို့အား အကြောင်းကိုကြား၍ ''အရှင် ဇမ္ဗုကအမည်တော်ရှိသော ငှက်မင်း....အရှင်တို့အား ရွှေနန်းသိမ်း၍ ရွှေထီး ဆောင်းအပ်သည်ကို လူမျှားသည် ပြုပြီ''ဟု တင်လျှောက်ကြကုန်၏။ ဘုရားလောင်းသည် ''ငါ့အား မင်းအဖြစ်ဖြင့် အလိုမရှိ၊ သင်တို့သည် မမေ့မလျော့ဖြစ်ကုန်၍ မင်းပြုကြကုန်လော့'' ဟု ဆို၍ လူမျှားကို သီလတို့၌ တည်စေပြီးလျှင် ''ဤသို့ အဆုံးအဖြတ်ကို ဖြစ်ရစ်စေကုန်လော့'' ဟု ဆို၍ အဆုံးအဖြတ်တရားကို ရှေးပြား၌ရေးစေ၍ တောသို့ဝင်လေ၏။ ထိုဇမ္ဗုက သုဝမိန်၏ အဆုံးအမသည် အနှစ်လေးသောင်းတို့ပတ်လုံး တည်၏။

ဇာတ်ပေါင်း

သဗ္ဗညုမြတ်စွာဘုရားသည် ပဌေနဒီကောသလမင်းကြီးအား ဆုံးမတော်မူသည်၏ အစွမ်းဖြင့် ဤတောကုဏ္ဍဇာတ် ဓမ္မဒေသနာကို ဟောတော်မူ၍ ''မြတ်သောမင်းကြီး....ယခုအခါ အာနန္ဒာသည် ထိုအခါ ဖြဟ္မဒတ်မင်း ဖြစ်ဖူးပြီး၊ ယခုအခါ ဥပဝလဝဏ်သည် ထိုအခါ ကုဏ္ဍလိနီ အမည်ရှိသော ဆက်ရက်မ ဖြစ်ဖူးပြီး၊ ယခုအခါ သာရိပုတြာသည် ထိုအခါ ဝေဿန္တရာအမည်ရှိသော ခင်ပုပ်ငှက်ဖြစ်ဖူးပြီး၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ဇမ္ဗုကအမည်ရှိသော ကျေးသားသုဝမိန် ဖြစ်ဖူးပြီ'' ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ရှေးဦးစွာ တောကုဏ္ဍဇာတ်သည် ပြီး၏။

၂—သရဘင်္ဂဇာတ်

ပညာသည်သာ၊ အရာရာ၊ လိုရာအောင်ကြောင်းမှတ်။

ဟောတော်မူရာဌာန နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် ''အလင်္ကာ ကုဏ္ဍလီနော

www.dhammadownload.com

သုဝတ္ထာ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ သရဘင် ဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရှင်မဟာ မောဂ္ဂလာန်မထေရ် ပရိနိဗ္ဗာန် ပြုတော်မူခြင်းကို အဒကြောင်းပြု၍ ဟော တော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု၊ ထိုစကားသည် မှန်၏၊ အရှင်သာရိပုတြာ မထေရ် သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသော မြတ်စွာ ဘုရားကို မိမိ၏ ပရိနိဗ္ဗာန် ပြုအံ့သော အဖြစ်ကို လျှောက်ကြား၍ နာလက ရှာသို့သွား၍ ဖွားရာတိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထို အရှင် သာရိ ပုတြာ မထေရ်၏ ပရိနိဗ္ဗာန် ပြုတော်မူခြင်းသာအဖြစ်ကို ကြားတော်မူ၍ သဗ္ဗညု မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၍ ဝေဠုဝန် ကျောင်းတော်၌ နေတော်မူ၏။

အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်ဝင်စံပုံ

ထိုအခါမဟာမောဂ္ဂလာန် မထေရ်သည် ဣသိဂိလိတောင်၏ နံပါး၌ ညိုသောအဆင်းရှိသော ကျောက်ဖျာအပြင်ဝယ် နေတော်မူ၏။ ထို မဟာ မောဂ္ဂလာန်မထေရ်သည်ကား အထူတ်သို့ရောက်သော အာနုဘော်ရှိသော တန်ခိုးတော်အစွမ်းဖြင့် နတ်ပြည်သို့ ဒေသစာရီ ကြွတော်မူခြင်းကို လည်း ကောင်း၊ ဥဿဒငရဲ အစရှိသည်သို့ ကြွသွားဘော်မူခြင်းကို လည်းကောင်း ကြွသွားတော်မူ၏။ နတ်ပြည်၌ ဘုရားသဗ္ဗညု တပည့်ဖြစ်ကုန်သောသူတို့၏ မျှားစွာသောစည်းစိမ်ချမ်းသာကို မြင်၍ ဥဿဒငရဲ အစရှိသည်တို့၌လည်း တိတ္ထိတို့၏ တပည့်ဖြစ်ကုန်သော သူတို့၏ မျှားစွာ ဆင်းရဲခြင်းကိုမြင်၍ လူ့ ပြည်သို့ လာလတ်ပြီးလျှင် ''ဤအမည်ရှိသော ဒါယကာယောကျ်ားသည် လည်းကောင်း၊ ဤအမည်ရှိသော ဒါယိကာမမိန်းမသည် လည်းကောင်း ဤအမည်ရှိသော နတ်ပြည်၌ဖြစ်၍ ကြီးစွာသော စည်းစိမ်ကို ခံရ, စံရ ကုန်၏။ တိတ္ထိတို့၏ တပည့်ဖြစ်ကုန်သော သူတို့တွင် ဤအမည်ရှိသောသူသည် လည်းကောင်း၊ ဤအမည်ရှိသော သူသည်လည်းကောင်း၊ ငရဲ အစရှိသည် တို့တွင် ဤအမည်ရှိသော 'အပါယ်ဘုံ၌ ဖြစ်၏'' ဟု လူတို့အား ဟောကြား တော်မူ၏။ လူတို့သည် သာသနာတော်၌ အလွန်ကြည်ညိုကုန်၏၊ တိတ္ထိ တို့ကို စွန့်ပစ်ကုန်၏။ ဘုရားတပည့်သားတို့အား မျှားစွာသော ပူဇော် သက္ကာရသည် ဖြစ်၏။ တိတ္ထိတို့အား လာဘ် ပူဇော်သက္ကာရသည် ဆုတ်

www.dhammadownload.com

ယုတ်၏။ ထိုတိတ္ထိတို့သည် ''အရှင်မဟာ မောဂ္ဂလာန် မထေရ်၌ ရန်ငြိုးဖွဲ့၍ ဤမောဂ္ဂလာန်မထေရ် အသက်ရှင်ချေသော် ငါတို့၏ ဒါယကာတို့သည် ပျက်စီးချေကုန်၏၊ လာဘ် ပူဇော်အက္ကာရသည်လည်း ဆုတ်ယုတ်ချေ၏၊ ထို့မောဂ္ဂလာန်ကို သတ်ကြကုန်အံ့'' ဟု ကြံကြကုန်၍ အရှင်မဟာ မောဂ္ဂလာန်မထေရ်အား သတ်စိမ့်သောဌာ သမဏကုတ္တိက အမည်ရှိသော ခိုးသူအား တံစိုးဘစ်ထောင် ပေးကြကုန်၏။

ထို သမဏကုတ္တိက အမည်ရှိသော ခိုးသူသည် ''အရှင် မောဂ္ဂလာန် မထေရ်ကို သတ်အံ့'' ဟု မျှားစွာသော အခြံအရံနှင့်တကွ ညီသောအဆင်း ရှိသော ကျောက်တောင်သို့ သွားလေ၏။ အရှင်မဟာမောဂ္ဂလာန် မထေရ်သည် ထို သမဏကုတ္တိက အမည်ရှိသော ခိုးသူ လဲ့လှတ်သည်ကို မြင်တော်မူလျှင် တန်ခိုးဖြင့်ပျံ၍ ကြွတော်မူလေ၏။ သမဏကုတ္တိက ခိုးသူသည် ထို့နောက် အရှင်မဟာ မောဂ္ဂလာန် မထေရ်ကို မမြင်သောကြောင့် ပြန်ခဲ့၍ နက်ဖြန်နေ့၌လည်းကောင်း၊ သန်ဘက်နေ့၌လည်းကောင်း ဤသို့ ခြောက်ရက်တို့ ပတ်လုံးလျှင် လာ၏။ အရှင်မဟာ မောဂ္ဂလာန် မထေရ်သည်လည်း ထို့ရှေးအတူသာလျှင် တန်ခိုးဖြင့် ဖဲ့တော်မူ၏။ ခုနစ်ရက်မြောက်သော နေ့၌ကား အရှင်မဟာ မောဂ္ဂလာန် မထေရ်အား ရှေး၌ပြုတော်မူခဲ့ဖူးသော အပရာပရိယဝေဒနီယကံသည် အခွင့်ရ၏။

ဝိပါက်ကံကြမ္မာ

ထို အရှင်မဟာ မောဂ္ဂလာန်မထေရ်သည် ရှေးဘဝ၌ မယား စကားကိုယူ၍ အမိအဖတို့ကို သေစေလိုသည်ဖြစ်၍ လှည်းဖြင့် ဘေးသို့ ဆောင်ယူပြီးလျှင် ခိုးသူတို့ ထ,လေဟန်ပြု၍ အမိ အဖတို့ကို ပုတ်ခတ် ရိုက်နှက်၏။ ထို မိဘတို့သည် မျက်စိအားနည်းသည်၏ အဖြစ်ကြောင့် ရူပါရုံကို မြင်ခြင်း ကင်းကုန်ရကား ထို ရိုက်ပုတ်သောသူကား ''ငါတို့ သားတည်း'' ဟု မသိကုန်သည်ဖြစ်၍ ဤသို့ ရိုက်ပုတ်သောသူကား ''ခိုးသူ ပင်တည်း'' ဟု အမှတ်ရှိ၍ ''ချစ်သား....ဤမည်သော ခိုးသူတို့သည် ငါတို့ကို ရိုက်ပုတ်ကုန်၏၊ သားမောင်....မင်းသည် ပြေးပါဒေါ့'' ဟု ဆို၍ ထိုရိုက်ပုတ်သော သားအကျိုးငှာသာလျှင် ငိုကြွေး မြည်တမ်းကြကုန်၏။ ထိုလုလင်သည် ဤသို့ကြံ၏။ ''ဤသူအိုတို့သည် ငါသည် ပုတ်ခတ်ရိုက်နှက်သော်လည်း ငါ၏ အကျိုးငှာသာလျှင် မြည်တမ်းကြကုန်၏။ ငါသည်

www.dhammadownload.com

မလျောက်ပတ်သော အမူအရာကို ပြုမိ၏''ဟု ကြံ၏။ ထိုအခါ မိအို, ဖအို တို့ကို သက်သာရာရစေ၍ ခိုးသူတို့ ပြေးလေဟန် ပြုပြီးလျှင် လက်, ခြေ တို့ကို ဆုပ်နယ်၍ ''အို....မိခင် ဖခင်တို့....မကြောက်ကြကုန်လင့်၊ ခိုးသူတို့ သည် ပြေးလေကုန်ပြီ''ဟု ဆို၍ တစ်ဖန် မိမိအိမ်သို့လျှင် ဆောင်ယူ လေ၏။

ခိုးသူတို့နှိပ်စက်ပုံ

ထို မကောင်းမှုကံသည် ဤမျှလောက်သော ကာလပတ်လုံး အခွင့် မရလေသောကြောင့် ပြာဖုံးအုပ်သောမီးကျီးစုကဲ့သို့တည်၍ ဤ အဆုံးစွန် ဖြစ်သောကိုယ်သို့ ပြေးလာ၍ ဖမ်းယူလေ၏၊ ထိုစကားသည် မှန်၏၊ ဥပမာမည်သည်ကား—ခွေးမုဆိုးသည် သားကိုမြင်၍ ခွေးကို လွှတ်အပ် သည်ရှိသော် သားသို့ အစဉ်လိုက်၍ အကြင်အရပ်၌ ရောက်၏၊ ထိုအရပ်၌ လျှင် ဖမ်းယူသကဲ့သို့ ထို့အတူ ကံသည် အကြင်အရပ်၌ အခွင့်ကိုရ၏၊ ထိုအရပ်၌လျှင် ဖမ်းယူလေ၏။ ထိုကံမှ လွတ်သောသူ မည်သည် မရှိ။ အရှင်မဟာ မောဂ္ဂလ်ာန်မထေရ်သည် မိမိသည် ပြုအပ်သော မကောင်းမှု သည် ငင်သောအဖြစ်ကိုသိ၍ ဖဲတော်မမူလေ။ အရှင်မဟာ မောဂ္ဂလာန် မထေရ်သည် ထိုမကောင်းမှုကံ၏ အကျိုးဆက်ကြောင့် ကောင်းကင်သို့ ပျံအံ့သောငှာ မစွမ်းနိုင်လေ။ ထို အရှင်မဟာ မောဂ္ဂလာန် မထေရ်၏ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမခြင်း, ဝေဇယန္တာ ပြာသာဒ်ကို တုန်လှုပ် စေခြင်းငှာ စွမ်းနိုင်သည်သာလျှင်ဖြစ်သော တန်ခိုးတော်သည် မိဘတို့ကို ရိုက်နှက်ဖူးသော အကုသိုလ်ကံ၏ အစွမ်းကြောင့် အားနည်းသည်၏အဖြစ် သို့ ရောက်လေ၏။ သမဏဂုတ္တိက ခိုးသူသည် အရှင်မဟာ မောဂ္ဂလာန် ကိုဖမ်း၍ မထေရ်၏ အရိုးတို့ကို ဆန်ကျိုးဆန်ကဲ့ ပမာဏမျှ ရှိသည်တို့ကို ပြုလျက် ရိုက်နှက်၍ မှုန့်မှုန့်ညက်ညက်ကျေစေ၍ ကောက်ရိုးအင်းပျဉ် အခြင်းအရာ မည်သည်ကိုပြု၍ ''ယခုသေလေပြီ''ဟူသော အမှတ်ဖြင့် တစ်ခု သော ချုံအပြင်၌ ပစ်ထားခဲ့၍ အခြံအရံနှင့်တကွ ဖဲလေ၏။

တန်ခိုးပြတော်မူခြင်း

အရှင်မဟာ မောဂ္ဂလာန် မထေရ်သည် သတိရ၍ ''မြတ်စွာဘုရား ကိုဖူးမြင်လျက် ပရိနိဗ္ဗာန်ပြုအံ့'' ဟု ကြံ၍ ဈာန်တည်းဟူသောကြိုးဖြင့် ကိုယ်တော်ကို ရစ်စည်းပြီးလျှင် ခိုင်ခံ့သည်ကိုပြု၍ ကောင်းကင်သို့ပျံတက်

www.dhammadownload.com

လျက် ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရား အထံတော်သို့သွား၍ မြတ်စွာဘုရားအား ရှိခိုးလျက် ''ဘုန်းတော်ကြီးလှသော အရှင်ဘုရား....အကျွန်ုပ်သည် အာယုသခ်ါရကို လွှတ်အပ်ပြီ၊ အကျွန်ုပ်သည် ပရိနိဗ္ဗာန် ပြုပါတော့အံ့'' ဟု လျှောက်၏။

''ချစ်သား မောဂ္ဂလာန်....ပရိနိဗ္ဗာန်ပြုတော့အံ့လော'' ဟု မိန့်တော်မူသည်ရှိသော် ပရိနိဗ္ဗာန် ပြုတော့အံ့သည် မှန်ကြောင်းကို လျှောက်ထား၍ ''အဘယ်အရပ်သို့သွား၍ ပရိနိဗ္ဗာန် ပြုလတ္တံ့နည်း'' ဟု မေးတော်မူလျှင် ''ဣသိဂိလိတောင်၏ နံပါးဖြစ်သော ညိုသော ကျောက်ဖျာအပြင်ဝယ် ပရိနိဗ္ဗာန် ပြုပါအံ့'' ဟု လျှောက်၍ ''ချစ်သား မောဂ္ဂလာန်၊ ထိုသို့တပြီးကား ငါ့အား တရားဟော၍ သွားပါလော့၊ သင်သို့သော သာဝကကို ယခုအခါမှ နောက်၌ မြင်ရခြင်းသည်မရှိပြီ'' ဟု မိန့်တော်မူလျှင် ထို အရှင်မောဂ္ဂလာန်လည်း ''အရှင်ဘုရား....မိန့်တော်မူတိုင်းပြုပါအံ့'' ဟု ဆို၍ မြတ်စွာဘုရားကို ရှိခိုး၍ ကောင်းကင်သို့ပျံတက်၍ အရှင်သာရိပုတ္တရာမထေရ် ပရိနိဗ္ဗာန်ပြုသော နေ့၌ကဲ့သို့ အထူးထူး အပြားပြားသော အခြင်းအရာရှိသော တန်ခိုးပြာဋိဟာတို့ကိုပြ၍ တရားဟော၍ မြတ်စွာဘုရားကို ရှိခိုး၍ ဣသိဂိလိတောင်၏ နံပါးဖြစ်သော ညိုသောအဆင်းရှိသော ကျောက်ဖျာအပြင်ဝယ် ပရိနိဗ္ဗာန် ပြုတော်မူ၏။

သာဓုကီဠနပွဲသဘင်

ထို ဓဏသာလျှင် ကာမာဝစရ နတ်ပြည်ခြောက်ထပ်တို့သည် ''ငါတို့ဆရာ မဟာမောဂ္ဂလာန် မထေရ်သည် ပရိနိဗ္ဗာန် ပြုတော်မူသတတ်'' ဟု တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် ဖြစ်ကုန်၏။ ဖြစ်ကုန်ပြီးလျှင် နံ့သာပန်း အခိုးအထုံတို့ကို လည်းကောင်း၊ အထူးထူးသော ထင်းတို့ကို လည်းကောင်း ယူ၍လာကြကုန်၏။ ထို့အတူ လူတို့သည်လည်းကောင်း လာလတ်ကြကုန်၏။ ကိုးဆယ့် ကိုးတောင်မြင့်သော စန္ဒကူး ထင်းပုံတော်သည် ဖြစ်၏။

သပ္ပညူမြတ်စွာဘုရားသည် အရှင်မဟာ မောဂ္ဂလာန် မထေရ်၏ အနီးဌာ ရပ်တော်မူ၍ အလောင်းတော်ကို စန္ဒကူးထင်းပုံဌာ ချခြင်းကို ပြုစေတော်မူ၏။ သခ်ျိုင်းတော် ထက်ဝန်းကျင်မှ တစ်ယူဇနာအတိုင်း အရှည်ရှိ

www.dhammadownload.com

သော အရပ်တို့၌ ပန်းမိုးရွာ၏။ နတ်တို့၏အကြား၌ လူတို့သည် လည်းကောင်း၊ လူတို့၏အကြား၌ နတ်တို့သည် လည်းကောင်း ဖြစ်ကုန်၏။ အစဉ်အားဖြင့် နတ်တို့၏အကြား၌ ဘီလူးတို့သည် တည်ကုန်၏။ ဘီလူးတို့၏အကြား၌ ဂန္ဓဗ္ဗနတ်တို့သည် တည်ကုန်၏။ ဂန္ဓဗ္ဗနတ်တို့၏ အကြား၌ နဂါးတို့သည် တည်ကုန်၏။ နဂါးတို့၏အကြား၌ ဂဠုန်တို့သည် တည်ကုန်၏။ ဂဠုန်တို့၏အကြား၌ ကိန္နရာတို့သည် တည်ကုန်၏။ ထိုးတို့၏ အကြား၌ ရှေစာမရိသားမြီးယပ်တို့သည် တည်ကုန်၏။ ထို ထိုးရှေစာမရိသားမြီးယပ်တို့၏အကြား၌ တံခွန်တို့သည် တည်ကုန်၏။ ခုနစ်ရက်တို့ပတ်လုံး ကောင်းစွာ ကစားခြင်းကို ကစားကုန်၏။

စေတီတည်ထားပြီ

သဗ္ဗညု မြတ်စွာဘုရားသည် အရှင်မောဂ္ဂလာန်မထေရ်၏ ဓာတ်တော်ကို ယူစေတော်မူ၍ ဝေဠုဝန်ကျောင်းတော် တံခါးမုခ်ဦး၌ စေတီတည် စေတော်မူ၏။

ထိုအခါ တရားသဘင်၌ စကားကို ဖြစ်စေကုန်၏။ "ငါ့ရှင်တို့.... အရှင်သာရိပုတြာ မထေရ်သည် မြတ်စွာဘုရား အထံတော်၌ ပရိနိဗ္ဗာန်မပြူသည်၏ အဖြစ်ကြောင့် မြတ်စွာဘုရား အထံတော်မှ မျှားစွာသော ပူဇော်သက္ကာရကို မရ၊ အရှင်မဟာ မောဂ္ဂလာန် မထေရ်သည်ကား မြတ်စွာဘုရား အထံတော်၌ ပရိနိဗ္ဗာန် ပြုတော်မူသည်၏ အဖြစ်ကြောင့် မျှားစွာသော ပူဇော်သက္ကာရကို ရ၏" ဟု စကားကို ဖြစ်စေကုန်၏။

သဗ္ဗညု မြတ်စွာဘုရားသည် လာတော်မူလတ်၍ "ရဟန်းတို့.... ယခုအခါ အဘယ်မည်သော စကားဖြင့် စည်းဝေးကုန်ကြ သနည်း" ဟု မေးတော်မူလတ်၍ "ဤမည်သောစကားဖြင့် စည်းဝေးကုန်ကြ၏" ဟု နှားတော်လျှောက်ကုန်လတ်သော် "ရဟန်းတို့....မောဂ္ဂလာန်သည် ယခုအခါ၌သာလျှင် ငါဘုရားအထံတော်၌ မျှားစွာသော ပူဇော်သက္ကာရကို ရသည်မဟုတ်သေး၊ ရှေး၌လည်း ရဖူးသည်သာတည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု၊ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုရောဟိတ်

www.dhammadownload.com

ပုဏ္ဏား၏ ပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေယူ၍ ဆယ်လလွန်သဖြင့် မိုးသောက်ထ ကာလ၌ အမိ ပုဏ္ဏေးမသည် ဖွား၏။ ထိုခဏ၌ တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီမြို့ အလုံးဝယ် ခပ်သိမ်းကုန်သော လက်နက်တို့သည် ထွန်းတောက်ပကုန်၏။

ပုရောဟိတ်သည် သားဖွားစဉ်ခဏ၌ပင် အပသို့ထွက်၍ ကောင်းကင် သို့ ကြည့်လတ်သော် နံကွတ်တာရာယှဉ်ခြင်းကို မြင်၍ "ဤသတို့သားသည် ဤနက္ခတ်ဖြင့် ဖွားမြင်သည်၏အဖြစ်ကြောင့် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ လေးသမား တကာတို့ထက်မြတ်သော လေးသမားဖြစ်လတ္တံ့" ဟု သိ၍ စောစောကလျှင် နန်းတော်တို့သွား၍ ပြဟ္မာဒတ်မင်းကို ချမ်းသာစွာ စက်ဇတ်ခေါ်ရသော အဖြစ်ကို မေးလျှောက်၍ "ဆရာ....ယနေ့ ငါ့အား အဘယ်မှာ ချမ်းမြေ့သာယာစွာ ရှိပါအံ့နည်း၊ အလုံးစုံသော နန်းတော်၌ အလုံးစုံသော လက်နက်တို့သည် တောက်ပကုန်၏" ဟု ဆိုလတ်သော် "အရှင်မင်းကြီး....စိုးရိမ်တော်မမူလင့်၊ အရှင်မင်းကြီးတို့ နန်းတော်၌သာ လျှင် လက်နက်တို့သည် တောက်ပကုန်သည် မဟုတ်သေး၊ အလုံးစုံသော မြို့၌လည်း လက်နက်တို့သည် တောက်ပကုန်သည် သာလျှင်တည်း၊ အရှင်မင်းကြီး....ယနေ့ အကျွန်ုပ်တို့အိမ်၌ သူငယ်ဖွားသည်၏ အဖြစ်ကြောင့် လက်နက်တို့ ထွန်းတောက်ပခြင်းသည် ဖြစ်ကုန်၏" ဟု တင်လျှောက်၏။

"ဆရာ....ဤသို့ဖွားမြင်သော သတို့သားအားကား အဘယ်သို့သော အကျိုးဖြစ်လတ္တံ့နည်း" ဟု မေးတော်မူ၏။ "မြတ်သောမင်းကြီး....ဤသို့ ဖွားသောသားသည် နည်းသော အာနုဘော်ရှိသောသူသည် မဖြစ်လတ္တံ့၊ စင်စစ်သော်ကား ထိုသတို့သားသည် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ လေးသမားတကာတို့ထက် မြတ်သောလေးသမား ဖြစ်လတ္တံ့" ဟု တင်လျှောက်သည်ရှိသော် "ဆရာ....ကောင်းပြီ၊ ထိုသို့တပြီးကား ထိုသူငယ်ကို လုပ်ကျွေး၍ အရွယ်ရောက်သောကာလ၌ ငါတို့အား ပြလှည့်လော့" ဟု ဆို၍ နို့ဖိုး အသပြာတစ်ထောင် ပေးတော်မူလိုက်၏။

ပုရောဟိတ်သည် ထိုနို့ဖိုး အသပြာတစ်ထောင်ကိုယူ၍ အိမ်သို့ သွားပြီးလျှင် ပုဏ္ဏေးမအားပေး၍ သားအား အမည်မှည့်သောနေ့၌ ဖွား သောခဏ၌ လက်နက်တို့ တောက်ပသည့်၏အဖြစ်ကြောင့် ထိုသတို့သားအား "ဇောတိပါလ" ဟူသော အမည်ကိုမှည့်၏။

www.dhammadownload.com

ဇောတိပါလ လေးတတ်ပညာ သင်ကြားရှာ

ထို ဇောတိပါလ လုလင်သည်ကား များစွာသော အခြံအရံဖြင့် ကြီး၏။ တစ်ဆယ့်ခြောက်နှစ်ရှိသော ကာလ၌ မြတ်သောအဆင်းကို ဆောင်၏။ ထိုအခါ ဇောတိပါလ လုလင်၏ ခမည်းတော် ပုရောဟိတ် ပုဏ္ဏားသည် အရွယ်ရောက်သောကိုယ်နှင့် ပြည့်စုံသော သားကိုမြင်၍ "အမောင်....တက္ကသိုလ်ပြည်သို့သွား၍ အရပ်မျက်နှာသူတို့၏ အကြီးဖြစ်သော ဆရာ့အထံ၌ လေးအတတ်ကို သင်ချေလော့" ဟု ဆို၏။ ထိုဇောတိပါလလုလင်သည် "ကောင်းပါပြီ" ဟုဝန်ခံ၏ ဆရာစား ဥစ္စာတစ်ထောင်ကို ယူ၍ မယ်တော် ခမည်းတော်တို့ကို ရှိခိုးပြီးလျှင် တက္ကသိုလ်ပြည်သို့သွား၍ တစ်ထောင်သော အသပြာကိုပေး၍ အတတ်ကိုသင်လျှင် ခုနစ်ရက်ဖြင့်သာ အပြီးသို့ရောက်၏။

ထိုတခါဇောတိပါလ လုလင်အား ဒိသာပါမောက္ခ ဆရာသည် အလွန်နှစ်သက်သည်ဖြစ်၍ မိမိဥစ္စာဖြစ်သော သန့်လျက်ရတနာကို လည်းကောင်း၊ စပ်၍လုပ်အပ်သော ဆိတ်ချိုလေးကို လည်းကောင်း၊ အစပ်နှင့် ယှဉ်သော တောင့်ကိုလည်းကောင်း၊ မိမိ၏ ချပ်တန်ဆာကိုလည်းကောင်း၊ သင်တိုင်းကို လည်းကောင်း၊ သင်းကျပ်ကိုလည်းကောင်းပေး၍ "အမောင် ဇောတိပါလ....ငါသည် အိုမင်းပြီ၊ ယခုအခါ သင်သည် ဤတပည့်လုလင် ငယ်တို့ကို သင်စေလော့" ဟုဆို၍ ငါးရာကုန်သော တပည့်လုလင်ငယ်တို့ကို လည်း ထို ဇောတိပါလ လုလင်အား သာလျှင် အပ်နှင်း၏။

တစ်နေ့ တစ်ထောင်ရ ဇောတိပါလ

ဘုရားလောင်းသည် အတတ်သင်ပြီးလျှင် ဆရာကိုရှိခိုး၍ ဗာရာဏသီ ပြည်သို့သာလျှင် ပြန်လည်ခဲ့၍ မယ်တော် ခမည်းတော်တို့ကို ရှိခိုး၍ တည်၏။ ထိုအခါ ရှိခိုး၍တည်သော ဇောတိပါလ လုလင်ကို ခမည်းတော် ပုရောဟိတ်သည် "ချစ်သား....သင်ချစ်သားသည် အတတ်သင်ခဲ့ပြီလော" ဟု မေး၏။ "ဖခင်....သင်အပ်ပြီ" ဟု ဆို၏။ ထို ပုရောဟိတ်သည် သားတော် ဇောတိပါလ လုလင်စကားကို ကြားရလျှင် နန်းတော်သို့ သွား၍ "အရှင်မင်းကြီး....အကျွန်ုပ်သားသည် အတတ်သင်၍ လာလတ်ပြီ၊ အသို့ ပြုစေရမ်းည်နည်း" ဟု .မေးလျှောက်၏။ "ဆရာ....ငါတို့ကို ခစားစေလော့" ဟု ဆိုလတ်သော် အရှင်မင်းကြီး ထို ဇောတိပါလ လုလင်အား "ရိက္ခာကို

www.dhammadownload.com

သိတော်မူလော့'' ဟု တင်လျှောက်၏။ ''ထို ဇောတိပါလ လုလင်သည် နေ့တိုင်း နေ့တိုင်း တစ်ထောင်သော ဥစ္စာကို ရစေ'' ဟု မိန့်တော်မူသည် ရှိသော် ထို ပုရောဟိတ်သည် ''ကောင်းပြီ'' ဟု ဝန်ခံ၍ အိမ်သို့ သွားပြီး လျှင် သားတော် ဇောတိပါလ လုလင်ကို ခေါ်စေ၍ ''ချစ်သား....အရှင် မင်းကြီးကို ခစားလော့'' ဟု ဆို၏။ ထို ဇောတိပါလ လုလင်သည်ထိုအခါ မှစ၍ နေ့တိုင်း နေ့တိုင်း တစ်ထောင်သော ဥစ္စာကို ရ၍ မင်းကိုခစား၏။

ဇောတိပါလ လေးအတတ်ပြ

မင်း၏ ခြေရင်း၌ အမြဲခစားကုန်သော သူတို့သည် ကဲ့ရဲ့ကြကုန်၏၊ ''ငါတို့သည်....ဇောတိပါလ လုလင်သည် ပြုအပ်သော အမှုကို မမြင်ရကုန်၊ နေ့တိုင်း နေ့တိုင်း တစ်ထောင်သော ဥစ္စာကို ယူ၍ ငါတို့သည် ထို ဇောတိပါလ လုလင်၏ အတတ်ကို မြင်လိုကုန်၏'' ဟု ဆို၍ ကဲ့ရဲ့ကြကုန်၏။ ဗြဟ္မဒတ်မင်းသည် ထို မင်းခစား ယောကျ်ားတို့၏ စကားကို ကြား၍ ပုရောဟိတ်အား ပြောဆိုတော်မူ၏။ ပုရောဟိတ် ပုဏ္ဏားသည် ''အရှင် မင်းကြီး....ကောင်းပြီ'' ဟု တင်လျှောက်၍ သားတော်အား ကြား၏။ ထို ဇောတိပါလ လုလင်သည် ''ဖခင်....ကောင်းပြီ၊ ဤနေ့မှ ခုနစ်ရက် မြောက်သောနေ့၌ ပြအံ့၊ ဗြဟ္မဒတ်မင်းကို မိမိ တိုင်းနိုင်ငံတော် အတွင်း၌ ရှိသော လေးသမားတို့ကို စည်းဝေးစေလော့'' ဟု ဆို၏။ ပုရောဟိတ်သည် သွား၍ ဗြဟ္မဒတ်မင်းအား ထိုအကြောင်းကို တင်လျှောက်၏။

ဗြဟ္မဒတ်မင်းသည် ဗာရာဏသီမြို့တော်၌ စည်လည်စေ၍ လေးသမားတို့ကို စည်းဝေးစေ၏။ ခြောက်သောင်းကုန်သော လေးသမားတို့သည် စည်းဝေးကြကုန်၏။ ဗြဟ္မဒတ်မင်းသည် ထို ခြောက်သောင်းကုန်သော လေးသမားတို့ စည်းဝေးသည်၏ အဖြစ်ကိုသိ၍ မြို့၌နေကုန်သောသူတို့သည် ''ဇောတိပါလ လုလင်၏ အတတ်ကို ကြည့်ကြကုန်'' ဟု စည်လည်စေပြီး လျှင် မင်းရင်ပြင်ကို ပြုပြင်စေ၍ လူမျှားအပေါင်း ခြံရံလျက် မြတ်သော ပလ္လင်၌ နေ၍ လေးသမားတို့ကို ခေါ်စေပြီးလျှင် ''ဇောတိပါလ လုလင်သည် လာစေ'' ဟု စေတော်မူ၏။ ထို ဇောတိပါလ လုလင်သည် ဒိသာပါမောက္ခ ဆရာသည် ပေးအပ်သော ဆိတ်ချိုလေ, တောင့်, ချပ်တန်ဆာ, သင်တိုင်း, သင်းကျပ်, အစရှိသည်ဟူကို ပုဆိုးကြား၌ ထား၍ သန်လျက်ကို ယူခဲ့စေ၍ ပြကတေ့ အားဖြင့်သာလျှင် မင်း၏ အထံသို့ သွား၍ လျှောက်ပတ်သော အရပ်၌ တည်၏။

www.dhammadownload.com

ရဲရင့်စွာသာ ထွက်ပေါ်လာ

ခြောက်သောင်းကုန်သော လေးသမားတို့သည် "ဇောတိပါလ လုလင်သည် လေးအတတ်ကိုပြခြင်းငှာ လာ၏၊ လေးကို မယူဘဲ လာသည်၏ အဖြစ်ကြောင့် ငါတို့ လက်မှ လေးကို ယူလိုသည် ဖြစ်လတ္တံ့၊ ထို ဇောတိပါလအား မပေးကြကုန်လင့်" ဟု ကတိကဝတ် ပြုကြကုန်၏။ ဖြဟ္မဒတ်မင်းသည် ဇောတိပါလ လုလင်ကို ခေါ်တော်မူ၍ "အတတ်ကို ပြလော့" ဟု ဆို၏။ ထို ဇောတိပါလ လုလင်သည် တင်းထိမ် ကာရံစေပြီးလျှင် တင်းထိမ်တွင်း၌နေလျက် ပုဆိုးတို့ကို ပယ်၍ ချပ်သင်တိုင်းကို ဝတ်၍ သင်းကျပ်ကို ဦးခေါင်း၌ စွပ်လျက် ဆိတ်ချိုလေး၌ သန္ဓာအဆင်းနှင့် တူသော လေးညှို့ကို တင်လျက် တောင့်ကို လွယ်၍ သန်လျက်ကို လက်ဝဲဘက်က စွဲကိုင်၍ ဝရဇိန်အဖျား စဉ်းသွားတပ်သော မြားကို လက်သည်းခဲ့ အပြင်ဖြင့် ပွတ်၍ တင်းထိမ်ကို ဖွင့်လျက် မြေကိုခွဲ၍ ထွက်လတ်သော တန်ဆာဆင်အပ်သော၊ နဂါးလုလင်ကဲ့သို့ ထွက်သွား၍ မင်းအား အရိုအသေပြုသော အမူအရာကိုပြ၍ တည်၏။

ထို ဇောတိပါလ လုလင်ကို မြင်၍ လူအပေါင်းသည် လက်ပမ်းပေါက်ခတ်ကုန်၏၊ ပဲ့တင်ထပ်စေကုန်၏၊ အံ့ချီးကုန်၏။

ဖြ ဟ္မ ဒတ် မုင်း သည် "အမောင် ဇောတိပါလ....အတတ်ကို ပြလော့" ဟု ဆို၏။

ဇောတိပါလ၏ တစ်ခန်းဖြင့် အကာအကွယ်ပြ

"အရှင်မင်းကြီး....ခြောက်သောင်းကုန်သော အရှင်မင်းကြီးတို့၏ လေးသမားတော်တို့တွင် အ က္ခ ဏ ဝေ ဓိ, ဝါလဝေဓိ, သရဝေဓိ, သဒ္ဒဝေဓိ-ဖြစ်ကုန်သော လေးသမားတော် လေးယောက်တို့ကို ခေါ်စေတော်မူလော့" ဟု နားတော် လျှောက်လတ်သော် ဖြဟ္မဒတ်မင်းသည် ခေါ်စေတော်မူ၏။ ဘုရားလောင်းသည် မင်း၏ ညီလာခံရာ အပြင်၌ လေးထောင့်ရှိသော အပိုင်းအခြား၏ အတွင်း၌ မလွှာပ်ကိုပြု၏၊ လေးထောင့်တို့၌ လေး သ မား တော် လေးယောက်တို့ကို ထား၍ တစ်ယောက်တစ်ယောက်သော လေးသမားတော်အား သုံးသောင်း သုံးသောင်း ကုန်သော မြားတို့ကို ပေးစေ၍ တစ်ယောက် တစ်ယောက်သော လေးသမား အထံ၌ မြားပေးသော ယောကျ်ား တစ်ယောက် တစ်ယောက်စီကို

www.dhammadownload.com

ထား၍ မိမိသည် ဝရဇိန်အဖျား စဉ်းသွားတပ်သော မြားကို ကိုင်၍ မဏ္ဍပ် အလယ်၌ တည်လျက် "မြတ်သောမင်းကြီး....ဤ လေးသမားတော် လေးယောက်တို့ကို! တစ်ပြိုင်နက်ခြင်းသာလျှင် မြားတို့ကိုလွှတ်၍ အကျွန်ုပ်ကို ပစ်စေလော့၊ အကျွန်ုပ်သည် ထို လေးသမားတော် လေးယောက်တို့သည် ပစ်အပ်ကုန်သော မြားတို့ကို မြားတစ်စင်းတည်းဖြင့် တားပါအံ့" ဟု တင်လျှောက်၏။

ဗြဟ္မဒတ်မင်းသည် "ဤသို့ ဆိုတိုင်းပြုကြကုန်လော့" ဟု မိမိ လေးသမားကျော် သူရဲတို့ကို စေတော်မူ၏။ လေးသမားတို့သည် "မြတ်သောမင်းကြီး....အကျွန်ုပ်တို့သည် အကွဏဝေဓိ, ဝါလဝေဓိ, သဒ္ဒဝေဓိ လေးသမားများ ဖြစ်ကုန်၏။ ဇောတိပါလသည် ပျိုနုသော သူငယ်ဖြစ်၏၊ အကျွန်ုပ်တို့သည် မပစ်ကုန်အံ့" ဟု တင်လျှောက်ကုန်သည် ရှိသော် ဘုရားလောင်း ဇောတိပါလ လုလင်သည် "သင်တို့သည် အကယ်၍ စွမ်းနိုင်ကုန်အံ့၊ ငါ့ကို ပစ်ကြကုန်လော့" ဟု ဆို၏။ ထို လေးသမားတော် လေးယောက်တို့သည် "ကောင်းပြီ" ဟု ဝန်ခံ၍ တစ်ပြိုင်နက်ခြင်းသာလျှင် မြားတို့ကို ပစ်ကြကုန်၏။ ဘုရားလောင်းတော်သည် ထိုမြားတို့ကို ဝရဇိန်အဖျား စဉ်းသွားတပ်သော မြားတစ်စင်းဖြင့်သာလျှင် ကွယ်ကာ၍ ကုလိုရာမှာ ကျစေ၏။ စင်စစ်သော်ကား ဗောဓိအိမ်ကို ပွတ်တိုင်ဖြင့် ခြံရံဘိသကဲ့သို့ မြားသွားတစ်ခုဖြင့် မြားသွားတစ်ခုကို, မြားမြီးတံစ်ခုဖြင့် မြားမြီးတစ်ခုကို, မြားရိုးတစ်စင်းဖြင့် မြားရိုးတစ်စင်းကို, မြားလွှတစ်ခုဖြင့် မြားလွှတစ်ခုကို မလွှန်စေမူ၍ ပစ်သဖြင့် မြားတိုက်ကိုမူ၏။ လေးသမားတော်တို့၏ မြားတို့သည် ကုန်ကုန်၏။ ထိုဇောတိပါလ လုလင်သည် ထိုလေးသမားတို့၏ မြားကုန်သည်၏အဖြစ်ကို သိ၍ မြားတိုက်ကို မပျက်စီးစေဘဲလျက် ခုန်တက်လျက်ထွက်သွား၍ ဗြဟ္မဒတ်မင်း၏အထံ၌ တည်၏။ လူအများတို့သည် ပဲ့တင်ထပ်စေကုန်လျက် လက်ပမ်းပေါက် ခတ်ကုန်လျက် အံ့ချီးကုန်လျက် လက်ခုပ်တီးကုန်လျက် တစ်ပြိုင်နက် ဘုတ်အုတ်ကျက်ကျက် ပြုကုန်လျက် ဝတ်စားတန်ဆာတို့ကို ပစ်ကြကုန်၏။ ဤသို့ စုပေါင်းအပ်သော ဥစ္စာသည် တစ်ဆယ့်ရှစ်ကုဋေ အရေအတွက်ရှိ၏။

ထိုအခါ ဇောတိပါလလုလင်ကို ဗြဟ္မဒတ်မင်းသည် "အမောင် ဇောတိပါလ....ဤအတတ်သည် အဘယ်အတတ် မည်သနည်း" ဟု မေးတော်မူ၏။ "အရှင်မင်းကြီး....မြားကို ကွယ်ကာ ဆီးတားသော အတတ်



(၅၅၀-မ၊ သရဘင်္ဂတော်)

ပုံ-၂။ ဗြဟ္မဒတ်မင်းအား ဇောတိပါလလုလင် လေးအတတ်ကို ပြနေပုံ။

www.dhammadownload.com

www.dhammadownload.com

မည်၏'' ဟု တင်လျှောက်၏။ ''ဤကဲ့သို့ တတ်သောသူသည် ရှိသေး၏လော'' ဟု မေးတော်မူလျှင် ''အရှင်မင်းကြီး....အလုံးစုံသော ဇမ္ဗူဒီပ်ကျွန်း၌ အကျွန်ုပ်ကိုထား၍ ဤသို့တတ်သော တစ်ပါးသောသူသည် မရှိပါ'' ဟု တင်လျှောက်၏။

မြားစက်ဝန်းပစ် မြားအတတ်

အမောင် ဇောတိပါလ....ထိုမှ တစ်ပါးသောအတတ်ကိုလည်း ပြဦးလော့'' ဟု မိန့်တော်မူသည်ရှိသော် ''အရှင်မင်းကြီး....ထို လေးယောက်သော လေးသမားတို့ကို လေးထောင့်တို၌ထား၍ လေးယောက်ကုန်သော လေးသမားတော်တို့သည်လည်း အကျွန်ုပ်ကို ပစ်အံ့သောငှာ ရှေးဦးစွာ မစွမ်းနိုင်ကြလေကုန်၊ အကျွန်ုပ်သည်တမူကား လေးထောင့်တို၌ တည်ကုန်သော လေးယောက်ကုန်သော လေးသမားတော်တို့ကို တစ်စင်းတည်းသော မြားဖြင့်သာလျှင် ပစ်ပါအံ့'' ဟု တင်လျှောက်သည်ရှိသော် လေးသမားတော် လေးယောက်တို့သည် တည်အံ့သောငှာ မဝံ့ကုန်။ ဘုရားအလောင်းသည် လေးထောင့်တို၌ ငှက်ပျော်လေးပင်တို့ကို ထားစေ၍ ဝရဇိန်အဖျား စဉ်းသွားတပ်သော မြား၌နီသော အဆင်းရှိသော ပိုးချည်ကိုဖဲ့၍ ငှက်ပျော်တစ်ပင်ကို ရွယ်၍ပစ်၏။ ဝရဇိန်အဖျား စဉ်းသွားတပ်သော မြားသည် ထိုငှက်ပျောပင်ကို ထွင်းဖောက်၍ ထို့နောင်မှ နှစ်ခုမြောက်သော ငှက်ပျောပင်ကို, ထို့နောက်မှ သုံးခုမြောက်သော ငှက်ပျောပင်ကို, ထို့နောက်မှ လေးခုမြောက်သော ငှက်ပျောပင်ကို ထွင်းဖောက်၍ ထို့နောင်မှ ရှေးဦးစွာ ပစ်အပ်သော ငှက်ပျောပင်ပေါက်သို့သာလျှင် ဝင်၍ တစ်ဖန် ဘုရားအလောင်း လက်၌သာလျှင် တည်လာ၏။ ငှက်ပျောပင်တို့သည် နီးစွာသောချည်ဖြင့် ရံကုန်လျက် တည်ကုန်၏။ လူအပေါင်းသည် များစွာသော ပဲ့တင်သံတို့ကိုဖြစ်စေ၏။

လေးအတတ်မျိုးစုံ ရှုမကုန်

ပြဟ္မဒတ်မင်းသည် ''အမောင်ဇောတိပါလ....ဤအတတ်သည်ကား အဘယ်အတတ် မည်သနည်း'' ဟု မေးတော်မူ၏။ ''အရှင်မင်းကြီး.... စက်ဝန်းပစ် အတတ်မည်၏'' ဟု တင်လျှောက်၏။

''အမောင် ဇောတိပါလ....တစ်ပါးသော လေးအတတ်ကိုလည်း ပြပါဦးလော့'' ဟု မိန့်တော်မူသည်ရှိသော် ဘုရားအလောင်းသည် မြား

www.dhammadownload.com

ကို နှယ်သဏ္ဌာန်ထင်အောင် ပစ်သော အတတ်မည်သည်ကို လဲည်းကောင်း၊ မြားကို ကြိုးသဏ္ဌာန်ထင်အောင်ပစ်သော အတတ်မည်သည်ကို လည်းကောင်း မြားကိုမြားချင်း ထိုင်းအောင်ပစ်သော အတတ်မည်သည် ကိုလည်းကောင်း၊ မြားကို ပြာသာဒ်သဏ္ဌာန် ထင်အောင် ပစ်သော အတတ်မည်သည်ကို လည်းကောင်း၊ မြားကို မဏ္ဍပ်သဏ္ဌာန် ထင်အောင်ပစ်သော အဘတ် မည်သည်ကို လည်းကောင်း၊ မြားကို ; ့စောင်းဘန်းသဏ္ဌာန် ထင်အောင် ပစ်သော အတတ်မည်သည်ကို လည်းကောင်း၊ မြားကို တံတိုင်းသဏ္ဌာန် ထင်အောင်ပစ်သော အတတ်မည်သည်ကို လည်းကောင်း၊ မြားကို ရေကန် သဏ္ဌာန် ထင်အောင်ပစ်သော အတတ်မည်သည်ကို လည်းကောင်း ပြု၏။ မြားကြာပွင့်မည်သည်ကို ပွင့်စေ၏။ မြားမိုးရွာခြင်းကိုလည်း ရွာစေ၏။ ဤသို့ တစ်ပါးကုန်သော လေးသမားတို့နှင့် မဆက်ဆံကုန်သော ဤ တစ်ဆယ့်နှစ်ပါးကုန်သော လေးအတတ်တို့ကို ပြပြီး၍ တစ်ဖန် တစ်ပါး ကုန်သော လေးသမားတို့နှင့် မဆက်ဆံသည်သာလျှင် ဖြစ်ကုန်သော ခုနစ်ပါးကုန်သော ကြီးစွာကုန်သော ပစ်ဖွယ်အပေါင်းတို့ကို ပစ်၍ ကွဲစေ၏။ အထူ လက်ရှစ်သစ်ရှိသော ရေသဖန်းပျဉ်ကို ပစ်၏။ အထူ လက်လေးသစ်ရှိသော ပိတောက်ပျဉ်ကို ပစ်၏။ အထူ လက်နှစ်သစ်ရှိသော ကြေးနီပြားကို ပစ်၏။ အထူ လက်တစ်သစ်ရှိသော သံပြားကို ပစ်၏။ တစ်စပ်တည်းသော ပျဉ်ချပ်ရေ တစ်ရာကို ပစ်၏။ ကောက်ရိုးလှည်း, သဲလှည်း, ပျဉ်လှည်းတို့၏ ရှေ့ အဖို၌ မြားကိုပစ်၍ နောက်အဖို့ဖြင့် မြားကို ထွက်စေ၏။ နောက်အဖို့ဖြင့် မြားကိုပစ်၍ ရှေးအဖို၌ မြားကို ထွက်စေ၏။ ရေ၌ပစ်သောအခါလေး ဥသဘတိုင်တိုင်, ကြည်း၌ပစ်သော အခါ ရှစ် ဥသဘတိုင်တိုင် မြားတို့ကို စေလွှတ်၏။ သားမြီးအဖျား၌ ဆွဲအပ်သော ခရမ်းသီးအမှတ်ဖြင့် တဥသဘ အတိုင်းအရှည် ရှိသော အရပ်၌ သားမြီးဖျားကို ပစ်၏။ ဘုရားလောင်းသည် မြားတို့ကို ပစ်၍ ကောင်းကင်၌ မြားပြာသာဒ် စသည်တို့ကိုပြု၍ တစ်ဖန် တစ်ခုသော မြားဖြင့် ထိုမြားတို့ကို ကျစေလျက် ဖျက်ဆီးအပ်သည်တို့ကို ပြု၏။ ထို့ကြောင့် ''သရဘင်'' ဟူ၍ အမည်ကို သိကြကုန်၏။

ဇောတိပါလလုလင် တောသို့ဝင်

ထိုဇောတိပါလ လုလင်၏ ဤမျှလောက်သော လေးအတတ်ကို ပြစဉ် ပင်လျှင် နေသည်ဝင်၏။ ထိုအခါ ဇောတိပါလ လုလင်အား ဗြဟ္မဒတ်

www.dhammadownload.com

မင်းကြီးသည် စစ်သူကြီးအရာကို အပ်နှင်းလိုသောကြောင့် "အမောင်ဇောတိပါလ....ယနေ့ အခါမဟုတ်သေး၊ နက်ဖြန် စစ်သူကြီး အရာဖြစ်သော အချီးအမြောက်ကို ရယူလတ္တံ့၊ ဆံမုတ်ဆိတ်ကို ပြုပြင်လျက် ရေချိုးခဲ့၍ လာလော့" ဟု ဆို၍ ထိုနေ့၌ ရိက္ခာစားနပ်အလို့ငှာ တစ်သိန်းသော ဥစ္စာကို ပေးတော်မူ၏။ ဘုရားအလောင်းသည် "ဤဥစ္စာဖြင့် ငါ့အား အလိုမရှိ" ဟု နှုတ်သွင်း၍ တစ်ဆယ့်ရှစ်ကုဋေ့ အရေအတွက်ရှိသော ဥစ္စာကို ဥစ္စာရှင်တို့အားသာလျှင် ပေး၍ မျှားစ့်သော အခြံအရံဖြင့် ရေချိုးအံ့သောငှာ မြစ်သို့သွားလေ၍ ဆံမုတ်ဆိတ်ကို ပြုပြင်စေပြီးလျှင် ရေချိုး၍ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် နှုတ်းယှဉ်စရာ ဥပမာမရှိသော အသရေဖြင့် မိမိအိမ်သို့ဝင်၍ အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို စားပြီးလျှင် အသရေရှိသော အိမ်ရာသို့တက်၍ လျောင်းလျက် ညဉ့်နှစ်ယံတို့ပတ်လုံး အိပ်၍ မိုးသောက်ယံ၌ နိုးလျှင် ထ,လတ်၍ ထက်ဝယ်ဖွဲ့ခွေသဖြင့် အိပ်ရာအပြင်၌ထိုင်လျက် မိမိအတတ်၏ အစ, အလယ်, အဆုံးကို ကြည့်လတ်သော် "ငါ့အတတ်၏ အစ,၌သာလျှင် သူတစ်ပါးကို သတ်ရခြင်းသည် ထင်၏၊ အလယ်၌ ကိုးလသာ၏ အာရုံဖြစ်သော ဝတ္ထုတို့ကို သုံးဆောင်ရခြင်းသည် ထင်၏၊ အဆုံး၌ အပါယ်ပဋိသန္ဓေကို ပေး၏၊ အဆင့်ဆင့် ပါဏာတိပါတကို ပြုခြင်းသည် လည်းကောင်း၊ ကိလေသာ၏ အာရုံဖြစ်သော ဝတ္ထုတို့ကို သုံးဆောင်ခံစားခြင်းတို့ကြောင့် ကုသိုလ်ကောင်းမှု၌ အလွန်မေ့လျော့ခြင်းသည် လည်းကောင်း ငရဲ၌ ပဋိသန္ဓေကို ပေးတတ်၏၊ ဗြဟ္မဒတ်မင်းသည် ငါ့အား မြတ်သောစစ်သူကြီးအရာကို ပေးအပ်ပြီ၊ ငါ့အား မျှားစ့်သော စည်းစိမ်သည် ဖြစ်လတ္တံ့၊ မယားတို့သည်လည်းကောင်း၊ သားသမီးတို့သည် လည်းကောင်း မျှားကုန်သည် ဖြစ်လတ္တံ့၊ စင်စစ်သော်ကား ပြန့်ပြောခြင်းသို့ရောက်သော ကိလေသာ၏ အာရုံကို စွန့်နိုင်ခဲသည် ဖြစ်၏၊ ယခုသာလျှင် အိမ်မှထွက်၍ တစ်ယောက်အထီးတည်းသာလျှင် တောသို့ဝင်၍ ရသေ့,ရဟန်း ပြုခြင်းငှာ ငါ့အား သင့်၏" ဟု မြတ်သောအိပ်ရာမှ ထ,၍ တစ်စုံတစ်ယောက်သူကိုမျှ မသိစေမူ၍ ပြာသာဒ်ထက်မှ ဆင်းသက်၍ မြတ်သောတံခါးဖြင့် ထွက်၍ တစ်ယောက်အထီးတည်းသာလျှင် တောသို့ဝင်၍ ဂင်္ဂါဓာဝရီ မြစ်နားဌာ သုံးယူဇနာရှိသော သီးတောကို ရည်၍ သွားလေ၏။

www.dhammadownload.com

ရသေ့ဘဝ ဇောတိပါလ

ထိုဇောတိပါလလုလင် တောထွက်သောအဖြစ်ကို သိ၍ သိကြားမင်းသည် ဝိသုကြံ့နတ်သားကို ခေါ်၍ "အမောင် ဝိသုကြံ့နတ်သား....ဇောတိပါလ လုလင်သည် တောထွက်၏၊ များစွာသော ရသေ့ရဟန်းတို့၏ အစည်းအဝေးသည် ဖြစ်လတ္တံ့၊ ဟိမဝန္တာရီ မြစ်နားဝယ် သီးတောဋ္ဌေကျောင်းဖန်ဆင်း၍ ရသေ့ရဟန်းတို့၏ ပရိက္ခရာတို့ကို စီရင်ချေလော့" ဟု ဆို၍ ထို ဝိသုကြံ့နတ်သားသည် သိကြားမင်းဆိုတိုင်း ပြု၏။ ဘုရားအလောင်းသည် ထိုအရပ်သို့ရောက်၍ တစ်ဖန်ဝါးလှမ်းလောက်ရုံသော ခရီးကိုမြင်လျှင် "ရသေ့ရဟန်းတို့၏ နေရာအရပ်သည် ဖြစ်ရာ၏" ဟု ထို့လမ်းခရီးဖြင့် ထိုကျောင်းသို့သွား၍ တစ်စုံတစ်ယောက်သောသူကို မမြင်လျှင် သစ်ရွက်မိုးသော ကျောင်းသို့ဝင်၍ ရသေ့ရဟန်းတို့၏ ပရိက္ခရာတို့ကိုမြင်လျှင် "သိကြားမင်းသည် ငါတောထွက်သောအဖြစ်ကို သိယောင်တကား" ဟု ကြံ၍ လူဝတ်ပုဆိုးတို့ကိုပယ်ပြီးလျှင် နီသော လျှော်တေသက်နှံးကို ဝတ်ရုံ၍ သစ်နက်ရေကို ပခုံးတစ်ဖက်၌ တင်သည်ကိုပြု၍ ဆံကျစ်ပန်းကိုဖွဲ့၍ ပရိက္ခရာဖြင့်ပြည့်သော ထမ်းပိုးကိုလည်း ပခုံး၌ထမ်း၍ သူအိုတို့၏ စဲကိုင်ရာဖြစ်သော တောင်ဝှေးကိုစဲကိုင်လျက် သစ်ရွက်မိုးသော ကျောင်းမှထွက်၍ စင်္ကြံထက်သို့ တက်ပြီးလျှင် နှစ်ကြိမ် သုံးကြိမ် ထိုမှ ဤမှ စင်္ကြံသွား၍ ရဟန်း၏ အသရေဖြင့် တောကို တင့်တယ်စေလျက် ကသိုဏ်းပရိကံကိုပြု၍ ရသေ့ရဟန်းပြုသောဒုန့်မှ ခုနစ်ရက်မြောက်သော နေ့၌ ရှစ်ပါးသောသမာပတ်တို့ကို လည်းကောင်း၊ ငါးပါးသော အဘိညာဏ်တို့ကို လည်းကောင်း ဖြစ်စေ၍ ဆုမ်းခံဝတ်ဖြင့် တောသစ်မြစ်တောသစ်သီး တည်းဟူသော အာဟာရရှိသည်ဖြစ်၍ တစ်ယောက်အထီးတည်းသာလျှင် နေ၏။

လူအမျှား ရဟန်းပြုကြ

ထိုဇောတိပါလလုလင်၏ မိခင်ဖခင် ချစ်ခင်ကျွမ်းဝင်သော အနုဆွခင်ပွန်း အဆွေအမျိုးအပေါင်းတို့သည်လည်း ထိုဇောတိပါလလုလင်ကို မမြင်ရှုနိုင်သည်ဖြစ်၍ ငိုကြွေးကုန်လျက် သွားကြကုန်၏။

ထိုအခါ တစ်ယောက်သောမုဆိုးသည် ဘောဆို၍ သီးတောကျောင်း၌နေသော ဘုရားအလောင်း ဇောတိပါလကို မြင်လျှင် သိသဖြင့် သွား၍ ထို ဘုရားအလောင်း ဇောတိပါလနှင့်တကွ ပျော်ပွာသောလောက

www.dhammadownload.com

ဝတ်ကိုပြုပြီးလျှင် မြို့သို့သွား၍ ထို ဇောတိပါလလုလင်၏ မိဘတို့အား ကြား၏။ ထို မိဘတို့သည်လည်း ဗြဟ္မဒတ်မင်းကြီးအား ကြားလျှောက်ကုန်၏။ ဗြဟ္မဒတ်မင်းကြီးသည်' လာလှည့်ကုန်၊ ထို ဇောတိပါလလုလင်ကို ဖူးမြင်ကြကုန်အံ့'' ဟု ဆို၍ ထို ဇောတိပါလလုလင်၏ မိဘတို့ကိုခေါ်၍ မျှားစွဲသောလူအပေါင်းတို့ဖြင့် ခြံရံလျက် မုဆိုးသည် ညွှန်အပ်သောလမ်း ခရီးဖြင့် ဂေါဓာဝရီမြစ်သို့ ရောက်လေ၏။ ဘုရားလောင်းသည် မြစ်နားသို့ သွား၍ ကောင်းကင်၌နေလျက် တရားဟော၍ ထို အလုံးစုံသောသူတို့ကို ကျောင်းသို့ဝင်စေ၏။ ထိုကျောင်း၌လည်း ထိုသူတို့အား ကောင်းကင်၌နေလျက်သာလျှင် ကာမတို့၌ အပြစ်ကိုပြ၍ တရားဟောတော်မူ၏။ ဗြဟ္မဒတ်မင်းကိုအစပြု၍ အလုံးစုံသောသူတို့သည် ထိုဘုရားအလောင်း ဇောတိပါလ ရှင်ရသေ့ထံ၌သာလျှင် ရသေ့ရဟန်း ပြုကြကုန်၏။ ဘုရားအလောင်းသည် ရဟန်းအပေါင်း ခြံရံလျက် ထို ဂေါဓာဝရီမြစ်နားသီးတောကျောင်း၌သာလျှင် နေ၏။ ထိုအခါ ဘုရားအလောင်း ဇောတိပါလရှင်ရသေ့၏ ထို ဂေါဓာဝရီမြစ်နားသီးတောကျောင်း၌ နေသောအဖြစ်သည် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ ထင်ရှား၏။ တစ်ပါးတည်းဖြစ်ကုန်သော မင်းတို့သည် တိုင်းနိုင်ငံသူတို့နှင့်တကွ လာလတ်ကုန်၍ ထို ဘုရားအလောင်း ဇောတိပါလ ရှင်ရသေ့အထံ၌ ရဟန်းပြုကုန်၏။ ရသေ့တို့၏ အစည်းအဝေးသည် မျှား၏ အစဉ်သဖြင့် အသိန်းမကကုန်သော ပရိသတ်တို့သည် ဖြစ်ကုန်၏။ ထို ပရိသတ်တို့တွင် အကြင်သူသည် ကာမဝိတက်ကို လည်းကောင်း၊ ဗျာပါဒဝိတက်ကို လည်းကောင်း၊ ဝိဟိံသာဝိတက်ကို လည်းကောင်း ကြံ၏။ ဘုရားအလောင်းသည် သွား၍ ထိုသူ၏ ရှေ့မှ ကောင်းကင်၌နေလျက် တရားဟော၏၊ ကသိုဏ်းပရိကံကို ကြား၏။

တပည့်ရသေ့ကျော် ခုနစ်ဖော်

ထို ဘုရားလောင်း ဇောတိပါလရှင်ရသေ့၏ အဆုံးအမ၌တည်၍ သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေ၍ စျာန်၏ အပြီးသို့ရောက်ကုန်သော—

၁။ သာလိယရရသေ့။
၂။ မေဏ္ဍိယရရသေ့။
၃။ ပဗ္ဗတရသေ့။
၄။ ကာဠဒေဝိလရသေ့။

www.dhammadownload.com

၅။ ကိသဝစ္ဆရသေ့။
၆။ အနုသိဿရသေ့။
၇။ နာရဒရသေ့။
ဤ ခုနစ်ပါးကုန်သော တပည့်ကြီးတို့သည် ဖြစ်ကုန်၏။

နောက်အဖို၌ သီးတောကျောင်းသည် ပြည့်၏။ ရသေ့အပေါင်း အား နေရာအရပ်သည် မလောက်။ ထိုအခါ ဘုရားအလောင်းသည် သာလိသရ ရသေ့ကို ခေါ်တော်မူ၍ "ငါ့ရှင် သာလိသရ....ဤကျောင်း သည် ရသေ့အပေါင်းမနေလောက်၊ သင်ဘုံ ဤ ရသေ့အပေါင်းကို ယူ၍ မဇ္ဈကမင်း၏နိုင်ငံ၌ လမ္ဘုစုလ္လက နိဂုံးကုံမှီ၍ နေချေလော့" ဟု ဆို၏။ ထို သာလိသရ ရသေ့သည် "ကောင်းပြီ" ဟု ထို ဆရာဇောတိပါလ ရှင်ရသေ့၏စကားကို ခန်ခံပြီးလျှင် အထောင်မကသော ရသေ့အပေါင်း ကိုယူ၍ ကို လမ္ဘုစုလ္လကနိဂုံးသို့ သွား၍နေ၏။ လူတို့သည် လာတတ်ကုန်၍ ရဟန်းပြုကြကုန်သည်ရှိသော် တစ်ဖန် ကျောင်းသည် ပြည့်ပြန်၏။

ဘုရားအလောင်းသည် မေဏ္ဍိသရ ရသေ့ကိုခေါ်၍ "ငါ့ရှင် မေဏ္ဍိသရ သင်သည် ဤ ရသေ့အပေါင်းကိုယူ၍ သုရဋ္ဌနပုဒ်၏ သီမန္တရစ်၌ သာတောဒက မည်သောမြစ်သည် ရှိ၏၊ ထို သာတ္ဘောဒကမြစ် ကမ်းနား၌ နေချေလော့" ဟု ဆို၍ လွှတ်လိုက်၏။

တစ်ဖန် သီးတောကျောင်းသည် ပြည့်ပြန်၏။ ဤနည်းဖြင့်သာလျှင် သုံးကြိမ်မြောက်၌ ပဗ္ဘတ ရသေ့ကိုခေါ်၍ "ငါ့ရှင် ပဗ္ဘတ....သင်သည် တောအုပ်၌ အဥ္ဇုနမည်သောတောင်သည် ရှိ၏၊ ထို အဥ္ဇုနတောင်ကို အမှီပြု၍ နေချေလော့" ဟု ဆို၍ စေလိုက်၏။

လေးကြိမ်မြောက် ကာဠဒေဝိလ ရသေ့ကိုခေါ်၍ "ငါ့ရှင် ကာဠဒေဝိလ....သင်သည် ဒက္ခိဏာပထဝယ် အဝန္တိတိုင်း၌ ဃနသေလမည်သောတောင်သည် ရှိ၏၊ ထို ဃနသေလတောင်ကို အမှီပြု၍ နေချေလော့" ဟု ဆို၍ စေလိုက်၏။

တစ်ဖန် သီးတောကျောင်းသည် ပြည့်ပြန်၏။ ငါးဌာနတို့၌ အထောင်မကသော ရသေ့တို့၏ အပေါင်းသည် ဖြစ်၏။ ကိသဝစ္ဆရသေ့ သည်ကား ဘုရားအလောင်းကို ပန်ကြား၍ ဒဏ္ဍကီမင်း၏နိုင်ငံ ကုမ္ဘဝတီ မြို၌ စစ်သူကြီးကိုအမှီပြု၍ ညဉ့်ချဉ်း၌နေ၏။

www.dhammadownload.com

နာရဒရသေ့သည် မင်္ဂလမဒေသဝယ် အဥ္ဇနဂိရိမည်သော တောင်ကွန်ရက် အကြားဒ်ခ်နေ၏။

အနုသိဿ ရသေ့သည်ကား ဘုရားလောင်းအထံ၌သာလျှင် နေ၏။

ရသေ့ရှင်အား ဒဏ္ဍကီမင်း ပြစ်မှားခြင်း

ထိုအခဲ့ခါ ဒဏ္ဍကီမင်းသည် တစ်ယောက်သော ရပြီးသော ပူဇော်သက္ကာရရှိသော ပြည်တန်ဆာမကို အရာမှခ၏။ ထို ပြည့်တန်ဆာမသည် မိမိသဘောအားဖြင့် သွားသည်ရှိသော် ဥယျာဉ်သို့ရောက်၍ ကိသဝစ္ဆရှင်ရသေ့ကိုမြင်လျှင် "ဤသူသည် သူယုတ်ဖြစ်လတ္တံ့၊ ဤသူယုတ်၏ကိုယ်၌ အညစ်အကြေးကို သွန်းလောင်းပြီးလျှင် ရေချိုး၍ သွားအံ့" ဟု တံပူကိုစား၍ အလုံးစုံတို့၏ ရှေ့ဦးစွာ ထို ကိသဝစ္ဆ ရှင်ရသေ့၏ကိုယ်ပေါ်၌ ခွဲခန်းကိုဟတ်လျက် ကိသဝစ္ဆရှင်ရသေ့၏ ဆံကျစ်ကြား၌ထွေး၍ တံပူဖတ်ကိုလည်း ထို့ရသေ့၏ ဦးခေါင်း၌သာလျှင် တင်ထားပြီးလျှင် မိမိသည် ဦးခေါင်းလျှော်၍ သွား၏။ ဒဏ္ဍကီမင်းသည်လဲ့ည်း ထို ပြည့်တန်ဆာမကို အောက်မေ့၍ တစ်ဖန် ပကတိသောအရာ၌ ထားခြင်းကို ပြု၏။ ထို ပြည့်တန်ဆာမသည် အလွန် မိုက်မဲတွေဝသည်ဖြစ်၍ "သူယုတ်၏ကိုယ်၌ အညစ်အကြေးကို သွန်းလောင်းခဲ့သောကြောင့် ငါသည် စည်းစိမ်ကို ရပြန်ပေ၏" ဟု အမှတ်ပြု၏။ ထို့နောင်မှ မကြာမြင့်မီလျှင် ဒဏ္ဍကီမင်းသည် ပုရောဟိတ်ကို အရာမှခ၏၊ ထို ပုရောဟိတ်သည် ထို ပြည့်တန်ဆာမအထံသို့သွား၍ "သင်သည် အဘယ်အကြောင်းကြောင့် တစ်ဖန်အရာကို ရပြန်သနည်း" ဟု မေး၏။ ထိုအခါ ပုရောဟိတ်အား ပြည့်တန်ဆာမသည် "ဆရာ.... အကျွန်ုပ်သည် မင်း၏ဥယျာဉ်တော်ဝယ် သူယုတ်၏ကိုယ်၌ အညစ်အကြေးကို သွန်းလောင်းသောကြောင့် ရပြန်ပေ၏" ဟု ပြောဆို၏။ ပုရောဟိတ်သည် သွား၍ ထိုပြည့်တန်ဆာမ ပြောဆိုတိုင်းသာလျှင် ကိသဝစ္ဆရှင်ရသေ့၏ကိုယ်၌ အညစ်အကြေးကို သွန်းလောင်း၏။ ထို ပုရောဟိတ်ကိုလည်း ဒဏ္ဍကီမင်းသည် တစ်ဖန် ပုရောဟိတ်အရာ၌ ထားပြန်၏။ ထိုအခါ ဒဏ္ဍကီမင်းအား နောင်အဖို့၌ ပစ္စန္တရစ်သည် ပုန်ကန်၏။ ထို ဒဏ္ဍကီမင်းသည် စစ်အင်္ဂါလေးပါးဖြင့် ခြံရုံလျက် စစ်ထိုးအံ့သောငှာ ထွက်၏။

ထိုအခါ အလွန်မိုက်သော ပုရောဟိတ်သည် ထို ဒဏ္ဍကီမင်းကို "မြတ်သောမင်းကြီး... အရှင်မင်းကြီးတို့သည် အောင်ခြင်းကို အလိုရှိတော်မူကုန်သလော၊ ရှုံးခြင်းကို အလိုရှိတော်မူကုန်သလော" ဟု မေး၍

www.dhammadownload.com

"အောင်ခြင်းကို အလိုရှိကုန်၏" ဟု ဆိုလတ်သော် "ထိုသို့အောင်ခြင်းကို အလိုရှိတော်မူအံ့၊ ဥယျာဉ်တော်၌ သူယုတ်၏ကိုယ်၌ အညစ်အကြေးကို သွန်းလောင်း၍ ချီသွားတော်မူလော့" ဟု တင်လျှောက်၏။ ထို ဒဏ္ဍကီမင်းသည် ပုရောဟိတ်၏စကားကို ယူပြီးလျှင် "အကြင်သူလည် ငါနှင့်တကွ ချီသွားကုန်၏၊ ထိုသူတို့သည် ဥယျာဉ်တော်၌ သူယုတ်တို့ကိုယ်၌ အညစ်အကြေးကို သွန်းလောင်းကြကုန်" ဟု ဆို၍ ဥယျာဉ်တော်သို့ဝင်ပြီးလျှင် တံပူစား၍ အလုံးစုံသောသူတို့၏ ရှေးဦးစွာ မင်းသည် ကိုယ်တိုင်သာလျှင် ထို ကိသဝစ္ဆရှင်ရသေ့၏ ဆံကျစ်ကြားဌ၌ တံတွေးကိုလည်းကောင်း၊ တံပူကို လည်းကောင်း စွန့်ပစ်၍ ဦးခေါင်းလျှော်၏ ဗိုလ်ပါအပေါင်းသည်လည်း ထို ကိသဝစ္ဆရှင်ရသေ့အား ထိုမင်းပြုတိုင်းပြု၏။ ထိုမင်းသည် သွားသည်ရှိသော် စစ်သူကြီးသည် လာလတ်၍ "ဆရာ....ကိသဝစ္ဆရှင်ရသေ့ကိုမြင်၍ တံပူဖတ်တို့ကို ပယ်ပြီးလျှင် ကောင်းစွာရေချိုးစေ၍ အရှင်ဘုရား မင်းအား အသို့ဖြစ်လတ္တံ့နည်း" ဟု မေးလျှောက်လျှင် "ဒါယကာ.... ငါ့အား နှလုံးဖြင့် ပြစ်မှားခြင်းသည်မရှိ၊ နတ်တို့သည်ကား အမျက်ထွက်ကုန်၏၊ ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ အလုံးစုံသောတိုင်းပြည်သည် ပျက်စီးလတ္တံ့၊ သင်သည် သားမယားကိုယူ၍ လျင်စွာပြေး၍ တစ်ပါးသောတိုင်းပြည်သို့ သွားလေလော့" ဟု မိန့်တော်မူ၏။ ထို စစ်သူကြီးသည် ကြောင်လန့်တကြား ပြေးသွား၍ မင်းအား ကြားလျှောက်၏။ ဒဏ္ဍကီမင်းသည် ထို စစ်သူကြီးစကားကို ကြား၍လည်း မနာယူ။ ထို စစ်သူကြီးသည် ပြန်လည်၍ မိမိအိမ်သို့သွားပြီးလျှင် သားမယားကိုယူ၍ တစ်ပါးသောတိုင်းပြည်သို့ ပြေးသွားလေ၏။

သရဘင်္ဂ ဆရာသည်လည်း ထိုအကြောင်းကို သိလျှင် ရသေ့ပျိုနှစ်ပါးတို့ကို စေ၍ "ကိသဝစ္ဆ ရှင်မင်းသ့ကို ညောင်စောင်း ထမ်းစင်ကောင်းကင် ခရီးဖြင့် ဆောင်ယူခဲ့လော့" ဟု စေလိုက်၏။

ကုမ္ဘဝတီနိုင်ငံ ပျက်စီးပြန်

ဒဏ္ဍကီမင်းသည် စစ်ထိုးသဖြင့် ခိုးသူတို့ကို ဖမ်းယူ၍ မြို့သို့သာလျှင် ပြန်ခဲ့၏။ ထို ဒဏ္ဍကီမင်း လာရောက်သည်ရှိသော် နတ်တို့သည် ရှေးဦးစွာ မိုးကို ရွာစေကုန်၏။ မိုးဇရ အလျဉ်ဖြင့် အလုံးစုံသော အပုပ် အစပ် တို့သည် မျောကုန်သည် ရှိသော် သဲဖြူ မိုးကို ရွာစေကုန်၏။ သဲဖြူအပေါ်၌ နတ်ပန်းမိုးသည် ရွာ၏။ နတ်ပန်း

www.dhammadownload.com

အပေါ်၌ ပဲမိုးသည် ရွာ၏။ ပဲအပေါ်၌ အသပြာမိုးသည် ရွာ၏။ အသပြာအပေါ်၌ နတ်ဝတ်တန်ဆာ မိုးသည် ရွာ၏။ လူတို့သည် ဝမ်းမြောက်ခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ သုံးဆောင်ပြီးသော ရွှေ, မသုံးဆောင်သေးသော ရွှေဖြင့် ပြီးကုန်သော တန်ဆာတို့ကို ယူအံ့သောငှာ အားထုတ်ကုန်၏။ ထိုအခါ ထိုသူတို့၏ ကိုယ်၌ ပြောင်ပြောင်တောက်သော အထူးထူး အပြားပြား ရှိသော လက်နက်မိုးသည် ရွာ၏။ လူတို့သည် အပိုင်းပိုင်း ပြတ်ကုန်၏။ ထိုသို့ ပြတ်သောအခါ ထိုသူတို့၏ အပေါ်၌ ကြီးကုန်သော အလွန်ကြီးကုန်သော မီးကျီးတို့သည် ကျကုန်၏။ ထို မီးကျီးတို့၏ အပေါ်၌ ကြီးစွာကုန်သော ပြောင်ပြောင် တောက်သော တောင်ထွဋ်တို့သည် ကျကုန်၏။ ထို တောင်ထွဋ်တို့၏ အပေါ်၌ အတောင်ခြောက်ဆယ် မြင့်သော အရပ်ကို ပြည့်စေလျက် သိမ်မွေ့စွာသော သဲမိုး ရွာ၏။ ဤသို့လျှင် ယူဇနာ ခြောက်ဆယ်ရှိသော အရပ်သည် ပျက်စီး၏။ ဤသို့ ထိုတိုင်း ပျက်စီးသော အဖြစ်သည် အလုံးစုံသော ဇမ္ဗူဒိပ်၌ ထင်ရှား၏။

မင်းကြီး ၃-ပါး ရသေ့ကျောင်းသွား

ထိုအခါ ထိုတိုင်း၏ အခြားမဲ့ဖြစ်သော တိုင်း၌ တိုင်းနေသူတို့၏ အရှင်ဖြစ်ကုန်သော ကာလိင်္ဂမင်း, အင်္ဂကမင်း, ဘီမ္မရထမင်း ဤ မင်းသုံးပါးတို့သည် ကြံကြကုန်၏။ အဘယ်သို့ ကြံသနည်း ဟူမူကား "ရှေး၌ ဗာရာဏသီပြည်ဝယ် ကလာဗု အမည်ရှိသော ကာသိမင်းသည် ခန္ဓိဝါဒီရှင်ရသေ့ကို ပြစ်မှား၍ နှစ်ဖြာကွဲသော မြေထဲသို့ ကျောင်လေ၏။ ဤသို့သော စကားကို ကြားရဖူး၏။ ထို့အတူ နာဠိကေရမင်းသည် ရှင်ရသေ့တို့ကို ခွေးတို့ကို ကိုက်စေ၍ နှစ်ဖြာကွဲသော မြေထဲသို့ ကျဝင်လေ၏၊ သဟဿဗာဟု အင်္ဂုနမင်းသည်လည်း အဂီရသ ရသေ့ကို ပြစ်မှား၍ နှစ်ဖြာကွဲသော မြေထဲသို့ ကျဝင်လေ၏၊ ယခုအခါ၌လည်း ဒဏ္ဍကီမင်းသည် ကီသဝစ္ဆ ရှင်ရသေ့ကို ပြစ်မှား၍ တိုင်းပြည်နှင့်တကွ ပျက်စီးခြင်းသို့ ရောက်၏။ ဤသို့ စကားကို ကြားရ၏။ ဤ မင်းလေးပါးတို့၏ ဖြစ်ရာ အရပ်ကိုကား ငါတို့သည် မသိကုန်၊ ထို မင်းလေးယောက်တို့၏ ဖြစ်ရာ အရပ်ကို ငါတို့ ဆရာ သရဘင် ရှင်ရသေ့ကို ထား၍ တစ်ပါးသော ဖြေဆိုခြင်းငှာ စွမ်းနိုင်သောသူ မည်သည် မရှိ၊ ထို သရဘင် ဆရာသို့ ကပ်၍ ဤပြဿနာကို မေးကုန်အံ့" ဟု ကြံကြကုန်၏။ ကြံကုန်ပြီး၍ ထိုမင်းသုံးပါးတို့သည်လည်း များစွာသော အခြံအရံနှင့်တကွ ပြဿနာ မေးအံ့

www.dhammadownload.com

သောဌာ ထွက်ကြကုန်၏။ ထို မင်းသုံးပါးတို့သည်ကား "ဤ အမည်ရှိသော မင်းသည်လည်း ထွက်၏ဟု မသိကြကုန်၊ ငါ တစ်ယောက်တည်းသာ သွား၏" ဟု အောက်မေ့ကြကုန်၏။ ထိုမင်း သုံးပါးတို့သည် ဂေါဓာဝရီမြစ်၏ အနီး၌ ပေါင်းဆုံမိကြကုန်၏။ ထိုမင်း သုံးပါးတို့သည် ရထားမှ ဆင်းသက်ကုန်၍ သုံးပါးသော မင်းတို့သည်လည်း တစ်ခုတည်းသော ရထားကိုသာလျှင် စီးကုန်၍ ဂေါဓာဝရီ မြစ်ကမ်းနားသို့ ရောက်ကြလေကုန်၏။

ရသေ့ထံမှောက် သိကြားရောက်

ထိုအခါ သိကြား နက်မင်းသည် ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ နေလျက် ခုနစ်ပါးသော ပြဿနာတို့ကို ကြံ၍ "ဤပြဿနာတို့ကို သရဘင်္ဂဆရာကို ထား၍ တစ်ပါးသော နတ်နှင့်တကွသော လောက၌ ဖြဆိုအံ့သောဌာ စွမ်းနိုင်သောသူမည်သည် မရှိ၊ ထို သရဘင်္ဂ ဆရာအား ဤပြဿနာတို့ကို ငါ မေးအံ့၊ ဤ လူမင်း သုံးပါးတို့သည်လည်း သရဘင်္ဂဆရာကို ပြဿနာမေးအံ့သောဌာ ဂေါဓာဝရီ မြစ်သို့ ရောက်ကုန်၏၊ ထိုမင်း သုံးပါးတို့၏ ပြဿနာကိုလည်း ငါသည်သာလျှင် မေးအံ့" ဟု နတ်ပြည်နှစ်ထပ်ရှိ နတ်တို့ဖြင့် ခြံရံလျက် နတ်ပြည်မှ ဆင်းသက်၏။

ကိသဝစ္ဆ ရသေ့ရှင် ပျံလွန်လျှင်

ထိုနေ့၌ပင်လျှင် ကိသဝစ္ဆ ရှင်ရသေ့သည် သေလွန်၏။ ထို ကိသဝစ္ဆ ရှင်ရသေ့၏ အလောင်းကို သင်္ဂြိဟ်ခြင်း ကိစ္စကို ပြုအံ့သောဌာ ငါးဌာနတို့၌ အထောင်မကကုန်သော ရသေ့တို့သည် ထိုအရပ်သို့သာလျှင် လာလတ်ကုန်၍ ငါးဌာနတို့၌ မဏ္ဍပ်ကို ဆောက်စေ၍ အထောင်မကကုန်သော ရသေ့အပေါင်းတို့သည် ကိသဝစ္ဆ ရှင်ရသေ့၏ အလောင်းကို သင်္ဂြိဟ်ခြင်း အကျိုးငှာ စန္ဒကူး ထင်းပုံကိုပြု၍ အလောင်းကို သင်္ဂြိဟ်ကုန်၏။ သချိုင်း ထက်ဝန်းကျင်မှ ယူဇနာခွဲမျှသော အရပ်၌ နတ်ပန်းမိုးသည် ရွာ၏။ ဘုရားလောင်း သရဘင်္ဂ ရသေ့သည် ထို ကိသဝစ္ဆ ရှင်ရသေ့၏ အလောင်းချခြင်းကို ပြုစေပြီးလျှင် ကျောင်းတွင်းသို့ ဝင်၍ ထို ရသေ့အပေါင်းတို့ဖြင့် ခြံရံလျက် နေ၏။ ထိုမင်း သုံးပါးတို့သည်လည်း ဂေါဓာဝရီ မြစ်နားသို့ ရောက်သောအခါ၌ မျှားစွာသော စစ်သည် ဗိုလ်ပါ ဆင်မြင်း စသော ယာဉ်, တိုးမှုတ်မျိုးတို့၏ အသံတို့သည်လည်း

www.dhammadownload.com

ဖြစ်၏။ ဘုရားလောင်းသည် ထိုအသံကိုကြားလျှင် အနုသိဿ မည်သော တပည့် ရသေ့ကို ခေါ်၍ "အမောင် အနုသိဿ....သွား၍ ရှေးဦးစွာ သိအောင်ပြုလော့၊ ဤအသံသည် အဘယ်အသံနည်း" ဟု ဆို၏။

သိလိုအရေး အနုသိဿ ရသေ့မေး

ထို အနုသိဿ ရသေ့သည် သောက်ရေအိုးကို ယူ၍ ထိုအရပ်သို့ သွားသဖြင့် ထိုမင်း သုံးပါးတို့ကို မြင်၍ မေးလိုရကား—

၅၀။ အလက်တာ ကုဏ္ဍလိနော သုဝတ္ထာ၊
ပေဠုရိယမုတ္တာထရုခဂ္ဂဟန္ဓာ။
ရထေသဘာ တိဋ္ဌထ ကေ နု တုမှေ၊
ကထံဝေါဇာနန္တိမနုဿလောကေ—

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၅၀။ ရထေသဘာ၊ ရထား၏အပေါင်းတို့ထက် မြတ်ကုန်သော ဒါယကာတို့။ အလက်တာ၊ တန်ဆာလည်းဆင် ဝတ်ကုန်ထသော။ ကုဏ္ဍလိနော၊ ပတ္တမြားနားတောင်းလည်း ဝတ်ကုန်ထသော။ သုဝတ္ထာ၊ ကောင်းသောအဝတ်လည်း ဝတ်ကုန်ထသော။ ဝေဠုရိယမုတ္တာ ထရုခဂ္ဂဟန္ဓာ၊ ကျောက်မျက်ရွှဲ ပတ္တမြား ပုလဲတို့ဖြင့် တန်ဆာဆင်အပ်သော အရိုးရှိကုန်သော သန်လျက် ရတနာတို့ကို လွှယ်ကုန်ထသော။ တုမှေ၊ သင် ဒါယကာတို့သည်။ ကေသို့ရထေ၊ တစ်ခုတည်းသော ရထား၌။ တိဋ္ဌထ၊ စီးကြကုန်၏။ ကေနု၊ အဘယ်သူတို့ မည်ကုန်သနည်း။ ကထံ၊ အသို့။ ဝေါ၊ သင်တို့ကို။ မနုဿလောကေ၊ လူ့ပြည်၌။ ဇာနန္တိ၊ သိကြကုန်သနည်း။

ရသေ့အရှင် ဖူးတွေ့ချင်

ထိုမင်းသုံးပါးတို့သည် အနုသိဿ ရှင်ရသေ့၏ စကားကို ကြားကြကုန်၍ ရထားမှ ဆင်းသက်ကုန်ပြီးလျှင် ရှိခိုး၍ တည်ကုန်၏။ ထိုမင်းသုံးပါးတို့တွင် အဋ္ဌကမင်းသည် ထိုအနုသိဿ ရှင်ရသေ့နှင့်တကွ စကားပြောလိုရကား—

www.dhammadownload.com

၅၁။ အဟ မဋ္ဌကော ဘီမရထော ပနာယံ၊
ကာလိင်္ဂါဇော ပန ဥဂ္ဂတာယံ။
သုသညတာနံ ဣသိနံ ဒဿနာယ၊ ဣဓာဂတာ
ပုစ္ဆိတာယေမှပညွေ←
ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၅၁။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ အဋ္ဌကော၊ အဋ္ဌကမင်းတည်း။ အယံပန၊ ဤမင်းသည်ကား။ ဘီမရထော၊ ဘီမ္မရထမင်းတည်း။ဥဂ္ဂတော၊ နေလက္ခဏာသို့ ကျော်စောထင်ရှားသော။ အယံပန၊ ဤမင်းသည်ကား။ ကာလိင်္ဂါဇော၊ ကာလိင်္ဂမင်းပေတည်း။သုသညတာနံ၊ ကာယဒဋ္ဌဂရ အစရှိသည်တို့ကို ကောင်းစွာ စောင့်ရှောက်ကုန်သော။ဣသီနံ၊ အရှင် ရဿေ တို့ကို။ ဒဿနာယ၊ ဖူးမြင်ခြင်းငှာ။ ဣဓ၊ ဤအရပ်သို့။ အာဂတော၊ လာကြကုန်၏။ သရဘင်္ဂသတ္ထာရံ၊ သရဘင်္ဂ ဆရာကို။ ပညွေ၊ ပြဿနာတို့ကို။ ပုစ္ဆိတာယ။ မေးလိုကုန်သည်ဖြစ်၍။ ဧမှ၊ လာကြကုန်၏။

ထိုအခါ ထိုမင်းသုံးပါးတို့ကို အနုသိဿ ရှင်ရဿသည် "မင်းမြတ်တို့....ကောင်းပြီ၊ သင်မင်းမြတ်တို့သည် လာသင့်သောအရပ်သို့သာလျှင် လာကြကုန်၏၊'သင်မင်းမြတ်တို့ကို ငါ တိုက်တွန်း၏၊ ရေချိုးတော်မူကုန်၍ အပင်အပန်း ဖြေကုန်ပြီးလျှင် ကျောင်းဟင်းသို့ဝင်ကုန်၍ ရဿေ အပေါင်းကို ရှိခိုးကုန်လျက် သရဘင်္ဂဆရာကို ပြဿနာ မေးကြကုန်လော့" ဟု ဆို၍ ထိုမင်းတို့နှင့်တကွ ပျူငှာသော လောကဝတ်ကို ပြုပြီးလျှင်....

မည်သူမည်ဝါမသဲမကွဲ သင် ဘယ်သူလဲ

သောက်ရေအိုးကိုထမ်း၍ ရေပေါက်တို့ကိုသုတ်လျက် ကောင်းကင်ကို ကြည့်သည်ရှိသော် နတ်အပေါင်းခြံရံလျက် ဇရာပဏ်ဆင်မြတ်၏ ကျောက်ကုန်းထက်၌ စီးလျက် နတ်ပြည်မှ ဆင်းသက်လာသော သိကြားနတ်မင်းကို မြင်၍ ထိုအနုသိဿ ရှင်ရဿသည် ထို သိကြားနတ်မင်းနှင့်တကွ စကားပြောလိုရကား—

၅၂။ ကော်ဟာယသံ တိဋ္ဌတိ အန္တလိက္ခေ၊
ပထဒ္ဓုနော ပန္နရသေ စဒန္ဒေ။
ပုစ္ဆာမ်တံ ယက္ခ မဟာနုဘာဝ၊
ကထံ တံဇာနန္တိ မနုဿလောကေ—
ဟူသော သုံးခုမြောက် ဤဂါထာကို ဆို၏။။

www.dhammadownload.com

၅၂။ မဟာနုဘာဝ၊ ကြီးသော အာနုဘော်ရှိသော။ ယက္ခ၊ နတ်မင်း။ တံ့၊ ရှင်နတ်မင်းသည်။ ပန္နရသေ၊ တစ်ဆယ့်ငါးရက်တို့၏ ပြည့်ကြောင်း ဖြစ်သောနေ့၌။ ပထဒ္ဒုနော၊ ကောင်းကင်လယ်၌ တည်သော။ စန္ဒာဂ္ဂဝ၊ လကဲ့သို့၊ တထာ၊ ထို့အတူ။ ဝေဟာယသံ၊ တည်ရာမရှိသော။ အန္တလိက္ခေ၊ ကောင်းကင်၌။ တိဋ္ဌသိ၊ တည်၏။ တံ၊ ရှင်နတ်မင်းကို။ ပုစ္ဆာမိ၊ မေးပါ၏။ ကထံ၊ အသို့လျှင်။ တံ၊ ရှင်နတ်မင်းကို။ မနုဿလောကေ၊ လူ့ပြည်၌။ ဇာနန္တိ၊ သိကြကုန်သနည်း။

နတ်တို့သေဋ္ဌနင်း သိကြားမင်း

ထိုစကားကိုကြား၍ သိကြားနတ်မင်းသည် ထိုအနုသိဿ ရသေ့အား မိမိအမည်ကို ပြောဆိုသဖြင့် လာသောအကြောင်းကို ကြားလိုရကား—

၅၃။ ယမာဟု ဒေဝသု သုဇမ္ပတိတိ၊
မဃဝါတိ တံ အာဟု မနုဿလောကေ။
သဒေဝရာဇာ ဣဒမဇ္ဈ ပတ္တော၊
သုသညတာနံ ဣသီနံ ဒဿနာယ—

ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

၅၃။ ဘန္တေ၊ အရှင်ဘုရား။ ယံ ဒေဝရာဇာနံ၊ အကြင် သိကြားမင်းကို။ ဒေဝသု၊ နတ်ပြည်တို့၌။ သုဇမ္ပတိတိ၊ သူဇာ၏လင်ဟူ၍၊ အာဟု၊ ဆိုကြကုန်၏။ တံ ဒေဝရာဇာနံ၊ ထို သိကြားနတ်မင်းကို။ မနုဿလောကေ၊ လူ့ပြည်၌။ မဃဝါတိ၊ မဃဝဟူ၍။ အာဟု၊ ဆိုကြကုန်၏။ ဒေဝရာဇာ၊ နတ်တို့၏ မင်းဖြစ်သော။ သော အဟံ၊ ထို အကျွန်ုပ်သည်။ သုသညတာနံ၊ ကာယ ဒ္ဒါရ အစရှိသည်တို့ကို ကောင်းစွာ စောင့်ရှောက်ကုန်သော။ ဣသီနံ၊ ရသေ့ အပေါင်းတို့အား။ ဒဿနာယ၊ ဖူးမြင်အံ့သောငှာ။ ဣဓံ ဌာနံ၊ ဤအရပ်သို့။ အဇ္ဇ၊ ယနေ့။ ပတ္တော၊ ရောက်လာ၏။

သရဘင်္ဂ ရသေ့ကြီးထံ လမ်းညွှန်ပြန်

ထိုအခါ သိကြားနတ်မင်းကို အနုသိဿရသေ့သည် "သိကြားမင်း....ကောင်းပြီ၊ သင် သိကြားနတ်မင်းတို့သည် နောက်မှ လာကြကုန်

www.dhammadownload.com

လော့'' ဟု ဆိုပြီးလျှင် သောက်ရေအိုးကို ယူလျက် ကျောင်းတွင်းသို့ဝင်၍ သောက်ရေအိုးကို သိုမှီးပြီးလျှင် လူမင်းသုံးပါးတို့၏ လည်းကောင်း၊ သိကြားနတ်မင်း၏ လည်းကောင်း ပြဿနာကို မေးအံ့သောငှာ လာသည်၏အဖြစ်ကို ဘုရားလောင်း ဆရာ သရဘင်္ဂရသေ့အား ကြားလျောက်၏။ ဘုရားအလောင်း သရဘင်္ဂရသေ့သည် ရသေ့အပေါင်း ခြံရုံလျက် မြတ်သော ကျယ်သော တစ်ခုသော အထွတ်ရှိသော မဏ္ဍပ်၌နေ၏။ မင်းသုံးပါးတို့သည် လာလတ်ကုန်ပြီးလျှင် ရသေ့အပေါင်းကို ရှိခိုးကုန်၍ လျောက်ပတ်သောအရပ်၌ နေကြကုန်၏။

သိကြားမင်းက ရှိခိုးရ

သိကြားမင်းသည်လည်း သက်လတ်၍ ရသေ့အပေါင်းသို့ ကပ်ပြီးလျှင် လက်အုပ်ချီ၍ ရပ်ပြီးလျက် ရသေ့အပေါင်းကို ရှိခိုး၍ ရသေ့အပေါင်းတို့အား ချီးမွမ်းလိုရကား....

၅၄။ ဒူရေ သုတာ နော ဣသယော သမာဂတာ၊
မဟိဒ္ဓိကာ ဣဒ္ဓိဂုဏူပပန္နာ။

ဝန္ဒာမိတေ အယိရေ ပဿန္နစိတ္တော၊
ယေ ဇိဝလောကေတ္ထမနုဿသေဋ္ဌာ—

ဟူသော ငါးခုမြောက်သော ဤဂါထာကို ဆို၏။

၅၄။ ဘန္တေ၊ အရှင်ဘုရားတို့။ သမာဂတာ၊ အညီအညွတ် စည်းဝေး ကုန်ထသော။ မဟိဒ္ဓိကာ၊ ကြီးသော တန်ခိုးရှိကုန်ထသော။ ဣဒ္ဓိဂုဏူပပန္နာ၊ ငါးပါးသော တန်ခိုးကျေးဇူးနှင့် ပြည့်စုံကုန်ထသော။ ဣသယော၊ အရှင်ရသေ့ကောင်းတို့ကို။ ဒူရေ၊ ဝေးသော နတ်ပြည်၌။ ဌိတေဟိ ဇေ၊ တည်သည်သာလျှင် ဖြစ်ကုန်သော။ နော အမှေဟိ၊ အကျွန်ုပ်တို့သည်။ သုတာ၊ ကြားအပ်ကုန်၏။ ယေ အယိရေ၊ အကြင် အရှင်ကောင်းတို့သည်။ ဇိဝလောကေ၊ လူ့ပြည်၌။ မနုဿသေဋ္ဌာ၊ လူတို့၌ မြတ်ကုန်သည်။ အတ္ထာ၊ ဖြစ်ကုန်၏။ တေ အယိရေ၊ ထို အရှင်ကောင်းတို့ကို။ ပဿန္နစိတ္တာ၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

www.dhammadownload.com

လေကြေအရပ် မနေအပ်

ဤသို့ ရသေ့အပေါင်းကို ချီးမွမ်း၍ သိကြားမင်းသည် နေရာ၏ အပြစ်ခြောက်ပါးတို့ကို ကြဉ်သည်ဖြစ်၍ တင့်အပ် လျောက်ပတ်သော အရပ်၌နေ၏။ ထိုအခါ သိကြားမင်းကို ရသေ့တို့၏ လေကြွ၌ နေသည် ကိုမြင်၍ အနုသိဿ ရသေ့သည် သိကြားမင်းကို မြစ်လိုရကား....

၁၅။ ဂန္ဓော ဣသီနံ စိရဒိက္ခိတာနံ၊
ကာယာ စုတော ဝစ္ဆတိ မာလုတေန။
ဣတောပဋိက္ကမ္မ သဟာဿနေတ္တာ၊
ဂန္ဓော ဣသီနံ အသုစိ ဒေဝရာဇ—
ဟူသော ခြောက်ခုမြောက်သော ဤဂါထာကို ဆို၏။

၁၅။ သဟာဿနေတ္တာ၊ မျက်စိတစ်ထောင် အမြင်ဆောင်သော သိကြားနတ်မင်း။ စိရဒိက္ခိတာနံ၊ ရဟန်းပြု၍ ကြာမြင့် ကုန်ပြီးသော။ ဣသီနံ၊ ရသေ့တို့၏။ ဂန္ဓော၊ အနံ့သည်၊ ကာယာ၊ ကိုယ်မှ၊ မာလု တေန၊ လေကြောင့်။ စုတော၊ ရွှေ့သည်ဖြစ်၍။ ဂစ္ဆတိ၊ လွှင့်၏။ ဣတော၊ ဤလေကြေအရပ်မှ၊ ပဋိက္ကမ္မ၊ ဖဲလော့၊ ဒေဝရာဇ၊ သိကြားနတ်မင်း။ ဣသီနံ၊ ရသေ့တို့၏။ ဂန္ဓော၊ အနံ့သည်။ အသုစိ၊ မစင်ကဲ့သို့ စက်ဆုပ်ဖွယ် ရှိ၏။

သီလရှိသူအနံ့ သင်းတပ်ပုံ

ထိုစကားကိုကြား၍ သိကြားနတ်မင်းသည် ထိုလေကြေအရပ်မှ မဖဲလိုသော အကြောင်းကို အနုသိဿရသေ့အား ကြားလျောက်ရလိုကား....

၁၆။ ဂန္ဓော ဣသီနံ စိရဒိက္ခိတာနံ၊
ကာယာစုတော့ ဂစ္ဆတု မာလုတေန။
ဝိစိတ္တပုပ္ဖံ သုရဘိံ ဝမာလံ၊ ဂန္ဓဥ္စ တေံ ပါဋိဟာရိမံ ဘာန္တေ။
နဟေတ္ထ ဒေဝါ ပဋိက္ကမိုလသညိနော—
ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၅၆။ ဘန္တေ၊ အရှင်ဘုရားတို့။ စိရဒိက္ခိတာနံ၊ ရဟန်းပြု၍ ကြာမြင့်ကုန်ပြီးသော။ ဣသိနံ၊ အရှင်ကောင်းရသေ့တို့၏။ ဂန္ဓော၊ အနံ့သည်။ ကာယော၊ ကိုယ်တော်မှ။ မာလုဒေန၊ လေကြောင့်။ စုတော၊ ရွှေ့သည်ဖြစ်၍။ ဂစ္ဆတု၊ လွှင့်လာပါစေ။ ဧတံ ဂန္ဓံ၊ ထို အရှင်ကောင်းရသေ့တို့၏ အနံ့တော်ကို။ ဝိစိတ္တပုပ္ပံ၊ ဆန်းကြယ်စွာ သီကုံးအပ်သော အပွင့်ရှိသော။ သုရဘိံ မာလံ ဣဝ၊ ကြိုင်ကြိုင်မွှေးသော ပန်းဆိုင်းကို ကဲ့သို့။ ပါဒ္ဓိကခ်ါမ၊ အလိုရှိပါကုန်၏။ ဟိ သစ္စံ၊ မှန်၏။ ဧတ္ထ၊ ဤ သီလရှိသော သူတို့၏အနံ ၌။ ဒေဝါ၊ နတ်တို့သည်။ ပဋိက္ကူလသညိနော၊ စက်ဆုပ် ရှံရှာဖွယ်ဟု အမှတ်ရှိကုန်သည်။။ နဟောန္တိ၊ မဖြစ်ကုန်။

သီလိုရေးကြောင်း မေးခွန်းတောင်း

ဤသို့သော စကားကို ဆိုပြီး၍ ''အရှင်အနုသိဿ....အကျွန်ုပ်သည် ကြီးစွာသောအားထုတ်ခြင်းဖြင့် ပြဿနာမေးအံ့သောငှာ လာ၏၊ အကျွန်ုပ်အား အခွင့်ပြုတော်မူလော့'' ဟု ဆို၏။ အနုသိဿ ရသေ့သည် သီကြားမင်းစကားကို ကြားလျှင် နေရာမှထ၍ ရသေ့အပေါင်းတို့ကို အခွင့်ပြုစေလိုရကား—

၅၃။ ပုရိန္ဒဒေါ ဘူတပတိ ယသဿီ၊
ဒေဝါနမိန္ဒော သက္ကော မဃဝါသုဇမ္ပတိ။
သဒေဝရာဇာ အသုရာဂဏံ ပမဒ္ဒနော၊
ဩကာသ မာကခ်ံတိ ပဉ္ဉံ ပုစ္ဆိတုံ။

၅၈။ ကောနေဝိဒမသံ ဣဓ ပဏ္ဍိဘာနံ၊ ပဉ္ဉေ ပုဒ္ဓော နိပုဏော ဗျာကရိဿတိ။
တိဏ္ဏဉ္စ ရညံ မနုဇာဓိပါနံ၊ ဒေဝါနမိန္ဒဿ စ ဝါသဝဿ—
ဟူသော ဤဂါထာနှစ်ခုတို့၏အပေါင်းကို ဆို၏။။

၅၇။ ဘောဇန္တော၊ အရှင်ကောင်းတို့။ ပုရိန္ဒဒေါ၊ အလှူလက်ဦး ပေးဖူးသော။ ဘူတပတိ၊ သတ္တဝါတို့၏ အကြီးဖြစ်သော။ ယသဿီ၊ မျှးသော အခြံအရံရှိသော။ ဒေဝါနံ၊ နတ်တို့ကို။ ဣဒ္ဓော၊ အစိုးရသော။ မဃဝါ၊ မဃအနွယ်ဖြစ်သော။ သုဇမ္ပတိ၊ သုဇာ၏ လင်ဖြစ်သော။

www.dhammadownload.com

အသုရာဂဏံ၊ အသုရာအပေါင်းကို။ ပမဒ္ဒနော၊ နှိမ်နင်းနိုင်သော။ သက္ကော ဒေဝရာဇာ၊ သိကြားမင်းသည်။ ပဉ္ဇုံ၊ ပြဿနာကို။ ပုစ္ဆိတုံ၊ မေးအံ့သောငှာ။ သြကာသံ၊ အခွင့်ကို။ အာဂမ်တိ၊ အလိုရှိ၏။

၅၈။ မနုဇာဓိပါနံ၊ လူတို့၏ အကြီး ဖြစ်ကုန်သော။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ရညွှ၊ မင်းတို့၏လည်းကောင်း။ ဒေဝါန မိန္ဒဿ၊ နတ်တို့ကို အစိုးရသော။ ဝါသဝဿ ၈၊ သိကြားမင်း၏ လည်းကောင်း။ နိပုဏော၊ နူးညံ့သိမ်မွေ့ကုန်သော။ ပဉ္ဉေ၊ ပြဿနာတို့ကို။ ဣဓ၊ ဤအရပ်၌။ တေသံ ပဏ္ဍိတာနံ၊ ထိုပညာရှိ ရသေ့တို့တွင်။ ပုဋ္ဌော၊ မေးအပ်သော။ ကောနေဝ ကောနုဓော၊ အဘယ်ရသေ့ သည်လျှင်။ ဗျာကရိဿတိ၊ ဖြေနိုင်ပါလတ္တံ့နည်း။

သိကြားမေးက မည်သူဖြေပ

ထိုစကားကိုကြား၍ ရသေ့အပေါင်းတို့သည် "ငါတို့နှင့်တူသော အရှင်အနုသိဿ....သင်သည် မြေ၌ရပ်လျက် မြေကိုမမြင်သကဲ့သို့ ဆိုဘိ၏၊ သရဘင် ဆရာကိုထား၍ ထိုမင်းလေးပါးတို့၏ ပြဿနာကို ဖြေဆိုခြင်းငှာ စွမ်းနိုင်သော တစ်ပါးသော အဘယ်မည်သော သူသည် ရှိအံ့နည်း" ဟု ဆို၍ ထိုအကြောင်းကို အနုသိဿရသေ့အား ကြားလိုရကား—

၅၉။ အယံ ဣသိသရဘင်္ဂော တပဿီ၊
ယတော ဇာတော ဝိရတော မေထုနသ္မာ။
အာစေရ ပုတ္တော သုဝိနီတရူပေါ၊
သော နေသံ ပဉ္ဉာနိ ဝိယာကရိဿတိ—
ဟူသော ဤဂါထာကို ဆို၏။

၅၉။ ဘဒန္တေ အနုသိဿ၊ အရှင်အနုသိဿ။ သရဘင်္ဂေါ၊ ကောင်းကင်း၌ပြုအပ်သော မြားပြာသာဒ် အစရှိသည်တို့ကို တစ်စင်းတည်းသော မြားဖြင့်ကျစေ၍ ဖျက်ဆီးတတ်ထသော။ တပဿီ၊ ခြိုးခြံသောအကျင့်ရှိထသော။ ယတော၊ အကြင်အခါမှ။ ဇာတော၊ ဖွား၏။ တတော၊ ထိုအခါမှ။ ပဋ္ဌာယ၊ စ၍။ မေထုနသ္မာ၊ မေထုန်အကျင့်မှ၊ ဝိရတော၊ ကြဉ်ထသော။ အာစေရ ပုတ္တော၊ ဆရာပုရောဟိတ်၏ သားဖြစ်သော။

www.dhammadownload.com

သုဝိနီတရှုပေါ့၊ ကောင်းစွာ ဆုံးမအပ်သော သဘောရှိထသော။ အယံ-ကွယိ၊ ဤရသေ့သည်။ အတ္တိ၊ ရှိ၏။ သော၊ ထိုရသေ့သည်။ နေသံ၊ ထို မင်းလေးပါးတို့၏။ ပဉ္ဉာနိ၊ ပြဿနာတို့ကို။ ဝိယာ ကရိဿတိ၊ ဖြေလတ္တံ့။

သရဘင် ဖြေမည်ပ

ဤသို့သောစကားကို ဆိုပြီးလျှင် ရသေ့အပေါင်းသည် အနုသိဿ ရသေ့ကို ဆို၏၊ "ငါတို့နှင့်တူသော အနုသိဿ ရှင်ရသေ့....ရှင်ရသေ့သည်သာလျှင် သရဘင်ဆရာ ရှိခိုး၍ ရသေ့အပေါင်း၏ စကားဖြင့် သိကြားမင်းသည် မေးအပ်သောပြဿနာ ဖြစ်မှ့သောငှာ အခွင့်ပြုပါစေလော့" ဟု ဆို၏။ ထို အနုသိဿ ရသေ့သည် "ကောင်းပြီ" ဟု ဝန်ခံပြီးလျှင် သရဘင် ဆရာကိုရှိခိုး၍ အခွင့်ပြုစေလိုရကား—

၆၀။ ဂကာဏ္ဍာည ပဉ္ဉာနိ ဝိယာကရောဟိ၊
ယာစန္တိ တံ ဣသယော သာဓုရူပါ။
ကောဏ္ဍာည ဧသော မနုဇေသု ဓမ္မော၊
ယံ ဝုဒ္ဓမာဂစ္ဆတိ သေ ဘာရော—
ဟူသော အခြားမရှိသော ဤဂါထာကို ဆို၏။

၆၀။ ကောဏ္ဍာည၊ ကောဏ္ဍာည အနွယ်ဖြစ်သော ရှင်ရသေ့။ သာဓုရူပါ၊ ကောင်းသော သဘော ရှိကုန်သော။ ဣသယော၊ ရသေ့ကိုသည်။ တံ၊ ရှင်ရသေ့ကို။ ယာစန္တိ၊ တောင်းပန်ကုန်၏။ ပဉ္ဉာနိ၊ ပြဿနာတို့ကို။ ဝိယာကရောဟိ၊ ဖြေတော်မူလော့။ ကောဏ္ဍာည၊ ကောဏ္ဍာည အနွယ် ဖြစ်သော ရှင်ရသေ့။ ယံ ယသ္မာ၊ အကြင့်ကြောင့်။ ဝုဒ္ဓံ၊ ပညာဖြင့် ကြီးသောသူသို့။ ဧသ ဧသော ဘာရော၊ ဤပြဿနာကို ဖြေခြင်းတည်းဟူသော ဝန်သည်။ အာဂစ္ဆတိ၊ ရောက်၏။ ဧသော၊ ဤသို့ ပြဿနာဖြေခြင်းတည်းဟူသော ဘန်၏ ရောက်ခြင်းသည်။ မနုဇေသု၊ လူတို့၌။ ဓမ္မော၊ သဘောတည်း။

မေးခွင့်ပြုပြီ မေးနိုင်ပြီ

ထိုနောင်မှ ဘုရားလောင်းသည် အခွင့်ပြုလိုရကား—

www.dhammadownload.com

၆၁။ ကတာဝ ကာသာ ပုစ္ဆန္တို့ ဘောန္တော၊
ယံကိဉ္စိ ပဉ္ဉံ မနသာဘိပတ္ထိတံ။
အဟဉ္ဉိ တံ တံ ဝေါ ဝိယာကရိဿံ၊
ဥတ္တာ သယံ လောကမိမံ ပရဉ္စ—
ဟူသော အခြားမရှိသော ဤဂါထာကို ဆို၏။

၆၁။ အနုသိဿ၊ ငါ့ရှင် အနုသိဿ။ ဟိ—ယသ္မာ၊ အကြင့်ကြောင့်။ အဟံ၊ ငါသည်။ ဣမံလောကံ၊ ဤ ပစ္စုပ္ပန်လောကကို လည်းကောင်း။ ပရဉ္စ၊ တမလွန်လောကကို လည်းကောင်း။ သယံ၊ ကိုယ်တိုင် ဥတ္တာ၊ သိ၍။ တံ တံ၊ ထို ထို သို့သော ပြဿနာကို။ ဝေါ၊ သင်တို့ အား။ ဝိယာ ကရိဿံ၊ ဖြေအံ့။ တသ္မာ၊ ထို့ကြောင့်။ ကတာဝကာသာ၊ ပြုအပ်ပြီးသော အခွင့်ရှိကုန်သော။ ဘောန္တော၊ သူတော်ကောင်း ဖြစ်ကြကုန်သော အရှင်တို့သည်။ မနသာ၊ စိတ်ဖြင့်။ အဘိပတ္ထိတံ၊ ကြံအပ်သော။ ယံ ကိဉ္စိ၊ အလုံးစုံသော။ ပဉ္ဉံ၊ ပြဿနာကို။ ပုစ္ဆန္တို့၊ မေးစေကုန်။

မာဃ သိကြား မေးခွန်းများ

ဤဂါထာဖြင့် ထို သရဘင် ဆရာသည် အခွင့်ပြုပြီးသည် ရှိသော် သိကြား နတ်မင်းသည် မိမိ စိရင်အပ်သော ပြဿနာတို့ကို မေးလျှောက်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၆၂။ အထော စ မဃဝါ သက္ကော၊ အတ္ထဒဿီ ပုရိန္ဒဒေါ။
အပုစ္ဆိ ပဌမံ ပဉ္ဉံ၊ ယဉ္စာသိ အဘိပတ္ထိတံ။

၆၃။ ကိံသု ဝမိတ္တာန ကဒါစိ သောစတိ၊
ကိဿပွဟာနံ ဣသယော ဝဏ္ဏယန္တိ။
ကဿိဓ ဝုတ္တံ ဖရုသံ ခမေထ၊
အက္ခာဟိ မေ ကောဏ္ဍည တေမတ္ထံ—
ဟူသော ဤ နှစ်ဂါထာတို့ကို ဟောတော်မူ၏။

၆၂။ ဘိက္ခဝေ၊ ရဟန်းတို့။ အထော၊ ထို ခွင့်ပြုပြီးသော နောင်မှ။ မဃဝါ၊ မဃအမည်ဖြစ်သော။ အတ္ထဒဿီ၊ အကျိုးတို့ကို

www.dhammadownload.com

မြင်လေ့ရှိသော။ ပုရိန္ဒဒေါ၊ အလှူလက်ဦး ပေးခဲ့ဖူးသော။ သင်္ကော၊ သိကြားမင်းသည်။ ယံ ပဋ္ဌံ၊ အကြင် ပြဿနာကို။ အဘိပတ္ထိတံ၊ ကြံအပ်သည်။ အသိ၊ ဖြစ်၏။ တံ ပဋ္ဌံ၊ ထို ပြဿနာကို။ ပဌမံ၊ ရှေးဦးစွာ။ အပုစ္ဆိ၊ မေးလျှောက်၏။

၆၃။ ကောဇ္ဈာည၊ ကောဇ္ဈာည အန္ဒယ် ဖြစ်သော ရှင်ရသေ့။ ကိံသု၊ အဘယ်တရားကို။ ဝဓိတ္ဝာ၊ ပယ်၍။ ကဒါစိ၊ တစ်ရံတခါ။ နု သောစတိ၊ မစိုးရိမ်ရသနည်း။ ကိဿ၊ အဘယ်တရားကို။ ပဟာနံ၊ ပယ်ခြင်းကို။ ဣသယော၊ အရှင် ရသေ့ကောင်းတို့သည်။ ဝဏ္ဏယန္တီ၊ ချီးမွမ်းကုန်သနည်း။ ဣဓ လောကေ၊ ဤ လောက၌။ ကဿ၊ အဘယ် သူ၏။ ဝုတ္တံ၊ သော။ ဖရုသံ၊ ကြမ်းကြုတ်သော စကားကို။ ခမေထ၊ သည်းခံရာသနည်း။ ကောဇ္ဈာည၊ ကောဇ္ဈာည အန္ဒယ် ဖြစ်သော ရှင်ရသေ့။ တေမတ္ထံ၊ ထို မေးအပ်သော အနက်ကို။ မေ၊ အကျွန်ုပ်အား။ အက္ခာဟိ၊ ဖြေတော်မူလော့။

ရသေ့ပညာကျော် အဖြေတော်

ထို့နောင်မှ သရဘင်္ဂ် ဆရာသည် ဖြေလိုရကား—

၆၄။ ကောဓံ ဝဓိတ္ဝာန ကဒါစိ သောစတိ၊
မက္ခပ္ပဟာနံ ဣသယော ဝဏ္ဏယန္တိ။
သဇ္ဇေသံ ဝုတ္တံ ဖရုသံ ခမေထ၊
တေံ ခန္တီံ ဥတ္တမ မာဟု သန္တော—

ဟူသော ဤဂါထာကို ဆို၏။

၆၄။ ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော သိကြားမင်း။ ကောဓံ၊ အမျက်ကို။ ဝဓိတ္ဝာ၊ ပယ်၍။ ကဒါစိ၊ တစ်ရံတစ်ခါ။ နု သောစတိ၊ မစိုးရိမ်ရ။ မက္ခပ္ပဟာနံ၊ ကျေးဇူးချေခြင်းတည်း ဟူသော အကုသိုလ်ကို ပယ်ခြင်းကို။ ဣသယော၊ ရသေ့တို့သည်။ ဝဏ္ဏယန္တိ၊ ချီးမွမ်းကုန်၏။ သဇ္ဇေသံ၊ အယုတ်အလတ် အမြတ် ဖြစ်ကုန်သော ခပ်သိမ်းကုန်သော သူတို့၏။ ဖရုသံ၊ ကြမ်းကြုတ်စွာသော။ ဝုတ္တံ၊ ဆိုအပ်သော စကားကို။ ခမေထ၊ သည်းခံရာ၏။ ဧတံ ခန္တီံ၊ ထို အယုတ်, အလတ်,

www.dhammadownload.com

အမြတ် ဖြစ်ကုန်သော သူတို့၏ ကြမ်းကြုတ်စွာ ဆိုအပ်သော စကားကို သည်းခံခြင်းကို။ ဥတ္တမံ၊ မြတ်သော သည်းခံခြင်း ဟူ၍။ သန္တော၊ ရှေး သူတော်ကောင်း ဖြစ်ကုန်သော ပညာရှိတို့သည်။ အာဟု၊ ဆို့တော်မူ၏။

ထို သရဘင် ဆရာ ဖြေဆိုသော စကားကို ကြား၍ သိကြား နတ်မင်းသည် တစ်ဖန် မေးပြန်လိုရကား—

၆၅။ သက္ကာ ဥဘိန္နံ ဝစနံ တိတိက္ခိတုံ၊
သဒိသဿ ဝါ သေဋ္ဌတရဿ ဝါပိ။
ကထံနု ဟီနဿ ဝစော ခမေထ၊
အက္ခာဟိ မေ ကောဏ္ဍည ဇေတမတ္ထံ—
ဟူသော ဤဂါထာကို ဆို၏။

၆၅။ ကောဏ္ဍည၊ ကောဏ္ဍည အနွယ် ဖြစ်သော ရှင်ရသေ့။ သဒိသဿ ဝါ၊ ကိုယ်နှင့်တူသော သူ၏ လည်းကောင်း။ သေဋ္ဌတရဿ ဝါပိ၊ ကိုယ့်ထက် မြတ်သော သူ၏ လည်းကောင်း။ ဤတိ၊ ဤသို့။ ဥဘိန္နံ၊ နှစ်ယောက်ကုန်သော သူတို့၏။ ဝစနံ၊ စကားကို။ တိတိက္ခိတုံ၊ သည်းခံခြင်းငှာ။ - သက္ကာ၊ တတ်နိုင်၏။ ဟီနဿ၊ ယုတ်ညံသော သူ၏။ ဝစော၊ စကားကို။ ကထံနု-ကေန - ကာရဏေန၊ *အဘယ်အကြောင်းကြောင့်။ ခမေထ၊ သည်းခံနိုင်ရာသနည်း။ ဇေတမတ္ထံ၊ ထို မေးအပ်သော အနက်ကို။ မေ၊ အကျွန်ုပ်အား။ အက္ခာဟိ၊ ဖြေတော်မူလော့။

ထို သိကြားမင်း၏ အမေးကို ဖြေဆိုလိုသော သရဘင် ဆရာသည်—

၆၆။ ဘယာဟိ သေဋ္ဌဿ ဝစော ခမေထ၊
သာရမ္ဘဟေတု ပန သာဒိသဿ။
ယောစီဓ ဟီနဿ ဝစော ခမေထ၊
ဇေတံ ခန္တီ ဥတ္တမ မာဟု သန္တော—
ဟူသော ဤဂါထာကို ဆို၏။

၆၆။ ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော သိကြား။ ဤဓ၊ ဤလောက၌။ သေဋ္ဌဿ၊ ကိုယ့်ထက်မြတ်သော သူ၏။ ဝစော၊ စကားကို။

www.dhammadownload.com

ဘယာဟိ၊ ကြောက်ခြင်းကြောင့်လျှင်။ ခမေထ၊ သည်း ခံ ရာ၏။ သာဒိသဿ၊ ကိုယ်နှင့်တူသော သူ၏။ ဝစော၊ စကားကို။ သာရမ္ဘဟေတု၊ ချုပ်ချယ်ခြင်း၌ အပြစ်ကို မြင်ခြင်းကြောင့်။ ခမေထ၊ သည်းခံလေရာ၏။ ဟီနဿ၊ ယုတ်သော သူ၏။ ဝစော၊ စကားကို။ ယော ကော၀ိ၊ အမှတ် မရှိသော သူသည်။ ခမေထ၊ သည်းခံရာ၏။ ဧတံ ခန္တိ ံ၊ ထိုသို့ ယုတ်မာသော သူ၏ စကားကို သည်းခံခြင်းကို။ ဥတ္တမံ၊ မြတ်သော သည်းခံခြင်းမည်၏ ဟူ၍။ သန္တော၊ ရှေးပညာရှိ ဖြစ်ကုန်သော သူတော်ကောင်းတို့သည်။ အာဟု၊ ဆိုတော်မူကုန်၏။

ဤသို့ ဖြေဆိုသည်ရှိသော် သိကြား‌မင်းသည် ဘုရားလောင်းကို မေးလျှောက်ပြန်၏။ "အရှင်ဘုရားတို့....ရှေးဦးစွာ အရှင်ဘုရားတို့သည် ခပ်သိမ်းသော သူတို့၏ ကြမ်းကြုတ်စွာ ဆိုသော စကားကို သည်းခံရာ၏၊ ထိုသို့ သည်းခံခြင်းကို မြတ်သော သည်းခံခြင်း ဟူ၍ သူတော်ကောင်း ဖြစ်ကုန်သော ရှေးပညာရှိတို့သည် ဆိုတော်မူကုန်၏" ဟု ဆိုပြီး၍ ယခု အခါ "ယုတ်သော သူ၏ စကားကို အမှတ်မရှိသော သူသည် သည်းခံရာ၏၊ ထိုသို့ သည်းခံခြင်းကို မြတ်သော သည်းခံခြင်း ? ဟူ၍ ဆိုတော်မူပြန်၏" ဟု ဆိုကုန်၏။ "အရှင်ဘုရားတို့၏ ရှေးစကားနှင့် နောက်စကားသည် မညီပါ" ဟု လျှောက်၏။ ထိုသို့ မေးလျှောက်သောအခါ သိကြားမင်းကို ဘုရားအလောင်းသည် "သိကြားမင်း....ဤ နောက်စကားကို ငါသည် ဤသူသည် ယုတ်၏" ဟု သိ၍ ကြမ်းကြုတ်သောစကားကို သည်းခံသော သူ၏ အစွမ်းအားဖြင့် ဆိုအပ်၏၊ အကျင့်ကြောင့်ကား အဆင်းကို မြင်ကာမျှဖြင့် သတ္တ၀ါတို့၏ အမြတ် အစရှိသော အဖြစ်ကို သိအံ့သောဌာ မတတ်ကောင်း၊ ထို့ကြောင့် ရှေးစကားကို ဆိုအပ်၏" ဟု ဆို၍ သတ္တ၀ါတို့၏ ပေါင်းဖော်ရခြင်းကိုထား၍ အဆင်းကို မြင်ကာမျှဖြင့် အမြတ် အစရှိသော အဖြစ်၏ သိနိုင်ခဲသည်၏ အဖြစ်ကို ထင်ရှားပြလိုရကား—

၆၇။ ကထံ ဝိဇာနာ စတုပထရူပံ၊
သေဋ္ဌံ သရိက္ခံ အထ၀ါပိ ဟီနံ။
ဝိရူပ ရူပေန စရန္တိ သန္တော၊
တသ္မာ ဟိ သပ္ဗေသံ ဝဏ္ဏော ခမေထ—

ဟူသော ဤဂါထာ ဆို၏။

www.dhammadownload.com

၆၂။ သက္ကာ၊ သိကြားမင်း။ စတုပထရုပ်၊ လေးပါးသော ကွရိယာပုထ်တို့ဖြင့် ဖုံးလွှမ်းအပ်သော သဘော ရှိ၏သော။ သေဋ္ဌဝါ၊ ကိုယ်ထက်မြတ်သော သူကို လည်းကောင်း။ သရိကွဲ ဝါ၊ ကိုယ်နှင့် တူသော သူကို လည်းကောင်း။ အထ၊ ထိုမှ တစ်ပါး။ ဟီနံ ဝါပိ၊ ကိုယ့်အောက် ယုတ်သော သူကို လည်းကောင်း။ ကထံ ဝိဇညာ၊ အဘယ်သို့ သိနိုင်ရာအံ့ နည်း။ ဝိရူပ ရူပေန၊ ယုတ်မာသော သူတို့၏ အသွင်ဖြင့်။ သန္တော၊ သူတော်ကောင်းတို့သည်။ စဒ္ဓါဒီ၊ သဒ္ဓါတရားကုန်၏။ တသ္မာ ဟိ၊ ထို့ကြောင့် သာလျှင်။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော သူတို့၏။ ဝစော စကားကို။ ခမေထ၊ သည်းခံရာ၏။

သည်းခံကုန်ငြား အကျိုးတရား

ထိုသို့ ဖြေဆိုသော ဘုရားအလောင်း၏ စကားကို ကြား၍ သိကြားမင်းသည် ယုံမှားကင်းသည်ဖြစ်၍ "အရှင်ဘုရား....အကျွန်ုပ်တို့ကို ထိုသည်းခံခြင်းအကျိုးကို ဟောတော်မူပါလေ့ဘ" ဟု တောင်းပန်၏။ ထိုအခါ သိကြားမင်းအား ဘုရားလောင်းသည် သည်းခံခြင်း၏ အကျိုးကို ဟောလိုရကား—

၆၀။ နု ဟေတမတ္ထံ မဟတီပိ သေနာ၊
သရာဇိကာ ယုဇ္ဈမာနာ လဘေထ။
ယံ ခန္တီမာ သပ္ပုရိသော လဘေထ၊
ခန္တီဗလဿုပသမန္တိ ဝေရာ—

ဟူသော ဂျိုဂါထာကို ဆို၏။

၆၀။ သက္က၊ သိကြားမင်း။ ခန္တီဗလဿ-ခန္တီဗလေန၊ သည်းခံခြင်း အာနုဘော်ကြောင့်။ ဝေရာ၊ ရန်တို့သည်။ ဥပသမန္တိ၊ ငြိမ်းကုန်၏။ ယံ၊ အကြင် ရန်ငြိမ်းခြင်းတည်းဟူသော အကျိုးကို။ ခန္တီမာ၊ သည်းခံခြင်းရှိသော။ သပ္ပုရိသော၊ သူတော်ကောင်း သည်သာလျှင်။ လဘေထ-လဘေယျ၊ ရရာ၏။ တေံအတ္ထံ၊ ထိုရန်ငြိမ်းခြင်းတည်းဟူသော အကျိုးကို။ သရာဇိကာ၊ မင်းနှင့်တကွကုန်သော။ ယုဇ္ဈမာနာ၊ စစ်ထိုးကုန်သော၊ မဟတီ၊ မျှားစွာကုန်သော။ သေနာပိ၊ စစ်သည်တို့သည်လည်း။ နု လဘေထ-နု လဘန္တိ၊ မရကုန်။

www.dhammadownload.com

ရသေ့ညှဉ်းဆဲ ပါယ်ဇရဲ

ဤဂါထာဖြင့် ဘုရားအလောင်းသည် သည်းခံခြင်း ကျေးဇူးကို ဟောသည်ရှိသော် ထိုလူမင်းသုံးပါးတို့သည် ကြံကြကုန်၏။ "သိကြားမင်း သည် မိမိပြဿနာကိုသာလျှင် မေး၏၊ ငါတို့ မေးခွင့်ကို မဒပ်းလတ္တံ့" ဟု ကြံကြံကုန်၏။ ထိုအခါ ထိုလူမင်းသုံးပါးတို့၏ အလိုကိုသိ၍ သိကြားမင်း သည် မိမိစိရှင်အပ်သော လေးပါးကုန်သော ပြဿနာတို့ကိုထား၍လျှင် လူမင်းသုံးပါးတို့ လိုအပ်သောပြဿနာကို မေးလိုရကား—

၆၉။ သုဘာသိတံ တေ အနုမောဒိယာန၊
အညံ့ တံပုစ္ဆာမိ တဒိဃ် ပြုဟိ။
ယထာ သဟံ့ ဒဏ္ဍကီ နာဠိကေရော၊
အထဇ္ဈုနော ကလာပူ စာပိ ရာဇာ။
တေသံ ဂတိ ပြုဟိ သုပါပကမ်မိနံ၊
ကတ္ထုပပန္နာ ဣသိနံ ဝိဟေဌကာ—

ဟူသော ဤဂါထာကို ဆို၏။

၆၉။ ကောဏ္ဍည၊ ကောဏ္ဍညအန္ဒယ်ဖြစ်သော့ ရှင်ရသေ့။ တေ-တာဝ၊ အရှင်ဘုရား၏။ သု ဘာသိတံ၊ ကောင်းစွာ ဖြေဆိုအပ်သော စကားတော်ကို။ အနုမောဒိယာန၊ ဝမ်းမြောက်ပြီး၍။ အညံ့၊ တစ်ပါးသော ပြဿနာကို။ အဟံ၊ အကျွန်ုပ်သည်။ တံ၊ အရှင်ဘုရားကို။ ပုစ္ဆာမိ၊ မေးပါအံ့။ တံ၊ အရှင်ဘုရားကို။ ဣဃ်၊ တိုက်တွန်းပါ၏။ ပြုဟိ၊ ဖြေဆိုတော် မူပါလော့။ ဒဏ္ဍကီ၊ ဒဏ္ဍကီမင်း လည်းဒကောင်း။ နာဠိကေရော၊ နဠိကေရမင်းလည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ အဇ္ဈုနော၊ အဇ္ဈုနမင်း လည်းကောင်း။ ကလာပူရာဇာ စ၊ ကလာပုမင်း လည်းကောင်း။ ဣတိ၊ ဤသို့။ ယထာ-ယေ စတ္တာရော ရာဇာ၊ အကြင် မင်းဒလေးပါးတို့သည် အဟုံ၊ ဖြစ်ကုန်ပြီ။ သုပါပကမ်မိနံ၊ အလွန်ကြီးမားဒသော မကောင်းမှုရှိကုန်သော။ တေသံ စတုန္နံ ရာဇာနံ၊ ထိုမင်းဒလေးပါးတို့၏။ ဂတိ၊ လားရာကို။ ပြုဟိ၊ ဖြေတော်မူလော့။ ဣသိနံ၊ ရသေ့တို့ကို။ ဝိဟေဌကာ၊ နှိပ်စက်ညှဉ်းဆဲ တတ်ကုန်သော မင်းလေးပါးတို့သည်။ ကတ္ထ၊ အဘယ်အရပ်၌။ ဥပပန္နာ၊ ဖြစ်ကုန်သနည်း။

www.dhammadownload.com

ထိုအခါ သိကြားမင်းအား ဖြေဆိုတော်မူလိုသော ဘုရားအလောင်း ဆည်—

၂၀။ ကိသံ ဟိ ဝစ္ဆံ အဝကိရိယ ဒဏ္ဍကီ၊
ဥစ္ဆိန္ဒ မူလော သ-ဇနော သရဋ္ဌော။
ကုက္ကုဋ္ဌနာမေ နိရယမ္ဟိ ပစ္စတိ၊
တဿ ဖုလိင်္ဂါနိ ပတန္တိ ကာယေ။

၂၁။ ယော သညတေ ပဗ္ဗဇိတေ အဟေဌယိ၊
ဓမ္မံ ဘဏန္တေ သမဏေ အဒူသကေ။
တံ နာဋ္ဌိကေရံ သုနခါ ပရတ္ထ၊
သင်္ကမ္မ ခါဒန္တိ ဝိဖန္ဒ မာနံ။

၂၂။ အထဇ္ဈုနော နိရယေ သတ္တိသူလေ၊
အဝံသိရော ပတိတော ဥဒ္ဓံပါဒေါ။
အင်္ဂီရသံ ဂေါတမံ ဟေဌယိတ္ထာ၊
ခန္တိံ တပဿိံ စိရပြဟ္မစာရိံ။

၂၃။ ယော ခတ္တသော ပဗ္ဗဇိတံ အဆေဒယိ၊
ခန္တိံ ဝဒန္တိံ သမဏံ အဒူသကံ။
ကလာဗု ဝိစိံ ဥပဓဇ္ဇ ပစ္စတိ၊
မဟာပတာပံ ကဋ္ဌကံ ဘယာနကံ။

၂၄။ ဇတာနိ သုတ္ဝာ နိရယာ ပဏ္ဍိတော၊
အညာနိ ပါပိဋ္ဌတရာနိ စေတ္ထ။
မေမံ စရေ သမဏပြာဟ္မဏေသု၊
ဧဝံ ကရော သဂ္ဂ မုပေတိ ဌာနံ—
ဟူသော ဤငါးထာတို့ကို ဆို၏။

၂၀။ သက္က၊ သိကြားမင်း။ ဒဏ္ဍကီ၊ ဒဏ္ဍကီမင်းသည်။ ကိသံ၊ ကြုံလှီသော ကိုယ်ရှိသော၊ ဝစ္ဆံ၊ ဝစ္ဆရှင်ရသေ့ကို။ အဝကိရိယ၊ တံတွေး,

www.dhammadownload.com

တံပူဖတ်တို့ဖြင့် သွန်းလောင်း၍။ သ-ဇနော၊ အခြံအရုံနှင့်တကွ။ သ ရဒ္ဓေါ၊ တိုင်းနှင့်တကွ။ ဥစ္စိန္နမူလော၊ ပြတ်သော အမြစ်ရှိသည်ဖြစ်၍။ ကုက္ကုဋ္ဌ နာမေ နိရယမျိ၊ ပြာပူရှိသောကြောင့် ကုက္ကုဋ္ဌ အမည်ရှိသော ငရဲဋ္ဌ။ ပစ္စတိ၊ ခံရ၏။ တဿ၊ ထိုဒဏ္ဍကံမင်း၏။ ကာယေ၊ ကိုယ်ပေါ်၌။ ဖုလိင်္ဂါနိ၊ မီးပေါက် မီးဖွားတို့သည်။ ပတန္တိ၊ ကျကုန်၏။

၇၁။ သက္က၊ သိကြားမင်း။ ယောနာဠိဂေါရော၊ အကြင် နာဠိကေရမင်းသည်။ သညတော၊ ကာယဒ္ဒါရ အစရှိသည်ကို ကောင်းစွာ စောင့်ရှောက်တတ်ကုန်သော။ ဓမ္မံ၊ ကုသိုလ်ကမ္မပထ တရားဆယ်ပါးကို။ ဘဏန္တေ၊ ဟောတတ်ကုန်သော။ သမဏော၊ ကိလေသာတို့ကို ငြိမ်းစေတတ်ကုန်သော။ အဒူသကော၊ အပြစ်မရှိကုန်သော။ ပဗ္ဗဇိလေ၊ ရဟန်းတို့ကို။ အဟေဌယိ၊ သတ်ဖြတ်ညှဉ်းဆဲ၏။ တံ နာဠိကေရံ၊ ထိုနာဠိကေရမင်းကို။ ပရတ္ထ၊ တမလွန်ဘဝ၌။ သုနခါ၊ ငရဲခွေးတို့သည်။ သင်္ကမ္မ၊ အညီအညွတ် လာလတ်၍။ ဝိဖန္ဒမာနံ၊ လွန့်လျက်တုန်ယင်စဉ်။ ခါဒန္တိ၊ ခဲကုန်၏။

၇၂။ သက္က၊ သိကြားမင်း။ အထ၊ ထိုမှ တစ်ပါး၊ အင်္ဂုနော၊ အင်္ဂုန်မင်းသည်။ ဂေါတမံ၊ ဂေါတမအနွယ် ဖြစ်သော။ ခန္တိံ၊ သည်းခံခြင်းရှိသော။ တပသိံ၊ ခြိုးခြံသော အကျင့်ရှိသော။ စိဏ္ဏပြဟ္မစာရိံ၊ ကြာမြင့်စွာ မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော။ အဂိဂရသံ၊ အဂိဂရသ ရှင်ရသေ့ကို။ ဟေဌယိတ္ဝာ၊ ညှဉ်းဆဲနှိပ်စက်၍။ သတ္တိသူလေ၊ လုံတံကျင် ရှိသော။ နိရယေ၊ ငရဲ၌။ ဥဒ္ဒံပါဒေါ၊ ခြေကားမိုးမြော်။ အဝံသိရော၊ ဦးခေါင်းစောက်ထိုး။ ပတိတော၊ ကျ၏။

၇၃။ သက္က၊ သိကြားမင်း။ အထ၊ ထိုမှ တစ်ပါး၊ အင်္ဂုနော၊ အင်္ဂုန်မင်းသည်။ ဂေါတမံ၊ ဂေါတမအနွယ် ဖြစ်သော။ ခန္တိံ၊ သည်းခံခြင်းရှိသော။ တပသိံ၊ ခြိုးခြံသော အကျင့်ရှိသော။ စိဏ္ဏပြဟ္မစာရိံ၊ ကြာမြင့်စွာ မြတ်သော အကျင့်ကို ကျင့်လေ့ရှိသော။ အဂိဂရသံ၊ အဂိဂရသ ရှင်ရသေ့ကို။ ဟေဌယိတ္ဝာ၊ ညှဉ်းဆဲနှိပ်စက်၍။ သတ္တိသူလေ၊ လုံတံကျင် ရှိသော။ နိရယေ၊ ငရဲ၌။ ဥဒ္ဒံပါဒေါ၊ ခြေကားမိုးမြော်။ အဝံသိရော၊ ဦးခေါင်းစောက်ထိုး။ ပတိတော၊ ကျ၏။

၇၄။ သက္က၊ သိကြားမင်း။ ယောရာဇာ၊ အကြင် ကလာဗုမင်း သည်။ သမဏံ၊ ကိလေသာကို ငြိမ်းစေတတ်သော။ အဒူသကံ၊ အပြစ်မရှိသော။ ခန္တိံ ဝဒန္တံ၊ ခန္တီဟု ဆိုလေ့ရှိသော။ ပဗ္ဗဇိတံ၊ ရသေ့ ရဟန်းကို။ ခဏ္ဍသော၊ အပိုင်းအပိုင်း။ အဆေဒယိ၊ ဖြတ်၏။ သော ကလာဗု၊ ထို ကလာဗုမင်းသည်။ မဟာပထာပံ၊ ပြင်းစွာသော ပူပန်ခြင်း ရှိသော။ ကဋုကံ၊ ပြင်းထန်သော ဝေဒနာရှိသော။ ဘယာနကံ၊ ကြောက်မက်ဖွယ် သော။ အဝီစိံ၊ အဝီစိငရဲ၌။ ဥပပဇ္ဇ၊ ဖြစ်၍။ ပစ္စတိ၊ ခံရ၏။

www.dhammadownload.com

၂၄။ သက္က၊ သိကြားမင်း။ ဧတာနိုနိုရယာနိုံ၊ ထို ငရဲတို့ကို လည်းကောင်း။ ဧတ္ထ ဧတေဟိ နိုရယေဟိ၊ ထို ငရဲတို့ထက်။ ပါပိဋ္ဌတရာနိုံ၊ အလွန် ယုတ်မာကုန်သော။ အညာနိုစ၊ ကစ်ပါးကုန်သော ငရဲတို့ကို လည်းကောင်း။ သုတ္တာ၊ ကြား၍။ ပဏ္ဍိတော၊ ပညာရှိသော သူသည်။ သမဏာ ဗြာဟ္မဏေသု၊ ရဟန်း ပုဏ္ဏားတို့၌။ ဓမ္မံ၊ တရားကို။ စရေ၊ ကျင့်ရာ၏။ ဓေဝကရော၊ ဤသို့ တရားကို ကျင့်သောသူသည်။ သဂ္ဂံ ဌာနံ၊ နတ်ပြည် အရပ်သို့။ ဥပေတိ၊ ရောက်၏။

သိအပ်လှစ္ဓာ ကြောင်းလေးဖြာ

ဤသို့ ဘုရားလောင်းသည် မင်းလေးပါးတို့၏ ဖြစ်ရာ အရပ်ကို ပြသည်ရှိသော် မင်းသုံးပါးတို့သည် ယုံမှားခြင်းကင်းကုန်၏။ ထို့နောက်မှ သိကြားမင်းသည် ကြွင်းကုန်သော လေးပါးကုန်သော ပြဿနာတို့ကို မေးလိုရကား-

၂၅။ သုဘာသိတံ တေ အနုမောဒိယာန၊
အညံ တံ ပုစ္ဆာမိ တဒိဃ် ဗြူဟိ၊
ကတံဝိဓံ သိလဝန္တံ ဝဒန္တိ၊ ကထံဝိဓံ ပညဝန္တံ ဝဒန္တိ။
ကထံဝိဓံ သပ္ပုရိသံ ဝဒန္တိ၊
ကထံဝိဓံ နော သိရိနော ဇဟာတိ-

ဟူသော ဤဂါထာကို ဆို၏။

၂၅။ ကောဏ္ဍည၊ ကောဏ္ဍည အနွယ် ဖြစ်သော ရှင်ရသေ့။ တေ၊ အရှင်ဘုရား၏။ သုဘာသိတံ၊ ကောင်းစွာ ဖြေဆိုတော်မူအပ်သော စကားကို။ အနုမောဒိယာန၊ ဝမ်းမြောက်ပြီး၍။ အညံ၊ တစ်ပါးသော ပြဿနာကို။ တံ၊ အရှင်ဘုရားကို။ ပုစ္ဆာမိ၊ မေးလျှောက်ပါအံ့။ တံ၊ အရှင်ဘုရားကို။ ဂ္ဂဃ်၊ တိုက်တွန်းပါ၏။ တုံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောတော်မူပါလော့။ ကထံဝိဓံ၊ အဘယ်သို့ သဘောရှိသော သူကို။ သီလဝန္တံ၊ သီလရှိသောသူဟူ၍။ ဝဒန္တိ နု၊ ဆိုကုန်သနည်း။ ကထံဝိဓံ၊ အဘယ်သို့ သဘောရှိသော သူကို။ ပညဝန္တံ၊ ပညာရှိသောသူ ဟူ၍။ ဝဒန္တိ နု၊ ဆိုကုန်သနည်း။ ကထံဝိဓံ၊ အဘယ်သို့ သဘောရှိသော သူကို။ သပ္ပုရိသံ၊ သူတော်ကောင်းဟူ၍။ ဝဒန္တိ နု၊ ဆိုကုန်သနည်း။ ကထံဝိဓံ၊

www.dhammadownload.com

အဘယ်သို့ သဘောရှိသော သူကို။ သိရိ၊ အသရေသည်။ နော ဇဟာတိ နံ့၊ မစွန့်သနည်း။

ထိုသို့ မေးလျှောက်သောအခါ ထို သိကြားမင်းအား ဖြတော်မူလို သော ဘုရားလောင်းသည်-

၂၆။ ကာယေန ဝါစာယ စယောဓ သညတော၊
မနသာ စ ကိဉ္စိ န ကရောတိပါပံ။
န အတ္တဟေတူ အလိကံ ဘဏတိ၊
တထာဝိဓံ သီလဝန္တံ ဝဒန္တိ။

၂၇။ ဂမ္ဘီရပဉ္ဉံ မနသာဘိစိန္တယံ၊
နာစ္စာဟိတံ ကမ္မ ကရောတိလုဒ္ဒံ။
ကာလာဂတံ အတ္ထပဒံ န ရိဉ္စတိ၊
တထာဝိဓံ ပညဝန္တံဝဒန္တိ။

၂၈။ ယော ဓဝ ကတညူ ကတဝေဒိ ဓီရော၊
ကလျာဏမိတ္တောဒဠှဘတ္တိစဟောတိ။ ဒုခိတာသု သက္ကစ္စ
ကရောတိ ကိစ္စံ၊
တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ။

၂၉။ ဇေတဟိ သဗ္ဗေဟိ ဂုဏေဟုပေတော၊
သဒ္ဓေါ မုဒု သံဝိဘာဂီ ဝဒညူ။
သင်္ဂါဟကံ သခိလံ သဏှဝါစံ၊
တထာဝိဓံ နော သိရိ နော ဇဟာတိ-

ဟူသော ဤ လေးဂါထာကို ဆို၏။

၂၆။ သက္က၊ သိကြားမင်း။ ဤဓမ္မလောကေ၊ ဤလောကဌ်။ ယော၊ အကြင်သူသည် ကာယေန၊ ကိုယ်ဖြင့် လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့် လည်းကောင်း။ မနသာ စ၊ စိတ်ဖြင့် လည်းကောင်း။ သညတော၊ ကောင်းစွာ စောင့်ရှောက် အပ် သည် ဖြစ်၍။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ ပါပံ၊ မကောင်းမှုကို။ န ကရောတိ၊ မပြု။ အတ္တဟေတု၊ မိမိကိုယ် အစရှိသော အကြောင်းကြောင့်။ အလိကံ၊ မုသားကို။ န ဘဏတိ၊ မဆို။ တထာဝိဓံ၊ ထိုသို့သဘောရှိသော သူကို။

www.dhammadownload.com

သီလဝန္တံ၊ သီလရှိသောသူဟူ၍။ ပဏ္ဍိတာ၊ ဘုရားအစရှိသော ပညာရှိတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

၂၃။ သက္က၊ သိကြားမင်း။ ယော၊ အကြင်သူသည်။ ဂမ္ဘီရပဉ်၊ နက်နဲသောပြဿနာကို။ မနသာ၊ စိတ်ဖြင့်။ အဘိစိန္တယံ အဘိစိန္တယန္တော၊ ကြံသည်ရှိသော်။ ကထေတုံ၊ ဖြေအံ့သောငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ အစ္ဆာဟိတံ၊ အစီးအပွားကိုလွန်သော၊ လုဒ္ဓံ၊ ရှုန့်ရှင်းကြမ်းကြုတ်သော။ ကမ္မံ၊ အမှုကို။ နကရောတိ၊ မပြု။ ကာလာဂတံ၊ အခါသို့ရောက်သော။ အတ္ထပဒံ၊ စီးပွားခြင်း၏ အကြောင်းကို။ နံ ရိဉ္စတိ၊ မယိုယွင်းစေ။ တထာဝိဓံ၊ ထိုသို့သဘောရှိသော သူကို။ ပညဝန္တံ၊ ပညာရှိသောသူဟူ၍။ ပဏ္ဍိတာ၊ ဘုရားအစရှိသော ပညာရှိတို့သည်။ ဟဒန္တိ၊ ဆိုကုန်၏။

၂၄။ သက္က၊ သိကြားမင်း။ ယော၊ အကြင်သူသည်။ ကတညူ၊ သူ့ကျေးဇူးကို သိလေ့ရှိ၏။ ကတဝေဒီ၊ သိသည် အားလျော်စွာ သူ့ကျေးဇူးကို ဆပ်လေ့ရှိ၏။ ဓီရော၊ မြဲမြံ တည်ကြည်၏။ ကလျာဏ မိတ္တော၊ အဆွေခင်ပွန်းကောင်းသည်။ ဟောတိ၊ ဖြစ်၏။ ဒဠှဘတ္တိ စ၊ မြဲမြံသော အဆွေခင်ပွန်းကောင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဒုခိတာသ၊ ဆင်းရဲခြင်းသို့ ရောက်သော အဆွေခင်ပွန်း၏။ ကိစ္စံ၊ အမှုကို။ သက္ကစ္စံ၊ ရှိသေစွာ။ ကရောတိ၊ ပြု၏။ တထာဝိဓံ၊ ထိုသို့သဘောရှိသော သူကို။ သပ္ပုရိသံ၊ သူတော်ကောင်းဟူ၍။ ပဏ္ဍိတာ၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ ဝဒန္တိ၊ ဆိုတော်မူကုန်၏။

၂၅။ သက္က၊ သိကြားမင်း။ ယော ပဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ဧဘေဟိ ဂုဏေဟိ၊ ထိုကျေးဇူးတို့နှင့်။ ဥပတော၊ ပြည့်စုံ၏။ သဒ္ဓေါ၊ သက်ဝင်၍ သဒ္ဓါခြင်းရှိ၏။ မုဒု၊ ချစ်ဖွယ်သောစကားကို ဆိုတတ်သည်ဖြစ်၍ နူးညံ့သော စကားရှိ၏။ သံဝိဘာဂီ၊ ဒါန, သီလ အစရှိသည်တို့ကို ခွဲခြမ်းဝေဖန်လေ့ရှိ၏။ ဝဒညူ၊ ပေးကမ်း စွန့်ကြဲသည်၏ အစွမ်းအားဖြင့် တောင်းလာကုန်သော သူတို့၏ အသံကို သိတတ်သော အလေ့ရှိ၏။ သင်္ဂါဟကံ၊ ပေးကမ်းခြင်း အစရှိသည်၏ အစွမ်းအားဖြင့် သူတစ်ပါးတို့အား ချီးမြှောက်လေ့ ရှိသော။ သခိလံ၊ သာယာသော စကားရှိသော။ သဏှဝါစံ၊ နူးညံ့သော စကား

www.dhammadownload.com

ရှိသော။ တထာဝိဓံ၊ တိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို။ သိရိ၊ ဘုန်း ကျက်သရေသည်။ နော ဇဟာတိ၊ မစ္ဆန့်။

ဤသို့လျှင် ဘုရားလောင်းသည် ကောင်းကင်ပြင်၌ လကို ပေါ်စေ ဘိသကဲ့သို့ လေးပါးကုန်သော ပြဿနာတို့ကို ဖြေတော်မူ၏။

ပညာနှင့်အသရေ ဤနှစ်ထွေ

ဤသို့ ခုနစ်ပါးသော ပြဿနာတို့ကို ဖြေဆိုသည်ရှိသော် သိကြား မင်းသည် တစ်ဖန် မေးပြန်လိုရကား....

၈၀။ သုဘာသိတံ တေ အနုမောဒိယာန၊
အညံ တံ ပုစ္ဆာမိ တဒိဃ် ဗြူဟိ။
သီလံ သိရိဉ္စာပိ သဘဉ္စ ဓမ္မံ၊
ပညဉ္စ ကံ သေဋ္ဌတရံ ဝဒန္တီ—

ဟူသော ဤဂါထာကို ဆို၏။

၈၀။ ကောဏ္ဍည၊ ကောဏ္ဍည အန္ဒယ်ဖြစ်သော ရှင်ရသေ့။ တေ၊ အရှင်ဘုရား၏။ သုဘာသိတံ၊ ကောင်းစွာ ဖြဆိုတော် မူအပ်သော စကားကို။ အနုမောဒိယာန၊ ဝမ်းမြောက်ပြီး၍။ အညံ၊ တစ်ပါးသော ပြဿနာကို။ တံ၊ အရှင်ဘုရားကို။ ပုစ္ဆာမိ၊ မေးလျှောက်ပါအံ့။ တံ၊ အရှင်ဘုရားကို။ ဣဃ်၊ တိုက်တွန်းပါ၏။ ဗြူဟိ၊ ဖြဆိုတော်မူပါလော့။ သီလဉ္စ၊ သီလ လည်းကောင်း။ သိရိဉ္စ၊ အသရေ လည်းကောင်း၊ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မဉ္စ၊ တရား လည်းကောင်း။ ပညဉ္စ၊ ပညာ လ်ည်းကောင်း။ တေသု၊ ထိုတရားတို့တွင်။ ကံ၊ အဘယ် တရားကို။ သေဋ္ဌတရံ၊ အထူးသဖြင့် မြတ်သော တရားဟူ၍။ ပဿိတာ၊ ဘုရားအစ ရှိသော ပညာရှိတို့သည်။ ဝဒန္တီ၊ ဆိုတော်မူကုန်သနည်း။

ဘုရားလောင်းသည် ထိုသိကြားမင်း အမေးကို ဖြလိုရကား....

မြတ်သည့်အရာ ပညာသာ

၈၁။ ပညာ ဟိ သေဋ္ဌာ ကုသလာ ဝဒန္တိ၊
နက္ခတ္တရာဇာရိဝ တာရကာနံ။
သီလံ သိရိဉ္စာပိ သဘဉ္စ ဓမ္မော၊
အန္ဒာယိကာ ပဉ်ဝတော ဘဝန္တီ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၈၁။ သက္ကာ၊ သိကြားမင်း။ သီလဉ္စ၊ သီလသည် လည်းကောင်း။ သိရိဉ္စာပိ၊ အသရေသည် လည်းကောင်း။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မာစ၊ တရားသည် လည်းကောင်း။ ပညဝတော ပညဝန္တံ၊ ပညာရှိသော သူသို့။ အန္ဓာယိကာ၊ အစဉ်တစိုက် လိုက်ကုန်သည်။ ယသ္မာ၊ အကြောင်းကြောင့်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တာရကာနံ၊ ကြယ်တို့၏။ နက္ခတ္တာရာဇာရိဝ၊ နက္ခတ်ဘို့၏ မင်းဖြစ်သော လကဲ့သို့။ ပညာဟိ ပညာဓေဝ၊ ပညာကိုသာလျှင်။ သေဋ္ဌာ၊ အမြတ်ဟူ၍။ ကုသလာ၊ ဘုရား အစရှိကုန်သော ပညာရှိတို့သည်။ ဘဒန္တိ၊ ဆိုကုန်၏။

ပညာရှိကြောင်းနှင့် ငြဟ္မဉ့ပြည်ရောက်ကြောင်း

ဤသို့ ဖြေဆိုသည်ရှိသော် တစ်ဖန် တစ်ပါးသော ပြဿနာကို မေးပြန်လိုရကား—

၈၂။ သုဘာသိတံ တေ အနုမောဒိယာန၊
အညံ့ တံ ပုစ္ဆာမိ တဒိဃ် ငြူဟိ။
ကထံကရော ကိန္တိကရော ကိမာစရံ၊
ကိံသေဝမာနော လဘတိဓ ပညံ။
ပညာယ ဒါနိ ပဋိပဒံ ဝဒဟိ၊
ကထံကရော ပညဝါ ဟောတိ မစ္စော—

ဟူသော ဤဂါထာကို ဆို၏။

၈၂။ ဓကောဇ္ဇာည၊ ကောဇ္ဇာည အန္ဓယ်ဖြစ်သော ရှင်ရသေ့။ တေ၊ အရှင်ဘုရား၏။ သုဘာသိတံ၊ ကောင်းစွာ ဖြေဆိုတော်မူအပ်သော စကားကို။ အနုမောဒိယာန၊ ဝမ်းမြောက်ကုန်ပြီး၍။ အညံ၊ တစ်ပါးသော ပြဿနာကို၊ တံ၊ အရှင်ဘုရားကို။ ပုစ္ဆာမိ၊ မေးပါအံ့။ တံ၊ အရှင်ဘုရားကို။ ဇာဃ်၊ တိုက်တွန်းပါ၏။ ငြူဟိ၊ ဖြေဆိုတော်မူပါလော့။ ဇာဓ၊ ဤလောကကို။ ကထံကရော၊ အဘယ်မည်သော အမှုကို ပြုသော သူသည်။ ကိန္တိကရော၊ အဘယ်သို့ ပြုသောသူသည်။ ကိမာစရံ၊ အဘယ်ကို ကျင့်သောသူသည်။ ကိံသေဝမာနော၊ အဘယ်ကို မှီဝဲသောသူသည်။ ပညံ၊ ပညာကို။ လဘတိ၊ ရသနည်း။ ဒါနိ၊ ယခုအခါ၌။ ပညာယ၊

www.dhammadownload.com

ပညာ၏။ ပဋိပဒံ၊ ရခြင်းအကြောင်း ဖြစ်သောအကျင့်ကို။ ဝဒေဟိ၊ ဖြေဆိုတော်မူလော့။ ကထံကရော၊ အဘယ်သို့ပြုသော။ မစ္စော၊ သတ္တဝါသည်။ ပညဝါ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်သနည်း။

ထိုသိကြားမင်း အမေးကို ဖြေဘော်မူလိုသော ဘုရားလောင်းသည်—

၈၃။ သေဝေထ ဗုဒ္ဓေနိပုဏ္ဏေဗဟုဿုတေ၊
ဥဂ္ဂါဟကောစ ပရိပုစ္ဆကော သိယာ။
သုဏေယျ သက္ကစ္စံ သုဘာသိဘာနိ၊
ဧဝံကရော ပညဝါ ဟောတိ မစ္ဆော။

၈၄။ သ ပညဝါ ကာမဂုဏေ အဧကွတိ၊
အနိစ္စတော ဒုက္ခတော ရောဂတောစ။
ဧဝံဝိပဿီ ပဇဟတိ ဆန္ဒံ ဒုက္ခေသု ကာမေသုမဟဇ္ဇယေသု။

၈၅။ သ ဗီတရာဂေါ ပဝိနေယျ ဒေါသံ၊
မေတ္တစိတ္တော ဘာဝယေ အပ္ပမာဏော။
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ၊
အနိန္ဒိတော ဗြဟ္မမုပေတိ ဌာနံ—

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၈၃။ သက္က၊ သိကြားမင်း။ ယောမစ္စော၊ အကြင်သတ္တဝါတို့သည်။ နိပုဏော၊ နူးညံ့သိမ်မွေ့သော အကြောင်းကို သိခြင်းငှာ စွမ်းနိုင်ကုန်သော။ ဗဟုဿုတော၊ များသော အကြားအမြင်ရှိကုန်သော။ ဗုဒ္ဓေ၊ ပညာကြီးကုန်သော သူတို့ကို။ သေဝေထ-သေဝေယျ၊ မှီဝဲရာ၏။ ဥဂ္ဂါဟကောစ၊ပါဠိကို သင်သည်လည်း။ သိယာ၊ ဖြစ်ရာ၏။ ပရိပုစ္ဆကောစ၊ ပါဠိဘော်၏ အနက်ကို အဖန်တလဲလဲ မေးမြန်းသည်လည်း။ သိယာ၊ ဖြစ်ရာ၏။ သုဘာသိတာနိ၊ ကောင်းစွာဟောတော်မူအပ်ကုန်သော တရားတော်ကို။ သက္ကစ္စံ၊ ရိုသေစွာ။ သုဏေယျ၊ နာခံရာ၏။ ဧဝံကရော၊ ဤသို့ကျင့်သော။ မစ္စော၊ သတ္တဝါသည်။ ပညဝါ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။

၈၄။ ပညဝါ၊ ပညာရှိသော။ သ-သော၊ ထိုသူသည်။ ကာမဂုဏေ၊ ကာမဂုဏ်တို့ကို။ အနိစ္စတောစ၊ အနိစ္စအားဖြင့် လည်း

www.dhammadownload.com

ကောင်း။ ဒုက္ခတောစ၊ ဒုက္ခအားဖြင့်လည်းကောင်း။ ရောဂတောစ၊ ရောဂါအားဖြင့်လည်းကောင်း။ အဝေက္ခတိ၊ ရှု၏။ ဇဝံဝိပဿီ၊ ဤသို့ ရှုလေ့ရှိသော ပညာရှိသည်။ ဒုက္ခေသု၊ ဆင်းရဲခြင်း၏ တည်ရာ ဖြစ်ကုန်သော။ မဟဗ္ဘယေသု၊ များစွာသော ဘေးရှိကုန်သော။ ကာမေသု၊ ကာမဂုဏ်တို့၌။ ဆန္ဒံ၊ တပ်စွန်းခြင်းဟု ဆိုအပ်သော ဆန္ဒကို။ ပဇဟတိ၊ စွန့်နိုင်၏။

၈၅။ ဗီတရာဂေါ၊ ကာမဂုဏ်တို့၌ တပ်စွန်းခြင်း ကင်းသော။ သ-သော၊ ထိုသူသည်။ ဒေါသံ၊ ဒေါသကို။ ပဝိနေယျ၊ ဖျောက်၍။ အပ္ပမာဏံ၊ အတိုင်းအရှည်မရှိသော၊ မေတ္တံစိတ္တံ၊ မေတ္တာနှင့် ယှဉ်သော စိတ်ကို။ ဘာဝယေ၊ ပွားစေရာ၏။ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ ဘူတေသု၊ သတ္တဝါတို့၌။ ဒဏ္ဍံ၊ နှိပ်စက်ညှဉ်းဆဲခြင်း ဟူသော ဒဏ်ကို။ နိဓာယ၊ ချ၍။ သော၊ ထိုသူသည်။ အနိန္ဒိတော၊ မကဲ့ရဲ့အပ်သည်ဖြစ်၍။ ဗြဟ္မဉ္ဇာနံ၊ ဗြဟ္မာ့ပြည်သို့။ ဥပေတိ ရောက်၏။

ဤသို့ ဘုရားလောင်းသည် ကာမဂုဏ်တို့၏အပြစ်ကို ဟောစဉ်ပင်လျှင် ဗိုလ်ပါအပေါင်းနှင့်တကွ ဖြစ်ကုန်သော ထိုမင်းသုံးပါးတို့သည် တဒင်္ဂပဟာန်ဖြင့် ငါးပါးသော ကာမဂုဏ်၌ တပ်စွန်းသော ရာဂကို ပယ်ဖျောက်အပ်၏။

မင်း ၃-ပါး တရားမြင်

ထိုအကြောင်းကို သိ၍ ဘုရားလောင်းသည် ထို မင်းသုံးပါးတို့အား ရှင်စေသည်၏ အစွမ်းအားဖြင့် ချီးမွမ်းလိုရကား—

၈၆။ မဟတ္ထိယံ အာဂမနံ အဒဟာတိ၊
တဝ မဋ္ဌက ဘိမ္မရထဿ စာပိ။
ကာလိင်္ဂရာဇဿ စ ဥဂ္ဂတဿ၊
သဗ္ဗသ ဝေ ကာမရာဂေါ ပဟီနော—

ဟူသော ဤဂါထာကို ဆို၏။

၈၆။ အဋ္ဌက၊ အဋ္ဌကမင်း။ တဝ စ၊ သင်၏ လည်းကောင်း။ ဘိမ္မရထဿစာပိ၊ ဘိမ္မရထမင်း၏ လည်းကောင်း။ ဥဂ္ဂတဿ၊ နေ, လကဲ့သို့

www.dhammadownload.com

ကျော်စော ထင်ရှားသော။ ကာလင်္ဂရာဇဿစ၊ ကာလင်္ဂမင်း၏ လည်း ကောင်း။ အာဂမနံ၊ ဤအရပ်သို့လာခြင်းသည်။ မဟတ္ထိယံ၊ များသော အကျိုးရှိသည်။ အဟောသိ၊ ဖြစ်၏။ သဗ္ဗဿံ၊ ခပ်သိမ်းကုန်သော။ ဝေါ၊ သင်တို့သည်။ ကာမရာဂေါ၊ ကာမဂုဏ်တို့၌ တပ်စွန်းသော ရာဂကို။ ပဟီနော၊ ပယ်ဖျောက်အပ်၏။

ရသေ့ပြုကြပြီ

ထိုစကားကို ကြားကုန်၍ မင်းသုံးပါးတို့သည် ဘုရားလောင်း အား ချီးမွမ်းခြင်းကို ပြုလိုကုန်ရကား—

၈၇။ ဇေမေတံ ပရမိတ္တာဒေဝဒိ၊
သဗ္ဗေသနော ကာမရာဂေါ ပဟီနော။
ကရောဟိ ဩကာသ မနုဂ္ဂဟာယ၊
ယထာ ဂတိံ တေ အဘိသမ္ဘဝေမ—

ဟူသော ဤဂါထာကို ဆို၏။

၈၇။ ပရမိတ္တာဒေဝဒိ၊ သူတစ်ပါးတို့၏ စိတ်ကိုသိတတ်သော ရှင် ရသေ့။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ နော၊ အကျွန်ုပ်တို့အား။ ကာမရာဂေါ၊ ငါးပါးသော ကာမဂုဏ်တို့၌ တပ်စွန်းအပ်သော ရာဂကို။ ပဟီနော၊ ပယ်ဖျောက်အပ်၏။ တံ၊ ထိုသို့ ပယ်ဖျောက်ခြင်းသည်။ ဇေမေဝ၊ အရှင်ဘုရားသိတိုင်း ဟုတ်သည်သာလျှင်တည်း။ ယထာ-ယေန အာကာရေန၊ အကြင် အကြောင်းသို့သော အခြင်းအရာအားဖြင့်။ မယံ၊ အကျွန်ုပ်တို့သည်။ တေ၊ အရှင်ဘုရား၏။ ဂတိံ၊ ဖြစ်ရာအရပ်သို့။ အဘိ-သမ္ဘဝေမ၊ ရောက်လိုကုန်၏။ တထာ-တေန အာကာရေန၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ အနုဂ္ဂဟာယ၊ ရဟန်းပြုစိမ့်သောငှာ။ ဩကာသံ၊ အခွင့်ကို။ တံ၊ အရှင်ဘုရားသည်။ ကရောဟိ၊ ပြုတော်မူလေး။

ထိုအခါ ထိုမင်းတို့အား အခွင့်ပြုတော်မူလိုသော ဘုရားလောင်း သည်—

၈၈။ ကရောမိ ဩကာသ မနုဂ္ဂဟာယ၊
တထာ ဟိ ဝေါ ကာမရာဂေါ ပဟီနော။
ဖရုထ ကာယံ ဝိပုလာယ ပီတိယာ၊
ယထာ ဂတိံ မေ အဘိသမ္ဘဝေထ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၈၈။ ဘောန္တော ရာဇာနော၊ အိုမင်းမျှားတို့။ ဝေါ၊ သင်တို့သည်။ ကာမရာဂေါ၊ ငါးပါးသောဂုဏ်၌ တပ်စွန်းသော ရာဂကို။ ပဟီနော၊ ပယ်ဖျောက်အပ်၏။ တထာဟိ-တတော၀ေ၊ ထို့ကြောင့်လျှင်။ ဝေါ၊ သင်တို့အား။ အနုဂ္ဂဟာယ၊ ရဟန်းပြုစိမ့်သောငှာ။ သြကာသံ၊ အခွင့်ကို။ ကရောမိ၊ ပြု၏။ ယထာ-ယေန အာကာရေန၊ အကြင် အကြင်သို့သော အခြင်းအရာအားဖြင့်။ မေ၊ ငါ၏။ ဂတိ၊ လားရာအရပ်သို့။ အဘိသမ္ဘ-ဝေထ၊ ရောက်ကုန်ရာ၏။ တထာ-တေန အာကာရေန၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ ဝိပုလာယ၊ ပြန့်ပြောစွာသော ပိတိဖြင့်။ ကာယံ၊ ကိုယ်ကို။ ဖရာထ၊ နှံ့ကြစေကုန်လော့။

ထိုစကားကို ကြား၍ မင်းသုံးပါးတို့သည် ဝန်ခံလိုရကား—

၈၉။ သဗ္ဗံ ကရိဿာမ တဝါနုသာသနိ၊
ယံ ယံ တုဝံ ဝက္ခသိ ဘူရိပညေ။
ဖရာမ ကာယံ ဝိပုလာယ ပိတိယာ၊
ယထာ ဂတိ တေ အဘိသမ္ဘဝေမ—
ဟူသော ဤဂါထာကို ဆိုကုန်၏။

၈၉။ ဘူရိပညေ၊ မြေကြီးအထုနှင့်တူသော ကြီးကျယ်သော ပညာရှိတော်မူသော ရှင်ရသေ့။ တုဝံ၊ အရှင်ဘုရားသည်။ အနုသာသနိ၊ အဆုံးအမဖြစ်သော။ ယံ ယံ၊ အကြင် အကြင် စကားကို။ ဝက္ခသိ၊ ဆိုတော်မူ၏။ တဝ၊ အရှင်ဘုရား၏။ တံ တံ သဗ္ဗံ၊ ထိုထိုအဆုံးအမ စကားတော်အလုံးစုံကို။ ကရိဿာမ၊ လိုက်နာကြကုန်အံ့။ ယထာ-ယေန အာကာရေန၊ အကြင် အကြင်သို့သော အခြင်းအရာအားဖြင့်။ တေ၊ အရှင်ဘုရား၏။ ဂတိ၊ လားရာအရပ်သို့။ အဘိသမ္ဘဝေမ၊ ရောက်ကြကုန်ရာ၏။ တထာ-တေန အာကာရေန၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ ဝိပုလာယ၊ ပြန့်ပြောစွာသော။ ပိတိယာ၊ ဗျာန်နှင့်ယှဉ်သော ပိတိဖြင့်။ ကာယံ၊ ကိုယ်ကို။ ဖရာမ၊ နှံ့ပါစေကုန်အံ့။

ရသေ့ပြုကြပြီး ဗျာန်ရကြကြောင်း

ထိုအခါ ဗိုလ်ပါအပေါင်းနှင့်တကွ ကုန်သော ထိုမင်းသုံးပါးတို့အား ဘုရားလောင်းသည် ရဟန်းအဖြစ်ကို ပေးတော်မူ၍ ရသေ့အပေါင်းကို လွှတ်တော်မူလိုသည်ဖြစ်၍—

www.dhammadownload.com

၉၀။ ကတာယံ ဝစ္ဆဿ ကိသဿ ပူဇာ၊
ဂစ္ဆန္တို၊ ဘောန္တော ဣသယော သာဓုရူပါ။
စျာနေ ရတာ ဟောထ သဒါ သမာဟိတာ၊
သော ရတိ ပဗ္ဗဇိတဿ သေဋ္ဌာ—
ဟူသော ဤဂါထာကို ဆို၏။

၉၀။ ဘောန္တော၊ အရှင်ကောင်း ဖြစ်ကုန်သော ရသေ့အပေါင်းတို့။ ကိသဿဝစ္ဆဿ၊ ကိသဝစ္ဆ ရှင်ရသေ့အား။ အယံပူဇာ၊ ဤ ပူဇော်ခြင်းကို။ ကတာ၊ ပြုအပ်ပြီ။ သာဓုရူပါ၊ ကောင်းသော သဘောရှိကုန်သော။ ဣသယော၊ အရှင်ရသေ့ကောင်းတို့သည်။ ဂစ္ဆန္တု၊ မိမိ မိမိတို့၏ နေရာတို့သို့ သွားကြကုန်လော့။ သဒါ၊ အခါခပ်သိမ်း၊ သမာဟိတာ၊ တည်ကြည်သော စိတ်ရှိကုန်သည်ဖြစ်၍။ စျာနေ၊ စျာန်၌။ ရတာ၊ မွေ့လျော်ကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ ဇသောရတိ၊ ဤသို့ စျာန်၌ မွေ့လျော်ခြင်းသည်။ ပဗ္ဗဇိတဿ၊ ရသေ့ရဟန်းအား။ သေဋ္ဌာ၊ မြတ်၏။

ရသေ့အပေါင်းတို့သည် ထို သရဘင်္ဂဆရာ၏ စကားကို ဦးဖြင့်ဝန်ခံ၍ ရှိခိုးကုန်လျက် ကောင်းကင်သို့ တက်ပြီးလျှင် မိမိ မိမိတို့၏ နေရာအရပ်တို့သို့ သွားကြကုန်၏။ သိကြားမင်းသည်လည်း နေရာမှထပြီးလျှင် ဘုရားလောင်းအား ချီးမွမ်းခြင်းကိုပြု၍ လက်အုပ်ချီလျက် နေကိုရှိခိုးဘိ သကဲ့သို့ ဘုရားလောင်းကို ရှိခိုးလျက် ပရိသတ်နှင့်တကွ ဖဲလေ၏။

စျာန်ရတရားများ

ထိုအကြောင်းကို သိစေတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၉၁။ သုတ္တာန ဂါထာ ပရမတ္ထသံဟိတာ၊
သုဘာသိတာ ဣသိနာ ပဏ္ဍိတေန။
တေ ပေဒဇာတာ အနုမောဒမာနာ၊
ပဏ္ဏာမု ဒေဝါ ဒေဝပုရံ ယသဿိနော။
၉၂။ ဂါထာ ဣမာ အတ္ထဝတီ သုဗျဉ္ဇနာ၊
သုဘာသိတာ ဣသိနာ ပဏ္ဍိတေန။
ယောကောစိ မာ အဒ္ဓိကတ္တာ သုဏောယျ၊
လဘေထ ပုဗ္ဗာပရိယံ ဝိသေသံ။

www.dhammadownload.com

လဒ္ဓါန ပုဗ္ဗာပရိယံ ဝိသေသံ၊
အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ—
ဟူသော ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

၉၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍိတေန၊ ပညာရှိသော။ ဤသိနာ၊ သရဘင်္ဂ် ရသေ့သည်။ ဘုဘာသိတာ၊ ကောင်းစွာဆိုအပ်ရသော။ ပရမတ္ထ-သံဟိတာ၊ နိဗ္ဗာန်ကိုမှီသော။ ဂါထာ၊ ဂါထာတို့ကို။ သုတ္ဝာန၊ နာရ၍။ ယသဿိနော၊ များသော အခြံအရံရှိကုန်သော။ တေ ဒေဝါ၊ ထိုနတ်တို့သည်။ ဝေဒဇာတာ၊ ဖြစ်သော နှစ်သက်ခြင်း ရှိကုန်သည်ဖြစ်၍။ အန္နမောဒမာန၊ ဝမ်းမြောက်ခြင်း ရှိကုန်သည်ဖြစ်၍။ ဒေဝပုရံ၊ နတ်ပြည်သို့။ ပက္ကာမုံ၊ ဗဲကြလေကုန်၏။

၉၂။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍိတေန၊ ပညာရှိသော။ ဤသိနာ၊ သရဘင်္ဂ် ရသေ့သည်။ သုဘာသိတာ၊ ကောင်းစွာ ဟောအပ်ကုန်သော။ အတ္ထဝတီ၊ မြတ်သော အနက်ရှိကုန်ထသော။ သုတ္တန္တေန၊ သန့်ရှင်းစင်သော သဒ္ဒါရှိကုန်ထသော။ ဤမာဂါထာ၊ ဤဂါထာတို့ကို။ ယောကောစိ၊ အမှတ်မရှိ တစ်စုံတစ်ယောက်သောသူသည်။ အဋ္ဌကတ္တာ၊ အရှိအသေပြု၍။ သုဏေယျ၊ နာရာ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ပုဗ္ဗာပရိယံ၊ ရှေးနောက်ဖြစ်သော။ ဝိသေသံ၊ များစွာအစရှိသော တရားထူးကို။ လဘေထ-လဘေယျ၊ ရရာ၏။ ပုဗ္ဗာပရိယံ ဝိသေသံ၊ ရှေ့နောက်ဖြစ်ကုန်သော များစွာ အစရှိသော တရားအထူးကို။ လဒ္ဓါန၊ ရ၍။ ပစ္စုရာဇဿ၊ သေမင်း၏။ အဒဿနံ၊ မမြင်ရာသို့။ ဂစ္ဆေ၊ ရောက်ရာ၏။

ဇာတ်ပေါင်း ဤသို့လျှင် သဗ္ဗညု မြတ်စွာဘုရားသည် အရဟတ္တဖိုလ်ဖြင့် ဒေသနာတော်၏ အထွတ်ကိုယူတော်မူ၍ "ရဟန်းတို့....ယခုသာလျှင် မောဂ္ဂလာန်၏ သံချိုင်းဥ် ပန်းမိုးရွာသည် မဟုတ်သေး၊ ရှေးဥလည်း မောဂ္ဂလာန်၏ သံချိုင်းဥ် ပန်းမိုးရွာဖူးသည်လျှင်တည်း" ဟု မိန့်တော်မူပြီး လျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူလိုရကား-

၉၃။ သာလိသရော သာရိပုတ္တော၊ မေဏ္ဍိသရော စ ကဿပေါ။
ပဗ္ဗတော အနုရုဒ္ဓေါ စ၊ ကစ္စာယနော စ ဒေဝလော။

www.dhammadownload.com

၉၄။ အနုသိဿော စ အာနန္ဒော၊ ကိသဂေါ်တမီ စ ကောလိတော။
နာရဒေါ ဥဒါယိဒတ္ထရာ၊ ပရိသာ ဗုဒ္ဓပရိသာ။
သရဘင်္ဂါ လောကနာထော၊ ဧဝံ ဓာရေထ ဇာတကံ—
ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

၉၃။ ဘိက္ခဝေ။ ရဟန်းတို့။ သာရိပုတ္တော၊ သာရိပုတြာသည်။ သာလိဿရော၊ သာလိဿရ ရသေ့ဖြစ်ဖူးလေပြီ။ ကဿပေါ စ၊ ကဿပသည်ကား။ မေဏ္ဍိဿရော၊ မေဏ္ဍိဿရ ရသေ့ဖြစ်ဖူးလေပြီ။ အနုရုဒ္ဓေါ စ၊ အနုရုဒ္ဓါသည်ကား။ ပဒုမော၊ ပဒုမ ရသေ့ဖြစ်ဖူးလေပြီ။ ကစ္စာယနော စ၊ ကစ္စည်းမထေရ်သည်ကား။ ဇဝဝလော၊ ငဒဝိလရသေ့ ဖြစ်ဖူးလေပြီ။

၉၄။ အာနန္ဒော စ၊ အာနန္ဒာသည်ကား။ အနုသိဿော၊ အနုသိဿရသေ့ ဖြစ်ဖူးလေပြီ။ ကောလိတော စ၊ မောဂ္ဂလာန်သည်ကား။ ကိသဝစ္ဆော၊ ကိသဝစ္ဆရသေ့ ဖြစ်ဖူးလေပြီ။ ဥဒါယိတ္ထေရော၊ ဥဒါယိ မထေရ်သည်ကား။ နာရဒေါ၊ နာရဒရသေ့ ဖြစ်ဖူးလေပြီ။ ဗုဒ္ဓပရိသာ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည်။ ပရိသာ၊ ထိုအခါ သရဘင်္ဂ ဆရာ ရသေ့၏ ပရိသတ် ရသေ့တို့ ဖြစ်ဖူးကုန်ပြီ။ လောကနာထော၊ လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော ငါဘုရား သည်ကား။ သရဘင်္ဂါ၊ သရဘင်္ဂဆရာ ဖြစ်ဖူးလေပြီ။ ဧဝံ၊ ဤသို့။ ဇာတကံ၊ ဇာတ်ပေါင်းခြင်းကို။ ဓာရေထ၊ မှတ်ကြကုန်လော့။

(ပညာသည်သာ၊ အရာရာ၊ လိုရာအောင်ကြောင်းမှတ်)
နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သရဘင်္ဂဇာတ်သည် ပြီး၏။

၃—အလမ္ဗုသာဇာတ်

အမှတ်သညာ ကင်းမဲ့၍ သောကကြီးစွာ တွေ့ရခြင်း
ဟောတော်မူရာဌာန နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "အထပြဝိဖြဟာ ဣန္ဒြေ" အစ

www.dhammadownload.com

ရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ အလမ္ဗုသာ ဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု [ပစ္စုပ္ပန် ဝတ္ထုကို ကုန္ဒြိယ ဇာတ်၌ ခဲ့ပြီးသလျှင် ကတည်း။]

မိန်းမကြောင့် စျာန်လျှာခြင်း

အထူးကား-သဗ္ဗညု မြတ်စွာဘုရားသည် ထိုရဟန်းကို "ရဟန်း.... သင်သည် ငြီးငွေ့သတတ်ဟူသည် မှန်သလော" ဟု မေးတော်မူ၍ "အရှင် ဘုရား....မှန်ပေ၏" ဟု နားတော်လျှောက်သည်ရှိသော် အဘယ်သူသည် ငြီးငွေ့စေအပ်သနည်း" ဟု မေးတော်မူ၍ "အရှင်ဘုရား....မယားဟောင်း သည် ငြီးငွေ့စေအပ်၏" ဟု နားတော်လျှောက်သည်ရှိသော် "ရဟန်း.... ဤမိန်းမသည် သင်၏ အကျိုးမဲ့ကို ပြုတတ်၏၊ သင်သည် ဤမိန်းမကို အမှီပြု၍ စျာန်ကို ပျက်စီးစေ၍ သုံးနှစ်တိုင်တိုင် သုံးနှစ်တိုပတ်လုံး တွေဝေလျက် သညာကင်းသဖြင့် အိပ်၍ဖြစ်သော သညာဖြင့် သည်းစွာသော ငိုကြွေးခြင်းကို ငိုကြွေးရဖူးပြီ" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားဓလောင်းသည် ကာသိတိုင်းဝယ် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လျှင် ခပ်သိမ်းသော အတတ်တို့၌ အပြီးသို့ရောက်၍ရသေ့ ရဟန်း ပြုပြီးလျှင် တောဒကျောင်း၌ တောသစ်သီး တောသစ်မြစ်ဟူသော အာဟာရ ရှိသည်ဖြင့်၍ မျှ၏။

သမင်မ၏သား

ထိုအခါ တစ်ခုသော သမင်မသည် ထို ရှင်ရသေ့ ရေဟောင်း စွန့်ရာအရပ်၌ သုက်နှင့်ရောဓသော မြက်ကို စား၍ ရေဟောင်းကို သောက်၏။ ဤမျှဖြင့်သာလျှင် ထို ရှင်ရသေ့၌ တပ်စွန်းသော စိတ်ရှိသည် ဖြစ်၍ ကိုယ်ဝန်ရလျှင် ထိုအံ့ခါမှစ၍ တစ်စုံ တစ်ခုသော အရပ်သို့ မသွားမူ၍ ထိုအရပ်၌သာလျှင် မြက်ကို စား၏။ ရှင်ရသေ့ကျောင်း၏ အနီး၌လျှင် ကျက်စား၏။ ဘုရားအလောင်းသည် စုံစမ်းသည်ရှိသော် ထိုအကြောင်းကို

www.dhammadownload.com

သိလေ၏။ ထို သမင်မသည် နောက်အဖို၌ သူငယ်ကိုဖွား၏။ ဘုရားသောင်းသည် ထို သူငယ်ကို သားဟူသော ချစ်ခြင်းဖြင့် မွေးမြူ၏။ ထိုသူငယ်အား "ဣသိသိင်္ဂ" ဟူသော အမည်ကိုမှည့်၏။ ထိုမှ နောက်၌ လိမ္မာသော အဖြစ်သို့ ရောက်သော ထို ဣသိသိင်္ဂကို ဘုရားလောင်းသည် ရဟန်းပြု၍ မိမိ အိုမင်းသောကာလ၌ ထို ဣသိသိင်္ဂ ရှင်ရသေ့ကို ခေါ်၍ မိန်းမသဏ္ဌာန် ပုဉ္စသော ပန်းရှိသောကြောင့် နာရီ အမည်ရှိသော နွယ်ပန်းတောသို့ သွား၍ "ချစ်သား....ဤ ဟိမဝန္တာတော၌ ဤပန်းတို့နှင့် တူကုန်သော မိန်းမတို့မည်သည် ရှိကုန်၏။ ထို မိန်းမတို့သည် မိမိတို့ အလိုသို့ လိုက်ကုန်သော သူတို့ကို ကြိုးစွာသော ပျက်စီးခြင်းသို့ ရောက်စေတတ်ကုန်၏၊ ထို မိန်းမတို့ အလိုမည်သည်ကို လိုက်ခြင်းငှာမအပ်" ဟု ဆိုပြီးလျှင် နောက်အဖို၌ ဖြဟွာပြည်သို့ လား၏။

ရှင်ရသေ့၏ သီလတော်


ဣသိသိင်္ဂ ရသေ့သည် စျာန်ကစားခြင်းကို ကစား ရှင်မြူးလျက် ဟိမဝန္တာ အရပ်၌ နေ၏၊ ပြင်းထန်သော အကျင့်ရှိ၏၊ ချုပ်တည်း စောင့်စည်းသော ဣန္ဒြေ ရှိ၏။

သိကြားမင်း ကြောက်ရွံ့ပြီ

ထိုအခါ ဣသိသိင်္ဂ ရှင်ရသေ့၏ သီလ တန်ခိုးကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်၏။ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကို သိ၍ "ဤရသေ့သည် ငါ့ကို သိကြားအဖြစ်မှ ရွေ့စေလို၏" ဟု နှလုံးသွင်းပြီးလျှင် တစ်ယောက်သော နတ်သမီးကို စေ၍ "ထို ဣသိသိင်္ဂ ရသေ့ သီလကို ဖျက်ဆီးစေအံ့" ဟု အလုံးစုံသော နတ်ပြည်ကို စုံစမ်းသည်ရှိသော် မိမိ၏ နှစ်ဆယ့်ငါးကုဋေ့ အာရအာဠက် ရှိကုန်သော အလုပ်အကျွေးတို့၏ အလယ်၌ တစ်ယောက်သော အလှမူသော အမည်ရှိသော နတ်သမီးကိုထား၍ ထို ဣသိသိင်္ဂရသေ့၏ သီလကို ဖျက်ဆီးအံ့သောငှာ စွမ်းနိုင်သော ငါးပါးသော နတ်သမီးကိုမြင်၍ ထိုအလှမူသော နတ်သမီးကို ခေါ်စေပြီးလျှင် ထို ဣသိသိင်္ဂရသေ့၏ သီလကို ဖျက်ဆီးစိမ့်သောငှာ စေ၏။ ထိုအကြောင်းကို ထင်ရှား ပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်—

။ဂုဉ်ခြုံးထိ ၊ထေဒုကာဝိဝင်ဒိုင်ဂါဝင်ဒိုင်ဂါထေပုဗ္ဗဝင်ယ ဒုံချိဖ်ဝဖ်ထေဝ ၊ဒုံချိဖ်ဝဖ်ထေဝ ၊ထေဝံဇဂါ ဒိုင်ထေဒုဂါထေ ။၎-ဂုဉ်

(ဖ်ဝဇာထေကိလေဒ ၊၈-၀၆၆)



www.dhammadownload.com

www.dhammadownload.com

၉၅။ အထ ဗြဝိ ဗြဟာ ဣန္ဒေ၁၊ ဝဇြဘူ ဇယတံ ပိတာ။
ဒေဝကညံ ပရာဘေတွာ၊ သုဓမ္မာယံ အလမ္ဗုသံ—
ဟူသော ရှေးဦးစွာသော ဤဂါထာကို ဟောတော်မူ၏။

၉၅။ ဘိက္ခဝေ၊ ရဟန်းတို့။ အထ တဒါကာလေ၊ ထိုအခါ၌။ ဇယတံ၊ ရန်ကိုအောင်ကုန်သော သုံးကျိပ် သုံးယောက်ကုန်သော နတ်သား တို့၏။ ပိတာ၊ အဖဖြစ်သော။ ဝဇြဘူ၊ ဝဇြဘူအမည်ရှိသော အသုရာကို လွှမ်းမိုးသော။ ဗြဟာ၊ မြတ်သော။ ဣန္ဒေ၁၊ သိကြားမင်းသည်။ သုဓမ္မာယံ၊ သုဓမ္မာအမည်ရှိသော နတ်သဘင်၌။ နိသိန္နော၊ နေလျက်။ အလမ္ဗုသံ၊ အလမ္ဗုသာ အမည်ရှိသော။ ဒေဝကညံ၊ နတ်သမီးကို။ ပရောဘေတွာ၊ စွမ်းနိုင်၏ဟု သိ၍။ အဗြဝိ၊ ဆို၏။

နတ်သမီးကို ဖျက်ဆီးခိုင်းခြင်း

သိကြားမင်းသည် သုဓမ္မာ အမည်ရှိသော နတ်သဘင်ဝယ် ပဉ္စင်္ဂ ကမ္မလာ ကျောက်နေရာ၌နေလျက် ထို အလမ္ဗုသာ နတ်သမီးကို ခေါ်၍ တောင်းပန်လိုရကား—

၉၆။ မိဿေ ဒေဝါ တံ ယာစန္တိ၊ တာဝတိံသာ သ ဣန္ဒကာ။
ဣသိပ္ပလောဘနေ ဂစ္ဆ၊ ဣသိသိင်္ဂံ အလမ္ဗုသေ—
ဟူသော ဤဂါထာကို ဆို၏။

၉၆။ မိဿေ၊ ယောကျ်းတို့ကို ကိလေသာတည်း ဟူသော အာမိသဖြင့် ရောနှောတတ်သော။ ဣသိပ္ပလောဘနေ၊ ရသေ့တို့ကို ဖြားယောင်းခြင်းငှာ စွမ်းနိုင်သော။ အလမ္ဗုသေ၊ ရှင်မအလမ္ဗုသာ။ တံ၊ ရှင်မကို။ သဣန္ဒကာ၊ သိကြားမင်းနှင့် တကွကုန်သော။ တာဝတိံသာ ဒေဝါ၊ တာဝတိံသာ နတ်တို့သည်။ ဟာစန္တိ၊ တောင်းပန်ကုန်၏။ ဣသိသိင်္ဂံ၊ ဣသိသိင်္ဂ ရသေ့ထံသို့။ ဂစ္ဆ၊ သွားချေလော့။

ဤသို့သောနည်းဖြင့် သိကြားနတ်မင်းသည် "ရှင်မ....သွားချေ၊ ဣသိသိင်္ဂရသေ့သို့ ချဉ်းကပ်၍ မိမိအလိုသို့ ဆောင်ယူသဖြင့် ထိုဣသိသိင်္ဂ ရသေ့၏သီလကို ဖျက်ဆီးချေလော့" ဟုဆို၍ အလမ္ဗုသာ နတ်သမီးကို စေလိုရကား....

www.dhammadownload.com

၉၇။ ပုရာဟံ အမှေ အစ္ဈေတိ၊ ဝတ္တာဝါ ဗြဟ္မစရိယဝါ။
နိဗ္ဗာနဿာဘိရတော ဝုဒ္ဓေါ၊ တဿ မဂ္ဂါနိ အာဝရ—
ဟူသော ဤဂါထာကို ဆို၏။

၉၇။ အလမ္ဗုသေ၊ ရှင်မ အလမ္ဗုသာ။ ဝတ္တာဝါ၊ ဝတ်ကြီး-ဝတ်ငယ်ကို လည်းကောင်း။ ဗြဟ္မစရိယဝါ၊ မြတ်သောအကျင့်ကို လည်းကောင်း။ ပူရေးန္တော၊ ဖြည့်ကျင့်ထသော။ နိဗ္ဗာနဿာဘိရတော။ နိဗ္ဗာဟူဆိုအပ်သော နတ်ပြည်၌ အလွန် မွေ့လျော်ထသော။ ဝုဒ္ဓေါ၊ ဂုဏ်အားဖြင့် ကြီးသော။ အယံ တာပသော၊ ဤဣသိသိဂ် ရသေ့သည်။ အမှေ၊ ငါတို့ကို။ ပုရေ နအစ္ဈေတိ၊ မလွှမ်းမိုးမီ။ တဿ၊ ထိုဣသိသိဂ်ရသေ့၏။ မဂ္ဂါနိ၊ နတ်ပြည်ခရီးတို့ကို။ အာဝရ၊ ပိတ်ပင်တားမြစ်ချေလော့။

ထိုစကားကိုကြား၍ အလမ္ဗုသာနတ်သမီးသည် မိမိအရှင် သိကြားမင်းအား အဒကြောင်းကို ပြန်လျှောက်လိုရကား....

၉၈။ ဒေဝရာဇ ကိမေဝ တုံ၊ မမေဝ တုဝံ သိက္ခသိ။
ဣသိပပွလောဘနေဂစ္ဆ၊ သန္တိအညာပိ အစ္ဆရာ။
၉၉။ မာဒိသိယော ပဝရာ စေဝ၊
အသောကေ နန္ဒနေ ဝနေ။
တာသံပိ ဟောတု ပရိယာယော၊
တာပိ ယန္တု ပလောဘနာ—
ဟူသော ဤဂါထာ နှစ်ခုတို့၏ အပေါင်းကို ဒို၏။

၉၈။ ဒေဝရာဇ၊ အရှင်နတ်မင်း။ တုံ၊ အရှင်နတ်မင်းသည်။ တေံ၊ ထိုအမှုကို။ ကိန္နာမကရောသိ၊ အသို့ ပြုဘော်မူဘိသနည်း။ မမေဝ၊ အကျွန်ုပ်ကိုသာလျှင်။ တုဝံ၊ အရှင်သိကြားမင်းသည်။ ဣက္ခသိ၊ မြင်တော်မူဘိ၏။ ဣသိပပွလောဘနေ၊ ရသေ့ရဟန်းတို့ကို ဖြားယောင်း လှည့်ပတ်ခြင်းငှာ စွမ်းနိုင်သော ရှင်မ အလမ္ဗုသာ။ ဂစ္ဆ၊ သွားချေလော့။ ဣတိ၊ ဤသို့။ မမညေဝ၊ အကျွန်ုပ်ကိုသာလျှင်။ ဝဒသိ၊ ဆိုတော်မူဘိ၏။

၉၉။ အသောကေ၊ စိုးရိမ်ကြောင့်ကြ ဗျာပါရတို့၏ ကင်းရာ ဖြစ်ထသော။နန္ဒနေ၊ နှစ်သက်ခြင်းကိုဖြစ်စေတတ်ထသော။ ဝနေ၊ဥယျာဉ်တော်၌။

www.dhammadownload.com

မာဒိသိယော စေဝ၊ အက္ခန်ပ်နှင့် တူသည်သာလျှင်လည်း ဖြစ်ကုန်သော။ ပဝရာ စေဝ၊ အက္ခန်ပ်ထက် သာလွန်သည်လည်း ဖြစ်ကုန်သော။ အညာ၊ တစ်ပါးကုန်သော။ အစ္ဆရာပိ၊ နတ်သမီးတို့သည်လည်း။ သန္တိ၊ ရှိပါကုန်၏ တကား။ တာသံပိ၊ ထိုနတ်သမီးတို့၏လည်း။ ပရိယာယော၊ အလှည့်သည်။ ဟောတု၊ ဖြစ်ပါစေလော့။ ပလောဘနာ၊ ရသေ့ရဟန်းကို ဖြားယောင်းစိမ့်သောငှာ။ တာပိ၊ ထိုနတ်သမီးတို့ကိုလည်း။ ယန္တု၊ သွားပါစေကုန်လော့။

ထို့နောင်မှ သိကြားမင်းသည် ထိုနတ်သမီး ပြန်လျှောက်သောစကားကို ပယ်သဖြင့် ထိုအလမ္ဗုသာ နတ်သမီးကိုပင်လျှင် အကြောင်းနှင့်တကွ တိုက်တွန်းပြန်လိုရကား-

၁၀၀။ အဒ္ဓါ ဟိ သစ္စံ ဘဏသိ၊ သန္တိ သညာပိ အဿ္စရာ။
တာဒိသိယော ပဝရာ ဧစဝ၊ အသောကေ နန္ဒနေ ဝနေ။
၁၀၁။ န တာ ဧဝံ ပဇာနန္တိ၊ ပါရိစရိယံ ပုမံ ဂတာ။
ယာဒိသံ တံ ပဇာနာသိ၊ နာရိ သဗ္ဗင်္ဂသောဘဏေ။
၁၀၂။ တုမေဝ ဂစ္ဆ ကလျာဏိ၊ ဣတ္ထီနံ ပဝရာ စ သိ။
တဧဝ ဝဏ္ဏရူပေန၊ သဝသ မာနယိဿသိ-

ဟူသော ဤဂါထာတို့ကို ဆို၏။

၁၀၀။ အလမ္ဗုသေ၊ ရှင်မ အလမ္ဗုသာ၊ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ အသောကေ၊ စိုးရိမ်ကြောင့်ကြ ဗျာပါရတို့၏ ကင်းရာ ဖြစ်သော။ နန္ဒနေ၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော။ ဝနေ၊ ဥယျာဉ်တော်၌။ တာဒိသိယောစေဝ၊ ရှင်မနှင့် တူသည်လည်း ဖြစ်ကုန်သော။ ပဝရာ စေဝ၊ ရှင်မထက် သာလွန်သည်လည်း ဖြစ်ကုန်သော။ အညာ၊ တစ်ပါးကုန်သော။ အစ္ဆရာပိ၊ နတ်သမီးတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တသ္မာ၊ ထို့ကြောင့်၊ တုံ၊ သင်ရှင်မသည်။ အဒ္ဓါ၊ စင်စစ်။ သစ္စံ၊ မှန်သောစကားကို။ ဘဏသိ၊ ဆိုပေ၏။

၁၀၁။ သဗ္ဗင်္ဂသောဘဏေ၊ အလုံးစုံသော အင်္ဂါကြီးငယ်၏ တင့်တယ်ခြင်းနှင့် ပြည့်စုံသော။ နာရိ၊ ရှင်မ အလမ္ဗုသာ။ ယာဒိသံ၊ အကြင်သို့သောဘာရှိသော။ ပါရိစရိယံ၊ လုပ်ကျွေးခြင်းကို။ တုံ၊ သင်ရှင်မသည်။ ပဇာနာသိ၊ ၏။ ပုမံ၊ ယောကျ်ားသို့။ ဂတာ၊ ဆည်းကပ်

www.dhammadownload.com

ကုန်သည်ရှိသော်။ တဝ၊ ထိုနတ်သမီးတို့သည်။ ဧဝံ၊ ဤသို့။ ပါရိစရိယံ၊ လုပ်ကျွေးခြင်းကို။ န ပဇာနန္တိ၊ မသိကုန်။

၁၀၂။ ကလျာဏိ၊ ကောင်းသော အင်္ဂါနှင့် ပြည့်စုံသော ရှင်မ အလမ္ဘုသာ။ တုမေဝ၊ သင် ရှင်မသည်သာလျှင်။ ဂစ္ဆ၊ သွားခဲ့လော့။ တုမေဝ၊ သင် ရှင်မသည်သာလျှင်။ ဣတ္ထိနံ၊ မိန်းမတို့ထက်။ ပဝရာ စ၊ မြတ်သည်လည်း။ အသိ၊ ဖြစ်၏။ တဧဝ၊ ရှင်မ၏သာလျှင်၊ ဝဏ္ဏရူပေန၊ အဆင်းသဏ္ဌာန်ဖြင့်။ တံ၊ ထို ဣသိသိင်္ဂရသေ့ကို။ သဝသံ၊ ရှင်မ၏အလိုသို့။ အာနယိသာသိ၊ ဆောင်နိုင်လတ္တံ့။

နတ်သမီး ငြိုင်းဆိုပုံ

ထိုစကားကို ကြားရလျှင် အလမ္ဘုသာ နတ်သမီးသည် အလွန် ထိတ်လန့်သည်ဖြစ်၍ သိကြားမင်းအား မိမိအကြောင်းကို ကြားလျှောက် လိုရကား-

၁၀၃။ န ဝါဟံ န ဂမိဿာမိ၊ ဒေဝရာဇေန ပေသိတာ။
ဝိဘေမိ စေတံ အဿာဒုံ၊ ဥဂ္ဂတေဇော ဟိ ဗြာဟ္မဏော။
၁၀၄။ အနေကာ နိရယံ ပတ္တာ၊ ဣသိမာသာဒိယ ဇနာ။
အာပန္နာ မောဟ သံသာရံ၊ တသ္မာ လောမာနိ ဟံသယေ-
ဟ္မသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၀၃။ ဒေဝရာဇေန၊ အရှင် သိကြားနတ်မင်းသည်။ ပေသိတာ၊ ခန့်တော်မူအပ်သော။ အဟံ၊ အကျွန်ုပ်သည်။ နဂမိဿာမိ၊ မသွားအံ့သည်ကား။ န၊ မဟုတ်။ ဧဝ၊ စင်စစ်။ ဂမိဿာမိ ဧဝ၊ သွားအံ့သည်သာလျှင်တည်း။ စ၊ ထိုသို့မူကား။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ ဗြာဟ္မဏော၊ ဣသိသိင်္ဂရသေ့သည်။ ဥဂ္ဂတေဇော၊ ပြင်းထန်သော တန်ခိုးရှိ၏။ တသ္မာ၊ ထို့ကြောင့်။ သီလဘေဒနတ္ထာယ၊ သီလကိုဖျက်ဆီးအံ့သောငှာ။ ဧတံ၊ ထိုဣသိသိင်္ဂရသေ့ကို။ အဿာဒုံ၊ သာယာ ကပ်ငြိစေသောငှာ။ ဝိဘေမိ၊ ကြောက်ပါ၏။

၁၀၄။ မောဟာ-မောဟေန၊ မိုက်မဲ တွေဝေသော အားဖြင့်၊ ဣသိံ၊ ရှင်ရသေ့ကို။ အာသာဒိယ၊ ဖြားယောင်းဖျက်ဆီး၍။ သံသာရံ၊

www.dhammadownload.com

သံသရာ၌။ အာဝန္ဒာ၊ ကျင်လည်ခြင်းသို့ ရောက်ကုန်သော။ နိရယံ၊ ငရဲ၌။ ပတ်တာ၊ ဖြစ်ကုန်သော။ ဇနာ၊ သတ္တဝါတို့သည်။ အနေကာ၊ များစွာကုန်၏။ တသ္မာ၊ ထို့ကြောင့်။ စိန္တေယမာနာ သမေဝ၊ သိလကို ဖျက်ဆီးအံ့ဟု ကြံစဉ်ပင်လျှင်။ လောမာနိ၊ အမွေးတို့သည်။ ဟံသယေ-ဟံသန္တိ၊ ရှင်ကုန်၏။

ဖျက်ဆီးရန်သဲ့ပြီ

ဤသို့သော စကားကိုဆိုပြီး၍ အလမ္ဗုသာ နတ်သမီးသည် ဣသိသိင်္ဂရှင်ရသော့ အထံသို့ သွားလေသတတ်။ ထိုအခါကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်....

၁၀၅။ ဣဒံ ဝတ္ဝာန ပက္ကာမိ၊ အစ္ဆရာ ကာမဝဏ္ဏိနီ။
မိဿာ မိဿိတု မိစ္ဆန္တီ၊ ဣသိသိင်္ဂံ အလမ္ဗုသာ။
၁၀၆။ သာ စ တံ ဝနမောဂယ္ဟ၊ ဣသိသိင်္ဂေန ရက္ခိတံ။
ဗီမိဇာလက သဉ္ဆန္နံ၊ သမန္တာ အမုယောဇနံ။
၁၀၇။ ပါတေဝ ပါတရာသမ္ပိ၊ ဥဒဏ္ဍဲ သမယံ ပတိ။
အဂ္ဂိဋ္ဌံ ပရိမဇ္ဇန္တံ၊ ဣသိသိင်္ဂံ ဥပါဂမိ—

ဟူသော ဤသုံးဂါထာကို ဟောတော်မူ၏။

၁၀၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာဝမဏ္ဍိနီ၊ နှစ်လိုဖွယ်သော အဆင်းရှိထသော။ မိဿာ၊ ယောကျွဲးတို့ကို ကိလေသာဖြင့် ရောနှောတတ်သော။ အလမ္ဗုသာ၊ အလမ္ဗုသာအမည်ရှိသော။ အစ္ဆရာ၊ နတ်သမီးသည်။ ဣဒံဝစနံ၊ ဤသို့သော စကားကို။ ဝတ္ဝာန၊ ဆို၍။ မိဿိတုံ၊ ကိလေသာဖြင့် ရောနှောခြင်းငှာ။ ဣစ္ဆန္တီ၊ အလိုရှိသည်ဖြစ်၍။ ဣသိသိင်္ဂံ၊ ဣသိသိသိင်္ဂ ရှင်ရသော့ အထံသို့။ ပက္ကာမိ။ သွားလေ၏။

၁၀၆။ ဘိက္ခဝေ၊ ရဟန်းတို့။ သာ စ၊ ထိုအလမ္ဗုသာ နတ်သမီးသည်လည်း။ ဣသိသိင်္ဂေန၊ ဣသိသိင်္ဂ ရှင်ရသော့သည်။ ရက္ခိတံ၊ စောင့်ရှောက်အပ်သော။ ဗီမိဇာလကသဉ္ဆန္နံ၊ နီသော အညွှန့်ရှိသော သစ်ပင်တို့ဖြင့် ဖုံးလွှမ်းအပ်သော။ [1](တစ်နည်းကား) ကြက်မောက်ပင်တို့ဖြင့် ဖုံးလွှမ်းအပ်ထသော။ သမန္တာ၊ ထက်ဝန်းကျင်မှ။ အမုယောဇနံ၊ ယူဇနာခဲ့ရှိသော။ တံ ဝနံ၊ ထိုတောသို့။ ဩဂယ္ဟ၊ သက်ဝင်၍။

www.dhammadownload.com

၁၀၃။ ပါတရာသမှိ၊ နံနက်စာစားချိန်၌။ ပါတေဝ၊ စော
သည်သာလျှင် ဖြစ်သော။ ဥဒဏ္ဍသမယံပတိ၊ နေဝန်းပြုအချိန်၌။ အဂ္ဂိဠ်၊
မီးတင်းကုပ်ကို။ ပရိမဇ္ဇန်၊ တံမြက်လှည်း၍ နေသော။ ဣသိသိင်္၊
ဣသိသိင် ရှင်ရသေ့ မျက်နှာစာသို့။ ဥပါဂမိ၊ မိန်းမတို့၏ တင့်တယ်စံပယ်
ခြင်းကို ပြုလျက် ချဉ်းကပ်လေ၏။

ရှင်ရသေ့၏ ချီးမွမ်းချက်

ထိုအခါ အလမ္မုသာ နတ်သမီးကို ဣသိသိင် ရှင်ရဿသေ့သည်
မေးလိုရကား—

၁၀၈။ ကာ နု ဝိဇ္ဇုရိဝါဘာသိ၊ သြသဓိ ဝိယ တာရကာ။
ဝိစိတ္တဟတ္ထာဘရဏာ၊ အာမုက္ကမဏိကုဏ္ဍလဲာ။
၁၀၉။ အာဒိစ္စဝဏ္ဏဿက်ာသာ၊ ဟေမ စန္ဒန ဂန္ဓိနီ။
သညတူရူ မဟာမာယာ၊ ကုမာရီ စာရုဒဿနာ။
၁၁၀။ ဝိလဂ္ဂါ မုဒုကာ သုဒ္ဓါ၊ ပါဒါတေ သုပတိဋ္ဌိထာ။
ဂမနာ ကာမနီယာတေ၊ ဟရန္တီယေဝ မေ မနော။
၁၁၁။ အနုပုဗ္ဗာ စ တေ ဉီရူ၊ နာဂ နာ သ သမူပမာ။
ဝိမဋ္ဌာ ဟုယ္ဂံ သုသောဏီ၊ အက္ခဿ ဖလကံ ယထာ။
၁၁၂။ ဥပ္ပလဿေဝ ကိဉ္ဇက္ခာ၊ နာဘီ တေ သာဓုသုဏ္ဌိတာ။
ပုရာ ကက္ကဇိနဿေဝ၊ ဒူရတော ပတိဒိဿတိ။
၁၁၃။ ဒုဝိဓာ ဇာတာ ဥရုဇာ၊ အဝဏ္ဏာ သာဓုပစ္စုဒါ။
ပယောဓရာ အပတိတာ၊ အဓုလာဗုသမာ ထနာ။
၁၁၄။ ဒီဃာ ကမ္မုတလာဘာသာ၊ ဂီဝါ ဧကေယျကာ ယထာ။
ပဏ္ဍရာဝရဏာ ဝဂ္ဂူ၊ စတုတ္ထ မနသန္နိဘာ။
၁၁၅။ ဥဒ္ဓဂ္ဂါစ အဓဂ္ဂါစ၊ ဒုမဂ္ဂ ပရိမဇ္ဇိတာ။
ဒုဝိဓာ နေလသမ္ဘူတာ၊ ဒန္တာ တဝ သုဒဿနာ။
၁၁၆။ အပဏ္ဍရာ လောဟိတန္တာ၊ ဇိဉ္ဇုက ဖလသန္နိဘာ။
အာယတာ စ ဝိသာလာ စ၊ နေတ္တာ တဝ သုဒဿနာ။
၁၁၇။ နာတိဒီဃာ သုသမ္မဒ္ဒါ၊ ကနက ဗျာသမောစိတာ။
ဥတ္တမင်္ဂရုဟာ တုယ္ဟံ၊ ကေသာ စန္ဒနဂန္ဓိကာ။

www.dhammadownload.com

၁၁၈။ ယာဝတာ ကသိ ဂေါရကွာ၊ ဝါဏိဇာနံ စ ယာ ဂတိ။
ဣသီနဉ္စ ပရက္ကန္တံ၊ သညတာနံ တပဿိနံ။

၁၁၉။ နတေ သမသမံ ပဿေ၊ အသ္မိံ ပထဝီ မဏ္ဍလေ။

ကော ဝါ တုံ ကဿ ဝါ ပုတ္တော၊ ကထံ ဇာနေမု တံ မယံ—
ဟူသော ဤတစ်ဆယ့်နှစ်ဂါထာတို့ကို ဆို၏။

၁၀၈။ ဝိစိတ္တဟတ္ထာဘရဏာ၊ ဆန်းကြယ်သော လက်ဝတ်တန်ဆာလည်း ဆင်ယင်ထသော။ အာမုက္တမဏိကုဏ္ဍလာ၊ ပုလဲသွယ် လည်ရဲ့ ပတ္တမြား နားတောင်းလည်း ဆင်ယင်ထသော။ တုံ၊ သင်သည်။ ဝိဇ္ဇုရိဝ၊ လျှပ်စစ်နွယ်ကဲ့သို့ လည်းကောင်း။ သြသဓီ ဇာရကာ ဝိယ၊ သောက်ရှူးကြယ်ကဲ့သို့ လည်းကောင်း၊ အာဘာသိ၊ ထွန်းပ၏။ ကာ နု၊ အာဘယ်သူနည်း။

၁၀၉။ တုံ၊ သင်သည်။ အာဒိစ္စဝဏ္ဏ သက်ဝသာ၊ နေမင်းကဲ့သို့ ထွန်းလင်းသော အရောင်လည်း ရှိ၏။ ဟေမ စန္ဒန ဂန္ဓိနီ၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော စန္ဒကူးနံ့သာလည်း လိမ်းကျံ၏။ သညတူရူ၊ လုံးသော တစ်ခဲနက်သော ဥရုလက္ခဏာလည်းရှိ၏။ မဟာမာယာ၊ မျှားသော မာယာလည်း ရှိ၏။ ကုမာရီ၊ ပျိုနု၏။ စာရုဒဿနာ၊ ရှုချင်စဖွယ် ရှိ၏။

၁၁၀။ ဝိလဂ္ဂါ၊ သေးသေး သွယ်သွယ် တင့်တယ်သော ခါးလည်း ရှိ၏။ မုဒုကာ၊ နူးညံ့၏။ သုဒ္ဓါ၊ ညစ်ကြေးမတင် သန့်ရှင်းစင်၏။ တေ-တဝါ၊ သင်၏။ ပါဒါ၊ ခြေတို့သည်။ သုပ္ပတိဋ္ဌိတာ၊ ကောင်းစွာ မြေဦး အညီအညွတ် တည်ကုန်၏။ တေ-ဘဝါ၊ သင်၏။ ကာမနီယာ၊ နှစ်သက်ဖွယ်သော ဂုဏ်နှင့် ယှဉ်ကုန်သော။ ဂမနာ၊ ယဉ်ကျေးစွာသော သွားခြင်းတို့သည်။ မေ၊ ငါ၏။ မနော၊ စိတ်ကို။ ဟရန္တီယော၊ ဆောင်နိုင်ကုန်သည် သာလျှင်ကတည်း။

၁၁၁။ တေ-တဝါ၊ သင်၏။ ဥရူ စ၊ ပေါင်တို့ သည် လည်း။ အနုပုဗ္ဗာ၊ အစဉ်အတိုင်း အရင်းကြီး၍ အဖျား သေးသွယ်ကုန်သည်ဖြစ်၍။

www.dhammadownload.com

နဂဂ နဂသ သမ္ဗုပမာ၊ ဆင်နှာမောင်းနှင့် တူကုန်၏။ အကွသ ဖလကံ ယထာ၊ ကြွေအန်ကစားသော ပျဉ်ကဲ့သို့။ တုယ္ဟံ၊ သင်၏။ သုဿာဏီ၊ ကောင်းသော ခါးသည်။ ဝိမဋ္ဌာ၊ တင့်တယ် ပြေပြစ်ပေစ့။

၁၁၂။ တေ-တဝ၊ သင်၏။ နာ-ဘိ၊ ချက်သည်။ သာဓုသဏ္ဌိတာ၊ ကောင်းသောသဏ္ဌာန်ရှိ၏။ ဥပပ္ပလဿ၊ ကြာညို၏။ ကိဉ္ဇက္ခာ ဣဝ၊ အချက်ကဲ့သို့ လည်းကောင်း။ ကဏ္ဏာ ဇိနဿ၊ သစ်နက်ရေဖြင့်။ ပူရာ ဣဝ၊ ပြည့်ဘိသကဲ့သို့ လည်းကောင်း။ ဒုရတော၊ အဝေးမှ။ ပတိဒိဿတိ၊ စိမ့်စိမ့် ညို.ညို. ထင်၏။

၁၁၃။ တေ-တဝ၊ သင်၏။ ဒုဝိဓာ ဇာတာ၊ နှစ်ခုအစုံ ဖြစ်သော။ ဥရဇာ၊ ရင်၌ ရောက်ကုန်သော။ ပယောဓရာ၊ နို့ရည်ကို ဆောင်ကုန်သော။ ထနာ၊ သားမြတ်တို့သည်။ အဝဇ္ဇာ၊ အညွှာလည်း မရှိကုန်။ သာဓုပစ္စုဒါ၊ ကောင်းစွာ ရင်မှ ထွက်ပြူကုန်၏။ အပွတိကာ၊ တဲ့လျားမကျ မတွန့်မချို.ကုန်။ အဖုလာဗုသမာ၊ ရွှေအင်ပျဉ်ဝယ် တင်၍ ထားအပ်သော ကောင်းစွာ လုံးသော ရွှေဘူးသီး၏ ထက်ဝက်နှင့် တူကုန်၏။

၁၁၄။ တေ-တဝ၊ သင်၏။ ဂိဝါ၊ လည်သည်။ ဧဏေယျကာ ယထာ၊ ဧဏီမည်သော သား၏ လည်ကဲ့သို့။ ဒီဃာ၊ အတန်ငယ်ရှည်၏။ ကမ္မုတလာဘာသာ၊ ရွှေဖြင့် ပြီး သော မုရိုး စည်ငယ်နှင့် တူ၏။ ပဏ္ဍရာဝရဏာ၊ နှုတ်ခမ်းတို့သည်။ စတုတ္ထ မနသန္ဒိဘာ၊ လျှာအဆင်းကဲ့သို့ နီဝင်းကုန်သည်ဖြစ်၍။ ဝဂ္ဂူ၊ တင့်တယ်ကုန်၏။

၁၁၅။ တဝ၊ သင်၏။ ဥဒ္ဓဂ္ဂါစ၊ အထက်သို့ အဖျားရှိသည်လည်း ဖြစ်ကုန်ထသော။ အဓဂ္ဂါစ၊ အောက်သို့ အဖျားရှိသည်လည်း ဖြစ်ကုန်ထသော။ ဒုမဂ္ဂပရိမဋ္ဌတာ၊ တံပူဖြင့် ပုတ်တိုက်အပ်သည် ဖြစ်၍ စင်ကြယ်ကုန်သော။ နေလသမ္ဟာတာ၊ အပြစ်မရှိကုန်သော သွားဖုံးသားတို့၏ အဆုံးခြင် ငရုက်ကုန်သည်ဖြစ်၍။ ဒုဝိဓာ၊ နှစ်ဖို့သော အရပ်ခြင် တည်ကုန်သော။ ဒန္တာ၊ သွားတို့သည်။ သုဒဿနာ၊ ရှုချင်စဖွယ် ရှိကုန်၏။

၁၁၆။ အပဏ္ဍရာ၊ ညိုသင့်ရာဝယ် စိမ်းစိမ်းညိုကုန်ထသော။ လောဟိတန္တာ၊ အနီလျှင် အဆုံးရှိကုန်ထသော။ ဇိဉ္ဇကဖလသန္နိဘာ၊

www.dhammadownload.com

နိသင့်ရာ၌ ချင့်ရွေးရောင် အဆင်းကဲ့သို့ နိဝင်းကုန်ထသော။ အာယတာ စ၊ ရှည်လည်း ရှည်ကုန်ထသော။ ဝိသာလာ စ၊ ကျယ်လည်း ကျယ်ကုန် ထသော။ တဝ၊ သင်၏။ နေတ္တာ၊ မျက်စိတို့သည်။ သုဒဿနာ၊ အလွန် ရှုချင်စဖွယ် ရှိကုန်၏။

၁၁၇။ တုယ္ဟံ၊ သင်၏။ နာတိဒီဃာ၊ မရှည်လွန်းကုန်ထသော။ သုသမ္မဋ္ဌာ၊ ကောင်းစွာ ပြေပြစ်ကုန်ထသော။ ကနကဗျာသမောစိတာ၊ ရွှေခွက်၌ ထည့်အပ်သော ဆီမွေးကို လိမ်းဆွတ်၍ ကောင်းစွာ ဖြီးလိမ်း ကုန်ထသော။ ဥတ္တမင်္ဂရုဟာ၊ မြတ်သော အင်္ဂါဟု ဆိုအပ်သော ဦးခေါင်း၌ ရောက်ကုန်ထသော။ ကေသာ၊ ဆံတို့သည်။ စန္ဒနဂန္ဓိတာ၊ စန္ဒကူးနံ့ တကြိုင်ကြိုင် လှိုင်ကုန်၏။

၁၁၈။ ယာဝတာ-ယတ္တကာ၊ အ ကြင် မျှ လောက် ကုန် သော။ ကာသိဂေါရကဿ၊ လယ်ယာထွန်၍ အသက်မွေးသော သူ, နွားကျောင်း၍ အသက်မွေးသော သူတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသံ-တတ္တကာနဉ္ဉ၊ ထိုမျှလောက်ကုန်သော သူတို့၏ လည်းကောင်း။ ဝါဏိဇာနံ၊ ကုန်သည် တို့၏ လည်းကောင်း။ ယာဂတိစ၊ အကြင်ဖြစ်ရာ အရပ်သည် လည်း ကောင်း။ သညတာနံ၊ ကိုယ်, နှုတ်, နှလုံး သုံးပါးကို စောင့်ရှောက်ကုန်ထ သော။ တပဿီနံ၊ ခြိုးခြံသော အာကျင့်ရှိကုန်ထသော။ ဣသီနံ၊ ရသေ့ တို့၏။ ပရက္ကန္တဉ္ဉ၊ သွားလာရာ အရပ်သည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။

၁၁၉။ အသ္မိံ တာဒိသေ၊ ထိုသို့သဘောရှိသော။ ပထဝီမဏ္ဍလေ၊ မြေအပြင်၌။ ဝသန္တေသု၊ နေကုန်သော။ သဗ္ဗေသု၊ ခပ်သိမ်းကုန်သော။ တေသု၊ ထိုသူတို့တွင်။ တေ-တယာ၊ သင်နှင့်။ သမသမံ၊ ထပ်မျှတူသော သူကို။ န ပသေ၊ ငါ မမြင်စဖူး။ တုံ၊ သင်သည်။ ကော ဝါ၊ အဘယ်သူ နည်း။ ကဿ ဝါ၊ အဘယ်သူ၏မူလည်း။ ပုတ္တော၊ သားပေနည်း။ ကထံ၊ အဘယ်သို့လျှင်။ တံ၊ သင့်ကို။ မယံ၊ ငါတို့သည်။ ဇာနေမု၊ သိရကုန်အံ့ နည်း။

နတ်သမီး ချစ်ခွင့်ပေးခြင်း

ဤ တစ်ဆယ့်နှစ်ဂါထာဖြင့် ခြေဖျားမှစ၍ ဆံဖျားတိုင်အောင် မိမိ ဂုဏ်အထူးကို ဣသိသိင်္ဂ ရှင်ရသေ့ ချီးမွမ်း ပြောဆိုသည်ရှိသော်

www.dhammadownload.com

အလမ္ဗုသာ နတ်သမီးသည် ဆိတ်ဆိတ်နေလျက် ထိုဂါထာ၏ အနုသန္ဓေသို့ လျော်သဖြင့် ထို ဣသိသိဂ် ရသေ့ မိန်းမော တွေဝေသည်၏ အဖြစ်ကို သိ၍ ဣသိသိဂ် ရှင်ရသေ့အား အခွင့်ကို ပေးလိုရကား—

၁၂၀။ နု ပဥ္စကာလော ဘဒ္ဒန္တေ၊ ကဿ ပေဝံ ဂတေ သတိ။
ဧဟိ သမ္မ ရမိဿာမ၊ ဥဘော အဿမာက မဿမေ။
ဧဟိ တံ ဥပဂူဟိဿံ၊ ရတီနံ ကုသလော ဘဝ—

ဟူသော ဂါထာကို ဆို၏။။

၁၂၀။ ကဿပ၊ ကဿပအနွယ် ဖြစ်တော်မူသော။ ဘဒ္ဒန္တေ၊ မျက်နှာရောင်ဆင်း ကြေးညွှန်းမတင် လှတံကျင်သည် သခင်ဘုန်းဟေ့ ရှင်ရသေ့။ ဧဝံ၊ ဤသို့။ တဝ၊ အရှင်ဘုရား၏။ စိတ္တေ၊ ကြင်နာယုံဖိတ်သော မေတ္တာစိတ်သည်။ ဂတေ၊ အကျွန်ုပ်ဆီသို့ ရောက်သည်။ သတိ၊ ရှိသော်။ နု ပဥ္စကာလော၊ မေးမြန်းသင့်သောကာလ မဟုတ်ကုန်ပြီ။ သမ္မ၊ အရှင်ကောင်း။ ဧဟိ၊ ကြွတော်မူလှည့်လော့။ ဥဘော၊ နှစ်ယောက်ကုန်သော။ အဿမာက၊ အကျွန်ုပ်တို့သည်။ အဿမေ၊ ကျောင်းတွင်း၌။ ရမိဿာမ၊ မွေ့လျော် ရှင်ပျော်ကြကုန်အံ့။ ဧဟိ၊ ကြွတော်မူလှည့်လော့။ တံ၊ အရှင်ဘုရားကို။ ဥပဂူဟိဿံ၊ ပိုက်ဖက်ပါအံ့။ တံ၊ အရှင်ဘုရားသည်။ ရတီနံ၊ ငါးပါးသော ကာမဂုဏ်တို့ဖြင့် မွေ့လျော် ရှင်ပျော်သော သူတို့ထက်။ ကုသလော၊ လိမ္မာမွန်မြတ်သော သူသည်။ ဘဝ၊ ဖြစ်တော်မူပါလော့။

ဤဂါထာဖြင့် ခွင့်ပေးပြောဆို၍ အလမ္ဗုသာ နတ်သမီးသည် “ငါသည် ရပ်လျက်နေသည်ရှိသော် ရသေ့သည် လဲကျပါးသို့ မလာလုတ်တံ့၊ သွားတော့မည်ကဲ့သို့ သွားဟန်ပြုအံ့” ဟု ကြံ၏။ ကြံပြီး၍ ထို အလမ္ဗုသာ နတ်သမီးသည် မိန်းမတို့၏ မာယာ၌ လိမ္မာသည်၏ အဖြစ်ကြောင့် ဣသိသိဂ် ရှင်ရသေ့ကို တုန်လှုပ်စေ၍ လာခဲ့သော ခရီးသို့ ရှေးရှုသွားဟန် ပြု၏။

ရသေ့လေး လိုက်၍ဆွဲပြီ

ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရား

www.dhammadownload.com

၁၂၁။ ဣဒံ ဝတ္ဝာန ပက္ကာမိ၊ အစ္ဆရာ ကာမဝဏ္ဏိနီ။
မိဿာ မိဿိတု မိစ္ဆန္တီ၊ ဣသိသိင်္ဂ အလမ္ဗုသာ—
ဟူသော ဤဂါထာကို ဟောတော်မူ၏။

၁၂၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာမဝဏ္ဏိနီ၊ နှစ်သက်ဖွယ်သော အဆင်းရှိသော။ မိဿာ၊ ယောကျ်ားတို့ကို ကိလေသာဖြင့် ရောနှောတတ်သော။ အလမ္ဗုသာ၊ အလမ္ဗုသာ အမည်ရှိသော။ အစ္ဆရာ၊ နတ်သမီးသည်။ မိဿိတုံ၊ ကိလေသာဖြင့် ရောနှောခြင်းငှာ။ ဣစ္ဆန္တီ၊ အလိုရှိသည် ဖြစ်၍။ ဣသိသိင်္ဂံ၊ ဣသိသိင်္ဂ ရသေ့ကို။ ဣဒံဝစနံ၊ ဤသို့ လာလှည့် ဟူသော စကားကို။ ဝတ္ဝာန၊ ဆိုပြီး၍။ ပက္ကာမိ၊ သွားဟန် ပြု၏။

ထိုအခါ ဣသိသိင်္ဂ ရသေ့သည် အလမ္ဗုသာ နတ်သမီး သွားသည်ကို မြင်၍ "ဤသူသည် သွားခဲ့ပြီ" ဟု မိမိ၏ ညံ့သော အားထုတ်ခြင်းဟု ဆိုအပ်သော ဖြည်းဖြည်းညင်းညင်း သွားခြင်းကို ဖြတ်၍ လျင်မြန်စွာ ပြေးလျက် ဆံထုံးတို့၌ လက်ဖြင့် သုံးသပ် ဆဲငင်၏။

ဗျာန်လျှောရခြင်း

ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၁၂၂။ သော စ ပေဠေန နိက္ခမ္မ၊ ဆေတ္ဝာ ဒန္ဓပရက္ကမံ။
တမ္ဟတ္တမာသု ဝေဏိသု၊ အဗ္ဗပ္ပတ္တော ပရာမသိ။
၁၂၃။ တမုဒါဝတ္တ ကလျာဏိ၊ ပလိဿင်္ဂီ သုသောဘဏာ။
စဝိ တမ္ပိ ဗြဟ္မစရိယာ၊ ယထာ တံ အထ တောသိတာ။
၁၂၄။ မနသာ အဂမာ ဣန္ဒံ၊ ဝသဿံ နန္ဒနေ ဝနေ။
တဿာ သက်ပွ မညာယ၊ မဃဝါ ဒေဝကုဉ္ဇရော။
၁၂၅။ ပလ္လင်္ကံ ပဟိဏံ ခိပ္ပံ၊ သောဝဏ္ဏံ သောပဝါဟနံ။
သဉ္ဇာတရုန္ဓဒ ပညာသံ၊ သဟဿ ပဋိယတ္ထတံ။
၁၂၆။ တမေနံ ကတ္ထ ဓာရေသိ၊ ဥရေ ကတ္ဝာန သောဘဏာ။
ယထာ ဧက မုဟုတ္တံဝ၊ တိဏိ ဝဿနိ ဓာရယိ။

www.dhammadownload.com

၁၂၇။ ဝိမဒေါ တိဟိ ပဿေဟိ၊ ပဗုဇ္ဈိတ္ဝာန ဗြာဟ္မဏော-
အဒ္ဒသာသိ ဟရိရုက္ခေ၊ သပန္ဆာ အဂ်ိယာယနံ။

၁၂၈။ နဝပတ္တဝနံ ဖုလ္လံ၊ ကောကိလဂ်ဏဃောသိတံ။
သမန္ဆာ ပဝိလောဒကတ္ဝာ၊ ရုဒံ အဿုနိ ဝတ္တယိ။

၁၂၉။ နဒုဟော နဒပေ မဒန္တော၊ အဂ်ဟုတ္တော ပဟာပတ။
ကော နု မေ ပါရိစရိယာယ၊ ပုဇ္ဇေ စိတ္တံ ပလောဘယိ။

၁၃၀။ အရညေ မေ ဝိဟရတော၊ ယော မေ ဇာဇဟသမ္ဘုတံ။
နာနာ ရဘန ပရိပူရံ၊ နာဝံဝ ဂဏ္ဍိ အဇ္ဇဝေ—

ဟူသော ဤကိုးဂါထာတို့ကို ဟောတော်မူ၏။

၁၂၂။ ဘိက္ခဝေ၊ ရဟန်းတို့။ သော၊ ထိုဣသိသိဂ်ရသေ့သည်။ ဒန္ဓပရက္ကမံ၊ ညံ့သောအားထုတ်ခြင်းဟု ဆိုအပ်သော ဖြည်းဖြည်း ညင်းညင်း သွားခြင်းကို။ ဆောဋ္ဌာ၊ ဖြတ်၍။ ဝဝေနေ၊ လျင်မြန်စွာ။ နိက္ခမ္မ၊ ပြေးလာ၍။ အဇ္ဈုပ္ပတ္တော၊ မှီတည့်လေလျှင်။ တံ၊ ထိုအလမ္ဗုသာ နတ်သမီးကို။ ဥတ္တမာသု၊ မြတ်ကုန်သော။ ဝဏ္ဏိသု၊ ဆံထုံးတို့၌။ ပရာမသိ၊ သုံးသပ်ဆဲဝင်လေ၏။

၁၂၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ကလျာဏီ၊ ကောင်းသော ကိုယ်အင်္ဂါနှင့် ပြည့်စုံသော။ သုသောဘဏာ၊ အလှန်တင့်တယ်သော အလမ္ဗုသာနတ်သမီးသည်။ တံ၊ ထိုဣသိသိဂ် ရသေ့ကို။ ဥဒါဝတ္တာ၊ ပြန်လည်၍။ ပလိဿဇိ၊ ပိုက်ဖက်၏။ တာပသော၊ ဣသိသိဂ်ရသေ့သည်။ တမှိ ဗြဟ္မစရိယာ၊ ထိုမြတ်သော အကျင့်မှ။ စဝိ၊ ရွေ့လျောလေ၏။ ယထာ၊ အကြောင်းအခြင်းဖြင့်။ တံ၊ ထိုသို့ကြားမင်းသည် တောင့်တ,အပ်သော အလိုဆန္ဒသည်။ တထေဝ၊ ထိုဇောတ်တ,တိုင်းသာလျှင်။ အဟောသိ၊ ဖြစ်လေ၏။ အထ၊ ထိုအလိုဆန္ဒ တောင့်ဘတိုင်း ပြည့်စုံသည်ရှိသော်။ ကက္ကသ၊ သိကြားမင်းသည်။ ဒေဝကညာ၊ အလမ္ဗုသာ နတ်သမီးကို။ တောသိတာ၊ နှစ်သက်လေ၏။

၁၂၄။ ဘိက္ခဝေ၊ ရဟန်းတို့။ သော၊ ထိုအလမ္ဗုသာ နတ်သမီးသည်။ နန္ဒနေဝနေ၊ နှစ်သက်ခြင်းကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သည်၏

www.dhammadownload.com

အဖြစ်ကြောင့် နန္ဒဝန်ဟု ဆိုအပ်သော တာဝတိံသာ နတ်ပြည်၌။ ဝသန္တံ၊ နေသော။ ဣန္ဒံ၊ သိကြားမင်းကို။ မနသာ၊ စိတ်ဖြင့်။ အဂမာ၊ အောက် မေ့တခေါ် မျှော်လင့်လေ၏။ ဒေဝကုဉ္ဇရော၊ နတ်တို့ထက် မြတ်ထသော။ မဃဝါ၊ သိကြားမင်းသည်။ တဿာ၊ ထိုအလ်မ္ဗုသာ နတ်သမီး၏။ သက်ပ်ံ၊ အကြံကို။ အညာယ၊ သိ၍။

၁၂၅။ သောဝဏ္ဏံ၊ ရှေဖြင့်ပြီးထသော၊ သောပဝါဟနံ၊အခြံအရံ နှင့်တကွသော။ သဉ္ဇာတရစ္ဆဒပညာသံ၊ ငါးဆယ်သော အပေါ်လွှမ်း ဗိတာန်နှင့်တကွသော။ သဟဿ ပဋိယတ္ထတံ၊ တစ်ထောင်သော နတ်ကော် ဇောလည်း ခင်းထသော။ ပလ္လင်္ကံ၊ ပလ္လင်ကို။ ခိပ်ံ၊ လျင်စွာ။ ပါဟိဏိ၊ ပို့စေ၏။

ရသေ့လေး ၃-နှစ် မေ့နေခြင်း

၁၂၆။ ဘိက္ခဝေ၊ ရဟန်းတို့။ သောဘဏာ၊ တင့်တယ်ခြင်းနှင့် ပြည့်စုံထသော အလမ္ဗုသာ နတ်သမီးသည်။ တတ္ထ၊ ထိုနတ်ပလ္လင်၌။ နိသိန္နာ၊ နေလျက်။ တမေနံ၊ ထိုဣသိသိဂ်် ရသေ့ကို။ ဥရေကတ္ဝာန၊ ရင်၌ပိုက်၍။ ဓာရေသိ၊ ဆောင်၏။ ကေမုဟုတ္တံဝ၊ တစ်ခဏမျှသာလျှင်။ ဓာရေတိ ယထာ၊ ဆောင်သကဲ့သို့။ တထာ၊ ထို့အတူ။ တီဏိ ဝဿာနိ၊ သုံးနှစ်တို့ပတ်လုံး။ ဓာရယိ၊ ဆောင်၏။

သတိရ၍ ငိုရပြီ

၁၂၇။ ဘိက္ခဝေ၊ ရဟန်းတို့။ ပြာဟ္မဏော၊ ဣသိသိဂ််ရသေ့ သည်။ တီဟိဝဿေဟိ၊ သုံးနှစ်တိုင်မှ။ ဝိမဒေါ၊ မိန်းမော တွေဝေခြင်း ပြေသည်ဖြစ်၍။ ပဗုဋ္ဌိတ္ဝာန၊ နိုး၍။ အဂ္ဂိယာယနံ၊ မီးတင်းကုပ်ကို။ ပရိဝါရေတ္ဝာ၊ ခြံရုံ၍၊ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဥဋေ၊ တည်ကုန်သော။ ဟရိတရုက္ခေ၊ စိမ်းညိုသော အရွက်ရှိကုန်သော သစ်ပင်တို့ကို။ အဒ္ဒသာသိ၊ မြင်လေ၏။

၁၂၈။ ဘိက္ခဝေ၊ ရဟန်းတို့၊ ပြာဟ္မဏော၊ ဣသိသိဂ်် ရသေ့ သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဥဋံ၊ တည်သော။ ကောကိလဂ္ဂဏ ဓေယျသိတံ၊ ဥဩအပေါင်းတို့၏ တွန်မြူးရာဖြစ်သော။ ဖုလ္လံ၊ ပွင့်လင်း

www.dhammadownload.com

စည်ပင်ထသော။ နဝပတ္တာဝနုံ၊ ပေါက်သစ်စဖြစ်သော ရွက်နုရှိသော တောကို။ ပဝိလောကေတွာ၊ ကြည့်၍။ ရုဒံ-ရုဒန္တော၊ ဦးကြွေးလျက်။ အဿူနိ၊ မျက်ရည်တို့ကို။ ဝတ္တယိ၊ ယိုစီးစေ၏။

၁၂၉။ အဟံ၊ ငါသည်။ နံ ဇုဟော၊ မီးမပူစော်မိ။ မန္တေ၊ ဗေဒင်တို့ကို။ နံ ဇပေ၊ မသရဇ္ဈာယ်မိ။ အဂ်ိဟုတ္တံ၊ မီးပူဇော်ခြင်းကို။ ပဟာပိတံ၊ စွန့်ပစ်မိ၏။ ကောနု၊ အဘယ်သူသည်လျှင်။ ပါရိစရိယာယ၊ ကိုလေသာဖြင့် လုပ်ကျွေးခြင်းဖြင့်။ ပုဗ္ဗေ၊ ရှေးကာလက။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်ကို။ ပလောဘယိ။ ဖြားယောင်းစေဘိသနည်း။

၁၃၀။ နာနာရဘနပရိပူရံ၊ အထူးထူးသော ရတနာတို့ဖြင့် ပြည့်သော။ နာဝံ၊ လှေကို။ အဏ္ဏဝေ၊ သမုဒ္ဒရာ၌။ ဂဏ္ဟိတ္ထ၀၊ နှစ်ဘိသကဲ့သို့။ တထာ၊ ထို့အတူ။ ယော၊ အကြင်သူသည်။ အရဉ္ဉေ၊ တော၌။ ဝိဟရတော၊ နေသော။ မေ၊ ငါ၏။ တေဇောဟသမ္ပန္နတံ၊ ရဟန်းတို့၏ အစုမ်းကြောင့် ဖြစ်သော စျာန်တည်းဟူသော ကျေးဇူးကို။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပါပေသိ၊ ရောက်စေ၏။ သော၊ ထိုသူသည်။ ကောနာမ၊ အဘယ်မည်သောသူ ဖြစ်လေသနည်း။ ဇာတိ၊ ဤသို့။ ရုဒံ-ရုဒန္တော၊ ငိုမြည်တမ်းလျက်။ အဿူနိ၊ မျက်ရည်တို့ကို။ ဝတ္တယိ၊ ယိုစီးစေ၏။

နတ်သမီးတောင်းပန်ခြင်း

အလမ္ဗုသာ နတ်သမီးသည် ထို ဇာသိသိဂ်ရသော ငိုကြွေး မြည်တမ်းသံကိုကြား၍ ကြံ၏၊ "ငါသည် အကယ်၍ မပြောဆိုခဲ့အံ့၊ ဤရှင်ရသော သည် ငါ့ကို ကျိန်ဆဲလတ္တံ့၊ ယခုအခါ ထိုရသော အား ပြောဆိုအံ့" ဟု ကြံ၍ ထို အလမ္ဗုသာ နတ်သမီးသည် ထင်ရှားသောကိုယ်ဖြင့် တည်၍ ပြောဆိုလိုရကား—

၁၃၁။ အဟံ တေ ပါရိစရိယာယ၊ ဒေဝရာဇေန ပေသိတာ။
အဝမိ စိတ္တံ စိတ္တေန၊ ပမာဒဒါ ကုံ နု ဗုဇ္ဈသိ—

ဟူသော ဤဂါထာကို ဆို၏။

၁၃၁။ ဧဘာ တာပသ၊ အိုရှင်ရသေ့။ တေ၊ ရှင်ရသေ့အား။ ပါရိစရိယာယ၊ ကာမဂုဏ်ဖြင့် လုပ်ကျွေးစိမ့်သောငှာ။ ဒေဝရာဇေန၊

www.dhammadownload.com

သိကြားမင်းသည်။ ပေသိတာ၊ စေအပ်သော။ အဟံ၊ အကျွန်ုပ်သည်။ စိတ္တေန၊ အကျွန်ုပ်စိတ်ဖြင့်။ စိတ္တံ၊ ရှင်ရသေ့စိတ်ကို။ အဝဓိ၊ ညှဉ်းဆဲမိပေ၏။ တုံ၊ သင်ရှင်ရသေ့သည်။ ပမာဒေါ၊ မေ့လျော့သည် ဖြစ်၍။ န ဗုဇ္ဈသိ၊ သိတော်မမူလေ။

ရသေ့လေး နောင်တရခြင်း

ဤသိသိင်္ဂံ ရသေ့သည် ထိုအလမ္ဗုသာ နတ်သမီး၏ စကားကိုကြား၍ ခမည်းတော် ရှင်ရသေ့ကြီးသည် ပေးအပ်သော အဆုံးအမကိုအောက်မေ့၍ ခမည်းတော် ရှင်ရသေ့၏ စကားကို မလိုက်နာမိခြင်းကြောင့်သော ပျက်စီးခြင်းသို့ရောက်ရ၏ဟု ဆို၍ ငိုကြွေးမြည်တမ်းလိုရကား—

၁၃၂။ ဤမာနိ ကိရ မံ တာတေ၊ ကဿပေါ အနုသာသတိ။
ကာမလာသဒိသိတ္ထိယော၊ တာယော ဗုဇ္ဈသိ မာဏဝ။

၁၃၃။ ဥရေ ဂဏ္ဍာယော်ဗုဇ္ဈသိ၊ တာတော ဗုဇ္ဈသိ မာဏဝ။
ဤစ္စာနုသာသိ မံ တာတော၊ ယထာ မံ အနုကမ္ပကော။

၁၃၄။ တဿာဟံ ဝစနံ နာကံ၊ ပိတု ဗုဒ္ဓဿ သာသနံ။
အရညေ နိမ္မနုဿမ္ဒိ၊ သ္စဇ္ဇ စျာယာမိ ဧကကော။

၁၃၅။ သော ဟံ တထာ ကရိဿာမိ၊ ဓိရတ္ထု ဇီဝိတေန မေ။
ပုနဝါ တာဒိသော ဟေဿံ၊ မရဏံ မေ ဘဝိဿတိ—

ဟူသော ဤလေးဂါထာကို ဆို၏။

၁၃၂။ ကဿပေါ၊ ကဿပ အနွယ်တော်ဖြစ်သော။ တာတော၊ ခမည်းတော်သည်။ မံ၊ ငါ့ကို။ ဤမာနိ၊ ဤစကားတို့ကို။ ဝတ္ဘာ၊ ဆို၍။ အနုသာသတိကိရ၊ ဆုံးမတော်မူဖူးသတတ်။ မာဏဝ၊ လုလင်ပျို။ ကမလာသဒိသိတ္ထိယော၊ မိန်းမသဏ္ဌာန်နှင့်တူသော နွယ်ပန်းပွင့် ဖြစ်ကုန်သော မိန်းမတို့သည်။ ဤမသို့ ဟိမဝန္တေ၊ ဤ ဟိမဝန္တာ အရပ်၌။ သန္တိ၊ ရှိကုန်၏။ တာယော၊ ထိုမိန်းမတို့ကို။ ဗုဇ္ဈသိ၊ အမောင် သိလော့။

၁၃၃။ မာဏဝ၊ လုလင်ပျို။ ဥရေ၊ ဂျင်၌။ ဂဏ္ဍာယော၊ နှစ်ခုအစုံအသားငုံရှိသော မိန်းမတို့ကို။ ဗုဇ္ဈသိ၊ အဓမောင် သိလော့။ တာယော၊

www.dhammadownload.com

ထိုမိန်းမတို့သည်။ အတ္ထဒနာ၊ မိမိ၏။ ဝသံ၊ အလိုသို့။ ဂဟော၊ လိုက်ကုန်သော သူတို့ကို။ ဝိနာသံ၊ ပျက်စီးခြင်းသို့။ ပါဒေန္တိ၊ ရောက်စေဘတ်ကုန်၏။ ဣတိ၊ ဤသို့။ ဗုဇ္ဈသိ၊ အမောင် သိဒလော့။ ဣတိ၊ ဤသို့။ ယထာ-ယေန အာကာဒရေန၊ အကြင် အကြင်သို့သော အခြင်းအရာအားဖြင့်။ မံ၊ ငါ့ကို။ အနုကမ္မကော၊ သနားကရုဏာ ရှိပေသော။ တာတော၊ ခမည်းတော် ရှင်ရသေ့သည်။ မံ၊ ငါ့ကို။ အနုသာသိ၊ ဆုံးမတော်မူဖူးလေ၏။

၁၃၄။ အဟံ၊ ငါသည်။ ဗုဒ္ဓဿ၊ ပညာအမြော်အမြင်နှင့် ပြည့်စုံသော။ တဿ၊ ထိုသို့ သဘောရှိသော။ ပိတု၊ ခမည်းတော်၏။ သာသနံ၊ အဆုံးအမဖြစ်သော။ ဝစနံ၊ စကားကို။ နာကံ၊ မလိုက်နာမိချေ။ အဇ္ဇ၊ ယခုနေ့။ သွာဟံသောအဟံ၊ ထိုငါသည်။ နိမ္မနုဿမှိ၊ လူမရှိသော။ အရညေ။ တောခွေ။ ဧကဧကာ၊ တစ်ယောက်အထီးဘည်း။ စျာယာမိ၊ ကျူးကျော်ငိုကြွေးရ၏။

၁၃၅။ မေ၊ ငါ့အား။ ဇီဝိတေန၊ အသက်ရှင်ခြင်းဖြင့်။ မိရတ္ထု၊ အကျိုးမရှိ စက်ဆုပ်ရွံရှာဖွယ်ရှိစွ။ မေ၊ ငါ့အား။ မရဏံ ဝါ၊ သေခြင်းသည်လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ကယိရမာနေ၊ ပြုသည်ရှိသော်။ ပုနဝါ၊ တစ်ဖန်လည်း။ တာဒိသော၊ ထိုသို့ ရှေးနှင့်တူသော သဘောရှိသော စျာန်ရ ယောကျ်းသည်။ ဟေဿံ၊ ဖြစ်လတ္တံ့။ တထာ၊ ထိုသို့သော အခြင်းအရာအားဖြင့်။ သောအဟံ၊ ထိုငါသည်။ ကရိဿာမိ၊ ပြုဦးအံ့။

နတ်သမီး ကန်တော့ခြင်း

ဤသို့ ဣသိသိဂ် ရသေ့သည် ကာမရာဂကိုပယ်၍ တစ်ဖန် စျာန်ကို ဖြစ်စေ၏။ ထိုအခါ ဣသိသိဂ်ရသေ့၏ တန်ခိုးအစွမ်းကိုမြင်၍ စျာန်ကို ဖြစ်စေသည်၏ အဖြစ်ကိုလည်း သိ၍ အလမ္ဘုသာ နတ်သမီးသည် ကြောက်လေရကား ကန်တော့၏။ ထိုအကြောင်းကို ထင်ရှား ပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်....

၁၃၆။ တဿ ဘေဇ္ဇံ ဇီရိယဉ္စ၊ မိတိံ ဉတ္ဝာ အဝဋ္ဌိတံ။
သိရသာ အဂ္ဂဟီ ပါဒေ၊ ဣသိသိဂ်ံ အလမ္ဘုသာ။

www.dhammadownload.com

၁၃၇။ မာ မေ ကုဋ္ဌ မဟာဝီရ၊ မာ မေ ကုဋ္ဌ မဟာဣသေ။
မဟာအတ္ထော မယာစိဏ္ဏော၊ တိဒသာနံ ယသဿိနံ။
တယာ ပကမ္မိတံ အာသိ၊ သဗ္ဗံ ဒေဝပုရံ တဒါ—
ဟူသော ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

၁၃၆။ ဘိက္ခဝေ၊ ရဟန်းတို့။ အဉ်းမှုသာ၊ အလမ္ဘုသာနတ်သမီး သည်။ တသ၊ ထို ဣသိသိဂ်ရဿေ့၏။ အဝင့်ဒီတံ၊ ဖြစ်စေအပ်ပြီးသော။ တေဇဉ္စ၊ တန်ခိုးအစွမ်းကို လည်းကောင်း။ ဝီရိယဉ္စ၊ လုံ့လကို လည်း ကောင်း။ မိတိဉ္စ၊ ပညာကို လည်းကောင်း။ ဥတ္တာ၊ သိ၍။ ဣသိသိဂ်- ဣသိသိဂ်ဿ၊ ဣသိသိဂ်ရဿေ့၏။ ပါဒေ၊ ခြေတို့ကို။ သိရသာ၊ ဦးဖြင့်။ အဂ္ဂဟိ၊ တိုက်၏။

၁၃၇။ မဟာဝီရ၊ ကြီးသော လုံ့လရှိသော ရှင်ရဿေ့။ မေ၊ အကျွန်ုပ်အား။ မာ ကုဋ္ဌ၊ အမျက်ထွက်တော် မမူပါလင့်။ မဟာဣသေ၊ မြတ်သော ရှင်ရဿေ့။ မေ၊ အကျွန်ုပ်အား။ မာ ကုဋ္ဌ၊ အမျက်ထွက် တော် မမူပါလင့်။ ယဒါ၊ အကြင်အခါ၌။ တယာ၊ ရှင်ရဿေ့ကြောင့်။ သဗ္ဗံ၊ အလုံးစုံသော။ ဒေဝပုရံ၊ တာဝတိံသာ နတ်ပြည်သည်။ ပကမ္မိတံ၊ တုန်လှုပ်သည်။ အာသိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ယသဿိနီ၊ များသော အခြံအရံရှိကုန်သော။ တိဒသာနံ၊ တာဝတိံသာနတ်တို့၏။ မဟာ အတ္ထော၊ များမြတ်သော အလိုကို။ မယာ၊ အကျွန်ုပ်သည်။ စိဏ္ဏော၊ ကျင့်အပ်၏။ ဣတိ၊ ဤသို့၊ ဝတ္တာ၊ ဆို၍။ ဣသိသိဂ်- ဣသိသိဂ်ဿ၊ ဣသိသိဂ်ရဿေ့၏။ ပါဒေ၊ ခြေတို့ကို။ အလမ္ဘုသာ၊ အလမ္ဘုသာ နတ် သမီးသည်။ သိရသာ၊ ဦးဖြင့်။ အဂ္ဂဟိ၊ တိုက်၏။

သွားခွင့် ပြုလိုက်ပြီ

ထိုအခါ ဣသိသိဂ်ရဿေ့သည် အလမ္ဘုသာ နတ်သမီး ကန်တော့ သည်ရှိသော် "ကောင်းသော လက္ခဏာနှင့် ပြည့်စုံသော နတ်သမီး....သင် သည် အလိုရှိတိုင်း သွားလော့" ဟုဆို၍ အလမ္ဘုသာ နတ်သမီးကို လွှတ် လိုက်ကား....

၁၃၈။ တာဝတိံသာ စ ယေ ဒေဝါ၊ တိဒသာနဉ္စ ဝါသဝေါ။
တဉ္စ ဘဒ္ဒေ သုခီ ဟောတိ၊ ဂစ္ဆ ကညေ ယထာသုခံ—
ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၁၃၀။ ဘဒ္ဒေ၊ ကောင်းသော လက္ခဏာနှင့် ပြည့်စုံသော နတ်သမီး။ တာဝတိံသာ၊ တာဝတိံသာဘုံ၌ နေကုန်သော။ ယေဒေဝါ၊ အကြင်နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေ ဒေဝါစ၊ ထို နတ်တို့သည် လည်းကောင်း။ တိဒသာနံ၊ တာဝတိံသာ နတ်တို့၏။ ဝါသဝေါစ၊ အရှင်ဖြစ်သော သိကြားသည် လည်းကောင်း။ သုဓီ၊ ချမ်းသာခြင်း ရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ တူ၌၊ သင်သည်လည်း။။ သုဓီ၊ ချမ်းသာခြင်းရှိသည်။ ဟေ၊ တိ၊ ဖြစ်စေလော့။ ကညေ၊ နတ်သမီး။ တုံ၊ သင်သည်။ ယထာသုခံ၊ အလိုရှိတိုင်း။ ဂစ္ဆ၊ သွားလေလော့။

သိကြားမင်း ဆုပေးခြင်း

ထိုအလမ္ဘုသာ နတ်သမီးသည် ဣသိသိဂ်ရသေ့ကို ရှိခိုး၍ ထို ရှေ့ပလ္လင်ဖြင့်သာလျှင် တာဝတိံသာ နတ်ပြည်သို့ သွားလေ၏။ ထို အကြောင်းကို ထင်ရှား ပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၁၃၉။ တဿ ပါဒေ ဂဟေတ္ဝာန၊ ကတ္ဝာ စ နံ ပဒက္ခိဏံ။
အဉ္ဇလိံ ပဂ္ဂဟေတ္ဝာန၊ တမှာ ဌာနာ အပက္ကမိ။

၁၄၀။ ယော စ တဿာသိပလ္လင်္ကော်၊
သောဝဏ္ဏော သောပဓါဟနော။
သဉ္ဇာတရုစ္ဆဒပညာသော၊ သဟဿ ပဋိယတ္ထတော။
တမေဝပလ္လင်္ကံ မာရုယှ၊ အဂါ ဒေဝါန သန္တိကေ။

၁၄၁။ တမောက္ကမိဝ အာယန္တိံ၊ ဇလန္တိံ ဝိဇုတံ ယထာ။
ပတီတော သုမနော စိတ္တော၊ ဒေဝိန္ဒော အဒဒါ ဝရံ—

ဟူသော ဤ သုံးဂါထာတို့ကို ဟောတော်မူ၏။

၁၃၉။ ဘိက္ခဝေ၊ ရဟန်းတို့။ အလမ္ဘုသာ၊ အလမ္ဘုသာ နတ်သမီးသည်။ တဿ၊ ထို ဣသိသိဂ် ရသေ့၏။ ပါဒေ၊ ခြေတို့ကို။ ဂဟေတ္ဝာ၊ ဦးဖြင့် တို့က်၍။ နံ၊ ထို ဣသိသိဂ် ရသေ့ကို။ ပဒက္ခိဏာ၊ လက်ယာရစ် လှည့်သည်ကိုလည်း။ ကတ္ဝာ၊ ပြု၍။ အဉ္ဇလိံ၊ လက်အုပ်ကို၊ ပဂ္ဂဟေတ္ဝာန၊ မြှောက်ချီ၍။ တမှာ ဌာနာ၊ ထိုအရပ်မှ။ အပက္ကမိ။ ဖဲလေ၏။

www.dhammadownload.com

၁၄၀။ တဿာ၊ ထို အလမ္ဗုသာ နတ်သမီး၏။ သောဝဏ္ဏော၊ ရွှေဖြင့်ပြီးသော။ သောပဝါဟနော၊ အခြံအရံနှင့်တကွသော။ သဉ္ဇာတရုန္ဓဒ ပညာသော၊ ငါးဆယ်သောအပေါ် လွှမ်းမိုးတာန်နှင့် တကွသော။ သဟာဿ ပဋိယတ္ထတော၊ တစ်ထောင်သော နတ်ကောဇာအခင်း ရှိထသော။ ယော စ ပလ္လင်္ကော၊ အကြင် ပလ္လင်သည်လည်း။ အသိ၊ ရှိသည် ဖြစ်၏။ တမေဝ ပလ္လင်္ကံ၊ ထို ရွှေပလ္လင်ကိုလျှင်။ အာရုယ္ဟ၊ စီးလေ၍။ ဒေဝါ၊ တာဝတိံသာ နတ်တို့၏။ သန္တိကေ၊ အထံသို့။ အဂါ၊ သွားလေ၏။

၁၄၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ဥက္ကာမိဝ၊ ဝင်းဝင်းပြောင်သော တန်ဆောင် မီးရှူးကဲ့သို့ လည်းကောင်း။ ဇလန္တိံ၊ ထိန်ထိန်လင်္ကာလက် ဝင်းဝင်းပြောင်သော။ ဝိဇ္ဇုယထာ၊ လျှပ်စစ်ကဲ့သို့ လည်းကောင်း။ အာယန္တိံ၊ လာသော။ တံ၊ ထို အလမ္ဗုသာ နတ်သမီးကို။ ဒေဝိန္ဒော၊ စတုမဟာရာဇ်, တာဝတိံသာ နတ်တို့ကို အစိုးရသော သိကြားမင်းသည်။ ပဇာတော၊ နှစ်သက်သည်ဖြစ်၍။ သုမနော စိတ္တော၊ ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍။ ဝရံ၊ ဆုကို။ အဒဒါ၊ ပေးလေ၏။

နတ်သမီးယူသောဆု

ထို အလမ္ဗုသာ နတ်သမီးသည် သိကြားမင်းအထံ၌ ဆုကို ယူလိုရကား—

၁၄၂။ ဝရဉ္ဉေ မေ အဒေါ သက္က၊ သဗ္ဗဘူတာနု မိဿရ။
နိသိပွလောဘိကာ ဂစ္ဆေ၊ တေံ သက္က ဝရံ ဝရေ—

ဟူသော အဆုံးဖြစ်သော ဂါထာကို ဆို၏။

၁၄၂။ သဗ္ဗဘူတာနံ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့ကို။ ဣဿရ၊ အစိုးရသော။ သက္က၊ သိကြားမင်း။ မေ၊ အကျွန်ုပ်အား။ ဝရံ၊ ဆုကို။ အဒေါ စေ၊ ပေးတော်မူလိုငြားအံ့။ ဧဝံ၊ ဤသို့ပေးလိုသည်။ သတိ၊ ရှိသော်။ ဣသိပွလောဘိကာ-ဣသိပွလောဘိကာယ၊ ရှေ့ ရဟန်းတို့ကို ဖြားယောင်းအံ့သောငှာ။ အဟံ၊ အကျွန်ုပ်သည်။ နဂစ္ဆေ၊ မသွားလို။

www.dhammadownload.com

သက္ကာ၊ သိကြားမင်း။ အဟံ၊ အက္ခန့်ပ်သည်။ ဧတံ ဝရံ၊ ထို ဆုကို။ ဝရေ-ဝဲဂုမိ၊ တောင့်တ၏။

ဇာတ်ပေါင်း သမ္ဗည့ူ မြတ်စွာဘုရားသည် ထို သာသနာတော်၌ ငြိုးငွေ့. ဆန့်ကျင် မပျော်ရွှင်သော ရဟန်းအား ဤ အလမ္ဗုသာဇာတ် ဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထို သာသနာတော်၌ ငြိုးငွေ့. ဆန့်ကျင် မပျော်ရွှင်သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား "ယခု အခါ သာသနာတော်၌ ငြိုးငွေ့.ဆန့်ကျင် မပျော်ရွှင်သော ရဟန်း၏ မယားဟောင်းသည် ထိုအခါ အလမ္ဗုသာ နတ်သမီး ဖြစ်ဖူးပြီ၊ ယခုအခါ သာသနာတော်၌ငြိုးငွေ့.ဆန့်ကျင် မပျော်ရွှင်သော ရဟန်းသည် ထိုအခါ ဣသိသိဂ် ရသေ့ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဣသိသိဂ် ရသေ့၏ ခမည်းတော် ရသေ့ကြီး ဖြစ်ဖူးပြီ" ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

မ,ဘက်လိုက်ပါ၊ မိုက်တတ်စွာ၊ ချမ်းသာကင်းရတတ်။
သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော အလမ္ဗုသာဇာတ်သည် ပြီး၏။


❁ ❁ ❁

၄—သခ်ပါလဇာတ်

ဟောတော်မူရာဌာန နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သမ္ဗည့ူမြတ်စွာဘုရားသည် "အရိယာဝကာသေသသို" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ သခ်ပါလဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဥပုသ်ဆောက်တည်သော အမှုကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု ထိုစကားကို ခဲ့ဦးအံ့-ထိုအခါ သမ္ဗည့ူမြတ်စွာဘုရားသည် ဥပုသ်ဆောက်တည်ကုန်သော ဒါယကာတို့ကို ရှင်စေ၍ ရှေးပညာရှိ

(ဗုဒ္ဓလွန်ကြွင်း ၁၈-ဝ၆၆)



www.dhammadownload.com

www.dhammadownload.com

တို့သည် ကြီးစွာသော နဂါးမင်းစည်းစိမ်ကို စွန့်၍ ဥပုသ် သုံးခြင်းကို သုံးဖူးကုန်သည်သာလျှင်တည်းဟု မိန့်တော်မူ၍ ထို ဒါယကာ တို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတတ်ကို ဆောင်တော်၏။

အတိတ်ဝတ္ထု ဒါယကာတို့ လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည် ၌ မဂဓမင်းသည် မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် ထိုမဂဓမင်း၏ ဝမ်းဋ္ဌ ဖြစ်၏။ ထို ဘုရားလောင်းအား "ဒုယျောဓန" ဟူသော အမည်ကို မှည့်ကုန်၏။ အရွယ်ရောက်လတ်သော် ထိုဘုရားလောင်းသည် တက္ကသိုလ် ပြည်၌ အလုံးစုံသောအတတ်တို့ကို သင်ပြီးလျှင် လာလတ်၍ ခမည်းတော် ကို ဖူးမြင်၏။ ထိုအခါ ဘုရားလောင်းကို ခမည်းတော် မဂဓမင်းသည် မင်းအဖြစ်၌ အဘိသိက်သွန်းပြီးလျှင် ရဿ.ရဟန်းပြု၍ ဥယျောဉ်တော်၌ နေ၏။

မဂဓမင်း ရဿ.ကြီး

ဘုရားလောင်းသည် တစ်နေ့တစ်နေ့၌ သုံးကြိမ် ခမည်းတော်အထံသို့ သွား၏။ မျှားစွာသော လဘ်ပူဇော်သက္ကာရသည် ထင်ရှားဖြစ်၏။ ထို ရဿ.သည် ထို ပလိဗောဓကြောင့် ကသိုဏ်းပရိကံမျှကိုလည်း ပြုခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ ကြံ၏။ "ငါအား လာဘ်ပူဇော်သက္ကာရသည် မျှား၏၊ ဤဥယျောဉ်၌နေသောငါသည် ဤအနှောင့်အဖွဲ့ကို ဖြတ်ခြင်းငှာ မတတ်နိုင်၊ သားအား မကြားမူ၍လျှင် တစ်ပါးသောအရပ်သို့ သွားအံ့" ဟု ကြံ၏။ ကြံပြီး၍ ထို့ရဿ.သည် တစ်စုံတစ်ယောက်သောသူကို မသိစေမူ၍ ဥယျောဉ် တော်မှ ထွက်ခဲ့ပြီးလျှင် မဂဓတိုင်းကိုလွန်၍ မဟိ.သကတိုင်းဝယ် သခ်ၤပါလ အမည်ရှိသော ရေအိုင်မှထွက်သော ကဏ္ဍဝေဏ္ဍ အမည်ရှိသောမြစ်၏ အကြေ့ ၌ စန္ဒကတောင်ကို အမှီပြု၍ သစ်ရွက်မိုးသောကျောင်းကိုပြု၍ ထိုကျောင်း ၌နေလျက် ကသိုဏ်းပရိကံကိုပြု၍ စျာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ ဆုမ်းခံ ဝတ်ဖြင့် မျှ၏။

နဂါးမင်း တရားနာလာခြင်း

ထို အရှင်ရဿ.ကို သခ်ၤပါလ အမည်ရှိသော နဂါးမင်းသည် မျှားစွာသော ဘဏ္ဍာအရံဖြင့် ကဏ္ဍဝေဏ္ဍာမြစ်မှထွက်၍ ကြိုကြား ကြိုကြား ဆည်းကပ်ခစား၏။ ရှင်ရဿ.သည် ထို သခ်ၤပါလနဂါးအား တရား

www.dhammadownload.com

ဟော၏။ ထိုအခါ ရှင်ရသေ့၏ သားတော် မင်းသည် ခမည်းတော် ရှင်ရသေ့ကို ဖူးမြင်လို၍ ကြွသွားရာအရပ်ကို မသိရကား စုံစမ်းရှာဖွေ၍ "ဤအမည်ရှိသောအရပ်၌နေ၏"ဟု သိ၍ ထို ခမည်းတော် ရှင်ရသေ့အား ဖူးမြင်အံ့သောငှာ မျှားစွာသောအခြံအရံဖြင့် ထိုအရပ်သို့ သွားလေ၍ တင့်အပ်သောအရပ်၌ သစ်တပ်ကိုပြုပြီးလျှင် သစ်တပ်၌ ပရိသတ်ကိုနေစေ၍ နှစ်ယောက် သုံးယောက်သောအမတ်နှင့်တကွ ခမည်းတော် ရသေ့ကျောင်းသို့ ရှေးရှုသွားလေ၏။ ထိုခဏ၌ သခ်ၤပါလုနဂါးမင်းသည် မျှားစွာသော အခြံအရံနှင့်တကွ တရားနာလျက်နေ၏။ ထို သခ်ၤပါလ နဂါးမင်းသည် မဂဓမင်းလာသည်ကိုမြင်လျှင် ရှင်ရသေ့ကိုရှိခိုး၍ နေရာမှထ၍ သွားလေ၏။

မဂဓမင်းသား ဘုရင်နဂါးဖြစ်ခြင်း

မဂဓမင်းသည်လည်း ခမည်းတော် ရှင်ရသေ့ကို ရှိခိုး၍ ပျူငှာသော လောကဝတ်ကိုပြုလျက်နေ၍ "အရှင်ဘုရားတို့၏ အထံတော်တို့လာသော ဤမင်းသည် အဘယ်မည်သော မင်းပါနည်း"ဟု မေး၏။ "ချစ်သား.... ဤမင်းသည် သခ်ၤပါလနဂါးမင်းတည်း"ဟု ပြောဆိုလတ်သော် ထိုမဂဓမင်းသည် ထိုသခ်ၤပါလနဂါးမင်းစည်းစိမ်ကိုမှီ၍ နဂါးပြည်၌ တပ်စုံမ်းခြင်းကိုပြု၍ နှစ်ရက်, သုံးရက် နေပြီးလျှင် ခမည်းတော်ရှင်ရသေ့အား ဆွမ်းအာဟာရကို မပြတ်လှူစေ၍ မိမိမြို့သို့သွားပြီးလျှင် တံခါးလေးမျက်နှာတို့၌ အလှူတင်းကုပ်တို့ကို ဆောက်စေ၍ ဇမ္ဗူဒိပ်ကျွန်းအလုံးကို ချောက်ချားစေလျက် အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ဥပုသ်သုံးခြင်း အမှုတို့ကိုပြုသဖြင့် နဂါးပြည်ကို ဆုယူ၍ အသက်၏အဆုံးဝယ် နဂါးပြည်၌ဖြစ်၍ သခ်ၤပါလနဂါးမင်းဖြစ်၏။ ထိုသခ်ၤပါလနဂါးမင်းသည် ကာလလွန်သည်ရှိသော် ထိုနဂါးမင်း၏စည်းစိမ်ချမ်းသာဖြင့် နှလုံးမသာမရွှင်ဖြစ်၍ ထိုအခါမှစ၍ လူအဖြစ်ကို ဆုတောင်းဆုယူပြုလျက် ဥပုသ်သုံးခြင်းကို သုံး၏။ ထိုအခါ နဂါးပြည်၌နေသော သခ်ၤပါလနဂါးမင်းအား ဥပုသ်သုံးခြင်းသည် မပြည့်စုံ၊ သီလ၏ပျက်စီးခြင်းသို့ရောက်၏။ ထို သခ်ၤပါလနဂါးမင်းသည် ထိုနေ့မှစ၍ နဂါးပြည်မှထွက်ခဲ့ပြီးလျှင် ကဏ္ဍဝေဏ္ဍအမည်ရှိသောမြစ်၏အနီး၌ ခရီးလမ်းမ၏လည်းကောင်း၊ တစ်ဖဝါးလှမ်းလောက်ရုံသောလမ်းခရီး၏လည်းကောင်း၊ အကြား၌ အလတ်ဖြစ်သော တစ်ခုသောတောင်ပို့ကို ရစ်ပတ်၍ ဥပုသ်ကို အဓိဋ္ဌာန်လျက် ဆောက်တည်အပ်သောသီလရှိသည်ဖြစ်၍ "ငါ၏ အင်္ဂရအသား အစရှိသည်တို့ဖြင့် အလိုရှိကုန်သော

www.dhammadownload.com

သူတို့သည် အခရအသား အစရှိသည်တို့ကို ဆောင်စေကုန်သတည်း' ဟု ကိုယ်ကို အလှူဝတ္ထုစွန့်၍ တောင်ပို့ထိပ်၌ လျောင်းလျက် ရဟန်းတရားကို ပြုသည် ဖြစ်၍ တစ်ဆယ့်လေးရက်တို့ ပြည့်ကြောင်းဖြစ်သောနေ့၌ လည်း ကောင်း၊ တစ်ဆယ့်ငါးရက်တို့ ပြည့်ကြောင်းဖြစ်သောနေ့၌ လည်းကောင်း နေ၍ အထွက်ဘင်္ဂရက်နေ့၌ နဂါးပြည်သို့သွား၏။

ထို သခ်ၤပါလနဂါးမင်းသည် တစ်နေ့သ၌ ဤသို့ သီလကို ဆောက် တည်၍ နေသည်ရှိသော် ပစ္စန္တရစ်ရွာ၌ နေကုန်သော တစ်ကျိပ်ခြောက် ယောက်ကုန်သောမုဆိုးတို့သည် ''အသားကို ဆောင်ကုန်အံ့'' ဟု လက်နက်စွဲ ကုန်လျက် တော, လှည့်လည်ကုန်သည် ရှိသော် တစ်စုံ တစ်ခုကို မရ၍ ထွက်ခဲ့ကုန်လတ်သော် တောင်ပို့ထိပ်၌ လျောင်းလျက်နေသော ထို သခ်ၤပါလ နဂါးမင်းကိုမြင်၍ ''ငါတို့သည် ယခု ဖွတ်ငယ် တစ်ခုကိုမျှလည်း မရကုန်၊ ဤနဂါးကို သတ်၍ စားကုန်အံ့'' ဟု ကြံ၍ ဤ နဂါးမင်းသည် ကြီးသလျှင်ကတည်း၊ ဖမ်းယူသည်ရှိသော် ပြေးလေရာ၏၊ ထို့ကြောင့် လျောင်းမြဲတိုင်းသာလျှင် ထို နဂါးမင်းကို အခွေတို့၌ တံကျင်တို့ဖြင့် ထိုး၍ အားနည်းသည်ကိုပြု၍ ဖမ်းယူကုန်အံ့'' ဟု တံကျင်တို့ကို ယူ၍ ချဉ်းကပ် ကုန်၏။ ဘုရားလောင်း၏ ကိုယ်သည်လည်း ကြီး၏၊ တစ်ခုတည်းသော စကျင်းရှိသော လှေပိန်းကော အတိုင်းအရှည်ရှိ၏၊ ခွေ၍ ထားအပ်သော မြတ်လေးပန်းဆိုင်းနှင့် တူ၏၊ ချင်ရွေးသိး အဆင်းတူကုန်သော မျက်စိတို့ နှင့် လည်းကောင်း, လယ်ခေါင်ရမ်းပန်း အဆင်းနှင့် တူသော ဦးခေါင်း နှင့် လည်းကောင်း ပြည့်စုံသည်ဖြစ်၍ အလွန်လျှင် တင့်တယ်၏။ ထို ဘုရား လောင်းသည် တစ်ကျိပ် ခြောက်ယောက်ကုန်သော ထို မုဆိုးတို့၏ ခြေသံ ကြောင့် အခွေကြားမှ ဦးခေါင်းကိုထုတ်၍ နီသော မျက်လုံးတို့ကို ဖွင့်၍ တံကျင် လက်စွဲကုန်လျက် လာကုန်သော မုဆိုးတို့ကို မြင်၍ ''ယနေ့ ငါ၏ နှလုံးအလိုသည် အပြီးသို့ ရောက်လတ္တံ့၊ ငါသည် ကိုယ်ကို အလှူဝတ္ထု ဆောက်နှင်း၍ သီလကို အဓိဋ္ဌာန်လျက် လျောင်းအံ့၊ ငါ၏ ကိုယ်ကို လုံတို့ဖြင့် ထိုး၍ အပေါက်ကြီး အပေါက်ငယ်ကို ပြုကုန်သည်ရှိသော် ဤသူတို့ကို အမျက်၏ အစွမ်းအားဖြင့် မျက်စိတို့ကို ဖွင့်၍မကြည့်အံ့'' ဟု ကြံ၏။ ကြံပြီးလျှင် မိမိ သီလပျက်အံ့သည်မှ ကြောက်သော ကြောင့် မြဲမြံစွာ အဓိဋ္ဌာန်လျက် ဦးခေါင်းကို အခွေကြား၌ သွင်း၍လျှင် လျောင်း၏။

www.dhammadownload.com

မုဆိုးတို့ အနှိပ်စက်ခံရပုံ

ထိုအခါ သခ်ပါလ နဂါးမင်းအထံသို့ မုဆိုးတို့သည် ကပ်ကုန်ပြီး လျှင် မြီးထူးဦ့ ကိုင်ကုန်လျက် ငင်၍ မြေ၌ ရိုက်ပုတ်ပြီးလျှင် ထက်စွာကုန် သော တံကျင်တို့ဖြင့် ရှစ်ဌာနတို့၌ ထိုး၍ အဆူးရှိကုန်သော နက်သော အဆင်းရှိကုန်သော ကြိမ်လုံးတို့ကို တံကျင်ထိုးရာ အပေါက်တို့ဖြင့် သွင်း၍ ရှစ်ဌာနတို့၌ ထမ်းပိုးဖြင့် ထမ်းယူ၍ ခရီးမသို့ သွားကြကုန်၏။ ဘုရား လောင်းသည် လုံထိုးရာ အရပ်မှ စ,၍ တစ်ခုသော အရပ်၌လည်း အမျက်၏ အစွမ်းအားဖြင့် မျက်စိတို့ကို ဖွင့်၍ ထို မုဆိုးတို့ကို မကြည့်။ ထမ်းပိုး ရှစ်စင်းတို့ဖြင့် ထမ်း၍ ဆောင်ယူအပ်သော ထို သခ်ပါလ နဂါးမင်း၏ ဦးခေါင်းသည် တဲ့လျားကျ၍ မြေ၌ ခတ်မိ၏၊ ထိုအခါ "နဂါးမင်း၏ ဦးခေါင်းသည် တဲ့လျားကျ၏" ဟု ထို သခ်ပါလ နဂါးမင်းကို ခရီးမ၌ အိပ်စေ၍ သေးသွယ်သော တံကျင်ဖြင့် နှာခေါင်းဖု၌ ဖောက်ပြီးလျှင် ကျင်ငယ်ကို သွင်း၍ ဦးခေါင်းကို မြောက်လျက် ထမ်းပိုး၌ ဆဲ့၍ တစ်ဖန် ထမ်း၍ ခရီးမသို့ သွားကြကုန်၏။

အဋ္ဌာရကုန်သည် ကယ်မခြင်း

ထိုခဏ၌ ဝိဒေဟတိုင်းဝယ် မိထိလာမြို့၌ နေသော အဋ္ဌာရမည် သော သူကြွယ်သည် လှည်းငါးရာတို့ကိုယူ၍ ညင်သာသော လှည်း၌ စီး၍ လာသည်ရှိသော် ထို မုဆိုးသားတို့သည် ဘုရားလောင်းကို ထို အချင်းဖြင့် ဖမ်းယူ၍လာကုန်သည်တို့ကို မြင်လျှင် တစ်ကျိပ်းခြောက်ယောက်ကုန်သော ထို မုဆိုးတို့အား တစ်ဆယ့်ခြောက်ခုကုန်သော လှည်းတို့က် နွားတို့နှင့်တကွ တလက်ဆွမ်းစီ တလက်ဆွမ်းစီ ရှေပဲတို့ကို လည်းကောင်း, ခပ်သိမ်းကုန် သော မုဆိုးတို့အား အဝတ်အရုံတို့ကို လည်းကောင်း, ထို မုဆိုးတို့၏ မယားတို့အားလည်း အဝတ်တန်ဆာတို့ကို လည်းကောင်း ပေး၍ လွှတ် စေ၏။

အဋ္ဌာရ ရဿေ့ပြုပြီ

ထို သခ်ပါလ နဂါးသည် နဂါးပြည်သို့ သွား၍ ထို နဂါးပြည်၌ ကြာမြင့်ခြင်းကို မပြုမူ၍ မျှားစွာသော အခြံဘရုံနှင့်တကွ ထွက်ခဲ့ပြီးလျှင် အဋ္ဌာရ ကုန်သည် အထံသို့ ချဉ်းကပ်၍ နဂါးပြည်၏ ဂုဏ်ကျေးဇူးကို ပြောဆိုပြီးလျှင် ထို အဋ္ဌာရကုန်သည်ကိုယူ၍ နဂါးပြည်သို့ သွား၍ သုံးရာ

www.dhammadownload.com

ကုန်သော နဂါးကညာတို့နှင့်တကွ များစွာသော စည်းစိမ်ကို ထို အင္ဒဝရ ကုန်သည်အား ပေး၍ နတ်ပြည်၌ ဖြစ်ကုန်သော ကာမဂုဏ်တို့ဖြင့် ရောင့်ရဲစေ၏။ အင္ဒဝရ ကုန်သည်သည် နဂါးပြည်၌ တစ်နှစ်ပတ်လုံး နေ၍ နတ်၌ ဖြစ်ကုန်သော ကာမဂုဏ်တို့ကို ခံစား၍ "အဆွေ နဂါးမင်း....ငါသည် ရဟန်းပြုခြင်းငှာ အလိုရှိ၏" ဟု နဂါးမင်းအား ပြောဆိုပြီးလျှင် ရသေ့ရဟန်းတို့၏ ပရိက္ခရာတို့ကိုယူ၍ နဂါးပြည်မှ ဟိမဝန္တာအရပ်သို့ သွား၍ ရဟန်းပြုသဖြင့် ထို ဟိမဝန္တာ၌ ကြာမြင့်စွာ နေပြီးလျှင် နောက်အဖို့၌ ဒေသစာရီ သွားသည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်၍ မင်း၏ ဥယျာဉ်၌ နေသဖြင့် မိုးသောက်သောနေ့၌ ဆွမ်းအလို့ငှာ မြို့သို့ ဝင်၍ မင်း အိမ်တံခါးသို့ သွားလေ၏။

အင္ဒဝရ ရသေ့နှင့် ဗာရာဏသီမင်း

ထိုအခါ ထို အင္ဒဝရ ရသေ့ကို ဗာရာဏသီ မင်းသည် မြင်လျှင် ကြိုရိယာပုထ်၌ ကြည်ညိုသဖြင့် ခေါ်စေ၍ ခင်းအပ်သော နေရာ၌ နေစေပြီးလျှင် အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို ကျွေး၍ တစ်ခုသော နိမ့်သော့နေရာ၌ နေလျက် ရှိခိုး၍ "အင္ဒဝရ ရသေ့နှင့်တကွ စကားဆွေးနွေး မေးမြန်းလိုရကား—

၁၄၃။ အရိယာဝကာသေသိ ပဿန္နနေတ္တာ၊
မညေ ဘဝံ ပဗ္ဗဇိတော ကုလမှာ။
ကထံ နု ဝိတ္တာနိ ပဟာယ ဘောဂေ၊
ပဗ္ဗဇိ နိက္ခမ္မ ဃရာ သပညော—

ဟူသော ရွှေးဦးစွာသော ဂျိုဂါထာကို ဆို၏။

၁၄၃။ "ဘန္တေ၊ အ ရှင် ဘုရား၊ တုံ့၊ အရှင် ဘုရားသည်။ အရိယာဝကာသော၊ အပြစ်ကင်းသော ကောင်းသော ကိုယ်ရောင်ကိုယ်ဝါရှိသည်။ အသိ၊ ဖြစ်၏။ ပဿန္နနေတ္တာ၊ ကြည်လင်သော မျက်စိရှိသည်။ အသိ၊ ဖြစ်၏။ ဘဝံ၊ အရှင်သည်။ ကုလမှာ၊ မြတ်သော အမျိုးမှ။ ပဗ္ဗဇိတော မညေ၊ ရဟန်းပြုသင့်သည် ထင်၏။ ကထံ နု-ကေန ကာရဏေန၊ အဘယ်အကြောင်းကြောင့်။ ဝိတ္တာနိ၊ ဥစ္စာတို့ကို လည်း ကောင်း။ ဘောဂေ စ၊ အသုံးအဆောင်တို့ကို လည်းကောင်း။ ပဟာယ၊

www.dhammadownload.com

စွန့်၍။ သပညော၊ ပညာနှင့် ပြည့်စုံသော။ တံု၊ အရှင်ဘုရားသည်။ ဃရာ၊ အိမ်မှ။ နိက္ခမ္မ၊ တောထွက်၍။ ပဗ္ဗဇိ၊ ရဟန်းပြုသနည်း။

အဋ္ဌာဂရ ရသေ့သည် ထိုဗာရာဏသီမင်း၏ အမေးကို ဖြေလို ရကား—

၁၄၄။ သယံ ဝိမာနံ နရဒေဝ ဒိဿဝါ၊
မဟာနုဘာဝဿ မဟောရဂဿ။
ဒိဿွာန ပုညာနံ မဟာဝိပါကံ၊
သဒ္ဓါယဟံ ပဗ္ဗဇိတောမှိ ရာဇ—

ဟူသော ဤဂါထာကို ဆို၏။

၁၄၄။ နရဒေဝ၊ လူတို့အထွတ် လောကနတ်ဖြစ်တော်မူသော။ ရာဇ၊ မင်းမြတ်။ အဟံ၊ ငါသည်။ မဟာနုဘာဝဿ၊ ကြီးသောအာနုဘော်ရှိသော။ မဟောရဂဿ၊ သခ်ပါလ နဂါးမင်း၏။ ဝိမာနံ၊ အရာမကသော ကချေသည် စည်းစိမ်ချမ်းသာတို့ဖြင့် ပြည့်စုံသော ရွှေဗိမာန်ကို။ သယံ၊ ကိုယ်တိုင်။ ဒိဿွာန စ၊ မြင်၍လည်းကောင်း။ ပုညာနံ၊ ကောင်းမှုတို့၏။ မဟာဝိပါကံ၊ ကြီးမြတ်သောအကျိုးကို။ ဒိဿွာန စ၊ မြင်၍လည်းကောင်း။ သဒ္ဓါယ၊ ကံ,ကံ၏အကျိုး တမလွန်ဘဝကို ယုံကြည်သောကြောင့်။ ပဗ္ဗဇိတော၊ ရဟန်းပြုသည်။ အမှိ၊ ဖြစ်၏။

ထိုစကားကိုကြား၍ ဗာရာဏသီမင်းသည် ရှင်ရသေ့အား ရဟန်း၏ အကျိုးကို မေးလိုရကား—

၁၄၅။ နု ကာမကာမာ နု ဘယာ နု ဒေါသာ၊
ဝါစံ မုသာ ပဗ္ဗဇိတာ ဘဏန္တိ။
အက္ခာဟိ မေ ပုစ္ဆိတော ဧတမတ္ထံ၊
သုတ္ဝာန မေ ဇာယိဟိတိပွသာဒေါ—

ဟူသော ဤဂါထာကို ဆို၏။

၁၄၅။ ဘန္တေ၊ အရှင်ဘုရား။ ပဗ္ဗဇိတာ၊ ရဟန်းတို့သည်။ ကာမကာမာ၊ ဝတ္ထုကာမတို့၌ တပ်စွန်းသော အားဖြင့်။ မုသာဝါစံ၊ ချုတ်ယွင်းသော စကားကို။ နု ဘဏန္တိ၊ မဆိုကုန်။ ဘယာ-ဘယေန၊ ကြောက်သောအားဖြင့်။ မုသာဝါစံ၊ ချုတ်ယွင်းသော စကားကို။ နု ဘဏန္တိ၊

www.dhammadownload.com

မဆိုကုန်။ ဒေါသာ-ဒေါသေန၊ အမျက်အားဖြင့်။ မုသာဝါစံ၊ ချွတ်ယွင်းသော စကားကို။ နဘဏ္ဍီ၊ မဆိုကုန်။ ပုစ္ဆိတော၊ မေးအပ်သော။ တုံ၊ အရှင်ဘုရားသည်။ မေ၊ အကျွန်ုပ်အား။ တေမတ္ထံ၊ ထိုအကြောင်းကို။ အက္ခာဟိ၊ ဖြေတော်မူလော့။ သုတ္ဝာန၊ ကြားနာရ၍။ မေ၊ အကျွန်ုပ်အား။ ပသာဒေါ၊ ကြည်ညိုခြင်းသည်။ ဇာယိဟိတိ၊ ဖြစ်လတ္တံ့။

ဤသို့ မေးလျှောက်သည်ရှိသော် အဋ္ဌာရ ရသေ့သည် ထိုမင်းအား အလုံးစုံသော အကြောင်းကို ကြားလိုရကား-

၁၄၆။ ဝါဏိဇ ရဋ္ဌာဓိပ ဂစ္ဆမာနနာ၊
ပထေ အဒ္ဒသာသိမ္ပိ ဘောဇပုတ္တေ။
ပဝရုကာယံ ဥရဂံ မဟန္တံ၊
အာဒါယ ဂစ္ဆန္တေ ပမောဒမာနေ။

၁၄၇။ သောဟံ သမာဂမ္မ ဇနိန္ဒ တေဟိ၊
ပဟဋ္ဌလောမော အဝစမ္ပိ ဘီတော။
ကုဟိံ အယံ နီယတိ ဘီမကာယော၊
နာဂေန ကိံ ကာဟထ ဘောဇပုတ္တာ။

၁၄၈။ နာဂေါ အယံ နီယတိ ဘောဇနတ္ထာ၊
ပဝရုကာယော ဥရဂေါ မဟန္တော။
သာဒုဠ္ဆ ထူလဠ္ဆ မုဒုဠ္ဆ မံသံ၊
န တုံ ရသညာသိ ဝိဒေဟပုတ္တ။

၁၄၉။ ဣတော မယံ ဂန္ဓာ သကံ နိကေတံ၊
အာဒါယ သတ္ထာနိ ဝိကောပယိတ္ဝာ။
မံသာနိ ဘောက္ခာမ ပမောဒမာနာ၊
မယဉ္ဥိ ဝေ သတ္တဝေါ ပန္နဂါနံ။

၁၅၀။ သစေ အယံ နီယတိ ဘောဇနတ္ထာ၊
ပဝရုကာယော ဥရဂေါ မဟန္တော။
ဒဒါမိ ဝေါ ဗလိဗဒ္ဓါနိ သောဋ္ဌသ၊
နာဂံ ဣမံ မုဉ္စထ ဗန္ဓနသ္မာ။

www.dhammadownload.com

၁၅၁။ အဒ္ဓါဟိ နော ဘက္ခော အယံ မနာပေါ။
ဗဟူစ နော ဥရဂါ ဘုတ္တပုဗ္ဗာ။
ကရောမ တေ တံ ဝစနံ အဇ်ဇဝရ၊
မိတ္တဥ္စ နော ဟောဟိ ဝိဒေဟပုတ္တ။

၁၅၂။ တဒါဿု တေ ဗန္ဓနာ မောစယိ သု၊
ယံ နတ္ထုဝေဘာ ပဋိမောက္ကဿ ပါသေ။
မုတ္တောစ သော ဗန္ဓနာ နာဂရာဇာ၊
ပက္ကာမ် ဝါစိနမုခေါ မုဟုတ္တံ။

၁၅၃။ ဂန္ဓာန ပါစိနမုခေါ မုဟုတ္တံ၊ ပုဏ္ဏေယိ ပလောကယိ မံ။
တဒါဿဟံ ပိဋ္ဌိတော အန္ဒဂစ္ဆိ၊
ဒဿင်္ဂလိ အဉ္ဇလိ ပဂ္ဂဟေတွာ။

၁၅၄။ ဂစ္ဆေဝ ခေါတံ တရမာရူပေါ၊
မာ တံ အမိတ္တာ ပုန ရဂ္ဂဟေသုံ။
ဒုက္ခော ဟိ လုဒ္ဒေဟိ ပုန သမာဂမော၊
အဒဿနံ ဘောဇပုတ္တာနံ ဂစ္ဆ။

၁၅၅။ အဂမာသိ သော ရဟဒံ ဝိပွသန္နံ၊
နီလောဘာသံ ရမဏီယံ သုတိတ္ထံ။
သမောတတံ ဇမ္မုဟိ ဝေတသာဟိ၊
ပါဝေက္ခိ နီတ္တိဏ္ဏာဘယော ပတီနော။

၁၅၆။ သော တံ ပဝိဿ နစိရဿ နာဂေါ၊
ဒိဗ္ဗေန မေ ပါရတုဟူ ဇနိန္ဒ။
ဥပဋ္ဌဟီ မံ ပိတရံဝ ပုတ္တော၊
ဟဒယင်္မံ ကဏ္ဌသုခံ ဘဏန္တော။

၁၅၇။ ကုံ မေသိ မာတာစ ပိတာ အဇ်ဇဝရ၊
အမ္ဘဉ္စတ္တရော ဂါဏဒဒေါ သဟာယော။
သကဉ္စ ဂ္ဂဒ္ဒိ ပဋိလာဘကောသ္မိ၊
အဇ်ဇဝရ ပဿ မေ နိဝေသနာနိ။

www.dhammadownload.com

ပဟူတဘာက္ခံ ဗဟုအန္နပါနံ၊
မသက္ကသာရံ ဝိယ ဝါသဝသ—
ဟူသော ဤတစ်ဆယ့်နှစ်ဂါထာတို့ကို ဆို၏။။

၁၄၆။ ရဒ္ဒဘိုပ၊ တိုင်းသူ့သခင် ပြည့်ရှင်မင်းမြတ် လောကနတ်။ အဟံ၊ ငါသည်။ ဝါဏိဇံ၊ ကုန်သွယ်ခြင်းအမှုကို။ ကရိဿာမိတိ၊ ပြုအံ့ဟူ၍။ ဂစ္ဆမာနော၊ သွားသည်ရှိသော်။ ပထေ၊ ခရီးမ၌။ ပဝဒုကာယံ၊ ကြီးပွားသော ကိုယ်ရှိသော။ မဟန္တံ၊ မြတ်သော။ ဥရဂံ၊ သခ်ၤပါလ နဂါးမင်းကို။ အာဒါယ၊ ဖမ်းယူ၍။ ပမောဒမာနော၊ ဝမ်းမြောက်ဝမ်းသာ။ အာဂစ္ဆန္တေ၊ လာကြကုန်သော။ ဘောဇပုတ္တေ၊ မုဆိုးတို့ကို။ အဒ္ဒသံ၊ မြင်သည်။ အသိမ့်၊ ဖြစ်၏။။

၁၄၇။ ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော မင်းမြတ်။ သော အဟံ၊ ထိုငါသည်။ သမာဂမ့၊ မုဆိုးတို့သို့ ချဉ်းကပ်၍။ တေဟိ၊ ထိုနဂါးမင်းကို ဖမ်း၍လာကုန်သော မုဆိုးတို့ကြောင့်။ ပဟဋ္ဌလောမော၊ ကြက်သီးမွေးညင်းထလျက်။ ဘီတော၊ ကြောက်လျက်။ အဝစမ့်၊ မေး၏။ ဘောဇပုတ္တာ၊ မုဆိုးသားတို့။ ဘိမ-ကာယော၊ ကြောက်မက်ဖွယ်သော ကိုယ်ရှိသော။ အယံ နာဂေါ၊ ဤနဂါးကို။ ကုဟိ၊ အဘယ်အရပ်သို့။ နီယတိ၊ ဆောင်အပ်သနည်း။ နာဂေန၊ နဂါးဖြင့်။ ကိံ ကာဟထ၊ အဘယ်ပြုကြကုန်မည်နည်း။ ဣတိ၊ ဤသို့။ အဝစမ့်၊ မေး၏။

၁၄၈။ ဝိဒေဟပုတ္တ၊ ဝိဒေဟတိုင်းသား။ ပဝဒုကာယော၊ ကြီးပွားသောကိုယ်ရှိသော။ မဟန္တော၊ မြတ်သော။ ဥရဂေါ၊ ရင်ဖြင့်သွား တတ်သော။ အယံနာဂေါ၊ ဤနဂါးကို။ ဘောဇနတ္ထာ-ဘောဇနတ္ထာယ၊ စားအံ့သောငှာ။ နီယတိ၊ ဆောင်အပ်၏။ အာသ၊ ထိုနဂါး၏။ မံသံ၊ အသားသည်။ သာဒုဠ္ဟ၊ ချိုမြိန်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ထူလဠ္ဟ၊ ဆူသည်လည်း။ ဟောတိ၊ ဖြစ်၏။ မုဒုဠ္ဟ၊ နူးညံ့သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ သင်သည်။ ရသံ၊ နဂါးသား အရသာကို။ နာ အညာသိ၊ မသိ။

၁၄၉။ မယံ၊ ငါတို့သည်။ ဣတော၊ ဤအရပ်မှ။ အာဒါယ၊ ထမ်းပိုးရွက်ဆောင်၍။ သကံ နိကေတံ၊ မိမိအိမ်သို့။ ဂန္ဒွာ၊ သွား၍။

www.dhammadownload.com

သတ္ထာနိ-သတ္ထဟိ၊ ဓားတို့ဖြင့်။ ဝိကောပယိတ္ဝာ၊ လှီး၍။ မံသာနိ၊ အသားတို့ကို။ ပမောဒမာနာ၊ ဝမ်းမြောက်ဝမ်းသာဖြစ်၍။ ဘောက္ခာမ၊ စားကြကုန်အံ့။ ဟိ-သစ္စံ၊ မှန်၏။ မယံ၊ ငါတို့သည်။ ဝေ၊ စင်စစ်။ ပန္နဂါနံ၊ နဂါးတို့၏။ သတ္တဝေါ၊ ရန်သူတို့သည်။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကြကုန်၏။

၁၅၉။ ဘောဇပုတ္တာ၊ မုဆိုးသားတို့။ ပဝနုကာယေဘာ၊ ကြီးပွားသော ကိုယ်ရှိသော။ မဟန္တေဘာ၊ မြတ်သော။ အာယံဥရဝေါ၊ ဤနဂါးကို။ ဘောဇနုတ္ထာ-ဘောဇနုတ္ထာယ၊ စားအံ့သောငှာ။ သစေ နီယတိ၊ အကယ်၍ ဆောင်အပ်သည်ဖြစ်အံ့။ ဝေါ၊ သင်တို့အား။ သောဠသဗလိဗဒါနိ၊ လှည်းတိုက်နွားလား တစ်ဆယ့်ခြောက်ခုတို့ကို။ ဒဒါမိ၊ ပေးအံ့။ ဣမံ နာဂံ၊ ဤနဂါးကို။ ဗန္ဓနသ္မာ၊ အနှောင်အဖွဲ့မှ။ မုဉ္စထ၊ လွှတ်ကြကုန်လော့။ ဣတိ၊ ဤသို့။ အဝစ၊ ဆို၏။

၁၅၀။ ဘောဇပုတ္တာ၊ မုဆိုးသားတို့။ ပဝနုကာယေဘာ၊ ကြီးပွားသော ကိုယ်ရှိသော။ မဟန္တေဘာ၊ မြတ်သော။ အာယံဥရဝေါ၊ ဤနဂါးကို။ ဘောဇနုတ္ထာ-ဘောဇနုတ္ထာယ၊ စားအံ့သောငှာ။ သစေ နီယတိ၊ အကယ်၍ ဆောင်အပ်သည်ဖြစ်အံ့။ ဝေါ၊ သင်တို့အား။ သောဠသဗလိဗဒါနိ၊ လှည်းတိုက်နွားလား တစ်ဆယ့်ခြောက်ခုတို့ကို။ ဒဒါမိ၊ ပေးအံ့။ ဣမံ နာဂံ၊ ဤနဂါးကို။ ဗန္ဓနသ္မာ၊ အနှောင်အဖွဲ့မှ။ မုဉ္စထ၊ လွှတ်ကြကုန်လော့။ ဣတိ၊ ဤသို့။ အဝစ၊ ဆို၏။

၁၅၁။ ဝိဒေဟပုတ္တာ၊ ဝိဒေဟတိုင်းသားဖြစ်သော။ အဠာရ၊ အဠာရ။ မနာပေါ၊ နှစ်လိုဖွယ်ရှိသော။ အယံနာဂေါ၊ ဤနဂါးသည်။ နောအမှာကံ၊ ငါတို့၏။ အဒ္ဓါဟိ-အဒ္ဓါဧဝ၊ စင်စစ်လျှင်။ ဘက္ခော၊ အစာတည်း။ ဥရဂေါ၊ နဂါးကို။ နော၊ ငါတို့သည်။ ဗဟုံစ၊ များစွာလည်း။ ဘုတ္တပုဗ္ဗာ၊ စားဖူးကုန်ပြီ။ တေ၊ သင်၏။ ဟံဝစနံ၊ ထိုစကားကို။ ကရောမ၊ လိုက်နာကုန်အံ့။ တုံ၊ သင်သည်။ နော၊ ငါတို့၏ မိတ်ဆွေ၊ အဆွေခင်ပွန်းသည်လည်း။ ဟောဟိ၊ ဖြစ်လော့။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကြကုန်၏။

၁၅၂။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တဒါ၊ ထိုအခါ၌။ တေ၊ ထိုမုဆိုးတို့သည်။ တသ္မာ၊ ထိုနဂါးမင်းအား။ ဗန္ဓနာ၊ အနှောင်အဖွဲ့မှ။ မောစယိံသု၊ လွှတ်စေကုန်၏။ အဿ၊ ထို နဂါးမင်း၏။ နတ္ထုကော၊ နှာခေါင်းပေါက်မှ။ ပဝေသေတ္ဝာ၊ သွင်း၍။ ပါဏေ၊ ကျောက်ကွင်း၌။ ယံပဋိမောက္ကံ၊ အကြင် စုပ်အပ်သော အနှောင်အဖွဲ့သည်။ အတ္ထိ၊ ရှိ၏။ တသ္မာ ဗန္ဓနာ စ၊ ထို အနှောင်အဖွဲ့မှလည်း။ ဥရဂံ၊ နဂါးမင်းကို။ မောစယိံသု၊ လွှတ်စေကုန်၏။ သော နာဂရာဇာ၊ ထို သဒ္ဒပါလနဂါးမင်းသည်။ ဗန္ဓနာ၊ အနှောင်အဖွဲ့မှ။ မုတ္တော စ၊ လွှတ်စေသည်ဖြစ်၍

www.dhammadownload.com

လည်း။ မုဟုတ္တံ၊ ဘစ်ခဏမျှ။ ပါစိနမုခေါ၊ အရှေ့မျက်နှာသို့ ရှေးရှု။ ပက္ကာမိ၊ သွား၏။

၁၅၃။ မုဟုတ္တံ၊ တစ်ခဏမျှ။ ပါစိနမုခေါ၊ အရှေ့မျက်နှာသို့ ရှေးရှု။ ဂန္ဆန၊ သွား၍။ ပုဏ္ဏော်ဟိ၊ မျက်ရည်တို့ဖြင့် ပြည့်ကုန်သော။ နေတ္တောဟိ၊ မျက်စိတို့ဖြင့်။ မ်၊ ငါ့ကို။ ပလောကယိ၊ ကြည့်၏။ တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ အဿ၊ ထိုနဂါးမင်း၏။ ပိဋ္ဌိတော၊ နောက်မှ။ ဒဿဂုံလိ်၊ လက်ဆယ်ချောင်းကို ပေါင်း၍ယှက်သော။ အဉ္ဇလိ်၊ လက်အုပ်ကို။ ပဂ္ဂဟတ္တာ၊ ချီ၍။ အနုဂစ္ဆိ၊ လိုက်၏။

၁၅၄။ နာဂရာဇ၊ နဂါးမင်း။ တုံ၊ သင်သည်။ တရမာနရူပေါ၊ ရှောင်တခင်။ ဂစ္ဆေဝ၊ ကြွတော်မူလေလော့။ တံ၊ အရှင်နဂါးမင်းကို။ အမိတ္တာ၊ ရန်သူတို့သည်။ ပုန၊ တစ်ဖန်။ မာ အဂ္ဂဟေသုံ၊ မဖမ်းစေလင့်။ လုဒ္ဒေဟိ၊ ရုန့်ရင်း ကြမ်းကြုတ်ကုန်သော သူတို့နှင့်။ ပုန၊ တစ်ဖန်။ သမာဂမော၊ ပေါင်းဖော် ရခြင်းသည်။ ဟိ-ကေန္တေန၊ စင်စစ်သဖြင့်။ ဒုက္ခော၊ ဆင်းရဲ၏။ နာဂရာဇ၊ နဂါးမင်းသည်။ တုံ၊ သင်သည်။ ဘောဇပုတ္တာနုံ၊ မုဆိုးသားတို့၏။ အဒဿနုံ၊ မမြင်ရာသို့။ ဂစ္ဆ၊ ကြွတော်မူလေလော့။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

၁၅၅။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သော နာဂရာဇာ၊ ထို နဂါးမင်းသည်။ ဝိပ္ပသန္နံ၊ ကြည်သောရေ ရှိထသော။ နီလောဘာသံ၊ ညိုသောအရောင် ရှိထသော။ ရမဏီယံ၊ နှလုံးမွေ့လျော်ဖွယ် ရှိထသော။ သုတိတ္ထံ၊ ကောင်းသောဆိပ် ရှိထသော။ ဇမ္မုဟိစ၊ သပြေပင်တို့ဖြင့် လည်းကောင်း။ ဝေတသာဟိစ၊ ရင်းရဲပင်တို့ဖြင့် လည်းကောင်း။ သမော-တတံ၊ ကမ်းနှစ်ဖက်တို့၌ ထိုမှ ဤမှ ထက်ဝန်းကျင် ညွတ်လုဘနန်း ပြည့်ထသော။ ရဟဒံ၊ ကဏ္ဍဝေဏ္ဏာမြစ်သို့။ အဂမာသိ၊ သွားလေ၏။ နိတ္တိဏ္ဏ-ဘယော၊ ကင်းသောဘေးရှိသည်ဖြစ်၍။ ပတိတော၊ ဝမ်းမြောက် ဝမ်းသာ။ ပါဝေက္ခိ၊ ဝင်လေ၏။

၁၅၆။ ဇနိန္ဒ၊ လူတို့သခင်ပြည့်ရှင်မင်းမြတ်။ သော နာဂါ၊ ထို သခ်ၤပါလ နဂါးမင်းသည်။ တံ၊ ထို ကဏ္ဍဝေဏ္ဏာမြစ်သို့။ ပဝိသာ၊ ဝင်လေ

www.dhammadownload.com

၍။ နှစိရဿံ၊ မကြောမြင့်မီ။ ဒိဗ္ဗေန၊ နတ်၌ဖြစ်သော အခြံအရံဖြင့်။ ပရိဝါရိဒတာ၊ ခြံရုံလျက်။ မေ၊ ငါ၍။ ပုရတော၊ ရှေ့မှ။ ပါတုရဟူ၊ ထင်ရှားဖြစ်လဝ၏။ ပုတ္တော၊ သားသည်။ ပိတရံ၊ အဘကို။ ဥပဋ္ဌဟိ-ဿဝ၊ ဆည်းကပ်ခစားသကဲ့သို့။ တထာ၊ ထို့အတူ။ သော နာဂရာဇာ၊ ထိုနဂါးမင်းသည်။ ဟဒယင်္မံ၊ နှလုံးသို့ဝင်သော။ ကဏ္ဍသုခံ၊ နားဦ ချမ်းသာသော စကားကို။ ဘဏန္တော၊ ဆိုလျက်။ မံ၊ ငါ့ကို။ ဥပဋ္ဌဟိ၊ ဆည်းကပ်၏။

၁၅၇။ အဋ္ဌာရ၊ အဋ္ဌာရ။ တုံ၊ သင်သည်။ မေ၊ ငါ၏။ မဘာစ၊ အမိသည်လည်း။ အသိ၊ ဖြစ်၏။ ပိတာ စ၊ အဘသည်လည်း။ အသိ၊ ၏။ အဗ္ဘန္တရော၊ နှလုံးခုံသားနှင့်တူသော။ ပါဏဒဒေါ၊ အသက်ကို ပေးပေ တတ်သော။ သဟာယော စ၊ ခင်ပွန်းအစစ် အဆွေခွစ်သည်လဲည်း။ အသိ၊ ဖြစ်၏။ အဋ္ဌာရ၊ အဋ္ဌာရ။ တေ၊ သင့်အား။ အဟံ၊ ငါသည်။ သက္ကဋ္ဌ၊ ပူဇော် ခြီးမြှောက်ခြင်းကိုလည်း။ ကရိဿာမိ၊ ပြုအံ့။ အဟံ၊ ငါသည်။ ဣဒ္ဓိံ ပဋိလာဘကော၊ တန်ခိုးကို တစ်ဖန်ရပြန်သည်။ အသ္မိ၊ ဖြစ်၏။ အဋ္ဌာရ၊ အဋ္ဌာရ။ တုံ၊ သင်သည်။ မေ၊ ငါ၏။ နိဝေသနာနိ စ၊ နေရာ ဗိမာန်တို့ကိုလည်း။ ပဿ၊ လိုက်၍ ရှုကြည့်ပါလော့။ ဝါသဝဿ၊ သိကြားမင်း၏။ မဿက္ကသာရုံဝိယ၊ တာဝတိံသာ နတ်ပြည်နှင့်တူသော။ ပဟူတ-ဘက္ခံ၊ များသောဒေဘာဇဉ်ရှိသော။ ဗဟုအန္နပါနံ၊ များသော ထမင်း အဖျော်ရှိသော နဂါးပြည်ကိုလည်း။ ပဿ၊ ရှုကြည့်ပါလော့။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဣတိ၊ ဤသို့။ သော၊ ထို သခ်ပါလ နဂါးမင်းသည်။ မံ၊ ငါ့ကို။ အဗြဝိ၊ ဆို၏။

မြတ်သောမင်းကြီး ထိုသခ်ပါလ နဂါးမင်းသည် ဤဂါထာတို့ဖြင့် ဓာကျးဇူးစကားကို ဆိုပြီး၍ မိမိနဂါးပြည်ကို အလှန်ခြီးမွမ်းလိုရကား—

၁၅၈။ တံ ဘူမိဘာဂေဟိ ဥပေတရူပံ၊
အသက္ခရာ ဇစဝ မုဒူ သုဘာစ။
နိစတ္တိဏာ အပဂုဇာ စ ဘူမိ၊
ပါသာဒိကာ ယတ္ထဇဟန္တိ သောကံ။

www.dhammadownload.com

၁၅၉။ အနာဝကုလာ ဝေဠုရိယူပနိလာ၊
စတုဒ္ဒိသံ အမ္မဝနံ သုရမ္မံ။
ပက္ကာ စ ပေသီ စ ဖလာ သုဖုလ္လာ၊
နိစ္စောတုကာ ဓာရယန္တိ ဖလာနိ—
ဟူသော ဤဂါထာနှစ်ခုတို့၏ အဖျော်င်းကို ဆို၏။

၁၅၀။ အဠာရ၊ အဠာရ။ ယတ္ထ၊ အကြင် နဂါးပြည်အရပ်၌။ ပဝိဋ္ဌမတ္တာဝဝ၊ ဝင်တည့်ကာမျှပင်လျှင်။ သတ္တာ၊ သတ္တဝါတို့သည်။ သောကံ၊ စိုးရိမ်ကြောင့်ကြ ဗျာပါရကို။ ဇဟန္တိ၊ စွန့်ကုန်၏။ တံ နာဂဘဝနံ၊ ထိုဂါတို့ နဂါးပြည်အရပ်သည်။ ဘူမိဘာဂေဟိ၊ ညီညွတ်သော မြေအဖို့တို့နှင့်။ ဥပေတရူပံ၊ ပြည့်စုံသော သဘောရှိ၏။ ဘူမိ၊ ဂါတို့နဂါးပြည်၌ မြေအပြင်သည်။ အသက္ခရာ စေဝ၊ ကျောက်ခဲ ကျောက်စစ် ကင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ မုဒုသုဘာစ၊ နူးညံ့သိမ်မွေ့စွာ ရတနာ ခုနစ်ပါးတို့၏ အရောင်ဖြင့် ပြောင်ပြောင်ထွန်းဝင်း သည်လည်း။ ဟောတိ၊ ဖြစ်၏။ နိစတ္တိဏာဝစ၊ ပိုးပရန်၏ ကျောက်ကုန်း အဆင်းနှင့် တူသော ခြင်းခြင်းနီသော နိမ့်သောမြက်နှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ အပဂရဇာ စ၊ မြူကင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပါသာဒိကာ စ၊ ကြည်ညိုဖွယ် ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။

၁၅၉။ အနာဝကုလာ၊ မယုတ်သော ကမ်းရှိသော။ ဝေဠုရိယူပနိလာ၊ ကျောက်မျက်ရွဲဖြင့် ပြီးသော စိမ်းညို ကြည်လင်သော ရေ၏ တည်ရာ ရေကန်ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ စတုဒ္ဒိသံ-စတုဒ္ဒိသာသု၊ ရေကန် လေးမျက်နှာတို့၌။ သုရမ္မံ၊ အလွန် မွေ့လျော်ဖွယ် ရှိသော။ အမ္မဝနံ၊ သရက်ဥယျာဉ်သည်။ အတ္ထိ၊ ရှိ၏။ တသ္မိံ၊ ထိုသရက်ဥယျာဉ်၌။ အမ္မာ၊ သရက်ပင်တို့သည်။ ပက္ကာစ၊ မှည့်သည်လည်း ဖြစ်ကုန်သော။ ပေသီ စ၊ အစိမ်းအရွှမ်းလည်း ဖြစ်ကုန်သော။ ဖလာ၊ အသီးရှိကုန်သည် ဖြစ်၍။ သုဖုလ္လာ၊ အလွန် ပွင့်လင်း စည်ပင်ကုန်၏။ နိစ္စောတုကာ၊ ဥတု ခြောက်ပါးတို့နှင့် လျော်သော အပွင့်အသီးနှင့် ပြည့်စုံကုန်၏။ ဖလာနိ၊ အသီးတို့ကို။ ဓာရယန္တိ၊ ဆောင်ကုန်၏။

ဤဂါထာတို့ဖြင့် ပြောဆိုပြီး၍ တစ်ဖန် မင်းအား ကြားပြန်လို၌ ကား-

www.dhammadownload.com

၁၆၀။ တေသံ ဝနာနံ နရဇေဝ မဇ္ဈေ၊
နိဝေသနံ ဘဿရ သန္နိကာသံ။
ရဇတဂ္ဂဠံ သောဝဏ္ဏမယံ ဥဠာရံ၊
ဩဘာသတိ ဝိဇုရိ ဝန္တလိက္ခေ။

၁၆၁။ မဏိမယာ သောဝဏ္ဏမယာ ဥဠာရာ၊
အနေကစိတ္တာ သတတံသုနိမ္မိတာ။
ပရိပူရာ ကညာဟိ အလင်္ကတာဟိ၊
သုဝဏ္ဏကာယူရမရာဟိ ရာဇာ။

၁၆၂။ သော သခ်ပါလော တရမာနရူပေါ၊
ပါသာဒမာရုယှ အနောမဝဏ္ဏော။
သဟဿထမ္ဘံ အတုလာနုဘာဝံ၊
ယတ္ထဿဘရိယာ မဟေသီ အဟောသိ။

၁၆၃။ ဧကော စ နာရီ တရမာနရူပါ၊
အာဒါယ ဝေဠုရိယမယံ မဟဂ္ဃံ။
သုဘံ မဏိံ ဇာတိမန္တူပပန္နံ၊
အစေဒိတာ အာသနမဇ္ဈဟာသိ။

၁၆၄။ တတော မံ ဥရဂေါ ဟတ္ထေ ဂဟေတ္ဝာ၊
နိသီဒယီ ပါမုခအာသနသ္မိံ ။
ဣဒမာသနံ အတြ ဘဝံ နိသီဒတု၊
ဘဝဥ္စိ မေ အညတရာ ဂရူနံ။

၁၆၅။ အညာ စ နာရီ တရမာနရူပါ၊
အာဒါယ ဝါရိံ ဥပသင်္ကမိတ္ဝာ။
ပါဒါနိ ပက္ခာလယိ မေ ဇနိန္ဒ၊
ဘရိယာဝ ဘတ္ထု ပတိနော ပိယဿ။

၁၆၆။ အပရာ စ နာရီ တရမာနရူပါ၊
ပဂ္ဂယှ သောဝဏ္ဏမယာယ ပါတိယာ။
အနေကသူပံ ဝိဝိဓံ ဝိယဉ္ဇနံ၊
ဥပနာမယိ ဘတ္တမနုညရူပံ။

www.dhammadownload.com

၁၆၂။ တုရိယေဟိ မံ ဘာရတ ဘုတ္တဝန္တံ၊
ဥပဒ္ဒဟုံ ဘတ္တာ မနော ဝိဒိတ္ဝာ။
ဟတုတ္တရိံ မံ နိပတိ မဟန္တိ၊
ဒိဗ္ဗေဟိ ကာမေဟိ အနပ္ပကေဟိ—
ဟူသော ဤရွစ်ဂါထာတို့ကို ဆို၏။

၁၆၀။ နရဒေဝ၊ လူတို့အထွတ် လောကနတ်။ တေသံ ဝနာနံ၊ ထို သရက်ဥယျာဉ်တော်တို့၏။ မဇ္ဈေ၊ အလယ်၌။ ဘဿရ သန္နိကာသံ၊ ပြိုးပြိုးပြက်ထွက်သော အရောင်အဆင်း ရှိထသော။ ရဇတဂ္ဂဠံ၊ ငွေဖြင့်ပြီး သော တံခါးရွက် ရှိဆသော။ ဥဠာရံ၊ မြတ်သော။ သောဝဏ္ဏမယံ နိဝေသနံ၊ ရွှေပြာသာဒ်သည်။ အန္တလိက္ခေ၊ ကောင်းကင်ပြင်၌။ ဝိဇုရိဝ၊ လျပ်စစ်ကဲ့သို့။ ဩဘာသတိ၊ ထွန်းတောက်ပ၏။

၁၆၁။ ရာဇ၊ မင်းမြတ်။ တတ္ထ၊ ထိုပြာသာဒ်၌။ သုနိမ္မိဘာ၊ ကောင်းစွာ ဖန်ဆင်းအပ်ကုန်သော။ အနေကစိတ္တာ၊ တစ်ပါးမကမျှားသော ဆန်းကြယ်ခြင်း ရှိကုန်ထသော။ မဏိမယာ၊ ပတ္တမြားဖြင့် ပြီးသည်လည်း ဖြစ်ကုန်ထသော။ သောဝဏ္ဏမယာ၊ ရွှေဖြင့် ပြီးသည်လည်း ဖြစ်ကုန်ထသော။ ဥဠာရာ၊ မွန်မြတ်သော စုလစ်မှန်းချန် တပ်သော အဆောင်တိုက်ခန်းတို့သည်။ အလ္လက်တာဟိ၊ တန်ဆာဆင် အပ် ကုန် ထ သော။ သုဝဏ္ဏကာယူရဓရာဟိ၊ ရွှေခြေကျင်းဝတ်ကုန်သော။ ကညာဟိ၊ သတ္တိသမီး တို့ဖြင့်။ သတတံ၊ အခါခပ်သိမ်း။ ပရိပူရာ၊ ပြည့်ကုန်၏။

၁၆၂။ မဟာရာဇ၊ မြတ်သော မင်းကြီး။ သဟဿထမ္ဘံ၊ မျှားစွာသော တိုင်ရှိထသော။ အတုလာနုဘာဝံ၊ အတုမဲ့လျှဉ်း ပမာကင်းသော အာနုဘော်ရှိထသော။ တံပါသာဒ၊ ထို ပြာသာဒ်သို့။ အနေကမဝဏ္ဏော၊ မယုတ်မမာ မွန်မြတ်စွာသော အဆင်းရှိထသော။ သောသခ်ၤပါလော၊ ထို သခ်ၤပါလ နဂါးမင်း သည်။ တရမာနရူပေါ၊ အဆောတလျင်။ မံ၊ ငါ့ကို။ ဟတ္ထေ၊ လက်၌။ ဂဟေတ္ဝာ၊ ကိုင်၍။ အာရုယှ၊ တက်၍။ ယတ္ထ၊ အကြင် အရပ်၌။ အဿ၊ ထို သခ်ၤပါလ နဂါးမင်း၏။ ဘရိယာ၊ မယားဖြစ်သော။ မဟေသီ၊ မိဖုရားသည်။ အဟောသိ၊ နေ၏။ တံ ဌာနံ၊ ထိုအရပ်သို့။ နေတိ၊ ဆောင်၏၊

www.dhammadownload.com

၁၆၃။ ဧကော၊ တစ်ယေ်ာက်သော။ နာရီ စ၊ မိန်းမသည်လည်း။ ဝေဠုရိယမဃံ၊ ကျောက်မျက်ရွဲဖြင့် ပြီးသော။ မဟဂ္ဃံ၊ အဖိုးမျှားစွာ ထိုက်သော။ သုဘံ၊ တင့်တယ်စွာသော။ မဏိံ ဇာတိမ္မန္တ္ဂုပပန္နံ၊ အမျိုး ကောင်းသော ပတ္တမြားတို့နှင့် ပြည့်စုံထသော။ အာသနံ၊ နေရာကို။ တရမာနရူပါ၊ အဆောတလျင်။ အာဒါယ၊ ယူတည့်၍။ အဓိစာဒိတာ၊ မနှိုးဆော် မတိုက်တွန်းဘဲ။ အတ္ထိဟာသိ၊ ခင်း၏။

၁၆၄။ တတော၊ ထို့နောင်မှ။ ဥရဂေါ၊ သခ်ပါလနဂါးမင်းသည်။ မံ၊ ငါ့ကို။ ဟတ္ထေ၊ လက်၌။ ဂဟေတွာ၊ ကိုင်၍။ ပါမုခ အာသနသို့ံ၊ မြတ်သော နေရာ၌။ နိသီဒယိ၊ နေစေ၏။ ဟိ-ယသ္မာ၊ အကြင့်မကြောင့်။ ဘဝံ၊ အရှင်သည်။ မေ၊ ငါ၏။ ဂရုနံ၊ အလေးအမြတ် ပြုအပ်ကုန်သော သူတို့တွင်။ အညတရော၊ တစ်ယောက်သော သူပေတည်း။ တသ္မာ၊ ထို့ကြောင့်။ ဣဒံအာသနံ၊ ဤ မြတ်သော နေရာသည်။ ဘဝတော၊ အရှင်၏။ အာသနံ၊ နေရာတည်း။ အတြ၊ ဤ မြတ်သောနေရာ၌။ ဘဝံ၊ အရှင်သည်။ နိသီဒတု၊ နေတော်မူလော့။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ပါမုခ အာသနသို့ံ၊ မြတ်သောနေရာ၌။ နိသီဒယိ၊ နေစေ၏။

၁၆၅။ ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော မင်းမြတ်။ ပိယဿ၊ ချစ်အပ်သော။ ဘတ္တာ၊ လုပ်ကျေးတမူ မွေးမြူအပ်သော။ ပတိနော၊ လင်၏။ ပါဒါနိ၊ ခြေတို့ကို။ ဘရိယာ၊ မယားသည်။ ပက္ခာလယိဣဝ၊ ဆေးသကဲ့သို့။ အညာ၊ တစ်ယောက်သော။ နာရီ စ၊ မိန်းမသည်လည်း။ တရမာနရူပါ၊ အဆောတလျင်။ ဝါရိံ၊ ရေကို။ အာဒါယ၊ ယူ၍။ ဥပသင်္ကမိတွာ၊ ကပ်လာ၍။ မေ၊ ငါ၏။ ပါဒါနိ၊ ခြေတို့ကို။ ပက္ခာလယိ၊ ဆေး၏။

၁၆၆။ ဇနိန္ဒ၊ မင်းမြတ်။ အပရာ၊ တစ်ယောက်သော။ နာရီ စ၊ မိန်းမသည်လည်း။ သောဝဏ္ဏ မယာယ၊ ရွှေဖြင့်ပြီးသော။ ပါတိယာ၊ ခွက်ဖြင့်။ အနေကသူပံ စ၊ မျှားစွာသော ဟင်းကို လည်းကောင်း။ ဝိဝိဓံ၊ အထူးထူး အပြားပြား မျှားသော။ ဝိယဉ္ဇနံစ၊ ဟင်းလျာကို လည်းကောင်း။ မနုညရူပံ၊ နှစ်သက်ဖွယ်သော သဘောရှိသော။ ဘတ္တံ စ၊ ထမင်းကို လည်းကောင်း။ တရမာနရူပါ၊ အဆောတလျင်။ ပဂ္ဂယှ၊ ယူတည်၍။ ဥပနာမယိ၊ တည်ထား ဆက်ကပ်လာ၏။

၁၆၆။ ဇနိန္ဒ၊ မင်းမြတ်။ အပရာ၊ တစ်ယောက်သော။ နာရီ စ၊ မိန်းမသည်လည်း။ သောဝဏ္ဏ မယာယ၊ ရွှေဖြင့်ပြီးသော။ ပါတိယာ၊ ခွက်ဖြင့်။ အနေကသူပံ စ၊ မျှားစွာသော ဟင်းကို လည်းကောင်း။ ဝိဝိဓံ၊ အထူးထူး အပြားပြား မျှားသော။ ဝိယဉ္ဇနံစ၊ ဟင်းလျာကို လည်းကောင်း။ မနုညရူပံ၊ နှစ်သက်ဖွယ်သော သဘောရှိသော။ ဘတ္တံ စ၊ ထမင်းကို လည်းကောင်း။ တရမာနရူပါ၊ အဆောတလျင်။ ပဂ္ဂယှ၊ ယူ၍။ ဥပနာမယိ၊ တည်ထား ဆက်ကပ်လာ၏။

www.dhammadownload.com

၁၆၇။ ဘာရတ၊ မင်းမြတ် ဘာရတ။ နာရိယော၊ မိန်းမတို့သည်။ ဘတ္တာ့၊ မိမိတို့ လင်ဖြစ်သော သခ်ၤပါလ နဂါးမင်း၏။ မနော၊ စိတ်ကို။ ဝိဒိတ္ဝာ၊ သိ၍။ ဘုတ္တဝန္တံ၊ စား၍ပြီးသော။ မံ၊ ငါ့ကို။ တူရိယေဟိ၊ တီးမှုတ်မျိုးတို့ဖြင့်။ ဥပဋ္ဌဟုံ၊ လုပ်ကျွေးကြကုန်၏။ တတုတ္တရိံ၊ ထိုထက်အလွန်။ သော၊ ထို သခ်ၤပါလ နဂါးမင်းသည်။ မံ၊ ငါ့ကို။ နိပတိ၊ တုပ်ဝပ် ဆည်းကပ်၏။ အနုပုကေဟိ၊ မျှားစွဲကုန်သော။ မဟန္တံ ဒိဗ္ဗေဟိ၊ မြတ်သော နတ်၌ ဖြစ်ကုန်သော။ ကာမေဟိ၊ ကာမဂုဏ်တို့ဖြင့်။ ဥပဋ္ဌဟိ၊ လုပ်ကျွေးစေ၏။

သခ်ၤပါလ နဂါးမင်းသည် ဤသို့ ဆည်းကပ် လုပ်ကျွေးသဖြင့် မိမိအား ကာမဂုဏ်ဖြင့် ဖိတ်သော အကြောင်းကို မင်းအား ကြားပြန်လိုရကား—

၁၆၈။ ဘရိယာ မမေတာ တိသတာ အဋ္ဌာရ၊
သဗ္ဗတ္တမဇ္ဈာ ပဒုမုတ္တရာဘာ။
အဋ္ဌာရ ကောသုတေ ကာမံကရော၊
ဒဒါမိ တေ တာ ပရိစာရယဿု—

ဟူသော ဤဂါထာကို ဆို၏။

၁၆၈။ အဋ္ဌာရ၊ အဋ္ဌာရ။ သဗ္ဗတ္တ မဇ္ဈာ၊ အလုံးစုံသော လက်တစ်ဆုပ်မျှ ပမာဏရှိသည် ဖြစ်၍ သွယ်သွယ် သေးသေး ယဉ်ကျေးသော ခါးလည်း ရှိကုန်ထသော။ ပဒုမုတ္တရာဘာ၊ ပဒုမ္မာကြာပန်းနှင့် တူသော မွန်မြတ်သော အရောင်အဆင်း ရှိကုန်ထသော။ တိသတာ၊ သုံးရာကုန်သော။ တေ၊ ထို မိန်းမတို့သည်။ မမ၊ ငါ၏။ ဘရိယာ၊ မယားတို့တည်း။ အဋ္ဌာရ၊ အဋ္ဌာရ။ တေသု၊ ထို မိန်းမတို့၌။ တံ၊ သင်သည်။ ကာမံ၊ အလိုကို။ ကရော၊ ပြုလော့။ တေ၊ သင့်အား။ ဒဒါမိ။ ပေး၏။ တံ၊ သင်သည်။ တာ၊ ထို သုံးရာကုန်သော မိန်းမတို့ကို။ ပရိစာရယဿု၊ အလုပ်အကျွေး ပြုစေလော့။

ဤသို့ ပြောဆိုပြီး၍ တစ်နှစ်ပတ်လုံး နဂါးပြည်၌ ကာမဂုဏ်ချမ်းသာကို ခံစားစဉ် သခ်ၤပါလ နဂါးမင်းအား မိမိ မေးသော အကြောင်းကို ဗာရာဏသီမင်းအား တစ်ဖန် ကြားပြန်ရလိုကား—

www.dhammadownload.com

၂၆၉။ သံဝစ္ဆရံ ဒိဗ္ဗရဿာနုဘုတ္ဝာ၊
တဒါဿုဟံ ဥတ္တရိမဗ္ဘာသိံ။
နာဂဿိဒံ ကိန္တိ ကထဥ္စ လဒ္ဓံ၊
ကထဗ္ဘာဂမာသိ ဝိမာနသေဋ္ဌံ။

၁၇၀။ အဓိစ္စ လဒ္ဓံ ပရိဏာမဇံ တေ၊
သယံ ကတံ ဥဒါဟု ဒေဝေဟိ ဒိန္နံ။
ပုစ္ဆာမိ တံ နာဂရာဇေ တမေတ္ထံ၊
ကထဗ္ဘဂမာသိ ဝိမာနသေဋ္ဌံ—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၆၉။ မဟာရာဇ၊ မင်းမြတ်။ သော အဟံ၊ ထိုငါသည်။ သံဝစ္ဆရံ၊ တစ်နှစ်ပတ်လုံး။ တံဒိဗ္ဗရဿံ၊ ထိုနတ်၌ ဖြစ်သော ကာမဂုဏ်အရသာကို။ အနုဘုတ္ဝာ၊ ခံစား၍။ တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ ဥတ္တရိ၊ အလွန်။ နာဂဿ၊ သခ်ၤပါလ နဂါးမင်းအား။ အဗ္ဘာသိံ၊ မေးလျှောက်၏။ နာဂဿ၊ သခ်ၤပါလ နဂါးမင်းအား။ ဣဒံ၊ ဤစည်းစိမ် ချမ်းသာသည်။ ဇာတံ၊ ဖြစ်၏။ ကိန္တိ၊ အဘယ်ကောင်းမှုကို။ ကထဥ္စ၊ အဘယ်သို့သော အကြောင်းကို။ ကတ္ဝာ၊ ပြု၍။ ဣဒံ၊ ဤစည်းစိမ်ကို။ တယာ၊ သင်သည်။ လဒ္ဓံ၊ ရအပ်သနည်း။ ကထံ-ကေန ကာရဏေန၊ အဘယ်သို့သော အကြောင်းဖြင့် ။ ကတ္ဝာ၊ ပြု၍။ တံ၊ သင်သည်။ ဝိမာနသေဋ္ဌံ၊ မြတ်သော ရွှေဗိမာန်ကို။ အဗ္ဘဂမာသိ၊ ရသနည်း။

၁၇၀။ နာဂရာဇ၊ နဂါးမင်း။ တေ-တယာ၊ သင် နဂါးမင်းသည်။ ဣဒံ ဝိမာနသေဋ္ဌံ၊ ဤမြတ်သော ရွှေဗိမာန်ကို။ အဓိစ္စ လဒ္ဓံ၊ အကြောင်းကင်းလျက် အလိုလိုပင် ရသလော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ တေ၊ သင်၏။ အတ္ထာယ၊ အကျိုးငှာတည်း။ ဇကနဓိ၊ တစ်စုံတစ်ယောက်သော သူသည်။ ပရိဏာမဇံ၊ ညွှတ်ခြင်းကြောင့်၊ ဖြစ်သလော။ သယံ၊ မိမိအလိုလိုတည်း။ ကတံ၊ ဆောက်လုပ်စေသလော။ ဥဒါဟု၊ထိုသို့ မဟုတ်မူကား။ဒေဝေဟိ၊ နတ်တို့သည်တည်း။ ဒိန္နံ၊ ပေးသလော။ တောမတ္ထံ၊ ထိုအကြောင်းကို။ တံ၊ အရှင်နဂါးမင်းကို။ ပုစ္ဆာမိ၊ ငါမေး၏။

www.dhammadownload.com

ဝိမာနသေဋ္ဌံ၊ မြတ်သောရွှေဗိမာန်ကို။ ကထံ၊ အသို့။ ကတ္ဝာ၊ ပြု၍။ အဇ္ဈဂမာသိ၊ ရသနည်း။

ဘုရားအလောင်း သခ်ၤပါလ နဂါးမင်းသည် ထိုအင္ဒဝရ၏ အမေးကို ဖြေလိုရကား—

၁၃၁။ နာဓိစ္စလဒ္ဓံ နု ပရိဏာမဇံမေ၊
နု သယံ ကတံ နာပိဒေဝေဟိ ဒိန္နံ။
သကေဟိ ကမ္မေဟိ အပါပကေဟိ၊
ပုညေဟိ မေ လဒ္ဓမိဒံ ဝိမာနံ—

ဟူသော ဤဂါထာကို ဆို၏။

၁၃၁။ အင္ဒဝရ၊ အင္ဒဝရ။ ဣဒံ ဝိမာနံ၊ ဤမြတ်သော ရွှေဗိမာန်ကို။ မေ-မယာ၊ ငါသည်။ နာဓိစ္စလဒ္ဓံ၊ အကြောင်း ကင်းသဖြင့် မရအပ်။ နပရိဏာမဇံ၊ ငါ၏အကျိုးငှာ တစ်စုံတစ်ယောက်သော သူသည် ညွှတ်ခြင်းကြောင့်လည်း မဖြစ်။ သယံ၊ မိမိ အလိုလို။ နု ကတံ၊ မဆောက်လုပ်စေအပ်။ ဒေဝေဟိပိ၊ နတ်တို့သည်လည်း။ နု ဒိန္နံ၊ မပေးအပ်။ အပါပကေဟိ၊ မယုတ်မာကုန်သော။ ပုညေဟိ၊ စိတ်သန္တာန်ကို ဖြူစင်စေတတ်ကုန်သော။ သကေဟိ ကမ္မေဟိ၊ မိမိ ကုသိုက်ကံတို့ကြောင့်။ ဣဒံ ဝိမာနံ၊ ဤရွှေဗိမာန်ကို။ မေ-မယာ၊ ငါသည်။ လဒ္ဓံ၊ ရအပ်၏။

ထိုသို့ ဖြေဆိုသည်ရှိသော် အင္ဒဝရသည် ဘုရားအလောင်း သခ်ၤပါလ နဂါးမင်းအား စည်းစိမ်ရခြင်း၏ အကြောင်းဖြစ်သော အကျင့်ကို မေးပြန် လိုရကား—

၁၃၂။ ကိန္တေ ဝတံ ကိံ ပန ဗြဟ္မစရိယံ၊
ကိဿ သုစိဏ္ဏဿ အယံ ဝိပါကော။
အက္ခာဟိ မေ နာဂရာဇေ တမတ္ထံ၊
ကထံနု တေ လဒ္ဓမိဒံ ဝိမာနံ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၁၇၂။ နာဂရာဇ၊ နဂါးမင်း။ တေ-တဝ၊ သင်နဂါးမင်း၏။ ဝတံ၊ မြတ်သောဗိမာန်ကို ရစိမ့်သောငှာ ကောင်းစွာ ဆောက်တည်အပ်သော ကျင့်ဝတ်သည်။ ကိံ၊ အဘယ်ကျင့်ဝတ်နည်း။ ဗြဟ္မစရိယံ၊ ရွှေဗိမာန်ကို ရခြင်း၏ အကြောင်း ကောင်းမြတ်သောအကျင့်သည်။ကိံ ပန၊ အဘယ်အကျင့်နည်း။ အယံ ဝိဓိဒ်ကာ၊ ဤစည်းစိမ်ချမ်းသာကို ရခြင်းတည်းဟူသော အကျိုးသည်။ ကိဿ၊ အဘယ်မည်သော။ သုစိဏ္ဏဿ၊ ကောင်းမှု၏။ ဝိပါကော၊ အကျိုးနည်း။ ကထံ၊ အသို့မူ၍၊ တေ-တယာ၊ သင်နဂါးမင်းသည်။ ဣဒံ ဝိမာနံ၊ ဤဗိမာန်ကို။ လဒ္ဓံ နု၊ ရသနည်း။ ဧတမတ္ထံ၊ ထိုအကြောင်းကို။ မေ၊ ငါ့အား၊ အက္ခာဟိ၊ ဟောပါလော့။

ဘုရားလောင်း သခ်ပါလနဂါးမင်းသည် ထိုအမေးကို ဖြေလိုရကား—

၁၇၃။ ရာဇာ အဒဟာသိ မဂဓာနမိဿရော၊
ဒုယျောဓနော နာမ မဟာနုဘာဝဝါ။
သော ဣတ္တရံ ဇီဝိတံ သံဝိဒိတ္ဝာ၊
အသဿတံ ဝိပရိဏာမမမ္မံ။

၁၇၄။ အန္နဉ္စ ပါနဉ္စ ပသန္နစိတ္တော၊
သက္ကစ္စဒါနံ ဝိပုလံ အဒါသိံ။
ဩပါနဘူတံ မေ ဃရံ တဒါသိ၊
သန္တပ္ပိတာ သမဏဗြာဟ္မဏာ စ။

၁၇၅။ မာလဉ္စ ဂန္ဓဉ္စ ဝိလေပနဉ္စ၊
ပဒီပိယံ ယာန မုပဿယဉ္စ။
အစ္ဆာဒနံ သယ မထန္နပါနံ၊
သက္ကစ္စ ဒါနာနိ အဒမ္မ တတ္ထ။

၁၇၆။ တံ မေ ဝတံ ပန ဗြဟ္မစရိယံ၊
တဿ သုစိဏ္ဏဿ အယံ ဝိပါကော။
တေနေဝ မေ လဒ္ဓမိဒံ ဝိမာနံ၊
ပဟူတဘက္ခံ ဗဟုအန္နပါနံ။

www.dhammadownload.com

နစ္စေတိ ဂီတေဟိ စုပေတရှုပံ၊
စိရဋ္ဌိတိကံ နု စ သဿတာယံ—
ဟူသော ဤလေးဂါထာတို့ကို ဆို၏။

၁၃၃။ အဠာရ၊ အဠာရ၊ မဂဓာနံ၊ မဂဓရာဇ် တိုင်းသူတို့ကို။ ဣသရော၊ အစိုးရသော။ မဟာနုဘာဝေါ၊ ကြီးသော အာနုဘော်ရှိသော။ ဒုယျောဓနောနာမ၊ ဒုယျောဓန မည်သော။ ရာဇာ၊ မင်းမြတ်သည်။ အဟောသိ၊ ဖြစ်ဖူးပြီ။ သောရာဇာ၊ ထိုဒုယျောဓန မင်းသည်။ ဇီဝိတံ၊ အသက်ကို။ ဣတ္တာရံ၊ နည်း၏ဟူ၍။ အသဿတံ။ မမြဲချေဟူ၍။ ဝိပရိဏာမဓမ္မံ၊ ဖောက်ပြန်သော သဘောရှိ၏ဟူ၍။ သံဝိဒိတ္ဝာ၊ သိ၍။

၁၃၄။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ ဝိပုလံ၊ ပြန့်ပြောစွာသော။ အန္နဒ္ဓ၊ ဆွမ်းအလှူကို လည်းကောင်း။ ပါနဒ္ဓ၊ ဟင်းအဖျော် အလှူကို လည်းကောင်း။ သက္ကစ္စံ၊ ရိုသေစွာ။ အဒါသိ၊ လှူခဲ့ဖူးပြီ။ တဒါ၊ ထိုအခါ၌။ မေ၊ ငါ၏။ ဃရံ၊ အိမ်သည်။ ဩပါနဘူတံ၊ ခရီးလေးခုတို့၏ အဆုံး၌ တူးအပ်လော ရေကန်သဖွယ်သည်။ အသိ၊ ဖြစ်၏။ သမဏာ စ၊ ရဟန်းတို့သည် လည်းကောင်း။ ဗြာဟ္မဏာ စ၊ ပုဏ္ဏားတို့သည် လည်းကောင်း။ သန္တပ္ပိတာ၊ ပစ္စည်း လေးပါးတို့ဖြင့် ရောင့်ရဲကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အလှူဝတ္ထု ၁၀-ပါး

၁၃၅။ တတ္ထ၊ ထိုလှူ့ပြည်၌။ မာလဒ္ဓ၊ ပန်းကို လည်းကောင်း။ ဂန္ဓဒ္ဓ၊ နံ့သာကို လည်းကောင်း။ ဝိလေပနဒ္ဓ၊ နံ့သာပျော်းကို လည်းကောင်း။ ပဒီပိယဒ္ဓ၊ ဆီမီးကို လည်းကောင်း။ ယာနဒ္ဓ၊ ယာဉ်ကို လည်းကောင်း။ ဥပဿယဒ္ဓ၊ ကျောင်းကို လည်းကောင်း။ အစ္ဆာဒနဒ္ဓ၊ အဝတ်သင်္ကန်းကို လည်းကောင်း။ သယနဒ္ဓ၊ အိပ်ရာနေရာကို လည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ အန္နပါနဒ္ဓ၊ ထမင်းအဖျော်ကို လည်းကောင်း။ ဣမာနိ ဒါနာနိ၊ ဤဆယ်ပါးကုန်သော ဒါနဝတ္ထုတို့ကို။ သက္ကစ္စံ၊ ရိုသေစွာ။ အဒမ္မ၊ လှူခဲ့ဖူး၏။

၁၃၆။ အဠာရ၊ အဠာရ။ တံ ဝတံ၊ ထို ဆယ်ပါးသော ဒါနဝတ္ထုတို့ကို လှူ။ ဒါန်းခြင်းတည်းဟူသော ကျင့်ဝတ်သည်။ မေ၊ ငါ၏။

www.dhammadownload.com

ဝတံ၊ မြတ်သော ရှေဗိမာန်ကြီးကို ရခြင်း၏ အကြောင်းဖြစ်သော ကျင့်ဝတ်တည်း။ တံ ဗြဟ္မစရိယံပန၊ ထိုဆိုအပ်ပြီးသော အကျင့်သည်ကား။ မေ၊ ငါ၏။ ဗြဟ္မစရိယံ၊ ရှေဗိမာန်ကို ရခြင်း၏အကြောင်း ကောင်းမြတ်သော အကျင့်တည်း။ အယံ ဝိပါကော၊ ဤကောင်းကျိုးသည်။ တဿ-တာဒိသဿ၊ ထိုသို့သဘောရှိသော။ သုစိဏ္ဏဿ၊ ကောင်းစွာ ကျင့်အပ်သော ဒါနကုသိုလ်၏။ ဝိပါကော၊ ကောင်းကျိုးတည်း။ အဲဥာရ၊ အဥာရ။ တေနေဝ၊ ထိုသို့သဘောရှိသော လှူဒါန်းပူဇော်သော ကောင်းမှုကြောင့်သာလျှင်။ ဣဒံဝိမာနဒ္ဓု၊ ဤရှေဗိမာန်ကို လည်းကောင်း။ ပဟူတဓဂ္ဂဒ္ဓု၊ များစွာသော ဘောဇဉ်ကို လည်းကောင်း။ ဗဟုအန္နပါနဒ္ဓု၊ များစွာသော ထမင်းအဖျော်ကို လည်းကောင်း။ မေမယာ၊ ငါသည်၊ လဒ္ဓံ၊ ရအပ်၏။ နစ္စံဟိ စ၊ ကခြေသည်တို့နှင့် လည်းကောင်း။ ဂီတေဟိ စ၊ သီချင်းသည်တို့နှင့် လည်းကောင်း။ ဥပေတရူပံ၊ ပြည့်စုံသောသဘောရှိထသော။ အယံ ဣမံ ဝိမာနံ၊ ဤ ငါ၏ ရှေဗိမာန်သည်။ စိရဋ္ဌိတိကံ၊ အဓွန့်မြင့်ရှည် တည်လင့်ကစား။ နစသဿတံ၊ မြဲသောသဘော မရှိခြေ။

ဤသို့ ဖြေဆိုသည်ရှိသော် နဂါးမင်း ဤကဲ့သို့သော ဘုန်းတန်ခိုးနှင့် ပြည့်စုံပါလျက် အဘယ်ကြောင့် ဘုန်းကံနည်းသော သူဆင်းရဲမျိုးမုဆိုးတို့၏ အနှိပ်အစက်ကို ခံရဘိသနည်းဟု ဘုရားလောင်းကို မေးမြန်းလိုရကား၊...

၁၇၇။ အပုန္နဘာဝါတံ မဟာနုဘာဝ၊
တေဇသိနံ ဟန္တီ အတေဇဝန္တော။
ကိမေဝ ဒါဌာဝုဓ ကိံ ပဋိစ္စ၊
ဟတ္ထတ္တ မာဂစ္ဆ ဝနိဗ္ဗကာနံ။

၁၇၈။ ဘယံ နုတေ အန္ဒဂတံ မဟန္တံ၊
ဧတာဒေါ နုတေ နာန္ဒဂံ ဒန္တမူလံ။
ကိမေဝ ဒါဌာဝုဓကိံ ပဋိစ္စ၊
ကိလေသ မာဒဋ္ဌိံ ဝနိဗ္ဗကာနံ—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

၁၇၇။ နာဂရာဇ၊ နဂါးမင်း။ အတေဇဝန္တော၊ အရှိန်အစော် မရှိကုန်ထသော။ အပ္ပနုဘာဝ၀ါ၊ နည်းသော အာနုဘော် ရှိကုန်သော မုဆိုးတို့သည်။ တေဇဿီနံ၊ အရှိန်အစော်နှင့် ပြည့်စုံထသော။ မဟာနုဘာဝံ၊ ကြီးသော အာနုဘော်ရှိသော။ တံ၊ အရှင် နဂါးမင်းကို။ ကိ ကာရဏာ၊ အဘယ်ကြောင့်။ ဟန္တိ၊ ရှစ်ဌာနတို့ဥ် တံကျင်ဖြင့် ထိုးလျှိဘိ၍ ညှဉ်းဆဲလေကုန် သနည်း။ ဒါဠာဝုဓ၊ အစွယ်လက်နက် ရှိသော နဂါးမင်း။ ကိ၊ အဘယ်ကို။ ပဋိစ္စ၊ အစဲပြု၍။ ကိမေဝ၊ အဘယ်ကြောင့်သာလျှင်။ တံ၊ အရှင် နဂါးမင်းသည်။ ဝနိဗ္ဗကာနံ၊ မုဆိုးတို့၏။ ဟတ္ထတ္တံ၊ လက်၌ ပျက်စီးခြင်းသို့။ အာဂစ္ဆိ၊ ရောက်သနည်း။

၁၇၈။ ဒါဠာဝုဓ၊ အစွယ်လက်နက်ရှိသော နဂါးမင်း။ တေ၊ သင် နဂါးမင်း၏။ ¦တေဇော၊ "အစွမ်းတော်သည်။ တဒါ၊ ထို မုဆိုးတို့ကို မြင်သောအခါ၌။ မဟန္တံ၊ ကြီးစွာသော။ ဘယံ၊ ကြောက်ခြင်းသို့။ အန္ဒာဂတံ နု၊ ရောက်လေသလော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ `တေ၊ သင် နဂါးမင်း၏။ တေဇော၊ အဆိုပ်သည်။ ဒန္တေမူလံ၊ အစွယ်ရင်းသို့။ နာန္ဒဂံ နု၊ မရောက်လာလေသလော။ ကိ၊ အဘယ်ကို။ ပဋိစ္စ၊ စဲ၍။ ကိမေဝ၊ အဘယ်ကြောင့်လျှင်။ ဝနိဗ္ဗကာနံ၊ မုဆိုးတို့၏။ သန္တိကေ၊ အထံ၌။ ကိလေသံ၊ ဆင်းရဲပင်ပန်းခြင်းသို့။ အာပဇ္ဇိ၊ ရောက်တော်မူရလေသနည်း။

ဘုရားအလောင်း သခ်ၤပါလ နဂါးမင်းသည် ထို အဋ္ဌာဂ အမေးကို ဖြေလိုရကား—

၁၇၉။ န မေ ဘယံ အန္ဒဂတံ မဟန္တံ၊
တေဇော နု သက္ကာ မမ တေဟိ ဟန္တုံ။
သတဉ္ဇ ဓမ္မာနိ သုကိတ္တိဘာနိ၊ သမုဒ္ဒဝေလာဝ ဒုရတ္တယာနိ။

၁၈၀။ စာတုဒ္ဒသိ ပဉ္စဒသိ အဋ္ဌာဂ၊
ဥပေါသထံ နိစ္စမုပါဝသာမိ။
အထာဂမုံ သောဋ္ဌသ ဘောဇပုတ္တာ၊
ရဋ္ဌုံ ဂဟေတွာန ဒဋ္ဌုဉ္ဇ ပါသံ။

www.dhammadownload.com

၁၀၁။ ဘေတ္ထာန နာသံ အတိကဿ ရဇ္ဇုံ၊
နယိ သုမံ သမ္ပရိဂယှ လုဒ္ဒါ။
ဧတာဒိသံ ဒုက္ခမဟံ တိတိက္ခံ၊
ဥပေါသထံ အပ္ပဋိကောပယန္တော—
ဟူသော ဤ သုံးဂါထာတို့ကို ဆို၏။

၁၀၉။ အင်္ဂါရ၊ အင်္ဂါရ။ တဒါ၊ ထို မုဆိုးတို့ကို မြင်သောအခါ၌။ မေ၊ ငါ၏။ တေဇော၊ အစွမ်းသည်။ မဟန္တံ၊ ကြီးစွာသော။ ဘယံ၊ ကြောက်ခြင်းသို့။ နန္ဒဂတံ၊ မခရောက်။ မမ၊ ငါ့အား။ တေဟိ၊ ထို မုဆိုးတို့သည်။ ဟန္တုံ၊ ဖျောက်အံ့သောငှာ။ နသက္ကာ၊ မတတ်နိုင်။ စ၊ ထို့သို့ပင် မတတ်နိုင်စေကာမူ။ သမုဒ္ဒဝေလာဝ၊ သမုဒ္ဒရာ ကမ်းကိုကဲ့သို့။ သတံ၊ ဘုရားအစရှိသောသူတော်ဧကောင်းတို့၏။ သုဘိတ္တိတာနံ၊ ငကောင်းစွာ ဟောတော်မူအပ်ကုန်သော။ ဒုရစ္စယာနံ၊ လွန်ခြင်းငှာ ခဲကုန်သော။ ဓမ္မာနံ၊ သိလ အစရှိကုန်သော တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဝနိဗ္ဗကာနံ၊ မှဆိုးတို့၏။ သန္တိကေ၊ အထံ၌။ အဟံ၊ ငါသည်။ ကိလေသံ၊ ဆင်းရဲ ပင်ပန်းခြင်းသို့။ အာပဇ္ဇာမိ၊ ရောက်၏။

၁၀၀။ အင်္ဂါရ၊ အင်္ဂါရ။ အဟံ၊ ငါသည်။ စာတုဒ္ဒသိ၊ တစ်ဆယ့်လေးရက်တို့၏ ပြည့်ကြောင်း ဖြစ်သော နေ့၌ လည်းကောင်း။ ပဉ္စဒသိ၊ တစ်ဆယ့်ငါးရက်တို့၏ ပြည့်ကြောင်း ဖြစ်သော နေ့၌ လည်းကောင်း။ နိစ္စံ၊ အမြဲ။ ဥပေါသထံ၊ ဥပုသ်ကို။ ဥပဝသာမိ၊ သုံး၏။ အထ၊ ထို့အခါ၌။ သောဠသ၊ တစ်ကျိပ်ခြောက်ယောက်ကုန်သော။ ဘောဇပုတ္တာ၊ မှဆိုးသားတို့သည်။ ရဇ္ဇုံ၊ ကြိုးကို လည်းကောင်း။ ဒဠှံ၊ မြဲမြံသော။ ပါသဉ္စ၊ ကျော့ကွင်းကို လည်းကောင်း။ ဂဟေတွာန၊ ယူ၍။ မမ၊ ငါ့၏။ သန္တိကံ၊ အထံသို့။ အာဂမ္မ၊ လာကြကုန်၏။

၁၀၁။ ဘေတ္ထာန နာသံ အတိကဿ ရဇ္ဇုံ၊
နယိ သုမံ သမ္ပရိဂယှ လုဒ္ဒါ။
ဧတာဒိသံ ဒုက္ခမဟံ တိတိက္ခံ၊
ဥပေါသထံ အပ္ပဋိကောပယန္တော—

ဘုရားသည် ဤသို့ ဟောတော်မူ၏။

ဤသို့ ဟောတော်မူပြီးလျှင် ဤသို့ ဆက်လက်၍ ဟောတော်မူ၏။

ဘေတ္ထာန နာသံ အတိကဿ ရဇ္ဇုံ၊
နယိ သုမံ သမ္ပရိဂယှ လုဒ္ဒါ။
ဧတာဒိသံ ဒုက္ခမဟံ တိတိက္ခံ၊
ဥပေါသထံ အပ္ပဋိကောပယန္တော—

ဟူသော ဤ သုံးဂါထာတို့ကို ဆို၏။

ဤသို့ ဆိုတော်မူပြီးလျှင် ဤသို့ ဆက်လက်၍ ဟောတော်မူ၏။

ဘေတ္ထာန နာသံ အတိကဿ ရဇ္ဇုံ၊
နယိ သုမံ သမ္ပရိဂယှ လုဒ္ဒါ။
ဧတာဒိသံ ဒုက္ခမဟံ တိတိက္ခံ၊
ဥပေါသထံ အပ္ပဋိကောပယန္တော—

ဟူသော ဤ သုံးဂါထာတို့ကို ဆို၏။

ဤသို့ ဆိုတော်မူပြီးလျှင် ဤသို့ ဆက်လက်၍ ဟောတော်မူ၏။

ဘေတ္ထာန နာသံ အတိကဿ ရဇ္ဇုံ၊
နယိ သုမံ သမ္ပရိဂယှ လုဒ္ဒါ။
ဧတာဒိသံ ဒုက္ခမဟံ တိတိက္ခံ၊
ဥပေါသထံ အပ္ပဋိကောပယန္တော—

ဟူသော ဤ သုံးဂါထာတို့ကို ဆို၏။

ဤသို့ ဆိုတော်မူပြီးလျှင် ဤသို့ ဆက်လက်၍ ဟောတော်မူ၏။

ဘေတ္ထာန နာသံ အတိကဿ ရဇ္ဇုံ၊
နယိ သုမံ သမ္ပရိဂယှ လုဒ္ဒါ။
ဧတာဒိသံ ဒုက္ခမဟံ တိတိက္ခံ၊
ဥပေါသထံ အပ္ပဋိကောပယန္တော—

ဟူသော ဤ သုံးဂါထာတို့ကို ဆို၏။

www.dhammadownload.com

အပ္ပဋိကောပယန္တော၊ မဲ့ပျက်စီးစေလိုသောကြောင့်။ ဘောဒိသံ၊ ထိုသို့သဘောရှိသော။ ဒုက္ခံ၊ ဆင်းရဲကို။ တိတိက္ခံ၊ သည်းခံ၏။

ဤသို့ ဖြေဆိုသည်ရှိသော် အဋ္ဌာရသည် နဂါးမင်း ထိုသို့ စည်းစိမ်ချမ်းသာ ဘုန်းတန်ခိုးနှင့် ပြည့်စုံလျက် အဘယ်ကြောင့် ကြီးစွာသော ဆင်းရဲကို သည်းခံလျက် ဥပုသ်ဆောက်တည်ဘိသနည်းဟု အကြောင်းကို မေးလိုရကား—

၁၈၂။ ကောယနေ တံ ပထေ အဒ္ဒသံသု၊
ဗလေန ဝဏ္ဏေန စုပေတရူပံ။
သိရိယာ ပညာယ စ ဘာဝိတောသိ၊
ကိံ ပတ္ထယံ နာဂ တပေါ ကရောသိ—

ဟူသော ဤဂါထာကို ဆို၏။

၁၈၂။ နာဂ၊ အဆွေ သခ်ၤပါလ နဂါးမင်း။ ကောယနေ၊ တစ်ဖဝါးလုံးလောက်ရုံမျှသော။ ပထေ၊ ခြေကြောင်းခရီး၌။ ဗလေန၊ ခွန်အားနှင့် လည်းကောင်း။ ဝဏ္ဏေန၊ အဆင်းနှင့် လည်းကောင်း။ ဥပေတရူပံ၊ ပြည့်စုံသော သဘောရှိသော။ တံ၊ အဆွေ နဂါးမင်းကို။ ဘောဇပုတ္တာ၊ မုဆိုးတို့သည်။ အဒ္ဒသံသု၊ မြင်ကြကုန်၏။ တုံ၊ သင် အဆွေ နဂါးမင်းသည်။ သိရိယာ စ၊ ဘုန်းကျက်သရေအားဖြင့် လည်းကောင်း။ ပညာယ စ၊ ပညာအားဖြင့် လည်းကောင်း။ ဘာဝိတော၊ ကြီးပွားသော သူသည်။ အသိ၊ ဖြစ်သည်မဟုတ်တုံလော။ ကိံ၊ အဘယ်ကို။ ပတ္ထယံ-ပတ္ထယန္တော၊ တောင့်တလျက်၊ တပေါ၊ ဥပုသ်ဆောက်တည်ခြင်းအကျင့်ကို။ တုံ၊ သင် အဆွေ နဂါးမင်းသည်။ ကရောသိ၊ ပြုတော်မူသနည်း။

သခ်ၤပါလ နဂါးမင်းသည် ထို အဋ္ဌာရ အမေးကို ဖြေလိုရကား—

၁၈၃။ န ပုတ္ထဓေတ္တု န ဓနဿ ဟေတ္တု၊
န အာယုနော စာပိ အဋ္ဌာရ ဟေတ္တု။
မနုဿယောနိံ အဘိပတ္ထယာနော၊
တသ္မာ ပရက္ကမတပေါ ကရောမိ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

လူဒဘဝမှန်မြတ်ပုံ

၁၀၃။ အဋ္ဌဝရ၊ အဋ္ဌဝရ။ ပုတ္တဟေတု၊ သားကို အလိုရှိသော ကြောင့်။ တပေါ၊ ဥပုသ်ဆောက်တည်ခြင်း အကျင့်ကို။ နုကရောမိ၊ ငါ မပြု။ ဓနဿ၊ ဥစ္စာ၏။ ဟေတု၊ အကြောင်းကြောင့်။ တပေါ၊ ဥပုသ် ဆောက်တည်ခြင်း၏ အကျင့်ကို။ နုကရောမိ၊ ငါမပြု။ အာယုနော စာပိ၊ အသက်၏လည်း။ ဟေတု၊ အကြောင်းကြောင့်။ တပေါ၊ ဥပုသ်ဆောက် တည်ခြင်း အကျင့်ကို။ နုကရောမိ၊ ငါမပြု။ အဟံ၊ ငါသည်။ မနုဿ-ယောနိ၊ လူ၏အမျိုးကို။ အဘိပတ္ထယာနော၊ တောင့်တ၏။ တဿ၊ ထို့ကြောင့်။ ပရက္ကမ၊ အားထုတ်၍။ တပေါ၊ ဥပုသ်ဆောက်တည်ခြင်း အကျင့်ကို။ ကရောမိ။ ပြု၏။

ဤသို့ ဖြဆိုသည်ရှိသော် လူ၏အမျိုးကို တောင့်တသော အကြောင်းကို မေးမြန်းလိုရကား—

၁၀၄။ တံ လောဟိတက္ခော ဝိဟတန္တရံသော၊
အလင်္ကတော ကပ္ပိတကေသမဿု။
သုရော သိတော လောဟိတစန္ဒနေန၊
ဂန္ဓဗ္ဗရူပေါ ဒိသာ ပဘာသတိ။

၁၀၅။ ဒေဝိဒ္ဓိပတ္တောသိ မဟာနုဘာဝေါ၊
သဒ္ဗဟိ ကာမေဟိ သမင်္ဂီဘူတော။
ပုစ္ဆာမိ တံ နာဂရာဇေ တမတ္ထံ၊
သေယျာ ဣတော ကေန မနုဿလောကော—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၀၄။ နာဂရာဇာ၊ နဂါးမင်း၏။ တံ၊ သင်နဂါးမင်းသည်။ လောဟိတက္ခော၊ နီသော မျက်လုံးရှိသည်။ အသိ၊ ဖြစ်၏။ ဝိဟတန္တရံသော၊ ပခုံးနှစ်ဖက်တို့၏ အကြားဠ် ပြေပြစ်ချောမောသော အသားရှိသည်။ အသိ၊ ဖြစ်၏။ အလင်္ကတော၊ တန်ဆာဆင်အပ်သည်။ အသိ၊ ဖြစ်၏။ ကပ္ပိတကေသမဿု၊ ကောင်းစွာ ပြုပြင်အပ်သော ဆံမုတ်ဆိတ်ရှိသည်။ အသိ၊ ဖြစ်၏။ လောဟိတစန္ဒနေန၊ စန္ဒကူးနီဖြင့်။ သုရောသိတော၊ ကောင်းစွာ လိမ်းကျံအပ်သည်။ အသိ၊ ဖြစ်၏။ ဒိသာ၊ အရပ်မျက်နှာ၌။ တံ၊ သင်

www.dhammadownload.com

အဆွေနဂါးမင်းသည်။ ဂန္ဓပ္ပရာဇာဝ၀၊ ဂန္ဓပ္ပနတ်မင်းကဲ့သို့။ ပဘာသတိ၊ ထွန်းပသည်တကား။

၁၀၅။ နာဂရာဇ၊ နဂါးမင်း။ တံ့၊ သင်နဂါးမင်းသည်။ ဒေဝိဒ္ဓိ-ပတ္တော၊ နတ်တို့၏ တန်ခိုးကိုရသည်။ အသိ၊ ဖြစ်၏။ မဟာနုဘာဝေါ၊ ကြီးသော အာနုဘော်ရှိသည်။ အသိ၊ ဖြစ်၏။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ကာမေဟိ၊ ကာမဂုဏ်တို့နှင့်။ သမ်ဂိဘူတော၊ ပြည့်စုံစ္ဒာဖြစ်သည်။ အသိ၊ ဖြစ်၏။ ဣတော၊ ဤ နဂါးပြည်ထက်။ မနုဿလောကော၊ လူ့ပြည်သည်။ ကေန၊ အဘယ်အကြောင်းအရာဖြင့်။ သေယျော၊ သာယာကဲလွန်၍ မြတ်လိမ့်မည်နည်း။ တံ၊ သင် နဂါးမင်းကို။ ဧတမတ္ထံ၊ ထို အကြောင်းကို။ ပုစ္ဆာမိ၊ ငါမေး၏။

သခ်ၤပါလ နဂါးမင်းသည် အဋ္ဌာရ၏ အမေးကိုဖြေလိုရကား-

၁၀၆။ အဋ္ဌာရ နာညတြ မနုဿလောကာ၊
သုဒ္ဓိဝါ သံဝိဇ္ဇသိ သံယမောဝါ။
အဟဉ္စ လဒ္ဓါန မနုဿယောနိ်၊
ကာဟာမိ ဇာဘိမရဏာဿ အန္တံ—

ဟူသော ဤဂါထာကို ဆို၏။

၁၀၆။ အဋ္ဌာရ၊ အဋ္ဌာရ။ မနုဿလောကာ၊ လူ့ပြည်ကို။ အညတြ-ဌပေထွာ၊ ထား၍။ သုဒ္ဓိဝါ၊မင်္ဂိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော စင်ကြယ်ခြင်းသည် လည်းကောင်း။ သံယမောဝါ၊ သီလကို ဆောက်တည်ရခြင်းသည် လည်းကောင်း။ နု သံဝိဇ္ဇတိ၊ မရှိ။ အဟဉ္စ၊ ငါသည်တစ်မူကား။ မနုဿ-ယောနိ်၊ လူ၏အမျိုးကို။ လဒ္ဓါန၊ ရ၍။ ဇာတိ မရဏာဿ၊ ပဋိသန္ဓေနေခြင်း သေခြင်း၏။ အန္တံ၊ အဆုံးကို။ ကာဟာမိ၊ ပြုအံ့။

ဤသို့ ဘုရားလောင်း သခ်ၤပါလနဂါးမင်း ဖြေဆိုသည်ရှိသော် အဋ္ဌာရသည် လူ့ပြည်သို့ ပြန်လိုသောအကြောင်းကို သခ်ၤပါလနဂါးမင်းအား ပန်ကြားလိုရကား-

www.dhammadownload.com

၁၀၇။ သံဝစ္ဆရော မေ ဝသတော တဝန္တိကော၊
အန္နေန ပါနေန ဥပဋ္ဌိတောသ္မိ။
အာမန္တ ယိတ္ထာန ပလေမိ နာဂ၊
စိရပ္ပဝုတ္ထောသ္မိ အဟံ ဇနိန္ဒ—
ဟူသော ဤဂါထာကို ဆို၏။

၁၀၇။ နာဂ၊ နဂါးမင်း။ တဝန္တိကော၊ သင်နဂါးမင်း၏ အထံတော်၌။ ဝသတော၊ နေသော။ မေ၊ ငါ့အား။ သံဝစ္ဆရော၊ တစ်နှစ်လည်ပြီ။ အဟံ၊ ငါ့ကို။ တယာ၊ သင် နဂါးမင်းသည်။ အန္နေန၊ ထမင်းဖြင့် လည်းကောင်း။ ပါနေန၊ အဒဖျော်ဖြင့်လည်းကောင်း။ ဥပဋ္ဌိတော၊ လုပ်ကျွေး ပူဇော်အပ်သည်။ အသ္မိ၊ ဖြစ်၏။ တံ၊ သင် နဂါးမင်းကို။ အာမန္တယိတ္ထာန၊ ပန်ကြား၍။ ပလေမိ၊ သွားတော့အံ့။ ဇနိန္ဒ၊ နဂါးမင်းမြတ်။ အဟံ၊ ငါသည်။ စိရပ္ပဝုတ္ထော၊ လူ့ပြည်မှ ကင်းကွာ၍ ကြာမြင့်သည်။ အသ္မိ၊ ဖြစ်၏။

ဤသို့ ပန်ကြားသည်ရှိသော် သခ်ပါလနဂါးမင်းသည် မိမိချစ်မြတ်နိုးသောအကြောင်းအား အဋ္ဌာရအား ကြားလိုရကား—

၁၀၈။ ပုတ္တော စ ဒါရာ စ အနုဇီဝိနော စ၊
နိစ္စာနုသိဋ္ဌာ ဥပတိဋ္ဌထေ တံ။
ကစ္စိန္နု တံ နာဘိသပိတ္တ ကောစိ၊
ပိယဉ္စ မေ ဒဿနံ တုယ္ဟံ အဋ္ဌာရ—
ဟူသော ဤဂါထာကို ဆို၏။

၁၀၈။ အဋ္ဌာရ၊ အဋ္ဌာရ။ ပုတ္တာ စ၊ သားသမီးတို့သည် လည်းကောင်း။ ဒါရာ စ၊ မယားတို့သည် လည်းကောင်း။ အနုဇီဝိနော စ၊ မှီ၍ အသက်မွေးကုန်သော သူတို့သည် လည်းကောင်း။ နိစ္စံ၊ အမြဲ။ အနုသိဋ္ဌာ၊ ဆုံးမတိုင်း ခံရကုန်သည်ဖြစ်၍။ တံ၊ သင့်ကို။ ဥပတိဋ္ဌထေ၊ လုပ်ကျွေးကြကုန်၏။ ကောစိ၊ တစ်စုံတစ်ယောက်သော သူသည်။ တေ၊ သင့်အား။ နာဘိသပိတ္ထ၊ ကစ္စိန္နု၊ မဆဲရေး မမြည်တမ်းသည် မဟုတ်လော။ တုယ္ဟံ၊ အင့်အား။ ဒဿနံ၊ မြင်ခြင်းကို။ မေ၊ ငါ့သည်။ ပိယဉ္စ၊ ချစ်ခင် လေးမြတ်သည်သာလျှင်တည်း။

www.dhammadownload.com

ထိုသို့ သခ်ၤပါလနဂါးမင်း ပြောဆိုသည်ရှိသော် အဋ္ဌာရသည်
နဂါးမင်းထံ၌ ချမ်းသာစွာနေရခြင်းကို ချီးမွမ်းလိုရကား--

၁၈၉။ ယထာပိ မာတူစ ပိတူ အဂါရေ၊
ပုတ္တော ပိယော ပဋိဝိဟိတော သေယျံ၊
တတောပိ မယှံ ဣဓမေဝ သေယျော၊
စိတ္တဉ္စ တေ နာဂ မယိ ပသန္နံ-
ဟူသော ဤဂါထာကို ဆို၏။

၁၈၉။ နာဂ၊ နဂါးမင်း။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ တေ၊ သင် နဂါးမင်း၏။ စိတ္တံ စိတ်တော်သည်။ မယိ၊ ငါ၌။ ပသန္နံ၊ ကြည်လင်၏။ တသ္မာ၊ ထို့ကြောင့်။ မာတုစ၊ အမိသည် လည်းကောင်း။ ပိတု စ၊ အဘသည် လည်းကောင်း။ ပဋိဝိဟိတော၊ လုပ်ကျွေးအပ်သော။ ပိယော၊ ချစ်စွာသော။ ပုတ္တော၊ သားသည်။ အဂါရေ၊ အိမ်၌။ ဝသေယျ ယထာပိ၊ နေရသကဲ့သို့လည်း။ တထာ၊ ထို့အတူ။ ဝသေယျံ၊ နေရ၏။ တတောပိ၊ ထိုမိဘအိမ်၌ နေရသည်ထက်လည်း။ မယှံ၊ ငါ့အား။ ဣဓမေဝ၊ ဤနဂါးပြည်၌သာလျှင်။ ဝါသော၊ နေရခြင်းသည်။ သေယျော၊ ကောင်းမြတ်ပေ၏။

ဤသို့ ချီးမွမ်းပြောဆိုသည်ရှိသော် သခ်ၤပါလနဂါးမင်းသည် ထို အဋ္ဌာရအား ပေးကမ်းဖွယ်ကို ပေးကမ်းမှာထားလိုက်လိုရကား-

၁၉၀။ မဏိမယှံ ဝိဇ္ဇတိ လောဟိတင်္ကါ၊
ဓနာဟရော မဏိရတနံ ဥဠာရံ။
အာဒါယ တုံ ဂစ္ဆ သကံ နိကေတံ၊
လဒ္ဓါ ဓနံ တံ မဏိ မောသဇ္ဇသု-
ဟူသော ဤဂါထာကို ဆို၏။

၁၉၀။ အဋ္ဌာရ၊ အဋ္ဌာရ။ မယှံ၊ ငါ့အား။ လောဟိတင်္ကါ၊ နီသောအင်္ကျီရှိသော။ ဓနာဟရော၊ ဥစ္စာကို ဆောင်ယူ၍ ပေးတတ်သော။ မဏီ၊ ပတ္တမြားသည်။ ဝိဇ္ဇတိ၊ ရှိ၏။ ဥဠာရံ၊ မြတ်ဘော။ မဏိရတနံ၊ ပတ္တမြားရတနာကို။ တုံ၊ သင်သည်။ အာဒါယ၊ ယူ၍။ သကံနိကေတံ၊

www.dhammadownload.com

မိမိအိမ်သို့။ ဂစ္ဆ၊ သွားလေလော့။ ဓနံ၊ ဥစ္စာကို။ လဒ္ဓါ၊ ရပြီးမှ၊ တံမဏ်ီ၊ ထိုပတ်တဲမြားကို။ ဩဿဇ္ဇသု၊ ရေအိုးထဲ၌ ထားလေလော့။

အဋ္ဌာရ ရသေ့သည် ဤသို့ ပြန်ကြားပြောဆိုပြီးလျှင် မြတ်သောမင်းကြီး....ငါသည် ထိုအခါ သခ်ပါလနဂါးမင်းကို ဤသို့သောစကားကို ဆို၏။ ''အဆွေနဂါးမင်း.... ငါသည် ဥစ္စာဖြင့် အလိုမရှိ၊ ရဟုန်းပြုခြင်းငှာ အလိုရှိ၏''ဟုဆို၍ ရသေ့ ရဟန်းကို၏ ပရိက္ခရာကိုဆောင်ယူခဲ့၍ ထို နဂါးမင်းနှင့်တကွ နဂါးပြည်မှ ထွက်ခဲ့၍ ထိုနဂါးမင်းကို ပြန်လည်စေပြီးလျှင် ဟိမဝန္တာသို့ဝင်၍ ရဟန်းပြု၏''ဟု ပြောဆို၍ မင်းအားတရား ဟောလိုရကား-

၁၉၁။ ဒိဋ္ဌာ မယာ မာနုသကာပိ ကာမာ၊
အာသဿတာ ဝိပရိဏာမဓမ္မာ။
အာဒီနဝံ ကာမဂုဏေသု ဒိသွာ၊
သဒ္ဓါ ယဟံ ပဗ္ဗဇိတောမှိ ရာဇ-
၁၉၂။ ဒုမပ္ပလာနိဝ ပတန္တိ မာဏဝ၊
ဒဟရာ စ သရီရဘေဒါ။
တံပိ ဒိသွာ ပဗ္ဗဇိတောမှိ ရာဇ၊
အပဏ္ဏကံ သာမညမေဝ သေယျော-

ဟူသော ဂါထာနှစ်ခုတို့၏ အပေါင်းကိုဆို၏။

၁၉၁။ ရာဇ၊ မင်းမြတ်။ မာနုသကာ၊ လူဘဝဖြစ်ကုန်သော။ ကာမာပိ၊ ကာမဂုဏ်တို့ကိုလည်း။ မယာ၊ ငါသည်။ ဒိဋ္ဌာ၊ မြင်အပ်ကုန်ပြီ။ ကာမာ၊ ကာမဂုဏ်တို့သည်။ အာသဿတာ၊ မမြဲသော သဘောရှိကုန်၏။ ဝိပရိဏာမ ဓမ္မာ၊ ဘောက်ပြန်သော သဘောရှိကုန်၏။ ကာမဂုဏေသု၊ ကာမဂုဏ်တို့၌။ အာဒီနဝံ၊ အပြစ်ကို။ ဒိသွာ၊ မြင်၍။ အဟံ၊ ငါသည်။ သဒ္ဓါယ၊ ကံ,ကံ၏အကျိုးနိဗ္ဗာန်ကို ယုံကြည်၍။ ပဗ္ဗဇိတော၊ ရဟန်းပြုသည်။ အမှိ၊ ဖြစ်၏။

၁၉၂။ ဒုမပ္ပလာနိ၊ အမှည့်, အစိမ်းဖြစ်ကုန်သော သစ်သီးတို့သည်။ ပတန္တိ ဣဝ၊ ကြွေကျကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ဒဟရာ၊

www.dhammadownload.com

ပျိဳရွယ်နုကုန်သော။ မာဏဝါစ၊ သတ္တ၊ါတို့သည် လည်းကောင်း။ ဝုဒ္ဓါ၊ ကြီးမားအိုမင်း ကုန်ပြီးသော။ မာဏဝါ၄၊ သတ္တဝါတို့သည်လည်းကောင်း။ သရီရဘေဒါ၊ ကိုယ်ခန္ဓာ ပျက်စီးကုန်သည်ဖြစ်၍။ ပတန္တိ၊ ကြွေကျကုန်၏။ ဆုဇ၊ မင်းမြတ်၊ ဧတံပိ၊ ထိုသေကျေပျက်စီးခြင်း သဘောကိုလည်း။ ဒိဿ၊ မြင်၍။ အပဏ္ဏကံ၊ မပျက်မယွင်း သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော။ သာမညမေဝ၊ ရဟန်းအဖြစ်သည် သာလျှင်။ သေယျော၊ မြတ်၏ဟု နှလုံးပိုက်၍။ ပဗ္ဗဇိတော၊ ရဟန်းပြုသည်။ အမှိ၊ ဖြစ်၏။

မင်းသည် ထိုအဋ္ဌာရ ရသေ့၏ တရားစကားကို ကြားနာ၍ ဝမ်းမြောက်ရကား....

၁၉၃။ သဒ္ဓါဟဝေ သေဝိတဗ္ဗာ သပညာ၊
ဗဟုဿုတာ ယေ ဗဟုဋ္ဌာနစိန္တိနော၊
နဂဠူ သုတ္ဓာန တဝဋ္ဌာဋ္ဌာရ၊
ကာဟာမိ ပုညာနိ အနုပ္ပကာနိ—
ဟူသော အခြားမရှိသော ဤဂါထာကို ဆို၏။

၁၉၃။ အဋ္ဌာရ၊ အရှင် အဋ္ဌာရ။ ယေ သန္တာ၊ အကြင်သူတော်ကောင်းတို့သည်။ သပညာ၊ ပညာရှိကုန်၏။ ဗဟုဿုတာ၊ များသော အကြားအမြင် ရှိကုန်၏။ ဗဟုဋ္ဌာန စိန္တိနော၊ များသော အကြောင်းအရာတို့ကို သိကုန်၏။ တေ သန္တာ၊ ထိုသူတော်ကောင်းတို့ကို။ ပုညတ္ထိ ကေဟိ၊ ကုသိုလ်ကောင်းမှုကို အလိုရှိကုန်သော သူတို့သည်။ အဒ္ဓါဟဝေ၊ စင်စစ်ကေန်။ သေဝိတဗ္ဗာ၊ မှီဝဲဆည်းကပ်အပ်ကုန်၏။ အဟံ၊ အကျွန်ုပ် သည်။ နာဂဠူ၊ ကုသိုလ်ကောင်းမှုတို့၌ မမေ့မလျော့ နေလေ့ရှိသော နဂါး မင်း၏ ဂုဏ်ကျေးဇူး စကားကိုလည်းကောင်း။ တဝ၊ အရှင် အဋ္ဌာ။ ရသေ့၏။ ဝစနဉ္စ၊ တရားစကားကိုလည်းကောင်း။ သုတ္ဝာန၊ ကြားနာရပေ၍။ အနုပ္ပကာနိ၊ များစွာကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကာဟာမိ၊ ပြုရပေအံ့-

ထိုစကားကိုကြား၍ အဋ္ဌာရ ရသေ့သည် ဗာရာဏသီမင်းအား ကောင်းမှု၌ အားထုတ်ခြင်းကို ဖြစ်ဖွယ်လိုရကား....

www.dhammadownload.com

၁၉၄။ သဒ္ဓါဟဝေ သေဝိတဗ္ဗာ သပညာ၊
ဗဟုဿုတာ ယေ ဗဟုဠာနစိန္တိနော။
နာဂဠ္ဠ သုတ္ဝာန မမဠ္ဠ ရာဇ၊
ကရောဟိ ပုညာနိ အနပ္ပကာနိ....
ဟူသော အဆုံးဂါထာကို ဆို၏။

၁၉၄။ ရာဇ၊ မင်းမြတ်။ ဇယ သန္တာ၊ အကြင် သူတော်ကောင်းတို့သည်။ သပညာ၊ ပညာရှိကုန်၏။, ဗဟုဿုတာ၊ များသော အကြားအမြင် ရှိကုန်၏။ ဗဟုဠာနစိန္တိနော၊ များသောအကြောင်းအရာကို သိတတ်ကုန်၏။ တေ သန္တာ၊ ထိုသူတော်ကောင်းတို့ကို။ ပုညတ္ထိကေဟိ၊ ကုသိုလ်ကောင်းမှုကို အလိုရှိကုန်သော သူတို့သည်။ အဒ္ဓါဟဝေ၊ စင်စစ်ကေန်။ သေဝိတဗ္ဗာ၊ မှီဝဲဆည်းကပ်အပ်ကုန်၏။ တံ့၊ သင်မင်းမြတ်သည်။ နာဂဠ္ဠ၊ ကုသိုလ်ကောင်းမှုတော်၌ မမေ့မလျော့ နေလေ့ရှိသော နဂါးမင်း၏ ဂုဏ်ကျေးဇူး စကားကိုလည်းကောင်း။ မမ၊ ငါ၏။ ဝစနဠ္ဠ၊ တရားစကားကိုလည်းကောင်း။ သုတ္ဝာန၊ ကြဲးနာရ၍။ အနပ္ပကာနိ၊ များစွာကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရောဟိ၊ ပြုတော်မူလော့။

ထို အဋ္ဌာရ ရသေ့သည် အကြင်အကြင်ဆိုအပ်ပြီးသော နည်းဖြင့် ဗြဟ္မဒတ်မင်းအား တရားဟော၍ ထိုဗာရာဏသီပြည်၌သာလျှင် မိုးလေးလတို့ ပတ်လုံးနေ၍ တစ်ဖန် ဟိမဝန္တာသို့သွား၍ အသက်ထက်ဆုံး ဗြဟ္မဝိဟာရတရားလေးပါးကို ပွားဒစ၍ ဗြဟ္မာ့ပြည်သို့ လား၏။

သခ်ပါလ နဂါးသည်လည်း အသက်ထက်ဆုံး ဥပုသ် သုံးခြင်းကို သုံး၍ ဗာရာဏသီမင်းသည်လည်း ဒါန အစရှိသော ကောင်းမှုတို့ကိုပြု၍ ကံအားလျော်စွာ လား၏။

ဇာတ်ပေါင်း သမ္ဗဉ္ဇု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ''ဒါယကာတို့....ယခုအခါကဿပသည် ထိုအခါ ခမည်းတော်ဖြစ်သော ဂဇေ့ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ဗာရာဏသီမင်း ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတြာသည် ထိုအခါ အဋ္ဌာရရသေ့ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သခ်ပါလ နဂါးမင်း ဖြစ်ခဲ့ဖူးပြီ'' ဟု ဇာတ်ကို ပေါင်းတော်မူ၏။

လူ့ဘုံနတ်ဘုံ၊ ဗြဟ္မာ့ဘုံ၊ လူဘုံမှန်မြတ်သည်။
လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော သခ်ပါလဇာတ်သည် ပြီး၏။

www.dhammadownload.com

၅-စူဠသုတသောမဇာတ်

လူ့ဘောင်၌ ငြီးငွေ့၍ ရဟန်းပြုခြင်း

ဟောတော်မူရာဌာန နှတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "အာမန္တဲ့ယာမိ နံဂမံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠသုတသောမဇာတ်ကို ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် နိက္ခမပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု [ပစ္စုပ္ပန်ဝတ္ထုသည် မဟာနာရဒ ကဿပဇာတ်နှင့် တူသလျှင် ကတည်း။] အထူးကား—

အတိတ်ဝတ္ထု လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်သည် သုဒဿန အမည်ရှိသော မြို့ဖြစ်၏။ ထိုသုဒဿနမြို့၌ ဇဟ္မဒတ်အမည်ရှိသော မင်းသည် မင်းပြု၏။ ဘုရားလောင်းသည် ဇဟ္မဒတ်မင်း၏ မိဖုရားကြီး ဝမ်း၌ ဖြစ်၏။ ထိုဘုရားလောင်းအား လပြည့်ဝန်းကဲ့သို့ တင့်တယ်ခြင်း ရှိသော မျက်နှာရှိသည်၏ အဖြစ်ကြောင့် "သောမ သတ္တိသား" ဟူသော အမည်ကို မှည့်ကုန်၏။ သိကြားလိမ္မာဒသာအဖြစ်သို့ ရောက်သော ထို သောမ သတ္တိသားသည် အကြားအမြင်ကို နှစ်သက်တတ်၏။ စကား ကောင်းကို နာခံလေ့ရှိ၏။ ထို့ကြောင့် ထိုသောမ သတ္တိသားကို သုတ သောမဟူ၍ သိကုန်၏။ ထိုသုတသောမ မင်းသားသည် အရွယ်ရောက် လျှင် တက္ကသိုလ်ပြည်၌ အလုံးစုံသော အဘတ်တို့ကိုသင်၍ ပြန်လာခဲ့ပြီးလျှင် ခမည်းတော်ဥစ္စာ ဖြစ်သော ထီးဖြူကိုရ၍ တရားသဖြင့် မင်းပြု၏။ စည်းစိမ်ချမ်းသာသည် မျှား၏။။ ထိုသုတသောမ မင်းအား စန္ဒာဒေဝီ အမှူးရှိကုန်သော တစ်သောင်း ခြောက်ထောင်ကုန်သော မိဖုရားတို့သည် ရှိကုန်၏။ ထိုသုတသောမမင်းသည် နောက်အဖို၌ သားသမီးတို့ဖြင့် ပွား

www.dhammadownload.com

များလျှင် အိမ်ရာထောင်သော လူ၏ဘောင်၌ မမွေ့လျော်သဖြင့် တောသို့ ဝင်၍ ရဟန်းပြုလို၏။

ဆံဖြူတစ်ပင် တောထွက်ချင်

ထိုသုတသောမ မင်းသည် တစ်နေ့သ၌ ဆေတ္တာသည်ကို ခေါ်တော်မူ၍ "အမောင် ဆေတ္တာသည်....အကြင်အခါ၌ ငါ၏ ဦးခေါင်းတော်၌ ဆံဖြူမြင်ငြားအံ့၊ ထိုအခါ ငါ့အား တင်လျှောက်လော့" ဟု မိန့်တော်မူ၏။ ဆေတ္တာသည် သည် ထိုသုတသောမင်း၏ စကားကို ဝန်ခံ၍ နောက်အဖို၌ ဆံဖြူကိုမြင်လျှင် တင်လျှောက်၍ "အမောင် ဆေတ္တာသည်... ထိုသို့မြင်တပြီးကား ထိုဆံဖြူကိုနုတ်၍ ငါ၏လက်ဝ်းတော်၌ တင်ထားလော့" ဟု ဆိုလတ်သော် ရွှေမွေးညှပ်ဖြင့်နုတ်၍ လက်တော်၌ တင်ထား၏။ ထိုဆံဖြူကိုမြင်၍ ဘုရားလောင်း သုတသောမမင်းသည် "ငါ၏ကိုယ်ကို အိုခြင်းသည် နှိပ်စက်အပ်၏" ဟု ထိတ်လန့်ရကား ထိုဆံဖြူကိုယူ၍ ပြာသာဒ်မှ ဆင်းသက်ပြီးလျှင် လူများမြင်ရာအရပ်ဝယ် ခင်းအပ်သော ရာဇပလ္လင်၌ နေတော်မူ၍ စစ်သူကြီး အမှူးရှိကုန်သော အမတ် ရှစ်သောင်းတို့ကို လည်းကောင်း၊ ပုရောဟိတ် အမှူးရှိကုန်သော ပုဏ္ဏားခြောက်သောင်းတို့ကို လည်းကောင်း၊ တစ်ပါးကုန်သော တိုင်းပြည်၌ နေကုန်သောသူတို့ကို လည်းကောင်း၊ ဇနပုဒ်သူတို့ကို လည်းကောင်း၊ နိုဂုံးသူ အစရှိသည်တို့ကို လည်းကောင်း များစွာကုန်သော သူတို့ကို ခေါ်တော်မူ၍ "ငါ၏ဦးခေါင်း၌ ဆံဖြူသည် ရောက်၏၊ ငါသည် ကြီးရင့်အိုမင်းပြီ၊ ရဟန်းပြုလိုသည်၏ အဖြစ်ကို သိကြကုန်လော့" ဟု ဆို၍ ကြားတော်မူလိုရကား—

၁၉၅။ အာမန္တယာမိ နိဂမံ၊ မိတ္တာမစ္စေ ပရိဿဇေ။
သိရသ္မိံ ပလိတံ ဇာတံ၊ ပဗ္ဗဇ္ဇံ ဒါနိ ရောစဟံ—

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၁၉၅။ ဘောန္တော၊ အို....ပရိဿတ် အပေါင်းတို့။ နိဂမံ၊ နိုဂုံးသူတို့ကို လည်းကောင်း။ မိတ္တာမစ္စေ၊ အဆွေခင်ပွန်းတို့ကို လည်းကောင်း။ ပရိဿဇေ၊ အမှူလုပ်တို့ကို လည်းကောင်း။ အဟံ၊ ငါသည်။ အာမန္တယာမိ၊ သိစေဘတ်မူ၏။ မမ၊ ငါ၏။ သိရသ္မိံ၊ ဦးခေါင်း၌။ ပလိတံ၊ ဆံဖြူ။

(ဖွင့်ဆရာတော်ဘုရားကြီး ၊၈-ဝ၆၆)



www.dhammadownload.com

www.dhammadownload.com

သည်။ ဇာတံ၊ ရောက်၏။ ဒါနိ၊ ယခု။ အဟံ၊ ငါသည်။ ပဗ္ဗဇ်ံ၊ ရဟန်း အဖြစ်ကို။ ရောစ၊ နှစ်သက်၏။

ထိုစကားကိုကြား၍ ထိုပရိသတ်တို့တွင် တစ်ယောက်သောသူသည် အလွန် ပင်ပန်းခြင်းသို့ ရောက်သည်ဖြစ်၍ တင်လျှောက်လိုရကား....

၁၉၆။ အဘုံ မေ ကထံ နု ဘဏသိ၊သလ္လံ မေ ဒေဝ ဥရသိ ကပ္ပေသိ။
သတ္တာသတာ တေ ဘရိယာ၊ ကထံ နု တေ တာ ဘဝိဿန္တိ—
ဟူသော ဤဂါထာကို ဆို၏။

၁၉၆။ ဒေဝ၊ အရှင်မင်းမြတ်။ မေ၊ အကျွန်ုပ်၏။ အဘုံ၊ အစီး အပွားမဲ့ဖြစ်သော စကားကို။ ကထံ-ကေန ကာရဏေန၊ အဘယ် အကြောင်းကြောင့်။ ဘဏသိ နု၊ မိန့်ဆိုတော်မူသနည်း။ ဒေဝ၊ အရှင်မင်း မြတ်။ မေ၊ အကျွန်ုပ်၏။ ဥရသိ၊ ရင်၌။ သလ္လံ၊ ထက်စွာသောလှံကို။ ကထံ ကပ္ပေသိ၊ အဘယ်ကြောင့် ထိုးတော်မူဘိသနည်း။ တေ၊ အရှင်မင်းမြတ်အား။သတ္တာသတာ၊ ခုနစ်ရာကုန်သော။ ဘရိယာ၊မိဖုရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ အရှင်မင်းမြတ်၏။ တာ၊ ထို ခုနစ်ရာကုန်သော မိဖုရားတို့သည်။ ကထံ ဘဝိဿန္တိ နု၊ အသို့ ဖြစ်ကုန်လတ္တံ့နည်း။

ထို့နောင်မှ ဘုရားလောင်းသည် ထိုသူ တင်လျှောက်သော စကားကို ပယ်တော်မူလိုရကား—

၁၉၇။ ပညာယိဟိန္တိ တေ ဒဟရာ၊ အညံပိ တာ ဂမိဿန္တိ။
သဂ္ဂဥ္စ ပတ္ထယာနော၊ တေနာဟံ ပဗ္ဗဇိဿာမိ—
ဟူသော သုံးခုမြောက်သော ဤဂါထာကို ဆို၏။

၁၉၇။ တေ၊ ထိုမိဖုရားတို့သည်။ ဒဟရာ၊ ပျိုနုကြကုန်သေးသည်။ ပညာယိဟိန္တိ၊ ထင်ကုန်၏။ အညံပိ၊ မင်းတစ်ပါးသို့လည်း။ တာ၊ ထို မိဖုရားတို့သည်။ ဂမိဿန္တိ၊ ဆည်းကပ်ကုန်လတ္တံ့။ သဂ္ဂဥ္စ၊ နတ်ပြည်ကို လည်း။ ပတ္ထယာနော၊ ဇတာင့်တသည်။ အာဿ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။

www.dhammadownload.com

မယ်တော်ကြီး ငိုကြွေးရပြီ

မှူးမတ်အစရှိကုန်သော သူတို့သည် ဘုရားလောင်းအား စကား တုံ့ပေးခြင်းငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ မယ်တော်မိဖုရား အထံသို့ သွားကုန်ပြီးလျှင် ထိုအကြောင်းကို တင်လျှောက်ကြကုန်၏။ မယ်တော် မိဖုရားသည် အဆောတလျင် လာတော်မူလတ်၍ "ချစ်သား....သင် ချစ် သားသည် ရဟန်းပြုလို၏ဟူသည် မှန်သလော" ဟု ဆို၍ သားတော်မင်းကို အပြစ်တင်သဖြင့် ငိုကြွေးမြည်တမ်းလိုရကား-

၁၉၀။ ဒုလ္လဒ္ဓံ မေ အာသိ သုတသောမ၊
ယဿ တေ ဟောမဟံ မာတာ။
ယံ မေ ဝိလပန္တိယာ၊ အနပေက္ခော ပဗ္ဗဇသိ ဒေဝ။

၁၉၉။ ဒုလ္လဒ္ဓံ မေ အာသိ သုတသောမ၊ ယံ တံ အဟံ ဝိဇာယိဿံ။
ယံ မေ ဝိလပန္တိယာ၊ အနပေက္ခော ပဗ္ဗဇသိ ဒေဝ—

ဟူသော ဤနှစ်ဂါထာကို ဆို၏။

၁၉၀။ သုတသောမ၊ သုတသောမ အမည်ရှိတော်မူသော။ ဒေဝ၊ သားတော်မင်းမြတ်။ အဟံ၊ ငါသည်။ ယဿ၊ အကြင်သို့သဘောရှိသော။ တေ၊ သင်ချစ်သား၏။ မာတာ၊ မယ်တော်သည်။ ဟောမိ၊ ဖြစ်ရ၏။ ယံ-ယေန ကာရဏေန၊ အကြင်ကြောင့်။ မေ၊ ငါ၏၊ ဝိလပန္တိယာ၊ ငိုကြွေးမြည်တမ်းစဉ်ပင်။ အနပေက္ခော၊ ငဲ့ကွက်ခြင်းမရှိဘဲ။ တံ၊ သင်ချစ်သားသည်။ ပဗ္ဗဇသိ၊ ရဟန်းပြုလိုဘိ၏။ ဇေန ကာရဏေန၊ ထို့ကြောင့်။ မေ၊ ငါ၏။ လဘနံ၊ သားကို ရခြင်းသည်။ ဒုလ္လဒ္ဓံ၊ မကောင်းသဖြင့် ရခြင်းမည်သည်။ အာသိ၊ ဖြစ်၏။

၁၉၉။ သုတသောမ၊ သုတသောမ အမည်ရှိသော။ ဒေဝ၊ သားတော်မင်းမြတ်။ ယံ-ယေန ကာရဏေန၊ အကြင့်ကြောင့်။ တံ၊ သင်ချစ်သားကို။ အဟံ၊ ငါသည်။ ဝိဇာယိဿံ၊ ဖွားမြင်ရ၏။ ယံ-ယေန ကာရဏေန၊ အကြင့်ကြောင့်။ မေ၊ ငါ၏။ ဝိလပန္တိယာ၊ ငိုကြွေးမြည်တမ်းစဉ်ပင်။ အနပေက္ခော၊ ငဲ့ကွက်ခြင်းမရှိဘဲ။ တံ၊ သင်ချစ်သားသည်။ ပဗ္ဗဇသိ၊

www.dhammadownload.com

ရဟန်းပြုလိုဘိ၏။ တေန ကာရဏေန၊ ထိုသို့သော အကြောင်းကြောင့်။ မေ၊ ငါ၏။ လဘနံ၊ သားကိုရခြင်းသည်။ ဒုလ္လဒ္ဓံ၊ မကောင်းသော ရခြင်းမည်သည်။ အာသိ၊ ဖြစ်ရခေျ၏။

ခမည်းတော် တားမြစ်ပုံ

ဤသို့ နှစ်ဂါထာတို့ဖြင့် ဝိုကြွေးမြည်တမ်း ပါသော်လည်း ဘုရားလောင်းသည် မယ်တော်နှင့်တကွ တစ်စုံတစ်ခုသော စကားကို ပြောဆိုတော်မမူ။ မယ်တော်သည် ဝိုကြွေးမြည်တမ်းလျက် အလိုလိုဃာလျှင် တင့်အပ်လျောက်ပတ်စွာ နေ၏။ ထို့နောင်မှ ထိုသုတသောမမင်း၏ ခမည်းဘော်အား ကြားလျောက်ကြကုန်၏။ ခမည်းတော်သည် လာလတ်၍ သားတော်မင်းကို မေးလိုရကား—

၂၀၀။ ကောနာမေသော ဓမ္မော သုတသောမ၊
ကာ စ နာမ ပဗ္ဗဇ္ဇာယံ။
နော အမ္မေ ဇိက္ခေ ပဟာယ၊ အနပေက္ခာ ပဗ္ဗဇသိ ဒေဝ—

ဟူသော ဤဂါထာကို ဆို၏။

၂၀၀။ သုတသောမ၊ သုဘသောမ အမည်ရှိသော။ ဒေဝ၊ သားတော် မင်းမြတ်။ ယံ-ယေန ကာရဏေန၊ အကြင် အကြောင်းကြောင့်။ နော၊ ငါတို့၏။ ပုဗ္ဗေဝ၊ သားဖြစ်သော။ တံ၊ သင် ချစ်သားသည်။ ဇိက္ခေ၊ အိုမင်းကုန်သော။ အမ္မေ၊ ငါတို့ကို။ အနပေက္ခာ၊ ငဲ့ကွက်ခြင်းမရှိဘဲ။ ပဟာယ၊ စွန့်၍။ ပဗ္ဗဇသိ၊ ရဟန်းပြုလိုဘိ၏။ တေန ကာရဏေန၊ ထိုအကြောင်းကြောင့်။ တံ၊ သင်ချစ်သားကို။ ဝဒါမိ၊ ဆိုအံ့။ တဝ၊ သင် ချစ်သား၏။ ဧသော ဓမ္မော၊ ဤ အိုမင်းသည် ဖြစ်၍ မွေးမြူတုံ့မွေးမြူသင့်ကုန်သော မိဘတို့ကို မငဲ့မကွက် တောထွက်လိုခြင်း အကျင့်သည်။ ကော နာမ၊ အဘယ်အကျင့် မည်သနည်း။ ပဗ္ဗဇ္ဇာ၊ ရဟန်းပြုခြင်းသည်။ ကာ စ နာမ၊ အဘယ်မှည်သော အကျိုးရှိသနည်း။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ဆိတ်ဆိတ် နေတော်မူ၏။ ထိုအခါ သားတော်မင်းကို ခမည်းတော် မင်းကြီးသည် ''ချစ်သား သုတသောမ....မယ်တော် ခမည်းတော်တို့၌ ချစ်သား၏ ချစ်မြတ်နိုးခြင်း

www.dhammadownload.com

သည် အကယ်၍ မရှိသည် ဖြစ်စေဦး၊ သင် ချစ်သား၏ ဖျိုနုကုန်သော သား်းတော် သမီးတော်တို့သည် သင် ချစ်သားနှင့် ကင်း၍ လူဖြစ်အံ့သော ငှာ မစွမ်းနိုင်ကုန်လတ္တံ့၊ ထို သားတော် သမီးတော်တို့ ကြီးခြင်းသို့ ရောက်သောအခါ ရဟန်းပြုရပါလတ္တံ့" ဟု ဆို၍ အကြောင်းကို ကြားလိုရကား—

၂၀၁။ ပုတ္တာပိ တုယ္ဟံ ဗဟဝေါ၊ ဒဟရာ အပတ္တာ ယောဗ္ဗနာ။
'မဉ္ဇူ။ တေပိ တံ အပဿန္တာ၊ မညေ ဒုက္ခံ နိဂစ္ဆန္တီ—
ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၂၀၁။ တာတ သုတသောမ၊ ချစ်သား သုတသောမ။ မဉ္ဇူ၊ သာယာချေငံသော အသံ ရှိကုန်ထသော။ အပတ္တာ ယောဗ္ဗနာ၊ အရွယ်သို့ မရောက်ကုန်သေးသော။ ဗဟဝေါ၊ များကုန်သော။ ပုတ္တာပိ၊ သားသမီးတို့သည်လည်း။ တုယ္ဟံ၊ သင် ချစ်သားအား။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထို သား်းတော် သမီးတော်တို့သည်လည်း။ တံ၊ သင် ချစ်သားကို။ အပဿန္တာ၊ မမြင်ရကုန်သည်ရှိသော်။ ဒုက္ခံ၊ ကိုယ်စိတ်၏ ဆင်းရဲခြင်းသို့။ နိဂစ္ဆန္တိ မညေ၊ ရောက်ကုန်လတ္တံ့သည်ဟု ငါထင်မိ၏။

သုတသောမ တရားပြ

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ခမည်းတော်အား တရားဟောတော်မူလိုရကား—

၂၀၂။ ပုတ္တေဟိ စ မေ ဇေတဟိ၊
ဒဟရေဟိ၊ အပတ္တယောဗ္ဗနေဟိ။
မဉ္ဇူဟိ သဗ္ဗေဟိပိ တုမှေဟိ၊
စိရံ ဌတ္ဝာပိ ဝိနာသဘာဝေါ—
ဟူသော ဤဂါထာကို ဆို၏။

၂၀၂။ တာတ၊ ခမည်းတော်။ ဒဟရေဟိ၊ ပျိုနုကုန်ထသော။ အပတ္တာ ယောဗ္ဗနေဟိ၊ အရွယ်သို့ မရောက်ကုန်သေးသော။ မဉ္ဇူဟိ၊ သာယာ

www.dhammadownload.com

ချေငံသော ပြောဆိုသံ ရှိကုန်သော။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဧတေဟိ ပုတ္တေဟိ စ၊ ထို သားတော် သမီးတော်တို့နှင့် လည်းကောင်း။ တုမှေဟိ စ၊ ခမည်းတော်တို့နှင့် လည်းကောင်း။ စိရံ၊ မြင့်ရှည်စွာ။ ဌတ္ဝာပိ၊ အတူတကွ နေရသော်လည်း။ မေ၊ အကျွန်ုပ်အား။ ဝိနာသဘာဝေါ၊ ပျက်စီးခြင်းသဘောရှိသည်သာလျှင် တကား။

မောင်းမမျှား ငိုကြွေးကြပုံ

ဤ "ပုတ္တေဟိ" အစရှိသော ဂါထာဖြင့် ဘုရားအလောင်းသည် ခမည်းတော်အား တရားဟောတော်မူ၏။ ခမည်းတော်သည် သားတော်၏ တရားစကားကို ကြားရလျှင် ဆိတ်ဆိတ်နေ၏။ ထို့နောင်မှ ဘုရားလောင်း၏ ခုနစ်ရာကုန်သော မိဖုရားတို့အား ကြားကြလေကုန်၏။ ထို မိဖုရားတို့သည်လည်း ပြာသာဒ်ထက်မှ ဆင်းသက်ကုန်ပြီးလျှင် ဘုရားလောင်း အထံတော်သို့ လာလတ်၍ ဖမျက်တော်တို့၌ ကိုင်ကုန်လျက် ငိုကြွေးလိုကုန်ရကား—

၂၀၃။ ဆိန္နံ နု တုယ္ဟံ ဟဒယံ၊
အဒု တေ ကရဏာ စ နတ္ထိ။
အမ္မေသု ယံ နော ဝိကန္ဒန္တီယော၊
အနပေက္ခာ ပဇဇသိ ဒေဝ—

ဟူသော ဤဂါထာကို ဆို၏။

၂၀၃။ ဒေဝ၊ အရှင်မင်းမြတ်။ ယံ-ယေန ကာရဏေန၊ အကြင် အကြောင်းကြောင့်။ နော၊ အကျွန်ုပ်တို့၏။ ဝိကန္ဒန္တီယော၊ ငိုကြွေးကုန်စဉ်။ အနပေက္ခာ၊ ငဲ့ကွက်ခြင်း ရှိတော်မမူဘဲ၊ တုံ၊ အရှင်မင်းမြတ်သည်။ ပဇဇသိ၊ ရဟန်းပြုဘော်မူလိုဘိ၏။ တေန ကာရဏေန၊ ထိုအကြောင်းကြောင့်။ တံ၊ အရှင်မင်းမြတ်ကို။ မယံ၊ အကျွန်ုပ်တို့သည်။ ဝဒါမ၊ တင်လျှောက်ပါကုန်အံ့။ အမ္မေသု၊ အကျွန်ုပ်တို့၌။ တုယ္ဟံ၊ အရှင်မင်းမြတ်၏။ ဟဒယံ၊ မေတ္တာနှင့် ယှဉ်သော စိတ်တော်သည်။ ဆိန္နံ နု၊ ပြတ်တော်မူသလော။ အဒု၊ ထိုသို့မဟုတ်မူကား။ ကရဏာ စ၊ စုံမက် သနားတော်မူခြင်းသည်လည်း။ တေ၊ အရှင်မင်းမြတ်အား။ နတ္ထိ၊ မရှိအလျှင်း ကင်းတော်မူပြီလော။

F18(၅၅၀-ပဥ္စမှ)

www.dhammadownload.com

သုတသောမ တရားပြ

ဘုရားအလောင်းတော်သည် ခြေရင်း၌ လူးလဲ ငိုကြွေးကုန်သော ထိုမိဖုရားတို့ ငိုကြွေးသံကိုကြား၍ ထိုမိဖုရားတို့အား တရားစကားဖြင့် နှစ်သိမ့်စေလိုရကား—

၂၀၄။ နစမယ္ပံ ဆိန္နံ ဟဒယံ၊ အတ္ထိ ကရဏာပိ မယ္ပံ တုမှေသု။
သဂ္ဂဉ္စ ပတ္ထယာနော၊ တေန အဟံ ပဗ္ဗဇိဿာမိ—
ဟူသော အခြားမရှိသော ဤဂါထာကို ဆို၏။

၂၀၄။ ဘဂိနိယော၊ နှမတို့။ တုမှေဟိ၊ သင်တို့၌။ မယ္ပံ၊ ငါ၏။ ဟဒယဉ္စ၊ မေတ္တာနှင့်ယှဉ်သော စိတ်သည်လည်း။ နဆိန္နံ၊ မပြတ်မကင်းမရှင်းပါ။မယ္ပံ၊ ငါ့အား။ တုမှေသု၊ သင်တို့၌။ ကရဏာပိ၊ သနားစုံမက် ခြင်းသည်လည်း။ အတ္ထိ၊ ရှိပါ၏။ ယသ္မာ၊ အကြင့်ကြောင့်။ သဂ္ဂဉ္စ၊ နတ်ပြည်ကိုလည်း။ ပတ္ထယာနော၊ တောင့်တသည်။ အဿ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုပေအံ့။

မိဖုရားကြီး တားမြစ်ခြင်း

ထို့နောင်မှ ဘုရားလောင်း၏ မိဖုရားကြီးအား တင်လျှောက်ကြကုန်၏။ ထိုမိဖုရားကြီးသည် လေးသော ကိုယ်ဝန်ရှိသည်ဖြစ်၍ ပြည့်သော ကိုယ်ဝန်ရှိလျက်လည်း လာလတ်သဖြင့် ဘုရားအလောင်းကို ရှိခိုး၍ တင့်အပ်လျောက်ပတ်စွာရပ်လျက် ငိုကြွေးမြည်တမ်းသဖြင့် တားမြစ်လိုရကား—

၂၀၅။ ဒုလ္လဒ္ဓံ မေ အာသိ သုတသောမ၊ ယဿ တေ အဟံ ဘရိယာ။
ယံ မေ ဝိလပန္တိယာ၊ အနပေက္ခော ပဗ္ဗဇသိ ဒေဝ။

၂၀၆။ ဒုလ္လဒ္ဓံ မေ အာသိ သုတသောမ၊ ယဿ တေ အဟံ ဘရိယာ။
ယံ မေ ကုစ္ဆိ ပဋိသန္ဓိ၊ အနပေက္ခော ပဗ္ဗဇသိ ဒေဝ။

၂၀၇။ ပရိပက္ကော မေ ဂဗ္ဘော ကုစ္ဆိဂတော၊ ယာဝ နံ ဝိဇာယာမိ။
မာဟံ ဧကာ ဝိဓဝါ၊ ပစ္ဆာ ဒုက္ခာနိ အာဒ္ဒက္ခိ—
ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

www.dhammadownload.com

၂၀၅။ သုတသေမ၊ သုတသေမ အမည်တော်ရှိသော။ ဒေဝ၊ အရှင်မင်းမြတ်၊ အဟံ၊ အကျွန်ုပ်သည်။ ယဿ၊ အကြင်သို့ သဘောရှိသော။ တေ၊ အရှင်မင်းမြတ်၏။ ဘရိယာ၊ မိဖုရားကြီးသည်။ ဟောမိ၊ ဖြစ်ရ၏။ ယံ-ယဿာ ကာရဏာ၊ အကြင့်ကြောင့်။ ဝိလပန္တိယာ၊ ငိုကြွေးမြည်တမ်းသော။ မေ၊ အကျွန်ုပ်အား။ အနပေက္ခော၊ ငဲ့ကွက်တော်မမူဘဲ။ တုံ၊ အရှင်မင်းမြတ်သည်။ ပဗ္ဗဇသိ၊ ရဟန်းပြုလိုဘိ၏။ တဿာ၊ ထို့ကြောင့်။ မေ-မမ၊ အကျွန်ုပ်၏။ လဒ္ဓံ၊ မိဖုရားကြီး အရာကို ရခြင်းသည်။ ဒုလ္လဒ္ဓံ၊ မကောင်းသော ရခြင်းသည်။ အာသိ၊ ဖြစ်၏။

၂၀၆။ သုတသေမ၊ သုဘသေမ အမည်ရှိတော်မူသော။ ဒေဝ၊ အရှင်မင်းမြတ်။ ယံ-ယဿာ ကာရဏာ၊ အကြင့်ကြောင့်။ မေ၊ အကျွန်ုပ်၏။ ကုစ္ဆိပဒိသန္နိံ၊ ဝမ်းဦးတည်သော ပဋိသန္ဓေကို။ အနပေက္ခော၊ ငဲ့ကွက်ခြင်း ကင်းတော်မူသည်ဖြစ်၍။ တုံ၊ အရှင်မင်းမြတ်သည်။ ပဗ္ဗဇသိ၊ ရဟန်းပြုတော်မူလိုဘိ၏။ တဿာ၊ ထို့ကြောင့်၊ ယဿ၊ အကြင်သို့သဘောရှိသော။ တေ၊ အရှင်မင်းမြတ်၏။ ဘရိယာ၊ မိဖုရားကြီးဖြစ်သော။ အဟံ၊ အကျွန်ုပ်သည်။ တံ၊ အရှင်မင်းမြတ်ကို။ ဝဒါမိ၊ တင်လျှောက်ပါအံ့။ မေ၊ အကျွန်ုပ်သည်။ ယံ၊ အဂ္ဂမဟေသိဋ္ဌာနံ၊ အကြင်မိဖုရားကြီး အရာကို။ လဒ္ဓံ၊ ရအပ်၏။ တံ၊ ထိုမိဖုရားကြီးအရာကို ရခြင်းသည်။ ဒုလ္လဒ္ဓံ၊ မကောင်းသော ရခြင်းသည်။ အာသိ၊ ဖြစ်ခဲ့ချေ၏။

၂၀၇။ ဒေဝ၊ အရှင်မင်းမြတ်။ မေ၊ အကျွန်ုပ်၏။ ကုစ္ဆိဂတော၊ ဝမ်းဦးတည်သော။ ဂဗ္ဘော၊ ကိုယ်ဝန်သည်။ ပရိပက္ကော၊ ရင့်ပါပြီ။ ယာဝ၊ အကြင်မျှလောက်။ နံ၊ ထိုသူငယ်ကို။ ဝိဇာယာမိ၊ ဖွားမြင်ပါလတ္တံ့။ တာဝ၊ ထိုသူငယ်ဖွားမြင်ရုံ။ အဓိဝါသေဟိ၊ သည်းခံတော်မူပါလော့။ ပစ္ဆာ၊ နောက်ကာလဲ၌။ အဟံ၊ အကျွန်ုပ်သည်။ ဝိဓဝါ၊ မုဆိုးမဖြစ်၍။ ဧကော၊ တစ်ယောက်အထီးတည်း။ ဒုက္ခဒုက္ခေန၊ ဆင်းရဲတို့ကို။ မာ အဒ္ဒက္ခိံ၊ မမြင်ပါရစေလင့်။

ထို့နောက်မှ ဘုရားလောင်းသည် မိဖုရားကြီးစကားကို ပယ်လို့ ရကား-

www.dhammadownload.com

၂၀၈။ ပရိပက္ကော တေ ဂဇ္ဆော ကုစ္ဆိဂတော၊ ဣဿံ နံ ဝိဇာယဿု။
ပုတ္တံ အနောမဝဏ္ဏံ၊ တံ ဟိတ္ဝာ ပဗ္ဗဇိဿာမိ-
ဟူသော ဤဂါထာကို ဆို၏။

၂၀၈။ ဒေဝိ၊ မိဖုရား။ တေ၊ ရှင်မိဖုရား၏။ ကုစ္ဆိဂတော၊ ဝမ်းဦးတည်သော။ ဂဇ္ဆော၊ ကိုယ်ဝန်သည်။ ပရိပက္ကောစ၊ ရင့်သည်သာ လျှင်တည်း။ ဣဿံ၊ ငါ တိုက်တွန်းအံ့။ အနောမဝဏ္ဏံ၊ မယုတ်မမှာ လှပ စွာသော အဆင်းရှိသော။ နံ ပုတ္တံ၊ ထိုသားတော်ကို။ ဝိဇာယဿု၊ ဖွားမြင် ရစ်လော့။ တံ ပုတ္တံ၊ ထိုရှင်မိဖုရားနှင့် တကွသော သားတော်ကို။ ဟိတ္ဝာ၊ စွန့်၍၊ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုတော့အံ့။

ထိုမိဖုရားကြီးသည် ဘုရားအလောင်းစကားကို ကြားလျှင် စိုးရိမ် ခြင်းကို ချုပ်တည်းအံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ "အရှင်မင်းမြတ်.... ယခုအခါ ဤနေ့မှစ၍ အကျွန်ုပ်တို့အား ဘုန်းကျက်သရေမည်သည် မရှိပြီ" ဟု ဆို၍ လက်နှစ်ဖက်တို့ဖြင့် ရင်ကို မ,လျက် မျက်ရည်တို့ကို ယိုစီး စေလျက် သည်းထန်စွာဖြစ်သော အသံဖြင့် ငိုကြွေး၏။ ထိုသို့ ငိုကြွေးသော အခါ ဘုရားလောင်းသည် ထိုမိဖုရားကြီးကို နှစ်သိမ့်စေလိုရကား—

၂၀၉။ မာ တုံ စန္ဒေ ရုဒီ မာ ဿောစိ၊ ဝနတိမိရ မတ္တက္ဘိ။
အာရောဟ ဝရပါသာဒံ၊ အနပေက္ခာ အဟံ ဂမိဿာမိ—
ဟူသော ဤဂါထာကို ဆို၏။

၂၀၉။ ဝနတိမိရ မတ္တက္ဘိ၊ ညိုသင့်ရာဝယ် အောက်မည်း ညိုပွင့်လို စိမ်းလဲ့ညိုသော မျက်လုံးရှိထသော။ စန္ဒေ၊ ရှင်မစန္ဒာ တောင် ညာတင်ထား မိဖုရား။ တုံ၊ ရှင်မိဖုရားသည်။ မာ ရုဒီ၊ မငိုကြွေးပါ လင့်။ မာ ဿောစိ၊ မစိုးရိမ်ပါလင့်။ ဝရပါသာဒံ၊ ရွှေပြာသာဒ် တော်သို့။ အာရောဟ၊ တက်ပါလော့။ အဟံ၊ ငါသည်။ အနပေက္ခော၊ ငဲ့ကွက်ခြင်းမရှိ။ ဂမိဿာမိ၊ သွားတော့အံ့။

ထိုမိဖုရားကြီးသည် ဘုရားလောင်း၏စကားကို ကြား၍ တည်အံ့ သောငှာ မတတ်နိုင်ရကား ရွှေနန်းပြာသာဒ်တော်သို့တက်၍ ငိုကြွေးလျက်

www.dhammadownload.com

နေ၏။ ထိုအခါ မိဖုရားကြီးကို ဘုရားလောင်း၏ သားတော်အကြီးသည် မြင်လေ၍ အဘယ်ကြောင့်လျှင် ငါ၏ မယ်တော်မိဖုရားကြီးသည် ငိုကြွေးလျက်နေတော်မူသနည်းဟု ထိုမယ်တော်မိဖုရားကြီးကို မေးလိုရကား-

၂၁၀။ ကော တံ အမ္မ ကောပေသိ၊ကိံ ရောဒသိပေက္ခသိ၊စ မံ ဗာဠှံ။
တံ အဝဇ္ဈံ ဃာတေမိ၊ ဉာတီနံ ဥဒိက္ခမာနာနံ—

ဟူသော ဤဂါထာကို ဆို၏။

၂၁၀။ အမ္မ၊ မယ်တော်ဖုရား။ တံ၊ မယ်တော်ဖုရားကို။ ကော၊ အဘယ်သူသည်။ ကောပေသိ၊ မျက်လိုခြင်းကို ပြုဘိသနည်း။ ကိံ၊ အဘယ့်ကြောင့်။ ရောဒဟိ၊ ငိုတော်မူဘိသနည်း။ မံ၊ အကျွန်ုပ်ကို။ ဗာဠှံ၊ စိန်းစိန်း။ ကိံ ပေက္ခသိစ၊ အဘယ့်ကြောင့် ကြည့်တော်မူဘိသနည်း။ တံ အဝဇ္ဈံ၊ သတ်ဖြတ်သင့်သော အပြစ်ရှိသော ထိုသူကို။ ဉာတီနံ၊ ဆွေမျိုးတို့၏။ ဥဒိက္ခမာနာနံ၊ မြင်စဉ်ဆဲဆဲ။ အဟံ၊ အကျွန်ုပ်သည်၊ ဃာတေမိ၊ သတ်အံ့။

ထို့နောက်မှ မယ်တော် မိဖုရားကြီးသည် သားတော် အား၊ အကြောင်းကို ကြားလိုရကား-

၂၁၁။ န ဟိ သော သက္ကာ ဟန္တုံ ဝိဇိတာဝိ၊
ယော မံ တာတ ကောပေသိ။
ပိတာ တေ မံ တာတ အဝစ၊
အနပေက္ခာ အဟံ ဂမိဿာမိ-

ဟူသော ဤဂါထာကို ဆို၏။

၂၁၁။ တာတ၊ ချစ်သား။ ဝိဇိတာဝိ၊ မြေအပြင်၌ အောင်မြင်ပြီးသော ရန်ရှိသော။ ယော ပိတာ၊ အကြင်မောင်၏ ခမည်းတော် ဘုရားသည်။ မံ၊ ငါ့ကို။ ကောပေသိ၊ မချစ်စိမ်းကား မုန်းထား မျက်လိုတော်မူဘိ၏။ တာတ၊ ချစ်သား။ တေ၊ သင် ချစ်သား၏။ ပိတာ၊ ခမည်းတော်ဘုရားသည်။ အနပေက္ခာ၊ ငဲ့ကွက်ခြင်းမရှိ။ အဟံ၊ ငါသည်။ ဂမိဿာမိ၊ အားတော့အံ့။ ဣတိ၊ ဤသို့။ မံ၊ ငါ့ကို။ အဝစ၊ မိန့်တော်မူ

www.dhammadownload.com

ဘိ၏။ သော ပိဘာ၊ ထိုမောင်၏ ခမည်းခဘင်ဘုရားကို။ ဟန္တ၊ သတ်ဖြတ်စီရင်အံ့သောငှာ။ နဟိသက္ကာ၊ မတတ်ကောင်းသည်သာ တကား။

သားတော်မျှား ငိုကြွေးကြပုံ

ထိုသားတော်ကြီးသည် မယ်တော်ဖုရား စကားကို ကြားရလျှင် "မယ်တော်ဖုရား....မယ်တော်ဖုရားသည် အသို့မိန့်တော်မူရသနည်း၊ ဤသို့ခမည်းတော်ဘုရား ရဟန်းပြုတော်မူသည် ဖြစ်လတ်သော် အကျွန်ုပ်တို့သည် ကိုးကွယ်ရာမရှိသော မည်သည် ဖြစ်ရကုန်လတ္တံ့. မဟုတ်လော" ဟု ဆို၍ ငိုကြွေးရလိုကား-

၂၁၂။ ယောဟံ ပုဗ္ဗေ နိယျာမိ ဥယျာနံ၊ မတ္တာကုဋ္ဌရေ စယောဓမိ။
သုတသောမေ ပဗ္ဗဇိတော၊ ကထံ နု 'ဒါနိ ကရိဿာမိ-

ဟူသော ဤဂါထာကို ဆို၏။

၂၁၂။ အမ္မ၊ မယ်တော်ဖုရား၊ ယောအဟံ၊ အကြင် အကျွန်ုပ်သည်။ ပုဗ္ဗေ၊ ရှေး၌။ စတုအာဇညယုတ္တံ၊ အာဇာနည် မြင်းလေးစီး က,သော။ သဗ္ဗာလင်္ကာရ ပဋိမဏ္ဍိတံ၊ အလုံးစုံသော တန်ဆာဖြင့် တန်ဆာဆင်အပ်သော။ ရထံ၊ ရထားကို။ 'အဘိရုယှ၊ စီး၍။ ဥယျာနံ၊ ဥယျာဉ်သို့။ နိယျာမိ၊ ထွက်သွားရ၏။ မတ္ထကုဋ္ဌရေစ၊ အမှုန်ယစ်သော ဆင်ပြောင်တို့ကိုလည်း။ ယောဓမိ၊တိုက်စေ ထိုးစေရ၏။ သုတသောမေ၊ ခမည်းတော် သုတသောမ မင်းမြတ်သည်၊ ပဗ္ဗဇိတော၊ ရဟန်းပြုတော်မူခဲ့သော်။ ဣဒါနိ၊ ယခု။ ကထံ ကရိဿာမိ နု၊ အသို့ ပြုရပါမည်နည်း။

ထိုအခါ ခုနစ်နှစ်သာရှိသော ထိုသားကောင်ကြီး၏ ညီဘော် မင်းသားသည် ထိုနောင်တော် မယ်တော်နှစ်ပါးတို့ ငိုး၍ နေကုန်သည်တို့ကို မြင်လေ၍ မယ်တော် မိဖုရားကြီးအထံသို့ ချဉ်းကပ်၍ "အဘယ်ကြောင့် မယ်တော်ဘုရားတို့သည် ငိုကြွေးတော် မူကုန်သနည်း" ဟု မေး၍ ထို အကြောင်းကို ကြားတည့်ရလျှင် "ထိုသို့ဘပြီးကား ငိုတော်မမူလင့်၊ အကျွန်ုပ်သည် ရှေးဦးစွာ ခမည်းတော်ဘုရားအား ရဟန်းပြုစိမ့်သောငှာ ခွင့်မပေး" ဟု ဆို၍ နှစ်ပါးကုန်သော နောင်တော် မယ်တော်တို့ကို

www.dhammadownload.com

နှစ်သိမ့်စေပြီးလျှင် အချိုကော်မိန်းမနှင့်တကွ ရှေနဲ်နန်း ပြာသာဒ်ထက်မှ ဆင်းသက်၍ "ခမည်းတော်ဘုရား....ခမည်းတော်မင်းမြတ်သည် မကွေကွင်း လို ပါကုန်သော အကျွန်ုပ်တို့ကို စွန့်ပစ်တော်မူ၍ ရဟန်းပြုအံ့ဟု ဆိုတော် မူသတတ်၊ အကျွန်ုပ်သည် ခမည်းတော်ဘုရားအား ရဟန်းပြုစိမ့်သောငှာ ခွင့်မပေးအံ့" ဟု ခမည်းတော်ကို လည်၌ မြဲစွာဖက်၍ တားမြစ်လို့ရ ကား-

၂၁၃။ မာတု စ မေ ရုဒန္တိ၁၊
ဇေဋ္ဌဿ စ ဘာတုနော အကာမဿ။
ဟတ္ထေပိ တေ ဂဟိဿံ၊
န ဟိ ဂစ္ဆသိနော အကာမာနံ-

ဟူသော ဤဂါထာကို ဆို၏။

၂၁၃။ တာတ၊ ခမည်းတော်ဘုရား။ မေ၊ အကျွန်ုပ်၏။ ရုဒန္တိ၁၊ ငိုကြွေးသော။ မာတု စ၊ မယ်တော်ဘုရားအား လည်းကောင်း။ အကာ-မဿ၊ မကွေကွင်းလိုသော။ ဇေဋ္ဌဿဘာတုနော စ၊ အစ်ကိုကြီးအား လည်း ကောင်း။ အကာမာနံ၊ ကွေကွင်းခြင်းကို အလိုမရှိကုန်သော။ နော အမှာကံ၊ အကျွန်တို့အား။ ပဟာယ၊ စွန့်ပစ်၍။ ပဗ္ဗဇိတုံ၊ ရဟန်းပြုအံ့ သောငှာ။ တုံ၊ ခမည်းတော် မင်းမြတ်သည်။ နဟိဂစ္ဆသိ၊ မသွားရသည် သာတည်း။ အဟံ၊ အကျွန်ုပ်သည်။ တေ၊ ခမည်းတော် မင်းမြတ်၏။ ဟတ္ထေပိ၊ လက်တော်၌လည်း။ တံ၊ ခမည်းတော်ဘုရားကို။ ဂဟိဿံ၊ ဆုပ်၍ထားအံ့။

ဘုရားလောင်း ကြံတော်မူ၏။ "ဤသူငယ်သည် ငါ၏ဘေးရန်ကို ပြုချေ၏။ အဘယ်သို့သော အကြောင်းဖြင့် ထိုသူငယ်ကို ဖဲစေရပါမည် နည်း" ဟု ကြံတော်မူ၏။ ထို့နောင်မှ အထိန်းတော်အား ကြည့်တော်မူ၍ "အို အထိန်းတော်....ယခု ဤပတ္တမြားတုံး တန်ဆာကို ယူလော့၊ ဤ ပတ္တမြားတုံးသည် သင့်ဖို့ဖြစ်လော့၊ ငါ့သားတော်ကို ချီယူ ဆောင်ပလေ လော့၊ ငါ၏အန္တရာယ်ကို မပြုပါစေလင့်" ဟု ဆို၍ မိမိသည်သားတော်ကို လက်၌ကိုင်၍ ပယ်အံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ အထိန်းတော်အား

www.dhammadownload.com

တံစိုးပေး၍ တစ်ပါးသောအရပ်သို့ ဆောင်ယူစိမ့်သောဌာ တိုက်တွန်းလိုရကား—

၂၁၄။ ဥဒ္ဒေဟိ တုံ မာတိ ဣမံ၊
ကုမာရံ ရမေဟိ အညတ္ထ။
မာ မေ ပရိပန္ထမကာသိ၊
သဂ္ဂံ မမ ပတ္ထယာနဿ-
ဟူသော ဤဂါထာကို ဆို၏။

၂၁၄။ မာတိ၊ အာချိတော်မ။ တုံ၊ ရှင်မသည်။ ဥဒ္ဒေဟိ၊ ထလော့။ ဣမံကုမာရံ၊ ဤမင်းသားငယ်ကို။ အညတ္ထ၊ တစ်ပါးသော အရပ်၌။ ရမေဟိ၊ မွေ့လျော်စေလော့။ မေ၊ ငါ၏။ ပုတ္တော၊ သားငယ်သည်။ သဂ္ဂံ၊ နတ်ပြည်ကို။ ပတ္ထယာနဿ၊ တောင့်တသော။ မမ၊ ငါ၏။ ပရိပန္ထံ၊ ဘေးရန်ကို။ မာ အကာသိ၊ မပြုပါစေလင့်။

ထိုအထိန်းတော် မိန်းမသည် တံစိုးကိုယူ၍ မင်းသားငယ်ကို နှစ်သိမ့်စေ၍ ဆောင်ယူပြီးလျှင် တစ်ပါးသော အရပ်သို့ သွား၍ ငိုကြွေးလိုရကား-

၂၁၅။ ယန္နူနိမံ ဒဒေယျ ပဘာက်ံရံ၊
ကောနု မေ ဣမိနာ အတ္ထော။
သုတသောမေ ပဗ္ဗဇိတေ၊
ကိန္နု မေ နံ ကရိဿာမိ-
ဟူသော ဤဂါထာကို ဆို၏။

၂၁၅။ ပဘာက်ံရံ၊ ပြိုးပြိုးပြက်ထွက်သော အရောင်ကို ပြုစေတတ်သော။ ဒဒေယျ၊ လက်ဆောင် တံစိုးအဖြစ်ဖြင့် ပေးတော်မူအပ်သော။ ဣမံ မဏိံ၊ ဤပတ္တမြားတုံးကို။ ယန္နူန ဂဟိတံ၊ အကယ်၍ ယူအပ်၏။ သုဘဒသောမေ၊ မင်းမြတ် သုတသောမသည်။ ပဗ္ဗဇိတေ၊ ရဟန်းပြုတော်မူချေသော်။ ဣမိနာ၊ ဤပတ္တမြားတုံးဖြင့်။ မေ၊ ငါ့အား ကောအတ္ထောနု၊ အဘယ်အကျိုး ရှိမည်နည်း။ နံ၊ ပတ္တမြားတုံးကို။ မေ၊ ငါသည်။ ကိံကရိဿာမိ နု၊ အဘယ်ပြုရပါမည်နည်း။

www.dhammadownload.com

စစ်သူကြီး တားမြစ်ခြင်း

ထို့နောင်မှ စစ်သူကြီးသည် ကြံ၏။ "ဤမင်းသည် ငါ၏ နန်းတော်၌ ဥစ္စာသည် နည်းပါး၏ဟူသော အမှတ်ကို ပြုသည်ထင်၏။ ထို့မင်းအား ဥစ္စာစပါးဖြင့် ပေါများသည်၏အဖြစ်ကို တင်လျှောက်ဦးအံ့" ဟု ကြံ၏။ ကြံပြီး၍ စစ်သူကြီးသည် နေရာမှထ၍ ရှိခိုးလျက် တင်လျှောက်လိုရကား-

၂၁၆။ ကောသော စ တုယ့် ဝိပုလော၊
ကောဋ္ဌာဂါရဉ္စ တုယ့် ပရိပူရုံ။
ပထဝီ စ တုယ့် ဝိဇိတာ၊
ရမဿု မာ ပဗ္ဗဇိ ဒေဝ-

ဟူသော ဤဂါထာကို ဆို၏။

၂၁၆။ ဒေဝ၊ အရှင်မင်းမြတ်။ တုယ့်၊ အရှင်မင်းမြတ်၏။ ကောသော စ၊ ရွှေတိုက် ငွေတိုက်တော်သည်လည်း။ ဝိပုလော၊ ပြန့်ပြောပြည့်စုံ၏။ တုယ့်၊ အရှင်မင်းမြတ်၏။ ကောဋ္ဌာဂါရဉ္စ၊ ကျီကြသည်လည်း။ ပရိပူရုံ၊ ပြည့်ဖြိုး၏။ တုယ့်၊ အရှင်မင်းမြတ်သည်။ ပထဝီစ၊ မြေနေလူအပေါင်းကိုလည်း။ ဝိဇိတာ၊ အောင်မြင်လှုမ်းမိုး အစိုးရတော်မူ၏။ ဒေဝ၊ အရှင်မင်းမြတ်။ တုံ၊ အရှင်မင်းမြတ်သည်။ ရမဿု၊ မွေ့လျော်တော်မူလော့။ မာပဗ္ဗဇိ၊ ရဟန်းပြုတော်မမူလင့်။

ထိုစကားကို ကြား၍ ဘုရားလောင်းသည် ပယ်တော်မူလိုရကား-

၂၁၇။ ကောသော စ မယ့် ဝိပုလော၊
ကောဋ္ဌာဂါရဉ္စ မယ့် ပရိပူရုံ။
ပထဝီ စ မယ့် ဝိဇိတာ၊
တံဟိတ္ဝာ ပဗ္ဗဇိဿာမိ-

ဟူသော ဤဂါထာကို ဆို၏။

၂၁၇။ မဟာသေနဂုတ္တ၊ စစ်သူကြီး။ မယ့်၊ ငါ၏။ ကောသော စ၊ ရွှေတိုက် ငွေတိုက်သော်သည်လည်း။ ဝိပုလော၊ ပြန့်ပြောပြည့်စုံ၏။ မယ့်၊

www.dhammadownload.com

ငါ၏။ ကောဋ္ဌဝဂါရဥ္ဇု၊ ကျိုကြသည်လည်း။ ပရိပ္ပူရံ၊ ပြည့်စုံ၏။ မယ္ဒံ၊ ငါ၏။ ပထဝီစ၊ မြေနေ လူအများကိုလည်း။ ဝိဇိတာ၊ အောင်မြင်တော်မူ၏။ တံ၊ ထို ရွှေတိုက် ငွေတိုက် အစရှိသည်ကို။ ဟိတ္ဝာ၊ စွန့်၍။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။

သူဌေးကြီး တားမြစ်ခြင်း

ထိုစကားကိုကြား၍ စစ်သူကြီး ဖဲသည်ရှိသော် ကုလဝဏ္ဏန အမည်ရှိသော သူဌေးသည် နေရာမှထ၍ ရှိခိုးလျက် တင်လျှောက် တောင်းပန်လိုရကား-

၂၁၀။ မယ္ဟံ ဓနံ ပဟူတံ၊
သန်္ဒိတ္ဌံ နေပိ ဒေဝ သက္ကောမိ။
တံ တေ ဒဒါမိ သဗ္ဗံပိ၊
ရမဿု မာ ပဗ္ဗဇိ ဒေဝ-

ဟူသော ဤဂါထာကို ဆို၏။

၂၁၀။ ဒေဝ၊ အရှင်မင်းမြတ်။ မယ္ဟံပိ၊ အကျွန်ုပ်အား လည်း။ ပဟူတံ၊ များစွာသော။ ဓနံ၊ ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ သန်္ဒိတ္ဌံပိ၊ ရေတွက်အံ့သောဌာလည်း။ နော သက္ကောမိ၊ မဘတ်နိုင်။ တံ သဗ္ဗံပိ၊ ထို အလုံးစုံသော ဥစ္စာကိုလည်း။ တေ၊ အရှင်မင်းမြတ်အား။ ဒဒါမိ၊ ဆက်သပါ၏။ ဒေဝ၊ အရှင်မင်းမြတ်။ တွံ၊ အရှင်မင်းမြတ်သည်။ ရမဿု၊ မွေ့လျော်တော်မူပါလော့။ မာ ပဗ္ဗဇိ၊ ရဟန်းပြုတော်မမူပါလင့်။

ဘုရားလောင်းသည် ထို ကုလဝဏ္ဏသူဌေး တင်လျှောက်သော စကားကို ကြား၍ ပယ်တော်မူလိုရကား-

၂၁၉။ ဇာနာမိ ဓနံ ပဟူတံ၊
ကုလဝဏ္ဏ ပုဇ္ဇိတော တယာ စသ္မိ။
သဂ္ဂဠ္ဟ မေ ပတ္ထယာနော၊
တေန အဟံ ပဗ္ဗဇိဿာမိ-

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၁၉။ ကုလဝဓူန၊ ကုလဝဓူန အမည်ရှိသော။ မဟာသေဋ္ဌိ၊ သူဌေးကြီး။ အဟံ၊ ငါသည်။ တဝ၊ သင့်အား။ ပဟုတံဓနံ၊ များစွာသော ဥစ္စာရှိသည်၏ အဖြစ်ကို။ ဇာနာမိ၊ သိပါ၏။ အဟံ၊ ငါသည်။ တယာပူဇိတော၊ သင် ပူဇော်ထိုက်သော သူသည်။ အသ္မိ၊ ဖြစ်၏။ သဂ္ဂဠ၊ နတ်ပြည်ကိုလည်း။ မေ၊ ငါသည်။ ပတ္ထယာနော၊ တောင့်တတော်မူ၏။ တေန၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။

ညီတော်ကို နန်းအပ်ပြီ

ထိုစကားကို ကြား၍ ကုလဝဓူနသူဌေး ဖဲသည်ရှိသော် ဘုရားလောင်းသည် သောမဒတ် အမည်ရှိသော ညီတော်ကို ခေါ်တော်မူ၍ "ညီချစ် သောမဒတ်....ငါသည် ဆောင်းလျှောင်သော တောကြက်ကဲ့သို့ ငြီးငွေ့၏၊ လူတို့ဘောင်ခွဲနေသော ငါ့ကို ငြီးငွေ့ ဆန့်ကျင် မပျော်ရွှင်ခြင်းသည် နှိပ်စက်၏၊ ယနေ့ပင်လျှင် ရဟန်းပြုတော့အံ့၊ သင် ချစ်ညီသည်ဟု မင်းအဖြစ်ကို ခံယူလော့" ဟု ဆို၍ မင်းအဖြစ်ကို ဆောင်နှင်းလို ရကား-

၂၂၀။ ဥက္ကဏ္ဌိတော သို့ ဗာဠှံ အရတိ၊
မံ သောမဒတ္တာဘိဘဝတိ။
ဗဟုကာပိ မေ အန္တရာယာ၊
အဇ္ဇေဝါဟံ ပဗ္ဗဇိဿာမိ-

ဟူသော ဤဂါထာကို ဆို၏။

၂၂၀။ သောမဒတ္တ၊ ညီချစ် သောမဒတ်။ အဟံ၊ ငါသည်။ ဥက္ကဏ္ဌိတော၊ ဆောင်းလျှောင်မိသော တောကြက်ကဲ့သို့ ငြီးငွေ့သည်။ အသ္မိ၊ ဖြစ်၏။ မံ၊ ငါ့ကို။ အရတိ၊ ငြီးငွေ့ဆန့်ကျင် မပျော်ရွှင်ခြင်းသည်။ ဗာဠှံအဘိဘဝတိ၊ ပြင်းထန်စွာ နှိပ်စက်ဘိ၏။ မေ၊ ငါ့အား။ ဗဟုကာ၊ များစွာကုန်သော။ အန္တရာယာ၊ အန္တရာယ်တို့သည်။ ပညာယန္တိ၊ ထင်ကုန်၏။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ အဟံ၊ ငါသည်။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုတော့အံ့။

ထိုစကားကိုကြား၍ ညီတော် သောမဒတ်သည်လည်း ရဟန်းပြုလို၍ ထိုအကြောင်းကို နောင်တော် မင်းအား ထင်ရှား တင်ပြလျှောက်လိုရကား-

www.dhammadownload.com

၂၂၁။ ဣဒဉ္စ တုယ္ဟံ ရုစိတံ သုတသောမ၊
အဇ္ဇေဝ ဒါနိ တုံ ပဗ္ဗဇ။
အဟံပိ ပဗ္ဗဇိဿာမိ၊
နာ ဉဿဟေ တယာ ဝိနာ အဟံ ဌာတုံ-
ဟူသော ဤဂါထာကို ဆို၏။

၂၂၁။ သုတသောမ၊ မင်းမြတ် သုတသောမ။ ဣဒဉ္စ ပဗ္ဗဇိတဘာဝံ၊ ဤ ရသေ့ရဟန်း အဖြစ်ကိုလည်း။ တုယ္ဟံ၊ တယာ၊ နောင်တော် မင်းမြတ်သည်။ ရုစိတံ၊ နှစ်သက်တော်မူ၏။ ဒါနိ၊ ယခု။ တုံ၊ နောင်တော် မင်းမြတ်သည်။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ ပဗ္ဗဇ၊ ရဟန်းပြုတော်မူပါလော့။ အဟံပိ၊ အကျွန်ုပ်သည်လည်း။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုပါအံ့။ တယာ၊ နောင်တော်မင်းမြတ်နှင့်။ ဝိနာ၊ ကင်း၍။ ဌာတုံ၊ တည်အံ့သောငှာ။ နဉဿဟေ၊ မစွမ်းနိုင်ပါ။

ထိုအခါ ဘုရားလောင်းသည် ညီတော် သောမဒတ် တင်လျှောက်သော စကားကို ပယ်တော်မူလိုရကား—

၂၂၂။ နာ ဟိ သက္ကာ ပဗ္ဗဇိတုံ၊
နဂရေ နာ ဟိ ပစ္စတိ ဇနပဒေ စ—
ဟူသော ထက်ဝန်သော ဤဂါထာကို ဆို၏။

၂၂၂။ တာတ၊ ညီချစ် သောမဒတ်။ မမ၊ ငါ၏။ ပဗ္ဗဇ်ဝာဓိပ္ပါယံ၊ ရဟန်းပြုလိုသောအဖြစ်ကို။ သုတ္ဝာဝ၊ ကြား၍ လျှင်။ နဂရေ စ၊ သုဒဿနမြို့၌ လည်းကောင်း။ ဇနပဒေ စ၊ ဇနပုဒ်၌ လည်းကောင်း။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ ဥဒ္ဓနေ၊ ခုံလောက်၌။ ကောစိ၊ တစ်စုံတစ်ယောက်သော သူသည်။ အဂ္ဂိံ၊ မီးကို။ နာ ပစ္စတိ၊ မည်၏။ တသ္မာ၊ ထို့ကြောင့်။ တယာ၊ သင် ညီချစ်သည်။ ပဗ္ဗဇိတုံ၊ ရဟန်းပြုအံ့သောငှာ။ နဟိ သက္ကာ၊ ;မသင့်သည်သာတည်း။

ပြည်သူတို့ ငိုကြွေးကြပြီ

ထိုစကားကိုကြား၍ လူအများသည် ဘုရားအလောင်း ခြေတော်ရင်း၌ လူးလဲ၍ ငိုကြွေးလိုရကား—

www.dhammadownload.com

၂၂၃။ သုတတောမေ ပဗ္ဗဇိတော၊
ကထံနု ဒါနိ ကရိဿာမ-
ဟူသော ထက်ဝန်သော ဤဂါထာကို ဆို၏။

၂၂၃။ သုတသောမေ၊ သုတသောမ မင်းမြတ်သည်။ ပဗ္ဗဇိတော၊ ရဟန်းပြုသည်ရှိသော်။ ဒါနိ၊ ယခု။ မယံ၊ ငါတို့သည်။ ကထံ ကရိဿာမ နု၊ အဘယ်ပြုရပါကုန်အံ့နည်း။

သုတသောမ တရားပြ

ထို့နောင်မှ ဘုရားလောင်းသည် "အို....လူမျိုးတို့....သင်တို့ မြို့မစိုးရိမ်ကြကုန်လင့်၊ ငါသည် ကြာမြင့်စွာ တည်သော်လည်း သင်တို့နှင့် ကွေကွင်းရသည် ဖြစ်လတ္တံ့။ ထိုစကားသည် မှန်၏၊ ဖြစ်ပြီးသော သခ်ါရသည် မြဲသောမည်သည် မရှိ" ဟု ဆို၍ လူအများအား တရားဟော တော်မူလိုရကား-

၂၂၄။ ဥပနိယျတိဒံ မညေ၊
ပရိတ္တံ ဥဒကံဝ စက်ံဝါရမှိ။
ဧဝံ သုပရိတ္တကေဇီဝိတော၊
နစပမဇ္ဇိတုံ ကာလော။

၂၂၅။ ဥပနိယျတိဒံ မညေ၊
ပရိတ္တံ ဥဒကံဝ စက်ံဝါရမှိ။
ဧဝံ သုပရိတ္တကေ ဇီဝိတော၊
အထ ဗာလာ ပမဇ္ဇန္တိ။

၂၂၆။ တေ ဝဓုယန္တိ နိရယံ၊
တိရစ္ဆာနယောနိဉ္စ ပေတ္တိဝိသယဉ္စ။
တဏှာယ ပန္ဓနပန္ဓာ၊
ဝဓုန္တိ အသုရကာယံ-
ဟူသော ဤ သုံးဂါထာတို့ကို ဆို၏။

၂၂၄။ တာတာ၊ အမောင်တို့။ စက်ံဝါရမှိ၊ ခဝါသည်တို့၏ ပေါင်းအိုးဌာ။ ပက္ခိတ္တံ၊ ထည့်အပ်သော်။ ပရိတ္တံ၊ အနည်းငယ်သော်။

www.dhammadownload.com

ဥဒကံ၊ ရေသည်။ ဥပနိယျတိက္ကဝ၊ လျင်စွာ ကုန်ခန်းသကဲ့သို့။ တထာ၊ ထို့အတူ။ သတ္တာနံ၊ သတ္တဝါတို့၏။ ဣဒံဇီဝိတံ၊ ဤ အသက်သည်။ ဥပနိယျတိ၊ ကုန်လွယ်၏။ ဣတိ၊ ဤသို့။ မညေ၊ ငါ အောက်မေ့၏။ ဧဝံ-ယထာ ဝုတ္တနယေန၊ အကြောင်း အကြောင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ သုပရိတ္တကေဇီဝိတေ-သုပရိတ္တကာနံဇီဝိတာနံ၊ အလွန်တိုသော အသက်ရှိကုန်သော သတ္တဝါတို့အား။ ပမဇ္ဇိတုံ၊ မေ့လျော့အံ့သောငှာ။ နကာလော၊ အခွင့်မရှိ။

၂၂၅။ တာတာ၊ အမောင်တို့။ စက်ဝါရမှီ၊ ခဝါသည်တို့၏ ပေါင်းအိုးခွဲ။ ပက္ခိတ္တံ၊ ထည့်အပ်သော။ ပရိတ္တံ၊ အနည်းငယ်သော။ ဥဒကံ၊ ရေသည်။ ဥပနိယျတိက္ကဝ၊ လျင်စွာ ကုန်ခန်းတည့်သကဲ့သို့။ တထာ၊ ထို့အတူ။ သတ္တာနံ၊ သတ္တဝါတို့၏။ ဣဒံဇီဝိတံ ဤ အသက်သည်။ ဥပနိယျတိ၊ ကုန်ခန်းလွယ်၏။ ဣတိ၊ ဤသို့။ မညေ၊ ငါ အောက်မေ့၏။ ဧဝံ-ယထာ စုတ္တနယေန၊ အကြောင် အကြောင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဇီဝိတေ၊ အသက်သည်။ သုပရိတ္တကေ၊ အလွန်နည်းသည်။ အထ-သန္တေ၊ ဖြစ်လျက်။ ဗာလာ၊ သူမိုက်တို့သည်။ ပမဇ္ဇန္တိ၊ မေ့လျော့ကြကုန်၏။

၂၂၆။ တက္ကာယ ဗန္ဓနဗန္ဓာ၊ တက္ကာဟု ဆိုအပ်သော အနှောင် အဖွဲ့သည် နှောင်ဖွဲ့အပ်ကုန်သော။ တေ ဗာလာ၊ ထို သူမိုက်တို့သည်။ နိရယဘွံ၊ ငရဲပြည်ကို လည်းကောင်း။ တိရစ္ဆာနယောနိဉ္စ၊ တိရစ္ဆာန် အမျိုးကို လည်းကောင်း။ ပေတ္တိဝိသယဉ္စ၊ ပြိတ္တာတို့၏ ဘုံကို လည်း ကောင်း။ ဝဓုယန္တိ၊ ပွဲးစေကုန်၏။ အသုရကာယဉ္စ၊ ကာလကဉ္ဇိက အသုရာမျိုးကိုလည်း။ ဝဓုယန္တိ၊ ပွဲးများစေကုန်၏။

ဆံတော်ကိုပယ်ပြီ

ဤသို့လျှင် ဘုရားလောင်းသည် လူများအား တရားဟောတော်မူပြီး လျှင် ပုဗ္ဗက အမည်ရှိသော ပြာသာဒ်သို့ တက်၍ ခုနစ်ဆင့်မြောက်သော ဘုံဌာနည်လျက် သန့်လျက်ဖြင့် ဦးသျှောင်တော်ကို ဖြတ်တော်မူ၍ "ငါသည် သင်တို့နှင့် စိုးစဉ်းမျှ တော်စပ်သည်မဖြစ်၊ မိမိတို့မင်းကို ဆောင်ယူကြကုန် လော့" ဟု ဆို၍ ဦးပေါင်းတော်နှင့်တကွ ဦးသျှောင်တော်ကို လူများ အလယ်သို့ ပစ်လိုက်၏။ ထိုဦးသျှောင်တော်ကိုယူ၍ လူအများသည် မြေ၌

www.dhammadownload.com

လူးလဲ လူးလဲ၍ ငိုကြွေး၏။ ထိုအရပ်၌ မျှားစွာသော မြူအစုသည် ထောင်းထောင်းထ၏။ နောက်သို့ဆုတ်၍ တည်သော လူမျှားသည် ထို့ထောင်းထောင်းထသော မြူကိုကြည့်၍ မင်း၏ ဦးသျှောင်တော်ကိုဖြတ်၍ မင်းသည် ဦးပေါင်းတော်နှင့်တကွ ဦးသျှောင်တော်ကို ပစ်လိုက်အပ်သည် ဖြစ်လတ္တံ့။ ထို့ကြောင့် ပုဗ္ဗကအမည်ရှိသော ပြာသာဒ်တော်၏ အနီး၌ ဤမြူအစုသည် ထောင်းထောင်းထ၏'' ဟု ဆို၍ ငိုကြွေးလိုရကား—

၂၂၇။ ဥဟညတေ ရဇင်္ဂံ အဝိဒူရေ၊
ပုဗ္ဗက်မ္ဒီ စ ပါသာဒေ။
မညေ နော ကေသာ ဆိန္နာ၊
ယသသိနော ဓမ္မရာဇဿ—

ဟူသော ဤဂါထာကို ဆို၏။

၂၂၇။ ဘောန္တော ပရိသာ၊ အို-ပရိသတ်အမျှားတို့။ အဝိဒူရေ၊ ဤမှ မဝေးလွန်းသော။ ပုဗ္ဗကမ္မိပါသာဒေ၊ ပုဗ္ဗကအမည်ရှိသော ပြာသာဒ်တော်၏ အနီး၌။ ရဇင်္ဂံ၊ မြူအစုသည်။ ဥဟညတေ၊ ထောင်းထောင်းထ၏။ နော၊ ငါတို့၏။ ယသသိနော၊ မျှားသော အခြံအရံရှိသော။ ဓမ္မရာဇဿ၊ တရားမင်းမြတ်သည်။ ကေသာ၊ ဆံတော်တို့ကို။ ဆိန္နာမညေ၊ ဖြတ်တော်မူချေကုန်ပြီ ထင်၏။

ဘုရားလောင်းသည် အလုပ်အကျွေးတော်ကို စေတော်မူ၍ ရဟန်းတို့၏ ပရိက္ခရာတို့ကို ဆောင်ယူစေပြီးလျှင် ဆံမုတ်ဆိတ်တော်ကို ဆေတ္တာသည်ကို ရိတ်စေ၍ တန်ဆာဆင်အပ်သော အိပ်ရာအပြင်၌ ချစေပြီးလျှင် ဖန်ရည်စုန်းသော အဝတ်တို့၏ အဆာတို့ကိုဖြတ်၍ ထိုဖန်ရည်စုန်းသော အဝတ်ကိုဝတ်လျက် မြေသပိတ်ကို လက်ဝဲပခုံးစွန်း၌ လွယ်ပြီးလျှင် သူအို တို့၏ စွဲကိုင်ရာ တောင်ဝှေးကိုယူ၍ မြတ်သော ရှေနှုန်းပြင်၌ တုံ့ပြန်လူးလား စကြံသွားတော်မူ၍ ရှေနှုန်းပြာသာဒ်တော်မှ သက်ခဲ့ပြီးလျှင် ခရီးလမ်းမ အလယ်သို့ ကြွသွားတော်မူ၏။ ကြွသွားတော်မူသော ထိုဘုရားလောင်းကို ကား တစ်စုံတစ်ယောက်သော သူသည် မသိ။ ထိုအခါ ဘုရားလောင်း၏ ခုနစ်ရာကုန်သော မင်းသမီးဖြစ်ကုန်သော မိဖုရားတို့သည် ပြာသာဒ်ထက်သို့ တက်လတ်ကုန်၍ ထိုဘုရားလောင်း သုတသောမမင်းကို မမြင်ကုန်၍

www.dhammadownload.com

ဝတ်ဆင်ကုန်သော တန်ဆာတော်ကိုသာလျှင် မြင်ကုန်၍ ဆင်းခဲ့ကုန်ပြီးလျှင် ကြွင်းကုန်သော တစ်သောင်း ခြောက်ထောင်ကုန်သော မိန်းမတို့၏ အထံသို့ သွားကုန်၍ "အို-အချင်းတို့....ရှင်မတို့၏ ချစ်လှစွာသော အရှင်ဖြစ်သော သုတသောမ အမည်ရှိသော မင်းမြတ်သည် ရဟန်းပြုတော်မူလေပြီ" ဟု သည်းစွာသော အသံဖြင့် ငိုကြွေးကုန်လျက် အပသို့ထွက်ကြကုန်၏။ ထိုခဏ၌ လူအများသည် ဘုရားလောင်း သုတသောမမင်း ရဟန်းပြုသည်၏အဖြစ်ကို သိကြလေ၏။ အလုံးစုံသောမြို့၌ "ငါတို့အရှင် မင်းမြတ်သည် ရဟန်းပြုတော် မူသတတ်" ဟု ချောက်ချားသည် ဖြစ်၍ ထိုအခါ မင်းအိမ်တံခါးတော်၌ စည်းဝေးကြ၏။ လူများသည် "ငါတို့အရှင် မင်းမြတ်သည် ဤအရပ်၌ ရှိသည်ဖြစ်လတ္တံ့၊ ထိုအရပ်၌ ရှိသည်ဖြစ်လတ္တံ့" ဟု ပြောသာဒ် အစရှိကုန်သော မင်းသုံးဆောင် စံနေတော်မူရာ အရပ်တို့သို့ သွား၍ မင်းကိုမမြင်သဖြင့် လှည့်လည်လျက် ငိုကြွေးလိုရကား-

၂၂၀။ အယ မဿ ပါသာဒေါ၊
သောဝဏ္ဏ ပုပ္ဖ မာလျဝိတိကိဏ္ဏော။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဂဏ္ဌာဂါရေဟိ။

၂၂၉။ အယ မဿ ပါသာဒေါ၊
သောဝဏ္ဏ ပုပ္ဖ မာလျ ဝိတိကိဏ္ဏော။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဉာတိသံဃေန။

၂၃၀။ ဂဒမဿ ကုဋ္ဌာဂါရံ၊
သောဝဏ္ဏ ပုပ္ဖ မာလျ ဝိတိကိဏ္ဏံ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဂဏ္ဌာဂါရေဟိ။

၂၃၁။ ဂဒမဿ ကုဋ္ဌာဂါရံ၊
သောဝဏ္ဏ ပုပ္ဖ မာလျ ဝိတိကိဏ္ဏံ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဉာတိသံဃေန။

www.dhammadownload.com

၂၃၂။ အယ မဿ အသောကဝနိကာ၊
သုပုပ္ဖိတာ သဗ္ဗကာလိကာ ရမ္မာ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဉာတိသံဃေန။

၂၃၃။ အယ့ မဿ အသောကဝနိကာ၊
သုပုပ္ဖိတာ သဗ္ဗကာလိကာ ရမ္မာ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဉာတိသံဃေန။

၂၃၄။ ဣဒမဿ ဥယျာနံ၊
သုပုပ္ဖိတံ သဗ္ဗကာလိကံ ရမ္မံ။
ယဟိ မနုံဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဣတ္ထာဂါရေဟိ။

၂၃၅။ ဣဒမဿ ဥယျာနံ၊
သုပုပ္ဖိတံ သဗ္ဗကာလိကံ ရမ္မံ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဉာတိသံဃေန။

၂၃၆။ ဣဒမဿ ကဏိတာရဝနံ၊
သုပုပ္ဖိတံ သဗ္ဗကာလိကံ ရမ္မံ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဣတ္ထာဂါရေဟိ။

၂၃၇။ ဣဒမဿ ကဏိကာရဝနံ၊
သုပုပ္ဖိတံ သဗ္ဗတာလိကံ ရမ္မံ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဉာတိသံဃေန။

၂၃၈။ ဣဒမဿ ပါဠလိဝနံ၊
သုပုပ္ဖိတံ သဗ္ဗကာလိကံ ရမ္မံ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဣတ္ထာဂါရေဟိ။

www.dhammadownload.com

၂၃၉။ ဣဒမဿ ပါဠိလိဝနံ၊
သုပုပ္ပိတံ သဗ္ဗကာလိကံ ရမ္မံ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဉာတိသံဃေန။

၂၄၀။ ဣဒမဿ အမ္ဗဝနံ၊
သုပုပ္ဖိတု သဗ္ဗကာလိကံ ရမ္မံ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဣတ္ထာဂါရေဟိ။

၂၄၁။ ဣဒမဿ အမ္ဗဝနံ၊
သုပုပ္ဖိတံ သဗ္ဗကာလိကံ ရမ္မံ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဉာတိသံဃေန။

၂၄၂။ အယမဿ ပေါက္ခရဏီ၊
သဉ္ဆန္နာ အဏ္ဍဇေဟိ ဝိတိကိဏ္ဏာ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဣတ္ထာဂါရေဟိ။

၂၄၃။ အယမဿ ပေါက္ခရဏီ၊
သဉ္ဆာန္နာ အဏ္ဍဇေဟိ ဝိကိဏ္ဏာ။
ယဟိ မနုဝိစရိ ရာဇာ၊
ပရိကိဏ္ဏော ဉာတိသံဃေန-
ဟူသော ဤတစ်ဆယ့်ခြောက်ဂါထာတို့ကို ဆို၏။

၂၂၈။ သော ဝဏ္ဏော ပုပ္ဖ မာလျဝိတိကိဏ္ဏော၊ ရွှေပန်း အထူးထူး သော ပန်းကုံးပန်းဆိုင်းတို့ဖြင့် ပြည့်သော။ အယံ ပါသာဒေါ၊ ဤ ရွှေ ပြာသာဒ်တော်သည်။ အဿ၊ ထိုသုတသောမ မင်းမြတ်၏။ ပါသာဒေါ၊ စံတော်မူရာ ပြာသာဒ်တော်တည်း။ ယဟိ'၊ အကြင် ပြာသာဒ်တော်၌။ ရာဇာ၊ ငါတို့သခင် အရှင်သုဇာသောမ မင်းမြတ်သည်။ ဣတ္ထာဂါရေဟိ၊ မင်းမောင်းမတို့ဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရံလျက်။ အနုဝိစရိ၊ စံပယ်တော်မူလှလေပြီ။

www.dhammadownload.com

၂၂၉။ သော၀ဏ္ဏော ပုပ္ဖ မာလ္ဝ ဝိတိကိဏ္ဏော၊ ရွှေပန်း အထူးထူး သော ပန်းကုံးပန်းဆိုင်းတို့ဖြင့် ပြည့်သော။ အယံ ပါသာဒေါ၊ ဤ ရွှေ ပြာသာဒ်တော်သည်။ အာဿ၊ ထိုသုတသောမ မင်းမြတ်၏။ ပါသာဒေါ၊ စံတော်မူရာ ပြာသာဒ်တော်တည်း။ ယဟိံ၊ အကြင်ရွှေပြာသာဒ်တော်၌။ ရာဇာ၊ ငါတို့သခင် အရှင်သုတသောမ မင်းမြတ်သည်။ ဉာတိသံဃေန၊ ဆွေတော်မျိုးတော် အပေါင်းဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရံ ညီလာ ခံ၍။ အနုဝိစရိ၊ စံတော်မူလှည့်လည်ပြီ။

၂၃၀။ သော၀ဏ္ဏပုပ္ဖ မာလ္ဝ ဝိတိကိဏ္ဏော၊ ရွှေပန်း အထူးထူး သော ပန်းကုံးပန်းဆိုင်းတို့ဖြင့် ပြည့်ထသော။ ဣဒံကူဋာဂါရံ၊ ဤရတနာ ခုနစ်ပါးတို့ဖြင့် ဆန်းကြယ်သော နေရာရှိသော စုလစ်မှန်းချွန် တပ်သော ရွှေနန်းတော် တိုက်ခန်းသည်။ အာဿ၊ ထို ငါ့တို့သခင် အရှင်သုတသောမ မင်းမြတ်၏။ ကူဋာဂါရံ၊ စုလစ်မှန်းချွန်တပ်သော ရွှေနန်းဆောင် တိုက် ခန်းတော်တည်း။ ယဟိံ၊ အကြင် အဆောင်တော် တိုက်ခန်း၌။ ရာဇာ၊ ငါတို့သခင် အရှင်သုတသောမ မင်းမြတ်သည်။ ဣတ္ထာဂါရေဟိ၊ မိဖုရား အပေါင်း မောင်းမ ကိုယ်လုပ်တော်တို့ဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှည့်လည်ပြီ။

၂၃၁။ သော၀ဏ္ဏ ပုပ္ဖ မာလ္ဝဝိတိကိဏ္ဏော၊ ရွှေပန်း အထူးထူး သော ပန်းကုံးပန်းဆိုင်းတို့ဖြင့် ပြည့်သော။ ဣဒံကူဋာဂါရံ၊ ဤရတနာ ခုနစ်ပါးတို့ဖြင့် ဆန်းကြယ်သော နေရာရှိသော စုလစ်မှန်းချွန် တပ်သော ဤရွှေနန်းဆောင် တိုက်ခန်းသည်။ အာဿ၊ ထို ငါတို့သခင် အရှင်သုတ သောမမင်း၏၊ ကူဋာဂါရံ၊ စုလစ်မှန်းချွန် တပ်သော ရွှေနန်းဆောင် ပြာသာဒ်တော်တည်း။ ယဟိံ၊ အကြင် အဆောင်တော် တိုက်ခန်း၌။ ရာဇာ၊ ငါတို့သခင် အရှင်သုတသောမ မင်းမြတ်သည်။ ဉာတိသံဃေန၊ ဆွေတော်မျိုးတော် အပေါင်းဖြင့်။ ပရိကိဏ္ဏော၊ ပတ်လည်ဝန်းရံ ညီလာ ခံလျက်။ အနုဝိစရိ၊ စံတော်မူလှည့်လည်ပြီ။

၂၃၂။ သုပုပ္ပိတာ၊ ကောင်းစွာ ပွင့်ထသော။ သဗ္ဗကာလိကာ၊ ဆယ်နှစ်ရာသီ အညီမလပ် မပြတ်ပွင့်ထသော။ ရမ္မာ၊ နှလုံးမွေ့လျော်ဖွယ် ရှိထသော။ အယံ အသောက ဝနိကာ၊ ဤပန်းသုဉ်းတော ဥယျာဉ်တော်

www.dhammadownload.com

မြေအရပ်သည်။ အဿ၊ ထို ငါတို့သခင် အရှင်သုတသောမ မင်းမြတ်၏။ အသော်က ဝနိကာ၊ ပန်းသုဉ်းတော ဥယျာဉ်တော် မြေအရပ်တည်း။ ယဟိ် အကြင် ပန်းသုဉ်းတော ဥယျာဉ်တော် မြေအရပ်၌။ ရာဇာ၊ ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဣတ္ထာဂါရေဟိ၊ မိဖုရား အပေါင်း မောင်းမ ကိုယ်လုပ်တော်တို့ဖြင့်။ ပရိကိဏ္ဏော၌၊ ဝန်းပတ်ခြံရံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

၂၃၃။ သုပုပ္ပိတာ၊ ကောင်းစွာ ပွင့်ထသော။ သဗ္ဗကာလိကာ၊ ဆယ့်နှစ်ရာသီ အညီမလပ် မပြတ်ပွင့်ထသော။ ရမ္မာ၊ နှလုံးမွေ့လျော်ဖွယ် ရှိထသော။ အယံ အသောကဝနိကာ၊ ဤပန်းသုဉ်းတော ဥယျာဉ်တော် မြေအရပ်သည်။ အဿ၊ ထို ငါတို့သခင် အရှင်သုတသောမ မင်းမြတ်၏။ အသောကဝနိကာ၊ ပန်းသုဉ်းတော ဥယျာဉ်တော် မြေအရပ်တည်း။ ယဟိ်၊ အကြင် ပန်းသုဉ်းတော ဥယျာဉ်တော် မြေအရပ်၌။ ရာဇာ၊ ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဉာတိသံဃေန၊ ဆွေတော်မျိုးတော် အပေါင်းဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

၂၃၄။ သုပုပ္ပိတံ၊ ကောင်းစွာပွင့်ထသော။ သဗ္ဗကာလိကံ၊ ဆယ့်နှစ်ရာသီ အညီမလပ် မပြတ်ပွင့်ထသော၊ ရမ္မံ၊ နှလုံးမွေ့လျော်ဖွယ် ရှိထသော။ ဣဒံ ဥယျာနံ၊ ဤ ဥယျာဉ်တော်သည်။ အဿ၊ ထို ငါတို့သခင် အရှင်သုတသောမမင်းမြတ်၏။ ဥယျာနံ၊ ဥယျဉ်တော်တည်း။ ယဟိ်၊ အကြင် ဥယျာဉ်တော်၌။ ရာဇာ၊ ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဣဒံ ဥယျာနံ၊ ဤ ဥယျဉ်တော်တည်း။ ယဟိ်၊ အကြင် ဥယျာဉ်တော်၌။ ရာဇာ၊ ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဣတ္ထာဂါရေဟိ၊ မိဖုရားအပေါင်း မောင်းမ ကိုယ်လုပ်တော်တို့ဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

၂၃၅။ သုပုပ္ပိတံ၊ ကောင်းစွာ ပွင့်ထသော။ သဗ္ဗကာလိကံ၊ ဆယ့်နှစ်ရာသီ အညီမလပ် မပြတ်သီးပွင့်ထသော။ ရမ္မံ၊ နှလုံးမွေ့လျော်ဖွယ် ရှိထသော။ ဣဒံ ဥယျာနံ၊ ဤ ဥယျာဉ်တော်သည်။ အဿ၊ ထို ငါတို့သခင် အရှင် သုတသောမ မင်းမြတ်၏။ ဥယျာနံ၊ ဥယျာဉ်တော်တည်း။ ယဟိ်၊ အကြင် ဥယျာဉ်တော်၌။ ရာဇာ၊ ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဣတ္ထာဂါရေဟိ၊ မိဖုရားအပေါင်း မောင်းမ ကိုယ်လုပ်တော်တို့ဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

၂၃၆။ သုပုပ္ပိတံ၊ ကောင်းစွာ ပွင့်ထသော။ သဗ္ဗကာလိကံ၊ ဆယ့်နှစ်ရာသီ အညီမလပ် မပြတ်သီးပွင့်ထသော၊ ရမ္မံ၊ နှလုံးမွေ့လျော်ဖွယ် ရှိထသော။ ဣဒံ ဥယျာနံ၊ ဤ ဥယျာဉ်တော်သည်။ အဿ၊ ထို ငါတို့သခင် အရှင် သုတသောမ မင်းမြတ်၏။ ဥယျာနံ၊ ဥယျာဉ်တော်တည်း။ ယဟိ်၊ အကြင် ဥယျာဉ်တော်၌။ ရာဇာ၊ ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဣတ္ထာဂါရေဟိ၊ မိဖုရားအပေါင်း မောင်းမ ကိုယ်လုပ်တော်တို့ဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

၂၃၇။ သုပုပ္ပိတံ၊ ကောင်းစွာ ပွင့်ထသော။ သဗ္ဗကာလိကံ၊ ဆယ့်နှစ်ရာသီ အညီမလပ် မပြတ်သီးပွင့်ထသော။ ရမ္မံ၊ နှလုံးမွေ့လျော်ဖွယ် ရှိထသော။ ဣဒံ ဥယျာနံ၊ ဤ ဥယျာဉ်တော်သည်။ အဿ၊ ထို ငါတို့သခင် အရှင် သုတသောမ မင်းမြတ်၏။ ဥယျာနံ၊ ဥယျာဉ်တော်တည်း။ ယဟိ်၊ အကြင် ဥယျာဉ်တော်၌။ ရာဇာ၊ ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဉာတိသံဃေန၊ ဆွေတော် မျိုးတော်

www.dhammadownload.com

အပေါင်းဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရုံ ညီလာခံလျက်။ အနုဝိစရိ။ စံတော်မူလှလေပြီ။

၂၃၆။ သူပုပ္ပိတံ၊ ကောင်းစွာ ပွင့်ထသော။ သဗ္ဗကာလိကံ၊ အစဉ်မပြတ် သီးပွင့်ထသော။ ရှမ်မံ၊ နှလုံးမွေ့လျော် ပျော်ဖွယ် ရှိထ၏သာ။ ဣဒံ ကဏိကာရဝနံ၊ ဤ မဟာလှေကား ပန်းတော၏သည်။ အာသ၊ ထို ငါတို့သခင် အရှင် သုတ၏သာမ မင်းမြတ်၏။ ကဏိကာရဝနံ၊ မဟာလှေကား ပန်းတောတည်း။ ယဟိံ၊ အကြင် မဟာလှေကား ပန်းတော၌။ ရာဇာ၊ ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဣတ္ထာဂါရေဟိ၊ မိဖုရားအပေါင်း မောင်းမ ကိုယ်လုပ်တော်တို့ဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရုံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

၂၃၇။ သူပုပ္ပိတံ၊ ကောင်းစွာ ပွင့်ထသော။ သဗ္ဗကာလိကံ၊ အစဉ်မပြတ် သီးပွင့်ထသော။ ရှမ်မံ၊ နှလုံးမွေ့လျော်ဖွယ် ရှိထသော။ ဣဒံ ကဏိကာရဝနံ၊ ဤ မဟာလှေကား ပန်းတော၏သည်။ အာသ၊ ထို ငါတို့သခင် အရှင် သုတသောမ မင်းမြတ်၏။ ကဏိကာရဝနံ၊ မဟာလှေကား ပန်းတောတည်း။ ယဟိံ၊ အကြင် မဟာလှေကား ပန်းတော၌။ ရာဇာ၊ ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဣတ္ထာဂါရေဟိ၊ မိဖုရားအပေါင်း မောင်းမ ကိုယ်လုပ်တော်တို့ဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရုံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

၂၃၈။ သူပုပ္ပိတံ၊ ကောင်းစွာ ပွင့်ထသော။ သဗ္ဗကာလိကံ၊ အစဉ်မပြတ် သီးပွင့်ထသော။ ရှမ်မံ၊ နှလုံးမွေ့လျော်ဖွယ် ရှိထသော။ ဣဒံ ပါဠလိဝနံ၊ ဤ သခွတ်တော၏သည်။ အာသ၊ ထို ငါတို့သခင် အရှင် သုတသောမ မင်းမြတ်၏။ ပါဠလိဝနံ၊ သခွတ်တော၏တည်း။ ယဟိံ၊ အကြင် သခွတ်တော၌။ ရာဇာ၊ ငါတို့ သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဣတ္ထာဂါရေဟိ၊ မိဖုရားအပေါင်း မောင်းမ ကိုယ်လုပ်တော်တို့ဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရုံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

၂၃၉။ သူပုပ္ပိတံ၊ ကောင်းစွာ ပွင့်ထသော။ သဗ္ဗကာလိကံ၊ အစဉ်မပြတ် သီးပွင့်ထသော။ ရှမ်မံ၊ နှလုံးမွေ့လျော်ဖွယ် ရှိထသော။ ဣဒံ

www.dhammadownload.com

ပါဠိလိဝနံ၊ ဤ သဒ္ဒတ်တောသည်။ အာသ၊ ထို ငါတို့သခင် အရှင် သုတသောမ မင်းမြတ်၏။ ပါဠိလိဝနံ၊ သဒ္ဒတ်တောတည်း။ ယဟိံ၊ အကြင် သဒ္ဒတ်တော၌။ ရာဇာ၊ ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဉာတိသံဃေန၊ ဆွေတော် မျိုးတော် အပေါင်းဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

၂၄၀။ သုပုပ္ပိတံ၊ ကောင်းစွာပွင့်ထသော။ သဗ္ဗကာလိကံ၊ အစဉ်မပြတ် သီးပွင့်ထသော။ ရမ္မံ၊ နှလုံးမွေ့လျော်ဖွယ်ရှိထသော။ ဣဒံ အမ္မဝနံ၊ ဤ သရက်တောသည်။ အာသ၊ ထို ငါတို့သခင် အရှင် သုတသောမ မင်းမြတ်၏ အမ္မဝနံ၊ သရက်တောတည်း။ ယဟိံ၊ အကြင် သရက်တော၌။ ရာဇာ၊ ငါတို့ သခင် အရှင် သုတသောမ မင်းမြတ်သည်။ ကုတ္ထာဂါရေဟိ၊ မိဖုရားအပေါင်း မောင်းမ ကိုယ်လုပ်တော်တို့ဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

၂၄၁။ သုပုပ္ပိတံ၊ ကောင်းစွာ ပွင့်ထသော။ ကဗ္ဗကာလိကံ၊ အစဉ်မပြတ် သီးပွင့်ထသော။ ရမ္မံ၊ နှလုံးမွေ့လျော်ဖွယ်ရှိထသော။ ဣဒံအမ္မဝနံ၊ ဤ သရက်တောသည်။ အာသ၊ ထို ငါတို့သခင် အရှင် သုတသောမ မင်းမြတ်၏။ အမ္မဝနံ၊ သရက်တောတည်း။ ယဟိံ၊ အကြင် သရက်တော၌။ ရာဇာ၊ ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဉာတိသံဃေန၊ ဆွေတော် မျိုးတော် အပေါင်းဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

၂၄၂။ သဉ္ဇနော၊ အထူးထူးသော ရေပန်း ကြည်းပန်းတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းထသော။ အဏ္ဏဇေဟိ၊ ငှက်အပေါင်း တို့ဖြင့်။ ဝိကိဏ္ဏော၊ ပြည့်ထသော။ အယံ ပေါက္ခရဏီ၊ ဤ မင်္ဂလာ ရေကန်တော်သည်။ အာသ၊ ထို ငါတို့သခင် အရှင် သုတသောမ မင်းမြတ်၏။ ပေါက္ခရဏီ၊ မင်္ဂလာ ရေကန်တော်တည်း။ ယဟိံ အကြင် မင်္ဂလာ ရေကန်တော်၌။ ရာဇာ၊ ငါတို့သခင် အရှင် သုဘဒ္ဒသောမ မင်းမြတ်သည်။ ကုတ္ထာဂါရေဟိ၊ မိဖုရားအပေါင်း မောင်းမ ကိုယ်လုပ်တော်တို့ဖြင့်။ ပရိကိဏ္ဏော၊ ဝန်းပတ်ခြံရံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

၂၄၃။ သဉ္ဇနော၊ အထူးထူးသော ရေပန်း ကြည်းပန်းတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်းအပ်ထဒသော။ အဏ္ဏဇေဟိ၊ ငှက်အပေါင်းတို့ဖြင့်။

www.dhammadownload.com

ဝိကိုဏ္ဍာ၊ ပြည့်ထသော။ အယံ ပေါက္ခရဏီ၊ ဤ မင်္ဂလာ ရေကန်တော် သည်။ အဿ၊ ထို ငါတို့သခင် အရှင် သုတသောမ မင်းမြတ်၏။ ပေါက္ခရဏီ၊ မင်္ဂလာ ရေကန်တော်တည်း။ ယဟိံ၊ အကြင် မင်္ဂလာ ရေကန် တော်၌။ ရာဇာ၊ ငါတို့သခင် အရှင် သုတသောမ မင်းမြတ်သည်။ ဉာတိသံဃေန၊ ဆွေတော် မျိုးတော် အပေါင်းတို့ဖြင့်။ ပရိကိုဏ္ဍော၊ ဝန်းပတ်ခြံရံ ညီလာခံလျက်။ အနုဝိစရိ၊ စံတော်မူလှလေပြီ။

ဤသို့လျှင် ထိုထို အရပ်တို့၌ ငိုကြွေးပြီးလျှင် လူအများသည် တစ်ဖန် မင်း၏ ညီလာခံတော်မူရာ အပြင်သို့ လာလတ်၍ ငိုကြွေးမြည်တမ်း လိုရကား—

၂၄၄။ ရာဇာ ဝေါ ခေါ ပဗ္ဗဇိတော၊
သုတသောမော ရဇ္ဇံ ဤမံ ပဟာန္တွာန။
ကာသာယဝတ္ထဝသနော၊ နာဂေါဝ ကေကော စရတိ—
ဟူသော ဤဂါထာကို ဆို၏။

၂၄၄။ ဝေါ၊ သင်တို့၏။ သုတသောမော၊ သုတသောမ အမည်ရှိ သော။ ရာဇာ၊ အရှင်မင်းမြတ်သည်။ ဤမံ ရဇ္ဇံ၊ ဤ မင်းအဖြစ်ကို။ ပဟာန္တွာန၊ စွန့်တော်မူ၍၊ ကာသာယဝတ္ထဝသနော၊ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက်။ ပဗ္ဗဇိတော၊ ရဟန်းပြုတော်မူ၍။ နာဂေါဝ၊ ဆင်ပြောင်ကြီးကဲ့သို့။ ကေကော၊ ကိုယ်တော် တစ်ပါးတည်း။ စရတိ၊ ကြွသွားတော်မူ၏။

လူအများ ရဟန်းပြုကြခြင်း

ဤဂါထာဖြင့် ငိုမြည်တမ်းပြီးလျှင် မိမိတို့ အိမ်၌ စည်းစိမ် ဥစ္စာကို စွန့်ခဲ့သဖြင့် သားသမီးတော်ကို လက်ဆဲ့၍ အိမ်မှ ထွက်သဖြင့် ဘုရားအလောင်း အထံသို့လျှင် သွားကြလေ၏။ မယ်တော် ခမည်းတော် တို့သည် လဲည်း ကောင်း၊ သားတော် သမီးတော် ကိုယ်လုပ်တော် မေ့ာင်းမ တို့သည် လည်းကောင်း။ တစ်သောင်း ခြောက်ထောင်ကုန်သော ကချေသည် မိန်းမ တို့သည် လည်းကောင်း ထို့အတူလျှင် သွားကြကုန်၏။ ထို့ကြောင့် မြို့အလုံးသည် အချည်းနှီးကဲ့သို့ ဖြစ်၏။ ဇနပုဒ်၌နေသော သူတို့သည်လည်း မြို့သူတို့ နောက်မှ နောက်မှ သွားကြကုန်၏။ ဘုရားလောင်းသည် တစ်ဆယ့် နှစ်ယူဇနာရှိသော ပရိသတ်ကို ယူ၍ ဟိမဝန္တာသို့ ရှေးရှု သွားတော်မူ၏။ ထိုအခါ ဘုရားအလောင်း တောထွက်တော်မူခြင်းကို သိ၍ သိကြားမင်း

www.dhammadownload.com

သည် ဝိသုကြံ့ နတ်သားကို ခေါ်၍ "အမောင် ဝိသုကြံ့ နတ်သား.... သုတသောမ မင်းမြတ်သည် တောထွက်တော်မူလေပြီ၊ နေရာ အရပ်ကို ရခြင်းငှာ သင့်၏။ အစည်းအဝေးသည် များလတ္တံ့၊ သွားချေ၊ ဟိမဝန္တာ အရပ်၌ ဂင်္ဂါနားဝယ် အလျားသုံးဆယ့်ခြောက်ယူဇနာ အနံတစ်ဆယ့်ငါး ယူဇနာရှိသော ကျောင်းသစ်မ်းကို ဖန်ဆင်းချေလော့" ဟု စေလိုက်၏။

ထို ဝိသုကြံ့နတ်သားသည် သိကြားမင်း မိန့်ဆိုတိုင်းပြု၍ ကျောင်းတွင်း၌ ရသေ့ ရဟန်းတို့၏ ပရိက္ခရာတို့ကို စီရင်ပြီးလျှင် တစ်ဖဝါး လှမ်းလောက်ရှံသော လမ်းကို သွယ်ခဲ့၍ နတ်ပြည်သို့လျှင် သွားလေ၏။ ဘုရားလောင်းသည် ထို လမ်းဖြင့် သွားလေ၍ ထိုကျောင်းတွင်းသို့ ဝင်ပြီးလျှင် ရှေးဦးစွာ မိမိသည် ရဟန်းပြု၍ နောက်မှ ကြွင်းကုန်သော သူတို့ကို ရဟန်းပြုစေ၏။ နောက်၌ များစွာသော သူတို့သည် ရဟန်းပြုကုန်၏။ သုံးဆယ့်ခြောက်ယူဇနာရှိသော အရပ်သည် ပြည့်၏။ ဝိသုကြံ့ နတ်သား ကျောင်းသစ်မ်းကို ဖန်ဆင်းသော နည်းကို လည်းကောင်း၊ များစွာသော သူတို့ ရဟန်းပြုသော နည်းကို လည်းကောင်း၊ ဘုရားလောင်း ကျောင်း၌ စီရင်သော နည်းကို လည်းကောင်း ဟတ္ထိပါလဇာတ်၌ လာသော နည်းဖြင့် လျှင် သိအပ်၏။ ဘုရားလောင်းသည် ထိုကျောင်း၌ အကြင် အကြင် ရသေ့ ရဟန်းအားလျှင် ကာမဝိတက် အစရှိသော မိစ္ဆာဝိတက်သည် မဖြစ်၏။ ထိုထို ရသေ့ ရဟန်းတို့ အထံသို့ ကောင်းကင်ခရီးဖြင့် ကပ်တော်မူ၍ ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက် အဆုံးအမ ပေးတော်မူလိုရကား—

၂၄၅။ မာဿု ပုဗ္ဗေ ရတိ ကီဋ္ဌိတာနိ၊ ဟသိတာနိ စ အနုဿရိတ္ထ။
မာ ဝေါ ကာမာ ဟနိံသု၊ ရမ္မဥ္စိ သုဒဿနံ နဂရံ။

၂၄၆။ မေတ္တာစိတ္တာ္ဇ ဘာဝေထ၊ အပ္ပမာဏံ ဒိဝါ စ ရတ္တာ စ။
အဂစ္ဆိတ္ထ ဒေဝပုရံ၊ အာဝါသံ ပုညကမ္မိနံ—

ဟူသော ဤဂါထာ နှစ်ခုတို့၏ အပေါင်းကို ဟောတော်မူ၏။

၂၄၅။ ဘောန္တော သဇ္ဇုနာ၊ အို....သူတော်ကောင်းအပေါင်းတို့။ တုမှေ၊ သင်တို့သည်။ ပုဗ္ဗေ၊ ရှေးကာလ၌။ ရတိ ကီဋ္ဌိတာနိ စ၊ ကာမ၌ မွေ့လျော်ခြင်းဖြင့် လည်းကောင်း, ကိုယ်နှုတ်တို့ဖြင့် ရွှင်မြူးခြင်း၏ အစွမ်းအားဖြင့် လည်းကောင်း, ဖြစ်ဖူးကုန်သော မွေ့လျော်ခြင်းတို့ကို လည်းကောင်း။ ဟသိတာနိစ၊ ပျော်ရွှင်ခြင်းတို့ကို လည်းကောင်း။ မာအနုဿရိတ္ထ၊ မအောက်မေ့ကြကုန်လင့်။ ဝေါ၊ သင်တို့အား။ ကာမာ၊ ကာမတို့သည်။ မာဟနိံသု၊ မညှဉ်းဆဲစေကုန်လင့်။ သုဒဿနံ၊ သုဒဿန

www.dhammadownload.com

အမည်ရှိသော။ ရမ္မဥ္ဇိရမ်ံဝေ၊ နှလုံးမွေ့လျော်ဖွယ် ရှိသည်သာလျှင် ဖြစ်သော။ နဂရံ၊ နေပြည်တော်ကို။ မာ အနုဿရိတ္ထ၊ မအောက်မေ့ကြကုန်လင့်။

၂၄၆။ ဘောန္တော သဇ္ဇနာ၊ အို....သူတော်ကောင်းအပေါင်းတို့။ တုမှေ၊ သင်တို့သည်။ ဒိဝါစ၊ နေ့၌ လည်းကောင်း။ ရတ္တောစ၊ ည၌၌ လည်းကောင်း။ အပ္ပမာဏံ၊ အတိုင်းအရှည် မရှိသော။ မေတ္တစိတ္တဉ္စ၊ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာနှင့် ယှဉ်သော စိတ်ကိုလည်း။ ဘာဝေထ၊ ပွားစေကုန်လော့။ အထ၊ ထိုသို့ ပွားစေကုန်သည်ရှိသော်။ တုမှေ၊ သင်တို့သည်။ ပုညကမ္မိနံ၊ ဘုန်းကံရှိကုန်သော သူတို့၏။ အာဝါသံ၊ နေရာဖြစ်သော။ ဒေဝပူရံ၊ ဗြဟ္မာ့ပြည်သို့။ အဂစ္ဆိတ္ထ၊ ရောက်ကြကုန်လတ္တံ့။

ထို ရသေ့အပေါင်းသည်လည်း ဘုရားအလောင်း၏ အဆုံးအမ၌ တည်၍ ဗြဟ္မာ့ပြည်သို့ လား၏။ ဤသို့အစရှိသော အလုံးစုံသော စကား ကို ဟတ္ထိပါလဇာတ်၌ လာသော နည်းဖြင့်သာလျှင် သိအပ်၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့....ယခုအခါသာလျှင် မြတ်သော တောထွက်ခြင်းဖြင့် တောထွက်တော်မူသည် မဟုတ်သေး၊ ရှေးဦးလည်း မြတ်သော တောထွက်ခြင်းကို တောထွက်တော် မူဖူးသည်သာလျှင်တည်း" ဟု မိန့်တော်မူ၍ "ရဟန်းတို့....ယခုအခါ မြတ်သော သာကီဝင်မင်းမျိုး ဖြစ်ကုန်သော သိရိမဟာမာယာ, သုဒ္ဓါဒန မင်းကြီးတို့သည် ထိုအခါ မယ်တော်, ခမည်းတော်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ရာဟုလမယ်တော်သည် ထိုအခါ စန္ဒာဒေဝီမိဖုရားကြီး ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတြာသည် ထိုအခါ သားတော်အကြီး ဖြစ်ဖူးပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ သားတော်အငယ် ဖြစ်ဖူးပြီ၊ ယခုအခါ ခုဇ္ဇုတ္တရာသည် ထိုအခါ အထိန်းတော်မ ဖြစ်ဖူးပြီ၊ ယခုအခါ ကဿပသည် ထိုအခါ ကုလဝဏ္ဏသူဌေးကြီး ဖြစ်ဖူးပြီ၊ ယခုအခါ မောဂ္ဂလာန်သည် ထိုအခါ စစ်သူကြီး ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ညီတော်သောမဒတ်မင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သုတသောမမင်းမြတ် ဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဆံတစ်ပင်ဖြူ၊ သံဝေယ္ယ၊ သူတော်ကောင်းများ၊ တောထွက်သုံး။

ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော စူဠသုတသောမဇာတ် ပြီး၏။



F21(၅၅၀-၀၉၆)

www.dhammadownload.com

နိဒါန်း

ဘုန်းတော် အလှန်တရာ ကြီးမြတ်တော်မူလှသော ဆင်ဖြူများအရှင် ဘဝရှင် တရားမင်းမြတ်၏ သားတော်အကြီး မဟာဥပရာဇ်သည် အလှန်တရာ ခဲယဉ်းစွာသော ရခိုင်ပြည်ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ စီးပွားချမ်းသာ အကျိုးငှာ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရား၏ အရှေ့မျက်နှာ အရပ်၌ မဟာဥပရာဇ်မယ်တော် အရှင်မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျောင်း ကျောင်းတော်နေ ညောင်ကန်ဆရာတော်သည် မြန်မာပြန်ဆိုအပ်သော ဧတ္တာလီသနိပါတ် ဇာတ်ဝတ္ထုသည် ဤမျှသော သဒ္ဒါ၏ အစဉ် အနက်၏ အစဉ်အားဖြင့် အပြီးသို့ရောက်၏။

ဧတ္တာဝတာ-

မင်္ဂလာဘူမိ ကိတ္တိချေ၊ ဝသတာ မန္ဒိရေ ရမေ။
ဂုရုနာ မြမွာဘာသာယ၊ စတ္တာဂန္ဆော ဂတော နိဋ္ဌံ။

ဧတ္တာဝတာ၊ ဤမျှသော စကားအစဉ်အားဖြင့်။ ရမေ၊ မွေ့လျော်ဖွယ်ရှိသော မင်္ဂလာဘူမိ ကိတ္တိချေ၊ မင်္ဂလာဘုံကျောင် အမည်ရှိသော။ မန္ဒိရေ၊ အမရပူရမြို့တော်တည် ဆင်ဖြူများရှင် ဘဝရှင် တရားမင်းမြတ်၏ မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော ကျောင်းတော်၌။ ဝသတာ၊ သီတင်းသုံးနေသော။ ဂုရုနာ၊ ဆရာတော်သည်။ မြမွာဘာသာယ၊ မြန်မာတိုင်းသူတို့၏ အဆိုအမိန့်ဖြင့်။ စတ္တာဂန္ဆော၊ ဆိုအပ်သော ဇာတ်ပေါင်းတစ်ဆယ်တို့ဖြင့် တန်ဆာဆင်အပ်သော စတ္တာလီသ နိပါတ်ကျမ်းသည်။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဂတော၊ ရောက်၏။

စတ္တာလီသနိပါတ် ဇာတ်ဝတ္ထုသည် ဤတွင်ပြီးပြီ။

www.dhammadownload.com

ငါးရောင်းဆယ်ကောက်ဝတ္ထု

ပဏ္ဏာသ နိပါတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁-နိလိနိကာဇာဟ်

ကာမရမ္မက်ကြောင့် အကျင့်သီလ ပျက်စီးရခြင်း

ဟောတော်မူရာဌာန နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် 'ဥဒုယ္ပတေ ဇနပဒေါ' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤနိလိနိကာ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မယားဟောင်း ဖြားယောင်းသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု ဟောတော်မူဒသော သဗ္ဗညုမြတ်စွာဘုရားသည် လည်း ထိုရဟန်းကို "ရဟန်း....သင့်ကို အဘယ်သူသည် ငြီးငွေ့စေအပ်သနည်း" ဟု မေးတော်မူ၍ "အရှင်ဘုရား....မယားဟောင်းသည် ငြီးငွေ့စေအပ်၏" ဟု နားတော် လျှောက်သည်ရှိသော် "ရဟန်း....ယခုအခါ၌ သာလျှင် ဤမိန်းမသည် သင်၏အကျိုးမဲ့ကို ပြုတတ်သည် မဟုတ်သေး၊ ရှေး၌လည်း သင်၏အကျိုးမဲ့ကို ပြုဖူးသည်သာလျှင်တည်း၊ ထိုမိန်းမကို မှီ၍ စျာန်မှ ရှေ့လျှောသည်၏ အဖြစ်ဖြင့် ကြီးစွာသော ပျက်စီးခြင်းသို့ သင် ရောက်ဖူးပြီ" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်း လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကျေဝစော ထင်ရှားသော ပုဏ္ဏား သူကြွယ်မျိုး၌ဖြစ်၍ အရွယ်သို့ရောက်သဖြင့် အတတ် သင်ပြီးလျှင် ရသေ့ ရဟန်းအဖြစ်သို့ ကပ်လေ၍ စျာန် အဘိညာဉ်တို့ကို ဖြစ်စေလျက် ဟိမဝန္တာအရပ်၌ နေ၏။

www.dhammadownload.com

ဣသိသိဂ် ရှင်ရသေ့

အလမ္ဘုသာဇာတ်၌ ဆိုအပ်ပြီးသော နည်းဖြင့်လျှင် ထို ဘုရားလောင်း ရှင်ရသေ့ကိုစဲ့၍ သမင်မတစ်ခုသည် ကိုယ်ဝန်ရ၍ သူငယ်ကို ဖွားး၏။ ထိုသူငယ်အား "ဣသိသိဂ်" ဟူသော အမည်သည်လျှင် ဖြစ်၏။ ထို့နောင်မှ အရွယ်သို့ရောက်သော ထိုဣသိသိဂ်ကို ခမည်းတော်ရှင်ရသေ့ ကြီးသည် ရသေ့ရဟန်းပြုပြီးလျှင် ကသိုဏ်းပရိကံကို ပွားပြီး သင်စေ၏။ ထိုဣသိသိဂ် ရသေ့ငယ်သည် မကြာမြင့်မီလျှင် စျာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ စျာန်ချမ်းသာဖြင့် ကစားရှင်မြူး၏။ ထိုဣသိသိဂ် ရသေ့ငယ်သည် ပြင်းထန်သော အကျင့်ရှိ၏။ ချုပ်တည်း စောင့်စည်းသော ဣန္ဒြေရှိ၏။

သိကြားမင်း လန့်ခြင်း

ထိုဣသိသိဂ် ရသေ့ငယ်၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်၏။ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထို အကြောင်းကို သိ၍ "ထိုရသေ့၏သီလကို ဥပါယ်တံမျဉ်ဖြင့် ဖျက်ဆီးအံ့" ဟု ကြံ၍ သုံးနှစ်တို့ပတ်လုံး ကာသိတိုင်းအလုံး၌ မိုးမရွာခြင်းကိုဖြစ်စေ၏။ ကာသိတိုင်းအလုံးသည် မီးလောင်သကဲ့သို့ ဖြစ်၏။ ကောက်သည် မပြည့်စုံသည်ရှိသော် ငတ်မွတ်ခြင်း နှိပ်စက်ရကား လူတို့သည် စည်းဝေးကုန်၍ မင်းရင်ပြင်၌ ကြွေးကြော်ကုန်၏။

ထိုအခါ လူတို့ကို ဗြဟ္မဒတ်မင်းသည် လေသာနန်း တံခါးဝ၌ ရပ်လျက် "ထိုကြွေးကြော်ခြင်းသည် အကြောင်း အသို့နည်း" ဟု မေးတော်မူ၏။ "မြတ်သောမင်းကြီး.... သုံးနှစ်ပတ်လုံး မိုးမရွာသည်၏အဖြစ်ကြောင့် အလုံးစုံသော တိုင်းပြည်သည် ပူလောင်၏၊ လူတို့သည် ငတ်မွတ်ကုန်၏၊ အရှင်မင်းကြီး....မိုးကို ရွာစေတော်မူလော့" ဟု တင်လျှောက် ကုန်သော ကြောင့် ဗြဟ္မဒတ်မင်းသည် ငါးပါးသောသီလကို ဆောက်ဘည်၍ ဥပုသ်သုံးပါဒြားသော်လည်း မိုးကို ရွာစိမ့်သောငှာ မတတ်နိုင်။ ထိုကာလ၌ သိကြားမင်းသည် သန်းခေါင်ယံအခါဝယ် ထိုဗြဟ္မဒတ်မင်း၏ အာသရေရှိသော တိုက်ခန်းသို့ ဝင်ပြီးလျှင် တစ်ပြိုက်နက်သော အလင်းကိုပြု၍ ကောင်းကင်ပြင်၌ တည်၏။ ဗြဟ္မဒတ်မင်းသည် ထိုသိကြားမင်းကို မြင်၍ "သင်ကား အဘယ်သူနည်း" ဟု မေး၏။ "ငါ့ကား သိကြားနတ်မင်း

www.dhammadownload.com

တည်း'' ဟု ပြောဆိုလတ်သော် ''အဘယ် အကြောင်းကြောင့် လာသနည်း'' ဟု မေး၏။ ''မြတ်သောမင်းကြီး....သင်မင်းကြီး၏ တိုင်းနိုင်ငံတော်၌ သုံးနှစ်ပတ်လုံး မိုးရွာပါ၏လော'' ဟု သိကြားမင်း ဆိုလတ်သော် ''မရွာ'' ဟု ဖြဟ္မဒတ်မင်း ဆို၏။ ''သင်မင်းကြီးသည် မိုးမရွာခြင်း၏ အကြောင်းကို သိ၏လော'' ဟု သိကြားမင်း မေးသည်ရှိသော် ''သိကြားနတ်မင်း....မသိပါ'' ဟု ဆို၏။

မင်းသမီးကို ဖျက်ဆီးခြင်း

''မြတ်သောမင်းကြီး....ဤဟိမဝန္တာအရပ်၌ ဤသိသိဂ်အမည်ရှိသော ရသေ့ငယ်သည် နေ၏၊ ထို ဤသိသိဂ် ရသေ့ငယ်သည် ပြင်းထန်သော အကျင့် ရှိ၏၊ ချုပ်တည်း စောင့်စည်းသောဤနေ့ ရှိ၏၊ ထို ဤသိသိဂ် ရသေ့ငယ်သည် မပြတ်လျှင် မိုးရွာသည်ရှိသော် အမျက်ထွက်၍ ကောင်းကင်ကို ကြည့်၏၊ ထို့ကြောင့် မိုးမရွာ'' ဟု သိကြားမင်းဆိုလတ်သော် ''ယခုအခါ ထို ဤသိသိဂ် ရသေ့ငယ်အား အသို့ပြုအပ်သနည်း'' ဟု မေး၏။ ''ထို ဤသိသိဂ် ရသေ့ငယ်၏သီလကို ဖျက်ဆီးသည်ရှိသော် မိုးရွာလတ္တံ့'' ဟု သိကြားမင်း ပြောဆိုလတ်သော် ''ထို ဤသိသိဂ် ရသေ့၏ သီလကို ဖျက်ဆီးအံ့သောငှာ အဘယ်သူသည် စွမ်းနိုင်ပါမည်နည်း'' ဟု မေး၏။ ''မြတ်သောမင်းကြီး....သင် မင်းကြီး၏သမီးဘော် နိလိနိကာသည် စွမ်းနိုင်၏၊ ထို နိလိနိကာကို ခေါ်စေတော်မူ၍ ဤမည်သော အရှပ်သို့သွား၍ ဤသိသိဂ်ရသေ့ငယ်၏ သီလကိုဖျက်ဆီးခဲ့ဟု စေတော်မူလော့'' ဟု ဖြဟ္မဒတ်မင်းကို ဆုံးမခဲ့ပြီးလျှင် မိမိနေရာ တာဝတိံသာ နတ်ရွာသို့လျှင် သွားလေ၏။ ဖြဟ္မဒတ်မင်းသည် နက်ဖြန်နေ့၌ မှူးမတ်ဘော်တို့နှင့်တကွ တိုင်ပင်ပြီးလျှင် သမီးတော် နိလိနိကာကို ခေါ်စေ၍ စေတော်မူလိုရကား—

၁။ ဥဒ္ဓယ္ဘတေ ဇနပဒေါ၊ ရဋ္ဌဥ္စာပိ ဝိနဿတိ။
ဟေဘိ နိလိနိကေ ဂစ္ဆ၊ တံ မေ ဖြာဟ္မဏမာနယ—

ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

၁။ နိလိနိကေ၊ ရှင်မနိလိနိကာ။ ဟေဘိ၊ လာလှည့်။ ဇနပဒေါ၊ ဇနပုဒ်သည်။ ဥဒ္ဓယ္ဘတေ၊ ဆင်းရဲပူဒလောင်၏။ ရဋ္ဌဥ္စာပိ၊ တိုင်းနိုင်ငံတော်သည်လည်း။ ဝိနဿတိ၊ ပျက်စီး၏။ တုံ၊ သင်ရှင်မသည်။ ဂစ္ဆ၊ သွားတည့်

www.dhammadownload.com

ချေ။ မေ၊ ငါ၏။ တံခြားဟူဏံ၊ ထို အကျိုးမဲ့ကိုပြုကျင့်သော ရသေ့ငယ်ကို။ အာနယ၊ ရှင်မ အလိုသို့ ဆောင်တည့်ချေ။

ထို စကားကိုကြား၍ သမီးတော် နိလိနိကာသည် ခမည်းတော် ဖြဟ္မဒတ်မင်းအား အကြောင်းကို ပြန်လျှောက်လိုရကား—

၂။ အဟံ ဒုက္ခက္ခမာ ရာဇ၊ နာဟံ အဒ္ဓါနကောဝိဒါ။
ကထံ အဟံ ဂံမိဿာမိ၊ ဝနံ ကုဋ္ဌရသေဝိတံ—

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၂။ ရာဇ၊ ခမည်းတော်မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ နာ ဒုက္ခက္ခမာ၊ ဆင်းရဲခြင်းကို သည်းမခံနိုင်ပါ။ အဟံ၊ အကျွန်ုပ်သည်။ နာ အဒ္ဓါနကောဝိဒါ၊ လမ်းခရီး၌ မလိမ္မာပါ။ ကုဋ္ဌရသေဝိတံ၊ တောဆင်ရိုင်း၏ မှီဝဲကျက်စားရာဖြစ်သော။ ဝနံ၊ တောကြီးထဲသို့။ အဟံ၊ အကျွန်ုပ်သည်။ ကထံ ဂမိဿာမိ၊ အဘယ်သို့ သွားရပါမည်နည်း။

ထို့နောင်မှ ခမည်းတော် ဖြဟ္မဒတ်မင်းသည် သွားနိုင်အံ့သော အကြောင်းကို သမီးတော်အား ကြားလိုရကား—

၃။ ဖိတံ ဇနပဒံ ဂန္တွာ၊ ဟတ္ထိနာ စ ရထေန စ။
ဒါရုသံဃာဋ္ဋ ယာနေန၊ ဧဝံ ဂစ္ဆ နိလိနိကေ။

၄။ ဟတ္ထိ ဣဿ ရထေ ပတ္တီ၊ ဂစ္ဆေဝါဒါယ ခတ္တိယေ။
တဧဝ ဝဏ္ဏရူပေန၊ ဝသံ တမာနယိဿသိ—

ဟူသော ဤနှစ်ဂါထာကို ဆို၏။

၃။ နိလိနိကေ၊ ရှင်မနိလိနိကာ။ တုံ၊ သင်ရှင်မသည်။ ဖိတံ၊ ဝပြောသာယာ ပွင့်လင်းစေသော။ ဇနပဒံ၊ ဇနပုဒ်ကို။ ဟတ္ထိနာ စ၊ ဆင်စီးလိုလျှင်လည်း ဆင်စီး၍။ ရထေန စ၊ ရထားစီးလိုလျှင်လည်း ရထားစီး၍။ ဂန္တွာ၊ သွားပြီးမှ။ ဒါရုသံဃာဋ္ဋယာနေန၊ ရေသို့ရောက်သောအခါ လှေယာဉ်ဖြင့်။ ဂမိဿသိ၊ သွားရလတ္တံ့သည်တကား။ ဧဝံ-ယထာ ဝုတ္တန်-ယေန၊ အကြင် အကြင် ဆိုအပ်ပြီးသော နည်းဖြင့်။ ဂစ္ဆ၊ သွားတည့်ချေ။

။ပုံ-၅။ ဘုရားအလောင်းတော်သည် ဒုက္ကရစရိယာကို ပွါးများစေခြင်းငှာ ဆင်းရဲခြင်းကို ခံယူလျက် ကြွလာသော ဘုရားအလောင်းကို ဖူးမြော်ခြင်း

(ဇာတ်တော်ကြီး ၁၈-ပွဲ၊ ၅၅၅)



www.dhammadownload.com

www.dhammadownload.com

၄။ ခတ္တိယေ၊ မင်းသမီး နိုလိနိကာ။ တဝေဝ၊ သင်ရှင်မ၏သာ လျှင်။ ဝဏ္ဏရူပေန၊ အသွင်အဆင်းဖြင့်။ တံ၊ ထို ဣသိသိင်္ဂံရသေ့ငယ်ကို။ ဝသံ၊ ကိလေသာနိုင်ငံသို့။ အာနယိဿသိ၊ ဆောင်နိုင်လတ္တံ့သည်တကား။ ဟတ္ထိအဿ ရထေ စ။ ဆင်, မြင်း, ရထားတို့ကို လည်းကောင်း။ ပတ္တိစ၊ ခြေသည်သူရဲတို့ကို လည်းကောင်း။ အာဒါယ၊ ဆောင်ယူ၍။ ဂစ္ဆေဝ၊ သွားလျှင်တည့်ချလော့။

မင်းသမီး တောထဲသွားပြီ

ဤသို့လျှင် ဗြဟ္မဒတ်မင်းသည် သမီးတော် နိုလိနိကာနှင့်တကွ မဆို အပ်သောစကားကို စင်လျက်လည်း တိုင်းပြည်ကိုဖျောင်ရှောက်ခြင်းကို အမှီပြု၍ ဆိုတော်မူ၏။ ထို မင်းသမီးတော် နိုလိနိကာသည်လည်း "ကောင်းပြီ" ဟု ဝန်ခံ၏။ ထိုအခါ သမီးတော်အား အလုံးစုံသော ပေးကောင်းဖွယ်ဟူသမျှကို ပေးလိုက်၍ အမတ်တို့နှင့်တကွ လွှတ်လိုက်၏။

အမတ်တို့သည် ပစ္စန္တရစ်သို့ရောက်လျှင် ထိုပစ္စန္တရစ်ဝယ် သစ်ခက်တပ်၌ နေစေပြီးလျှင် မင်းသမီး နိုလိနိကာကို ထမ်းစေလျက် မုဆိုးကို ခရီးညွှန်ပြု၍ ဟိမဝန္တာသို့ ဝင်သဖြင့် နံနက်အခါ၌ ရသေ့၏ ကျောင်းအနီးသို့ ရောက်ကြလေကုန်၏။ ထိုခဏ၌ ဘုရားလောင်းသည် သားဘော် ရသေ့ငယ်ကို ကျောင်း၌နေစေ၍ မိမိသည် သစ်ကြီး, သစ်ငယ် ဆွတ်ယူအံ့သောငှာ တောထဲသို့ ဝင်လေ၏။ မုဆိုးသည် မိမိသည်ကား ကျောင်းတိုင်အောင် မလိုက်မူ၍ ထိုကျောင်းကို မြင်ကောင်းရာ အရပ်၌သာလျှင် ရပ်၍ မင်းသမီး နိုလိနိကာအား ထိုရှင်ရသေ့ကျောင်းကို ညွှန်ပြလိုရကား—

၅။ ကဒလိဓဇ ပညာဏော၊ အာဘုဇီ ပရိဝါရိတော။
ဧသော ပဒိဿတိ ရမ္မော၊ ဣသိသိင်္ဂဿ အဿမော။

၆။ ဧသော အဂ္ဂိဿ သခ်ါတော၊ ဧသော ဓူမော ပဒိဿတိ။
မညေ နော အဂ္ဂိံ ဟာပေတိ၊ ဣသိသိင်္ဂေါ မဟိဒ္ဓိကော—

ဟူဒသာ ဤနှစ်ဂါထာကို ဆို၏။

၅။ ခတ္တိယေ၊အရှင်မင်းသမီးတော်။ ကဒလိဓဇပညာဏော၊ ငှက်ပျော တံခွန်ဖြင့် ထင်ရှားစွာသော။ အာဘုဇီ ပရိဝါရိတော၊ ဘုဇပတ်

www.dhammadownload.com

ပင်ဖြင့် ခြံရံအပ်ထသော။ ရမ္မော၊ မေ့လျော်ဖွယ်ရှိထသော။ ဣသိသီဂ်ဿ၊ ဣသိသီဂ် ရှင်ရသေ့၏။ ဒေသော အဿမော၊ ဤကျောင်းတော်သည်။ ပဒိဿတိ၊ ထင်ရှား၏။

၆။ အဿ ဣသိသီဂ်ဿ၊ ထိုဣသိသီဂ် ရှင်ရဟန်သည်။ ဧသော အဂ္ဂိ၊ ထိုမီးကို။ သခ်ါတော၊ ညှိအပ်သည်ဖြစ်၍။ ဧသော ဓူမော၊ ထိုမီးခိုးသည်။ ပဒိဿတိ၊ တလူလူ ထင်၏။ မဟိဒ္ဓိကော၊ တန်ခိုးကြီးသော။ ဣသိသိဂ်ါ၊ ဣသိသီဂ် ရသေ့သည်။ အဂ္ဂိံ၊ မီးကို။ နော ဟာပေတိ မဒေါ၊ မယုတ်စေသည် ထင်၏။

အမတ်တို့သည်လည်း ဘုရားလောင်း ဘောသို့ ဝင်သောအခါ ကျောင်းကို ခြံရံ၍ အစောင့်အရှောက်ကို ထားပြီးလျှင် မင်းသမီး နိုလိနိကာကို ရသေ့အသွင်ကို ယူစေ၍ ရွှေအဝတ်ဖြင့် ဝတ်ရုံခြင်းကို ပြုစေ၍ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်စေပြီးလျှင် ချည်ကြိုးဖြင့် ရစ်ဖွဲ့သော ဆန်းကြယ်သော ကျင်(ဘောလုံး)ကို ကိုင်စေလျက် ကျောင်းတွင်းသို့ ဝင်စေ၍ မိမိတို့သည်ကား အပဋ္ဌိ စောင့်ရှောက်ကုန်လျက် တည်ကြကုန်၏။ ထိုမင်းသမီး နိုလိနိကာသည် ထိုကျင်ဖြင့် ကစားလျက် စကြံဦးသို့ ဝင်လေ၏။ ထိုခဏ၌ ဣသိသီဂ်ရသေ့သည် ကျောင်းတံခါးဝ,ဝယ် ကျောက်ဖျာ၌ နေ၏။

ကျောင်းတံခါး၌ ကစားနေခြင်း

ထိုဣသိသီဂ်ရသေ့သည် လာလတ်သော မင်းသမီး နိုလိနိကာကို မြင်လျှင် ကြောက်လန့်တကြား ထတည့်၍ ကျောင်းတွင်းသို့ ဝင်၍နေ၏။ ထိုမင်းသမီး နိုလိနိကာသည်လည်း ထိုဣသိသီဂ်ရသေ့ငယ် ကျောင်းတံခါးဝသို့သွား၍ ကစားသလျှင်ကတည်း။ သဗ္ဗညု မြတ်စွာဘုရား သည် ထိုအကြောင်းကိုလည်းကောင်း၊ ထိုထက်အလွန်ဖြစ်သော အကြောင်းကိုလည်းကောင်း ထင်ရှားပြတော်မူလိုရကား—

၇။ တဋ္ဌ ဒိသွာန အာယန္တိံ၊အာမုက္ကမဏိကုဏ္ဍလိံ။
ဣသိသိဂ်ါ ပါဝိသိ ဘီတော၊ အဿမံ ပဏ္ဍဆာဒနံ။

၈။ အဿမဿာ စ သာ ဒ္ဒါရေ၊ ဂေဏ္ဍုကေနဿ ကီဠတိ။
ဝိဒံသယန္တိံ အင်္ဂါနိ၊ ဂုယ္ဟံ ပကာသိတာနိ စ။

www.dhammadownload.com

၉။ တဉ္စ ဒိဿာန ကီဋ္ဌန္တိံ၊ ပဏ္ဍဲသာလဂတောဇဋ္ဌိ။
အဿမာ နိက္ခမိတ္ဝာန၊ ဣဒံ ဝစန မဗြဝိ—
ဟူသော ဤသုံးဂါထာကို ဟောတော်မူ၏။

၂။ ဘိက္ခဝေ၊ ရဟန်းတို့။ အာမုက္က မဏိကုဏ္ဍလိံ။ ပတ္တမြား နားဘောင်းဝတ်၍။အာယန္တိံ၊လာလတ်သော။တဉ္စရာဇဓိတရံ၊ ထိုမင်းသမီး နိလိနိကာကိုလျှင်။ ဒိဿာန၊ မြင်၍။ ဘိတော၊ ကြောက်လေ့ရကား။ ဣသိသိင်္ဂေါ၊ ဣသိသိင်္ဂ်ရသေ့ငယ်သည်။ ပဏ္ဍုဆာဒနံ၊ သစ်ရွက်မိုးသော။ အဿမံ၊ ကျောင်းတွင်းသို့။ ပါဝိသိ၊ ဝင်လေ၏။

၄။ ဘိက္ခဝေ၊ ရဟန်းတို့။ သာ၊ ထိုမင်းသမီး နိလိနိကာသည်။ ဂုယ္ဟဉ္စ၊ လျှို့ဝှက်အပ်သော အင်္ဂါကို လည်းကောင်း။ ပကာသိတာနိ၊ ထင်ရှားပြအပ်ကုန်သော။ အင်္ဂါနိစ၊ မျက်နှာ,ခြေ,လက် အစရှိသော အင်္ဂါတို့ကို လည်းကောင်း။ ဝိဒံသယန္တိ၊ ထင်စွာပြလျက်။ အဿ၊ ထိုဣသိသိင်္ဂ်ရှင်ရသေ့၏။ အဿမဿ၊ ကျောင်း၏။ ဒ္ဝါရေ၊ တံခါးဝ၌။ ဂေဏ္ဍုကေန၊ ဆန်းကြယ်သောကျင်ဖြင့်။ ကီဠတိ၊ ကစား၏။

၉။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍုသာလဂတော၊ ကျောင်းတွင်း၌ နေသော။ဇဋိ၊ဣသိသိင်္ဂ်ရသေ့သည်။ ကီဋ္ဌန္တိံ၊ကစားသော။ တဉ္စရာဇဓိတရံ၊ ထိုမင်းသမီး နိလိနိကာကိုလျှင် ဒိဿာန၊ မြင်လေ၍။ အဿမာ၊ ကျောင်းတွင်းမှ။ နိက္ခမိတ္ဝာန၊ ထွက်တည့်၍။ ဣဒံ ဝစနံ၊ ဤသို့သော စကားကို။ အဗြဝိ၊ ဆိုလေ၏။

ရသေ့လေး မေးပြီ

ထိုဣသိသိင်္ဂ် ရှင်ရသေ့သည် ကျောင်းတွင်း၌ရပ်၍ ကြုံသတတ်။ “ဤသူသည် အကယ်၍ ဘီလူး ဖြစ်ငြားအံ့၊ ကျောင်းတွင်းသို့ ဝင်၍တည်သော ငါ့ကို ကျွတ်ကျွတ်မြည်စေ၍ စားလေရာ၏၊ ဤသူသည် ဘီလူး မဟုတ်၊ ရသေ့ ဖြစ်လတ္တံ့”ဟု ကြုံ၏။ ကြုံပြီးလျှင် ကျောင်းတွင်းမှ ထွက်လတ်၍ ထိုမင်းသမီး နိလိနိကာကို မေးလိုရကား—

၁၀။ အမ္ဟော ကော နာမ သော ရုက္ခော၊
ယဿ တေဝံ ဂတံ ဖလံ။
ဒူရေပိ ခိတ္တံ ပစ္ဆေတိ၊ နတံ ဩဟာယ ဂစ္ဆတိ—
ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၁၀။ အမ္ဘော၊ အို ရှင်ရသေ့။ တေ၊ သင် ရှင်ရသေ့၏။ ယဿရက္ခဿ၊ အကြင်သစ်ပင်၏။ ဧဝံဂတံ၊ ဤသဘောရှိသော။ ဖလံ၊ သစ်သီးသည်။ ဒူရေ၊ အဝေးသို့။ ခိတ္တံပိ၊ ပစ်လိုက်သော်လည်း။ ပစ္စေတိ၊ ပြန်၍လာ၏။ တံ၊ သင် ရှင်ရသေ့ကို။ ဩဟာယ၊ စွန့်၍။ နဂစ္ဆတိ၊ မသွား။ သော ရုက္ခော၊ ထို သစ်ပင်သည်။ ကော နာမ၊ အဘယ်သစ်ပင် မည်သနည်း။

မင်းသမီး၏ အဖြေ

ထိုသို့မေးသောအခါ မင်းသမီး နိလိန်ကာသည် ဤသို့သိဂ်ရသေ့ အား ကြားလိုရကား-

၁၁။ အဿမဿ မမ ဖြေဟ္မေ၊ သမီပေ ဂန္ဓမာဒနေ။
ဗဟဝေါ တာဒိသာ ရုက္ခာ၊ ယဿ တေစံ ဂတိ ဖလံ။
ဒူရေပိ ခိတ္တံ ပစ္စေတိ၊ နံ မံ ဩဟာယ ဂစ္ဆတိ-
ဟူသော ဤဂါထာကို ဆို၏။

၁၁။ ဖြဟ္မေ၊ ရှင်ရသေ့။ မမ အဿမဿ၊ ငါ့ကျောင်း၏။ သမီပေ၊ အနီးဖြစ်သော။ ဂန္ဓမာဒနေ၊ ဂန္ဓမာဒနဘောင်၌။ ယဿ-ရုက္ခဿ၊ အကြင်သစ်ပင်၏။ ဧဝံဂတံ၊ ဤသို့သဘောရှိသော။ ဖလံ၊ အသီးသည်။ ဒူရေ၊ အဝေးသို့။ ခိတ္တံပိ၊ ပစ်လိုက်သော်လည်း။ ပစ္စေတိ၊ ပြန်၍လာ၏။ မံ၊ ငါ့ကို။ ဩဟာယ၊ စွန့်၍။ နဂစ္ဆတိ၊ မသွား။ တာဒိသာ၊ ထိုသို့ သဘောရှိကုန်သော။ ရုက္ခာ၊ သစ်ပင်တို့သည်။ ဗဟဝေါ၊ များစွာ ကုန်၏။

ညွှေ့ခံကျွေးမွေးခြင်း

ဤသို့လျှင် ထိုမင်းသမီး နိလိန်ကာသည် ခွတ်ယုင်းသော စကားကို ပြောဆို၏။ ဤသိဂ်ရသေ့ ငယ်သည်လည်း ယုံကြည်၍ ဤသူသည် ရသေ့ပင်တည်း ဟူသောအမှတ်ဖြင့် ပျော်ဂွာလောကဝတ်ကို ပြုလိုရကား-

၁၂။ တေ ဘဝံ အဿမိမံ အဒေတု၊
ပဋ္ဌဲ ဘက္ခဉ္စ ပဋိစ္ဆ ဒမ္မိ။

www.dhammadownload.com

ဣဒမာဿနံ အတြ ဘဝံ နိသီဒတု၊
ဣတော ဘပံ မူလဖလာနိ ဘုဉ္ဇတူ-
ဟူသော ဤဂါထာကို ဆို၏။

၁၂။ တာပသ၊ ရှင်ရသေ့၊ ဘဝံ၊ အရှင်ရသေ့သည်။ ဣမံ-အာဿမံ၊ ဤကျောင်းတွင်းသို့။ ဧတု၊ ဝင်တော်မူပါလျှည့်။ အာဟာရံ၊ ဘုန်းပေးဖွယ်သော အာဟာရကို။ အဒေတု၊ ဘုန်းပေးတော်မူပါလျှည့်။ ပဇ္ဇ၊ ခြေသုတ်ပုဆိုးကိုလည်းကောင်း။ ဘက္ခ၊ ချိုမြိန်မြတ်သော သစ်သီးကြီးငယ်ကို လည်းကောင်း။ ပဋိစ္ဆ၊ ခံတော်မူလျှည့်။ ဒမ္မိ၊ ငါပေး၏။ ဣဒံ၊ ဤသည်ကား။ အာဿနံ၊ နေရာတည်း။ အတြ၊ ဤနေရာ၌။ ဘဝံ၊ ရှင်ရသေ့သည်။ နိသီဒတု၊ နေတော်မူလော့။ ဣတော မူလဖလာနိ၊ ဤသစ်မြစ် သစ်သီးတို့ကို။ ဘဝံ၊ ရှင်ရသေ့သည်။ ဘုဉ္ဇတု၊ ဘုန်းမေးတော်မူပါလော့။

အံ့သြ၍ မေးရပြီ

ကျောင်းတွင်းသို့ဝင်၍ သစ်ပျဉ်ပြားတည်းဟူသော နေရာအထူး၌ နေသော ထိုမင်းသမီး နိလိနိကာ၏ ရှေ့ပြားစီသောအဝတ်ကို လှစ်ဖွင့်လိုက်သည်ရှိသော် ရှေ့ကိုယ်သည် မဖုံးလွှမ်းမိသည် ဖြစ်၏။ ဣသိသိင်္ဂ ရသေ့ငယ်သည် မိန်းမကိုယ်ကိုမမြင်ဘူးသည်၏ အဖြစ်ကြောင့် ထိုလျှို့ဝှက် ဖုံးလွှမ်းအပ်သောအင်္ဂါကို မြင်လေလျှင် ဤသည်ကား အနာတည်းဟူသော အမှတ်ဖြင့် နိလိနိကာကို မေးလိုရကား-

၁၃။ ကိန္နေ ဣဒံ ဥဂ္ဂုန မန္တရသ္မိံ၊
သုပိစ္ဆိတံ ကဏ္ဌရိဝပ္ပကာသတိ။
အက္ခာဟိ မေ ပုစ္ဆိတော တေမတ္ထံ၊
ကောသေ နု တေ ဥတ္တမင်္ဂံ ပဝိဋ္ဌံ-
ဟူသော ဤဂါထာကို ဆို၏။

၁၃။ တာပသ၊ ရှင်ရသေ့။ တေ-တဝ၊ ရှင်ရသေ့၏။ ဥဂ္ဂုန်၊ ပေါင်နှစ်ဖက်တို့၏။ အန္တရံသ္မိံ၊ အကြားဌာ။ သုပိစ္ဆိထံ၊ ကောင်းစွာစေ့သော။ ဣဒံ၊ ဤအနာသည်ကား။ ကိံ၊ အဘယ်အနာနည်း။ ကဏ္ဌရိဝ၊

www.dhammadownload.com

အနားနှစ်ဖက်၌ မွဲမည်းကဲ့သို့။ ဂကာသတိ၊ ထင်၏။ ပုစ္ဆိတော၊ မေးအပ်သော ရှင်ရသေ့သည်။ မေ၊ ငါ့အား။ ဇတမတ္ထံ၊ ထိုအကြောင်းကို။ အက္ခာဟိ၊ ပြောလော့။ တေ-တဝ၊ ရှင်ရသေ့၏။ ဥတ္တမင်္ဂံ၊ မြတ်သော အင်္ဂါသည်။ ကောသေ၊ သိုအုံမ်တွင်းသို့။ ပဝိဋ္ဌံ နု၊ ဝင်ရှာလေတော့သလော။

ဝံကိုက်နာကို ဆေးကုပါ

ထိုသို့ မေးသောအခါ မင်းသမီး နိလိနီကာသည် ဣသိသိင်္ဂ ရသေ့ငယ်ကို လှည့်စားလိုရကား—

၁၄။ အဟံ ဝနေ မူလဖလဿနံ စရံ၊
အာသာဒယိံ အစ္ဆံ သုဃောရရူပံ။
သော မံ ပတိဟ္မာ သဟသာဇ္ဈပ္ပတ္တော၊
ပနုဇ္ဇ မံ အဇ္ဇဟိ ဥတ္တမင်္ဂံ။

၁၅။ သွာယံ ဝကော ခဇ္ဇတိ ကဏ္ဍု ဝါယတိ၊
သဗ္ဗဉ္ဉု ကာလံ နု လဘာမိသာတံ။
ပဟော ဘဝံ ကဏ္ဍုမိမံ ဝိနေတုံ၊
ကုရုတံ ဘဝံ ယာစိတော ပြာဟ္မကတ္ထံ—

ဟူသော ဂါထာနှစ်ခုတို့၏ အပေါင်းကို ဆို၏။

၁၄။ တာပသ၊ ရှင်ရဒသ့။ မူလဖလေသနံ၊ သစ်မြစ်သစ်သီး ရှာအံ့သောငှာ။ ဝနေ၊ တော၌။ စရံ-စရန္တော၊ သွားသော။ အဟံ၊ ငါသည်။ သုဃောရရူပံ၊ အလွန် ကြောက်မက်ဖွယ်သော သဘောရှိသော။ အစ္ဆံ၊ ဝံကို။ အာသာဒယိံ၊ ခဲဖြင့် ပစ်လိုက်မိ၏။ သောအစ္ဆော၊ ထို ဝံသည်။ မံ၊ ငါ့ဆီသို့။ ပတိတ္မာ၊ ပြေးလာတည့်၍။ သဟသာ၊ အဆောတလျင်။ အဇ္ဈပ္ပတ္တော၊ မှီလာ၍။ မံ၊ ငါ့ကို။ ပနုဇ္ဇ၊ ပက်လက်လန်အောင် တွန်းလှဲ၍။ ဥတ္တမင်္ဂံ၊ မြတ်သော အင်္ဂါကို။ အဇ္ဇဟိ၊ နုတ်၍ ပြေးလေ၏။

၁၅။ သွာယံ-သော အယံ ဝကော၊ ထို ဝံနုတ်ရာ အနာသည်။ ခဇ္ဇတိ စ၊ ကိုက်လည်း ကိုက်ခဲ၏။ ကဏ္ဍု ဝါယတိ စ၊ ယားလည်း ယား၏။

www.dhammadownload.com

တေန၊ ထို့ကြောင့်။ သဗ္ဗဉ္ဉုကာလံ၊ အခါခပ်သိမ်း။ သာတံ၊ ကိုယ် စိတ်၏ ချမ်းသာခြင်းကို။ နု လဘာမိ၊ မရပါ။ ဘဝံ၊ အရှင်သည်။ ဣမံ ကဏ္ဍုံ၊ ဤ ဝံကိုက်နာကို။ ဝိနေတုံ၊ ဖျောက်အံ့သောငှာ။ ပဟော၊ စွမ်းနိုင်တော်မူပါ၏။ ယာစိတော၊ တောင်းပန်အပ်သော။ ဘဝံ၊ အရှင်သည်။ ဗြာဟ္မဏတ္ထံ၊ ရသေ့ဖြစ်သော ငါ့အား ဆေးကုခြင်း အမှုကို။ ကုရုတံ၊ ပြုတော်မူပါလော့။

အနာကို စစ်ဆေးကြည့်ခြင်း

ထို ဣသိသိင်္ဂ ရသေ့ငယ်သည် မင်းသမီး နိလိနိကာ လှည့်စားသော ပျက်စကားကို မှန်သောစကား ဟူ၍ ယုံကြည်သဖြင့် "အရှင်သည် ချမ်းသာသည် အကယ်၍ ဖြစ်အံ့၊ ဆေးကုအံ့" ဟု ဆို၍ ထိုအရပ်ကို ကြည့်လျက် ကုစားလိုရကား—

၁၆။ ဂမ္ဘီရရူပေါ တော ဏော သလောဟိတော၊
အပ္ပတိကော ဝဏဂန္ဓော မဟာ စ။
ကရောမိ တေ ကိဉ္စိ ကာသာယယောဂံ၊
ယထာ ဘဝံ ပရမသုခီတဝေယျ—
ဟူသော အခြားမရှိသော ဤဂါထာကို ဆို၏။

၁၆။ အမ္ဘော၊ အို....အရှင်ရသေ့။ တေ၊ ရှင်ရသေ့၏။ ဝဏော၊ ဝံကိုက်နာသည်။ ဂမ္ဘီရရူပေါ၊ နက်သော သဘောရှိ၏။ သလောဟိတော၊ နီသောအရောင်ရှိ၏။ အပ္ပတိကော၊ အသားဆွေးလည်းမရှိ။ ဝဏဂန္ဓော၊ စည်းငယ် မကောင်းနံ့ နံ့၏။ မဟာ စ၊ ကျယ်လည်းကျယ်၏။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ကယိရမာနေ၊ ဖန်ဆေးခြင်းကို ပြုပြုသည်ရှိသော်။ ဘဝံ၊ ရှင်ရသေ့သည်။ ပရမသုခီ၊ မြတ်သော ချမ်းသာကို ရသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ တထာ၊ ထို့သို့သော အခြင်းအရာအားဖြင့်။ တေ၊ ရှင်ရသေ့၏။ ဝဏံ၊ ဝံကိုက်နာကို။ ကိဉ္စိ၊ ကသာယယောဂံ၊ စည်းငယ် ဖန်ဆေးသောအားဖြင့် ဆေးကုခြင်းကို။ ကရောမိ၊ ပြုရတော့အံ့။

ထို့နောင်မှ မင်းသမီး နိလိနိကာသည် ဣသိသိင်္ဂ ရသေ့ငယ်စကားကို ပယ်သဖြင့် မိမိ အလိုအားလျော်စွာ ကုစားစေလိုရကား—

www.dhammadownload.com

ကိုယ်ဖိရင်ဖိ ဆေးကုစေခြင်း

၁၇။ နမန္တယောဂါနံ ကသာယယောဂါ၊
နံ ဩသဓာ ဗြဟ္မစရိ ကမန္တိ။
ဃဋ္ဋေန မုဒုကေန ဝိနေဟိ ကဏ္ဍုံ၊
ယထာ အဟံ ပရမသုခီ ဘဝေယ်္ယံ—
ဟူသော ဤဂါထာကို ဆို၏။

၁၇။ ဘော ဗြဟ္မစာရိ အို....ရှင်ရသေ့။ မမ၊ ငါ၏။ ဤမသို့ဝဏ္ဏ၊ ဤ စံကိုက်နာဌ်။ မန္တယောဂါ၊ မန္တရား မန်းသဖြင့်လည်း။ ဝေဒနာ၊ ကိုက်ခဲယားယံကုန်သော ဝေဒနာတို့သည်။ နကမန္တိ၊ မငြိမ်းကုန်။ ကသာယယောဂါ ဖန်ဆေးသဖြင့်လည်း။ ဝေဒနာ၊ ကိုက်ခဲယားယံသော ဝေဒနာတို့သည်။ နကမန္တိ၊ မငြိမ်းကုန်။ ဩသဓာ၊ ဆေးလိမ်းကျံသဖြင့်လည်း။ ဝေဒနာ၊ ကိုက်ခဲယားယံသော ဝေဒနာတို့သည်။ နကမန္တိ၊ မငြိမ်းကုန်။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ကယိရမာနေ၊ ပြုသည်ရှိသော်။ အဟံ၊ ငါသည်။ ပရမသုခီ ဘဝေယ်္ယံ၊ မြတ်သော ချမ်းသာကို ရသည် ဖြစ်ငြားလရာ၏။ တထာ၊ ထို့သို့သော အခြင်းအရာအားဖြင့်။ မုဒုကေန၊ နူးညံ့စွာသော။ အဂေ်န၊ ရှင်ရသေ့ အင်္ဂါဇာတ်ဖြင့်။ ဃဋ္ဋေနဃဋ်ကတ္တာ၊ ထိုးသည်ကိုပြု၍။ ကဏ္ဍုံ၊ စံကိုက်နာကို။ ဝိနေဟိ၊ ကုစားတော်မူပါလေ့။

ထို ဤသိသိဂ် ရသေ့ငယ်သည် "ဤ ရှင်ရသေ့ကား မှန်သော စကားကိုလျှင် ဆို၏" ဟု မှတ်၍ "မေထုန် ပေါင်းဖော်ခြင်းကြောင့် သီလပျက်တတ်၏။ ဈာန်ကွယ်ပျောက်တတ်၏" ဟု အပြစ်ကို မသိသည် ဖြစ်၍ မိန်းမကို မမြင်ဘူးသည်၏ အဖြစ်ကြောင့် မေထုန် အကျင့်ကိုလည်း မသိသည်၏ အဖြစ်ကြောင့်သာလျှင် "ဆေးကုစားခြင်း" ဟူ၍ ပျက်စကားကို ဆိုသော ထို မင်းသမီး နိလိနိကာဋ္ဌ မေဏုန်မှိဝဲလေ၏။ ထိုခဏဋ္ဌာသာလျှင် ထို ဤသိသိဂ် ရသေ့ငယ်၏ သီလသည် ပျက်စီးလေ၏။ ဈာန်သည် ကွယ်ပျောက်၏။

နေရပ်ကိုမေးခြင်း

ထိုဤသိသိဂ်ရသေ့ငယ်သည် နှစ်ကြိမ်သုံးကြိမ် မေထုန်စပ်ယှက်ခြင်းကို ပြုခြင်းကြောင့် ပင်ပန်းရကား ဒုက္ခငြိမ်းပြီးလျှင် ရေအိုင်သို့

www.dhammadownload.com

ဆောင်းသက်၍ ရေချိုးသဖြင့် အပင်ပန်းငြိမ်းလျှင် လာတတ်၍ ကျောင်းတွင်းဦး နေလျက် တစ်ဖန်လည်း ထိုမင်းသမီး နိလိနိကာကို "ရသေ့"ဟု ထင်မှတ်၍ နေရာအရပ်ကို မေးလိုရကား—

၁၀။ ကွာ ဘောတော ကတမေနာ အာသမော၊
ကစ္စိ ဘဝံ အဘိရမသိ အရညေ။
ကစ္စိ နုတေ မူလဖလံ ပဟူတံ၊
ကစ္စိ ဘဝန္တံ နဝိဟိံသန္တိ ဝါဠာ—

ဟူသော ဤဂါထာကို ဆို၏။

၁၀။ ဘော တာပသ၊ အို—ရှင်ရသေ့။ ဘောတော၊ ရှင်ရသေ့၏။ အာသမော၊ ကျောင်းသစ်မ်းသည်။ ကွတော၊ ဤကျောင်းမှ။ ကတမေနာ၊ အဘယ်အရပ်၌။ အတ္ထိ၊ ရှိလေသနည်း။ ဘဝံ၊ ရှင်ရသေ့သည်။ အရညေ၊ နေတော်မူရာ တောမြိုင်သော်၌။ အဘိရမသိကစ္စိ၊ ပျော်တော်မူပါ၏လော။ တေ၊ ရှင်ရသေ့အား။ မူလဖလံ၊ သစ်မြစ်သစ်သီးသည်။ ပဟူတံ ကစ္စိနု၊ ပေါများပါ၏လော။ ဘဝန္တံ၊ ရှင်ရသေ့ကို။ ဝါဠာ၊ သားရဲတို့သည်။ နဝိဟိံသန္တိကိစ္စိ၊ မညှဉ်းဆဲဘဲ ရှောင်လွဲပါကုန်၏လော။

လိုက်ခဲ့ပါရန်

ထို့နောင်မှ မင်းသမီး နိလိနိကာသည် လှည့်စား ပျက်ပြယ်သဖြင့် ကွသိသိဂ် ရသေ့ငယ်အား မိမိနေရာအရပ်ကို ပြောဆိုလိုရကား—

၁၉။ ကွဘော ညဇံ ဥတ္တရာယံ ဒိသာယံ၊
ခေမာ နဒီ ဟိမဝတာ ပဘာဝိ။
တဿာတီရေ အာသမောမယ္ဟ ဂုမ္ဗော၊
အဟောသဝံ အာသမံ မယ္ဟံ ပသော။

၂၀။ အမ္ဘာစသာလာ တိလကာစဇမ္ဗုယော၊
ဥဒ္ဒါလကာပါဋလိယော စဖုလ္လာ။
သမန္တတော ကိံပုရိသာဘိဂီတံ၊
အဟော ဘဝံ အာသမံ မယ္ဟံ ပသော။

www.dhammadownload.com

၂၁။ တာလာ စ မူလာ ဖလာ စ မေတ္ထ၊
ဝဏ္ဏေန ဂန္ဓေန ဥပေတရူပါ။
တံ ဘူမိဘာဂေတိ ဥပေတရူပံ၊
အဟော ဘဝံ အာသမံ့ မယံ့ ပသော။

၂၂။ ဖလာ စ မူလာ စ ပဟူတာ မေတ္ထ၊
ဝဏ္ဏေန ဂန္ဓေန ရသေနုပေတာ။
အာယန္တိ စ လုဒ္ဒကာ တံ ပဒေသံ၊
မာ မေ တတော မူလဖလာ အဟာသုံ—
ဟူသော ဤလေးဂါထာတို့ကို ဆို၏။

၁၉။ ဘော တာပသ၊ အို....ရှင်ရသေ့။ ဘောတော၊ ရှင်ရသေ့၏။ ဣတော၊ ဤကျောင်းမှ။ ဥဇုံ ဥတ္တရာယံဒိသာယံ၊ မြောက်တူရူအရပ်၌။ ဧမာနုဒီ၊ ဧမာအမည်ရှိသော မြစ်သည်။ ဟိမဝတာ၊ ဟိမဝန္တာမှ၊ ပဘာဝိ၊ စီးလာ၏။ တဿာတီရေ၊ ထိုဧမာ မြစ်ကမ်းထိပ်၌။ ရမ္မော။ မွေ့လျော်ဖွယ်ရှိသော။ မယံ့၊ ငါ၏။ အာသမော၊ ကျောင်းသည်။ ဝိဇ္ဇတိ၊ ရှိပါ၏။ အဇဟာ၊ မြင်စေခြင်လှ၏။ ဘဝံ၊ ရှင်ရသေ့သည်။ မယံ့၊ ငါ၏။ အာသမံ၊ ကျောင်းကို။ ပဿေ၊ လိုက်၍ရှုပါလှည့်။

၂၀။ ဘော တာပသ၊ အို....ရှင်ရသေ့။ တဿိံ အာသမေ။ ထို ကျောင်း၌။ အမ္ဗာ စ၊ သရက်ပင်တို့သည် လည်းကောင်း။ သာလာ စ၊ အင်ကြင်းပင်တို့သည် လည်းကောင်း။ တိလကာ စ၊ ပြည့်စင်ပင်တို့သည် လည်းကောင်း။ ဇမ္ဗုယော စ၊ သပြေပင်တို့သည် လည်းကောင်း။ ဥဒ္ဒါလကာ စ၊ ငုရှေပင်တို့သည် လည်းကောင်း။ ပါဋလိယော စ၊ သခွက်ပင်တို့သည် လည်းကောင်း။ ဖုလ္လာ၊ စည်ပင်လှကုန်၏။ သမန္တတော၊ ကျောင်းထက်ဝန်းကျင်မှ။ ကိံပုရိသာဘိဂီတံ၊ ကိုန္နရာတို့သည် သာယာစွာ သီချင်းသီကြကုန်၏။ အဟော၊ မြင်စေချင်လှ၏။ ဘဝံ၊ ရှင်ရသေ့သည်။ မယံ့၊ ငါ၏။ အာသမံ၊ ကျောင်းကို။ ပဿ၊ ရှုပါလှည့်။

၂၁။ မေ၊ ငါ၏။ ဧတ္ထ အာသမေ၊ ထိုကျောင်း၌။ တာလာ စ၊ ထန်းပင်တို့သည် လည်းကောင်း။ မူလာ စ၊ သစ်မြစ်တို့သည်လည်းကောင်း။

www.dhammadownload.com

ဖလာ စ၊ သစ်သီးတို့သည် လည်းကောင်း။ ဝဏ္ဏေန စ၊ အဆင်းနှင့်လည်းကောင်း။ ဂန္ဓေနစ၊ အနံ့နှင့်လည်းဇကောင်း။ ဥပေတရူပါ၊ ပြည့်စုံသောသဘောရှိကုန်၏။ တံ အဿမံ၊ ထိုဝါ၏ကျောင်းသည်။ ဘူမိဘာဂေဟိ၊ သာယာညီညွတ်ကုန်သော မြေအဖို့တို့နှင့်၊ ဥပေတရူပံ၊ ပြည့်စုံသောသဘောရှိ၏။ အဟော၊ မြင်စေချင်လှ၏။ ဘဝံ၊ ရှင်ရသေ့သည်။ မယှံ၊ ငါ၏။ အဿမံ၊ ကျောင်းကို။ ပသော၊ ရှုပါလှည့်။

၂၂။ ဘော တာပသ၊ အို....ရှင်ရသေ့။ ဝဏ္ဏေန စ၊ အဆင်းနှင့်လည်းကောင်း။ ဂန္ဓေန စ၊ အနံ့နှင့်လည်းကောင်း။ ရသေန စ၊ အရသာနှင့်လည်းကောင်း။ ဥပေတာ၊ ပြည့်စုံကုန်သော။ ပဟူတာ၊ များစွာကုန်သော။ ဖလာ စ၊ သစ်သီးတို့သည် လည်းကောင်း။ မူလဲာ စ၊ သစ်မြစ် သစ်နယ်တို့သည် လည်းကောင်း။ မေ၊ ငါ၏။ ဧတ္ထ၊ ထိုကျောင်း၌။ သံရိဇ္ဇန္တိ၊ ရှိကုန်၏။ တံပဒေသံ၊ ထိုဝါ၏ကျောင်းသို့။ လုဒ္ဒကာ စ၊ များစွာကုန်သော မုဆိုးတို့သည်လည်း။ အာယန္တိ၊ လာကြကုန်၏။ တေ၊ ထိုမုဆိုးတို့သည်။ တတော၊ ထိုဝါ၏ကျောင်းမှ။ မေ၊ ငါ၏။ မူထဖလုံ၊ သစ်မြစ်သစ်သီးကို။ မာ အဟာရေသုံ၊ မခိုးမယူကြကုန်။

သခင်ရသေ့လာအောင် စောင့်ပါ

ထို နိလိနိကာမင်းသမီး စကားကိုကြား၍ ဣသိသိင်္ဂ ရသေ့သည် အကြင်မျှလောက် ခမည်းတော် ရှင်ရသေ့ ရောက်လာအံ့သောကာလသည် ရှိ၏။ ထို ခမည်းတော် ရှင်ရသေ့ရောက်ရုံ ငံ့ဇလိုရကား—

၂၃။ ပိတာ မမ မူလဖလေသနံ ဂတော၊
ဣဒါနိအာဂစ္ဆတိ သာယကာလေ။
ဥဘောဝ ဂစ္ဆာမသေ အဿမန္တံ၊
ယာဝ ပိတာ မူလဖလတော ဧတု—
ဟူသော ဤဂါထာကို ဆို၏။

၂၃။ ဘော တာပသ၊ အို-ရှင်ရသေ့။ မမ၊ ငါ၏။ ပိတာ၊ ခမည်းတော် ရှင်ရသေ့သည်။ မူလဖလေသနံ-မူလဖလေသနတ္ထာယ၊ သစ်မြစ်သစ်သီး ရှာအံ့သောငှာ။ ဂတော၊ တောသို့သွားလေ၏။ ဣဒါနိ၊ ယခုပင်။

www.dhammadownload.com

အာဂန္ဆတိ၊ ရောက်လာလတ္တံ့။ ပိုတော၊ ခမည်းတော် ရှင်ရသေ့သည်။ မူလဖလတော၊ သစ်သီး သစ်မြစ်တောမှ။ ယာဝ တော့၊ လာပါစေဦး။ သာယကာလေ၊ ညချမ်းအခါ၌။ တံ အဿမံ၊ ထိုရှင်ရသေ့ ကျောင်းတော်သို့။ ဥဘောဝ ဂစ္ဆာမသေ၊ နှစ်ဦးတူစုံ သွားကြကုန်အံ့။

မင်းသမီးရသေ့ ပြန်ခဲ့ပြီ

ထို့နောင်မူ မင်းသမီး နိုလိနိကာသည် ကြံ၏။ "ဤသိသိဂ်ရသေ့ ငယ်သည် တောထဲ၌သာလျှင် ကြီးသည်၏အဖြစ်ကြောင့် ငါ၏ မိန်းမ၏ အဖြစ်ကို မသိသည်ဖြစ်စေဦး၊ ထို ရသေ့ ငယ်၏ အဘ့ရသေ့ကြီးသည်ကား ငါ့ကိုမြင်လျှင်ပင် မိန်းမမှန်းသိ၍ 'နင်ကား ဤ ငါ၏ကျောင်း၌ လျှင် အသို့ပြုရန် လာသနည်း' ဟု ဆို၍ ထမ်းပိုးကောက်စွန်းဖြင့် ရိုက်ပုတ်၍ ငါ၏ဦးခေါင်းကိုသော်လည်း ပေါက်ခဲ့ရာချေ၏၊ ထို ရသေ့ကြီးမလာခင်သျှင် ငါသွားခြင်းငှာ သင့်၏၊ ဗာရာဏသီပြည်ကြီးမှ လာခဲ့၍ ဆောင်အပ်သော ငါ၏အမှုသည်လည်း ပြီးလေပြီ" ဟု ကြံ၏။ ကြံပြီး၍ ထို မင်းသမီး နိုလိနိကာသည် ထို ဤသိသိဂ်ရသေ့ ငယ်အား လဲခြင်း၏ အကြောင်းကို ကြားခဲ့လိုရကား—

၂၄။ အညေ ဗဟူ ဤသယော သာဓုရူပပါ၊
ရာဇီသယော အနုမဂ္ဂေ ဝသန္တိ။
တေ ယေဝ ပုစ္ဆေသိ မမဿမံ တိ၊
တေ တံ နယိဿန္တိ မမ သံကာသေ—

ဟူသော ဤဂါထာကို ဆို၏။

၂၄။ သမ္မ၊ အရှယ်တူဖြစ်သော ရှင်ရသေ့။ ရာဇီသယော၊ မင်းမျိုး ပုဏ္ဏားမျိုးတို့မှ တောထွက်ကုန်သော ရသေ့ဖြစ်ကုန်သော။ သာဓုရူပါ၊ ကောင်းသော သဘောရှိကုန်သော။ ဗဟူ၊ များစွာကုန်သော။ အညေ ဤသယော၊ တစ်ပါးကုန်သော ရသေ့တို့သည်။ မမ၊ ငါ၏။ အနုမဂ္ဂေ၊ ကျောင်းသို့သွားသော ခရီး၌။ ဝသန္တိ၊ နေကြကုန်၏။ မမ၊ ငါ၏။ တံ အဿမံ၊ ထိုကျောင်းကို။ တေ ယေဝ၊ ထို ရသေ့တို့ကိုသာလျှင်။ ပုစ္ဆေသိ၊ မေးတော်မူပါလော့။ တေ၊ ထို ရှင်ရသေ့တို့သည်။ တံ၊ သင့်ကို။ မမ သံကာသေ၊ ငါ့အထံသို့။ နယိဿန္တိ၊ ဆောင်ပို့ကုန်လတ္တံ့။

www.dhammadownload.com

ဤသို့လျှင် ထိုမင်းသမီး နိုလိနိုကာသည် မိမိသွားစရာ ဥပါယ်တံမျဉ်ကို ပြောဆို၍ ကျောင်းမှထွက်ခဲ့လျှင် မျှော်ကြည့်လိုက်သည်လျှင်ဖြစ်သော ထို ဣသိသိဂ် ရထေ့ငယ်ကို "အရှယ်တူ ရှင်ရထေ့....ရှင်ရထေ့သည် ပြန်ရှာရစ်လော့" ဟု ဆို၍ လာခဲ့သော ခရီးဖြင့်လျှင် အမတ်တို့၏ အထံသို့ သွားလေ၏။

ထို အမတ်တို့သည် မင်းသမီး နိုလိနိုကာကို ဆောင်ယူ၍ သစ်ခက်တပ်သို့ သွားပြီးလျှင် အစဉ်သဖြင့် ဗာရာဏသီနေပြည်တော်သို့ ရောက်ကြကုန်၏။ သိကြားမင်းသည်လည်း အလွန်နှစ်သက်သည် ထိုနွေဦးလျှင် အလုံးစုံသောတိုင်းဌ မိုးကိုရွာစေ၏။ ထိုမိုးရွာခြင်းတို့ကြောင့် တိုင်းဇနပုဒ်သည် သာယာဝပြောခြင်း ဖြစ်၏။

ရထေ့ကြီး မေးပြီ

ဣသိသိဂ် ရထေ့ငယ်သည်လည်း ထိုမင်းသမီး နိုလိနိုကာသွားလျှင်ပင် ကိုယ်အလုံးဌ ပူပန်ခြင်းဖြစ်၏။ ထို ဣသိသိဂ် ရထေ့ငယ်သည် စိတ်တုန်လှုပ်သည်ဖြစ်၍ ကျောင်းတွင်းသို့ ဝင်ပြီးလျှင် လျှော်တေသက်နှံးကိုခြုံ၍ စိုးရိမ်ပူပန်လျက် အိပ်၏။ ဘုရားလောင်းသည် ညချမ်းအခါ ပြန်လာလတ်၍ သားကိုမမြင်ရကား "အဘယ်အရပ်သို့ သွားလေသနည်း" ဟု ထမ်းပိုးကိုချ၍ ကျောင်းတွင်းသို့ဝင်လျှင် ထို ဣသိသိဂ်ရထေ့ငယ် အိပ်၍နေသည်ကိုမြင်၍ "ချစ်သား....အသို့ဖြစ်သနည်း" ဟု ဆို၍ ကျောကိုဆုပ်နယ်လျက် အကြောင်းကို မေးလိုရကား—

၂၅။ နု တေ ကဋ္ဌာနိ ဘိန္နာနိ၊ နု တေ ဥဒက မာဘတံ။
အဂ္ဂိပိ တေ နဟာပိတော၊ ကိန္နု မန္ဒော၀ စျာယသိ။

၂၆။ ဘိန္နာနိ ကဋ္ဌာနိ ဟုတော စ အဂ္ဂိ၊
တပ်နိပိ တေ သမိတာ ဗြဟ္မစာရီ။
ပဋ္ဌဠ္ဎ မယှ ဥဒကဉ္စ ဟော်တ၊
ရမသိ တုဝံ ဗြဟ္မဘူတော ပုရတ္ထာ။

၂၇။ အဘိန္နကဋ္ဌောသိ အနာဘတော၀ဒကော၊
အတာပိကဂ္ဂိသိ အသိဒ္ဓဘောဇနော။
နု မေ တုဝံ အာလပသိ မမင္ဆ၊
နဋ္ဌံ နု ကိံ စေတသိကဉ္စဒုက္ခံ—

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

www.dhammadownload.com

၂၅။ တာတ၊ ချစ်သား။ တေ-တယာ၊ သင်သည်။ ကဋ္ဌာနို၊ ထင်းတို့ကို။ နဘိန္နာနို၊ မခွေအပ်ကုန်။ တေ-တယာ၊ သင်သည်။ ဥဒက်၊ ရေကို။ နအာဘတံ၊ မခပ်အပ်။ ဒဂ္ဂိပိ၊ မီးကိုလည်း။ တေ-တယာ၊ သင်သည်။ နဟာပိတော၊ မညှိအပ်။ မန္ဒော၀၊ တွေမှိုင်၍ သာလျှင်။ ကိံ စျာယသိနံ၊ အဘယ်ကိုကြံသနည်း။

၂၆။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော သား ရသေ့။ ပုရတ္ထာ၊ ရှေးကာလက။ တေ-တယာ၊ သင်သည်။ ဘိန္နဲ၁နို ကဋ္ဌာနို၊ ငါမလာမိက ထင်းခွေလင့်အပ်ကုန်၏။ အဂ္ဂိဟုတော စ၊ မီးလည်း ပူဇော်နှင့်၏။ တပနီပိသမိတာ၊ လှုံစရာမီးတို့ကိုလည်း စီရင်အပ်ကုန်၏။ မယုံ၊ ငါ့ကို။ ပိဌဥ္ဆဟောတိ၊ နေရာလည်း ခင်းနှင့်၏။ ဥဒကဥ္ဆ ဟေဘံဟိ၊ ခြေဆေးရေလည်း တည်နှင့်၏။ ဗြဟ္မဘုတော၊ မြတ်သည်ဖြစ်၍။ ရမသိ၊ မွေ့လျော် ပျော်ရွှင်၏။

၂၇။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော သား ရသေ့။ ဣဒါနိ၊ ယခုတမူကား။ တုဝံ၊ သင်ချစ်သားသည်။ အဘိန္နကဋ္ဌောသိ၊ ထင်းလည်း မခွေနှင့်ပါ တကား။ အနာဘတော ဒကော၊ ရေလည်း မခပ်နှင့်ပါတကား။ အဟာပိတဂ္ဂိသိ၊ မီးလည်း မညှိနှင့်ပါ တကား။ အသိဒ္ဓတ္ထောဇနော၊ ငါ့ဖို့စားစရာ သစ်မြစ် သစ်ရွက်လည်း မပြုတ်ဖြောနှင့်ပါ တကား။ မမပုတ္တာ၊ ငါ့သားချစ်။ အင္ဂ၊ ယခု။ မေ၊ ငါ့အား။ နာ အာလပသိ၊ စကားမပြောပါ တကား။ တေ၊ သင်အား။ ကိံ၊ အဘယ်ဥစ္စာသည်လည်း။ နဋ္ဌံနု၊ ပျောက်သနည်း။ စေတသိကံ ဒုက္ခဥ္စ ကိံ၊ ငါ့ကိုတည်း စိတ်ဆိုးသလော။

ရသေ့လေးထံ လိုက်ပို့စေခြင်း

ထိုဣသိသိင်္ဂံ ရသေ့သည် ခမည်းတော် ရသေ့ကြီးစကားကို ကြား၍ ထို အိပ်ခြင်း၏ အကြောင်းကို ခမည်းတော်အား ပြောလိုရ ကား-

၂၈။ ဣဓဂမာ ဇဋိလော ဗြဟ္မစာရီ၊
သုဒဿနေယျော သုတနူ ဝိနေတိ။
နေဝါတိဒီဃောန ပနာတိရဿော၊
သုကဏ္ဏကဏ္ဌဒနေဟိ ဇောတော ။လ။

www.dhammadownload.com

၅၀။ ဝိစိတြဖုလ္လံ ဟိ ဝနံသုတံ မယာ၊
ဒိဇာဘိဃုဋ္ဌံ ဒိဇသံဃသေဝိတံ။
တံ မံ ဝနံ ပါပယ တာတ ခိပ္ပံ၊
ပုရာတေ ပါဏံ ဝိဇဟာမိ အာသမေ-
ဟူသော ဤနှစ်ဆယ်သုံးဂါထာတို့ကို ဆို၏။

၂၈။ တာတ၊ ခမည်းတော်။ ဇင်္ဂီလော၊ ဆံကျစ်ထုံးသော။ ဗြဟ္မစာရီ၊ ရသေ့ပျို တစ်ယောက်သည်။ ဣဓ၊ ဤကျောင်းသို့။ အာဂမာ၊ လာ၏။ သော၊ ထိုငါတို့ကျောင်းသို့ လာသော ရသေ့ပျိုသည်။ သုဒ္ဓံ နေယျော၊ အလွန် ရှုစဖွယ်ရှိ၏။ သုတနု၊ တင့်တယ်သော ကိုယ်ရှိ၏။ ဝိနေတိ၊ မိမိကိုယ်ရောင်နှင့် ဤကျောင်းတွင်းကို တစ်ပြိုင်နက်သော အရောင်ကဲ့သို့ ပြု၍ ပြည့်စေ၏။ နေဝါတိဒိဃော၊ ရှည်လည်း မရှည်လွန်း။ (တစ်နည်းက့ဲ) နေဝါတိဒိဃော၊ မြင့်လည်း မမြင့်လွန်း။ နပနာတိ-ရဿော၊ နိမ့်လည်း မနိမ့်လွန်း။ (တစ်နည်းကား) နပနာတိရဿော၊ ပုလည်းမပုလွန်း။ ဘောတော၊ ငါတို့ကျောင်းသို့ လာသော ရှင်ရသေ့၏။ သုကဏ္ဏ ကဏ္ဏစ္ဆဒနေဟိ၊ အလွန် ညီကုန်သည်ဖြစ်၍ ပိတုံးရောင်ကဲ့သို့ ပြောင်ပြောင်လက်လက် ဖိတ်ဖိတ်နက်ကုန်သော ဆံတို့ဖြင့်။ သုကဏ္ဏ သီသံ၊ ကောင်းစွာ ညိုနက်သော ဦးခေါင်းသည်။ သုမဇ္ဇမဇ္ဇိတမဏိမယံ ဝိယ၊ ကောင်းစွာ ပွတ်အပ်သော ပတ္တမြားညိုဖြင့် ပြီးသကဲ့သို့။ ခါယတိ၊ ထင်၏။

၂၉။ အမသုဇာတော၊ မုတ်ဆိတ်ကျင်စွယ်လည်း မပေါက်သေး။ အပုရာဇာဝဏ္ဏီ၊ ရသေ့ပြုသစ်စနှင့် တူ၏။ အာသ၊ ထိုရှင်ရသေ့၏။ ကဏ္ဏေပန၊ လည်ပင်း၌ကား။ အဓာရဏုပဋ္ဋ၊ ကရွတ်ခွေနှင့် တူသော တန်ဆာသည်လည်း။ အတ္ထိ၊ ရှိ၏။ ဥဂ္ဂေ၊ ရင်၌။ သုဇာတာ၊ ကောင်းစွာ ဖြစ်ကုန်သော။ သုဝဏ္ဏတိန္ဒုက နိဘာ၊ ရွှေတည်သီးနှင့် တူကုန်သော။ ပဘာသရာ၊ ပြိုးပြိုးပြက် ထွက်လတ်သော အရောင်ရှိကုန်သော။ ဒဒ္ဒယမာ-ဂဏ္ဌာ၊ နှစ်ခုအစုံ ဖြစ်ကုန်သော အသားငုံတို့သည်။ သန္တိ၊ ရှိကုန်၏။

၃၀။ တာသ၊ ထိုရှင်ရသေ့ပျို၏။ မုခဋ္ဌ၊ မျက်နှာသည်လည်း။ ဘုသံ ဒဿနေယျံ၊ အလွန် ရှုချင်ဖွယ်ရှိ၏။ ကဏ္ဏော သု၊ နားနှစ်ဖက်တို့၌။

www.dhammadownload.com

ကုဋ္ဌိတဂ္ဂါ၊ ကေဉသော အဖျားရှိသော တန်ဆာတို့ကိုလည်း။ လမ္မန္တိ၊ ဝတ်ကုန်၏။ စရတော၊ သွားသော။ မာဏဝဿ၊ ရသေ့ပျို၏။ တေ၊ ထို နားနှစ်ဖက်တို့၌ ဝတ်ကုန်သော တန်ဆာတို့သည်။ ဇောတရေ၊ ဖိတ်ဖိတ် လက်လက် ပြိုးပြိုးပြက်လျှင် ထွန်းပကုန်၏။ အဿ၊ ထိုရှင်ရသေ့ပျို၏။ သံယမာနံ၊ ထုံးအပ်ကုန်သော။ ဇဋာနံ၊ ဆံကျစ်တို့ကို။ သုတ္တဉ္စ၊ စည်းသော ကြိုးသည်လည်း။ ဇောတတိ၊ ထွန်းပ၏။

၃၁။ တဿ၊ ထိုရသေ့ပျို၏။ အညာ-အညာနိ၊ တစ်ပါးကုန်သော။ နီလာ-နီလာနိ စ၊ ညိုသော အဆင်းရှိသည်လည်း ဖြစ်ကုန်သော။ ပီတာ-ပီတာနိ စ၊ ရွှေသော အဆင်း ရှိသည်လည်း ဖြစ်ကုန်သော။ လောဟိတကာ-လောဟိတကာနိ စ၊ နီသော အဆင်းရှိသည်လည်း ဖြစ်ကုန်သော။ သေတာ-သေတာနိ စ၊ ဖြူသော အဆင်းရှိသည်လည်း ဖြစ်ကုန်သော။ စတဿော-စတ္တာရိ၊ လေးပါးကုန်သော အဆင်းရှိကုန်သော။ သံယမာနိ စု၊ တန်ဆာတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ စရတော၊ သွားသော။ မာဏဝဿ၊ ရှင်ရသေ့ပျို၏။ တာ-တာနိ ပိလန္ဓနာနိ၊ ထိုတန်ဆာတို့သည်။ ဝါဝုသမ္မိ၊ မိုးတွင်းကာလ၌။ တိရိဋိသဃ်ဝရိဝ၊ ပုစဉ်းအပေါင်းတို့ကဲ့သို့။ ပိသရေ-ပိသိတွာ ရဝန္တိ၊ ထိသည်ဖြစ်၍ မြည်ကြကုန်၏။

၃၂။ တာတ၊ ခမည်းတော်။ သော မာဏဝေါ၊ ထိုရသေ့ပျိုသည်။မုဉ္ဇမယံ၊ ဖြူဆံမြက်ဖြင့် ရက်သော။ မိခလံ၊ခါးကြိုးကို၊ နဓာရေတိ၊ မစည်းမဆောင်။ တာတ၊ ခမည်းတော်။ မယံ၊ ငါတို့သည်။ သန္ဆရေ၊ လျော်တေသက်နှံးတို့ကိုလည်းကောင်း။ ပဗ္ဗဇသာ၊ ပြိတ်မြက်ဖြင့်။ ကတံ၊ ပြုအပ်သော သက်နှံးကိုလည်းကောင်း။ ဓာရေတိ ယထာ၊ ဝတ်ကြကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ သော မန မာဏဝေါ၊ ထိုရသေ့ပျိုသည်ကား။ သန္ဆရေ၊ လျော်တေ သက်နှံးတို့ကို။ နု ဓာရေတိ၊ မဝတ်မဆောင်။ ပဗ္ဗဇသာ၊ပြိတ်မြက်ဖြင့်။ ကတံ၊ ပြုအပ်သော သက်နှံးကို။နေဝ ပန ဓာရေတိ၊ မဝတ်သည်သာတည်း။ တာတ၊ ခမည်းတော်။အန္တလိက္ခေ၊ကောင်းကင်၌။ သတေဝုတာ-ရနိစ္စံ စရိတာ၊ အစဉ်မပြတ် တလျှပ်လျှပ်ရှိကုန်သော။ဝိဇ္ဇုရိဝ၊ လျှပ်စစ်နွယ်ကဲ့သို့။ တဿ၊ ထိုရှင်ရသေ့ပျို၏။ ဇဃနန္တရေ ဝိလဂ္ဂါ၊ ခါးဆီတွင် စည်းအပ်ကုန်သော။ တာ၊ ထိုခါးကြိုးတို့သည်။ ဇောတရေ၊ ထိန်ထိန်လက်လက် ထွန်းပ ကုန်၏။

www.dhammadownload.com

၃၃။ တာတ၊ ခမည်းတော်။ တဿ၊ ထိုရှင်ရသေ့ပျို၏။ ကဋ္ဌိသမောဟိတာနိ၊ ခါးဦးစည်းအပ်ကုန်သော။ ဟေဋ္ဌာ၊ အောက်သို့။ နဗျာနဝယာနိ၊ မလျှောမကျကုန်သော။ အခိလကာနိစ၊ အခွံလည်း မရှိကုန်သော။ အဝဏ္ဏကာနိ၊ အညှာလည်း မရှိကုန်သော သစ်သီးတို့သည်။ အဃဋ္ဋိတာနိ၊ အချင်းချင်း မထိပါးကုန်သည် ဖြစ်၍။ နိစ္စံကိုဋ္ဌံ၊ အစဉ်ရှင်မြူးခြင်းကို။ ကရောန္တိ၊ ပြုကြကုန်၏။ တာနိ၊ ထိုချည်ဖြင့် သိ၍ ခါးဦးစည်းအပ်ကုန်သော သစ်သီးလုံးတို့သည်။ ကိံ ရုက္ခဖလာနိ၊ အဘယ်သစ်သီးတို့ မည်ကုန်သနည်း။

၃၄။ တာတ၊ ခမည်းတော်။ တဿ၊ ထိုရှင်ရသေ့ပျို၏။ဇဋ္ဌာစ၊ ဆံကျစ်တို့သည်လဲည်း။ ဘုသံ ဒဿနေယျာ၊ အလွန်ရှုချင်စဖွယ် ရှိကုန်၏။ ပရောသတံ၊ အရာမက။ ဝေလ္လိတဂ္ဂါ၊ သဲးလိုးဓားကဲ့သို့ ကောင်သော အဖျားရှိသော ဆံတို့သည်။ သုဂန္ဓာ၊ ကြိုင်ကြိုင် မွှေးကုန်၏။ တဿ၊ ထိုရှင်ရသေ့ပျိုအား။ ဒဋ္ဌဓာသိရော၊ ဦးခေါင်းကို နှစ်စုံဝှေ၍၊ သာဓု ဝိဘတ္တာရူပေါ၊ ထုံးအပ်သော ဆံကျစ်တို့၏ အစုမ်းအားဖြင့် ကောင်းစွာ ဝေဖန်အပ်သော သဘောရှိ၏။ မယံ၊ ငါ၏။ ဇဋ္ဌာ၊ ဆံကျစ်တို့သည်။ တထာ၊ ထိုရှင်ရသေ့ ဆံကျစ်အတူ။ အဟောနုခေါအဿု၊ ဖြစ်ပါကုန်ဘိတော့လော။

၃၅။ တာတ၊ ခမည်းတော်။ ယဒါစ၊ အကြင်အခါ၌လည်း။ သောမာဏဝေါ၊ ထိုရသေ့ပျိုသည်။ ဝဏ္ဏေန၊ အဆင်းနှင့်လည်းကောင်း။ ဂန္ဓေန၊ အနံ့နှင့်လည်းကောင်း။ ဥပေတရူပေါ၊ ပြည့်စုံသော သဘောရှိကုန်သော။ တာ ဇဋ္ဌာယော၊ ထိုဆံကျစ်တို့ကို။ ပဂိရတိ၊ ဖြေလိုက်၏။ တဒါ၊ ထိုအခါ၌။ နိလုပွလံ ဝါတသမေရိတံဝ၊ ကြာညိုနုံကို လက်ဆောင် လာသကဲ့သို့။တထေဝဲ၊ထို့အတူလျှင်၊အယံ အဿမောသံဝါယတိ၊ ဤတစ်ကျောင်းလုံး ကြိုင်ကြိုင်မွှေး၏။

၃၆။ တာတ၊ ခမည်းတော်။ တဿ၊ ထိုရသေ့ပျို၏။ကာယော၊ ကိုယ်၌။ ပင်္ကော စ၊ လူးသောညှန်သည်လဲည်း။ ဘုသံဒဿနေယျော၊ အလွန်ရှုချင်စဖွယ်ရှိ၏။ မယံ၊ ငါ၏။ ကာယော၊ ကိုယ်၌။ ပင်္ကော၊လူးသောညှန်သည်။ ယာဒိသော၊ အကြင်သို့ ရှုံဖွယ်လိလိသဘော ရှိ၏။ တဿ၊

www.dhammadownload.com

ထိုရှင်ရသေ့ပျို၏။ ကာယေပန၊ ကိုယ်၌သော်ကား။ ပကော်၊ လူးသော ညွှန်သည်။ တာဒိသော၊ ထိုသို့ ခွံဖွယ်လိလိသဘော ရှိသည်။ နဟောတိ၊ မဖြစ်။ အဂ္ဂိမှေ၊ ဒွေလ၏ အထွတ်ဖြစ်သော မိုးဦးကာလ၌။ သုဖုလ္လံ၊ ကောင်းစွာပွင့်သော။ ဝနံ ယထာ၊ ပန်းဘောက်သဲ့သို့။ တထာ၊ ထိုအတူ။ မာလုတေန၊ လေညှင်းသည်။ ဧရိဘာ၊ သွေးဆောင်တိုက်လွှင့်အပ်သော။ သော ပကော်၊ ထိုရသေ့ပျို၏ ကိုယ်၌ လူးခဲ့သော ညွှန်ပျောင်းသည်။ ဝါယတိ၊ ကြိုင်ကြိုင်မွှေး၏။

၃၃။ တာတ၊ ခမည်းတော်။ သုစိတ္တရုပံ၊ အလှန်ထူးဆန်းသော အဆင်းရှိသော။ ရုစိယံ၊ နှစ်သက်ဖွယ်ရှိသော။ ဒဿနေယျံ၊ ရှုချင်စဖွယ် ရှိသော။ ရုက္ခဖလံ၊ သစ်သီးကို။ သော မာဏဝေါ၊ ထိုရသေ့ပျိုသည်။ ပထဗျာ၊ မြေပေါ်၌။ နဟန္တီနီဟနတိ၊ ပစ်၏။ ခိတ္တဥ္စ၊ ပစ်သော်လည်း။ ယံ ရုက္ခဖလံ၊ အကြင်သစ်သီးသည်။ တဿ၊ ထိုရသေ့ပျို၏။ ဟတ္ထံ၊ လက်တွင်းသို့။ ပုနရေတိ၊ လာပြန်၏။ တာတ၊ အိုခမည်းတော်။ တံ ရုက္ခဖလံ၊ ထိုသစ်သီးသည်။ ကိံ ရုက္ခဖလံနုခေါ၊ အဘယ် သစ်သီးမျိုးနည်း။

၃၄။ တာတ၊ ခမည်းတော်။ တဿ၊ ထိုရသေ့ပျို၏။ ဒန္တာ စ၊ သွားတို့သည်လည်း။ ဘုသံ၊ ဒဿနေယျာ၊ အလွန်ရှုချင်စဖွယ် ရှိကုန်၏။ သမာသခ်ံဝရူပပန္နာ၊ ကောင်းစွာ ပွတ်အပ်သော ခရုသင်း အဆင်းနှင့် တူကုန်၏။ သုဒ္ဓါ၊ စင်ကြယ်ကုန်၏။ ဝိဝရိယမာနာ၊ ဖွင့်လိုက်သည်ရှိသော်။ မနော၊ ငါ၏စိတ်ကို။ ပသာဒေန္တီ၊ ရွှင်စေကုန်၏။ တာတ၊ ခမည်းတော်။ သော တာပသော၊ ထို ရှင်ရသေ့ပျို၏။ တေဟိ၊ ထိုသွားတို့ဖြင့်။ သာကံ၊ ဟင်းရွက် သစ်မြစ် သစ်သီးကို။ နဟိ နုနအခါဒိ၊ မစားလေသည် ထင်၏။

၃၅။ တာတ၊ ခမည်းတော်။ တဿ၊ ထိုရှင်ရသေ့ပျို၏။ ဘာသိတံ၊ ပြောဆိုသော စကားသည်။ အကက္ကသံ၊ ပြေပြစ်ချောမြေ့၏။ အခလိတံ၊ အဖန်တလဲလဲ ပြောဆိုသော်လည်း မချွတ်ယွင်း။ မုဟုံ၊ လျင်မြန်၏။ မုဒုံ နှုးညံ့၏။ ဥဇုံ၊ ဖြောင့်မတ်၏။ အနုဒ္ဓတံ၊ မပျံလွှင့်။ အစပလံ၊ မလျှပ်ပေါ်။ ရုဒံ၊ ပြောဆိုစဉ် ရင့်ကျူးသော အသံသည်လည်း။ မနုညံ၊ နှစ်သက်ဖွယ်ရှိ၏။ ကရဝိကသုဿရံ၊ ကရဝိက်ဉက်မင်း၏ သာယာ

www.dhammadownload.com

သော အသံနှင့်တူ၏။ ဟဒယဂ်မံ၊ နှလုံးသို့ သက်ဝင်၏။ တဿ၊ ထို ရှင် ရသေ့ပျို၏။ တံ ဘာသိတံ၊ ထိုပြောဆိုသံကို။ မေ၊ ငါ၏။ မနော၊ စိတ် သည်။ ရဇ္ဇုယတော၀၊ ကြိုက်နှစ်သက်သည်သာတည်း။

၄၀။ တာ၀၀၊ ခမည်းတော်။ သောတာပသော၊ ထို ရှင်ရသေ့ပျို သည်။ ဗိန္ဒုဿရော၊ လုံးသော အသံရှိ၏။ နာတိဝိဿဋ္ဌ၀ါကျော၊ တိုးတိုး သာသာ ပြောဆိုတတ်၏။ သဇ္ဈာယံ-သဇ္ဈာယနကာလေ၊ ကမ္မဋ္ဌာန်း ဗေဒင် သင်အံခြင်းကို ပြုသောကာလ၌။ နနု န အတိပ္ပယုတ္တော၊ အား မထုတ်လွန်းလေသည် ထင်၏။ တာတ၊ ခမည်းတော်။ ဟိ-ယသ္မာ၊ အကြင့် ကြောင့်။ သောမာဏ၀ေါ၊ ထို ရှင်ရသေ့ပျိုသည်။ ပုရတ္ထာ၊ ရှေးကာလက။ မေ၊ ငါ၏။ မိတ္တော၊ အဆွေခင်ပွန်းသည်။ အဟု၊ ဖြစ်ပြီ။ တသ္မာ၊ ထို့ ကြောင့်။ တံ မာဏံ၊ ထိုရသေ့ပျိုကို။ ပုနဒေ၀၊ နောက်ကိုတစ်ဖန်လျှင်။ ဒဋ္ဌုံ ကုစ္ဆာ၊ မြင်ရလိုသေး၏။

၄၁။ တာတ၊ ခမည်းတော်။ တဿ မာဏဿ၊ ထို ရှင်ရသေ့ပျို ၏။ ဥဂ္ဂနံ၊ ပေါင်နှစ်သက်တို့၏။ အန္တေရေ၊ အကြားဌာ။ ဧကံ ဝဏ်၊ ဝံကိုက် နာ တစ်ခုသည်။ အတ္ထိ၊ ရှိ၏။ ဣမံ ဝဏ်၊ ဤ ဝံကိုက်နာသည်။ သုသန္ဓိ၊ ယောက်သွားခုံ မျက်နှာ၀ကဲ့သို့ ကောင်းစွာစေ့စပ်၏။ သဗ္ဗတ္ထဝိမဋ္ဌံ၊ ထက် ဝန်းကျင်မှ ကောင်းစွာပြုပြစ် ချောမော၏။ ပုထု၊ ကြီးလည်းကြီး၏။ သုဇာတံ၊ ကောင်းသောသဏ္ဌာန်လည်း ရှိ၏။ ခရပတ္တသန္နိဘံ၊ ပွင့်လုခါနီး ဖြစ်သော ပဒုမ္မာကြာငုံဖူးနှင့်တူသော မျက်နှာရှိ၏။ တေနေ၀၊ ထိုသို့ အနာရှိသောကြောင့်လျှင်။ မာဏ၀ေါ၊ ရှင်ရသေ့ပျိုသည်။ ဝိ၀ရိယ၊ ကိုယ် ဝတ်ကို ဖွင့်လှစ်တည့်၍။ မံ၊ ငါ့ကို။ ဥတ္ထရိယာန၊ ဖိထည့်၍။ ဥရုံဇဃ-နေန၊ ပေါင် ခါးစောင်ဖြင့်။ ပိဠယိ၊ ညှပ်၏။

၄၂။ တာတ၊ ခမည်းတော်။ တဿ မာဏ၀ဿ၊ ထို ရှင်ရသေ့ ပျို၏။ သရီရတော၊ ကိုယ်မှ။ နိစ္ဆရန္တာ၊ ပြိုးပြိုးပြက်ပြက် ထွက်လတ်ကုန် သော။ သု၀ဏ္ဏ၀ဏ္ဏာ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်သော။ ရသ္မိ-ယော၊ အရောင်တို့သည်။ အန္တလိက္ခေ၊ ကောင်းကင်၌။ သတေရတာ၊ အစဉ်မပြတ် တလျှပ်လျှပ်ရှိကုန်သော။ ဝိဇ္ဇုရိ၀၊ လျှပ်စစ်နွယ်တို့ကဲ့သို့။ တပန္တိ၀၊ ထိန်ထိန် ဝင်းကုန်သလျှင်ကတည်း။ အာဘန္တိ၀၊ အလွန်

www.dhammadownload.com

ထွန်းပကုန်သလျှင်ကတည်း။ ဝိရောစနေစ၊ အထူးသဖြင့် ထွန်းလင်းကုန်သလျှင်ကတည်း။ တဿ၊ ထိုရှင်ရသေ့ပျို၏။ အဉ္ဇနလောမ သဒိသာ၊ မျက်စဉ်းညို အဆင်းနှင့်တူသော အဆင်းရှိကုန်သော အမွေးတို့နှင့် ပြည့်စုံကုန်သော။ ဗာဟာ၊ မောင်းနှစ်ဖက်တို့သည်၊ မုဒူ၊ နူးညံ့လှကုန်၏။ တဿ၊ ထိုရှင်ရသေ့ပျို၏။ ဟတ္ထာ၊ လက်တို့သည်။ ဝိစိတြဝဋ္ဋင်္ဂုလိကာ၊ ဆန်းကြယ်လှစွာ သန္ဓာညွှန့်နှင့် တူကုန်သော လုံးသော လှက်ချောင်းရှိကုန်သည် ဖြစ်၍။ သောဘရေ၊ တင့်တယဲကုန်၏။

၄၃။ တာတ၊ ခမည်းတော်။ သော မာဏဝေါ၊ ထိုရှင်ရသေ့ပျိုသည်။ အကက္ကသင်္ကော၊ ပေးဝဲမစဲ ရှုမရဲသော ကိုယ်ရှိ၏။ အဿ၊ ထိုရှင်ရသေ့ပျို၏။ နစ ဒီဃာလောမာ၊ အမွေးတို့သည် ရှည်လည်းမရှည်ကုန်။ အဿ၊ ထိုရသေ့ပျို၏။ နခါ၊ လက်သည်းတို့သည်။ ဒီဃာ၊ ရှည်ကုန်၏။ အပိစ၊ ရှည်ကာသာလည်း မဟုတ်သေး။ လောဟိတင်္ကော၊ ကျေးနှုတ်သီးကဲ့သို့ တွေးတွေးနီသော အဆင်းလည်း ရှိကုန်၏။ ကလျာဏရူပေါ၊ ကောင်းသော သဘောရှိသော ရှင်ရသေ့ပျိုသည်။ မုဒုဟိ၊ နူးညံ့ကုန်သော။ ဗာဟာဟိ၊ မောင်းနှစ်ဖက်တို့ဖြင့်။ ပလိဿဇ္ဇန္တော၊ ငါ့ကိုပိုက်ဖက်၍။ ရမယံ-ရမယန္တော၊ မွေ့လျော်စေလျက်။ ဥပဋ္ဌဟိ၊ ငါ့အား လုပ်ကျွေးပေ၏။

၄၄။ တာတ၊ ခမည်းတော်။ အဿ၊ ထိုရှင်ရသေ့ပျို၏။ ဟတ္ထာ၊ လက်တို့သည်။ တူလူပနိဘာ၊ ဝါဂွမ်းစုကဲ့သို့။ မုဒု၊ နူးညံ့ကုန်၏။ ပဘာသရာ၊ ပြိုးပြိုးပြက်ပြက် ထွက်လတ်သော အရောင်ရှိကုန်၏။ သုဝဏ္ဏကမ္မုတလဝန္တော၊ ရွှေကြေးမုံကဲ့သို့ ညီညွတ်သော လက်ဝါးပြင် ပွတ်တင်သကဲ့သို့ လုံးသော၊ လက်ခြောင်း ရှိကုန်၏။ သုစ္ဆဝိ၊ ကောင်းသော အရေအသားရှိကုန်၏။ သော၊ ထိုရှင်ရသေ့ပျိုသည်။ တေဟိ၊ ထိုသို့သဘောရှိကုန်သော။ မုဒုကေဟိ၊နူးညံ့လှကုန်သောလက်တို့ဖြင့်။ မံ၊ ငါ့ကို။ သံဖုသိတ္ဝာ၊ ကောင်းစွာတို့၍။ ဣတော၊ ဤကျောင်းမှ။ ဂတော၊ငါမျှော်လိုက်စဉ်ပင် သွားရှာလေ၏။တေန၊ထိုသို့နူးညံ့လှကုန်သော လက်တို့ဖြင့် ငါကို တို့၍ သွားရှာလေသောကြောင့်။ မံ-မမ၊ ငါ၏။ စိတ္တံ၊ စိတ်သည်။ ဒဟတိ၊ ပူလှောကြ၏။

၄၅။ တာတံ၊ ခမည်းတော်။ သော ဣသိ၊ ထိုရှင်ရသေ့ပျိုသည်။ ခါရိဝိဓံ၊ ပရိက္ခရာဖြင့်ပြည့်သော ဝန်ကို။ နဝဟတိနူန၊ မထမ်း

www.dhammadownload.com

လေသည် ထင်၏။ သော ဣသိ၊ ထို ရှင်ရသေ့ ပျိုသည်။ သယံ၊ ကိုယ်တိုင်။ ကဋ္ဌာနိ၊ မီးပူဇော်စရာထင်းတို့ကို။ နအာဘဉ္ဇိ နုန၊ ခွဲဘူးဟန်မရှိ။ သော ဣသိ၊ ထို ရှင်ရသေ့ ပျိုသည်။ ဒုမေ၊ သစ်ပင်တို့ကို။ ကုဒါရိယာ၊ ပုဆိန်ဖြင့်။ န ဟန္တိ နုန၊ ပေါက်ဘူးဟန်မရှိ။ ဟိ-သစ္စံ၊ မှန်၏။ အာဿ၊ ထို ရှင်ရသေ့ ပျို၏။ ဟတ္ထေသု၊ လက်တို့၌။ ခိဏာနိ၊ ပွန်းရာ ပေါက်ရာတို့သည်။ န အတ္ထိ-နသန္တိ၊ မရှိကုန်။

၄၆။ တာတ၊ ခမည်းတော်။ အစ္ဆော စ ခေါ၊ ဝံတစ်ခုသည်လျှင်။ အာဿ၊ ထို ရသေ့ ပျို၏။ ဥရုန္တရေ၊ ပေါင်ကြားဌာ။ ဝဏ်၊ အနာကို။ အကာသိ၊ ပြုလေ၏။ တာတ၊ ခမည်းတော်။ သော၊ ထို ရှင်ရသေ့သည်။ ဗြဟ္မေ၊ ဣသိသိင်္ဂရသေ့မြတ်။ တုံ၊ ရှင်ရသေ့သည်။ မံ၊ ငါ့ကို။ သုခိတံ၊ ချမ်းသာအောင်။ ကရောဟိ၊ ပြုပါလော့။ ဣတိ၊ ဤသို့။ မံ၊ ငါ့ကို။ အဗြဝိ၊ ဆို၏။ တေန၊ ထို ရှင်ရသေ့ ပျိုသည်။ မမ၊ ငါ့အား။ သုခိတံ၊ ချမ်းသာအောင်။ ကရောဟိ၊ ပြုပါလော့။ စုတ္တော၊ ဆိုအပ်သော။ သော အဟံ၊ ထို ငါသည်။ တ ဿ၊ ထို ရှင် ရ သေ့ ပျို အား။ သောချံ၊ ချမ်းသာအောင်။ ကရိ ံ၊ ပြုလိုက်၏။ တာတ၊ ခမည်းတော်။ ကာရိတော၊ ချမ်းသာအောင်ပြုသည်ရှိသော်။ သောတာပသော၊ ထို ရှင်ရသေ့ ပျိုသည်။ မံ၊ ငါ့ကို။ ဗြဟ္မေ၊ ဣသိသိင်္ဂ ရှင်ရသေ့မြတ်။ သုခိတော်သို့၊ ငါ ချမ်းသာပြီ။ ဣတိ၊ ဤသို့။ အဗြဝိ၊ ပြောဆို၍။

၄၇။ တာတ၊ ခမည်းတော်။ တေ-တဝ၊ ခမည်း တော် ၏။ မာလုဝပဏ္ဏသဏ္ဌာတာ၊ မာလေဝရွက်ဖြင့် မိုးအပ်သော။ အယဉ္စ၊ ဤ ကျောင်းတော်သည်လည်း။ အဇ္ဇ၊ ယနေ့။ မဟာစ၊ ငါသည်လည်းကောင်း။ တေနေစ၊ ထို ရှင်ရသေ့ ပျိုသည်လည်းကောင်း။ အညမညုပဇာမသနာ-လိင်္ဂနဝသေန၊ အချင်းချင်း သုံးသပ်ဖက်ရမ်းကြသည်၏ အစွမ်းအားဖြင့်။ ပရိဝတ္တန္တေဟိ၊ ထိုမှ ဤမှ လှိုင့်၍ ကျကုန်သောကြောင့်။ ဝိကိဏ္ဏရူပါဝ၊ ဖရိုဖရဲ ဤသို့သောသဘောရှိ၏။ တာတ၊ ခမည်းတော်။ အဟဉ္စ၊ ငါသည်လည်းကောင်း။ သော စ၊ ထို ရှင်ရသေ့ ပျိုသည်လည်းကောင်း။ ရမိတ္ဝာ၊ မွေ့လျော်ကြ၍။ ကိလန္တာရူပါ၊ ပင်ပန်းကြလျှင်။ ဥဒကေ၊ ရေအိုင်၌။ ရမိတ္ဝာ၊ ရေချိုးကြ၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ၊ ပဏ္ဏကုဋိ ံ၊ ကျောင်းတွင်းသို့။ ဝဇာမ၊ ဝင်ကြကုန်၏။

www.dhammadownload.com

၄၈။ တာတ၊ ခမည်းတော်။ အင်္ဂ၊ ယနေ့။ မမ၊ ငါ့အား။ မန္တာ်၊ ဗေဒင်တို့သည်။ နပ္ပဋိဘန္တီ၊ မထင်ကုန်။ အဂ်ိဟုတ္တာမို့၊ မီးပူဇော်ခြင်းသည်လည်း။ နပ္ပဋိဘာတိ၊ မထင်။ ယညန္တံပိ၊ ယဇ်ပူဇော်ခြင်းသည်လည်း။ နပ္ပဋိဘာတိ၊ မထင်။ တတြ-တသ္မိ၊ ထိုအရပ်၌။ တံ ဗြဟ္မာစာရိ၊ ထို ရှင်ရသေ့ပျိုကို။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ နပသာမိ၊ မမြင်ရသေး။ တာဝ၊ ထို မမြင်ရသေးသမျှ ကာလပတ်လုံး။ တေ၊ သင်ခမည်းတော်၏။ မူလဖလာနိ၊ သစ်မြစ်သစ်သီးတို့ကို။ နစာပိ-ဘုဥ္ဇေ၊ ငါမစား။

၄၉။ တာတ၊ ခမည်းတော်။ ယဿာ ဒိသံ၊ အကြင် အရပ်မျက်နှာ၌။ သော ဗြဟ္မစာရီ၊ ထို ရှင်ရသေ့ပျို သည်။ ဝသတေ၊ နေ၏။ တံ ဒိတံ၊ ထိုအရပ်မျက်နှာကို။ တုဝံပိ၊ သင် ခမည်းတော်သည်လည်း။ အဒ္ဓါ၊ စင်စစ်။ ပဇာနာသိ၊ သိတော်မူအံ့။ တာတ၊ ခမည်းတော်၊ အဟံ၊ အကျွန်ုပ်သည်။ တေ၊ သင်ခမည်းတော်၏။ အဿမမို့၊ ကျောင်းတော်၌။ မာအမရိ၊ မသေခင်။ တံဒိသံ၊ ထိုရှင်ရသေ့ပျိုနေသောအရပ်သို့။ မံ၊ ငါ့ကို။ ခိပ္ပံပါပယ၊ လျင်စွာပို့ပါလော့။

၅၀။ တာတ၊ ခမည်းတော်။ ဝနံ၊ ရှင်ရသေ့ပျို၏ ကျောင်းကိုလည်း၍ တည်သောတောသည်။ ဝိစိတြဖုလ္လံ၊ အဖြူ အနီ အစရှိသည်တို့ဖြင့် ဆန်းကြယ်သော အဆင်း ရှိသော ပန်းပွင့်တို့ဖြင့် ပွင့်လင်းသာယာ၏။ ဒိဇာဘိဃုဋ္ဌံ၊ ငှက်အပေါင်းတို့၏ သာယာစွာ တွန်မြူးရာဖြစ်၏။ ဒိဇသံဃ-သေဝိတံ၊ ငှက်အပေါင်းတို့ မှီဝဲရာဖြစ်၏။ ဣတိ၊ ဤသို့။ မယာ၊ ငါသည်။ သုတံ၊ ရှင်ရသေ့ပျိုပြော၍ ကြားလိုက်ရ၏။ တာတ၊ ခမည်းတော်။ အဟံ၊ အကျွန်ုပ်သည်။ တေ၊ ခမည်းတော်ရှင်ရသေ့၏။ အဿမေ၊ ကျောင်းတော်၌။ ပါဏံ၊ အသက်ကို။ ပုရာဝိဇဟာမိ၊ မစွန့်ရခင်။ တံ ဝနံ၊ ထိုရှင်ရသေ့ပျိုနေရာ တောမြို့ဝင်သာသို့။ မံ၊ ငါ့ကို။ ခိပ္ပံပါပယ၊ လျင်စွာပို့တော်မူပါလော့။

ရသေ့ကြီး၏ ဆုံးမစကား

ဤသို့ တသမြည်တမ်းသော သားတော် ဣသိသိင်္ဂရသေ့ငယ်၏ ထို တသမြည်တမ်းသံကိုကြား၍ ဘုရားအလောင်းသည် ''တစ်ယောက်

www.dhammadownload.com

မိန်းမသည် ဤ ဣသိသိင်္ဂရသေ့ငယ်၏ သီလကို ဖျက်ဆီးသည်ဖြစ်လတ္တံ့”
ဟု သိ၍ သားတော် ဣသိသိင်္ဂရသေ့ငယ်ကို ဆုံးမတော်မူလိုရကား—

၅၁။ ဣမသ္မာ ဟံဇောတိရသေ ဝနမ္ပိ၊
ဂန္ဓဗ္ဗဒေဝစ္ဆရ သံဃသေဝိတေ။
ဣသိန မာဝါသေ သနန္တနမ္ပိ၊
နေတာဒိသံ အရတိ ံ ပါပုဏေထ။

၅၂။ ဘဝန္တိ မိတ္တာနိ အထော နဟောန္တိ၊
ဉာတီသု မိတ္တေသု ကရောန္တိ ပေမံ။
အယဉ္စ ဇမ္မော ကိသ ဝါနိဝိဒ္ဒ၊
ယော နေဝ ဇာနာတိ ကုတောမ္ပိ အာဂတော။

၅၃။ သံဝါသေန ဟိ မိတ္တာနိ၊ သန္ဒီယန္တိ ပုနပ္ပုနံ။
သေဒ မိတ္တော အသင်္ဂါ၊ အသံဝါသေန ဇီရတိ။

၅၄။ သစေ တုဝံ ဒက္ခသိ ဗြဟ္မစာရိ ံ၊
သစေ တုဝံ သလ္လပေ ဗြဟ္မစာရိနာ။
သမ္မဒ္ဓသဿံ မဟောဒကေန၊
တပေါ ကုဏ်ံ ခိပ္ပမိမံ ပဟိဿသိ။

၅၅။ ပုနပိ စေ ဒက္ခသိ ဗြဟ္မစာရိ ံ၊
ပုနပိ စေ သလ္လပေ ဗြဟ္မစာရိနာ။
သမ္မဒ္ဓသဿံ မဟောဒကေန၊
ဥသ္မာဂတံ ခိပ္ပမိ မံ ပဟိဿသိ။

၅၆။ ဘူတာနိ ဟေဘာနိ စရန္တိ ဟာတ၊
ဝိရူပရူပေန မနုဿလောကေ။
န တာနိ သေဝေထ နရော သပဉ္ဉော၊
အာသင်္ဂနံ နဿတိ ဗြဟ္မစာရိ—
ဟူသော ဤခြောက်ဂါထာတို့ကို ဆို၏။

၅၁။ တာတ၊ ချစ်သား ဣသိသိင်္ဂ။ ဂန္ဓဗ္ဗဒေဝစ္ဆရ သံဃသေဝိတေ၊ ဂန္ဓဗ္ဗ နတ်သမီးအပေါင်းတို့၏ မှီဝဲရာဖြစ်ထသော။ ဣသိနံ၊ ရသေ့သူမြတ်

www.dhammadownload.com

တို့၏။ အာဝါသေ၊ နေရာဖြစ်ထသော။ သနန္တနမြို့၊ ရှည်ကြာ ဟောင်း မြင်း လေပြီးထသော။ ဇာတိရသေ၊ ပူဇော်သော မီးအရောင်ဖြင့် တပြောင်ပြောင် ထွန်းပထသော။ ကွမသွာ-ကွမသို့၊ ဤသို့ သဘောရှိ သော။ ဝနမ့်၊ ဟိမဝန္တာတောဋ္ဌ။ ဝသန္တော၊ နေသော။ တုံ၊ သင် ချစ် သားသည်။ ယံ အနဘိရတိ၊ အကြင်ပညာရှိတို့အား မထိုက်မလျော်သော ငြီးငွေ့ခြင်းသို့။ ပတ္တော၊ ရောက်ချေပြီ။ ဇတာဒိသံ၊ ထိုသို့သဘောရှိသော။ အရတိ၊ ငြီးငွေ့ခြင်းသို့။ နပါပုဏေထ၊ မရောက်သင့်ပါတကား။

၅၂။ တာတ၊ ချစ်သား ကွသိသိဂ်။ လောကေ၊ လောကဋ္ဌ။ သတ္တာနံ၊ သတ္တဝါတို့အား။ မိတ္တာနိ၊ အဆွေခင်ပွန်းတို့မည်သည်။ ဘဝန္တိ၊ ရှိသည်လည်း ဖြစ်ကုန်၏။ အထော၊ ထိုမှတစ်ပါး၊ နဟောန္တိ၊ မရှိသည် လည်း ဖြစ်ကုန်၏။ တတ္ထ၊ ထိုအဆွေခင်ပွန်း ရှိ-မရှိဖြစ်ကုန်သော သူနှစ်ဦး တို့တွင်။ ယေသံ၊ အကြင်သူတို့အား။ ဟောန္တိ၊ အဆွေခင်ပွန်းရှိသည် ဖြစ် ကုန်၏။ တေ၊ ထိုအဆွေခင်ပွန်း ရှိကုန်သော သူတို့သည်။ ဉာတီသု၊အဆွေ အမျိုး တော်ကုန်သော။ မိတ္တေသု၊ အဆွေခင်ပွန်း တို့၌သာလျှင်။ ပေမံ၊ ချစ်ခြင်းကို။ ကရောန္တိ၊ ပြုကြကုန်သည်တကား။ ယော၊ အကြင်ကွသိသိဂ် သည်။ အဟံ၊ ငါကား။ ကုတော၊ အဘယ်အရပ်မှ။ အာဂတော၊ လာ သည်။ အမှိ၊ ဖြစ်သနည်း။ ကွတိ၊ သို့။ တွေကမ်ဟိ၊ ဤမျက်ကိုလည်း။ နေဝ ဇာနာတိ၊ မသိသည်သာတည်း။ အထ၊ ထိုသို့မသိဘဲလျက်။ အယဉ္စဇမ္မော၊ ဤကွသိသိဂ် ရသေ့ယုတ်သည်လျှင်။ ကိဿဝါ၊ အဘယ် မည်သော အကြောင်းကြောင့်လျှင်။ နိဝိဋ္ဌော၊ မိန်းမ၌ အဆွေခင်ပွန်း ဟူသော အမှတ်ဖြင့် ချစ်ကျမ်းဝင်ရလေသနည်း။

၅၃။ တာတ၊ ချစ်သား ကွသိသိဂ်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သံဝါသေနဟိ၊ ပေါင်းဖော်ခြင်းလျှင်။ မိတ္တာနိ၊ အဆွေခင်ပွန်းတို့သည်။ သန္ဓိယန္တိ၊ တပေါင်းတည်း ဖြစ်ကုန်၏။ အသင်္ဂန္တော၊ မပေါင်းဖော်သော သူအား၊ကား။ သေဝမိတ္တော၊ ထိုအဆွေခင်ပွန်းသည်လျှင်။ အသံဝါသေန၊ မပေါင်းဖော်ခြင်းကြောင့်။ ဇီရတိ၊ ပျက်စီး၏။

၅၄။ တာတ၊ ချစ်သား။ တုဝံ၊ သင်သည်။ ငြဟ္မစာရိ၊ ဤကျောင်းသို့လာသော ရှင်ရသေ့ကို။ သစေ ဒက္ခသိ၊ အကယ်၍ မြင်ရ

www.dhammadownload.com

ပြန်အံ့။ တုဝံ၊ သင်သည်။ ဗြဟ္မစာရိနာ၊ ဤကျောင်းသို့ လာသော ရှင်ရသေ့နှင့်။ သစေသလ္လပေ၊ အကယ်၍ ပြောဟောပြန်အံ့။ အထ၊ ထိုသို့ မြင်ပြန် ပြောပြန် ဟောပြန်သည်ရှိသော်။ သမ္ပန္နသဿံ၊ ပြည့်စုံသော ကောက်ပင်ကို။ မဟောဒကေန၊ ပြင်းထန်စွာသော ရေသည်။ နိဟရိယတိ ဤဝ၊ မျောလေအပ်သကဲ့သို့။ တတာ၊ ထို့အတူ။ ဤမံ တဒေါဂုဏံ၊ ဤမြတ်သော အကျင့်တည်းဟူသော ဂုဏ်ကို။ ခိပ္ပံ၊ လျော်စွာ၊ တုံ၊ သင်သည်။ ပဟိဿသိ၊ မျောပေလတ္တံ့။

၅၅။ တာတ၊ ချစ်သား ဤသိသိဂ်။ ကုံ၊ သင်သည်။ ဗြဟ္မစာရိံ၊ ဤကျောင်းသို့ လာသော ရသေ့ကို။ ပုနပိ၊ တစ်ဖန်လည်း။ နဒက္ခသိစေ၊ မတွေ့ပြန်သည်ဖြစ်အံ့။ တုံ၊ သင်သည်။ ဗြဟ္မစာရိနာ၊ ဤကျောင်းသို့ လာသော ရသေ့နှင့်။ ပုနပိ၊ တစ်ဖန်လည်း။နဿုသလ္လပေစေ၊ မပြောဆိုပြန်သည် ဖြစ်အံ့။သမ္ပန္နသဿံ၊ပြည့်စုံသော ကောက်ပင်ကို။ မဟောဒကေန၊ များစွာသော ရေသည်။ ပဟေဿသိ ဤဝ၊ ရှင်းစေဘိသကဲ့သို့။ တထာ၊ထို့အတူ။ ဤမံဥဿဝဂတံ၊ ဤရသေ့ရဟန်းတို့၏ တန်ခိုးအရှိန်ကို။ တုံ၊ သင်သည်။ ခိပ္ပံ၊ လျင်စွာ၊ ပဟိဿသိ၊ ရှင်းစေလတ္တံ့။

၅၆။ တာတ၊ ချစ်သား ဤသိသိဂ်။ မနုဿလောကေ၊ လူ့ပြည်၌။ ဝိရူပရူပေန၊ အထူးထူးသော အဆင်းဖြင့်။ ဧတာနိ ဘူတာနိ စ၊ ထိုဘီလူးမတို့သည်လည်း။ စရန္တိ၊ လှည့်ပတ်သွားလာတတ်ကုန်။ တာနိ၊ ထိုဘီလူးမတို့ကို။ သပညော၊ ပညာရှိသော။ နရော၊ ယောကျ်ားသည်။ နဿေဝထ-နဿေဝယ္ယ၊ မမှီဝဲရာ။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်သော ရသေ့ရဟန်းသည်။ အာသဇ္ဇနံ၊မှီဝဲခြင်းသို့။ ပတ္ဝာ၊ရောက်၍။ နဿတိ၊ ပျက်စီးတတ်၏။

ဈာန်များ ပြန်ရလေပြီ

ထိုဤသိသိဂ်ရသေ့ငယ်သည် ခမည်းတော် ရှင်ရသေ့ကြီး၏စကားကို ကြားရလျှင် ''ထိုမိန်းမသည် ဘီလူးမဖြစ်သတတ်''ဟု ကြောက်လန့် ရကား မင်းသမီးသို့ ပြေးသွားသောစိတ်ကို ပြန်လည်စေ၍ ''ဖခင်.... ဤကျောင်းမှ မသွားပါအံ့၊ အကျွန်ုပ်အား သင်ဖခင်တို့သည် သည်းခံတော် မူပါကုန်''ဟု ဆို၍ ကန်တော့၏။

www.dhammadownload.com

ခမည်းတော် ရှင်ရသေ့ကြီးသည်လည်း ထိုသားတော် ဣသိသိဂ်ရသေ့ငယ်ကို သက်သာရာရစေ၍ "လုလင်....အမောင်သည် လာလှည့်မေတ္တာကို ပွားစေလော့, ကရုဏာကို ပွားစေလော့, မုဒိတာကို ပွားစေလော့, ဥပေက္ခာကို ပွားစေလော့" ဟုဆို၍ ဗြဟ္မာ ဝိဟာရဘာဝနာကို ကြားတော်မူ၏။ သားတော် ဣသိသိဂ်ရသေ့ငယ်သည်လဲည်း ခမည်းတော် ရှင်ရသေ့ကြီး ကြားတိုင်းကျင့်၏။ ဘစ်ဖန် စျာန် အဘိညာဉ်တို့ကို ဖြစ်၏။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည် ဤ နိလိနိကာဇာတ် ဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ သာသနာတော်၌ ငြိုးငွေ့ဆန့်ကျင် မပျော်ရှင်သည်ဖြစ်၍ လူထွက်ချင်သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား၊ "ယခုအခါ သာသနာတော်၌ ငြိုးငွေ့ဆန့်ကျင် မပျော်ရှင်သည်ဖြစ်၍ လူထွက်ချင်သော ရဟန်း၏ မယားဟောင်းသည် ထိုအခါ နိလိနိကာအမည်ရှိော မင်းသမီး ဖြစ်ဖူးပြီ၊ ယခုအခါ သာသနာတော်၌ ငြိုးငွေ့ဆန့်ကျင် မပျော်ရှင်သည်ဖြစ်၍ လူထွက်ချင်သော ရဟန်းသည် ထိုအခါ ဣသိသိဂ်ရသေ့ငယ် ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ခမည်းတော်ရသေ့ကြီး ဖြစ်ဖူးပြီ" ဤသို့ ဇာတ်ပေါင်းတော်မူ၏။

မ့ဘက်လိုက်ရာ၊ မိုက်ဘက်ပါ၊ ပညာပျက်တတ်သည်။
ရှေးဦးစွာသော နိလိနိကာဇာတ်သည် ပြီး၏။

၂-ဥမ္မာဒန္တီဇာတ်

ပညာရှိပုဂ္ဂိုလ်သည် ကိလေသာ၏အလိုသို့ မလိုက်
ဟောတော်မူရာဌာန နတ်နှင့်တကွသော လောကကို ဆုံးမတော်
မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "နိဝေသနံ ကာသု နုဒံ သုနန္ဒ"

www.dhammadownload.com

အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဥမ္မာဒန္တီဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် သာသနာတော်၌ ငြိုးငွေ့သောရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ကာမရောဂါ

ပစ္စုပ္ပန်ဝတ္ထု ထိုရဟန်းသည် တစ်နေ့သ၌ သာဝတ္ထိမြို့သို့ ဆွမ်းခံအံ့သောငှာ သွားသည်ရှိသော် တန်ဆာဆင်ခြင်းနှင့်စပ်သော မြတ်သော အဆင်းနှင့်ပြည့်စုံသော မိန်းမတစ်ယောက်ကို မြင်လေလျှင် တပ်စွန်းသော စိတ် ရှိသည်ဖြစ်၍ ထိုမိန်းမသို့ ပြေးသွားသော စိတ်ကို ပြန်လည်စိမ့်သောငှာ မတတ်နိုင်ရကား ကျောင်းသို့ သာလျှင် ပြန်ခဲ့သဖြင့် ထိုအခါမှစ၍ မြားစူးခြင်းကြောင့် တုန်လှုပ်သော သမင်ကဲ့သို့ ရာဂနှိပ်စက်သည်ဖြစ်၍ ကြုံကြုံလှိုလှို အကြော်ပြိုင်းပြိုင်း ထသော ကိုယ်ရှိသည်ဖြစ်၍ ဖက်ရွက်ရော်ကဲ့သို့ ဖြောတော့သော အဆင်းရှိသည်ဖြစ်၍ မပျော်မရွှင် တစ်ခုသော ဣရိယာပုထ်မျှလည်း စိတ်၏ချမ်းသာခြင်းကို မရလျှင် ဆရာ အားပြုသော အဝတ် အစရှိသည်တို့ကို စွန့်ပစ်လျက် ပါဋိဿင်ခြင်း, အဋ္ဌကထာသင်ခြင်း, ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၌ အားထုတ်ခြင်းမှ ကင်းသည်ဖြစ်၍ နေ၏။

ထိုရဟန်းကို အဆွေခင်ပွန်း အကျွမ်းဝင်ကုန်သော ရဟန်းတို့သည် "ငါ့ရှင်....သင်သည် ရှေးဦးငြိမ်သက်သော ဣန္ဒြေရှိ၏၊ ကြည်လင်သော မျက်နှာအဆင်းရှိ၏၊ ယခုတစ်မူကား ရှေးနှင့်မတူ၊ အကြောင်းကား အသို့နည်း" ဟု မေးအပ်သော ထိုငြိုးငွေ့သော ရဟန်းသည် "ငါ့ရှင်တို့....မမွေ့လျော်ခြင်း ဖြစ်၏" ဟု ဆို၏။

ကာမဂုဏ်၏ အပြစ်များ

ထိုအခါ ထိုရဟန်းကို အဆွေခင်ပွန်း အကျွမ်းဝင်ကုန်သော ရဟန်းတို့သည် ဆိုကြကုန်၏။ "ငါ့ရှင်.... မွေ့လျော်လော့၊ ဘုရားဖြစ်ခြင်းမည်သည်ကို အလွန်ရခဲ၏၊ သူတော်ကောင်းတို့၏ တရားကို နာရခြင်းကိုလည်း ထို့အတူ အလွန်ရခဲ၏၊ လူ့အဖြစ်ကို ရခြင်းကိုလည်း အလွန်ရခဲ၏၊ သင်သည် လူ၏အဖြစ်ကို ရပြီး၍ ဝဠုဆင်းရဲ၏ အဆုံးကို ပြုခြင်းကို တောင့်တသည်ဖြစ်၍ မျက်ရည်ယိုသော မျက်နှာရှိသော ဆွေမျိုးဖြစ်သော သူတို့ကိုစွန့်၍ သဒ္ဓါသဖြင့် ရဟန်းပြုလျက် အဘယ်ကြောင့် ကိလေသာ၏နိုင်ငံသို့ လိုက်ရဘိသနည်း။ ထို ကိလေသာတို့မည်သည်ကား

www.dhammadownload.com

တီဖြစ်သော သတ္တဝါကို အစပြု၍ အလုံးစုံသော သူမိုက်တို့အား ဆက်ဆံကုန်၏၊ အကြင် ငါးပါးသော ကာမဂုဏ်တို့သည် ထို ကိလေသာတို့၏ တည်ရာဖြစ်ကုန်၏၊ ထို ငါးပါးသော ကာမဂုဏ်တို့သည်လည်း ကြည်ညို့ဖွယ်မရှိကုန်၊ ဤငါးပါးကုန်သော ကာမဂုဏ်တို့၌ မျှားစွာကုန်သော ဆင်းရဲခြင်းတို့သည်, မျှားစွာကုန်သော ပင်ပန်းခြင်းတို့သည်, မျှားစွာကုန်သော အပြစ်တို့သည် ရှိကုန်၏၊ လွန်စွာလျှင် ကာမဂုဏ်တို့သည် အရိုးသက်သက်နှင့် တူကုန်၏၊ ကာမဂုဏ်တို့သည် သားဟစ်နှင့် တူကုန်၏၊ ကာမဂုဏ်တို့သည် မြက်မီးရှူးနှင့် တူကုန်၏၊ ကာမဂုဏ်တို့သည် မီးကျီးတွင်းနှင့် တူကုန်၏၊ ကာမဂုဏ်တို့သည် မျက်လှည့်သည်နှင့် တူကုန်၏၊ ကာမဂုဏ်တို့သည် အိပ်မက်နှင့် တူကုန်၏၊ ကာမဂုဏ်တို့သည် ချေးငှားရွေ့သုံးဆောင်အပ်သောဥစ္စာနှင့် တူကုန်၏၊ ကာမဂုဏ်တို့သည် အဆိပ်သီးနှင့် တူကုန်၏၊ ကာမဂုဏ်တို့သည် သန်လျက်နှင့် တူကုန်၏၊ ကာမဂုဏ်တို့သည် လုံတံကျင်နှင့် တူကုန်၏၊ ကာမဂုဏ်တို့သည် မြေဟောက်ဦးခေါင်းနှင့် တူကုန်၏၊ ကာမဂုဏ်တို့သည် မီးပုံကြီးနှင့် တူကုန်၏၊ သို့စင်လျှင် ဤသို့သဘောရှိသော ဘုရားသခင်သာ သာသနာတော်၌ ရဟန်းပြုပြီး၍ ဤသို့အကျိုးမဲ့ကိုသာ ပြုတတ်ကုန်သော ကိလေသာတို့၏ အလိုသို့ လိုက်တော့အုံ့လော''ဟု ဆိုကြကုန်၏။

ထိုသို့ ဆိုဆုံးမကုန်၍ မိမိဟို့၏စကားကို ယူစိမ့်သောငှာ မတတ်နိုင်ကုန်ရကား သဗ္ဗညု ဘုရားသခင်အထံတော်ဖြစ်သော တရားသဘင်သို့ ဆောင်ယူကုန်၍ ''ဗုဟန်းတို့....အလိုမရှိသော ရဟန်းကို အဘယ့်ကြောင့် ဆောင်ယူခဲ့ကြ ကုန်သနည်း''ဟု မေးတော်မူသည်ရှိသော် ''အရှင်ဘုရား.... ဤရဟန်းသည် သာသနာတော်၌ ငြီးငွေ့သတတ်''ဟု နှားတော်လျှောက်ကြကုန်၏။ သဗ္ဗညု မြတ်စွာဘုရားသည် ''ဗုဟန်း....မှန်ပေသလော'' ဟု မေးတော်မူ၍ ''ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား....မှန်ပေ၏'' ဟု နှားတော်လျှောက်သည်ရှိသော် ''ရဟန်း....ရှေးပညာရှိတို့သည် တိုင်းနိုင်ငံကို စီရင်ဆုံးမကုန်လျက်လည်း ကိလေသာဖြစ်သည်ရှိသော် ထိုကိလေသာ၏အလိုသို့ မလိုက်မူ၍ စိတ်ကိုတားမြစ်သဖြင့် မသင့်မလျော်သော အမှုကို မပြုကုန်''ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့....လွန်လေပြီးသော အခါ သိဝိတိုင်းအရိဋ္ဌပုရမြို့၌ သိဝိအမည်ရှိသောမင်းသည် မင်းပြု၏။ ဘုရားလောင်းသည်

www.dhammadownload.com

ထို သိဝိမင်း၏ မိဖုရားကြီးဝမ်းဌ ဖြစ်၏၊ ထို ဘုရားလောင်းအား "သိဝိသတ္တိသား" ဟူသော အမည်ကို မှည့်ကုန်၏။ စစ်သူကြီးအားလည်း သားသည် ဖွား၏၊ ထို စစ်သူကြီးသားအားကား အဘိပါရက ဟူသော အမည်ကို မှည့်ကုန်၏၊ ထိုမင်း၏သား, စစ်သူကြီး၏သား နှစ်ပါးတို့သည်လည်း အပေါင်းအဖော် ဖြစ်သဖြင့် ကြီးကြကုန်၏။ တစ်ဆယ့်ခြောက်နှစ်ရှိကုန်သော တက္ကသိုလ်ပြည်သို့ သွားကုန်ပြီးလျှင် အတတ်ကိုသင်၍ လာခဲ့ကြကုန်၏။ ခမည်းတော် သိဝိမင်းကြီးသည် သားတော်အား မင်းအဖြစ်ကို ပေးတော်မူ၏။ ထိုသားတော် သိဝိမင်းသည်လည်း အဘိပါရကကို စစ်သူကြီးအရာ၌ထား၍ တရားသဖြင့် မင်းပြု၏။

ဥမ္မာဒန္တီ

ထို အရိဋ္ဌပုရမြို့၌လျှင် ကုဋေရှစ်ဆယ်ကြွယ်ဝသော တိရိဋီဝစ္ဆ အမည်ရှိသော သူဌေးအား သမီးသည်ဖြစ်၏၊ မြတ်သောအဆင်းကို ဆောင်၏၊ တင့်တယ်ခြင်း အထွတ်သို့ရောက်၏၊ တင့်တယ်သော လက္ခဏာနှင့် ပြည့်စုံ၏၊ ထို သတ္တိသမီးအား အမည်မှည့်သောနေ့၌ "ဥမ္မာဒန္တီ" ဟူသော အမည်ကို မှည့်ကုန်၏။

ထို ဥမ္မာဒန္တီ သတ္တိသမီးသည် တစ်ဆယ့်ခြောက်နှစ်မြောက်သော အခါ လူတို့၏ အဆင်းကိုလွန်၍ နတ်သမီးကဲ့သို့ အလွန် အဆင်းလှ၏၊ ရှုချင်ဖွယ် ရှိ၏၊ ကြည်ညိုဖွယ် ရှိ၏၊ မြတ်သော အဆင်းနှင့် ပြည့်စုံ၏၊ အကြင် အကြင် ပုထုဇဉ်တို့သည် ထို ဥမ္မာဒန္တီ သတ္တိသမီးကို မြင်ကုန်၏၊ ထိုထိုပုထုဇဉ်တို့သည် မိမိတို့ သဘောအားဖြင့် ကိုယ်ကိုဆောင်အံ့သောငှာ မတတ်နိုင်ကုန်၊ သူရာယစ်သော သူဝို့ကဲ့သို့ ကိုလေသာဟူသော ယစ်ခြင်းဖြင့် ယစ်ကုန်သည်ဖြစ်၍ သတိကို ဖြစ်စိမ့်သောငှာ စွမ်းနိုင်သူမည်သည် မရှိကုန်။

ပုဏ္ဏားများ နှင်ထုတ်ခံကြရ

ထိုအခါ ဥမ္မာဒန္တီ သတ္တိသမီး၏ အဘဖြစ်သော တိရိဋီဝစ္ဆသူဌေးသည် သိဝိမစုံးသို့ကပ်၍ "အရှင်မင်းမြတ်....အကျွန်ုပ်အိမ်၌ အရှင်မင်းမြတ်အား ထိုက်သော မိန်းမရတနာ ဖြစ်၏၊ လက္ခဏာ ဖတ်တတ်ကုန်သော ပုရောဟိတ်တို့ကို ဇစတော်မူ၍ ထို မိန်းမ ရတနာကို စုံစမ်းစေ၍ အလိုတော်မြတ်ရှိတိုင်း မိန့်တော်မူပါလေ့" ဟု တင်လျှောက်၏။ သိဝိ

www.dhammadownload.com

မင်းသည် "ကောင်းပြီ" ဟု ဆို၍ ပုရောဟိတ်၏ ပုဏ္ဏားတို့ကို စေတော်မူ၏။ ထို ပုရောဟိတ် ပုဏ္ဏားတို့သည် တိရိဋ္ဌဝစ္ဆ သူဌေးအိမ်သို့ သွားကြကုန်သဖြင့် ပြုအပ်သော ပူဇော်သက္ကာရ မြတ်နိုးဘနာ ရှိကုန်သည်ဖြစ်၍ နို့ဃနာ ထမင်းကို စားကြကုန်၏။ ထိုခဏ၌ ဥမ္မာဒန္တီသည် အလုံးစုံသော တန်ဆာဖြင့် တန်ဆာဆင်လျက် ထို ပုရောဟိတ် ပုဏ္ဏားတို့၏ အထံသို့ သွား၏။ ထို ပုဏ္ဏားတို့သည် ဥမ္မာဒန္တီကို မြင်လျှင် သတိကို ဖြစ်စိမ့်သောငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ ကိုလေသာဟူသော ယစ်ခြင်းဖြင့် ယစ်ကုန်သည် ဖြစ်၍ မိမိတို့သည် ထမင်းစား၍ မပြီးသေးသည်၏ အဖြစ်ကို မသိကြကုန်။ အချို့ကုန်သော ပုဏ္ဏားတို့သည် ထမင်းလုပ်ကိုယူ၍ စားကုန်အံ့ဟူသော အမှတ်ဖြင့် ဦးခေါင်း၌ ထားကုန်၏။ အချို့ကုန်သော ပုဏ္ဏားတို့သည် လက်ကတီးကြား၌ချကုန်၏။ အချို့ကုန်သော ပုဏ္ဏားတို့သည် နံရံကို တိုးဝှေ့ကြကုန်၏။ အလုံးစုံကုန်သော ပုဏ္ဏားတို့သည် ရှုးကုန်သည်သာ လျှင် ဖြစ်ကုန်၏။

ဥမ္မာဒန္တီသည် ထို ပုဏ္ဏားတို့ကို မြင်လျှင် "ဤ အရှုးတို့သည် ငါ၏ လက္ခဏာကို စုံစမ်းကြကုန်လတ္တံ့ သတတ်" ဟု နှလုံးသွင်း၍ "ထို ပုဏ္ဏား တို့ကို လည်၌ကိုင်၍ နှင်ထုတ်လိုက်ကြကုန်" ဟု ဆို၍ နှင်ထုတ်စေ၏။

အပြစ်လျှောက်တင်

ထို ပုရောဟိတ် ပုဏ္ဏားတော်တို့သည် မျက်နှာမသာကုန်သည် ဖြစ်၍ မင်း၏ နေရာ နန်းတော်သို့ သွားကြကုန်ပြီးလျှင် "အရှင်မင်းမြတ်.... ဥမ္မာဒန္တီအမည်ရှိသော အကြင်မိန်းမသည် အမျက်ဟူးဟူးထွက်၏၊ ထို ဥမ္မာဒန္တီ အမည်ရှိသော မိန်းမသည် သူယုတ်မာတည်း၊ အရှင်မင်းမြတ်တို့ အား မထိုက်မလျော်ပါ" ဟု တင်လျှောက်ကြကုန်၏။ သိဝိမင်းသည် "သူယုတ်မဖြစ်သတတ်" ဟု ထို ဥမ္မာဒန္တီကို ဆောင်ယူတော်မမူစေ။

မင်းကို ရန်ငြိုးဖွဲ့

ဥမ္မာဒန္တီသည် ထို သတင်းစကားကိုကြား၍ "သူယုတ်တို့သည်ကား ဤသို့ သဘောရှိသည်မဖြစ်ကုန်" ဟု ဆို၍ သူယုတ်မဟု ထင်မှတ်တော်မူ၍ မယူသည်ဖြစ်စေ။ ထိုမင်းကို "အကဲယဲ၍ မြင်မှမြင်ရစေ၊ သိအံ့" ဟု ထို သိဝိမင်း၌ ရန်ငြိုးဖွဲ့၏။ ထို့နောင်မှ ဥမ္မာဒန္တီကို အဘ သူဌေးသည်

www.dhammadownload.com

စစ်သူကြီး အဘိပါရကအား ပေး၏။ ထို ညမ္မာဒန္တီသည် ထို စစ်သူကြီး အဘိပါရက၏ နှလုံးကို ပွားစေတတ်သော မယား ဖြစ်၏။

ညမ္မာဒန္တီ၏ ရှေးကုသိုလ်

[အဘယ်ကောင်းမှုကံ၏ အကျိုးကြောင့် ထို ညမ္မာဒန္တီသည် ဤသို့ အဆင်းလှသည် ဖြစ်လေသနည်း ဟူမူကား ဝတ်ပန်းဆိုးသော အဝတ်အလှူ၏ အကျိုးဆက်ကြောင့် ဤသို့ လှသည် ဖြစ်သတတ်။ ထို ညမ္မာဒန္တီသည် လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် သူဆင်းရဲအမျိုး၌ ဖြစ်၍ ပဲ့သဘင်ခံသောနေ့၌ ကောင်းမှုကံ၏ ပြည့်စုံကုန်သော မိန်းမတို့သည် ဝတ်ပန်းဆိုး အဝတ်ကို ဝတ်ကုန်၍ တန်ဆာဆင်ကုန်လျက် ကစားရှင်မြူးကြကုန်သည်တို့ကို မြင်လေလျှင် ထိုသို့ သဘောရှိသော အဝတ်ကို ဝတ်၍ ကစားမြူးရှင်လို ရကား မိဘတို့အား အကြောင်းကြား၏။ ထို မိဘတို့သည် "ချစ်သမီး....ငါတို့သည် အလှန် ဆင်းရဲကုန်၏၊ ငါတို့အား ဤသို့ သဘောရှိသော အဝတ်သည် အဘယ်မှာရှိအံ့နည်း" ဟု ထို မိဘတို့ ဆိုသည် ရှိသော် "ထိုသို့ တမြီးကား ငါ့ကို သူကြွယ်မျိုး တစ်ဦး၌ အခစား လုပ်စိမ့်သောငှာ အခွင့်ပြုကြကုန်လော့၊ ထို သူကြွယ်တို့သည် ငါ့အား ကျေးဇူးကိုသိ၍ ပေးလတ္တံ့" ဟု ဆို၍ ထို မိဘတို့သည် ခွင့်ပြုအပ်သည်ရှိသော် သူကြွယ်မျိုး တစ်ဦးသို့ ကပ်၍ "ဝတ်ပန်းဆိုး အဝတ်ဖြင့် အခစားလုပ်လိုပါ၏" ဟု ဆို၏။ ထိုအခါ ထိုအမျိုးသမီးကို သူကြွယ်တို့သည် "သုံးနှစ်ထို့ပတ်လုံး အမှုကို လုပ်ဆောင်သည်ရှိသော် ရှင်မအား ကျေးဇူးကို သိ၍ ပေးကုန်အံ့" ဟု ဆိုကြကုန်၏။ ထိုအမျိုးသမီးသည် ကောင်းပြီဟု ဝန်ခံ၍ အမှုကို လုပ်ဆောင်၏။

ထို သူကြွယ်တို့သည် ထိုအမျိုးသမီး၏ ကျေးဇူးကို သိ၍ သုံးနှစ်မပြည့်မီပင်လျှင် ထို အမျိုးသမီးအား ခိုင်ခံ့ထူထဲသော ဝတ်ပန်းဆိုး အဝတ်နှင့်တကွ တစ်ပါးလည်း ဖြစ်သော အဝတ်ကို ပေး၍ "ရှင်မ၏ သူငယ်ချင်း အဖော်တို့နှင့် အတူသွား၍ ရေချိုး၍ ဆင်ဝတ်လေလော့" ဟု ဆို၍ ထို အမျိုးသမီးကို စေကုန်၏။ ထိုအမျိုးသမီးသည် သူငယ်ချင်း အဖော်တို့ကို ခေါ်၍ သွားသဖြင့် ဝတ်ပန်းဆိုး အဝတ်ကို ကမ်းနားဌာန၌ ချ၍ ရေချိုး၏။ ထိုခဏ၌

www.dhammadownload.com

ကဿပ ဘုရားသခင်၏ တပည့်တော်ဖြစ်သော ရဟန်း တစ်ပါးသည် သင်္ကန်းကို ခိုးသူ လုယူသဖြင့် ချိုးအပ်သော သစ်ခက် သစ်ရွက်ကို ဝတ်ရုံ၍ ထိုအရပ်သို့ ရောက်လာ၏။ ထို အမျိုးသမီးသည် ထို သစ်ရွက် သစ်ခက်တို့ကို ဝတ်ရုံ၍လာသော ရဟန်းကို မြင်လျှင် "အရှင်ကောင်းသည် သင်္ကန်းကို ခိုးသူ လုယူသည် ဖြစ်လတ္တံ့" ဟု နှလုံးသွင်း၍ "ငါသည် ရှေး ဥ္စ လည်း မ လှူ ဘူး သည် ၏ အဖြစ်ကြောင့် အဝတ်ကို ရခဲသည်ဖြစ်၏" ဟု ကြံ၍ "ထို ဝတ်ပန်းဆိုး အဝတ်ကို နှစ်ပိုင်းဖြတ်ပြီးလျှင် တစ်ပိုင်းကို အရှင်ကောင်းအား လှူအံ့" ဟုကြံ၍ ရေမှဘက်ပြီးလျှင် မိမိအဝတ် တစ်ထည်ကိုဝတ်လျက် တစ်ထည်ကိုခြုံ၍ "အရှင်ဘုရား....ရပ်တော်မူပါလော့" ဟု တင်လျှောက်ပြီးလျှင် မထေရ်ကို ရှိခိုး၍ ဝတ်ပန်းဆိုး အဝတ်ကိုဖြတ်၍ ထိုမထေရ်မြတ်အား တစ်ပိုင်းကို လှူ၏။ ထို မထေရ်သည် တင့်တယ်လျောက်ပတ်သော ဖုံးကွယ်ရာအရပ်၌ ရပ်ပြီးလျှင် ချိုး၍ ဝတ်အပ်သော သစ်ခက်သစ်ရွက်ကိုစွန့်၍ တစ်ပိုင်းသော ဝတ်ပန်းဆိုးသင်္ကန်း၏ အစွန်းတစ်ဖက်ကိုဝတ်၍ ဘစွန်းကို ရုံ၍ ထွက်၏။ ထိုသို့ထွက်သောအခါ ဝတ်ပန်းပုဆိုးထည် သင်္ကန်းရောင်ကြောင့် ထိုမထေရ်မြတ်၏ ကိုယ်အလုံးသည် တက်သစ်သော နေလုလင်ကဲ့သို့ တစ်ခဲနက်နီသော အရောင်ဆွတ်၏။ အမျိုးသမီးသည် ထိုမထေရ်မြတ်ကိုမြင်လျှင် "ငါ့အရှင်ကောင်းသည် မဆွကမူ တင့်တယ်တော့ မမူသေး၊ ယခုကား တက်သစ်သော နေလုလင်ကဲ့သို့ တင့်တယ်ဘော်မူ၏။ ဤဝတ်ပန်းထည် တစ်ပိုင်းကိုလည်း ထိုအရှင်မြတ်အားသာလျှင် လှူဦးအံ့" ဟု နှစ်ခုမြောက်ဖြစ်သော ဝတ်ပန်းထည်ပိုင်းကို လှူပြန်၍ "အရှင်ဘုရား.... အကျွန်ုပ်သည် ဘဝတိုင်း ဘဝတိုင်း မြတ်သောအဆင်းကို ဆောင်နိုင်သည် ဖြစ်ရပါလို၏၊ အကျွန်ုပ်ကိုမြင်၍ တစ်စုံဘစ်ယောက်သော ယောကျ်ားသည် မိမိသဘောအားဖြင့် ကိုယ်ကို ဆောင်အံ့သော်ငှာ မစွမ်းနိုင်သည် ဖြစ်စေသော၊ တစ်ပါးသောမိန်းမသည် အကျွန်ုပ်ဘက်လွန်ကဲ၍ လှသည် မဖြစ်စေသတည်း" ဟု ဆုတောင်း၏။ မထေရ်မြတ်သည်လည်း "တောင်းတိုင်းပြည့်စုံစေ" ဟူသော အနုဒမဒနာကိုပြု၍ ကြွတော်မူ၏။ ထို အမျိုးသမီးသည် နတ်ပြည်၌ကျင်လည်၍ ထိုအခါ အရိဋ္ဌပုရပြည်၌ဖြစ်၍ ထိုသို့ သဘောရှိသည်ဖြစ်၏။]

www.dhammadownload.com

နက္ခတ်သဘင် ကြေးမကြော်ပြီ

ထိုအခါ ထိုအရိဋ္ဌပုရမြို့၌ တန်ဆောင်မုန်းလ နက္ခတ်သဘင်ခံခြင်းကို ကြေးကြော်ကုန်၏၊ တန်ဆောင်မုန်းလပြည့်နေ့၌ အရိဋ္ဌပုရမြို့ကို ပြုပြင်ဆင်ယင်ကြကုန်၏။

စစ်သူကြီး၏ မှာထားချက်

စစ်သူကြီး အဘိပါရကသည် စောင့်ရှောက် လုံခြုံစေအပ်သော အရပ်ဟု ဆိုအပ်သော, မိမိအိမ်သို့သွားပြီးလျှင် ထို ဥမ္မာဒန္တီကိုခေါ်၍ "ရှင်မ ဥမ္မာဒန္တီ....ယနေ့ တန်ဆောင်မုန်းလပြည့်နေ့သည်၌ ပဲသဘင်ခံသော အလှည့် ရောက်၏၊ အရှင်မင်းမြတ်သည် မြို့တော်ကို လက်ယာရစ် လှည့်လည်သည်ကို ပြုတော်မူသည်ရှိသော် ရှေးဦးစွာ ဤအိမ်တံခါးလမ်းသို့ ရောက်တော်မူလတ္တံ့၊ ထို အရှင်မင်းမြတ်အား ရှင်မကိုယ်တိုင် မပြပါလင့်၊ ထိုအရှင်မင်းမြတ်သည်လည်း ရှင်မကို မြင်တော်မူလျှင် သတိကို ထင်စိမ့်သောငှာ မစွမ်းနိုင်လတ္တံ့" ဟု ဆို၏။ ထို ဥမ္မာဒန္တီသည် "အရှင်....အရှင်သည် ကြွတော်မူလေလော့၊ အကျွန်ုပ်သည် သိုပါအံ့" ဟု ဆို၍ ထို စစ်သူကြီး အဘိပါရက သွားသည်ရှိသော် ကျွန်မကို စေဆိုမှာထား၏။ "ရှင်မ....ဤအိမ်တံခါးသို့ သိဝိမင်း ရောက်လာသောအခါ ငါ့အား ကြားလာလှည့်လော့" ဟု စေဆိုမှာထား၏။

မင်းကြီး မြို့တွင်းလှည့်

နေသည် ဝင်လတ်သည်ရှိသော လပြည့်ဝန်းသည် ထွက်ပြူလတ်သဖြင့် နတ်ပြည်ကဲ့သို့ တန်ဆာဆင်အပ်သော အရိဋ္ဌပုရမြို့အလုံးဝယ် ခပ်သိမ်းသော အရပ်မျက်နှာတို့၌ ဆီမီးတို့သည် တပြောင်ပြောင် ထွန်းတောက်ကုန်လတ်သော် သိဝိမင်းသည် အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော အာဇာနည်မြင်းကသော မြတ်သောရထားကိုစီး၍ မှူးတော်မတ်တော်အပေါင်း ခြံရုံလျက် များစွာသော စည်းစိမ်ဖြင့် အရိဋ္ဌပုရမြို့ကို လက်ယာရစ် လှည့်သည်ကို ပြုလတ်သော် ရှေးဦးစွာလျှင် အဘိပါရက စစ်သူကြီး အိမ်တံခါးသို့ ရောက်လေ၏။

www.dhammadownload.com

ဥမ္မာဒန္တီ ပန်းမြွောက်ကြဲ

ထို အဘိပါရက စစ်သူကြီး အိမ်သည်ကား ဆေးဒန်းမြင်းသီလာ အဆင်းနှင့်တူသော အဆင်းရှိသော တံတိုင်းဖြင့် ခြံရံအပ်၏။ တန်ဆာဆင် အပ်သော တံခါး ပစ္စင်ရှိ၏။ တင့်တယ်ခြင်းအစုသို့ ရောက်၏။ ကြည်ညို ဖွယ်ရှိ၏။ ထိုခဏ၌ စေဆိုမှာထားအပ်သော ကျွန်မသည် ဥမ္မာဒန္တီအား ကြားလျှောက်၏။ ထို ဥမ္မာဒန္တီသည် ပန်းပုံတောင်းကိုကိုင်ဖစ၍ တင့်တယ် လှစွာသော ကိုန္နရီမကဲ့သို့ လေသွန်တံခါးဝကိုမှီ၍ရပ်လျက် သိဝိမင်းကို ပန်းတို့ဖြင့် ပစ်၏။

ရထားထိန်းကို မေးကြည့်ပုံ

သိဝိမင်းသည် ထိုဥမ္မာဒန္တီကိုမြင်လျှင် မော်ကြည့်၍ ကိလေသာတည်း ဟူသော ယစ်ခြင်းဖြင့်ယစ်၍ သတိကို ထင်စိမ့်သောငှာ မတတ်နိုင်ရကား "ဤအိမ်သည် စစ်သူကြီး အဘိပါရက၏အိမ်တည်း" ဟု သိအံ့သောငှာလည်း မတတ်နိုင်။ ထိုအခါ ရထားထိန်းကိုခေါ်၍ မေးလိုရကား—

၅၇။ နိဝေသနံ ကဿ နုဒံ သုနန္ဒ၊
ပါကာရေန ပဏ္ဍုမယေန ဂုတ္တံ။
ကာ ဒိဿတိ အဂ္ဂိသိခါဝ ဒူရေ၊
ဝေဟာယသံ ပဗ္ဗတဂ္ဂေဝ အစ္စိ။

၅၈။ ဓိတာ နုယံ ကဿ သုနန္ဒ ဟောတိ၊
သုဏိသာ နုယံ ကဿ အဟောသိ ဘရိယာ။
အက္ခာဟိ မေ ခိပ္ပမိဇေဝ ပုဋ္ဌော၊
အဝါဝုဠာ ယဒိ ဝါ အတ္ထိ ဘတ္တာ—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၅၇။ သုနန္ဒ၊ ရထားထိန် သုနန္ဒ။ ပဏ္ဍုမယေန၊ နိသော အုတ်ဖြင့် ပြီးသော။ ပါကာရေန၊ တံတိုင်းဖြင့်။ ဂုတ္တံ၊ ခြံရံလုံခြုံစေအပ်သော။ ဣဒံ နိဝေသနံ၊ ဤအိမ်သည်ကား။ ကဿ၊ အဘယ်သူ၏။ နိဝေသနံ နု၊ အိမ်ပေနည်း။ တတ္ထ၊ ထိုအိမ်ထက်၌။ ဝါတပါနေ၊ လေသွန်ပြတင်းဝ၌။ ဌိတာ၊ ရပ်လျက်တည်နေသော။ ယာ၊ အကြင်အမျိုးသမီးသည်။ ဒူရေ၊

www.dhammadownload.com

ဝေးသော။ ဒဝဟာယသံ-ဝေဟာယသေ၊ ကောင်းကင်ပြင်၌။ အဂ္ဂိသိခါဝ၊ မီးလျှံကဲ့သို့။ ဒီဃတိ၊ ဝင်းဝင်းထင်၏။ သာ၊ ထိုအမျိုးသမီးသည်။ ကာ၊ အဘုယ်မည်သော မိန်းမနည်း။ သုနန္ဒ၊ ရထားထိန်း သုနန္ဒ။ ယာ မိတာ၊ အကြင် ပြတင်းပေါက်ဝ၌ ရပ်လျက်နေသော အမျိုးသမီးသည်။ ပဗ္ဗတဂ္ဂေ၊ တောင်ထိပ်ဖျားဌာ။ အစ္ဆိဏ္ဍဝ၊ မီးလျှံစုကဲ့သို့။ ဇောတလတိ၊ ထိန်ထိန်ဝင်း၏။

၅၇။ သုနန္ဒ၊ ရထားထိန်း သုနန္ဒ။ အယံ၊ ဤပြတင်းပေါက်ဝ၌ ရပ်လျက်နေသော အမျိုးသမီးသည်။ ကဿ၊ အဘယ်သူ၏။ မိတာ၊ သမီးသည်။ ဟောတိ နု၊ ဖြစ်လေသနည်း။ အယံ၊ ဤမိန်းမသည်။ ကဿ၊ အဘယ်သူ၏။ သုဏိသာ၊ ချွေးမ၊ သည်။ အဟောသိနု၊ ဖြစ်သနည်း။ ကဿ၊ အဘယ်သူ၏။ ဘရိယာ၊ မယားသည်။ အဟောသိနု၊ ဖြစ်သနည်း။ အယံ၊ ဤမီးလျှံတမျှ ထိန်ဝင်းပသော မိန်းမသည်။ အဝါ-ဝဋ္ဌာ၊ သိမ်းဆည်းသောဟူ မရှိသေးသော မိန်းမလော။ ယဒိ၊ ထိုသို့မဟုတ် မူကား။ ဘတ္တာဝါ၊ သိမ်းဆည်းအပ်သောသူသည်တည်း။ အတ္ထိ၊ ရှိပြီလော။ ဣဓေဝ၊ ဤအရပ်၌သာလျှင်။ ဧတံ ကာရဏံ၊ ထိုအကြောင်းကို၊ မယာ၊ ငါသည်။ ပုဋ္ဌော၊ မေးတော်မူအပ်သော အမောင်ရထားထိန်း သည်။ မေ၊ ငါ့အား။ ခိပ္ပံ၊ လျင်စွာ။ အက္ခာဟိ၊ တင်လျှောက်လော့။

ရထားထိန်း၏လျှောက်ချက်

ထိုသို့ မေးတော်မူသောအခါ ရထားထိန်း သုနန္ဒသည် မိမိအရှင် သိဝိမင်းအား တင်လျှောက်လိုရကား—

၅၉။ အဟဉ္စိ ဇာနာမိ ဇနိန္ဒ ဧတံ၊
မတျာစ ပေတျာ စ အထောပိ အဿာ။
တဝေဝ သော ပုရိသော ဘူမိပါလ၊
ရတ္တိံ ဒိဝံ အပ္ပမတ္တော တဝတ္တိ။

၆၀။ ဣဒ္ဓေါ စ ဖီတော စ သုဝဏ္ဏိတော စ၊
အမစ္စော စ တေ အညတရော ဇနိန္ဒ။
တသ္သေဝသာ ဘရိယာ ဘိပါဒကာသ၊
ညမ္မာဒန္တီ နာမဓေယျေန ရာဇ—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

၅၉။ ဇနိန္ဒ၊ လူတို့ကိုအစိုးရတော်မူသော မင်းမြတ်။ မတျာစ၊ အာမိလည်းကောင်း။ ပေတျာ စ၊ အဘမ္မလည်းကောင်း။ ဧတံ္ကတ္ထိ ံ၊ ထိုမိန်းမကို။ အဟံ၊ အက္ချန့်ပ်သည်။ ဇာနာမိ၊ သိပါ၏။ အထော၊ ထိုမှတစ်ပါး။ အဿာ၊ ထိုမိန်းမ၏။ သာမိကံပိ၊ လင်ကိုလည်း။ ဇာနာမိ၊ သိပါ၏။ ဘူမိပါလ၊ မြေအပြင်သူ ရှင်လူတို့ကို စောင့်တော်မူတတ်သော မင်းမြတ်။ အဿာ ဣတ္ထိယာ၊ ထိုမိန်းမ၏။ သာမ်ိကော၊ လင်ဖြစ်သော။ ယောပုရိသော၊ အကြင်ယောကျ်ားသည်။ အတ္ထိ၊ ရှိ၏။ သော ပုရိသော၊ ထို ယောကျ်ားသည်။ ရတ္တိ ံ ဒိဝံ၊ နေ့ည့်မပြတ်။ တဝ၊ အရှင်မင်းမြတ်၏။ အတ္ထေ၊ အမှုတော်ငှ့ါကို။ အပ္ပမတ္တော၊ မမေ့မလျော့ ထမ်းပိုးရွက်ဆောင်သော။ တဝေဝ၊ အရှင်မင်းမြတ်၏သျှင်။ ပုရိသော၊ ကျွန်တော်ရင်း အဘိပါရက မည်သော ယောကျ်ားပင်တည်း။

၆၀။ ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော။ ရာဇ၊ မင်းမြတ်။ နာမဓေယျန၊ အမည်အားဖြင့်။ ဥမ္မာဒန္တီတိ၊ ဥမ္မာဒန္တီ အမည်ရှိသော။ ယာ ဣတ္ထီ၊ အကြင်ပြတင်းပေါက်ဝ၌ ရပ်လျက်နေသော မိန်းမသည်။ အတ္ထိ၊ ရှိ၏။ သော ဣတ္ထီ၊ ထိုပြတင်းပေါက်ဝ၌ ရပ်လျက်နေသော မိန်းမသည်။ တေ၊ အရှင်မင်းမြတ်၏။ အမစ္စော၊ အမတ်တော်လည်း ဖြစ်သော။ ဣဿိ၊ ပြည့်စုံသည်လည်းဖြစ်သော။ ဖိတော စ၊ ပဋ်လင်းသည်လည်း ဖြစ်သော။ သုဝဏ္ဏတော၊ ကောင်းစွာ ကြိုးပမ်းသည်လည်း ဖြစ်သော။ အညတရော၊ ထင်ရှားဒသော။ ယော အဘိပါဏ်ကော၊ အကြင် အဘိပါရက သည်။ အတ္ထိ၊ ရှိ၏။ တဿ အဘိပါရကဿ၊ ထိုအဘိပါရက၏လျှင်။ ဘရိယာ၊ မယားပင်တည်း။


ဩဝ် ဥမ္မာဒန္တီ

ထိုရထားထိန်း သုနန္ဒ တင်လျှောက်သော စကားကိုကြား၍ သိဝိမင်း သည် ထိုမိန်းမ၏ အမည်ကို ချီးမွမ်းလိုရကား—

၆၁။ အမ္ဘော အမ္ဘော နာမမိဒံ ဣမိဿာ၊
မတျာစ ပေတျာစ ကတံ သုသာဓု။
တဒါ ဟိ မယ္ဟံ အဇဓလောကယန္တီ၊
ဥမ္မတ္တကံ ဥမ္မာဒန္တီ အကာသိ—

ဟူသော အခြားမရှိသော ဤဂါထာကို ဆို၏။

။ဂုဇ္ဈဒ၁:ဓမ္မဝဂ် :ယြ:ဒုဂဝဂ္ဂဏ ဌိလဏဇာ:ဓဂဏ:ဒုဂန္ဒိုင်ကိုင် ။၂-ဂုံ
(ဌဝဇာန္ဒိုင်ကိုင် ၊၈-၀၆၆)



www.dhammadownload.com

www.dhammadownload.com

၆၁။ အမ္ဘော အမ္ဘော၊ အို....အမတ်တို့။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ အဝလောကယန္တီ၊ ငါနှင့်သူနှင့် အချင်းချင်း ရှုမျှော်ကြသော။ ဥမ္မာသန္တီ၊ ဥမ္မာဒန္တီသည်။ တဒါ၊ ထိုသို့မျှော်ကြည့်စဉ်ကပင်။ မယုံ၊ ငါ့ကို။ ဥမ္မတ္တကံ၊ ရူးခြင်းကို။ အကာသိ၊ ပြု၏။ တသ္မာ၊ ထို့ကြောင့်။ မတျာစ၊ သူ့မိခင်သည် လည်းကောင်း။ ပေတျာစ၊ သူ့ဖခင်သည် လည်းကောင်း။ ကတံ၊ မှည့်ခေါ်အပ်သော။ ဣမိဿ၊ ဤမိန်းမ၏ ဣဒံ နာမံ၊ ဤဥမ္မာသန္တီဟူသော အမည်သည်။ သုဿောဓု၊ အလွန်ကောင်းပေစ့။

သိဝိမင်းကြီး ရူးရလေပြီ

ထိုဥမ္မာဒန္တီသည် သိဝိမင်း တုန်လှုပ်သောအဖြစ်ကိုသိလျှင် လေသုန် တံခါးကိုပိတ်၍ ကျက်သရေရှိသော အိပ်ရာတိုက်ခန်းသို့လျှင် သွားလေ၏။ သိဝိမင်းအားလည်း ထိုဥမ္မာဒန္တီကို မြင်ရသော ကာလမှစ၍ မြို့ကို လက်ယာရစ် လှည့်ခြင်းကို ပြုခြင်း၌ စိတ်မျှမဖြစ်လေ။ ထိုသိဝိမင်းသည် ရထားထိန်းသုနန္ဒကို ခေါ်တော်မူ၍ "အမောင် သုနန္ဒ....ရထားကို ပြန်လည်စေလော့၊ ဤပုဏ္ဏားသည် ငါတို့အား မလျော်ချေတကား၊ အဘိပါရကအမည်ရှိသော စစ်သူကြီးအားသာလျှင် သင့်လျော်ပေ၏၊ ထိုမင်း အဖြစ်သည်လည်း ထို အဘိပါရကအား သာလျှင် လျော်ပေ၏" ဟု ဆို၍ ရထားထိန်းကို ပြန်လည်စေပြီးလျှင် ရှေးနန်းပြာသာဒ်ထက်သို့ တက်ဘော်မူ၍ ကျက်သရေရှိသော အိပ်ရာတိုက်ခန်း၌ လျောင်းလျက် မြည်တမ်းလိုရကား—

၆၂။ ယာ ပုဏ္ဏမာသေ မိဂမန္ဒလောစနာ၊
ဥပါဝိသိ ပုဏ္ဏရိကတ္တစ္ဂိံ။
ဒွေ ပုဏ္ဏမာယော တဒဟု အမညဟံ၊
ဒိဿဝန ပါရာဝတရတ္တာဝါသိနိံ။လ။

၇၀။ သက္ကော စေ မေ ဝရံ ဒဇ္ဇံ၊
သော စ လဘေထ မေ ဝရော။
ကေရတ္တံ ဒိရတ္တံ ဝါ၊ ဘဝေယျ အဘိပါရကော။
ဥမ္မာဒန္တျာရမိတ္တာန၊ သိဝိရာဇာ တတော သိယာ—

ဟူသော ဤကိုးဂါထာတို့ကို ဆို၏။

www.dhammadownload.com

မျက်လုံးကလေးတွေ အလှ

၆၂။ ပုဏ္ဏရီကတ္တာစဂီ၊ ကြာနီပွင့်နှင့်တူသော အရေဖြင့် ဖုံးလွှမ်းအပ်သော ကိုယ်ရှိထသော။ မိဂမန္ဒလောစနာ၊ ယနေ့မွေးဖွားစဖြစ်သော သမင်မငယ်၏ မျက်စိနှင့်တူသော ပြုံးရွှင်ခြင်းကို ပြုလေ့ရှိသော မျက်စိရှိထသော။ ယာ ဣတ္ထိ၊ အကြင်မိန်းမသည်။ ပုဏ္ဏမာသေ၊ လပြည့်နေ့ ညဉ့်၌။ ပဒုမဝဏ္ဏေန၊ ပဒုမ္မာကြာပန်း အဆင်းနှင့်တူသော။ ကရတလေန၊ လက်ဝါးပြင်ဖြင့်။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ခိပိတ္ဝာ၊ ပစ်လိုက်၍။ မံ၊ ငါ့ကို။ ဩလောကေန္တီ၊ စိန်းစိန်းကြည့်လျက်။ ဝါတပါနေ၊ လေသုန် ပြတင်းဝ၌။ ဥပါဝိသိ၊ ရပ်လျက်နေ၏။ အဟံ၊ ငါသည်။ ပါရာဝတရတ္တဝါသိနိ်၊ ခို်ခြေ အဆင်းနှင့်တူသော နီသောအဝတ်ကို ဝတ်ထသော။ တံ ဣတ္ထိ်၊ ထိုမိန်းမကို။ ဒိသွာန၊ မြင်ရ၍။ တဒဟု၊ ထို ပဲ့သဘင်ခံသော လပြည့်နေ့၌။ ဒွေပုဏ္ဏမာယော၊ လပြည့်ဝန်းနှစ်ခုတို့သည်။ ဥဂ္ဂန္တွာ၊ ထွက်လာကုန်၏။ ဣတိ၊ ဤသို့။ အမည်၊ အောက်မေ့မိ၏။

၆၃။ ပဗ္ဗတေ၊ ဟိမဝန္တောတောင်၌။ ဇိတေ၊ တည်သော။ ဇာတိ-ဝနေ၊ ကောင်းစွာပွင့်သော မြတ်လေးပန်းတောင်၌။ ဝီဏံ၊ စောင်းကို။ အဲ့ဒါဃ၊ ယူ၍။ တန္တီဿရေန၊ စောင်းသံနှင့်။ အတ္တနော၊ မိမိ၏။ သရံ၊ သီချင်းသံကို။ သံသန္ဒန္တီ၊ နှိုးနှော ညှိညှဲတ်စေသော။ ကိ် ပုရိသိ၊ ကိန္နရီမသည်။ ကိ် ပုရိသဿ၊ ကိန္နရာဖို၏။ မနံ၊ ချစ်စိတ်ကို။ ဟရတိ-ယထာ၊ ဆောင်ယူဘိသကဲ့သို့။ တထာ၊ ထို့အတူ။ ဝဂ္ဂူ၊ ဘိ၊ ကောင်းသော အခြင်းအရာနှင့် ပြည့်စုံကုန်ထသော။ သုဘေဟိ၊ တင့်တယ်ကုန်သော။ အဋ္ဌာရပမေ့ဟိ၊ စုတ်နှင့်ငင်၍ မင်နှင့်ရေးသို့ ညှတ်ကွေးရှုဖွယ် တင့်တယ်သော မျက်မွေးရှိကုန်သော မျက်လုံးတို့ဖြင့်။ ဝိဇမ္ဘမာနာ၊ တင့်တယ် စံပယ်ခြင်းနှင့် ပြည့်စုံသော ဥမ္မာဒန္တီသည်။ မံ၊ ငါ့ကို။ ပလောဘယန္တီ၊ ကြိုက်နှစ်သက်ခြင်းကို ဖြစ်စေလျက်။ ယဒါ၊ အကြင် အခါ၌။ ဥဒိက္ခတိ၊ ကြည့်ဘိ၏။ တဒါ၊ ထိုအခါ၌။ မေ၊ ငါ၏။ မနော၊ စိတ်ကို။ ဟရုတေဝ၊ ဆောင်ယူနိုင်လေသလျှင်ကတည်း။

၆၄။ တဒါဟိ-တဒါဧဝ၊ ထိုအဘိပါရက၏ အို်မ်နှားသို့ ရောက်သောအခါ၌ သာလျှင်။ ဗြဟ္မတိ-ဥဋ္ဌာရာ၊ မွန်မြတ်စွာထသော။ သ်ာမာ၊

www.dhammadownload.com

ရွှေအဆင်းနှင့်တူသော အဆင်းရှိထသော။ အာမုက္ကမဏိကုဏ္ဍလာ၊ ပတ္တမြား နားတောင်း ဝတ်ထသော။ ဧကစ္ဆဝသနာ၊ တစ်လွှာတည်းသော အဝတ်ကို ဝတ်ထသော။ နာရီ၊ ရှင်မဥမ္မာဒန္တီသည်။ ဘန္တေ၊ တုန်လှုပ်သော။ မိဂီဝ၊ သမင်မကဲ့သို့။ မံ၊ ငါ့ကို။ ဥဒိက္ခတိ၊ ကြည့်လိုက်၏။

ခြေလက်အင်္ဂါအလှ

၆၅။ တမ္မုနာ၊ တွေးတွေးနိုသော လုက်သည်း ရှိထသော။ သုလောမာ၊ မျက်စဉ်းညို အဆင်းနှင့်တူသော ကောင်းမြတ် တင့်တယ်သော အမွေးရှိထသော။ မုဒုဗာဟာ၊ နူးညံ့သော မောင်းရှိထသော။ စန္ဒနသာရလိတ္တာ၊ ဂေါသီတစန္ဒကူးဖြင့် လိမ်းကျံသော ကိုယ်ရှိထသော။ ဝဋ္ဋင်္ဂုလီ၊ ရင်းကြိုးဖျားငယ် ရှည်သွယ်ညံ့ပျောင်း လုံးလျောင်းသော လက်ချောင်းလည်း ရှိထသော။ သုဘာ၊ တင့်တယ်စွာသော။ နံဘရီ၊ ရှင်မဥမ္မာဒန္တီသည်။ ကဒါ၊ အဘယ်နံခါမှ။ မံ၊ ငါ့ကို။ သီသတော၊ ဦးခေါင်းမှ။ ပဋ္ဌာယ၊ စ၍။ မန္ဒမန္ဒီ၊ နူးနူးညံ့ညံ့။ သန္ထတဓီရကုတ္တိယာ၊ ကောင်းစွာတွေ့စေခြင်းဟူသော လိမ္မာသော အမူအရာဖြင့်။ ဥပဋ္ဌိဿတိ၊ နှစ်သက်စေလတ္တံ့နည်း။

နှုတ်ခမ်း၊ ရင်၊ ခါးအလှ

၆၆။ ဗြဟ္မာဝနေ၊ ကျယ်သော တောဋ္ဌ။ ဇာတိဒုမံ၊ မြတ်လေးပင်ကို။ မာလုဝါ၊ မာလာနှယ်သည်။ ပလိဿဇိဿတိ ဣဝ၊ ရစ်ပတ်၍နှယ်ဘိသကဲ့သို့။ တထာ၊ ထို့အတူ။ ကဉ္စနဇာလုရစ္ဆဒါ၊ ရွှေကွန်ရက်နှင့်တူသော ရင်လွှမ်းတန်ဆာရှိသော။ ဝိလဂ္ဂမဇ္ဈာ၊ သေးသေးသွယ်သွယ်ငယ်သော ခါးလည်း ရှိထ,သော။ တိရိဋ္ဌိဿ၊ တိရိဋ္ဌိ ရှင်သူဌေး၏။ ဓိတာ၊ သမီးတော် ရှင်မ ဥမ္မာဒန္တီသည်။မုဒုဟိ၊ နူးညံ့ကုန်သော။ဗာဟာဟိ၊ မောင်းတို့ဖြင့်။ ကဒါ၊ အဘယ်နံခါမှ၊ မံ၊ ငါ့ကို။ ပလိဿဇိဿတိ၊ ပိုက်ဖက်ပါမည်နည်း။

၆၇။ သောဏ္ဏော၊ သေသောက်ကြူး တစ်ယောက် သည်။ သောဏ္ဍာဿ၊ သေသောက်ကြူး တစ်ယောက်အား။ သုရာယ၊ သေဖြင့်။ ပုရိတံ၊ ပြည့်သော။ ထာလံ၊ ခွက်ကို။ ဥပနာမေသိ ဣဝ၊ ကပ်လေဘိသကဲ့သို့။ တထာ၊ ထို့အတူ။ လာခါရသတ္တာသို့စ္ဆဝီ၊ လက်ဖဝါးခြေဖဝါး

www.dhammadownload.com

လက်သည်းဖျား ခြေသည်းဖျား နှုတ်ခမ်းသားတို့၌ ချိပ်ရည် ဆိုးသကဲ့သို့ တွေးတွေးနီသော ကောင်းသောအရေ အဆင်းရှိထ၏သော။ ဗိန္ဒုတ္ထနှီ၊ ရေပြုက်ကဲ့သို့ ဝန်းသော သားမြတ်လည်း ရှိထသော။ ပုဏ္ဏရိကတ္ထစင်္ဂီ၊ ကြာနီအဆင်းနှင့်တူသော အရေတို့ဖြင့် ဖုံးလွှမ်းသော ကိုယ်ရှိသော ရှင်မ ဥမ္မာဒန္တီသည်။ ကဒါ၊ အဘယ်နံခါမှ၊ မံ၊ ငါ့ကို။ မုခေနမုခံ၊ မျက်နှာချင်းချင်း။ ဥပနာမယိဿတိ၊ အပ်လာကပ်လာပါမည်နည်း။

၆၈။ သဗ္ဗဘာတ္တံ၊ အလုံးစုံသော အင်္ဂါကြီးငယ်နှင့် ပြည့်စုံထ, သော။ မနောရမံ၊ နှလုံးမွေ့လျော်ဖွယ် ရှိထသော။ တိဋ္ဌန္တီ၊ လေသွန် ပြတင်းဝ၌ ရပ်လျက်နေသော။ ယံ ဥမ္မာဒန္တီ၊ အကြင် ရှင်မ ဥမ္မာဒန္တီကို။ အဒ္ဒသံ၊ ငါ မြင်ခဲ့မိ၏။ တတော ပစ္ဆာ၊ ထိုသို့မြင်သည်မှ နောက်၌။ သကဿ စိတ္တဿ၊ မိမိစိတ်ကို။ ကိဉ္စနံ၊ တစ်ရံတစ်ခါမျှ။ နာ ဝေဟာဓာမိ၊ မသိနိုင်။

၆၉။ သဟဿံ ပရာဇိတော ဣဝ၊ ဥစ္စာတစ်ထောင်ရှုံးသောသူကဲ့သို့။မယာ၊ ငါသည်။ အာမုက္က မဏိကုဏ္ဍလာ၊ ပတ္တမြား နားတောင်း ဝတ်သော။ ဥမ္မာဒန္တီ၊ ရှင်မ ဥမ္မာဒန္တီကို။ ဒိဋ္ဌာ၊ မြင်ရသောကြောင့်။ အဟံ၊ ငါသည်။ ဒိဝါရတ္တိ၊ နေ့ညပတ်လုံး။ နာ သုပါမိ၊ မကျိန်းစက်နိုင်။

လိုချင်သောဆု

၇၁။ ဧကရတ္တံဝါ၊ တစ်ညဉ့်မျှပင် ဖြစ်သော် လည်းကောင်း။ ဒိဝရတ္တံ ဝါ၊ နှစ်ညဉ့်မျှပင် ဖြစ်သော်လည်းကောင်း။ ဥမ္မာဒန္တီ၊ ရှင်မ ဥမ္မာဒန္တီသည်။ မမ၊ ငါ၏။ ဂဂေဟ၊ ရွှေနန်းတော်၌။ ဘဝေယျ-ဘဝတု၊ စံနေလာသည် ဖြစ်ပါလေလော့။ဥမ္မာဒန္တိဿ၊ ရှင်မ ဥမ္မာဒန္တီနှင့်။ ရမိတ္ဝာန၊မွေ့လျော်ပျော်ရွှင်၍။အာဘိပါဂေကာ၊ အာဘိပါရက စစ်သူကြီးသည်။ဘဝ!ဖြစ်ဦးတော့။ တတော ပစ္ဆာ၊ ထို့နောင်မှ။သိဝိရာဇာ၊သိဝိမင်းသည်။သိယ-ဘဝါဟိ၊ဖြစ်ဦးတော့။ဣတိ၊ ဤသို့။ သက္ကော၊ သိကြားနတ်မင်းသည်။မေ၊ ငါ့အား။ယံဝရံ၊အကြင်ဆုကို။ ဒဇ္ဇေ စေ၊ပေးလာငြားအံ့။ သောစ ဝရော-တဉ္စဝရံ၊ ထိုဆုကိုပင်လည်း။ မေ၊ ငါသည်။ လဘေထ-လဘေယျ၊ ရချင်လှပါ၏။

www.dhammadownload.com

စစ်သူကြီး သိလေပြီ

ထိုသိဝိမင်း မြည်တမ်းသောအခါ မှူးတော် မတ်တော်တို့သည် အဘိပါရက စစ်သူကြီးအား ထိုအကြောင်းကို ကြားကြကုန်၏။ ''အရှင် စစ်သူကြီး....အရှင်မင်းမြတ်သည် မြို့တော်ကို လက်ယာရစ် လှည့်လည်တော် မူသည်ရှိသော် အရှင်စစ်သူကြီး အိမ်တံခါးသို့ ရောက်တော်မူလျှင် ပြန် လည်တော်မူခဲ့၍ ရှေနန်းသို့ တက်တော်မူ၏''ဟု အဘိပါရက စစ်သူကြီး အား ကြားကြကုန်၏။ ထိုအခါ အဘိပါရက စစ်သူကြီးလည်း မိမိအိမ်သို့ သွားပြီးလျှင် မယားဥမ္မာဒန္တီကို ခေါ်၍ ''ရှင်မ ဥမ္မာဒန္တီ....အရှင်မင်းမြတ် အား ရှင်မကိုယ်ကို ပြုသလော''ဟု မေး၏။ ''အရှင်....ရထားစီး၍ လာသော ကြီးသော ဝမ်းဗိုက်ရှိသော၊ ကြီးစွာသော အစွယ်ရှိသောယောကျ်ား တစ်ယောက်သည် ရှိ၏၊ အကျွန်ုပ်သည် ထိုဝမ်းဗိုက်ကြီးနှင့် ရထားစီး၍ လာသော ယောကျ်ားကို မင်းဟူ၍လည်းကောင်း၊ မင်းခစားယောကျ်ား ဟူ၍လည်းကောင်း မသိပါ၊ ''အရှင်တစ်ပါး''ဟူ၍ ပြောဆိုကြလျှင်ကား လေသာပြတင်းဝ၌ ရပ်လျက်နေ၍ ပန်းတို့ဖြင့် ထိုအရှင်ကို ပစ်လိုက်မိပေ ၏၊ ထိုအရှင်သည် ထိုပစ်စဉ်ခဏ၌ပင်လျှင် ပြန်လည်၍ သွားလေ၏''ဟု ပြောဆိုလေ၏။

နတ်ပူဇော်ခြင်း

ထိုအဘိပါရကသည် မယားဥမ္မာဒန္တီ ပြောဆိုသောစကားကို ကြားရ လျှင် ''ရှင်မသည် ငါ့ကို ဖျက်ဆီးအပ်၏''ဟုဆို၍ နက်ဖြန်နေ့၌ စောစောက လျှင် နန်းတော်သို့တက်၍ ကျက်သရေရှိသော အိပ်ရာတိုက်ခန်းတံခါးဝ၌ ရပ်၍ ဥမ္မာဒန္တီကို အမှီပြု၍ ယောင်ယမ်းမြည်တမ်းသော သိဝိမင်း၏ အသံ ကို ကြား၍ ''ဤမင်းသည် ဥမ္မာဒန္တီ၌ တပ်စွန်းသောစိတ် ရှိသည်ဖြစ်၏၊ ဥမ္မာဒန္တီကို မရသည်ရှိသော် သေလတ္တံ့၊ မင်းအား လည်းကောင်း, ငါ့အား လည်းကောင်း အကျိုးမရှိခြင်းမှလွဲတော်စေ၍ ဤမင်းအား ငါသည်၊ အသက်ကိုပေးခြင်းငှာ သင့်၏'' ဟု နှလုံးသွင်း၍ မိမိအိမ်သို့ သွားပြီးလျှင် မြဲမြံလုံခြုံစွာသော အတိုင်အပင်ရှိသော အလုပ်အကျေး တစ်ယောက်ကို ခေါ်စေ၍ ''အမောင်....ဤမည်သော အရပ်၌ အခေါင်းရှိသော လူတို့၏ ပူဇော်ရာ သစ်ပင်သည် ရှိ၏၊ အမောင်သည် တစ်စုံတစ်ယောက်သော သူကို မသိစေမူ၍ နေဝင်သည်ရှိသော် ထိုအရပ်သို့ သွား၍ သစ်ခေါင်းတွင်း၌

www.dhammadownload.com

နေနှင့်လော့၊ ငါသည် ထိုလူတို့ ပူဇော်ရာ သစ်ပင်၌ ပူဇော်ပသသော အမှူကို ပြုလျက် ထိုအရပ်သို့ ရောက်လျှင် နတ်အား ရှိခိုးလျက် ''အရှင် နတ်မင်း....ငါတို့ အရှင်မင်းမြတ်သည် မြို့တော်ပဲ့သဘင် ခံသည်ရှိသော် ကြည့်ရှု ရှင်မြူးတော်မူဘဲလျှင် ကျက်သရေရှိသော အိပ်ရာ တိုက်ခန်းသို့ ဝင်၍ ယောင်ယမ်းမြည်တမ်းတော်မူလျက် လျောင်းတော်မူ၏။ ငါတို့သည် ထို အရှင်မင်းကြီး အမှုအရာတော်၌ အကြောင်းကို မသိပါကုန်၊ အရှင်မင်းမြတ်သည် နတ်တို့အား မျှားစွာ ကျေးဇူးပြုတော်မူ၏၊ နှစ်စဉ်မပြတ် တစ်ထောင်သော ဥစ္စာကို စွန့်၍ ပူဇော်ပသသော အမှုကို ပြုဘော်မူ၏။ ဤမည်သောသူကို အမှီပြု၍ မြည်တမ်းယောင်ယမ်းတော်မူ၏'' ဟု ကြားပါကုန်၏၊ ငါတို့ အရှင်မင်းမြတ်အား ဇီဝိတဒါနကို ပေးပါကုန်လော့'' ဟု ဆို၍ တောင်းပန်လာအံ့၊ အမောင်သည် ထိုခဏ၌ အသံကို ဖောက်ပြန်စေ၍ ''စစ်သူကြီး....သင်တို့အရှင် သိဝိမင်းအား အနာမည်သည်ကား မရှိ၊ ထို သိဝိမင်းကြီးသည်ကား သင့်မယား ဖြစ်သော ဥမ္မာဒန္တီ၌ တပ်စွန်းသော စိတ် ရှိ၏၊ ထို ဥမ္မာဒန္တီကို အကယ်၍ ရအံ့၊ အသက်ရှင်လတ္တံ့၊ မရအံ့သေလတ္တံ့။ ထို သိဝိမင်းအား အသက်ရှင်ခြင်းကို အကယ်၍ အလိုရှိအံ့၊ ဥမ္မာဒန္တီကို ထိုမင်းအား ပေးလေလော့ ဟု ဆိုလော့'' ဟု ထို အလုပ်အကျေးကို သင်၍ လွှတ်လိုက်၏။ ထို အလုပ်အကျေးလည်း သွားလေ၍ ထို သစ်ပင်ခေါင်း၌ ဝင်အောင်းနေနှင့်၍ နက်ဖြန် မိုးသောက်သော နေ၌ စစ်သူကြီးသည် အမတ်အပေါင်း ခြံရံလျက် ထိုအရပ်သို့သွား၍ ခစား တောင်းပန်သည်ရှိသော် ထို စစ်သူကြီးမှာ လိုက်တိုင်းဆို၏။

အခစားဝင်ပြီ

စစ်သူကြီး အဘိပါရကသည် ''ကောင်းပြီ'' ဟု ဘို၍ နတ်ကို ရှိခိုးလျက် အမတ်တို့ကို ကြားသိစေပြီးလျှင် မြို့သို့ ဝင်သဖြင့် နန်းတော်သို့ တက်၍ ကျက်သရေရှိသော အိပ်ရာတိုက်ခန်း တံခါးကို ခေါက်၏။ သိဝိမင်းသည် သတိကိုဖြစ်စေ၍ ''ဤသူသည် အဘယ်သူနည်း'' ဟု မေး၏။ ''အရှင်မင်းမြတ်....အကျွန်ုပ် အဘိပါရကပါတည်း'' ဟု တင်လျှောက်၏။ ထိုသို့ တင်လျှောက်သောအခါ သိဝိမင်းသည် ထို အိပ်ရာတိုက်ခန်း တံခါးကို ဖွင့်တော်မူ၏။

မယားကို လှူခြင်း

ထို အဘိပါရကသည် အိပ်ရာတိုက်ခန်းသို့ ဝင်၍ သိဝိမင်းကို ရှိခိုးလျက် အကြောင်းကို တင်လျှောက်လိုရကား—

www.dhammadownload.com

၇၁။ ဘူဘာနိ မေ ဘူတပတိ နမဿတော၊
အာဂမ္မ ယက္ခော ဣဒံ မေ တဒဖြိဝိ။
ရညော မနော ဥမ္မာဒန္တိ၂ နိဝိဋ္ဌော၊
ဒဒါမိ တေ တံ ပရိစာရယဿု—
ဟူသော ဤဂါထာကို ဆို၏။

၇၁။ ဒေဝ၊ အရှင်မင်းမြတ်။ ဘူဘာနိ၊ နတ်တို့ကို။ နမဿတော၊ ရှိခိုးသော။ မေ-မမ၊ အကျွန်ုပ်၏။ သန္တိကံ၊ အထံသို့။ ဘူတပတိ၊ နတ်တကာတို့၏ အရှင်ဖြစ်သော။ ယက္ခော၊ နတ်မင်းသည်။ အာဂမ္မ၊ လာလတ်၍။ ရညော၊ သင်တို့အရှင် သိဝိမင်း၏။ မနော၊ စိတ်တော်သည်။ ဥမ္မဒန္တိ၂၊ ဥမ္မာဒန္တီ အမည်ရှိသော မိန်းမ၌။ နိဝိဋ္ဌော၊ ဝင်တော်မူ၏။ ဤတိ၊ ဤသို့။ ဧတံ ဝစနံ၊ ထိုစကားကို။ မေ၊ အကျွန်ုပ်အား။ အဖြိဝိ၊ ပြောဆို၏။ ဒေဝ၊ အရှင်မင်းမြတ်။ ဧတ၊ အရှင်မင်းမြတ်အား။ တံ၊ ထို ဥမ္မာဒန္တီကို။ တုမ္ဟာကံ၊ အရှင်မင်းမြတ်တို့၏။ ပရိစာရိကံ၊ အလုပ်အကျွေးတော်ကို။ ကတ္တာ၊ ပြု၍။ ဒဒါမိ၊ ဆက်ပါ၏။ ဘာယ၊ ထို ဥမ္မာဒန္တီ အမည်ရှိသော မိန်းမနှင့်။ သဒ္ဓိံ၊ တကွ။ ပရိစာရယဿု၊ မွေ့လျော်စံပျော်တော်မူပါလေ၃။

ရှက်၍ အလျှူမခံ

ထိုသို့ တင်လျှောက်သောအခါ အဘိပါရက စစ်သူကြီးကို သိဝိမင်းသည် "အရှယ်တူ အဘိပါရက....ဥမ္မာဒန္တီ၌ ငါ တပ်စွန်းတော်မူသော စိတ်ရှိသည်၏ အဖြစ်ကြောင့် ယောင်ယမ်း မြည်တမ်းတော်မူသည်၏ အဖြစ်ကို နတ်တို့သည်လည်း သိကြချေကုန်ပြီလော" ဟု မေးတော်မူ၏။ "အရှင်မင်းမြတ်....သိကြလေကုန်ပြီ" ဟု တင်လျှောက်၏။ "ခပ်သိမ်းသော လောကသည် ငါ ယုတ်မာသည်၏ အဖြစ်ကို သိကြချေကုန်သတတ်" ဟု ထို သိဝိမင်းသည် သူတော်ကောင်းသဘော၌ တည်၍ စစ်သူကြီး အဘိပါရကအား အကြောင်းကို ပြန်ကြားတော်မူလိုရကား—

၇၂။ ပုညော စ ဓံသေ အမရော နစမ္မီ၊
ဇနော မေ ပါပမိဒ္ဓ ဇညော။
ဘုသော်ဝ စ တျဿ မနသော ဝိဃာတော၊
ဒတ္တာ ပိယံ ဥမ္မာဒန္တိံ အဒဋ္ဌာ—
ဟူသော အခြားမရှိသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၂။ သမ္မ အဘိပါရက၊ အရှယ်တူ အဘိပါရက။ အဟံ၊ ငါသည်။ တာယ၊ ထို ဥမ္မာဒန္တီနှင့်။ သဒ္ဒိံ၊ တကွ။ ကိလေသဝသေန၊ ကိလေသာ၏ အစွမ်းအားဖြင့်။ ပရိစာရေန္တော၊ စံစားမွေ့လျော် ပျော်ရွှင်တော်မူခဲ့က။ ပုညာ စ၊ ကောင်းမှုမှလည်း။ ဓံသေ၊ ရွှေ့လျောရာ၏။ အမရော စ၊ မသေမကျေ နေရသည်လည်း။ နံ အမို့၊ မဖြစ်ချေ။ ဇနော စ၊ လူအပေါင်းသည်လည်း။ မေ၊ ငါ၏။ ဣဒံ ပါပဿ၊ ဤ ယုတ်မာသည်၏ အဖြစ်ကိုလည်း။။ ဇညာ၊ သိရာခဲ့၏။ တဝ၊ သင်၏။ ပိယံ၊ မယားဖြစ်သော။ ဥမ္မာဒန္တိံ၊ ဥမ္မာဒန္တီကို။ မမ၊ ငါ့အား။ ဒတ္တာ၊ ဆက်သ၍။ အဒဋ္ဌာ၊ မမြင်ရသောကြောင့်။ ဘုသော-ကေန္တေန၊ စင်စစ်သဖြင့်။ တေ-တဝ၊ သင့်အား။ မနသော၊ စိတ်၏။ ဝိဃာတော စ၊ ပင်ပန်းခြင်းသည်လည်း။ အဿ၊ ဖြစ်လေရာ၏။

ထပ်ကာလှူ၍ ငြင်းဆန်ပုံများ

ထို့နောင်မှ အဘိပါရက စစ်သူကြီးသည် အကြောင်းနှင့်တကွ တင်လျှောက်၍ ဥမ္မာဒန္တီကို ဆက်သပြန်လိုရကား—

၂၃။ ဇနိန္ဒ နာညံတြ တယာ မယာ ဝါ၊
သဗ္ဗာပိ ကမ္မဿ ကတဿ ဇညာ။
ယံ တေ မယာ ဥမ္မာဒန္တိ ပဒိန္နာ၊
ဘုသေဟိ ရာဇာ ဝနထံ သဇာဟိ—

ဟူသော ဤဂါထာကို ဆို၏။

၂၃။ ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသောမင်းမြတ်။ တယာ ဝါ၊ အရှင်မင်းမြတ်ကို လည်းကောင်း။ မယာ ဝါ၊ အကျွန်ုပ်ကို လည်းကောင်း။ အညတြ၊ ထား၍။ သဗ္ဗာပိ ပဇာ၊ အလုံးစုံသော လူတို့သည်လည်း။ ကတဿ၊ ဥမ္မာဒန္တိကို ဆက်သခြင်းကို ပြုအပ်သော။ ကမ္မဿ၊ အမှုကို။ နဇညာ-နဇာနိဿန္တိ-မသိကုန်လတ္တံ့။ ယံ ယေန ကာရဏေန၊ အကြင့်ကြောင့်။ မယာ၊ အကျွန်ုပ်သည်။ တေ၊ အရှင်မင်းမြတ်အား။ ဥမ္မာဒန္တိ၊ ဥမ္မာဒန္တိကို။ ပဒိန္နာ၊ ဆက်သအပ်ပြီ။ တေန ကာရဏေန၊ ထို့ကြောင့်။ ရာဇာ၊ အရှင်မင်းမြတ်သည်။ ဝနထံ၊ အလိုတော်ကို။ ဘုသေဟိ၊ ဖြည့်တော်မူလော့။ သဇာဟိ၊ အလိုတော်ပြည့်မှ အကျွန်ုပ်အား သနားတော်မူဦးလော့။

www.dhammadownload.com

သိဝိမင်းသည် ထို အဘိပါရက စစ်သူကြီး ဆက်သ တင်လျှောက်သော စကားကို တရားသဖြင့် ပယ်တော်မူလိုရကား-

၂၄။ ယော ပါပကံ ကမ္မကရံ မနုဿော၊
သော မညတိ မာယိဒမညိံ သု အညေ။
ပဿန္တီ ဘူတာနိ ကရောန္တမေတံ၊
ယုတ္တာ စ ယေ ဟောန္တီ နရာ ပထဗျာ။

၂၅။ အညောနုံတေ ကောစိနရော ပထဗျာ၊
သဒ္ဓေယျံ လောကသ္မိံနမေပိယာတိ။
ဘူတော စ တျာဿ မနသော ဝိဃာတော၊
ဒတ္ဝာ ပိယံ ဥမ္မဒန္တီံ အဒဋ္ဌာ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၂၄။ သမ္မ အဘိပါရက၊ အရှယ်တူ အဘိပါရက။ ယော မနုဿော၊ အကြင် လူသည်။ ပါပကံ၊ ယုတ်မာသော၊ ကမ္မံ၊ အမှုကို။ ကရံ၊ ပြုသည်ရှိသော်။ သော မနုဿော၊ ထိုလူသည်။ ပစ္ဆာ၊ နောက် ကာလ၌။ ဣဓ၊ ဤလောက၌။ အညေ၊ တစ်ပါးကုန်သော သူတို့သည်။ မမ၊ ငါ၏။ ဣဒံ ပါပကမ္မံ၊ ဤ ယုတ်မာသော အမှုကို။ မာ မညိံ သု၊ မသိကုန်သတည်း။ ဣတိ၊ ဤသို့။ မညတိ၊ အောက်မေ့၏။ ကရောန္တံ၊ ပြုစဉ်ကပင်။ တဿ၊ ထိုသူ၏။ ဧတံ ပါပကမ္မံ၊ ထို ယုတ်မာသော အမှုကို။ ဘူတာနိ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ အရှင်မြတ်တို့သည်။ (တစ်နည်းကား) ဘူတာနိ၊ နတ်တို့သည်။ ပဿန္တိ၊ မြင်ကုန်၏။ ပထဗျာ၊ မြေအပြင်၌။ ယေ နရာ စ၊ အကြင် လူတို့သည်လည်း။ ယုတ္တာ။ တန်ခိုးနှင့် ပြည့်စုံကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေစ၊ ထို လူတို့သည်လည်း။ ပဿန္တိ၊ မြင်ကုန်၏။

၂၅။ သမ္မ အဘိပါရက၊ အရှယ်တူ အဘိပါရက။ လောကသ္မိံ၊ လောက၌။ ပထဗျာ၊ အလုံးစုံသော မြေအပြင်၌။ အညော၊ တစ်ပါးသော။ ကောစိ၊ တစ်စုံ ဘစ်ယောက်သော။ နရော၊ လူသည်။ ဥ-တဝ၊ သင်၏။ သ ပိယာ၊ ထို မယား ဥမ္မာဒန္တီကို။ မေ၊ ငါ၏။ ပိယာတိ၊ မိဖုရားဟူ၍။ နု၊ စင်စင်။ န သဒ္ဓေယျ၊ မယုံကြည်လေရာ။ ပိယံ၊ ချစ်လှစွာ

www.dhammadownload.com

သော။ ဥမ္မာဒန္တီ၊ မယား ဥမ္မာဒန္တီကို။ မမ၊ ငါ့အား။ ဒတ္တာ၊ ဆက်သ၍။ ပစ္ဆာ၊ နောက်ကာလ၌။ အဒဋ္ဌာ၊ မမြင်ရ၍။ ဘုသော စ၊ လွန်စွာလည်း။ တေ-တဝ၊ သင့်အား။ မနသော၊ စိတ်၏။ ဝိဃာတော၊ ပင်ပန်းခြင်းသည်။ အဿ၊ ဖြစ်လေရာ၏။

ထိုစကားကိုကြား၍ အဘိပါရက စစ်သူကြီးသည် တစ်ဖန် ဆက်ခံစိမ့်သောငှာ အကြောင်းနှင့်တကွ တိုက်တွန်း တင်လျောက်ပြန်လိုရကား-

၇၆။ အဒ္ဓါ ပိယာ မယှ ဇနိန္ဒ သော၊
န သာ မမံ အပ္ပိယာ ဘူမိပါလ။
ဂစ္ဆဝ တုံ ဥမ္မာဒန္တိံ ဘဒန္တေ၊
သီဟာဝ သေလဿ ဂုဟံ ဥပေတိ-

ဟူသော ဤဂါထာကို ဆို၏။

၇၆။ ဇနိန္ဒ၊ အရှင်မင်းမြတ်။ သော၊ ဤ ဥမ္မာဒန္တီသည်။ မယှံ၊ အကျွန်ုပ်၏။ အဒ္ဓါ ပိယာ၊ စင်စစ် ချစ်မြတ်နိုးအပ်သော မယားပင်တည်း။ ဘူမိပါလ၊ ရေမြေ့ရှင်။ သာ၊ ထို ဥမ္မာဒန္တီသည်။ မမံ၊ အကျွန်ုပ်၏။ အပ္ပိယာ၊ မယားမဟုတ်သည်ကား။ န၊ မဟုတ်ပေ။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သီဟော၊ ကိုလေသာဖြင့် ပူပန်ခြင်းရှိသော သားများသေင့်နှင်း ခြသေ့မင်းသည်။ သေလဿ ဂုဟံသေလေန နိပ္ပန္နံဂုဟံ၊ ခြသေ့မငယ်၏နေရာ ပတ်တမြားဖြင့်ပြီးသော ဂူသို့။ ဥပေတိဣဝ၊ ကပ်လေသကဲ့သို့။ တထာ၊ ထို့အတူ။ တွံ၊ အရှင်မင်းမြတ်သည်။ ဥမ္မာဒန္တိံ၊ ဥမ္မာဒန္တီနေရာသို့။ ဂစ္ဆဝ၊ ကြွသွားတော်မူပါဦးလော့။ တေ၊ အရှင်မင်းမြတ်အား။ ဘဒ္ဒံ၊ ကောင်းခြင်းသည်။ အတ္ထု၊ ဖြစ်စေသတည်း။

ထိုစကားကို ကြား၍ သိဝိမင်းသည် အဘိပါရကအား တရားစကားဖြင့် ပြောဆိုတော်မူလိုရကား-

၇၇။ န ပီဠိတာ အတ္တာဒုခေန ဓီရာ၊ သုခပ္ပလံ ကမ္မ ပရိစ္စဇန္တိ။
သမ္မောဟိတာ ဝါပိ သုခေန မတ္တာ၊
န ပါပကမ္မဋ္ဌ သမာစရန္တိ-

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၃၇။ သမ္မ အာဘိပါရက၊ အရွယ်တူ အာဘိပါရက။ ဓီရာ၊ ပညာရှိတို့သည်။ အတ္တာဒုခေန၊ မိမိအား ဆင်းရဲခြင်းသည်။ ပဋိဋ္ဌတာ၊ နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ သုခပ္ပလံ၊ ချမ်းသာသော အကျိုးကို ပေးတတ်သော။ ကမ္မံ၊ ကောင်းမှုကံကို။ နပရိစ္စဇန္တိ၊ မစွန့်ကုန်။ သုခေန၊ ကာယသုခ, စိတ္တသုခဖြင့်။ မတ္တာ၊ မေ့လျော့ယစ်မူးကုန်သည်ဖြစ်၍။ သမ္မောဟိတာဝဝါပိ၊ ပြင်းစွာ တွေဝေကုန်သည် ဖြစ်၍လည်း။ ပါပကမ္မဋ္ဌ၊ ယုတ်မာသောအမှုကိုလည်း။ န သမာစရန္တိ၊ မကျင့်ကုန်။

ထိုစကားကိုကြား၍ အာဘိပါရကသည် မိမိအရှင် သိဝိမင်းအား အကြောင်းနှင့်တကွ တင်လျှောက်ပြန်လိုရကား—

၃၈။ တုဝဉ္ဉီ မာတာ ပိတာ စ မယ္ဟံ၊
ဘတ္တာ ပတိ ပေါသကော ဒေဝတာ စ။
ဒါသော အဟံ တုယ္ဟ သပုတ္တဒါရော၊
ယထာသုခံ သာမိ ကရောဟိ ကာမံ—
ဟူသော ဤဂါထာကို ဆို၏။

၃၈။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တုဝဉ္ဉီ၊ အရှင်မင်းမြတ်သည်သာလျှင်။ မယ္ဟံ၊ အကျွန်ုပ်၏။ မာတာ စ၊ အမိသည်လည်း။ အသိ၊ ဖြစ်တော်မူ၏။ ပိတာ စ၊ အဘသည်လည်း။ အသိ၊ ဖြစ်တော်မူ၏။ ဘတ္တာ စ၊ အရှင်သည်လည်း။ အသိ၊ ဖြစ်တော်မူ၏။ ပတိ စ၊ ကိုးကွယ်ရာသည်လည်း။ အသိ၊ ဖြစ်တော်မူ၏။ ပေါသကော စ၊ သားမယားနှင့်တကွ ကျွေးမွေးပေတတ်သော အရှင်သည်လည်း။ အသိ၊ ဖြစ်တော်မူ၏။ ဒေဝတာ စ၊ နတ်သည်လည်း။ အသိ၊ ဖြစ်တော်မူ၏။ သပုတ္တဒါရော၊ သားမယားနှင့်တကွ။ အဟံ၊ အကျွန်ုပ်သည်။ တုယ္ဟ၊ အရှင်မင်းမြတ်၏။ ဒါသော၊ ကျွန်သည်။ အမှိ၊ ဖြစ်၏။ သာမိ၊ အရှင် သိဝိမင်းမြတ်။ ယထာသုခံ၊ ချမ်းသာတော်မူတိုင်း။ ကာမံ၊ အလိုတော်ကို။ ကရောဟိ၊ ဖြည့်တော်မူလော့။

သိဝိမင်းသည် ထိုအာဘိပါရက စကားကို အကြောင်းနှင့်တကွ ပယ်တော်မူလိုရကား—

www.dhammadownload.com

၂၉။ ယော ဣဿရောမှိတိ ကရောသိ ပါပံ၊
ကတ္ထာစ သေစ နုတ္တာသတေ ပရေသံ။
န တေန သော ဇီဝတိ ဒီဃမာယု၊
ဒေဝါပိ ပါပေန သမေက္ခရေ နံ—
ဟူသော ဤဂါထာကို ဆို၏။

၂၉။ သမ္မ အာဘိပါရက၊ အမောင် အာဘိပါရက။ ယော၊ အကြင် သူသည်။ ဣဿရောမှိတိ၊ ငါ့အစိုးမရသော သူတကားဟူ၍။ ပါပံ၊ ယုတ်မာသောအမှုကို။ ကရောတိ၊ ပြု၏။ သော၊ ထိုသူသည်။ ကတ္ထာ စ၊ ယုတ်မာသော အမှုကို ပြုပြီး၍လည်း။ ပရေသံ၊ တစ်ပါးကုန်သောသူတို့အား။ အနုတ္တာသတေ၊ မထိတ်လန့်။ သော၊ ထိုသူသည်။ တေန၊ ထိုယုတ်မာသော အမှုကြောင့်။ ဒီဃံ၊ ကြာမြင့်စွာ။ နဇီဝတိ၊ အသက်မရှည်။ အာယု၊ အသက်သည်။ အပ္ပ မေဝ၊ တိုသည်သာလျှင်တည်း။ ဒေဝါပိ၊ သူတစ်ပါးတို့၏စိတ်ကို သိကုန်သော နတ်တို့သည်လည်း။ နံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ပါပေန၊ ယုတ်မာသော ရှုခြင်းဖြင့်။ သမေက္ခရေ၊ ရှုကုန်၏။

အာဘိပါရကသည် ထိုသိဝိမင်း၏ စကား၏ စကားကို ပြန်လျှောက်လိုရကား—

၈၀။ အညာတကံ သာမိကေဟိ ပဒိန္နံ၊
ဓမ္မေ ဌိတာ ယေ ပဋိစ္ဆန္နိ ဒါနံ။
ပဋိစ္ဆကာ ဒါယကာ စာပိ တတ္ထ၊
သုခပ္ဖလညော ကရောန္တိ ကမ္မံ—
ဟူသော ဤဂါထာကို ဆို၏။

၈၀။ မဟာရာဇ၊ မြတ်သော မင်းကြီး။ သာမိကေဟိ၊ ဥစ္စာရှင်တို့သည်။ ပဒိန္နံ၊ ဆက်သအပ်သော၊ အညာတကံ၊ သူတစ်ပါး၏ဥစ္စာဖြစ်သော။ ဒါနံ၊ ဒါနဝတ္ထုကို။ ဓမ္မေန၊ မိမိသဘောဌာန်။ ဌိတာ၊ တည်ကုန်သော။ ယေ၊ အကြင်သူတို့သည်။ ပဋိစ္ဆန္နိ၊ ခံကုန်၏။ တတ္ထ၊ ထိုနှစ်ဦးသော သူတို့တွင်။ ပဋိစ္ဆကာ စ၊ အလှူခံတော်သည် လည်းကောင်း။ ဒါယကာစာပိ၊ အလှူပေးတို့သည် လည်းကောင်း။ သုခပ္ဖလညော၊ ချမ်းသာသော အကျိုး

www.dhammadownload.com

ကို ပေးတတ်သည်သာလျှင် ဖြစ်သော။ ကမ္မံ၊ အမှုကို။ ကရောန္တီ၊ ပြုသည်မည်ကုန်၏။

သိုဝိမင်းသည် ဤသို့ချစ်လှစွာသော မယားကို အရှင်မင်းအား ဆက်သခြင်းဌာ အပြစ်ကို အဘိပါဂုကအား ကြားတော်မူလိုရကား—

၈၁။ အညောနု တေ ကောစိ နရော ပထဗျာ၊
သဒ္ဒေယျ လောကသ္မိံ နု မေပိယားတိ။
ဘုသော စ တျာဿ မနသော ဝိဃာတော၊
ဒတ္တာ ပိယံ ဥမ္မဒန္တိံ အဒဋ္ဌာ—

ဟူသော ဤဂါထာကို ဆို၏။

၈၁။ သမ္မ အဘိပါဂုက၊ အမောင် အဘိပါရုက။ လောကသ္မိံ၊ လောက၌။ ပထဗျာ၊ အလုံးစုံသော မြေအပြင်၌။ အညော၊ တစ်ပါးသော။ ကောစိ၊ တစ်စုံတစ်ယောက်သော။ နရော၊ လူသည်။ တေ-ဘဝ၊ သင်၏။ သာ ပိယာ၊ ထိုမယား ဥမ္မာဒန္တီကို။ မယ္ဟံ၊ ငါ၏။ ပိယာတိ၊ မယားဟူ၍။ နု၊ စင်စစ်။ န သဒ္ဒေယျ၊ မယုံကြည်ရာ။ ပိယံ၊ ချစ်မြတ်နိုးလှစွာသော။ ဥမ္မာဒန္တိံ၊ ဥမ္မာဒန္တီကို။ မမ၊ ငါ့အား။ ဒတ္တာ၊ ဆက်သ၍။ ပစ္ဆာ၊ နောက်၌။ အဒဋ္ဌာ၊ မမြင်ရ၍။ ဘုသော စ၊ လွန်စွာလည်း။ တေ-တဝ၊ သင့်အား။ မနသော၊ စိတ်၏။ ဝိဃာတော၊ ဆင်ရဲပင်ပန်းခြင်းသည်။ အဿ၊ ဖြစ်ရာ၏။

အဘိပါရုကသည် တစ်ဖန် အဆက်ခံစိမ့်သောငှာ တင်လျှောက်ပြန်လိုရကား-

၈၂။ အဒ္ဓါ ပိယာ မယ္ဟ ဇနိန္ဒ သော၊
နု သာ မမံ အပ္ပိယာ ဘူမိပါလ။
ယံ တေ မယာ ဥမ္မာဒန္တိံ ပဒိန္နာ၊
ဘုသေဟိ ရာဇ ဝနထံ သဇာဟိ-

ဟူသော ဤဂါထာကို ဆို၏။

၈၂။ ဇနိန္ဒ၊ အရှင်မင်းမြတ်။ သော၊ ဤဥမ္မာဒန္တီသည်။ မယ္ဟံ၊ အကျွန်ုပ်၏။ အဒ္ဓါ ပိယာ၊ စင်စစ် ချစ်မြတ်နိုးအပ်သော မယားပင်မှန်

www.dhammadownload.com

ပေ၏။ ဘူမိပါလ၊ ရေမြေ့အရှင်။ သာ၊ ထိုဥမ္မာဒန္တီသည်။ မမံ၊ အကျွန်ုပ်၏။ အပိုယာ၊ မယားမဟုတ်သည်ကား။ နာ၊ မဟုတ်ပေ။ ရာဇ၊ အရှင်မင်းမြတ်။ တေ၊ အရှင်မင်းမြတ်အား။ ယံ ယေနာ ကာရဏေန၊ အကြင်သို့သော အကြောင်းကြောင့်။ မယာ၊ အကျွန်ုပ်သည်။ ဥမ္မာဒန္တီ၊ ဥမ္မာဒန္တီကို။ ပဒိန္နာ၊ ဆက်သအပ်ပြီ။ တေန ကာရဏေန၊ ထိုသို့သော အကြောင်းကြောင့်။ တုံ၊ အရှင်မင်းမြတ်သည်။ ဝနထံ၊ အလိုတော်ကို။ ဘုသေဟိ၊ ဖြည့်တော်မူဦးလော့။ သဇာဟိ၊ တပ်စွန်းခြင်းပြေမှ အကျွန်ုပ်အား သနားတော်မူလော့။

သိဝိမင်းသည် ထိုအဘိပါရက တင်လျှောက်သော စကားကို တရားသဖြင့် ပယ်တော်မူလိုရကား-

၈၃။ ယော အတ္တာဒုခေန ပရဿ ဒုက္ခံ၊
သုခေန ဝါ အတ္တာသုခံ ဒဟာတိ။
ယထေဝိဒံ မယ္ဟ တထာ ပရေသံ၊
ယော ဧဝံ ဇာနာတိ သ ဝေဒိ ဓမ္မံ။

၈၄။ အညောနုတေ ကောစိ နရော ပထဗျာ၊
သဒ္ဓေယျံ့ လောကသ္မိ နပိယာတိ။
ဘုသော စတ္ဘာ မနသော ဝိဿာ တော၊
ဒတ္တာ ပိယံ ဥမ္မာဒန္တိံ အဒဋ္ဌာ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၈၃။ သမ္မ အဘိပါရက၊ အမောင် အဘိပါရက။ ယော၊ အကြင် သူသည်။ အတ္တာဒုခေန၊ မိမိအား ဆင်းရဲခြင်းသည်။ ပီဠိတော၊ နှိပ်စက်အပ်သည်ဖြစ်၍။ ဒုက္ခံ၊ မိမိကိုယ်၌ရှိသော ဆင်းရဲခြင်းကို။ အပနေတွာ၊ မိမိကိုယ်မှခွာ၍။ ပရဿ၊ သူတစ်ပါး၏။ သရီရေ၊ ကိုယ်ပေါ်၌။ ဒဟာတိ၊ တင်တတ်၏။ သုခေနဝါ-ပရဿသုခံ ဂဟေတွာဝါ၊ သူတစ်ပါး၏ချမ်းသာခြင်းကို ယူ၍မူလည်း။ အတ္တာသုခံ၊ မိမိကိုယ်၌ ချမ်းသာခြင်းကို။ ဒဟာတိ၊ တင်တတ်၏။ သော၊ ထိုသူသည်။ ဓမ္မံ၊ တရားကို။ နဇာနာတိ၊ မသိ။ ယောပန၊ အကြင်သူသည်ကား။ မယ္ဟံ၊ ငါ့အား။ ဣဒံ၊ ဤ ချမ်းသာ ဆင်းရဲသည်။ ဟောတိ ယထေဝ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။

www.dhammadownload.com

ပရေသံ၊ သူတစ်ပါးတို့အား။ ဣဒံ၊ ဤချမ်းသာ ဆင်းရဲသည်။ ဘဝေယျ၊ ဖြစ်လေရာ၏။ ဧဝံ၊ ဤသို့။ ဇာနာတိ၊ သိ၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ် သည်။ ဓမ္မံ၊ တရားကို။ ဝေဒီ၊ သိသည်မည်၏။

၈၄။ သမ္မ အာဘိပါရက၊ အရွယ်တူအာဘိပါရက။ လောကသ္မိံ၊ လောက၌။ ပထဗျာ၊ အလုံးစုံသော မြေအပြင်၌။ အညော၊ တစ်ပါးသော။ ကော့စိ၊ တစ်စုံတစ်ယောက်သော။ နရော၊ လူသည်။ တေ-တဝ၊ သင်၏။ သော ပိယော၊ ထိုမယား ဥမ္မာဒန္တီကို။ မေ၊ ငါ၏။ ပိယာတိ၊ မယားဟူ၍။ နု၊ စင်စစ်။ နသဒ္ဒေယျ၊ မယုံကြည်ရာ။ ပိယံ ဥမ္မာဒန္တိံ၊ မယား ဥမ္မာဒန္တီကို။ မမ၊ ငါ့အား။ ဒတ္ဝာ၊ ဆက်သ၍။ ပစ္ဆာ၊ နောက်ကာလ၌။ အဒဒ္ဒာ၊ မမြင်ရ၍။ ဘုသော စ၊ လွန်စွာတည်း။ တေ-တဝ၊ သင့်အား။ မနသော၊ စိတ်၏။ဝိယာတေဝ၊ ဆင်းရဲ ပင်ပန်းခြင်းသည်။ အဿ၊ ဖြစ်လေရာ၏။

အာဘိပါရက စစ်သူကြီးသည် အကြောင်းနှင့်တကွ တင်လျှောက်ပြန် လုံရကား—

၈၅။ ဇနိန္ဒ ဇာနာသိ ပိယာ မမေသာ၊
နမ္မံ အပ္ပိယာ ဘူမိပါလ။
ပိယေန တေ ဒမ္မိ ပိယံ ဇနိန္ဒ၊
ပိယဒါယိနော ဒေဝ ပိယံ လဘန္တိ—

ဟူသော ဤဂါထာကို ဆို၏။

၈၅။ ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော မင်းမြတ်။ တုံ၊ အရှင် မင်းမြတ်သည်။ ဇာနာသိ၊ သိတော်မူရာ၏။ ဧသော၊ ဤဥမ္မာဒန္တီသည်။ မမံ၊ အကျွန်ုပ်၏။ ပိယာ။ချစ်လှစွာသော မယားပင်မှန်ပေ၏။ ဘူမိပါလ၊ ရေမြေ့ရှင်။ သာ၊ ထိုဥမ္မာဒန္တီသည်။ မမံ၊ အကျွန်ုပ်၏ အပ္ပိယာ၊ မယား မဟုတ်သည်ကား။ န၊ မဟုတ်ပေ။ ဇနိန္ဒ၊ အရှင်မင်းမြတ်။ အဟံ၊ အကျွန်ုပ် သည်။ ပိယေန၊ ချစ်မြတ်နိုးသော ကောင်းကျိုးကို လိုသောကြောင့်။ ပိယံ၊ ချစ်မြတ်နိုးသော မယား ဥမ္မာသန္တီကို။ တေ၊ အရှင်မင်းကြီးအား။ ဒမ္မိ၊ ဆက်သပါ၏။ ဒေဝ။ အရှင်မင်းမြတ်။ ပိယဒါယိနော- ချစ်မြတ်နိုး

www.dhammadownload.com

အပ်သော ဝတ္ထုကို လှူလေ့ရှိကုန်သောသူတို့သည်။ သံသာရေ၊ သံသရာ၌။ သံသရန္တော၊ ကျင်လည်သည်ရှိသော်။ ပိယံ၊ ချစ်မြတ်နိုးသော ဝတ္ထုကို၊ လဘန္တီ၊ ရကုန်၏။

ထိုသို့ အဘိပါရက တင်လျှောက်သောစကားကို ကြား၍ မိမိ မဝံ့သောအကြောင်းကို ကြားတော်မူလိုရကား-

၈၆။ သော နူနာဟံ ဝဓိဿာမိ၊ အတ္တာနံ ကာမဟေတုကံ။
နု ဟိ မမံ အဓမ္မေန၊ အဟံ ဝဓိတု မုဿဟေ-
ဟူသော ဤဂါထာကို ဆို၏။

၈၆။ သမ္မ အဘိပါရက၊ အမောင် အဘိပါရက။ သော အဟံ၊ ထိုငါသည်။ ကာမဟေတုကံ၊ ကာမဟူသော အကြောင်းကြောင့်။ အတ္တာနံ၊ ကိုယ်ကို။ ဝဓိဿာမိနူန၊ ဖျက်ဆီးရတော့မည်လော။ ဟိ-သစ္စံ၊ မှန်၏။ အဘိပါရက၊ အမောင် အဘိပါရက။ အဓမ္မေန၊ တရား၏ ဆန့်ကျင်ဘက်ဖြင့်။ ဓမ္မံ၊ တရားကို။ ဝဓိတုံ၊ ဖျက်ဆီးအံ့သောငှာ။ အဟံ၊ ငါသည်။ နု ဥဿဟေ၊ မဝံ့ချေ။

အဘိပါရကသည် အဆက်ခံခြင်းငှာ စွမ်းနိုင်ရာသော အကြောင်းကို တစ်ဖန် မင်းအား တင်လျှောက်ပြန်လိုရကား—

၈၇။ သစေ တုဝံ မယှ သတိံ ဇနိန္ဒ၊
နု ကာမယာသိ နရဝီရ သေဋ္ဌ။
စဇာမိ နံ သဗ္ဗဇနဿ သိဗျာ၊
မယာ ပမုတ္တံ တတော အဝှယေသိနံ-
ဟူသော ဤဂါထာကို ဆို၏။

၈၇။ ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော။ နရဝီရ၊ လူတို့ထက် ကြီးမြတ်သော လုံ့လရှိတော်မူသော။ သေဋ္ဌ၊ အရှင်မင်းမြတ်။ တုဝံ အရှင်မင်းမြတ်သည်။ မယှံ၊ အကျွန်ုပ်၏။ သတိံ၊ ဥစ္စာဟူ၍။ သစေ နု ကာမယာသိ၊ အကယ်၍ အလိုတော်မရှိငြားအံ့။ သဗ္ဗဇနဿ၊ လူအပေါင်း

www.dhammadownload.com

၏။ သိဗျာ၊ အာလယ်၌။ နံ၊ ထိုဥမ္မာဒန္တီကို။ စဇာမိ၊ အကျိုးစီးပွားမဲ့ကို ပြုကျင့်သော မိန်းမဟူ၍ ကွာရှင်းပါတော့အံ့။ တတော၊ ထိုသို့ ကွာရှင်းကြပြီးသော နောင်မှ၊ မယာ၊ အကျွန်ုပ်သည်။ ပမုတ်၊ ကွာရှင်း စွန့်ပစ်အပ်ပြီသော။ ထိုဥမ္မာဒန္တီကို။ အဝယေသိ၊ ခေါ်ယူတော်မူလေ့။

သိဝိမှင်းသည် ထိုစကားကိုလည်း ပယ်တော်မူလိုရကား—

၈၈။ အဒ္ဒသိယံ စေ ဘိပါရုက တံ့၊
စဇာသိ ကတ္တော အဟိတာယ တျဿ။
မဟာ စ တေ ဥပဝါဒေါပိ အဿ၊
နစာပိ တျဿ နဂရမ္ဖိ ပက္ခေါ—

ဟူသော ဤဂါထာကို ဆို၏။

၈၈။ အဘိပါရုက၊ အမောင် အဘိပါရုက။ တံ့၊ သင်သည်။ အဒ္ဒူသိယံ၊ အပြစ်မရှိပေသော ဥမ္မာဒန္တီကို။ စဇာသိ စေ၊ အကယ်၍ ကွာရှင်းစွန့်ပစ်ငြားအံ့။ ကတ္တော၊ အလုံးစုံသော မင်းမှုရပ်ကို ဆောင်ရွက်ပေတတ်သော အမတ်ကောင်း။ တေ၊ သင့်အား။ အဟိတာယ၊ စီးပွားမရှိခြင်းငှာ။ အဿ၊ ဖြစ်လေရာ၏။ တေ၊ သင့်အား။ မဟာ ဥပဝါဒေါပိစ၊ ကြီးစွာသော စွပ်စွဲဖွယ်သည်လည်း။ အဿ၊ ဖြစ်လေရာ၏။ တေ၊ သင့်အား။ နဂရမ္ဖိ၊ မြို၌။ ပက္ခေါပိ စ၊ အပေါင်းအဖော်သည်လည်း။ နအဿ၊ မရှိသည်ဖြစ်လေရာ၏။

အဘိပါရုကသည် ထိုသို့သော အပြစ်တို့ကို မိမိသည်းခံနိုင်သော အကြောင်းကိုလည်း အရှင်မင်းအား တင်လျှောက်ပြန်လိုရကား—

၈၉။ အဟံ အဟိဿံ ဥပဝါဒမေတံ၊
နိန္ဒံ ဂဿံသံ ဂရဟဉ္စ သဗ္ဗံ။
မမေတ အာဂစ္ဆတု ဘူမိပါလ၊
ယထာသုခံ သိဝိ ကရောဟိ ကာမံ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၈၉။ ဘူမိပါလ၊ ရေမြေ့ရှင်။ ဥပဝါဒဥ္စ၊ စုပ်စုံခြင်းကို လည်း ကောင်း။ နိန္ဒဥ္စ၊ မျက်မှောက်ရှုတ်ချခြင်းကို လည်းကောင်း။ ပသံသဥ္စ၊ ချီးမွမ်းခြင်းကိုလည်းကောင်း။ ဂရဟဥ္စ၊ အပြစ်တင်ခြင်းကိုလည်းကောင်း။ ဧတံ သဗ္ဗံ၊ ထိုအလုံးစုံကို။ အဟံ၊ အကျွန်ုပ်သည်။ အဟိဿံ၊ သည်းခံနိုင်ပါ၏။ ဧတံ၊ ထို အလုံးစုံသော အပြစ်သည်။ မမံ၊ အကျွန်ုပ်ဆီသို့။ အာဂစ္ဆတု၊ လာပါစေ။ သိဝိ၊ အရှင်သိဝိမင်းမြတ်။ ယထာသုခံ၊ ချမ်းသာတော်မူတိုင်း။ ကာမံ၊ အလိုတော်ကို။ ကရောဟိ၊ ဖြည့်တော်မူပါလော။

သိဝိမင်းသည် ထိုစကားကိုလည်း နှစ်သက်တော်မမူသည်ဖြစ်၍ ပယ်တော်မူရကား—

၉၀။ ယော နေဝနိန္ဒံ၊ န ပနပ္ပသံသံ၊
အာဒိယတိ ဂရဟံ နောပိ ပူဇံ။
သိရိစ လက္ခိစ အပေတိ တမ္မာ၊
အာပေါ သုဝုဋ္ဌိဝ ယထာ ထလမ္မာ—

ဟူသော ဤဂါထာကို ဆို၏။

၉၀။ အာဘိပါရက၊ အမောင်အာဘိပါရက။ ဇ လမ္မာ၊ မြင့်သော ကုန်းကြည်းအရပ်မှ။ သုဝုဋ္ဌိ၊ အလျှင်ထန်စွာရွာသော။ အာပေါ၊ မိုးရေသည်။ အပေတိယထာ၊ နိမ့်ရာအရပ်သို့စီးသွားလေသကဲ့သို့။ တထာ၊ ထို့အတူ။ ယော၊ အကြင်သူသည်။ နိန္ဒံ၊ ရှုတ်ချခြင်းကို။ နေဝအာဒိယတိ၊ စိုးရိမ်သည်သာတည်း။ ပသံသံ၊ ချီးမွမ်းခြင်းကို။ နအာဒိယတိ၊ မခံချင်သည်သာတည်း။ ဂရဟံပိ၊ အပြစ်တင်ခြင်းကိုလည်း။ နော အာဒိယတိ၊ မကြောင့်ကြသည်သာတည်း။ ပူဇံပိ၊ ပူဇော်ခြင်းကိုလည်း။ နော အာဒိ-ယတိ၊ မယူမခံချင်သည်သာတည်း။ တမ္မာ၊ ထို့သူမှ။ သိရိစ၊ ဘုန်းကျက်သရေသည် လည်းကောင်း။ လက္ခိစ၊ ပညာသည်လည်းကောင်း။ အပေတိ၊ ကာန်း၏။

ထိုစကားကိုကြား၍ အာဘိပါရကသည် ထိုထိုအပြစ်ကို ခံလိုရကား—

၉၁။ ယံ ကိဉ္စိ ဒုက္ခဉ္စ သုက္ခဉ္စ ဧတ္ထော၊
ဓမ္မာတိသာရဉ္စ မနောဝိဃာတံ။
ဥရသာ အဟံ ပစ္စုတ္တရိဿာမိ သဗ္ဗံ၊
ပထဝီ ယထာ ထာဝရာနံတသာနံ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၉၁။ ဒေဝ၊ အရှင်မင်းမြတ်။ ပထဝီ၊ မြေကြီးသည်။ ထာဝရာနုံ၊ အာသဝေါကုန်ပြီးသော အရှင်မင်းမြတ်တို့တွင် လည်းကောင်း။ တသာနဉ္ဉ၊ ပုထုဇဉ်တို့တွင်လည်းကောင်း။ ကိုဠ္ဟ၊ အချို့သော်သူကိုသာ။ နု သမ္မဋ္ဌိစ္ဆိ၊ ခံသည်မဟုတ်။ သဗ္ဗံ၊ အလုံးစုံကို။ သမ္မဋ္ဌိစ္ဆိယထာ၊ ခံသကဲ့သို့။ တထာ၊ ထို့အတူ။ ယံကိဉ္စိ၊ အလုံးစုံသော။ ဒုက္ခဉ္စ၊ ဆင်းရဲကို လည်းကောင်း။ သုခဉ္စ၊ ချမ်းသာကို လည်းကောင်း။ ဧတ္ထော၊ ဤတွေဝ၊ ဤဥမ္မာဒန္တီကို ကွာရှင်းခြင်းကြောင့်။ ပဝတ္တံ၊ ဖြစ်သော။ ဓမ္မာတိသာရဉ္စ၊ ကုသိုလ်တရားကို လွန်၍ဖြစ်သော အကုသိုလ်တရားကို လည်းကောင်း။ မနောဝိဃာတဉ္စ၊ စိတ်၏ ပင်ပန်းဆင်းရဲခြင်းကို လည်းကောင်း။ အဟံ၊ အကျွန်ုပ်သည်။ ဥရသာ၊ ရင်ဖြင့်။ ပစ္စုတ္တရိသာမိ၊ ခံပါအံ့။

သိဝိမင်းသည် ထိုအဘိပါရက၏ ဝန်ခံခြင်းကို ပယ်တော်မူလို ရကား--

၉၂။ ဓမ္မာတိသာရဉ္စ မနောဝိဃဲဝတံ၊
ဒုက္ခဉ္စ နိစ္ဆာမိ အလံ ပရေသံ။
ကောဝိမံ ဟာရယိဿာမိ ဘာရံ၊
ဓမ္မေ ဌိတော ကိဉ္စိ အဟာပယန္တော—

ဟူသော ဤဂါထာကို ဆို၏။

၉၃။ အဘိပါရက၊ အမောင် အဘိပါရက။ ၊ အဟံ၊ ငါသည်။ ပရေသံ၊ သူတစ်ပါးတို့၏။ ဓမ္မာတိသာရဉ္စ၊ ကုသိုလ်ကို လွန်၍ဖြစ်သော အကုသိုလ်ကို လည်းကောင်း။ မနောဝိဃာတဉ္စ၊ စိတ်၏ ပင်ပန်းခြင်းကို လည်းကောင်း၊ ဒုက္ခဉ္စ ဆင်းရဲခြင်းကို လည်းကောင်း။ နိစ္ဆာမိ၊ အလိုမရှိ။ ဓမ္မေ၊ ကုသိုလ်တရား၌။ (တစ်နည်းကား) ဓမ္မေ၊ ဝိနိစ္ဆယဓမ္မ, ပဝေဏီဓမ္မ, တိဝိဓသုစရိတဓမ္မ၌။ ဌိတော၊ တည်၍။ ကိဉ္စိ၊ တစ်စုံတစ်ယောက်သောသူကို။ အဟာပယန္တော၊ မပူပန် မဆင်းရဲစေမူ၍။ ကောဝ၊ တစ်ယောက်အထီးတည်းသာလျှင်။ ဣမံဘာရံ၊ ဤဆင်းရဲခြင်းတည်းဟူသော ဝန်ကို။ ဟာရယိဿာမိ၊ ထမ်းပိုးရွက်ဆောင်တော့အံ့။

www.dhammadownload.com

ထိုစကားကိုကြား၍ အဘိ၁ါရကသည် တစ်ဖန် တောင်းပန်ပြန်လို ရကား--

၉၃။ သဂ္ဂ။ပကံ ပုညကမ္မံ ဇနိန္ဒ၊
မာ မေတုံ အန္တရာယံ အကာသိ။
ဒဒါမိ ထေ ဥမ္မာဒန္တိံ ပသန္နော၊
ရာဇာဝ ယညေ ဓနံ ဗြာဟ္မဏာနံ—
ဟူသော ဤဂါထာကို ဆို၏။

၉၃။ ဇနိန္ဒ၊ လူတို့ကိုအစိုးရတော်မူသော မင်းမြတ်။ တုံ၊ အရှင် မင်းမြတ်သည်။ မေ၊ အကျွန်ုပ်၏။ သဂ္ဂ။ပကံ၊ နတ်ရွာသို့လားကြောင်းခရီး ဖြစ်သော။ ပုညကမ္မံ၊ ကောင်းမှုကံကို။ အန္တရာယံ၊ ဖျက်ဆီးခြင်းကို။ မာအကာသိ၊ ပြုတော်မမူပါလင့်။ ရာဇ၊ အရှင်မင်းမြတ်။ ဗြာဟ္မဏာနံ၊ ပုဏ္ဏားတို့အား။ ယညေဓနံ၊ ယဇ်ပူဇော်သော ဥစ္စာကို။ ဒေတိဂ္ဂဝ၊ ပေးသကဲ့သို့။ တထာ၊ ထို့အတူ။ တေ၊ အရှင်မင်းမြတ်အား။ ပသန္နော၊ ကြည်ညိုသည်ဖြစ်၍။ အဟံ၊ အကျွန်ုပ်သည်။ ဥမ္မာဒန္တိံ၊ ဥမ္မာဒန္တိကို။ ဒဒါမိ၊ ဆက်သပါ၏။

သီဝိမင်းသည် ထိုသို့ဆက်သခြင်း၌ အပြစ်ကို အဘိပါရကအား ပြတော်မူပြန်လိုရကား—

၉၄။ အဒ္ဓါ တုဝံ ကတ္တော ဟိတေသိ မယှံ၊
သခါ မမံ ဥမ္မာဒန္တိံ ထုဝဋ္ဋ။
နိန္ဒေယျုံ ဒေဝါ ပိတရော စ သဗ္ဗေ၊
ပါပဋ္ဌ ပဿံ အဘိ သမ္မရာယံ—
ဟူသော ဤဂါထာကို ဆို၏။

၉၄။ ကတ္တော၊ ငါ၏ အမှုတော်ကို ဆောင်ရွက်ပေတတ်သော အမောင်အဘိပါရက၊ တုဝံ၊ သင်သည်။ အဒ္ဓါ၊ စင်စစ်။ မယှံ၊ငါ၏။ ဟိတေ၊ အစီးအပွားတော်သည်။ အသိ၊ ဖြစ်၏။ ဥမ္မာဒန္တိံ စ၊ ဥမ္မာဒန္တိ သည် လည်းကောင်း။ ထုဝဋ္ဋ၊ သင်သည်လည်းကောင်း။ မမ၊ ငါ၏။

www.dhammadownload.com

သခါ၊ အဆော့ခင်ပွန်းချည်းတည်း။ တသ္မာ၊ ထို့ကြောင့်၊ ဥမ္မာဒန္တီယာ၊ ဥမ္မာဒန္တီကို။ ပရိဂ္ဂဟိတာယ၊ သိမ်းဆည်းအပ်သည်ရှိသော်။ ဒေဝါ စ၊ နတ်တို့သည်လည်းကောင်း။ ပိတရော စ၊ ဖြဟ္မာတို့သည် လည်းကောင်း။ သဗ္ဗေ စ၊ အလုံးစုံကုန်သော တိုင်းနိုင်ငံသူ အပေါင်းတို့သည် လည်းကောင်း။ နိန္ဒေယျုံ၊ အဆော့ခင်ပွန်း ပြစ်မှားသောမင်းဟု ကဲ့ရဲ့ကုန်ရာ၏။ အဟံ၊ ငါသည်။ အဘိသမ္ဘရာယံ-အဘိသမ္ဘရာယေ၊ တမလွန်ဘဝ၌။ ပါပဥ္စ၊ ယုတ်မာသော အဖြစ်သို့လည်း။ ပဿံ၊ ရောက်ရာ၏။

အဘိပါရကသည် ၊ထိုသိဝိမင်းပြောဆိုသော စကားကို ပယ်သဖြင့် တစ်ဖန် ဆက်သပြန်လိုရကား—

၉၅။ နဟေတ ဓမ္မံ သိဝိရာဇ ဝဇ္ဇုံ၊
သ နေဂမာ ဇနပဒါ စ သဗ္ဗေ။
ယံ တေ မယာ ဥမ္မာဒန္တိ ပဒိန္နာ၊
ဘုသေဟိ ရာဇာ ဝနထံ သဇာဟိ—

ဟူသော ဤဂါထာကို ဆို၏။

၉၅။ သိဝိရာဇ၊ သိဝိမင်းမြတ်။ ယံ-ယသ္မာ၊ အကြောင်းကြောင့်။ မယာ၊ အကျွန်ုပ်သည်။ ဥမ္မာဒန္တိ၊ ဥမ္မာဒန္တီကို။ ဘော၊ အရှင်မင်းမြတ်အား။ ပဒိန္နာ၊ ဆက်သအပ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ သနေဂမာ၊ နိဂုံးသူနှင့် တကွကုန်သော။ ဇနပဒါစ၊ ဇနပုဒ်သူတို့သည် လည်းကောင်း။ သဗ္ဗေ စ၊ အလုံးစုံသော နတ်ဖြဟ္မာတို့သည် လဲည်းကောင်း။ ဧတံ၊ ထိုဥမ္မာဒန္တီကို သိမ်းဆည်းခြင်းကို။ အဓမ္မံ၊ တရားနှင့်မလျော်အကျင့်ဟူ၍။ နဟိဝဇ္ဇုံ၊ မဆိုအပ်ကုန်ရာ။ ရာဇ၊ မင်းမြတ်။ ဝနထံ၊ အလိုတော်ကို။ ဘုသေဟိ၊ ဖြည့်တော်မူလော့။ သဇာဟိ၊ တပ်စွန်းခြင်းပြမှ အကျွန်ုပ်အား သနားတော်မူလော့။

သိဝိမင်းသည် ထိုစကားကိုလည်း ပယ်တော်မူရကား—

၉၆။ အဒ္ဓါ တုဝံ ကတ္တေ ဟိတေသိ မယှံ၊
သခါမမံ ဥမ္မာဒန္တိ တုဝဉ္စ။
သတဉ္စ ဓမ္မာနိ သုကိတ္တိတာနိ၊
သမုဒ္ဒဝေလာဝ ဒုရတ္တယာနိ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၉၆။ ကတ္တော၊ ငါ၏ အမှုဒေတာ်ကို ဆောင်ရွက်ပေတတ်သော အမောင် အာဘိပါရက။ အဒ္ဓါ၊ စင်စစ်။ တုဝံ၊ သင်သည်။ မယ္ဟံ၊ ငါ၏။ ဟိတေ၊ အစိုးအပ္ပဲးတော်သည်။ အသိ၊ ဖြစ်၏။ ဥမ္မာဒန္တီ စ၊ ဥမ္မာဒန္တီ သည် လည်းကောင်း။ တုဝဉ္စ၊ သင်သည်လည်းဒကောင်း။ မမ၊ ငါ၏။ သခါ၊ အဆွေခင်ပွန်းချည်းတကား။ ဒုရစ္စယာ၊ လွန်နိုင်ခဲကုန်သော။ သမုဒ္ဒဝေလာဝ၊ သမုဒ္ဒရာကမ်းကိုကဲ့သို့။ တထာ၊ ထိုအလှူ။ ဒုရစ္စယာနံ၊ လွန်နိုင်ခဲကုန်သော။ သတံ၊ သူတော်ကောင်းတို့၏။ သုကိတ္တိတာနံ၊ ကောင်းစွာ ဟောတော်မူအပ်ကုန်သော။ ဓမ္မာနံစ၊ခန္တီ,မေတ္တာ, ဘာဝနာ, သီလ, အာစာရဟူဆိုအပ်ကုန်သော တရားတော်သည်လည်း။ သန္တိ၊ ရှိကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဥမ္မာဒန္တိံ၊ ဥမ္မာဒန္တိကို။ နဂက္ခိဿာမိ၊ ငါမယူအံ့။

ထိုစကားကိုကြား၍ အာဘိပါရကသည် တစ်ဖန် အကြောင်းနှင့် တကွ တင်လျှောက်လိုရကား—

၉၇။ အာဟုနေယျော မေသိ ဟိတာနုကမ္ပီ၊
ဓာတာ ဝိဓာတာ စာသိ ကာမပါလော။
တယီ ဟုတာ ရာဇ မဟပ္ပလမ္ပိ၊
ကာမေန မေ ဥမ္မဒန္တိံ ပဋိစ္ဆ—

ဟူသော ဤဂါထာကို ဆို၏။

၉၇။ ဒေဝ၊ အရှင်မင်းမြတ်။ ကံ့၊ အရှင်မင်းမြတ်သည်။ မေ၊ အကျွန်ုပ်၏။ အာဟုနေယျော စ၊ အဝေးမှဆောင်ယူ၍ လူအပ်သော အလှူဝတ္ထု, ညှော်သည်တို့အားရည်၍ထားသော အလှူဝတ္ထုတို့၏ပူဇော်သက္ကာရကို ခံထိုက်သည်လည်း။ အသိ၊ ဖြစ်တော်မူ၏။ ဟိတာနုကမ္ပီစ၊ အကျွန်ုပ်အား စီးပွားကိုလိုသည်။ ဝါ အကျွန်ုပ်အားသနားတော်မူလတ်သည်လည်း။ အသိ၊ ဖြစ်တော်မူ၏။ ဓာတာ စ၊အကျွန်ုပ်အား ဆောင်ရွက်ပေတတ်သည်လည်း။ အသိ၊ ဖြစ်တော်မူ၏။ ဝိဓာတာ စ၊ စည်းစိမ်ချမ်းသာကို စီရင်ပေတတ်သည်လည်း။ အသိ၊ ဖြစ်တော်မူ၏။ ကာမပါလော စ၊ အလိုရှိတိုင်း အလိုရှိတိုင်းကုန်သော ကာမတို့ကို စောင့်ရှောက် ပေတတ်သည်လည်း။ အသိ၊ ဖြစ်တော်မူ၏။ တယိ-တုယ္ဟံ၊ အရှင်မင်းမြတ်အား။ ဟုတာ၊ ပူဇော်အပ်သည်ရှိသော်။ မဟပ္ပလော၊ အကျိုးကြီးမြတ်သည်။ အမ္ဘံ၊ ဖြစ်၏။

www.dhammadownload.com

မေ-မမ၊ အက္ခန်ုပ်၏။ ကာမေန၊ အလိုအားဖြင့်။ ညမ္မဒန္တီ၊ ညမ္မဝဒန္တီကို။ ပဋိစ္ဆ၊ ခံတော်မူပါလော့။

သိဝိမင်းကြီး စိတ်တိုလာပြီ

ဤသို့ တင်လျှောက်သည်ရှိသော် သိဝိမင်းသည် "အဘိပါရက.... သင်သည် ရှေးကာလ၌ ငါ၏ အလုံးစုံသော အကျိုးစီးပွားကို ကျင့်ဆောင်လျက် ယခုမူ ဆန့်ကျင်ဘက်ဖြစ်၍ မျှားစွာ တင်လျှောက်ဘိသည်၊ မတင်မလျှောက်လင့်" ဟု ခြိမ်းခြောက်သဖြင့် ပယ်တော်မူလိုရကား--

၉၈။ အဒ္ဓါ ဟိ သဗ္ဗံ အာဘိပါရက ကံ့၊
ဓမ္မံ အစာရီ မမ ကတ္တု ပုတ္တ။
အညော နု တေ ကော ဣဓ သောတ္ထိကတ္တာ၊
ဒ္ဝိပဒေါ နရော အရဏေ် ဇီဝလောကေ—

ဟူသော ဤဂါထာကို ဆို၏။

၉၈။ ကတ္တု၊ အမှုကြီးငယ်ကို ရွက်ဆောင်ပေတတ်သော။ အာဘိပါရက၊ အာဘိပါရက အမည်ရှိသော။ ပုတ္တ၊ ငါ့ချစ်သား။ တံ့၊ သင်ချစ်သားသည်။ အဒ္ဓါ၊ စင်စစ်။ ပုဗ္ဗေ၊ ရှေးကာလက။ မမ၊ ငါ၏။ သဗ္ဗံ၊ အလုံးစုံသော။ ဓမ္မံ၊ အကျိုးစီးပွားကို။ အစာရီ၊ ဆောင်ရွက်ကျင့်ဘူးပြီ။ ဣဓ ဇီဝလောကေ၊ ဤလူ့ပြည်၌။ အရဏေ၊ အရဏ်သည်။ ဥဂ္ဃဆ္ဆန္နေ၊ တက်လတ်သော်။ အညော၊ ငါမှတစ်ပါးသော။ တေ၊ သင်အား။ သောတ္ထိကတ္တာ၊ ချမ်းသာခြင်းကိုပြုတတ်သော။ ဒ္ဝိပဒေါ၊ အခြေနှစ်ချောင်းရှိသော။ နရော၊ အဘယ်မင်းသည်။ အတ္ထိ နု၊ ရှိပါသေးသလော။

တရားဟောရန် တောင်းပန်ခြင်း

အာဘိပါရကသည် ထိုစကားကိုကြားလျှင် တစ်ဖန် တစ်စုံတစ်ခုသောစကားကို တင်လျှောက်ခြင်းငှာ မဝံ့သည်ဖြစ်၍ မင်းအား ချီးမွမ်းသည်၏ အစွမ်းအားဖြင့် တရားဟောစိမ့်သောငှာ တောင်းပန်လိုရကား—

F29(၅၅၀-ပဋ္ဌမ)

www.dhammadownload.com

၉၉။ တုံ့စံ နု သေဋ္ဌော တုမနုတ္တရောသိ၊
တုံ့ ဓမ္မဂုတ္တော ဓမ္မဝိဒူ သုမေဓော။
သေဉ့ ဓမ္မဂုတ္တော စိရမေဝ ဇီဝ၊
ဓမ္မဉ္စ မေ ဒေသယ ဓမ္မပါလ—

ဟူသော ဤဂါထာကို ဆို၏။

၉၉။ နရိန္ဒ၊ လူမျှားသော်နှင်းပြည့်ရှင်မင်း။ တုဝံနှုံ၊ အရှင်မင်း မြတ်သည်လျှင်။ သေဋ္ဌော၊ မင်းတကာတို့ထက် မြတ်သည်။ အသိ၊ ဖြစ်တော်မူ၏။ တုံ့၊ အရှင်မင်းမြတ်သည်လျှင်။ အနုတ္တရော၊ ပြိုင်တုဖက် ကင်းမြတ်သော မင်းသည်။ အသိ၊ ဖြစ်တော်မူ၏။ တုံ့၊ အရှင်မင်းမြတ်သည်လျှင်။ ဓမ္မဂုတ္တော၊ အဆုံးအဖြတ်တရား အစဉ်အဆက်တရား သုစရိုက်တရားတို့ကို လုံခြုံစေတော်မူ၏။ (**တစ်နည်းကား**) ဓမ္မဂုတ္တော၊ ကုသိုလ်ဆယ်ပါးတရားဌာန အားထုတ်တော် မူပေတတ်၏။ တုံ့၊ အရှင်မင်းမြတ်သည်လျှင်။ ဓမ္မဝိဒူ၊ တရားကို သိတော်မူပေ၏။ တုံ့၊ အရှင်မင်းမြတ်သည်လျှင်။ သုမေဓော၊ ကောင်းသောပညာရှိတော်မူ၏။ သောတုံ့၊ ထိုအရှင်မင်းမြတ်သည်လျှင်။ ဓမ္မဂုတ္တော၊ တရားကို စောင့်ရှောက်တော် မူတတ်၏။ ဓမ္မပါလ၊ တရားစောင့်တော်မူသော အရှင်မင်းမြတ်။ တုံ့၊ အရှင်မင်းမြတ်သည်။ စိရမေဝဇီဝ၊ သက်တော်ရှည်သည်သာလျှင် ဖြစ်စေလော့။ တုံ့၊ အရှင်မင်းမြတ်သည်။ မေ၊ အကျွန်ုပ်အား။ ဓမ္မဉ္စ၊ တရားကိုလည်း။ ဒေသယ၊ ဟောတော်မူပါလော့။

သိဝိမင်း၏ တရားတော်

ထိုသို့ အဘိပါရက ချီးမွမ်းတင်လျှောက် တောင်းပန်သည်ရှိသော် သိဝိမင်းသည် အဘိပါရကအား တရားဟောတော်မူလိုရကား—

၁၁၀။ တဒိဃ် အဘိပါရက၊
သုဏောဟိ ဝစနံ မမ။
ဓမ္မံ တေ ဒေသယိဿာမိ၊
သတံ အာသေဝိတံ အဟံ။လ။

၁၁၁။ နေတာ ဟိတာ ဥဂ္ဂတော ရဋ္ဌပါလော၊
ဓမ္မံ သိဝိနံ အပစာယမာနော။
သော ဓမ္မမေဝါနုဝိစိန္တယန္တော၊
တသ္မာ သကေ စိတ္တာသေန ဝတ္တော—

ဟူသော ဤ တစ်ဆယ့်နှစ်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

၁၀၀။ အဘိပါရက၊ အမောင် အဘိပါရက။ ယသ္မာ၊ အကြင့် ကြောင့်။ မံ၊ ငါ့ကို။ တံ့၊ သင်သည်။ ဣဿံ၊ တောင်းပန်တိုက်တွန်း၏။ တံ-တသ္မာ၊ ထို့ကြောင့်။ တေ၊ သင့်အား။ သတံ-သန္တေဟိ၊ ဘုရား အစရှိသော သူတော်ကောင်းတို့သည်။ အာသေဝိတံ၊ မှီဝဲတော်မူအပ်သော။ ဓမ္မံ၊ တရားတော်ကို။ အဟံ၊ ငါသည်။ ဒေသယိဿာမိ၊ ဟောအံ့။ တံ့၊ သင်သည်။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏောဟိ၊ နာလော့။

၁၀၁။ အဘိပါရက၊ အမောင်အဘိပါရက။ ဓမ္မရုစိ၊ ဝိနိစ္ဆယဓမ္မ, ပဝေဏီဓမ္မ, သုစရိတဓမ္မကို နှစ်သက်တတ်သော။ ရာဇာ၊ ပြည့်ရှင်မင်းသည်။ သာဓု၊ ကောင်း၏။ (တစ်နည်းကား) ဓမ္မရုစိ၊ အကုသိုလ်တရားကို ပယ်၍ ကုသိုလ်တရားကို နှစ်သက်တတ်သော။ ရာဇာ၊ ပြည့်ရှင်မင်းသည်။ သာဓု၊ ကောင်းပါ၏။ ပညာဏာဝါ၊ ပညာရှိသော။ နရော၊ လူပုဂ္ဂိုလ်သည်။ သာဓု၊ ကောင်း၏။ မိတ္တာနံ၊ အဆွေခင်ပွန်းတို့ကို။ အဒုဋ္ဌော၊ မပြစ်မှား သည်၏ အဖြစ်သည်။ သာဓု၊ ကောင်း၏။ ပါပဿ၊ မကောင်းမှုကို။ အကရုံ၊ မပြုခြင်းသည်။ သုခံ၊ နောက်ခါ ချမ်းသာ ခံစံရသော အကြောင်း တည်း။

၁၀၂။ အဘိပါရက၊ အမောင်အဘိပါရက။ အကောဓဿ၊ အမျက်ထွက်ခြင်း ကင်းထသော။ ဌိတဓမ္မဿ၊ သုံးပါးသောတရားဌာ တည် ထသော။ ရာဇိနော၊ ပြည့်ရှင်မင်း၏။ ဝိဇိတေ၊ တိုင်းနိုင်ငံ၌။ ဝသန္တော၊ နေကုန်သော။ မနုဿာ၊ လူတို့သည်။ သိတစ္ဆာယာယ၊ သားသမီး မယား ဆွေမျိုး သားချင်း မိတ်ဆွေ ခင်ပွန်း၏ ချမ်းမြေ့သာယာသောအရိပ်ဖြင့်။ သံဃရေ၊ မိမိတို့အိမ်၌။ သုခံ၊ ချမ်းသာစွာ။ အာသေထ၊ နေရကုန်၏။

၁၀၃။ သမ္မ အဘိပါရက၊ အရွယ်တူ အဘိပါရက။ အသမေက္ခ၊ မဆင်ခြင်မှု၍။ ကတံ၊ ပြုအပ်သော။ ယံ ကမ္မံ၊ အကြင်အမှုသည်။ အတ္ထိ၊ ရှိ၏။ အသာဓုံ၊ မကောင်းသော။ တေံကမ္မံ၊ ထိုအမှုကို။ အဟံ၊ ငါသည်။ နေဝ အဘိရောစယာမိ၊ မနှစ်သက်သည်သာတည်း။ ယေဝါပိ ရာဇာနော၊ အကြင် ပြည့်ရှင်မင်းတို့သည်ကား။ ဥတ္တာန၊ သိ၍။ သယံ၊ ကိုယ်တိုင်။ ကရောန္တိ၊ ပြုကုန်၏။ တေသံ၊ ထိုမင်းတို့၏။ ကမ္မံ၊ အမှုကို။ အဟံ၊ ငါ

www.dhammadownload.com

သည်။ ရောစေမိ၊ နှစ်သက်တော်မူ၏။ မယ့်၊ ငါ၏။ ဣမာ ဥပမာ၊ ဤနှစ်ပါးသော ဥပမာတို့ကို။ တုဝံ၊ သင်သည်။ သုဏောဟိ၊ နာလော့။

၁၀၄။ အဘိပါရက၊ အမောင် အဘိပါရက။ တရမာနာနံ-ဂစ္ဆန္တာနံ၊ သွားကုန်သော။ ဂဝံ၊ နွားတို့တွင်။ ပုဂ်ဂေါ၊ ရှေ့ဆောင်နွားမင်းဥသဘသည်။ ဇိမ့်၊ ကောက်တကျစ်။ ဂစ္ဆတိ စေ၊ သွားငြားအံ့။ နေတော့၊ ရှေ့ဆောင်နွားမင်း ဥသဘသည်။ဇိမ့်၊ ကောက်တကျစ်။ ဂတော၊ သွားသည်။ သတိ၊ ရှိသော်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ တာ ဂါဒိ၊ ထို နောက်လိုက် နွားအပေါင်းတို့သည်။ ဇိမ့်၊ ကောက်ကောက် ကွေ့ကွေ့။ ဂစ္ဆန္တိ၊ သွားကုန်၏။

၁၀၅။ အဘိပါရက၊ အမောင် အဘိပါရက။ ဧဝမေဝ၊ ဤအတူလျှင်။ မနုဿေသု၊ လူတို့တွင်။ ယော ရာဇာ၊ အကြင် ပြည့်ရှင်မင်းသည်။ သေဋ္ဌသမ္မတော၊ အမြတ်ဟူ၍ သမ္မတ်အပ်သော သူသည်။ ဟောတိ၊ ဖြစ်၏။ သော ရာဇာ၊ ထိုအမြတ်ဟူ၍ သမုတ်အပ်သော ပြည့်ရှင်မင်းသည်။ အဓမ္မံ၊ မတရားသောအကျင့်ကို။ စရတိ စေ၊ ကျင့်ငြားအံ့။ ဣတရာ၊မင်းမှ တစ်ပါးသော။ ပဇာ၊ သတ္တဝါသည်ကား။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ အဓမ္မံ၊ မတရားသော အကျင့်ကို။ အတိဝိယ၊ အလွန်လျှင်။ စရတိ ယေဝ၊ ကျင့်လေသည်သာတည်း။ အဘိပါရက၊ အမောင် အဘိပါရက။ ရာဇာ၊ပြည့်ရှင်မင်းသည်။ အဓမ္မံကော၊ဘရား မကျင့်သည်။ ဟောတိ စေ၊ ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ပြည့်ရှင်မင်း တရားမကျင့်သည် ရှိသော်။ သဗ္ဗရဋ္ဌံ၊အလုံးစုံသော တိုင်းနိုင်ငံသည်။ ဒုက္ခံ၊ ဆင်းရဲစွာ။ သေတိ-ဝသတိ၊ နေရ၏။

၁၀၆။ အဘိပါရက၊ အမောင် အဘိပါရက။ တရမာနာနံ-ဂစ္ဆန္တာနံ၊ သွားကုန်သော။ ဂဝံ၊ နွားတို့တွင်။ ပုဂ်ဂေါ၊ ရှေ့ဆောင်နွားမင်းဥသဘသည်။ ဥဇုံ၊ ဖြောင့်စွာ။ ဂတော၊ သွားသည်။သတိ၊ရှိသော်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ တာ ဂါဒိ၊ ထိုနောက်လိုက် နွားအပေါင်းတို့သည်။ ဥဇုံ၊ ဖြောင့်စွာ။ ဂစ္ဆန္တိ၊ သွားကုန်၏။

၁၀၇။ အဘိပါရက၊ အမောင်အဘိပါရက။ ဧဝမေဝ၊ ဤအတူလျှင်။ မနုဿေဘု၊ လူတို့တွင်။ ယော ရာဇာ၊ အကြင်မင်းသည်။

www.dhammadownload.com

သေဋ္ဌသမ္မဒတာ၊ အမြတ်ဟူ၍ သမုတ်အပ်သော သူသည်။ ဟောတိ၊ ဖြစ်၏။ ယော ရာဇာပိ၊ ထိုမင်းသည်လည်း။ ဓမ္မံ၊ တရားကို။ စရတိ စေ၊ ကျင့်ငြားအံ့။ ဣတရာ၊ မင်းမှတစ်ပါးသော။ ပဇာ၊ သတ္တဝါသည်၊ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ စရတိဧဝ၊ ကျင့်သည်သာလျှင်တည်း။ အဘိပါရက၊ အမောင် အဘိပါရက်။ ရာဇာ၊ မင်းသည်။ ဓမ္မံဧကော၊ တရားစောင့်သည်။ ဟောတိစေ၊ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ မင်းတရားစောင့်သည်ရှိသော်။ သဗ္ဗရဋ္ဌံ၊အလုံးစုံသော တိုင်းနိုင်ငံသူလူအပေါင်းသည်။ သုခံ၊ ချမ်းသာစွာ။ သေတိ-ဝသတိ၊ နေရ၏။

၁၀၈။ အဘိပါရက၊ အမောင်အဘိပါရက။ အဟံ၊ ငါသည်။ အဓမ္မမန၊ တရားမကျင့်သဖြင့်။အမရတ္တံ၊ နိဗ္ဗာန်ကို။န စာပိ၊အဘိပတ္ထယေ၊ ဆုမပန်ဆင်။ သဗ္ဗံ၊ အလုံးစုံသော။ ဣမံဝါ ပထဝိံ၊ ဤမြေအပြင်ကိုလည်း။ ဝိဇေတုံ၊ တိုင်းနိုင်ငံ ပြုအံ့သောငှာ။ နုဿာမိ၊ အလိုမရှိ။

၁၀၉။ အဘိပါရက၊ အမောင် အဘိပါရက။ ဣဓ-ဣမသ္မိံ လောကေ၊ ဤလောက၌။ မနုဿေသု၊ လူတို့၌။ ယံကိဉ္စိ၊ အလုံးစုံသော။ ရတနံ၊ သဝိညာဏက အဝိညာဏကဖြစ်သော ရတနာသည်။ ဝိဇ္ဇတိ။ ရှိ၏၊ ဂါဝေါ၊ နွားတို့လည်းကောင်း။ ဒါသော၊ ကျွန်လည်းကောင်း။ ဟိရညဉ္စ၊ ရွှေလည်းကောင်း။ ဝတ္ထိယံ၊ ကာသိတိုင်း၌ဖြစ်သော အဝတ် လည်းကောင်း။ ဟရိစန္ဒနံ၊ စန္ဒကူးရွှေလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ ရတနာနိ၊ ဤရတနာတို့သည်။ ဝိဇ္ဇန္တိ၊ ရှိကုန်၏။

၁၁၀။ အဿိတ္ထိယောပိ၊ လေ့နှင့်တူသော လျှင်မြန်ခြင်း ရှိကုန်သောမြင်း, မြတ်သောအဆင်းကိုဆောင်သော မိန်းမတို့ကိုလည်းကောင်း။ ယဉ္ဇာပိရတနံ၊ အကြင် ခုနစ်ပါး အပြားရှိသော ရတနာတို့ကို လည်းကောင်း။ ယဉ္ဇေပိ မဏိကံ၊ အကြင်အဖိုးမျှားစွာထိုက်သော ပတ္တမြားတုံးကိုလည်းကောင်း။ ဣဒမ စန္ဒိမ သူရိယာ၊ ဤ,လနေတို့သည်။ အဘိပါလ ယန္တိ၊ စောင့်ကုန်၏။ အဘိပါရ၊ အမောင် အဘိပါရက။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ အဟံ၊ ငါသည်။ သိဝိနံ၊ သိဝိတိုင်းသူတို့၏။ မဇ္ဈေ၊ အလယ်၌။ ဥသဘော၊ မြတ်သောမင်းသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဇာတော၊ ဖြစ်သည်။ အမို၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တဿဟေတု၊ ထိုဆိုအပ်

www.dhammadownload.com

ပြီးသော ရတနာအပေါင်းဖြစ်သော စကြဝတေးမင်း၏ စည်းစိမ်ဟူသော အကြောင်းကြောင့်လည်း။ ဝိသမံ၊ မညီညွတ်သော အကျင့်ကို။ နှစရေယျံ၊ မကျင့်အံ့။

၁၁၁။ အဘိပါရက၊ အမောင် အဘိပါရက။ ယသ္မာ၊ အကြင့် ကြောင့်။ နေတာ၊ လူအမျှားကို နတ်ပြည်သို့ ပို့ဆောင်တတ်ထသော။ ဟိတာ၊ လူအမျှား၏ စီးပွားကို ဆောင်ဘတ်ထသော။ ဥဂ္ဂတော၊ တရား ကျင့်သော မင်းဟူ၍ ဇမ္မူကျွန်းအလုံး၌ ကျော်စောထသော။ ရဋ္ဌပါလော၊ တိုင်းနိုင်ငံသူ လူအပေါင်းကို စောင့်ရှောက်တတ်ထသော။ သိဝိနံ၊ သိဝိ တိုင်းကို အစိုးရကုန်သော ရှေးမင်းမြတ်တို့၏။ ဓမ္မံ၊ အစဉ်အဆက်ဖြစ်သော တရားကို။ အပစာယမာနော၊ ပူဇော်ထသော၊ သော အဟံ၊ ထိုငါသည်။ ဓမ္မမေဝ၊ တရားကိုသာလျှင်။ အနုဝိစိန္တယန္တော၊ ကြံဆင်ခြင်တော်မူ၏။ တတာ၊ ထို့ကြောင့်။ သကစိတ္တဝသေန၊ မိမိစိတ်၏ အစွမ်းအားဖြင့်။ ဝတ္တာ၊ ကျင့်အံ့။

စစ်သူကြီး၏ မင်းကျင့်တရားများ

ဤဂါထာတို့ဖြင့် ဘုရားအလောင်း သိဝိမင်းကြီး၏ တရားစကားကို ကြားနာ၍ အဘိပါရက စစ်သူကြီးသည် မိမိအရှင် သိဝိမင်းအား ချီးမွမ်း ခြင်းကို ပြုလိုရကား—

၁၁၂။ အဒ္ဓါ တုဝံ မဟာရာဇ၊ နိစ္စံ အဗျသနံ သိစံ။
ကရိဿသိ စိရံ ရဇ္ဇံ၊ ပညာ ဟိ တဝ တာဒိသိ။

၁၁၃။ ဧတံ တေ အနုမောဒါမ၊ ယံ ဓမ္မံ နပ္ပမဇ္ဇသိ။
ဓမ္မံ ပမဇ္ဇ ခတ္တိယော၊ ရဋ္ဌာ စဝတိ ဣဿရော—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၁၂။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဟိ-ယသ္မာ၊ အကြင့် ကြောင့်။ တဝ၊ အရှင်မင်းမြတ်၏။ ပညာ၊ ပညာတော်သည်။ တာဒိသီ၊ ထိုအရှင်မင်းမြတ်၏ အကျင့်နှင့်တူသော သဘောရှိသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ အဒ္ဓါ၊ စင်စစ်။ တုဝံ၊ အရှင်မင်းမြတ်သည်။ စိရံ၊

www.dhammadownload.com

မြင့်ရှည်စွာ။ ရင်္ဇုံ၊ မင်းအဖြစ်ကို။ နိစ္စံ၊ အမြဲ။ အဗျသနံ၊ ပျက်စီးခြင်း ကင်းသည်ကို။ သိဝံ၊ ငြိမ်းချမ်းသည်ကို။ ကရိဿတိ၊ ပြုတော်မူလတ္တံ့။

၁၁၃။ မဟာရာဇာ၊ မြတ်သောမင်းကြီး။ တုံ၊ အရှင်မင်းမြတ် သည်။ ယံဓမ္မံ၊ အကျင့်တရားတော်ကို။ နပ္ပပဇ္ဇသိ၊ မေ့လျော့တော်မမူပေ။ တေ၊ အရှင်မင်းမြတ်၏။ တေံ၊ ဤတရားတော်ကို မမေ့ခြင်းကို။ မယံ၊ အကျွန်ုပ်သည်။ အနုမောဒါမ၊ ဝမ်းမြောက်ပါကုန်၏။ ဓမ္မံ၊ တရားကို။ ပမဇ္ဇ၊ မေ့လျော့၍။ ဣဿရော၊ အစိုးရသော။ ခတ္တိယော၊ ပြည့်ရှင်မင်း သည်။ ရဋ္ဌာ၊ တိုင်းနိုင်ငံမှ။ စဝတိ၊ ရွေ့လျော၏။

ဤနှစ်ဂါတ်တို့ဖြင့် အဘိပါရကသည် မိမိအရှင် သိဝိမင်းအား ချီးမွမ်း ခြင်းကို ပြုပြီး၍ တစ်ဖန်လည်း "အရှင်မင်းမြတ်....တရားကို ကျင့်တော်မူ လော့" ဟု ထိုသိဝိမင်းအား တရားကျင့်စဉ်သောဌာ အလွန်လျင် တိုက်တွန်း တင်လျောက်ပြန်လိုရကား—

၁၁၄။ ဓမ္မဉ္စရ မဟာရာဇ၊ မာတာပိတူသု ခတ္တိယ။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ရာဇ သဂ္ဂံ ဂမိဿသိ ။လ။
၁၂၃။ ဓမ္မဉ္စရ မဟာရာဇ၊ ဣန္ဒာ ဒေဝါ သဗြဟ္မကာ။
သုစိဏ္ဏေန ဒိဝံ ပတ္တာ၊ မာ ဓမ္မံ ရာဇ ပါမဒေါ—

ဟူသောအဆုံး ဤဆယ်ဂါထာတို့ကို ဆို၏။

၁၁၄။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မာတာပိတူသု၊ မယ်တော်, ခမည်းတော်တို့၌။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ ခတ္တိယ၊ အရှင်မင်းမြတ်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်၍။ တုံ ရာဇာ၊ အရှင်မင်းမြတ်သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားတော်မူရလတ္တံ့။

၁၁၅။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ပုတ္တာဒါရေသု၊ သားတော် သမီးတော် အရှင်မိဖုရားတို့၌။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ ခတ္တိယ၊ အရှင်မင်းမြတ်။ တုံ ရာဇာ၊ အရှင်မင်းမြတ်သည်။ ဣဓ၊ ဤ

www.dhammadownload.com

ပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူ၍။ သင်္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားတော်မူရလတ္တံ့။

၁၁၆။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တုံ၊ အရှင်မင်းမြတ်သည်။ မိတ္တာမစ္စသူ၊ ချစ်ကုန်သော အဆွေခင်ပွန်းတို့၌။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်ဩာမူလေ့။ ခတ္တိယ၊ အရှင်မင်းမြတ်။ တုံ ရာဇာ၊ အရှင်မင်းမြတ်သည်။ ဣဓ၊ ဤ ပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူ၍။ သင်္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားတော်မူရလတ္တံ့။

၁၁၇။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တုံ၊ အရှင်မင်းမြတ်သည်။ ဝါဟနေသုစ၊ ဆင် မြင်း အစရှိသော ယာဉ်တော်တို့ကို လည်းကောင်း။ ဗလေသုစ၊ ဗိုလ်ပါတို့၌ လည်းကောင်း။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလေ့။ တုံ ရာဇာ၊ အရှင်မင်းမြတ်သည်။ ဣဓ၊ ဤ ပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူ၍။ သင်္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားတော်မူရလတ္တံ့။

၁၁၈။ မဟာရာဇ၊ မင်းမြတ်။ တုံ၊ အရှင်မင်းမြတ်သည်။ ဂဝါမေသုစ၊ ရွာသူတို့၌ လည်းကောင်း။ နိဂမေသုစ၊ နိုဂုံးသူတို့၌ လည်းကောင်း။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလေ့။ တုံ ရာဇာ၊ အရှင်မင်းမြတ်သည်။ ဣဓ၊ ဤ ပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူ၍။ သင်္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားတော်မူရလတ္တံ့။

၁၁၉။ မဟာရာဇ၊ မင်းမြတ်။ တုံ၊ အရှင်မင်းမြတ်သည်။ ရဋ္ဌေသုစ၊ တိုင်းနိုင်ငံသူတို့၌ လည်းကောင်း။ ဇနပဒေသုစ၊ ဇနပုဒ်သူတို့၌ လည်းကောင်း။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလေ့။ တုံ ဂုဇာ၊ အရှင်မင်းမြတ်သည်။ ဣဓ၊ ဤ ပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူ၍။ သင်္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားတော်မူရလတ္တံ့။

၁၂၀။ မဟာရာဇ၊ မင်းမြတ်။ တုံ၊ အရှင်မင်းမြတ်သည်။ သာမဏေသု စ၊ ရဟန်းတို့၌ လဲည်းကောင်း။ ဗြာဟ္မဏေသု စ၊ ပုဏ္ဏားတို့၌ လည်းကောင်း။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလေ့။ တုံ ရာဇာ၊

www.dhammadownload.com

အရှင်မင်းမြတ်သည်။ ဣဓ၊ ဤ ပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ၊ တရားကို။ စရိ-တ္ဝာန၊ ကျင့်တော်မူ၍။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားတော်မူရလတ္တံ့။

၁၂၁။ မဟာရာဇ၊ မြတ်သောမှင်းကြီး။ တုံ၊ အရှင်မင်းကြီးသည်။ မိဂပက္ခီသူ၊ သားငှက်တို့၌။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ ခတ္တိယ၊ အရှင်မင်းမြတ်။ တုံ ရာဇာ၊ အရှင်မင်းမြတ်သည်။ ဣဓ၊ ဤ ပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူ၍။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားတော်မူရလတ္တံ့။

၁၂၂။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တုံ၊ အရှင်မင်းကြီးသည်။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ သုစိဏ္ဏော၊ ကောင်းစွာ ကျင့်အပ်သော။ ဓမ္မော၊ တရားတော်သည်။ သုခံ၊ ချမ်းသာခြင်းကို။ အာဝ-ဟတိ၊ ဆောင်တတ်၏။ တုံ ရာဇာ၊ အရှင်မင်းမြတ်သည်။ ဣဓ၊ ဤ ပစ္စုပ္ပန်ဘဝ၌။ ဓမ္မံ၊ တရားကို။ စရိတ္ဝာန၊ ကျင့်တော်မူ၍။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ လားတော်မူရလတ္တံ့။

၁၂၃။ မဟာရာဇ၊ မင်းမြတ်။ တုံ၊ အရှင်မင်းမြတ်သည်။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်တော်မူလော့။ သပြဟ္မကာ၊ ဗြဟ္မာနှင့်တကွကုန်သော။ ဣန္ဒာဒေဝါ၊ သိကြား ကာမာဝစရ နတ်တို့သည်။ သုစိဏ္ဏေန၊ ကောင်းစွာ ကျင့်အပ်သော သုစရိုက်တရားကြောင့်။ ဒိဝံ၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့။ ပတ္တာ၊ ရောက်ကုန်၏။ ရာဇ၊ မင်းမြတ်။ ဓမ္မံ၊ တရားကို။ မာ ပါမဒေါ၊ မေ့လျော့တော်မမူလင့်။

ဤ ဂါထာတို့ဖြင့် စစ်သူကြီး အဘိပါရကသည် သိဝိမင်းအား တရားစကားတို့ကို တင်လျှောက်သည်ရှိသော် သိဝိမင်းသည် ဥမ္မာဒန္တီဠှ တပ်စွန်းသောစိတ်ကို ပယ်ဖျောက်တော်မူ၏။


ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤ ဥမ္မာဒန္တီဇာတ် ဓမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏အဆုံး၌ သာသနာတော်

www.dhammadownload.com

ဝယ် ငြီးငွေ့ဆန်ကျင် မပျော်ရွှင်သည်ဖြစ်၍ လူထွက်ချင်သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား-ယခုအခါ အာနန္ဒာသည် ထိုအခါ သုနန္ဒ ရထားထိန်းဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတြာသည် ထိုအခါ စစ်သူကြီး အဘိပါရကဖြစ်ဖူးပြီ၊ ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ ဥမ္မာဒန္တီ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားပရိသတ်တော်တို့သည် ထိုအခါ ကြွင်းကုန်သော ပရိသတ်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သိဝိမင်းဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ကိုယ်တိုင်တရား၊ ကျင့်မူကား၊ အမျှားတရား ကျင့်ပေမည်။

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဥမ္မာဒန္တီဇာတ်သည် ပြီး၏။



၃-မဟာဇောဓိပရိဗ္ဗာဇကဇာတ်

ပညာရှိဖြစ်၍ သူတစ်ပါးတို့၏ အယူဝါဒကို ဖျက်ဆီးနိုင်ခြင်း

ဟောတော်မူရာဌာန နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ကိန္နု ဒဏ္ဍံ ကိမဇိနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ မဟာဇောဓိပရိဗ္ဗာဇကဇာတ်ကို ဇေတဝန်ကျောင်းဘော်၌ သီတင်းသုံးနေတော်မူစဉ် ပညာပါရမီကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု [ပစ္စုပ္ပန်ဝတ္ထုသည် မဟာဥမင်္ဂဇာတ်၌ ထင်စ္စာဖြစ်လတ္တံ့။]

အထူးကား- ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "ရဟန်းတို့.... ယခုအခါ၌သာလျှင် သင်တို့ဆရာ ငါဘုရားသည် ပညာရှိတော်မူသည်၊ သူတစ်ပါးတို့၏ အယူဝါဒကို ချိုးဖဲ့ဖျက်ဆီးနိုင်သည် မဟုတ်သေး၊ ရှေးဘဝ်လည်း သင်တို့ဆရာ ငါဘုရားသည် ပညာရှိဘော် မူသည်သာလျှင်တည်း၊ သူတစ်ပါးတို့၏ အယူဝါဒကို ချိုးဖဲ့ဖျက်ဆီးတော် မူနိုင်သည်သာလျှင်တည်း" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

www.dhammadownload.com

ဗောဓိပရိဗိုဇ်ရဟန်း

အတိတ်ဝတ္ထု။ ရဟန်းတို့....လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ကာသိတိုင်း၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော ဥဒိစ္စဗြာဟ္မဏမဟာသာလ ပုဏ္ဏားမျိုး၌ ဖြစ်၏။ ထိုဘုရားလောင်းအား "ဗောဓိသတ္တိသား" ဟူသောအမည်ကို မှည့်ကုန်၏။ ထိုဗောဓိသတ္တိသားသည် အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်သင်ပြီးလျှင် တစ်ဖန် ပြန်လည်ခဲ့၍ အိမ်ရာထောင်သော လူ၏ဘောင်၌ နေလျက် နောက်အဖို့၌ ကာမတို့ကို စွန့်၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ပရိဗိုဇ်ရဟန်းအဖြစ်ဖြင့် ရဟန်းပြု၍ ထိုဟိဝမန္တာတောအရပ်၌သာလျှင် တောသစ်မြစ်, တောသစ်သီးဟူသော အစာအာဟာရရှိသည်ဖြစ်၍ ကြာမြင့်စွာ နေလျက် မိုးလလုန်သောအခါ ဟိမဝန္တာမှ သက်ခဲ့၍ ဒေသစာရီသွားသည်ရှိသော် အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်လျှင် မင်း၏ဥယျာဉ်တော်၌ နေလျက် နက်ဖြန်နေ့၌ ပရိဗိုဇ်ရဟန်းအား လျောက်ပတ်သောအားဖြင့် မြို၌ ဆွမ်းခံအံ့သောငှာ သွားသည်ရှိသော် မင်းအိမ်တံခါးသို့ ရောက်၏။

ဗာရာဏသီမင်း ကိုးကွယ်ခြင်း

ထိုသို့ ဆွမ်းခံဝင်သော ဗောဓိပရိဗိုဇ်ကို ခြေသံခံသော လေသွန်ပြတင်းပေါက်၌ ရပ်သော ဗြဟ္မဒတ်မင်းသည် မြင်လေလျှင် ထိုဗောဓိပရိဗိုဇ်၏ ကွန်ဒြေတော်၏ ငြိမ်သက်ခြင်း၌ ကြည်ညို၍ ထိုဗောဓိပရိဗိုဇ်ကို မိမိနန်းတော်သို့ ဝင်စေတော်မူ၍ ရာဇပလ္လင်၌ နေစေပြီးလျှင် အပ်သော ပျူငှာသော လောကဝတ်ရှိသည်ဖြစ်၍ အတန်ငယ် တရားစကားကို နာပြီးလျှင် အထူးထူးသော, မြတ်သော, အရသာရှိသော ဘောဇဉ်ကို လှူစေ၏။ ဘုရားလောင်းသည် ဆွမ်းကို ခံယူတော်မူ၍ ကြွ၏။ "ဤမင်းမျိုးသည် ကား အပြစ်များ၏၊ ရန်သူတို့သည် များကုန်၏၊ ငါ့အား ဖြစ်လိမ့်သော ဘေးကို အဘယ်သူသည်လျှင် ထုတ်ဆောင်နိုင်လိမ့်တုံ့နည်း" ဟု ကြံ၏။ ကြံပြီး၍ ဗောဓိပရိဗိုဇ်သည် အနီးဌာနတည်သောမင်းနှင့် အကျမ်းဝင်သော ပိုင်လိမည်သော ခွေးတစ်ခုကိုမြင်၍ ကြီးစွာသော ထမင်းစိုင်ကို ကိုင်၍ ထိုပိုင်လအမည်ရှိသော ခွေးအား ပေးလိုသော အခြင်းအရာကို ပြ၏။

ဗြဟ္မဒတ်မင်းသည် သိလတ်၍ ခွေးစားခွက်ကို ဆောင်ယူစေပြီးလျှင် ထမင်းခဲကို ယူစေ၍ ပေးစေ၏။ ဘုရားလောင်းသည်လည်း ထိုခွေးအား

www.dhammadownload.com

ပေး၍ ဆွမ်းစားခြင်း ကိစ္စကို ပြီးစေ၏။ ဗြဟ္မဒတ်မင်း သည်လည်း ထိုဘုရားလောင်း၏ ဝန်ခံခြင်းကို ယူစေပြီးလျှင် မြို့တွင်းဝယ် မင်းဥယျာဉ်တော်၌ သစ်ရွက်မိုးသောကျောင်းကို ဆောက်စေ၍ ရဟန်းတို့၏ ပရိက္ခရာတို့ကို လှူ၍ ထိုကျောင်း၌ နေစေ၏။ နေ့တိုင်း နေ့တိုင်းလည်း နှစ်ကြိမ်, သုံးကြိမ် ဘုရားလောင်းအား ဆည်းကပ်ခစားအံ့သောငှာ သွား၏။ ဆွမ်း ဘုဉ်းပေးသော ကာလ၌ကား ဘုရားလောင်းသည် အမြဲ ရာဇပလ္လင်၌သာ လျှင် နေ၍ မင်း၏ဘောဇဉ်ကိုသာလျှင် ဘုဉ်းပေးတော်မူ၏။ ဤသို့လျှင် တစ်ဆယ့်နှစ်နှစ်တို့သည် လွန်ကုန်၏။

မိစ္ဆာဝါဒ ၅-ပါး

ထိုဗြဟ္မဒတ်မင်းအားကား ငါးယောက်ကုန်သော အမတ်တို့သည် အကျိုးအကြောင်းကိုပြ၍ ဆုံးမကုန်၏။ ထိုငါးယောက်ကုန်သော အမတ်တို့တွင် တစ်ယောက်သော အမတ်သည် အဟေတုက ဝါဒ ရှိ၏။ တစ်ယောက်သောအမတ်သည် ဣသရကတ ဝါဒ ရှိ၏။ တစ်ယောက်သော အမတ်သည် ပုဗ္ဗေကတ ဝါဒ ရှိ၏။ တစ်ယောက်သော အမတ်သည် ဥစ္ဆေဒ ဝါဒ ရှိ၏။ တစ်ယောက်သောအမတ်သည် ခတ္တဝိဇ္ဇ ဝါဒရှိ၏။

ထိုအမတ်တို့တွင် အဟေတုက ဂါဒ ရှိသော အမတ်သည် "ဤသတ္တဝါတို့သည် အကြောင်းမရှိ၊ သံသရာဖြင့် စင်ကြယ်ကုန်၏" ဟုလူများကို ယူစေ၏။ ဣသရကတ ဝါဒရှိသော အမတ်သည် "လူများကို ဗြဟ္မဗိသနိုး အစိုးရသောသူသည်ဖန်ဆင်းအပ်၏" ဟု လူအများကိုယူစေ၏။ ပုဗ္ဗေကတ ဝါဒရှိသောအမတ်သည် "ဤသတ္တဝါတို့အား ချမ်းသာဆင်းရဲ ဖြစ်သည် ရှိသော် ရှေးဦးပြုအပ်သော ကံကြောင့်သာလျှင် ဖြစ်၏" ဟုလူအများကို ယူစေ၏။ ဥစ္ဆေဒဝါဒရှိသော အမတ်သည် "ဤပစ္စုပ္ပန်ဘဝမှ တမလွန်ဘဝသို့ သွားသောသူ မည်သည်ကား မရှိ၊ ဤလောကသည် ပြတ်၏" ဟု လူများကို ယူစေ၏။ ခတ္တဝိဇ္ဇ ဝါဒရှိသော အမတ်သည်" မိဘတို့ကိုလည်း သတ်၍ မိမိသာလျှင် အလိုဆန္ဒကို ပြုအပ်၏" ဟု လူများကို ယူစေ၏။

ရဟန်း တရားသူကြီး

ထိုအမတ်တို့သည် ဗြဟ္မဒတ်မင်း၏ တရားသူကြီးအရာ၌ တည်နေကုန်လျက် တံစိုးစား ကုန်သည်ဖြစ်၍ ဥစ္စာရှင် မဟုတ်သောသူကို ဥစ္စာရှင်ပြုကုန်၏၊ ဥစ္စာရှင်ဖြစ်သောသူကို ဥစ္စာရှင် မဟုတ်သည်ကို ပြုကုန်၏။

www.dhammadownload.com

ထိုအခါ တစ်နေ့သ၌ လိမ်လဲ့ည် ကောက်ကျစ်၍ တရားတော့တတ်သော သူမှ တရားရှုံးသော ယောကျ်ားတစ်ယောက်သည် ဆွမ်းခံကြွတော်မူလျက် မင်း၏ နန်းတော်သို့ ဝင်သော ဘုရားလောင်းကို မြင်လေလျှင် ရှိခိုး၍ ''အရှင်ဘုရား....အရှင်ဘုရားတို့သည် အရှင်မင်းကြီး နန်းတော်၌ ဆွမ်းဘဉ်းပေးတော်မူဘို၏တကား၊ တံစိုးယူ၍ လူကို ဖျက်ဆီးကုန်သော တရားစီရင် ဆုံးဖြတ်ကုန်သော အမတ်တို့ကို အဘယ်ကြောင့် လျစ်လျူရှုတော်မူကုန်ဘိသနည်း၊ ယခုအခါ ငါးယောက်ကုန်သော အမတ်တို့သည် ကောက်တကျစ်ပြု၍ တရားတော့တတ်သော သူ၏ လက်မှ တံစိုးကို ယူ၍ ဥစ္စာရှင်ဖြစ်ပါလျက်လျှင် ဥစ္စာရှင် မဟုတ်သည်ကို ပြုအပ်၏'' ဟု လျှောက်ထား၍ ငိုကြွေး၏။ ဘုရားလောင်းသည် ထို တရားရှုံးသော ယောကျ်ား၌ သနားတော်မူသည်၏ အစွမ်းအားဖြင့် တရားဆုံးဖြတ်ရာသို့ သွား၍ တရားသဖြင့် ဆုံးဖြတ်စီရင်လျှင် ဥစ္စာရှင်ဖြစ်သောသူကိုသာလျှင် ဥစ္စာရှင် ပြုတော်မူ၏။ လူမျှားသည် တစ်ပြိုင်နက်သာလျှင် ဖြစ်သော ဆည်းစ္စာသော အသံဖြင့် ကောင်းချီးကြွေးကြော်သော အခြင်းအရာကို ပေး၏။ ဗြဟ္မဒတ်မင်းသည် ထိုအသံကိုကြားလျှင် ''ဤအသံသည် အဘယ်အသံနည်း'' ဟု မေး၍ ထိုအကြောင်းကို ကြားသိရလျှင် ဘုရားလောင်းအထံ၌ နေ၍ ပြုအပ်ပြီးသော ဆွမ်းဘဉ်းပေးခြင်း ကိစ္စရှိသော ဘုရားလောင်းကို ''အရှင်ဘုရား.... ယနေ့ အရှင်ဘုရားသည် တရားဆုံးဖြတ်ဘော်မူသလော'' ဟု မေး၏။ ''မြတ်သော မင်းကြီး....ဆုံးဖြတ်သည် မှန်၏'' ဟု ဆိုလတ်သော် ''အရှင်ဘုရား....အရှင်ဘုရားတို့သည် စီရင်ဆုံးဖြတ်ဘော်မူသည်ရှိသော် လူမျှား၏ စီးပွားချမ်းသာသည် ဖြစ်ပါလတ္တံ့၊ ဤနေ့မှစ၍ အရှင်ဘုရားတို့သည်သာလျှင် စီရင်ဆုံးဖြတ်တော်မူပါကုန်လော့'' ဟု လျှောက်၏။

''မြတ်သောမင်းကြီး....ငါတို့သည် ရဟန်းမည်ကုန်၏၊ ငါတို့အား ထို တရားကို စီရင်သော အမှုသည် မအပ်'' ဟု ဆိုလတ်သော် ''အရှင်ဘုရား....လူမျှားခြင်း သနားတော်မူသဖြင့် စီရင်ဆုံးဖြတ်တော်မူအံ့သောငှာ အပ်ပါ၏၊ အရှင်ဘုရားတို့သည် အလုံးစုံသော နေ့တိုင်းပတ်လုံး ဆုံးဖြတ်တော်မမူလင့်၊ ဥယျာဉ်တော်မှ ဤ နန်းတော်သို့ ကြွလာတော်မူကုန်သည်ရှိသော် တရားစီရင်ရာအရပ်သို့ ကြွဘော်မူ၍ စောစောကသာလျှင် လေးတရားတို့ကို ဆုံးဖြတ်ဘော်မူကုန်လော့၊ ဆွမ်းဘဉ်းပေးတော်မူပြီးလျှင် ဥယျာဉ်တော်သို့ ကြွတော်မူလိုသည်ရှိသော် လေးတရားတို့ကို ဆုံးဖြတ်တော်မူကုန်လော့၊

www.dhammadownload.com

ဤသို့ ဆုံးဖြတ်စီရင်တော်မူသည်ရှိသော် လူများအား စီးပွားချမ်းသာ ဖြစ်ပါလတ္တံ့'' ဟု လျှောက်၏။ ဘုရားလောင်းသည် ထို ဗြဟ္မဒတ်မင်း အဖန်တလဲလဲ တောင်းပန်သည်ရှိသော် ''ကောင်းပြီ'' ဟု ဝန်ခံတော်မူပြီး လျှင် ထိုနေ့မှစ၍ ထို ဗြဟ္မဒတ်မင်း လျှောက်တောင်းပန်တိုင်း စီရင် ဆုံးဖြတ် တော်မူ၏။ တံစိုးထိုး၍ တရားတွေ့တတ်ကုန်သော သူတို့သည် အခွင့်မရကုန်၊ ထို အမတ်တို့သည်လည်း တံစိုးကို မရကုန်သည်ဖြစ်၍ ဆင်းရဲကုန်သဖြင့် ကြံ့ကြကုန်၏။

အမတ်တို့ ကုန်းတိုက်ပြီ

''ဗောဓိပရိဗိုဇ် တရားဆုံးဖြတ်သော ကာလမှစ၍ ငါတို့သည် တစ်စုံတစ်ခုကိုမျှမရကုန်၊ ယခု ထို ဗောဓိပရိဗိုဇ်ကို အရှင်မင်းမြတ်၏ ရန်သူဟု တင်လျှောက်၍ ထို ဗောဓိပရိဗိုဇ်ကို အရှင်မင်းကြီး နှလုံး ဘော်၌ ချစ်ခြင်းကို ဖျက်၍ သတ်စေကုန်အံ့'' ဟု ကြံ့ကြကုန်၏။ ကြံ့ကြ ကုန်ပြီး၍ ထို အမတ်တို့သည် ဗြဟ္မဒတ်မင်းသို့ ကပ်ကုန်၍ ''အရှင် မင်းမြတ်....ဗောဓိပရိဗိုဇ်သည် အရှင်မင်းမြတ်တို့၏ အကျိုးမဲ့ကို အလို ရှိ၏'' ဟု တင်လျှောက်ကုန်လတ်သော် မယုံကြည်သည်၏ အဖြစ်ကြောင့် ''ဤ ဗောဓိပရိဗိုဇ်သည် သိလရှိ၏၊ ဉာဏ်နှင့် ပြည့်စုံ၏၊ ဤသို့ မပြုကုန် လတ္တံ့'' ဟု ဗြဟ္မဒတ်မင်း ဆိုသည်ရှိသော် ''အရှင်မင်းမြတ်....နာတော်မူ ဦးလော့၊ မြို့အလုံးဦ နေကုန်သော သူတို့ကို မိမိ လက်နက်တို့ကို ပြု၏၊ စင်စစ်သော်ကား ငါး ယောက် ကုန်သော အကျွန်ုပ်တို့ကိုသာလျှင် လက်နက် ပြုအံ့သောငှာ မတတ်နိုင်၊ အကျွန်ုပ်တို့၏ စကားကို အကယ်၍ ယုံတော်မမူကုန်အံ့၊ ထို ဗောဓိပရိဗိုဇ် ဤနန်းတော်သို့ လာသောအခါ ပရိသတ်တို့ကို ကြည့်တော်မူပါကုန်လော့'' ဟု တင်လျှောက်ကြကုန်၏။

ဗြဟ္မဒတ်မင်းသည် ''ကောင်းပြီ'' ဟု ခြေသံ့ခံသော လေသွန် ပြတင်းပေါက်၌ ရပ်လျက် လာလတ်သော ဗောဓိပရိဗိုဇ်ကို ကြည့်သည်ရှိ သော် အခြံအရံနှင့်တကွ လာသည်ကို မြင်၍ မိမိ မလိမ္မာသည်၏ အဖြစ် ကြောင့် တရားတွေ့ကုန်သော လူတို့ကို ထို ဗောဓိပရိဗိုဇ်၏ အခြံအရံဟု အောက်မေ့၍ အချစ်ပျက်လေလျှင် ထို အမတ်တို့ကို ခေါ်စေ၍ ''အ သို့ ပြု ရကုန်အံ့ နည်း'' ဟု မေး၏။ ''အရှင်မင်းမြတ်....ထို ဗောဓိပရိဗိုဇ်ကို ဖမ်းစေတော်မူလော့'' ဟု တင်လျှောက်ကုန်လတ်

www.dhammadownload.com

သော် "ရှုန့် ရင်း ကြမ်း ကြုတ် သော အ ပြစ် ကို မ မြင် ဘဲ လျက် အသို့ဖမ်းရအံ့နည်း" ဟု ဆို၏။ "အရှင်မင်းမြတ်....ထို သို့ တ ပြီး ကား ထို ဗျာဓိပရိဗိုဇ်အား ပြုမြဲတိုင်းသော ပူဇော်သက္ကာရကို ယုတ်စေတော်မူ ကုန်လော့၊ ထို သို့ ပူဇော်သက္ကာရကို ဆုတ်ယုတ်စေသည်ကို မြင်လျှင် ပညာ ရှိသော ဗျာဓိပရိဗိုဇ်သည် တစ်စုံတစ်ယောက်သော သူအား မ ကြား မူ၍ မိမိအလိုလိုသာလျှင် ပြေးလတ္တံ့" ဟု တင်လျှောက် ကုန်လတ်သော် ဗြဟ္မဒတ်မင်းသည် "ကောင်းပြီ" ဟု ဆို၍ အစဉ်သဖြင့် ထို ဗျာဓိပရိဗိုဇ် အား ပူဇော်သက္ကာရကို ယုတ်စေ၏။ အစစ္စာသောနှင့် ရှေးဦးစွာ ထို ဗျာဓိပရိဗိုဇ်အား အခင်းမရှိ အချည်းနှီးသော ပလ္လင်၌သာလျှင် နေစေ ကုန်၏။ ထို ဗျာဓိပရိဗိုဇ်သည် အချည်းနှီးသော ပလ္လင်ကို မြင်လျှင် မင်း အချစ်ပျက်သည်၏ အဖြစ်ကို သိ၍ ဥယျာဉ်သို့သွား၍ ထို နေ့ပင်လျှင် ဖဲလို သည်ဖြစ်လျက် စင်စစ်သဖြင့် "သိမှ ဖဲအံ့" ဟု ကြံပြီးလျှင် မဖဲဘဲ နေ၏။

ထို့နောင် နက်ဖြန်နှင့် အချည်းနှီးသော ပလ္လင်၌နေသော ထို ဗျာဓိပရိဗိုဇ်အား ဗြဟ္မဒတ်မင်း၏ လူမြဲတိုင်းသော ဆွမ်းကိုလည်းကောင်း၊ တစ်ပါးသော ဆွမ်းကိုလည်းကောင်း ယူ၍ ရောနှောသော ဆွမ်းကို ပေး ကြကုန်၏။ သုံးရက်မြောက်သောနှင့် မြတ်သော နန်းတော်အပြင်သို့ ဝင်စိမ့်သောငှာ မပေးမူ၍ လှေကား ဦး၌သာလျှင် ထား၍ ရောနှောသော ဆွမ်းကို ပေးကြကုန်၏။ ဘုရားလောင်းသည် ထို ရောနှောသော ဆွမ်းကို ယူ၍ ဥယျာဉ်တော်သို့သွား၍ ဆွမ်းစားခြင်းကိစ္စကို ပြုတော်မူ၏။ လေးရက် မြောက်သောနှင့် နန်းတော်ပြာသာဒ်အောက်၌ ထား၍ ဆန်ကဲ့ထမင်းကို ပေးကြကုန်၏။ ဘုရားလောင်းသည် ထို ဆန်ကဲ့ထမင်းကိုလည်း ယူ၍ ဥယျာဉ်တော်သို့ သွားပြီးလျှင် ဆွမ်းစားခြင်းကိစ္စကို ပြုတော်မူ၏။ ဗြဟ္မဒတ်မင်းသည် အမတ်တို့ကို မေးတော်မူ၏။ "ဗျာဓိပရိဗိုဇ်သည် ပူဇော်သက္ကာရကို ဆုတ်ယုတ်စေသော်လည်း မပြေးသွား၊ ထို ဗျာဓိပရိဗိုဇ် ကို အသို့လျှင် ပြုရကုန်အံ့နည်း" ဟု မေး၏။ "အရှင်မင်းမြတ်....ထို ဗျာဓိ ပရိဗိုဇ်သည် ဆွမ်းအလို့ငှာ မကျင့်၊ ထီးနန်းအကျိုးငှာသာ ကျင့်၏၊ ဆွမ်း အကျိုးငှာ အကယ်၍ ကျင့်ငြားအံ့၊ ရှေးဦးစွာသော နေ့ကပင်လျှင် ပြေး လေရာ၏" ဟု တင်လျှောက်ကြကုန်၏။ "ယခု အသို့ပြုရကုန်အံ့နည်း" ဟု ဗြဟ္မဒတ်မင်း မေးသည်ရှိသော် "အရှင်မင်းမြတ်....နက်ဖြန် ထို ဗျာဓိ ပရိဗိုဇ်ကို သတ်စေတော်မူကုန်လော့" ဟု တင်လျှောက်ကြကုန်၏။

www.dhammadownload.com


ပရိဗိုဇ်ကို သတ်စေခြင်း

ထိုဗြဟ္မဒတ်မင်းသည် "ကောင်းပြီ" ဟု ထိုအမတ်တို့၏ လက်ဦးသဘလျှင် သန်လျက်ကိုထား၍ "နှဲက်ဖြန် တံခါးမ တံခါးငယ်တို့၏ အကြားဦးရပ်၍ ဝင်လာစဉ်လျှင် ထိုဗေဒဓိပရိဗိုဇ်၏ ဦးခေါင်းကိုဖြတ်၍ အပိုင်းပိုင်းပြုပြီးလျှင် တစ်စုံတစ်ယောက်သော သူကို မသိစေမူ၍ ရေအိမ်တွင်းဦး ချပြီးလျှင် ရေချို၍လာခဲ့ကြ့ကုန်လော့" ဟု ဆို၏။ ထိုအမတ်တို့သည် "ကောင်းပြီ" ဟု ဝန်ခံ၍ နက်ဖြန် လာလတ်ကြကုန်ပြီးလျှင် "ဤသို့ပြုကုန်အံ့" ဟု အချင်းချင်း စီရင်ကုန်၍ မိမိတို့အိမ်သို့ သွားကြကုန်၏။

ဗြဟ္မဒတ်မင်းသည်လည်း ညအခါ ဘောဇဉ်ကိုစားပြီးလျှင် အသင်ရှိသော အိပ်ရာဦးလျောင်းလျက် ဘုရားလောင်း ဂုဏ်ကျေးဇူးကို အောက်မေ့၏။ ထိုအခါ ဗြဟ္မဒတ်မင်းအား ထိုသို့ အောက်မေ့စဉ်လျှင် စိုးရိမ်ခြင်းဖြစ်၏။ ကိုယ်မှခွေးတို့သည် ယိုကုန်၏။ အိပ်ရာဦး သက်သာရာမရသည်ဖြင့်၍ ထိုမှဤမှ တလှန့်လှန့် ပြု၏။

ထိုအခါ မိဖုရားကြီးသည် မင်း၏အနီးဦး အံ့ပ်၏။ ထိုဗြဟ္မဒတ်မင်းသည် ထိုမိဖုရားကြီးနှင့်တကွ စကား ပြောဟောခြင်းကိုမျှလည်း မပြု။ ထိုအခါ မင်းကို မိဖုရားကြီးသည် "အရှင်မင်းကြီး....အဘယ့်ကြောင့် စကားပြောဟောခြင်းကိုမျှလည်း ပြုတော်မမူကုန်သနည်း၊ အကျွန်ုပ်အား တစ်စုံတစ်ခုသော အပြစ်သည် ရှိသလော" ဟု လျှောက်၏။ "ရှင်မိဖုရား.... မရှိ၊ စင်စစ်သော်ကား ဗေဒဓိပရိဗိုဇ်သည် ငါတို့ရန်သူ ဖြစ်သတတ်၊ ထို့ကြောင့် ထိုဗေဒဓိပရိဗိုဇ်အား နက်ဖြန် သတ်စိမ့်သောဌာ အမတ်ငါးယောက်တို့ကို စေ၏၊ ထို အမတ်ငါးယောက်တို့သည်ကား ထို ဗေဒဓိပရိဗိုဇ်ကို သတ်ပြီးလျှင် အပိုင်းအပိုင်းပြု၍ ကျင်ကြီးတွင်းဦ ချကုန်လတ္တံ့၊ ထိုဗေဒဓိပရိဗိုဇ်သည်ကား ငါတို့အား တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး မျှားစွာသော တရားကို ဟောပေ၏၊ ငါသည် ထိုဗေဒဓိပရိဗိုဇ်၏ တစ်စုံတဖုသော အပြစ်ကိုလည်း မျက်မှောက်အားဖြင့် မမြင်စဖူး၊ သူတစ်ပါးစကားကိုကား ယုံကြည်သည်ဖြစ်၍ ထိုဗေဒဓိပရိဗိုဇ်ကို ငါသည် သတ်လေဟူ၍ စေမိ၏၊ ထိုအကြောင်းကြောင့် စိုးရိမ်၏" ဟု ဆို၏။ ထိုသို့ ပြောဆိုသော၊ အခါ မင်းကို မိဖုရားကြီးသည် တင်လျှောက်၏။ "အရှင်မင်းကြီး....အရှင်မင်းကြီး၏ ရန်သူတော်သည် အကယ်၍ဖြစ်ငြားအံ့၊ ထို ဗေဒဓိပရိဗိုဇ်ကို သတ်စေကာမူ အဘယ်မူ၍ စိုးရိမ်တော်မူသနည်း၊ ရန်သူမည်သည်ကို

(ဟံသာဝတီမြို့ဂဇ္ဇာရောဟဏ ၁၈-၀၆၆)



www.dhammadownload.com

www.dhammadownload.com

သားပင် ဖြစ်လှည့်ငြားသော်လည်း သတ်၍ မိမိ၏ ချမ်းသာသောအဖြစ်ကို ပြုအပ်၏၊ စိုးရိမ်တော်မမူလင့်'' ဟု သက်သာရာ ရစေ၏။ ထိုဗြဟ္မဒတ်မင်းသည် ထိုမိဖုရားကြီးစကားဖြင့် သက်သာရာရ၍ အိပ်ပျော်ခြင်းသို့ရောက်၏။

ခွေး၏ကယ်တင်ခြင်း

ထိုခဏ နန်းတော်၌မွေးသော ပိဂ်လ အမည်ရှိသောခွေးသည် ထိုစကားကိုကြား၍ ''နက်ဖြန် ငါသည် ငါ၏အစ္စမ်းဖြင့် ထို ဗောဓိပရိဗိုဇ်အား အသက်ကိုပေးခြင်းငှာ သင့်၏'' ဟု ကြံ၍ မိုးသောက်သောနေ့၌စော စောကလျင် နန်းတော်ပြသာဒ်ထက်မှ ဆင်းသက်၍ တံခါးမသို့ သွားပြီးလျှင် တံခါးခုံပေါ်၌ မေးတင်၍ ဘုရားလျှောင်း လာလတ္တံ့သော လမ်းကို ကြည့်မျှော်လျက်သာလျှင် ဝပ်၍နေ၏။ ထိုအမတ်တို့သည်လည်း စောစောကလျှင် သန့်လျက်စွဲကုန်လျက် လာလတ်ကုန်၍ တံခါးမ တဲခါးငယ်တို့၏ အကြားဌာန တည်ကုန်ကြ၏။ ဘုရားလောင်းသည်လည်း အခါကိုမှတ်၍ ဥယျာဉ်တော်မှ ထွက်ခဲ့ပြီးလျှင် မင်းအိမ်တံခါးသို့ သွားလေ၏။ ထိုအခါ ဘုရားလောင်းကို ပိဂ်လအမည်ရှိသောခွေးသည် မြင်လျှင် ခံတွင်းကိုဖွင့်၍ အစွယ်လေးချောင်းတို့ကိုပြလျက် ''အရှင်ဘုရား....အရှင်ဘုရားသည် ဇမ္ဗူဒီပ်ကျွန်းအပြင်ဝယ် တစ်ပါးသောအရပ်၌ ဆွမ်းကို မရသလော၊ အကျွန်ုပ်တို့ အရှင်မင်းကြီးသည် အရှင်ဘုရားအား သတ်စိမ့်သောငှာ သန့်လျက်လက်စွဲကုန်သော အမတ်ငါးယောက်တို့ကို တံခါးနှစ်ခုတို့၏အကြားဌာန ထားတော်မူ၏၊ အရှင်ဘုရားသည် နံဖူးပြင်ဖြင့် သေမင်းကိုဆောင်ယူခဲ့၍ မလာလင့်၊ လျှင်စွာ ဖဲပါလေလော့'' ဟု ပြင်းထန်စွာသောအသံဖြင့် ဟောင်၏။ ထိုဘုရားလောင်း ဗောဓိပရိဗိုဇ်သည် အလုံးစုံသော သတ္တဝါတို့၏ အသံကို သိသည်၏ အဖြစ်ကြောင့် ထိုအကြောင်းကိုသိ၍ ထိုအရပ်မှလျှင် ပြန်လည်၍ ဥယျာဉ်တော်သို့ သွားပြီးလျှင် တစ်ပါးသောအရပ်သို့ သွားအံ့သောငှာ ပရိက္ခရာတို့ကို ယူ၏။

မင်းကြီးတောင်းပန်ခြင်း

ဗြဟ္မဒတ်မင်းသည် ခြေသေ့ခံသော လေသွန်တံခါးဝ၌ရပ်လျက် ထိုဘုရားလောင်း လာလတ်သည်ကိုလည်းကောင်း၊ ပြန်လည်၍ သွားသည်ကိုလည်းကောင်း မြင်၍ ''ဤ ဗောဓိပရိဗိုဇ်သည် ငါ၏ရန်သူ အကယ်၍ ဖြစ်ငြားအံ့၊ ဥယျာဉ်တော်သို့ရောက်လျှင် ဗိုလ်ပါကိုစုရုံး စစ်ထိုးမှုကိုစီရင်သည်

www.dhammadownload.com

ဖြစ်လတ္တံ့၊ အကယ်၍ ငါ၏ရန်သူမဖြစ်ငြားအံ့၊ မိမိပရိက္ခရာတို့ကိုယူ၍ ပြေးသွားအံ့သောအမှုကို စီရင်သည်ဖြစ်လတ္တံ့၊ ထို ဗေဓိပရိဗိုဇ်၏ အမှုအရာကို သိအောင်ပြုအံ့'' ဟု ဥယျာဉ်သို့သွား၍ မိမိပရိက္ခရာတို့ကို ယူ၍သွားအံ့ဟု သစ်ရွက်မိုးသောကျောင်းမှ ထွက်သောဘုရားလောင်းကို စကြံဦးကမြင်လျှင် ရှိခိုး၍ တင့်အပ် လျောက်ပတ်သော အရပ်၌ ရပ်လျက် မေးလျှောက်လို ရကား—

၁၂၄။ ကိန္နု ဒဏ္ဍံ ကိ မဇိနံ၊ ကိ˚ ဆတ္တံ ကိဉ္စပါဟနံ။
ကိ˚ အက်ံသဇ္ဇု ပတ္တဇ္ဇု၊ သံဃာဋိဇ္ဇုဘပိ ဗြာဟ္မဏ။
တရမာနရူပေါ ဂဏှာသိ၊ ကိန္နု ပတ္ထယသေ ဒိသံ—

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

၁၂၄။ ဗြာဟ္မဏ၊ မကောင်းမှုကို အပယ်ပြုပြီးသော ရှင်ရဟန်း။ တုံ့၊ အရှင်ဘုရားသည်။ တရမာနရူပေါ၊ လျင်မြန်သော သဘောရှိလျက်။ ဒဏ္ဍံ၊ တောင်ဝှေးကို။ ကိန္နု ဂဏှာသိ၊ အဘယ့်ကြောင့် ယူဘိသနည်း။ အဇိနံ၊ သစ်နက်ရေကို။ ကိ˚ ဂဏှာသိ၊ အဘယ့်ကြောင့် ယူဘိသနည်း။ ဆတ္တံ၊ ထီးကို။ ကိ˚ ဂဏှာသိ၊ အဘယ်ကြောင့် ယူဘိသနည်း။ ဥပါဟနံ၊ ဖိနပ်ကို။ ကိ˚ ဂဏှာသိ၊ အဘယ့်ကြောင့် ယူဘိသနည်း။ အက်ံသဇ္ဇု၊ သပိတ်အိတ်ဆဲသော ချန်းကောက်ကိုလည်း။ ကိ˚ ဂဏှာသိ၊ အဘယ့်ကြောင့် ယူဘိသနည်း။ ပတ္တဇ္ဇု၊ သပိတ်ကိုလည်း။ ကိ˚ ဂဏှာသိ၊ အဘယ့်ကြောင့် ယူဘိသနည်း။ သံဃာဋိဇ္ဇုဘပိ၊ ဒုကူဋ်ကိုလည်း။ ကိ˚ ဂဏှာသိ၊ အဘယ့်ကြောင့် ယူဘိသနည်း။ ဘုံ၊ အရှင်ဘုရားသည်။ ကိန္နု ဒိသံ၊ အဘယ်အရပ်မျက်နှာကိုလျှင်။ ပတ္ထယသေ၊ သွားခြင်းငှာ တောင့်တတော်မူသနည်း။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ''ဤမင်းသည် မိမိပြုသောအမှုကို ငါ့ကိုမသိဟု မှတ်ထင်လေ၏၊ ထို့ကြောင့် ထိုမင်းကို သိစေအံ့'' ဟု သိစေတော်မူလိုရကား—

၁၂၅။ ဒဋ္ဌါဒသေတာနိ ဝဏ္ဏာနိ၊ စုသိတာနိ တဝန္တိကေ။
နာဘိဇာနာမိ သောဏေန၊ ပိင်္ဂလေနာဘိကူဇိတံ။

www.dhammadownload.com

၁၂၆။ သဲ့ဟံ ဒိတ္ထောဝ နဒတိ၊ သုက္ကဒါဠံ ဝိဒံသယံ။
တဝ သုတ္ဒာ သဘရိယဿ၊ ဝိတသဒ္ဓဿ မံ ပတိ—
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၂၅။ မဟာရာဇ၊ မင်းမြတ်။ တဝန္တိကော၊ ဒါယကာတော် မင်းမြတ်အထံ၌။ ဝုသိတာနိ၊ မင်းမြတ်ကို အမှီပြု၍ နေအပ်ကုန်သော။ ယာနိ ဒ္ဝါဒသဝဿာနိ၊ အကြင် တစ်ဆယ့်နှစ်နှစ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဧတာနိ ဒ္ဝါဒသဝဿာနိ၊ ထို တစ်ဆယ့်နှစ်နှစ်တို့ပတ်လုံး။ ပိဂ်္ဂလေန၊ ပိဂ်္ဂလ အမည်ရှိသော။ ဣသာဏေန၊ အရှင်မင်းမြတ်၏ ခွေးတော်သည်။ မံ၊ ငါ့ကို။ အဘိကူဇိတံ၊ ပြင်းထန်စွာ ဟောင်ဘူးသည်ကို။ အဟံ၊ ငါသည်။ နာဘိဇာနာမိ၊ မသိစဘူး။

၁၂၆။ မံ ပတိ၊ ငါ၏ကိုယ်တုံင်း၌။ သဘရိယဿ၊ မိဖုရားနှင့် တကွ။ ဝိတသဒ္ဓဿ၊ သဒ္ဓါကြည်ညိုခြင်းကင်းထသော။ တဝ၊ အရှင်မင်းမြတ်၏။ ဝစနံ၊ စကားကို။ သုတ္ဒာ၊ ကြား၍။ သဲ့ဟံ-သောအယံ သုနခေါ၊ ထို ခွေးတော်ပိဂ်္ဂလသည်။ သုက္ကဒါဠံ၊ ဖြူသော အစွယ်လေး ချောင်းကို။ ဝိဒံသယံ၊ ဖော်ပြလျက်။ ဒိတ္ထောဝ၊ ဆုံးမဘိသကဲ့သို့။ မံ၊ ငါ့ကို။ နဒတိ၊ ပြင်းစွာဟောင်၏။

ထို့နောင်မှ ဗြဟ္မဒတ်မင်းသည် မိမိအပြစ်ကို ဝန်ခံ၍ ကန်တော့လို ရကား—

၁၂၇။ အဟု သေ ကတော၊ ဒေါသော၊
ယထာ ဘာသသိ ဗြာဟ္မဏ။
သေ ဘိယ္ယော ပသီဒါမိ၊ ဝသ ဗြာဟ္မဏ မာဂမာ—
ဟူသော လေးခုမြောက်သော ဤဂါထာကို ဆို၏။

ပေဝဝိပရိဗိုဇ် သွားခွင့်တောင်းခြင်း

၁၂၇။ ဗြာဟ္မဏ၊ မကောင်းမှုကို အပပြုပြီးသော အရှင်မြတ်။ တုံ၊ အရှင်မြတ်သည်။ မမ၊ အကျွန်ုပ်၏။ ဒေါသံ၊ အပြစ်ကို။ ယထာ၊ အကြင်အခြင်းဖြင့်။ ဘာသသိ၊ ဆိုတော်မူ၏။ တထာ၊ ထို အရှင်ဘုရား ဆိုတော်မူတိုင်း။ မယာ၊ အကျွန်ုပ်သည်။ သေ-ဧသော ဒေါသော၊ သတ်

www.dhammadownload.com

ပေတော့ဟူ၍ စေခြင်းဟူသော အပြစ်ကို။ ကတော၊ ပြုအပ်သည်။ အဟု၊ ဖြစ်ချေ၏။ သေ-ဧသော အဟံပန၊ ဤသို့ ဗောဓိပရိဗိုဇ်ကို သတ်ပေတော့ဟူ၍ စေမိသော အပြစ်ရှိသော အကျွန်ုပ်သည်ကား။ ဘိယျော၊ အတိုင်း ထက်အလွန်။ ပသီဒါမိ၊ ယခု ကြည်ညိုလှပါပြီ။ ဗြာဟ္မဏ၊ မကောင်းမှုကို အပပြုပြီးသော အရှင်မြတ်။ ဝသ၊ ဤတွင်သာ နေတော်မူပါလော့။ မာဂမာ၊ တစ်ပါးသောအရပ်သို့ ကြွတော်မမူပါလင့်။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် "မြတ်သောမင်းကြီး.... ပညာရှိတို့မည်သည်ကား ထိုသို့သဘောရှိသော သူတစ်ပါးတို့၏ စကားကို ယုံကြည်တတ်သော မျက်မြင်ပြုလေ့မရှိသော သူတို့နှင့်တကွ မနေကုန်" ဟု ဆို၍ ထိုမင်း မရိမသေပြုခြင်းကို ပြတော်မူလိုရကား—

၁၂၀။ သဗ္ဗသေတော ပုရေ အာသိ၊
တတောပိ သဗလော အဟု။
သဗ္ဗလောဟိတကော ဒါနိ၊
ကာလော ပက္ကမိတုံမမ ။လ။

၁၃၆။ အတိစိရံ နိဝါသေန၊ ပိယော ဘဝတိ အပ္ပိယော။
အာမန္တေ ခေါ တံ ဂစ္ဆာမ၊
ပုရာ တေ ဟောမ အပ္ပိယာ—

ဟူသော ဤကိုးဂါထာတို့ကို ဆို၏။

၁၂၀။ မဟာရာဇ၊ မင်းမြတ်။ ပုရေ၊ ရှေး၌။ တယာ၊ သင် မင်းမြတ်သည်။ မမ၊ ငါ့အား။ ဒိန္နော၊ လျှူအပ်သော။ သြဒနော၊ ဆွမ်းသည်။ သဗ္ဗသေတော၊ အလုံးစုံဖြူသည်။ အာသိ၊ ဖြစ်၏။ တတောပိ၊ ထိုနောင်မှလည်း။ သဗလော၊ ကြောင်ကျားသည်။ အဟု၊ ဖြစ်ပြီ။ ဣဒါနိ၊ ယခုတစ်မူကား။ သဗ္ဗလောဟိတကော၊ အလုံးစုံနီသည်။ ဇာတော၊ ဖြစ်၏။ ဣဒါနိ၊ ယခု။ မမ၊ ငါ့အား။ ပက္ကမိတုံ၊ အရပ်တစ်ပါးသို့ သွားအံ့သောငှာ။ ကာလော၊ အခါသင့်ပြီ။

၁၂၃။ မဟာရာဇ၊ မင်းမြတ်။ ပုရေ၊ ရှေး၌။ မမ၊ ငါ၏။ အတ္ထာယ၊ အကျိုးငှာ။ ပညတ္တံ၊ ခင်းအပ်သော။ အာသနံ၊ နေရာသည်။

www.dhammadownload.com

အင်္ဘန္တရံ၊ ထီးဖြူသောက်သော ရာဇပလ္လင်ဟုဆိုအပ်သော အတွင်းဘော်၌။ အာဿိ၊ ဖြစ်၏။ တတော၊ ထို့နောင်မှ။ မဇ္ဈေ၊ လေ့ကားတော်ဦးဟု ဆိုအပ်သောအလယ်၌။ အာဿိ၊ ဖြစ်၏။ တတော၊ ထို့နောင်မှ။ ဗဟိ၊ အပ၌၊ ဟောတိ၊ ၏။ နိဒ္ဒမနာ၊ လည်ဆစ်ကိုကိုင်၍ နှင်ထုတ်ခြင်းသည်။ ပုရာဟောတိ၊ မဖြစ်မီခင်။ အဟံ၊ ငါသည်။ သယမေဝ၊ အလိုလိုသာ လျှင်။ ဝဇ္ဇာမိ၊ သွားတော့အံ့။

၁၃၀။ နောဒကံ၊ ရေမရှိသော။ ဥဒပါနံ၊ ရေတွင်းကို။ နသေ-ဝေယျာဟံ၊ မမှီဝဲရာသကဲ့သို့။ တထာ၊ ထို့အတူ။ မဟာရာဇ၊ မင်းမြတ်။ ဝိတသဒ္ဒံ၊ ကြည်ညိုခြင်းကင်းသော သူကို။ နသေဝေယျ၊ မမှီဝဲရာ။ နံ၊ ထို ရေမရှိသောရေတွင်းကို။ သစေပိ အနုခဏော၊ အကယ်၍လည်း ရက်ရာတူးရာသေး၏။ တထာပိ၊ ထိုသို့ တူးငြား ရက်ငြားသော်လည်း။ ဝါရိ၊ ရေသည်။ ကဒ္ဒမဂန္ဓိကံ၊ ညွန်စော်နံသည်။ ဘဝေယျ၊ ဖြစ်ရာ၏။

၁၃၁။ မဟာရာဇ၊ မင်းမြတ်။ ဥဒကတ္ထိကော၊ ရေကို အလိုရှိသောသူသည်။ ရဟဒံ၊ နက်စွာသောရေအိုင်ကြီးသို့။ ပတ္တာ၊ ရောက်၍။ ပသန္နံ၊ ကြည်လင်သောရေကို။ ပယိရုပါသေယျ ဣဝ၊ မှီဝဲသုံးဆောင်ရာသကဲ့သို့။ တထာ၊ ထို့အတူ။ ပဏ္ဍိတော၊ ပညာရှိသော သူသည်။ ပသန္နမေဝ၊ မိမိအား ကြည်ညိုသောသူကိုသာလျှင်။ သေဝေယျ၊ ပေါင်းဖော်မှီဝဲရာ၏။ အပ္ပသန္နံ၊ မိမိအား မသဒ္ဓါ မကြည်ညိုသော သူကို။ ဝိဝဇ္ဇယေ၊ ရှောင်လွှဲခွာရှဲရာ၏။

၁၃၂။ မဟာရာဇ၊ မင်းမြတ်။ ဘဇန္တံ၊ မိမိကို မှီဝဲဆည်းကပ်သော။ ပုရိသံ၊ မိမိ စီးပွားချမ်းသာကို အလိုရှိသော ယောကျ်ားကို။ ဘဇေ၊ မှီဝဲဆည်းကပ်ရာ၏။ အဘဇန္တံ၊ မိမိကို မမှီဝဲ မဆည်းကပ်သော ရန်သူကို။ န ဘဇေယျ၊ မမှီဝဲ မဆည်းကပ်ရာ။ ယော၊ အကြင်သူသည်။ ဘဇန္တံ၊ မိမိကို မဆည်းကပ်သော မိတ် ခင်ပွန်းဖြစ်သောသူကို။ န ဘဇေတိ၊ မမှီဝဲ မဆည်းကပ်။ သော၊ ထိုသူသည်။ အသပ္ပုရိသ ဓမ္မော၊ သူယုတ်မာတို့၏ အကျင့်ရှိသောသူ မည်၏။

၁၃၃။ မဟာရာဇ၊ မင်းမြတ်။ သာခသိတော၊ သစ်ခက်ကို မှီသော။ မိဂေါ ယထာ၊ မျောက်ကဲ့သို့။ ယော၊ အကြင်သူသည်။ ဘဇန္တံ၊

www.dhammadownload.com

မိမိကို ဆည်းကပ်သောသူကို။ နဘဇ္ဇဘိ၊ မဆည်းကပ်။ သေဝမာနံ၊ မိမိကို မှီဝဲသောသူကို။ နသေဝတိ၊ မမှီဝဲ။ သော၊ ထိုသူသည်။ ဇဝ၊ စင်စစ်။ မနုဿပါပိဋ္ဌော၊ အလွန်ယုတ်မွာသောသူ မည်၏။

မိတ်ဆွေပျက်ကြောင်း ၃-ပါး

၁၃၄။ မဟာရာဇာ၊ မင်းမြတ်။ သစ္စာဘိက္ခဝသံသဂ္ဂါ၊ မပြတ် ပေါင်းဖော်လွန်ခြင်းကြောင့် လည်းကောင်း။ အသမော၊ သရဏော စ၊ မပေါင်းဖော်ခြင်းကြောင့် လည်းကောင်း။ အကာလေ၊ မလျောက်ပတ် သောကာလ၌။ ယာစနာယစ၊ ချစ်မြတ်နိုးသောဥစ္စာကို တောင်းခြင်း ကြောင့်လည်းကောင်း။ တေန ကာရဏေန၊ ထိုဆိုအပ်ပြီးသော အကြောင်း ကြောင့်။ မိတ္တာ၊ အဆွေခင်ပွန်းတို့သည်။ ဇီရန္တိ၊ ဆွေးမြည့်ပျက်စီးကုန်၏။

၁၃၅။ တသ္မာ၊ ထို့ကြောင့်။ အဘိက္ခဏံ၊ အစဉ်မပြတ်။ နဂစ္ဆေ၊ မဆည်းကပ်ရာ။ စိရာ စိရံ စ ဂစ္ဆေ။ အလွန် မြင့်ရှည်စွာလည်း မဆည်းကပ်ဘဲ မနေရာ၊ ကာလေန၊ လျောက်ပတ်သော အခါကာလ၌။ ယာစံ၊ တောင်းအပ်သောဥစ္စာကို။ ယာစေယျ၊ တောင်းရာ၏။ စေံ-ဣမိ နာပကာရေန၊ ဤသို့သောအပြားအားဖြင့်။ စရမာနေ၊ ကျင့်သည်ရှိသော်။ မိတ္တာ၊ အဆွေခင်ပွန်းတို့သည်။ နဇီယျရေ၊ မဆွေးမြည့် မပျက်စီးကုန်။

၁၃၆။ မဟာရာဇာ၊ မင်းမြတ်။ အတိစိရံ၊ အလွန်ကြာမြင့်စွာ။ နိဝါသေန၊ နေခြင်းကြောင့်။ ပီယော၊ ချစ်မြတ်နိုးသော သူသည်။ အပ္ပီယော ဘဝတိ၊ မုန်းသောသူ ဖြစ်တတ်၏။ မဟာရာဇာ၊ မင်းမြတ်။ မယံ၊ ငါတို့သည်။ တေ၊ သင်မင်းမြတ်၏။ အပ္ပီယာ ပုရာဟောမ၊ မုန်းတော် မမူကုန်မီ။ တံ၊ သင်မင်းမြတ်ကို။ အာမန္တေ ဓေါ၊ ပန်ကြား၍သာလျှင်။ ဂစ္ဆာမ၊ သွားပါကုန်ပါအံ့။

မင်းကြီးပြန်ကြွလာရန် ဖိတ်ကြားပုံ

ထိုစကားကိုကြား၍ ဗြဟ္မဒတ်မင်းသည် မိမိပြည်သို့ တစ်ဖန်ပြန်လည် စိမ့်သောငှာ တောင်းပန်လိုရကား—

www.dhammadownload.com

၁၃၇။ ဧဝံ တေ ယာစမာနာနံ၊ အဠာလိ နာဝဗုဇ္ဈသိ။
ပရိစာရကာနံ သတ္တာနံ၊ ဝစနံ နာ ကရောသိ နော။
ဧဝံ တံ အာဘိယာစာမ၊ ပုန ကယိရာဟိ ပရိယာယံ—
ဟူသော ဤဂါထာကို ဆို၏။

၁၃၇။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ-ဣမိနာ ပကာရေန၊ ဤသို့သော အမျှားအား ဖြင့်။ တေ၊ အရှင်ဘုရားအား။ ယာစမနာနံ၊ တောင်းပန်အပ်ကုန်သော အကျွန်ုပ်တို့၏။ အဠာလိ၊ လက်အုပ်ချီခြင်းကို။ တံ၊ အရှင်ဘုရားသည်။ နာဝဗုဇ္ဈသိ၊ သိတော်မမူပြီးအံ့။ ပရိစာရကာနံ သတ္တာနံ၊ အလုပ်အကျွေး ပစ္စည်းဒါယကာဖြစ်ကုန်သော။ နော၊ အကျွန်ုပ်တို့၏။ ဝစနံ၊ လျှောက်ထားတောင်းပန်သောစကားကို။ နကရောသိ၊ နာယူတော်မမူသည် ဖြစ်ပြီးအံ့။ ဧဝံ၊ ဤသို့ နာယူခဲတော် မမူသည်ရှိသော်။ တံ၊ အရှင်ဘုရားကို။ အာဘိယာစာမ၊ အထူး တောင်းပန်ပါကုန်ဦးအံ့။ ပုနပရိယာယံ၊ ဤနေပြည်တော်သို့ တဖန်ပြန်လည်တော်ခြင်းငှာ အလှည့်ကို။ ကယိရာဟိ၊ ပြုတော်မူပါဦးလော့။

ဘုရားလျှောင်းသည် ဝန်ခံတော်မူလိုရကား—

၁၃၈။ ဧဝဉ္ဉေ နော ဝိဟာရတံ၊ အန္တရာယော န ဟေဿတိ။
တုယ္ဟံ ဝါပိ မဟာရာဇ၊ မယ္ဟံ ဝါ ရဋ္ဌဝဍ္ဎန။
အပ္ပေဝ နာမ ပဿေမ၊ အဟောရတ္တာန မစ္စယေ—
ဟူသော ဤဂါထာကို ဆို၏။

၁၃၈။ ရဋ္ဌဝဍ္ဎန၊ တိုင်းနိုင်ငံသူ ရွှင်လူမျှားကို ပွားစေတော်မူတတ်သော။ မဟာရာဇ၊ မင်းမြတ်။ တုယ္ဟံဝါပိ၊ သင်မင်းမြတ်အား လည်းကောင်း။ မယ္ဟံဝါပိ၊ ငါ့အား လည်းကောင်း။ ဧဝံဝိဟာရတံ၊ ဤသို့ကွေကွင်း၍ နေကြကုန်လတ္တံ့သော။ နော အမှာကံ၊ ငါတို့အား။ အန္တရာယော၊ အန္တရာယ်သည်။ နဟေဿတိ၊ မဖြစ်ပြီးအံ့။ ဧဝံသတိ၊ ဤသို့ အန္တရာယ် ဖြစ်ကြပါသော်။ အဟောရတ္တာနံ၊ နေ့ည၌တို့၏ အစွယ်၊ လွန်ခြင်းသည်။ သတိ၊ ရှိသော်။ အပ္ပေဝ နာမ ပဿေမ၊ မြင်ရကုန်ပြီးအံ့ လည်း မသိ။

www.dhammadownload.com

ဤသို့လျှင် ဘုရားလောင်းသည် ဖြဟ္မဒတ်မင်းအား တရားဟော တော်မူ၍ "မင်းမြတ်....မမေ့မလျော့ ဖြစ်တော်မူလေ့" ဟု ဆို၍ ဥယျာဉ် တော်မှ ထွက်ခဲ့ပြီးလျှင် သင့်တင့်လျောက်ပတ်သော အရပ်တစ်နှုန်း ဆွမ်းခံ၍ ဗာရာဏသီပြည်မှ ထွက်သွားလေ၍ ဒေ့စဉ်သဖြင့် ဟိမဝန္တာသို့ သာလျှင်သွား၍ အတန်ငယ်သော ကာလပတ်လုံး နေပြီးလျှင် တစ်ဖန် ဟိမဝန္တာမှသက်ခဲ့၍ တစ်ခုသော မုစ္စန္ဒရစ်ရွာကို အမှီပြုလျက် တောဋ္ဌနေ၏။

မင်းကြီး ဘေးတွေ့ပြီ

ဘုရားလောင်း ဗောဓိပရိဗိုဇ်သွားသော ကာလမှစ၍ ထိုအမတ်တို့ သည် တစ်ဖန် တရားဆုံးဖြတ်ရာ၌ နေကုန်၍ ဖျက်ဆီးခြင်းကို ပြုကုန်လျက် ကြုံကြကုန်၏။ "မဟာဗောဓိပရိဗိုဇ်သည် တစ်ဖန် အကယ်၍ လာငြားအုံ၊ ငါတို့ အသက်ရှိတော့မည် မဟုတ်၊ စင်စစ်သော်ကား ထိုဗောဓိပရိဗိုဇ်၏ မလာလတ္တံ့သော အကြောင်းကို အသို့ပြုကြကုန်အံ့နည်း" ဟု ကြုံကြကုန်၏။ ထိုအခါ ထိုအမတ်တို့အား ဤသို့သောအကြံသည် ဖြစ်၏။ "ဤသတ္တဝါ တို့သည် တပ်စွန်းသူရှိရာ အရပ်မည်သည်ကို စွန့်ခြင်းငှာ မတတ်နိုင်ကုန်၊ ဤမြို့၌ ထိုဗောဓိပရိဗိုဇ်၏ တပ်စွန်းနှစ်သက်ရာ ဌာနသည်ကား အဘယ် နည်း" ဟု စုံစမ်းရှာဖွေ၍ ထို့နောင်မှ "မင်း၏ မိဖုရားကြီးတည်း" ဟု သိလျှင် "အကြင်အကြောင်းကြောင့် ထိုဗောဓိပရိဗိုဇ်သည် ဤမိဖုရား ကြီးကို အမှီပြု၍ လာပြန်ရာ၏၊ ထိုအကြောင်းသည် ရှိခြေသယျင်ကတည်း၊ ဗောဓိပရိဗိုဇ် မလာမီကလျှင် ထိုမိဖုရားကြီးကို သတ်စေကုန်အံ့" ဟု ကြုံကြ ကုန်ပြီးလျှင် ဖြဟ္မဒတ်မင်းကို ဤသို့သောစကားကို တင်လျောက် ကြကုန် ၏။ "အရှင်မင်းမြတ်....ဤမည်သောနေ့၌ မြို့ဘေဝ်ဝယ် တစ်ခုသောစကားကို အကျွန်ုပ်တို့သည် ကြားအပ်၏" ဟု တင်လျောက်ကြကုန်၏။ "အဘယ်မည် သော စကားနည်း" ဟု မေးတော်မူလတ်သော် "အရှင်မင်းမြတ်....မဟာ ဗောဓိပရိဗိုဇ်သည် လည်းကောင်း၊ အရှင်မိဖုရားကြီးသည် လည်းကောင်း၊ အချင်းချင်း သတင်းစကားတုံ့ပြန်သော သတင်းစကားကို မှာကြားပို့သ စေ ဆိုကြကုန်၏" ဟု တင်လျောက်ကြကုန်၏။ အသို့ပြု၍ မှာကြားပို့သ စေ ဆိုကြကုန်သနည်းဟု မေးတော်မူသည်ရှိသော် "ရှင်မိဖုရား....ရှင်မိဖုရား အစ်မ်းဖြင့် မင်းကိုသေစေ၍ ငါ့အား ထီးဖြူကိုပေးခြင်းငှာ တတ်နိုင်ပါ မည်လော" ဟု ထိုဗောဓိပရိဗိုဇ်သည် အရှင်မိဖုရားအား စကားပို့ဆောင် စေဆို မှာကြားသတတ်။ "မင်းအား သေအောင်သတ်ခြင်း မည်သည်ကား

www.dhammadownload.com

အာကျွန့်ပ်၏ ဝန်ဖြစ်စေ၊ အရှင်မင်းမြတ်သည် လျင်မြန်စွာ ကြွလာလှည့်ဟု ထိုမိဖုရားကြီးကလည်း ထိုဗောဓိပရိဗိုဇ်အား စေဆိုမှာထားလိုက်ပါသည်'' ဟု တင်လျှောက်ကြကုန်၏။ ဗြဟ္မဒတ်မင်းသည် အဖန်တလဲလဲ တင်ကြကုန်သော ထိုအမတ်တို့၏စကားကို ယုံကြည်၍ ''ယခု အသို့ပြုအပ်သနည်း'' ဟု မေးတော်မူ၍ ''အရှင်မင်းမြတ်....အရှင်မိဖုရားကို သတ်ခြင်းငှာ ထိုက်ပါ၏'' ဟု တင်လျှောက်ကုန်လတ်သော် မစုံစမ်းမဆင်ခြင်မူ၍ ''ထိုသို့ တပြီးကား သင်တို့သည်ပင်လျှင် ထိုမိဖုရားကြီးကို သတ်၍ အပိုင်းပိုင်းဖြတ်ပြီးလျှင် ကျင်ကြီးတွင်း၌ ပစ်ချကုန်လော့'' ဟု ဆို၏။

ထိုအမတ်တို့သည် ထိုသို့စီရင်တိုင်း ပြုကြကုန်၏။ ထိုမိဖုရားကို သတ်စေသော အဖြစ်သည် မြို့အလုံး ကျော်စောထင်ရှား၏။ ထိုအခါ ''ဤမင်းသည် အပြစ်မရှိသော ငါတို့ မယ်တော်မိဖုရားကြီးကို သတ်အပ်၏'' ဟု ထိုမိဖုရားကြီး၏ သားဖတော်လေးယောက်တို့သည်မင်း၏ရန်သူ ဖြစ်ကြကုန်၏။ ဗြဟ္မဒတ်မင်းသည် ကြီးစွာသောဘေးသို့ ရောက်၏။

ဗောဓိပရိဗိုဇ် ပြန်ကြလာ

ဘုရားလောင်းသည် အဆင့်ဆင့်အားဖြင့် ထိုသတင်းစကားကို ကြား၍ ကြံတော်မူ၏။ ''ငါ့ကိုထား၍ ငါမှ တစ်ပါးသော ထိုမင်းသားလေးယောက်တို့ကို နှစ်သက်စေ၍ ခမည်းတော် ဗြဟ္မဒတ်မင်းကို ကန်တော့စိမ့်သောငှာ စွမ်းနိုင်သူမည်သည် မရှိ၊ မင်းအားလည်း အသက်ကိုပေးအံ့၊ မင်းသားတို့ကိုလည်း မကောင်းမှုမှ လွတ်စေအံ့'' ဟု ကြံ၏။ ကြံပြီး၍ ထိုဘုရားလောင်းသည် မိုးသောက်သောနေ့၌ ပစ္စန္တရစ်ရွာသို့ဝင်၍ လူတို့သည် လူအပ်သော မျောက်သားကို ဘဉ်းပေးတော်မူပြီးလျှင် ထိုမျောက်ရေကို တောင်း၍ယူသဖြင့် ကျောင်း၌ ခြောက်စေပြီးလျှင် အနံ့မရှိအောင် ပြု၍ ဝတ်လည်းဝတ်၏။ ရုံလည်းရုံ၏။ ပခုံး၌လည်း တင်၏။ အဘယ့်ကြောင့် ဤသို့ပြုသနည်းဟူမူကား ''မျောက်သည် ငါ့အား များစွာကျေးဇူးပြု၏'' ဟု ပြောရအောင် ပြုဘော်မူ၏။ ဘုရားလောင်းသည် ထိုမျောက်ရေကိုယူ၍ အစဉ်သဖြင့် ဗာရာဏသီပြည်သို့ ရောက်လေလျှင် မင်းသားတို့သို့ ကပ်တော်မူ၍ ''အရှင်မင်းသားတို့....အဖကို သတ်သော မကောင်းမှုကံမည်သည်ကား ကြမ်းကြုတ်လှစွာသော မကောင်းကျိုးရှိ၏၊ ထိုပိတုဃာတကကံကို သင်မင်းသားတို့သည် မပြုအပ်၊ မအို,မသေ နေရသော သတ္တဝါမည်သည် မရှိ၊ ငါသည် သင်မင်းသားတို့ကို အချင်းချင်း

www.dhammadownload.com

သင့်တင့်ညီညွတ်သည်တို့ကိုပြုအံ့'' ဟူ၍သာလျှင် လာ၏။ ''သင်မင်းသား တို့သည် ငါသည် သတင်းစကားကို စေသည်ရှိသော် လာလတ်ကြကုန်လော့'' ဟု မင်းသားတို့ကို ဆုံးမမှာထားခဲ့ပြီးလျှင် မြို့တွင်း၌ ဥယျာဉ်တော်သို့ ဝင်၍ မျောက်ရေကိုခင်းလျက် ကျောက်ဖျာ၌ နေ၏။

ထိုအခါ ဘုရားလောင်းကို ဥယျာဉ်စောင့်မြင်၍ လျင်မြန်စွာ သွားပြီးလျှင် ဗြဟ္မဒတ်မင်းအား ကြားလျောက်၏။ ဗြဟ္မဒတ်မင်းသည် ကြား၍လျှင်ဖြစ်သော ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ထိုအမတ်တို့ကို ခေါ်၍ ထိုဥယျာဉ်သို့ သွားပြီးလျှင် ဘုရားအလောင်းကို ရှိခိုးလျက် နေ၍ ပျူငှာ လောကဝတ်ကိုပြုအံ့သောငှာ အားထုတ်၏။ ဘုရားလောင်းသည် ထိုမင်းနှင့်တကွ မပြေဆိုမူ၍ မျောက်ရေကိုသာလျှင် သုံးသပ်၏။ ထို့အခါ ဘုရားလောင်းကို ဤသို့ ဆို၏။ ''အရှင်ဘုရား....အရှင်ဘုရားတို့သည် အကျွန်ုပ်နှင့်မပြေဆိုမူ၍ မျောက်ရေကိုသာလျှင် သုံးသပ်တော်မူဘိကုန်၏၊ အရှင်ဘုရားတို့အား ဤမျောက်ရေသည် အကျွန်ုပ်ထက် ကျေးဇူးကြီးမြတ်လေသလော'' ဟု မေးလျောက်၏။ ''ဒါယကာမင်းမြတ်....ဤမျောက်သည် ငါ့အား ကျေးဇူးမျှသာသည်ဟုတ်၏၊ ငါသည် ထိုမျောက်၏ ကျောက်ကုန်း၌ စီး၍သွားရပေ၏၊ ဤ မျောက်သည် ငါ၏သောက်ရေအိုးကို ဆောင်ပေ၏၊ နေရာအရပ်ကို တံမြက်လှည်းပေ၏၊ ငါ့အား အာဘိသမာစာရိက သီလဖြစ်သော ဝတ်ကြီးဝတ်ငယ်ကို ပြုပေ၏၊ ငါသည် တစ်မူကား မိမိ၏ အားနည်းသောစိတ် ရှိသည်၏ အဖြစ်ကြောင့် ထိုမျောက်သားကိုစား၍ အရေကို ခြောက်စေပြီးလျှင် ခင်း၍ ထိုင်လည်း ထိုင်၏၊ အိပ်လည်း အိပ်၏၊ အကြင် အကြင် ဆိုအပ်ပြီးသောနည်းဖြင့် ဤမျောက်သည် ငါ့အား မျှားစွာ ကျေးဇူးပြုဖူးပေ၏'' ဟု ဘုရားလောင်းသည် အမတ်တို့၏ အယူတို့ကို ဖျက်ဆီးအံ့သောငှာ မျောက်ရေ၌ မျောက်ပညတ်ကိုတင်လျက် ထို့ထို့အကြောင်းပရိယာယ်ကိုရည်၍ ဤစကားကို ဆိုတော်မူ၏။ ထိုစကားသည် မှန်၏၊ ဘုရားလောင်းသည် ထိုမျောက်ရေပေါ်၌ နေဖူးသည်၏ အဖြစ်ကြောင့် ''ကျောက်ကုန်း၌စီး၍ သွားရပေ၏'' ဟု ဤစကားကို ဆိုတော်မူ၏။ ထိုမျောက်ရေကို ပခုံး၌တင်၍ သောက်ရေအိုးကို ထမ်း ပိုး ရွက် ဆောင် ဖူး သည် ၏ အဖြစ်ကြောင့် ''သောက်ရေအိုးကို ထမ်းပိုးရွက်ဆောင်ဖူးပေ၏'' ဟု ဤသို့သော စကားကို ဆိုတော်မူ၏။ ထိုမျောက်ရေဖြင့် မြေ၌ တံမြက်လှည်းဖူးသည်၏ အဖြစ်ကြောင့် ''နေရာအရပ်ကို တံမြက်လှည်းဖူးပေ၏'' ဟု ဤသို့သောစကားကို ဆိုတော်မူ၏။

www.dhammadownload.com

လျောင်းသောကာလ၌ ထိုမျောက်ရေနှင့် ဘုရားလောင်း ကျောတော်၏ နှင်းသောကာလ၏ ခြေတော်တို့၏ ထိဖူးသည်၏ အဖြစ်ကြောင့် ''ငါ့အား ဝတ်ကြီးဝတ်ငယ်ကို ပြုဖူးပေ၏''ဟု ဤသို့သောစကားကို ဆိုတော်မူ၏။ ဆာမွတ်သော ကာလ၌ကား ထိုမျောက်အသားကိုရ၍ စားတော်မူဖူးသည် ၏ အဖြစ်ကြောင့် ''ငါသည် တစ်မူကား မိမိ၏ အားနည်းသောစိတ်ရှိသည် ၏ အဖြစ်ကြောင့် ထိုမျောက်အသားကို စား၏''ဟု ဤသို့သောစကား ကို ဆိုတော်မူ၏။

ထို အမတ်တို့သည် ထိုစကားကိုကြား၍ ထိုဗောဓိပဋိဇ်သည် ပါ-ဏာတိပါတကို ပြုအပ်၏ဟူသော အမှတ်ဖြင့် ''အို ပရိသတ်အပေါင်းတို့.... ရဟန်း၏ အမှုကို သင်တို့သည် ရှုကြပါကုန်လော၊ မျောက်ကိုသတ်၍ မျောက်သားကိုစားပြီးလျှင် အရေကိုယူ၍ လှည့်လာသတတ်''ဟု လက်ခုပ် တီး၍ ပြက်ရယ် ပြုကြကုန်၏။

အဟေတုကဝါဒကို ဖျက်ဆီးပုံ

ဘုရားလောင်းသည် ထိုအမတ်တို့ ထိုသို့ ပြက်ရယ်ပြုကုန်သည်တို့ကို မြင်တော်မူလျှင် ''ဤ အမတ်တို့သည် မိမိ မိမိတို့၏အယူကို ဖျက်ဆီးအံ့ သောငှာ မျောက်ရေကိုယူ၍ ငါလာသောအဖြစ်ကို မသိကြလေကုန်၊ ထို အမတ်တို့ကို သိစေအံ့''ဟု နှလုံးသွင်းတော်မူပြီးလျှင် အဟေတုကဝါဒီ အမတ်ကို ရှေးဦးစွာခေါ်၍ မေးတော်မူ၏။ ''ဒါယကာ....သင်သည် အဘယ့်ကြောင့် ငါ့ကို ပြက်ရယ်ပြုဘိသည်''ဟု မေးတော်မူ၏။ ''အို ရဟန်း....အဆွေခင်ဗျန်းကို ပြစ်မှားသော အမှုကိုလည်းကောင်း, ပါဏာ တိပါတကို လည်းကောင်း, ပြုသည်၏အဖြစ်ကြောင့် ပြက်ရယ်ပြု၏'' ဟု ဆိုလတ်သော် ထို့နောင်မှ ဘုရားလောင်းသည် ''ဒါယကာ....အကြင် သူသည်ကား သင့်အားလည်းကောင်း, သင့်၏ အယူဝါဒအား လည်း ကောင်း ယုံကြည်၍ ဤသို့ အဆွေခင်ဗျန်းပြစ်မှားခြင်းအမှု ပါဏာတိ ပါတအမှုကို ပြုလေရာ၏၊ ထိုသူနှင့်တကွ မည်သည့်သူ၏အမှုသည် မကောင်း သနည်း''ဟု ဆို၍ ထိုအဟေတုကဝါဒီအမာ်၏ အယူဝါဒကို ဖျက်ဆီး တော်မူလိုရကား—

၁၃၉။ ဥဒီရဏာ စေ သံဂတ္မာ၊ ဘာဝါယ မနုဝတ္တတိ။
အကာမာ အကရဏီယံ ဝါ၊ ကရဏီယံ ဝါပိ ကုဗ္ဗတိ။
အကာမာ ကရဏီယမ္ပိ၊ ကိဓ ပါဒေန လိမ္ပတိ။

www.dhammadownload.com

၁၄၀။ သော စေ အတ္ထော စ ဓမ္မော စ၊
ကလ္យာဏော နု စ ပါပကော။
ဘောတော စေ ဝစနံ သစ္စံ၊ သုဟတော ဝါနရော မယာ။
၁၄၁။ အတ္တာနော စေ ဟိ ဝါဒဿ၊ အပရာဓံ ဝိဇာနိယာ။
နု မံ တုံ ဂရဟေယ္យာသိ၊
ဘောတော ဝါဒေ ဟိ တာဒိသော—
ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၁၃၉။ အာဝုသော၊ ဒါယကာ။ လောကော၊ လောကသည်။ သံဂ-တျာ စ၊ ခြောက်ပါးကုန်သော အမျိုးသားတို့တွင် တစ်ပါးကုန်သောအမျိုး သို့ရောက်သဖြင့်လည်းကောင်း၊ ဘာဝါယ၊ သဘောအားဖြင့်လည်းကောင်း။ အနုဝတ္တတိ၊ ချမ်းသာခြင်း ဆင်းရဲခြင်းသို့ရောက်၏။ အကာမာ၊ အလိုမရှိသဖြင့်။ အကာမာ၊ အလိုမရှိသဖြင့်။ အကရဏီယံ ဝါ၊မကောင်းမှုကို လည်းကောင်း၊ ကရဏီယံ ဝါပိ၊ ကောင်းမှုကိုလည်းကောင်း။ ကုဗ္ဗတိ၊ ပြု၏။ ဤတိ၊ ဤသို့။ တုံ၊ သင် ဒါယကာသည်။ ဝဒသိ၊ ဆို၏။ အယံ၊ ဤစကားသည်။ တဝ၊ သင်၏။ ဥဒီရဏာ စေ၊ စကားဖြစ်ငြားအံ့။ ဧဝံ သန္တေ၊ ဤသို့ သင့်စကားဖြစ်သည် ရှိသော်။ ဤဇ လော်ကော၊ ဤလောကဌ်။ အကာမာ၊ အလိုမရှိသဖြင့်။ ကရဏီယမ်ပိ၊ ပြုသည်ရှိသော်။ ကော နာမ၊ အဘယ်မည်သော သတ္တဝါသည်။ ပါဒေန၊ မကောင်းမှုဖြင့်။ လိမ္ပတိ၊ လိမ်းကျံမည်နည်း။

၁၄၀။ အာဝုသော၊ ဒါယကာ။ တဝ၊ သင်၏။ သောအတ္ထော စ၊ ထိုအဟေတုကဝါဒဟု ဆိုအပ်သောအနက်သည် လည်းကောင်း။ သော ဓမ္မော စ၊ထိုအနက်ကို ပြတတ်သောသဒ္ဒါသည်လည်းကောင်း။ကလ္យာဏော၊ ကောင်းမြတ်သည်။ ဟောတိစေ၊ ဖြစ်ငြားအံ့။ ပါပကော၊ ယုတ်မာသည်။ နု စဟောတိ စေ၊ မဖြစ်ငြားအံ့။ ဘောတော၊ သင်ဒါယကာ၏။ ဝစနံ၊ အကြောင်းမရှိဘဲ သတ္တဝါတို့သည် ဆင်းရဲချမ်းသာကို ခံရကုန်၏ ဟူသော စကားသည်။ သစ္စံ စေ၊ မှန်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ မှန်သည်ရှိသော်။ မယာ၊ ငါသည်။ ဝါနရော၊ မျောက်ကို။ သုဟတော၊ သတ်အပ် ကောင်း ပါသည် တကား။

၁၄၁။ ဟိ-သစ္စံ၊ မျောက်ကိုသတ်အပ်သည်ကား ကောင်းစွဟူ၍ ဆိုအပ်သော ငါ့စကားသည် မှန်၏။ အာဝုသော၊ ဒါယကာ။ ဟိယသ္မာ၊

www.dhammadownload.com

အကြင့်ကြောင့်။ ဘောဇတာ၊ ဒါယကာ၏။ ဝါဒေါ၊ အယ္ဟဝါဒသည်။ တာဒိသော၊ ထိုငါပြုသော အမှုနှင့်တူတော သဘောရှိ၏။ တသ္မာ၊ ထို့ကြောင့်။ မမ၊ ငါ့အား။ ဂရုဟမာနေ၊ ကဲ့ရဲ့သည်ရှိသော်။ အတ္တနော၊ မိမိ၏။ ဝါဒဿ၊ အယ္ဟဝါဒအား။ အပရာဓံ၊ ကဲ့ရဲ့အံ့သော အပြစ်ကို။ ဝိဇာနိယာစေ၊ သိသည်ဖြစ်ငြားအံ့။ ဧဝံသတိ၊ ဤသို့ သိသည်ရှိသော်။ မံ၊ ငါ့ကို။ တုံ၊ သင် ဒါယကာသည်။ နံ ဂရုဟေယျာသိ၊ မကဲ့ရဲ့ရာ။

[ပထမဂါထာ၌ ဆိုအပ်သော အမျိုးခြောက်ပါး၏ သရုပ်ကို ဤသို့ မှတ်အပ်၏—

ကဏှာဘိဇာတိ၊ နီလာဘိဇာတိ၊ လောဟိဘာဘိဇာတိ၊ ဟလိဒ္ဒိဘိဇာတိ၊ သုက္ကာဘိဇာတိ၊ ပရမသုက္ကာဘိဇာတိ—ဟူသော ခြောက်ပါးတည်း။

ထိုခြောက်ပါးတို့တွင် တံငါ, မုဆိုး, သူခိုး, သူသတ်တို့မှ တစ်ပါး ကြမ်းကြုတ်သောအမှုကိုပြုသောသူတို့သည် **ကဏှာဘိဇာတိ** မည်၏။

ရဟန်းသည် **နီလာဘိဇာတိ** မည်၏။
တက္ကတ္ထန်းတို့သည် **လောဟိတာဘိဇာတိ** မည်၏။
လူ, အစေလက, သာဝကတို့သည် **ဟလိဒ္ဒိဘိဇာတိ** မည်၏။
နန္ဒ ဝစ္ဆ သံကိစ္စအမျိုးသည် **သုက္ကာဘိဇာတိ** မည်၏။
အာဇီဝကတို့သည် **ပရမသုက္ကာဘိဇာတိ** မည်၏။ ဤသို့ မှတ်အပ်၏။]

ဤဂါထာတို့ဖြင့် ဘုရားဒလောင်းသည် ထိုအဟေတုကဝါဒီ အမတ်ကို နှိပ်တော်မူ၍ ပညာဉာဏ်းသည်ကို ပြုဒတ်မူ၏။ ထိုအဟေတုကဝါဒီ အမတ်သည်လည်း မင်းပရိသတ်ဘောင်၌ မျက်နှာမသာသည်ဖြစ်၍ ဦးခေါင်းငိုက်စိုက်နေ၏။

ဣသရကတဝါဒကို ဖျက်ဆီးပုံ

ဘုရားလောင်းသည်လည်း ထို အဟေတုကဝါဒီ အမတ်၏ အယ္ဟဝါဒကို ဖျက်ဆီးတော်မူပြီး၍ ပြဟ္မာ ဗိဿနိုး အစိုးရဖခသာသူ ဖန်ဆင်းသည်ဟု အယူရှိသော ဣသရကတဝါဒီ အမတ်ကို ခေါ်တော်မူ၍

www.dhammadownload.com

"ဒါယကာ....သင်္ဘသည် ဗြဟ္မာဗိဿနိုး အစိုးရသောသူ ဖန်ဆင်းသည် ဟူသော အယူဝါဒကို အကယ်၍ အနှစ်သာရအားဖြင့် ယုံကြည်အံ့၊ ဤသို့ယုံကြည်သော် အဘယ့်ကြောင့် ငါ့ကို ပြက်ရယ်ပြုရဘိသနည်း" ဟု ဆို၍ ထိုအယူဝါဒကို ဖျက်ဆီးတော်မူလိုရကား—

၁၄၂။ ဣဿရော သဗ္ဗလောကဿ၊ သဇစ ကပ္ပေတိ ဇီဝိတံ။
ဣဒ္ဓိ ဗျသနဘာဝဉ္စ၊ ကမ္မံ ကလျာဏ ပါပကံ။
နိဒ္ဒေသကာရီ ပုရိသော၊ ဣဿရော တေန လိမ္ပတိ။

၁၄၃။ သော စေ အတ္ထောစ ဓမ္မမာ စ၊ကလျာဏောန စ ပါပကော။
ဘောတော ဇစ ဝစနံ သစ္စံ၊ သုဟတော ဝါနရော မယာ။

၁၄၄။ အတ္တာနော စေဟိ ဝါဒဿ၊ အပရာဓံ ဝိဇာနိယာ။
နာ မံ တုံ ဂရဟေယျာသိ၊
ဘောတော ဝါဒေါ ဟိ တာဒိသော—

ဟူသော ဤသုံးဂါထာတို့ကို ဆိုတော်မူ၏။

၁၄၂။ အာဝုသော၊ ဒါယကာ။ သဗ္ဗလောကဿ၊ အလုံးစုံသော သတ္တဝါ၏။ ဇီဝိတ၊ အသက်မွေးခြင်းကိုလည်း ကောင်း။ ဣဒ္ဓိ ဗျသန ဘာဝဉ္စ တန်ခိုးပြည့်စုံခြင်း, ပျက်စီးခြင်းအဖြစ်ကိုလည်း ကောင်း။ ကလျာဏပါပကံ၊ ကောင်း-မကောင်းသော။ ကမ္မဉ္စ၊ ကုသိုလ်, အကုသိုလ်ကို လည်း ကောင်း။ ဣဿရော၊ ဗြဟ္မာ ဗိဿနိုး အစိုးရသောသူသည်။ သစေ ကပ္ပေတိ၊ အကယ်၍ စီရင်သည် ဖြစ်အံ့။ ဝံသန္တေ၊ ဤသို့ ဗြဟ္မာ ဗိဿနိုး အစိုးရသောသူ စီရင်သည် ရှိသော်။ ပုရိသော၊ သတ္တဝါသည်။ နိဒ္ဒေသကာရီ ညွှန်ပြ စီရင်သည်ကဲ့သာ ပြုလေ.ရှိသည်ဖြစ်၍။ ပါပေန၊ မကောင်းမှုဖြင့်။ နလိမ္ပတိ၊ မလိမ်းကျံပါတကား။ ဣဿရော၊ ဗြဟ္မာ ဗိဿနိုး အစိုးရသော သူသည်သော။ တေန၊ ထို မကောင်းမှုဖြင့်။ လိမ္ပတိ၊ လိမ်းကျံလူးကပ်ပါလေသည် တကား။

၁၄၃။ အာဝုသော၊ ဒါယကာ။ တဝ၊ သင်၏။ ယော တာဒိသော၊ ထိုသို့သဘောရှိသော။ အတ္ထော စ၊ ဗြဟ္မာ ဗိဿနိုး အစိုးရသော သူ ဖန်ဆင်းစီရင်၏ ဟူသော အနက်သည် လည်း ကောင်း။ ဓမ္မော စ၊

www.dhammadownload.com

အနက်ကိုပြုတတ်သော သဒ္ဒါသည် လည်းကောင်း။ ကလျာဏော၊ ကောင်းမြတ်သည်။ ဟောတိစေ၊ ဖြစ်ငြားအံ့။ ပါပကော၊ ယုတ်မာသည်။ နဟောတိ စေ၊ မဖြစ်ငြားအံ့။ ဘောတော၊ သင်ဒါယကာ၏။ ဝစနံ၊ ဗြဟ္မာ ဗိဿနိုး အစိုးရသောသူ ဖန်ဆင်း စီရင်၏ဟူသော စကားသည်။ သစ္စံ စေ၊ မှန်ငြားအံ့။ နဝံ သတိ၊ ဤသို့ မှန်သည်ရှိသော်။ မယာ၊ ငါသည်။ ဝါနရော၊ မျောက်ကို။ သုဟတော၊ သတ်အပ်သည် ကောင်းစွတကား။

၁၄၄။ ဟိ-သစ္စံ၊ မျောက်ကို သတ်အပ်သည် ကောင်းစွတကားဟူ၍ ဆိုအပ်သော စကားသည် မှန်၏။ အာဝုသော၊ ဒါယကာ။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ ဘောတော၊ သင်ဒါယကာ၏။ ဝါဒေါ၊ အယူဝါဒသည်။ တာဒိသော၊ ထိုငါပြုသောအမှုနှင့် တူသောသဘော ရှိ၏။ တသ္မာ၊ ထို့ကြောင့်။ မမ၊ ငါ့အား။ စောဒိယမာနေ၊ ကဲ့ရဲ့သည် ရှိသော်။ အတ္တာနေဝ၊ မိမိ၏။ ဝါဒဿ၊ အယူဝါဒအား။ အပရာဓံ၊ ကဲ့ရဲ့အံ့သော အပြစ်ကို။ ဝိဇာနိယာ စေ၊ သိငြားအံ့။ နဝံ-သတိ၊ ဤသို့ သိသည်ရှိသော်။ မံ၊ ငါ့ကို။ တုံ၊ သင်သည်။ နဂရဟေယျာသိ၊ မကဲ့ရဲ့ရာ။

ပုဗ္ဗေကတဝါဒကို ဖျက်ဆီးပုံ

ဤသို့လျှင် ထိုဘုရားလောင်းသည် သရက်ပင်မှလျှင် တင်းပုတ်ကိုယူ၍ သရက်သီးကို ကြွေစေသကဲ့သို့ ဗြဟ္မာ ဗိဿနိုး အစိုးရသောသူ ဖန်ဆင်းသည် ဟူသော အယူဝါဒဖြစ်လျှင် ဗြဟ္မာ ဗိဿနိုး အစိုးရသောသူ ဖန်ဆင်းသည်ဟူသော ဝါဒကို ဖျက်ဆီးတော်မူပြီး၍ ပုဗ္ဗေကတဝါဒီ အမတ်ကို ခေါ်တော်မူ၍ "ဒါယကာ.... သင်သည် ပုဗ္ဗေကတဝါဒကို မှန်၍ ဟူ၍ အကယ်၍ အောက်မေ့အံ့၊ ဤသို့ အောက်မေ့သည်ရှိသော် ငါ့ကို အဘယ့်ကြောင့် ရယ်သွမ်း သွေးရဘိသနည်း" ဟု ဆို၍ ထို အယူဝါဒကိုလည်း ဖျက်ဆီးတော်မူလိုရကား—

၁၄၅။ သစေ ပုဗ္ဗေကတဟေတု၊ သုခဒုက္ခံ နိဂစ္ဆတိ။
ပေါရာဏကံ ကတံ ပါပံ၊ တမေသော မုစ္စတေ ဣဏံ။
ပေါရာဏကံ ဣဏမောက္ခော၊ ကွိ ဓ ပါပေန လိမ္ပတိ။

www.dhammadownload.com

၁၄၆။ သော စေ အတ္ထော စ မမ္မော စ၊
ကလ္យာဏော် နု စပါပကော။
ဘောတော စေ ဝစနံ သစ္စံ၊ သုဟတော ဝါနုရော မယာ။

၁၄၇။ အတ္တနော စေ ဟိ ဝါဒဿ၊ အပရာဓံ ဝိဇာနိယာ။
နမံ တံ ဂရုဟေယျ္ယာသိ၊
ဘောတော ဝါဒေါ ဟိ တာဒိသော—
ဟူသော ဤသုံးဂါထာတို့ကို ဆိုတော်မူ၏။

၁၄၅။ အာဝုသော၊ ဒါယကာ။ ပုဗ္ဗေကတဟေတု၊ ရှေးဘဝ၌ ပြုအပ်သော ကံကြောင့်သာလျှင်။ လောကော၊ သတ္တဝါသည်။ သုခ ဒုက္ခံ၊ ချမ်းသာ ဆင်းရဲခြင်းသို့။ သစေ နိဂစ္ဆတိ၊ အကယ်၍ ရောက်အံ့။ တေန၊ ထိုသတ္တဝါသည်။ ပေါရာဏကံ၊ ရှေးဦးဖြစ်သော။ ယံပါပံ၊ အကြင် မကောင်းမှုကို။ ကတံ၊ ပြုအပ်ပြီ။ ဇော၊ ဤသတ္တဝါသည်။ ဣဒါနိ၊ ယခုအခါ၌။ တံဣဂဃံ-တမ္မာဣဂဃမှာ၊ ထိုမြို့ဟောင်းမှ။ သစေ မုစ္စတေ၊ အကယ်၍ လွတ်သည်ဖြစ်အံ့။ ဧဝံ-သန္တေ၊ ဤသို့ လွတ်သည်ရှိသော်။ သော သတ္တော၊ ထိုသတ္တဝါသည်။ ပေါရာဏကံ-ပေါရာဏကော၊ ရှေး မကောင်းမှုတည်း ဟူသော မြို့ဟောင်းမှ။ မုစ္စတိ ယထာ၊ လွတ်သကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ မမ့ပိ၊ ငါ့အား လည်း။ ဣဂဃမောက္ခော၊ မြို့မှ လွတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣဓ၊ ဤလောက၌။ ကောနာမ၊ အဘယ်မည်သော သူသည်။ ပါပေန၊ မကောင်းမှုဖြင့်။ လိမ္ပတိ၊ လိမ်းကျံမည်နည်း။

၁၄၆။ အာဝုသော၊ ဒါယကာ။ သော တာဒိသော၊ ထို သို့သဘောရှိသော။ အတ္ထော စ၊ ရှေးဘဝက ပြုအပ်သော ကံကြောင့်သာလျှင် ချမ်းသာဆင်းရဲဖြစ်၏ဟူသော အနက်သည်လည်းကောင်း။ မမ္မော စ၊ အနက်ကိုပြတတ်သော သဒ္ဒါသည် လည်းကောင်း။ ကလ္យာဏော စေ၊ မှန်ကန် ကောင်းမြတ်ငြားပါအံ့။ ပါပကော၊ ယုတ်မာသည်။ နု စ ဟောတိစေ၊ မှုဖြစ်ငြားအံ့။ ဘောတော၊ ဒါယကာ၏။ ဝစနံ၊ ရှေးဘဝက ပြုအပ်သောကံကြောင့် ချမ်းသာဆင်းရဲဖြစ်၏ ဟူသော စကား သည်။ သစ္စံ-စေ၊ မှန်ငြားအံ့။ ဧဝံ-သတိ၊ ဤသို့ မှန်ကန်သည်ရှိသော်။

www.dhammadownload.com

မယာ၊ ငါသည်။ ဝါနရော၊ မျောက်ကို။ သုဟတော၊ သတ်အပ်ကောင်းစွတကား။

၁၄၇။ ဟိ-သစ္စံ၊ မျောက်ကိုသတ်သည်ကား ကောင်းစွဟူ၍ ဆိုသောစကားသည် မှန်၏။ အာဝုသော၊ ဒါယကာ။ ဟိ-ယသ္မာ၊ အကြောင့်ကြောင့်။ ဧဘာတော၊ ဒါယကာ၏။ ဝါဒေါ၊ အယူဝါဒသည်။ တာဒိသော၊ ထို ငါပြုအပ်သောအမှုနှင့် တူသော သဘောရှိ၏။ တသ္မာ၊ ထို့ကြောင့်။ မမ၊ ငါ့အား။ စောဒိယမာနေန၊ အပြစ်တင်သည်ရှိသော်။ အတ္တာနော၊ မိမိ၏။ ဝါဒဿ၊ အယူဝါဒအား။ အပရာဓံ၊ တင်အပ်သောအပြစ်ကို။ တုံ၊ သည်။ ဝိဇာနိယာ စေ၊ သိငြားအံ့။ ဧဝံ-သတိ၊ ဤသို့သိသည်ရှိသော်။ မံ၊ ငါ့ကို။ န ဂရဟေယျာသိ၊ မကဲ့ရဲ့လေရာ။

ဥစ္ဆင်ဒဝါဒကို ဖျက်ဆီးပုံ

ဤသို့လျှင် ဘုရားလောင်းသည် ထို ပုဗ္ဗေကတဝါဒီအမတ်၏ အယူဝါဒကိုလည်း ဖျက်ဆီးတော်မူပြီး၍ ဥစ္ဆင်ဒဝါဒီအမတ်သို့ ရှေ့ရှုပြု၍ "ဒါယကာ....သင်သည် အလှူ၏ အကျိုးမရှိ၊ ဤသို့ အစရှိသည်တို့ကို ဆို၍ ဤပစ္စုပ္ပန်ဘဝ၌သာလျှင် သတ္တဝါတို့သည် ပြတ်ကုန်၏။ တမလွန်ဘဝသို့ သွားကုန်သောသူတို့မည်သည် မရှိကုန်ဟုထင်မှတ်လျက် အဘယ့်ကြောင့် ငါ့ကို ပြက်ရယ်ပြုဘိသနည်း",ဟု ခြိမ်းခြောက်၍ ထိုအမတ်၏ အယူကိုလည်း ဖျက်ဆီးတော်မူလိုရကား—

၁၄၈။ စတုန္နံ ယေဝု ပါဒါယ၊ ရူပံ သမ္ဘောတိ ပါဏိနံ။
ယတော စ ရူပံ သမ္ဘောတိ၊ တတ္ထေဝါ နုပဂစ္ဆတိ။

၁၄၉။ ဤဓေဝ ဇီဝတိ ဇီဝေါ၊ ပေစ္စ ပေစ္စ ဝိနဿတိ။
ဥစ္ဆိဇ္ဇတိ အယံ လောကော၊
ယေ ဗာလာ ယေစ ပဏ္ဍိတာ။
ဥစ္ဆိဇ္ဇမာန လောကမ်ိ၊ ကွိဓ၊ ပါပေန လိမ္ပတိ။

၁၅၀။ သော စေ အတ္ထော စ ဓမ္မော စ၊
ကလ္လာဏော နု စ ပါပကော။
ဘောတော စေ ဝစနံ သစ္စံ၊
သုဟတော ဝါနရော မယာ။

www.dhammadownload.com

၁၅၁။ အတ္တာနော စေ ဟိ ဝါဒဿ၊ အပရာဓံ ဝိဇာနိယာ။
မမံ တုံ ဂရဟေယျာသိ၊
ဘောတော ဝါဒေါ ဟိ တာဒိသော—
ဟူသော ဤလေးဂါထာတို့ကို ဆိုတော်မူ၏။

၁၄၀။ အာဝုသော၊ ဒါယကာ။ ပါဏိနံ၊ သတ္တဝါတို့၏။ ရူပံ၊ ရူပက္ခန္ဓောသည်။ စတုန္နံဃေဝ၊ ပထဝီ အစရှိကုန်သော လေးပါးသော မဟာဘုတ်တို့ကိုသာလျှင်။ ဥဒါပါယ၊ စုံ၍။ သဂ္ဂမ္ဘာတိ၊ ဖြစ်၏။ ယတော စ၊ အကြင်ပထဝီ အစရှိသော မဟာဘုတ်ကြောင့်သာလျှင်။ ရူပံ၊ ရူပက္ခန္ဓောသည်။ သမ္ဘောတိ၊ ဖြစ်၏။ မရဏကာလေ၊ သေသောကာလ၌။ တတ္ထဝ၊ ထို ပထဝီ အစရှိသော ဘုတ် အ ပေါင်း သို့ သာ လျှင်။ ရူပံ၊ ရူပက္ခန္ဓောသည်။ အနုပဂစ္ဆတိ၊ ဆည်းကပ်သက်ဝင်လေ၏။

၁၄၉။ ဣဓေဝ၊ ဤပစ္စုပ္ပန် လောကဌ်သာလျှင်။ ဇီဝေါ၊ သတ္တဝါသည်။ ဇီဝတိ၊ အသက်ရှင်၏။ ဧပစ္စ၊ ဘဝတစ်ပါး၌။ နိဗ္ဗတ္တော၊ ဖြစ်သောသတ္တဝါသည်။ ဣဓ၊ ဤ ပစ္စုပ္ပန်လောကသို့။ အနာဂန္တွာ၊ မရောက်လာမူ၍။ ဧပစ္စ၊ တမလွန်ဘဝ၌။ ဝိနဿတိ၊ ပျက်စီးလေ၏။ ယေ ဗာလာ-စ၊ အကြင် ပညာမရှိကုန်သော သူတို့သည်လည်းကောင်း။ ယေ ပဏ္ဍိတာ စ၊ အကြင် ပညာရှိကုန်သော သူတို့သည် လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ အယံ-ဤဒိသော၊ ဤသို့သဘောရှိသော။ လောကော၊ ပညာရှိမဲ့ဖြစ်သော လူအပေါင်းသည်။ ဥစ္ဆိဇ္ဇတိ၊ ဘဝတစ်ပါးသို့ ပြောင်းမသွား၊ ပစ္စုပ္ပန် ဘဝတွင်သာ ပြတ်လေတော့သည်ဘည်း။ ဣတိ၊ ဤသို့။ တုံ၊ သင်သည်။ ဝဒသိ၊ ဆို၏။ ဧဝံ-ယထာ ဝုတ္တနယေန၊ အကြင် အကြောင်း သင်ဆိုအပ်သောနည်းဖြင့်။ လောကသ္မိံ၊ သတ္တဝါအပေါင်းသည်။ ဥစ္ဆိဇ္ဇမာနေ၊ ပြတ်သည်ရှိခဲသော်။ ဣဓ၊ ဤလောက၌။ ကော၊ အဘယ်သူသည်။ ပါပေန၊ မကောင်းမှုဖြင့်။ လိမ္ပတိ၊ လိမ်းကျံလိမ်းမည်နည်း။

၁၅၀။ အာဝုသော၊ ဒါယကာ။ သောတာဒိသော၊ ထိုသို့သဘောရှိသော။ အတ္ထာ စ၊ ဥစ္ဆေဒဝါဒ ဟူသော အနက်သည် လည်းကောင်း။ ဓမ္မော စ၊ အနက်ကိုပြတတ်သော သဒ္ဒါသည်လည်းကောင်း။ ကလ္လာဏော စေ၊ ကောင်းခြေးအံ့။ ပါပကော၊ ယုတ်မာသည်။ နစေ ဟောတိ စေ၊

www.dhammadownload.com

မဖြစ်ငြားအံ့။ ဘောတော၊ ဒါယကာ၏။ ဝစနံ၊ သတ္တဝါသည် သေလွန်သည်မှ နောက်၌ ပြတ်လေတော့သည် ဟူသော စကားသည်။ သစ္စံ စေ၊ မှန်ငြားအံ့။ မယာ၊ ငါသည်။ ဝါနရော၊ မျောက်ကို။ သုဟတော၊ သတ်အပ်သည်ကား ကောင်း၏။

၁၅၁။ ဟိ-သစ္စံ၊ မျောက်ကို သတ်အပ်သည်ကား ကောင်း၏ ဟူသောစကားသည် မှန်၏။ အာဝုတော၊ ဒါယကာ။ ဟိ-ယသ္မာ၊ အကြောင့်ကြောင့်။ ဘောတော၊ ဒါယကာ၏။ ဝါဒေါ၊ အယူဝါဒသည်။ တာဒိ-သော၊ ထို ငါပြုသောအမှုနှင့် တူသောသဘောရှိ၏။ တသ္မာ၊ ထို့ကြောင့်၊ မမ၊ ငါ့အား။ ဂါရယှမာနေ၊ ကဲ့ရဲ့သည်ရှိသော်။ သတ္တာနော၊ မိမိ၏။ ဝါဒဿ၊ အယူဝါဒအား။ အပရာဓံ၊ ကဲ့ရဲ့အံ့သောအပြစ်ကို။ ဝိဇာနိယာ-စေ၊ သိငြားအံ့။ ဧဝံ သတိ၊ ဤသို့ သိသည်ရှိသော်။ တုံ၊ သင်သည်။ မံ၊ ငါ့ကို။ နဂရဟေယျာသိ၊ မကဲ့ရဲ့လေရာ။

ခတ္တဗိဇဝါဒကို ဖျက်ဆီးပုံ

ဤသို့လျှင် ဘုရားလောင်းသည် ဥစ္ဆေဒဝါဒီ အမတ်၏ အယူကို လည်း ဖျက်ဆီးတော်မူပြီး၍ ခတ္တဗိဇဝါဒီအမတ်ကို ခေါ်တော်မူ၍ ဒါယကာ သင်သည် မိဘတို့ကိုလည်းသတ်၍ မိမိအလိုဆန္ဒကို ပြုအပ်၏ ဟူသော ဤအယူကို ရွက်ဆောင်စွဲယူ၍ သုံးလျက် အဘယ့်ကြောင့် ငါ့ကို ပြက်ရယ်ပြုဘိသနည်း ဟု ဆို၍ ထိုအမတ်၏ အယူဝါဒကိုလည်း ဖျက်ဆီး တော် မူလိုရကား—

၁၅၂။ အာဟု ခတ္တဝိဒါ၊ လောကေ၊ ဗာလာ ပဏ္ဍိတမာနိနော။
မာတရံ ပိတရံ ဟနျေ၊ အထော ဇေဋ္ဌံပိ ဘာတရံ။
ဟနေယျ ပုတ္တဒါရေ စ၊ အတ္ထော စေ တာဒိသော သိယာ—
ဟူသော ဤဂါထာကို ဆိုတော်မူ၏။

၁၅၂။ အာဝုသော၊ ဒါယကာ။ လောကေ၊ လောက၌။ ဗာလာ၊ ပညာမရှိဘဲလျက်။ ပဏ္ဍိတမာနိနော၊ မိမိကိုယ်ကို ငါပညာရှိဟု ထင်မှတ်ကုန်သော။ ခတ္တဝိဒါ၊ မိဘဟူသော မျိုးစေ့ကို ဖျက်ဆီးအပ်၏ဟု အယူရှိကုန်သော သူတို့သည်။ တာဒိသော၊ ထိုသို့ မိဘစသည်တို့ကို သတ်သင့်သော

www.dhammadownload.com

သဘောရှိသော။ အတ္ထော၊ မိမိအလိုသည်။ သိယာ ဧစ၊ ဖြစ်ငြားအံ့။ ဧဝံ-သတိ၊ ဤသို့ရှိသည်ဖြစ်သော်။ မာတရံပိ၊ အမိကိုလည်းကောင်း။ ဟဒယ၊ သတ်ရာ၏။ အထော၊ ထိုမှတစ်ပါး။ ဇေဋ္ဌံပိ၊ အစ်ကိုကိုလည်းကောင်း။ ဘာတရံပိ၊ ညီကိုလည်းကောင်း။ ပုတ္တဒါရေစ၊ သားမယားတို့ကို လည်းကောင်း။ ဟနေယျ၊ သတ်ရာ၏။ ဣသိ၊ ဤသို့။ အာဟာ၊ ဆိုကုန်၏။ နေသံ၊ ထို ခတ္တိဝဇ္ဇာ ဆရာတို့တွင်။ တံပိ၊ သင်သည်လည်း။ အညတရော၊ တစ်ယောက်ပင် တကား။

ဘုရားအလောင်းသည် ဤဂါထာဖြင့် ထိုအမတ်၏ အယူကိုတည်စေပြီးလျှင် မိမိအယူကို ပြတော်မူလိုရကား—

၁၅၃။ ယဿ ရုက္ခဿ ဆာယာလဲ၊ နိသီဒေယျ သယေယျ ဝါ။
နံ တဿ သာခံ ဘဉ္ဇေယျ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော။

၁၅၄။ အထ အတ္ထေ သမုပ္ပန္နေ၊ သမူလမပိ အုဒ္ဓရေ။
အတ္ထော်ဂမေ သမ္မလေနာပိ၊ ဘုဟတော ဝါနရော မယာ။

၁၅၅။ သော စေ အတ္ထော စ ဓမ္မော စ၊ ကလ္ယာဏော နံ စ ပါပကော။
ဘောတော စေ ဝစနံ သစ္စံ၊ သုဟတော ဝါနရော မယာ။

၁၅၆။ အတ္ထာနော စေ ဟိ ဝါဒဿ၊ အပရာဓံ ဝိဇာနိယာ။
နံ မံ တုံ ဂရုဟေယျာသိ၊
ဘောတော ဝါဒေါ ဟိ တာဂိသော—

၁၅၃။ အာဝုသော၊ ဒါယကာ။ ဟိ-ယသ္မာ၊ အကြောင်းကြောင့်။ မိတ္တဒုဗ္ဘော၊ အဆွေခင်ပွန်း ပြစ်မှားသောသူသည်။ ပါပကော၊ ယုတ်မာသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ယဿ ရုက္ခဿ၊ အကြင်သစ်ပင်၏။ ဆာယာယ၊ အရိပ်၌။ နိသီဒေယျ ဝါ၊ နေမူလည်းနေဖူးငြားအံ့။ သဒယယျ ဝါ၊ အိပ်မူလည်း အိပ်ဖူးငြားအံ့။ တဿ၊ ထိုသစ်ပင်၏။ သာခံ၊ သစ်ခက်သစ်ရွက်ကို။ နဘဉ္ဇေယျ၊ မချိုးမဖျက်ရာ။ ဣတိ၊ ဤသို့။ အမှာကံ၊ ငါတို့၏၊ အာစရိယာ၊ ဆရာတို့သည်။ ဝဏ္ဏယန္တိ၊ ချီးမွမ်းတော်မူကုန်၏။

၁၅၄။ တုံပန၊ သင်သည် တမူကား။ အတ္ထေ၊ အလိုသည်။ သမုပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ သမူလံပိ၊ အမြစ်နှင့် တကွပင်၊ သော်လည်း။

www.dhammadownload.com

အပ္ပဟေ၊ နုတ်ရာ၏။ ဣတိ၊ ဤသို့။ ဝဒေသိ၊ ဆို၏။ အထ၊ ထို့သို့သင်ဆို တိုင်း ပြုသင့်သည်ရှိသော်။ မေ၊ ငါ့အား။ သမ္မဒေသနာပိ၊ ရိုက္ခာဖြင့် လည်း။ အတ္ထော၊ အလိုရှိရကား။ မယာ၊ ငါသည်။ ဝါနရော၊ မျောက်ကို။ သုဟတော၊ သတ်အပ်သည် ကောင်းစွတကား။

၁၅၅။ အာဝုသော၊ ဒါယကာ။ သော တာဒိသော၊ ထို့သို့သဘော ရှိသော။ အတ္ထော စ၊ အလိုရှိသော် မိဘ့ကိုပင်သော်လည်း သတ်အပ်၏ ဟူသော အနက်သည်လည်းကောင်း။ ဓမ္မော စ၊ အနှက်ကိုပြုတတ်သော သဒ္ဒါ သည်လည်းကောင်း။ ကလ္ယာဏော စေ၊ ကောင်းငြားအံ့။ ပါပကော၊ သည်။ နစ ဟောတိ စေ၊ မဖြစ်ငြားအံ့။ ဘောတော၊ ဒါယကာ၏။ ဝစနံ၊ စကားသည်။ သစ္စံ စေ၊ မှန်ငြားအံ့။ မယာ၊ ငါသည်။ ဝါနရော၊ မျောက်ကို။ သုဟတော၊ သတ်အပ်သည် ကောင်းစွတကား။

၁၅၆။ အာဝုသော၊ ဒါယကာ။ ဟိ-သစ္စံ၊ မှန်၏။ ဘောတော၊ ဒါယကာ၏။ ဝါဒေါ၊ အယူဝါဒသည်။ တာဒိသော၊ ထို့ငါပြုသောအမှု နှင့် အလားတူသည်။ ဟိ-ယသ္မာ၊ အကြင့်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ တုံ၊ သင်သည်။ မမ၊ ငါ့အား။ စောဒိယမာနေ၊ ကဲ့ရဲ့သည်ရှိသော်။ အတ္တာနေ၊ မိမိ၏။ ဝါဒဿ၊ အယူဝါဒအား။ အပရာဓံ၊ ကဲ့ရဲ့အံ့သောအပြစ်ကို။ ဝိဇာနိယာ စေ၊ သိငြားအံ့။ မံ၊ ငါ့ကို။ နဂရဟေ-ယျာသိ၊ မကဲ့ရဲ့ရာ။

မင်းကြီးအား တရားဟောခြင်း

ဤသို့လျှင် ဘုရားအလောင်းသည် ထို ခတ္တိယဝံ့စဝါဒီ အမတ်၏ အယူကိုလည်း ဖျက်ဆီး၍ ငါးယောက်ကုန်သော ထိုအမတ်တို့သည်လည်း ပညာကင်းကုန်လျက် နေကုန်သည်ရှိသော် မင်းကို ခေါ်တော်မူ၍ "မင်းမြတ်.... သင်မင်းမြတ်သည် တိုင်းနိုင်ငံကို ဖျက်သတ်ကုန်သော ခိုးသူကြီးငါးယောက် တို့ကို သိမ်းပိုက်၍ သွားတော်မူ၏၊ ဤသို့ သဒေဘာရှိသည်သာလျှင် ဖြစ်ကုန်သော သူတို့ကို ပေါင်းဖော်မှီဝဲခြင်းကြောင့် ပုဂ္ဂိုလ်သည် မလိမ္မာသည် ဖြစ်၍ ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော ကြီးစွာသော ဆင်းရဲခြင်းကို လည်းကောင်း, တမလွန်ဘဝ၌ဖြစ်သော ကြီးစွာသော ဆင်းရဲခြင်းသို့ လည်းကောင်း ရောက်ရာချေသည်ဘကား" ဟု ဆို၍ မင်းအား တရားဟောတော်မူလိုရကား—

www.dhammadownload.com

၁၅၄။ အဟေတုကဝါဒေါ ပုရိသော၊
ယော စ ဣဿရကုတ္တိကော။
ပုဗ္ဗေကတီ စ ဥစ္ဆေဒီ၊
ယော စ ခတ္တဝိဒေါ နရော။

၁၅၈။ ဧတေ အသပ္ပုရိသာ လောကေ၊
ဗာလာ ပဏ္ဍိတမာနိနော။
ကရေယျ တာဒိသော ပါပံ၊
အထော အညမ်ပိကာရယေ။
အသပ္ပုရိသ သံသဂ္ဂေါ၊
ဒုက္ခကွန္ဒော ကဋုကုဒြယော—
ဟူသော ဤဂါထာ နှစ်ခုတို့၏ အပေါင်းကို ဆိုတော်မူ၏။

၁၅၂။ မဟာရာဇ၊ မင်းမြတ်။ အဟေတုကဝါဒေါ၊ အကြောင်းမရှိဟု အယူရှိသော။ ယော ပုရိသော စ၊ အကြင် ပုဂ္ဂိုလ်သည် လည်းကောင်း။ ဣဿရကုတ္တိကော၊ ဗြဟ္မာ ဗိဿနိုး အစိုးရသော သူ ဖန်ဆင်းစီရင်သည်ဟု အယူရှိသော။ ယော ပုရိသော စ၊ အကြင် ပုဂ္ဂိုလ်သည် လည်းကောင်း။ ပုဗ္ဗေကတီ၊ ရှေးဘဝ၌ ပြုအပ်သော ကံကြောင့်သာ ချမ်းသာ ဆင်းရဲ ဖြစ်သည်ဟု အယူရှိသော။ ယော ပုရိသော စ၊ အကြင် ပုဂ္ဂိုလ်သည် လည်းကောင်း။ ဥစ္ဆေဒီ၊ သေသည်မှ နောက်၌ သတ္တဝါသည် မဖြစ်ပြီ ပြတ်လေတော့သည်ဟု အယူဝါဒရှိသော။ ယော ပုရိသော စ၊ အကြင် ပုဂ္ဂိုလ်သည် လည်းကောင်း။ ခတ္တဝိဒေါ၊ ခတ္တဝိဒ အယူရှိသော။ ယော နရော စ၊ အကြင် ပုဂ္ဂိုလ်သည် လည်းကောင်း။ သန္တိ၊ ရှိကုန်၏။

၁၅၈။ လောကေ၊ လောက၌။ ဧတေ·တာဒိသာ၊ ထိုသို့ သဘော ရှိကုန်သော။ အသပ္ပုရိသာ၊ သူကောင်မဟုတ် သူယုတ်တို့သည်။ ဗာလာ၊ ပညာမရှိကုန်ဘဲလျက်။ ပဏ္ဍိတမာနိနော၊ မိမိတို့ ကိုယ်ကို ငါ ပညာရှိဟု ထင်မှတ်ကြကုန်၏။ တာဒိသော၊ ထိုသို့ သဘောရှိသော သူယုတ်မာသည်။ ပါပံ၊ မကောင်းမှုကို။ ကရေယျ၊ မိမိလည်း ပြုရာ၏။ အထော၊ ထို့မျှို့။ အညမ်ပိ၊ သူတစ်ပါးကိုလည်း။ ကာရယေ၊ ပြုစေ၏။ အသပ္ပုရိသ သံသဂ္ဂေါ၊ သူတော်မဟုတ် သူယုတ်မာနှင့် ပေါင်းဖော်သောသူသည်။ ဒုက္ခကွန္ဒော၊

www.dhammadownload.com

ဆင်းရဲအစုကို ခံရ၏။ ကဋ္ဌကုဋ္ဌဃောသ၊ ပြင်းထန်ပူပန်သော မကောင်းကျိုးကို ရ၏။

ဤသို့ တရားဟောပြီး၍ ယခုအခါ ဥပမာပြသည်၏ အစုမ်းအားဖြင့် ဓမ္မဒေသနာကို ပဌားစေကော်မူပြန်လိုက်ကား-

၁၅၉။ ဥရဇ္ဘရူပေန ဝကာဿု ပုဗ္ဗေ၊
အသံကိတော အဇယူထံ ဥပေတိ။
ဟန္ဒာ ဥရဏိ' အဇိ့ကံ အဇဥ္ဆ၊
ဥတြာသယိတ္ဝာ ယေနကာမံ ပလေတိ။ လ။

၁၈၄။ သတာဒိသော ဘူမိပတိ၊
ရဋ္ဌပါလော အကောဓနော။
သပတ္တေ သမ္မကမ္မေတိ၊
ဣန္ဒေဝ အဿုရာဓိပေါ-

ဟူသော ဤနှစ်ဆယ့်ငါးဂါထာတို့ကို ဟောတော်မူ၏။

၁၅၉။ မဟာရာဇ၊ မင်းမြတ်။ ပုဗ္ဗေ၊ ရှေးကာလ၌။ ဝကော၊ ကျားရဲသည်။ ဥရဇ္ဘရူပေန၊ ဆိတ်အသွင်ဖြင့်။ အသံကိတော၊ ရှံရှာခြင်းကင်းသည်ဖြစ်၏။ အဇယူထံ၊ ဆိတ်အပေါင်းသို့။ ဥပေတိ၊ ကပ်၏။ ဥရဏိံ။။ သတ်ပုတ် ညှဉ်းဆဲသော်လည်း မမြည်တတ်သော၊ ကြောင့် ဥရဏီအမည်ရှိသော။ အဇိကဉ္ဆ၊ ဆိတ်မကို လည်းကောင်း။ အဇဥ္ဆ၊ ဆိတ်ဖိုကို လည်းကောင်း။ ဟန္ဒ၊ သတ်၍။ ဥတြာသယိတ္ဝာ၊ ဆိတ်အပေါင်းကို ထိတ်လန့်စေ၍။ ယေန၊ အကြင် အရပ်သို့။ ကာမံ၊ ပြေးသွားလို၏။ တေန၊ ထို သွားလိုရာ အရပ်သို့။ ပလေတိ၊ ပြေးသွားလေ၏။

၁၆၀။ မဟာရာဇ၊ မင်းမြတ်။ တထာဝိဓေ၊ ထိုသို့ ဆိတ်ယောင်ဆောင်သဖြင့် ဆိတ်အပေါင်းကို သတ်၍ စားတတ်သော ကျားရဲနှင့်တူသော သဘောရှိကုန်သော။ ဧကေ၊ အချို့ကုန်သော။ သမဏဗြာဟ္မဏာ၊ ရဟန်း ပုဏ္ဏားတို့သည်။ ဆဒနံ ကတ္ဝာ၊ ရဟန်းယောင်ဆောင်၍။ မနုဿေ၊ လူတို့ကို။ ဝဉ္စယန္တိ၊ လှည့်စားတတ်ကုန်၏။ ကိံ ဆဒနံ ကရောတိ၊ အဘယ်သို့ ရဟန်းယောင်ဆောင်ကြကုန်သနည်း ဟူမူကား။ အနာသကာ၊

www.dhammadownload.com

တစ်စုံတစ်ခုသော အစာအာဟာရကို မစားဟန်ပြုကြကုန်၏။ ထက္ကိုလ-သေယျကာ စ၊ မြေ၌ အိပ်ဟန်လည်း ပြုကြကုန်၏။ ရဇောဇလ္လံ၊ မြ။, အညစ်အကြေးကို။ မာရယန္တီ၊ ဆောင်ကြကုန်၏။ ဥက္ကုဋိကပဓာနံ၊ ဆောင့်ကြောင့်ထိုင်၍ အားထုတ်ခြင်း လုံ့လကို။ ကရောန္တီ၊ ပြုကြကုန်၏။

၁၆၁။ ပရိယာယဘတ္တဥ္စ၊ ခုနစ်ရက်တစ်ကြိမ် ဆယ်ရက်တစ်ကြိမ် တင်လဲကို စားခြင်းဟု ဆိုအပ်သော အလှည့်အားဖြင့် စားဟန်ကိုလည်း။ ကရောန္တီ၊ ပြုကြကုန်၏။ အပါနကတ္ထာ၊ ရေမသောက်ဟန် ပြုကြကုန်၏။ ပါပါစာရာ၊ ယုတ်မာသောအကျင့်ရှိကုန်လျက်။ အရဟန္တောဝ၊ ငါတို့ ရဟန္တာတည်းဟူ၍။ ဝဒါနာ၊ ပြောဆိုကြကုန်၏။ ဣတိ၊ ဤသို့။ ဆဒနံ ကရောန္တီ၊ ရဟန်းယောင်ဆောင်ကြကုန်၏၊ မဟာရာဇ၊ မင်းမြတ်။ လောဒကာ၊ လောကဋ္ဌ။ ဗာလာ၊ မလိမ္မာဘဲကုန်လျက်။ ပဏ္ဍိတမာနိနော၊ မိမိကိုယ်ကို ငါ ပညာရှိဟု ထင်မှတ်ကြကုန်သော။ ဧတေ ပုဂ္ဂလာ၊ ထို ပုဂ္ဂိုလ်တို့သည်။ အသပ္ပုရိသာ၊ သူတော်မဟုတ် သူယုတ်နှင်နှင်တို့တည်း။

၁၆၂။ မဟာရာဇ၊ မင်းမြတ်။ တာဒိသော၊ ထိုသို့သဘောရှိသော သူယုတ်မာသည်။ ပါပံ၊ မကောင်းမှုကို။ ကရေယျ၊ မိမိသော်လည်းပြု ရာ၏။ အထော၊ ထိုမြို့။ အညမ်ပိ၊ တစ်ပါးသောသူကိုလည်း။ ကာရယေ၊ ပြုစေ ရာ၏။ မဟာရာဇ၊ မင်းမြတ်။ အသပ္ပုရိသသံသဂ္ဂေါ၊ သူတော်မဟုတ် သူယုတ်တို့နှင့် ပေါင်းဖော်သောသူသည်။ ဒုက္ခက္ခန္ဓော၊ ဆင်းရဲအစုကို ခံရ သည်။ ဟောတိ၊ ဖြစ်၏။ ကဋ္ဌကုဋြယော၊ စပ်ခါးပြင်းထန် ပူပန်သော မကောင်းကျိုးကို ခံရသည်။ ဟောတိ၊ ဖြစ်၏။

၁၆၃။ မဟာရာဇ၊ မင်းမြတ်။ ယေ သတ္တာ၊ အကြင် သတ္တဝါ တို့သည်။ ဝီရိယံ၊ ဤဈာသမ္မယုတ်ဖြစ်သော ဝီရိယအကျိုးသည်။ နတ္ထိ၊ မရှိ။ ဣတိ-ဣဒံ ဝစနံ၊ ဤသို့သော စကားကို။ အာဟု၊ ဆိုကုန်၏။ ယေ သတ္တာ၊ အကြင် သတ္တဝါတို့သည်။ အဟေတုဥ္စ၊ အကြောင်းကင်း၍ ဖြစ်၏ ဟူသော အယူကိုလည်း။ ပဋိစ္စ၊ စွဲ၍။ အပဝဒန္တိ၊ ဆိုကုန်၏။ ယေ သတ္တာ၊ အကြင် သတ္တဝါတို့သည်။ ပရကာရဥ္စ၊ သူတစ်ပါးတို့အား ကျေးဇူး ပြုခြင်းကို လည်းကောင်း။ အတ္တကာရဥ္စ၊ မိမိအား သူတစ်ပါးတို့၏ ကျေးဇူးပြုခြင်းကို လည်းကောင်း။ တုစ္ဆံ၊ အချည်းနှီးဟူ၍။ သမဝဏ္ဏယုံ၊ အမျှပြု၍ ဆိုကြကုန်၏။

www.dhammadownload.com

၁၆၄။ မဟာရာဇ၊ မင်းမြတ်။ လောကေ၊ လောကဋ္ဌ။ ဗာလ၊ ပညာမရှိဘဲကုန်လျက်။ ပဏ္ဍိတမာနိနော၊ မိမိကိုယ်ကို ငါပညာရှိဟု ထင်မှတ်ကုန်သော။ ဇာတေသတ္တာ၊ ထိုသတ္တဝါတို့သည်။ အသပ္ပုရိသာ၊ သူတော်မဟုတ် သူယုတ်နှင်နှင်တို့တည်း။ မဟာရာဇ၊ မင်းမြတ်။ တာဒိတော၊ ထိုသို့သဘောရှိသော သူယုတ်မာသည်။ ပါပံ၊ မကောင်းမှုကို။ ကရေယျ၊ မိမိသော်လည်း ပြုရာ၏။ အထော၊ ထိုမြို့။ အညမ်ပိ၊ တစ်ပါး သောသူကိုလည်း။ ကာရယေ၊ ပြုစေရာ၏။ မဟာရာဇ။ မင်းမြတ်။ အသပ္ပုရိသသံသဂ္ဂါ၊ သူယုတ်မာနှင့် ပေါင်းဖော်သောသူသည်။ ဒုက္ခက္ခန္ဓော၊ ဆင်းရဲအစုကို ခံရ၏။ ကဋ္ဌကူဒြယော၊ သာယာခြင်းကင်းသော အကျိုးကို ရ၏။

၁၆၅။ ဟိ-သစ္စံ၊ မှန်၏။ မဟာရာဇ၊ မင်းမြတ်။ ဝိရိယံ၊ ဉာဏသမ္ပယုတ်ဖြစ်သော ကာယိကစေတသိက် ဝိရိယအကျိုးသည်။ သစေ နအာသ၊ အကယ်၍ မရှိသည် ဖြစ်ငြားအံ့။ ကလျာဏပါပကံ ကမ္မံ၊ ကောင်းမှုကံ, မကောင်းမှုကံ၏ အကျိုးသည်။ သစေ နအာသ၊ အကယ်၍ မရှိသည် ဖြစ်ငြားအံ့။ ဧဝံ သန္တေ၊ ဤသို့ ဖြစ်သည်ရှိသော်။ ရာဇာ၊ မင်းသည်။ ဝစ္ဆကိံ။ လက်သမားစသည်ကို။ နဘရေ၊ မမွေးမြူရာ။ ယန္တဲ့ဝနိပိ၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ် အစရှိသည်တို့ကိုလည်း။ နကာရယေ၊ မပြုစေရာ။

၁၆၆။ မဟာရာဇ၊ မင်းမြတ်။ ယသ္မာ၊ စ၊ အကြင့်ကြောင့်လည်း။ ဝိရိယံ၊ ဝီရိယ၏ အကျိုးသည်လည်းကောင်း။ ကလျာဏပါပကံ ကမ္မံ၊ ကောင်းမှု, မကောင်းမှု၏ အကျိုးသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ရာဇာ၊ မင်းသည်။ ယန္တာနိ၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ် စသည်တို့ကို။ ကာရယေသိ၊ ပြုစေ၏။ ဝစ္ဆကိံ၊ လက်သမား အစရှိသောသူကို။ ဘရတိ၊ မွေး၏။

၁၆၇။ မဟာရာဇ၊ မင်းမြတ်။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ ဒေဝေါ၊ မိုးသည်။ ယဒိ နဝဿေ၊ အကယ်၍ မရွာငြားအံ့။ ဟိမံ၊ ဆီးနှင်းသည်။ ယဒိ နပတေ၊ အကယ်၍ မကျငြားအံ့။ ဧဝံ-သတိ၊ ဤသို့ အနှစ်တစ်ရာပတ်လုံး မိုးမရွာ ဆီးနှင်းမကျသည်ရှိသော်။ အယံ လောကေ၊ ဤလောကသည်။ ဥစ္ဆိဇ္ဇေယျ၊ ပြတ်ရာ၏။ အယံ ပဇာ၊ ဤသတ္တဝါအပေါင်းသည်။ ဝိနဿေယျ၊

www.dhammadownload.com

၁၆၈။ မဟာရာဇ၊ မင်းမြတ်။ ယသ္မာ၊ အကြင့်ကြောင့်။ ဒေဝါစ၊ မိုးသည်လည်း။ ဝဿတိ၊ ရွာ၏။ ဟိမဉ္စ၊ ဆီးနှင်းသည်လည်း။ အနုဖုသာယဟိ၊ မိုး၏နောက်၌ကျ၏။ တသ္မာ၊ ထို့ကြောင့်။ သဿာနိ၊ ကောက်တို့သည်။ ပစ္စန္တိ၊ မှည့်ကုန်၏။ စိရံ၊ မြင့်ရှည်စွာ။ ရဋ္ဌဉ္စ၊ တိုင်းနိုင်ငံသူကိုလည်း။ ပါလိတေ၊ စောင့်ရှောက်၏။

၁၆၉။ မဟာရာဇာ၊ မင်းမြတ်။ တရမာနာနံ၊ သွားကုန်သော။ ဂဝံ၊ နွားတို့တွင်။ ပုဂ်ဂေါ၊ ရှေ့ဆောင်နွားမင်း ဥသဘသည်။ ဇိမ္ဘံ၊ ကောက်တကျစ်။ ဂစ္ဆတိ စေ၊ သွားငြားအံ့။ နေတ္တာ၊ ရှေ့ဆောင်နွားမင်း ဥသဘသည်။ ဇိမ္ဘံ၊ ကောက်တကျစ်။ ဂတော၊ သွားသည်။ သတိ၊ ရှိသော်။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ တာ၊ ထို နောက်လိုက်နွားတို့သည်။ ဇိမ္ဘံ၊ ကောက်တကျစ်။ ဂစ္ဆန္တိ၊ သွားကုန်၏။

၁၇၀။ မဟာရာဇ၊ မင်းမြတ်။ ဧဝမေဝ၊ ဤအတူသာလျှင်။ မနုဿေသု၊ လူတို့တွင်။ ယောရာဇာ၊ အကြင်မင်းသည်။ သေဋ္ဌသမ္မတော၊ အထွတ်အမြတ်ဟု သမုတ်အပ်သောသူသည်။ ဟောတိ၊ ဖြစ်၏။ သော ရာဇာ၊ ထိုမင်းသည်။ အဓမ္မံ၊ မတရားသော အကျင့်ကို။ စရတိ စေ၊ ကျင့်ငြားအံ့။ ဧဝံ၊ ဤသို့ မင်းသည် မတရားသောအကျင့်ကို ကျင့်သည်ရှိသော်။ လုတရာ၊ မင်းမှူတစ်ပါးသော။ ပဇာ၊ ပြည် သူ ပြည် သား သည် ကား။ ပဂေဝ၊ အဘယ်သို့ဆိုဖွယ်ရာ ရှိအံ့နည်း။ အဓမ္မံ၊ မတရားသောအကျင့်ကို။ အတိဝိယ၊ အလွန်လျှင်။ စရတိဧဝ၊ ကျင့်သည်သာလျှင်တည်း။ မဟာရာဇ၊ မင်းမြတ်။ ရာဇာ မင်းသည်။ အဓမ္မံကော၊ မတရားသောအကျင့်ကို ကျင့်သည်။ ဟောတိ စေ၊ ဖြစ်ငြားအံ့။ ဧဝံ၊ ဤသို့ မင်းသည် မတရားသောအကျင့်ကို ကျင့်သည်ရှိသော်။ သဗ္ဗရဋ္ဌံ၊ အလုံးစုံသော တိုင်းနိုင်ငံသူသည်။ ဒုက္ခံ၊ ဆင်းရဲပြင်းစွာ။ သေတိ-ဝသတိ၊ နေရ၏။

၁၇၁။ မဟာရာဇ၊ မင်းမြတ်။ တရမာနာနံ၊ သွားကုန်သော။ ဂဝံ၊ နွားတို့တွင်။ ပုဂ်ဂေါ၊ ရှေ့ဆောင်နွားမင်း ဥသဘသည်။ ဥဇုံ၊ ဖြောင့်စွာ။ ဂစ္ဆတိ စေ၊ သွားငြားအံ့။ နေတ္တာ၊ ရှေ့ဆောင်နွားမင်းသည်။ ဥဇုံ၊ ဖြောင့်စွာ။ ဂတော၊ သွားသည်။ သတိ၊ ရှိသော်၊ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ တာ၊ ထို နောက်လိုက်နွားတို့သည်။ ဥဇုံ၊ ဖြောင့်စွာ။ ယန္တိ၊ သွားကုန်၏။

www.dhammadownload.com

၁၇၂။ မဟာရာဇ၊ မင်းမြတ်။ ဧဝမေပ၊ ဤ အတူလျှင်။ မနုဿော သူ၊ လူတို့တွင်။ ယော ရာဇာ၊ အကြင်မင်းသည်။ ဟေဋ္ဌသမ္မတော၊ အထက်အမြတ်ဟု သမုတ်အပ်သော သူသည်။ ဟောတိ၊ ဖြစ်၏။ သော ရာဇာ၊ ထိုမင်းသည်။ ဓမ္မံ၊ တရားကို။ စရတိ စေ၊ ကျင့်ငြားအံ့။ ဧဝံ၊ ဤသို့ မင်းတရားကျင့်သည်။ သတိ၊ ရှိသော်။ ဣတရာ၊ မင်းမှ တစ်ပါးသော။ ပဇာ၊ ပြည်သူပြည်သားသည်။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ဓမ္မံ၊ တရားကို။ စရတိဧဝ၊ ကျင့်သည်သာလျှင်တည်း။ မဟာရာဇ၊ မင်းမြတ်။ ရာဇာ၊ ပြည့်ရှင်မင်းသည်။ ဓမ္မိကော၊ တရားကျင့်သည်။ ဟောတိ စေ၊ ဖြစ်ငြားအံ့။ ဧဝံ၊ ဤသို့ မင်းတရားကျင့်သည်။ သတိ၊ ရှိသော်။ သဗ္ဗရဋ္ဌံ၊ အလုံးစုံသော တိုင်းနိုင်ငံသူသည်။ သုခံ၊ ချမ်းမြေ့သာယာစွာ။ သေတိ-ဝသတိ၊ နေရ၏။

၁၇၃။ မဟာရာဇ၊ မင်းမြတ်။ ယော ဇနော၊ အကြင်သူသည်။ ဖလိနော၊ ချိုမြိန်မြတ်သော အရသာရှိသောအသီးကိုဆောင်သော။ မဟာရုက္ခဿ၊ သရက်ပင်မြတ်၏။ အာမံ ဖလံ၊ အသီးစိမ်းကို။ ဆိန္ဒတိ၊ ဆွတ်၏။ သော ဇနော၊ ထိုသူသည်။ အဿ၊ ထိုသရက်သီး၏။ ရသဉ္ဉု၊ အရသာကိုလည်း။ နာဇာနာတိ၊ မသိစားရ။ အဿ၊ ထိုသရက်သီး၏။ ဗီဇဉ္ဉု၊ မျိုးစေ့သည်လည်း။ ဝိနာသေတိ၊ ပျက်စီး၏။

၁၇၄။ မဟာရာဇ၊ မင်းမြတ်။ ယော ရာဇာ၊ အကြင်မင်းသည်။ ဓမ္မိကော၊ တရားကျင့်သည်။ ဟောတိ၊ ဖြစ်၏။ သော ရာဇာ၊ ထိုမင်းသည်။ အတ္တဘာဝတော၊ အထွတ်အမြတ်ဟု သမုတ်အပ်သော သူသည်။ ဟောတိ၊ ဖြစ်၏။ သော ရာဇာ၊ ထိုမင်းသည်။ ဓမ္မံ၊ တရားကို။ စရတိ စေ၊ ကျင့်ငြားအံ့။ ဧဝံ၊ ဤသို့ မင်းတရားကျင့်သည်။ သတိ၊ ရှိသော်။ ဣတရာ၊ မင်းမှ တစ်ပါးသော။ ပဇာ၊ ပြည်သူပြည်သားသည်။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ဓမ္မံ၊ တရားကို။ စရတိဧဝ၊ ကျင့်သည်သာလျှင်တည်း။ မဟာရာဇ၊ မင်းမြတ်။ ရာဇာ၊ ပြည့်ရှင်မင်းသည်။ ဓမ္မိကော၊ တရားကျင့်သည်။ ဟောတိ စေ၊ ဖြစ်ငြားအံ့။ ဧဝံ၊ ဤသို့ မင်းတရားကျင့်သည်။ သတိ၊ ရှိသော်။ သဗ္ဗရဋ္ဌံ၊ အလုံးစုံသော တိုင်းနိုင်ငံသူသည်။ သုခံ၊ ချမ်းမြေ့သာယာစွာ။ သေတိ-ဝသတိ၊ နေရ၏။

၁၇၅။ မဟာရာဇ၊ မင်းမြတ်။ ယော ဇနော၊ အကြင်သူသည်။ ဖလိနော၊ ချိုမြိန်မြတ်သော အရသာရှိသောအသီးကိုဆောင်သော။ မဟာရုက္ခဿ၊ သရက်ပင်မြတ်၏။ အာမံ ဖလံ၊ အသီးစိမ်းကို။ ဆိန္ဒတိ၊ ဆွတ်၏။ သော ဇနော၊ ထိုသူသည်။ အဿ၊ ထိုသရက်သီး၏။ ရသဉ္ဉု၊ အရသာကိုလည်း။ နာဇာနာတိ၊ မသိစားရ။ အဿ၊ ထိုမင်း၏။ ရဋ္ဌဉ္ဉု၊ တိုင်းနိုင်ငံသည်လည်း။ ဝိနာသေတိ၊ ပျက်စီး၏။

၁၇၆။ မဟာရာဇ၊ မင်းမြတ်။ ယော ရာဇာ၊ အကြင်မင်းသည်။ ဓမ္မိကော၊ တရားကျင့်သည်။ ဟောတိ၊ ဖြစ်၏။ သော ရာဇာ၊ ထိုမင်းသည်။ မဟာရုက္ခူပမံ၊ ချိုမြိန်မြတ်သော အရသာရှိသောအသီးကို ဆောင်သော သရက်ပင်မြတ်နှင့်တူသော။ ရဋ္ဌံ၊ တိုင်းနိုင်ငံကို။ အဓမ္မေန၊ အဂတိသို့လားသဖြင့်။ ပသာသတိ၊ ဆုံးမစီရင်၏။ သောရာဇာ၊ ထိုမင်းသည်။ အဿ၊ ထို တိုင်းနိုင်ငံ၏။ ရသဉ္ဉု၊ အရသာကိုလည်း။ နာဇာနာတိ။ မခံစားရ။ အဿ၊ ထိုမင်း၏။ ရဋ္ဌဉ္ဉု၊ တိုင်းနိုင်ငံသည်လည်း။ ဝိနာသေတိ၊ ပျက်စီး၏။

၁၇၇။ မဟာရာဇ၊ မင်းမြတ်။ ယော ဇနော၊ အကြင်သူသည်။ ဖလိနော၊ ချိုမြိန်မြတ်သော အရသာနှင့် ပြည့်စုံသောအသီးကို ဆောင်သော။ မဟာရုက္ခဿ၊ သရက်ပင်မြတ်၏။ ပက္ကဖလံ၊ သရက်သီးမှည့်ကို။ ဆိန္ဒတိ၊ ဆွတ်ယူ၏။ သော ဇနော၊ ထိုသူသည်။ အဿ၊ ထိုသရက်သီး၏။ ရသဉ္ဉု၊ အရသာကိုလည်း။ ဝိဇာနာတိ၊ ခံစားရ၏။ အဿ၊ ထိုသရက်သီး၏။ ဗီဇဉ္ဉု၊ မျိုးစေ့သည်လည်း။ နာ နာသေတိ၊ မပျက်စီး။

www.dhammadownload.com

၁၇၆။ မဟာရာဇ၊ မင်းမြတ်။ ယော ရာဇာ၊ အကြင်မင်းသည်။ မဟာရက္ခ၂ပမံ၊ ချီမြှိန်မြတ်သော အရသာရှိသော အသီးကိုဆောင်သော သရက်ပင်မြတ်နှင့်တူသော။ ရဋ္ဌံ၊ တိုင်းနိုင်ငံကို။ ဓမ္မမုန၊ တရားသဖြင့်။ ပသာသတိ၊ ဆုံးမစီရင်၏။ သောရာဇာ၊ ထိုမင်းသည်။ အာသ၊ ထို ပြည် တိုင်းကား၏။ ရသဇ္ဇ၊ အရသာကိုလည်း။ ဝိဇာနာတိ၊ ခံစားရ၏။ အာသ၊ ထိုမင်း၏။ ရဋ္ဌဇ္ဇ၊ တိုင်းနိုင်ငံသည်လည်း။ နံ နာသာတိ၊ မပျက်စီး။

၁၇၇။ မဟာရာဇ၊ မင်းမြတ်။ ယော စ ရာဇာ၊ အကြင် မင်းသည် လျှင်၊ ဇနပဒံ၊ ဇနပုဒ်သူကို။ အဓမ္မေန၊ အဂတိလေးပါးသို့ လားရောက် သောအားဖြင့်။ ပသာသတိ၊ ဆုံးမစီရင်၏။ ခတ္တိယော၊ ရေမြေကို အစိုးရ သော။ သော ရာဇာ၊ ထိုမင်းသည်။ သဒ္ဓါသမ်ပဟိ၊ အလုံးစုံကုန်သော အမြစ် အခံ့ အရွက် အပွင့် အသီး ထောပတ် ဆီဦး အစရှိကုန်သော ဆေး တို့နှင့်။ ဝိရုဒ္ဓေါ၊ ဆန့်ကျင်ဘက်သည်။ ဟောတိ၊ ဖြစ်၏။

၁၇၈။ မဟာရာဇ၊ မင်းမြတ်။ တထေဝ၊ ထို့အတူလျှင်။ ယော ရာဇာ၊ အကြင်မင်းသည်။ နေဂမေ စ၊ နိဂုံး၌နေကုန်သော သူကြွယ်တို့ကို လည်းကောင်း။ ယေ ဝါဏိဇာ၊ အကြင်ကုန်သည်တို့သည်။ ကယဝိက္ကယေ၊ ရောင်းဝယ်ခြင်း၌။ ယုတ္တာ၊ လုံ့လပြုကုန်၏။ သြဒါနပဟလိကာရေ၊ ထိုထိုအရပ်မှ ဥစ္စာကိုဆောင်ယူခဲ့ခြင်း, အခွန်အတုတ်ပေးခြင်း အစုမ်းအား ဖြင့် သြဇာကိုပေးခြင်း, ခြောက်စုတစ်စု ဆယ်စုဘစ်စု အစရှိသော အခွန် အတုတ်ပေးခြင်းကို ပြုတတ်ကုန်သော။ တေ ဝါဏိဇေ၊ ထိုကုန်သည်တို့ကို လည်းကောင်း။ ဟိ သံ-ဟိ သန္တော၊ ညှဉ်းဆဲတတ်သည်။ ဟောတိ၊ ဖြစ်၏။ သ-သောရာဇာ၊ ထိုမင်းသည်။ ကောသေန၊ ကျိုကြွနှင့်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်ဘက်ဖြစ်၏။

၁၇၉။ မဟာရာဇ၊ မင်းမြတ်။ ယော ရာဇာ၊ အကြင်မင်းသည်။ ပဟာရဝရခေတ္တညူ၊ ဤနေရာ၌နေ၍ စစ်ထိုးခြင်းငှာ သင့်၏ဟု ခေတ်ကို သိကုန်သော လေးသမားတို့ကို လည်းကောင်း။ သင်္ဂါမေ၊ စစ်ထိုးခြင်း၌။ ကတနိဿမေ၊ ကောင်းစွာ သင်အပ်ကျင့်အပ်သော အမှုရှိကုန်သော သူရဲကောင်းဖြစ်ကုန်သော။ ဥဿီတေ၊ ကျော်စော ထင်ရှားကုန်သော အမတ်ကြီးတို့ကို လည်းကောင်း။ ဟိ သယံ-ဟိ သယန္တော၊ ညှဉ်းဆဲတတ်,

www.dhammadownload.com

ညှဉ်းဆဲစေတတ်၏။ သ-သောရာဇာ၊ ထိုမင်းသည်။ ဗလေန၊ ဗိုလ်ပါနှင့်။ ဝိရူဠ္ဟတိ၊ ဆန့်ကျင်ဘက်ဖြစ်၏။

၁၇၀။ မဟာရာဇ၊ မင်းမြတ်။ အဓမ္မစာရီ၊ တရားမကျင့်သော။ ခတ္တိယော၊ ရေမြေကို အစိုးရသော။ ယောရာဇာ၊ အကြင်မင်းသည်။ နေဂမာဒယော၊ နိဂုံးသူ အစရှိသည်တို့ကို။ ဟိ သတိယထာ၊ ညှဉ်းဆဲသကဲ့သို့။ တထေဝ၊ ထို့အတူလျှင်။ သံယဒမ၊ ကိုယ် နှုတ် နှလုံးကို စောင့်ရှောက်ကုန်ထဇသော။ ဗြဟ္မစာရိနော၊ မြတ်သောအကျင့်ကို ကျင့်ကုန်ထသော။ ဣသယော၊ ဂုဏ်ကျေးဇူးကို ရှာတတ်ကုန်သော ရသေ့ရဟန်းတို့ကို။ ဟိ သံ-ဟိ သန္တော၊ ညှဉ်းဆဲတတ်သည်။ ဟောတိ၊ ဖြစ်၏။ သောရာဇာ၊ ထိုမင်းသည်။ သဂ္ဂေန၊ နတ်ပြည်နှင့်။ ဝိရူဠ္ဟတိ၊ ဆန့်ကျင်ဘက် ဖြစ်၏။

၁၇၁။ မဟာရာဇ၊ မင်းမြတ်။ အဓမ္မဋ္ဌော၊ တရား၌မတည်သော။ ယောစရာဇာ၊ အကြင်မင်းသည်လျှင်။ အဒူသိကံ၊ အပြစ်မရှိသော။ ဘရိယံ၊ မိဖုရားကို။ ဟန္ဒီ-ဟနတိ၊ သတ်၏။ သောရာဇာ၊ ထိုမင်းသည်။ လုဒ္ဒံဌာနံ၊ ရုန့်ရင်းကြမ်းကြုတ်သော ငရဲ၌ ဖြစ်ခြင်း၏အကြောင်း မကောင်းမှုကို။ ပသဝတေ၊ ပွားဒစ်၏။ ပုတ္တေဟိ စ၊ သားတို့နှင့်လဲည်း။ ဝိရူဠ္ဟတိ၊ ဆန့်ကျင်ဘက် ဖြစ်၏။

၁၇၂။ မဟာရာဇ၊ မင်းမြတ်။ ရာဇာ၊ မင်းသည်။ ဇနပဒေစ၊ ဇနပုဒ်သူဋ္ဌ် လည်းကောင်း။ နေဂမေသုစ၊ နိဂုံးသူတို့၌ လည်းကောင်း။ ဗလေသုစ၊ ဗိုလ်ပါတို့၌ လည်းကောင်း။ ဓမ္မံ၊ တရားကို။ စရေ၊ ကျင့်ရာ၏။ ဣသယော ဇ၊ ရသေ့ရဟန်းတို့ကိုလည်း။ နစ ဟိ သေယျ၊ မည်ဉ်းဆဲရာ။ ပုတ္တဒါရေ၊ သားမယား၌။ သမံ စရေ၊ အမျှကျင့်ရာ၏။

၁၇၃။ မဟာရာဇ၊ မင်းမြတ်။ အသုရာဓိပေါ၊ အသူရာတို့ကို နှိပ်စက်လွှမ်းမိုး အစိုးရသော။ ဣန္ဒော၊ သိကြားမင်းသည်။ သပတ္တော၊ မိမိရန်သူတို့ကို။ သမ္မုကမ္မေတိဣဝ၊ ထိတ်လန့် တုန်လှုပ်စေသကဲ့သို့။ တထာ၊ ထို့အတူ။ ဘူမိပတိ၊ မြေကိုအစိုးရသော။ ရဋ္ဌပါလော၊ တိုင်းနိုင်ငံသူတို့ကို စောင့်ရှောက်တတ်သော။ အကောဓနော၊ အမျက်မထွက်သော။ တာဒိ-

www.dhammadownload.com

သော၊ ထိုတရားစောင့်သော ရှေးမင်းတို့နှင့်တူသော သင်ဘာရှိသော။ သ-သော ရာဇာ၊ ထိုမင်းသည်။ သပတ္တော၊ မိမိရန်သူတို့ကို။ ရာဇတေဇေန၊ မင်း၏တန်ခိုးအရှိန်ဖြင့်။ သမ္မကမ္မေတိ၊ ထိတ်လန့် တုန်လှုပ်စေနိုင်၏။

မင်းသားတို့ကို ကန်တော့စေခြင်း

ဤသို့လျှင် ဘုရားလောင်းသည် ဗြဟ္မဒတ်မင်းအား တရားဟော တော်မူ၍ မင်းသား လေးယောက်တို့ကိုလည်း ခေါ်ပြီးလျှင် ဆုံးမတော်မူ၍ မင်း၏အမှုကို ထင်ရှားပြတော်မူသဖြင့် "ခမည်းတော် မင်းကြီးကို ကန်တော့ကြကုန်လော့" ဟု ဆို၍ ကန်တော့စေပြီးလျှင် "မင်းမြတ်....ဤနေ့မှစ၍ မဆင်ခြင်ဘဲ ကုန်းချောတတ်ကုန်သော သူတို့၏ စကားကို ယူလျက် ဤသို့သဘောရှိသော နိုင်ထက်ကလူမူသော အမှုကိုမပြုလင့်၊ ရှင်မင်းသားတို့....သင်တို့သည်လည်း ခမည်းတော် မင်းကြီးအား မပြစ်မှားကြကုန်လင့်" ဟု အလုံးစုံသော သူတို့အား အဆုံးအမကို ပေးတော်မူ၏။

အမတ်တို့ အနှင်ခံကြရ

ထိုအခါ ဘုရားလောင်းကို ဗြဟ္မဒတ်မင်းသည် လျှောက်၏။ "အရှင် ဘုရား....အကျွန်ုပ်သည် အရှင်ဘုရားတို့၌လည်းကောင်း၊ မိဖုရားကြီး၌လည်းကောင်း၊ ပြစ်မှားလျက် ဤ သူယုတ်မာတို့ကို မှီ၍ ထို သူယုတ်မာတို့၏ စကားကိုယူသဖြင့် ထိုမကောင်းမှုကို ပြုမိ၏။ ငါးယောက်ကုန်သော ဤ သူတို့ကိုလည်းသတ်အံ့" ဟု လျှောက်၏။ "မင်းမြတ်....ဤသို့ ပြုအံ့သောငှာ မသင့်" ဟု မိန့်တော်မူလတ်သော် "ထိုသို့တပြီးကား ထိုသူယုတ်တို့၏ လက်ခြေတို့ကို ဖြတ်အံ့" ဟု လျှောက်ပြန်၏။ "မင်းမြတ်....ဤ လက်ခြေဖြတ်ခြင်းကိုလည်း ပြုခြင်းငှာ မသင့်" ဟု မိန့်တော်မူသည်ရှိသော် ဗြဟ္မဒတ်မင်းသည် "ကောင်းပြီ" ဟု ဝန်ခံ၍ ထိုအမတ်ငါးယောက်တို့ကို အလုံးစုံသော သူ၏ ဥစ္စာတို့ကို ဆောင်ယူတတ်သော သူခိုးတို့ကဲ့သို့ပြု၍ ဦးစွန်းငါးခု ပြုခြင်း၊ တောင်းဆဲခြင်း၊ နွားချေးတို့ဖြင့်သွန်းလောင်းခြင်းတို့ဖြင့် မရိုမသေပြု၍ တိုင်းနိုင်ငံမှ နှင်ထုတ်စေ၏။ ဘုရားလောင်းသည်လည်း ထို ဗာရာဏသီပြည်၌ နှစ်ပေါက် သုံးရက် နေတော်မူ၍ "မမေ့မလျော့ဖြစ်လော့" ဟု ဗြဟ္မဒတ်မင်းကို ဆုံးမတော်မူလျက် ဟိမဝန္တာသို့လျှင် ကြွတော်မူ၍ ဈာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ အသက်ထက်ဆုံး ဗြဟ္မဝိဟာရတရားတို့ကို ပွားစေ၍ ဗြဟ္မာ့ပြည်သို့ လားတော်မူ၏။

www.dhammadownload.com

ဇာတ်ပေါင်း သမ္ဗညူ မြတ်စွာဘုရားသည် ဤ ဓမ္မဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့.... ငါဘုရားသည် ယခု အခါ၌သာလျှင် ပညာရှိသည်၊ သူတစ်ပါးတို့၏ အယူဝါဒကို နှိမ်နင်းဖျက်ဆီးနိုင်သည် မဟုတ်သေး၊ ရှေးဘဝလည်း ငါဘုရားသည် ပညာရှိသည်သာတည်း၊ သူတစ်ပါးတို့၏ အယူဝါဒကို နှိမ်နင်း ဖျက်ဆီးနိုင်သည်သာတည်း" ဟု မိန့်တော်မူ၍ "ရဟန်းတို့....ယခုအခါ ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ ပကုဓကစ္စာယန၊ အဇိတကေသကမ္ဗလ၊ နိဂဏ္ဌနာဋပုတ္တတို့သည် ထိုအခါ ငါးယောက်ကုန်သော မိစ္ဆာအယူ ရှိကုန်သော အမတ်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ပိဂ်လအမည်ရှိသော ဗြဟ္မဒတ်မင်း ခွေးတော်ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဟာဗောဓိပရိဗိုဇ် ဖြစ်ဖူးပြီ" ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

တိတ္ထိဝါဒ၊ ဤငါးဝ၊ ရှေးကပယ်ခဲ့ပြီ။
သုံးခုမြောက်သော မဟာဗောဓိဇာတ်သည် ပြီး၏။

www.dhammadownload.com

နိဒါန်း

ဘုန်းတော် အလုံနတရာ ကြီးမြတ်တော်မူလှသော ဆင်ဖြူရှင် ဘဝရှင် တရားမင်းမြတ်၏ သားတော်ကြီး မဟာဥပရာဇ်သည် အလွန်တရာ ခဲယဉ်းစွာသော ရခိုင်ပြည်ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ စီးပွားချမ်းသာအကျိုးငှာ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အရှေ့မျက်နှာအရပ်၌ မဟာဥပရာဇ်မယ်တော်အရှင် မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလာ ဘုံကျောက်ကျောင်းတော်နေ ညောင်ကန်ဆရာတော်သည် မြန်မာပြန်ဆိုအပ်သော သုံးဇာတ်အတိုင်းအရှည် ရှိသော ပဏ္ဏာသနိပါတ် ဇာတ်ဝတ္ထုသည် ဤမျှသော သဒ္ဒါ၏ အစဉ်အနက် အစဉ်အားဖြင့် အပြီးသို့ရောက်၏။

ဇတ္တာဝတာ—

မင်္ဂလဘူမိ ကိတ္တိခေျ၊ ဝသတာ မန္ဒိရေ ရမေ။
ဂုရုနာ မြမ္မဘာသာယ၊ ဝုတ္ထဂန္ဆော ဂတော နိဋ္ဌံ။

ဇတ္တာဝတာ၊ ဤမျှသောစကားအစဉ်ဖြင့်။ ရမေ၊ မွေ့လျော်ဖွယ်ရှိသော။ မင်္ဂလာဘူမိ ကိတ္တိခေျ၊ မင်္ဂလာဘုံကျော် အမည်ရှိသော။ မန္ဒိရေ၊ အမရပူရမြို့တော်သည် ဆင်ဖြူရှင် ဘဝရှင်တရားမင်းမြတ်၏ မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော ကျောင်းတော်၌။ ဝသတာ၊ သီဘင်းသုံးနေသော။ ဂုရုနာ၊ ဆရာတော်သည်။ မြမ္မဘာသာယ၊ မြန်မာတိုင်းသူတို့၏ အာဆိုအမိန့်ဖြင့်။ ဝုတ္တဂန္ဆော၊ ဆိုအပ်သော ဇာတ်ပေါင်း သုံးဇာတ်တို့ဖြင့် တန်ဆာဆင်အပ်သော ပဏ္ဏာသနိပါတ်ကျမ်းသည်။ နိဋ္ဌိတံ၊ ပြီးဆုံးခြင်းသို့။ ဂတော၊ ရောက်၏။

ပဏ္ဏာသနိပါတ်ဇာတ်ဝတ္ထုသည် ဤတွင်ရွေ့ပြီးပြီ။

www.dhammadownload.com

ပုံ ၈ ကြိမ် ခု

ငါးရာငါးဆယ်ဇာတ်ဝတ္ထု



သဋ္ဌိ နိပါတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁—သောဏကဇာတ်

သူတော်ကောင်းတို့၏ စကားကို နာယူအပ်ကြောင်း

ဟော့တော်မူရာဌာန နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''တဿ သုတ္တဿတံ ဒမ်မိ''အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသောဏကဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် နေကွမ္မ ပါရမီကို အကြောင်းပြု၍ ဟောတော်မူလေ၏။

ပစ္စုပ္ပန်ဝတ္ထု ထိုစကားသည် မှန်၏။ ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် တရားသဘင်၌ နေကွမ္မပါရမီကို ချီးမွမ်းကုန်သော ရဟန်းတို့၏ အလယ်၌ နေတော်မူ၍ ''ရဟန်းတို့....ယခုအခါ၌သာလျှင် သင်တို့ဆရာ ငါဘုရားသည် မြတ်သောတောထွက်ခြင်းဖြင့် တောထွက်တော်မူသည် မဟုတ်သေး၊ ရှေး၌လည်း သင်တို့ဆရာ ငါဘုရားသည် မြတ်သောတောထွက်ခြင်းကို တောထွက်တော်မူဖူးသည် သာလျှင်တည်း'' ဟု မိန့်တော်မူ၍ အတိတ်ကိုဆောင်တော်မူလေ၏။

B35(၅၅၀·ပဋ္ဌမ)

www.dhammadownload.com

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ မဂဓမင်းသည် မင်းပြု၏၊ ဘုရားလောင်းသည် ထိုမဂဓမင်း၏ မိဖုရားကြီး ဝမ်း၌ ဖြစ်၏။ ထိုမင်းသားအား အမည်မှည့်အံ့သောနေ့၌ "အရိန္ဒမသတ္တိသား" ဟူသော အမည်ကို မှည့်ကုန်၏။ ထို အရိန္ဒမသတ္တိသား ဖွားတော်မူသော နေ့၌ပင်လျှင် ပုရောဟိတ်အားလည်း သားဖွား၏၊ ထို ပုရောဟိတ်သားအား "သောဏက သတ္တိသား" ဟူသော အမည်ကို မှည့်ကုန်၏။ ထိုမင်းသား, ပုရောဟိတ်သားတို့သည်လည်း အတူတကွ ကြီးကြကုန်သည်ဖြစ်၍ အရွယ်ရောက်ကုန်သည်ရှိသော် မြတ်သော အဆင်းကို ဆောင်ကုန်၏။ အဆင်းအားဖြင့် အထူးမရှိကြကုန်သည်ဖြစ်၍ တက္ကသိုလ်ပြည်သို့သွားသဖြင့် အတတ်သင်ကုန်ပြီးသော် ထို တက္ကသိုလ်ပြည်မှထွက်ခဲ့၍ "ခပ်သိမ်းသော သတ္တဝါတို့၏ အယူအတတ်ကို လည်းကောင်း, အရပ်သူတို့၏ စရိုက်ကို လည်းကောင်း သိကုန်အံ့" ဟူ၍ အစဉ်သဖြင့် ဒေသစာရီသွားကုန်သည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်လေ၍ မင်း၏ဥယျာဉ်၌ နေပြီးလျှင် မိုးသောက်သောနေ့၌ မြို့သို့ဝင်ကုန်၏။

အရိန္ဒမမင်းသား မင်းဖြစ်ပြီ

ထိုနေ့၌လည်း အချို့ကုန်သောသူတို့သည် "ပုဏ္ဏားတို့၏ အထံ၌ ဗေဒင်သင်ခြင်းကို ပြုကုန်အံ့" ဟု ဃနာထမင်းကို စီရင်ပြီးလျှင် နေရာတို့ကိုခင်း၍ လာလတ်ကုန်သော ထို သတ္တိသားတို့ကိုမြင်လျှင် အိမ်သို့သွင်း၍ ခင်းအပ်သောနေရာ၌ နေစေကုန်၏။ ထိုအိမ်ဝယ် ဘုရားလောင်း နေရာ၌ ပုဆိုးဖြူကို ခင်း၏။ သောဏက သတ္တိသားနေရာ၌ ကမ္ပလာနီကို ခင်း၏။ သောဏက သတ္တိသားသည် ထိုနိမိတ်ကိုမြင်၍ "ယနေ့ငါ၏ ချစ်စ၌သော အဆွေခင်ပွန်းဖြစ်သော အရိန္ဒမမင်းသားသည် ဗာရာဏသီမင်း ဖြစ်လတ္တံ့၊ ငါ့အားကား စစ်သူကြီးအရာကိုပေးလတ္တံ့" ဟု ဆို၏။ ထို နှစ်ယောက်သော သူတို့သည်လည်း ထမင်းစားခြင်းကိစ္စပြီးလတ်သော် ဥယျာဉ်သို့သာလျှင် ပြန်ခဲ့ကုန်၏။ ထိုအခါ ဗာရာဏသီမင်းသေ၍ ခုနစ်ရက်မြောက်သောနေ့ ဖြစ်၏။ မင်းမျိုးသည်ကား သားမရှိ။ မှူးတော်မတ်တော် အစရှိသော သူတို့သည် ဦးခေါင်းနှင့်တကွ ရေချိုးကုန်ပြီးသော် စည်းဝေး၍ "မင်းပြထိုက်သော သူ၏အထံသို့ သွားလုတ္တံ့" ဟု ဖုဿရထားကိုက၍ လွှတ်ကုန်၏။ ထို ဖုဿရထားသည် မြို့မှထွက်၍ အစဉ်သဖြင့် မင်း၏ဥယျာဉ်တော်သို့ သွားပြီးလျှင် ဥယျာဉ်တော်တံခါး၌ ပြန်လည်၍

(ဘုရားယယဉ်ထင် ၁၈-၀၆၆)



www.dhammadownload.com

www.dhammadownload.com

တက်စီးစေအံ့သော အစီအရင်ရှိသည်ဖြစ်၍ ရပ်၏။ ဘုရားလောင်းသည် မင်္ဂလာကျောက်ဖျာပေါ်၌ ဦးခေါင်းနှင့်တကွ ခြုံ၍အိပ်၏။ သောဏက သတ္တိသားသည် ထို ဘုရားလောင်းအနီး၌ နေ၏။ ထို သောဏက သတ္တိသားသည် တီးမှုတ်မျိုး အသံကိုကြား၍လျှင် အရိန္ဒမမင်းသားအား "ဖုံးသ ရထား ရောက်လာပြီ၊ ယနေ့ ဤ အရိန္ဒမမင်းသားသည် မင်းဖြစ်၍ ငါ့ အား စစ်သူကြီးအရာကို ပေးလတ္တံ့၊ ထိုသို့ပေးသော်လည်း ငါ့အား စည်းစိမ်ချမ်းသာဖြင့် အလိုမရှိပြီ၊ ထို အရိန္ဒမမင်းသား သွားသည်ရှိသော် တောထဲက်၍ ရဟန်းပြုအံ့" ဟု ကြံ၍ တင့်အပ်လျောက်ပတ်သော ပုန်းကွယ်ရာအရပ်၌ နေ၏။ ပုရောဟိတ်ပုဏ္ဏားသည် ဥယျာဉ်သို့ဝင်လေ၍ လျောင်းလျက်နေသော ဘုရားလောင်းကိုမြင်လျှင် တီးမှုတ်မျိုးတို့ကို တီးမှုတ်စေ၏။ ဘုရားလောင်းသည် နိုးလတ်လျှင် ပြန်၍ အတန်ငယ်အိပ်ပြီးမှ ထ၍ မင်္ဂလာကျောက်ဖျာအပြင်၌ ထက်ဝယ် ပလ္လင်တော်ဖြင့် နေတော်မူ၏။

ထိုအခါ ဘုရားလောင်းကို ပုရောဟိတ်ပုဏ္ဏားသည် လက်အုပ်ချီ၍ "အလောင်းမင်းမြတ်.... အလောင်းမင်းမြတ်အား မင်းအဖြစ်သည် ရောက်ပါ၏" ဟူ တင်လျောက်၏။ "သင်တို့မင်းသည် သားမရှိသလော" ဟု မေးတော်မူ၏။ "အလောင်းမင်းမြတ်....မရှိပါ" ဟု တင်လျောက်လတ်သော် "ထိုသို့ တပြီးကား ကောင်း၏" ဟု မိန့်တော်မူ၏။ ထိုအခါ ဘုရားလောင်းအား ထို ဥယျာဉ်တော်၌ပင်လျှင် အဘိသိက်သွန်း၍ ရထားသို့တင်ပြီးလျှင် များစွာသော အခြံအရံဖြင့် မြို့သို့သွင်းကုန်၏။ ဘုရားလောင်းသည် မြို့ကို လက်ယာရစ်လှည့်သည်ကိုပြု၍ ရှေးနန်းပြာသာဒ်အထက်သို့ တက်တော်မူ၏။ ထိုဘုရားလောင်းသည် စည်းစိမ်ချမ်းသာ ကြီးမြတ်သော ကြောင့် ကား သောဏက သတ္တိသားကို မအောက်မေ့မိ။

သောဏကသတ္တိသား ဘုရားငယ်ဖြစ်ပြီ

ထို သောဏက သတ္တိသားသည်လည်း အရိန္ဒမမင်း မြို့သို့ ဝင်သည်ရှိသော် လာလတ်၍ မင်္ဂလာကျောက်ဖျာပေါ်၌ နေ၏။ ထိုအခါ သောဏက သတ္တိသားရှေ့၌ အညာမှလွတ်သော ဖက်ရွက်ရော်သည် အင်ကြွင်းပင်မှ ကြွေကျ၏။ သောဏကသတ္တိသားသည် ဖက်ရွက်ရော်ကိုမြင်၍လျှင် "ဤဖက်ရွက်ရော်သည် ကြွေကျသကဲ့သို့ ထို့အတူ ငါ၏ကိုယ်သည်လည်း အိုခြင်းသို့ ရောက်၍ ကြွေကျလတ္တံ့" ဟု အနိစ္စ စသော အစွမ်းအားဖြင့် ဝိပဿနာကို ဖြစ်စေ၍ ပစ္စေကဗောဓိဉာဏ်သို့ ရောက်၍နေ၏။ ထို သောဏက သတ္တိသား

www.dhammadownload.com

အား ထိုခဏ၌ပင်လျှင် လူ၏အသွင်သည် ကွယ်ပျောက်၏။ ရဟန်းအသွင်သည် ထင်ရှားဖြစ်၏။ ထို အရှင် ပစ္စေကဗုဒ္ဓါသည် "ယခုအခါ ငါ့အား တစ်ဖန် ဘဝသစ်၌ဖြစ်ခြင်းသည် မရှိပြီ" ဟု ဥဒါန်းကျူးလျက် နန္ဒမူလိုဏ်ဂူသို့ ကြွတော်မူ၏။

မင်းကြီး မိတ်ဆွေကို သတိရပြီ

ဘုရားလောင်းသည်လည်း အနှစ်လေးဆယ်လုံးလုံးလျှင် အောက်မေ့မိ၍ "ငါ့ အဆွေခြစ်ဖြစ်သော သောဏကသတို့သားသည် အဘယ်မှာနည်း" ဟု သောဏကသတို့သားကို အဖန်ဘာလဲလဲ အောက်မေ့သော်လည်း "အကျွန်ုပ် ကြားပါ၏ ဟူ၍လည်းကောင်း၊ အကျွန်ုပ် မြင်ပါ၏ ဟူ၍လည်းကောင်း" ပြောဆိုအံ့သောသူကို မရသောကြောင့် တန်ဆာဆင်အပ်သော မြတ်သော ရွှေနန်းပြာသာဒ်အပြင်ဝယ် ရုတ်ပလွင့်၌ နေတော်မူလျက် စောင်းသမား၊ ကခြေသမား၊ သီချင်းသည်တို့ဖြင့် ခြံရုံလျက် မင်း၏စည်းစိမ်ကို ခံစားလျက် "အကြင်သူသည် တစ်စုံတစ်ယောက်သောသူ၏အထံမှကြား၍ ကျိုမည်သော အရပ်၌ ငါ့အဆွေ သောဏက နေ၏ဟု ငါ့အား ကြားလာအံ့၊ ထိုသူ့အား ရွှေတစ်ရာပေးအံ့၊ အကြင်သူသည် ကိုယ်တိုင်မြင်၍ ငါ့အား ကြားလာအံ့၊ ထိုသူအား ရွှေတစ်ထောင်ပေးအံ့" ဟု တစ်ခုသော ဥဒါန်းဂါထာကို စီရင်၍ သီချင်း၏အစွမ်းဖြင့် ဥဒါန်းကျူးလိုရကား—

၁။ တဿ သုတ္ဝာ သတံ ဒမ္မိ၊ သဟဿံ ဒိဋ္ဌ သောဏကံ။
ကော မေ သောဏက မက္ခာတိ၊ သဟာယံ ပံသုကီဠိတံ—

ဟူသော ရှေးဦးစွာသောဂါထာကို ဆိုတော်မူ၏။

၁။ ဘောန္တော၊ အချင်းတို့။ ကော၊ အဘယ်သူသည်။ မေ၊ ငါ၏။ ပံသုကီဠိတံ၊ မြေမှုန့် ကစားဖက် ဖြစ်သော။ သဟာယံ သောဏကံ၊ ငါ့အဆွေသောဏကကို။ အက္ခာတိ၊ ကြားလာပါအံ့နည်း။ တဿ၊ ထို ငါ့အဆွေသောဏက၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ သုတ္ဝာ၊ ကြား၍။ အာရောစေန္တဿ၊ ငါ့အား ပြောလာသောသူအား။ သတံ၊ ရွှေတစ်ရာကို။ ဒမ္မိ၊ ငါပေးအံ့။ သောဏကံ၊ ငါ့အဆွေ သောဏကကို။ ဒိဋ္ဌ-ဒိဋ္ဌောတိ၊ မြင်၏ဟူ၍။ အာရောစေန္တဿ၊ ပြောလာသောသူအား။ သဟဿံ၊ ရွှေတစ်ထောင်ကို။ ဒမ္မိ၊ ငါပေးအံ့။

www.dhammadownload.com

ထိုအခါ အာရိန္ဒမမင်းကြီး၏ ခံတွင်းမှ နုတ်ယူဘိသကဲ့သို့ တစ်ယောက်သော မောင်းမငယ်သည် ထိုဥဒါန်းသီချင်းကို သိ၏။ ထို့နောင်မှ တစ်ပါးသော မောင်းမတို့သည် "ဤသီချင်းသည်ကား ငါတို့ အရှင်မင်းကြီး ချစ်မြတ်နိုးသော သီချင်းတည်း" ဟု အလုံးစုံသော မောင်းမတို့သည် သီကြကုန်၏။ အစဉ်သဖြင့် မြို့၌နေသော သူအပေါင်းတို့သည် လည်းကောင်း၊ ဇနပုဒ်၌နေသော သူအပေါင်းတို့သည်လည်းကောင်း ထိုသီချင်းကိုသာလျှင် သီကြကုန်၏။ အာရိန္ဒမမ့်င်းသည်လည်း အဖန်တလဲလဲ ထိုသီချင်းကိုသာလျှင် သီတော်မူ၏။

အရှင်သောဏက ကြွလာခြင်း

အနှစ်ငါးဆယ် လွန်သဖြင့်ကား ထိုအာရိန္ဒမမင်းကြီးအား မျှားစွာသော သားသမီးတို့သည် ရှိကုန်၏။ သားတော်အကြီးသည် ဒီဃာဝုမင်းသား မည်၏။ ထိုအခါ အရှင်သောဏက ပစ္စေကဗုဒ္ဓါသည် "အာရိန္ဒမမင်းကြီးသည် ငါ့ကို ဖူးမြင်လို၏။ ငါသည် ထိုအာရိန္ဒမမင်းကြီးထံသို့ သွား၍ ကာမတို့၌ အပြစ်ကိုလည်းကောင်း၊ တောထွက်ခြင်း၌ အကျိုးကို လည်းကောင်း ပြောဆို၍ ရဟန်းပြုအံ့သော အခြင်းအရာကို ငါပြုအံ့" ဟု ကြံတော်မူပြီးလျှင် တန်ခိုးဖြင့် ကောင်းကင်ခရီးသို့ ကြွလာတော်မူလတ်၍ ဥယျာဉ်တော်၌ နေတော်မူ၏။

ထင်းခွေသူငယ် ဆုရပြီ

ထိုအခါ တစ်ယောက်သော အသက်ခုနစ်နှစ်အရွယ် ရှိပြီးသော ပဏ္ဍုစဉ္ဇက အမည်ရှိသော သတို့သားသည် အမိသည် စေခိုင်းအပ်သဖြင့် သွား၍ ဥယျာဉ်တော် အနီးဖြစ်သော တော၌ ထင်းတို့ကို ခွေသည်ရှိသော် အဖန်တလဲလဲ ထိုသီချင်းကိုသာလျှင် သီ၏။ ထိုအခါ အရှင်သောဏက ပစ္စေကဗုဒ္ဓါသည် ပဏ္ဍုစဉ္ဇက သတို့သားကို ခေါ်တော်မူ၍ "သူငယ်....သင်သည် တစ်ပါးသောသီချင်းကို မသီမူ၍ တစ်ခုတည်းသော သီချင်းကိုသာ သီဘိ၏၊ တစ်ပါးသော သီချင်းကို မတတ်သလော" ဟု မေးတော်မူ၏။

"အရှင်ဘုရား.... တစ်ပါးသော သီချင်းကို မတတ်သည်မဟုတ် တတ်ပါ၏၊ ထိုသို့ တတ်သော်လည်း အကျွန်ုပ်တို့ အရှင်မင်းကြီးသည် ဤသီချင်းကိုသာလျှင် ချစ်မြတ်နိုးတော်မူ၏၊ ထို့ကြောင့် ထို သီချင်းကို အကျွန်ုပ်သည် အဖန်တလဲလဲ သီပါ၏" ဟု လျှောက်၏။ "သင်သည် ထို

www.dhammadownload.com

သီချင်း၏ အတုံ့ကိုသီသော တစ်စုံတစ်ယောက်သောသူကို မြင်ဖူး၏လော''ဟု မေးတော်မူ၏။ ''အရှင်ဘုရား....မမြင်ဘူးပါ''ဟု လျှောက်၏။ ''ငါသည် ထိုသီချင်း၏ အတုံ့ကိုသင်စေအံ့၊ သင်သည် အရိန္ဒမမင်းကြီး ထံသို့သွား၍ သီချင်းတုံ့ကို သီအံ့သောဌာ တတ်နိုင်အံ့လော''ဟု မေးတော်မူ၏။ ''အရှင်ဘုရား တတ်နိုင်ပါ၏''ဟု လျှောက်၏။ ထိုအခါ ပဉ္စစုဠင်္ဂက သတို့သားအား အရှင်သောဏက ပစ္စေကဗုဒ္ဓါသည် သီချင်းတုံ့ကို ကြားတော်မူလိုသည်ဖြစ်၍ ''မယုံ သုတ္ဝာ'' အစရှိသည်ကို မိန့်တော်မူ၏။ သီချင်းတုံ့ကို သင်ပြီး၍ကား ထို ပဉ္စစုဠင်္ဂကကို လွှတ်တော်မူလိုက်၏။ ''သူငယ်....သွားခဲ့၊ ဤ သီချင်းတုံ့ကို အရိန္ဒမမင်းကြီးနှင့်တကွ သီချေလော့၊အရိန္ဒမမင်းကြီးသည် သင့်အား မျှားစ့ာသော စည်းစိမ်ချမ်းသာကို ပေးလတ္တံ့၊ သင့်အား ထင်းတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ လျင်စ့ာသွားခဲ့ချေလော့''ဟု မိန့်တော်မူ၏။

ထို ပဉ္စစုဠင်္ဂက သတို့သားသည် ''ကောင်းပြီ''ဟု ထိုသီချင်းတုံ့ကို သင်ပြီးလျှင် ရှိခိုး၍ ''အရှင်ဘုရား....အကျွန်ုပ်သည် အကြင်မျှလောက် အရှင်မင်းကြီးကို ဆောင်ပါခဲ့ပြီးအံ့၊ ထိုမျှလောက် အရှင်ဘုရားတို့သည် ဤအရပ်၌ နေတော်မူပါကုန်လော့''ဟု ဆို၍ လျင်မြန်စ့ာ အမိထံသို့သွားပြီးလျှင် ''မိခင်....အကျွန်ုပ်ကို လျင်မြန်စ့ာ ရေချိုး၍ တန်ဆာဆင်လော့၊ ယနေ့ သင်မိခင်ကို ဆင်းရဲသောအဖြစ်မှ လွှတ်ခစအံ့''ဟု ဆို၍ ရေချိုး၍ တန်ဆာဆင်ပြီးသော် မင်းအိမ်တံခါးသို့ သွား၍ ''အရှင်တံခါးစောင့်....သူငယ်တစ်ယောက်သည် အရှင်မင်းကြီးနှင့်တကွ သီချင်းတုံ့ကို သီအံ့ဟု လာလတ်၍ တံခါးဦးရပ်၏ဟု မင်းအား တင်လျှောက်ပါခဲ့'' ဟု ဆို၏။ ထို တံခါးစောင့်သည် လျင်မြန်စ့ာသွား၍ မင်းကြီးအား တင်လျှောက်၏။ အရိန္ဒမမင်းကြီးသည် ''လာစေလော့''ဟု ခေါ်စေတော်မူပြီးလျှင် ''အမောင်....သင်သည် ငါနှင့်တကွ သီချင်းတုံ့ကို သီလတ္တံ့လော''ဟုမိန့်တော်မူ၏။ ''အရှင်မင်းကြီး....သီပါအံ့''ဟု တင်လျှောက်၏။ ''ထိုသို့ တပြီးကား သီလော့''ဟု မိန့်တော်မူလတ်သော် ''အရှင်မင်းကြီး.... ဤအရပ်၌ မသီပါအံ့၊ စင်စစ်သော်ကား မြို့တော်၌ စည်လည်ခစတော်မူ၍ လူမျှားကို စည်းဝေးစေပါကုန်လော့၊ လူမျှားအလယ်၌ သီပါအံ့'' ဟု တင်လျှောက်၏။ အရိန္ဒမမင်းကြီးသည် ထိုသူငယ်ဆိုတိုင်း ပြုစေပြီးလျှင် တန်ဆာဆင်သော မင်္ဂလာဘိသေကဆောင်ဖွယ် ပလ္လင်၌ နေတော်မူ၍ ထိုသူငယ်အား လျှောက်ပတ်သောနေရာကို ပေးစေပြီးလျှင် ''အခု....သင်၏ သီချင်း

www.dhammadownload.com

ကို သီလော့''ဟု မိန့်တော်မူ၏။ ''အရှင်မင်းကြီး....အရှင်မင်းကြီးတို့သည် ရှေးဦးစွာ သီတော်မူကုန်လော့၊ နောက်မှ အကျွန်ုပ်သည် သီချင်းတုံ့ကို သီပါအံ့''ဟု တင်လျှောက်၏။ ထို့နောက်မှ အရှိန္ဒမမင်းကြီးသည် ရှေးဦးစွာ သီတော်မူ၍ကား—

၁။ တဿ သုတ္တာ သတံ ဒမ္မိ၊ သဟဿံ ဒိဋ္ဌ သောဏကံ။
ကော မေ သောဏက မက္ခာတိ၊ သဟာယံ ပံသုကီဠိတံ—

ဟူသော ဤဂါထာကို ဆိုတော်မူ၏။

၁။ ဘော ကုမောရ၊အို....သတို့သား။ ကော၊ အဘယ်သူသည်။ မေ၊ ငါ၏။ ပံသုကီဠိတံ၊ မြေမှုန့်ကစားဖက် ဖြစ်သော။ သဟာယံ သောဏကံ၊ ငါ့အဆွေ သောဏကကို။ အက္ခာတိ၊ ကြားပါလတ္တံ့နည်း။ တဿ၊ ထို ငါ့အဆွေ သောဏက၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်ကို။ သုတ္တာ၊ ကြား၍။ အာရောစေန္တော သာ၊ ငါ့အား ပြောလာသော သူအား။ သတံ၊ ရှစ်ရာကို။ ဒမ္မိ၊ ငါပေးအံ့။ သောဏကံ၊ ငါ့အဆွေ သောဏကကို။ ဒိဋ္ဌ-ဒိဋ္ဌော တိ၊ မြင်၏ဟူ၍။ အာရောစေန္တော သာ၊ ငါ့အား ပြောလာသော သူအား။ သဟဿံ၊ ရှစ်ထောင်ကို။ ဒမ္မိ၊ ငါပေးအံ့။

ဤသို့ အရိန္ဒမမင်းကြီးသည် ရှေးဦးစွာ ဥဒါန်းဂါထာဖြင့် သီချင်းကိုသီပြီးသော် ပဉ္စစုဋ္ဌက သတို့သားသည် ထို သီချင်းတုံ့ကို သီဆို လိုရကား—

၂။ မယ္ဟံ သုတ္တာ သတံ ဒေဟိ၊ သဟဿံ ဒိဋ္ဌ သောဏကံ။
အဟံ တေ သောဏကက္ခိဿံ၊ သဟာယံ ပံသုကီဠိတံ—

ဟူသော ဤဂါထာကို ဆို၏။

၂။ မဟာရာဇ၊ မြတ်သောအရှင်မင်းကြီး။ အဟံ၊ အကျွန်ုပ်သည်။ တေ၊ [1]အရှင်မင်းကြီး၏။ ပံသုကီဠိတံ၊ မြေမှုန့် ကစားဖက်ဖြစ်သော။ သဟာယံ သောဏကံ၊ အဆွေ သောဏကကို။ အက္ခိဿံ၊ ကြားလျှောက်ပါအံ့။ မယ္ဟံ၊ အကျွန်ုပ်၏။ သန္တိကာ၊ အထံမှ။ သုတ္တာ၊ ကြား၍။ အာရောစေန္တိဿာ၊ ပြောသော အကျွန်ုပ်အား။ သတံ၊ ရှစ်ရာကို။ ဒေဟိ၊ ပေး

www.dhammadownload.com

တော်မူလော့။ သောဏကံ၊ အဆွေ သောဏကကို။ ဒိဋ္ဌ-ဒိဋ္ဌောတိ၊ မြင်၏ဟူ၍။ အာရောစေန္တိ သေ၊ ပြောသော အကျွန်ုပ်အား။ သဟသေံ၊ ရွှေတစ်ထောင်ကို။ ဒေဟိ၊ ပေးတော်မူလော့။

ဤသို့ ပဉ္စစူဠကသတ္တိသားသည် သီချင်းတုံ့ကို သီသောအဖြစ်ကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍ -

၃။ အထ ဗြဝိ မာဏဝကော၊ ဒဟရော ပဉ္စစူဠကော—
ဟူသော ဤဂါထာကို ဟောတော်မူ၏။

၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒဟရော၊ သူငယ်ဖြစ်သော။ ပဉ္စစူဠကော၊ ပဉ္စစူဠကသတ္တိသားသည် အမည်ရှိသော။ မာဏဝကော၊ လုလင်ငယ်သည်။ အထ ပစ္ဆာ၊ ထိုမင်းကြီး သီဆိုပြီးသော နောင်မှ။ အဗြဝိ၊ ဆိုလေ၏။

ထို့နောက်မှ အရိန္ဒမမင်းကြီးသည် ပဉ္စစူဠကသတ္တိသားကို မေးတော်မူလိုရကား—

၄။ ကတမသ္မိံ သော ဇနပဒေ၊ ရဋ္ဌေသု နိဂမေသု စ။
ကတ္ထံ တေ သောဏကော ဒိဋ္ဌော၊
တံ မေ အက္ခာဟိ ပုစ္ဆိတော—
ဟူသော ဤဂါထာကို ဆိုတော်မူ၏။

၄။ ဘော မာဏဝ၊ အို....လုလင်ငယ်။ သော သောဏကော၊ ထို ငါ့အဆွေ သောဏကကို။ တေ၊ သင်သည်။ ကတမသ္မိံ ဇနပဒေ စ၊ အဘယ်ဇနပုဒ်၌ လည်းကောင်း။ ကတမေသု ရဋ္ဌေသု စ၊ အဘယ်တိုင်းတို့၌လည်းကောင်း။ ကတမေသု နိဂမေသု စ၊ အဘယ်နိဂုံးတို့၌ လည်းကောင်း။ ကတ္ထ၊ အဘယ်အရပ်၌။ ဒိဋ္ဌော၊ မြင်ပါသနည်း။ တံ၊ ထို အကြောင်းကို။ ပုစ္ဆိတော၊ မေးအပ်သော အမောင်လုလင်ငယ်သည်။ မေ၊ ငါ့အား။ အက္ခာဟိ၊ တင်လျှောက်လော့။

ပဉ္စစူဠကသတ္တိသားသည် အရိန္ဒမ မင်းကြီးအား တင်လျှောက်လိုရကား—

www.dhammadownload.com

၅။ တဇေဝ ဒေဝ ဝိဇိတော၊ တဇေ ဝုယျာနဘူမိယံ။
ညဇု ဝံသာ မာဟာသာလာ၊ နိလောဘာသာ မနောရမာ။
၆။ တိဋ္ဌန္တိ မေဃသမာနာ၊ ရမ္မာ အညောညနိဿိတာ။
တေသံ မူလမိ သောဏကော၊ စျာယတိ အနုပါဒနော။
ညပါဒါနေသု လောဒကသု၊ ဒုယ္ဘမာနေသု နိဗ္ဗုတော—
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၅။ ဒေဝ၊ အရှင်မင်းမြတ်။ တဇေဝ၊ အရှင်မှင်းမြတ်၏လျှင်။ ဝိဇိတော၊ နိုင်ငံတော်၌။ တဇေဝ၊ အရှင်မင်းမြတ်၏သာလျှင်။ ဥယျာန ဘူမိယံ၊ ဥယျာဉ်တော်၌။ ညဇုဝံသာ၊ ဖြောင့်မတ်သော ပင်စည်လည်းရှိကုန် ထသော။ နိလောဘာသာ၊ စိမ်းညိုသော အဆင်းလည်း ရှိကုန်ထသော။ မနောရမာ၊ နှလုံးမွေ့လျော်ဖွယ်လည်း ရှိကုန်ထသော။

၆။ မေဃသမာနာ၊ တိမ်ညို အဆင်းနှင့်လည်း တူကုန်ထသော။ ရမ္မာ၊ မွေ့လျော်ဖွယ်လည်း ရှိကုန်ထသော။ အညောညနိဿိတာ၊ အခက် အရွက် အမြစ်တို့ဖြင့် အချင်းချင်း ရောပြွမ်းယှက်တင်၍လည်း တည်ကုန် ထသော။ မဟာသာလာ၊ သစ်ပင်ကြီးတို့သည်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ တေသံ၊ ထိုသစ်ပင်ကြီးတို့၏။ မူလမိ၊ အရင်း၌။ သောဏကော၊ အရှင် မင်းမြတ်၏ အဆွေတော်ဖြစ်သော သောဏကသည်။ ညပါဒါနေသု၊ ညပါ-ဒါန်တရားတို့၏ အာရုံဖြစ်ကုန်သော တဏှာ, ဒိဋ္ဌိတို့သည် စွဲလမ်းအပ်ကုန် သော။ လောကေသု၊ သတ္တဝါတို့တွင်။ အနုပါဒါနော၊ ညပါဒါန်တရား တို့၏ အာရုံဖြစ်သော တဏှာ, ဒိဋ္ဌိတို့သည် မစွဲလမ်းအပ်သည်ဖြစ်၍။ ဒုယ္ဘ-မာနေသု၊ ရာဂအစရှိသော တစ်ဆယ့်တစ်ပါးသော မီးတို့ဖြင့် လောင်ကုန် သော သတ္တဝါတို့၌။ နိဗ္ဗုတော၊ ရာဂအစရှိသော မီးတို့ကို ငြိမ်းစေသည် ဖြစ်၍။ စျာယတိ၊ နှစ်ပါးဖသော စျာန်တို့ဖြင့် နေ၏။

မင်းကြီး ဥယျာဉ်တော်ထွက်

အရိန္ဒမ မင်းသည် ထိုလုလင်ငယ် တင်လျှောက်သော စကားကိုကြား ရလျှင် "အရှင်သောဏက ပစ္စေကဗုဒ္ဓါကို ဖူးမြင်အံ့" ဟု အင်္ဂါလေးပါး ရှိသော စစ်သည်နှင် ဥယျာဉ်ဘော်သို့ ထွက်တော်မူ၍ အရှင်သောဏက ပစ္စေကဗုဒ္ဓါကို ဖူးမြင်တော်မူ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလို သော သဗ္ဗညု မြတ်စွာဘုရားသည်—

www.dhammadownload.com

၃။ တတော စ ရာဇာ ပါယာသိ၊ သေနာယ စတုရင်္ဂိယာ။
ကာရာပေတ္ဝာ သမ မင်္ဂ၊ အဂမာ ယေ သောဏကော။
၈။ ဥယျာနဘူမိံ ဂန္တွာန၊ ဝိစရန္တော ပြဟာဝနေ။
အာသီနံ သောဏကံ ဒက္ခိ၊ ဥယ္ယမာနေသု နိဗ္ဗုတံ—

ဟူသော ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

၇။ ဘိက္ခဝေ၊ ရဟန်းတို့။ တတော စ၊ ထိုနောင်မှလျှင်။ ရာဇာ၊ အရိန္ဒမမင်းကြီးသည်။ မင်္ဂံ၊ ခရီးကို။ သမံ၊ ညီညွတ်စွာ။ ကာရာပေတ္ဝာ၊ ပြုပြင်စေ၍။ စတုရင်္ဂိယာ၊ လေးပါးသောအင်္ဂါရှိသော။ သေနာယ၊ စစ်သည်ဖြင့်။ ပါယာသိ၊ သွားလေ၏။ ယေန၊ အကြင်အရပ်၌။ သောဏ-ကော၊ အရှင်သောဏက ပစ္စေကဗုဒ္ဓါသည်။ အတ္ထိ၊ ရှိ၏။ တံ ဌာနံ၊ ထို အရပ်သို့။ အဂမာ၊ သွားလေ၏။

၈။ ဥယျာနဘူမိံ၊ ဥယျာဉ်ဟော်သို့။ ဂန္တွာန၊ သွားပြီး၍၊ ဗြဟာဝနေ၊ ကျယ်သောဥယျာဉ်တော် တော၌။ ဝိစရန္တော၊ လှည့်လည် သည်ရှိသော်။ ဥယ္ယမာနေသု၊ ရာဂ အစရှိသော တစ်ဆယ့်တစ်ပါးသော မီးတို့ဖြင့် လောင်ကုန်သော သတ္တဝါတို့၌။ နိဗ္ဗုတံ၊ ရာဂ အစရှိသော တစ်ဆယ့်တစ်ပါးသောမီးတို့မှ ငြိမ်းပြီးထသော။ အာသီနံ၊ သီလကွန္ဓ အစ ရှိသော ကျေးဇူးအပေါင်းတို့ကိုလည်း ရှာမှီးပြီးထသော။ သောဏကံ၊ သောဏကမည်သော အရှင်ပစ္စေကဗုဒ္ဓါကို။ ဒက္ခိ၊ မြင်လေ၏။

အရှင် သောဏကကို တွေ့ရပြီ

ထိုအရိန္ဒမမင်းကြီးသည် အရှင်သောဏက ပစ္စေကဗုဒ္ဓါကို ရှိခိုးပြီး တင့်အပ် လျောက်ပတ်သောအရပ်၌ နေလျက် မိမိသည် ကိုလေသာ၌ အလွန် မွေ့လျော်သည်၏အဖြစ်ကြောင့် ထို အရှင်ပစ္စေကဗုဒ္ဓါကို "အထီးကျန်သော သူတည်း" ဟု ထင်မှတ်ရကား—

၉။ ကပဏော ဝတာယံ ဘိက္ခု၊ မုဒ္ဓာ သံဃာဋိပါရုတော။
အမာတိဒေကော အပိတိဒေကော၊ ရုက္ခမူလသ္မိ စျာယတိ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၉။ ဘောန္တော အမစ္စာ၊ အို.... အမတ်အပေါင်းတို့။ မုဏ္ဍော၊ ဦးပြည်းသော။ သံဃာဋိပါရုတော၊ ဒုကူဋ်ကိုရုံသော။ အယံဘိက္ခု၊ ဤရဟန်းသည်။ အမာတိကော၊ အမိမရှိသည်ဖြစ်၍။ အပိဘိကော၊ အဘမရှိသည်ဖြစ်၍။ ကပဏော ဝတ၊ အထီးကျန်စွတကား။ ရက္ခမူလသ္မိံ၊ သစ်ပင်ရင်း၌၊ စျာယတိ၊ သနားဖွယ် မိုင်တွေဘိ၏။

ထိုစကားကိုကြား၍ အရှင်ပစ္စေကဗုဒ္ဓါသည် မင်းအား စကား တုံ့ဆိုတော်မူ၏။ ထိုအကြောင်းကိုဦးထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်—

၁၀။ ဣဒံ ဝါက္ယံ နိသာမေတ္ဝာ၊ သောဏ်ကော ဇေဒဗြဝိ။
နာ ရာဇ ကပဏော ဟောတိ၊ ဓမ္မံ ကာယေန ဖဿယံ။
၁၁။ ယော စ ဓမ္မံ နိယံကတ္ဝာ၊ အဓမ္မ မနုဝတ္တတိ။
သ ရာဇ ကပဏော ဟောတိ၊ ပါပေါ ပါပပရာယဏော၊

ဟူသော ဤနှစ်ဂါထာတို့တို ဟောတော်မူ၏။

၁၀။ ဘိက္ခဝေ၊ ရဟန်းတို့။ သောဏကော၊ သောဏက အမည်ရှိသော ပစ္စေကဗုဒ္ဓါသည်။ ဣဒံ ဝါက်ကို၊ ဤမင်းကြီးစကားကို။ နိသာ-မေတ္ဝာ၊ မှတ်၍။ ဇေတံဝနံ၊ ဤသို့သောစကားကို။ အဗြဝိ၊ ဆိုလေ၏။ ရာဇ၊ မင်းမြတ်။ မေ-မယာ၊ ငါသည်။ ဓမ္မံ၊ ကိုးပါးသောလောကုတ္တရာတရားကို။ ကာယေန၊ နာမကာယဖြင့်။ ဖဿယံ-ဖဿယန္တော၊ သုံးသပ်သည်ဖြစ်၍။ ကပဏော၊ အထီးကျန်သောသူသည်။ န ဟောတိ၊ မဖြစ်။

၁၁။ ယော စ ရာဇာ၊ အကြင်မင်းသည်ကား၊ ဓမ္မံ၊ သုစရိုက်တရားသုံးပါးကို။ နိရံကတ္ဝာ၊ စွန့်၍။ အဓမ္မံ၊ ဒုစရိုက်သုံးပါးကို။ အနုဝတ္တတိ၊ ကျင့်၏။ သ-သော ရာဇာ၊ ထိုစရိုက်ကိုကျင့်သောမင်းသည်။ ကပဏော၊ အထီးကျန်သည်။ ဟောတိ၊ ဖြစ်၏။ ပါပေါ၊ ယုတ်မာစွာသော မင်းတည်း။ ပါပပရာယဏော၊ ယုတ်မာသောအရပ်သို့ လားရာအံ့သော မင်းတည်း။

ထိုသို့ ထိုအရှင်သောဏက ပစ္စေကဗုဒ္ဓါသည် ဘုရားလောင်း အရိန္ဒမမင်းကြီးကို ကဲ့ရဲ့တော်မူ၏။ ထိုအရိန္ဒမ မင်းကြီးသည် မိမိအား ကဲ့ရဲ့သော

www.dhammadownload.com

အဖြစ်ကို မသိသကဲ့သို့ဖြစ်၍ အမည်အမျိုးမျိုးကို ပြောဆို၍ ထို အရှင် သောဏက ပစ္စေကဗုဒ္ဓါနှင့်တကွ စကားပြောဟောခြင်းကို ပြုလိုရကား—

၁၂။ အရိန္ဒမောတိ မေ နာမံ၊ ကာသိရာဇာတိ မံ ဝိဒူ။
ကစ္စိ ဘောတော သုခဿယျာ၊
ဣဓ ဇတ္တာသ သောဏက—

ဟူသော ဤဂါထာကို ဆို၏။

၁၂။ သောဏက၊ အရှင် သောဏက။ မေ၊ အကျွန်ုပ်၏။ နာမံ၊ အမည်ကို။ အရိန္ဒမောတိ၊ အရိန္ဒမ ဟူ၍လည်းကောင်း။ ကာသိရာဇာတိ၊ ကာသိမင်းဟူ၍လည်းကောင်း။ မံ၊ အကျွန်ုပ်ကို။ ဝိဒူ၊ သိကြကုန်၏။ ကစ္စိ၊ အသို့နည်း။ ဣဓ၊ အကျွန်ုပ်တို့၏ ဥယျာဉ်တော်သို့။ ပတ္တာသ၊ ရောက်လာသော။ ဘောတော၊ အရှင်ဘုရားအား။ သုခဿယျာ၊ ချမ်းသာစွာ အိပ်ရပါ၏လော။

ရဟန်းတို့ကောင်းခြင်း ဂ-ခု

ထိုအခါ အရိန္ဒမ့မင်းကြီးကို အရှင်သောဏက ပစ္စေက ဗုဒ္ဓါသည် "မြတ်သောမင်းကြီး....စင်စစ်လျှင် ဤအရပ်၌လည်းကောင်း၊တစ်ပါးသော အရပ်၌လည်းကောင်း နေသော ငါ့အား မချမ်းသာသော မည်သည် မရှိ၊ ချမ်းသာသည်သာလျှင်တည်း" ဟု ဆိုတော်မူ၍ ထိုမင်းအား ရဟန်းတို့ အား ဂကောင်းခြင်းမည်သည်တို့ကို ထုတ်ဆောင်၍ ပြတော်မူလိုရကား—

၁၃။ သဒါပိ ဘဒ္ဒြ မဓနဿ၊ အနဂါရဿ ဘိက္ခုနော။
နတေသံ ကောဒ္ဓ ဩပေန္တိ၊ နာကုမ္ဘံ၊ နာကလောပိယံ။
ပရိနိဋ္ဌိတ မေသာနာ၊ တေန ယာပေန္တိ သုဗ္ဗတာ ။လ။
၁၃။ အဒ္ဓမမ္ပိ ဘဒ္ဒြ မဓနဿ၊ အနဂါရဿ ဘိက္ခုနော။
ယံ ယံဒိသံ ပက္ကမတိ၊ အနပေက္ခောဝ ဂစ္ဆတိ—

ဟူသော ဤရှစ်ဂါထာတို့ကို ဟောတော်မူ၏။

၁၃။ မဟာရာဇ၊ မင်းမြတ်။ အနဂါရဿ၊ အိမ်လည်း မရှိထသော။ အဓနဿ၊ ဥစ္စာစပါးလည်း မရှိထသော။ ဘိက္ခုနော၊ ရဟန်း

www.dhammadownload.com

အား။ သဒါ၊ အခါခပ်သိမ်း။ ဘဒြံ၊ ကောင်းသည် သာလျှင်တည်း။ မဟာရာဇ၊ မင်းမြတ်။ တေသံ၊ ထိုဥစ္စာစပါး မရှိကုန်သော ရဟန်းတို့ အား။ ကောဋ္ဌေ၊ ကျီကြဋ္ဌ။ ဓနဓညာနံ၊ ဥစ္စာစပါးတို့ကို။ နဿပေန္တိ၊ မထားကုန်။ ကုမ္ဘိံ၊ အိုးစရည်း၌။ နဿပေန္တိ၊ မထားကုန်။ကလောပိယံ၊ ခြင်းတောင်း၌။ နဿပေန္တိ၊ မထားကုန်။ သုဗ္ဗတာ၊ ပေါ့သော အာသက် မွေးခြင်း ရှိကုန်သော ရဟန်းကောင်းတို့သည်။ ပရနိဋ္ဌိတံ၊ သူတစ်ပါးအိမ်၌ ကျက်လေပြီးသောအစာကို။ ဧသနာ၊ ရှာကုန်၍။ ဇီဝန္တိ၊ မျှကုန်၏။

၁၄။ မဟာရာဇ၊ မင်းမြတ်။ ယေန ဘိက္ခုနာ၊ အကြင် ရဟန်း သည်။ အနဝဇ္ဇပိဏ္ဍော၊အပြစ်မရှိသောဆွမ်းကို။ ဘောတ္တဗ္ဗော၊ စားအပ်၏။ ဧတံ ဘိက္ခုံ၊ ထိုရဟန်းကို။ ကောစိ၊ တစ်စုံတစ်ခုသော ကိလေသာသည်။ နစဉပရောဓတိ၊ မနှိပ်စက်။ မဟာရာဇ၊ မင်းမြတ်။ အနဂါရဿ၊ အိမ်လည်း မရှိထသော။ အဓနဿ၊ ဥစ္စာစပါးလည်း မရှိထသော။ အဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘဒြံ၊ ကောင်းသည်သာလျှင်တည်း။

၁၅။ မဟာရာဇ၊ မင်းမြတ်။ ယေန ဘိက္ခုနာ၊ အကြင် ရဟန်း သည်။ နိဗ္ဗုတော၊ အေးပြီးသော။ ပိဏ္ဍော၊ ဆွမ်းကို။ ဘောတ္တဗ္ဗော၊ စားအပ်၏။ တံ ဘိက္ခုံ၊ ထိုရဟန်းကို။ ကောစိ၊ တစ်စုံတစ်ခုသော ကိလေသာသည်။ နစဉပရောဓတိ၊မနှိပ်စက်။မဟာရာဇ၊ မင်းမြတ်။ အနဂါရဿ၊ အိမ်လည်း မရှိထသော။ အဓနဿ၊ ဥစ္စာစပါးလည်း မရှိထသော။ အဿ ဘိက္ခုနော၊ ထိုရဟန်းအား။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဘဒြံ၊ ကောင်းသည်သာလျှင်တည်း။

၁၆။ မဟာရာဇ၊ မင်းမြတ်။ မုတ္တာဿ၊ ကိလေသာမှ လွတ်ပြီး ထသော။ ရဇ္ဇေ၊ ရွာ, နိဂုံး, တိုင်း, နိုင်ငံ စသည်တို့၌။ စရတော၊ သွား ထသော။ ယဿ ဘိက္ခုနော၊ အကြင်ရဟန်းအား။ သင်္ဂေါ၊ ရာဂ အစရှိ သော ငြိတွယ်ခြင်းသည်။နဝိဇ္ဇတိ၊ မရှိ။မဟာရာဇ၊မင်းမြတ်၊အနဂါရဿ၊ အိမ်လည်း မရှိထသော။ အဓနဿ၊ ဥစ္စာစပါးလည်း မရှိထသော။ အဿ ဘိက္ခုနော၊ ထိုရဟန်းအား။ စတုတ္ထမ္ပိ၊ လေးကြိမ်မြောက်လည်း။ ဘဒြံ၊ ကောင်းသည်သာလျှင်တည်း။

www.dhammadownload.com

၁၇။ မဟာရာဇ၊ မင်းမြတ်။ နဂရမှိ၊ မြို့ကို။ ဥယျမာနမှိ၊ မီးလောင်သည်ရှိသော်။ အဿ ဘိက္ခုနော၊ ထိုရဟန်း၏။ ကိုဋ္ဌိ၊ တစ်စုံတစ်ခုသော ပရိက္ခရာကို၊ အဒုယ္ဟထ၊ မီးမလောင်။ မဟာရာဇ၊ မင်းမြတ်။ အနဂါရဿ၊ အိမ်လည်းမရှိထသော။ အဓနဿ၊ ဥစ္စာစပါးလည်း မရှိထသော။ အဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ပဋ္ဌမမှိ၊ ငါးကြိမ်မြောက်လည်း၊ ဘဒ္ဒံ၊ ကောင်းသည်သာလျှင်တည်း။

၁၈။ မဟာရာဇ၊ မင်းမြတ်။ရဒ္ဓေ၊တိုင်းပြည်တို့ကို။ ဝိလုပ်မာနမှိ၊ ခိုးသူ လုယက်ဖျက်ဆီးသည် ရှိသော်။ အဿဘိက္ခုနော၊ ထိုပေါ့သော အသက်မွေးခြင်းရှိသော ရဟန်း၏။ ကိုဋ္ဌိ၊ တစ်စုံတစ်ခုသော ပရိက္ခရာကို။ နအာဟရထ၊ ခိုးသူ မလုယက်။ မဟာရာဇ၊ မင်းမြတ်။ အနဂါရဿ၊ အိမ်လည်း မရှိထသော။ အဓနဿ၊ ဥစ္စာစပါးလည်း မရှိထသော။ အဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဆဋ္ဌမှိ၊ ခြောက်ကြိမ်မြောက်လည်း။ ဘဒ္ဒံ၊ ကောင်းသည်သာလျှင်တည်း။

၁၉။ မဟာရာဇ၊ မင်းမြတ်။ စောရေဟိ၊ ခိုးသူတို့သည်။ ရက္ခိတံ၊ စောင့်အပ်သော။မဂ္ဂ၌၊ ခရီးကိုလည်းကောင်း။ အဇ္ဇ၊ ခိုးသူမှ တစ်ပါးကုန်သော။ ` ယေ စ ပရိပန္ထိကာ၊ အကြင် ကင်းစောင့်တို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တေဘိ စ၊ ထို ကင်း စောင့်တို့ သည်လည်း။ ရက္ခိတံ၊ စောင့်အပ်သော။ မဂ္ဂ၌၊ ခရီးကို လည်းကောင်း။ သုဗ္ဗတော၊ ပေါ့သော အသက်မွေးခြင်းရှိသော ရဟန်းသည်။ ပတ္တစီဝရံ၊ သပိတ် သင်္ကန်းကို။ အာဒါယ၊ ယူ၍။ သောတ္ထိ ံ၊ ချမ်းသာစွာ။ ဂစ္ဆတိ၊ သွားရ၏။ မဟာရာဇ၊ မင်းမြတ်။ အနဂါရဿ၊ အိမ်လည်း မရှိထသော။ အဓနဿ၊ ဥစ္စာ စပါးလည်း မရှိထသော။ အဿ ဘိက္ခုနော၊ ထိုရဟန်းအား။ သတ္တမမှိ၊ ခုနစ်ကြိမ်မြောက်လည်း။ ဘဒ္ဒံ၊ ကောင်းသည်သာလျှင်တည်း။

၂၀။ မဟာရာဇ၊ မင်းမြတ်။ သုဗ္ဗတော၊ ပေါ့သော အသက်မွေးခြင်းရှိသော ရဟန်းကောင်းသည်။ ယံ ယံ ဒိသံ၊ အကြင် အကြင် အရပ်မျက်နှာသို့။ ပက္ကမတိ၊ သွားလို၏။ တံ တံ ဒိသံ၊ ထိုထို အရပ်မျက်နှာသို့။ အနုပေက္ခော၀၊ ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍လျှင်။ ဂစ္ဆတိ၊ သွားရ၏။

www.dhammadownload.com

မဟာရာဇ၊ မင်းမြတ်။ အနဂါရဿ၊ အိမ်လည်း မရှိထသော။ အဓနဿ၊ ဥစ္စာစပါးလည်း မရှိထသော။ အဿ ဘိက္ခုနော၊ ထိုရဟန်းအား။ အဋ္ဌမမ်ိဳ၊ ရှစ်ကြိမ်မြောက်လည်း။ ဘဒ္ဒံ၊ ကောင်းသည်သာလျှင်တည်း။

မင်းကြီး ရဟန်းမပြုလို

ဤသို့လျှင် အရှင်သောဏက ပစ္စေကဗုဒ္ဓါသည် ရှစ်ပါးကုန်သော ရဟန်းတို့၏ ကောင်းခြင်းတို့ကို ဟောတော်မူ၏။ ထို ရှစ်ပါးထက် အလွန်ကား အရာ လည်းကောင်း အထောင် လည်းကောင်း မရေတွက်နိုင်သော ရဟန်းတို့၏ ကောင်းခြင်းတို့ကို ဤ အရှင်သောဏက ပစ္စေကဗုဒ္ဓါသည် ဟောခြင်းငှာ စွမ်းနိုင်တော်မူသည်သာတည်း။ ထိုသို့ စွမ်းနိုင်ဘော်မူသော်လည်း အရိန္ဒမ မင်းကြီးသည် ကာမဂုဏ်၌ အလွန် မွေ့လျော်သည်၏ အဖြစ်ကြောင့် ထို အရှင်ပစ္စေကဗုဒ္ဓါ စကားကို ဖြတ်၍ "အကျွန်ုပ်အား ရဟန်းတို့၏ ကောင်းခြင်းတို့ဖြင့် အလိုမရှိ" ဟု မိမိ၏ ကာမဂုဏ်၌ အလို ရှိသော အဖြစ်ကို အရှင်ပစ္စေကဗုဒ္ဓါအား ပြလိုရကား—

၂၁။ ဗဟူနိ သမဏာ ဘဒ္ဒြာနိ၊
ယော တုံ ဘိက္ခု ပသံသသိ။
အဟဉ္စ ဂိဒ္ဓေါ ကာမေသု၊
ကထံ ကာဟာမိ သောဏက။
၂၂။ ပိယာ မေ မာနုသာ ကာမာ၊
အထော ဒိဗ္ဗာပိ ခေ ပိယာ။
အထ ကေန နံ ဝဏ္ဏေန၊
ဥဘော လောကေ လဘာမသေ—

ဟူသော ဤ နှစ်ဂါထာတို့ကို ဆို၏။

၂၁။ သောဏက၊ သောဏက အမည်ရှိသော်ဝ။ ဘိက္ခု၊ ရဟန်း။ ယော တုံ၊ အကြင်သင်သည်။ ဗဟူနိ၊ များစွာကုန်သော။ သမဏဘဒ္ဒြာနိ၊ ရဟန်းတို့အား ကောင်းခြင်းတို့ကို။ ပသံသသိ၊ ချီးမွမ်း၏။ အဟဉ္စ၊ အကျွန်ုပ်သည်ကား။ ကာမေသု၊ ကာမဂုဏ်တို့၌။ ဂိဒ္ဓေါ၊ အလွန်တပ်မက်မောစွာ၏။ ကထံ၊ အဘယ်သို့သော အကြောင်းဖြင့်။ ကာဟာမိ၊ စွန့်နိုင်ပါအံ့နည်း။

www.dhammadownload.com

၂၂။ မေ၊ အက္ခန်ုပ်အား။ မာနုသာ၊ လူဌ် ဖြစ်ကုန်သော။ ကာမာ၊ ကာမဂုဏ်တို့ကို။ ပိယာ၊ ချစ်အပ်ကုန်၏။ အထော၊ ထိုမှ တစ်ပါး။ မေ၊ အက္ခန်ုပ်အား။ ဒိဗ္ဗာ၊ နတ်ဌ် ဖြစ်ကုန်သော။ ကာမာပိ၊ ကာမဂုဏ်တို့ကိုလည်း။ ပိယာ၊ ချစ်အပ်ကုန်၏။ အထ၊ ထိုသို့လျက်။ ကေန ဝဏ္ဏေန၊ အဘယ်သို့သော အကြောင်းဖြင့်။ ဥဘော လောကေ၊ နှစ်ပါးသော လောကတို့ကို။ လဘာမသေ၊ ရပါအံ့နည်း။

တရားဟောတော်မူခြင်း

ထိုအခါ အရှင်သောဏက ပစ္စေကဗုဒ္ဓါသည် ထို အရိန္ဒမ မင်းကြီး အား တရားဟောတော်မူလိုရကား—

၂၃။ ကာမေ၊ ဂိဒ္ဓါ ကာမရတာ၊
ကာမေသု အဓိမုစ္ဆိတာ။
နရာ ပါပါနိ ကတ္ဝာန၊
ဥပပဇ္ဇန္တိ ဒုဂ္ဂတိ ။လ။
၃၄။ သော တေ ဥပမာ ရာဇ၊
အတ္ထသန္ဒဿနံ ကတာ။
တဉ္စ ပညာယသေ တေန၊
ယဒိ ကာဟသိ ဝါ နဝါ—

ဟူသော ဤ တစ်ဆယ့်နှစ်ဂါထာတို့ကို မိန့်တော်မူ၏။

၂၃။ မဟာရာဇ၊ မင်းမြတ်။ ယေ နရာ၊ အကြင်သူတို့သည်။ ကာမေ၊ ကာမ ဂုဏ်ငါးပါးဌ် ဂိဒ္ဓါ၊ တပ်မက်မောကုန်၏။ ကာမရတာ၊ ကာမဂုဏ်ဌ် မွေ့လျော်ကုန်၏။ ကာမေသု၊ ကာမဂုဏ် ငါးပါးတို့ဌ်။ အဓိမုစ္ဆိတာ၊ လွန်စွာ တွေဝေကုန်၏။ တေ နရာ၊ ထိုသူတို့သည်။ ပါပါနိ၊ မကောင်းမှုတို့ကို။ ကတ္ဝာန၊ ပြု၍။ ဒုဂ္ဂတိ၊ မကောင်းမှုကို ပြုသောသူတို့၏ လားရာဖြစ်သော ငရဲသို့။ ဥပပဇ္ဇန္တိ၊ ဖြစ်လေကုန်၏။

၂၄။ မဟာရာဇ၊ မင်းမြတ်။ ယေ စ နရာ၊ အကြင်သူတို့သည်ကား။ ကာမေ၊ ငါးပါးသော ကာမဂုဏ်တို့ကို။ ပဟာန်ဝါန၊ တံတွေးပေါက်ကဲ့သို့ စွန့်၍။ နိက္ခန္တာ၊ တောထွက်ကုန်၏။ တေ နရာ၊ ထိုသူတို့သည်။ အကုတော

www.dhammadownload.com

ဘယာ၊ ဘေးမှ ကင်းကုန်၏။ ဧကောဒိဘာဝံ၊ တစ်ယောက် အထီးတည်း နေခြင်းသို့။ အဓိဂတာ၊ ရောက်ကုန်၏။ ဒုဂ္ဂတိံ၊ မကောင်းမှုကို ပြုသော သူတို့၏ လားရာဖြစ်သော ငရဲသို့။ နံ ဂစ္ဆန္တိ၊ မလားရကုန်။

၂၅။ အရိန္ဒမ၊ မင်းမြတ် အရိန္ဒမ။ တေ၊ သင် မင်းမြတ်အား။ ဥပမံ၊ ဥပမာကို။ ကရိဿာမိ၊ ပြုအံ့။ တံ၊ ထို ဥပမာကို။ သုဏောဟိ၊ နာတော်မူလော့။ မဟာရာဇ၊ မင်းမြတ်။ ဣမ လောကေ၊ ဤလောက၌။ ဧကစ္စေ၊ အချို့ကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဥပမာယပိ၊ ဥပမာဖြင့်လည်း။ အတ္ထံ၊အနက်ကို။ ဇာနန္တိ၊ သိကုန်၏။

ဆင်သေကောင်နှင့် ကျီးကန်း

၂၆။ မဟာရာဇ၊ မင်းမြတ်။ အပ္ပပညော၊ နည်းသော ပညာရှိသော။ အစေတသော၊ ပညာနှင့်ယှဉ်သော စိတ်မရှိသော။ ဝါယသော၊ ကျီးတစ်ခုသည်။ မဟာဏ္ဍဝေ၊ နက်ကျယ်သော ရေရှိသော။ ဂင်္ဂါယံ၊ ဂင်္ဂါ၌။ ဝုယ္ဟမာနံ၊ မျောသော။ ကုဏပံ၊ ဆင်ကောင်ပုပ်ကို။ ဒိသွာ၊ မြင်၍။ သမေစိန္တေသိ၊ မိမိအစွမ်းဖြင့်ကြံ၏။

၂၇။ မယာ၊ ငါသည်။ ဣဒံ ယာနဉ္စ၊ ဤယာဉ်ကိုလည်း။ လဒ္ဓံ ဝတ၊ ရပေစ့တကား။ အယံ ဘက္ခော စ၊ ဤအစာသည်လည်း။ အနပ္ပကော၊ များပေစ့တကား။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံ၏။ ဝေဝိန္တေတွာ၊ ဤသို့ကြံပြီး၍။ တတ္ထ၊ ထိုဆင်ကောင်ပုပ်၌။ ရတ္တိံ၊ ညဉ့်၌လည်းကောင်း။ တတ္ထ၊ ထိုဆင်သေကောင်ပုပ်၌။ ဒိဝါ၊ နေ့၌ လည်းကောင်း။ တတ္ထဝ၊ ထို ဆင်သေကောင်ပုပ်၌ သာလျှင်။ မနော၊ စိတ်၏။ နိရတော၊ အမြဲ မွေ့လျော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

၂၈။ မဟာရာဇ၊ မင်းမြတ်။ ဝိဟင်္ဂမော၊ ကျီးသည်။ နာဂဿ၊ ဆင်၏။ မံသာနိ၊ အသားတို့ကို။ ခါဒံ-ခါဒန္တော၊ စားလျက်။ ဂင်္ဂါဘာဂိရထောဒကံ၊ ဂင်္ဂါရေကို။ ပိဝံ-ပိဝန္တော၊ သောက်လျက်။ တောနိ စ၊ ဤသို့ ဆိုပြီးသည်တို့ကိုလည်း။ သမ္ပဿံ၊ ကောင်းစွာ မြင်နိုင်သည်ဖြစ်၍။ ဝနံ၊ မိမိနေရာတောသို့။ နပလေတ္ထ၊ မပြန်ပြီ။

www.dhammadownload.com

၂၉။ မဟာရာဇ၊ မင်းမြတ်။ တဋ္ဌ၊ ထိုဆင်သေကောင်သည်လည်း။ ဂင်္ဂါ၊ ဂင်္ဂါမြစ်မှ။ သြတရဏီ၊ သမုဒ္ဒရာသို့ သက်လေသည် ရှိသော်။ ပမတ္တံ၊ မေ့လျော့သော။ ကုဏပေ၊ ဆင်သေကောင်ပုပ်၌။ ရတံ၊ မွှေ့လျော်သော ကျီးသည်။ ယတ္ထ၊ အကြင်သမုဒ္ဒရာ၌။ ပက္ခိနံ၊ ငှက်တို့၏။ အဂတိ-ပတိဋ္ဌာနရဟိတံ၊ တည်ရာမရှိသော။ တံ သမုဒ္ဒံ၊ ထိုသမုဒ္ဒရာသို့။ အဇ္ဈဂါဟာသိ၊ ဝင်လေ၏။

၃၀။ မဟာရာဇ၊ မင်းမြတ်။ သော စ ဝိဟင်္ဂမော၊ ထိုကျီးသည်။ ဘက္ခပရိက္ခီဏော၊ အစာကုန်ပြီးသော်။ ဥဒပတ္တာ၊ ရေအပေါ်၌ ပျံ၍။ ပစ္ဆဘော၊ အနောက်အရပ်မှ။ ပတိဋ္ဌံ၊ တည်ရာကို။ နလဘတိ၊ မရ။ ပုရတော၊ အရှေ့အရပ်မှ။ ပတိဋ္ဌံ၊ တည်ရာကို။ နလဘတိ၊ မရ။ ဥတ္တရံ၊ မြောက်အရပ်မှ။ ပတိဋ္ဌံ၊ တည်ရာကို။ နလဘတိ၊ မရ။ ဒက္ခိဏံ၊ တောင်အရပ်မှ။ ပတိဋ္ဌံ၊ တည်ရာကို။ နောပိ လဘတိ၊ မရ။

၃၁။ မဟာရာဇ၊ မင်းမြတ်။ သော ဝိဟင်္ဂမော၊ ထိုကျီးသည်။ ယတ္ထ၊ အကြင် သမုဒ္ဒရာအပြင်၌။ ပက္ခိနံ၊ ငှက်တို့အား။ အဂတိ၊ တည်ရာမရှိ။ တတ္ထ၊ ထို တည်ရာမရှိသော သမုဒ္ဒရာအပြင်၌။ အဂစ္ဆိ၊ ပျံသွား၏။ ဒီသံ၊ တည်ရာအရပ်ကိုကား။ နာဇ္ဈဂါ၊ မရနိုင်။ မဟာရာဇ၊ မင်းမြတ်။ သော စ ဝိဟင်္ဂမော၊ ထိုကျီးသည်။ ယထာ၊ အကြင် အခြင်းဖြင့် ပျံသွားဖန် များသည်ရှိသော်။ ဒုဗ္ဗလကော၊ အားနည်း၏။ တထာ၊ ထိုအခြင်းဖြင့် ပျံသွားသည်ရှိသော်။ တတ္ထေဝ၊ ထိုသမုဒ္ဒရာ အပြင်၌ပင်လျှင်။ ပပတ္ထ-ပပတိတော၊ ကျလေ၏။

၃၂။ မဟာရာဇ၊ မင်းမြတ်။ ဝိပက္ခကံ၊ အတောင်လည်း ပျက်စီးထသော။ ဖန္ဒမာနံ၊ တုန်လှုပ်ထသော။ တဋ္ဌ၊ ထိုကျီးကိုလည်း။ သာမုဒ္ဒိကာ၊ သမုဒ္ဒရာ၌ ဖြစ်ကုန်သော။ မစ္ဆာ စ။ ငါးတို့သည် လည်းကောင်း။ ကုမ္ဘီလာ စ၊ လင်းပိုင်တို့သည် လည်းကောင်း။ မကရာ စ၊ မကရ်းတို့သည် လည်းကောင်း။ သုသူ စ၊ မိကျောင်းတို့သည် လည်းကောင်း။ ပသယှ-ကာရာ၊ နှိပ်စက်ခြင်းကို ပြုကုန်လျက်။ ခါဒိံသု၊ စားကြကုန်၏။

၃၃။ ရာဇ၊ မင်းမြတ်။ ဧဝမေဝ၊ ဤအတူလျှင်။ တုဝံ စ၊ သင် မင်းမြတ်သည် လည်းကောင်း။ အဒေါ၊ သင်မင်းကြီးမှ တစ်ပါးကုန်

www.dhammadownload.com

သော။ ကာမဘောဂိနော၊ ကာမဂုဏ်ချမ်းသာကို ခံစားကြကုန်သော။ ဝိဒ္ဓါ၊ ကာမဂုဏ်၌ တပ်မက်မောကုန်သော။ ယေ ပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ် တို့သည် လည်းကောင်း။ စေ နဝမိဿန္တိ၊ အကယ်၍ မစွန့်ကုန်အုံ့။ တေ ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့ကို။ ကာကပညာယ၊ ကျီးပညာနှင့်တူသော ပညာ ရှိသသူဟူ၍။ တေ၊ ထို ဘုရားအစရှိသော ပညာရှိ သူတော်ကောင်းတို့ သည်။ ဝိဒူ၊ သိကုန်၏။

၃၄။ ရာဇ၊ မင်းမြတ်။ တေ၊ သင်မင်းမြတ်အား။ အတ္ထသန္ဒဿနီ၊ အကျိုးကို ကောင်းစွာပြတတ်သော။ သော ဥပမာ၊ ဤဥပမာကို။ ကတာ၊ ပြုအပ်ပြီ။ တုဥ္ဆ၊ သင်မင်းမြတ်သည်လည်း။ တေန၊ ထိုအကြောင်းဖြင့်။ ပညာယသော၊ ထင်လတ္တံ့။ ယဒိ၊ အကယ်၍။ ကဃဟသိ ဝါ၊ လိုက်နာလို လည်း လိုက်နာတော်မူလေ၃။ နဝါ ကာဟသိ၊ မလိုက်နာ လိုလျှင်လည်း နေတော်ပူလေ၃။

နန္ဒမူလိုဏ်သို့ ကြွပြီ

ဤသို့လျှင် ထိုအရိန္ဒမ မင်းကြီးအား အရှင်သောဏက ပစ္စေက ဗုဒ္ဓါ သည် ဤဥပမာဖြင့် အဆုံးအမကိုပေးတော်မူပြီး၍ ယခုအခါ ထိုအဆုံးအမကို ပင်လျှင် မြဲစွာ ပြု၍ တည်စိမ့်သော အဆုံးအမကို ပေးပြန်တော် မူလို ရကား—

၃၅။ ကေဝါစမ္ပိ ဒ္ဝိဝါစံ၊ ဘဏေယျ အနုကမ္မကော။
တတုတ္တရိ ံ နု ဘာသေယျ၊ ဒါသော ဝယျသ သန္တိကေ—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၃၅။ မဟာရာဇ၊ မင်းမြတ်။ အနုကမ္မကော၊ အစဉ်သနားခြင်း ရှိသောသူသည်။ ဧကော ဝါစံ၊ တစ်ခွန်းသောစကားကို လည်းကောင်း။ ဒ္ဝိပိ ဝါစံ၊ နှစ်ခွန်းသောစကားကို လည်းကောင်း။ ဘဏေယျ၊ ဆိုဆုံးမ ရာ၏။ တတုတ္တရိ ံ၊ ထိုတစ်ခွန်း, နှစ်ခွန်းထက်အလွန်။ နု ဘာသေယျ၊ မဆိုမဆုံးမရာ။ အယျသ၊ အရှင်၏။ သန္တိကေ၊ အထံ၌။ ဒါသော ဣဝ၊ ကျွန်ကဲ့သို့။ ဟောတိ၊ ဖြစ်၏။

www.dhammadownload.com

ဤသို့ ဟောပြော ဆုံးမပြီးလျှင် အရှင်သောဏက ပစ္စေကဗုဒ္ဓါသည် ကောင်းကင်သို့ ပျံတက်၍ နန္ဒမူလိုဏ်သို့သာလျှင် ကြွတော်မူလေ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍—

၃၆။ ဣဒံ ဝတ္ဝာန ပက္ကာမိ၊ သောဏကော အမိတဗုဒ္ဓိမာ။
ဝေဟာသေ အန္တလိက္ခသ္မိံ၊ အနုသာသိတ္ဝာန ခတ္ထိယံ—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၃၆။ ဘိက္ခဝေ၊ ရဟန်းတို့။ အမိတဗုဒ္ဓိမာ၊ မနှိုင်းရဉ္ဉ်အပ်သော လောကုတ္တရာ ပညာရှိသော။ သောဏကော၊ သောဏက ပစ္စေကဗုဒ္ဓါသည်။ ဣဒံ၊ ဤသို့သော စကားကို။ ဝတ္ဝာန၊ မိန့်တော်မူပြီး၍။ ခတ္ထိယံ၊ ရေမြေကို အစိုးရသော ဗာဂိန္ဒမမင်းကြီးကို။ အနုသာသိတ္ဝာန၊ ဆုံးမတော်မူပြီး၍။ ဝေဟာသေ၊ ဝေဟာသဟု ဆိုအပ်သော။ အန္တလိက္ခသ္မိံ၊ ကောင်းကင်၌။ ပက္ကာမိ၊ ပျံကြွလေ၏။

သားတော်ကို နန်းအပ်ပုံ

ဘုရားလောင်း အဂိန္ဒမမင်းသည်လည်း ကောင်းကင်ခရီးဖြင့် ကြွသွားတော်မူသော ထို အရှင်သောဏက ပစ္စေကဗုဒ္ဓါကို မျက်စိမြင်ကောင်းသော ခရီးတိုင်အောင်ရပ်၍ ကြည့်မျှော်လျက် ထိုအရှင်သောဏက ပစ္စေကဗုဒ္ဓါသည် မျက်စိမြင်ကောင်းသော ခရီးကို လွန်သည်ရှိသော် ထိတ်လန့်ခြင်းကို ရ၍ ကြံ၏။ "ဤ ပုဏ္ဏားသည် ယုတ်သောဇာတ် ရှိသည်ဖြစ်လျက် အသမ္ဘိန္နဒတ်ယ အမျိုးဥစ္စာဖြစ်သော ငါ၏ဦးခေါင်းထက်၌ မိမိ၏ ခြေမှုန့် မြူတို့ကို ကြဲချလျက် ကောင်းကင်သို့ ပျံတက်ကြွသွားတော်မူ၏၊ ငါသည်လည်း ယနေ့ပင်လျှင် တောထွက်၍ ရဟန်းပြုခြင်းငှာ သင့်၏" ဟု ကြံ၏။ ကြံပြီး၍ ထို အဂိန္ဒမမင်းကြီးသည် တိုင်းပြည်ကို အပ်နှင်း၍ ရဟန်းပြုတော်မူလိုရကား—

၃၇။ ကော နု မေ ရာဇကတ္တာရော၊ သူဒါ ဝေယျတ္တမာဂတာ။
ရဇ္ဇံ နိယျာဒယိဿာမိ၊ နာဟံ ရဇ္ဇေန မတ္ထိကော။
၃၈။ အဇ္ဇေဝ ပဗ္ဗဇိဿာမိ၊ ကော ဇညာ မရဏံ သုဝေ။
နာဟံ ကာကေဝ ဒုမ္မေဓေ၊ ကာမာနံ ဝသမန္ဝဂံ—

ဟူသော ဤဂါထာနှစ်ခု၏ အပေါင်းကို ဆိုတော်မူ၏။

www.dhammadownload.com

၃၇။ ဘောန္တော အမစ္စာ၊ အို....အမတ်အပေါင်းတို့။ သူဒါစ၊ စဖိုသည်တို့သည် လည်းကောင်း။ ဝေယျတ္တမာဂတာ၊ ထင်ရှားသောအဖြစ်သို့ ရောက်ကုန်သော နှုတ်မဂ်လာရှိသော သူတို့သည်လည်းကောင်း။ ယော၊ အကြင်သူတို့သည်။ ရာဇကတ္တာရော၊ မင်း၏အာဏာကို ပြုခြင်းငှာ စွမ်းနိုင်ကုန်၏။ ဣဓမေ၊ ဤသူတို့သည်။ ကော နု၊ အဘယ်မှာနည်း။ ရဇ္ဇံ၊ တိုင်းပြည်ကို။ နိယျာဒယိဿာမိ၊ အပ်နှင်းပါအံ့။ အဟံ၊ ငါသည်။ ရဇ္ဇေန၊ မင်းအဖြစ်ဖြင့်။ နု အတ္ထိကော၊ အလိုမရှိ။

၃၈။ ဘောန္တောအဲမစ္စာ၊ အို....အမတ်အပေါင်းတို့။ အဇ္ဇဝ၊ ယခုပင်လျှင်။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။ သုဒ၊ နက်ဖြန်။ မရဏံ၊ သေရအံ့သည်ကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ သိနိုင်ရာအံ့နည်း။ အဟံ၊ ငါသည်။ ဒုမ္မေဓာ၊ ပညာမရှိသော။ ကာကော၁၊ ဆင်သေကောင်ပုပ်၌ တပ်စွန်းသဖြင့် မွေ့လျော်ပျော်ပါးသော ကျီးကဲ့သို့။ ကာမာနံ၊ ကာမဂုဏ်တို့၏။ ဝသီ၊ အလိုသို့။ နု အန္ဒကံ၊ မလိုက်ပြီ။

ဤသို့ တိုင်းပြည်ကိုအပ်နှင်းသော အရိန္ဒမမင်းကြီးစကားကို ကြားကုန်၍ မူးတော် မတ်တော်တို့သည် အရှင်မင်းမြတ်အား အကြောင်းကို တင်လျှောက်လိုကုန်ရကား—

၃၉။ အတ္ထိ တေ ဒဟရော ပုတ္တော၊ ဒီဃာဝု ရဋ္ဌဝဍ္ဎနော။
တံ ရဇ္ဇေ အဘိသိဉ္စသ္သု၊ သော နော ရာဇာ ဘဝိဿတိ—

ဟူသော ဤဂါထာကို ဆို၏။

၃၉။ မဟာရာဇ၊ မင်းမြတ်။ တေ၊ အရှင်မင်းမြတ်၏။ ပုတ္တော၊ သားတော်ဖြစ်သော။ ဒဟရော၊ ငယ်နုစ်ဘာသော။ ရဋ္ဌဝဍ္ဎနော၊ ပြည်သူတို့၏ နှလုံးကို ပွားစေတတ်သော။ ဒီဃာဝု၊ ဒီဃာဝုအမည်ရှိသော သတို့သား သည်။ အတ္ထိ၊ ရှိပါ၏။ တံ၊ ထို သားတော် ဒီဃာဝုကို။ ရဇ္ဇေ၊ မင်းအဖြစ်၌။ အဘိသိဉ္စသ္သု၊ အဘိသိက် သွန်းတော်မူပါလော့။ သော၊ ထို ဒီဃာဝု မင်းသားသည်။ နော၊ အကျွန်ုပ်တို့၏။ ရာဇာ၊ အရှင်မင်းမြတ် သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ထိုသို့ တင်လျှောက်သောအခါ အရိန္ဒမ မင်းကြီးသည် သားတော်ကို ခေါ်စေတော်မူလိုရကား-

www.dhammadownload.com

၄၀။ ခီပ်ံ ကုမာရံ အာနေထ၊
ဒီဃာဝုံ ရဋ္ဌဝဟုနံ။
တံ ရဇ္ဇေ အာဘိသိဉ္စိဿံ၊
သော ဝေါ ရာဇာ ဘဝိဿတိ-
ဟူသော ဤဂါထာကိုဆို၏။

၄၀။ ဘောန္တော၊ အိုအမတ်များတို့။ ရဋ္ဌဝဟုနံ၊ ပြည်သူအပေါင်းတို့၏ နှလုံးကို ပွားစေတတ်သော။ ဒီဃာဝုံ၊ ဒီဃာဝု အမည်ရှိသော။ ကုမာရံ၊ မင်းသားကို။ ခီပ်ံ၊ လျင်စွာ။ အာနေထ၊ ဆောင်ခဲ့ကြကုန်လော့။ တံ၊ ထို ဒီဃာဝု မင်းသားကို။ ရဇ္ဇေ၊ မင်းအဖြစ်၌။ အာဘိသိဉ္စိဿံ၊ အာဘိသိက်သွန်းအံ့။ သော၊ ထို ဒီဃာဝု မင်းသားသည်။ ဝေါ၊ သင်တို့၏။ ရာဇာ၊ မင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ထို့နောင်မှ သားတော်ကို ဆောင်ယူခဲ့သော အကြောင်းကို ပြလိုရကား-

၄၁။ တတော ကုမာရ အာနေသု၊
ဒီဃာဝုံ ရဋ္ဌာဝဟုနံ။
တံ ဒိသွာ အာလပိ ရာဇာ၊
ဧကပုတ္တံ မနောရမံ—
ဟူသော ဤဂါထာကို ဆို၏။

၄၁။ တတော၊ ထို့နောင်မှ။ ရဋ္ဌဝဟုနံ၊ ပြည်သူအပေါင်းတို့၏ နှလုံးကို ပွားစေတတ်သော။ ဒီဃာဝုံ၊ ဒီဃာဝု အမည်ရှိသော။ ကုမာရံ၊ မင်းသားကို။ အာနေသုံ၊ ဆောင်ခဲ့ကုန်ရာ၏။ ရာဇာ၊ ခမည်းတော် အရှိန္ဒမ မင်းကြီးသည်။ မနောရမံ၊ နှစ်လိုဖွယ်ရှိသော။ တံ ဧကပုတ္တံ၊ ထို တစ်ယောက်တည်းသော သားတော်ကို။ ဒိသွာ၊ ၍။ အာလပိ၊ ခေါ်တော်မူ၏။

ခမည်းတော် အရှိန္ဒမ မင်းကြီးသည် သားတော်အား မှာထားတော်မူသဖြင့် တိုင်းပြည်ကို ဆောက်နှင်းတော်မူလိုရကား—

၄၂။ သဋ္ဌိဂါမ သဟဿာနိ၊
ပရိပုဏ္ဏာနိ သဗ္ဗသော။
တေ ပုတ္တ ပဋိပဇ္ဇသု၊
ရဇ္ဇံ နိယျာဒယာမိ တေ ။လ။

www.dhammadownload.com

၅၃။ အဇ္ဇေဝ ပဗ္ဗဇိဿာမိ၊
ကော ဇညာ မရဏံ သုဝေ။
နာဟံ ကာကေဝ ဒုမ္မေဓော၊
ကာမာနံ ဝသ မန္ဒကံ-

ဟူသော ဤ တစ်ဆယ့်နှစ်ဂါထာတို့ကို ဆိုတော်မူ၏။

၄၂။ ပုတ္တာ၊ ချစ်သား ဒီဃာဝု။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာ အားဖြင့်။ ပရိပုဏ္ဏာနိ၊ ကောင်းစွာ ပြည့်ကုန်သော။ သဒ္ဓါဓမ္မသဟာယာနိ၊ ခြောက်သောင်းသော ရွာတို့ကို။ တေ၊ သင် ချစ်သားသည်။ ပဋိပဇ္ဇသု၊ စီရင်ပါလေ့။ တေ၊ သင် ချစ်သားအား။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ နိယျာဒယာမိ၊ ငါ ဆောက်နှင်း၏။

၄၃။ ပုတ္တာ၊ ချစ်သား ဒီဃာဝု။ အဟံ၊ ငါသည်။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုတော့အံ့။ သုဝေ၊ နက်ဖြန်။ မရဏံ၊ သေအံ့သည်ကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ သိပခြေအံ့နည်း။ အဟံ၊ ငါသည်။ ဒုမ္မေဓော၊ ပညာမရှိသော။ ကာကေဝ၊ ဆင်သေကောင်ပုပ်၌ မွေ့လျော်သော ကျီးကဲ့သို့။ ကာမာနံ၊ ကာမဂုဏ်တို့၏။ ဝသံ၊ အလိုသို့။ န အန္ဒကံ၊ မလိုက်ပြီ။

၄၄။ ပုတ္တာ၊ ဖခင် ရင်နှစ် သားချစ်မျက်ရှု ဒီဃာဝု။ သဗ္ဗာလင်္ကာရ ဘူသိတာ၊ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်ထသော။ သုဝဏ္ဏကစ္ဆာ၊ ရွှေကြိမ်တို့ဖြင့်လည်း ခက်အပ်ကုန်ထသော။ မာတင်္ဂါ၊ မာတင်မျိုးလည်း ဖြစ်ကုန်ထသော။ ဟေမကပ္ပနိဝါသာ၊ ရွှေကြိုး ရွှေကလည်း တင်ကုန်ထသော။ တောမရေကံ်သ ပါဏိဘိ၊ လှံမချန်းတောင်းလည်း လက်စွဲကုန်ထသော။ ဂါမဏီယောဘိ၊ ဆင်စီး သူရဲတို့သည်။ အာရဏ္ဍာ၊ တက်စီးကုန်ထသော။ သဒ္ဓိနာဂသဟာယာနိ၊ ခြောက်သောင်းသော ဆင်တော်အပေါင်းတို့ကို။ တေ၊ သင် ချစ်သားသည်။ ပဋိပဇ္ဇသု၊ စီရင်ပါဒလေ့။ တေ၊ သင်ချစ်သားအား။ ရဇ္ဇံ၊ တိုင်းပြည်ကို။ နိယျာဒယာမိ၊ ငါ ဆောက်နှင်း၏။

၄၅။ ပုတ္တာ၊ ဖခင်ရင်နှစ် သားချစ်မျက်ရှု ဒီဃာဝု။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုတော့အံ့။ သုဝေ၊ နက်ဖြန်။ မရဏံ၊

www.dhammadownload.com

သေအံ့သည်ကို။ ကော၊ အဘယ်သူသည်။ ဇာ၊ သိနိုင်အံ့နည်း။ အဟံ၊ ငါသည်။ ဒုမ္မေဓော၊ ပညာမရှိသော။ ကာကော၀၊ ကျီးကဲ့သို့။ ကာမာနံ၊ ကာမဂုဏ်တို့၏။ ဝသံ၊ အလိုသို့။ န အန္ဒံ၊ မလိုက်ပြီ။

၄၆။ ပုတ္တော၊ ချစ်သား ဒီဃာ၀ု။ သဗ္ဗာလင်္ကာရ ဘူသိတာ၊ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်ထသော။ ဇာတိယာ၊ အမျိုးအားဖြင့်။ အာဇာနီယာ စ၊ အာဇာနည်မျိုးဌာလည်း ဖြစ်ကုန်ထသော။ သိန္ဓ၀ါ၊ သိန္ဓောမျိုးဌာလည်း ဖြစ်ကုန်ထသော။ သီဃ၀ါဟိနော၊ လျင်ခြင်းအားနှင့်လည်း ပြည့်စုံကုန်ထသော။ ဂ္ဂန္ဒိယာ စာပဓာရိဘိ၊ သိကြားမင်း လေးတောင့်လည်း လွယ်ကုန်ထသော။ ဂါမဏိယေဘိ၊ မြင်းစီးသူရဲတို့သည်။ အာရူဠှော၊ တက်စီးကုန်ထသော။ သင်္ခိအာဿသဟဿာနိ၊ ခြောက်သောင်းကုန်သော မြင်းတော်အပေါင်းတို့ကို။ တေ၊ သင်ချစ်သားသည်။ ပဋိပဇ္ဇသု၊ စီရင်ပါလော့။ တေ၊ သင်ချစ်သားအား။ ရဇ္ဇံ၊ တိုင်းပြည်ကို။ နိယျာဒကာမိ၊ အပ်နှင်း၏။

၄၇။ ပုတ္တော၊ ချစ်သား ဒီဃာ၀ု။ အဇ္ဇေ၀၊ ယနေ့ပင်လျှင်။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုတော့အံ့။ သုဝေ၊ နက်ဖြန်။ မရဏံ၊ သေအံ့သည်ကို။ ကော၊ အဘယ်သူသည်။ ဇာ၊ သိနိုင်ရအံ့နည်း။ အဟံ၊ ငါသည်။ ဒုမ္မေဓော၊ ပညာမရှိသော။ ကာကော၀၊ ကျီးကဲ့သို့။ ကာမာနံ၊ ကာမဂုဏ်တို့၏။ ဝဘံ၊ အလိုသို့။ န အန္ဒံ၊ မလိုက်ပြီ။

၄၈။ ပုတ္တော၊ ချစ်သား ဒီဃာ၀ု။ ကန္ဒန္ဒါ၊ မြဲမြံစွာ ဖွဲ့အပ်ကုန်ထသော။ ဥဿီတဒ္ဓဇာ၊ ရထားဦးဌာ ဆောက်အပ်သော တံခွန်လည်း ရှိကုန်ထသော။ ဒီပါ၊ သစ်ရေလည်း ရံအပ်ကုန်ထသော။ အထောပိ၊ ထို့မှ တစ်ပါးလည်း။ ဝေယ္ယဂ္ဃါ၊ ကျွမ်းရေလည်းရံအပ်ကုန်ထဿော။ သဗ္ဗာလင်္ကာရ ဘူသိတာ၊ ခပ်သိမ်းသော တန်ဆာတို့ဖြင့်လည်း တန်ဆာဆင်အပ်ကုန်ထသော။ စာပဟတ္ထာဟိ၊ လေးလည်း လက်စွဲကုန်ထသော။ ဝမ္မိဘိ၊ ချပ်မိန်ညိုလည်း ဝတ်ကုန်ထသော။ ဂါမဏိယေဘိ၊ ရထားစီး သူရဲတို့သည်။ အာရူဠှော၊ တက်စီးအပ်ကုန် ထတော။ သင်္ခိရထ-သဟဿာနိ၊ ခြောက်သောင်းကုန်သော ရထားတော် အပေါင်းတို့ကို။ တေ၊ သင်ချစ်သားသည်။ ပဋိပဇ္ဇသု၊ စီရင်ပါလော့။ တေ၊ သင်ချစ်သားအား။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ နိယျာဒယာမိ၊ ဆောင်နှင်း၏။

www.dhammadownload.com

၄၉။ ပုတ္တာ၊ ချစ်သား ဒီဃာဝု။ အင်္ဂေဝ၊ ယနေ့ပင်လျှင်။ ပဗ္ဗဇိ-ဿာမိ၊ ရဟန်းပြုတော့အံ့။ သုဝေ၊ နက်ဖြန်။ မရဏံ၊ သေအံ့သည်ကို။ ကော၊ အဘယ်သူသည်။ ဇာ၊ သိနိုင်ရာအံ့နည်း။ အဟံ၊ ငါသည်။ ဒုမ္မေဓော၊ ပညာမရှိသော။ ကာကော၀၊ ကျီးကဲ့သို့။ ကာမဂုဏ်တို့၏။ ဝသံ၊ အလိုသို့။ နု အန္ဓံ၊ မလိုက်ပြီ။

၅၀။ ပုတ္တာ၊ ချစ်သား ဒီဃာဝု။ ရောဟညာ၊ နိဿောအဆင်းလည်း ရှိကုန်ထသော။ ပုဂ်ဂုသဘာ၊ နွားလား ဥသဘဟု ဆိုအပ်သော အကြီးဖြစ်သော နွားနှင့်တကွ ဖြစ်ကုန်ထသော။ သင့်ဓေနုသဟဿာနိ၊ ခြောက်သောင်းကုန်သော နို့ညစ်နွားမတို့သည်။ သန္တိ၊ ရှိကုန်၏။ တာ၊ ထိုနွားမအပေါင်းတို့ကို။ တေ၊ သင်ချစ်သားသည်။ ပဋိပဇ္ဇဿု၊ စီရင်ပါလော့။ တေ၊ သင် ချစ်သားအား။ ရဇ္ဇံ၊ တိုင်းပြည်ကို။ နိယျာဒယာမိ၊ ဆောင်နှင်း၏။

၅၁။ ပုတ္တာ၊ ချစ်သား ဒီဃာဝု။ အင်္ဂေဝ၊ ယနေ့ပင်လျှင်။ ပဗ္ဗဇိ-ဿာမိ၊ ရဟန်းပြုအံ့။ သုဝေ၊ နက်ဖြန်။ မရဏံ၊ သေအံ့သည်ကို။ ကော၊ အဘယ်သူသည်။ ဇာ၊ သိနိုင်ရာအံ့နည်း။ အဟံ၊ ငါသည်။ ဒုမ္မေဓော၊ ပညာမရှိသော။ ကာကော၀၊ ကျီးကဲ့သို့။ ကာမာနံ၊ ကာမဂုဏ်တို့၏။ ဝသံ၊ အလိုသို့။ နု အန္ဓံ၊ မလိုက်ပြီ။

၅၂။ ပုတ္တာ၊ ချစ်သား ဒီဃာဝု။ သဗ္ဗာလင်္ကာရဘူသိဘာ၊ ခပ်သိမ်းသော တန်ဆာတော်ဖြင့် တန်ဆာဆင်အပ်ကုန်ထသော။ ဝိစိတြ ဝတ္ထာဘရဏာ၊ ဆန်းကြယ်သော အဝတ်တန်ဆာလည်း ဆင်ဝတ်ကုန်ထသော။ အာမုက္က မဏိကုဏ္ဍလာ၊ ပုလဲပတ္တ မြားနားခွောင်းလည်း ဆင်ဝတ်ကုန်ထသော။ သောဋ္ဌသိတ္ထိသဟဿာနိ၊ တစ်သောင်းခြောက်ထောင်ကုန်သော မောင်းမတို့သည်။ သန္တိ၊ ရှိကုန်၏။ တာ၊ ထိုမောင်းမတို့ကို။ တေ၊ သင်ချစ်သားသည်။ ပဋိပဇ္ဇဿု၊ စီရင်ပါဒလော့။ တေ၊ သင်ချစ်သားအား။ ရဇ္ဇံ၊ တိုင်းပြည်ကို။ နိယျာဒယာမိ၊ ဆောက်နှင်း၏။

၅၃။ ပုတ္တာ၊ ချစ်သား ဒီဃာဝု။ အင်္ဂေဝ၊ ယနေ့ပင်လျှင်။ ပဗ္ဗဇိ-ဿာမိ၊ ရဟန်းပြုစံ၊။ သုဝေ၊ နက်ဖြန်၊ မရဏံ၊ သေအံ့သည်ကို။ ကော၊

www.dhammadownload.com

အဘယ်သူသည်။ ဇာဉာ၊ သိနိုင်ရာအံ့နည်း။ အဟံ၊ ငါသည်။ ၊ဒုဇ္ဇမ္မဓေဝေ၊ ပညာမရှိသော။ ကာကော၀ဲ၊ ကျီးကဲ့သို့။ ကာမဂုဏ်တို့၏။ ၀သံ၊ အလိုသို့။ နအန္တံ၊ မလိုက်ပြီ။

သားတော်ပါ လိုက်ပါလို

ဤသို့ မိန့်ဆို မှာထားတော်မူသော စကားကိုကြား၍ သားတော် ဒီဃာ၀ု မင်းသားသည် ခမည်းတော် အရှိန္ဒမမင်းကြီးအား အကြောင်းကို တင်လျှောက်လိုရကား-

၅၄။ ဒဟရဿေ၀ မေ တာတ၊ မာတာ မတာတိ မေ သုတံ။
တယာ ၀ိနာ အဟံ တာတ၊ ဇီ၀ိတုမ္ပိ နဉ္ဇဿဟော။

၅၅။ ယထာ အာရညကံ နာဂံ၊ ပေါသော အန္ဒေတိ ပစ္ဆတော။
ဧဿန္တံ ဂိရိဒုဂ္ဂေသု၊ သမေသု ၀ိသမေသု စ။

၅၆။ ဧ၀ံ တံ အနုဂစ္ဆာမိ၊ ပုတ္တ မာဒါယ ပစ္ဆတော။
သုဘရော တေ ဘ၀ိဿာမိ၊ နတေ တေဿာမိ ဒုဇ္ဇရော—

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၅၄။ တာတ၊ ခမည်းတော်မင်းမြတ်။ ဒဟရဿေ၀၊ ငယ်စဉ်က သာလျှင်။ မေ၊ အကျွန်ုပ်၏။ မာတာ၊ မယ်တော်သည်။ မတာတိ၊ သေပြီ ဟူ၍။ မေ၊ အကျွန်ုပ်သည်။ သုတံ၊ ကြားဖူးပါ၏။ တာတ၊ ခမည်းတော် မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ တတာ၊ သင် ဖခင်မင်းမြတ်နှင့်။ ၊ဒုဝိနာ၊ ကင်း၍။ ဇီ၀ိတုမ္ပိ၊ အသက်ရှည်ခြင်းငှာလည်း။ နဉ္ဇဿဟော၊ မစွမ်းနိုင်ပါ။

၅၅။ တာတ၊ ခမည်းတော် မင်းမြတ်။ ယထာ၊ ဥပမာ မည်သည်ကား။ သမေသု စ၊ ညီညွတ်သည်လည်း ဖြစ်ကုန်ထသော။ ၀ိသမေသု စ၊ မညီညွတ်သည်လည်း ဖြစ်ကုန်ထသော။ ဂိရိဒုဂ္ဂေသု၊ တောင် မြောင် ချောက်ကြားတို့၌။ ဧဿန္တံ၊ သွားသော။ အာရညကံ၊ တောနေသော။ နာဂံ၊ ဆင်မင်းကို။ ပေါတော၊ ဆင်သူငယ်သည်။ ပစ္ဆတော၊ နောက်က။ အန္ဒေတိ ယထာ၊ အစဉ်လိုက်သကဲ့သို့။

www.dhammadownload.com

၅၆။ ဧဝံ၊တထာ၊ ထို့အတူ။ ပုတ္တံ၊ သားငယ်ကို။ အာဒါယ၊ ခေါ်ယူ၍။ ဂစ္ဆ၊ သွားတော်မူပါလော၊ ပစ္ဆတော၊ နောက်မှ။ တံ၊ သင် ဖခင်မင်းမြတ်သို့။ အနုဂစ္ဆာမိ၊ အစဉ်တစိုက်လိုက်ပါအံ့။ တေ၊ သင် ဖခင်မင်းမြတ်အား။ သုဘရော၊ အသက်မွေးလွယ်သည်။ ဘဝိဿာမိ၊ ဖြစ်ပါလတ္တံ့။ တေ၊ သင် ဖခင်မင်းမြတ်အား။ ဒုဗ္ဘရော။ အသက်မွေးခက်သည်။ န ဟေဿာမိ၊ မဖြစ်ရပါလတ္တံ့။

အတင်းနန်းအပ်ခဲ့

ထိုသို့ သားတော် တင်လျှောက်သောအခါ ခမည်းတော်မင်းကြီးသည်း မှူးတော် မတ်တော်တို့ကို စေတော်မူလိုရကား—

၅၇။ ယထာ သာမုဒ္ဒိကံ နာဝံ၊ ဝါဏိဇာနံ ဓဒေယျိနံ။
ဝေါဟာရော တတ္ထ ဂစ္ဆေယျ၊ ဝါဏိဇာ ဗျသနီ သိယာ။

၅၈။ ဧဝမေဝါယံ ပုတ္တကလိ၊ အန္ဓရာယံ ကရော မမ။
ဣမံ ကုမာရံ ပါပေထ၊ ပါသာဒံ ရတိဝဍ္ဎနံ။

၅၉။ တတ္ထ ကမ္မုသဟတ္ထာယော၊ ယထာ သက္ကံဝ အစ္ဆရာ။
တာနံ တတ္ထ ရမေဿန္တီ၊ တာဟိ စေသော ရမိဿတိ—

ဟူသော ဤသုံးဂါထာကို ဆိုတော်မူ၏။

၅၂-၅၈။ ဘောန္တော၊ အမတ်တို့။ ယထာ၊ ဥပမာ မည်သည်ကား။ မနေသိနံ၊ ဥစ္စာကိုရှာကုန်သော။ ဝါဏိဇာနံ၊ ကုန်သည်တို့၏။ သာမုဒ္ဒိကံ၊ သမုဒ္ဒရာဇ်သွားသော။ နာဝံ၊ လှေကို။ တတ္ထ၊ သမုဒ္ဒရာဇ်၌။ ဝေါဟာရော။ အထူးထူးသော ဘေးရန်သည်။ ယဒိ ဂစ္ဆေယျ၊ အကယ်၍ ကိုင်ငင်ခြေးအံ့။ ဝါဏိဇာဗျသနီ၊ ကုန်သည်တို့၏ ပျက်စီးခြင်းသည်။ သိယာ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ အယံ ပုတ္တကလိ၊ ဤ သားယုတ်သည်။ မမ၊ ငါ၏။ အန္ဓရာယံ၊ ရဟန်းပြုခြင်းအန္ဓဲရာယ်ကို။ ကရော၊ ပြုဘိ၏။ ဣမံ ကုမာရံ၊ ဤ မင်းသားကို။ ရတိဝဍ္ဎနံ၊ မွေ့လျော်ခြင်းကို ပွားစေတတ်သော။ ပါသာဒံ၊ ရွှေနန်းပြာသာဒ်ထက်သို့။ ပါပေထ၊ ပို့ကြစေကုန်။

www.dhammadownload.com

၅၉။ ဘောန္တော၊ အို....အမတ်အပေါင်းတို့။ တတ္ထ၊ ထိုမွေ့လျော်ခြင်းကို ပဉ္စဝေတတ်သော ရွှေနန်းပြာသာဒ်ထက်၌။ ကမ္မုသဟတ္ထံဝယော၊ ရွှေတန်ဆာဖြင့် တန်ဆာဆင်အပ်သော လက်ရှိကုန်သော။ တာ၊ ထိုမောင်းမတို့သည်။ နံ၊ ထို ဒီဃာဝုမင်းသားကို။ အစ္ဆရာ၊ နတ်သမီးအပေါင်းသည်။ သင်္ကံ၊ သိကြားနတ်မင်းကို။ ယထာ၊ အကြင်အခြင်းဖြင့်။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ တထာ၊ ထိုအခြင်းဖြင့်။ ရမေတိဣဝ၊ မွေ့လျော်ပျော်ပါးစေသကဲ့သို့။ တထာ၊ ထို့အတူ။ တတ္ထ၊ ထိုမွေ့လျော်ခြင်းကို ပဉ္စဝေတတ်သော ရွှေနန်းပြာသာဒ်၌။ ရမေဿန္တိ၊ မွေ့လျော်စေကုန်လတ္တံ့။ ဧသော စ၊ ဤမင်းသားသည်လည်း။ တာဟိ၊ ထိုမောင်းမတို့နှင့်။ သဒ္ဒိ၊ တကွ။ ရမိဿတိ၊ မွေ့လျော်ပျော်ပါးလတ္တံ့။

ဤသို့ မိန့်ဆိုတော်မူပြီးလျှင် ဘုရားလောင်း အရိန္ဒမမင်းကြီးသည် သားတော် ဒီဃာဝုမင်းသားကို ထိုဥယျာဉ်တော်၌ပင်လျှင် အာဘိသိက်သွန်းစေ၍ နန်းမြို့သို့ ပို့ဆောင်စေတော်မူ၏။

တောထွက်လေပြီ

မိမိသည်ကား ကိုယ်တော်တစ်ပါးတည်း ဥယျာဉ်တော်မှထွက်သွားပြီးလျှင် ဟိမဝန္တာသို့ဝင်၍ မွေ့လျော်ဖွယ်ရှိသော မြေအဖို၌ ကျောင်းဆောက်ပြီးလျှင် ရသေ.ရဟန်းပြု၍ တောသစ်မြစ် တောသစ်သီးဟူသော အာဟာရရှိသည်ဖြစ်၍ မျှတော်မူ၏။ မှူးတော် မတ်တော် စသော လူအပေါင်းတို့သည်လည်း သားတော် ဒီဃာဝုမင်းသားကို ဗာရာဏသီနေပြည်တော်သို့ ပို့ဆောင်၏။

သားတော်မင်းပြုရပြီ

ထို ဒီဃာဝုမင်းသားသည် မြို့ဘော်ကို လက်ယာရစ်လှည့်သည်ကိုပြု၍ ရွှေနန်းပြာသာဒ်ထက်သို့ တက်တော်မူ၏။ ထိုအခါ မင်းသားကို မင်းသမီးအပေါင်းတို့သည် မေးလျှောက်ကြကုန်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၆၀။ တတော ကုမာရံ ပါပေသုံ၊ ပါသာဒံ ရတိဝဍ္ဎနံ။
တံ ဒိသွာ အဝစုံ ကညာ၊ 'ဒီဃာဝုံ ရဋ္ဌဝဍ္ဎနံ။

www.dhammadownload.com

၆၁။ ဒေဝတာ နုသိ ဂန္ဓဗ္ဗေ၊ အဒု သက္ကော ပုရိန္ဒဒေါ။
ကော ဝါ တုံ ကဿ ဝါ ပုတ္တော၊ ကထံ ဇာနေမု တံ မယံ-
ဟူသော ဤ နှစ်ဂါထာတို့ကို ဟောတော်မူ၏။

၆၀။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒဘာ၊ ထို့နောင်မှ။ ကုမာရံ၊ ဒီဃာစုမင်းသားကို။ ရတိဝစုနံ၊ မွေ့လျော်ခြင်းကို ပွားစေတတ်သော။ ပါသာဒံ၊ ရွှေနန်းပြာသာဒ်ထက်သို့။ ပါပေသုံ၊ ပို့လေကုန်၏။ ရဋ္ဌဝဗ္ဘုနံ၊ တိုင်းပြည်သူအပေါင်းကို ပွားစေတတ်သော။ ဒီဃာဝုံ၊ ဒီဃာစု အမည်ရှိသော။ တံ၊ ထိုမင်းသားကို။ ဒိသွာ၊ မြင်၍။ ကညာ၊ နန်းတွင်းသူ အပေါင်းတို့သည်။ အဝစုံ၊ မေးလျှောက်ကြကုန်၏။

၆၁။ ကထံ အဝစုံ၊ အဘယ်သို့ မေးလျှောက်ကြကုန်သနည်း။ ဟူမူကား။ သာမိ၊ အရှင်။ တုံ၊ သင်သည်။ ဒေဝတာ၊ စတုမဟာရာဇ်နတ်သည်တည်း။ အသိ နု၊ ဖြစ်သလော။ ဂန္ဓဗ္ဗေ၊ ဂန္ဓဗ္ဗနတ်သည်တည်း။ အသိ နု၊ ဖြစ်သလော။ အဒု၊ ထိုသို့ မဟုတ်မူကား။ ပုရိန္ဒဒေါ၊ အလှူလက်ဦး ပေးကြူးစွာသော။ သက္ကော၊ သိကြား နတ်မင်းသည်တည်း။ အသိ နု၊ ဖြစ်သလော။ တုံ၊ သင်သည်။ ကော၊ အဘယ်သူနည်း။ ကဿ ဝါ၊ အဘယ်သူ၏မူလည်း။ ပုတ္တော၊ သားနည်း။ ကထံ၊ အဘယ်သို့သော အကြောင်းဖြင့်။ တံ၊ သင့်ကို။ မယံ၊ ငါတို့သည်။ ဇာနေမု၊ သိရကုန်အံ့နည်း။

ထိုသို့ နန်းတွင်းသူ အပေါင်းတို့ မေးလျှောက်သောအခါ ဒီဃာဝုမင်းသားသည် အကြောင်းကို ကြားတော်မူလိုရကား—

၆၂။ နမို ဒေဝေါ နဂန္ဓဗ္ဗေ၊ နမို သက္ကော ပုရိန္ဒဒေါ။
ကာသိရညော အဟံ ပုတ္တော၊ ဒီဃာဝုံ ရဋ္ဌဝဗ္ဘုနော။
မမံ ဘရထ ဘဒ္ဒံ ဝော၊ အဟံ ဘတ္တာ ဘဝါမိ ဝော—
ဟူသော် ဤဂါထာကို မိန့်တော်မူ၏။

၆၂။ ဘဒ္ဒန္တေ၊ ရှင်မတို့။ အဟံ၊ ငါသည်။ ဒေဝေါ၊ စတုမဟာရာဇ်နတ်သည်။ နအမို၊ မဖြစ်။ ဂန္ဓဗ္ဗေ၊ ဂန္ဓဗ္ဗနတ်သည်။ နအမို၊ မဖြစ်။ ပုရိန္ဒဒေါ၊ အလှူလက်ဦး ပေးကြူးစွာသော။ သက္ကော၊

www.dhammadownload.com

သိကြား နတ်မင်းသည်။ နအမှီ၊ မဖြစ်။ အဟံ၊ ငါသည် ရဋ္ဌဝဇုနော၊ တိုင်းပြည်သူအပေါင်းကို ပွားစေတတ်သော။ ဒီဃာဝု၊ ဒီဃာဝု အမည်ရှိသော။ ကာသိရညော၊ ကာသိမင်းမြတ်၏။ ပုတ္တော၊ သားတော်တည်း။ ဘဒ္ဒံ၊ ကောင်းစွာ။ မမံ၊ ငါ့ကို။ ဝေါ၊ ရှင်မတို့သည်။ ဘာရထ၊ လုပ်ကျွေးကြကုန်လော့။ အဟံ၊ ငါသည်။ဝေါ၊ ရှင်မတို့၏။ ဘတ္တာ၊ ချစ်လင်သည်။ ဘဝါမိ၊ ဖြစ်အံ့။

ထိုသို့ မိန့်တော်မူလတ်သော် နန်းတွင်းသူ အပေါင်းတို့သည် ခမည်းတော် အရှိန္ဒမမင်းကြီး အကြောင်းကို မေးလျှောက်ကြပြန်ကုန်၏။ ဒီဃာဝုမင်းသားသည်လည်း အကြောင်းကို ပြန်ကြားတော်မူ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်-

၆၃။ တံ တတ္ထ အဝစုံ ကညာ၊ ဒီဃာဝုံ ရဋ္ဌဝဇုနံ။
ကုဟိ ံ ရာဇာ အနုပပ္ပတ္တော၊ ဣတော ရာဇာ ကုဟိ ံဂတော။

၆၄။ ပက်္ခ ံ ရာဇာ အတိက္ကန္တော်၊ ထလေ ရာဇာ ပတိဋ္ဌိတော။
အကဏ္ဏကံ အဂဟာဏံ၊ ပဋိပန္နော မဟာပထံ။

၆၅။ အဟဉ္စ ပဋိပန္နောသ္မိ၊ မဂ္ဂံ ဒုဂ္ဂတိဂါမိနံ။
သကဏ္ဏကံ သဂဟာဏံ၊ ယေန ဂစ္ဆန္တိ ဒုဂ္ဂတိ ံ—

ဟူသော ဤ သုံးဂါထာတို့ကို ဟောတော်မူ၏။

၆၃။ ဘုက္ခဝေ၊ ရဟန်းတို့။ တတ္ထ၊ ထို မေ့လျော့ခြင်းကို ဖြစ်စေတတ်သော ရှေးနန်းပြာသာဒ်၌။ ကညာ၊ မင်းသမီး အပေါင်းတို့သည်။ ရဋ္ဌဝဇုနံ၊ ပြည်သူအပေါင်းကို ပွားစေတတ်သော။ ဒီဃာဝုံ၊ ဒီဃာဝု အမည်ရှိသော။ တံ၊ ထိုမင်းသားကို။ အဝစုံ၊ မေးလျှောက်ကြကုန်၏။ သာမိ၊ အရှင်။ ရာဇာ၊ငါတို့သခင် အရှင် အရှိန္ဒမ မင်းမြတ်သည်။ ကုဟိ ံ၊ အဘယ်အရပ်သို့။ အနုပပ္ပတ္တော။ ရောက်ဒတော်မူလေသနည်း။ ရာဇာ၊ ငါတို့သခင် အရှင် အရှိန္ဒမ မင်းမြတ်သည်။ ဣတော၊ ဤ ငါတို့ တိုင်းပြည်မှ။ ကုဟိ ံ၊ အဘယ်အရပ်သို့။ ဂတော၊ သွားလေသနည်း။

၆၄။ ဘဒ္ဒန္တေ၊ ရှင်မတို့။ ရာဇာ၊ သင်တို့သခင် အရှင် အရှိန္ဒမ မင်းမြတ်သည်။ ပက်္ခ ံ၊ ရာဂ-အစရှိသော ကိလေသာတည်း ဟူသော

www.dhammadownload.com

ညွှန်ကို။ အတိုက္ကန္တော၊ လွှန်လေပြီ။ ရာဇာ။ သင်တို့သခင် အရှင် အရိန္ဒမ မင်းမြတ်သည်။ ထလော၊ ရဟန်းအဖြစ်တည်းဟူသော ကုန်းကြည်းထက်၌။ ပဟိဋ္ဌတော၊ တည်လေပြီ။ အကဏ္ဍကံ၊ ရာဂ-အစရှိသော ဆူးငြောင့်မှ ကင်းထသော။ အဂဟကံ၊ ရာဂ-အစရှိသည်တို့သည် မစွဲလမ်းအပ်ထသော။ မဟာပထံ၊ နတ်ရွာနိဗ္ဗာန်သို့ သွားသော သူတို့၏ ခရီးမသို့။ ပဋိပန္နော၊ သွားလေပြီ။

၆၅။ ဘဒ္ဒန္တေ၊ ရှင်မတို့။ ယေန မိစ္ဆာမဂ္ဂေန၊ အကြင်မှားသော ခရီးဖြင့်။ ဒုဂ္ဂတိံ၊ မကောင်းမှုကိုပြုသော သူတို့၏လေးရာ ဘုံဘဝသို့။ ဂစ္ဆန္တိ၊ သွားရကုန်၏။ သကဏ္ဍကံ၊ ရာဂ-အစရှိသော ဆူးငြောင့်လည်း ရှိထသော။ သဂဟကံ၊ ရာဂ-အစရှိသည်တို့သည် စွဲလမ်းအပ်ထသော။ ဒုဂ္ဂတိဂါမိနံ၊ မကောင်းမှုကိုပြုသော သူတို့၏ သွားရာဖြစ်သော။ တံ မဂ္ဂံ၊ ထိုခရီးကို။ အဟဏ္ဍ၊ ငါသည်သာလျှင်။ ပဋိပန္နော၊ သွားသည်။ အသ္မိ၊ ဖြစ်ချေ၏။

ထို့နောင်မှ မင်းသမီးအပေါင်း မောင်းမတို့သည် ကြုံကြကုန်၏။ "အရိန္ဒမ မင်းကြီးသည် ရှေးဦးစွာ ငါတို့ကိုစွန့်၍ ရဟန်းပြုတော်မူလေပြီ၊ ဤဒီဃာဝု မင်းသားသည်လည်း ကာမဂုဏ်တို့၌ တပ်စွန်းခြင်းကင်းသော စိတ်သဘောရှိ၏၊ အကယ်၍ ထိုမင်းသားကို ကာမဂုဏ်၌ မမွေ့လျော်စေကုန်အံ့၊ တောထွက်၍ ရဟန်းပြုခဲ့ရာ၏၊ ကာမဂုဏ် ချမ်းသာ၌ အလွန်မွေ့လျော်ကြောင်း ဖြစ်သော အခြင်းအရာကို ပြုကြကုန်အံ့" ဟု ကြုံကြကုန်၏။ ကြုံကုန်ပြီး၍ ထိုဒီဃာဝုမင်းသားကို အလွန် နှစ်သက်စေလိုကုန်ရကား....

၆၆။ တဿ တေ သွာဂတံ ရာဇ၊ သီဟဿေဝ ဂိရိဗ္ဘေ။
အနုသာသ မဟာရာဇ၊ တံ နော သဗ္ဗာသ မိဿရော—

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဆို၏။

၆၆။ ရာဇ၊ အရှင်မင်းမြတ်။ ဂိရိဗ္ဘေ၊ ခြင်္သေ့မငယ်နေရာ ရှောက်သို့။ သီဟဿ၊ သားမျိုးသေဋ္ဌနင်း ခြင်္သေ့မင်း၏။ အာဂတံဝ၊ လာခြင်းကဲ့သို့။ တဿ-တေ၊ ထိုအရှင်မင်းမြတ်၏။ အာဂတံ၊ လာတော်မူခြင်းသည်ကား။

www.dhammadownload.com

သဒ္ဓါဂတံ၊ ကောင်းသော လာတော်မူခြင်းတည်း။ မဟာရာဇ၊ မင်းမြတ်။ အနုသာသ၊ ဆုံးမတော်မူပါလော့။ တံ၊ အရှင်မင်းမြတ်သည်။ သဗ္ဗာသံ၊ အလုံးစုံကုန်သော။ နော-အမှာကံ၊ အကျွန်ုပ်တို့၏။ ဣဿရော၊ အစိုးရသော ချစ်လင်တည်း။

ဤသို့သောစကားကို ဆိုကုန်၍ အလုံးစုံသော တိုးမှုတ်မျိုးတို့ကို တိုးမှုတ်ကြကုန်၏။ အထူးထူးအပြားပြားသော ကခြင်း, သီခြင်းတို့ကို ဖြစ်စေကုန်၏။ စည်းစိမ်ချမ်းသာ အခြံအရံသည် အလွန်များ၏။ ထိုဒီဃာဝုမင်းသားသည် များမြတ်သော စည်းစိမ်အခြံအရံဖြင့် ယစ်သည်ဖြစ်၍ ခမည်းတော်ကို မအောက်မေ့ပြီ။ တရားနှင့်အညီ မင်းပြု၍ ကံအားလျော်စွာ လား၏။ ဘုရားအလောင်းသည်လည်း စျာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ အသက်၏အဆုံး၌ ဗြဟ္မာ့ပြည်သို့ လားတော်မူ၏။

ဇာတ်ပေါင်း သဗ္ဗညူ မြတ်စွာဘုရားသည် ဤ မမ္မဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့....ယခုအခါ၌ သာလျှင် သင်တို့ဆရာ ငါဘုရားသည် မြတ်သော တောထွက်ခြင်းကို ဟောထွက်တော်မူသည် မဟုတ်သေး၊ ရှေးဦးလည်း မြတ်သော ဒုတောထွက်ခြင်းကို တောထွက်တော် မူဖူးသည်သာလျှင်တည်း" ဟု မိန့်တော်မူ၍ ထိုအခါ အရှင်သောဏက ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန် ပြုတော်မူပြီ။ ယခုအခါ ရာဟုလာသည် ထိုအခါ ဒီဃာဝုမင်းသား ဖြစ်ဖူးပြီ၊ ယခုအခါ ရာဟုလာသည် ထိုအခါ အရိန္ဒမမင်း ဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဆင်သေကောင်ပုပ်၊ ကျီးကန်းယုတ်၊ အဟုတ်မက်ကာ သေရရှာ။

ရှေးဦးစွာသော သောဏကဇာတ်သည် ပြီး၏။

www.dhammadownload.com

၂-သံကိစ္စဇာတ်

သူတော်ကောင်းတရား နာရ၍ သောက ကင်းဝေးရခြင်း

ဟောတော်မူရာဌာန နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဒီဃာ နိသိန္နေ ရာဇာနံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤသံကိစ္စဇာတ်ကို ဇီဝကဏ္ဍသရက်ဥယျာဉ်တော်၌ သီတင်းသုံးနေတော်မူစဉ် အဇာတသတ်မင်း၏ ပိတုဃာတကကံကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု ထိုစကားသည် မှန်၏။ အဇာတသတ်မင်းကြီးသည် ဒေဝဒတ်ကိုအမှီပြု၍ ထိုဒေဝဒတ်၏စကားဖြင့် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကိုသတ်စေ၍ သံဃဘေဒကံကို ပြုသောအဆုံး၌ပျက်စီးသော ပရိသတ်ရှိသော ဒေဝဒတ်အား အနာဖြစ်လတ်သော် "သဗ္ဗညုမြတ်စွာဘုရားကို ကန်တော့အံ့" ဟု ညောင်စောင်း ထမ်းစင်ဖြင့် သာဝတ္ထိပြည်သို့ သွားသော ဒေဝဒတ်၏ ဇေတဝန်ကျောင်းတော် တံခါးအနီး၌ မြေမျိုသောအဖြစ်ကို ကြား၍ "ရှင်ဒေဝဒတ်သည် ဘုရားသခင်၏ ဆန့်ကျင်ဘက်ဖြစ်၍ မြေသို့ဝင်ရသဖြင့် အဝီစိ၌ဖြစ်၏၊ ငါသည်လည်း ထိုဒေဝဒတ်ကို အမှီပြု၍ တရားစောင့်သော မင်းတရားဖြစ်သော ခမည်းတော်ကို သတ်မိ၏၊ ငါသည်လည်း မြေသို့ဝင်ရအံ့လော့" ဟု ကြောက်သည်ဖြစ်၍ မင်းစည်းစိမ်၌ စိတ်၏သာယာခြင်းကို မရ၊ အတန်ငယ် အိပ်အံ့ဟု အိပ်ခြင်းသို့ ကပ်ကာမျှဖြင့်လျှင် အထူးကိုးယူဇနာရှိသော သံမြေ၌ကျ၍ သံတံကျင်တို့ဖြင့် လျှိုဘိသကဲ့သို့ လည်းကောင်း၊ ခွေးတို့သည် နှုတ်ဖြင့် ခဲကုန်ဘိသကဲ့သို့ လည်းကောင်း ကြောက်မက်ဖွယ်သောအသံဖြင့် မြည်တမ်းလျက် ထ,၏။

အဇာတသတ် ဘုရားရှင်ထံ ခစားဝင်ပုံ

ထိုအခါ တစ်နေ့သ၌ မိုးလေးလတို့၏ အဆုံးဖြစ်သော ကြာခေါင်းလောင်းပွင့်တုံး တန်ဆောင်မုန်းလပြည့်နေ့၌ မှူးတော် မတ်တော်အပေါင်း ခြံရံလျက် မိမိစည်းစိမ်ကို ကြည့်၍ "ငါ့ခမည်းတော်စည်းစိမ်သည် ဤငါ့စည်းစိမ်ထက် ကြီးမြတ်၏၊ ငါသည် ထိုသို့ သဘောရှိသော် တရားစောင့်ပေသော မင်းတရားကို ဒေဝဒတ်ကို အမှီပြု၍ သတ်မိ၏" ဟု ကြံ၏။ ထိုသို့ ကြံစည်သည်သာလျှင်ဖြစ်သော အဇာတသတ်မင်း၏ ကိုယ်၌ပူလောင်ခြင်းသည် ဖြစ်၏၊ ကိုယ်အလုံးကို ချွေးဖြင့်စုတ်၏။ ထို့နောက်မှ "အဘယ်

www.dhammadownload.com

သူသည်သာလျှင် ငါ၏ဘေးကို ဖျောက်အံ့ခဲသောဌာ တတ်နိုင်ပါလတ္တံ့ နည်း''ဟု ကြံ၍ ''အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာ ဘုရားကိုထား၍ သဗ္ဗညု မြတ်စွာဘုရားမှ တစ်ပါးသောသူမည်သည် မရှိ'' ဟု သိ၍ ''ငါသည် မြတ်စွာဘုရားအား ကြီးစွာ ပြစ်မှားမိ၏၊ အဘယ် သူသည် ငါ့ကို ဆောင်ယူ၍ ပြုပါလိမ့်တံ့နည်း'' ဟု ကြံသည်ရှိသော် ''ဇီဝကကိုထား၍ ဇီဝကမှတစ်ပါးသော တစ်စုံတစ်ယောက်သောသူသည် ငါ့ကိုဆောင်ယူ၍ မပြုနိုင်လတ္တံ့'' ဟု ကောင်းစွာမှတ်ပြီးလျှင် ထိုဇီဝကကို ခေါ်တော်မူ၍ သွားရခြင်း၏အကြောင်းကို ပြုလိုရကား ÷

ရမဏီယာ ဝတ ဘောဒေါသိနာ ရတ္တိ-

ဟူသော ဥဒါန်းကိုကျူး၍ ''ယနေ့ အဘယ်မည်သော ရဟန်းပုဏ္ဏားသို့ ဆည်းတပ်ရကုန်အံ့နည်း'' ဟု မိန့်တော်မူလျှင် ပူရဏကဿပတို့၏ တပည့် အစရှိသော မူးတော် မတ်တော်တို့သည် ပူရဏကဿပ အစရှိသော ဒိဋ္ဌိတို့၏ ဂုဏ်ကျေးဇူးတို့ကို ပြောဆိုတင်လျှောက်လတ်သော် ထိုသူတို့၏ စကားကို မယူမူ၍ ဇီဝကကို မေးတော်မူပြန်လျှင် ထို ဇီဝကသည် သဗ္ဗညု ဘုရားသခင် ဂုဏ်ကျေးဇူးတော်ကို ပြောဆို၍ ''အရှင်မင်းမြတ်....အရှင် မင်းမြတ်သည် သဗ္ဗညုဘုရားသခင်သို့ ဆည်းကပ်ပါလော့'' ဟု တင်လျှောက် လတ်သော် ဆင်ယာဉ် စသည်တို့ကို က-စေ၍ ဇီဝက၏သရက်ဥယျာဉ်တော သို့ ထွက်တော်မူပြီးလျှင် သဗ္ဗညုမြတ်စွာဘုရားသို့ ကပ်၍ရှိခိုးလျက် မြတ် စွာဘုရားနှင့်တကွ ပျှံ့နှံ့လောကဝတ်ကို ပြုပြီးသော် မျက်မှောက်၌ဖြစ် သော ရဟန်း၏အကျိုးကို မေးလျှောက်၍ မြတ်စွာဘုရား၏ သာယာသော သာမညဖလသုတ် ဓမ္မဒေသနာကို နာရ၍ သာမညဖလသုတ်ကို ဟောတော် မူသောအဆုံး၌ ရတနာသုံးပါးသို့ ဆည်းကပ်တတ်သော ဥပါသကာ၏ အဖြစ်ကို ကြားလျှောက်ပြီးလျှင် မြတ်စွာဘုရားကို ကန်တော့၍ သွား လေ၏။

စိတ်ချမ်းသာမှုရပြီ

ထို အဇာတသတ်မင်းသည် ထိုအခါမှစ၍ အလှူပေးလျက် သီလ စောင့်လျက်လျှင် မြတ်စွာဘုရားနှင့်တကွ ပေါင်းဖော်ခြင်းကိုပြု၍ သာယာ စွာသော တရားစကားကို ကြားနာလျက် ကလျာဏမိတ္တနှင့် ပေါင်းဖော် ရသဖြင့် ကြောက်ခြင်းကင်းသည်ဖြစ်၍ ကင်းသော ကြက်သီးမွေးညှင်း ထ

www.dhammadownload.com

ခြင်းရှိသည်ဖြစ်၍ စိတ်၏ချမ်းသာခြင်းကိုရလျှင် ချမ်းသာသဖြင့် ကျရိယာပုထိလေးပါးတို့ကို ပြုရ၏။ ထိုအခါ တစ်နေ့သ၌ တရားသဘင်ဝယ် စကားကို ဖြစ်စေကုန်၏။ ''ငါ့ရှင်တို့ အဇာတသတ်မင်းကြီးသည် ပိတုဃာတကကံကို ပြုမိသောကြောင့် ကြောက်ခြင်းသို့ရောက်၏၊ မင်းစည်းစိမ်ကိုမှီ၍ စိတ်ချမ်းသာခြင်းကို မရရကား အလုံးစုံသော ကျရိယာပုထိတို့၌ ဆင်းရဲကိုသာလျှင် ခံရ၏၊ ထို အဇာတသတ်မင်းသည် ယခုမူကား သဗ္ဗညုမြတ်စွာဘုရားကိုစွဲ၍ ကလျာဏမိတ္တဲနှင့် ပေါင်းဖော်ရသဖြင့် ကြောက်လန့်ခြင်း ကင်းလျက် အစိုးရခြင်း မင်း၏ချမ်းသာကို ခံစားရ၏''ဟုစကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် လာတော်မူလတ်၍ ''ရဟန်းတို့....ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း'' ဟု မေးတော်မူလတ်၍ ''ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏''ဟု နှားတော်လျှောက်ကုန်လတ်သော် ''ရဟန်းတို့.... အခုအခါ၌သာလျှင် ဤအဇာတသတ်မင်းသည်အဘကို သတ်သောကြောင့် စိတ်မချမ်းသာခြင်းသို့ ရောက်ရ၍ ငါ့ကိုမှီ၍ ချမ်းသာစွာ အိပ်ရသည်မဟုတ်သေး၊ ရှေးဦးလည်း ဤအဇာတသတ်သည် အဘကိုသတ်ပြီး၍ ငါ့ကိုမှီ၍ ချမ်းသာစွာ အိပ်ရဘူးပြီ''ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဗြဟ္မဒတ်မည်သောသားကို ရ၏။ ထိုအခါ ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်အိမ်၌ ပဋိသန္ဓေယူတော်မူ၍ ဖွားမြင်ပြီးသော် ထိုဘုရားလောင်းအား ''သံကိစ္စ''ဟူသောအမည်ကို မှည့်ကုန်၏။ ထိုနှစ်ယောက်ကုန်သော မင်းသားပုဏ္ဏားတို့သည် မင်းအိမ်၌သာလျှင် အတူတကွ ကြီးကြကုန်၏၊ အချင်းချင်း ချစ်မြတ်နိုးသော အဆွေခင်ပွန်းဖြစ်ကြကုန်၏။ အရွယ်သို့ရောက်လတ်သော် တက္ကသိုလ်ပြည်သို့ သွားကုန်ပြီးလျှင် အလုံးစုံသောအတတ်တို့ကိုသင်၍ တစ်ဖန် ပြန်လည်ခဲ့ကြကုန်၏။ ထိုအခါ ခမည်းတော်ဗြဟ္မဒတ်မင်းကြီးသည် သားတော်အား အိမ်ရှေ့မင်းအဖြစ်ကို ပေးတော်မူ၏။ ဘုရားလောင်းသည်လည်း အိမ်ရှေ့မင်းအထံ၌သာလျှင် နေ၏။

ဖခင်ကိုသတ်ရန်ကြံ

ထိုအခါ တစ်နေ့သ၌ အိမ်ရှေ့မင်းသည် ဥယျာဉ်ကစားအံ့သောငှာ သွားသောခမည်းတော် ဗြဟ္မဒတ်မင်းကြီး၏ မျှားစွာသော စည်းစိမ်ချမ်း

www.dhammadownload.com

သဘကိုမြင်လျှင် ထို စည်းဒိမ်၌ လောဘကိုဖြစ်စေ၍ "ငါ၏ ခမည်းတော်သည် ငါ့အစ်ကိုနှင့်တူ၏၊ အကယ်၍ ထိုခမည်းတော်၏ သေလွန်ခြင်းကို ငံ့လင့်အံ့၊ ကြီးရင့်သောအခါမှ မင်းအဖြစ်ကိုရလတ္တံ့၊ ထိုသို့ကြီးရင့်သော အခါမှ မင်းအဖြစ်ကို ရသည်ရှိသော် မင်းအဖြစ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ခမည်းတော်ကိုသတ်၍ မင်းအဖြစ်ကိုယူအံ့" ဟု ကြပြီးလျှင် ဘုရားလောင်းအား ထိုအကြောင်းကို ကြား၏။

မိတ်ဆွေ တားမြစ်

ဘုရားလောင်းသည် "အရှင့်သား....ပိတုဃာတကကံ မည်သည်ကား အလွန် ဝန်လေးစွာ၏၊ ငရဲသို့ လားရအံ့သော အကြောင်းတည်း၊ အဘကို သတ်ခြင်းကို ပြုအံ့သောငှာ မတတ်ကောင်း၊ မပြုလင့်" ဟု တားမြစ်၏။

သံကိစ္စ တောထွက်သွား

ထို အိမ်ရှေ့မင်းသည် အဖန်တလဲလဲ ပြောဆို၍ သုံးကြိမ်မြောက်အောင် ထိုဘုရားလောင်းသည် တားမြစ်လျှင် ခြေရင်း၌ ခစားကုန်သော သူတို့နှင့် တိုင်ပင်၏။ ထိုခြေရင်း၌ ခစားသော သူတို့သည်လည်း ဝန်ခံ၍ ဗြဟ္မဒတ်မင်းကြီး၏ သေခြင်းအကြောင်းကို စုံစမ်းကြကုန်၏။ ဘုရားလောင်းသည် ထိုအကြောင်းကိုသိ၍ "ငါသည် ထိုသူတို့နှင့်တကွတစ်ပေါင်းတည်း မဖြစ်အံ့" ဟု နှလုံးသွင်း၍ မိဘတို့ကို မပန်မူ၍လျှင် မြတ်သော တံခါးဖြင့် ထွက်ခဲ့၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ရသေ့ရဟန်းကို ပြုသဖြင့် စျာန်အဘိညာဉ်တို့ကို ဖြစ်စေ၍ တောသင်္ဃမြစ် သစ်သီးဟူသော အစာရှိသည်ဖြစ်၍ နေ၏။

အိမ်ရှေ့မင်းသည်လည်း ဘုရားလောင်း သွားသည်ရှိသော် ခမည်းတော် ဗြဟ္မဒတ်မင်းကြီးကိုသတ်၍ မျှားစွာသော မင်း၏စည်းစိမ်ကို ခံစား၏။ "သံကိစ္စ သတို့သားသည် ရဟန်းပြုသတတ်" ဟု ကြား၍ မျှားစွာကုန်သော အမျိုးသားတို့သည် အိမ်မှထွက်၍ ထို သံကိစ္စ သတို့သား၏အထံ၌ ရဟန်းပြုကြကုန်၏။ ထို သံကိစ္စရသေ့သည် မျှားစွာသော ရသေ့အပေါင်း ခြံရုံလျက် ထို ဟိမဝန္တာ၌သာလျှင် နေ၏။ အလုံးစုံသော ရသေ့တို့သည်လည်း စျာန်သမာဓိတ်ကို ရကုန်သလျှင်ကတည်း။ မင်းသည်လည်း ခမည်းတော်ကို သတ်ပြီးလျှင် အနည်းငယ်မျှသောကာလပတ်လုံး မင်းစည်းစိမ်ကို

www.dhammadownload.com

ခံစားရသဖြင့် ထိုအခါမှစ၍ ကြောက်လန့်လျက် စိတ်၏ချမ်းသာခြင်းကို မရသည်ဖြစ်၍ ငရဲ၌ ကမ္မကရဏာသို့ ရောက်သကဲ့သို့ ထင်၏။

မင်းကြီး မိတ်ဆွေကိုအောက်မေ့နေ

ထိုမင်းသည် ဘုရားလောင်းကို အောက်မေ့၏။ "ငါ့အဆွေ ဖြစ်သော သံကိုစွ သတို့သားသည် "အဘကိုသတ်သော ကံမည်သည်ကား အလွန် ဝန်လေးစွာ၏၊ မပြုလင့် ဟု တားမြစ်၍ ငါ့ကို မိမိစကားကိုယူစိမ့် သောငှာ မတတ်နိုင်သည်ဖြစ်၍ မိမိကိုယ်ကို အပြစ်မရှိသည်ကို ပြုလျက် ထုတ်ပြေးလေ၏။ ထို သံကိစ္စသည် ဤ အရပ်၌ အကယ်၍ရှိအံ့၊ ငါ့အား ပိတုဃာတကကံကို ပြုခြင်းငှာ မပေးလေရာ၊ ငါ၏ ဤ ကြောက်ရွံ့ထိတ်လန့်ခြင်းဘေးကိုလည်း ပယ်ဖျောက်လေရာ၏၊ ထို သံကိစ္စသည် ယခုအခါ အဘယ်မှာ နေလေသနည်း၊ ထို သံကိစ္စနေရာအရပ်ကို အကယ်၍ ငါသည် သိပါအံ့၊ ထို သံကိစ္စကို ခေါ်စေရလေ၏။ အဘယ်သူသည် ထို သံကိစ္စနေရာအရပ်ကို ငါ့အား ကြားလာပါအံ့နည်း" ဟု ကြံ၏။ ကြံပြီး၍ ဖြဟ္မဒတ်မင်းသည် ထိုအခါမှစ၍ နန်းတော်တွင်း၌ လည်းကောင်း၊ မင်းပဲ့သဘင်၌ လည်းကောင်း ထို ဘုရားလောင်း၏ ဂုဏ်ကျေးဇူးကိုသာလျှင် ပြောဆို၏။

သံကိစ္စရသေ့ ကြွလာ

ဤသို့လျှင် ရှည်သောကာလသို့ ရောက်လတ်သော် ဘုရားလောင်းသည် "ဖြဟ္မဒတ်မင်းသည် ငါ့ကို အောက်မေ့၏၊ ငါသည် ထိုဖြဟ္မဒတ်မင်း၏ နန်းတော်သို့သွား၍ ထိုမင်းအား တရားဟောသဖြင့် ထိုမင်းကို ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းသည်ကို ပြု၍လာခြင်းငှာ သင့်၏" ဟု အနှစ် ငါးဆယ်တိုင်တိုင်လုံး ဟိမဝန္တာ၌နေ၍ ရသေ့ငါးရာခြံရုံလျက် ကောင်းကင်ခရီးဖြင့်လာလတ်ပြီးလျှင် ဒါယပဿအမည်ရှိသော ဥယျာဉ်၌ သက်၍ ရသေ့အပေါင်းခြံရုံလျက် မင်္ဂလာကျောက်ဖျာအပြင်၌ နေတော်မူ၏။ ဥယျာဉ်စောင့်သည် ထိုဘုရားလောင်းကိုမြင်၍ "ဂိုဏ်းဆရာဖြစ်တော်မူသော အရှင်ဘုရား.... အရှင်ဘုရားကားအဘယ်အမည်တော် ရှိသနည်း" ဟု မေးလျှောက်၏။ "သံကိစ္စသုခမိန်မည်၏" ဟုကြား၍ ဥယျာဉ်စောင့်သည်လည်း သိလျှင် "အရှင်ဘုရား....အကြင်မျှလောက် အကျွန်ုပ်သည် အရှင်မင်းကြီးကို ဆောင်ပါခဲ့ဦးအံ့၊ ထိုမျှလောက် အရှင်ဘုရားတို့သည် ဤအရပ်၌ နေတော်မူပါဦးလော့၊ အကျွန်ုပ်တို့ အရှင်မင်းကြီးသည် အရှင်ဘုရားတို့ကို

www.dhammadownload.com

ဖူးမြင်လိုပါ၏''ဟု ပန်လျှောက်သဖြင့် ရှိခိုးပြီး လျင်မြန်စွာ မင်း၏ နန်းတော်သို့သွားပြီးလျှင် သံကိစ္စ ရှင်ရသော့ ရောက်လာသောအကြောင်းကို မင်းအား တင်လျှောက်၏။

မင်းကြီး ဆည်းကပ်ခြင်းပြီ

ဗြဟ္မဒတ်မင်းသည် ထိုရသေ့အထံသို့ သွား၍ ပြုအပ်သည်နှင့်ယှဉ်သော အဆောက်အဦကို ပြု၍ ပြဿနာမေးလျှောက်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်—

၆၇။ ဒိသွာ နိသိန္နံ ရာဇာနံ၊ ဗြဟ္မဒတ္တံ ရထေသဘံ။
အထဿ ပဋိဝေဒေသိ၊ ယထာသိ အနုကမ္မကော ။လ။

၇၄။ ကံ ဂတိ ပေစ္စ ဂစ္ဆန္တီ၊ နရာ ဓမ္မာတိစာရိနော။
အတိစိဏ္ဏော မယာ ဓမ္မော၊ တံ မေ အက္ခာဟိ ပုစ္ဆိတော—

ဟူသော ဤရှစ်ဂါထာတို့ကို ဟောတော်မူ၏။

၆၇။ ဘိက္ခဝေ၊ ရဟန်းတို့။ သောဥယျာနပါလော၊ ထိုဥယျာဉ်စောင့်သည်။ ရာဇာနံ-ရာဇသဘာယံ၊ မင်းကွန်း၌။ နိသိန္နံ၊ နေသော သံယံစ္စရသေ့ကို။ ဒိသွာ၊ မြင်၍။ အထ၊ ထို့သို မြင်ပြီးသောနောင်မှ။ ယဿ၊ အကြင် သံကိစ္စရသေ့အား။ အနုကမ္မကော၊ အစဉ်အောက်မေ့သည်။ အသိ၊ ဖြစ်၏။ အဿ၊ ထို သံကိစ္စရသေ့အား။ အနုကမ္မံ၊ အစဉ်အောက်မေ့ထသော။ ရထေသဘံ၊ ရထားစီးချင်း မင်းဘကာတို့ထက် မြတ်ထသော။ ဗြဟ္မဒတ္တံ၊ ဗြဟ္မဒတ်မင်းကြီးကို။ ပဋိဝေဒေသိ၊ ကြားလျှောက်၏။

၆၈။ မဟာရာဇ၊ မင်းမြတ်။ ဣသိနံ၊ ရသေ့တကာတို့ထက်။ သာဓုသမ္မတော၊ ကောင်းမြတ်၏ဟု သမုတ်အပ်သော။ အယံ သံကိစ္စော၊ ဤ သံကိစ္စရှင်ရသေ့သည်။ အနုပဗ္ဗတ္တော၊ ရောက်လာတော်မူ၏။ တရ-မာနရူပေါ၊ အဆောတလျင်။ နိယျာဟိ၊ ကြွဘော်မူပါလော့။ မဟာသိနံ၊ သီလကွန်ရှ အစရှိသော ကျေးဇူးအပေါင်းကို ရှာမှီးလေ့ရှိသော ရှင်ရသေ့ကို။ ခိပ္ပံ၊ လျင်စွာ။ ပဿ၊ ဖူးမြင်တော်မူပါလော့။ ဘိက္ခဝေ၊ ရဟန်းတို့၊ တတော၊ ထို့သို ကြားလျှောက်ပြီးသော နောင်မှ။ ရထေသဘော၊ ရထားစီးချင်း မင်းတကာတို့ထက် မြတ်သော။ ရာဇာ၊ ဗြဟ္မဒတ်မင်းသည်။

www.dhammadownload.com

တရမာနရူပေါ၊ အဆောတလျင်။ ယုတ္တံ၊ က-အပ်သော။ သန္ဒနံ၊ ရထားထက်သို့။ အာရုယှ၊ တက်စီး၍။ မိတ္တာမစ္စ ပရိဗျူဠ္ဆော၊ ချစ်ကျွမ်းဝင်သော မှူးတော် မတ်တော်အပေါင်းခြံရံလျက်။ အဂမာသိ။ သွားလေ၏။

၆၉။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာသိနံ၊ ကာသိတိုင်းသူတို့၏။ ရဋ္ဌဝဏ္ဏနော။ တိုင်းပြည်သူအပေါင်းတို့ကို ပွားစေတတ်သော။ ရာဇ၊ ဗြဟ္မဒတ်မင်းကြီးသည်။ ဝါဠဗီဇနီ၊ သာမြီးယပ် လည်းကောင်း။ ဥဏှီသဉ္ဇ၊ ရှေသင်းကျစ် လည်းကောင်း။ ခဂ္ဂဥ္ဇ၊ သန်လျက်လည်းကောင်း။ ဆတ္တဥ္ဇ၊ ထီးဖြူလည်းကောင်း။ ဥပါဟနဥ္ဇ၊ ရှေခြန်းလည်းကောင်း။ ဣတိ၊ ဤသို့။ ပဋိကကုဓာနိ၊ ငါးပါးကုန်သော မင်းမြောက်တန်ဆာတို့ကို။ နိက္ခိပ၊ ထားခဲ့၍။

၇၀။ ယာနမှာ၊ ရထားထက်မှ။ ဩရုယှ၊ သက်၍။ ပဋိစ္ဆဒံ၊ မင်းမြောက်တန်ဆာ ငါးပါးကို။ ဌပယိတ္ဝာ၊ ဘဏ္ဍာစိုးလက်၌ ထားခဲ့၍။ ဒါယပဿသို့၊ ဒါယပဿ အမည်ရှိသော ဥယျာဉ်တော်၌။ အာသိနံ၊ နေလင့်သော။ သံကိစ္စံ၊ သံကိစ္စရှင်ရသေ့သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။

၇၁။ ဘိက္ခဝေ၊ ရဟန်းတို့။ သော ရာဇာ၊ ထို ဗြဟ္မဒတ်မင်းကြီးသည်။ ဥပသင်္ကမိတ္ဝာ၊ ကပ်လေပြီး၍။ ဣသိနာ၊ သံကိစ္စရှင်ရသေ့နှင့်။ သဟ၊ အတူတကွ။ သမ္မောဒိ၊ ဝမ်းမြောက်ဝမ်းသာ ပြောဟော၏။ တံကထံ၊ ထို ဝမ်းမြောက်ဝမ်းသာ ပြောဟောသော စကားကို။ ဝီတိသာရေတ္ဝာ၊ ဆုံးစေပြီး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ ဥပဝိသိ၊ ကပ်၏။

၇၂။ ဧကမန္တံ၊တင့်အပ်လျောက်အပတ်သော အရပ်၌။နိသိန္နော၁၊ နေပြီးသာလျှင်။ အထပစ္ဆာ၊ ထို့နောင်မှ။ ကာလံ၊ ပြဿနာမေးအံ့သော ကာလကို။ အမညထ၊ သိ၏။ တတော၊ ထိုသို့သိပြီးသောနောင်မှ။ ပဂါပါနိ ကမ္မာနိ၊ မကောင်းမှုကံတို့ကို။ပုစ္ဆိတုံ၊ မေးအံ့သောဌာ။ ပဋိပဇ္ဇထ၊ ဆည်းကပ်လေ၏။

၇၃။ ဧကသိနံ၊ ရသေ့အပေါင်းတို့တွင်။ သာဓုသမ္မတံ၊ သူတော်ကောင်းဟု သမုတ်အပ်သော။ ဧကသိသံဃပုရက္ခတံ၊ ရသေ့အပေါင်းသည်

www.dhammadownload.com

ခြံရံအပ်သော။ ဒါယပဿဿို့၊ ဒါယပဿအမည်ရှိသော ဥယျာဉ်တော်၌။ အာသီနံ၊ နေသော။ သံကိစ္စံ၊ သံကိစ္စအမည်ရှိသော။ ဣသိ့ ရှင်ရသေ့ကို။ ပုစ္ဆာမိ၊ မေးလျှောက်၏။

၃၄။ ဘန္တေ၊ အရှင်ဘုရား။ ဓမ္မာတိစာရိနော၊ ကုသိုလ်ဆယ်ပါးတရားကိုလွန်၍ ကျင့်ကုန်သော။ နရာ၊ လူတို့သည်။ ပေစ္စ၊ တမလွန်ဘဝ၌။ ကံ ဂတိ့၊ အဘယ်မည်သောဂတိသို့။ ဂစ္ဆန္တိ၊ သွားရကုန်အံ့နည်း။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ အာကျန့်ပ်သည်။ ဓမ္မော၊ သုစရိုက်တရားကို။ အတိစိဏ္ဏော၊ လွန်၍ကျင့်မိ၏။ ပုစ္ဆိတော၊ မေးအပ်သော အရှင်ဘုရားသည်။ တံ၊ ထိုအကြောင်းကို။ မေ၊ အကျန့်ပ်အား။ အက္ခာဟိ၊ ကြားတော်မူပါလေ့။

ရသေ့ကြီး တရားဟောခြင်း

ထိုသို့မေးလျှောက်သော စကားကိုကြား၍ ဘုရားလောင်းသည် မြတ်သော "မင်းကြီး....ထိုသို့တပြီးကား နာတော်မူလေ့" ဟု ဆို၍ ရှေးဦးစွာ အဆုံးအမကို ပေးတော်မူ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၃၅။ ဣသိ အဝစ သံကိစ္စော၊ ကာသီနံ ရဋ္ဌဝဍ္ဎနံ။
အာသီနံ ဒါယပဿသ္မိံ၊ မဟာရာဇ သုဏောဟိမေ။

၃၆။ ဥပ္ပထေန ဝဇန္တဿ၊ ယော မဂ္ဂ မနုသာသတိ။
တဿ စေ ဝစနံ ကယိရာ၊ နာဿ မဂ္ဂေယျ ကဉ္စနော။

၃၇။ အဓမ္မံ ပဋိပန္နဿ၊ ယော ဓမ္မ မနုသာသတိ။
တဿ စေ ဝစနံ ကယိရာ၊ နာသေ ဂစ္ဆေယျ ဒုဂ္ဂတိ့—

ဟူသော ဤသုံးဂါထာတို့ကို ဟောတော်မူ၏။

၃၅။ ဘိက္ခဝေ၊ ရဟန်းတို့။ အာသီနံ၊ ရသေ့တို့၏။ ဒါယပဿသ္မိံ၊ နေရာဖြစ်သော ဒါယပဿ အမည်ရှိသော ဥယျာဉ်၌။ ကာသီနံ၊ ကာသီတိုင်းသူတို့၏။ ရဋ္ဌဝဍ္ဎနံ၊ တိုင်းပြည်သူအပေါင်းကို ပွားစေတတ်သော ဗြဟ္မဒတ်မင်းကြီးကို။ သံကိစ္စော၊ သံကိစ္စ အမည်ရှိသော။ ဣသိ၊

(ဟုတ်ခဲ့ပြီဟုဆုံး ၊၉-၀၆၆)



www.dhammadownload.com

www.dhammadownload.com

ရှင်ရသေ့သည်။ မဟာရာဇ၊ မင်းမြတ်။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏောဟိ၊ နာလော့။ ဣတိ၊ ဤသို့။ အဝစ၊ ဆိုလေ၏။

၇၆။ မဟာရာဇ၊ မင်းမြတ်။ ယော ဣသိ၊ အကြင်ရသေ့သည်။ ဥပ္ပထေန၊ ခိုးသူရှိသောခရီးဖြင့်။ ဝဇန္တဿ၊ သွားသော ယောကျွဲးအား။ မဂ္ဂံ၊ ဘေးမရှိသောခရီးကို။ အနုသာသတိ၊ ကြား၏။ တဿ-ဣသိနော၊ ထိုဘေးမရှိသော ခရီးကိုကြားသော ရှင်ရသေ့၏။ ဝစနံ၊ စကားကို။ စေကယိရာ၊ အကယ်၍ လိုက်နာငြားအံ့။ အဿ ပုရိသဿ၊ ထိုသို့လိုက်နာသော ယောကျွဲး၏။ မုခံ၊ မျက်နှာကို။ ကဏ္ဍကော၊ ခိုးသူသည်။ န မဂ္ဂေယျ၊ မမြင်ရာ။

၇၇။ မဟာရာဇ၊ မင်းမြတ်။ ယော ဣသိ၊ အကြင်ရသေ့သည်။ အဓမ္မံ၊ ဒုစရိုက်တရားကို။ ပဋိပန္နဿ၊ ကျင့်သော ယောကျွဲးအား။ ဓမ္မံ-ဓမ္မေန၊ သုစရိုက်တရားဖြင့်။ အနုသာသတိ၊ ဆုံးမ၏။ တဿ ဣသိနော၊ ထိုရှင်ရသေ့၏။ ဝစနံ၊ စကားကို။ စေ ကယိရာ၊ အကယ်၍ လိုက်နာငြားအံ့၊ သော ပုရိသော၊ ထိုလိုက်နာသော ယောကျွဲးသည်။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိသို့။ န ဂစ္ဆေယျ၊ မလားရာ။

ဤသို့လျှင် ဘုရားလောင်းသည် ထိုဗြဟ္မဒတ်မင်းအား အဆုံးအမကို ပေးတော်မူပြီး၍ အလွန်လည်း ငရဲကြီးရှစ်ထပ် အစရှိသည်တို့ကို ဖွင့်လှစ်၍ ပြတော်မူသဖြင့် ထိုမင်းအား တရားဟောပြန်လိုရကား--

၇၈။ ဓမ္မော ပထော မဟာရာဇ၊ အဓမ္မော ပန ဥပ္ပထော။
အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ ။လ။

၁၃၄။ ယေ မိဂေန မိဂံ ဟန္တိ၊ ပက္ခီ ဝါ ပန ပက္ခိနော။
အဿန္တော ရဇသာ ဆန္နာ၊ တာ ဂတေ နိရယုဿဒံ--

ဟူသော ဤငါးဆယ့်သုံးဂါထာတို့ကို ဟောတော်မူ၏။

၇၈။ မဟာရာဇ၊ မင်းမြတ်။ ဓမ္မော ကုသိုလ် ကမ္မပထ တရားဆယ်ပါးသည်။ ပထော၊ ကောင်းမှုကို ပြုသောသူတို့၏ သွားရာဖြစ်သော ဘေးမရှိသော မြတ်သောခရီးမတည်း။ အဓမ္မောပန၊ အကုသိုလ်ကမ္မပထ။

www.dhammadownload.com

တရားဆယ်ပါးသည်ကား။ ဥပပဒေါ၊ မကောင်းမှုကို ပြုသောသူတို့၏ သွားရာဖြစ်သော ဘေးနှင့်တကွသော ခရီးတည်း။ အဓမ္မော၊ အကုသိုလ် တရားသည်။ နီရယံ၊ ငရဲသို့။ နေတိ၊ ဆောင်တတ်၏။ ဓမ္မော၊ ကုသိုလ် တရားသည်။ သုဂ္ဂတိ ံ၊ သုဂတိဘဝသို့။ ပါပေတိ၊ ရောက်စေတတ်၏။

၃၉။ ရာဇ၊ မင်းမြတ်။ အဓမ္မစာရိနော၊ မကောင်းသော အကျင့်ကို ကျင့်လေ့ရှိကုန်သော။ ဝိသမဇီဝိနော၊ မကောင်းသော အသက်မွေးခြင်း ရှိကုန်သော။ ယေ နရာ၊ အကြင်သတ္တဝါတို့သည်။ ပေစ္စ၊ တမလွန်ဘဝ၌။ ယံ ဂတိ ံ၊ အကြင်ငရဲသို့။ ဂစ္ဆန္တိ၊ သွားရကုန်၏။ ုံတေသံ နရာနံ၊ ထိုသတ္တဝါတို့၏။ တေ နိရယေ၊ ထိုငရဲတို့ကို။ မေ၊ ငါ၏။ သန္တိကာ၊ အထံမှ၊ သုဏောဟိ၊ နာလော။

ငရဲကြီးရှစ်ထပ်

၈၀။ မဟာရာဇ၊ မင်းမြတ်။ သဉ္ဇီဝေါ၊ သဉ္ဇီုးငရဲလည်းကောင်း၊ ကာဠသုတ္တော စ၊ ကာဠသုတ် ငရဲလည်းကောင်း။ သံဃာတော စ၊ သံဃာတ ငရဲ လည်းကောင်း။ ဒွေစ ရောရုဝေါ၊ ဇာလရောရုဝ, ဓူမရောရုဝ ငရဲ နှစ်ပါးတို့ လည်းကောင်း။ အထာပရော၊ ထိုမှတစ်ပါး။ မဟာအဝီစိ စ၊ မဟာအဝီစိငရဲ လည်းကောင်း။ တာပနော စ၊ တာပနငရဲလည်းကောင်း။ မဟာတာပနော စ၊ မဟာတာပန ငရဲ လည်းကောင်း။

၈၁။ ဣတိ၊ ဤသို့။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ဧတေနိရယာ၊ ထို ငရဲကြီးတို့ကို။ အက္ခာတာ၊ ဟောတော်မူအပ်ကုန်၏။ ဒုရတိက္ကမာ၊ လွန်နိုင်ခဲကုန်၏။ လုဒ္ဒကမေဓိ၊ ကြမ်းကြုတ်သော အမှုကို ပြုတတ်ကုန်သော ငရဲထိန်းတို့ဖြင့်။ အာကိဏ္ဏာ၊ ပြွမ်းကုန်၏။ ပဓော်ကာ၊ တစ်ခုတစ်ခုသော ငရဲကြီးကိုစွဲ၍။ သောဋ္ဌသုဿဒါ၊ တစ်ဆယ့်ခြောက်ပါးကုန်သော ဥဿဒ ငရဲတို့သည်။ သန္တိ၊ ရှိကုန်၏။

ဝန်တိုသူတို့ ငရဲ

၈၂။ ကဒရိယာ၊ ဝန်တိုစဉ်းလဲသော သူတို့သည်။ တာပနာ၊ ကျရာခံရာ ဖြစ်ကုန်၏။ ဃောရာ၊ ကြမ်းကြုတ်ကုန်၏။ အစ္စိမန္တော၊ အရောင်ရှိကုန်၏။ မဟာဒုက္ခာ၊ ကြီးသောဘေးရှိကုန်၏။ လောမဟံသနရူပါ၊ ကြက်သီးမွေးညင်းထဖွယ် ရှိကုန်၏။ ဘေဟဝေါ၊ အလွန် ကြောက်မက်ဖွယ် ရှိကုန်၏။ ပဒ္ဒိဘယာ၊ ဘေးကိုဖြစ်စေတတ်ကုန်၏။ ဒုက္ခေ၊ ဆင်းရဲကုန်၏။

www.dhammadownload.com

၈၃။ စတုကဏ္ဍာ၊ လေးထောင့် ရှိကုန်၏။ စတုဒ္ဒါရာ၊ တံခါး လေးမျက်နှာ ရှိကုန်၏။ ဝိဘတ္တာ၊ လေးတံခါးစီ ဝေဖန်အပ်ကုန်၏။ ဘာဂသော၊ တံခါးခရီးမအားဖြင့်။ မိတာ၊ နှိုင်းယှဉ်အပ်ကုန်၏။ အယော ပါကာရ ပရိယန္တာ၊ သံတံတိုင်းလျှင် အဆုံးရှိကုန်၏။ အယသာ၊ ကိုးယူဇနာ ရှိသော သံအိုးကင်းဖြင့်။ ပဋိကုဋိတာ၊ ဖုံးအုပ်ကုန်၏။

၈၄။ မဟာရာဇ၊ မင်းမြတ်။ တေသံ နိရယာနံ၊ ထိုငရဲတို့၏။ ဘူမိ၊ မြေတို့သည်။ အယောမယာ၊ သံဖြင့် ပြီးကုန်၏။ ဇလိတာ၊ အလျှံပြောင်ပြောင်တောက်သော။ တေဇသာ၊ မီးနှင့်။ ယုဘာ၊ ယှဉ်ကုန်၏။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ယောဇနသတံ၊ ယူဇနာ တစ်ရာတိုင်အောင်။ ဖုဋ္ဌာ။ ထိကုန်လျက်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ တိဋ္ဌန္တိ၊ တည်ကုန်၏။

ရသေ့ရဟန်းကို ဆဲသူတို့ငရဲ

၈၅။ မဟာရာဇ၊ မင်းမြတ်။ ယေ၊ အကြင်သူတို့သည်။ တပဿိနံ၊ ခြိုးခြံစွာသော အကျင့်ရှိကုန်သော။ သညတာနံ၊ ကိုယ်, နှုတ်, နှလုံးကို စောင့်ရှောက် တတ်ကုန်သော။ ဣသီနံ၊ ရသေ့တို့အား။ အတိဝတ္တာရော၊ ကြမ်းကြုတ်သော စကားတို့ဖြင့် လှန်ကျူး၍ ဆိုတတ်ကုန်၏။ ဇတေ၊ ထိုသူတို့သည်။ ဥဒ္ဓံပါဒါ၊ ခြေကားမိုးမြှောက်၊ အဝံသိရာ၊ ဦးခေါင်းစောက်ထိုး။ နိရယေ၊ ငရဲ၌။ ပတန္တိ၊ ကျကုန်၏။

၈၆။ မဟာရာဇ၊ မင်းမြတ်။ ဘူနဟုနော၊ မိမိ အစီးအပွားကို ဖျက်ဆီးတတ်ကုန်သော။ တေ၊ ထိုရသေ့တို့အား ကြမ်းကြုတ်သောစကား ဖြင့် လှန်ကျူး၍ ဆိုတတ်ကုန်သောသူတို့သည်။ ဗိလက်တာ၊ အပိုင်းအပိုင်း ပြု၍ ချက်အပ်ကုန်သော။ မစ္ဆာယထာ၊ ငါးတို့ကဲ့သို့။ပစ္စန္တိ၊ကျက်ကုန်၏။ ကိဗ္ဗိသကာရိနော၊ ကြမ်းကြုတ်သောအမှုကို ပြုလေ့ ရှိကုန်သော။ နရာ၊ လူတို့သည်။ သံဝစ္ဆရေ၊ နှစ်တို့ကို။ အသံခေယျ၊ မရေ မတွက်နိုင်ကုန်။ မဟာရာဇ၊ မင်းမြတ်။ နိစ္စံ၊ အမြဲ။ အန္ဓရဗဟိရံ၊ ကိုယ်တွင်း ကိုယ်ပကို။ ဒုယ္ဘမာနေန၊ လောင်သော။ ဂတ္တေန၊ ကိုယ်ဖြင့်။ နိရယာ၊ ငရဲမှ။ နိက္ခမနံ၊ ထွက်ခြင်းကို။ သေနော၊ ရှာကုန်သောငရဲသူတို့သည်၊ ဒုါရံ၊ တံခါးကို။ နာဓိဂစ္ဆန္တိ၊ မရကုန်။

www.dhammadownload.com

၈၇။ မဟာရာဇ၊ မင်းမြတ်။ တေ၊ ထိုငရဲသူ သတ္တဝါတို့သည်။ ပုရတ္ထိမေန၊ အရှေ့မျက်နှာဖြင့်။ ဓာဝန္တီ၊ ပြေးလေကုန်၏။ တတော၊ ထိုအရှေ့မျက်နှာမှ။ ပစ္ဆတော၊ အနောက်မျက်နှာဖြင့်။ ဓာဝန္တီ၊ ပြေးလေကုန်၏။ တတော၊ ထိုအနောက်မျက်နှာမှ။ ဥတ္တရေန၊ မြောက်မျက်နှာဖြင့်။ ဓာဝန္တီ၊ ပြေးလေကုန်၏။ တတော၊ ထိုမြောက်မျက်နှာမှ။ ဒက္ခိဏံ၊ တောင်မျက်နှာသို့။ ဓာဝန္တီ၊ ပြေးလေကုန်၏။ ယံ ယဉ္စိဒ္ဓါရုံ၊ အကြင် အကြင် အမှတ်မရှိသော တံခါးသို့။ ဓာဝန္တီ၊ ပြေးလေကုန်၏။တံ တဒေဝ၊ ထိုသို့ အမှတ်မရှိသော တံခါးသည်လျှင်။ ပိဓိယျရေ၊ ပိတ်နှင့်လေ၏။

၈၈။ မဟာရာဇ၊ မင်းမြတ်။ နိရယဂါမိနော၊ ငရဲသို့ လားရကုန်သော။ ဇနာ၊ ငရဲသူသတ္တဝါတို့သည်။ ဗဟူနိ၊ များစွာကုန်သော။ သတသဟဿာနိ၊ အနှစ်တစ်သိန်းတို့ပတ်လုံး။ အနုပဂံ၊ အတိုင်းအရှည် မရှိသော။ ဒုက္ခံ၊ ဆင်းရဲသို့။ ပတ္တာ၊ ရောက်ကုန်သည်ဖြစ်၍။ ဗဟဟာ၊ လက်နှစ်ဖက်တို့ကို။ ပဂ္ဂယှ၊ ချီ၍။ ကန္ဒန္တီ၊ ငိုကြွေးကုန်၏။

၈၉။ မဟာရာဇ၊မင်းမြတ်။ တေဇသာ၊ တန်ခိုးဖြင့်။၊ဒုရတိက္ကမေ၊ လွန်နိုင်ခဲကုန်သော။ သာဓုရူပေ၊ ကောင်းသောသဘောရှိကုန်သော ရဿေ့တို့ကို။ ကုပ္ပံဘံ၊ အမျက်ထွက်သော။ အာသီဝိသံ၊ မြွေဟောက်ကို။ ဃန္တေတိက္ကဝ၊ ပုတ်ခတ်သကဲ့သို့။ အာဒေသိ၊ပုတ်ခတ်၏။ သညတာနံ၊ ကိုယ်နှုတ်နှလုံး သုံးပါးကို စောင့်တတ်ကုန်သော။ တပဿီနံ၊ ကိလေသာကို ပူပန်စေတတ်သောအကျင့်ရှိကုန်သော ရဿေ့တို့ကို။ အာဒိဒေါ-ဃန္တန္တော၊ သတ်ပုတ်သော။ နရော၊ လူသည်။ အဒ္ဓသုနိရယေသု၊ ငရဲကြီးရှစ်ထပ်တို့၌။ ဥပဂစ္ဆေယျ၊ ကပ်လေဆ၏။

ငရဲကျသူပျားနှင့် အပြစ်

၉၀။ မဟာရာဇ၊ မင်းမြတ်။ အတိကာယော၊ ခွန်အားနှင့် ပြည့်စုံသော,ကြီးသော ကိုယ်လည်းရှိထသော။ မဟိဿာသော၊လေးသမားကြီးလည်း ဖြစ်ထသော။ ကေတကာဓိပေါ၊ ကေတကတိုင်းသူတို့၏အကြီးလည်း ဖြစ်ထသော။ အဇ္ဇုနော၊ အဇ္ဇုနမင်းသည် လည်းကောင်း။ သဟဿဗာဟု၊ လေးသမားငါးရာတို့သည် လက်ရုံးတစ်ထောင်တို့ဖြင့် တင်အပ်သော လေးကို တင်ခြင်းငှာ စွမ်းနိုင်သော လက်ရုံးရှိသောကြောင့်

www.dhammadownload.com

သဟဿဆေဟုအမည်ရှိသော' မင်းသည်းညည်းကောင်း။ ဂေါတမံ၊ဂေါတမ အနွယ်ဖြစ်သော။ ကျသိ်ံ၊ ရှင်ရသေ့ကို။ အာသဇ္ဇ၊ သတ်၍။ ဥစ္ဆိဒန္နော၊ ပျက်စီးခြင်းသို့ ရောက်၏။

၉၁။ မဟာရာဇ၊ မင်းမြတ်။ ဒဏ္ဍကီ၊ ဒဏ္ဍကီမင်းသည်။ ရဇသော၊ ကိလေသောဟူသော မြူအားဖြင့်။အရဇံ၊ မြူမရှိသော။ ကိသဝစ္ဆံ၊ ကိသဝစ္ဆ အမည်ရှိသော ရှင်ရသေ့ကို။ တာလော၊ ထန်းပင်ကို။ သမူလော၊ အမြစ်နှင့် တကွ။ ဆိန္နော၀၊ ဖြတ်သကဲ့သို့။ အ၀ကိရိယ၊ လွှန်ကျူး၍။ ဆိန္နော၊ ဖြတ်အပ်၏။ သ-သော ရာဇာ၊ ထို ဒဏ္ဍကီမင်းသည်။ ဝိဘ၀ံ၊ ပျက်စီး ခြင်းသို့။ ဂတော၊ ရောက်၏။

၉၂။ မဟာရာဇ၊ မင်းမြတ်။ မဇ္ဈော၊ မဇ္ဈအမည်ရှိသောမင်းသည်။ ယသဿီနော၊ များသော အခြံအရံရှိသော။ မာတင်္ဂိံ၊ မာတင်္ဂသုခမိန်၌။ ဥပဟစ္စမနံ၊ ပြစ်မှားသော စိတ်ရှိသည်ဖြစ်၍။ သပါရိသဇ္ဇော၊ ပရိသတ်နှင့် တကွ။ ဥစ္ဆိန္နော၊ ပျက်စီး၏။ တဒါ၊ ထိုအခါ၌။ မဇ္ဈရညံ၊ မဇ္ဈမင်း၏ တိုင်းပြည်သည်။ နဋ္ဌံ၊ ပျက်စီးသည်။ အဟု၊ ဖြစ်၏။

၉၃။ မဟာရာဇ၊ မင်းမြတ်။ အန္ဓကဝိန္ဒယော၊ အန္ဓကဝိန္ဒတိုင်း၌ နေသော သူတို့သည်။ ကဏ္ဍဒီပါယနံ၊ ကဏ္ဍဒီပါယန အမည်ရှိသော၊ ကျသိ်ံ၊ ရှင်ရသေ့ကို။ အာသဇ္ဇ၊ သတ်ကုန်၍။ အညမညံ၊ အချင်းချင်း။ မုသလာ-မုသလေန၊ ကျည်ပွေ့ဖြင့်။ ဟန္တွာ၊ သတ်ကုန်၍။ ယမသာဓနံ၊ ငရဲသို့။ သမ္ပတ္တာ၊ ရောက်ရကုန်၏။

၉၄။ မဟာရာဇ၊ မင်းမြတ်။ ကျသိနာ၊ ကပိလ ရှင်ရသေ့သည်။ သတ္ထော၊ ဆုံးမအပ်သော။ ပုရေ၊ ရှေးကာလ၌။ အန္တလိက္ခစရော၊ ကောင်းကင်၌သွားသော။ စစ္စော၊ စစ်တိယမင်းသည်။ ပတ္တာပရိယာယံ၊ သေခါနီးသို့ရောက်၍။ ဟီနတ္တော၊ ယုတ်မာသောကိုယ် ရှိသည်ဖြစ်၍။ ပထဝိံ၊ မြေထဲသို့။ ပါဝေက္ခိ၊ ဝင်လေ၏။

၉၅။ မဟာရာဇ၊ မင်းမြတ်။ တသ္မာဟိ၊ ထို့ကြောင့်လျှင်။ ဆန္ဒာဂမနံ၊ ဆန္ဒစသော လေးပါးသော မလားအပ်သည်သို့ လားခြင်းကို။

www.dhammadownload.com

ပဏ္ဍိတာ၊ ဘုရား အစရှိကုန်သော သူတော်ကောင်း အပေါင်းတို့သည်။ နပ္ပသံသန္တိ၊ မချီးမွမ်းကုန်။ အဒုဋ္ဌစိတ္တော၊ မပြစ်မှားဒသာ စိတ်ရှိသည် ဖြစ်၍။ သစ္စုပသဋ္ဌိတံ၊ မှန်သည်နှင့်စပ်သော။ ဂိရံ၊ စကားကို။ ဘာသေယျ၊ ပြောဆိုရာ၏။

၉၆။ မဟာရာဇ၊ မင်းမြတ်။ ဒယာ နရော၊ အကြင်သူသည်။ ပဒုဋ္ဌေန၊ ပြစ်မှားလိုသော။ မနသာ၊ စိတ်ဖြင့်။ ဝိဇ္ဈာစရဏသမ္ပန္နံ၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော။ မုနိံ၊ မြတ်စွာဘုရားကို။ စေပေက္ခတေ၊ အကယ်၍ ကြည့်ငြားအံ့။ သောနရော၊ ထိုသူသည်။ အဓောနိရယံ၊ အောက်ငရဲသို့။ ဂစ္ဆတော၊ သွားရလေ၏။

၉၇။ မဟာရာဇ၊ မင်းမြတ်။ ယော နရော၊ အကြင်သူတို့သည်။ ဖရုသံ၊ ရုန့်ရင်းကြမ်းကြုတ်စွာ။ ဥပက္ကမာ၊ လုံ့လဲပြုကုန်၍။ ဝုစ္စေ၊ ဝယဝုစ်, ဂုဏ်ဝုံ ဖြစ်သော သူတို့ကို။ ပရိဘာသန္တိ၊ ဆဲရေးစွပ်စွဲကုန်၏။ တေ ဇနာ၊ ထိုသူတို့သည်။ အနုပစ္စာ၊ သားသမီး မရှိကုန်သည်ဖြစ်၍။ အဒါယာဒါ၊ မယားလည်း မရှိကုန်သည်ဖြစ်၍။ တာလဝတ္ထာ၀၊ ထန်းပင်ငုတ်ကဲ့သို့။ ဘဝန္တိ၊ ဖြစ်ကုန်၏။

ကာဠသုတ်ဒေရဲ

၉၈။ မဟာရာဇ၊ မင်းမြတ်။ ယော နရော၊ အကြင်သူသည်။ မဟေသိနံ၊ သီလကွန်ခဲ့ အစရှိသော ကျေးဇူးအပေါင်းကို ရှာမှီးလေ့ရှိထသော။ ကတကိစ္စံ၊ ပြုအပ်ပြီးဒသာ ကိစ္စလည်း ရှိထသော။ ပဗ္ဗဇိတံ၊ ရသေ့ ရဟန်းကို။ ဟန္တိ၊ သတ်၏။ သော နရော၊ ထိုသူသည်။ ကာဠသုတ္တော၊ ကာဠသုတ် အမည်ရှိသော။ နိရယော၊ ငရဲ၌။ စိရရတ္တာယ၊ ကြာမြင့်စွာသော နေ့ညဉ့်ပတ်လုံး။ ပစ္စတိ၊ ခံရ၏။

တာပနငရဲ

၉၉။ မဟာရာဇ၊ မင်းမြတ်။ ယော စ ရာဇာ၊ အကြင် မင်းသည်ကား။ အဓမ္မဋ္ဌော၊ မင်းကျင့်တရားခ်မတည်၊ မိဂေါ ယထာ၊ သားမိုက်ကဲ့သို့။ ရဋ္ဌဝံဓံသနော၊ ဆန္ဒ အစရှိသည်တို့၏ အစွမ်းဖြင့်။ အဂတိံသို

www.dhammadownload.com

ရောက်၍ တိုင်းပြည်ကို ဖျက်ဆီးတတ်၏။ သောစရာဇာ၊ ထိုမင်းသည်ကား။ ဇနပဒံ၊ ဇနပုဒ် သူရှင် လူအပေါင်းကို။ တာဝဃိတ္တာ၊ ပူပန်စေတတ်သော ကြောင့်။ ပေစ္စ၊ တမလွန်ဘဝ၌။ တာပနေ၊ တာပန အမည်ရှိသော ငရဲ၌။ ပစ္စတိ၊ ခံရ၏။

၁၀၀။ မဟာရာဇ၊ မင်းမြတ်။ ယော စ ရာဇာ၊ အကြင် ဇနပုဒ်သူရှင်လူအပေါင်းကို ဖျက်ဆီးတတ်သော မင်းသည်ကား။ ဒိဗ္ဗာနိ၊ နတ်တို့၏ အာရေအတုက် ဖြစ်ကုန်သော။ သတံဝဿ သဟဿာနိ၊ အနှစ် တစ်သိန်း ကာလဲပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစ္စတိ၊ ခံရ၏။ သော ရာဇာ၊ ထိုမင်းသည်။ အစ္စိသံဃံ ပရေတာ၊ မီးလျှံအဒျင်းတို့ဖြင့် ခြံရံလျက်။ ဒုက္ခဝေဒနံ၊ ဆင်းရဲဝေဒနာကို။ ဝေဒေသိ၊ ခံရလေ၏။

၁၀၁။ မဟာရာဇ်၊ မင်းမြတ်။ တဿ နေရယိကဿ၊ ထို ငရဲသူသတ္တဝါ၏။ ကာယာ၊ ကိုယ်မှ။ အင်္ဂိသိခါ၊ မီးလျှံတို့သည်။ ပဘဿရာ၊ ပြိုးပြိုးပြက်။ နိစ္ဆရန္တိ၊ ထွက်ကုန်၏။ တေဇောဘက္ခဿ၊ မီးကို စားရသော ငရဲသူ၏။ ဂတ္ထာနိ၊ ကိုယ်တို့သည်။ လောမေဟိ စ၊ မွေးတွင်းတို့နှင့် လည်း ကောင်း။ နခေဟိ စ၊ ခြေသည်း လက်သည်းတို့နှင့် လည်းကောင်း။ သဒ္ဒံ၊ တက္ခ။ ပဘဿရာ၊ ပြိုးပြိုးပြက်။ နိစ္ဆရန္တိ၊ ထွက်ကုန်၏။

၁၀၂။ မဟာရာဇ၊ မင်းမြတ်။ သောနေရယိကော၊ ထိုငရဲသူသည်။ နိစ္စံ၊ အမြဲ။ အန္ဓာရဗဟိရံ၊ ကိုယ်တွင်းကိုယ်ပကို။ ဥယျမာနေန၊ လောင်သော။ ဂတ္တေန၊ ကိုယ်ဖြင့်။ ဒုက္ခာ ဘိတုဏ္ဏော၊ ဆင်းရဲဖြင့် အလွန် နှိပ်စက်အပ်သည်ဖြစ်၏။ တုတ္တမ္ပီတော၊ လုံချည်းတောင်းဖြင့် နှိပ်စက်အပ်သော။ နာဂေါ ယထာ၊ ဆင်ပြောင်ကဲ့သို့။ နဒတိ၊ ဟစ်ကြွေးငိုမြည်ရ၏။

ကာဠသုတဇာတ်

၁၀၃။ မဟာရာဇ၊ မင်းမြတ်။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ သေဝဘဝါ၊ ပြည်တိုင်းကားကို လိုချင်သဖြင့် လည်းကောင်း။ ဒေါသဘဝါ၊ ပြစ်မှားလိုသော စိတ်ဖြင့်လည်းကောင်း။ ပုရိသမဒါဝါ၊ ပုရိသမာန်ယစ်သဖြင့် လည်းကောင်း။ ပိတရံ၊ အဘကို။ ဟန္တိ၊ သတ်၏။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ကာဠဘုတ္တော၊ ကာဠသုတ် အမည်ရှိသော။

www.dhammadownload.com

နိုရယော၊ ငရဲ၌။ စိရရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး။ ပစ္စတိ၊ ခံရ၏။

အဘသတ်သူ

၁၀၄။ မဟာရာဇ၊ မင်းမြတ်။ တာဒိသော၊ ထိုသို့သဘောရှိသော။ သော ပုဂ္ဂလော၊ ထိုအဘကိုသတ်သောပုဂ္ဂိုလ်သည်။ လောဟကုမ္ဘိယံ၊ ကြေး အိုး၌။ ဝစ္စတိ၊ ခံရ၏။ ပက္ကဉ္စ၊ ကျက်သော ငရဲသူကိုလည်း။ သတ္တိဟိ၊ လုံတို့ဖြင့်။ ဟနန္တိ၊ ထိုးကုန်၏။ နိတ္တစံ၊ အရေမရှိသည်ကို။ ကရောန္တိ၊ ပြုကုန်၏။ တထာဝိဓံ၊ ထိုသို့အပြားရှိသော။ နရံ၊ အဘသတ် ငရဲသူကို။ အန္ဓံ၊ မျက်စိကန်းသည်ကို။ ကရိတ္ဝာ၊ ပြု၍။ မုတ္တကရီသံ၊ ကျင်ကြီးကျင်ငယ်ကို။ ဘက္ခံ ခါဒါပေန္တိ၊ စားစေကုန်၏။ ခါရေ၊ ကြေးနီ ရေ၌။ နိမုဇ္ဇန္တိ၊ ငုပ်စေကုန်၏။

၁၀၅။ မဟာရာဇ၊ မင်းမြတ်။ ရက္ခသော၊ ငရဲထိန်းတို့သည်။ တတ္တံ၊ ရဲရဲပြောင်ပြောင် တောက်လောင်သော။ ပက္ကုဓိတံ၊ ကျိုက်ကျိုက်ဆူသော။ အယော·ဂုဠဉ္စ၊ ကြေးနီစိုင်ကိုလည်းကောင်း။ စိရတ္တာပိတေ၊ ကြာမြင့်စွာ ပူစေအပ်ကုန်ပြီးသော။ ဒီဃေ၊ ရှည်ကုန်သော။ ဗလိသေ စ၊ သံများ ချိတ်တို့ကို လည်းကောင်း။ အာဒါယ၊ ယူ၍။ ရဇ္ဇုဘိ၊ ကြိုးတို့ဖြင့်။ ဝိဗဇ္ဈ၊ ဖဲ့၍။ ဝိကၠမ္မံ၊ ခံတွင်းကိုဖွင့်၍။ ဝိဝဠေ၊ ဟင်းလင်းသော။ မုခေ၊ ခံတွင်း၌။ သဝကန္တိ၊ ထည့်ကုန်၏။

၁၀၆။ မဟာရာဇ၊ မင်းမြတ်။ တဿပိတုဃာတကဿ၊ ထိုအဘ သတ်သော ငရဲသူ၏။ ဇိဝှံ၊ လျှာကို။ ဝိဘဇ္ဇေ၊ ဖြတ်၍။ သာမာ၊ ရွှေသော အဆင်းရှိကုန်သော။ သောဏာစ၊ ဆင် အတိုင်းအရှည် ရှိကုန်သော။ ခဒ္ဒ တို့သည် လည်းကောင်း။ သဗသာ၊ ပြောက်ကျားသော အဆင်းရှိကုန် သော။ သောဏာ စ၊ ဆင် အတိုင်းအရှည် ရှိကုန်သော ခဒ္ဒတို့သည် လည်းကောင်း။ အယောမုခါ၊ သံနှုတ်သီးရှိကုန်သော။ ဂိဒ္ဓာ စ၊ ဝန်တင် လှည်းအတိုင်း အရှည်ရှိကုန်သော လင်းလတို့သည် လည်းကောင်း။ ကာလောလ-သံဃာ စ၊ တောကျီးအပေါင်းတို့သည် လည်းကောင်း။ ဒီဇာ စ၊ ငှက်အပေါင်းတို့သည် လည်းကောင်း။ သံဂမ္မ၊ စည်းဝေးကြ၍။ ဝိယာသံ၊ ပင်ပန်းလှသော နွား, ကျဲ စသည်ကို။ သလော-ဟိထံ၊ သွေး

www.dhammadownload.com

နှင့်တကွ။ ခါဒန္တောဝိယ၊ စားကုန်သကဲ့သို့။ ဝိပ္ပန္နဓာနံ၊ တုန်လှုပ်သော ငရဲသူကို့။ မုရုံ၊ ကျတ်ကျတ်ကျတ်ကျတ် မြည်အောင်ဝါး၍။ ခါဒန္တီ၊ စားကုန်၏။

၁၀၇။ မဟာရာဇ၊ မင်းမြတ်။ ဥဇုတာလံ၊ မီးလောင်သော ထန်းပင်ကဲ့သို့။ သောကိုယ်ရှိသော။ ပရိဘိန္နဂတ္တံ၊ ဟစ်ကိုယ်လုံး အပေါက်ပေါက် ခုတ်ထွင်းအပ်သော ကိုယ်ရှိသော။ တံ၊ ထိုအဘကိုသတဲ့သောသူကို့။ ရက္ခသာ၊ ငရဲထိန်းတို့သည်။ နိပေါထယန္တာ၊ ပုတ်ခတ်ကုန်လျက်။ အနုဝိစရန္တီ၊ သွားကြကုန်၏။

၁၀၈။ မဟာရာဇ၊ မင်းမြတ်။ တေသံ၊ ထိုငရဲထိန်းတို့အား။ ရတီ၊ မွေ့လျော်ခြင်းတို့သည်။ ယောန္တိ၊ ဖြစ်ကုန်၏။ ဣတရေ ပန၊ ငရဲသူ သတ္တဝါတို့သည်ကား။ ဒုခိဒနာ၊ ဆင်းရဲကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မဟာရာဇ၊ မင်းမြတ်။ ဣဓလောကေ၊ ဤလူ့ရွာ၌။ ယေ ကေစိ၊ ခပ်သိမ်းကုန်သော။ ပေတ္တိဃာတိနော၊ အဘကို သတ်သောသူတို့သည်။ တောဒိသသ္မိံ၊ ဤသို့ သဘောရှိသော။ နိရယေ၊ ကြေးနီအိုးငရဲ၌။ ဝသန္တိ၊ နေရကုန်၏။

အမိသတ်သူ

၁၀၉။ မဟာရာဇ၊ မင်းမြတ်။ ပုဗ္ဗော၀၊ သားသည်လည်း။ မာတရံ၊ အမိကို့။ ဟန္ဒ၁၊ သတ်မိသောကြောင့်။ ဣတော၁၊ ဤလူ့ပြည်မှ။ ဂန္ဒ၁၊ သွားလေ၍။ ယမက္ခယံ၊ ယမမင်း၏နေရာ၌။ ဘုသံ၊ ပြင်းစွာသော။ ဒုက္ခံ၊ ဆင်းရဲသို့။ အာပဇ္ဇတေ၊ ရောက်၏။ အတ္တ ကမ္မဖလူပဂေါ၊ မိမိပြုသော မကောင်းမှုကံ၏ အကျိုးဖြင့် ကပ်ရလေ၏။

၁၁၀။ မဟာရာဇ၊ မင်းမြတ်။ ဇနယန္တိယာ၊ အမိကို့။ ဟန္ဒ၁န၊ သတ်မိသောကြောင့်။ အမနုဿ၊ ငရဲထိန်းတို့သည်။ အတိဗာဠာ၊ အလွန်ပြင်းစွာ။ အယောမယေဟိ၊ သံဖြင့်ပြီးကုန်သော။ ဝါဠေဟိ၊ လျော်တို့ဖြင့်။ ပုနပ္ပုနံ၊ အထပ်ထပ်။ ဝေဒေတ္၁၊ ရစ်၏။ အဘယန္တော်၊ သံယန္တရားခွဲ။ ပီဠေန္တိ၊ ကြိတ်ကုန်၏။

www.dhammadownload.com

၁၁၁။ မဟာရာဇ၊ မင်းမြတ်။ တံ မာတုယံ၊ ထိုအမိကို သတ်သော ငရဲသူကို။ သကာဂတ္တာ၊ မိမိကိုယ်မှ။ ဥဿဝံ၊ ယိုသောသွေးကို။ ပဿန္တံ၊ မြင်စဉ်ပင်လျှင်။ အာသ၊ ထိုငရဲသူသတ္တဝါ၏။ သမ္ဘဝံ၊ ကိုယ်ကောင်ပကတိ ဖြစ်ပြန်သောအခါ၌။ တမ္မလောဟဝိလီနံဝ၊ မြည့်မြည့်ကြသော ကြေးနီ ရေနှင့်တူသော။ တတ္တံ၊ ရဲရဲပြောင်ပြောင်တောက်သော။ ရုဓိရံ၊ သွေးကို။ ပါယေန္တီ၊ သောက်စေကုန်၏။

၁၁၂။ ဇိဂုစ္ဆံ၊ စက်ဆုပ်ဖွယ်သော။ ကုဏပံ၊ အကောင်ပုပ်လည်း ဖြစ်ထသော။ ပူတိ၊ ပုပ်သောအဖြစ်သို့လည်း ရောက်ထသော။ ဒုဂ္ဂန္ဓံ၊ အလွန်မကောင်းသော အနံ့လည်းရှိထသော။ ဂူထကဒ္ဒမံ၊ မစင်ဟုဆိုအပ်သော ညွန်လဲည်းဖြစ်ထသော။ ပုဗ္ဗလောဟိတသံကာသံ၊ သွေးပြည်နှင့်လည်းတူသော။ ရဟဒံ၊ အိုင်သို့။ ခိပေန္တီ၊ ပစ်ချကုန်၏။ သော၊ ထိုအမိကို သတ်သောငရဲသူသည်။ တံ ရဟဒံ၊ ထိုအိုင်သို့။ ဩဂုယ္ဟ၊ သက်၍။ တိဋ္ဌတိ၊ နေရ၏။

၁၁၃။ မဟာရာဇ၊ မင်းမြတ်။ တတ္ထ၊ ထိုမစင်ငရဲ၌။ တမေနံ၊ ထို အမိကိုသတ်သော ငရဲသူကို။ အဘိကာယ၊ ပိန်းကောလှေ အတိုင်းအရှည် ရှိသော ကိုယ်ရှိကုန်သော။ အယောမုခါ၊ သံအုပ်နှင့်တူသော . ထက်စွာ သော နှုတ်သီးရှိကုန်ဒသော။ ကိမိယော၊ ပိုးလောက်တို့သည်။ ဆဝိ၊ အရေ ကို။ ဘေတ္တွာန၊ ဖြတ်၍။ မံသလောဟိတေ၊ အသားအသွေးတို့ကို။ သံဂိဒ္ဓါ၊ ပြင်းစွာ ထိုးဆွကုန်လျက်။ ခါဒန္တိ၊ စားကုန်၏။

၁၁၄။ မဟာရာဇ၊ မင်းမြတ်။ သော စ၊ ထိုအမိကိုသတ်သော ငရဲသူသည်လည်း။ သတပေါရိသံ၊ အသူတရာနှက်သော။ တံ နိရယံ၊ ထိုငရဲသို့။ ပတ္တော၊ ရောက်၍။ နိမုဂ္ဂါ၊ နစ်သည်။ ဟောတိ၊ ဖြစ်၏။ ကုဏပံ၊ သင်ပုပ်အနံ့သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ သတယောဇနံ၊ ယူဇနာ တစ်ရာတိုင်တိုင်။ ပူတိကံ၊ အပုပ်အတိ။ ဝါတိ၊ လှိုင်၏။

၁၁၅။ မဟာရာဇ၊ မင်းမြတ်။ ဟိ-သစ္စံ၊ မှန်၏။ စက္ခုမတံပိ၊ မျက်စိ ရှိသော သူတို့၏လည်း။ စက္ခူနိ၊ မျက်စိတို့သည်။ တေန ဂန္ဓေန၊ ထိုအပုပ် နံ့ဖြင့်။ ဇိယျန္တိ၊ ကြေမွကုန်၏။ ပြဟ္မဒတ္တာ၊ ပြဟ္မဒတ်မင်းမြတ်။ မာတုယော၊

www.dhammadownload.com

အမိကိုသတ်သော ငရဲသူသည်။ ဘောဒိသံ၊ ထိုသို့ သဘောရှိသော။ ဒုက္ခံ၊ ဆင်းရဲကို။ လဘတေ၊ ရ၏။

ကိုယ်ဝန်ဖျက်ချသူ

၁၁၆။ မဟာရာဇ၊ မင်းမြတ်။ ဂင္ဘပါတိယော၊ ကိုယ်ဝန်ကိုချသော မိန်းမတို့သည်။ ဒုရဘိသမ္ဘဝံ၊ အလွန်ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော။ တိက္ခံ၊ ထက်လှစ္ဆာသော။ ခုရဓာရံ၊ သင်တုန်းသွားကို။ အနုက္ကမ္မ၊ လွန်၍။ ဒုဂ္ဂံ၊ ကူးနိုင်ခဲသော။ ဝေတ္တရဏီ၊ ဝေတ္တရဏီ အမည်ရှိသော။ နဒီ၊ ကြိမ်ပိုက်ချောင်းသို့။ ပတန္တိ၊ ကျကုန်၏။

၁၁၇။ မဟာရာဇ၊ မင်းမြတ်။ အယောမယာ၊ သံဖြင့်ပြီးကုန်သော။ သောဠသဂ်ုလိ ကဏ္ဏကာ၊ တစ်ဆယ့်ခြောက်လက်သစ် ပမာဏအဆူး ရှိကုန်သော။ သိမ္မလိယော၊ လက်ပံပင်၏ အခက်တို့သည်။ ဥဘတော-ဒ္ဓိသူ တီရေသု၊ ကမ်းနားနှစ်ဖက်တို့၌။ ဒုဂ္ဂံ၊ ကူးနိုင်ခဲသော။ ဝေတ္တရဏီ၊ ဝေတ္တရဏီ အမည်ရှိသော။ နဒီ၊ ကြိမ်ပိုက်ချောင်းသို့။ အဘိလမ္ဗန္တိ၊ တွဲရရှဲကျကုန်၏။

၁၁၈။ မဟာရာဇ၊ မင်းမြတ်။ တေရုက္ခာ၊ ထိုလက်ပံပင်တို့သည်။ အစ္ဆိမန္တော၊ အလှျပြောင်ပြောင် တောက်ကုန်လျက်။ ဒါရုနာ၊ ကြောက်မက်ဖွယ် ရှိကုန်သော။ အဂ္ဂိက္ခန္ဓာဝ၊ မီးပုံကြီးတို့ကဲ့သို့။ တိဋ္ဌန္တိ၊ တည်ကုန်၏။ အာဒိတ္တာ၊ ပြောင်ပြောင်တောက်သော အလှျတို့သည်။ ဇာတဝေဒေန၊ မီးအဟုန်ဖြင့်။ ဥဒ္ဒံ၊ အထက်သို့။ ယောဇနမုဂ္ဂတာ၊ တစ်ယူဇနာ တိုင်တိုင် တက်ကုန်၏။

လင်ငယ် မယားငယ်နေသူ

၁၁၉။ မဟာရာဇ၊ မင်းမြတ်။ အတိစာရာ၊ မိမိလင်ကို လွန်ကျူး၍ ကျင့်ကုန်သော။ နာရိယော စ၊ မိန်းမတို့သည် လည်းကောင်း။ ပရဒါရဂူ၊ သူတစ်ပါးမယားကို လွန်ကျူး၍ ကျင့်ကုန်သော။ နရာ စ၊ ယောကျ်ားတို့သည် လည်းကောင်း။ ဧတေ၊ ထိုသူတို့သည်။ တိဒိဏကဏ္ဏကော၊ ထက်စွာသော အဆူးရှိသော။ တတ္ထနိုရယော၊ ထို လုက်ပံပင် ငရဲ၌။ ဝဇန္တိ၊ တက်ရကုန်၏။

www.dhammadownload.com

၁၂၀။ မဟာရာဇ၊ မင်းမြတ်။ တေ၊ ထို မိမိလင်ကို လွန်ကျူးခြင်းကျင့်သော မိန်းမ, သူတစ်ပါးမယားကို လွန်ကျူးခြင်းကျင့်သော ယောကျ်ားတို့သည်။ အဓောက္ခန္ဓာ၊ ဥိးခေါင်းစောက်ထိုး။ ပတန္တီ၊ လဲက်ပံပင်မှ ကျကုန်၏။ ပုထူ၊ အသီးသီး။ ဝိဝတ္တာ၊ စုတ်ပြတ်သောကိုယ် ရှိကုန်သည်။ ဝိဟတ္ထာ၊ ပျက်စီးသောကိုယ် ရှိကုန်သည်။ ဝိနိဝိဒ္ဓင်္ဂါ၊ ထိုးကျင့်သောကိုယ် ရှိကုန်သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ သယန္တီ၊ အိပ်ရကုန်၏။ ဒီဃံ၊ မြင့်ရှည်စွာသော နေ့ညဉ့်ပတ်လုံး။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဇဂ္ဂန္တီ-နိဒ္ဒံ န ဩက္ကမန္တီ၊ မအိပ်ရကုန်။

၁၂၁။ မဟာရာဇ၊ မင်းမြတ်။ တတော၊ ထို့နောင်မှ။ မတျော-ဝိဝသာနေ၊ များစွာသော ညဉ့်တို့၏အဆုံး၌။ မဟာတီ၊ ကြီးမားသော။ ပဗ္ဗတူပမံ၊ ဘောင်အတိုင်းရှည်သော။ တတ္တံ၊ ပြောင်ပြောင်တောက်သော။ အင်္ဂီသမောဒကံ၊ မီးနှင့်တူသော ရေရှိသော။ လောဟကုမ္ဘိ ံ၊ ကြေးနီအိုး၌။ ပဝဋ္ဋန္တီ၊ ဝင်လျက် ငုပ်ရကုန်၏။

၁၂၂။ မဟာရာဇ၊ မင်းမြတ်၊ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ ဒိဝါစ၊ နေ့၌ လည်းကောင်း။ ရတ္တာ စ၊ ညဉ့်၌ လည်းကောင်း။ မောဟပါရုတာ၊ မောဟဖြင့် ဖုံးလွှမ်းအပ်ကုန်သော။ ဒုဿီလာ၊ သူတစ်ပါးမယားကို ပြစ်မှားတတ်ကုန်သော သူတို့သည်။ ဗုဇ္ဈေ၊ ရှုးခြင်း။ အတ္တာနော၊ မိမိ၏။ ဒုက္ကဋံ၊ မကောင်းသဖြင့် ပြုအပ်သောကံကို။ ပဋိစ္စ၊ စွဲ၍။ သကံ ကမ္မံ၊ မိမိပြုသော မကောင်းမှုကံကို။ အနုဘောန္တီ၊ ခံရကုန်၏။

၁၂၃။ မဟာရာဇ၊ မင်းမြတ်။ ဓနက္ကီတာ၊ ဥစ္စာဖြင့် ဝယ်အပ်ကုန်သော။ ယာ စ ဘရိယာ၊ အကြင်မယားသည်။ သာမိကံ၊ မိမိလင်ကို။ အတိမညတိ၊ မထီမဲ့မြင်ပြု၏။ သဿုဝါ၊ ယောကျ်မယောကျ်ား သူကိုလည်းကောင်း။ သဿုရံဝါ၊ ယောကျ်မ မိန်းမသူကို လည်းကောင်း။ ဇေဋ္ဌံဝါပိ၊ ခဲအိုကိုလည်းကောင်း။ ननန္ဒုံ ဝါ၊ ယောကျ်မကို လည်းကောင်း။ သတိမ့ညတိ၊ မထီမဲ့မြင်ပြု၏။ မဟာရာဇ၊ မင်းမြတ်။ တဿာ၊ ထိုငရဲသူမ၏။ မုခံ၊ ခံတွင်းကို။ အယသက်နော၊ သံချွန်းတောင်းဖြင့်။ ဝိဝရိတ္ဝာ၊ ဖွင့်၍။ ဝကေ်န။ သံများခြိတ်ဖြင့်။ ဇိဝ္ဟံ၊ လျှာဖျားကို။ နိဗ္ဗဟန္တိ၊ ငင်ထုတ်ကုန်၏။ သဗန္ဓနံ၊ ကြိုးဖြင့်ပဲ့လျက်။ ကာစုန္တိ၊ ငင်ကုန်၏။

www.dhammadownload.com

၁၂၄။ ကိမိနံ၊ ပိန်းကောကြီးမျလောက်သော ပိုးလောက်တို့ဖြင့် ပြည့်သော။ ဘဗျာမမတ္တံ၊ မိမိတစ်လံ အတိုင်းအရှည်ရှိသော။ အတ္တာနံ-သတ္တာနော၊ မိမိ၏။ ဇိဝှံ၊ လျှာကို။ ပဿတိ၊ မြင်ရ၏။ ဝိညာပေတုံ၊ ငရဲထိန်းတို့ကို တောင်းပန်ခြင်းငှာလည်း။ နသက္ကောတိ၊ မတတ်နိုင်။ ပေစ္ဈ၊ တစ်ဖန်လဲည်း။ တာပနေ၊ တာပန်ငရဲ၌။ ပစ္စတိ၊ ကျက်ရ၏။

တံငါမုဆိုး

၁၂၅။ မဟာရာဇ၊ မင်းမြတ်။ သြရဘ္ဘိကာ စ၊ ဆိတ်ကိုသတ်၍ အသက်မွေးသော သူတို့ကိုလည်းကောင်း။ သူကရိကာ စ၊ ဝက်ကိုသတ်၍ အသက်မွေးသောသူတို့ကိုလည်းကောင်း။ မစ္ဆိကာ စ၊ တံငါတို့ကို လည်းကောင်း။ မိဂဗန္ဓကာ စ၊ သားမုဆိုးတို့ကိုလည်းကောင်း။ စောရာစ၊ ခိုးသူတို့ကိုလဲည်းကောင်း။ ဂေါဃာတကာ စ၊ နွားသတ် ယောကျ်ားတို့ကို လဲည်းကောင်း။ လုဒ္ဒါစ၊ ရုန့်ရင်း ကြမ်းကြုတ်သော သူတို့ကို လည်းကောင်း။ အဝကဏ္ဏေ၊ မချိုးမွမ်းအပ်သောသူတို့ကို။ ဝဏ္ဏကာရကာ စ၊ ချိုးမွမ်းခြင်းကို ပြုတတ်သော သူတို့ကိုလည်းကောင်း။

၁၂၆။ သတ္တိဟိ စ၊ လုံတို့ဖြင့်လည်းကောင်း။ လောဟကုဋ္ဌေဟိ စ၊ သံဆောက်ပုတ်တို့ဖြင့်လည်းကောင်း။ နေတ္တိံသေဟိ စ၊ သန်လျက်တို့ဖြင့် လည်းကောင်း။ ဥသူဟိ စ၊ မြားတို့ဖြင့် လည်းကောင်း။ ဟညမာနာ၊ ညှဉ်းဆဲသတ်ပုတ်ကုန်လျက်။ အဝံသိရာ၊ ဦးခေါင်းစောက်ထိုး။ ခါရနဒီ၊ ကြိမ်ပိုက်ချောင်းသို့။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ သံပဟန္တိ၊ ပစ်ချကုန်၏။

လာဘ်စားသူ

၁၂၇။ မဟာရာဇ၊ မင်းမြတ်။ ကူဋဂါရီ၊ စဉ်းလဲစဉ်းစားတတ်ကုန်သော တရားသူကြီးစသော သူတို့ကို။ သာယံ ပါတော၊ ည, နံနက်။ အယောဂုဋ္ဌေဟိ၊ ပြောင်ပြောင်တောက်သော သံတွေ့ခဲတို့ဖြင့်။ ဟညတိ၊ ညှဉ်းဆဲ၏။ တကော၊ ထို့နောင်မှ။ ဒုရတ္တာနံ၊ ကူးခပ်နိုင်ခဲသော ကိုယ်ရှိသော တရားသူကြီးစသော ငရဲသူသတ္တဝါတို့သည်။ ပရေသံ၊ သူတစ်ပါးတို့၏။ ဝန္တံ၊ အန်ဖတ်ကို။ သဒါ၊ အခါခပ်သိမ်း။ ဘုဉ္ဇတော၊ စားရ၏။

www.dhammadownload.com

၁၂၈။ မဟာရာဇ၊ မင်းမြတ်။ ကိုဗ္ဗိသကာရကံ၊ ကြွမ်းကြုတ်သောအမှုကို ပြုတတ်ထသော။ ဝိပ္ပန္နမာနံ၊ တပြောင်းပြန်ပြန် တုန်လှုပ်ထသော။ နရံ၊ ငရဲသူသတ္တဝါကို။ အယောမုခါ၊ သံဖြင့်ပြီးသော နှုတ်သီး ရှိကုန်သော။ ဓင်္ကာ စ၊ စွန်ရဲတို့သည် လည်း ကောင်း။ ဘရေဏ္ဍကာ စ၊ မြေခွေးတို့သည် လည်းကောင်း။ ဂိဇ္ဈာ စ၊ ဝန်တင်လှည်းအတိုင်းအရှည်ရှိကုန်သော လင်းတတို့သည်လည်းကောင်း။ ကာကောလာစ၊ တောကြီးအပေါင်းတို့သည်လည်းကောင်း ။ခါဒန္တိ၊ ခဲကုန်၏။

မုဆိုးများ

၁၂၉။ မဟာရာဇ၊ မင်းမြတ်။ ရဇသာဆန္နာ၊ ကိလေသာတည်းဟူသောမြူဖြင့် မြှေးယှက်ဖုံးလွှမ်းအပ်ကုန်သော။ အသန္တေ၊ သူတော်ကောင်းမဟုတ်ကုန်သော။ ယေပဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ မိဂေန၊ သမင်တိန်ညင်ဖြင့်။ မိဂံ၊ သားအပေါင်းကို။ ဟန္တိ၊ သတ်ကုန်၏။ ပက္ခိနာ-ဝါပန၊ ငှက်တိန်ညင်ဖြင့်လည်း။ ပက္ခီ၊ ငှက်အပေါင်းကို။ ဟန္တိ၊ သတ်ကုန်၏။ တေပဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်။ နိရယုဿဒံ၊ ဥဿဒငရဲသို့။ ဂန္တွာ၊ လားရကုန်၏။

နတ်ပြည်ချမ်းသာ

ဤသို့လျှင် ဘုရားလောင်း သံကိုစွန့်ရင်ရသေ့သည် ဤမျှ အတိုင်းအရှည်ရှိသော ငရဲတို့ကို ဖွင့်လှစ်ဖော်ပြတော်မူပြီး၍ ယခုအခါ နတ်ပြည်ကိုဖွင့်လှစ်၍ ပြဟ္မဒတ်မင်းအား ပြတော်မူပြန်လိုရကား—

၁၃၀။ သန္တေဝ ဥဒ္ဒံ ဂစ္ဆန္တိ၊ သုစိဏ္ဏောနိဓ ကမ္မုနာ။
သုစိဏ္ဏာသာ ဖလံ ပဿ၊ သိန္ဒာ ဒေဝါ သဒြဟ္မကာ။

၁၃၁။ တံ တံဒြုမိ မဟာရာဇ၊ ဓမ္မံ ရဋ္ဌပတီ စရ။
တထာ ရာဇ စရာဟိဓမ္မံ၊
ယထာ တံ သုစိဏ္ဏံ နာနုတပ္ပေယျပစ္ဆာ—

ဟူသော ဤနှစ်ဂါထာကို ဆိုတော်မူ၏။

၁၃၀။ မဟာရာဇ၊ မင်းမြတ်။ သန္တော၊ ကိုယ် အစရှိသည်ဖြင့် ငြိမ်သက်ကုန်သော။ သိန္ဒာ၊ သိကြား နတ်မင်းနှင့် တကွကုန်သော။

www.dhammadownload.com

သဖြဟ္မကာ၊ ဖြဟ္မာနှင့်တကွကုန်သော။ ဒေဝါ၊ နတ်ဖြဟ္မာတို့သည်။ ၎ကြွေ၊ ကျိလှူ့ပြည်၌။ သုစိဏ္ဏော်နှ၊ ကောင်းစွာ ကျင့်အပ်သော။ ကမ္မုနှာ၊ ကံကြောင့်။ ဥဒ္ဓံ၊ နတ်ပြည် ဖြဟ္မာ့ပြည်သို့။ ဂစ္ဆန္တီ၊ သွားရကုန်၏။ သုစိဏ္ဏသ၊ ကောင်းစွာကျင့်ခြင်း၏။ ဖလံ၊ အကျိုးကို။ ပဿ၊ ရှုပါလော့။

၁၃၁။ မဟာရာဇ၊ မင်းမြတ်၊ တံ-တသ္မာ၊ ထို့ကြောင့်။ တံ၊ သင်မင်းကြီးကို။ ဗြူမိ၊ ငါဆိုအံ့။ ရဋ္ဌဝတီ၊ တိုင်းပြည်သူ အရှင်ဖြစ်ဘော်မူသော။ ရာဇ၊ မင်းမြတ်။ ဓမ္မံ၊ တရားကို။ စရ၊ ကျင့်လော့။ ယဿ၊ အကြင်အခြင်းဖြင့်။ ယံ ဓမ္မံ၊ အကြင်တရားကို။ သုစိဏ္ဏံ၊ ကောင်းစွာ ကျင့်သည်ရှိသော်။ ပစ္ဆာ၊ နောက်ကာလ၌၊ နာနုတပ္ပေယျ၊ မပူပန်ရာ၊တထာ၊ ထိုအခြင်းဖြင့်။ သုစိဏ္ဏံ၊ ကောင်းစွာကျင့်အပ်သော။ တံ ဓမ္မံ၊ ထိုတရားကို။ စရာဟိ။ ကျင့်တော်မူလော်။

ထိုဖြဟ္မဒတ်မင်းသည် ဘုရားလောင်း သံကိစ္စရှင်ရသေ့၏ တရားစကားကို ကြားနာရသဖြင့် ထိုနေ့မှစ၍ သက်သာရာကိုရ၏။ ဘုရားလောင်း သံကိစ္စရှင်ရသေ့သည်ကား အတန်ငယ် ထိုဥယျာဉ်၌နေ၍ မိမိဒနရာ ဟိမဝန္တာသို့သာလျှင် ကြွတော်မူ၏။

ဇာတ်ပေါင်း သဗ္ဗညုမြတ်စွာဘုရားသည် ဤသံကိစ္စဇာတ် ဓမ္မဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့....ယခုအခါ၌သာလျှင် ငါဘုရားသည် အဇာတသတ်မင်းကို သက်သာရာ ရစေတော်မူသည် မဟုတ်သေး၊ ရှေးဖြဟ္မဒတ်မင်းဖြစ်သောအခါ၌လည်း ဤအဇာတသတ်မင်းကို ငါဘုရားသည် သက်သာရာ ရစေတော်မူဖူးပြီ" ဟု မိန့်တော်မူ၍ "ယခုအခါ အဇာတသတ်မင်းသည် ထိုအခါ ဖြဟ္မဒတ်မင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ တပည့်ရသေ့အပေါင်းတို့ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သံကိစ္စရသေ့ ဖြစ်ဖူးပြီ" ဟု ဇာတ်ပေါင်းတော်မူ၏။

ဇရဲဖုံဖုံ၊ နတ်ပြည်ဘုံ၊ သိကုန် ကျင့်ကောင်းစွာ။
ခုနစ်ခုမြောက်သော သံကိစ္စဇာတ်သည် ပြီး၏။

www.dhammadownload.com

နိဂုံး

ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော ဆင်ဖြူမျှားရှင် ဘဝရှင်တရားမင်းမြတ်၏ သားတော်အကြီး မဟာဥပရာဇ်သည် အလွန်တရာ ခဲယဉ်းစွာသော ရခိုင်ပြည်ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ စီးပွားချမ်းသာအကျိုးငှာ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အရှေ့.မျက်နှာအရပ်၌ မဟာဥပရာဇ် မယ်တော် အရှင်မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျော်ကျောင်းတော်နေ ညောင်ကန်ဆရာတော်သည် မြန်မာပြန်ဆိုအပ်သော နှစ်ခုသောဇာတ်ဖြင့် တန်ဆာဆင်အပ်သော သင်္ဃနိပါတ် ဇာတ်ဝတ္ထုသည် ဤမျှသော သဒ္ဒါ၏ အစဉ်အနက်၏ အစဉ်အားဖြင့် အပြီးသို့ ရောက်၏။

ဇော်ဝတာ-

မင်္ဂလာဘုံမိကိတ္တိခေျ၊ ဝသတာ မန္ဒိရေ ရမေ။
ဂုရုနာ မြမ္မဘာသာယ၊ ဝုတ္တဂန္ဆော ဂတော နိဋ္ဌံ။

ဇော်ဝတာ၊ ဤမျှသော စကားအစဉ်ဖြင့်။ ရမေ၊ မွေ့.လျော်ဖွယ်ရှိသော။ မင်္ဂလာဘုံမိ ကိတ္တိခေျ၊ မင်္ဂလာဘုံကျော် အမည်ရှိသော။မန္ဒိရေ၊ အမရပူရမြို့တော်သည် ဆင်ဖြူမျှားရှင် ဘဝရှင် တရားမင်းမြတ်၏ မိဖုရားမြတ်သည် ဆောက်လုပ်အပ်သောကျောင်းတော်၌။ဝသတာ၊သီတင်းသုံးနေသော၊ ဂုရုနာ၊ ဆရာတော်သည်။ မြမ္မဘာသာယ၊ မြန်မာတိုင်းသူတို့၏ အဆိုအမိန့်ဖြင့်။ ဝုတ္တဂန္ဆော၊ ဆိုအပ်သော ဇာတ်ပေါင်း နှစ်ဇာတ်တို့ဖြင့် တန်ဆာဆင်အပ်သော သင်္ဃနိပါတ်ကျမ်းသည်။နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့၊ ဂတော၊ ရောက်၏။

သင်္ဃနိပါတ် ဇာတ်ဝတ္ထုသည် ဤတွင်ရှေ.ပြီးပြီ။

www.dhammadownload.com

ပုံတော်ပုံ

ငါးရှငါးဆယ်ဇာတ်ဝတ္ထု

သတ္တတိ နိပါတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁—ကုသဇာတ်

ကိလေသာအလိုသို့ မလိုက်သင့်ကြောင်း

ဟောတော်မူရာဌာန နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''ဣဒံ ဟေ ရဋ္ဌံ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤကုသဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် သာသနာတော်၌ ငြိုးငွေ့ဆန့်ကျင် မပျော်ရွှင်သည်ဖြစ်၍ လူထွက်ချင်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု သာဝတ္ထိပြည်၌နေသော အမျိုးသားဖြစ်သော ထို ရဟန်းသည် သာသနာတော်၌ အသက်ကိုစွန့်၍ ရဟန်းပြုသတတ်၊ တစ်နေ့သ၌ သာဝတ္ထိပြည်သို့ ဆွမ်းခံသွားသည်ရှိသော် တန်ဆာဆင်အပ်သော မိန်းမတစ်ယောက်ကို ''လက် ခြေ ဆံပင် အစရှိသော အလုံးစုံသော ကိုယ်အင်္ဂါသည် လွန်စွာ တင့်တယ်ပေစွတကား'' ဟူသော အယူကို ယူသော အားဖြင့် ကြည့်လေလျှင် ကိလေသာသည် လွန်စွာနှိပ်စက်လျက် သာသနာတော်၌ မမွေ့လျော်သည်ဖြစ်၍ နေ၏။ ရှည်သော ဆံ, လက်သည်း ရှိ

www.dhammadownload.com

သည်၊ ညစ်နွမ်းသော အဝတ်သက်န်းရှိသည်၊ ဖက်ရွက်ရော်ကဲ့သို့ ဖျော့တော့သော အဆင်း ရှိသည်ဖြစ်၍နေ၏။

နတ်တို့သေခါနီး

ဥပမာ မည်သည်ကား နတ်ပြည်မှ စုတေအံ့သော သဘောရှိကုန်သောနတ်တို့အား ငါးပါးသော ပုဗ္ဗနိမိတ်တို့သည် ထင်ကုန်၏။ "ပန်ဆင်သော ပန်းတို့သည် ညှိုးကုန်၏။ ဆင်ဝတ်သော အဝတ်တို့သည် ညစ်နွမ်းကုန်၏၊ ကိုယ်၌ အဆင်းမလှခြင်းသို့ရောက်၏၊ လက်ကတီးကြားနှစ်ဖက်တို့မှ ချွေးတို့သည် ထွက်ကုန်၏၊ နတ်တို့၏နေရာ၌ မမွေ့လျော်ကုန်" သကဲ့သို့။

ရဟန်းတို့လူထွက်ခါနီး

ထို့အတူ သာသနာတော်မှ ရွေ့လျောလိုသောသဘော ရှိကုန်သော ငြီးငွေ့ဆန့်ကျင်ကုန်သော ရတန်းတို့အား ငါးပါးသော နိမိတ်တို့သည် ထင်ကုန်၏။ သဒ္ဓါတရားဘည်းဟူသော ပန်းတို့သည် ညှိုးနွမ်းကုန်၏၊ သီလတည်းဟူသော အဝတ်တို့သည် ညစ်နွမ်းကုန်၏၊ မျက်မှောင်ကြုတ်သော အဖြစ်ဖြင့်လည်းကောင်း၊ အရှိန်အစောမရှိသော အားဖြင့်လည်းကောင်း အဆင်းမလှခြင်းသို့ ရောက်၏၊ ကိလေသာတည်း ဟူသော ချွေးတို့သည် ယိုထွက်ကုန်၏၊ တောကျောင်း၌လည်းကောင်း၊ သစ်ပင်ရင်း၌လည်းကောင်း၊ ဆိတ်ငြိမ်ရာအရပ်၌ လည်းကောင်း မမွေ့လျော်၊ ထို ရဟန်းအားလည်း ထို နိမိတ်ငါးပါးတို့သည် ထင်ကုန်၏။

ထိုအခါ ထိုရဟန်းကို သဗ္ဗညုဘုရားသခင် အထံတော်သို့ ဆောင်ယူ၍ "ဘုန်းတော်ကြီးလှသော အရှင်ဘုရား....ဤ ရဟန်းသည် သာသနာတော်၌ ငြီးငွေ့၏" ဟု ပြကြကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် "ရဟန်း.... မှန်ပေသလော" ဟု မေးတော်မူ၍ "အရှင်ဘုရား....မှန်ပေ၏" ဟု နားတော်လျောက်လတ်သော် "ရဟန်း....ကိလေသာအလိုသို့ မလိုက်သင့်၊ မိန်းမမည်သည်ကား အလွန်ယုတ်မာစွာ၏၊ ထို မိန်းမ၌ တပ်စွန်းသောစိတ်ကို ဖျောက်ဘိလော့၊ ငါဘုရား သာသနာတော်၌ မွေ့လျော်လော့၊ ထိုစကားသည် မှန်၏၊ မိန်းမ၌ တပ်စွန်းသောစိတ် ရှိသောကြောင့် ဘုန်းတန်ခိုးအာနုဘော် ရှိကုန်သော ရှေးပညာရှိကိုသည်လည်း ဘုန်းတန်ခိုး အရှိန်

www.dhammadownload.com

အစောင်မရှိကုန်သည်ဖြစ်၍ အကျိုးမဲ့ ပျက်စီးခြင်းသို့ရောက်ဖူးကုန်ပြီ'' ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်ဘော်မူ၏။

အတိတ်ဝတ္ထု ရဟန်း....လွန်-လပြီးသောအခါ မလ္လတိုင်းကုသဝတီ အမည်ရှိသော မင်းနေပြည်ကြီး၌ ဩကွာကရာဇ် အမည်ရှိသော မင်းသည် ရာဇဓံဆယ်ပါးနှင့်အညီ မင်းပြု၏။ ထိုဩကွာကရာဇ်မင်း၏ တစ်သောင်း ခြောက်ထောင်ကုန်သော မောင်းမတို့၏ အကြီးဖြစ်သော မိဖုရားကြီးသည် သီလဝတီအမည်ရှိ၏။ ထိုသီလဝဘီ မိဖုရားကြီးသည် သားသမီးမရ။ ထိုအခါ ဩကွာကရာဇ်မင်း၏ မြို့၌ဖြစ်နေသော လူအပေါင်းတို့သည် လည်းကောင်း၊ မလ္လတိုင်း၌နေသော လူအပေါင်းတို့သည် လည်းကောင်း၊ မင်းအိမ်တံခါး၌ စည်းဝေးကုန်၍ ''အရှင်မင်းကြီး၏ တိုင်းပြည်သည် ပျက်စီးလတ္တံ့'' ဟု ကြွေးကြော်ကုန်၏။ ဩကွာကရာဇ်မင်းကြီးသည် ခြင်္သေ့ခံသော လေသွန်တံခါးကိုဖွင့်၍ ''ငါသည် မင်းပြုသည်ရှိသော် မတရားသဖြင့် ပြုသော မည်ထည် မရှိ၊ အဘယ့်ကြောင့် ကြွေးကြော်ကုန်သနည်း'' ဟု မေးတော်မူ၏။ ''အရှင် မင်းမြတ်.... မတရားသဖြင့် ပြုသောမည်သည် မရှိ'' ဟု မိန့်တော်မူသည်ကား မှန်ပေ၏။ ထိုသို့ မှန်ဒသော်လည်း အရှင်မင်းမြတ်အား အမျိုးအနွယ်ကို စောက်ရှောက်တတ်သော သားတော်သည် မရှိပါ။ တစ်ပါးသောမင်းသည် တိုင်းပြည်ကိုယူ၍ အရှင်မင်းကြီး၏ တိုင်းပြည်ကို ပျက်စီးစေလတ္တံ့၊ ထို့ကြောင့် တရားနှင့်အညီ မင်းပြုခြင်းငှာ စုံမ်းနှိုင်သောသားကို တောင့်တတော် မူပါကုန်လော့'' ဟု တင်လျှောက်ကြကုန်၏။ ''သားဆုတောင်းသည်ရှိသော် အသို့ပြုရအံ့နည်း'' ဟု မေးတော်မူ၏။ ''အရှင်မင်းမြတ်....ရှေးဦးစွာ တစ်ခုသော ခုနစ်ရက်ပတ်လုံး မောင်းမငယ်ကို တရားစောင့်သော မောင်းမငယ်ဟုပြု၍ လွှတ်တော်မူခဲလော့၊ ထိုမောင်းမငယ်သည် သားကို အကယ်၍ ရအံ့၊ ကောင်း၏။ အကယ်၍ မရအံ့၊ ထိုသို့မရသည်ရှိသော် အလတ်ဖြစ်သော မောင်းမကို တရားစောင့်သော မောင်းမဟုပြု၍ လွှတ်တော်မူကုန်လော့။ ထို့နောင်မှ မောင်းမကြီးကို တရားစောင့်သော မောင်းမဟုပြု၍ လွှတ်တော်မူ ကုန်လော့။ ဤမျှလောက် ကုန်သော မောင်းမတို့တွင် တစ်ယောက်ယောက်သည် ဘုန်းကံရှိအံ့၊ မချွတ်လျှင် သားကိုရပါလတ္တံ့'' ဟု တင်လျှောက်ကြကုန်၏။

မောင်းမမိဿံ သားဆုပန်

ဩကွာကရာဇ်မင်းကြီးသည် ထိုသူတို့၏ စကားကိုကြားလျှင် ထိုသူတို့ တင်လျှောက်တိုင်း ပြုတော်မူ၍ ခုနစ်ရက်မြောက်သောနေ့၌ အလိုရှိတိုင်း

www.dhammadownload.com

ဒမ္မ့လျော်ပျော်ပါး၍ လာကုန်သော မောင်းမတို့အား "ရှင်မတို့....အသို့နည်း၊ သင်တို့အား သား ရပါ၏လော"ဟု မေးတော်မူ၏။ အလုံးစုံသော မောင်းမတို့သည် "အရှင်မင်းကြီး....မရပါကုန်"ဟု တင်လျောက်ကြကုန်၏။ ဩကာကရာဇ် မင်းကြီးသည် "ငါ့အား သားသည် မဖြစ်လတ္တံ့"ဟု နှလုံးသာယာတော်မမူ။ ပြည်သူတို့သည် တစ်ဖန် ထိုရွေးအတူလျှင် ကြွေးကြော်ကြပြန်ကုန်၏။ ဩကာသရာဇ် မင်းကြီးသည် "အဘယ်ကြောင့် ကြွေးကြော်ကုန်သနည်း၊ ငါသည် သင်တို့စကားဖြင့် မောင်းမတို့ကို စေလွှတ်အပ်ကုန်ပြီ၊ တစ်ယောက်သော မောင်းမမျှလည်း သားကိုမရ၊ ယခုအသို့ပြုကုန်အံ့နည်း"ဟု မိန့်တော်မူ၏။ "အရှင်မင်းမြတ်....ထိုမောင်းမတို့သည် သီလမရှိကုန်သည်, ဘုန်းကံမရှိကုန်သည် ဖြစ်ကုန်လတ္တံ့၊ ထိုမောင်းမတို့၌ သားရခြင်းငှာ ကောင်းမှုမရှိ၊ အရှင်မင်းမြတ်တို့သည် ထိုမောင်းမတို့၌ သားမရကုန်သည်ရှိသော် ကြောင့်ကြမဲ့ ဖြစ်တော်မမူပါကုန်လင့်၊ အရှင်မင်းမြတ်၏ သီလဝတီ အမည်ရှိသော မိဖုရားကြီးသည် သီလနှင့် ပြည့်စုံပါ၏၊ ထိုမိဖုရားကို လွှတ်တော်မူပါကုန်လော့၊ ထိုမိဖုရားကြီးအား သားရပါလတ္တံ့"ဟု တင်လျောက်ကြကုန်၏။ ဩကာဇရာဇ်မင်းကြီးသည် "ကောင်းပြီ"ဟု ဝန်ခံတော်မူ၍ "ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ ဩကာကရာဇ်မင်းကြီးသည် သီလဝတီ မိဖုရားကြီးကို တရားစောင့်သော မိဖုရားကြီးဟု ပြုတော်မူ၍ လွှတ်တော်မူလတ္တံ့သတတ်၊ ယောကျ်ားအပေါင်းတို့သည် စည်းဝေးစေကုန်သတည်း"ဟု စည်လည်စေတော်မူ၍ ခုနစ်ရက်မြောက်သောနေ့၌ သီလဝတီ မိဖုရားကြီးကို တန်ဆာဆင်ပြီးလျှင် နန်းတော်မှ သက်ဒစ၍ လွှတ်တော်မူ၏။

သိကြားမင်း သားဆုပေးပုံ

ထို သီလဝတီ မိဖုရားကြီး၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ နေရာသည် ပူသော အခြင်းအရာကိုပြ၏။ သိကြားမင်းသည် "အကြောင်းအသို့နည်း"ဟု ဆင်ခြင်လတ်သော် "သီလဝတီ မိဖုရားအား ငါသည် သား ကို ပေးခြင်းငှာ သင့်၏၊ ထိုမိဖုရားအား လျှောက်ပတ်သောသားသည် နတ်ပြည်၌ ရှိပါအံ့လော"ဟု စူးစမ်းလတ်သော် ဘုရားလောင်း နတ်သား ကို မြင်၏။ ထိုဘုရားလောင်း နတ်သားသည် ထိုအခါ တာဝတိံသာနတ်ပြည်၌ အသက်ကို ကုန်စေ၍ အထက်နတ်ပြည်၌ ဖြစ်လိုသတတ်။ သိကြားမင်းသည် ထိုနတ်သား၏ ဗီမာန်တံခါးသို့သွား၍ ထိုနတ်သားကို ခေါ်စေ

www.dhammadownload.com

ပြီးလျှင် ''အမောင်နတ်သား....အမောင်သည် လူ့ပြည်သို့သွား၍ သြက္ကာကရာဇ်မင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေယူအံ့သောငှာ သင့်၏ဟုဆို၍ ထိုနတ်သားအား ဝန်ခံစေပြီးလျှင် ထိုနတ်သားမှတစ်ပါးသော နတ်သားကို အမောင်နတ်သားသည်လည်း ထိုသီလဝတီ မိဖုရားကြီး၏ သားဖြစ်လတ္တံ့ဟုဆို၍ စင်စစ်ဒေဝသားကား ထိုသီလဝတီမိဖုရားကြီး၏ သီလကို တစ်စုံတစ်ရာသောသူသည် မဖျက်ဆီးစေသတည်း''ဟု နှလုံးသွင်း၍ ပုဏ္ဏားအို အသွင်ဖြင့် သြက္ကာကရာဇ်မင်းကြီး၏ နန်းတော်တံခါးသို့ သွားလေ၏။ လူမျှားသည်လည်း ရေချိုးပြီး၍ တန်ဆာဆင်ပြီးသော် ''ငါသည် မိဖုရားကြီးကိုယူအံ့၊ ငါသည် မိဖုရားကြီးကိုယူအံ့''ဟု မင်းအိမ်တံခါးဝ၌ စည်းဝေး၏။ သိကြားမင်းကိုမြင်လျှင်ကား ''သင်သည် အဘယ့်ကြောင့် လာသနည်း''ဟု ပြက်ရယ်ပြု၏။ သိကြားမင်းသည် ''ငါ့ကို သင်တို့ အဘယ့်ကြောင့် ကဲ့ရဲ့ကြကုန်သနည်း၊ ငါ၏ကိုယ်သည် အကယ်၍ကား အို၏၊ ထိုသို့အိုသော်လည်း ရာဂမအို၊ သီလဝတီ မိဖုရားကြီးကို အကယ်၍ ရအံ့၊ ယူ၍သွားအံ့ဟု လာ၏''ဟု ဆို၍ မိမိအာနုဘော်ဖြင့် အလုံးစုံသော သူတို့၏ ရှေ့မှလျှင် ရပ်၏။

တစ်ပါးသောသူသည် သိကြားမင်းတန်ခိုးကြောင့် ရှေ့မှဖြစ်ခြင်းငှာ မတတ်နိုင်။ ထိုသို့ သိကြားမင်းသည် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော နန်းတော်မှထွက်လတ်သော ထိုမိဖုရားကြီးကိုလျှင် လက်၌ကိုင်၍ ဆောင်ယူသွားလေ၏။ ထိုအခါ သိကြားမင်းကို ထိုထို အရပ်၌ နေတည်ကုန်သောသူတို့သည် ကဲ့ရဲ့ကြကုန်၏။' ''အို အချင်းတို့.... ကြည့်ကြပါကုန်လော့၊ ပုဏ္ဏားအိုသည် ဤသို့သဘောရှိသော မြတ်သော အဆင်းကိုဆောင်သော မိဖုရားကြီးကိုယူ၍ သွားဘိ၏၊ မိမိအား မလျှောက်ပတ်သည်ကို မသိ''ဟု ကဲ့ရဲ့ကြကုန်၏။ မိဖုရားကြီးသည်လည်း ''ပုဏ္ဏားအိုသည် ငါ့ကို ယူ၍သွားဘိ၏''ဟူ၍လည်း ဆင်းရဲခြင်း မဖြစ်၊ မစက်ဆုပ်။ သြက္ကာကရာဇ်မင်းကြီးသည်လည်း နန်းတော်လေသွန်တံခါး၌ ရပ်တော်မူ၍ ''အဘယ်သူသည် မိဖုရားကြီးကိုယူ၍ သွားလေသနည်း''ဟု ကြည့်လတ်သော် ထိုပုဏ္ဏားအိုကိုမြင်၍ နှလုံးမသာယာခြင်း ဖြစ်တော်မူ၏။ သိကြားမင်းသည် ထိုမိဖုရားကြီးကိုယူ၍ မြို့တံခါးဖြင့် ထွက်သွားပြီးလျှင် မြို့တံခါးအနီး၌ ဟင်းလင်းသောတံခါးရှိသော ခင်းအပ်သော ပျဉ်အခင်းရှိသော အိမ်တစ်ဆောင်ကို ဖန်ဆင်း၏။ ထိုအခါ သိကြားမင်းကို သီလဝတီ

www.dhammadownload.com

မိဖုရားကြီးသည် ''အရှင်....ဤအိမ်သည် သင့်အိမ်လော'' ဟု မေး၏။ သိကြားမင်းသည် ''ရှင်မိဖုရား....ဟုတ်၏၊ ရှေးဦးမူကား ငါတစ်ယောက် တည်းသာ၊ ယခု ငါတို့နှစ်ယောက် ဖြစ်ကြကုန်၏၊ ငါသည် ဆုမ်းခံသွားလျှင် ဆန်အစရှိသည်တို့ကို ယူစေအံ့၊ ရှင်မိဖုရားသည် ဤပျဉ်အခင်းဌာန ၌အိပ်လော့'' ဟုဆို၍ သိကြားမင်းသည် ထိုမိဖုရားကြီးကို နှုးညံ့စွာသောလက်ဖြင့် သုံးသပ်လျက် နတ်၏အတွေ့ကို နှံ့စေ၍ ထိုပျဉ်အိပ်ရာခင်းဌာန အိပ်စေ၏။ ထိုမိဖုရားသည် နတ်၏အတွေ့နှံ့သည်ဖြစ်၍ အမှတ်သညာကို လွတ်စေ၏။ ထိုအခါ မိဖုရားကြီးကို. မိမိအာနုဘော်ဖြင့် တာဝတိံသာနတ်ပြည်သို့ ဆောင်ယူပြီးလျှင် တန်ဆာဆင်အပ်သောဗိမာန်ဝယ် နတ်၏အိပ်ရာ၌ အိပ်စေ၏။

ထိုမိဖုရားကြီးသည် ခုနစ်ရက်မြောက်သောနေ့၌နိုး၍ ထိုသို့သော စည်းစိမ်ချမ်းသာ၏ပြည့်စုံခြင်းကို မြင်ရလျှင် ''ထိုပုဏ္ဏားသည် လူမဟုတ်၊ သိကြားမင်း ဖြစ်လတ္တံ့'' ဟု သိ၏။ သိကြားမင်းသည်လည်း ထိုအခါ ပင်လယ်ကသစ်ပင်ရင်း၌ နတ်သမီး က,ချသည်အပေါင်း ခြံရံလျက် နေ၏။ သီလဝတီ မိဖုရားသည် အိပ်ရာမှထ၍ ထိုသိကြားအထံသို့ သွားပြီးလျှင် ရှိခိုး၍ တင့်အပ်သောအရပ်၌ နေ၏။ ထိုအခါ သီလဝတီ မိဖုရားကို သိကြားမင်းသည် ''ရှင်မိဖုရား....ရှင်မိဖုရားအား ငါ ဆုပေး၊ယူအံ့လော့'' ဟုဆို၍ ''အရှင်နတ်မင်း....ထိုသို့ ပေးတော်မူလိုလျှင်ကား အကျွန်ုပ်အား သားဆုကို ပေးတော်မူလော့'' ဟု ဆို၏။ ''ရှင်မိဖုရား....သားတစ်ယောက်ကို ထားဘိဦး၊ ရှင်မိဖုရားအား သားနှစ်ယောက်တို့ကို ငါ ပေးအံ့၊ ထိုသားနှစ်ယောက်တို့တွင်ကား တစ်ယောက်သည် ပညာရှိသည် ဖြစ်လတ္တံ့၊ အဆင်းမူကား မလှအံ့၊ တစ်ယောက်သည် အလွန် အဆင်းလှလတ္တံ့၊ ပညာမရှိအံ့၊ ထိုသားနှစ်ယောက်တို့တွင် အဘယ်သားကို ရှေးဦးစွာ အလိုရှိသနည်း'' ဟု မေး၏။ ''အရှင်နတ်မင်း....ပညာရှိသောသားကို အလိုရှိပါ၏'' ဟု ဆို၏။ထိုသိကြားမင်းသည် ''ကောင်းပြီ'' ဟု ဆို၍ ထိုသီလဝတီမိဖုရားအား သမန်းမြက်ကိုလည်းကောင်း၊ နတ်ပုဆိုးကို လည်းကောင်း၊ နတ်ဒဏ်ခြင်းဖြစ်သော စန္ဒကူးနံ့သာကို လည်းကောင်း၊ ပင်လယ်ကသစ်ပင့်ကို လည်းကောင်း၊ ကောကနဒအမည်ရှိသော စောင်းကိုလည်းကောင်း ပေးပြီးလျှင် ထိုသီလဝတီ မိဖုရားကြီးကို ယူခဲ့၍ သြက္ကာကရာဇ်မင်းကြီး၏ အိပ်ရာတိုက်ခန်းသို့ မင်းနှင့်တကွ တစ်အိပ်ရာတည်း၌ အိပ်စေပြီးလျှင်

www.dhammadownload.com

လက်မဖြင့် ထိုသီလဝတီမိဖုရားကြီး၏ ချက်ကို သုံးသပ်၏။ ထိုခဏ၌ ဘုရားလောင်းသည် ထိုသီလဝတီမိဖုရားကြီး ဝမ်း၌ ပဋိသန္ဓေ ယူတော်မူ၏။ သိကြားမင်းသည်လည်း မိမိနေရာတော်သာ နှုတ်ပြည်သို့သာလျှင် သွားလေ၏။ ပညာရှိတို့သည် သီလဝတီမိဖုရားကြီး ကိုယ်ဝန်တည်သော အဖြစ်ကို သိကုန်၏။

မင်းကြီး ချီးမြှောက်ပြီ

ထိုအခါ သီလဝတီမိဖုရားကြီး နို့းလတ်သည်ကိုမြင်၍ သြဏ္ဏာကရာဇ် မင်းကြီးသည် "ရှင်မိဖုရား....ရှင်မိဖုရားကို အဘယ်သူ ဆောင်ယူသနည်း" ဟု မေးတော်မူ၏။ "အရှင်မင်းကြီး....သိကြားမင်းသည်ဆောင်ယူပါ၏" ဟု တင်လျှောက်၏။ "ငါသည် မျက်မှောက်အားဖြင့် သင့်ကို ပုဏ္ဏားအို တစ်ယောက် ယူ၍သွားသည်ကို မြင်၏၊ အဘယ့်ကြောင့် ငါ့ကို လှည့်စားဘိသနည်း၊ ငါမယုံ" ဟု မိန့်တော်မူ၏။ "အရှင်မင်းကြီး....ယုံတော်မူကုန်လော့၊ သိကြားမင်းသည် အကျွန်ုပ်ကိုယူ၍ နှုတ်ပြည်သို့ဆောင်ပါ၏" ဟု တင်လျှောက်၏။ "ရှင်မိဖုရား....ငါမယုံ" ဟုမိန့်တော်မူ၏။ ထိုအခါ မင်းကြီး အားမိဖုရားကြီးသည် သိကြားမင်းပေးအပ်သော သမန်းမြက် စသည်တို့ကို ပြ၍ "ယုံတော်မူပါကုန်လော့" ဟု တင်လျှောက်ပြန်၏။ သြဏ္ဏာကရာဇ် မင်းကြီးသည် "ရှင်မိဖုရား....သမန်းမြက်သည် ကိုကား အကြင် အမှုတ် မရှိသော အရပ်၌ ရရာ၏၊ ထို့ကြောင့် ငါ ယုံတော်မမူ" ဟု မိန့်တော်မူ၏၊ ထိုအခါ သြဏ္ဏာကရာဇ်မင်းကြီးအား မိဖုရားကြီးသည် နှုတ်ပုဆိုးစသည်တို့ကို ပြပြန်၏။ သြဏ္ဏာကရာဇ် မင်းကြီးသည် ထို သမန်းမြက် နှုတ်ပုဆိုး စသည်တို့ကို မြင်လျှင် ယုံတော်မူ၍ "ရှင်မိဖုရား....သိကြားမင်းသည် သင့်ကို ဆောင်စေကာမူ ရှင်မိဖုရားအား သားရပါသလော" ဟု မေးတော်မူ၏။ "အရှင်မင်းကြီး....ရအပ်ပြီ၊ အကျွန်ုပ်အား ကိုယ်ဝန်တည်ပြီ" ဟု တင်လျှောက်လတ်သော် သြဏ္ဏာကရာဇ်မင်းကြီးသည် အလွန် နှစ်သက်တော် မူသည်ဖြစ်၍ ထိုမိဖုရားကြီးအား ကိုယ်ဝန် အစောင့်အရှောက်ကို ပေးတော်မူ၏။

ကုသနှင့် ဇယပဂတိ

ထိုသီလဝတီ မိဖုရားကြီးသည် ဆယ်လလွန်သဖြင့် သားဖွားတော်မူ၏။ ထိုသားအား တစ်ပါးသောအမည်ကို မမှည့်မူ၍ သမန်းမြက်ကို

www.dhammadownload.com

စွဲသဖြင့် ''ကုသ သတို့သား'' ဟူသော အမည်ကိုသာလျှင် မှည့်ကုန်၏။ ကုသမင်းသား ခြေဖြင့်သွားနိုင်သော ကာလ၌ တစ်ယောက်သော နတ်သားသည် နတ်ပြည်မှစုတေခဲ့၍ ထိုသီလဝတီ မိဖုရားကြီး ဝမ်း၌သာလျှင် ပဋိသန္ဓေ ယူလာပြန်၏။ ထိုသားအား ''ဇယမွတိ'' ဟူသော အမည်ကို မှည့်ကုန်၏။ ထိုမင်းသား ညီနောင်နှစ်ပါးတို့သည် မျှားစွာသော အခြံအရံဖြင့် ကြီးကြကုန်၏။ ဘုရားအလောင်း ဖြစ်သော နောင်တော် ကုသမင်းသားသည် အလွန် ပညာရှိတော်မူ၏။ ဆရာ၏အထံ၌ တစ်စုံတစ်ခုသော အတတ်ပညာကို မသင်မူ၍ မိမိပညာဖြင့်သာလျှင် အလုံးစုံသော အတတ်တို့၌ အပြီးသို့ရောက်၏။ ထိုအခါ သားတော် ကုသမင်းသား တစ်ဆယ့် ခြောက်နှစ် ရှိလတ်သော် ခမည်းတော် သြက္ကာကရာဇ် မင်းကြီးသည် သားတော်အား မင်းအဖြစ်ကို ပေးတော်မူလိုသည်ဖြစ်၍ မယ်တော် မိဖုရားကြီးကို ခေါ်တော်မူပြီးလျှင် ''ရှင်မိဖုရား....ရှင်မိဖုရား သားအား မင်းအဖြစ်ကိုပေး၍ ကိုယ်လုပ်မောင်းမတို့ကို လုပ်ကျွေးစေကုန်အံ့၊ ငါတို့အသက်ရှိစဉ်လျှင် ငါတို့သားတော်ကို မင်းအဖြစ်၌တည်သည်ကို ရှုကုန်အံ့၊ စင်စစ်သော်ကား အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း အပြင်ဝယ် အကြင် ပြည့်ရှင်မင်း၏ သမီးကို ငါတို့သားတော် အလိုရှိ၏၊ ထိုမင်းသမီးကို ငါတို့သားဖို့ ဆောင်ယူ၍ မိဖုရားကြီး ပြုစေကုန်အံ့၊ သားတော်စိတ်ကို သိအောင် ပြုလော့၊ အဘယ်မင်းသမီးကို ငါတို့သားတော် နှစ်သက်သနည်း'' ဟု မိန့်တော်မူ၏။

ကုသမင်းသားကိုမေးကြည့်ခြင်း

မယ်တော် သီလဝတီ မိဖုရားကြီးသည် ကောင်းပြီဟုဝန်ခံ၍ သားတော်အား ဤအကြောင်းကို ကြားလျှောက်၍ ''ငါ့သားတော် စိတ်ကို သိအောင်ပြုလော့'' ဟု မှာထား၍ တစ်ယောက်သော အလုပ်အားကျွန်းမိန်းမကို စေတော်မူလိုက်၏။ ထို အလုပ်အကျွေး မိန်းမသည် သွား၍ သားတော်အား ထိုအကြောင်းကို တင်လျှောက်၏။ ထိုသို့ တင်လျှောက်သော စကားကိုကြား၍ ဘုရားလောင်းသည် ကြံ၏။ ''ငါသည် အဆင်းမလှ၊ အဆင်းနှင့်ပြည့်စုံသော မင်းသမီးတို့ကို ဆောင်ယူခဲ့ကုန်သော်လည်း ငါ့ကိုမြင်ရလျှင် ငါ့အား အဆင်းမလှသော မင်းသားဖြင့် အဘယ်မူအံ့နည်းဟု ပြေးလေကုန်ရာ၏၊ ဤသို့ ထွက်ပြေးသည်ရှိသော် ငါတို့အား ရှက်ဖွယ်ဖြစ်လတ္တံ့၊ ငါ့အား အိမ်ရာထောင်ခြင်းဖြင့် အဘယ်မူအံ့နည်း၊

www.dhammadownload.com

ထင်ရှားရှိသော မယ်တော် ခမည်းတော်တို့ကို လုပ်ကျွေး၍ ထိုမယ်တော် ခမည်းတော်တို့ ကွယ်လွန်သဖြင့် တောထွက်၍ ရဟန်းပြုအံ့''ဟု ကြံ၍ ထို ဘုရားလောင်း ကုသမင်းသားသည် ငါ့အား မင်းအဖြစ်ဖြင့် အလိုမရှိ၊ ကိုယ်လုပ်မောင်းမတို့ဖြင့် အလိုမရှိ၊ စင်စစ်သော်ကား ငါသည် မယ်တော် ခမည်းတော်တို့ ကွယ်လွန်သဖြင့် ရဟန်းသာလျှင် ပြုအံ့'' ဟု မှာတော်မူလိုက်၏။

ထိုအလုပ်အကျွေး မိန်းမသည် သွားလေ၍ သားတော် မှာလိုက်သော စကားကို မယ်တော် မိဖုရားကြီးအား တင်လျှောက်၏။ မယ်တော် မိဖုရားကြီးသည်လည်း ခမည်းတော် သြက္ကာကရာဇ် မင်းကြီးအား တင်လျှောက်၏။ ခမည်းတော် သြက္ကာကရာဇ် မင်းကြီးသည် သားတော် တင်လျှောက်လိုက်သော စကားကို ကြားတော်မူလျှင် နှလုံးမသာသည်ဖြစ်၍ တစ်ဖန် နှစ်ရက်, သုံးရက်လွန်လျှင် သတင်းစကားကို စေတော်မူပြန်၏။ သားတော် ကုသ မှင်းသားသည်လည်း ပယ်တော် မူသည်သာလျှင်တည်း။

ဤသို့ သုံးကြိမ်မြောက်အောင် ပယ်တော်မူ၍ လေးကြိမ်မြောက်၌ ကြုံတော်မူပြန်၏။ ''ငါသည် မယ်တော်, ခမည်းတော်တို့နှင့်တကွ စင်စစ်သဖြင့် ဆန့်ကျင်ဘက်ဖြစ်ခြင်း မည်သည်ကား မသင့်လျော်၊ ထို့ကြောင့် တစ်ခုသော ဥပါယ်တံမျဉ်ကို ပြုအံ့'' ဟု ကြံတော်မူ၏။ ကြံပြီး၍ ထိုကုသ မင်းသားသည် ရွှေပန်းထိမ်သည်ကြီးကို ခေါ်စေတော်မူ၍ မျှားစ့ဉာသော ရွှေကိုပေးပြီးလျှင် ''တစ်ခုသောမိန်းမရုပ်ကို ပြုလော့'' ဟု စေတော်မူ၍ ထိုရွှေပန်းထိမ်သည်ကြီး သွားသည်ရှိသော် တစ်ပါးသောရွှေကိုယူ၍ မိမိ ကိုယ်တိုင်လည်း မိန်းမရုပ်ကို ပြု၏။

ရွှေရုပ်ပုံနှင့်တူမှယူမည်

ဘုရားအလောင်းတို့ အလိုတော် မည်သည်ကား ပြည့်စုံသည်သာ လျှင်တည်း။ ထိုဘုရားအလောင်း ပြုသော ရွှေရုပ်ကို အသက်ရှင်သော မိန်းမသည် အဆင်း၏ တင့်တယ်ခြင်းဖြင့် မမှီနိုင်ဖြစ်၏။ ထိုအခါ ဘုရား လောင်းသည် ထိုရွှေရုပ်ကို ခေါမတိုင်း၌ ဖြစ်သော အဝတ်ကို ဝတ်၍ ကျက်သရေရှိသော တိုက်ခန်း၌ ထားစေ၏။ ဘုရားလောင်းသည် ရွှေပန်း ထိမ်သည်ကြီးသည် ဆောင်ယူခဲ့သော ရွှေရုပ်ကို မြင်တော်မူလျှင် ထိုရွှေ

www.dhammadownload.com

ရုပ်ကို ကဲ့ရဲ့တော်မူ၍ ''အမောင်....သွားချေ၊ ကျက်သရေရှိသော ငါ့တို့ တိုက်ခန်းဦး ထားအပ်သော ရွှေရုပ်ကို ဆောင်ယူခဲ့ချေလော့'' ဟု စေတော်မူ၏။ ထို ရွှေပန်းထိမ်သည်ကြီးသည် ကျက်သရေရှိသော တိုက်ခန်းသို့ ဝင်သည်ရှိသော် ထို ရွှေရုပ်ကို မြင်၍ ''အရှင်မင်းသားနှင့်တကွ မွေ့လျော်ခြင်းငှာ တစ်ယောက်သော နတ်သမီးသည် လာသည်ဖြစ်လတ္တံ့'' ဟု နှလုံးသွင်း၍ လက်ဆန့်ခြင်းငှာ မစံ့ရကား ထွက်ခဲ့၍ ''အရှင့်သား.... ကျက်သရေရှိသော တိုက်ခန်းဦး တစ်ယောက်သော နတ်သမီးသည် ရှိပါ၏၊ ကပ်အံ့သောငှာ မစံ့ပါ'' ဟု တင်လျှောက်၏။ ''အမောင်....သွားချေ၊ ဤသည်ကား ရွှေရုပ်တည်း၊ ဆောင်ယူခဲ့လော့'' ဟု တစ်ဖန် စေတော်မူပြန်မှ ရွှေပန်းထိမ်သည်ကြီးသည် ဆောင်ယူ၏။ ကုသ မင်းသားသည် ရွှေပန်းထိမ်သည်ကြီး ပြုအပ်သော ရွှေရုပ်ကို ရွှေတိုက်ဦး ထားပြီးလျှင် မိမိ ပြုလုပ်အပ်သော ရွှေရုပ်ကို တန်ဆာဆင်စေ၍ ယာဉ်ဦး ထားစေပြီးလျှင် ''ဤသို့ သဘောရှိသော မင်းသမီးကို ရသော် ယူအံ့'' ဟု မယ်တော် အရှင် မိဖုရားကြီးထံသို့ ပို့စေ၏။

မယ်တော် မိဖုရားကြီးသည် မှူးတော်, မတ်တော်တို့ကို ခေါ်စေတော်မူ၍ ''အမောင်တို့....ငါ့သားတော်သည် ပညာကြီး၏၊ သိကြားမင်း ပေးရှိရသော သားတည်း၊ လျောက်ပတ်သော မင်းသမီးကို ရပါလတ္တံ့၊ အမောင်တို့သည် ဤ ရွှေရုပ်နှင့်တူသော မင်းသမီးကို ရကုန်သည်ရှိသော် ယူခဲ့ကြကုန်၊ ဤ ရွှေရုပ်ကို ဖုံးလွှမ်းသော ယာဉ်ဦး ထား၍ အလုံးစုံသော ဇမ္မူဒီပ်ကျွန်းကို လှည့်လည်သည်ရှိသော် အကြင်မင်းကြီး အထံ၌ ဤ ရွှေရုပ်နှင့်တူသော မင်းသမီးကို မြင်ရ၏၊ ထိုမင်းအား ဤ ရွှေရုပ်ကို ပေးခဲ့၍ ''အကျွန်ုပ်တို့အရှင် သြက္ကာကရာဇ် မင်းကြီးသည် အရှင်မင်းကြီး တို့နှင့် တကွ အိမ်ရာ ထိမ်းမြားခြင်းကို ပြုတော်မူလတ္တံ့'' ဟု နေ့ရက် အချိန်းအချက်ကို မှတ်သား၍ လာခဲ့ကြကုန်လော့'' ဟု မှာတော်မူလိုက်၏။

ရွှေရုပ်ဖြင့် လှည့်လည်ရှာဖွေခြင်း

မှူးတော် မတ်တော်တို့သည် ''ကောင်းပြီ'' ဟု ထို ရွှေရုပ်ကို ယူ၍ များစွာသော အခြံအရံဖြင့် ထွက်သွား၍ လှည့်လည်ကုန်သည်ရှိသော် အကြင်မင်းနေပြည်တော်သို့ ရောက်ကုန်၏။ ထို မင်းနေပြည်တော်၌

www.dhammadownload.com

ညချမ်းအခါ လူများ စည်းဝေးရာအရပ်၌ ထို ရှေရုပ်ကို အဝတ်တန်ဆာ တို့ဖြင့် တန်ဆာဆင်ကုန်ပြီးလျှင် ရှေထမ်းစင်သို့တင်၍ တိုလူများ စည်း ဝေးရာ အရပ်သို့ သွားသောခရီး၌ ချထား၍ မှူးတော် မတ်တော်တို့သည် ဖဲသွားကုန်၍ လာတိုင်း လဲတိုင်းကုန်ဒသာ လူတို့၏ စကားကို နား ထောင်အံ့သောငှာ တင့်အပ်သော အရပ်၌ နေကုန်၏။ လူများသည် ထို ရှေရုပ်ကိုကြည့်၍ ရှေရုပ်ဟူသော အမှတ်ကို မပြု၍ "ဤသူသည် လူမိန်းမ ဖြစ်လျက် နတ်သမီးလျှင်အဖို့ရှိ၏၊ အလွန်လျှင် တင့်တယ်၏၊ အဘယ် ကြောင့် ဤအရပ်၌ နေလာသနည်း၊ အဘယ်အရပ်မှမူလည်း လာသနည်း၊ ငါတို့ပြည်၌ ဤသို့သဘောရှိသော မိန်းမသည် မရှိ" ဟု ချီးမွမ်း၍သွား ကြလေ၏။ ထိုစကားကိုကြား၍ နားထောင်သော မှူးတော် မတ်တော်တို့ သည် "ဤပြည်၌ ဤသို့သဘောရှိသော သတို့သမီးသည် အကယ်၍ ရှိငြားအံ့၊ ဤမည်သော မင်းသမီးကဲ့သို့တကား၊ ဤမည်သော အမတ်သမီး ကဲ့သို့ တကားဟု ဆိုကုန်ရာ၏။ မချဲတ်လျှင် ဤပြည်၌ ရှေရုပ်နှင့် တူသော မိန်းမသည် မရှိ" ဟု ထို ရှေရုပ်ကိုယူ၍ တစ်ပါးသော ပြည်သို့ သွားကြ ကုန်၏။ ထိုအခါ အမတ်တို့သည် ဤသို့ သွားကြလေကုန်သည်ရှိသော် မဒ္ဒရာဇ်တိုင်း သာဂလမြို့သို့ ရောက်ကြလေကုန်၏။ ထို သာဂလမြို့၌ မဒ္ဒရာဇ်မင်း၏ သမီးတော် ရှစ်ယောက်တို့သည် မြတ်သော အဆင်းကို ဆောင်ကုန်၏၊ နတ်သမီးနှင့်တူကုန်၏။ ထို ရှစ်ယောက်သော မင်းသမီး တို့တွင် အလုံးစုံသော မင်းသမီးတို့ထက် အကြီးသည် ပဘာဝတီ အမည်ရှိ ၏။ ထို ပဘာဝတီ မင်းသမီး ကိုယ်မှ တက်သစ်သော နေလုလင်ကဲ့သို့ အရောင်တို့သည် ပြိုးပြိုးပြက် ထွက်ကုန်၏။

ထိုအရောင်သည် အမိုက်၌လည်း လေးတောင်ရှိသော တိုက်ခန်း၌ ဆီမီးထွန်းခြင်းကိစ္စသည်မရှိ။ အလုံးစုံသော တိုက်ခန်းသည် တစ်ခဲနက် အရောင်ဖြင့် ထွန်းလင်းသည်သာလျှင်ဖြစ်၏။ ထို ပဘာဝတီ မင်းသမီး အထိန်းသည်ကား ခုဇ္ဇာ အမည်ရှိ၏။ ထို အထိန်းတော် ခုဇ္ဇာသည် ပဘာဝတီ မင်းသမီးကို ထမင်းစားစေပြီးလျှင် ထို မင်းသမီး ပဘာဝတီ အား ဦးခေါင်းနှင့်တကွ ရေချိုးအံ့သောငှာ ရှစ်ယောက်ကုန်သော အဆင်း လှသော ကျွန်မတို့ကို ရေအိုး ရှစ်လုံးတို့ကို ယူခဲ့စေ၍ ညချမ်းအခါ ရေခပ် အံ့သောငှာ သွားကုန်သည်ရှိသော် ရေဆိပ်ခရီး၌ တည်လင့်သော ထို ရှေရုပ်ကို မြင်ကုန်လျှင် မင်းသမီး ပဘာဝတီဟူသော အမှတ်ဖြင့် "ဤ ဆုံးမ

www.dhammadownload.com

ခက်သော သူမယ်မသည် ဦးခေါင်းနှင့်တကွ ရေချိုးအံ့'' ဟု ငါတို့ကို ရေခပ်စိမ့်သောငှာ စေလိုက်ပြီးလျက် ရှေးဦးစွာ လာ၍ ရေခပ်ဆပ်၌ နေလင့်ဘိ၏'' ဟု အမျက် ထွက်လတ်ကုန်ရကား ''အမျိုးကို ရွက်စေတတ်သော ဟယ် သူငယ်မ....ငါတို့၏ ရှေးဦးစွာ လာလတ်၍ အဘယ့်ကြောင့်ကျ ရေဆပ်၌ နေလင့်ဘိသနည်း၊ ခမည်းတော် မင်းကြီးသည် အကယ်၍ သိတော်မူအံ့၊ ငါဟု ပျက်စီးရကုန်လတ္တံ့ တကား'' ဟု ဆို၍ လက်ဖြင့် တင်ပါးကို ပုတ်လျှင် လက်ဝါးပြင် ကဲ့အံ့သကဲ့သို့ဖြစ်၏။ ထို့နောင်မှ ရွှေရုပ်မှန်းသိ၍ ချယ်လျက် ထို အဆင်းလှသော ကျွန်မတို့၏ အထံသို့ သွား၍ ''အချင်းတို့....ငါ၏ ကျွဲ အမှုကို ကြည့်ကြကုန်လော့၊ ''ငါ၏သမီး'' ဟူသော အမှတ်ဖြင့် ငါသည် ပုတ်ခတ်မိ၏၊ ကျွဲ ရွှေရုပ်သည် ငါ့သမီး အနီးဌာ အဘယ်ထိုက်အံ့နည်း၊ သက်သက် ငါ့လက်ကို ဆင်းရဲဖြင့် နှိပ်စက်အပ်၏'' ဟု ပြောဆို၏။

ပဘာဝတီကို ရခဲ့ပြီ

ထိုအခါ အထိန်းခုဇ္ဇာကို သြဂ္ဂာကရာဇ်မင်း၏ တမန်တို့သည် လက်ကိုဆဲ၍ ''သင်သည် ငါ့သမီးသည် ကျွဲရွှေရုပ်ထက် အလွန် အဆင်းလှ၏ ဟုဆို၏၊ အဘယ်မည်သောသူကို ဆိုသနည်း'' ဟု မေးကုန်၏။ ''မဒ္ဒရာဇ်မင်း၏ သမီးဖြစ်သော ဂဘာဝတီကိုဆို၏၊ ထိုပဘာဝတီကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမျှလည်း ကျွဲရွှေရုပ်သည် မထိုက်'' ဟု ဆို၏။ ထိုသြဂ္ဂာကရာဇ်မင်း၏ တမန်တို့သည် အလွန် ဝမ်းမြောက်သော စိတ်ရှိကုန်သည်ဖြစ်၍ မင်းအိမ်တံခါးသို့ သွားကုန်ပြီးလျှင် သြဂ္ဂာကရာဇ်မင်း၏ တမန်တော်တို့သည် တံခါးဦး ရပ်လာပါကုန်၏'' ဟု လျှောက်စေကုန်၏။ မဒ္ဒရာဇ်မင်းသည် နေရာမှထ၍ ရပ်လျက်လျှင် ''ခေါ်ခဲ့ကြကုန်လော့'' ဟု မိန့်တော်မူ၏။ ထိုတမန်တို့သည်ဝင်၍ မဒ္ဒရာဇ်မင်းကို ရှိခိုးလျက် ''အရှင်မင်းမြတ်....အကျွန်ုပ်တို့အရှင် သြဂ္ဂာကရာဇ် မင်းကြီးသည် အရှင်မင်းမြတ်တို့ အနာဂတ်းသော အဖြစ်ကို မေးတော်မူပါ၏'' ဟု တင်လျှောက်၍ ပြုအပ်ပြီးသော ပူဇော်သက္ကာရ မြတ်နိုးတနာ ရှိကုန်သည်ဖြစ်၍ ''အဘယ်အကျိုးငှာ အမောင်တို့ လာရောက်ကြကုန်သနည်း'' ဟု မိန့်တော်မူလတ်သော် ''အကျွန်ုပ်တို့အရှင် သြဂ္ဂာကရာဇ် မင်းကြီးအား ခြသေ့မင်း၏ အသံနှင့်တူသော အသံရှိသော ကုသအမည်ရှိသော သားတော်သည် ရှိပါ၏၊ ထိုသားတော်အား ခမည်းတော် သြဂ္ဂာကရာဇ် မင်း

www.dhammadownload.com

ကြီးသည် တိုင်းပြည်ကို ဆောက်နှင်းတော်မူလို၍ အရှင်မင်းမြတ် အထံတော်သို့ စေတော်မူလိုက်၏၊ အရှင်မင်းမြတ်တို့အား ပဘာဝတီ အမည်ရှိသော သမီးတော်သည် ရှိသတတ်၊ ထိုသမီးတော်ဖြစ်သော ပဘာဝတီကို အရှင့်သားတော် ကုသမင်းအား ပေးတော်မူပါကုန်၊ ရွှေရုပ်ကိုလည်း ဆက်သအပ်သော လက်ဆောင်ပြု၍ ယူတော်မူပါ'' ဟု တင်လျှောက်၍ ထိုရွှေရုပ်ကို မဒ္ဒရာဇ်မင်းအား ဆက်သကုန်၏။ မဒ္ဒရာဇ် မင်းကြီးသည်လည်း ''ဤသို့ သဘောရှိသော မင်းမြတ်နှင့်တကွ သမီးတော်ပေးခြင်း မင်္ဂလာသည် ဖြစ်လတ္တံ့'' ဟု ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ဝန်ခံတော်မူ၏။

ထိုအခါ မဒ္ဒရာဇ်မင်းကြီးကို သြက္ကာကရာဇ်မင်းကြီး၏ တမန်တို့သည် တင်လျှောက်ကြကုန်၏။ ''အရှင်မင်းမြတ်....အကျွန်ုပ်တို့သည် ကြာမြင့်ခြင်းကို ပြုအံ့သောငှာ မတတ်ကောင်းပါ၊ မင်းသမီးရသော အဖြစ်ကို သိ၍ အကျွန်ုပ်တို့အရှင် သြက္ကာကရာဇ်မင်းကြီးအား တင်လျှောက်ပါခြေကုန်အံ့၊ ထိုသို့ လျှောက်သောအခါ အကျွန်ုပ်တို့အရှင် သြက္ကာကရာဇ် မင်းကြီးသည် လာ၍ ထိုသမီးတော်ကိုယူ၍ သွားလတ္တံ့'' ဟု တင်လျှောက်ကြကုန်၏။ ထိုမဒ္ဒရာဇ်မင်းကြီးသည် ''ကောင်းပြီ'' ဟု မိန့်တော်မူ၍ ထိုတမန်တို့အား ပေးကမ်းဖွယ်ကို ပေးကမ်း၍ လွှတ်တော်မူလိုက်၏။

ချွေးမတော်ကို လိုက်ကြည့်ကြပုံ

ထိုတမန်တို့သည် သွား၍ သြက္ကာကရာဇ် မင်းကြီးအား လည်းကောင်း, သီလဝတီ မိဖုရားအား လည်းကောင်း အကြောင်းကို တင်လျှောက်ကြကုန်၏။ သြက္ကာကရာဇ် မင်းကြီးသည် မျှားစွဲဒေသာအခြံအရံဖြင့် ကုသဝတီနေပြည်တော်မှ ထွက်၍ အစဉ်သဖြင့် သာဂလမြို့သို့ ရောက်တော်မူ၏။

မဒ္ဒရာဇ်မင်းကြီးသည် ခရီးဦးကြို့ဆို၍ ထိုသြက္ကာကရာဇ်မင်းကြီးကို မြို့တွင်းသို့ဝင်စေ၍ မျှားစွဲဒေသာ ပူဇော်သက္ကာရကို ပြုတော်မူ၏။ သီလဝတီ မိဖုရားကြီးသည် ပညာရှိသည်၌ အဖြစ်ကြောင့် ''အဘယ်သူသည် သိနိုင်ရာအံ့နည်း၊ အသို့ဖြစ်လတ္တံ့နည်း'' ဟု နှလုံးသွင်း၍ တစ်ရက်, နှစ်ရက် လွန်သဖြင့် မဒ္ဒရာဇ်မင်းကို ဆို၏။ ''အရှင်မင်းကြီး....အကျွန်ုပ်ချွေးမ

www.dhammadownload.com

ကိုမြင်လိုပါ၏'' ဟု ဆို၏။ မဒ္ဒရာဇ်မင်းကြီးသည် ''ကောင်းပြီ'' ဟု ဝန်ခံ၍ သမီးတော်ကို ခေါ်စေတော်မူ၏။ သမီးတော် ပဘာဝတီသည် လည်း ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်ပြီးလျှင် အထိန်းအခြံ အပေါင်း ခြံရုံလျက် လဲ့လတ်၍ ယဲ့ဘွမဖြစ်သော သီလဝတီ မိဖုရား ကြီးကို ရှိခိုး၏။

သီလဝတီ မိဖုရားကြီးသည် မင်းသမီး ပဘာဝတီကိုမြင်လျှင် ကြံ့ တော်မူ၏။ ''ဤသတို့သမီးငယ်သည် အလွန် အဆင်းလှပေ၏၊ ငါ့သား တော်သည်ကား အဆင်းမလှချေ၊ ဤသတို့သမီးငယ်သည် ငါ့သားတော် ကို အကယ်၍ မြင်ရအံ့၊ တစ်ရက်မျှလည်း မနေမူ၍ ထုတ်ပြေးခဲ့ရာ၏၊ ဥပါယ်တမျှဉ်ကို ငါပြုအံ့'' ဟု ကြံတော်မူ၏၊ ကြံပြီး၍ ထိုသီလဝတီမိဖုရား ကြီးသည် မဒ္ဒရာဇ်မင်းကို ပင့်ခေါ်တော်မူ၍ ''အရှင်မင်းကြီး....ချွေးမတော် သည် အကျွန်ုပ် သားတော်အား လျော်က်ပတ်၏၊ ထိုသို့ လျော်က်ပတ်သော် လည်းအနည်းငယ်ဆိုဖွယ်ရှိသေး၏။ အကျွန်ုပ်တို့အမျိုးအနွယ်အစဉ်အဆက်မှ လာသော အကျင့် ရှိပါ၏၊ ဤ သတို့သမီးငယ်သည် ထိုအကျင့်၌ အကယ်၍ ကျင့်ပါအံ့၊ ထိုသတို့သမီးငယ်ကို ဆောင်ယူပါအံ့'' ဟု ဆို၏။ ''ရှင်မိဖုရားတို့၏ အမျိုးအကျင့်သည် အဘယ်နည်း'' ဟု မေးတော် မူ၏။ ''အကျွန်ုပ်တို့အမျိုး၌ အကြင်မျှလောက်သော တစ်ကြိမ်သော ကိုယ်ဝန်တည်ခြင်းသည် ရှိ၏၊ ထိုမျှလောက် လင်ကို မြင်ခြင်းငှာ မရ။ အကယ်၍ ဤသတို့သမီးငယ်သည် အကျွန်ုပ်ဆိုတိုင်း လိုက်နာအံ့၊ ထိုသတို့ သမီးငယ်ကို ဆောင်ယူပါအံ့'' ဟု ဆို၏။

အဘိသိက်ခံ နန်းစံရပြီ

ခမည်းတော် မဒ္ဒရာဇ်မင်းကြီးသည် သမီးတော်ပဘာဝတီကို ''အသို့ နည်း၊ ချစ်သမီး....ဤသို့ သီလဝတီမိဖုရားကြီးဆိုတိုင်း ချစ်သမီး ကျင့် ခြင်းငှာ တတ်နိုင်ပါအံ့လော'' ဟု မေးတော်မူ၏။ သမီးတော် ပဘာဝတီ သည် ''ဖခင်မင်းမြတ်....တတ်နိုင်ပါလတ္တံ့'' ဟု တင်လျှောက်၏။ ထိုသို့ ပဘာဝတီ ဝန်ခံတင်လျှောက်ပြီးမှ ဩကာကရာဇ်မင်းကြီးသည် မဒ္ဒရာဇ် မင်းအား မျှားစွာသော ဥစ္စာဘဏ္ဍာကို ပေးပြီးလျှင် မင်းသမီးပဘာဝတီကို ဆောင်ယူ၍ ကုသဝတီနေပြည်တော်ကြီးသို့ ပြန်တော်မူ၏။ မဒ္ဒရာဇ်မင်း သည်လည်း မျှားစွာသောအခြံအရံဖြင့် သမီးတော်ပဘာဝတီကို ထည့်

www.dhammadownload.com

တော်မူလိုက်၏။ သြက္ကာကရာဇ်မင်းကြီးသည် ကုသဝတီနေပြည်တော်သို့ သွား၍ မြို့တော်ကို တန်ဆာဆင်စေတော် မူပြီးလျှင် အလုံးစုံသော အနှောင်အဖွဲ့တို့ကို လွှတ်စေတော်မူ၍ သားတော်အား ရာဇာဘိသိက် ကိုပြု၍ တိုင်းပြည်ကို ပေးတော်မူ၍ မင်းသမီးပဘာဝတီကို မိဖုရားကြီး ပြုစေ၍ မြို့တော်၌ "ကုသမင်း၏ အာဏာဧတော်ဘည်း" ဟု စည်လည်စေ တော် မူ၏။ ဇမ္မူဒိပ်ကျွန်းအပြင်၌ မင်းတို့တွင် အကြင်မင်းတို့အား သမီးသည် ရှိ၏။ ထိုမင်းတို့သည် ကုသမင်းအား သမီးကို ဆက်စေကုန်၏။ အကြင်မင်းတို့အား သားသည်ရှိ၏။ ထိုမင်းတို့သည် ထိုကုသမင်းနှင့်တကွ မိတ်ခင်ပွန်းအဖြစ်ကို အလိုရှိကုန်သည်ဖြစ်၍ သားတို့ကို အလုပ်အကျွေး ပြု၍ စေလိုက်ကြကုန်၏။ ဘုရားလောင်းကုသမင်းအား ကိုယ်လုပ်မောင်းမ အခြံအရံသည် အလွန်များသည် ဖြစ်၏။ များမြတ်သော အခြံအရံဖြင့် မင်းပြုတော်မူ၏။

ပဘာဝတီကို ကြည့်လိုခြင်း

ထိုကုသမင်းသည် နေ့အခါ၌ ပဘာဝတီကို မြင်ခြင်းငှာမရ။ ထိုမင်းသမီး ပဘာဝတီသည်လည်း ကုသမင်းကို နေ့အခါမြင်ခြင်းငှာ မရ။ နှစ်ပါးကုန်သောမင်းမိဖုရားတို့အား ညဉ့်အခါ၌သာလျှင် တွေ့မြင်ကြရ၏။ ထိုမင်းမိဖုရား နှစ်ပါးတို့တွင် ပဘာဝတီ၏ ကိုယ်ရောင်သည်လည်း မထင်ရှားသည်၊ မခေါ်ဝေါ်လောက်သည်သာလျှင် ဖြစ်၏။ ဘုရားလောင်း ကုသမင်းသည် ညဉ့်၌သာလျှင် ကျက်သရေရှိသော တိုက်ခန်းမှ ထွက်ခဲ့ရ၏။

ထိုမင်းသည် တစ်ရက်, နှစ်ရက်လွန်လျှင် ပဘာဝတီကို နေ့အခါ၌ မြင်လိုသည်ဖြစ်၍ မယ်တော်အား ကြားလျှောက်၏။ မယ်တော်မိဖုရားကြီးသည် "ချစ်သား....သင်ချစ်သားသည် နေ့အခါ၌ ပဘာဝတီကို မြင်ခြင်းငှာ အလိုမရှိလင့်၊ အကြင်မျှလောက်သော တစ်ယောက်သောသားကို ရအံ့၊ ထိုမျှလောက် ငံ့လင့်ပါဦးလော့" ဟု ပယ်တော်မူ၏။ သားတော်ကုသမင်းသည်ကား အဖန်တလဲလဲ တောင်းပန်တင်လျှောက် သည်သာတည်း။

ဆင်ချေတုံးဖြင့် ပစ်ပြီ

ထိုသို့ အဖန်တလဲလဲ တင်ခဲလျှောက်သောအခါ သားတော် မင်းသားကို မယ်တော်မိဖုရားကြီးသည် ဤသို့ မိန့်တော်မူ၏။ "ချစ်သား....

www.dhammadownload.com

ထိုသို့မြင်လိုတပြီးကား ဆင်တင်းကုပ်သို့သွား၍ ဆင်ထိန်းအသွင်ဖြင့်နေနှင့်လော့၊ ငါသည် ပဘာဝတီကို ဆင်တင်းကုပ်သို့ ဆောင်ခဲ့အံ့၊ ထိုသို့ဆောင်ခဲ့သောအခါ ပဘာဝတီကို မျက်စိပြည့်အောင် ကြည့်လော့၊ သင်ချစ်သားကိုလဲ လင်အဖြစ်ကို မသိုစေလင့်''ဟု မိန့်တော်မူ၏။ သားတော်ကုသမင်းသည် ''ကောင်းပြီ''ဟု ဝန်ခံ၍ ဆင်တင်းကုပ်သို့ သွားနှင့်လေ၏။ မယ်တော်မိဖုရားကြီးသည် မင်္ဂလာဆင်တော်တင်းကုပ်ကို တန်ဆာဆင်စေတော်မူပြီးလျှင် မင်းသမီး ပဘာဝတီကို ''ချစ်သမီး....လာလှည့်၊ ချစ်သမီးလင်၏ ဆင်တော်တို့ကို ကြည့်ရှုကုန်အံ့''ဟုဆို၍ ဆင်တင်းကုပ်သို့ခေါ်ဆောင်ခဲ့ပြီးလျှင် ''ဤဆင်သည်ကား ဤအမည်ရှိသော ဆင်တည်း၊ ဤဆင်သည်ကား ဤအမည်ရှိသောဆင်တည်း''ဟုဆို၍ ပြ၏။

ကုသမင်းသည် ဆင်တင်းကုပ်၌ မယ်တော်နောက်မှ လိုက်လာသော ပဘာဝတီကိုမြင်လျှင် ဆင်ထိန်းအသွင်ဖြင့် ပဘာဝတီကျောကိုဆင်ချေးတုံးဖြင့်ပစ်၏။ ပဘာဝတီသည် အမျက်ထွက်ရကား ''အရှင်မင်းကြီးအား တင်လျှောက်၍ သင့်လက်ကို ဖြတ်စေအံ့''ဟု ဆို၍ မယ်တော် သီလဝတီမိဖုရားကြီးကို ဆုပ်နယ်စေ၏။ ထိုမယ်တော်မိဖုရားကြီးသည် ပဘာဝတီကို သိစေ၍ ကျောကို ဆုပ်နယ်တော်မူ၏။

မြင်ချေးတုံးဖြင့် ပစ်ပြီ

တစ်ဖန်လည်း ကုသမင်းသည် မြင်လိုပြန်သည်ဖြစ်၍ မြင်းတင်းကုပ်၌ မြင်းထိန်းအသွင်ဖြင့် ထိုပဘာဝတီကိုမြင်၍ ထိုရှေးအတူသာလျှင် မြင်းချေးတုံးဖြင့် ပစ်၏။ ထိုအခါ၌လည်း အမျက်ထွက်သော ပဘာဝတီကို ယောကျ်မတော် သီလဝတီမိဖုရားသည် သိစေ၏။

ညီတော်ကို ပြခြင်း

တစ်ဖန်လည်းတစ်နေ့သ၌ပဘာဝတီသည် ကုသမင်းကိုမြင်လိုသည်ဖြစ်၍ယောကျ်မတော် သီလဝတီ မိဖုရားအား ကြားလျှောက်လျှင် ''ချစ်သမီး.... မသင့်၊ ချစ်သမီးအား ကုသမင်းကို မြင်ခြင်းငှာ မနှစ်သက်လင့်''ဟု ပယ်တော်မူ၏။ ပဘာဝတီသည်လည်း အဖန်တလဲလဲ တင်လျှောက်တောင်းပန်၏။ ထိုအခါ ပဘာဝတီကို မယ်တော်မိဖုရားကြီးသည် မိန့်တော်မူ၏။ ''ချစ်သမီး....ထိုသို့ မြင်ကိုတပြီးကား နက်ဖြန် ငါ့သားတော်သည် မြို့ကို

www.dhammadownload.com

လက်ယာရစ် လှည့်လည်သည်ကို ပြုလတ္တံ့၊ ချစ်သမီးသည် ခြင်္သေ့ခံသော လေသွန်နန်းတံခါးကိုဖွင့်၍ ထို ကုသမင်းကို ကြည့်လော့'' ဟု မိန့်တော်မူ၏။ ဤစကားကို မိန့်ဆိုတော်မူပြီးလျှင် နက်ဖြန်နေ့၌ တန်ဆာဆင်စေတော်မူ၍ ညီတော် ဇယမွတိမင်းသားကို မင်း၏ အသွင်ကိုယူစေ၍ ဆင်ကျောက်ကုန်းထက်၌ စီးစေလျက် မြို့တော်ကို လက်ယာရစ် လှည့်သည်ကို ပြုစေတော်၏။

မယ်တော် မိဖုရားကြီးသည် ပဘာဝတီကိုခေါ်၍ ခြင်္သေ့ခံသော လေသွန် နန်းတံခါးဝ၌ရပ်လျက် ''ချစ်သမီး....ချစ်သမီးလင်၏ တင့်တယ် စံပယ်ခြင်း အသရေ အစုံသို့ရောက်သည်ကို ကြည့်ပါလော့'' ဟုဆို၏။ ထို မင်းသမီး ပဘာဝတီသည် ''ငါသည် တင့်တယ်လျောက်ပတ်သော လင်ကို ရပေ၏'' ဟု အလွန်ဝမ်းမြောက်၏။ ထိုနှစ်ဦးကား ကုသမင်းသည် ဆင်ထိန်း အသွင်ဖြင့် ညီတော် ဇယမွတိ မင်းသား၏ နောက်နေရာ၌ နေတော်မူ၍ အလိုရှိတိုင်း ပဘာဝတီကိုကြည့်လျက် လက်ဖောက်ပြန်ခြင်း အစရှိသော အခြင်းအရာဖြင့် စိတ်အလိုအတိုင်း ပြက်ရယ်မှုကို ပြု၏။ ဆင်တော် လွန်သည်ရှိသော် မယ်တော်မိဖုရားကြီးသည် ပဘာဝတီကို မေးတော်မူ၏။ ''ချစ်သမီး....ချစ်သမီးလင်ကို မြင်ပြီလော'' ဟု ဧမေးတော်၏။ မိခင် မြင်ရပေပြီ၊ ထိုမင်းကြီး နောက်နေရာ၌နေသော ဆင်ထိန်းသည်ကား အလွန်လျင် ဆိုနိုင်ခက်၏။ ကျွန်ုပ်အား လက်ဖောက်ပြန်ခြင်း အစရှိသည်တို့ကို ပြုဘိ၏။ အဘယ့်ကြောင့် ဤသို့သဘောရှိသော အရှက်မရှိသောသူကို မင်း၏ နောက်နေရာ၌ နေစေကုန်ဘိနည်း၊ ထိုဆင်ထိန်းကို နှင်ထုတ်စေဘိလော့'' ဟု ဆို၏။ ''ချစ်သမီး....မင်းကြီးနောက်တော်၌ အစောင့်အရှောက်မည်သည်တို့ကို အလိုရှိအပ်ကုန်၏'' ဟု ဆို၏။

ပဘာဝတီ စုံစမ်းခြင်း

ပဘာဝတီသည် ကြံ၏၊ ''ဤဆင်ထိန်းသည်အလွန်လျင် ကြောက်ခြင်း မရှိ၊ မင်းကို မင်းဟူ၍လည်း မမှတ်၊ ဤသူသည်ပင်လျှင် ကုသမင်းလေလော။ ထိုစကားသည် မှန်၏၊ မခွတ်လျှင် ထိုကုသမင်းသည် အဆင်းမလှသည် ဖြစ်လတ္တံ့၊ ထို့ကြောင့်လျှင် ငါ့ကိုမပြ'' ဟုကြံ၍ ထိုပဘာဝတီသည် ခုဇ္ဇာအမည်ရှိသော အထိန်းတော်၏ နားရင်း၌အပ်၍ မှာဆို၏။ ''မိခင်....သွားချေ၊ သိအောင် ပြုချေလော့၊ ရှေ့နေရာ၌ နေသောသူသည်

www.dhammadownload.com


တည်း မင်းလော၊ ထိုသို့မဟုတ်မူ နောက်နေရာ၌ နေသောသူသည်တည်း မှင်းလော၊ သိအောင် ပြုချေလော့''ဟု ဆို၏။

''အကျွန်ုပ်သည် အသို့လျှင် သိနိုင်အံ့နည်း''ဟု မေးလျှောက်၏။ ''မိခင်....အသို့ဆိုသနည်း၊ အကြင်သူသည် အကယ်၍ မင်းဖြစ်အံ့၊ ထိုသူသည် ရှေးဦးစွာ ဆင်ထက်မှ ဆင်းလတ္တံ့၊ ဤအမှတ်ဖြင့် သိအောင်ပြုချေလော့''ဟု ဆို၏။ ထိုအထိန်းတော် ခုဇ္ဇာသည် သွား၍ တင့်အပ်လျောက်ပတ်သော အရပ်၌ရပ်လျက် ရှေးဦးစွာ ကုသမင်းသည် ဆင်းသည်ကို မြင်လေ၏၊ နောက်မှ ညီတော် ဇယမ္ပတိမင်းသား ဆင်းသက်သည်ကိုမြင်၏။ ကုသမင်းသည်လည်း ထိုမှ ဤမှ ကြည့်လတ်သော် အထိန်းတော် ခုဇ္ဇာကိုမြင်၍ ''ဤမည်သော အကြောင်းကြောင့် ဤခုဇ္ဇာသည် ဖြစ်လတ္တံ့''ဟု သိသော်မူလျှင် ထိုအထိန်းတော် ခုဇ္ဇာကို ခေါ်စေတော်မူ၍ ''ဤအကြောင်းအထူးကို ပဘာဝတီအား မပြောပါလင့်''ဟု မြဲမြံစွာ မှာဆို၍ လွှတ်လိုက်၏။ ထိုအထိန်းတော် ခုဇ္ဇာသည် သွားလေ၍ ''အရှင့်သမီး....ရှေ့နေရာ၌နေသောသူသည် ရှေးဦးစွာ ဆင်းပါ၏''ဟု ကြားလျှောက်၏။ ပဘာဝတီထိုအထိန်းတော် ခုဇ္ဇာပြောသည့် စကားကိုကြား၍ ယုံကြည်၏။

ရေကန်ထဲ ရွှေလက်ဆွဲ

ဘုရားလောင်းသည်လည်း တစ်ဖန် မြင်လိုပြန်သည်ဖြစ်၍ မယ်တော်မိဖုရားကို လျှောက်ထား တောင်းပန်ပြန်၏။ မယ်တော် မိဖုရားကြီးသည် ပယ်အံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ ''ချစ်သား....ထိုသို့တပြီးကား မထင်ရှားသောအသွင်ဖြင့် ဥယျာဉ်တော်သို့ သွားနှင့်လော့''ဟု မိန့်တော်မူ၏။ သားတော် ကုသမင်းသားသည် ဥယျာဉ်တော်သို့ သွားသော်၍ မင်္ဂလာရေကန်တော်၌ လည်တိုင်အောင် ရေထဲသို့ ဆင်းပြီးလျှင် ပဒုမ္မာ ကြာဖက်ဖြင့် ဦးခေါင်းကိုဆောင်း၍ ပဒုမ္မာကြာပွင့်ကို မျက်နှာကို ဖုံးကာလျက် နေနှင့်၏။

ကုသမင်း၏ မယ်တော် မိဖုရားကြီးသည်လည်း ပဘာဝတီ ဥယျာဉ်တော်သို့ ညချမ်းအခါ ခေါ်ဆောင်ခဲ့၍ ''ဤသစ်ပင်တို့ကို ရှုလော့၊ ဤငှက်တို့ကို ရှုလော့၊ ဤသမင်တို့ကို ရှုလော့''ဟု ဖြားယောင်းလျက် မင်္ဂလာရေကန်နားသို့ သွားလေ၏။ ထို ပဘာဝတီ မင်းသမီးသည် ငါးပါး အပြား



www.dhammadownload.com

www.dhammadownload.com

ရှိသော ကြာပဒုမ္မာတို့ဖြင့် ဖုံးလွှမ်းအပ်သော မင်္ဂလာ ရေကန်တော်ကိုမြင်လျှင် ရေချိုးလိုသည်ဖြစ်၍ အလုပ်အကျွေး ကိုယ်လုပ်မောင်းမတို့နှင့်တကွ ရေကန်သို့ ဆင်းသက်၍ ကစားသည်ရှိသော် ထို ပဒုမ္မာကြာပွင့်ကိုမြင်လျှင် ဆွတ်ယူလိုသည်ဖြစ်၍ လက်ကိုဆန့်၏၊ ထိုသို့ လက်ကိုဆန့်သောအခါ ကုသမင်းသည် ပဒုမ္မာကြာရွက်ကိုပယ်၍ "ငါ့ကုသမင်းတည်း" ဟု ဆို၍ ပဘာဝတီကို လက်ဦးဆွဲ၏။ ပဘာဝတီသည် ထိုကုသမင်း မျက်နှာကိုမြင်လျှင် "ငါ့ကို ဘီလူးဖမ်းခဲ့ပြီ" ဟု ငိုမြည်တမ်း၍ ထိုအရပ်၌ပင်လျှင် မိန်းမောခြင်းသို့ ရောက်၏။ ထိုအခါ ကုသမင်းသည် ပဘာဝတီလက်ကိုလွှတ်၏။

ပဘာဝတီ ပြန်သွားပြီ

ထိုပဘာဝတီသည် သတိရပြန်လိုက်ကား "ကုသမင်းသည် ငါ့လက်ကို ကိုင်ဆဲသတတ်၊ ဤကုသမင်းသည်ပင်လျှင် ငါ့ကို ဆင်တင်းကုပ်၌ ဆင်ချေးဖြင့် ပစ်၏၊ မြင်းတင်းကုပ်၌လည်း မြင်းချေးဖြင့် ပစ်ဘိ၏၊ ဤကုသမင်းသည်ပင်လျှင် ဆင်ပေါ်၌ နောက်ကနေ၍ ငါ့အား ပြက်ရယ်မူကို ပြုဘိ၏၊ ငါ့အား ဤသို့သဘောရှိသော အဆင်းမလှသော လင်ဖြင့် အဘယ်မူအံ့နည်း၊ ငါသည် အသက်ရှည်သည်ရှိသော် တစ်ပါးသောလင်ကို ရပါလတ္တံ့" ဟု ကြံ၍ မိမိနှင့် အတူတကွပါလာသော အမတ်တို့ကို ခေါ်စေ၍ "ငါ၏ ယာဉ်ကိုလည်းကောင်း၊ ဆင်ယာဉ်, မြင်းယာဉ်ကို လည်းကောင်း က-ကုန်စီရင်ကြကုန်လော့၊ ယနေ့ပင် ငါ သွားအံ့" ဟု ဆို၏။ ထိုအမတ်တို့သည် ထိုအကြောင်းကို ကုသမင်းကြီးအား တင်လျှောက်ကြကုန်၏။ ကုသမင်းကြီးသည် ကြံတော်မူ၏။ "ပဘာဝတီသည် အကယ်၍ ပြန်သွားခြင်းငှာ အခွင့်မရအံ့၊ ထိုပဘာဝတီနှလုံးသည် ကွဲလတ္တံ့၊ သွားစေကာမူ ထိုပဘာဝတီကို တစ်ဖန် ငါ၏အစွမ်းဖြင့် ဆောင်ယူအံ့" ဟု ကြံတော်မူ၍ ထိုပဘာဝတီအား မိမိပြည်သို့ ပြန်သွားစိမ့်သောငှာ ခွင့်ပေးတော်မူ၏။ ပဘာဝတီသည် ခမည်းတော်၏ မြို့သို့သာလျှင် ပြန်သွားလေ၏။ ဘုရားလောင်း ကုသမင်းကြီးသည်လည်း ဥယျာဉ်ဘော်မှ မြို့တော်သို့ ဝင်တော်မူ၍ တန်ဆာဆင်အပ်သော ရွှေနန်းပြာသာဒ်ထက်သို့ တက်တော်မူ၏။

ရှေးအကြောင်းကံဖန် စီမံ

[ထိုစကားသည် မှန်၏။ ထိုပဘာဝတီသည် ရှေးဆုတောင်း၏ အစွမ်းဖြင့် ဘုရားလောင်း ကုသမင်းကို အလိုမရှိ။ ထိုဘုရားလောင်း

www.dhammadownload.com

ကုသမင်းကြီးသည်လည်း ရှေးမကောင်းမှု၏ကံ၏ အစွမ်းဖြင့်လျှင် အဆင်းမလှသည် ဖြစ်၏။ အကြောင်းကား—

လွန်လေပြီးသောအခါ ဗာရာဏသီပြည် တံခါးအနီး ရွာ၌ အရှေ့ခရီး၌လည်းကောင်း၊ အနောက်ခရီး၌လည်းကောင်း နှစ်ဦးကုန်သော အမျိုးတို့သည် နေကုန်သတတ်၊ အမျိုးတစ်ယောက်အား သားနှစ်ယောက်တို့သည် ရှိကုန်သတတ်၊ အမျိုးဘစ်ယောက်အား သမီးတစ်ယောက်သာ ရှိသတတ်၊ သားနှစ်ယောက်တို့တွင် ဘုရားလောင်းသည် ညီငယ် ဖြစ်သတတ်၊ ထိုတစ်ယောက်သော သတို့သမီးကို အစ်ကိုကြီးအား ပေးကြကုန်၏၊ ညီငယ်သည် သားမယားမမွေးမြူဘဲ အစ်ကိုအထံ၌သာ နေ၏။

ပဘာဝတီ ဆုတောင်းပြီ

ထိုအခါ တစ်နေ့သ၌ ထိုအိမ်ဝယ် အလှန်အရသာ ရှိသောမုန့်တို့ကို ကြော်ကုန်၏။ ညီငယ် ဘုရားလောင်းသည် တောသို့သွား၏။ ထိုညီငယ်ဘုရားလောင်း၏အစုမုန့်ကို ထား၍ ကြွင်းသောမုန့်တို့ကို ဝေဖန်၍ စားကြကုန်၏။ ထိုခဏ၌ အရှင်ပစ္စေကဗုဒ္ဓါသည် ဆွမ်းအလို့ငှာ အိမ်တံခါးဝသို့ ကြွရောက်တော်မူလာ၏။ ဘုရားလောင်း၏အစ်ကို့မယားသည် "မတ်အား တစ်ပါးသောမုန့်ကို ကြော်အံ့" ဟု ထိုမတ်၏အစုမုန့်ကိုယူ၍ အရှင်ပစ္စေကဗုဒ္ဓါအား လှူ၏။ ဘုရားလောင်းသည်လည်း ထိုခဏလျှင် တောမှ ရောက်လာ၏။ ထိုသို့ ရောက်လာသောအခါ မတ်ကို မရီးသည် "အမောင်....စိတ်ကိုကြည်ညိုပါစေလော့၊ အမောင်၏ အစုမုန့်ကို အရှင်ပစ္စေကဗုဒ္ဓါအား လှူအပ်ပြီ" ဟု ပြောဆို၏။ ထိုမတ်သည် "သင့်အစုကိုစား၍ ငါ့အစုကို လှူဘိ၏၊ တစ်ပါးသော မုန့်ကို အဘယ်ပြုအံ့နည်း" ဟု အမျက်ထွက်ရကား သွား၍ အရှင်ပစ္စေကဗုဒ္ဓါ၏ သပိတ်မှ မုန့်ကိုယူ၏။ ထိုမရီးသည် အမိအိမ်သို့ သွား၍ ဆုတ်သစ်စဖြစ်သော စကားပွင့်အဆင်းနှင့်တူသော ထောပတ်ကို ဆောင်ယူခဲ့၍ အရှင်ပစ္စေကဗုဒ္ဓါသပိတ်ကိုပြည့်စေ၍ ထိုထောပတ်သည် အရောင်ကို လွှတ်၏။ ထိုဘုရားလောင်း၏မရီးသည် ထိုအရောင်ကို မြင်၍ ဆုတောင်းခြင်းကို ဖြစ်စေ၏။ "အရှင်ဘုရား....ဤ

www.dhammadownload.com

ထောပတ်အလှူ၏ အစွမ်းကြောင့် ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ အကျွန်ုပ်ကိုယ်မှ အဆောင်ထုတ်ပါစေသတည်း၊ မြတ်သောအဆင်းကို ဆောင်သည် ဖြစ်ပါစေသတည်း။ အကျွန်ုပ်အား ဤသူယုတ်နှင့် အတူတကွ တစ်ခုသောအရပ်၌ နေခြင်းသည် မဖြစ်ပါစေသတည်း'' ဟု ဆုတောင်းခြင်းကို ဖြစ်စေ၏။ ထိုပဘာဝတီသည် ဤရှေး ဆုတောင်း၏ အစွမ်းကြောင့် ထိုကုသမင်းကို အလိုမရှိ။

မင်းကုသ၏ ဆုတောင်း

ဘုရားလောင်းသည်လည်း ထိုမုန့်ကို ထိုထောပတ်ထက်၌ ဖုံးလိုက်၍ ဆုတောင်းခြင်းကို ဖြစ်စေ၏။ ''ဤအကျွန်ုပ်မရီးကို ယူဇနာတစ်ရာ ခြားသောအရပ်၌နေသော်လည်း၊ ဆောင်ယူ၍ အကျွန်ုပ်ခြေရင်း၌ အလုပ်အကျေး ပြုခြင်းငှာ စွမ်းနိုင်သည် ဖြစ်ရပါလို၏'' ဟု ဆုတောင်းခြင်းကို ဖြစ်စေ၏။

အခု တွေ့ကြပြီ

ထိုသူနှစ်ယောက်တို့တွင်ထိုကုတမင်းသည် အမျက်ထွက်သဖြင့် သွား၍ အကြင်မှုန့်ကို လုယူ၏။ ထိုရှေးမကောင်းမှု အစွမ်းကြောင့် အဆင်းမလှသည် ဖြစ်၏။ ထိုပဘာဝတီသည်လည်း ထိုရှေးဆုတောင်း၏ အစွမ်းကြောင့် ကုသမင်းကို အလိုမရှိ။ ဤသည်လျှင် ရှေးအကြောင်းတည်း ;]

မင်းကုသ လိုက်လာပြီ

ထို ကုသမင်းသည် ပဘာဝတီ ပြန်သွားသည်ရှိသော် ပြင်းစွာသော စိုးရိမ်ပူပန်ခြင်းသို့ ရောက်၏။ ကြင်းကုန်သော ကိုယ်လုပ် မောင်းမ အပေါင်းတို့သည် ထို ကုသမင်းကို အထူးထူးသော အခြင်းအရာတို့ဖြင့် လုပ်ကျေးပါကုန်သော်လည်း ကြည်စိမ့်သောငှာ မတတ်နိုင်ကုန်။ ထို ကုသမင်းအား ပဘာဝတီနှင့် ကင်းသော အလုံးစုံသော နန်းတော်ကို အချည်းနှီးကဲ့သို့ ထင်တော်မူ၏။ ထို ကုသမင်းသည် ''ယခုပင် သာဂလမြို့သို့ ရောက်လတ္တံ့'' ဟု နှလုံးသွင်းတော်မူ၍ မိုးသောက်သောအခါ မယ်တော်ထံသို့ သွား၍ ''မိခင်....အကျွန်ုပ်သည် ပဘာဝတီကို ဆောင်ယူပါခဲ့အံ့၊ မိခင်တို့သည် တိုင်းပြည်ကို ဆုံးမတော်မူရစ်ပါကုန်လော့'' ဟု ဆို၍ မယ်တော်အား တိုင်းပြည်ကို အပ်နှင်းလိုက၏။

www.dhammadownload.com

၁။ ဣဒံ တေ ရဋ္ဌံ သဓနံ သယောဂ္ဂံ၊
သကာယုရံ သဗ္ဗကာမူပပန္နံ။
ဣဒံ တေ ရဋ္ဌံ အနဿာသ အမ္မ၁၊
ဂစ္ဆာမဟံ ယတ္ထ ပိယာ ပဘာဝတိ—

ဟူသော ရွှေးဦးစွာဒသာ ဤဂါထာကို ဆို၏။

၁။ အမ္မ၁၊ မိခင်။ ဣဒံ ရဋ္ဌံ၊ ဤတိုင်းသည်။ တေ၊ သင် မိခင်၏။ ရဋ္ဌံ၊ တိုင်းတည်း။ အမ္မ၁၊ မိခင်။ သဓနံ၊ ဥစ္စာဘဏ္ဍာနှင့်တကွ ဖြစ်သော။ သယောဂ္ဂံ၊ ဆင်ယာဉ် မြင်းယာဉ်နှင့်တကွ ဖြစ်ထသော။ သကာယုရံ၊ မင်းမြောက်တန်ဆာ ငါးပါးနှင့်တကွ ဖြစ်ထသော။ သဗ္ဗကာမူပပန္နံ၊ ခပ်သိမ်းသော အလိုဆန္ဒနှင့် ပြည့်စုံထသော။ ဣဒံ ရဋ္ဌံ၊ ဤတိုင်းကို။ တေ၊ သင် မိခင်သည်။ အနုသာသ၊ ဆုံးမခတ်မူရစ်လော့။ အဟံ၊ အကျွန်ုပ်သည်။ ယတ္ထ၊ အကြင်အရပ်၌။ ပိယာ၊ ချစ်အပ်သော။ ပဘာဝတီ၊ ပဘာဝတီသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထို ပဘာဝတီရှိရာ အရပ်သို့။ ဂစ္ဆာမိ၊ သွားပါရချေအံ့။

မယ်တော် သီလဝတီ မိဖုရားကြီးသည် သားတော် ကုသမင်းစကားကိုကြား၍ "ချစ်သား ...ထိုသို့ သွားလိုတပြီးကား မမေ့မလျော့ ဖြစ်လေလော့၊ ထိုစကားသည် မှန်၏၊ မိန်းမတို့မည်သည်ကား မစင်ကြယ်သော စိတ်နှလုံး ရှိတတ်၏" ဟု မှာဆိုတော်မူပြီးလျှင် အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ဖြင့် ရှေပခြုပ်ကို ပြည့်စေ၍ "ဤဘောဇဉ်ကို ခရီးအကြား၌ စားလေလော့" ဟု ဆို၍ လွှတ်လိုက်၏။ သားတော် ကုသမင်းသည် မယ်တော် ပေးလိုက်သော ထမင်း ပခြုပ်ကို ယူ၍ မယ်တော်ကို ရှိခိုးလျက် သုံးကြိမ် လက်ယာရစ် လှည့်ဝဲညာကို ပြု၍ "အသက်ရှင်ပါသည်ရှိသော် တစ်ဖန် ဖူးမြင်ပါအံ့" ဟု တင်လျှောက်ခဲ့ပြီးလျှင် ကျက်သရေရှိသော တိုက်ခန်းသို့ ဝင်၍ ငါးပါးသော လက်နက်ကို မြဲမြံစွာ ဖွဲ့ပြီးလျှင် ထမင်းပခြုပ်နှင့်တကွ အသပြာ တစ်ထောင်ကို လွယ်အိတ်၌ ထည့်၍ ကောကနဒ အမည်ရှိသော စောင်းတော်ကိုလည်း ယူ၍ မြို့တော်မှ ထွက်ခဲ့သဖြင့် ခရီးသို့သွားလျှင် အလွန် စွမ်းပကား ခွန်အားနှင့် ပြည့်စုံတော်မူရကား မွန်းတည့်တိုင်ရုံ ယူဇနာငါးဆယ်ရှိသော ခရီးကို သွားပြီးလျှင် ထမင်းစား၍ ကြွင်းသော နေ့အဖို့ဖြင့် တစ်ဖန် ယူဇနာ

www.dhammadownload.com

ငါးဆယ်ရှိသော ခရီးကို သွား၍ တစ်နေ့ချင်းဖြင့်လျှင် ယူဇနာ တစ်ရာ ရှိသော ခရီးကို ကုန်စေ၍ ညအခါရောက်တော်မူလျှင် သာဂလမြို့သို့ ဝင်တော်မူ၏။ ထို ကုသမင်း သာဂလမြို့သို့ ဝင်တော်မူကာမျှဖြင့်လျှင် ကုသမင်း၏ တန်ခိုးကြောင့် ပဘာဝတီသည် အိပ်ရာအပြင်၌ တည်ခြင်းငှာ မတတ်နိုင်ရကား ဆင်းသက်၍ မြေ၌ အိပ်၏။

စောင်းသံပေးပြီ

ညစ်နွမ်းသော ကွန်ဖြူရှိသော ခရီးသွားသော ဘုရားလောင်း ကုသမင်းကိုလည်း မိန်းမ တစ်ယောက်သည် မြင်လေလျှင် ခေါ်စေ၍ ခြေတို့ကို ဆေး၍ အိပ်ရာကိုပေး၏။ ထို ဘုရားလောင်းသည် ပင်ပန်းသောကြောင့် အိပ်လျှင် အိပ်ပျော်ခြင်းသို့ ရောက်၏။ ထိုအခါ မိန်းမသည် ဘုရားလောင်း အိပ်ပျော်သည်ရှိသော် ထမင်းကို ပြည့်စုံစေ၍ နှိုးလျှင် ထမင်းကျွေး၏။ ဘုရားလောင်းသည် နှစ်သက်သည်ဖြစ်၍ ထို မိန်းမအား ထမင်းပခြုပ်နှင့်တကွ အသပြာ တစ်ထောင်ကို ပေးတော်မူ၏။ ထို ဘုရားလောင်းသည် လက်နက် ငါးပါးကို ထို အိမ်၌လျှင်ထား၍ "ငါ့အား စောင်းတီးရာ အရပ်သည် ရှိ၏" ဟု ဆို၍ စောင်းကိုယူလျက် ဆင်တင်းကုပ်သို့သွား၍ "ယနေ့ တစ်ရက်မျှနေခြင်းငှာ ပေးပါကုန်လော့၊ သင်တို့အား စောင်းသီချင်းကို ပြုပါအံ့" ဟု၊ ဆို၍ ဆင်ထိန်းတို့ ခွင့်ပေးရကား တစ်ခုသော အရပ်၌ အိပ်လျှင် အနည်းငယ် အိပ်ပျော်၍ ပူပန် ပင်ပန်းခြင်း ငြိမ်းလတ်သော် အိပ်ရာမှထ၍ စောင်းကို ဖြေပြီးလျှင် "သာဂလမြို့နေသူ အလုံးတို့သည် ဤစောင်းသံကို ကြားစေကုန်သတည်း" ဟု စောင်းကိုတီးလျက် သီ၏။ ပဘာဝတီသည် မြေ၌ လျောင်းလျက် ထိုစောင်းသံကို ကြား၍လျှင် ကြံ၏။ "ဤစောင်းသံသည် တစ်ပါးသောသူ၏ စောင်းသံမဟုတ်၊ မချွတ်လျှင် ကုသမင်းသည် ငါ၏ အလိုဌာ လာ၏" ဟု သိ၏။ မဒ္ဒရာဇ်မင်းကြီးသည်လည်း ထိုစောင်းသံကို ကြားတော်မူလျှင် "အလွန်လျှင် သာယာစွာ တီးပေ၏၊ နက်ဖြန် ထိုစောင်းသမားကိုခေါ်၍ ငါ့အား စောင်းသီချင်းကို ပြုစေအံ့" ဟု ကြံ၏။

အိုးတော်ဆက်ပြန်ပြီ

ဘုရားလောင်းသည် "ဤ ဆင်တင်းကုပ်၌ နေသဖြင့် ပဘာဝတီကို မြင်ခြင်းငှာ မတတ်ကောင်းသေး၊ ဤ ဆင်းတင်ကုပ်သည် နေရာမဟုတ်

www.dhammadownload.com

သေး'' ဟု နှုလုံးသွင်း၍ နံနက်စောစောကလျင် ထွက်ခဲ့၍ ညဦးက ထမင်းစားသော အိမ်၌သာလျင် နံနက်စာ စားသဖြင့် စောင်းကို ထားခဲ့၍ မင်း၏ အိုးထိန်းသည်အထံသို့ သွား၍ ထို အိုးထိန်းသည်၏ တပည့်အဖြစ်သို့ ကပ်၍ တစ်နေ့ချင်းဖြင့်သာလျင် အိမ်ကို မြေစိုင်ခဲဖြင့် ပြည့်စေ၍ ''ဆရာ အိုးတို့ကို လုပ်ပါအံ့'' ဟု ဆို၍ ''လုပ်လော့'' ဟု ဆိုလတ်သော် တစ်ခုသော မြေစိုင်ကို အိုးထိန်းစက်၌ ထား၍ စက်ကို လှည့်၏။ တစ်ကြိမ်လှည့်လျင် မှန်းလဲတိုင်အောင် လည်သလျင်ကတည်း။ ဘုရားလောင်းသည် အထူးထူးသော အဆင်းရှိကုန်သော ငယ်ငယ်ကြီးကြီး ဖြစ်ကုန်သော အိုးတို့ကို လုပ်၍ ပဘာဝတီ အလှိုင်ဘု အိုးကို လုပ်သည်ရှိသော် အထူးထူးသော အရုပ်တို့ကို ဖြစ်စေ၏။ ထိုစကားသည် မှန်၏။ ဘုရားလောင်းတို့ အလိုတော် မည်သည်ကား ပြည့်စုံသည်သာလျင်တည်း။ ''ထို အထူးထူးသော အရုပ်တို့ကို ပဘာဝတီသာလျင် မြင်စေသတည်း'' ဟု ဓိဋ္ဌာန်တော်မူ၏။ ထို ဘုရားလောင်းသည် အလုံးစုံသော အိုးတို့ကို ခြောက်စေပြီးလျင် ဖုတ်၍ အိမ်ကို ပြည့်စေ၏။

အိုးထိန်းသည်သည် အထူးထူးသော အိုးတို့ကို ယူ၍ မင်း၏ နန်းတော်သို့ သွားလေ၏။ မဒ္ဒရာဇ်မင်းကြီးသည် မြင်တော်မူလျင် ''ဤအိုးတို့ကို အဘယ်သူ လုပ်သနည်း'' ဟု မေးတော်မူ၏၊ ''အရှင်မင်းကြီး.... အကျွန်ုပ် လုပ်ပါ၏'' ဟု တင်လျှောက်လတ်သော် ငါသည် သင်လုပ်သော အိုးတို့ကို သိ၏၊ ဟုတ်တိုင်း တင်လျှောက်လော့၊ အဘယ်သူ လုပ်သနည်း' ဟု မေးတော်မူပြန်၏။ ''အရှင်မင်းကြီး အကျွန်ုပ်၏ တပည့်သည် လုပ်အပ်၏'' ဟု တင်လျှောက်ရလေ၏၊ ထိုသူသည် သင့်တပည့်မဟုတ်၊ သင့်ဆရာပေတည်း၊ သင်သည် ထိုသူ့အထံ၌ သင်လေလော့၊ ဤနေ့မှစ၍ ထိုသူသည် ငါ့သမီးတော်တို့ဖို့ အိုးတို့ကို လုပ်စေ၊ ဤ အသပြာတစ်ထောင်ကို လည်း ပေးလေလော့ဟု မိန့်တော်မူ၍ အသပြာ တစ်ထောင် ပေးစေပြီးလျင် အထူးထူးသော အဆင်းရှိကုန်သော ဤ အိုးငယ်တို့ကို ငါ့သမီးတော်တို့ကို ပေးချေလော့'' ဟု ဆိုတော်မူ၏။

အိုးထိန်းသည်သည် ထို အိုးတို့ကို သမီးတော်တို့အထံသို့ ဆောင်ယူ၍ ''ဤ အိုးငယ်တို့သည် အရှင့်သမီးတော်တို့ ကစားဖို့ အိုးငယ်တို့တည်း'' ဟု ဆက်သ၍ လျှောက်၏။ အလုံးစုံသော သမီးတော်တို့သည် လာလတ်

www.dhammadownload.com

ကုန်၏။ အိုးထိန်းသည်သည် ဘုရားလောင်းသည် မင်းသမီး ပဘာဝတီ အလို၌ လုပ်သော အိုးကိုသာလျှင် ထို မင်းသမီး ပဘာဝတီအား ဆက်မိ၏။ ထို မင်းသမီး ပဘာဝတီသည်လည်း အိုးကိုယူ၍ ထို အိုး၌ မိမိ အရုပ်, ကုသမင်းအရုပ်, အထိန်းတော် ခုဇ္ဇ်ာ အရုပ်တို့ကို မြင်လျှင် "ဤ အိုးကို တစ်ပါးသောသူ မလုပ်ပေရာ ကုသမင်းသာလျှင်လုပ်၏" ဟု သိ၍ အမျက်ထွက်သဖြင့် "ငါ့အား ဤအိုးဖြင့် အလိုမရှိ၊ အလိုရှိသော သူတို့အား ပေးဘိလော့" ဟု ဆို၏။ ထိုအခါ ညီမတော်တို့သည် အစ်မတော် ပဘာဝတီ အမျက်ထွက်သော အဖြစ်ကို သိကုန်၍ "ကုသမင်းလုပ်သည်ဟု ထင်မှတ်သလော၊ ဤအိုးကို ကုသမင်း မလုပ်ပေရာ၊ အိုးထိန်းသည်သည် လုပ်အပ်၏၊ ထိုအိုးကို ယူလော့" ဟု ပြက်ရယ်ပြုကြကုန်၏။

ထို ပဘာဝတီသည် ကုသမင်းလုပ်သော အဖြစ်ကို လည်းကောင်း, ကုသမင်းလာသော အဖြစ်ကို လည်းကောင်း ညီမတော်တို့အား မပြောဆို။ အိုးထိန်းသည်သည် ဘုရားလောင်းအား အသပြာ တစ်ထောင်ကို ပေး၍ "အမောင်....အမောင်အား အရှင်မင်းကြီး နှစ်သက်တော်မူ၏၊ ဤနေ့မှစ၍ သမီးတော်တို့ဖို့ အိုးကို လုပ်ရအံ့သတတ်၊ ငါသည် ထို သမီးတော်တို့အား ဆောင်ယူ၍ ဆက်ရအံ့သတတ်" ဟု ဆို၏။

ဖျာတော်ဆက်ပြန်ပြီ

ဘုရားလောင်းသည် "ဤအရပ်၌လည်း နေသဖြင့် ပဘာဝတီကို မြင်ခြင်းငှာ မတတ်ကောင်းသေး" ဟု ထို အသပြာ တစ်ထောင်ကိုလည်း အိုးထိန်းသည်အား သာလျှင်ပေးခဲ့ပြီးလျှင် မင်းကိုခစားသော ကျွဲထရံသည် အထံသို့ သွား၍ ကျွဲထရံသည်၏ တပည့်လုပ်ပြီးလျှင် ပဘာဝတီ အလို့ငှာ ထန်းရွက်ကို ရက်၍ ထို ထန်းရွက်ဖျာ၌လျှင် ထီးဖြူရုပ်ကို လည်းကောင်း, ပုဆိုး စသည်ကို ရောင်းရာ အိမ်စျေးကို လည်းကောင်း, အဝတ်ကို ကိုင်လျက် တည်သော ပဘာဝတီ အရုပ်ကို လည်းကောင်း ဤ အထူးထူးသော အရုပ်တို့ကို ထင်စေ၏။ ကျွဲထရံသည်သည် ထို ကုသမင်း ပြုအပ်သော ထန်းရွက်ဖျာကို လည်းကောင်း, မိမိ ပြုအပ်သော ဘဏ္ဍာတော်ဖြစ်သော တစ်ပါးသော ဖျာကို လည်းကောင်း ယူ၍ မင်း၏ နန်းတော်သို့ သွားလေ၏။ မဒ္ဒရာဇ်မင်းကြီးသည် မြင်တော်မူလျှင် "ဤ ဖျာတို့ကို အဘယ်သူ ပြုအပ်သနည်း" ဟု မေးတော်မူ၍ ရှေးနည်းဖြင့်သာလျှင် အသပြာ

www.dhammadownload.com

တစ်ထောင်ကို ပေးတော်မူ၍ ကျူးထရုံသည် "ဤဖျာတို့ကိုငါ့သမီးတော်တို့ကို ပေးချေလော့ဟု မိန့်တော်မူ၏။ ထို ကျူးထရုံသည် သည်လည်း ဘုရားလောင်းသည် ပဘာဝတီအလို့ငှာ ပြုအပ်သော ထန်းရွက်ဖျာကို မင်းသမီး ပဘာဝတီအားသာလျှင် ဆက်မိ၏။ ဖျာ၌လည်း အထူးထူးသော အရုပ်တို့ကို တစ်ပါးသောသူသည် မမြင်၊ ပဘာဝတီသည်ကား မြင်၍ ကုသမင်း ပြုသောအဖြစ်ကို သိလျှင် "ယူလိုကုန်သော သူတို့သည် ယူပါကုန်" ဟု အမျက်ထွက်သဖြင့် မြွေဆိပ်လိုက်၏။ ထိုသို့ပစ်လိုက်သောအခါ ကြွင်းကုန်သော ညီမတို့သည် ရှေးအတူ ပြက်ရယ်ပြုကြကုန်၏။ ကျူးထရုံသည် သည်အသပြာတစ်ထောင်ကို ဆောင်ယူခဲ့ပြီးလျှင် ဘုရားလောင်းအား ပေး၏။

ပန်းကုံးဆက်ပြန်ပြီ

ဘုရားလောင်းသည် "ဤအရပ်၌လည်း ငါ့အား နေရာမဟုတ်သေး" ဟု အသပြာတစ်ထောင်ကို ထိုကျူးထရုံသည်အား သာလျှင် ပေးခဲ့၍ မင်း၏ ပန်းကုံးသည်အထံသို့ သွားပြီးလျှင် ပန်းကုံးသည် တပည့်လုပ်၍ အထူးထူးအပြားပြားသော ပန်းမျိုးတို့ဖြင့် သီကုံး၍ ပဘာဝတီအလို့ငှာ အထူးထူးသောအရုပ်တို့ဖြင့် ဆန်းကြယ်သော တစ်ခုသော ပန်းကုံးကို ကုံး၏။ ပန်းကုံးသည်သည် ထို အလုံးစုံကိုယူ၍ မင်း၏နန်းတော်သို့သွား၏။ မဒ္ဒရာဇ် မင်းကြီးသည် မြင်တော်မူ၍ "ဤပန်းကုံးဘို့ကို အစာယ်သူကုံးသနည်း" ဟု မေးတော်မူ၏။ "အရှင်မင်းကြီး....အကျနှုပ် ကုံးပါ၏" ဟု တင်လျှောက်လတ်သော် "ငါသည် သင်ကုံးသောပန်းကုံးကိုတို့ သိ၏၊ ဟုတ်မှန်တိုင်း တင်ခဲလျှောက်လော့၊ အဘယ်သူ ကုံးအပ်သနည်း" ဟု မေးတော်မူပြန်၏။ "အရှင်မင်းကြီး....အကျနှုပ်တပည့် ကုံးပါ၏" ဟု လျှောက်တင်လေသော် "ထိုသူသည် သင့်တပည့်မဟုတ်၊ သင့်ဆရာပေတည်း၊ သင်သည် ထိုသူ့ထံ၌ အတတ်ကိုသင်လော့၊ ဤနေ့မှစ၍ ထိုသူသည် ငါ့သမီးတော်တို့ဖို့ ပန်းတို့ကို သီကုံးစေ၊ ဤ အသပြာတစ်ထောင်ကိုလည်း ထိုသူအား ပေးလေလော့" ဟု အသပြာတစ်ထောင်ကို ပေးဘော်မူလိုက်၍ ဤပန်းတို့ကို ငါ့သမီးတော်တို့အား ပေးချေလော့" ဟု ဆိုတော်မူ၏။ ထို ပန်းကုံးသည်လည်း ဘုရားလောင်းသည် ပဘာဝတီအလို့ငှာ ကုံးအပ်သောပန်းကုံးတို့ကို ပဘာဝတီ မင်းသမီးအားသာလျှင် ဆက်မိ၏။ ပဘာဝတီသည် ထိုပန်းကုံး၌ မိမိအရုပ်, ကုသမင်းအရုပ်နှင့်တကွ အထူးထူးသောအရုပ်တို့ကိုမြင်၍ ကုသမင်းကုံးသောအဖြစ်ကိုသိလျှင် အမျက်ထွက်၍ မြွေဆိပ်လိုက်၏။ ကြွင်း

www.dhammadownload.com

ကုန်သော ညီမတော်တို့သည် အစ်မတော်ပဘာဝတီကို ထို့အတူသာလျှင် ပြက်ရယ်ပြုကုန်၏။ ပန်းကုံးသည်လည်း အသပြာတစ်ထောင်ကို ဆောင်ယူခဲ့ပြီးလျှင် ဘုရားလောင်းအား ပေး၍ ထို အကြောင်းကို ကြား၏။

စားတော်ဆက် သွားပြီ

ထိုဘုရားလောင်းသည် "ဤအရပ်သည်လည်း ငါ့အား နေရာမဟုတ်ချေသေး" ဟု အသပြာတစ်ထောင်ကို ထို ပန်းကုံးသည် အားသာလျှင် ပေးခဲ့ပြီးလျှင် မင်းစားတော်ချက်အထံသို့သွား၍ တပည့်လုပ်ပြန်၏။ ထို အခါ တစ်နေ့သ၌ စားတော်ချက်သည် မင်းအား ဘောဇဉ်အထူးကို ပို့ဆောင်လေသော် မိမိပို့ ချက်စိမ့်သောဌာ ဘုရားလောင်းအား အရိုးသားကို ပေး၏။ ဘုရားလောင်းသည် ထို အရိုးသားကို စားတော်ချက်ဆိုတိုင်းပြီးစေ၏။ ထိုအခါ ဟင်းနံ့သည် မြို့အလုံးကို နှံ့၏။ မဒ္ဒရာဇ်မင်းသည် ထို အနံ့ကို နံ့၍ "သင် စားဖို့သည်အိမ်၌ တစ်ပါးသော ဟင်းမျိုးကို ချက်သလော" ဟု မေးတော်မူ၏။ "အရှင်မင်းမြတ်....မချက်ပါ၊ စင်စစ်သော် ကား အကျွန်ုပ်တပည့်အား အကျွန်ုပ်ဖို့ ထမင်းကို လည်းကောင်း၊ အရိုးသားကိုလည်းကောင်း ချက်စိမ့်သောဌာ ပေးခဲ့၏၊ ထိုအနံ့သည် ထိုဟင်း၏အနံ့ ဖြစ်လတ္တံ့" ဟု တင်လျှောက်လျှင် မဒ္ဒရာဇ်မင်းသည် ထိုဟင်းကို ဆောင်ယူစေ၍ ထိုဟင်းမှ အတန်ငယ် လျှာဖျားဌ၌ ထားတော်မူ၏။ ထို ခဏဌ၌ အရသာကိုဆောင်တတ်သော အကြွေနှစ်ထောင်ကို ချောက်ချားစေလျက် နှံ့လေ၏။ မဒ္ဒရာဇ်မင်းသည် ရသတဏှာဖြင့် နှောင်ဖွဲ့လျှင် အသပြာတစ်ထောင်ကိုပေး၍ ဤနေ့မှစ၍ သင့်တပည့်သည် ငါ၏လည်းကောင်း၊ ငါ့သမီးတော်တို့၏လည်းကောင်း ထမင်းကိုချက်စေ၍ သင်သည် ငါ့ဖို့ ဆောင်ခဲ့လော့၊ သင့်ဘတပည့်ကို ငါ့သမီးတော်တို့ဖို့ ဆောင်ခဲ့စေလော့" ဟု မိန့်တော်မူ၏။ စားဘော်ချက်သည်လည်း သွား၍ ထိုဘုရားလောင်းအား ကြား၏။

ဘုရားလောင်းသည် စားတော်ချက်စကားကို ကြားရလျှင် "ယခုအခါ ငါ၏နှလုံးအလိုသည် အပြီးသို့ရောက်ပြီ၊ ယခုအခါ ငါသည် ပဘာဝတီကို မြင်ရလတ္တံ့" ဟု အလွန်နှစ်သက်သည်ဖြစ်၍ ထိုအသပြာတစ်ထောင်ကို စားတော်ဆက်အားသာလျှင်ပေး၍ နက်ဖြန်နေ့၌ စားတော်ထမင်းကို ပြည့်စုံစေပြီးလျှင် မင်း၏ထမင်းခွက်တို့ကို ပို့စေ၍ မင်းသမီး၏ ထမင်းခွက်

www.dhammadownload.com

နှင့် တကွသောထမ်းပိုးကို မိမိထမ်း၍ ပဘာဝတီနေရာ နန်းပြာသာဒ်ထက် သို့ တက်လေ၏။

ပဘာဝတီနှင်ပြီ

ပဘာဝတီသည် ထိုထမ်းပိုးကိုထမ်း၍ နန်းပြာသာဒ်ထက်သို့ တက်လာသော ဘုရားလောင်းကိုမြင်လျှင် ကြံ၏။ "ဤ ကုသမင်းသည် မိမိအား မလျောက်ပတ်သော ကျွန်အမှုကို ပြုဘိ၏၊ မပြုအပ်သည်ကို ပြုဘိ၏။ အကယ်၍ ငါသည် နှစ်ရက်, သုံးရက် ဆိတ်ဆိတ်နေချေအံ့၊ ယခုအခါ ဤ ပဘာဝတီသည် ငါ့ကိုနှစ်သက်လေပြီ" ဟု ထင်မှတ်၍ တစ်စုံတစ်ခုသောအရပ်သို့လည်း မသွားမူ၍ ငါ့ကိုကြည့်လျက် ဤအရပ်၌သာလျှင်နေလတ္တံ့၊ ယခုသာလျှင် ထိုကုသမင်းကို ပြေးစေအံ့" ဟု ကြံ၏။ ကြံပြီး၍ ထိုပဘာဝတီသည် တံခါးရွက် ထက်ဝက်ကိုဖွင့်၍ လက်တစ်ဖက်ကို တံခါးရွက်ဆွဲ၍ လဲက်တစ်ဖက်ဖြင့် တံခါးကျည်ကိုနှိပ်၍ ဆဲရေးမြည်တမ်းလိုရကား—

၂။ အနုဇ္ဇုဘူတေန ဟရံ မဟန္တံ၊
ဒိဝါ စ ရတ္တော စ နိသီဒကာလေ။
ပဋိဂစ္ဆ တံ ခိပ္ပံ ကုသာဝတိ၊
နိစ္ဆာမိ ဒုဗ္ဗဏ္ဏ မဟံ ဝသန္တံ၊

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၂။ ကုသေ၊ ကုသမင်းမြတ်။ အနုဇ္ဇုဘူတေန၊ ကောက်သော ရာဂစိတ်ဖြင့်။ မဟန္တံ၊ ကြီးစွာသော ထမ်းပိုးကို။ ဟရံ-ဟရန္တော၊ ထမ်းလျက်။ ဒိဝါ စ၊ နေ့၌လည်းကောင်း။ ရတ္တော စ၊ ည၌လည်းကောင်း။ နိသီဒကာလေစ၊ ထိုင်သောအခါ၌ လည်းကောင်း။ မဟန္တံ၊ ကြီးစွာသောဆင်းရဲကို။ အနုဘဝိဿသိ၊ အစဉ်ခံစားဘိ၏တကား။ တုံ၊ သင်မင်းမြတ်သည်။ ခိပ္ပံ၊ လျင်စွာ။ ကုသာဝတိ၊ ကုသဝတီပြည်ကြီးသို့။ ပဋိဂစ္ဆ၊ ပြန်လေလော့။ ဣဓ၊ ဤငါတို့ပြည်၌။ ဝသန္တံ၊ နေလျှောသော။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ နဣဓစ္ဆာမိ၊ အလိုမရှိ။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဒုဗ္ဗဏ္ဏံ-ဒုဗ္ဗဏ္ဏတ္တာ၊ အဆင်းမလှသောကြောင့်တည်း။

www.dhammadownload.com

မချစ်ရ ငါမပြန်

ထိုကုသမင်းသည် ''ငါသည် ပဘာဝတီအထံမှ စကားရပြီ''ဟု အလွန် နှစ်သက်သည်ဖြစ်၍ ပဘာဝတီအား စကားတုံ့ပြန်လိုရကား—

၃။ နာဟံ ဂမိဿာမိ ဣတော ကုသာဝတိံ၊
ပဘာဝတိ ဝဏ္ဏပလောဘိတော တာ။
ရမာမိ မဒ္ဒဿ နိကေတရမ္မေ၊
ဟိတ္ဝာန ရဋ္ဌံ တဝဒဿနေ ရတော။
၄။ ပဘာဝတိ ဝဏ္ဏပလောတိတော တဝ၊
သမ္မုဋ္ဌရူပေါ ဝိစရာမိ မေဒိနိံ။
ဒိသံ နဇာနာမိ ကုတောမှိ အာဂတော၊
တယမ္ပိမတ္တော မိဂမန္ဒလောစနေ။
၅။ သုဝဏ္ဏ စိရဝသနေ၊ ဇာတရူပသုမေခလေ။
သုသောဏိ တဝ ကာမေဟိ၊ နာဟံ ရဇ္ဇေန မတ္ထိကော—

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၃။ ပဘာပတိ၊ ရှင်မ ပဘာဝတီ။ တဝ၊ သင်၏။ ဝဏ္ဏပလောဘိတော၊ လှပတင့်တယ်ခြင်းဟူသော အဆင်းဖြင့် ဖြားယောင်းအပ်သည် ဖြစ်၍။ ဣတော၊ ဤသင်တို့ပြော်ရာ ဘာဂလပြည်တော်မှ။ ကုသာဝတိံ၊ ငါတို့နေရာ ကုသဝတီ ပြည်ကြီးသို့။ နာဟံ ဂမိဿာမိ၊ ငါမသွားအံ့။ မဒ္ဒဿ၊ ရှင့်ခမည်းတော် မဒ္ဒရာဇ်မင်း၏။ ရမ္မေ၊ မွေ့လျော်တော်မူရာ ဖြစ်သော။ နိကေတေ၊ ရှေးနန်းတော်၌။ ရမာမိ၊ ငါမွေ့လျော်၏။ တဝ ဒဿနေ၊ သင့်ကိုမြင်ရခြင်း၌။ ရတော၊ ချစ်ခင်တပ်စွန်းသောစိတ် ရှိသည် ဖြစ်၍။ ရမာမိ၊ ငါမွေ့ လျော်၏။ ရဋ္ဌံ၊ သင့်တို့ပြော်ရာ သာဂလမည် ဤရွှေပြည်ကို။ ဟိတ္ဝာန၊ စွန့်ပစ်၍။ အဟံ၊ ငါသည်။ နဂမိဿာမိ၊ မသွားနှင်။

၄။ ပဘာဝတိ၊ ရှင်မ ပဘာဝတီ။ တဝ၊ သင်၏။ ဝဏ္ဏပလောဘိတော၊ ရူပါရုံတည်းဟူသော အဆင်းဖြင့် ဖြားယောင်းရကား။ သမ္မုဋ္ဌရူပေါ၊ ချစ်ခင်လေးမြတ်တပ်စွန်းခြင်းဟူသော ကိုလေသာဖြင့် တွေဝေသော သဘောရှိသည်ဖြစ်၍။ မေဒိနိံ၊ မြေအပြင်၌။ ဝိစရာမိ၊ ငါသွား

www.dhammadownload.com

လာ၏။ ကုတော၊ အဘယ်အရပ်မှ၊ အာဂဓတော၊ လာသည်။ အမှီ၊ ဖြစ်၏ ဟူ၍။ ဒီသံ၊ အခပ်မျက်နှာကို။ နဇာနဲ့ဝမိ၊ ငါ မမှတ်မိပြီ။ တယိ၊ သင်၌။ မတ္တော။ ချစ်ခင်လေးမြတ် တပ်စွန်းသောအားဖြင့် မေ့လျော့သည်။ အမှီ၊ ဖြစ်ခဲ့ပြီ။ (တစ်နည်းကား)တယိ-တယာ၊ သင်သည်။ မတ္တော၊ ငါ့ကို မေ့သည်။ အမှီ၊ ဖြစ်ခဲ့ပြီ။

၅။ မိဂမန္ဒလောစနေ၊ ယနေ့မေ့းစ ဖြစ်သော သမင်ငယ်၏ မျက်စိ နှင့်ထူသော စိမ်းညိုသော မျက်စိရှိထသော။ သုဝဏ္ဏစိရဝသနေ၊ ရွှေချည် တိုဖြင့် ရက်အပ်သော အဝတ်အထည်ကိုလည်း ဝတ်ထသော။ ဇာတရူပ သုမေခလေ၊ ရွှေပြားခါးကြိုးကိုလည်း ဆင်ထသော။ သုသောဏိ၊ လျပါးသေးသွယ် ငယ်သောခါးရှိသော ရှင်မ ပဘာဝတီ။ တဝ၊ သင့်အား။ ကာမေဟိ၊ ချစ်ခင်တပ်စွန်းခြင်းတို့ကြောင့်။ အဟံ၊ ငါသည်။ ရဇ္ဇေန၊ ပြည်ကြီးစည်းစိမ်ဖြင့်။ နအတ္ထိကော၊ အလိုမရှိပြီ။

ပဘာဝတီ ထွက်မလာပြီ

ဤသို့ ကုသမင်း ပြောဆိုလတ်သော် ထိုပဘာဝတီသည် ကြံ၏။ ''ငါသည် ဤကုသမင်းကို နှလုံးမသာယာသည် ဖြစ်လတ္တံ့'' ဟု ပြက်ရယ် ပြု၏၊ ဤ ကုသမင်းသည်ကား ငါ့ကို တပ်စွန်း၍သာလျှင် ပြောဆိုဘိ၏၊ စင်စစ်သော်ကား ငါ့ကို 'ငါကုသမင်းတကား' ဟု ကြုံးဝါးလျက် အာကယ် ၍ လက်ကို ဆွဲကိုင်ငြားအံ့၊ ဤသို့ ဆွဲကိုင်ခဲ့သော် ထိုကုသမင်းကို အဘယ် သူသည် တားမြစ်နိုင်ချေအံ့နည်း။ ငါ့ကို ပြောကြသော ဤစကားကိုလည်း တစ်စုံတစ်ယောက်သောသူသည် ကြားခဲ့ရာ၏ဟု နှလုံးသွင်း၍ တံခါးကို ပိတ်ပြီးလျှင် တံခါးခြင်းကို လျှို၍ တိုက်ခန်းတွင်း၌ တည်၏။

မင်းကုသ မှောက်လျက်လဲပြီ

ထို ကုသမည်လည်း ထမင်းနှင့်တကွသော ထမ်းပိုးကို ထမ်းယူ၍ မင်းသမီးတို့ကို လုပ်ကျွေး၏။ ပဘာဝတီသည် ''သွားချေ၊ ကုသမင်း ချက်သော ထမင်းကို ဆောင်ချေလော့'' ဟု အထိန်းတော် ခုဇ္ဇာကို စေလိုက်၏။ ထို အထိန်းတော်သည် ခုဇ္ဇာသည် ဆောင်ယူ၍ ''စားတော်မူ ပါလော့'' ဟု ဆို၏။ ''ငါသည် ကုသမင်းချက်သော ထမင်းကို မစားအံ့၊ သင်သည်လျှင်စား၍ သင့်အားရအပ်သော ရိက္ခာကိုယူ၍ ထမင်းချက်ပြီး

www.dhammadownload.com

လျှင် ဆောင်ယူခဲ့ပါလော့၊ ကုသမင်းလာသော အဖြစ်ကိုလည်း တစ်စုံတစ်ယောက်သောသူအား မကြားလေလင့်''ဟု မှာဆို၏။

အထိန်းတော် ခုဇ္ဇာသည် ထိုနေ့မှစ၍ ပဘာဝတီ အစုကိုယူ၍ မိမိစား၏။ မိမိအစုကို ပဘာဝတီအားပေး၏။ ကုသမင်းသည်လည်း ထိုနေ့မှစ၍ ပဘာဝတီကို မမြင်ရကား ကြံတော်မူပြန်၏။ ''ပဘာဝတီသည် ငါ့ဦးချစ်ခြင်း မရှိပြီလော၊ ထိုသို့မဟုတ်မူ ချစ်ခြင်း ရှိဦးမည်လော၊ ထိုပဘာဝတီကို စုံစမ်းအံ့''ဟု ကြံတော်မူ၏။ ကြံပြီး၍ ထိုကုသမင်းသည် မင်းသမီးကိုကျွေးပြီးလျှင် ထမင်းထမ်းပိုးကို ထမ်း၍ ထွက်ခဲ့သည်ရှိသော် ပဘာဝတီ တိုက်ခန်းတံခါးအနီး ပြာသာဒ်အပြင်၌ ခြေတို့ဖြင့်ခတ်လိုက်၍ အိုးခွက်တို့ကို လိမ့်စေပြီးလျှင် ကျည်းဟီးလျက် မိန်းမောဟန်ပြု၍ မှောက်ခုံလဲ၏။

ပဘာဝတီ တံတွေးထွေးခံရ

ပဘာဝတီသည် ကုသမင်း ကျည်းဟီးသံကြောင့် တံခါးကိုဖွင့်လျှင် ထိုကုသမင်း ထမ်းပိုးနှင့်တကွ ဖိမိသည်ကိုမြင်၍ ကြံ၏။ ''ဤ ကုသမင်းသည် အလုံးစုံသော ဇမ္မူဒိပ်ကျွန်းအပြင်ဝယ် မြတ်သောမင်းပေတည်း၊ ငါ့ကိုမှီ၍ နေ့ညဉ့်ပတ်လုံး ဆင်းရဲကြီးစွာခံရ၏၊ နှူးညံ့သောကြောင့် ထမင်းထမ်းပိုးဖြင့် ဖိလျက်အိပ်ရ၏၊ အသက်ရှင်ပါသေးသလော၊ မရှင်ပြီလော'' ဟုကြံ၍ ပဘာဝတီသည် တိုက်ခန်းမှထွက်လတ်၍ ထိုကုသမင်း၏ နှာခေါင်းလေကို စုံစမ်းအံ့သောငှာ လည်ကိုဆန့်၍ မျက်နှာကိုကြည့်၏၊ ကုသမင်းသည် ခံတွင်းပြည့်အောင် တံတွေးကိုငုံ၍ ထွေး၏။ ပဘာဝတီကိုယ်၌လည်း ကျစေ၏။ ပဘာဝတီသည် ထိုကုသမင်းကို ဆဲရေး၍ တိုက်ခန်းသို့ဝင်ပြီးလျှင် တံခါးရွက်တစ်ဖက်ကိုပိတ်၍ရပ်လျက် မြည်တမ်းရေရွတ်လိုရကား—

၆။ အဒ္ဓာ၊တိ တဿ သော ဟောတိ၊ ယော အနိစ္ဆန္နမိစ္ဆတိ။
အကာမံ ရာဇာ ကာမေသိ၊ အကန္တံ ကန္တုမိစ္ဆသိ—

ဟူသော ဤဂါထာကို ဆို၏။

၆။ ရာဇ ကုသမင်း။ ယောကောစိ၊ အကြင် အမှတ်မရှိသော သူသည်။ အနိစ္ဆန္နံ၊ အလိုမရှိအပ်သည်ကို။ ဣစ္ဆတိ၊ အလိုရှိ၏။ အကာမံ၊

www.dhammadownload.com

မနှစ်သက်အပ်သည်ကို။ ကာမေသိ၊ နှစ်သက်၏။ အကန္တံ၊ မနှစ်လိုအပ်သည်ကို။ ကန္တံ၊ နှစ်လိုအံ့သောငှာ။ ဣစ္ဆသိ၊ အလိုရှိ၏။ တဿ၊ ထိုသူ၏။ ဧသာ၊ ထိုအလိုရှိခြင်း နှစ်သက်ခြင်း နှစ်လိုခြင်းသည်။ အဇ္ဇုတိ၊ အစီး အပွားမရှိသည်။ ဟောတိ၊ ဖြစ်၏။

မကြိုက်ကြိုက် ရဖို့သာပစေနဲ့

ထို ကုသမင်းသည်ကား တပ်စွန်းသောစိတ် ရှိသည်ဖြစ်သော ကြောင့် ထိုသို့ ဆဲရေးရေရွတ်သော်လည်း နှလုံးမသာယာခြင်းကို မဖြစ် စေမူ၍လျှင် ပဘာဝတီအား စကားပြန်ပြောလိုရကား—

၇။ အကာမံ ဝါ သကာမံ ဝါ၊ ယော နရော လဘတေ ပိယံ။
လာဘမေတ္ထ ပသံသာမ၊ အလာဘော တတ္ထ ပါပကော—

ဟူသော အခြားမရှိသောဂါထာကို ဆို၏။

၇။ အယျေ၊ ရှင်မ ပဘာဝတီ။ ယော နရော၊ အကြင်သည်။ အကာမံ ဝါ၊ အလိုမရှိသည်လည်းဖြစ်သော။ သကာမံ ဝါ၊ အလိုရှိသည် လည်းဖြစ်သော။ လာဘံ၊ ရအပ်သော။ ပိယံ၊ မိမိချစ်အပ်သော သူကို။ လဘတေ၊ ရ၏။ တတ္ထ၊ ဤသို့ ချစ်သောသူကို ရရာ၌။ ပသံသာမ၊ ချီး မွမ်းကုန်လတ္တံ့။ တတ္ထ၊ ထိုချစ်အပ်သောသူ၌။ အလာဘော၊ မရခြင်း သည်။ ပါပကော၊ ယုတ်မာစွာ၏။

အပြန်အလှန်ပြောကြပြီ

ပဘာဝတီသည်လည်း ထို ကုသမင်းသည် မစွန့်မူ၍ ဤသို့နှစ်သက် ဖွယ်သော စကားကိုဆိုသော်လည်း မြဲမြံသောစကားကိုဆို၍ ပြေးစေလို ရကား—

၈။ ပါသာဏသာဒိုံ ခဏသိ၊ ကဏိကာရဿ ဒါရုနာ။
ဝဲါတံ ဇာလေန ဗာဓေသိ၊ ယော အနိစ္ဆန္တိ မိစ္ဆသိ—

ဟူသော ဤဂါထာကို ဆို၏။

၈။ ဘောရာဇ၊ အို....ကုသမင်း။ ယောရာဇာ၊ အကြင်မင်းသည်။ ကဏိကာရဿ ဒါရုဏာ၊ မဟာလေ့ကားသားဖြင့်။ ပါသာဏသာဒိုံ၊ အနှစ်

www.dhammadownload.com

ပြည့်သော ကျောက်ကို။ ခဏသီ ယထာ၊ တူးသကဲ့သို့ လည်းဒကာင်း။ ဝါတံ၊ လေကို။ ဇာလေန၊ ကွန်ဖြင့်။ ဗာဓေသီ ယထာ၊ ဖဲ့ထောင်သကဲ့ လည်းကောင်း။ ဟထာ၊ ထို့အတူ။ အနိစ္ဆန္တံ၊ အလိုမတူသော ငါ့ကို။ တုံ၊ သင်သည်။ ဣစ္ဆသိ၊ အလိုရှိဘိ၏။

ထိုစကား ကိုကြား၍ ကုသမင်းသည် စကားတုံ့ချလိုရကား-

၉။ ပါသာဏော နူန တေ ဟဒယေ၊ သြဟိတော မုဒုလက္ခဏော။
ယော တေ သာတံ နဝိန္ဒာမိ၊ တိရောဇနပဒါဂတော။

၁၀။ ယဒါမံ ဘကုဋ္ဌိံ ကတ္ဝာ၊ ရာဇပုတ္တိ ဥဒိက္ခတိ။
အာဒ္ဒာရိကော တဒါ ဟောမိ၊ ရညော မဒ္ဒဿာနန္တိ ပုရေ။

၁၁။ ယဒါဥမ္မုယမာနာ မံ၊ ရာဇပုတ္တိ ဥဒိက္ခတိ။
နာဒ္ဒာရိကော တဒါ ဟောမိ၊
ရာဇာ ဟောမိ တဒါ ကုသော-

ဟူသော ဤသုံးဂါထာကို ဆို၏။

၉။ မုဒုလက္ခဏော၊ နူးညံ့လှစွာသော မိန်းမတို့၏လက္ခဏာနှင့် ပြည့်စုံသော ရှင်မပဘာဝတီ။ တေ၊ သင်၏။ ဟဒယေ၊ နှလုံး၌။ ပါသာဏော၊ ကျောက်ဖျာကို။ သြဟိတောနူန၊ ထားလေသလော။ တိရောဇနပဒါ၊ ဇနပုဒ်တစ်ပါးမှ။ အာဂတော၊ ရောက်လာသော။ ယော အဟံ၊ အကြင် ငါသည်။ တေ၊ သင်၏။ သန္တိကေ၊ အထံ၌။ သာတံ၊ ချမ်းသာရာကို။ နဝိန္ဒာမိ၊ မရပါ။

၁၀။ မုဒုလက္ခဏော၊ နူးညံ့လှစွာသော မိန်းမတို့၏ လက္ခဏာနှင့် ပြည့်စုံသော ရှင်မပဘာဝတီ။ ယဒါ၊ အကြင်အခါ၌။ ရာဇပုတ္တိ၊ မင်းသမီးဖြစ်သော ရှင်မပဘာဝတီသည်။ မံ၊ ငါ့ကို။ ဘကုဋ္ဌိံ ကတ္ဝာ၊ မျက်မှောင် တကြုတ်ကြုတ်ပြု၍။ ဥဒိက္ခတိ၊ ကြည့်၏။ တဒါ၊ ထိုအခါ ၌။ အဟံ၊ ငါသည်။ မဒ္ဒဿာရညော၊ မဒ္ဒရာဇ်မင်း၏။ အန္တေပုရေ၊ နန်း တော်တွင်း၌။ အာဒ္ဒာရိကော ဝိယ၊ စားတော်ချက်၏ ကျွန်ကဲ့သို့။ ဟောမိ၊ ဖြစ်ရချေ၏။

၁၁။ မုဒုလက္ခဏော၊ နူးညံ့လှစွာသော မိန်းမတို့၏ လက္ခဏာနှင့် ပြည့်စုံသော ရှင်မပဘာဝတီ။ ယဒါ၊ အကြင်အခါ၌။ ရာဇပုတ္တိ၊

www.dhammadownload.com

မင်းသမီးဖြစ်သော ရှင်မပဘာဝတီသည်။ မ၊ ငါ့ကို။ ဥမ္မယမာနှာ၊ ရယ်မြူးလျက်။ ဥဒိက္ခတိ၊ ကြည့်၏။ တဒါ၊ ထိုအခါ၌။ အာဠာရိကော ဓိယ၊ စားတော်ချက်၏ ကျွန်ကဲ့သို့။ နဟောမိ၊ ငါမဖြစ်ရပေ။ တဒါ၊ ထိုသို့ ရယ်မြူးလျက် ကြည့်ခဲသောအခါ၌။ ကုသရာဇာ ဝိယ၊ ကုသမင်းကဲ့သို့။ ဟောမိ၊ ဖြစ်ရပေ၏။

ပဘာဝတီသည် ထိုကုသမင်းစကားကို ကြားရလျှင် ကြံ၏။ "ဤကုသမင်းသည် အလွန်လျှင် ကပ်ငိုစဲ့လမ်း၍ ဆို၏၊ ငါသည် မုသာဝါဒကိုပြု၍ တစ်ခုသော ဥပါယ်တံမျဉ်ဖြင့် ထိုကုသမင်းကို ငါတို့ နေပြည် တော်မှ ပြေးစေအံ့" ဟု ကြံ၍ ပြေးစေလိုရကား....

၁၂။ သစေ ဟိ ဝစနံ သစ္စံ၊ နေမိတ္တာနံ ဘဝိဿတိ။
နေဝ မေ တုံ ပတိ အဿ၊ ကာမံ ဆိန္ဒန္တု သတ္တဓာ—

ဟူသော ဤဂါထာကို ဆို၏။

၁၂။ ဆာဇ၊ ကုသမင်း။ နေမိတ္တာနံ၊ နိမိတ်ကို သိသောသူတို့၏။ ဝစနံ၊ စကားသည်။ သစ္စံ၊ မှန်သည်။ သစေ ဘဝိဿတိ၊ အကယ်၍ ဖြစ်ငြားအံ့။ ကာမံ၊ စင်စစ်။ မေ၊ ငါ၏။ ကာယံ၊ ကိုယ်ကို။ သတ္တဓာ၊ ခုနစ်ပိုင်း။ ဆိန္ဒန္တု၊ ဖြတ်စေကာမူ။ တုံ၊ သင်သည်။ မေ၊ ငါ၏။ ပတိ၊ လင်သည်။ နေဝ အဿ၊ မဖြစ်ရာ။ ဣတိ၊ ဤသို့။ ဝဒိ သု၊ ဖတ်ဆိုကြကုန်၏။

ထိုစကားကိုကြား၍ ကုသမင်းသည် တစ်ဖန် ပယ်ပြန်လိုသည်ဖြစ်၍ "ရှင်မပဘာဝတီ....ငါသည်လည်း ငါတို့ ကုသဝတီပြည်ကြီး၌ နိမိတ် ဖတ်တတ်သောသူတို့ကို မေးခဲ့အပ်သည်ရှိသော် ထိုနိမိတ်ဖတ်တတ်သော သူတို့သည် ခြင်္သေ့မင်း အသံနှင့်တူသော အသံရှိသော ကုသမင်းကိုထား၍ ကုသမင်းမှတစ်ပါး သင့်အား လင်မည်သည် မရှိဟု ဖတ်ဆိုကြကုန်၏၊ ငါသည်လည်း ငါ့ဉာဏ်စွမ်းဖြင့် နိမိတ်ဘွဲ့ကို ဤအတူလျှင် ဖတ်ဆိုပြီ" ဟု ဆို၍ ထိုအကြောင်းကို ပြန်ကြားလိုရကား-

၁၃။ သစေ ဟိ ဝစနံ သစ္စံ၊ အညေယံ ယဒိ ဝါ မမ။
နေဝ တုယှံ ပတိ အတ္ထိ၊ အညော သီဟဿရာ ကုသာ-

ဟူသော အခြားမရှိသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၁၃။ အယ္ဗျ၊ ရှင်မ ပဘာဝတီ၊ အညေ့သံ ဝစနံ၊ ငါမှတစ်ပါး သော နိမိတ်ဖတ်တတ်သော သူတို့၏ စကားသည် လည်းကောင်း။ ယဒိ-ဝါ၊ ထို့မြို့လည်း။ မမဝစနံ၊ ငါ့စကားသည် လည်းကောင်း။ သစ္စံ၊ မှန်သည်။ သစေ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ၊ ဤသို့ ဖြစ်သည် ရှိသော်။ သိဟဿရာ၊ ခြင်္သေ့မင်း အသံနှင့်တူသော အသံရှိသော။ အညော ကုသာ၊ ကုသမင်းမှဘစ်ပါး။ တုယ္ဟံ၊ သင့်အား။ ပတိ၊ လင်သည်။ နေဝ အစ္ဆိ၊ မရှိသလျင်ကတည်း။

ပဘာဝတီသည် ထိုကုသမင်းစကားကို ကြားလျင် "ဤမင်းကို ရှာစမ်းသောငှာ မတတ်နိုင်၊ ပြေးလိုမူလည်း ပြေးပစေ၊ မပြေးလိုမူလည်း နေပစေ၊ ငါ့အား ဤကုသမင်းဖြင့် အဘယ်မူအံ့နည်း" ဟု တံခါးကိုပိတ်၍ မိမိကိုယ်တို့ မပြပြီ။

ကုသမင်းသည်လည်း ထမ်းပိုးကိုထမ်း၍ ဆင်းသွားရ၏။ ထိုနေ့မှစ၍ ပဘာဝတီကို မမြင်ရပြီ။ စဖို့သည်အမှုကို ပြုလျက် အလွန်ပင်ပန်း၏။ နံနက်စာ စားပြီးသော် ထင်းတို့ကိုခဲရ၏။ အိုးခွက်တို့ကို ဆေးရ၏။ ထမ်းပိုး ဖြင့် ရေထမ်းရ၏။ အိပ်သည်ရှိသော် ထမင်းတင်သော အင်းပျဉ်၌ အိပ်ရ၏။ နံနက်စောစောကလျင် ထ၍ ယာဂု အစရှိသည်တို့ကို ချက်ရ၏။ ထမ်းယူ ပို့ဆောင်ရ၏။ ကျေးမွေးရ၏။ မိန်းမ၌ ချစ်ကြိုက် နှစ်သက် ခြင်းတည်းဟူသော ရာဂကိုမှီ၍ အလွန်သော ဆင်းရဲကို ခံရ၏။

ခုဇ္ဇာကို ကပ်၍ပြောသည်

ထိုကုသမင်းသည် တစ်နေ့သ၌ စဖို အိမ်တံခါးဝဖြင့် သွားသော အဆီန်းတော် ခုဇ္ဇာကိုမြင်လျင် ခေါ်၏။ ထိုအထိန်းတော် ခုဇ္ဇာသည် ပဘာဝတီမှ ကြောက်သောကြောင့် ထိုကုသမင်းအထံသို့ သွားအံ့သောငှာ မစံရကား အလျင်လိုသကဲ့သို့ သွား၏။ ထိုအခါ ခုဇ္ဇာသို့ လျင်မြန်စွာ ချဉ်းကပ်၍ "ခုဇ္ဇာ" ဟု ခေါ်၏။ ထို ခုဇ္ဇာသည် ပြန်လည်၍ရှပ်လျက် "အဘယ်သူနည်း" ဟု ဆို၍ "အရှင်မင်းကြီးတို့၏ စကားကို မကြားဝံ့ကုန်" ဟု ဆို၏။ ထိုအခါ ခုဇ္ဇာကို "ခုဇ္ဇာ....သင်သည်လည်းကောင်း, သင့် သခင်မ ပဘာဝတီသည် လည်းကောင်း သင်တို့နှစ်ယောက်စလုံးပင် အလွန်လျင် ခိုင်မာ၏၊ ဤမျလောက်သော ကာလပတ်လုံး သင်တို့အထံ၌ နေပါလျက် အနာကင်းပါ၏လော ဟူသောစကားကိုမျှလည်း မရပါ၊ ပေးကမ်းအပ်

www.dhammadownload.com

သော လက်ဆောင်ကိုကား အဘယ်မှာ ရပါကုန်အံ့နည်း၊ သင်တို့၏ ဤအမှုကို ထားဘိဦး၊ စင်စစ်သော်ကား ငါ့အား ပဘာဝဲဘီကို နှုးညှံ့အောင်ပြု၍ ပြခြင်းငှာ တတ်နိုင်ပါမည်လော''ဟုဆို၏။ ထိုအခါ အထိန်းတော်ခုဇ္ဇာသည် ''ကောင်းပြီ''ဟုဝန်ခံ၏။ ထိုသို့ ဝန်ခံသော ခုဇ္ဇာသည် ''သင်သည် ငါ့အား ပြအံ့သောငှာ အကယ်၍ တတ်နိုင်အံ့၊ ဤသို့ တတ်နိုင်သည်ရှိသော် သင့်အား ကျွန်အဖြစ်ကို ဖြောင့်ဖြောင့် တော်လှန်သည်ကိုပြု၍ လည်ရွဲတန်ဆာကို ငါပေးအံ့''ဟုဆို၍ အထိန်းတော် ခုဇ္ဇာကို ဖြားယောင်းလိုရကား—

၁၄။ နေကွဲ ဂိဝံ တေ ကာရေဿံ၊ ပတ္တာ ခုဇ္ဇေ ကုသာဝတိ။
သစေ မံ နာဂနာသ္ဟုရ္ဟု၊ သြလဲာကေယျ ပဘာဝတိ။

၁၅။ နေကွဲ ဂိဝံ တေ ကာရေဿံ၊ ပတ္တာ ခုဇ္ဇေ ကုသာဝတိ။
သစေ မ နာဂနာသ္ဟုရ္ဟု၊ အာသပေယျ ပဘာဝတိ။

၁၆။ နေကွဲ ဂိဝံ တေ ကာရေဿံ၊ ပတ္တာ ခုဇ္ဇေ ကုသာဝတိ။
သစေ မံ နာဂနာသ္ဟုရ္ဟု၊ ဥမ္မာပေယျ ပဘာဝတိ။

၁၇။ နေကွဲ ဂိဝံ တေ ကာရေဿံ၊ ပတ္တာ ခုဇ္ဇေ ကုသာဝတိ။
သစေ မံ နာဂနာသ္ဟုရ္ဟု၊ ပမ္မာပေယျ ပဘာဝတိ။

၁၈။ နေကွဲ ဂိစံ တေ ကာရေဿံ၊ ပတ္တာ ခုဇ္ဇေ ကုသာဝတိ။
သစေ မံ နာဂနာသ္ဟုရ္ဟု၊ ပါဏိဟိ ဥပသမ္ဘုသေ—

ဟူသော ဤငါးဂါထာတို့ကို ဆို၏။

၁၄။ ခုဇ္ဇေ၊ မိခင် ခုဇ္ဇာ။ နာဂနာသ္ဟုရ္ဟု၊ ဆင်နှာမောင်းနှင့်တူသော ဥရု လက္ခဏာရှိသော။ ပဘာဝတိ၊ ပဘာဂတိကို။ မံ၊ ငါ့ကို။ သစေ သြလောကေယျ၊ အကယ်၍ ကြည့်နိုင်စေငြားအံ့။ ကုသာဝတိ၊ ကုသဝတီပြည်သို့။ ပတ္တာ၊ ရောက်၍။ သေ၊ သင့်အား။ နေကွဲ၊ ချွေစင်ဖြင့်ပြီးသော။ ဂိဝံ၊ လည်ရွဲတန်ဆာကို။ ကာရေဿံ၊ ပြုစေအံ့။

၁၅။ ခုဇ္ဇေ၊ အထိန်းတော် ခုဇ္ဇာ။ နာဂနာသ္ဟုရ္ဟု၊ ဆင်နှာမောင်းနှင့်တူသော ပေါင်ရှိသော။ ပဘာဝတိ၊ ပဘာဝတိ အမည်ရှိသောမင်းသမီးကို။ မံ၊ ငါ့ကို။ သစေအာလပေယျ၊ အကယ်၍ ခေါ်စေနိုင်ငြားအံ့။ ကုသာဝတိ၊ ငါတို့နေရာ ကုသဝတီပြည်ကြီးသို့။ ပတ္တာ၊ ရောက်၍၊ တေ၊ သင့်အား။ နေကွဲ၊ ချွေစင်ဖြင့်ပြီးသော။ ဂိဝံ၊ လည်ရွဲတန်ဆာကို။ ကာရေဿံ၊ ပြုစေအံ့။

www.dhammadownload.com

၁၆။ ခုဇ္ဇော၊ မိခင် ခုဇ္ဇာ။ နာဂနာသူရှု၊ ဆင်နှာမောင်းနှင့်တူသော ပေါင်ရှိသော။ ပဘာဝတီ၊ ပဘာဝတီ အမည်ရှိသော မင်းသမီးကို။ မံ၊ ငါ့ကို။ သစေ ဥမ္မာပေယျ၊ အာကယ်၍ ဖြည်းညှင်းသာယာစွာ ရယ်စေနိုင်ငြားအံ့။ ကုသာဝတီ၊ ကုသဝတီ အမည်ရှိသော မင်းနေပြည်တော်ကြီးသို့။ ပတ္တာ၊ ရောက်၍။ တေ၊ သင်မိခင်အား။ နေကွံ၊ ရွှေစင်ဖြင့်ပြီးသော။ ဂီဝံ၊ လည်ရွဲတန်ဆာကို။ ကာရေသိ ပြုစေအံ့၊

၁၇။ ခုဇ္ဇော၊ ခုဇ္ဇာမည်ခေါ်သော အထိန်းတော်။ နာဂနာသူရှု၊ ရင်းကြီးဖျားငယ် တင့်တယ်လှစွာ ဆင်နှာမောင်းနှင့်တူသော ဥရုလက္ခဏာ ရှိသော။ ပဘာဝတီ၊ ပဘာဝတီ အမည်ရှိသော မင်းသမီးကို။ မံ၊ ငါ့ကို။ သစေ ပမ္မာပေယျ၊ အာကယ်၍ ပြင်းစွာ ရယ်ရွှင်စေနိုင်ငြားအံ့။ ကုသာဝတီ၊ ကုသဝတီ အမည်ရှိသော မင်းနေပြည်တော်ကြီးသို့။ ပတ္တာ၊ ရောက်၍။ တေ၊ သင့်အား။ နေကွံ၊ ရွှေစင်ဖြင့်ပြီးသော။ ဂီဝံ၊ လည်ရွဲတန်ဆာကို။ ကာရေသု၊ ပြုစေအံ့။

၁၈။ ခုဇ္ဇော၊ အထိန်းတော် ခုဇ္ဇာ။ နာဂနာသူရှု၊ ဆင်နှာမောင်းနှင့်တူသော ရင်းကြီးဖျားငယ် တင့်တယ်သော ပေါင်ရှိသော။ ပဘာဝတီ၊ မင်းသမီး ပဘာဝတီကို။ မံ၊ ငါ့ကို။ ပါဏိဟိ၊ လက်တို့ဖြင့်။ သစေ ဥပသမ္မုသော၊ အာကယ်၍ သုံးသပ်စေနိုင်ငြားအံ့။ ကုသာဝတီ၊ ငါ့ဘို့ နေရာ ကုသဝတီပြည်ကြီးသို့။ ပတ္တာ၊ ရောက်၍။ တေ၊ သင့်အား။ နေကွံ၊ ရွှေစင်ဖြင့်ပြီးသော။ ဂီဝံ၊ လည်ရွဲတန်ဆာကို။ ကာရေသိ၊ ပြုစေအံ့။

ခုဇ္ဇာ၏ ကြိုးပမ်းချက်

ထိုအထိန်းတော် ခုဇ္ဇာသည် ကုသမင်းစကားကို ကြား၍ "အရှင်မင်းကြီး....အရှင်မင်းကြီးတို့သည် ကြွဘော်မူပါလော့၊ နှစ်ရက် သုံးရက် လွန်သဖြင့် ထိုမင်းသမီး ပဘာဝတီကို အရှင်မင်းကြီး အလိုတော်သို့ လိုက်သည်ကို ပြုပါအံ့၊ အကျွန်ုပ် လုံလုကို ကြည့်တော်မူဦးလော့" ဟု ဆို၍ ပြုဖွယ်ကိစ္စကို ပြုပြီးလျှင် ပဘာဝတီ အထံသို့သွား၍ ထို ပဘာဝတီ နေရာ တိုက်ခန်းကို သုတ်သင်သကဲ့သို့ ယူအပ်သည်နှင့် ယှဉ်သော တိကျစ်စဉ်တို့ကို လည်း မကြွင်းစေမူ၍ အယုတ်သဖြင့် ခြေနင်းတို့ကိုလည်း ထုတ်၍ အလုံးစုံသော တိုက်ခန်းကို တံမြက်လှည်း၍ တိုက်ခန်း တံခါးခုံကို အခြားပြု၍

www.dhammadownload.com

မြင့်သောနေရာကို ခင်းပြီးလျှင် ပဘာဝတီအား တစ်ခုသော နိမ့်သော အင်းပျဉ်ခင်းရှိ ''ချစ်သမီး....လာလှည့်၊ သင့်ဦးခေါင်းဦ သန်းရှာအံ့'' ဟု ဆို၍ ထို ပဘာဝတီကို နိမ့်သော အင်းပျဉ်ဦ နေစေ၍ မိမိ ပေါင်ပေါ်ဦ ပဘာဝတီ ဦးခေါင်းကိုထား၍ အတန်ငယ် ယားစေပြီးလျှင် ''ဤ မင်းသမီး ဦးခေါင်းဦ သန်းတို့သည် များစွတကား'' ဟု ဆို၍ မိမိ ခေါင်းမှ သန်းတို့ကိုယူ၍ ပဘာဝတီလက်ဦ ထားစေပြီးလျှင် ''ချစ်သမီး ဦးခေါင်းမှ အညစ်ကြေး ဖြစ်ကုန်သော သန်းတို့ကို ရှုပါလော့'' ဟု ချစ်ဖွယ်သောစကားကို ပြောဆို၍ ကုသမင်း ဂုဏ်ကျေးဇူးကို ပြောဆိုလိုရကား—

၁၆။ နဟိ နူနာယံ ရာဇပုတ္တိ၊ ကုသေ သာတံပိ ဝိန္ဒတိ။
အာဠာရိကေ ဘတေ ပေါသေ၊ ဝေတနေန အနတ္ထိကေ—

ဟူသော ဤဂါထာကို ဆို၏။

၁၆။ ရာဇပုတ္တိ၊ ရှင်မင်းသမီး။ တံ့၊ အရှင် သမီးတော်သည်။ ကုသေ၊ ကုသဝတီပြည်ဦ။ သာတံပိ၊ စိုးစဉ်းမျှသော ချမ်းသာကိုလည်း။ နဟိနူန ဝိန္ဒတိ၊ မရပါသလော။ အယံ ရာဇာ၊ ဤ ကုသမင်းသည်။ အာဠာရိကေ၊ စဖိုသည်အဖြစ်ဦ။ ဝေတနေန၊ အခဖြင့်။ အနတ္ထိကေ၊ အလိုမရှိဘဲ။ ဘတေ၊ အခစားယောကျ်ား ဖြစ်လျက်။ တုမှေ၊ အရှင့်သမီး တော်တို့ကို။ ပေါသေ၊ မွေးကျေးပေ၏။

ခုဠာကို ကြိမ်းမောင်းပုံ

ထို ပဘာဝတီသည် အထိန်းတော် ခုဠာဦ အမျက်ထွက်၏။ ထိုသို့ အမျက်ထွက်သောအခါ ပဘာဝတီကို အထိန်းတော် ခုဠာသည် လည်ဦ ကိုင်၍ တိုက်ခန်းတွင်းသို့ ပစ်လိုက်ပြီးလျှင် အပျဉ်နေလျက် တံခါးလှည့် ကြိုးဦ ဆဲလျက်ရပ်၏။ ပဘာဝတီသည် ထို ခုဠာကို ဖမ်းအံ့သောငှာ မတတ် နိုင်သည်ဖြစ်၍ တံခါးဝဦ ရပ်လျက် ဆဲရေးလိုရကား—

၂၀။ နဟိ နူနာယံ သာ ခုဠာ၊ လဘတိ ဇိဝှာယ ဆေဒနံ။
သုနိသိတေန သတ္ထေန၊ ဧဝံ ဒုဇ္ဇာသိတံ ဘဏံ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၀။ ဧဝံ၊ ဤသို့ နှ ဟိန္နနာယံ ရာဇပုတ္တိ အစရှိသော အပြား အာဒေးဖြင့်။ ဒုဗ္ဘာသိတံ၊ မကောင်းသဖြင့်ဆိုအပ်သော စကားကို။ ဘဏံ-ဘဏန္တိ၊ ဆိုသော။ အဲ့ယံသာ ခုဇ္ဇာ၊ ဤ ခုဇ္ဇာသည်။ အတ္ထိ၊ ၏။ တေဃယျ၊ ဤ ခုဇ္ဇာ၏။ ဇိဝှာယ၊ လျှာကို။ သုနိသိတေန၊ ကောင်းစွာသွေးအပ်သော။ သတ္ထေန၊ ဓားဖြင့်။ ဆေဒနံ၊ ဖြတ်ခြင်းကို။ နဟိန္နုန လဘတိ၊ မရလတ္တံ့လော။ လဘိဿတိဧဝ၊ ရလတ္တံ့သည်သာလျှင်တည်း။

ခုဇ္ဇာကြုံးဝါးသံ

ထိုသို့ ပဘာဝတီ ဆဲရေးသောအခါ အထိန်းတော် ခုဇ္ဇာသည် တံခါးလှည့် ကြုံးကိုဆွဲ၍ ရပ်လျက်လျှင် "ပညာမရှိသော ဆုံးမခက်သော သူငယ်မ....သင့်အား သင့်အဆင်းသည် အသို့ပြုလတ္တံ့နည်း၊ ငါတို့သည် သင့်အဆင်းကို စား၍မျှရကုန်အံ့လော" ဟု ဆိုမြည်လျက် တစ်ဆယ့်သုံးဂါထာတို့ဖြင့် ကုသမင်း ဂုဏ်ကျေးဇူးကို ထင်ရှားပြလျက် ခုဇ္ဇာ၏ ကြုံးဝါးခြင်းမည်သည်ကို ကြုံးဝါးလိုရကား—

၂၁။ မာ နံ ရူပေန ပါဓေသိ၊ အာရောဓေဟန ပဘာဝတိ။
မဟာယသောတိ ကတ္ဝာန၊ ကရဿု ဧစိရေ ပိယံ ။လ။
၃၃။ မာ နံ ရူပေန ပါဓေသိ၊ အာရောဓေဟန ပဘာဝတိ။
ကုသရာဇာတိ ကတ္ဝာန၊ ကရဿု ရူဗိရေ ပိယံ—

ဟူသော ဤ တစ်ဆယ့်သုံးဂါထာတို့ကို ဆို၏။

၂၁။ ပဘာဝတိ၊ ရှင်မ ပဘာဝတီ။ တုံ၊ ရှင်မသည်။ အတ္ထနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့် လည်းကောင်း။ အာရောဓေဟန စ၊ လုံးရပ်သဏ္ဌာန် ကြွန်အင်္ဂလက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထို ကုသမင်းမြတ်ကို။ မာပါဓေသိ၊ မာန်မမူလင့်လော့။ မဟာယသောတိ၊ ကြီးမြတ်သော အာနုဘော်ရှိသော မင်းပေတည်းဟု။ ဟဒယေ၊ နှလုံး၌။ ကတ္ဝာန၊ ပြုဦး၍။ ရူစိရေ၊ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်ခြင်းကို။ ကရဿု၊ ပြုလော့။

၂၂။ ပဘာဝတိ၊ ရှင်မ ပဘာဝတီ၊ တုံ၊ ရှင်မသည်။ အတ္ထနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့် လည်းကောင်း။ အာရောဓေဟန စ၊

www.dhammadownload.com

လုံးယပ်သဏ္ဌာန် ကြွန်အင်လက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထို ကုသမင်းမြတ်ကို။ မာပါမေသိ၊ မာန်မမူလင့်လေ့။ မဟဒ္ဓနောတိ၊ မျှားဿာညစ္စာနှစ်ရှိသော မင်းဧပတည်းဟု။ ဟဒယော၊ နှလုံး၌။ ကတ္တာန၊ ပြုဦး၍။ ရုစိရေ၊ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်ခြင်းကို။ ကရဿု၊ ပြုလော့။

၂၃။ ပဘာဝတိ၊ ရှင်မ ပဘာဝတီ။ တုံ၊ ရှင်မသည်။ အတ္တာနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့် လည်းကောင်း။ အာရောဟေန စ၊ လုံးယပ်သဏ္ဌာန် ကြွန်အင်လက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထိုကုသမင်းမြတ်ကို။ မာပါမေသိ၊ မာန်မမူလင့်လေ့။ မဟာဗလောတိ၊ ခွန်အားကြီးသောမင်းဧပတည်းဟု။ ဟဒယော၊ နှလုံး၌။ ကတ္တာန၊ ပြုဦး၍။ ရုစိရေ၊ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်ခြင်းကို။ ကရဿု၊ ပြုလော့။

၂၄။ ပဘာဝတိ၊ ရှင်မ ပဘာဝတီ။ တုံ၊ ရှင်မသည်။ အတ္တာနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့် လည်းကောင်း။ အာရောဟေန စ၊ လုံးယပ်သဏ္ဌာန် ကြွန်အင်လက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထိုကုသမင်းမြတ်ကို။ မာပါမေသိ၊ မာန်မမူလင့်လေ့။ မဟာရဋ္ဌောတိ၊ ပြန့်ပြောသော တိုင်းနိုင်ငံရှိသော မင်းပေတည်းဟု။ ဟဒယော၊ နှလုံး၌။ ကတ္တာန၊ ပြုဦး၍။ ရုစိရေ၊ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်ခြင်းကို။ ကရဿု၊ ပြုလော့။

၂၅။ ပဘာဝတိ၊ ရှင်မ ပဘာဝတီ။ တုံ၊ ရှင်မသည်။ အတ္တာနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့် လည်းကောင်း။ အာရောဟေန စ၊ လုံးယပ်သဏ္ဌာန် ကြွန်အင်လက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထိုကုသမင်းမြတ်ကို။ မာပါမေသိ၊ မာန်မမူလင့်လေ့။ မဟာဆုဇာတိ၊ အလုံးစုံသော ဇမ္ဗူဒီပ်ကျွန်း၌ မြတ်သောမင်းပေတည်းဟု။ ဟဒယော၊ နှလုံး၌။ ကတ္တာန၊ ပြုဦး၍။ ရုစိရေ၊ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်မြတ်နိုးခြင်းကို။ ကရဿု၊ ပြုလော့။

၂၆။ ပဘာဝတိ၊ ရှင်မ ပဘာဝတီ။ တုံ၊ ရှင်မသည်။ အတ္တာနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့် လည်းကောင်း။ အာရောဟေန စ၊ လုံးယပ်သဏ္ဌာန် ကြွန်အင်လက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထိုကုသ

www.dhammadownload.com

မင်းမြတ်ကို။ မာ ပါမေသိ၊ မာန်မမူလင့်လော့။ သီဟဿရောတိ၊ ခြင်္သေ့မင်း၏ အသံနှင့်တူသော အသံရှိသောမင်းပေတည်းဟု။ ဟဒယော၊ နှလုံး၌။ ကတ္တာန၊ ပြုဦး၍။ ရူစိရေ၊ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်ခြင်းကို။ ကရဿု၊ ပြုလော့။

၂၇။ ပဘာဝတိ၊ ရှင်မ ပဘာဝတီ။ တုံ၊ ရှင်မသည်။ အတ္တာနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့် လည်းကောင်း။ အာရောဟေန စ၊ လုံးယပ်သဏ္ဌာန် ကြွန်အင်လက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထိုကုသမင်းမြတ်ကို၊ မာ ပါမေသိ၊ မာန်မမူလင့်လော။ ဝဂ္ဂုဿရောတိ၊ တင့်တယ် စံပယ်သော အသံရှိသော မင်းပေတည်းဟု။ ဟဒယော၊ နှလုံး၌။ ကတ္တာန၊ ပြုဦး၍။ ရူစိရေ၊ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်ခြင်းကို။ ကရဿု၊ ပြုလော့။

၂၈။ ပဘာဝတိ၊ ရှင်မ ပဘာဝတီ။ တုံ၊ ရှင်မသည်။ အတ္တာနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့် လည်းကောင်း။ အာရောဟေန စ၊ လုံးယပ်သဏ္ဌာန် ကြွန်အင်လက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထိုကုသမင်းမြတ်ကို။ မာ ပါမေသိ၊ မာန်မမူလင့်လော့။ ဗိန္ဒုဿရောတိ၊ တစ်ခဲနက်သော အသံရှိသော မင်းပေတည်းဟု။ ဟဒယော၊ နှလုံး၌။ ကတ္တာန၊ ပြုဦး၍။ ရူစိရေ၊ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်ခြင်းကို။ ကရဿု၊ ပြုလော့။

၂၉။ ပဘာဝတိ၊ ရှင်မ ပဘာဝတီ။ တုံ၊ ရှင်မသည်။ အတ္တာနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့် လည်းကောင်း။ အာရောဟေန စ၊ လုံးယပ်သဏ္ဌာန် ကြွန်အင်လက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထိုကုသမင်းမြတ်ကို။ မာ ပါမေသိ၊ မာန်မမူလင့်လော့။ မဒ္ဒုဿရောတိ၊ ကောင်းသောအသံရှိသော မင်းပေတည်းဟု။ ဟဒယော၊ နှလုံး၌။ ကတ္တာန၊ ပြုဦး၍။ ရူစိရေ၊ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်ခြင်းကို။ ကရဿု၊ ပြုလော့။

၃၀။ ပဘာဝတိ၊ ရှင်မ ပဘာဝတီ။ တုံ၊ ရှင်မသည်။ အတ္တာနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့် လည်းကောင်း။ အာရောဟေန စ၊

www.dhammadownload.com

လုံးယပ်သဏ္ဌာန် ကြွန်အင်လက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထိုကုသ မင်းမြတ်ကို။ မာ ပါမေသိ၊ မာန်မမူလင့်လော့။ မဓုဿရောတိ၊ သာယာသော အသံရှိသော မင်းပေတည်းဟု။ ဟဒယေ၊ နှလုံး၌။ ကတ္တာန၊ ပြုဦး၍။ ရုစ်ရေ၊ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်ခြင်းကို။ ကရဿု၊ ပြုလော့။

၃၁။ ပဘာဝတိ။၊ ရှင်မ ပဘာဝတီ၊ တုံ၊ ရှင်မသည်။ အတ္တာနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့် လည်းကောင်း။ အာရောဟေန စ၊ လုံးယပ်သဏ္ဌာန် ကြွန်အင်လက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထိုကုသ မင်းမြတ်ကို။ မာ ပါမေသိ၊ မာန်မမူလင့်လော့။ ကတသိဇပ္ပါတိ၊ သင်အပ် ပြီးသော အရာမကသော အတတ်ရှိသော မင်းပေတည်းဟု။ ဟဒယေ၊ နှလုံး၌။ ကတ္တာန၊ ပြုဦး၍။ ရုစိရေ၊ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်ခြင်းကို။ ကရဿု၊ ပြုလော့။

၃၂။ ပဘာဝတိ၊ ရှင်မ ပဘာဝတီ။ တုံ၊ ရှင်မသည်။ အတ္တာနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့် လည်းကောင်း။ အာရောဟေန စ၊ လုံးယပ်သဏ္ဌာန် ကြွန်အင် လက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထိုကုသ မင်းမြတ်ကို။ မာ ပါမေသိ၊ မာန်မမူလင့်လော့။ ခတ္တိယောတိပိ၊ မပြတ်သော သြက္ကာကရာဇ် မင်းမျိုးမှဖြစ်သော မင်းပေတည်းဟု။ ဟဒယေ၊ နှလုံး၌။ ကတ္တာန၊ ပြုဦး၍။ ရုစိရေ။ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်ခြင်းကို။ ကရဿု၊ ပြုလော့။

၃၃။ ပဘာဝတိ၊ ရှင်မပဘာဝတီ။ တုံ၊ ရှင်မသည်။ အတ္တာနော၊ မိမိ၏။ ရူပေန စ၊ အဆင်းအားဖြင့်လည်းကောင်း။ အာရောဟေန စ၊ လုံးယပ်သဏ္ဌာန် ကြွန်အင်လက္ခဏာအားဖြင့် လည်းကောင်း။ နံ၊ ထိုကုသ မင်းမြတ်ကို။ မာ ပါမေသိ၊ မာန်မမူလင့်လော့။ ကုသရာဇာတိ၊ သိကြားနတ်မင်းပေးသော သမန်းမြက်၏အမည်နှင့်တူသော အမည်ရှိသော ကုသ မင်းမြတ်ပေတည်းဟု။ ဟဒယေ၊ နှလုံး၌။ ကတ္တာန၊ ပြုဦး၍။ ရုစိရေ၊ ချစ်အပ်သော ကုသမင်းမြတ်ကို မြင်ရာ၌။ ပိယံ၊ ချစ်မြတ်နိုးခြင်းကို။ ကရဿု၊ ပြုလော့။

www.dhammadownload.com

ပဘာ၀တီ တောင်းပန်ပြီ

ပဘာ၀တီသည် ထိုခုဇ္ဇာစကားကို ကြား၍ "ခုဇ္ဇာ....သင်သည် အလွန်လျင် ကြုံ၀ါးဘိ၏တကား၊ ငါ့လက်သို့ ရောက်သည်ရှိသော် အရှင် ရှိသောအဖြစ်ကို သင့်အား သိအံ့" ဟု ခုဇ္ဇာကို ခြိမ်းခြောက်၏။ ထိုခုဇ္ဇာသည်လည်း "ငါသည် သင့်ကိုစောင့်ထိန်းသည်ရှိသော် သင့်ခမည်းတော် အား ကုသမင်းလာသောအဖြစ်ကို ငါ မကြားသိစေ၊ ထိုသို့ဖြစ်စေ၊ ယနေ့ အရှင်မင်းကြီးအား တင်လျှောက်အံ့" ဟု ကျယ်စွာသောအသံဖြင့် ကြောက် စေ၏။ ထိုပဘာ၀တီသည်လည်း "တစ်စုံတစ်ယောက်သောသူသည် ကြား ခဲ့ရာ၏" ဟု ခုဇ္ဇာကို တောင်းပန်၏။

ခုနစ်ပြည်ထောင်မင်းတို့ လာတောင်းခြင်း

ကုသမင်းသည်လည်း ပဘာ၀တီကိုမြင်ခြင်းငှာ မရသည် ဖြစ်၍ ခုနစ်လပတ်လုံး မကောင်းသောအစာ, မကောင်းသောအိပ်ရာဖြင့် ပင်ပန်း ရကား ကြံတော်မူ၏။ အဘယ်သို့ ကြံတော်မူသနည်းဟူမူကား "ငါ့အား ထိုပဘာ၀တီဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ခုနစ်လပတ်လုံး နေပါလျက် ပဘာ၀တီကို မြင်ခြင်းငှာ မရ၊ အလွန်လျင် ခိုင်မာ၏၊ အလွန်လျင် ညှဉ်း ဆဲစု၊ ငါတို့ ကုသ၀တီပြည်ကြီးသို့ ပြန်လည်၍ မယ်တော် ခမည်းတော် တို့ကိုသာ ဖူးမြင်အံ့" ဟု ဤသို့ ကြံတော်မူ၏။

ထိုခဏ၌ သိကြားနတ်မင်းသည် ဆင်ခြင်လတ်သော် ထိုကုသမင်း မြတ် ငြီးငွေ့သောအဖြစ်ကိုသိ၍ "ကုသမင်းမြတ်သည် ခုနစ်လပတ်လုံး ပဘာ၀တီကို မြင်ရုံမျှလည်း မရ၊ ထိုကုသမင်းအား ပဘာ၀တီကို ရခြင်း၏ အကြောင်းကို ငါ ပြုအံ့" ဟု ကြံ၍ မဒ္ဒရာဇ်မင်းကြီး၏ တမန်ပြုလုပ်၍ ခုနစ်ပြည်ထောင်သော မင်းတို့အား စေသည်ရှိသော် "ပဘာ၀တီသည် ကုသမင်းကို စွန့်ပစ်၍လော၏၊ သင်တို့လာလှည့်ကုန်၊ ပဘာ၀တီကိုယူလှည့် ကြကုန်" ဟု တစ်ယောက် တစ်ယောက်သောမင်းအား အသီး အသီး သတင်းစကားတို့ကို စေလိုက်၏။ ထိုခုနစ်ပြည်ထောင်သော မင်းတို့သည် များစွာသောအခြံအရံဖြင့် လာလတ်ကြကုန်၍ သာဂလမြို့သို့ ရောက်ကုန် လျှင် အချင်းချင်း လာသော အကြောင်းကို မသိကြကုံနှင့်။ ထိုခုနစ်ပြည် ထောင်သော မင်းတို့သည် သင်သည် အဘယ့်ကြောင့် လာသနည်း၊ သင် သည် အဘယ့်ကြောင့် လာသနည်းဟု အချင်းချင်း မေးကြကုန်၍

www.dhammadownload.com

ထိုအကြောင်းကို သိကြကုန်လျှင် အမျက်ထွက်ကြကုန်၍ "သမီး တစ်ယောက်ကို စင်လျက် ခုနစ်ပြည်ထောင်သော မင်းတို့အား ပေးလတ္တံ့သတတ်၊ ထိုမဒ္ဒရာဇ်မင်း၏ မသင့်သောအကျင့်ကို ကြည့်ကြ ကုန်လော့၊ ငါတို့ကို ချုပ်ချယ်ဘိ၏၊ ထိုမဒ္ဒရာဇ်မင်းကို ဖမ်းကြကုန်အံ့" ဟု အလုံးစုံသော မင်းတို့သည်လည်း "ငါတို့အား သမီးတော် ပဘာဝတီကိုတည်း ပေးမည်လော၊ စစ်ကိုတည်း ထိုးမည်လော" ဟု သဘင်းစကားတို့ကို ဓေလိုက်၍ မြို့ကို ဝန်းရံကုန်၏။

ခုပေးမှ ဖြစ်တော့မယ်

မဒ္ဒရာဇ်မင်းကြီးသည် ထိုသတင်းစကားကို ကြားရလျှင် အလွန်ကြောက်လန့်ရကား မှူးတော်,မတ်တော်တို့ကို ခေါ်တော်မူ၍ "အသို့ပြုရကုန်အံ့နည်း" ဟု မေးတော်မူ၏။ ထိုသို့မေးတော်မူသောအခါ မှူးတော်,မတ်တော်တို့သည် "အရှင်မင်းမြတ်....ခုနစ်ပြည်ထောင် မင်းတို့သည်လည်း ဤပဘာဝတီကိုမှီ၍ လာရောက်ကြကုန်၏။ အကယ်၍ ပေးတော်မမူအံ့၊ မြို့တော်တံတိုင်းကို ဖြိုဖျက်ပြီးလျှင် မြို့တွင်းသို့ဝင်၍ အသက်ကုန်ခြင်းသို့ရောက်စေ၍ တိုင်းပြည်ကို ယူကုန်အံ့" ဟု ဆိုကုန်၏။ "မြို့တော်ကို မဖျက်ဆီးကုန်မီလျှင် ထိုမင်းတို့အား ပဘာဝတီကို စေလိုက်ကုန်အံ့" ဟု ဆို၍ ထိုအကြောင်းကို တင်လျှောက်လိုကုန်ရကား—

၃၄။ ဧတေ နာဂါ ဥပတ္ထဒ္ဒါ၊ သဗ္ဗေ တိဋ္ဌန္တိ ဝမ္မိတာ။
ပုရာမဒ္ဒန္တိ ပါကာရံ၊ အာနေန္တေတံ ပဘာဝတိ'—

ဟူသော ဤဂါထာကို ဆိုကုန်၏။

၃၄။ မဟာရာဇ၊ အရှင်မင်းမြတ်။ ဧတေနာဂါ၊ ထိုခုနစ်ပြည်ထောင်သော မင်းတို့၏ဆင်တို့သည်။ ဥပတ္ထဒ္ဒါ၊ အလွန် ခက်ထန်ကုန်၏။ ဝမ္မိတာ၊ ချပ်မိန်ညိုကို ဝတ်ဆင်ကုန်သော်။ သဗ္ဗေ၊ အလုံးစုံ ခုနစ်ပြည်ထောင်သော မင်းတို့သည်။ တိဋ္ဌန္တိ၊ မြို့တွင်းသို့ ချဉ်းကပ်၍ တည်ကုန်၏။ ပါကာရံ၊ မြို့တော်တံတိုင်းကို။ပုရာမဒ္ဒန္တိ၊မဖျက်ဆီးကုန်မီ။ဧတံပဘာဝတိ'၊ ဤပဘာဝတီကို။ အာနေန္တု၊ ဆောင်စေကုန်။

www.dhammadownload.com

ခုနစ်ပိုင်း ပိုင်းစေ

ထိုသို့ မှူးတော်, မတ်တော်တို့ တင်လျှောက်သောစကားကို ကြားတော်မူ၍ မဒ္ဒရာဇ်မင်းကြီးသည် "အမတ်တို့ ငါသည် တစ်ယောက်သော မင်းအားသာ ပဘာဝတီကို အကယ်၍ စေခြားအံ့၊ ကြွင်းကုန်သော မင်းတို့သည် စစ်ထိုးခြင်းကို ပြုကုန်လတ္တံ့၊ တစ်ယောက်သော မင်းအားသာ ပေးခြင်းငှာ မတတ်ကောင်း၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းအပြင်၌ မြတ်သော ကုသမင်းကိုစင်လျက် စွန့်ပစ်၍လော၏၊ ထိုလောခြင်း၏ အကျိုးကို ရခြင်းငှာ ထိုပဘာဝတီကို သတ်ပြီးလျှင် ခုနစ်ပိုင်းပိုင်း၍ ခုနစ်ပြည်ထောင်သော မင်းတို့အား ပို့စေအံ့" ဟု ဆို၍ ထိုအကြောင်းကို အမိန့်တော် ရှိလိုရကား....

၃၅။ သတ္တဗိလေ ကရိတ္ဝာန၊ အဟမေတံ ပဘာဝတိံ။
ခတ္တိယာနံ ပဒဿာမိ၊ ယေ မံ ဟန္တုံ ဣဓာဂတာ—

ဟူသော အခြားမရှိသော ဤဂါထာကို မိန့်တော်မူ၏။

၃၅။ ဘောန္တော အမစ္စာယော၊ အိုး....အမတ်အပေါင်းတို့။ ယေ၊ အကြင် ခုနစ်ပြည်ထောင်သော မင်းတို့သည်။ မံ၊ ငါ့ကို။ ဟန္တုံ၊ သတ်အံ့သောငှာ။ ဣဓ၊ ဤငါတို့ မဒ္ဒရာဇ်ပြည်သို့။ အာဂတာ၊ လာရောက်ကြကုန်၏။ တေသံ ခတ္တိယာနံ၊ ထိုခုနစ်ပြည်ထောင်သော မင်းတို့အား။ တေ ပဘာဝတိံ၊ ဤပဘာဝတီကို။ သတ္တဗိလေ၊ ခုနစ်ပိုင်း ပိုင်းသည်ကို။ ကတ္ဝာန၊ ပြု၍။ အဟံ၊ ငါသည်။ ပဒဿာမိ၊ ပေးလိုက်တော့အံ့။

မယ်တော်ထံ အသနားခံငိုကြွေးပြီ

ထိုမဒ္ဒရာဇ်မင်း မိန့်ဆိုတော်မူသော ထိုစကားသည် အလုံးစုံသော နန်းတော်၌ ထင်ရှား၏။ အလုပ်အကျွေးတို့သည် သွား၍ "ခမည်းတော် မင်းသည် အရှင်သမီးတော်ကို ခုနစ်ပိုင်း ပိုင်းသည်ကိုပြု၍ ခုနစ်ပြည်ထောင်သော မင်းတို့အား ပို့စေတော်မူလတ္တံ့ သတတ်" ဟု ပဘာဝတီအား ကြားလျှောက်ကြကုန်၏။ ထိုပဘာဝတီသည် သေဘေးမှ ကြောက်လန့်ရကား နေရာမှထ၍ ညီမတော်အပေါင်း ခြံရံလျက် မယ်တော်ဘုရား တိုက်ခန်းဆောင်သို့ သွားလေ၏။

www.dhammadownload.com

ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်....

၃၆။ အဝုဋ္ဌဟိ ရာဇပုတ္တိ၊ သာမာ ကောသေယျဝါသိနီ။
အာသုပုဏ္ဏေဟိ နေတ္တေဟိ၊ ဒါသိဂဏပုရက္ခတာ-
ဟူသော ဤဂါထာကို ဟောတော်မူ၏။

၃၆။ ဘိက္ခဝေ၊ ရဟန်းတို့။ သာမာ၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော။ ကောသေယျ ဝါသိနီ၊ ရွှေချည်တို့ဖြင့် စီရင်အပ်သော ပိုးချည်ပုဆိုးကိုလည်း ဝတ်ထသော။ ရာဇပုတ္တိ၊ မင်းသမီး ပဘာဝတီသည်။ ဒါသိဂဏပုရက္ခတာ၊ ကျွန်မအပေါင်း ခြံရံလျက်။ အာသုပုဏ္ဏေဟိ၊ မျက်ရည်တို့ဖြင့် ပြည့်ကုန်ထသော။ နေတ္တေဟိ၊ မျက်စိတို့ဖြင့်။ ရောဒမာနာ၊ ငိုလျက်။ အဝုဋ္ဌဟိ၊ ထလတ်၏။

ထိုပဘာဝတီသည် မယ်တော်အထံသို့ သွား၍ မယ်တော်ကို ရှိခိုးလျက် ငိုကြွေး မြည်တမ်းလိုရကား—

၃၇။ တန္နူန ကက္ကူပနိသေဝိတံ မုခံ၊
အာဒါသ ဒန္တထဂ္ဂ ပစ္စဝေက္ခိတံ။
သုဘံ သုနေတ္တံ ဝိရဇံ အနင်္ကဏံ၊
ဆုဒ္ဓံ ဝနေ တဿတိ ခတ္တိယေဟိ ။လ။
၄၄။ ခေတ္တဉ္ဉာနိ အမ္မ ကာရေတ္ဝာ၊
ကဏိကာရရတ္တ ရောပယ။
ယဒါ တေ ပုပ္ဖိတာ အာသု ဟေမန္တဉာနံ၊
ဝ
ဟိမစ္ဆယေ သရေယျာထ မမအမ္မ၊
ဧဝံ ဝဏ္ဏာ ပဘာဝတီ-
ဟူသော ဤရှစ်ဂါထာတို့ကို ဆို၏။

၃၇။ အမ္မ၊ မိခင်။ အာဒါသဒန္တထဂ္ဂ ပစ္စဝေက္ခိတံ၊ ဆင်စွယ်ဖြင့် ပြီးသော အရိုးဌ္ဌ ထည့်အပ်သော ကြေးမုံပြင်၌ ကြည့်အပ်ထသော။ သုဘံ၊ တင့်တယ်စွာထသော။ သုနေတ္တံ၊ ကောင်းသော မျက်စိလည်း ရှိထသော။

www.dhammadownload.com

ဝိရဇံ၊ အညစ်အကြေးလည်း ကင်းထသော။ အနင်္ကံ၊ အမာရွတ် မဲ့မည်း အစရှိသော အပြစ်လည်း ကင်းထသော။ ကကွူပနိသေဝိတံ၊ ငါးပါး သော ကသယ်မှုန့်တို့ဖြင့်လည်း အမြဲ လိမ်းကျံ အပ်ထသော။ မမ၊ အကျွန်ုပ်၏။ တံ မုခံ၊ ထိုမျက်နှာကို။ နူန၊ စင်စစ်သဖြင့်။ ခတ္တိယေဟိ၊ ခုနစ်ပြည်ထောင်သော မင်းတို့သည်။ ဝနေ၊ တော၌။ ဆုဒ္ဓံ၊ စွန့်ပစ်လေအံ့ သည်တကား။ ဣတိ၊ ဤသို့၊ တဿတိ၊ ဦးကြွေး၏။

၃၈။ အမ္မ၊ မိခင်။ အသိတော၊ ကောင်းစွာ မည်းကုန်သော။ ဝေလ္လိဘဂ္ဂေ၊ ကောင့်သော အဖျားလည်း ရှိကုန်ထသော။ မုဒု၊ နူးညံ့ကုန် ထသော။ စန္ဒနသာရလိတ္တော်၊ စန္ဒကူးနံ့သာနှစ်တို့ဖြင့် လိမ်းကျံ အပ်ကုန် ထသော။ သမ္မာ၊ ကောင်းစွာ။ သမာကုလေ၊ ညီညွတ်ကုန်ထသော။ မေ၊ အကျွန်ုပ်၏။ ယေကေသေ၊ အကြင် ဆံတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ ကေသေ၊ ထိုဆံတို့ကို။ သိဝထိကာယ၊ သုသာန်၏။ မဇ္ဈေ၊ အလယ် ၌။ ဂိဇ္ဈာ၊ လင်းတတို့သည်။ ပါဒေဟိ၊ ခြေတို့ဖြင့်။ ပရိကဎ္ဌိဿန္တိ နူန၊ ငင်လေကုန်အံ့သည် တကား။

၃၉။ အမ္မ၊ မိခင်။ မုဒူ၊ နူးညံ့ကုန်ထသော။ စန္ဒနသာရလိတ္တာ၊ စန္ဒကူးနှစ်တို့ဖြင့် လိမ်းကျံအပ်ကုန်ထသော။ သုလောမာ၊ ကောင်းသော အမွေးလည်း ရှိကုန်ထသော။ တမ္မနခါ၊ နီသော လက်သည်းလည်း ရှိကုန် ထသော။ မေ၊ အကျွန်ုပ်၏။ ယေဗာဟာ၊ အကြင် လက်နှစ်ဖက်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေဗာဟာ၊ ထို လက်နှစ်ဖက်တို့ကို။ ခတ္တိယေဟိ၊ ခုနစ် ပြည်ထောင်သော မင်းတို့သည်။ ဆိန္နာ၊ ဖြတ်ကုန်၍။ ဝနေ၊ တော၌။ ဥဇ္ဈိတာ၊ ပစ်လေကုန်သည်ရှိသော်။ မင်္ကေ၊ ကျီးသည်။ ဂယှ၊ ခဲ၍။ လုဇ္ဈိတ္ဝာ၊ နုတ်၍။ ခါဒန္တော၊ ခဲလျက်။ ယေနကာမံ၊ အလိုရှိရာ အရပ်သို့။ ဂစ္ဆတိ နူန၊ သွားလေအံ့သည်တကား။

၄၀။ အမ္မ၊ မိခင်။ တာလူပနိတေ၊ ရွှေထန်းသီးမှည့်နှင့် တူကုန် သော။ အလုမ္မေ၊ ရှင်၌ တဲ့ရရဲ့ ဆဲ့အပ်ကုန်သော။ ကာသိကစန္ဒနေန၊ နူးညံ့ စွာသော စန္ဒကူးနံ့သာဖြင့်။ နိသေဝိတေ၊ အမြဲထုံအပ်ကုန်သော။ မေ၊ အကျွန်ုပ်၏။ ယေ ထနာ၊ အကြင် သားမြတ်တို့သည်။ သန္တိ၊ ရှိကုန်၏။

www.dhammadownload.com

တေ ထနေ၊ ထို သားမြတ်တို့ကို။ တရဏော ထနဇော၊ ငယ်စွာသော။ ပုတ္တော၊ သားသည်။ မာတု၊ အမိ၏။ ထနေသု၊ သားမြတ်တို့၌။ လမ္မတိ ဣဝ၊ စို့သကဲ့သို့။ သိင်္ဂါလော၊ သရဲခြေလော၊ မြေခွေးအိုသည်။ လမ္မိဿတိ နူန၊ စို့လေအံ့သည်တကား။

၄၁။ အမ္မ၊ မိခင်။ သုကောဋိတံ၊ နွားဒမးရိုးဖြင့် ခတ်အပ်သည် ဖြစ်၍။ ပုထုလံ၊ ကောင်းစွာ ကြီးစေအပ်သော။ ကဉ္ဇနမေခလဟိ၊ ရွှေခါးကြိုးတို့ဖြင့်။ နိသေဝိတံ၊ အမြဲ တန်ဆာဆင်အပ်သော။ မေ၊ အက္ခန်ပ်၏။ ယာ သောဏိ၊ အကြင် ခါးအရပ်သည်။ အတ္ထိ၊ ရှိ၏။ တံသောဏိ'၊ ထို ခါးအရပ်ကို။ ခတ္တိယေဟိ၊ ခုနစ်ပြည်ထောင်သော မင်းတို့သည်။ ဝနေ၊ တော၌။ အဝတ္ထံ၊ အချည်းစည်း။ ဆင်္ခံ၊ စွန့်ပစ်အပ်လေသည် ဖြစ်၍။ ဓဇော်၊ စွန်ရဲသည်။ ဂဏှာ-ဂဏှိတ္ဝာ၊ ချီယူ၍။ ခါဒိတ္ဝာ၊ စားပြီး၍။ ယေနကာမံ၊ အလိုရှိရာသို့။ ဂစ္ဆတိ နူန၊ သွားလေအံ့သည်တကား။

၄၂။ အမ္မ၊ မိခင်။ သောဏာ စ၊ ခွေးတို့သည် လည်းကောင်း။ ဓင်္ကာစ၊ ကျီးတို့သည် လည်းကောင်း။ သိင်္ဂါလာစ၊ မြေခွေးတို့သည် လည်းကောင်း။ အညေ၊ ခွေး၊ ကျီး၊ မြေခွေးတို့မှ တစ်ပါးကုန်သော။ ဒါဠိုနော၊ အစွယ်ရှိကုန်သော။ ယေစ သတ္တာ၊ အကြင် သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ စ သတ္တာ၊ ထို သတ္တဝါတို့သည် လည်းကောင်း။ ပဘာဝတိ'၊ ပဘာဝတီ၏ အသားကို။ ဘက္ခယိတ္ဝာ၊ စားရသောကြောင့်။ အဇဏ္ဍ၊ မအိုကုန်သည်။ ဟောဿန္တိ နူန၊ ဖြစ်လေကုန်အံ့သည်တကား။

၄၃။ အမ္မ၊ မိခင်။ ဒုရဂါမိနော၊ အဝေးသို့ သွားကုန်သော။ ခတ္တိယာ၊ မင်းတို့သည်။ မေ၊ ငါ၏။ မံသာနိ၊ အသားတို့ကို။ သစေ ဟရိ'သု၊ အကယ်၍ ဆောင်ယူကုန်ငြားအံ့။ အဋ္ဌိနိ၊ အရိုးတို့ကို။ ယာစိတ္ဝာ၊ တောင်းလိုက်၍။ နံ၊ ထို အရိုးကို။ အနုပထေ၊ လမ်းမအနီး၌။ ဒဟာထ၊ သင်္ဂြိုဟ်တော်မူရစ်ပါကုန်။

၄၄။ အမ္မ၊ မိခင်။ မမ စျာပိတဋ္ဌာနေ၊ အက္ခန်ပ်ကို သင်္ဂြိုဟ်ရာ အရပ်၌။ ခေတ္တာနိ၊ ပန်းခင်းတို့ကို။ ကာရေတ္ဝာ၊ ပြုစေတော်မူ၍။ ဇေတ္ထ၊

www.dhammadownload.com

ဤပန်းခင်းဦး။ ကဏ်ကာရေ၊ မဟာလှေကားပင်တို့ကို။ ရောပယ၊ စိုက်ခတ် မူရစ်ပါလော့။ ဟေမန္တာနံ ဟိမစ္ဆယေ၊ ဆောင်းလ လွန်လတ်သော်။ ယဒါ၊ အကြင် အခါဌ်။ တေ၊ ထို မဟာလှေကားပင်တို့သည်။ ပုပ္ဖိတာ၊ ပွင့်ကုန်သည်။ အသု-ဘဝန္တိ၊ ဖြစ်ကုန်၏။ အမှ၊ မိခင်။ တဒါ၊ ထို မဟာလှေကားပင်တို့ ပွင့်သောအခါဌ်။ မမ မိတာ၊ ငါ့သမီးတော် ဖြစ်သော။ ပဘာဝတီ၊ ပဘာဝတီသည်။ ဧဝံဝဏ္ဏာ၊ ဤ မဟာလှေကားပွင့်နှင့် တူသော အဆင်းရှိ၏ဟူ၍။ မမံ၊ အကျွန်ုပ်ကို။ သရေယျာထ၊ အောက်မေ့ တော်မူရစ်ပါကုန်။

မယ်တော်ပါ ဝိုရပြီ

ဤသို့လျှင် ထို ပဘာဝတီသည် သေဘေးဖြင့် ကြောက်လန့်သည် ဖြစ်၍ မယ်တော်အထံ၌ ဝိုမြည်တမ်း၍နေစဉ် ခမည်းတော် မဒ္ဒရာဇ်မင်းကြီး သည်လည်း "ပုဆိန်ကို လည်းကောင်း, သားလှီးဓားကို လည်းကောင်း ယူ၍ ခိုးသူသတ် ယောကျ်ားသည် ဤသို့လျှင် လာစေသတည်း" ဟု စေလိုက်၏။ ထို ခိုးသူသတ် ယောကျ်ား လာသောအဖြစ်ကို ကြား၍ ပဘာဝတီ၏ မယ်တော်သည် နေရာမှထ၍ စိုးရိမ်ခြင်း နှိပ်စက်ရကား မင်းကြီး အထံသို့ လာလတ်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလို သော သဗ္ဗညုမြတ်စွာဘုရားသည်-

၄၅။ တဿာ မာတာ ဥဒဋ္ဌာသိ၊ ခတ္တိယာ ဒေဝဏ္ဏိနီ။
ဒိသွာ အသိဠ္ဟ သူနဠ္ဟ၊ ရညော မဒ္ဒဿဒေ္ဝီပုရေ—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၄၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ခတ္တိယာ၊ မင်းမျိုးဌ်လည်း ဖြစ်ထ သော။ ဒေဝဏ္ဏိနီ၊ နတ်သမီးအဆင်းနှင့် တူသော အဆင်းရှိထသော။ တဿာ၊ ထို ပဘာဝတီ၏။ မာတာ၊ မယ်တော်သည်။ ရညော မဒ္ဒဿ၊ မဒ္ဒရာဇ်မင်း၏။ အဒေ္ဒဝီပုရေ၊ နန်းတော်တွင်းဌ်။ အသိဠ္ဟ၊ ပုဆိန်ကို လည်း ကောင်း။ သူနဠ္ဟ၊ သားလှီးဓားကို လည်းကောင်း။ ဒိသွာ၊ မြင်၍။ ဥဒဋ္ဌာသိ၊ နေရာမှ ထလတ်၏။

မယ်တော် မိဖုရားကြီးသည် မင်းကြီးအထံသို့သွား၍ ဝိုမြည်တမ်း လျက် အကြောင်းကို မေးလျှောက်လိုရကား—

www.dhammadownload.com

၄၆။ ဣမိနာ နှုန အသိနာ၊ သုသညံ တနုမတ္တိမံ။
ဓိတရံ မဒ္ဒ ဟန္ဒာန၊ ခတ္တိယာနံ ပဒဿသိ-
ဟူသော ဤဂါထာကို ဆို၏။

၄၆။ မဒ္ဒ၊ မဒ္ဒရာဇ်မင်းမြတ်။ သုသညံ၊ ကောင်းသော အမူတ်လည်း ရှိထသော။ တနုံမတ္တိမံ၊ ငယ်သောခါးလည်း ရှိထသော။ ဓိတရံ၊ သမီးတော်ပဘာဝတီကို။ ဣမိနာ အသိနာ၊ ဤပုဆိန်ဖြင့်။ ဟန္ဒာန၊ သတ်လတ်၍။ ခတ္တိယာနံ၊ ခုနစ်ပြည်ထောင်သော မင်းတို့အား။ ပဒဿသိ နှုန၊ ပေးတော်မူလတ္တံ့လော။

ထိုသို့ မယ်တော်မိဖုရားကြီး မေးလျှောက်သောအခါ မဒ္ဒရာဇ်မင်းကြီးသည် မိဖုရားကြီးကို သိစေတော်မူလိုရကား ဤသို့ မိန့်ဆိုတော်မူ၏။ ''ရှင်မိဖုရား....အသို့ဆိုဘိသနည်း၊ ရှင်မိဖုရားသမီးသည် အလုံးစုံသော ဇမ္ဗူဒီပ်ကျွန်းအပြင်၌ မြတ်သောမင်းကိုစင်လျက် အဆင်းမလှဟု စွန့်ပစ်၍လာသောခရီး၌ ခြေရာသည် မပျက်မီလျင် သေမင်းကို နဖူးဖြင့် ဆောင်ယူ၍ လာပြန်၏၊ ယခု မိမိအဆင်းကို မှီ၍ ဤသို့ သဘောရှိသော အကျိုးကို ရ၏''ဟု မိန့်တော်မူ၏။

ကုသမင်းရှိလျှင် ကောင်းမယ်

ထိုမယ်တော်မိဖုရားကြီးသည် ခမည်းဘော်မဒ္ဒရာဇ်မင်းကြီး စကားကိုကြားလျှင် သမီးဘော် ပဘာဝတီအထံသို့သွား၍ ငိုမြည်တမ်းလျက် သမီးတော်နှင့်တကွ ပြောလိုရကား-

၄၇။ နု မေ အကာသိ ဝစနံ၊ အတ္ထကာမယ ပုတ္တိကေ။
သာ'ဇ္ဇ လေဿတိ သဉ္ဇနှာ၊ ဂစ္ဆသိ ယမသာဓနံ။လ။
၅၂။ မယူရကောဉ္စာဘိရုဒေ၊ ကောကိလာဘိနိကူဇိတေ။
ခတ္တိယာနံ ကုလေ ဘဒ္ဒေ၊ ကိန္နု သုခတရံ တတော-
ဟူသော ဤခြောက်ဂါထာတို့ကို ဆို၏။

၄၇။ ပုတ္တိကေ၊ ချစ်သမီးပဘာဝတီ။ တဝ၊ သင်၏။ အတ္ထကာမာရ၊ အကျိုးစီးပွားကိုလိုသဖြင့်။ ယာစန္တိယာ၊ တောင်းပန်သော။

www.dhammadownload.com

မေ၊ ငါ၏။ ဝစနံ၊ စကားကို။ နု အကာသိ၊ မလိုက်နာပါလေ။ သာ၊ ထို၎င်းသမီးပဘာဝတီသည်။ အဇ္ဇ၊ ယနေ့။ လောဟိတသဉ္ဆန္နာ၊ သွေးဖြင့်လိမ်းကျံလျက်။ ယမသာဓနံ၊ ယမမင်း၏အိမ်သို့။ ဂစ္ဆိသိ၊ လိုက်ရအံ့သည်တကား။

၄၈။ ပုတ္တိကော၊ ချစ်သမီးပဘာဝတီ။ ယော ပေါသော၊ အကြင်သတ္တဝါသည်။ အတ္ထဒဿီနံ၊ ရှည်မြင့်စွာသောအကျိုးစီးပွားကို မြင်လေ့ရှိကုန်သော။ ဟိတာနံ၊ အစီးအပွားကို အလိုရှိကုန်သော သူတို့၏။ ဝစနံ၊ စကားကို။ စေ နကရောတိ၊ အကယ်မလိုက်နာအံ့။ သော ပေါသော၊ ထိုသတ္တဝါသည်။ ဧဝံ-ဣမိနာ ပကာရေန၊ ဤသို့သော အပြားအားဖြင့် အာပဇ္ဇတိ၊ ရောက်၏။ အဲ့ပဇ္ဇန္တော စ၊ ရောက်ရသည် ရှိသော်ကား။ ပါပိယဉ္စ၊ ယုတ်မာသောအဖြစ်သို့သာလျှင်။ နိဂစ္ဆတိ၊ ရောက်ရ၏။

၄၉။ ပုတ္တိကော၊ ချစ်သမီး ပဘာဝတီ။ သစေဝ၊ အကယ်၍လည်း။ တုံ၊ သင်သည်။ စိတ္တာသ၊ စိတ်၏။ ဝသံ၊ အလိုသို့။ အာဂန္တွာ၊ မလိုက်မူ၍။ ကုသေန၊ ကုသအမည်ရှိသော။ ခတ္တိယံ၊ မင်းမျိုး၌၊ ဇာတံ၊ ဖြစ်သော။ စာရုဒဿနံ၊ နှစ်လိုဖွယ်သောအမြင်လည်းရှိထသော။ သုဝဏ္ဏမဏိ မေခလံ၊ ရွှေပတ္တမြားဖြင့်ပြီးသော ခါးကြိုးတန်ဆာကိုလည်း ဆင်ထသော။ ဉာတိသင်္ဃော်ဟိ၊ ဆွေမျိုးအပေါင်းတို့သည်။ ပုဇိတံ၊ ပူဇော်အပ်သော။ ကုမာရံ၊ သတို့သားကို။ ဓာရေသိ၊ ဆောင်ရလတ္တံ့။ ဧဝံသတိ၊ ဤသို့ဆောင်သည်ရှိသော်။ အင္ဇ၊ ယနေ့။ယမက္ခယံ၊ ယမမင်းအိမ်သို့။ နဂစ္ဆသိ၊ မလိုက်ရလေရာ။

၅၀။ ဘဒ္ဒေ၊ ချစ်သမီး ပဘာဝတီ။ ခတ္တိယာနံ၊ ကုသဝတီမင်းတို့၏။ ကုလေ၊ အမျိုး၌။ ယတ္ထ၊ အကြင်အရပ်၌။ ဘေရိံ၊ စည်ကြီးကို။ နဒတိ၊ တီး၏။ ကုဥ္ဇရော စ၊ ဆင်ပြောင်သည်လည်း။ နိကူဇတိ၊ ကြိုးကြာသံနှင့်တူသော အသံကို ပြု၏။ တတော၊ ထိုကုသဝတီမင်းမျိုးထက်။ ကိန္နု၊ အဘယ်မှာလျှင်။ သုခတရံ၊ လွန်မြတ်သော ချမ်းသာကို။ ဒိဿ၁၊ မြင်၍။ ဣဓ၊ ဤအရပ်သို့။ အာဂတာ၊ ပြေးလာသည်။ အသိ၊ ဖြစ်သနည်း။

၅၁။ ဘဒ္ဒေ၊ ချစ်သမီး ပဘာဝတီ။ ခတ္တိယာနံ၊ ကုသဝတီ မင်းတို့၏။ ကုလေ၊ အမျိုး၌။ အဿော စ၊ အဇာတ်မကသော မြင်းတို့ဖြင့်

www.dhammadownload.com

ခြံရုံအပ်သော မင်္ကလာမြင်းသည်လည်း။ ဟသတီ၊ မြူးရွှင်၏။ ကုမာရာ၊ စောင်းတတ်သော သူငယ်သည်။ ဒွါရေ၊ နန်းတော်တံခါး၌။ ဥပရောဒတီ၊ သီချင်းသီ၍ တီး၏။ တတော၊ ထိုကုသဝတီမင်းမျိုးထက်။ ဂ နှုတ်၊ အဘယ် မှာလျှင်။ သုခတရုံ၊ လွန်မြတ်သော ချမ်းသာကို။ ဒိဿ၊ မြင်၍။ ဣဓ၊ ဤအရပ်သို့။ အာဂတာ၊ ပြေးလာသည်။ အသိ၊ ဖြစ်သနည်း။

၅၂။ ဘဒ္ဒေ၊ ချစ်သမီး ပဘာဝတီ။ ခတ္တိယာနံ၊ ကုသဝတီ မင်းမျိုးတို့၏။ ကုလေ၊ အမျိုး၌။ မယှုရဒကာဠဘိရုဒေ၊ ဥဒေါင်း ကြိုးကြာတို့ တွန်မြူးရာလည်း ဖြစ်၏။ ကောကိသလာဘိနိကူဇိတေ၊ ဥဩတို့ မပြတ် တွန်မြူးရာလည်း ဖြစ်၏။ တတော၊ ထို ကုသဝတီမင်းမျိုးထက်။ ကိန္နု၊ အဘယ်မှာလျှင်။ သုခတရုံ၊ လွန်မြတ်သော ချမ်းသာကို။ ဒိဿ၊ မြင်၍။ ဣဓ၊ ဤအရပ်သို့။ အာဂတာ၊ ထွက်ပြေးလာသည်။ အသိ၊ ဖြစ်သနည်း။

ဤသို့လျှင် ထိုမယ်တော် မိဖုရားကြီးသည် ဤမျှလောက် အတိုင်းအရှည် ရှိကုန်သော ဂါထာတို့ဖြင့် သမီးတော် ပဘာဝတီနှင့်တကွ ပြောဟောတော်မူ၍ "ယခုအခါ ကုသမင်းမြတ်သည် ဤငါတို့ပြည်၌ အကယ်၍ ရှိသည်ဖြစ်ပါမူ ဤခုနစ်ပြည်ထောင်သော မင်းတို့ကို ပြေးစေ၍ ငါ့ သမီးတော် ပဘာဝတီကို ဆင်းရဲမှုလွတ်စေသဖြင့် ခေါ်ယူသွားရာ၏" ဟု ကြံ၍ ယူတမြည်တမ်းတော်မူလိုရကား-

၅၃။ ကထံ နု ခေါ သတ္တုမဒ္ဒနော၊ ပရရဋ္ဌပွမဒ္ဒနော။
ကုသော သောဠ္ဋရပညာဏော၊
ယော နော ဒုက္ခာ ပမောစယိ—

ဟူသော ဤဂါထာကို ဆို၏။

၅၃။ သတ္တုမဒ္ဒနော၊ ရန်သူတို့ကို နှိမ်နင်းနိုင်ထသော။ ပရရဋ္ဌ-မဒ္ဒနော၊ တိုင်းတစ်ပါးကိုလည်း နှိမ်နင်းနိုင်ထသော၊ သောဠ်ဋရပညာ-ဏော၊ များမြတ်သော ပညာလည်းရှိထသော။ သော ကုသော၊ ထိုကုသ မင်းမြတ်သည်။ ကထံ၊ အဘယ်လျှင်။ နော၊ ငါတို့ကို။ ဒုက္ခာ၊ ဆင်းရဲမှု။ ပမောစယိ နုခေါ၊ လွတ်ပါစေအံ့နည်း။

www.dhammadownload.com

ကုသမင်း ဒီမှာရှိနေတယ်

ထို့နောင်မှ ပဘာဝတီသည် "ကုသမင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုသော ငါ့မယ်တော်၏ခံတွင်းသည် မဆံ့ပြီ၊ ထို့ငါ့မယ်တော်အား ထို ကုသမင်း ကျွေ ငါတို့ပြည်၌လျှင် စဖို့သည်အမှုကိုပြု၍ နေသောအဖြစ်ကို ကြားလျှောက်အံ့" ဟု ကြံ၍ ကြားလျှောက်လိုရကား....

၅၄။ ဣဒမဝေ သော သတ္ထုမဒ္ဒနော၊ ပရရဋ္ဌပမဒ္ဒနော။
ကုသော သောဋ္ဌာရပညာဏော၊
ယော တေ သဗ္ဗေ ဝဓိဿတိ—

ဟူသော ဤဂါထာကို ဆို၏။

၅၄။ အမ္မ၊ မိခင်။ သတ္ထုမဒ္ဒနော၊ ရန်သူတို့ကို နှိမ်နင်း နှိုင်းထသော။ ပရရဋ္ဌပမဒ္ဒနော၊ တစ်ပါးသော တိုင်းပြည်ကိုလည်း နှိမ်နင်းနှိုင်းထသော။ သောဋ္ဌာရပညာဏော၊ မျှားမြတ်သော ပညာလည်းရှိထသော။ ယော ကုသော၊ အကြင် ကုသမင်းမြတ်သည်။ ဣဒမဝေ၊ ဤငါတို့ပြည်၌ပင်လျှင်။ အတ္ထိ၊ ရှိပါ၏။ သောကုသော၊ ထိုကုသမင်းမြတ်သည်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုရန်သူမင်းတို့ကို။ ဝဓိဿတိ၊ သတ်လတ္တံ့ သတည်း။

နင် ရှုးနေသလား

ထိုသို့ ကြားလျှောက်သောအခါ ပဘာဝတီမယ်တော် မိဖုရားကြီးသည် "ဤ ပဘာဝတီသည် သေဘေးမှ ကြောက်သည်ဖြစ်၍ ငိုမြည်တမ်းယောင်တကား" ဟု ကြံ၍ ထိုပဘာဝတီကို မေးတော်မူလိုရကား....

၅၅။ ဥမ္မတ္တိကာ နု ဘဏသိ၊ အန္ဓဗာလာ ပဘာသသိ။
ကုသော စေ အာဂတော အဿ၊ ကိန္နု ဇာနေမု တံ မယံ....

ဟူသော ဤဂါထာကို ဆို၏။

၅၅။ ပုတ္တိကေ၊ ချစ်သမီး။ ဥမ္မတ္တိကာ၊ ပုံ့လွင့်သောစိတ်ရှိသည်။ ဟုတ္တာ၊ ဖြစ်၍။ ဘဏသိ နု၊ ဆိုမြည်တမ်းသလော။ အန္ဓဗာလာ၊ အလွန်မိုက်မဲတွေဝေသည်ဖြစ်၍။ ပဘာသသိ နု၊ ဤစကားကို ဆိုမြည်တမ်း

www.dhammadownload.com

သလော။ ကုသော၊ ကုသမင်းသည်။ အာဂတော၊ လာသည်။ သစေ-အာဿ၊ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ လာရောက်သည်ရှိသော်။ မယံ၊ ငါတို့သည်။ တံ၊ ထိုကုသမင်းကို။ ကိန္နု၊ အဘယ်လျှင်။ ဇာနေမှ၊ သိရကုန်အံ့နည်း။

ဟိုမှာကြည့်ပါ မယ်တော်

ထိုပဘာဝတီသည် ဤသို့ မယ်တော်မိဖုရားကြီး မေးတော် မူလတ်သော် "ငါ့မယ်တော်သည် ငါလျောက်ထား ပြောဆိုသောစကားကို ယုံတော်မမူ၊ ထိုကုသမင်း ဤ ငါတို့၏ပြည်သို့ လာလတ်၍ ခုနစ်လပတ်လုံး နေသော အဖြစ်ကို သိတော်မမူ၊ ငါ့မယ်တော်ကို ပြအံ့" ဟု ကြံ၍ မယ်တော်လက်ကို ဆွဲပြီးလျှင် ခြင်္သေ့ခံသော လေသွန်နန်းတံခါးကို ဖွင့်၍ လက်ကိုဆန့်လျက် ပြလိုရကား....

၅၆။ ဧသော အာဠာရိကော ပေါသော၊ ကုမာရိ ပုရမန္တရေ။
ဒဋ္ဌံ ကတ္တာန သံဝေလ္လိ'၊ ကုမ္ဘိ'ဓောဝတိ ဩက္ကတော....

ဟူသော ဤဂါထာကို ဆို၏။

၅၆။ အမှ၊ မိခင်၊ ဒဋ္ဌံ၊ မြဲစွာ။ သံဝေလ္လိ'၊ အောက်ပိုးကျိုက်သည်ကို။ ကတ္တာန၊ ပြု၍။ ဩက္ကတော၊ အောက်သို့ညွတ်သော ဦးခေါင်းရှိသည်ဖြစ်၍။ ကုမ္ဘိ'၊ အိုးခွက်ကို။ ဓောဝတိ၊ ဆေး၏။ ဧသောအာဠာရိကော၊ ထိုစဖို သည်သည်။ ပေါသော၊ ထို ကုသမင်းတည်း။ တံ၊ သင်မိခင်သည်။ ကုမာရိပုရမန္တရေ၊ သမီးတော်တို့နေရာ လေသာနန်းတံခါးကြား၌။ ဩလောကေဟိ၊ ကြည့်တော်မူလော့။

နင် တယ်မိုက်ပါလား

ထိုအခါ ကုသမင်းသည် "ယနေ့ ငါ၏နှလုံးအလိုသည် အပြီးသို့ ရောက်လတ္တံ့သတတ်၊ မချတ်လျှင် ပဘာဝတီသည် ဒေသဘေးမှ ကြောက်သည်ဖြစ်၍ ငါလာသောအဖြစ်ကို ပြောဆိုလတ္တံ့၊ အိုးခွက်တို့ကိုဆေး၍ သိုမှီးအံ့" ဟု နှလုံးသွင်း၍ ရေခပ်ပြီးလျှင် အိုးခွက်တို့ကို ဆေးအံ့သောငှာ အားထုတ်၏။ ထိုသို့ မြင်ရသောအခါ သမီးတော် ပဘာဝတီကို မယ်တော် မိဖုရားကြီးသည် ဆဲရေးမြည်တမ်းတော်မူလိုရကား—

www.dhammadownload.com

၅၇။ ဝေဏီ တုမသိ စဏ္ဍာလီ၊ အဒူသိ ကုလဂန္ဓိနီ။
ကထံ မဒ္ဒကုလေ ဇာတာ၊ ဒါသံ ကယိရာသိ ကာမုကံ—
ဟူသော ဤဂါထာကို ဆို၏။

၅၇။ ပုတ္တိကေ၊ ချစ်သမီး။ တုံ၊ သင်သည်။ ဝေဏီ၊ ဒေါင်းရွေ့သည်သမီးသည်။ အသိ၊ ဖြစ်လေသလော။ စဏ္ဍာလီ၊ ဒွန်းစဏ္ဍားသမီးသည်။ အသိ၊ ဖြစ်လေသလော။ အဒူ၊ ထိုသို့မဟုတ်မူ။ ကုလဝန္ဓိနီ၊ အမျိုးကို ဖျက်ဆီးတတ်သော မိန်းမသည်။ အသိ၊ ဖြစ်လေသလား။ ကထံ၊ အဘယ်အကြောင်းကြောင့်။ မဒ္ဒကုလေ၊ မဒ္ဒရာဇ်မင်းမျိုး၌။ ဇာတာ၊ ဖြစ်ပါသလော်။ ကာမုကံ၊ အဘယ့်ကြောင့်။ အတ္တနော၊ မိမိ၏။ သာမိကံ၊ လင်ကို။ ဒါသံ၊ ကျွန်အဖြစ်ကို။ ကယိရာသိ၊ ပြုဘိသနည်း။

ကျွန်လို့ထင်လို့လား

ထို့နောင်မှ ပဘာဝတီသည် "ငါ့မယ်တော်သည် ကုသမင်း၏ ငါ့ကိုမှီ၍ ဤသို့ စဖို့သည်ပြု၍ နေလဲသော်ဘအဖြစ်ကို သိတော်မမူယောင် တကား" ဟု ကြံ၍ မယ်တော်ကို သိစေလိုရကား—

၅၈။ နာမှိ ဝေဏီ နု စဏ္ဍာလီ၊ နု စမှိ ကုလဂန္ဓိနီ။
ဩက္ကာကပုတ္တော ဘဒ္ဒန္တော၊ တုံ နု ဒါဒသာတိ မညသိ—
ဟူသော ဤဂါထာကို ဆို၏။

၅၈။ အမ္မ၊ မိခင်။ အဟံ၊ အကျွန်ုပ်သည်။ ဝေဏီ၊ ဒေါင်းရွေ့သည် သမီးသည်။ နု အမှိ၊ မဖြစ်ပါ။ စဏ္ဍာလီ၊ ဒွန်းစဏ္ဍား သမီးသည်။ နု အမှိ၊ မဖြစ်ပါ။ ကုလဂန္ဓိနီ၊ အမျိုးကိုဖျက်ဆီးတတ်သော မိန်းမသည်။ နု အမှိ၊ မဖြစ်ပါ။ ဘဒ္ဒန္တော၊ ချစ်မိခင်။ တုံ၊ သင်မိခင်သည်။ ဩက္ကာကပုတ္တော၊ ဩက္ကာကရာဇ်မင်း၏ သားတော်ဖြစ်သော ကုသမင်းမြတ်ကို။ ဒါသောတိ၊ ကျွန်ဟူ၍။ မညသိနု၊ အောက်မေ့တော်မူဘိ၏တကား။

ယခုအခါ ပဘာဝတီသည် ကုသမင်း ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုလိုရကား—

၅၉။ ယော ဖြဟ္မဏသဟဿာနိ၊ သဒါဘောဇောတိ ဝိသတိံ။
ဩက္ကာကပုတ္တော ဘဒ္ဒန္တော၊ တုံ နု ဒါသောတိ မညသိ။

www.dhammadownload.com

၆၀။ ယဿ နာဂသဟဿေနိ၊ သဒါယောဇေန္တိ ဝိသတိ။
သြက္ကာကပုတ္တော ဘဒ္ဒန္တေ၊ တုံ နု ဒါသောတိ မညသိ။
၆၁။ ယဿ အဿသဟဿာနိ၊ သဒါ ယောဇေန္တိ ဝိသတိ။
သြက္ကာကပုတ္တော ဘဒ္ဒန္တေ၊ တုံ နု ဒါသောတိ မညသိ။
၆၂။ ယဿ ရထသဟဿာနိ၊ သဒါယောဇေန္တိ ဝိသတိ။
သြက္ကာကပုတ္တော ဘဒ္ဒန္တေ၊ တုံ နု ဒါသောတိ မညသိ။
၆၃။ ယဿ ဓေနုသဟဿာနိ၊ သဒါ ဒုဟန္တိ ဝိသတိ။
သြက္ကာကပုတ္တော ဘဒ္ဒန္တေ၊ တုံ နု ဒါသောတိ မညသိ—
ဟူသော ဤငါးဂါထာတို့ကို ဆို၏။

၅၉။ အမှု၊ မိခင်။ သြက္ကာကပုတ္တော၊ သြက္ကာကရာဇ်မင်း၏သား တော်ဖြစ်သော။ ယော ရာဇာ၊ အကြင်ကုသမင်းသည်။ ဝိသတိ ဖြာဟူက သဟဿာနိ၊ နှစ်သောင်းသော ပုဏ္ဏားတို့ကို။ သဒါ၊ အခါခပ်သိမ်း။ ဘောဇေတိ၊ ဆွမ်းကျွေး၏။ ဘဒ္ဒန္တေ၊ ချစ်မိခင်။ သော သြက္ကာကပုတ္တော၊ ထိုသြက္ကာကရာဇ်မင်း၏ သားတော်ဖြစ်သော ကုသမင်းကို။ တုံ၊ သင်မိခင်သည်။ ဒါသောတိ၊ ကျွန်ဟူ၍။ မညသိ နု၊ ထင်တော်မူဘိသလော့။

၆၀။ အမှု၊ မိခင်။ သြက္ကာကပုတ္တာသ၊ သြက္ကာကရာဇ်မင်း၏သား တော်ဖြစ်သော။ ယဿ၊ အကြင်ကုသမင်းအား။ ဝိသတိ နာဂသဟဿာနိ၊ နှစ်သောင်းသောဆင်တို့ကို။ သဒါ၊ အခါခပ်သိမ်း။ ယောဇေန္တိ၊ က-စေကုန်၏။ ဘဒ္ဒန္တေ၊ ချစ်မိခင်။ ဟုံ၊ သင်မိခင်သည်။ သော သြက္ကာကပုတ္တော၊ ထိုသြက္ကာကရာဇ်မင်း၏ သားတော်ဖြစ်သော ကုသမင်းကို။ ဒါသောတိ၊ ကျွန်ဟူ၍။ မညသိ နု၊ အောက်မေ့တော်မူဘိသလော။

၆၁။ အမှု၊ မိခင်။ သြက္ကာကပုတ္တဿ၊ သြက္ကာကရာဇ်မင်း၏ သားတော်ဖြစ်သော။ ယဿ၊ အကြင်ကုသမင်းမြတ်အား။ ဝိသတိ အဿ သဟဿာနိ၊ နှစ်သောင်းသောမြင်းတို့ကို။ သဒါ၊ အခါခပ်သိမ်း။ ယောဇေန္တိ၊ က-စေကုန်၏။ ဘဒ္ဒန္တေ၊ ချစ်မိခင်။ တုံ၊ သင်မိခင်သည်။ သော သြက္ကာကပုတ္တော၊ ထိုသြက္ကာကရာဇ်မင်း၏ သားတော်ဖြစ်သော ကုသမင်းမြတ်ကို။ ဒါသောတိ၊ ကျွန်ဟူ၍။ မညသိ နု၊ ဂဏ်မှတ်တော် မူဘိသလော။

www.dhammadownload.com

၆၂။ အမ္မ၊ မိခင်။ သြက္ကာကပုတ္တဿ၊ သြက္ကာကရာဇ်မင်း၏ သား တော်ဖြစ်သော။ ယဿ၊ အကြင်ကုသမင်းမြတ်အား။ ဝိသတိရထသဟဿာနိ၊ နှစ်သောင်းသော ရထားတို့ကို။ သဒါ၊ အခါခပ်သိမ်း။ ယောဇေန္တိ၊ ကစေကုန်၏။ ဘဒ္ဒန္တေ၊ ချစ်မိခင်။ တံ၊ သင်မိခင်သည်။ သော သြက္ကာကပုတ္တော၊ ထိုသြက္ကာကရာဇ်မင်း၏ သားတော်ဖြစ်သော ကုသမင်းမြတ်ကို။ ဒါသောတိ၊ ကျွန်ဟူ၍။ မညဲသိ နု၊ အောက်မေ့တော် မူဘိသလော။

၆၃။ အမ္မ၊ မိခင်။ သြက္ကာက ပုတ္တဿ၊ သြက္ကာကရာဇ်မင်း၏ သားတော်ဖြစ်သော။ ယဿ၊ အကြင် ကုသမင်းမြတ်အား။ ဝိသတိ ဓေနုသဟဿာနိ၊ နှစ်သောင်းသော နို့ညှစ်နွားမတို့ကို။ သဒါ၊ အခါခပ်သိမ်း။ ဒုဟန္တိ၊ နို့ညှစ်ကုန်၏။ ဘဒ္ဒန္တေ၊ ချစ်မိခင်။ တံ၊ သင်မိခင်သည်။ သော သြက္ကာကပုတ္တော၊ ထိုသြက္ကကရာဇ်မင်း၏ သားတော်ဖြစ်သော ကုသမင်းမြတ်ကို။ ဒါသောတိ၊ ကျွန်ဟူ၍။ မညဲသိ နု၊ ထင်မူတ်တော်မူဘိသလော။

မယ်တော်မင်းကြီးကို လျှောက်ပြီ

ဤသို့ ထိုပဘာဝတီသည် ငါးဂါထာတို့ဖြင့် ဘုရားလောင်း ကုသမင်း၏ စည်းစိမ် အခြံအရံကို ချီးမွမ်းလတ်သော် ထိုအခါ ပဘာဝတီ၏ မယ်တော်သည် "ဤ ပဘာဝတီသည် မကြောက်မရွံ့ ပြောဆိုဘိ၏၊ မချွတ်လျှင် ထိုစဖို့အိမ်၌ ရှိသောသူသည် ဤပဘာဝတီ ဆိုတိုင်း ကုသမင်းဟုတ်၏" ဟု ယုံကြည်သဖြင့် မဒ္ဒရာဇ်မင်းကြီးအထံသို့ သွား၍ ထိုအကြောင်းကို တင်လျှောက်၏။

သမီးတော်ကို ကဲ့ရဲ့၍

မဒ္ဒရာဇ် မင်းကြီးသည် လျင်မြန်စွာ သမီးတော် ပဘာဝတီအထံသို့ လာလတ်၍ "ချစ်သမီး....ကုသမင်းသည် ဤငါတို့ပြည်သို့ ရောက်လာသတတ်ဟူသည် မှန်သလော" ဟု မေးတော်မူ၏။ "ဖခင်မင်းမြတ်....မှန်ပါ၏၊ ထိုကုသမင်းသည် ဖခင်မင်းမြတ် သမီးတော်တို့၏ စဖို့သည်အဖြစ်ကို ပြု၍နေသည်ကား ယနေ့ ခုနစ်လ ရှိပြီ" ဟု လျှောက်၏။ ခမည်းတော် မဒ္ဒရာဇ်မင်းကြီးသည် သမီးတော် ပဘာဝတီစကားကို ယုံတော်မမူသည်

www.dhammadownload.com

ဖြစ်၍ အထိန်းတော် ခုဇ္ဇာကို မေးတော်မူလျှင် ဟုတ်မှန်သောအတိုင်း ကြားသိတော်မူ၍ သမီးတော် ပဘာဝတီကို ကဲ့ရဲ့တော်မူလိုရကား—

၆၄။ တဋ္ဌ တေ ဒုက္ကဋံ ဗာလေ၊ ယံ ခတ္တိယံ မဟဗ္ဗလံ။
နာဂံ မဏ္ဍူကဝဏ္ဏေန၊ နု တံ အက္ခာသိဓာဂတံ—

ဟူသော ဤဂါထာကို ဆိုတော်မူ၏။

၆၄။ ဗာလေ၊ ဟယ်အမိုက်မ။ မဟဗ္ဗလံ၊ ကြီးမားသော ခွန်အားရှိသော။ နာဂံ၊ ပြည့်ရှင်မှင်းမြတ် ဖြစ်ဘော်မူသော။ ယံ ခတ္တိယံ၊ အကြင် ကုသမင်းမြတ်ကို။ မဏ္ဍူကဝဏ္ဏေန၊ ဖား၏အသွင်ဖြင့်။ တေ-တယာ၊ သင်သည်။ ကတံ၊ ပြုကျင့်ခြင်းသည်။ တဋ္ဌ၊ စင်စစ်။ ဒုက္ကဋံ၊ မကောင်းသဖြင့် ပြုခြင်းတည်း။ ဇာဓ၊ ဤငါတို့ပြည်သို့။ အာဂတံ၊ ရောက်လာသော။ တံ၊ ထိုကုသမင်းမြတ်ကို။ နု အက္ခာ သိ၊ သင် မပြောဆို။ တံပိ၊ ထိုသို့ မပြောဆိုခြင်းသည်လည်း။ ဒုက္ကဋံ၊ မသင့်သော ပြုခြင်းတည်း။

ကုသမင်းကို ကန်တော့ပြီ

ဤသို့ မဒ္ဒရာဇ်မင်းကြီးသည် သမီးတော် ပဘာဝတီကို ကဲ့ရဲ့တော်မူပြီးလျှင် ထိုကုသမင်းအထံသို့ လျင်စွာသွား၍ ပြုအပ်သော ပျူငှဉ်းလောကဝတ် ရှိသည်ဖြစ်၍ လက်အုပ်ချီလျက် မိမိအပြစ်ကို ပြလိုရကား—

၆၅။ အပရာဓံ မဟာရာဇ၊ တုံ နော ခမ ရထေဿဘ။
ယန္တံ အညာတဝေသေန၊ နညာသိမှာ ဇာဓာဂတံ—

ဟူသော ဤဂါထာကို ဆို၏။

၆၅။ မဟာရာဇ၊ ကုသမင်းမြတ်။ တုံ၊ သင်မင်းမြတ်သည်။ နော၊ ငါတို့၏။ အပရာဓံ၊ အပြစ်ကို။ ခမ၊ သည်းခံတော်မူပါလော့။ ရထေဿဘ၊ ရထားစီးချင်း မင်းတကာတို့ထက် မြတ်တော်မူသော။ ရာဇ၊ ကုသမင်းမြတ်။ အညာတဝေသေန၊ မထင်ရှားသောအသွင်ဖြင့်။ ဇာဓ၊ ဤသဂဂလမြို့သို့။ တဝ၊ အရှင်မင်းမြတ်၏။ ယံအာဂတံ၊ အကြင် ရောက်လာတော်မူခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ အာဂတံ၊ ထိုသို့ ရောက်လာတော်မူခြင်းကို။ ဓယံ၊ အကျန်ပ်တို့သည်။ နု အညသိမှာ၊ မသိကြရပါကုန်။

www.dhammadownload.com

ကုသမင်း တောင်းပန်ခြင်း

ထိုစကားကိုကြား၍ ဘုရားလောင်းသည် "ငါသည် ကြမ်းကြုတ်စွာသော စကားကို အကယ်၍ ဆိုအံ့၊ ဤသို့ဆိုသည်ရှိသော် ထိုအရပ်၌ပင် လျှင် ထိုမဒ္ဒရာဇ်မင်း၏နှလုံးသည် ကွဲလတ္တံ့၊ ထိုမဒ္ဒရာဇ်မင်းကို သင်္ဃသာစေအံ့" ဟုကြံ၍ အိုးခွက်ကြားဌ်ရပ်လျက် ထိုမဒ္ဒရာဇ်မင်းအား သိစေတော်မူလိုရကား—

၆၆။ မာဒိသဿ နု တံ ဆန္နံ၊ ယောဟံ အာဠာရိကော ဘဝေ။
တုဉ္ဉေဝ မေ ပသီဒဿု၊ နတ္ထိ ဘေ ဒေဝ ဒုက္ကဋံ—

ဟူသော ဤဂါထာကို ဆို၏။

၆၆။ ဒေဝ၊ အရှင်မင်းကြီး။ ယော အဟံ၊ အကြင်ငါသည်။ အာဠာရိကော၊ စပိုသည်သည်။ ဘဝေ၊ ဖြစ်၏။ တံ၊ ထိုသို့ဖြစ်ရခြင်းသည်။ မာဒိသဿ၊ ငါ့ကဲ့သို့သောသူအား။ ဆန္နံ၊ လျော်ပတ်သည်။ နု ဘဝတိ၊ မဖြစ်။ တုဉ္ဉေဝ၊ အရှင်မင်းသည်သာလျှင်။ မေ၊ အကျွန်ုပ်အား။ ပသီဒဿု၊ ကြည်ညိုတော်မူလော့။ တေ၊ သင်မင်းကြီးအား။ ဒုက္ကဋံ၊ မကောင်းသဖြင့် ပြုအပ်သော အပြစ်သည်။ နတ္ထိ၊ မရှိပေ။

သမီးတော်ကို ကန်တော့စေပြီ

ကုသမင်းအထံမှ အစေ့အစပ် စကားကိုရလျှင် ပြာသာဒ်ထက်သို့တက်တော်မူ၍ သမီးတော် ပဘာဝတီကို ခေါ်တော်မူပြီးလျှင် ကန်တော့စိမ့်သောငှာ စေတော်မူလိုရကား—

၆၇။ ဂစ္ဆ ဗာလေ ခမာပေဟိ၊ ကုသရာဇံ မဟာဗ္ဗလံ။
ခမာပိတော ကုသရာဇာ၊ ဧသော တေ ဒဿတိ ဇီဝိတံ—

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

၆၇။ ဗာလေ၊ သူမိုက်မ။ ဂစ္ဆ၊ သွားချေ။ မဟာဗ္ဗလံ၊ ကြီးသော ခွန်အားရှိသော။ ကုသရာဇံ၊ ကုသမင်းမြတ်ကို။ ခမာပေဟိ၊ ကန်တော့ချလော့။ တုမ္ဟေဟိ၊ သင်တို့သည်။ ခမာပိတော၊ ကန်တော့အပ်သည်ရှိသော်။ သော ကုသရာဇာ၊ ထိုကုသမင်းမြတ်သည်။ ဧသော၊ သင်အား။ ဇီဝိတံ၊ အသက်ကို။ ဒဿတိ၊ ပေးလတ္တံ့။

www.dhammadownload.com

ပဘာဝတီ ကန်တော့ရပြီ

ထို ပဘာဝတီသည် ခမည်းတော် မဒ္ဒရုဇ်မင်းကြီး အမိန့်တော်ကို နာရလျှင် ညီမတော် အပေါင်းတို့ဖြင့် လည်းကောင်း, အလုပ်အကျွေး ကိုယ်လုပ် မောင်းမ အပေါင်းတို့ဖြင့်လည်းကောင်း ခြံရံလျက် ကုသမင်း အထံသို့ သွားလေ၏။ ကုသမင်းသည်လည်း အမှုလုပ်သော အသွင်ဖြင့် ရပ်လျက်သာလျှင် ထိုပဘာဝတီ မိမိထံသို့ လာသည်ကိုသိ၍ ''ယနေ့ ထို ပဘာဝတီ၏ မာနကို ချိုးဖျက်၍ ခြေရင်းညွှန်၌ ဝပ်စေအံ့'' ဟု မိမိခပ်ဆောင် အပ်သော ရေအလုံးစုံကို သွန်၍ တလင်းရာမျှလောက်သော အရပ်ကို နှင်းနယ်၍ တပေါင်တည်းသော ညွှန်ကို ပြုတော်မူ၏။ ထို ပဘာဝတီသည် ကုသမင်းအထံသို့ သွားပြီးလျှင် ကုသမင်း ခြေရင်းခွင်ဝပ်၍ ညွှန်ပျောင်း အပြင်၌ လျောင်းလျက် ကုသမင်းကို ကန်တော့၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၆၈။ ပိတုဿ ဝစနံ သုတ္ဝာ၊ ဒေဝဂ္ဃီ ပဘာဝတီ။
သိရသာ အဂ္ဂဟိပါဒေ၊ ကုသရာဇံ မဟဗ္ဗလံ—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၆၈။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝဂ္ဃီ၊ နတ်သမီးအဆင်းနှင့် တူသော အဆင်းရှိသော။ ပဘာဝတီ၊ မင်းသမီး ပဘာဝတီသည်။ ပိတုဿ၊ ခမည်းတော် မဒ္ဒရုဇ်မင်းကြီး၏။ ဝစနံ၊ စကားကို။ သုတ္ဝာ၊ ကြား၍။ မဟဗ္ဗလံ၊ ကြီးသော ခွန်အားရှိသော။ ကုသရာဇံ၊ ကုသမင်းကို။ ပါဒေ၊ ခြေ၌။ သိရသာ၊ ဦးခေါင်းဖြင့်။ ပတိတ္ဝာ၊ ဝပ်၍။ အဂ္ဂဟိ၊ ဦးတိုက်ရ၏။

ထိုသို့ ခြေတို့၌ ဦးခေါင်းဖြင့် ဦးတိုက်လျက် ကန်တော့လိုရကား—

၆၉။ ယာမာ ရတ္တျာ အတိက္ကန္တာ၊ တာမာ ဒေဝ တယာ ဝိနာ။
ဝန္ဒေ တေ သိရသာ ပါဒေ၊ မာ မေ ကုဇ္ဈ ရထေသဘ။
၇၀။ သတ္တံ တေ ပဋိဇာနာမိ၊ မဟာရာဇ သုဏောဟိ မေ။
န စာပိ အပ္ပိယံ တုယှံ၊ ကရေယျာမိ အဟံ ပုန။

www.dhammadownload.com

၇၁။ ဝေဠွေ ယာစမာနာယ၊ ဝစနံ မေန ကာဟသိ။
ကဒါနိ မံ တတော ဟန္ဒ၊ ခတ္တိယာနံ ပဒဿတိ-
ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၆၉။ ဒေဝ၊ အရှင်မင်းမြတ်။ တယာ၊ အရှင်မင်းမြတ်နှင့်။ ဝိနာ၊ ကင်း၍၊ ယာမာ ရတ္တော၊ အကြင် ညဉ့်တို့သည်။ အတိက္ကန္တာ၊ လွန်ကုန်၏။ တာမာရတ္တိယော၊ ထိုညဉ့်တို့သည်။ သတ္တာမာသာ၊ ခုနစ်လရှိကုန်ပြီ။ ရထေသဘ၊ ရထားစီးခြင်း မင်းဘကာတို့ထက် မြတ်တော်မူသော အရှင်မင်းမြတ်။ တေ၊ အရှင်မင်းမြတ်၏။ ပါဒေ၊ ခြေတော်တို့ကို။ သိရသာ၊ ဦးဖြင့်။ ဝန္ဒေ၊ ရှိခိုးပါ၏။ မေ၊ အကျွန်ုပ်အား။ မာကုဇ္ဈ၊ အမျက်ထွက်တော်မမူပါလင့်။

၇၀။ မဟာရာဇ၊ အရှင်မင်းမြတ်။ တေ၊ အရှင်မင်းမြတ်အား။ အပ္ပိယံ၊ မနှစ်သက်အပ်သည်ကို။ ကတံ၊ ပြုမိပေ၏။ သဗ္ဗံ၊ အလုံးစုံသောအပြစ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ပဋိဂ္ဂဏှာမိ၊ ဝန်ခံပါ၏။ မဟာရာဇ၊ မင်းမြတ်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏောဟိ၊ နာတော်မူပါလော့။ အဟံ၊ အကျွန်ုပ်သည်။ ပုန၊ တစ်ဖန်။ တုယ္ဟံ၊ အရှင်မင်းမြတ်အား။ အပ္ပိယံ၊ မနှစ်သက်အပ်သည်ကို။ န စာပိ၊ ကရေယျာမိ၊ မပြုဝံ့ပါပြီ။

၇၁။ ဧဝံ၊ ဤသို့ ယာစမာနာယ၊ တောင်းပန်ပါဒသာ။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ စေ န ကာဟသိ၊ အကယ်၍လိုက်နာတော်မမူအံ့။ ဧဝံသတိ၊ ဤသို့ လိုက်နာတော်မမူသည်ရှိသော်။ တတော၊ ထိုသို့မလိုက်နာခြင်းကြောင့်။ ဤဒါနိ၊ ယခု။ မံ၊ အကျွန်ုပ်ကို။ ဟန္ဒ၊ သတ်၍။ ခတ္တိယာနံ၊ ခုနစ်ပြည်ထောင်သော မင်းတို့အား။ ပဒဿတိ၊ ပေးလိုက်ပါလတ္တံ့။

မင်းကုသ ကျေနပ်၍

ဤသို့ ပဘာဝတီ ကန်တော့တောင်းပန်သော စကားကို ကြား၍ ကုသမင်းသည် ငါသည် "ဤ ပဘာဝတီကို သင်သည်သာလျှင် သိရလိမ့်သတည်းဟု အကယ်၍ ဆိုခြားအံ့၊ ထိုပဘာဝတီ၏ နှလုံးသည် ကဲ့လတ္တံ့၊ ထိုပဘာဝတီကို သက်သာစေအံ့" ဟု ကြံ၍ တောင်းပန်ခြင်းကို ဝန်ခံတော်မူလိုရကား—

www.dhammadownload.com

၂၂။ ဧဝံ တေ ယာစမာနာယ၊ ကိံ နု ကာဟာမိ တေ ဝစော။
ဝိကုဒ္ဓေါ တျသ္မိ ကလျာဏိ၊ မာ တံ္ဝ ဘာယိ ပဘာဝတိ။
၂၃။ သမ္ဗံ တေ ပဋိဇာနာမိ၊ ရာဇပုတ္တိ သုဏောဟိ မေ။
နာ စာပိ အပ္ပိယံ တုယ္ဟံ၊ ကရေယျာမိ အဟံ ပုန။
၂၄။ တဝ ကာမာဟိ သုဿောဏိ၊ ဗဟုံ ဒုက္ခံ တိတိက္ခိသံ။
ဗဟုံ မဒ္ဒကုလံ ဟန္တွာ၊ နယိတုံ ဇံ ပဘာဝတိ–
ဟူသော ဤသုံးဂါထာတို့ကို ဆိုတော်မူ၏။

၂၂။ ကလျာဏိ၊ ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသော။ ပဘာဝတိ၊ ရှင်မပဘာဝတီ။ တံ္ဝ၊ သင်သည်။ မာ ဘာယိ၊မကြောက်လင့်။ တေ၊ ရှင်မအား။ ဝိကုဒ္ဓေါ၊ အမျက်မထွက်သည်။ အသ္မိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ တေ၊ ရှင်မပဘာဝတီသည်။ ယာစမာနာယ၊ တောင်းပန်ပါလျက်။ တေ၊ ရှင်မ၏။ ဝစော၊ စကားကို။ ကိံ၊ အဘယ့်ကြောင့်။ နု ကာဟာမိ၊ မလိုက်နာတုံအံ့နည်း။ ကာဟာမိ ဧဝ၊ လိုက်နာအံ့သည်သာတည်း။

၂၃။ ရာဇပုတ္တိ၊ မင်းသမီးဖြစ်သော ရှင်မ ပဘာဝတီ။ တေ၊ ရှင်မ၏။ သမ္ဗံ၊ အလုံးစုံသောအပြစ်ကို။ ပဋိဇာနာမိ၊ ငါ သည်းခံ၏။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏောဟိ၊ နာဦးလော့။ အဟံ၊ ငါသည်။ ပုန၊ တစ်ဖန်။ တုယ္ဟံ၊ ရှင်မအား။ အပ္ပိယံ၊ မနှစ်သက်အပ်သည်ကို။ နစာပိ ကရေယျာမိ၊ မပြုပြီ။

၂၄။ သုဿောဏိ၊ လျပါးသေးသွယ် တင့်တယ်သော ခါးရှိသော။ ပဘာဝတိ၊ ရှင်မပဘာဝတီ။ ဗဟုံ၊ များစွာသော။ မဒ္ဒကုလံ၊ မဒ္ဒရာဇ်မင်းမျိုးကို။ ဟန္တွာ၊ အကုန်သတ်၍။ တံ၊ ရှင်မကို၊ နယိတုံ၊ ဆောင်ယူခြင်းငှာ။ သမတ္ထော၊ စွမ်းနိုင်လျက်။ တဝ ကာမာဟိ၊ ရှင်မကို အလိုရှိသောကြောင့်လျှင်။ ဗဟုံ၊ များစွာသော။ ဒုက္ခံ၊ ဆင်းရဲကို။ တိတိက္ခိသံ၊ ငါ သည်းခံ၏။

ကြုံးဝါးပြီး စစ်တပ်ကို ပြင်စေခြင်း

ထိုအခါ ကုသမင်းသည် သိကြားနတ်မင်း၏ အခြံအရံနှင့် တူသော မိမိအခြံအရံကို မြင်လျှင် မင်း၏မာန်ကို ဖြစ်စေလျက် ''ငါ ထင်ရှားရှိစဉ်

www.dhammadownload.com

လျှင် ငါ့မယားကို တစ်ပါးသောမင်းတို့သည် ယူ၍ သွားကုန်လတ္တံ့သတတ်" ဟု ခြသေ့မင်းကဲ့သို့ မင်းရင်ပြင်၌ တင့်တယ်စံပယ်တော်မူလျက် "မြို့အလုံး၌ နေသောသူတို့သည် ငါ လွှာသောအဖြစ်ကို သိစေကုန်သတည်း" ဟု ဟစ်ကြွေးကြော်ငြာ လက်ပမ်းပေါက်ခတ်၍ "ယခု ထိုခုနစ်ပြည်ထောင်သောမင်းတို့ကို အရှင်ဖမ်းအံ့၊ ငါ့အား ရထားစသည်တို့ကို က-လေကုန်" ဟု ဆို၍ စတော်မူလိုရကား—

၃၅။ ယောဇယန္တု ရထေ အသေ၊ နာနာစိတ္တေ သမာဟိတေ။
အထ ဒက္ခထ မေ ဝေဂံ၊ ဝိဓမေန္တဿ သတ္တဝေါ—

ဟူသော အခြားမရှိသော ဤဂါထာကို ဆိုတော်မူ၏။

၃၅။ ဘော၊ အို....အချင်းတို့။ နာနာစိတ္တေ၊ အထူးထူးသော တန်ဆာတို့ဖြင့် ဆန်းကြယ်ကုန်သော။ သမာဟိတေ၊ ရဲရင့် တည်ကြည်ကုန်သော။ အသေ၊ မြင်းတို့ကို။ ရထေ၊ ရထား၌။ ယောဇယန္တု၊ က-လေကုန်။ အထ-ပစ္ဆာ၊ ထို့နောင်မှ။ သတ္တဝေါ၊ ရန်သူမင်းတို့ကို။ ဝိဓမေန္တဿ၊ နှိမ်နင်းသော။ မေ၊ ငါ၏။ ဝေဂံ၊ လုံ့လကို။ ဒက္ခထ၊ မြင်ရကုန်လတ္တံ့။

ဤသို့ ကြုံးဝါးတော်မူ၍ "ရန်သူမင်းတို့ကို ဖမ်းယူခြင်း မည်သည်ကား ငါ၏တာဝန်တည်း၊ သွားချေ၊ သင် ရေချိုးပြီးလျှင် တန်ဆာဆင်၍ ပြာသာဒ်ထက်သို့ တက်နှင့်လေလော့" ဟု ဆို၍ ထိုပဘာဝတီကို လွှတ်လိုက်၏။

စစ်ဝတ်တန်ဆာ ဝတ်ဆင်ကာ

မဒ္ဒရာဇ်မင်းကြီးသည်လည်း ထိုကုသမင်းအား ပြုပြင်စိမ့်သောဌါ မှူးတော်, မတ်တော်တို့ကို စေတော်မူလိုက်၏။ ထိုမှူးတော်, မတ်တော်တို့သည် ကုသမင်းအား စားဖိုအိမ်တံခါးဝ၌ပင်လျှင် တင်းထိမ် ကာရံ၍ ဆေတ္ထာသည်တို့ကို ပြုပြင်စေကုန်၏။ ထိုကုသမင်းသည် ပြုပြင်အပ်ပြီးသော မုတ်ဆိတ် ရှိသည်ဖြစ်၍ ဦးခေါင်းနှင့်တကွ ရေချိုးပြီးလျှင် ခပ်သိမ်းသော ဘန်ဆာတို့ဖြင့် တန်ဆာဆင်ယင်တော် မူပြီးသော် မှူးတော် မတ်တော်သူအပေါင်းတို့ဖြင့် ခြံရံလျက် "ပြာသာဒ်ထက်သို့တက်အံ့" ဟု အရပ်မျက်နှာတို့ကိုကြည့်၍ လက်ပမ်းပေါက်ခတ်၏၊ ကြည့်တိုင်း ကြည့်တိုင်း

www.dhammadownload.com

သောအရပ်သည် တုန်လှုပ်၏။ ထိုကုသမင်းသည် "ယခု ငါ၏လုံ့လကို ကြည့်ကြကုန်လော့" ဟု ဆိုတော်မူ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်-

၃၆။ တဉ္စ တတ္ထ ဥဒိက္ခိ သု၊ ရညော မဒ္ဒဿန္တေပုရေ။
ဝိဇမ္ဘမာနံ သီဟံဝ၊ ဖောဋ္ဌဗ္ဗံ ဒိဂုဏံ ဘုဇံ-

ဟူသော အခြားမရှိသော ဤဂါထာကို ဟောတော်မူ၏။

၃၆။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒိဂုဏံ၊ အဆင့်ဆင့်။ ဘုဇံ၊ ဟစ်ကြွေးထသော။ ဝိဇမ္ဘမာနံ၊ တင့်တယ်စွာထသော။ သီဟံဝ၊ ခြင်္သေ့မင်းကိုကဲ့သို့။ ရညော မဒ္ဒဿ၊ မဒ္ဒရာဇ်မင်းကြီး၏။ တတ္ထ-တသ္မိံ အန္တေပုရေ၊ ထိုနန်းတော်တွင်း၌။ ဖောဋ္ဌဗ္ဗံ၊ လက်ပမ်းပေါက်ခတ်ထသော။ တဉ္စ၊ ထိုကုသမင်းကိုလျှင်။ ဥဒိက္ခိ သု၊ ကြည့်ကြကုန်၏။

ခြင်္သေ့မင်းအသံ ဟစ်ကြွေးညံ

ထိုအခါ ထိုကုသမင်းအား မဒ္ဒရာဇ်မင်းကြီးသည် ဆောင်းအပ်ပြီးသော ထီးဖြူရှိသော တန်ဆာဆင်အပ်သော မြတ်သောဆင်ကို ပို့စေတော်မူ၏။ ထိုကုသမင်းသည် ကောင်းစွာ ဆောင်းအပ်ပြီးသော ထီးဖြူရှိသော ဆင်ကျောက်ကုန်းထက်သို့ တက်တော်မူပြီးလျှင် "ပဘာဝတီကို ဆောင်ခဲ့ကြကုန်လော့" ဟု ဆို၍ ထိုပဘာဝတီကိုလည်း နောက်ကနေစေ၍ လေးပါးသော အင်္ဂါရှိသော စစ်သည်အပေါင်းခြံရံလျက် အရှေ့တံခါးဖြင့် ယွက်တော်မူလတ်၍ သူတစ်ပါးစစ်သည်ကို ကြည့်တော်မူပြီးလျှင် "ငါ ကုသမင်းတည်း၊ အသက်ကို အလိုရှိသောသူတို့သည် ရှင်ဖြင့်ဝင်လေကုန်" ဟု သုံးကြိမ် ခြင်္သေ့မင်းအသံနှင့်တူသော အသံကို ဟစ်ကြွေးတော်မူ၍ ရန်သူကို နှိမ်နင်းခြင်းကို ပြုတော်မူ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်-

၃၇။ ဟတ္ထိက္ခန္ဓဉ္စ အာရုယှ၊ အာရောပေတ္ဝာ ပဘာဝတိံ။
သင်္ဂါမံ ဩတရိတ္ဝာန၊ သီဟနာဒံ နဒီ ကုသော။လ။
၃၈။ သဗ္ဗေပိ တေ ဝသံ ကတာ၊ အမိတ္တာ ဝိဟတာ တဝ။
ကာမံ ကရောဟိ တေ တယာ၊ မုဉ္စ ဝါ တေ ဟနသ္သုဝါ-

ဟူသော ဤခုနစ်ဂါထာတို့ကို ဟောတော်မူ၏။

www.dhammadownload.com

၂၂။ ဘိက္ခဝေ၊ ရဟန်းတို့။ ကုသော၊ ကုသမင်းမြတ်သည်။ ဟတ္ထိကွန္ဒဉ္ဉ၊ ဆင်ကျောက်ကုန်းထက်သို့လည်း။ အာရုယှ၊ တက်စီး၍။ ပဘာဝတိံ၊ မင်းသမီး ပဘာဝတီကို။ အာရောပေတွာ၊ တင်ပြီး၍။ သင်္ဂါမံ၊ စစ်မြေအရပ်သို့။ ဩတရိတွာန၊ သက်၍။ သီဟနာဒံ၊ ခြင်္သေ့မင်းအသံနှင့်တူသော အသံကို။ နဒိ၊ ဟစ်ကြွေး၏။

၂၀။ ဘိက္ခဝေ၊ ရဟန်းတို့။ နဒတောွ၊ ဟောက်သော။ သီဟဿ၊ ခြင်္သေ့မင်း၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြားကုန်၍။ ဣတရေ၊ ခြင်္သေ့မင်းမှ တစ်ပါးကုန်သော။ မိဂါ၊ သားအပေါင်းတို့သည်။ ပလာယိံသု-ဣဝ၊ ပြေးကုန်သကဲ့သို့။ နဒတောွ၊ ဟစ်ကြွေးသော။ တဿ ရညော၊ ထို ကုသမင်းမြတ်၏။ တံ သဒ္ဒံ၊ ထိုအသံကို။ သုတွာ၊ ကြားကုန်၏။ ခတ္တိယာ၊ ခုနစ်ပြည်ထောင်သော မင်းတို့သည်။ ကုသဿ ဒဃဝိုတာ၊ ကုသမင်း၏ အသံတည်းဟူသော ဘေးဖြင့် နှိပ်စက်အပ်သည်ဖြစ်၍။ ဝိပ္ပလာယိံသု၊ ပြေးလေကုန်၏။

၂၉။ ဘိက္ခဝေ၊ ရဟန်းတို့။ ကုသ ဿဒ္ဒ ဘယဋ္ဋိတာ၊ ကုသမင်း၏ အသံတည်းဟူသောဘေးဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ဟတ္ထာရောဟာ၊ ဆင်စီးသူရဲတို့သည် လည်းကောင်း။ အနီကဋ္ဌာ၊ မြင်းစီသူရဲတို့သည် လည်းကောင်း။ ရထိကာ၊ ရထားစီးသူရဲတို့သည် လည်းကောင်း။ ပတ္တိကာရကာ၊ ခြေသည်သူရဲကိုသည် လည်းကောင်း။ အညမညဿ၊ အချင်းချင်းအား။ ဆိန္ဒန္တိ၊ ခုတ်ဖြတ်ကြကုန်၏။

ဝေရောစန ပုတ္တမြား

၃၀။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒေဝိန္ဒော၊ သိကြားနတ်မင်းသည်။ တသ္မိံ သင်္ဂါမ သီသသ္မိံ၊ ထိုစစ်မြေဦး၌။ ပဿိတွာ၊ မြင်ရ၍။ တုဋ္ဌမာန-သော၊ နှစ်သက်ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍။ ကုသဿ ရညော၊ ကုသမင်းမြတ်အား။ ဝေရောစနံ၊ ဝေရောစန အမည်ရှိသော။ မဏိံ၊ ပတ္တမြားကို။ အဒါသိ၊ ပေး၏။

၃၁။ ဘိက္ခဝေ၊ ရဟန်းတို့။ သောရုဇော၊ ထိုကုသမင်းမြတ်သည်။ တံ သင်္ဂါမံ၊ ထိုစစ်မြေအရပ်ကို။ ဇိနိတွာန၊ အောင်မြင်ပြီး၍။ ဝေရောစနံ၊

www.dhammadownload.com

ဝေရောစန အမည်ရှိသော။ မဏိ၊ ပတ္တမြားကို။ လဒ္ဓါ၊ ရပြီး၍။ ဟတ္ထိကွန္ဒ-ဂတော၊ မြတ်သော ဆင်ကျောက်ကုန်းထက် စီးလျက်။ နဂရံ ပုရံ၊ ဃာဂလမ္ပိုသို့။ ပါဝေက္ခိ၊ ဝင်လေ၏။

၇-ပြည်ထောင်မင်းတို့ကိုဖမ်း၍

၈၂။ ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တာခတ္တိယော၊ ခုနစ်ပြည်ထောင်သော မင်းတို့ကို။ ဇိဝဂ္ဂါဟံ၊ အရှင်ဖမ်းခြင်းကို။ ဂဒဟတ္ထဝန၊ ဖမ်းယူပြီး၍။ ဗန္ဓိတ္ဝာ၊ နှောင်ဖွဲ့၍။ ဒေဝ၊ ဖခင်မင်းမြတ်။ ဣမေ၊ ဤမင်းတို့သည်။ တေ၊ သင် ဖခင်မင်းမြတ်၏။ သတ္တဝေါ၊ ရန်သူတော်တို့တည်း။ ဣတိ၊ ဤသို့။ ဤသို့။ ဝတ္ဝာ၊ ဆို၍။ သသုရဿ၊ ယောက္ခမဖြစ်သော မဒ္ဒရာဇ်မင်းကြီး အား။ ဥပနာမေသိ၊ ဆက်၏။

မင်းကြီးလက်သို့ အပ်သော်

၈၃။ မဟာရာဇ၊ မင်းမြတ်။ ဇေတ၊ သင် ဖခင် မင်းမြတ်၏။ ဝသံ၊ အလိုသို့လိုက်သည်ကို။ ကတ္ဝာ၊ ပြုတော်မူ၍။ သဗ္ဗေပိ၊ အလုံးစုံ သာလျှင် ဖြစ်ကုန်သော။ တဝ၊ သင် ဖခင်မင်းမြတ်၏။ အမိတ္တာ၊ ရန်သူ တို့ကို။ ဝိဟတာ၊ နှိပ်စက်အပ်ကုန်ပြီ။ တေ-တယာ၊ သင် ဖခင် မင်းမြတ် သည်။ ကာမံ၊ အလိုတော်ရှိတိုင်း။ ကရောဟိ၊ ပြုတော်မူလော့။ တေ၊ သင် ဖခင် မင်းမြတ်သည်။ မုဉ္ဇဝါ၊ လွှတ်လိုလျှင်မူလည်း လွှတ်တော်မူလော့။ ဟနဿုဝါ၊ သတ်လိုလျှင်မူလည်း သတ်တော်မူလော့။ ဣတိ၊ ဤသို့။ ဤသို့။ ဥပနာမေသိ၊ ဆက်လေ၏။

မင်းကုသအား ပြန်အပ်၍

ထို့နောင်မှ မဒ္ဒရာဇ်မင်းကြီးသည် ထို အလုံးစုံကို ကုသမင်းအား သာလျှင် အပ်နှင်းတော်မူလိုရကား—

၈၄။ တုယ္ဟပိ သတ္တာဒဝါ၊ တေ၊ နဟိ တေ မယှ သတ္တဝေါ။
တွံဉ္ဉေဝ နော မဟာရာဇ၊ မုဉ္ဇ ဝါ တေ ဟနဿုဝါ။

ဟူသော ဤဂါထာကို ဆို၏။

၈၄။ မဟာရာဇ၊ မင်းမြတ်။ ဇေတ၊ ဤ ခုနစ်ယောက်သော မင်း ဟို့သည်။ တုယ္ဟပိ၊ သင် မင်းမြတ်၏သာလျှင်။ သတ္တာဒဝါ၊ ရန်သူတို့

www.dhammadownload.com

တည်း။ ဟိ-သစ္စံ၊ မှန်၏။ တေ၊ ထို ခုနစ်ပြည်ဒထာင်သော မင်းတို့သည်။ မယုံ၊ ငါ၏။ နံ သတ္တဓဝါ၊ ရန်သူမဟုတ်ကုန်။ ကုညော၊ သင် မင်းမြတ် သာလျှင်။ နော၊ ငါတို့ကို။ မဟာရာဇာ၊ အစိုးရသောမင်းပေတည်း။ တေ၊ ထို ခုနစ်ပြည်ထောင်သော မင်းတို့ကို။ မုဉ္စဝါ၊ လွှတ်လိုမူလည်း လွှတ်လော့။ ဟနသုဝါ၊ သတ်လိုမူလည်း သတ်လော့။

ညီမ ၇-ဖော်နှင့်လက်ဆက်ပြီ

ဤသို့ မဒ္ဒရာဇ်မင်း မိန့်ဆိုလတ်သော် ဘုရားလောင်း ကုသမင်းသည် "ဤ ခုနစ်ပြည်ထောင်သော မင်းတို့ကို သတ်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ထိုမင်းတို့ လာခြင်းသည် အကျိုးမဲ့ မဖြစ်စေသတည်း၊ ပဘာဝတီ၏ ညီမ ဖြစ်ကုန်သော မင်းသမီး ခုနစ်ယောက်တို့သည် ရှိကုန်၏၊ ထိုမင်းသမီး ခုနစ်ယောက်တို့ကို ခုနစ်ပြည်ထောင်သော မင်းတို့အား ပေးစေအံ့" ဟု ကြံ၍ ပေးစေတော်မူလိုရကား—

၈၅။ ဣမာ တေ ဓီတရော သတ္တ၊ ဒေဝကညူပမာ သုဘာ။
ဒဒါဟိ နေသံ ဧကေကံ၊ ဟောန္တု ဇာမာတရော တဝ—

ဟူသော ဤဂါထာကို ဆိုတော်မူ၏။

၈၅။ မဟာရာဇ၊ ဖခင် မင်းမြတ်။ တေ၊ သင် ဖခင်မင်းမြတ်၏။ သတ္တ၊ ခုနစ်ယောက်ကုန်သော ဣမာ ဓီတရော၊ ဤ သမီးတော်တို့သည်။ ဒေဝကညူပမာ၊ နတ်သမီးလျှင် ဥပမံရှိကုန်သည်ဖြစ်၍။ သုဘာ၊ တင့်တယ်ကုန်၏။ နေသံ၊ ထို ခုနစ်ယောက်သော သမီးတော်တို့တွင်။ ဧကေကံ၊ တစ်ယောက် တစ်ယောက်သော သမီးတော်ကို။ ဧကေကဿ၊ တစ်ယောက် တစ်ယောက်သော မင်းအား။ ဒဒါဟိ၊ ပေးတော်မူလော့။ တဝ၊ သင် ဖခင်မင်းမြတ်၏။ ဇာမာတရော၊ သားမက်တော်တို့သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်လော့။

ထိုအခါ မဒ္ဒရာဇ်မင်းကြီးသည် ကုသမင်းကိုပင် သမီးတော်တို့ အပ်နှင်းလိုရကား—

၈၆။ အမ္ဘာကဉ္စေဝ တာဃဉ္စ၊ တုံ နော သဒ္ဓေသ မိဿဏော။
တုဉ္စေဝ နော မဟာရာဇ၊ ဒေဟိ နေသံ ယဒိစ္ဆသိ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၈၆။ မဟာရာဇ၊ မင်းမြတ်။ အမှာကဉ္ဇေဝ၊ ငါတို့ကို လည်း ကောင်း။ တာသဉ္ဇ၊ ထို သမီးတော်တို့ကို လည်းကောင်း၊ သဗ္ဗေသံ၊ အလုံး စုံကုန်သော။ နော၊ ငါတို့ကို။ တုံ၊ သင် မင်းမြတ်သည်။ ဣဿရော၊ အစိုး ရတော်မူ၏။ တုဉ္ဉေဝ၊ သင် မင်းမြတ်သည်သာလျှင်။ နော၊ ငါတို့ကို။ မဟာရာဇာ၊ အစိုးရတော်မူသော မင်းပေတည်း။ နေသံ၊ ထို ခုနစ်ပြည် ထောင်သော မင်းတို့အား။ ယဒိစ္ဆသိ၊ အကယ်၍ ပေးတော်မူလိုအံ့။ ဒေဟိ၊ ပေးလော့။

ဤသို့ မဒ္ဒရာဇ်မင်းကြီး မိန့်ဆိုတော်မူလတ်သော် ကုသမင်းသည် ထို ခုနစ်ယောက်သော မင်းသမီးတို့ကို တန်ဆာဆင်စေပြီးလျှင် တစ်ယောက် တစ်ယောက်သော မင်းအား တစ်ယောက် တစ်ယောက်စီ ပေးတော်မူ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်-

၈၇။ ဇကမေကဿ ဇကေကံ၊ အဒါ သီဟဿရော ကုသော။
ခတ္တိယာနံ တဒါ တေသံ၊ ရညော မဒ္ဒဿ ဓီတရော။
၈၈။ ပီဏိတာ တေန လာဘေန၊ တုဋ္ဌာ သီဟဿရေ ကုသေ။
သကရဋ္ဌာနိ ပါ'ယိ'သု၊ ခတ္တိယာ သတ္တ တာဝဒေ။
၈၉။ ပဘာဝတိ၌ အာဒါယ၊ မဏိ' ဝေရောစနံ သုဘံ။
ကုသာဝတိ' ကုဒသာ ရာဇာ၊ အဂမာသိ မဟဗ္ဗလော။
၉၀။ တျဿ ဇကရထေ ယန္တာ၊ ပဝိသန္တာ ကုသာဝတိ'။
သမာနဝဏ္ဏရူပေန၊ အညမညာတိ ရောစိသုံ။
၉၁။ မာတာ ပုတ္တေန သံဂစ္ဆိ၊ ဥဘယော စ ဇယမ္ပတီ။
သမဂ္ဂါ တေ တဒါ အာသုံ၊ ဖီတံ ဓရဏိ မာဝသုံ—

ဟူသော ဤငါးဂါထာတို့ကို ဟောကြားတော်မူ၏။

၈၇။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုမဒ္ဒရာဇ်မင်း ခွင့်ပြုသော အခါ၌။ သီဟဿရာ၊ ခြင်္သေ့မင်းအသံနှင့်တူသော အသံရှိသော။ ကုသော၊ ကုသမင်းမြတ်သည်။ ရညော မဒ္ဒဿ၊ မဒ္ဒရာဇ်မင်း၏။ ဓီတရော၊ သမီး တော်တို့ကို။ တေသံ ခတ္တိယာနံ၊ ထိုခုနစ်ပြည်ထောင်သော မင်းတို့တွင်။ ဇကမေကဿ၊ တစ်ယောက် တစ်ယောက်သောမင်းအား။ ဇကေကံ၊ တစ်ယောက် တစ်ယောက်သော မင်းသမီးကို။ အဒါ၊ ပေး၏။

www.dhammadownload.com

၈၈။ ဘိုကွေ၀၊ ရဟန်းတို့။ သတ္တဓတ်ကိုယာ၊ ခုနစ်ပြည်ထောင်သော မင်းတို့သည်။ တာ၀ဒေ၊ ထိုခဏ်၌။ ဝေန လာဘေန၊ ထိုသမီးကညာကို ရသဖြင့်။ ပီဏိတာ၊ ရောင့်ရဲကုန်သည်ဖြစ်၍။ သီဟာဿရေ၊ ခြင်္သေ့မင်းအသံ နှင့်တူသော အသံရှိသော။ ကုသေ၊ ကုသမင်းမြတ်၌။ တုဋ္ဌာ၊ နှစ်သက် ကုန်သည်ဖြစ်၍။ သကရဋ္ဌာနိ၊ မိမိတို့၏ တိုင်းပြည်တို့သို့။ ပါယိ သူ၊ သွားလေကုန်၏။

ကုသ၀တီ မြည်ဘေဒ်ပြန်

၈၉။ ဘိုကွေ၀၊ ရဟန်းတို့။ မဟာဗွလော၊ ကြီးသော ခွန်အားရှိသော။ ကုသော ရာဇာ၊ ကုသမင်းမြတ်သည်။ ပဘာ၀တိဉ္စ၊ မင်းသမီး ပဘာ၀တီကို လည်းကောင်း။ သုဘံ၊ တင့်တယ်စွာသော။ ၀ေရောစနံ၊ ၀ေရောစန အမည်ရှိသော။ မဏိဉ္စ၊ ပတ္တမြားကိုလည်းကောင်း။ အာဒါယ၊ ယူခဲ့၍။ ကုသာ၀တိံ၊ ကုသာ၀တီပြည်ကြီးသို့။ အဂမာသိ၊ သွားလေ၏။

၉၀။ ဘိုကွေ၀၊ ရဟန်းတို့။ တော၊ ထိုမင်းမိဖုရား နှစ်ပါးတို့သည်။ ဧကရထေ၊ တစ်ခုတည်းသော ရထားဌ်၌။ အာရုယှ၊ စီး၍။ ယန္တာ၊ သွား ကြကုန်သည်ရှိသော်။ ကုသာ၀တိံ၊ ကုသ၀တီပြည်ကြီးသို့။ ပ၀ိသန္တာ၊ ၀င်လေကုန်၍။ မဏိရတနာ နှဘာ၀ေန၊ ၀ေရောစန ပတ္တမြားရတနာ၏ အာနုဘော်ကြောင့်။ သမာန-၀ဏ္ဏရူပေန၊ တူမျှသော အဆင်းအသွင် ရှိသဖြင့်။ အညမညံ၊ အချင်းချင်း။ အတိဓာ၀ိံသု၊ အလွန်နှစ်သက်ကြကုန်၏။


၉၁။ ဘိုကွ၀ေ၊ ရဟန်းတို့။ မာတာ၊ မယ်တော် သီလ၀တီ မိဖုရား ကြီးသည်။ ပုတ္တေန၊ သားတော်မင်းမြတ်နှင့်။ သံဂစ္ဆိ၊ ပေါင်းမိ၏။ တဒါ၊ ထိုအခါ၌။ ဇယမ္ပတိ၊ လင်မယားဖြစ်ကုန်သော။ တေ ဥဘယော၀၊ ထိုမင်းမိဖုရားနှစ်ပါးတို့သည်လည်း။ သမဂ္ဂါ၊ ညီညွတ် သင့်တင့်ကြကုန်သည်။ အာသုံ၊ ဖြစ်ကုန်၏။ ဓရဏီ၊ မြေအပြင်ထက်၌။ ဖိတံ၊ အ၀တ်တန်ဆာ အစရှိသည်တို့ဖြင့် ပွင့်လင်းစွာလျက်။ အာ၀သုံ၊ နေကြကုန်၏။

ဇာတ်ပေါင်း သဗ္ဗညု၊ မြတ်စွာဘုရားသည် ဤ ကုသဇာတ် ဓမ္မ ဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်း

www.dhammadownload.com

တော်မူ၏။ သမ္ဘာတို့ကို ပြတော်မူသည်၏ အဆုံး၌ သာသနာတော်၌ ငြိုးငွေ့ဆန်ကျင် မပျော်ရွှင်သည်ဖြစ်၍ လူထွက်ချင်သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်း ဟူမူကား "ယခုအခါ မြတ်သော သာကီဝင်မင်းမျိုး ဖြစ်ကုန်သော မယ်တော် ခမည်းတော်တို့သည် ထိုအခါ မယ်တော် ခမည်းတော်တို့ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားနတ်မင်း ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ညီတော် ဇယမွတိမင်းသား ဖြစ်ဖူးပြီ၊ ယခုအခါ ခုဇ္ဇုတ္တရာသည် ထိုအခါ အထိန်းတော် ခုဇ္ဇာဖြစ်ဖူးပြီ၊ ယခုအခါ ရာဟုလ မယ်တော်သည် ထိုအခါ ပဘာဝတီ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ ပရိသတ်တို့ဖြင့် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ကုသမင်း ဖြစ်ဖူးပြီ" ဟု ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ခက်ခက်ခဲခဲ၊ ဉာဏ်ဖြင့်ခဲ့၊ ဇွဲဖြင့် အောင်စေရာ။
ရှေးဦးစွာသော ကုသဇာတ်သည် ပြီး၏။



၂-သောဏနန္ဒဇာတ်

အသက်စည်းစိမ် မငဲ့မူ၍ မိဘ လုပ်ကျွေးသင့်ကြောင်း

ဟောတော်မူရာ၌ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညူ မြတ်စွာဘုရားသည် "ဒေဝတာနုသိ ဂန္ဓဗ္ဗော" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ သောဏနန္ဒဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သိတင်းသုံး နေတော်မူစဉ် အမိအဘကို လုပ်ကျွေးသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု ။ ပစ္စုပ္ပန်ဝတ္ထုသည် သုဂတ္တသာမဇာတ်၌ ပစ္စုပ္ပန်ဝတ္ထုနှင့် တူသလျှင်ကတည်း။

www.dhammadownload.com

အထူးကား—ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသည် "ရဟန်းတို့.... ဤရဟန်းကို မကဲ့ရဲ့ကြကုန်လင့်၊ ရှေးပညာရှိတို့သည် အလုံးစုံသောဇမ္ဗူဒီပ်ကျွန်းအပြင်၌ မင်းအဖြစ်ကို ရကုန်သော်လည်း ထိုမင်းအဖြစ်ကို မရေတွက်မူ၍ မိဘတို့ကိုသာလျှင် လုပ်ကျွေးဖူးပြီ"ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့....လွန်လေပြီးသော အခါ ဗာရာဏသီပြည်သည် ဗြဟ္မဝဓုနမြို့ အမည်ရှိသည် ဖြစ်၏။ ထိုဗြဟ္မာဓုနမြို့၌ မနောဇာအမည်ရှိသောမင်းသည် မင်းပြု၏။ ထိုဗြဟ္မဝဓုနမြို့၌ ကုဋေ့ရှစ်ဆယ်ကြွယ်ဝသော ဗြာဟ္မဏမဟာသာလ အမျိုးဖြစ်သော ပုဏ္ဏားတစ်ယောက်သည် သားသမီး မရှိသည်ဖြစ်၏။ ထိုအခါ ပုဏ္ဏားသည် ပုဏ္ဏေးမကို "အချင်းမုဏ္ဏေးမ....ငါ တိုက်တွန်း၏၊ ရှင်မသည် သားဆုကို တောင်းလော့"ဟု ဆိုလတ်သော် ပုဏ္ဏေးမသည် သားဆုကို တောင်း၏။ ထိုအခါ ဘုရားလောင်းသည် ဗြဟ္မာ့ပြည်မှ စုတေခဲ့၍ ထိုပုဏ္ဏေးမဝမ်း၌ ပဋိသန္ဓေယူတော်မူ၏၊ ဖွားမြင်ပြီးသော ထိုသူငယ်အား "သောဏသတ္တိသား" ဟူသော အမည်ကို မှည့်ကုန်၏။ ထိုသောဏသတ္တိသားသည် ခြေဖြင့် သွားနိုင်သော ကာလ၌ တစ်ယောက်သော သတ္တဝါသည်လည်း ဗြဟ္မာ့ပြည်မှ စုတေခဲ့၍ ထိုပုဏ္ဏေးမဝမ်း၌သာလျှင် ပဋိသန္ဓေယူပြန်၏။ ဖွားမြင်ပြီးသော ထိုသူငယ်အား "နန္ဒသတ္တိသား"ဟူသောအမည်ကို မှည့်ကုန်၏။

ရသေ့ဖြစ်ကြပြီ

သင်အပ်ပြီးသော ဗေဒင်ရှိကုန်သော ခပ်သိမ်းသော အတတ်တို့၌ အပြီးသို့ရောက်ပြီးသောအရွယ်သို့ ရောက်ကုန်သော ထိုသားနှစ်ယောက်တို့၏ အဆင်းတော်ပြည့်စုံခြင်းကိုမြင်၍ ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကိုခေါ်၍ "အိုပုဏ္ဏေးမ....သားဖြစ်သော သောဏ သတ္တိသားကို အိမ်ထောင်ခြင်းဟူသော အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ကုန်အံ့"ဟု ဆို၏။ ပုဏ္ဏေးမသည် "ကောင်းပြီ"ဟု ဝန်ခံ၍ သားအား ထိုအကြောင်းကို ကြား၏။ ထိုသောဏသတ္တိသားသည် "မိခင်....အကျွန်ုပ်ကား အိမ်ရာထောင်ခြင်းဖြင့် အလိုမရှိပါ၊ အကျွန်ုပ်သည် အသက်ရှည်သမျှကာလပတ်လုံး မိခင်,ဖခင်တို့ကို လုပ်ကျွေး၍ မိခင်,ဖခင်တို့ ကွယ်လွန်လျှင် ဟိမဝန္တာသို့ဝင်၍ ရဟန်းပြုပါအံ့" ဟု ဆို၏။ ထိုပုဏ္ဏေးမသည် အဖပုဏ္ဏားကြီးအား ထိုအကြောင်းကိုကြား၏။

www.dhammadownload.com


ထိုမိဘတို့သည် အဖန်တလဲလဲ ပြောဆိုပါသော်လည်း ထိုသောဏသတ္ခိုသား စိတ်ကိုမရလျှင် ညီနန္ဒ သူတို့သားကိုခေါ်၍ "အမောင်နန္ဒ.... အမောင်သည် ဤဥစ္စာနှစ်ကို စီရင်လော့" ဟု ဆိုသည်ရှိသော် "မိခင်, ဖခင်တို့....အကျွန်ုပ်သည် နောင်တော် ထွေးအပ်သော တံတွေးကို ဦးခေါင်းဖြင့် မရွက်လိုပါပြီ၊ အကျွန်ုပ်သည် မိခင်,ဖခင်တို့ လွန်သဖြင့် နောင်တော်နှင့်တကွသာလျှင် ရဟန်းပြုပါအံ့" ဟု ဆိုလတ်သော် "ဤသူငယ်တို့သည် ဤသို့ ငယ်စဉ်ကာလကငင် ကာမဂုဏ်တို့ကို စွန့်ကုန်သေး၏၊ငါတို့သည်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း အလုံးစုံသာလျှင် ဖြစ်ကုန်သော ငါတို့လေးယောက်တို့သည် ရဟန်းပြုကြအံ့" ဟု ကြံ၍ "အမောင်တို့.... ငါတို့သေလွန်သဖြင့် ရဟန်းပြုခြင်းငှာ အမောင်တို့အား အဘယ်မူအံ့နည်း၊ ယခုပင်လျှင် အလုံးစုံသောငါတို့သည် ရဟန်းပြုကြအံ့" ဟု ဆို၍ မင်းအား ပန်ကြားပြီးလျှင် အလုံးစုံသောဥစ္စာကို အလှူဝဋ္ဌစွန့်၍ ကျွန်အပေါင်းကို တော်လှန်သည်ကိုပြုပြီးလျှင် ဆွေမျိုးအပေါင်းတို့အား ပေးအပ်သည်နှင့် ယှဉ်သည်ကိုပေး၍ လေးယောက်ကုန်သော မိသားတစ်စုသည် ဗြဟ္မဝဖူနမြို့မှ ထွက်ခဲ့ပြီးလျှင် ဟိမဝန္တာအရပ်၌ ငါးပါးသော ကြာမျိုးတို့ဖြင့် ဖုံးလွှမ်းအပ်သောအိုင်ကို အမှီပြု၍ မွေ့လျော်ဖွယ်သော တောအုပ်၌ ကျောင်းဆောက်ပြီး ရသေ ရဟန်းပြုသဖြင့် ထိုကြောင်း၌ နေကြကုန်၏။ ညီနောင်နှစ်ယောက်တို့သည်လည်း မိဘတို့ကို လုပ်ကျွေးကုန်၏။

ထိုမိဘတို့အား နံနက်စောစောကသာလျှင် တံပူ မျက်သစ်ရေကို ပေး၍ ကျောင်းကိုလည်းကောင်း၊ ပရဝုဏ်ကိုလည်းကောင်း တံမြက်လှည်း၍ သောက်ရေကို ဖြစ်စေပြီးလျှင် တောမှ ချိုမြိန် မြတ်ကုန်သော သစ်သီးကြီး, ငယ်တို့ကို ဆောင်ယူ၍ မိဘတို့ကိုစားစေကုန်၏။ရေနွေးဖြင့်လည်းကောင်း, ရေအေးဖြင့်လည်းကောင်းရေချိုးစေကုန်၏။ ဆံကျစ်တို့ကို သုတ်သင်ကုန်၏။ ထိုမိဘတို့အား ခြေလက်ဆုပ်နယ်ခြင်း စသည်တို့ကို ပြုကုန်၏။

ညီရသေ. လု၍ ပြုစုခြင်း

ဤသို့ရှည်မြင့်စွာသော ကာလရောက်လတ်သော် နန္ဒပညာရှိသည် "ငါဆောင်ယူအပ်သော သစ်သီးကြီးငယ်တို့ကိုသာလျှင် မိဘတို့ကို စားစေအံ့" ဟု ရှေးဦးစွာလာလတ်၍ ယမုန်နေ့က လည်းကောင်း, တမြုန်နေ့က လည်းကောင်း ဆွတ်ယူရာအရပ်မှ ဟူးဟူးငြားငြားသော သစ်သီးတို့ကို

။ဂုဏ်ယူလေးစားဖွယ်ထိုင်ခုံတော်ကြီးနှင့်ပတ်သက်သော ဥပမင်္ဂလာဒီပနီကထာ (ပထမနှစ်ထယ်ထောင် ၊၈-၀၆၆)



www.dhammadownload.com

www.dhammadownload.com

နံနက်စောစောကလျင် ဆောင်ယူခဲ့၍ မိဘတို့ကို စားစေ၏။ ထိုမိဘတို့သည်လည်း ထိုသစ်သီးတို့ကို စားပြီးလျင် ခံတွင်းကိုဆေး၍ ဥပုသ် ဆောက်တည်ကြကုန်၏။ နောင်တော် သောဏပညာရှိသည်ကား ဝေးသောအရပ်သို့သွား၍ ချိုနိုးရာရာကုန်သော မှည့်နိုးရာရာကုန်သော သစ်သီးတို့ကို ဆောင်ယူခဲ့၍ကပ်၏။ ထိုအခါ သောဏပညာရှိကို မိဘတို့သည် "ချစ်သားသောဏ.... ချစ်သား၏ ညီတော်နန္ဒ ပညာရှိသည် ဆောင်ယူခဲ့ကုန်သော သစ်သီးတို့ကို ငါတို့သည် နံနက်စောစောကလျင် စား၍ ဥပုသ်ဆောက်တည်အပ်သည် ဖြစ်ကုန်ပြီ၊ ယခုအခါ ငါတို့အား အလိုမရှိပြီ" ဟု ဆိုကုန်၏။ ထို့ကြောင့် ထိုသောဏ ပညာရှိ၏ သစ်သီးတို့သည် သုံးဆောင်ခြင်းကို မခံရကုန်သည် ဖြစ်၍ ပျက်စီးကုန်၏။ နက်ဖြန်နေ့ စသည်တို့၌လည်း ထို့အတူသာလျင် ပျက်စီးကုန်၏။ ဤသို့ ပျက်စီးကုန်သော်လည်း တိုသောဏပညာရှိသည် ငါးပါးသော အာဘိညာဉ်ရှင် ဖြစ်သောကြောင့် ဝေးသောအရပ်သို့ သွား၍ သာလျင် ဆောင်ယူ၏။ ထိုမိဘတို့သည် တစ်ဖန် မစားကုန်ပြီ။

ထိုအခါ ဘုရားလောင်းသည် ကြံတော်မူ၏။ "ငါ့မယ်တော် ခမည်းတို့သည် နူးညံ့ကုန်၏၊ ငါ့ညီနန္ဒသည်ကား ဟူးဟူးငြားငြားလည်း ဖြစ်ကုန်သော မမှည့်ကုန်သော အကြင်သစ်သီးတို့ကို ဆောင်ယူ၍ စားစေ၏၊ ဤသို့ စားစေသည်ရှိသော် ဤမိဘတို့သည် ရှည်မြင့်စွာ မဘည်ကုန်လတ္တံ့၊ ထို ငါ့ညီနန္ဒကို တားမြစ်အံ့" ဟု ကြံတော်မူ၏။ ထို့နောက်မှ ညီတော်နန္ဒကို ခေါ်တော်မူ၍ "အမောင်နန္ဒ....ဤနေ့မှစ၍ သစ်သီးကြီးငယ်တို့ကို ဆောင်ယူ၍ ငါရောက်သည်တိုင်အောင် ငံ့လင့်လော့၊ နှစ်ယောက်ကုန်သော ငါတို့သည် တပေါင်းတည်းသာလျင် မိဘတို့ကို စားစေကုန်အံ့" ဟုဆို၏။ ထိုညီနန္ဒသည် ဤသို့နောင်တော် ဆိုပါသော်လည်း မိမိကောင်းမှုကို တောင့်တသည် ဖြစ်၍ ထိုနောင်တော်စကားကို မလိုက်နာ။

ညီရသေ့ အနှင်ခံရ

ဘုရားလောင်းသည် "ငါ့ညီနန္ဒသည် နားမထောင်၊ မသင့်သည်ကို ပြုဘိ၏၊ ထိုနန္ဒကို ပြေးစေအံ့၊ ထို့နောင်မှ ငါချည်းသာလျင် မယ်တော် ခမည်းတော်တို့ကို လုပ်ကျွေးအံ့" ဟု ကြံတော်မူ၍ "အမောင်နန္ဒ....သင်သည် အဆုံးအမကိုမခံ၊ ပညာရှိတို့စကားကို နားမထောင်၊ ငါသည် အစ်ကိုကြီးတည်း၊ မိဘတို့သည် ငါ၏သာလျင် ဝန်တည်း၊ ငါသည်သာ

www.dhammadownload.com

လျှင် ထိုမိဘတို့ကို လုပ်ကျွေးအံ့၊ သင်သည် ဤအရပ်၌နေခြင်းငှာမရလတ္တံ့၊ တစ်ပါးသောအရပ်သို့ သွားလေလော့'' ဟုဆို၍ ထိုနန္ဒအား လက်ဖျစ်တီး၏။

အစ်ကိုရဿေအား ကန်တော့မည်

ထိုနန္ဒသည် နောင်ဘော်သည် ပြေးစေရဘိရကား ထိုနောင်တော် သောဏအထံ၌ တည်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ နောင်တော်ကို ရှိခိုးပြီး လျှင် မိဘတို့ကို ကပ်သဖြင့် ထိုအကြောင်းကိုကြား၍ မိမိကျောင်းတွင်းသို့ ဝင်ပြီးလျှင် ကသိုဏ်းတို့ကိုကြည့်၍ ထိုနေ့ပင်လျှင် ငါးပါးသော အဘိညာဉ်တို့ကို လည်းကောင်း, ရှစ်ပါးသော သမာပတ်တို့ကို လည်းကောင်း ဖြစ်စေ၍ ကြံ၏။ ''ငါသည် မြင်းမိုရ်တောင်ခြေရင်းမှ ရတနာသဲကို ထုတ်ဆောင်၍ ငါ့နောင်တော် ကျောင်း၌လည်းကောင်း, ပရိဝုဏ်၌လည်းကောင်း ကြဲ၍ နောင်တော်ကို ကန်တော့ခြင်းငှာ စွမ်းနိုင်၏။ ဤသို့ စွမ်းနိုင်သော်လည်း မတင့်တယ်လတ္တံ့၊ အနောက်တအိုင်မှ ရေကို ဆောင်ယူ၍ ကန်တော့အံ့၊ ဤသို့ ကန်တော့သော်လည်း မတင့်တယ်လတ္တံ့။ နောင်တော်ကို နတ်တို့၏ အစွမ်းဖြင့် အာကယ်၍ ကန်တော့လိုငြားမူ၍ မဟာရာဇ် နတ်မင်းကြီးလေး ယောက်တို့ကို လည်းကောင်း, သိကြားမင်းကို လည်းကောင်း ဆောင်ယူသဖြင့် ကန်တော့နိုင်ရာ၏၊ ဤသို့ ကန်တော့သော်လည်း မတင့်တယ်လတ္တံ့။ ဇမ္ဗူဒိပ်ကျွန်း အလုံးဦး မနောဇာအမည်ရှိသော မြတ်သောမင်းကို အစပြု၍ မင်းတို့ကို ဆောင်ယူသဖြင့် ကန်တော့အံ့၊ ထိုသို့ ကန်တော့သည်ရှိသော် ငါ့နောင်တော် ဂုဏ်ကျေးဇူးသည် ဇမ္ဗူဒိပ်ကျွန်းအလုံးဦး လွှမ်းမိုး၍ သွားလတ္တံ့၊ နေ,လကဲ့သို့ ထင်ရှားလတ္တံ့'' ဟုကြံ၏။

မင်းတို့အား စည်းရုံးခြင်း

ကြံပြီး၍ ထိုညီတော် နန္ဒသည် ထိုဓဏ္ဍပင်လျှင် တန်ခိုးဖြင့်သွား၍ ဗြဟ္မပုရောဟိတ်မြို့၌ မနောဇာမင်း၏ နန်းတော်တံခါး၌ သက်ရှိရပ်လျက် ''ရဿေ တစ်ယောက်သည် အရှင်မင်းကြီးတို့ကို မြင်လိုသတတ်'' ဟု မနောဇာမင်းအား ကြားလျှောက်စေ၏။ မနောဇာမင်းသည် ''ရဿေ ရဟန်းအား ငါသည် မြင်ခြင်းဖြင့် အာဘယ်မူအံ့နည်း၊ အာဟာရအလို၌ လာသည်ဖြစ်လတ္တံ့'' ဟု နှုတ်ဆွံ့၍ ထမင်းကို ပို့စေ၏။ ထိုနန္ဒပညာရှိသည် ထမင်းကို အလိုမရှိ၊ ဆန်ကို ပို့ပြန်စေ၏၊ ဆန်ကိုလည်း အလိုမရှိ၊ အဝတ်ကို ပို့ပြန်စေ

www.dhammadownload.com

၏၊ အဝတ်တို့ကိုလည်း အလိုမရှိ၊ ကွမ်းကို ပို့ပြန်စေ၏၊ ကွမ်းကိုလည်း အလိုမရှိ။ ထိုအခါ နန္ဒရသေ့အထံသို့ "အဘယ်အကျိုးငှာ ကြွလာတော်မူသနည်း" ဟု တမန်စေလိုက်၏။ ထိုနန္ဒရသေ့သည် တမန်သည် မေးအပ်သည်ရှိသော် "မင်းကို လုပ်ကျွေးအံ့သောငှာ လာ၏" ဟု ဆို၏။

မနောဇဝမင်းကိုရပြီ

မနောဇဝမင်းသည် ထိုစကားကိုကြားလျှင် "ငါ့အား အလုပ်အကျွေးသည် မျှားစွာကုန်၏၊ မိမိ၏ရသေ့ရဟန်းတရားကိုသာ ပြုလေလော့" ဟု စေလိုက်၏။ ထိုနန္ဒရသေ့သည် ထိုမင်းစကားကိုကြား၍ "ငါသည် ရှင်မင်းကြီးတို့အား ငါ့အစွမ်းဖြင့် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ မင်းအဖြစ်ကိုယူ၍ပေးအံ့" ဟုဆို၏။ ထိုစကားကိုကြားလျှင် မနောဇဝမင်းသည် "ရသေ့ရဟန်းတို့မည့်သည်ကား ပညာရှိကုန်၏။ တစ်စုံတစ်ခုသောအကြောင်းကို သိကုန်လတ္တံ့" ဟုကြံ၏။ ကြံပြီးလျှင် ထိုနန္ဒရသေ့ကို ခေါ်စေတော်မူပြီးလျှင် နေရာကိုပေးစေ၍ ရှိခိုးလျက် "အရှင်ဘုရား အရှင်တို့သည် အကျွန်ုပ်အား ဇမ္ဗူဒိပ်ကျွန်းအလုံး၌မင်းအဖြစ်ကိုယူ၍ ပေးတော်မူလတ္တံ့ သတတ်လော" ဟု မေး၏။ "မြတ်သောမင်းကြီး....ဟုတ်၏" ဟု ဆို၏။ "အသို့ယူနိုင်ပါကုန်အံ့နည်း" ဟု မေးလျှောက်၏။ "မြတ်သောမင်းကြီး....အယုတ်သဖြင့် ယင်ငယ် သောက်လောက်ရုံမျှသော သွေးကို တစ်စုံတစ်ယောက်သောသူအား မဖြစ်စေမူ၍ ရှင်မင်းကြီးအား ဥစ္စာပျက်စီးခြင်းကို မပြုမူ၍ ငါ၏ တန်ခိုးဖြင့်သာလျှင် ယူ၍ ပေးအံ့။ သက်သက်ကား အနည်းငယ် ဆိုဖွယ်ရာရှိသေး၏၊ ကြာမြင့်ခြင်းကို မပြုမူ၍ ယနေ့ပင်လျှင် တွက်ခြင်းငှာ သင့်၏" ဟု ဆို၏။

ကောသလမင်းကိုရပြီ

ထို မနောဇဝ မင်းသည် ထို နန္ဒ ပညာရှိ စကားကို ယုံကြည်သည်ဖြစ်၍ စစ်သည်အပေါင်း ခြံရံလျက် ထွက်၏။ စစ်သည်အပေါင်းအား အပူသည် အကယ်၍ဖြစ်အံ့၊ နန္ဒ ပညာရှိ ရသေ့သည် မိမိ တန်ခိုးဖြင့် အရိပ်အာဝါသကို ပြုသဖြင့် ချမ်းအေးခြင်းကို ပြု၏။ မိုးရွာသည်ရှိသော် စစ်သည်အပေါင်းတို့အပေါ်၌ ရွာစိမ့်သောငှာ မပေး။ လေအေးကို လည်းကောင်း, လေပူကို လည်းကောင်း တားမြစ်၏။ လမ်းခရီး၌ ကြမ်းတမ်းကုန်သော ဆူးငြောင့် အစရှိကုန်သော ခပ်သိမ်းသော ဘေးရန်တို့ကို ကွယ်စေ၏။ လမ်းခရီးကို ကသိုဏ်းဝန်းကဲ့သို့ ညီညွတ်စွာပြု၍ မိမိသည်ကောင်း

www.dhammadownload.com

ကင်၌ စမ္မခဏ်ကိုဖြန့်၍ ထက်ဝယ်ပလ္လင်ဖြင့် နေလျက် စစ်သည်အပေါင်း ခြံရုံသဖြင့် သွား၏။ ဤသို့လျှင် စစ်သည်အပေါင်းကို ယူ၍ ရှေးဦးစွာ ကောသလတိုင်းသို့ သွားပြီးလျှင် မြို့မှ မနီးမဝေးသော အရပ်၌ သစ်တပ်တည်၍ "ငါတို့အား စစ်ကိုတည်းထိုးအံ့လော၊ ထီးဖြူကိုတည်း ပေးအံ့လော" ဟု ကောသလမင်းအား တမန်စေလိုက်၏။ ထို ကောသလမင်းသည် အမျက်ထွက်သဖြင့် "ငါသည် မင်းမဟုတ်ပါလော" ဟု နှုတ်သွင်း၍ "စစ်ထိုးခြင်းကိုသာပေးအံ့" ဟု စစ်သည်အပေါင်းကို စုရုံး၍ မြို့မှ ထွက်၍ စစ်သည် နှစ်ဦးတို့သည် စစ်ထိုးအံ့သောငှာ အားထုတ်ကုန်၏။ နန္ဒ ပညာရှိရသေ့သည် စစ်သည်နှစ်ဦးတို့၏ အကြားဌာ မိမိ နေရာဖြစ်သော သစ်နက်ရေကို ကြီးစွာ ဖန်ဆင်းပြီးလျှင် ဖြန့်၍ နှစ်ဦးသော စစ်သည်တို့သည် ပစ်အပ်သော မြားတို့ကို သားရေဖြင့်သာလျှင် ခံ၏။ တစ်ယောက်သော စစ်သည်အားလည်း တစ်စုံတစ်ခုသော မြားဖြင့် စူးသောမည်သည် မရှိ။ လက်၌ရှိကုန်သော မြားတို့ ကုန်သဖြင့် နှစ်ဦးသော စစ်သည်တို့သည်လည်း အားထုတ်ခြင်းကင်းကုန်သည်ဖြစ်၍ ရပ်ကုန်၏။ နန္ဒ ပညာရှိသည် မနောဇာမင်းထံ သွား၍ "မြတ်သောမင်းကြီး....ကြောက်တော်မမူလင့်" ဟု နှစ်သိမ့်စေပြီးလျှင် ကောသလမင်းအထံသို့သွား၍ "မြတ်သောမ့ဉ်းကြီး....ကြောက်တော်မမူလင့်၊ သင်မင်းကြီးအား ဆန့်ကျင်ဘက် ရန်သူမရှိ၊ ရှင်မင်းကြီးတိုင်းပြည်သည် ရှင်မင်းကြီးအားသာလျှင် ဖြစ်လတ္တံ့၊ စင်စစ်သော်ကား မနောဇာမင်း အလိုသို့ လိုက်ခြင်းကို ဖြစ်စေတော်မူလေ့" ဟု ဆို၏။

ထို ကောသလမင်းသည် နန္ဒ ပညာရှိ စကားကို ယုံကြည်၍ "ကောင်းပြီ" ဟု ဆို၏။ ထိုသို့ ဝန်ခံသောအခါ ကောသလမင်းကို မနောဇာမင်းအထံသို့ ဆောင်ယူ၍ "မြတ်သော မင်းကြီး....ကောသလမင်းသည် ရှင်မင်းကြီးအလိုသို့လိုက်လတ္တံ့၊ ထို့ကြောင့် ဤ ကောသလမင်း၏ တိုင်းပြည်သည် ဤ ကောသလမင်းအားသာလျှင် ဖြစ်ပါစေလော" ဟု ဆို၏။

မင်းအားလုံးကိုရပြီ

ထို မနောဇာမင်းသည် "ကောင်းပြီ" ဟု ဝန်ခံ၍ ထို ကောသလမင်းကို မိမိအလိုသို့ လိုက်စေပြီးလျှင် နှစ်ဦးသော စစ်သည်တို့ကို သိမ်းယူ၍ အင်္ဂတိုင်းသို့ သွား၍ အင်္ဂတိုင်းကို သိမ်းယူပြီးလျှင် ထို့နောင်မှ မဂဓတိုင်းသို့ သွား၍ မဂဓတိုင်းကို သိမ်းယူ၍။ ဤသို့သောနည်းဖြင့် ဇမ္မူဒိပ်ကျွန်း

www.dhammadownload.com

အလုံးဦ၌ မင်းတို့ကို မိမိအလိုသို့ လိုက်စေပြီးလျှင် ထို မင်းအပေါင်းတို့ ခြံရုံလျက် ဗြဟ္မဝစုနမြို့သို့သာလျှင် သွားလေ၏။ ဤ နန္ဒ ပညာရှိ ရသေ့သည်ကား ပြည်ထောင်အပေါင်းကို သိမ်းယူသည်ရှိသော် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တို့ဖြင့်လျှင် သိမ်းယူ၏။

မင်းကြီး ကျေးဇူးတင်ခြင်း

ထို မနောဇဝမင်းသည် တစ်ဦး တစ်ဦးသော မင်းနေပြည်မှ အထူးထူးသော ခဲဖွယ်ဘောဇဉ်ကို ဆောင်ယူစေပြီးလျှင် တစ်ရာ့ တစ်ယောက်သော မင်းတို့ကို ခေါ်၍ ထိုမင်းတို့နှင့်တကွ ခုနစ်ရက်ပတ်လုံး မြတ်သော အဖျော်ကို သောက်၏။ နန္ဒ ပညာရှိ ရသေ့သည် "အကြင်မျှလောက် မနောဇဝမင်းသည် ခုနစ်ရက်ပတ်လုံး အစိုးရခြင်း မင်း၏ စည်းစိမ် ချမ်းသာကို ခံစားသေး၏။ ထိုမျှလောက် ထို မနောဇဝမင်းအား မိမိကိုယ်ကို မပြအံ့" ဟု မြောက်ကျန်းသို့ ဆွမ်းခံသွားပြီးလျှင် ဟိမဝန္တာဝယ် ရှိရှု တံခါးဦး ခုနစ်ရက်ပတ်လုံး နေ၏။

မနောဇဝမင်းသည်လည်း ခုနစ်ရက်မြောက်သော နေ့၌ မိမိ၏ ကြီးစွာသော စည်းစိမ်ချမ်းသာ အသရေ၏ တင့်တယ်ခြင်းကို ကြည့်၍ "ဤ စည်းစိမ်ကို ငါ၏ မယ်တော် ခမည်းတော်တို့သည်လည်း မပေးအပ်၊ တစ်ပါးသော သူသည်လည်း မပေးအပ်၊ နန္ဒ ရသေ့ကို မှီ၍ ဖြစ်၏၊ စင်စစ်သော်ကား ထို နန္ဒ ပညာရှိကို မမြင်ရသော ငါ့အား ယနေ့ ခုနစ်ရက် ရှိပြီ၊ ငါ့အား စည်းစိမ်ချမ်းသာကို ပေးပေသော ရှင်ရသေ့သည် အဘယ်မှာနည်း" ဟု နန္ဒ ပညာရှိကို အော်မေ့၏။ ထို နန္ဒ ပညာရှိ ရသေ့သည် မနောဇဝမင်း အော်မေ့သော အဖြစ်ကို သိလျှင် လာလတ်၍ ရှေ့မှကောင်းကင်၌ ရပ်၏။ ထို မနောဇဝမင်းသည် ကြံ၏။ "ငါသည် ဤရသေ့၏ နတ်အဖြစ်ကို လည်းကောင်း, လူအဖြစ်ကို လည်းကောင်း, မသိ၊ ဤရသေ့သည် အကယ်၍ လူဖြစ်အံ့၊ ဇမ္ဗူဒိပ်ကျန်းအလုံးဦး မင်းအဖြစ်ကို ထိုရသေ့သာလျှင် ပေးအံ့၊ ထိုသို့ လူမဟုတ် နတ်သည် အကယ်၍ဖြစ်ငြားအံ့၊ ပူဇော်သက္ကာရကိုပေးအံ့" ဟု ကြံ၍ ထို မနောဇဝမင်းသည် ထိုနန္ဒရသေ့ကို စုံစမ်းလိုရကား—

၉၂။ ဒေဝတာ နုသိ ဂန္ဓဗ္ဗော၊ အဒု သက္ကော ပုရိန္ဒဒေါ။
မနုဿဘူတော ဤဒိသော၊ ကထံ ဇာနေမု တံ မယံ-

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၉၂။ ဘော တာပသ၊ အို....ရှင်ရသေ့။ တွံ၊ ရှင်ရသေ့သည်။ ဒေဝတာ၊ စတုမဟာရာဇ်နတ်သည်။ အသိ နု၊ ဖြစ်သလော။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်သည်။ အသိ နု၊ ဖြစ်သလော။ အဒု၊ ထိုသို့မဟုတ်မူ။ ပုရိန္ဒဒေါ၊ အလှူလက်ဦး ပေးကြူးစွာသော။ သဒ္ဓော၊ သိကြားမင်းသည်လည်း။ အသိ နု၊ ဖြစ်သလော။ ဂဒ္ဒိမာ၊ တန်ခိုးကြီးသော။ မနုဿဘူတော၊ လူဖြစ်သောသူတည်း။ အသိ နု၊ ဖြစ်သလော။ ကထံ၊ အသို့လျှင်။ တံ၊ ရှင်ရသေ့ကို။ မယံ၊ ငါတို့သည်၊ ဇာနေမု၊ သိရကုန်အံ့နည်း။

ထို နန္ဒပညာရှိရသေ့သည် မနောဇာမင်း၏ စကားကို ကြား၍ ဟုတ်မှန်တိုင်းသာလျှင် ပြောဆိုရကား-

၉၃။ နာပိ ဒေဝေါ နု ဂန္ဓဗ္ဗော၊ နာပိ သက္ကော ပုရိန္ဒဒေါ။
မနုဿဘူတော ဂဒ္ဒိမာ၊ ဧဝံ ဇာနာဟိ ဘာရဓာ-

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၉၃။ ဘာရဓာ၊ ပြည်ကြီးဝန်ကို ရွက်ဆောင်တတ်သော မင်းမြတ်။ အဟံ၊ ငါသည်။ ဒေဝေါ၊ စတုမဟာရာဇ်နတ်သည်။ နာပိ·အမှီ၊ မဖြစ်။ ဂန္ဓဗ္ဗော၊ ပန္ဓဗ္ဗနတ်သည်။ နာပိ အမှီ၊ မဖြစ်။ ပုရိန္ဒဒေါ၊ အလှူလက်ဦး ပေးကြူးစွာသော။ သက္ကော၊ သိကြားနတ်မင်းသည်။ နာပိ-အမှီ၊ မဖြစ်။ ဂဒ္ဒိမာ၊ တန်ခိုးကြီးသော။ မနုဿဘူတော၊ လူစင်စစ်ဖြစ်သောသူတည်း။ ဧဝံ၊ ဤသို့။ ဇာနာဟိ၊ သိတော်မူလော။

ထိုစကားကိုကြား၍ မနောဇာမင်းသည် ''ဤရသေ့သည် လူစင်စစ်ဖြစ်လျက် ငါ့အား ဤသို့ ကျေးဇူးမျှားစွာ ပြုပေသတတ်၊ မျှားမြတ်သော စည်းစိမ်ချမ်းသာဖြင့် ရောင့်ရဲစေအံ့'' ဟု ကြံ၍ ကျေးဇူးကို ထုတ်ဖော်ပြလျက် အလိုရှိကုန်သော ဝတ္ထုဖြင့် ဖိတ်လိုရကား-

၉၄။ ကတရူပမိဒံ ဘောတော၊ ဝေယျာဝစ္စံ အနုပ္ပကံ။
ဒေဝမှိ ဝဿမာနမှိ၊ အနော်ဝဿံ ဘဝံ အကာ။
၉၅။ တတော ဝါတာတပေဃောရေ၊ သီတစ္ဆာယံ ဘဝံ အကာ။
တတော အမိတ္တမဇ္ဈေသု၊ သရတာဏံ ဘဝံ အကာ။

www.dhammadownload.com

၉၆။ တတော ဖိတာနိ ရဋ္ဌာနိ၊ ဝသိနော တေ ဘဝံအကာ။
တတော ကေသတံခတ္တေ့ အနုယန္တေ့ ဘဝံ အကာ။
၉၇။ ပတိတဿု မယံ ဘောတော၊ ဝဒ တံ ဘဒ္ဒမိစ္ဆသိ။
ဟတ္ထိယာနံ အဿရထံ၊ နာရိယော စ အလင်္ကတာ။
နိဝေသနာနိ ရမ္မာနိ၊ မယံ ဘောတော ဒဒါမသေ။
၉၈။ အထ အင်္ဂေ ဝါမဂေ၊ မယံ ဘောတော ဒဒါမသေ။
အထဝါ အဿကာဝန္တိံ၊ သုမနာ ဒမ္မ တေ မယံ။
၉၉။ ဥပဓုံ ဝါပိ ရဇ္ဇဿ၊ မယံ ဘောတော ဒဒါမသေ။
သစေ တေ အတ္ထော ရဇ္ဇေန၊ အနုသာသ ယဒိစ္ဆသိ—

ဟူသော ဤခြောက်ဂါထာတို့ဖြင့် ဆို၏။

၉၄။ ဘော တာပသ၊ အို....ရှင်ရသေ့။ ဘောတော၊ အရှင်၏။ ကတရူပံ၊ ပြုအပ်သောသဘောဟု ဆိုအပ်သော။ ဣဒံ ဝေယျာဝစ္စံ၊ ဤကာယ ဝေယျာဝစ္စသည်။ အနုပဂံ၊ မျှားစ့ဉာ၏။ ဒေဝမှိ၊ မိုးသည်။ ဝဿမာနမှိ၊ ရွာလတ်သော်။ အနောဝဿံ၊ မိုးမစ့တ်အောင်။ ဘဝံ၊ အရှင်သည်။ အကာ၊ ပြုတော်မူပေ၏။

၉၅။ ဘော တာပသ၊ အို....ရှင်ရသေ့။ ဘဝံ၊ အရှင်ကောင်းသည်။ တတော၊ ထို့နောင်မှ။ ဃောရေ၊ ကြမ်းကြုတ်စ့ာသော။ ဝါတာတပေ၊ လေနေပူ၌။ သီတစ္ဆာယံ၊ ချမ်းမြေ့သောအရိပ်ကို။ အကာ၊ ပြုတော်မူပေ၏။ တတော၊ ထို့နောင်မှ။ အမိတ္တာမဇ္ဈေသု၊ ရန်သူတို့၏ အလယ်၌။ သရတာဏံ၊ မြားအရံအတားကို။ ဘဝံ၊ အရှင်ကောင်းသည်။ အကာ၊ ပြုတော်မူ၏။

၉၆။ တတော၊ ထို့နောင်မှ။ ဘဝံ၊ အရှင်ကောင်းသည်။ ဖိတာနိ၊ ပွင့်လင်းစည်ပင်ကုန်သော။ ရဋ္ဌာနိ၊ တိုင်းကြီးပြည်ကြီးတို့သည်။ သန္တိ၊ ရှိကုန်၏။ တေရဋ္ဌဝါသိနော၊ ထိုတိုင်းကြီး ပြည်ကြီးတို့၌ နေကုန်သော မင်းတို့ကို။ အမ္မာကံ၊ အကျွန်ုပ်တို့၏။ ဝသိနော၊ အလိုသို့လိုက်သည်ကို။ အကာ၊ ပြုတော်မူပေ၏။ တတော၊ ထို့နောင်မှ။ ဘဝံ၊ အရှင်ကောင်းသည်။ ကေသတံခတ္တေ့၊ တစ်ရာ့တစ်ပါးသော မင်းတို့ကို။ အနုယန္တေ့၊ အကျွန်ုပ်နှင့်တကွ သွားသည်တို့ကို။ အကာ၊ ပြုတော်မူပေ၏။

www.dhammadownload.com

၉၇။ ဘော တာဝတိသ၊ အို ရှင်ရသေ့။ ဘောတော၊ အရှင်မြတ်အား။ မယံ၊ အကျွန်ုပ်တို့သည်။ ပတိတသ္၊ နှစ်သက်ကုန်သည်ဖြစ်၍။ တေ၊ ရှင်ရသေ့အား။ ဝရံ၊ ဆုကို။ ဒဒါမိ၊ ပေးအံ့။ ယံ ဘဉ္ဇံ၊ အကြင်ရတနာကို။ ဣစ္ဆသိ၊ အလိုရှိ၏။ တံ ဘဉ္ဇံ၊ ထိုအလိုတော်ရှိသောရတနာကို။ ဝဒ၊ မိန့်တော်မူပါလော့။ ဘောတော၊ အရှင်ဘုရားအား။ ဟတ္ထိယာနဉ္စ၊ ဆင်ယာဉ်ကို လည်းကောင်း။ အဿရထဉ္စ၊ မြင်း က-သော ရထား ယာဉ်ကိုလည်းကောင်း။ အလင်္ကတာ၊ တန်ဆာဆင်အပ်ကုန်သော။ နာရိယောစ၊ သတို့သမီးငယ်တို့ကိုလည်းကောင်း။ ရမ္မာနိ၊ နှလုံးမွေ့လျော်ဖွယ်ရှိကုန်ထသော။ နိဝေသနာနိ စ၊ အိမ်တို့ကိုလည်းကောင်း။ မယံ၊ အကျွန်ုပ်တို့သည်။ ဒဒါမသေ၊ ပေးပါကုန်အံ့။

၉၈။ အထ၊ ထိုမှတစ်ပါး။ အဂ်ေဝါ၊ အင်္ဂါတိုင်းကို လည်းကောင်း။ မဂဓေဝါ၊ မဂဓတိုင်းကိုလည်းကောင်း။ မယံ၊အကျွန်ုပ်တို့သည်။ ဘောတော၊ အရှင်ဘုရားအား။ ဒဒါမသေ၊ ပေးပါကုန်အံ့။ အထဝါ၊ ထိုမှတစ်ပါးလည်း။ သုမနာ၊ နှစ်သက်ဖွယ်ရှိကုန်သော။ အဿကာဝန္တိ၊ အဿကတိုင်း, အဝန္တိတိုင်းတို့ကို။ တေ၊ အရှင်ဘုရားအား။ မယံ၊ အကျွန်ုပ်တို့သည်။ ဒမ္မ၊ ပေးပါကုန်အံ့။

၉၉။ ဘော တာဝတိသ၊ အို ရှင်ရသေ့။ ဘောတော၊ အရှင်ဘုရားအား။ ဥပစုံ ဝါပိ ရဇ္ဇဿ၊ ထက်ဝန်းသော ပြည်ကိုမူလည်း။ မယံ၊ အကျွန်ုပ်တို့သည်။ ဒဒါမသေ၊ ပေးပါကုန်အံ့။ တေ၊ အရှင်ဘုရားအား။ ရဇ္ဇေန၊ ဇမ္မူဒီပ်ကျွန်းအလုံး၌ မင်းအဖြစ်ဖြင့်။ သစေအတ္တာ၊ အကယ်၍ အလိုတော်ရှိအံ့။ ဒဒါမသေ၊ ပေးပါအုန်အံ့။ ယံ၊ အကြင်အလုံကို။ ဣစ္ဆသိ၊ အလိုရှိ၏။ တံ၊ ထိုအလိုကို။ အနုသာသ၊ စေခိုင်းတော်မူပါလော့။

အစ်ကိုရသေ့အား ကန်တော့ရန်

ထိုစကားကို ကြား၍ နန္ဒပညာရှိသည့် မိမိအလိုကို မနောဇာမင်းအား ထင်ရှားပြလိုရကား—

၁၀၀။ န မေ အတ္ထောပိ ရဇ္ဇေန၊ နဂရေန ဓနေန ဝါ။
အထောပိ ဇနပဒေန၊ အတ္ထော မယှံ န ဝိဇ္ဇတိ။
သစေ တေ မယိ သိနေဟော အတ္ထိ။
ဇကံ မေ ဝစနံ ကရောဟီတိ ဝတ္တာ။

www.dhammadownload.com

၁၀၁။ ဘောတော၀ ရဋ္ဌေ ဝိဇိတေ၊ အရညေ အတ္ထိ အာသမေ၀။
ပိတာ မယှံ ဇနေတ္တိ စ၊ ဥဘော သမ္မန္တိ အာသမေ။
၁၀၂။ တေသာဟံ ပုဗ္ဗာစရိယေသု၊ ပုညံ နလဘာမိ ကာတ၀ေ။
ဘ၀န္တံ အဇ္ဈာစာရံ ကတ္၀ာ၊ သောဏံ ယာစေမု သံ၀ရံ—
ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၁၀၀။ မဟာရာဇ၊ မြတ်သောမင်းကြီး။ မေ၊ ငါ့အား။ ရဋ္ဌေနပိ၊ ဇမ္မူဒိပ်မင်း အဖြစ်ဖြင့်လည်းကောင်း။ နာဂရေန၀ါ။ မြို့ရွာဖြင့်လည်းကောင်း။ ဓနေန၀ါ၊ ဥစ္စာဖြင့်လည်းကောင်း။ နှ အတ္ထော၊ အလို မရှိ။ အထောပိ၊ ထို့မှတစ်ပါးလည်း။ ဇနပဒေန၊ ဇနပုဒ်ဖြင့်။ မယှံ၊ ငါ့အား။ အတ္ထော၊ အလိုရှိသည်။ နှ ဝိဇ္ဇတိ၊ မရှိ။ မယိ၊ ငါ၌။ တေ၊ အရှင်မင်းကြီး၏။ သိနေဟော၊ ခွန်ခြင်းသည်။ သစေ အတ္ထိ၊ အကယ်၍ ရှိပါအံ့။ မေ၊ ငါ၏။ ဧကံ ဝစနံ၊ တစ်ခွန်းသော စကားကို။ ကရောဟိ၊ လိုက်နာပါလော့။ ဣတိ ဣဒံ ဝစနံ၊ ဤသို့သော စကားကို။ ဝတ္၀ာ၊ ဆို၏။

၁၀၁။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဘောတော၀၊ အရှင်မင်းကြီး၏သာလျှင်။ ဝိဇိတေ၊ အာဏာတော်နှံရာဖြစ်သော။ ရဋ္ဌေ၊ တိုင်းနိုင်ငံတော်၌။ အရညေ၊ တောအရပ်၌။ အာသမေ၀၊ တစ်ခုသောကျောင်းသည်။ အတ္ထိ၊ ရှိ၏။ မယှံ၊ ငါ၏။ ပိတာ စ၊ အဖသည် လည်းကောင်း။ ဇနေတ္တိ စ၊ အမိသည်လည်းကောင်း။ ဣတိ၊ ဤသို့။ ဥဘော၊ နှစ်ယောက်ကုန်သော မိဘတို့သည်။ တသ္မိံ အာသမေ၊ ထိုကျောင်း၌။ သမ္မန္တိ၊ နေကုန်၏။

၁၀၂။ အဟံ၊ ငါသည်။ တေသု ပုဗ္ဗာစရိယေသု၊ ထိုလက်ဦးဆရာဖြစ်ကုန်သော မိဘတို့၌။ ပုညံ၊ ကောင်းမှုကို။ ကာတေ၀၊ ပြုခြင်းငှာ။ နှ လဘာမိ၊ မရပါ။ ဘ၀န္တံ၊ အရှင်မင်းကြီးသို့။ ကတ္၀ာ၊ အခြံအရံပြုပြီ။ သောဏံ၊ ငါ့နောင်တော် သောဏပညာရှိကို။ အဇ္ဈာစာရံ၊ လွန်ကျူးမိသော အပြစ်ကို။ အာယတိံ၊ နောင်အခါ၌။ သံ၀ရံ၊ စောင့်ရှောက်ခြင်းကို။ ယာစေမု၊ တောင်းပန်ပါကုန်အံ့။

F52(၅၅၀-ပဉ္စမ)

www.dhammadownload.com

ထိုသို့ အလိုကို ပြဆိုသောအခါ နန္ဒပညာရှိကို မနောဇဝမင်းသည် မေးလျှောက်ပြန်လိုရကား–

၁၀၃။ ကရောမိ တေ တံ ဝစနံ၊ ယံ မံ ဘဏဲသိ ဗြာဟ္မဏာ။
ဇတုဋ္ဌ ခေါ နော အက္ခာဟိ၊ ကိဝန္တော ဟောန္တိ ယာစကာ–
ဟူသော ဤဂါထာကို ဆို၏။

၁၀၃။ ဗြာဟ္မဏာ၊ မကောင်းမှုကို အပပြုပြီးသော ရှင်ရသေ့။ တုံ၊ အရှင်ဘုရားသည်။ ယံ ဝစနံ၊ အကြင်စကားကို။ မံ၊ အကျွန်ုပ်ကို။ ဘဏဲသိ၊ ဆိုတော်မူ၏။ တေ၊ အရှင်ဘုရား၏။ တံ ဝစနံ၊ ထိုစကားကို။ အဟံ၊ အကျွန်ုပ်သည်။ ကရောမိ၊ လိုက်နာပါအံ့။ နော၊ အကျွန်ုပ်တို့အား။ ဇတုဋ္ဌ ခေါ၊ ထိုအကြောင်းကိုသာလျှင်။ အက္ခာဟိ၊ ကြားတော်မူပါလော့။ ယာစကာ၊ တောင်းပန်တတ်သော သူတို့သည်။ ကိဝန္တော၊ အဘယ်မျှရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်အံ့နည်း။

ထို့နောင်မှ နန္ဒရသေ့သည် မိမိအလိုကို မင်းအား ကြားလိုရကား–

၁၀၄။ ပရောသတံ ဇာနပဒါ၊ မဟာသာလာ စ ဗြာဟ္မဏာ။
ဣမေ စ ခတ္တိယာ သင်္ဃာ၊ အဘိဇာဘာ ယသဿိနော။
ဘဝဉ္ဆ ရာဇာ မနောဇော၊ အလံ ဟေဿန္တိ ယာစကာ–
ဟူသော ဤဂါထာကို ဆို၏။

၁၀၄။ မဟာရာဇ၊ မင်းမြတ်။ ပရောသတံ၊ အရာထက်မက လွန်ကဲ့နှုန်သော။ ဇာနပဒါ၊ ဇနပုဒ်ဌဉ်နေကုန်သော။ မဟာသာလာ စ၊ ဂဟပတိမဟာသာလတို့သည်လည်းကောင်း။ ဗြာဟ္မဏာ၀စ၊ ဗြာဟ္မဏ မဟာသာလအဖြစ်သို့ ရောက်ကုန်ပြီးသော ပုဏ္ဏားတို့သည်လည်းကောင်း။ အဘိဇာတာ၊ မြတ်သောအမျိုးဌဉ် ဖြစ်ကုန်သော။ ယသဿိနော၊ များသော အခြံအရံရှိကုန်သော။ သင်္ဃာ၊ အလုံးစုံကုန်သော။ ဣမေ စ ခတ္တိယာ၊ ဤမင်းတို့သည် လည်းကောင်း။ မနောဇော ရာဇာ၊ မနာဇဝမင်း အမည်ရှိသော။ ဘဝဉ္ဆ၊ မင်းကြီးသည်လည်းကောင်း။ ယာစကာ၊ ငါ၏ အကျိုးငှာ နောင်တော် သောဏပညာရှိအား တောင်းပန်တတ်သော သူတို့သည်။ အလံ၊ စွမ်းနိုင်ကုန်သည်။ ဟေဿန္တိ၊ ဖြစ်ကုန်လတ္တံ့။

www.dhammadownload.com

မင်းပေါင်းစုံ သွားကြပုံ

ထိုအခါ မနောဇာမင်းသည် ရှင်ရသေ့ကျောင်းသို့ သွားအံ့သောအစီအရင်ကို စေတော်မူလိုရကား—

၁၀၅။ ဟတ္ထီအဿေ စ ယောဇေန္တေ၊ ရထံ သန္နယှ သာရထိ။
အာဗန္ဓနာနိ ဂဏှာထ၊ ပါဒါသုဿာရယဒ္ဓဇေ။
အဿမံ တံ ဂမိဿာမိ၊ ယတ္ထ သမ္မတိ ကောသိယော။
ဟူသော ဤဂါထာကို ဆို၏။

၁၀၅။ ဘောန္တော အမစ္စာ၊ အို....အမတ်အပေါင်းတို့၊ ဟတ္ထိ-အဿေ စ၊ ဆင်မြင်းတို့ကို လည်းကောင်း။ ယောဇေန္တေ၊ က-လေကုန်။ သာရထိ၊ ရထားထိန်း။ ရထံ၊ ရထားကို။ သန္နယှ၊ က-လေလော့။ အာဗန္ဓနာနိ၊ ဆင်မြင်း ရထားတို့၌ ဖွဲ့ချည်သော ကြိုး စသည် တို့ကို။ ဂဏှာထ၊ ယူခဲ့ကုန်။ ပါဒါသု၊ ရထားဦးတို့၌။ ဓဇေ၊ တံခွန်တို့ကို။ ဥဿာရယ၊ ဆောက်ကြလေကုန်။ ယတ္ထ၊ အကြင် ကျောင်း၌။ ကောသိယော၊ ကောသိယ အနှယ်ဖြစ်သော ရှင်ရသေ့သည်။ ယမ္မတိ၊ နေ၏။ တံ အဿမံ၊ ထို ကျောင်းတော်သို့။ ဂမိဿာမ၊ သွားကြကုန်အံ့။

ဤသို့ မိန့်ဆိုတော်မူပြီးလျှင် တစ်ရာ့တစ်ယောက်သော မှင်းတို့ကို ခေါ်၍ နှစ်ဆယ့်လေးခေါဘိဏီ အရေအတွက်ရှိသော စစ်သည် ဗိုလ်ပါ အပေါင်း ခြံရံလျက် နန္ဒ ပညာရှိရသေ့ကို ရှေ့ထားသဖြင့် မြို့မှထွက်၍ သောဏရှင်ရသေ့ နေရာကျောင်းသို့ သွားလေ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍—

၁၀၆။ တတော စ ရာဇာ ပါယာသိ၊ သေနာယ စတုရင်္ဂိနိ။
အဂမာ အဿမံရမ္မံ၊ ယတ္ထ သမ္မတိ ကောသိယော—
ဟူသော ဤဂါထာကို ဟောတော်မူ၏။

၁၀၆။ ဘိက္ခဝေ၊ ရဟန်းတို့။ တတော၊ ထို သို့ စေပြီးသော နောက်မှ။ ရာဇာ၊ မာနာဇာမင်းသည်။ စတုရင်္ဂိနိယာ၊ လေးပါးသော အင်္ဂါရှိသော။ သေနာယ၊ စစ်သည်ဖြင့်။ ပရိဝုတော၊ ခြံရံလျက်။

www.dhammadownload.com

ပါယျာသိ၊ သွားလေ၏။ ယတ္ထ၊ အကြင်ကျောင်း၌။ ကောသိယာ၊ ကောသိယအနှယ်ဖြစ်သော ရှင်ရသေ့သည်။ သမ္မတိ၊ နေ၏။ ရုမ္မံ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ တံ အဿမံ၊ ထိုကျောင်းသို့။ အဂမာ၊ သွားလေ၏။

ထိုအခါ ထိုနန္ဒရှင်ရသေ့ကျောင်းသို့ ရောက်အံ့သောနေ့၌ နော်ဂင်တော် သောဏပညာရှိသည် "ဤအရပ်မှထွက်သွားလေသော ငါ့ညီနန္ဒအား ခုနစ်နှစ် ခုနစ်လ ခုနစ်ရက်တို့သည်ရှိကုန်ပြီ" ဟုဆင်ခြင်တော်မူ၍ "ယခုအခါ အဘယ်မှာနည်း" ဟု ဒိဗ္ဗစက္ခုဖြင့် ကြည့်တော်မူလတ်သော် "နှစ်ဆယ့်လေးခေါဘိဏီ အခြံအရံရှိသော စစ်သည်နှင့်တကွ တစ်ရာ့လေးပါးသော မင်းတို့ကို ခေါ်ယူခဲ့၍ ငါ့ကို ကန်တော့အံ့သောငှာလျှင် လာ၏" ဟု မြင်၍ ကြံတော်မူ၏။ "ဤ တစ်ရာ့တစ်ပါးသော မင်းတို့သည် လည်းကောင်း၊ ဤ နှစ်ဆယ့်လေးခေါဘိဏီ အရေအတွက် ရှိသော ပရိသတ် တို့သည် လည်းကောင်း ငါ့ညီနန္ဒ၏ မျှားစွာသော တန်ခိုးပြာဋိဟာတို့ကို မြင်ရကုန်ပြီ၊ ငါ၏ အာနုဘော်ကို မသိသောကြောင့်၊ ဤ ရသေ့စဉ်းလဲသည် မိမိပမာဏကိုမသိ၊ ငါတို့အရှင်နှင့်ထပ်တူ ယှဉ်ဘိ၏တကား" ဟု ငါ့ကို ကဲ့ရဲ့စကားဖြင့် ပြောဆို၍ အဝီစိသို့ လားကုန်ရာ၏၊ ထိုသူတို့အား တန်ခိုးပြာဋိဟာကို ငါပြအံ့ဟု ကြံတော်မူ၏။ ကြံပြီး၍ ထိုသောဏပညာရှိသည် လက်လေးသစ်မျှ အတိုင်းအရှည်ရှိသော ပခုံးကို မထိစေဘဲ ကောင်းကင်၌ ထမ်းပိုးကိုထား၍ အနဝတတ်အိုင်မှ ရေကို ခပ်အံ့သောငှာ မနောဇာမင်း၏ မနီးမဝေးသောအရပ်၌ ကောင်းကင်ဖြင့် သွား၏။

နန္ဒပညာရှိသည် နောင်တော် သောဏပညာရှိ လာလတ်သည်ကို မြင်၍ မိမိကိုယ်ကို ပြအံ့သောငှာ မဝံ့ရကား နေရာအရပ်၌ပင်လျှင် ကွယ်လေ၍ ပြေးသွားသဖြင့် ဟိမဝန္တာသို့ ဝင်လေ၏။

မနောဇာမင်း အံ့သြခြင်း

မနောဇာမင်းသည်ကား ထိုသောဏ ပညာရှိကို အံ့ဖွယ်သရဲသော ရသေ့အသွင်ဖြင့် လာလတ်သည်ကိုမြင်၍ အကြောင်းကို မေးလျှောက်လိုရကား—

၁၀၇။ ကဿ ကာဒမ္မယောကာဇော၊ ဝေဟာသံ စတုရုံလံ။
အံသံ အသမ္မုသံ တေ၊ ဥဒဟာရုယ ဂစ္ဆတော—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၁၀၇။ ဘော တာပသ၊ အို....အရှင်ရသေ့။ စတုရင်္ဂလံ၊ လက်လေးသစ် အတိုင်းအံ့ရှည်ရှိသော။ အံ့သံ၊ ပခုံးစွန်းကို။ အသမ္ဖုသံ၊ မထိစေဘဲ။ ဝေဟာသံ၊ ကောင်းကင်သို့။ တေ၊ သွား၏။ ဥဒဟာရုယ၊ ရေခပ်အံ့သောငှာ။ ဂစ္ဆတော၊ သွားသော အရှင်ဘုရား၏။ ကာဒမ္မယော၊ ထိန်သားဖြင့်ပြီးသော။ ကာဇော၊ ထမ်းပိုးသည်။ ကဿ ကာဇော၊ အဘယ်သူ၏ ထမ်းပိုးပေနည်း။

ဤသို့ မေးလျှောက်သည်ရှိသော် ဘုရားလောင်း သောဏပဏ္ဍာရှိရသေ့သည် အကြောင်းကို ပြန်ပြောတော်မူလိုရကား....

၁၀၆။ အဟံ သောဏော မဟာရာဇ၊
တာပသော သဟိဘဇ္ဇတော။
ဘရာမိ မာတာပိတရော၊ ရတ္တိ'ဒိဝ မတန္ဒိတော။

၁၀၉။ ဝနေ ဖလဉ္ဉ မူလဉ္ဉ၊ အာဟရိတ္ဝာ ဒိုသမွဟိတိ။
ပေါသေမိ မာတာပိတရော၊ ပုဗ္ဗေကတ မနုဿ်ရံ....
ဟူသော ဤနှစ်ဂါထာတို့ကို ဆိုတော်မူ၏။

၁၀၈။ မဟာရာဇ၊ မင်းမြတ်။ အဟံ၊ ငါသည်။ သဟိတဇ္ဇဘော၊ သီလကျေးဇူးနှင့် ပြည့်စုံသော်။ သောဏော၊ သောဏ အမည်ရှိသော။ တာပသော ရသေ့တည်း။ အတန္ဒိတော၊ မပျင်းမရိသည်ဖြစ်၍။ ရတ္တိ'ဒိဝံ၊ နေ့ည၌ပတ်လုံး။ မာတာပိတရော၊ အမိအဘတို့ကို။ ဘရာမိ၊ မွေးမြူ၏။

၁၀၉။ ဒိသမွဟိတိ၊ အရပ်မျက်နှာ အရှင် ဖြစ်ဘော်မူသောမင်းမြတ်။ ပုဗ္ဗေ၊ ရှေးငယ်စဉ်ကာလ၌။ ကတံ၊ ပြုဖူးသော ကျေးဇူးကို။ အနုဿရံ-အနုဿရန္တော၊ အစဉ်အောက်မေ့လျက်။ ဝနေ၊ တော၌။ ဖလဉ္ဉ၊ သစ်သီးကြီးငယ်ကို လည်းကောင်း။ မူလဉ္ဉ၊ သစ်မြစ် သစ်ဥကို လည်းကောင်း။ အာဟရိတ္ဝာ၊ ဆောင်ယူ၍။ မာတာပိတရော၊ အမိအဘတို့ကို။ ပေါသေမိ၊ ကျွေးမွေး၏။

www.dhammadownload.com

ထိုစကားကိုကြား၍ မနောဇာမင်းသည် ထိုသောဏပညာရှိနှင့်တကွ အာကျမ်းငင်ခြင်းကို ပြုလိုရကား....

၁၁၀။ ဣစ္ဆာမ အဿမံ ဂန္တုံ ယတ္ထ သမ္မတိ ကောသိယော။
မဂ္ဂံ နော သောဏ အက္ခာဟိ၊ ယေန ဂစ္ဆေမု အဿမံ....
ဟူသော အခြားမရှိသော ဤဂါထာကို ဆို၏။

၁၁၀။ သောဏ၊ သောဏအမည်ရှိသော အရှင်ဘုရား။ ယတ္ထ၊ အကြင်ကျောင်း၌။ ကောသိယော၊ ကောသိယ အနွယ်ဖြစ်သော အရှင် ဘုရားသည်။ သမ္မတိ၊ နေတော်မူ၏။ တံ အဿမံ၊ ထိုဂကျောင်းသို့။ ဂန္တုံ၊ သွားခြင်းငှာ။ မယံ၊ အကျွန်ုပ်တို့သည်။ ဣစ္ဆာမ၊ အလိုရှိပါကုန်၏။ နော၊ အကျွန်ုပ်တို့အား။ မဂ္ဂံ၊ ခရီးကို။ အက္ခာဟိ၊ ကြားတော် မူပါလော့။ ယေန၊ အကြင် အရပ်၌။ အဿမော၊ အရှင်ဘုရား ကျောင်းတော်သည်။ အတ္ထိ၊ ရှိ၏။ တံ အဿမံ၊ ထိုအရှင်ဘုရား၏ ကျောင်းတော်သို့။ ဂစ္ဆေမု၊ သွားပါကုန်အံ့။

သောဏရသေ့ လမ်းညွှန်၍

ထိုအခါ ဘုရားလောင်း သောဏ ရှင်ရသေ့သည် မိမိတန်ခိုးဖြင့် ကျောင်းသို့သွားသော လမ်းခရီးကို ဖန်ဆင်း၍ ထိုမနောဇာ မင်းအား ကျောင်းသို့သွားရာ လမ်းခရီးကို ကြားတော်မူလိုရကား....

၁၁၁။ အယံ ဇကပဒီ ရာဇ၊ ယေန တံ မေဃသန္နိဘံ။
ကောဝိဠာရေဟိ သဉ္ဆန္နံ၊ ဧတ္ထ သမ္မတိ ကောသိယော....
ဟူသော ဤဂါထာကို ဆိုတော်မူ၏။

၁၁၁။ ရထေသဘ၊ ရထားစီးခြင်း မင်းတကာတို့ထက် မြတ်တော် မူသော်။ ရာဇ၊ မင်းမြတ်။ ဇကပဒီ၊ တစ်ယောက် သွားလေ့ကျံရုံမျှ ဖြစ် သော။ အယံ၊ ဤ ခြေကြောင်းခရီးသည်။ အတ္ထိ၊ ရှိ၏။ ဤမိနာ၊ ဤ ခြေ ကြောင်းခရီးဖြင့်။ ဂစ္ဆထ၊ သွားလေကုန်။ ယေန၊ အကြင် အရပ်မျက်နှာ အဖို့ဖြင့်။ မေဃသန္နိဘံ၊ တိမ်အဆင်းနှင့် တူသော။ ကောဝိဠာရေဟိ၊ ပင်လယ်ကသစ်ပန်းတို့ဖြင့်။ သဉ္ဆန္နံ၊ ကောင်းစွာ ဖုံးလွှမ်းအပ်သော။ တံ

www.dhammadownload.com

ဝနံ၊ ထိုတောသည်။ ဒိဿတိ၊ ထင်၏။ ဇေတ္ထ၊ ဤတောအရပ်၌။ ကောသိယော၊ ကောသိယအမျိုးသည်။ သမ္မတိ၊ နေ၏။

ဖခင် ရသေ့အား အကြောင်းကြား

ဤသို့ လမ်းခရီးကို ညှန်ကြားတော်မူခဲ့ပြီးလျှင် လျှင်မြန်စွာ အနဝတတ်အိုင်သို့ သွား၍ သောက်ရေကို ခပ်ယူခဲ့သဖြင့် ထို တစ်ရာ့တစ်ပါးသော မင်းတို့သည် ကျောင်းသို့ မရောက်ကုန်မီလျှင် လာလတ်၍ သောဏရေအိုးတို့ကို ရေအိုးစင်၌ ထား၍ လူမျှားသည် သောက်ကြလဲတတ်ဟု တောပန်းတို့ဖြင့် ဖုံးပြီးလျှင် တံမြက်ဆုပ်ကိုယူ၍ ကျောင်းကို တံမြက်လှည်းသဖြင့် ကျောင်းတံခါးဝ၌ ခမည်းတော် ရှင်ရသေ့ကြီး နေရာကို ခင်းပြီးလျှင် ကျောင်းတွင်းသို့ဝင်၍ ခမည်းတော် ရှင်ရသေ့ကြီးကို သိစေတော်မူ၏။

ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီး၍—

၁၁၂။ ဣဒံ ဝတ္ဝာန ပက္ကာမိ၊ တရမာနော မဟာဣသိ။
ဧဝဟာသေ အန္တလိက္ခသ္မိံ၊ အနုသာသေတ္ဝာန ခတ္တိယေ။

၁၁၃။ အဿမံ ပရိမဇ္ဇိတ္ဝာန၊ ပညာပေတ္ဝာန အာသနံ။
ပဏ္ဍသာလံ ပဝိသိတ္ဝာ၊ ပိတရံ ပတိဗောဓယိ။

၁၁၄။ ဣမေ အာယန္တိ ရာဇာနော၊ အဘိဇာတာ ယသဿိနော။
အဿမာ နိက္ခမိတ္ဝာန၊ နိသီဒ တုံ မဟာဣသေ။

၁၁၅။ တဿ တံ ဝစနံ သုတ္ဝာ၊ တရမာနော မဟာဣသိ။
အဿမာ နိက္ခမိတ္ဝာန၊ သဒ္ဒါရမ္မံ ဥပါဝိသိ—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၁၁၂။ ဘိက္ခဝေ၊ ရဟန်းတို့။ မဟာဣသိ၊ ရသေ့မြတ်သည်။ ဧဝဟာသေ အန္တလိက္ခသ္မိံ၊ ကောင်းကင်၌။ ဌတ္ဝာ၊ ရပ်၍။ ခတ္တိယေ၊ မင်းတို့ကို။ အနုသာသေတ္ဝာန၊ ဆုံးမပြီး၍။ ဣဒံဝစနံ၊ ဤစကားကို။ ဝတ္ဝာ၊ ဆိုပြီး၍။ တရမာနော၊ အဆောတလျင်။ ပက္ကာမိ၊ သွားလေ၏။

www.dhammadownload.com

၁၁၃။ ဘိက္ခဝေ၊ ရဟန်းတို့။ မဟာလ္ကသိ၊ ရသေ့သည်။ အဿမံ၊ ကျောင်းကို။ ပရိမဇ္ဈိတ္ဝာ၊ တံမြက်လှည်းပြီး၍။အာဿနံ၊ ခမ္မည်းတော် ရသေ့ကြီး နေရာကို။ ပညာပေတ္ဝာန၊ ခင်းပြီး၍။ ပဏ္ဏာသာလံ၊ ကျောင်းတိုင်းသို့။ ပဝိသိတ္ဝာ၊ ဝင်လေ၍။ ပိတရံ၊ အဖ ရသေ့ကြီးကို။ ပတိဗောဓယိ၊ သိစေ၏။

၁၁၄။ မဟာလ္ကသေ၊ ဖခင် ရသေ့ကြီး။ အဘိဇာဘာ၊ မြတ်သော အမျိုးဌာ ဖြစ်ကုန်သော။ ယသဿိနော၊ များသော အခြံအရံ ရှိကုန်သော။ လ္ကမေ ရာဇာနော၊ ဤ တစ်ရာ့တစ်ပါးသော မင်းတို့သည်။ အာယန္တိ၊ လာကုန်၏။ တံ၊ ဖခင် ရသေ့မြတ်သည်။ အဿမာ၊ ကျောင်းမှ။ နိက္ခမိတ္ဝာန၊ ထွက်လတ်၍။ နိသီဒ၊ နေတော်မူပါလော့။ လ္ကတိ၊ ဤသို့။ ပတိဗော-ဓယိ၊ သိစေ၏။

၁၁၅။ ဘိက္ခဝေ၊ ရဟန်းတို့။ တဿ၊ ထို သားတော် သောဏ ပညာရှိ၏။ တံ ဝစနံ၊ ထိုစကားကို။ သုတ္ဝာ၊ ကြား၍။ မဟာလ္ကသိ၊ ခမည်းတော် ရသေ့ကြီးသည်။ တရမာနော၊ အဆောတလျင်။ အဿမာ၊ ကျောင်းတွင်းမှ။ နိက္ခမိတ္ဝာန၊ ထွက်လတ်၍။ သဒ္ဒါရမ္မိ၊ မိမိ ကျောင်းတံခါးဝ၌။ ဥပါဝိသိ၊ မြင့်သောနေရာ၌နေ၏။

ဖခင်ရသေ့ကြီးနှင့် တွေ့ကြပြီ

ဘုရားလောင်း မယ်တော်သည် ထို ရသေ့ကြီးနောက်မှ နိမ့်သော အရပ်၌ တင့်အပ်လျောက်ပတ်စွာနေ၏။ ဘုရားလောင်းသည် နိမ့်သော နေရာ၌ နေတော်မူ၏။ ညီတော် နန္ဒရသေ့သည်လည်း နောင်တော် သောဏ ရသေ့အနာဝတတ်အိုင်မှရေခပ်၍ ကျောင်းသို့လာသောအခါ၌ မှနောဇာ မင်းအထံသို့ လာ၍ ကျောင်းမှ မနီးမဝေးသောသစ်တပ်၌ နေ၏။

ထိုအခါ မနောဇာမင်းသည် ရေချိုး၍ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်ပြီးလျှင် တစ်ရာ့ တစ်ယောက်သော မင်းအပေါင်း ခြံရံလျက် နန္ဒရသေ့ကိုယူ၍ များစွာသော အသရေ၏ တင့်တယ်ခြင်းဖြင့် ဘုရားလောင်းကို ကန်တော့အံ့ဟောငှာ ကျောင်းသို့ ဝင်၏။

ထိုအခါ ထိုသို့သော အခြင်းအရာဖြင့် လာလတ်သော မနောဇာ မင်းကို ဘုရားလောင်း ခမည်းတော် ရသေ့ကြီးသည် မြင်၍ သားတော်

www.dhammadownload.com

ဘုရားလောင်းကို မေး၏။ သားတော် ဘုရားလောင်းသည်လည်း ခမည်းတော် ရသေ့ကြီးအား ကြားလျှောက်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်--

၁၁၆။ တဉ္စ ဒိဿာန အာယန္တံ၊ ဇလန္တံရိုဝဲ တေဇသာ။
ခတ္တ သံဃပရိဗ္ဗူဠှံ၊ ကောသိယော ဇေဒဖြဝိ ။လ။

၁၁၇။ တသောဏော မဟတီ သေနာ၊ ပိဋ္ဌိတော အနုဝတ္တတိ။
အက္ခောတိဏီ အပရိယန္တာ၊ သာဂရသော ဥမိယော--

ဟူသော ဤ တစ်ဆယ့်နှစ်ဂါထာတို့ကို ဟောတော်မူ၏။

၁၁၆။ ဘိက္ခဝေ၊ ရဟန်းတို့။ တေဇသာ၊ မိမိတန်ခိုးဖြင့်။ ဇလန္တံဝ၊ တောက်ပသကဲ့သို့သော။ ခတ္တသံဃပရိဗ္ဗူဠှံ၊ တစ်ရာ့ တစ်ပါးသော မင်းအပေါင်းခြံရုံလျက်။ အာယန္တံ၊ လာလတ်သော။ တဉ္စ၊ ထို မနောဇာမင်းကိုလျှင်။ ဒိဿာန၊ မြင်လတ်၍။ ကောသိယော၊ ကောသိယ အနွယ်ဖြစ်သော ရသေ့ကြီးသည်။ ဇေတံ၊ ဤသို့သောစကားကို။ အဖြဝိ၊ ဆိုလေ၏။

၁၁၇။ ပုတ္တာ၊ ချစ်သားသောဏ။ ဘရိမှဒိဂ်ါစ၊ စည်ကြီးမှုရိုး စည်တို့သည် လည်းကောင်း။ အခ်ါဖ၊ ခရွသင်းတို့သည် လည်းကောင်း။ ပဏဝဒိဏ္ဍိမာစ၊ ထက်စည်ပတ်သာတို့သည် လည်းကောင်း။ ပုရတော၊ ရှေ့မှ။ ရထေသဘံ၊ ရထားစီးခြင်း မင်းတကာတို့ထက် မြတ်သောမင်းကို။ ဟာသယန္တာ၊ ရွှင်စေကုန်လျက်။ ပဋိပန္နာနိ၊ လာလတ်ကုန်၏။

၁၁၈။ တာတ၊ ချစ်သားသောဏ။ ပုထုနာ၊ များမြတ်သော။ ဝိဇ္ဇုဝဏ္ဏိနာ၊လျှပ်စစ်နွယ်အဆင်းနှင့်တူသော အဆင်းရှိသော။ကဏ္ဏနုပတ္တေန၊ ရှေသင်းကျပ်ပြားဖြင့်။ ပရိက္ခိတော၊ နဖူးပြင်အဆုံးဌာ် ခြံရံ ဆင်ယင်အပ်သော မင်းသည်။ ကော၊ အဘယ်မည်သော မှင်းနည်း။ ကလာပသန္နဒ္ဓေါ၊ ကောင်းစွာဖွဲ့အပ်သော လေးမြားတောင့်ရှိသော။ ယုဝါ၊ လုလင်ပျိုသည်။ သိရိယာ၊ မိမိအသရေဖြင့်။ ဇလံ-ဇလန္တော၊ တောက်ပလျက်။ ဇေတံ၊ လာလတ်သည်ကား။ ကော၊ အဘယ်လုလင်နည်း။

www.dhammadownload.com

၁၁၉။ တာတ၊ အမောင်သောဏ။ ဥက္ကာမုခပဟဋ္ဌံဝ။ ဦးသစ်သော ရွှေကဲ့သို့လည်းကောင်း။ ၁ဒိရဂ်ါရသန္နိဘံဝ၊ ဖုတ်အင်္ဂေသော မီးလျှံကင်းသော ရှာမီးကျီးအဆင်းကဲ့သို့ လည်းကောင်း။ အဿ၊ ထိုလုလင်၏။ မုခဠ၊ မျက်နှာသည်လည်း။ ရုစိယာ၊ ပြိုးပြိုးပြက်ပြက်။ ဘာတိ၊တောက်ပ၏။ သိရိယာ၊ မိမိအသရေဖြင့်။ ဇလံ-ဇလန္တော၊ တောက်ပလျက်။ ဧတိ၊ လာလတ်သည်ကား။ ကော၊ အဘယ်မင်းပေနည်း။

၁၂၀။ တာတ၊ ချစ်သားသောဏ။ အာဒိစ္စရံသာဝရဏံ၊ နေမင်း၏ အရောင်ကို ဟန့်ဆီးနိုင်သော။ မနောရမံ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ သ သလာကံ၊ အရိုးနှင့်တကွ။ ပဂ္ဂဟိတံ၊ ကိုင်စွဲအပ်သော။ ဆတ္တံ၊ ထီးသည်။ ကဿ ဆတ္တံ၊ အဘယ်မည်သောမင်း၏ ထီးပေနည်း။ သိရိယာ၊ မိမိအသရေဖြင့်။ ဇလံ-ဇလန္တော၊ ထွန်းတောက်ပလျက်။ ဧတိ၊ လာလတ်သည်ကား။ ကော၊ အဘယ်မည်သော မင်းပေနည်း။

၁၂၁။ တာတ၊ ချစ်သားသောဏ။အင်္ဂံ၊ ပရိသတ်ကို။ ပရိဂ္ဂယ္ဟ၊ ခြံရုံ၍။ ဥတ္တမံ၊ မြတ်သော။ ဝါလဗီဇနိံ၊ သားမြီးယပ်ကို။ အာဒါယ၊ ယူ၍။ စရန္တိ၊ ကောင်းစွာလာလတ်ကုန်၏။ ဟတ္ထိက္ခန္ဓေန၊ ဆင်ကျောက်ကုန်းထက်၌ စီးလျက်။ အာယတော၊ လာလတ်သော။ ဝရပုညဿ၊ မြတ်သော ပုန်းရှိသောမင်း၏။ နာဝံ၊ အမည်ကား။ ကံ၊ အဘယ်အမည်ရှိသနည်း။

၁၂၂။ တာတ၊ ချစ်သားသောဏ။ အာဇာနိယာ၊ အာဇာနည်မြင်းကျောက်ကုန်းထက်၌။ သေဘာနိ၊ ဖြူကုန်သော။ ဆတ္တာနိ၊ဆောင်းအပ်သော ထီးရှိကုန်သော မင်းတို့ကို။ ဝမ်မိကာ၊ ချပ်မိန့်ညို ပတ်ဆင်ကုန်သော သူရဲတို့သည်။ သမန္တာ၊ ထက်ဝန်းကျင်မှ၊ ပရိကိဏ္ဏာ၊ ခြံရုံကုန်၏။ သောဏာ၊ ထိုမင်းသည်။ ကောနာမ၊ အဘယ်အမည်ရှိသနည်း။ သိရိယာ၊ မိမိအသရေဖြင့်။ ဇလံ-ဇလန္တော၊ ယှဉ်းတောက်ပလျက်။ ဧတိ၊ လာလတ်သည်ကား။ ကော၊ အဘယ်မင်းပေနည်း။

၁၂၃။ တာတ၊ ချစ်သားသောဏ။ ယသသိနာ၊ များသော အခြံအရံရှိကုန်သော။ ဇကသတံဝတ္ထာ၊ တစ်ပုဒ်တစ်ယောက်သော မင်းတို့

www.dhammadownload.com

သည်။ အနုယန္တော၊ အစဉ်လိုက်ကုန်လျက်။ သမန္တော၊ ထက်ဝန်းကျင်မှ။ သနုပရိယန္တိ၊ ခြံရံကုန်၏။ သော ရာဇာ၊ ထိုမင်းသည်။ ကော၊ အဘယ်မင်းပေနည်း။ သိရိယာ၊ မိမိအသရေဖြင့်။ ဇလံ-ဇလန္တော၊ ထွန်းတောက်ပလျက်။ ဇေတိ၊ လာသည်ကား။ ဒကော၊ အဘယ်အမည်ရှိသော မင်းပေနည်း။

၁၂၄။ တာတ၊ ချစ်သားသောဏ။ စတုရင်္ဂနိယာ၊ လေးပါးအင်္ဂါရှိသော။ ဟတ္ထိအာဿ ရထပတ္တိသေနာယ၊ ဆင်,မြင်း,ရထား,ခြေသည်ဟု ဆိုအပ်သော စစ်သည်ဖြင့်။ သမန္တော၊ ထက်ဝန်းကျင်မှ။ အနုပရိယန္တိ၊ ခြံရံကုန်၏။ သိရိယာ၊ မိမိအသရေဖြင့်။ ဇလံ-ဇလန္တော၊ တောက်ပလျက်။ ဇေတိ၊ လာလတ်သည်ကား။ ကော၊ အဘယ်မည်သော မင်းပေနည်း။

၁၂၅။ တာဘ၊ ချစ်သားသောဏ်။ သာဂရဿ၊ သမုဒ္ဒရာ၏။ ဥမိယောဇ္ဈဝ၊ လှိုင်းတံပိုးကဲ့သို့။ အဇ္ဈောဘိဏိ အပရိယန္တော၊ အဇ္ဈောဘဏိလျှင် အဆုံးမရှိသော။ မဟတိ၊ မျှားစွာသော။ သေနာ၊ စစ်သည် အပေါင်းသည်။ ပိဋ္ဌိတော၊ နောက်မှ။ အနုဝတ္တတိ၊ အစဉ်တစိုက်လိုက်၏။ သော၊ ဤစစ်သည်အပေါင်းသည်။ ကဿ သေနာ၊ အဘယ်မင်း၏ စစ်သည်ပေနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုသို့ အဘာရသော့ကြီး မေးသော အခါ၌။ သောဏပဏ္ဍိတော၊ သောဏပဏ္ဍိတသည်။ ဇေတိ၊ ဤသို့။ အာဟ၊ ဖြေဆိုတော်မူ၏။

သောဏပဏ္ဍိ လျှောက်ကြားချက်

၁၂၆။ တာတ၊ ဖခင်သူမြတ်။ မဒနာဇော၊ မနောဇာ အမည်ရှိသော။ ရာဇာဓိရာဇာ၊ မင်းတကာတို့သည် ပူဇော်ထိုက်သော မင်းကြီးသည်။ ဇယတံ၊ ရန်အပေါင်းကို အောင်မြင်ခြင်းသို့ ရောက်ကုန်သော တာဝတိံသာနတ်တို့၏။ ပတိ၊ အရှင်ဖြစ်သော။ ဇေဋ္ဌေဝ၊ သိကြားနတ်မင်းကဲ့သို့။ နန္ဒဿ၊ ငါ့ညီနန္ဒ၏။ အဇ္ဈာဒရံ၊ လွန်ကျူးမိသော အပြစ်ကို။ ခမာပနတ္ထာယ၊ ကန်တော့အံ့သောငှာ။ ဗြဟ္မစာရိနံ၊ မြတ်သော အကျင့်ကို ကျင့်လေ့ရှိကုန်သော ဖခင်ရသေ့တို့၏။ အဿမံ၊ ကျောင်းသို့။ ဇေတိ၊ လာ၏။

၁၂၇။ တာတ၊ ဖခင်သူမြတ်။ သာဂရဿ၊ သမုဒ္ဒရာ၏။ ဥမိယောဇ္ဈဝ၊ လှိုင်းတံပိုးတို့ကဲ့သို့။ အဇ္ဈောဘိဏိ အပရိယန္တော၊ အဇ္ဈောဘဏိလျှင်

www.dhammadownload.com

အဆုံးမရှိသော။ မဟတီ၊ မျှားစ့ဉသော။ သေနာ၊ စစ်သည်အပေါင်း သည်။ ဝိဋ္ဌတော၊ နောက်မှ။ အနုဝတ္တတိ၊ အစဉ်တစိုက်လိုက်၏။ သော၊ ဤစစ်သည်အပေါင်းသည်။ တဿ၊ ထို မနောဇာမင်းမြတ်၏။ သေနာ၊ စစ်သည်တော် အပေါင်းကည်း။ ဣတိ၊ ဤသို့။ သောဏပဏ္ဍိတော၊ သောဏပညာရှိသည်။ အာဟ၊ ဖြေဆို၏။

မင်းတစ်ရာ့တစ်ပါးတို့ ကန်တော့ပြီ

ထိုတစ်ရာ့တစ်ပါးသော မင်းတို့သည် ဆည်းကပ်ခစားအံ့သော ငှာ ရောက်လာသောအကြောင်းကို ပြုတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၁၂၇။ အနုလိတ္တာ စန္ဒနေန၊ ကာသိကုတ္တမဓာရိနော။
သဗ္ဗေ ဥဠာလိကာ ဟုတ္ဝာ၊ ဣသိနံ အဇ္ဈုပါဂမုံ—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၁၂၇။ ဘိက္ခဝေ၊ ရဟန်းတို့။ စန္ဒနေန၊ ကောင်းသောအနံ့ ရှိသော စန္ဒကူးနံ့သာဖြင့်။ အနုလိတ္တာ၊ လိမ်းကျံကုန်ပြီး၍။ ကာသိကုတ္တမဓာရိနော၊ ကာသိတိုင်းဋ္ဌဖြစ်သော မြတ်သော ပုဆိုးတော်ကို ဝတ်ကုန်ပြီးသော။ သဗ္ဗေ၊ အလုံးစုံ တစ်ရာ့တစ်ပါးသော မင်းတို့သည်။ ပဠာလိကာ၊ လက်အုပ်ချီကုန်သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ ဣသိနံ၊ ရသေ့တို့၏။ သန္တိကံ၊ အထံသို့။ အဇ္ဈုပါဂမုံ၊ ရှိသေစွာ ဆည်းကပ်လာကုန်၏။

ထိုသို့ဆည်းကပ်ပြီးသော နောက်မှ မနောဇာမင်းကြီးသည် ထိုသောဏရှင်ရသေ့ကို ရှိခိုး၍ တင့်အပ်လျောက်ပတ်သော အရပ်၌နေလျက် ပျူငါလောကဝတ်ကို ပြုလိုရကား—

၁၂၉။ ကစ္စိ နု ဘောတော ကုသလံ၊
ကစ္စိ ဘောတော အနာမယံ။
ကစ္စိ ဥဉ္ဆေန ယာပေထ၊ ကစ္စိ မူလဖလာ ဗဟူ။
၁၃၀။ ကစ္စိ ဘုံသမကသာ စ၊ အပ္ပမေဝ သရီသပါ။
ဝနေ ဝါဠမိဂါကိဏ္ဏေ၊ ကစ္စိ ဟိ ဘသာန ဝိဇ္ဇတိ—

ဟူသော ဤဂါထာနှစ်ခုတို့၏ အပေါင်းကို ဆို၏။

www.dhammadownload.com

၁၂၉။ ဘန္တေ၊ အရှင်ဘုရား။ ကစ္စိ၊ အသ္စိနည်း။ ဘောတော၊ အရှင်ဘုရားအား။ ကုသလံ နု၊ အပြစ်ကင်းပါ၏လော။ ကစ္စိ၊ အသ္စိနည်း။ ဘောတော၊ အရှင်ဘုရားအား၊ အနာဗယံ၊ အနာ ကင်းပါ၏လော။ ကစ္စိ၊ အသ္စိနည်း။ ဥဉ္ဆေန၊ သပိတ်လက်စုံ၍ ဆွမ်းခံသဖြင့်။ ယာပေထ၊ မျှပါကုန်၏လော။ ကစ္စိ၊ အသ္စိနည်း။ မူလဖလာ၊ တောသစ်မြစ် သစ်သီး တို့သည်။ ဗဟူ၊ များပါကုန်၏လော။

၁၃၀။ ကစ္စိ၊ အသ္စိနည်း။ ဝါဠမိဂါကိဏ္ဏော၊ သားရဲတို့ဖြင့် ပြွမ်းသော။ ဝနေ၊ တောဌ်။ သရီသပါ စ၊ မြေကင်း သန်း တို့သည် လည်း ကောင်း။ ဒုံသ မကသာစ၊ မှတ်ခြင်တို့သည် လည်းကောင်း။ အပ္ပမေဝ၊ နည်းပါ၏လော။ ကစ္စိ၊ အသ္စိနည်း။ ဟိ သာ၊ ညှဉ်းဆဲခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိ ကင်းပါ၏လော၊

ထို့နောင်မှ သော်ဏပညာရှိသည် ထိုမနေဇာမင်း၏ ပျူငှာသောက ဝတ်ဖြင့် မေးလျှောက်သောအမေးကို ဖြေတော်မူသဖြင့် ပျူငှာသောက ဝတ်ကို ပြုတော်မူလိုရကား—

၁၃၁။ ကုသလဉ္စေဝ နော ရာဇ၊ အထော ရာဇ အနာမယံ။
အထောဥဉ္ဆေန ယာပေမ၊ အထော မူလဖလာ ဗဟူ။

၁၃၂။ အထော ဒုံသမကသာ စ၊ အပ္ပမေဝ သရီသပါ။
ဝနေ ဝါဠမိဂါကိဏ္ဏော ဟိ သာမယ္ဟံ န ဝိဇ္ဇတိ။

၁၃၃။ ဗဟူနိ ဝဿပူဂါနိ၊ အဿမ သမ္မတံ ဣဓ။
နာဘိဇာနာမိ ဥပ္ပန္နံ၊ အာဗာဓံ အမနောဂမံ။

၁၃၄။ သွာဂတန္တေမဟာရာဇ၊ အထော တေ အဒုရာဂတံ။
ဣဿရောသိအနုပ္ပတ္တော၊ ယံ ဣဓတ္ထိ ပဝေဒယ။

၁၃၅။ တိန္နဉ္စကာနိ ပိယာလာနိ၊ မဓုကေသာ သုမာရှိယော။
ဖလာနိ ခုဒ္ဒကပ္ပါနိ၊ ဘုဉ္ဇ ရာဇ ဝရံ ဝရံ။

၁၃၆။ ဣဒံပိ ပါနိယံ သီတံ၊ အာဘတံ ဂိရိဂဗ္ဘရာ။
တတော ပိဝ မဟာရာဇ၊ သစေ ကံ အဘိကင်္ခသိ။

ဟူသော ဤခြောက်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

၁၃၁။ ရာဇ၊ မင်းမြတ်။ နော၊ ငါတို့အား။ ကုသလဥ္စေဝ၊ အပြစ်မရှိသည်သာလျှင်တည်း။ ရာဇ၊ မင်းမြတ်။ အဓေဝ၊ ထိုမှတစ်ပါး။ အနာမယံ၊ အနာကင်းသည်သာတည်း။ အဓေဝ၊ ထိုမှတစ်ပါး။ ဥဉ္ဆေန၊ သပိတ်လက်စွဲ၍ ဆွမ်းခံသဖြင့်။ ယာပေမ၊ မျှလောက်ပါကုန်၏။ အဓေဝ၊ ထိုမှတစ်ပါး။ မူလဖလာ၊ ဝေဘသစ်မြစ် သစ်သီးတို့သည်။ ဗဟူ၊ များပေကုန်၏။

၁၃၂။ အဓေဝ၊ ထိုမှတစ်ပါး။ ဝါဠမိဂါကိဏ္ဏော၊ သားရဲတို့ဖြင့်ပြွမ်းသော။ ဇနေ၊ တောင်၌။ သရီသပါစ၊ မြေကင်းသန်းတို့သည် လည်းကောင်း။ ခုံသမကသာ စ၊ မှက်ခြင်တို့သည်လည်းကောင်း။ အပ္ပမေဝ၊ နည်းပေကုန်သလျှင်ကတည်း။ မယှံ၊ ငါအား။ ဟိ သာ ညှဉ်းဆဲခြင်းသည်။ နဝိဇ္ဇတိ၊ မရှိပေ။

၁၃၃။ မဟာရာဇ၊ မင်းမြတ်။ ဣဓ အဿမေ၊ ဤကျောင်း၌။ သမဏာ၊ နေကုန်သော ငါတို့အား။ ဝဿပုဂါနံ၊ နွှစ်အပေါင်းတို့သည်။ ဗဟူနံ၊ များစွာကုန်ပြီ။ ဥပဂန်၊ မြစ်ထသော။ အာဗာဓံ၊ ဖျားနာခြင်းကို လည်းကောင်း။ အမနောရမံ၊ မနှစ်သက်ဖွယ်ကို လည်းကောင်း။ နာဘိဇာနာမိ၊ မသိစဘူး။

၁၃၄။ မဟာရာဇ၊ မင်းမြတ်။ တေ၊ သင်မင်းမြတ်၏။ အာဂတာ၊ လာခြင်းသည်။ သွာဂတာ၊ ကောင်းသောလာခြင်းသည်။ အဓေဝ၊ ထိုမှတစ်ပါး။ တေ၊ သင် မင်းမြတ်၏။ အာဂတာ၊ လာခြင်းတည်း။ အဒေဝ၊ ထိုမှတစ်ပါး။ တေ၊သင် မင်းမြတ်၏။ အာဂတာ၊လာခြင်းသည်။ အဒုရာဂတာ၊ အပြစ်မဲ့သော လာခြင်းတည်း။ ဣဿရာ၊ လူတို့ကို အစိုးရသောမင်းမြတ်သည်။ အနုပဂတော၊ ရောက်တော်မူလာပေသလျှင်ကတည်း။ ဣဓ၊ ဤအရပ်၌။ ယံ၊ အကြင်အလိုသည်။ အတ္ထိ၊ ရှိ၏။ ထိုအလိုကို။ ပဝေဒယ၊ ကြားတော်မူလော့။

၁၃၅။ မဟာရာဇ၊ မင်းမြတ်။ တိန္ဒုကာနိ စ၊ ဇလွှဲသီးတို့သည် လည်းကောင်း။ ပိယာလာနိ စ၊ လွန်သီးတို့သည် လည်းကောင်း။ မဓုကာ စ၊ သစ်မြည်စည်သီး ထောက်ချာသီးတို့သည် လည်းကောင်း။ သုမာ

www.dhammadownload.com

ရိယော စ၊ သရက်ဖြူသီးတို့သည် လည်းကောင်း။ ဘောနိ ဖလာနိ၊ ထို သစ်သီးတို့သည်။ ခုဒ္ဒကပွါနိ၊ ပျားမွှဲ အရသာရှိကုန်၏။ ရာဇ၊ မင်းမြတ်။ ဝရံ ဝရံ ချိုနိုးရာကို။ ဘုဥ္ဇ၊ စားတော်မူလော့။

၁၃၆။ မဟာရာဇ၊ မင်းမြတ်။ ဣဒံပိ ပါနိယံ၊ ဤသောက်ခရသည်လည်း။ သီတံ၊ အေးစွာ၏။ ဂိရိဂဗ္ဘရာ၊ အနဝဘတ်အိုင်မှ။ အာဘတံ၊ ဆောင်အပ်၏။ ဘုံ၊ သင်မင်းမြတ်သည်။ သစေ အာဘိကင်္ခသိ၊ အကယ်၍ အလိုရှိအံ့။ တတော၊ ထိုရေအိုးစင်မှ။ ဂဟေတ္ဝာ၊ ယူ၍။ ပိဝ၊ သောက်တော်မူလော့။

ထို့နောင်မှ မနောဇာမင်းသည် ဘုရားလောင်းစကားကို ဝန်ခံသဖြင့် ထိုဘုရားလောင်းအား ကန်တော့ခံစိမ့်သောငှါ တောင်းပန်လို ရကား-

၁၃၇။ ပဋိဂ္ဂဟိတံ ယံ ဒိန္နံ၊ သဗ္ဗဿ အဂ္ဂိယံ ကတံ။
နန္ဒဿာပိ နိသာမေထ၊ ဝစနံ သော ပဝက္ခတိ။
၁၃၈။ အဇ္ဇာစာရမှာ နန္ဒဿ၊ ဘောတော သန္တိက မာဂတာ။
သုဏာတု ဘဝံ ဝစနံ။ နန္ဒဿ ပရိသာယ စ။

ဟူသော ဤဂါထာတို့ကို ဆို၏။

၁၃၇။ ဘန္တေ၊ အရှင်ဘုရား။ ယံဝစနံ၊ အကြင် ယံကုမတ္ထိပဝေဒယဟူသောစကားဖြင့်။ ဒိန္နံ၊ ပေးတော်မူအပ်၏။ တံ ဝစန၊ ထို ယံကုမတ္ထိပဝေဒယဟူသောစကားကို။ အမှေဟိ၊ အကျွန်ုပ်တို့သည်။ ပဋိဂ္ဂဟိတံ၊ ခံပါ၏။ သဗ္ဗဿံ၊ အလုံးစုံသော အကျွန်ုပ်တစ်စုတို့အား။ အဂ္ဂိယံ၊ ပန်ခြင်းကို။ ကတံ၊ ပြုသည်မည်ပေ၏။ နန္ဒဿပိ၊ နန္ဒပညာရှိအားလည်း။ နိသာမေထ၊ သည်းခံတော်မူပါကုန်။ သော၊ ထိုနန္ဒပညာရှိသည်။ ဝစနံ၊ စကားကို။ ပဝက္ခတိ၊ ကြားလျှောက်ပါလတ္တံ့။

၁၃၈။ ဘန္တေ၊ အရှင်ဘုရား။ နန္ဒဿ၊ နန္ဒပညာရှိ၏။ အဇ္ဈာစာရမှာ၊ ပြစ်မှားမိသော အပြစ်ကြောင့်။ ဘောတော အရှင်ဘုရား၏။ သန္တိကံ၊ အထံသို့။ အာဂတာ၊ ရောက်လာကုန်၏။ နန္ဒဿ စ၊ နန္ဒပညာ

www.dhammadownload.com

ရှိ၏ လည်းကောင်း။ ပရိသာယစ၊ ပရိသတ်၏ လည်းကောင်း။ ဝစနံ၊ ကို။ ဘဝံ၊ အရှင်ဘုရားသည်။ သုဏာတု၊ နာတော်မူလော့။

နန္ဒရဿ တောင်းပန်ခြင်း

ဤသို့ မနောဇာမင်း တောင်းပန်ပြီးသော် နန္ဒရဿ သည် နေရာမှ ထ၍ မယ်တော် ခမည်းတော်တို့ကို လည်းကောင်း, နောင်တော် သောဏရဿ ကို လည်းကောင်း ရှိခိုး၍ မိမိပရိသတ်နှင့်တကွ စကားပြောလို ရကား—

၁၃၉။ ပရောသတံ ဇာနပဒါ၊ မဟာသာလာ စ ဗြဟ္မဏာ။
ဣမေ စ ခတ္တိယာ သဗ္ဗေ၊ အဘိဇာလာ ယသဿိနော။
ဘဝံ စ ရာဇာ မနောဇာ၊ အနုမညန္တု မေ ဝစော ။လ။
၁၄၅။ ဥဒ္ဒါနပါရိစရိယာယ၊ မာတာ ပိတု သုခါဝဟံ။
တံ မံ ပုညာ နိဝါရေတိ၊ အရိယမဂ္ဂါဝရော နံရော—

ဟူသော ဤခုနစ်ဂါထာတို့ကို ဆို၏။

၁၃၉။ ပရောသတံ၊ တစ်ရာမက လွန်ကုန်သော။ ဇာနပဒါ၊ ဇနပုဒ် ဠဲနေကုန်သော။ မဟာသာလာ စ၊ ဂဟပတိ မဟာသာလတို့သည် လဲည်း ကောင်း။ ဗြာဟ္မဏာ စ၊ အထုတ်သို့ ရောက်ကုန်ပြီးသော ပုဏ္ဏား‌တို့သည် လည်းကောင်း။ အဘိဇာတာ၊ မြတ်သောအမျိုးဠဲ ဖြစ်ကုန်သော။ ဟသ-ဿိနော၊ များ‌သော အခြံအရံရှိကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဣမေ စ ခတ္တိယာ၊ ဤတစ်ရာသော မင်းတို့သည်လည်းကောင်း။ မနော-ဇော၊ မနောဇာ အမည်ရှိသော။ ဘဝံ စ ရာဇာ၊ အရှင်မင်းကြီးသည် လည်းကောင်း။ မေ၊ ငါ၏။ ဝစော၊ စကားကို။ အနုမညန္တု၊ သို့စေ ကုန်သတည်း။

၁၄၀။ သမိတာဝီရာ၊ အညီအညွတ် စည်းဝေးလာကုန်သော။ ယေစ ဒေဝါ၊ အကြင်နတ်တို့သည် လည်းကောင်း။ ဣဓ အဿမေ၊ ဤ ကျောင်းအရပ်၌။ ဝသန္တာ၊ စောင့်နေကုန်သော။ ယေ စ ယက္ခာနံ၊ အကြင်နတ်တို့သည် လည်းကောင်း။ အရညေ၊ ဟိမဝန္တာ တောအရပ်၌။ ဝသန္တာ၊ နေကုန်သော။ ယာနိ စ ဘူတာဘဗျာနိ၊ အကြင် အသက်

www.dhammadownload.com

အရွယ်ကြီးခြင်းသို့ ရောက်ကုန်ပြီးသော နတ်, ငယ်နုကုန်သော နတ်တို့သည် လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ တေ ဒေဝါ၊ ထို နတ်တို့သည်။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏန္တု၊ နာစေကုန်သတည်း။

၁၄၁။ ဘူတာနံ၊ နတ်တို့အား။ နမော၊ ရှိခိုးခြင်းကို။ ကတ္ဝါန၊ ပြုပြီး၍။ ကောသိယ၊ ကောသိယအန္တယ်ဖြစ်တော်မူသော နောင်တော် သူမြတ်။ သုဗ္ဗတံ၊ ကောင်းသောအကျင့်ရှိသော။ ဣသိ၊ သီလကျွန္ဓ အစရှိသော ကျေးဇူးအပေါင်းကို။ ရှာမှီးလေ့ရှိသော။ သောအဟံ၊ ထိုအကျွန်ုပ်သည်။ တေ၊ သင်နောင်တော်သူမြတ်အား။ ဒက္ခိဏာဗဟာဟု။ လက်ယာလက်ရုံးကဲ့သို့။ သမ္မတော၊ အမှတ်ရှိသည်ဖြစ်၍။ တဝ၊ နောင်တော်သူမြတ်အား။ ဝက္ခာမိ၊ ကြားလျောက်ပါအံ့။

၁၄၂။ ဝီရ၊ ကြီးသောလုံ့လ ရှိတော်မူသော။ ကောသိယ၊ ကောသိယအန္တယ်ဖြစ်သော နောင်တော်သူမြတ်။ ပိတရဉ္စ၊ အဘကို လည်းကောင်း။ ဇနေတ္တိဉ္စ၊ အမိကို လည်းကောင်း။ ဘတ္တုကာမသာ၊ လုပ်ကျွေးလိုသည်ဖြစ်၍။ သေတော၊ ရှာထသော။ မေ၊ အကျွန်ုပ်၏။ ဣဒံ ဌာနံ၊ ဤ အမိအဘတို့အား လုပ်ကျွေးခြင်းတည်းဟူသော။ ပုညံ၊ ကောင်းမှုကို။ ကရောန္တံ၊ ပြုသော။ မံ၊ အကျွန်ုပ်ကို။ မာဝဓိရယ၊ ဖြစ်တော်မမူလင့်။

၁၄၃။ ဟိ-သစ္စံ၊ မှန်၏။ ဧတံ၊ ဤအမိအဘတို့အား လုပ်ကျွေးခြင်းကို။ သဇ္ဇီ၊ ဘုရားအစရှိသော သူတော်ကောင်း အပေါင်းတို့သည်။ ဥပညာတံ၊ ကပ်၍ သိအပ်ချီးမွမ်းအပ်၏။ ဧတံ၊ ဤ အမိအဘတို့အား လုပ်ကျွေးခြင်း တည်းဟူသော ကောင်းမှုကို။ မမ၊ အကျွန်ုပ်အား။ ဥပနိဿဇ၊ ပေးတော်မူပါလော့။ ဥဋ္ဌာနပါဓိစရိယာယ၊ ထကြွလုံ့လ လုပ်ကျွေးခြင်းဖြင့်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး။ တယာ၊ သင် နောင်တော်သူမြတ်သည်။ ကုသလံ၊ မိဘတို့အား လုပ်ကျွေးခြင်းတည်းဟူသော ကောင်းမှုကို။ ကတံ၊ ပြုတော်မူပြီ။ ဣဒါနိ၊ ယခုအခါ၌။ အဟံ၊ အကျွန်ုပ်သည်။ မာတာပိတူသု၊ မိဘတို့၌။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကတ္တုကာမော၊ ပြုလိုပါ၏။ မမ၊ အကျွန်ုပ်အား။ လောကဒေဝါ၊ နတ်ရွာကိုပေးသည်။ ဘဝ၊ ဖြစ်တော်မူပါလော့။

၁၄၄။ ဣသေ၊ သီလကျွန္ဓ အစရှိသော ကျေးဇူးအပေါင်းကို ရှာလေ့ရှိတော်မူသော နောင်တော်သူမြတ်။ တုံ၊ သင် နောင်တော်သူမြတ်သည်။

F54(၅၅၀-ပဋိမ)

www.dhammadownload.com

ဇာနာသိယထာ၊ သိတော်မူသကဲ့သို့။ တထေဝ၊ ထို့အတူ သည်းကောင်းလျှင်။ ဓမ္မေ၊ ကြီးသောသူတို့အား အရိုအသေပြုခြင်းအဖြစ်ဟု ဆိုအပ်သော တရားအစုဉ်။ ဓမ္မပဒံ၊ ကြီးသောသူအား အရိုအသေပြုခြင်း အဖြစ်ဟုဆိုအပ်သော တရားအစု၏ အကြောင်းကို။ ဝိဒူ၊ သိကုန်သော။ မနုဇာ၊ တစ်ပါးသော မင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ ကိန္တိ၊ အသို့သိကုန်သနည်း ဟူမူကား။ သဂ္ဂဿ လောကဿ၊ နတ်ရွာကို ရခြင်း၏။ မဂ္ဂေါ၊ အကြောင်းဟူ၍။ ဝိဒူ၊ သိပါကုန်၏။

၁၄၅။ ယော နု ရော၊ အကြင်သူသည်။ ဥဒ္ဓဒေနုပါဒိရိစရိယာယ၊ ထကြွလုံ့လ လုပ်ကျွေးခြင်းဖြင့်။ မာတာပိတု သုခါဝဟံ၊ အမိအဘတို့ချမ်းသာကိုဆောင်တတ်သော။ တံမံ၊ ထိုအကျွန်ုပ်ကို။ ပုညာ၊ ကောင်းမှုမှ၊ နိဝါရေတိ၊ တားမြစ်၏။ သောနရော၊ ထိုသူသည်။ အရိယမဂ္ဂါဝရော၊ ချစ်မြတ်နိုးအပ်သော နတ်ရွာခရီးကို ပိတ်ဆီးတတ်သော သူမည်သည်။ ဟောတိ၊ ဖြစ်၏။

သောဏပညာရှိ၏ မိန့်ခွန်း

ဤသို့ နန္ဒပညာရှိ ဆိုလတ်သော် နောင်တော် သောဏရသေ့သည် "ဤ နန္ဒစကားကို နှုတ်မြွက်မင်းကြီးတို့သည် ရှေးဦးစွာ ကြားတော်မူပြီ၊ ယခု အခါ ငါ၏စကားကိုလည်း နာတော်မူကုန်လော့" ဟု မိန့်တော်မူ၍ ကြားလိုရကား-

၁၄၆။ သုဏန္တု ဘောဒန္တော ဝစနံ၊ ဘာတုရဋ္ဌာဝရာ မမ။
ကုလဝံသံ မဟာရာဇာ၊ ပေါရာဏံ ပရိဟာပယံ။
အမမူစာရီ ဇေဋ္ဌသု၊ နံရယံ သောပပဇ္ဇတိ။
၁၄၇။ ယေ စ မမ္မဿ ကုသလာ၊ ပေါရာဏဿ ဒိသမ္ပတိ။
စာရိတ္တေနုပစသမ္မန္နာ၊ နရေ ဂစ္ဆန္တိ ဒုဂ္ဂတိံ။
၁၄၈။ မာတာ ပိတာ စ ဘာတာ စ၊ ဘဂိနီ ဉာတိ ဗန္ဓဝါ။
သမ္မေ ဇေဋ္ဌဿ တေ ဘာရာ၊ ဧဝံ၊ ဇာနာဟိ ဘာရဓ။
၁၄၉။ အာဒိယိတ္ဝာ ဂရုံ ဘာရံ၊ နာဝဳံကော ဝိယ ဥဿဟာ။
ဓမ္မဋ္ဌ နုပဓမ္ဘာမိ၊ ဇေဋ္ဌော စသ္မိ ရထေသဘ—

ဟူသော ဤလေးဂါထာတို့ကို ဆိုတော်မူ၏၊

www.dhammadownload.com

၁၄၆။ မမ၊ ငါ၏။ ဘာတုရင်္ဂျာဝဏ္ဏ၊ ညီတော်နန္ဒ ပရိသတ် ဖြစ်၍။ အာဂဝတာ၊ ရောက်လာကြကုန်သော။ ဘောန္တော ရာဇာနော၊ အို....မင်းများတို့။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏန္တု၊ နာကြကုန်။ မဟာရာဇ၊ မြတ်သော မနောဇာမင်းမြတ်။ ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ပေါရာဏံ၊ ရှေးဦးဖြစ်သော။ ကုလဝံသံ၊ အမျိုးအနွယ်ကို။ ပရိဟာပယံ-ပရိဟာပယန္တော၊ ယုတ်စေလျက်၊ ဇေဋ္ဌေသု၊ ဂုဏ်ဖြင့် ကြီးသောသူ, အရွယ်ဖြင့် ကြီးသောသူတို့၌။ အဓမ္မစာရီ၊ မရိုမသေပြုခြင်း အစ ရှိသော ဒုစရိုက်တရားကို ကျင့်လေ့ရှိ၏။ သောပုဂ္ဂလော၊ ထိုဂုဏ်ဖြင့် ကြီးသောသူ, အရွယ်ဖြင့်ကြီးသောသူတို့၌ မရိုမသေပြုခြင်း အစရှိသော ဒုစရိုက်တရားကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်သည်။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။

၁၄၇။ ဒိဿမ္ပတိ၊ အရပ်မျက်နှာ အရှင် ဖြစ်တော်မူသော မင်းမြတ်။ ယေ စ၊ အကြင်ပုဂ္ဂိုလ်တို့သည်ကား။ ပေါရာဏာသာ၊ ရှေးဦး ဖြစ်သော။ ဓမ္မာသာ၊ ကြီးသောသူတို့အား အရိုအသေပြုခြင်း အစရှိသော ကုသိုလ်တရားကို ကျင့်ခြင်း၌။ ကုသလာ၊ လိမ္မာကုန်၏။ စာရိတ္တေန၊ အကျင့်သိလှန့်။ သမ္ပန္နာ၊ ပြည့်စုံကုန်၏။ တေ ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်တို့သည်။ ဒုဂ္ဂတိံ၊ ဒုဂ္ဂတိသို့။ န ဂစ္ဆန္တိ၊ မရောက်ကုန်။

၁၄၈။ ဘာရဓ၊ ပြည်ကြီးဝန်ကို ရွက်ဆောင်တော် မူတတ်သော မင်းမြတ်။ မာတာ စ၊ အမိသည် လည်းကောင်း။ ပိတာ စ၊ အဘသည် လည်းကောင်း။ ဘာတာ စ၊ ညီတို့သည် လည်းကောင်း။ ဘဂိနီ စ၊ နှမတို့သည် လည်းကောင်း။ ဉာတိ စ၊ အဆွေအမျိုးတို့သည် လည်းကောင်း။ ဗန္ဓဝါ စ၊ အဆွေခင်ပွန်းတို့သည် လည်းကောင်း။ တေ သဗ္ဗေ၊ ထိုအလုံးစုံကုန်သော သူတို့သည်။ ဇေဋ္ဌေ၊ သားကြီး၏။ ဘာရာ၊ ဝန်တို့တည်း။ ဇေဝံ၊ ဤသို့။ ဇာနာဟိ၊ သိတော်မူလော့။

၁၄၉။ ရထေသဘ၊ ရထားစီးခြင်း မင်းတကာတို့ထက် မြတ်တော် မူသော မင်းမြတ်။ နာဝိဂေါ၊ လေ့မှုးသည်။ ဂရုံ၊ လေးစွာသော။ ဘာရံ၊ ဝန်ကို။ အာဒိယိတ္ဝာ၊ တင်၍။ ဉာဏဂေါ ဝိယ၊ လုံလ ပြုရာသကဲ့သို့။ တထာ၊ ထို့အတူ။ အဟဉ္စ၊ ငါသည်လည်း။ ဖေ၊ ထိုမိဘတို့ကို။ ဉာဏ-

www.dhammadownload.com

ဟာမိ၊ လုံ့လပြုရ၏။ ဓမ္မဥ္စ၊ ကြီးသောသူတို့သည် ကျင့်ရာသော တရား ကိုလည်း။ နပ္ပမဇ္ဇာမိ၊ ငါ မမေ့။ ဇေဋ္ဌော စ၊ အကြီးသည်လည်း။ အာသို့၊ ဖြစ်၏။

မင်းမျှား ကြည်ညိုသွားကြပြီ

ထိုစကားကို ကြား၍ အလုံးစုံသော မင်းတို့သည် အလွန် ဝမ်း မြောက်ကုန်သည်ဖြစ်၍ ကြင်းသော သားချင်းတို့သည် အစ်ကိုကြီး၏ ဝန် ဖြစ်သတတ်ဟူ၍ ယနေ့ ငါတို့သည် သိရပေပြီဟု နန္ဒရသေ့ကိုစွန့်၍ ဘုရား လောင်းကို ခြံရုံကုန်လျက် ဘုရားလောင်းအား ကောင်းချီးပေးခြင်းပြုလို ရကား—

၁၅၀။ အဓိဂမာ တမေ ဉာဏံ၊ ဇလံဝ ဇာတဝေဒတော။
ဧဒေမေဝ နော ဘဝံ ဓမ္မံ၊ ကောသိယော ပဝိဒံသယိ။
၁၅၁။ ယထာ ဥဒယ မာဒိစ္စော၊ ဝါသုဒေဝါ ပဘင်္ကရော။
ပါဏိနံ ပဝိဒံသေတိ၊ ရူပံ ကလျာဏ ပါပကံ။
ဧဝမေဝ နော ဘဝံ ဓမ္မံ၊ ကောသိယော ပဝဒံသယိ—

ဟူသော ဤနှစ်ဂါထာတို့ကို ဆိုကုန်၏။

၁၅၀။ ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဣတော၊ ဤအခါမှ။ ပုဗ္ဗေ၊ ရှေးကာလ၌။ တမေ၊ ကြီးသောသူတို့ ကျင့်ရာသော တရားတို့ကို ဖုံးလွှမ်းတတ်ကုန်သော ငမောဟတို့ကို။ အဇ္ဇ၊ ယနေ့။ ဇလံ၊ ထွန်းလင်းစေနိုင်သော။ ဉာဏံ၊ သိခြင်းဉာဏ်ကို။ အဓိဂမာ၊ ရပေကုန်ပြီ။ ဘန္တေ၊ အရှင်ဘုရား။ ယထာ၊ ဥပမာမည်သည်ကား။ ဇလံ-ဇလန္တော၊ တောက်ပသော။ ဇာတဝေဒတော၀၊ မိုက်သောအခါ တောင်ထိပ်၌ တောက်ပသော တောမီးကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ကောသိ ယော၊ ကောသိယ အနွယ်ဖြစ်သော။ ဘဝံ၊ အရှင်ဘုရားသည်။ နော။ အကျွန်ုပ်တို့အား။ ဓမ္မံ၊ ကြီးသောသူတို့ပြုသော ကျင့်ဝတ်ဟရားကို။ ပဝိ-ဒံသယိ၊ ပြတော်မူပေ၏။

၁၅၁။ ဘန္တေ၊ အရှင်ဘုရား။ ပဘင်္ကရော၊ အရောင်ကို ပြုအပ် တတ်သော။ ဝါသုဒေဝါ၊ ဒြဗ်ကိုပြတတ်သော။ ဥဒယံ-ဥဒယန္တော၊

www.dhammadownload.com

တက်ထွန်းသော။ အာဒိစ္စော၊ နေမင်းသည်။ ပါဏီနုံ၊ သတ္တဝါကိုအား။ ကလျာဏပါပကုံ၊ ကောင်းမ့ကောင်းဖြစ်သော။ ရူပံ၊ ရူပါရုံကို။ ပဝိဒံသေတိ ယထာ၊ ပြသကဲ့သို့။ ဧဝမေဝ၊ ဤ အတူသာလျှင်။ ကောသိယော၊ ကောသိယအန္ဓယ် ဖြစ်တော်မူသော။ ဘဲဝံ၊ အရှင်ဘုရားသည်။ နော၊ အကျွန်ုပ်တို့အား။ ဓမ္မံ၊ ကြီးသောသူတို့သည် ပြုရာသော ကျင့်ဝတ်တရားကို။ ပဝိဒံသယိ၊ အပြားအားဖြင့် ပြတော်မူပေ၏။

ဤသို့လျှင် ဘုရားလောင်း သောဏ ရှင်ရသေ့သည် ဤမျှလောက်သော ကာလပတ်လုံး နန္ဒပညာရှိ၏ တန်ခိုးပြာဋိဟာကို မြင်ရကုန်၍ ထိုနန္ဒပညာရှိ၌ ကြည်ညိုသောစိတ် ရှိကုန်သော ထိုမင်းတို့ကို မိမိဉာဏ်အစွမ်းဖြင့် ထိုနန္ဒပညာရှိ၌ ကြည်ညိုခြင်းကို ဖျက်ဆီး၍ မိမိစကားကို ယူစေသဖြင့် အလုံးစုံသော ပရိသတ်တို့ကို မိမိသို့ ရှေးရှုကြည့်စေသည်တို့ကို ပြုတော်မူလေ၏။

ညီတော် တောင်းပန်ခြင်း

ထိုအခါ ညီတော် နန္ဒရသေ့သည် ငါ၏နောင်တော်သည် ပညာရှိ၏၊ ဥပါယ်တံမျဉ်၌ လိမ္မာတော်မူ၏၊ တရားဟော ပုဂ္ဂိုလ်တည်း၊ ငါ၏ အလုံးစုံသော ပရိသတ်တို့ကိုလည်း ဖျက်ဆီး၍ မိမိအသင်းအပင်းကို ပြုနိုင်၏၊ ဤ ငါနောင်တော်ကိုထား၍ ငါနောင်တော်မှတစ်ပါး ငါ့အား ကိုးကွယ်ရာမရှိပြီ၊ ဤ ငါ့နောင်တော်ကိုသာ တောင်းပန်အံ့ဟု ကြံ၍ တောင်းပန်လိုရကား-

၁၅၂။ ဧဝံ မေ ယာစမာနဿ၊ အဠာလိ နာဝဗုဇ္ဈထ။
တဝုပဋ္ဌာစာရော ဟောဿံ၊ ဗုဋ္ဌိတော ပရိစာရိကော-

ဟူသော ဤဂါထာကို ဆို၏။

၁၅၂။ ဘာတိက၊ နောင်တော်သူမြတ်။ ဧဝံ၊ ဤသို့။ ခမနုတ္ထာယ၊ သည်းခံစိမ့်သောငှာ။ ယာစမာနဿ၊ တောင်းပန်ပါသော။ မေ၊ အကျွန်ုပ်၏။ အဠာလိ၊ လက်အုပ်ကို။ တုမ္မေ၊ နောင်တော်သူမြတ်တို့သည်။ သစေ နာဝဗုဇ္ဈထ၊ အကယ်၍ ခံတော်မမူကုန်အံ့။ တုမ္မဝ၊ နောင်တော်တို့သည် သာလျှင်။ မာတာပိတရော၊ အမိအဘတို့ကို။ ဥပဋ္ဌဟထ၊ လုပ်ကျွေးတော်

www.dhammadownload.com

မှုကုန်လေ၄။ အဟံပန၊ ကျွန်ုပ်သည်ကား။ တဝ၊ နောင်တော်သူမြတ်၏။ ဥပဋ္ဌာဝစာရော၊ အမှူလုပ်ဖြစ်သော။ စုဋ္ဌိတော၊ မပျင်းမရိသော။ ပရိစာရိကော၊ အလုပ်အကျွေးသည်။ ဟေဿံ၊ ဖြစ်ပါအံ့။

မိဘလုပ်ကျွေးခွင့်ရပြီ

ဘုရားလောင်းအား ပကတိအားဖြင့်လည်း ညီတော် နန္ဒပညာရှိဋ္ဌ အမျက်ထွက်ခြင်းသည် လည်းကောင်း, ရန်ငြိုးဖွဲ့ခြင်းသည် လည်းကောင်း ရှိတော်မမူ၊ အလွန် ခိုင်မာသောစကားကို ပြောဆိုသော ထိုညီတော်နန္ဒ ပညာရှိ၏ မာနကို ပယ်ခြင်းငှာ နှိပ်သည်၏အစွမ်းဖြင့် ထိုသို့သော အခြင်း အရာအားဖြင့် ပြုတော်မူပြီး၍ ယခုအခါ၌ ထိုညီတော် လျှောက်ထား တောင်းပန်သောစကားကို ကြားတော်မူရလျှင် နှစ်သက်သောစိတ် ရှိတော် မူရကား ထိုညီတော်နန္ဒ၌ ကြည်ညိုခြင်းကို ဖြစ်စေလျက် "ယခုအခါသင့် အား ငါသည်းခံ၏၊ မယ်တော် ခမည်းတော်တို့ကိုလည်း လုပ်ကျွေးအံ့သောငှာ ရလတ္တံ့" ဟု မိန့်တော်မူ၍ ထိုညီတော်နန္ဒ၏ ဂုဏ်ကျေးဇူးကို ထင်ရှားပြတော်မူလိုရကား—

၁၅၃။ အဒ္ဓါ နန္ဒ ဝိဇာနာသိ၊ သဒ္ဓမ္မံ သတ္ထိဒေသိတံ။
အရိယော အရိယသမာစာရော၊ ဗာဠှံ တုံ မမ ဒုစ္စသိ။

၁၅၄။ ဘဝန္တိံ ဝဒါမိ ဘောတိဉ္ဉ၊ သုဏာထ ဝစနံ မမ။
နာယံ ဘာရော ဘာရမတေဝ၊ အဟု မယ္ဟံ ကုဒါစနံ။

၁၅၅။ တံ မံ ဥပဋ္ဌိတံ သန္တံ၊ မာတာ ပိတု သုခါဝဟံ။
နန္ဒော အဇ္ဈာဝရံ ကတ္ဝာ၊ ဥပဋ္ဌာနာယ ယာစတိ။

၁၅၆။ ယော စေ ဣစ္ဆသိ ကာမေန၊ သန္တာနံ ဗြဟ္မစာရိနံ။
နန္ဒံ ဝေါ စရထ ဧကော၊ ကံ နန္ဒော ဥပတိဋ္ဌတု—

ဟူသော ဤလေးဂါထာတို့ကို ဆိုတော်မူ၏။

၁၅၃။ နန္ဒ၊ ညီချစ်နန္ဒ။ တုံ၊ သင်ညီချစ်သည်။ အဒ္ဓါ၊ မချွတ်။ သတ္ထိဒေသိတံ၊ သူတော်ကောင်းတို့သည် ဟောတော်မူအပ်သော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတို့၏ တရားကို။ ဝိဇာနာသိ၊ အထူးသဖြင့် သိပေ၏။

www.dhammadownload.com

အရိယော၊ ကောင်းပေစ့။ အရိယ သမာစာရော၊ ကောင်းသောအကျင့် ရှိပေ၏။ ဘုံ၊ သင်ညီချစ်သည်။ မမ၊ ငါ့အား။ ဗာဋ္ဌ၊ လွန်စွာ။ ရုစ္စသိ၊ နှစ်သက်စေ၏။

၁၅၄။ ဘဝန္တဋ္ဌ၊ ဖခင်ကို လည်းကောင်း။ ဘောတိဋ္ဌ၊ မိခင်ကို လည်းကောင်း။ အဟံ၊ ငါသည်။ ဝဒါမိ၊ ကြားလျှောက်အံ့။ မမ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာထ၊ နာတော်မူပါကုန်။ အယံ ဘာရော၊ ဤမိခင် ဖခင်တို့အား လုပ်ကျွေးခြင်း တည်းဟူသော ဝန်ကို။ ကုဒါစန၊ တရံတဆစ်မျှ။ မယံ၊ အကျွန်ုပ်၏။ ဘာရမဘော၊ ဝန်ဟူ အမှတ်ရှိသည်။ နု အဟု၊ မဖြစ်။

၁၅၅။ တံ၊ ထိုဝန်ကို။ ဘာရောတိ၊ ဝန်ဟူ၍။ အမညိတ္ထ၀၊ မအောက်မေ့မူ၍လျှင်။ မာတာပိတု သုခါဝဟံ၊ အမိအဘတို့အား ချမ်းသာကို ရွက်ဆောင်တတ်သော။ သန္တံ၊ မြတ်နိုးတန၁။ ဥပဋ္ဌိတံ၊ လုပ်ကျွေးသော။ မံ၊ အကျွန်ုပ်ကို။ နုဒ္ဒေ၊ ကျွန်ုပ်ညီနှဒ္ဓသည်။ အဇ္ဈာစာရံ၊ လွန်ကျူးခြင်းကို။ ကတ္တာ၊ ပြုပြီး၍။ ဥပဋ္ဌာနာယ၊ လုပ်ကျွေးခြင်းငှာ။ ယာစတိ၊ တောင်းပန်ပြန်၏။

၁၅၆။ သန္တောနံ၊ ကိုယ်နှုတ် နှလုံးဖြင့် ငြိမ်သက်ပေကုန်သော။ ဗြဟ္မစာရိနံ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိကုန်သော မိခင်ဖခင်တို့တွင်။ ယော ဧကော၊ အကြင် တစ်ယောက်ယောက်သည်။ တံ နန္ဒံ၊ ထို အကျွန်ုပ်ညီနှဒ္ဓကို။ စေ ဣစ္ဆသိ၊ အကယ်၍ လုပ်ကျွေးခြင်းငှာ အလိုရှိပါအံ့။ ဧဝံ သတိ၊ ဤသို့ အလိုရှိသည်ရှိသော်။ သော ဧကော။ ထို တစ်ယောက်ယောက်သည်။ ကာမေန၊ လုပ်ကျွေးစေလိုသောအားဖြင့်။ ဝေါ၊ သင် မိခင်ဖခင်တို့သည်။ နန္ဒံ၊ ကျွန်ုပ်ညီနှဒ္ဓကို။ ဝဒထ၊ ဆိုတော်မူပါကုန်။ နန္ဒော၊ ကျွန်ုပ်ညီနှဒ္ဓသည်။ ကံ၊ အဘယ်သူကို။ဥပတိဋ္ဌတု၊ ကပ်၍ နေစေရအံ့နည်း။

မယ်တော်ကို လုပ်ကျွေးစေခြင်း

ထိုအခါ နန္ဒရဿ၏ မယ်တော်သည် နေရာမှထ၍ "ချစ်သား သောဏပညာရှိ.... သင့်ညီတော် နန္ဒသည် ကြာမြင့်စွာ ကွေကွင်းရလေပြီ၊

www.dhammadownload.com

ဤသို့ ကြာမြင့်စွာ ကွေကွင်းရသော်လည်း သင်ချစ်သားကို တောင်းပန်အံ့သောငှာ ငါတို့မဝံ့ပါကုန်၊ ထိုစကားသည် မှန်၏၊ ငါတို့သည် သင်ချစ်သားကိုမှီ၍ နေရပေကုန်၏၊ ယခုတမူ သင်ချစ်သားသည် ခွင့်ပြုအပ်ပြီ၊ ငါသည် မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ဤသားနှင်ကို လက် နှစ်ဖက်တို့ဖြင့် ပိုက်ဖက်၍၊ ဦးခေါင်းဦကပ်ငြိ၍ နမ်းခြင်းငှာ ရချင်ပါ၏''ဟု ဆို၍ ဤအကြောင်းကို သောဏပညာရှိအား ထင်ရှားပြလိုရကား—

၁၅၇။ တယာ တာတ အနုညာတာ၊
သောဏ တံ နိဿိတာ မယံ။
ဥပဃာတုံ လဒ္ဓာ နန္ဒံ၊ မုဒ္ဓနိ ဖြဟ္မစာရိနံ—
ဟူသော ဤဂါထာကို ဆို၏။

၁၅၇။ တာတ သောဏ၊ ချစ်သားဿသောဏ။ တံ၊ သင်ချစ်သားကို။ မယံ၊ ငါတို့သည်။ နိဿိတာ၊ မှီ၍နေကုန်၏။ ဤဒါနိ၊ ယခုအခါ၌။ တယာ၊ သင်ချစ်သားသည်။ အနုညာတာ၊ အခွင့်ပြုတော်မူအပ်ပြီ။ ဖြဟ္မ-စာရိနံ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော။ နန္ဒံ၊ ငါ့သား နှင်ကို။ မုဒ္ဓနိ၊ ဦးထိပ်၌။ ဥပဃာတုံ၊ ကပ်၍နမ်းခြင်းငှာ။ လဒ္ဓာ၊ ရချင်ပါ၏။

ထိုအခါ မယ်တော်ကို ဘုရားအလောင်းသည် ''မိခင်....ထိုသို့တပြီးကား အကျွန်ုပ်ခွင့်ပြု၏၊ မိခင်သည် ကြွတော်မူလေလော့၊ သား နှင်ကို လည်ဖက်၍၊ ဦးခေါင်းကိုကပ်၍ နမ်းသဖြင့် မိခင်နှလုံး၌ စိုးရိမ်ခြင်းကို ငြိမ်းစေတော်မူလော့'' ဟု ဆို၏။ ထိုမယ်တော်သည် သားတော်နှင်ပညာရှိအထံသို့ သွား၍ သားနှင်ကို ပရိသတ်အလယ်၌ပင်လျှင် လည်ဖက်၍ ဦးခေါင်းကိုကပ်၍ အဖန်တလဲလဲ နမ်းသဖြင့် နှလုံး၌ စိုးရိမ်ခြင်းကို ငြိမ်းစေပြီး၍ သားတော်ဘုရားလောင်းနှင့်တကွ စကားပြောဟောလိုရကား—

၁၅၈။ အဿတ္ထောသော တရုဏံ၊ ပဝါဠံ မာလုတေရိတံ။
စိရဿံ နန္ဒံဒိ သ္ဝာန၊ ဟဒယံ မေ ပဝေဓတိ။
၁၅၉။ ယဒါ သုတ္တာမ္ဟိ သုပိနေ၊ နန္ဒံ ပဿာမိ အာဂတံ။
ဥဒဂ္ဂါ သုမနာ ဟောမိ၊
နန္ဒော နော အာဂတော အယံ။

www.dhammadownload.com

၁၆၀။ ယဒါ စ ပဋိပုဇ္ဇိတ္ထ၊ နန္ဒံ ပဿာမိ နာဂတံ။
ဘိယ္ယော အာဝိသတိ သောကော၊
ဒေါမနဿဉ္စ နပ္ပကံ။
၁၆၁။ သာဟံ အဇ္ဇ စိရဿံပိ၊ နန္ဒံ ပဿာမိ အာဂတံ။
ဘတ္တာစ မယ္ဟ ပိယော၊ နန္ဒော နော ပါဝိသိ ဃံရံ။
၁၆၂။ ပိတုပိ နန္ဒော သုပ္ပိယော၊ ယံ နန္ဒော နပ္ပဝေ ဃရာ။
လဘတု တာတ နန္ဒော တံ၊ မံ နန္ဒော ဥပတိဋ္ဌတု—
ဟူသော ဤငါးဂါထာတို့ကို ဆို၏။

၁၅၈။ တာတ သောဏ၊ ချစ်သားသောဏ။ အဿတ္ထိသ၊ ညောင်ပင်ဖြစ်ပေ၏။ မာလုတေရိတံ၊ လေခပ်အပ်သော။ ပဝါဠံ၊ သန္တာအဆင်းနှင့်တူသော အဆင်းရှိသော။ တရုဏံ၊ ရွက်နုသည်။ ကမ္မတိ ယထာ၊ တုန်လှုပ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ စိရဿံ၊ ကြာမြင့်မှ။ အာဂတံ၊ ရောက်လာသော။ နန္ဒံ၊ ငါ့သားနန္ဒကို။ ဒိသ္ဝာ၊ မြင်၍။ မေ၊ ငါ၏။ ဟဒယံ၊ နှလုံးသည်။ ပဝေဓတိ၊ တုန်လှုပ်၏။

၁၅၉။ တာတ၊ ချစ်သားသောဏ။ ယဒါ၊ အကြင်အခါ၌။ အဟံ၊ ငါသည်။ သုတ္တာ၊ အိပ်ပျော်သည်။ အမ္မိ၊ ဖြစ်၏။ သုပိနေ၊ အိပ်မက်၌။ နန္ဒံ၊ ငါ့သားနန္ဒကို။ အာဂတံ၊ လာလတ်သည်ကို။ ပဿာမိ၊ မြင်မှက်၏။ တဒါ၊ ထိုအခါ၌။ နော၊ ငါတို့၏။ ပုတ္တော၊ သားဖြစ်သော။ အယံနန္ဒော၊ ဤနန္ဒသည်။ အဲဝဂတော၊ လာပြီဟု။ ဥဒဂ်၊ ဝမ်းမြောက်သည်။ သုမနာ၊ နှစ်သက်သည်၊ ဟောမိ၊ ဖြစ်၏။

၁၆၀။ တာတ၊ ချစ်သားသောဏ။ ယဒါစ၊ အကြင် အခါ၌ကား။ ပဋိပုဇ္ဇိတ္ထ၊ နိုးလတ်၍။ နန္ဒံ၊ ငါ့သား နန္ဒကို။ အာဂတံ၊ လာသည်ကို။ နပဿာမိ၊ မမြင်။ တဒါ၊ ထိုအခါ၌။ ဘိယ္ယော၊ လွန်စွာသော။ သောကော၊ စိုးရိမ်ခြင်းသည်။ အာဝိသတိ၊ ဖြစ်၏။ အနပ္ပကံ၊ များစွာသော။ ဒေါမနဿဉ္စ၊ နှလုံးမသာယာခြင်းသည်လည်း။ အာဝိသတိ၊ ဖြစ်၏။

၁၆၁။ တာတ၊ ချစ်သား သောဏ၊ သာ အဟံ၊ ထို ငါသည်။ အဇ္ဇ၊ ယနေ့။ စိရဿံပိ၊ ကြာမြင့်မှလျှင်။ နန္ဒံ၊ ငါ့သား နန္ဒကို။ အာဂတံ၊ P55(၅၅၀ ပဋိမ)

www.dhammadownload.com

လာလတ်သည်ကို။ ပဿာမိ၊ မြင်ရ၏။ ဘတ္တု စ၊ လင်အား လည်းကောင်း။ မယ္ဘဉ္ဉ၊ ငါ့အား လည်းကောင်း။ နန္ဒေ၊ ငါ့သား နန္ဒကို။ ပိယော၊ ချစ်အပ်၏။ နော၊ ငါတို့၏။ ပုတ္တော၊ သားဖြစ်သော။ နန္ဒေ၊ နန္ဒသည်။ ဃရံ၊ ငါတို့ကျောင်းသို့။ ပါဝိသိ၊ ဝင်လာ၏။

၁၆၂။ တာတ၊ ချစ်သား သောဏ။ ယံ-ယသ္မာ၊ အကြင့်ကြောင့်။ နန္ဒေ၊ ငါ့သား နန္ဒကို။ ပိတုပိ၊ အဘအား လည်း။ သုပ္ပိယော၊ အလှန် ချစ်မြတ်နိုးအပ်၏။ တံ-တသ္မာ၊ ထို့ကြောင့်။ ပုန၊ တစ်ဖန်။ ဣမမ္မာ ဃံရာ၊ ဤကျောင်းမှ။ နပ္ပဝတ္တေ၊ မစွန့်ပါလင့်။ တာတ၊ ချစ်သား သောဏ။ နန္ဒေ၊ ငါ့သား နန္ဒသည်။ ယံ၊ အကြင်သူကို။ ဣစ္ဆသိ၊ လုပ်ကျွေးခြင်းငှာ အလိုရှိ၏။ တံ၊ ထို လုပ်ကျွေးလိုသော သူကို။ လဘတု၊ ရပါစေ။ မံ၊ ငါ့ကို။ နန္ဒေ၊ ငါ့သား နန္ဒသည်။ ဥပတိဋ္ဌတု၊ လုပ်ကျွေးပါစေ။

မိခင်တို့ ကျေးဇူး

ဘုရားလောင်းသည် ဤသို့ ဖြစ်စေဟု မယ်တော် စကားကို ဝန်ခံ၍ "ညီထွေး နန္ဒ ....သင်သည် ကြီးသောအစုကို ရအပ်၏၊ အမိ မည်သည်ကား အလွန် ကျေးဇူးပြုပေ၏၊ မမေ့မလျော့ဖြစ်၍ လုပ်ကျွေးလော့" ဟု ညီတော် နန္ဒကို ဆုံးမတော်မူ၍ အမိ ဂုဏ်ကျေးဇူးကို ထင်ရှားပြတော်မူလိုရကား—

၁၆၃။ အနုကမ္ပကာ ပတိဋ္ဌာ စ၊ ပုတ္တေ ရသဒဒီ စ နော။
မဂ္ဂါ သဂ္ဂဿ လောကဿ၊ မာတာ တံ ဝရတေ ဣသေ။
၁၆၄။ ပုတ္တေ ရသဒဒီ ဂေါတ္တိ၊ မာတာ ပုညူပသံဟိတာ။
မဂ္ဂါ သဂ္ဂဿ လောကဿ၊ မာတာ တံ ရေတေ့်ဣသေ-
ဟူသော ဤ နှစ်ဂါထာတို့ကို ဆို၏။

၁၆၃။ ဣဓ သော၊ ညီထွေး နန္ဒရဿ။ မာဘာနာမ၊ အမိ မည်သည်ကား။ ပုတ္တော၊ သား၌။ အနုကမ္ပကာ၊ နှုးညှံ့သောစိတ် ရှိ၏။ ပတိဋ္ဌာ စ၊ တည်ရာလှည်း ဖြစ်၏။ ပုတ္တေ၊ ရှေးငယ်စဉ်ကာလ၌။ နော၊ ငါတို့အား။ ရသဒဒီ စ၊ နို့ရည်ဟူသော အရသာကိုလည်း ပေးပေတတ်၏။ သဂ္ဂဿ လောကဿ၊ နတ်ရွာကို ရခြင်း၏။ မဂ္ဂေါ၊ အကြောင်းပေတည်း။ မာတာ၊

www.dhammadownload.com

မယ်တော်သည်။ ယံ၊ အကြင် သင် ညီထွေးကို။ ဣစ္ဆသိ၊ အလိုရှိအပ်၏။ တံ၊ ထို သင် ညီထွေးကို။ ဝရတေ၊ တောင့်တ၏။

၁၆၄။ ဣသေ၊ ညီထွေး နန္ဒ ရသေ့။ မာတာ၊ မယ်တော်သည်။ ပုဇ္ဇေ၊ ရွေးငယ်စဉ်ကာလ၌။ ရဿဒဒီ၊ နို့ရည်တည်းဟူသော အရသာကို လည်း ပေးပေတတ်၏။ ဂေါတ္တီ၊ စောင့်ရှောက်ပေတတ်၏။ မာတာ၊ အမိသည်။ ပုညူပသံဟိတာ၊ ကောင်းမှု ပြုအပ်သည်နှင့် ယှဉ်၏။ သဂ္ဂသာလောကဿ၊ နတ်ရွာကို ရခြင်း၏။ မဂ္ဂေါ၊ အကြောင်းပေတည်း။ မာတာ၊ မယ်တော်သည်။ ယံ၊ အကြင် သင် ညီထွေးကို။ ဣစ္ဆသိ၊ အလိုရှိ၏။ တံ၊ ထို သင် ညီထွေးကို။ ဝရတေ၊ တောင်း၏။

မိဘတို့ကို လုပ်ကျွေးသင့်ကြောင်း

ဤသို့လျှင် ဘုရားလောင်းသည် နှစ်ဂါထာတို့ဖြင့် အမိ ကျေးဇူးကို ပြဆို၍ တစ်ဖန် လာလတ်၍ ထို အမိ နေရာ၌ နေသောအခါ၌ "ညီထွေး နန္ဒ....သင်သည် လုပ်ကျွေးရခဲသော အမိကို လုပ်ကျွေးခြင်းငှာ ရ၏၊ နှစ်ယောက်ကုန်သော ငါတို့ကို မယ်တော်သည် ဆင်းရဲ ငြိုငြင်သဖြင့် ကောင်းစွာ ကြီးစေအပ်၏၊ ထို မယ်တော်ကို ယခုအခါ သင်သည် မမေ့မလျော့ လုပ်ကျွေးလော့၊ မချို့မကောင်းသော သစ်သီးတို့ကို မစားစေလင့်" ဟု ဆို၍ ပရိသတ်အလယ်၌ပင်လျှင် အမိအား လုပ်ကျွေးရခဲသော အဖြစ်ကို ထင်ရှားပြတော်မူလိုရကား-

၁၆၅။ အာကခ်မာနာ ပုတ္တဖလံ၊ ဒေဝတာယ နမဿတိ။
နက္ခတ္တာနိ စ ပုစ္ဆတိ၊ ဥတု သံဝစ္ဆရာနိ စ ။လ။
၁၆၃။ တာယ နံ ပါရိစရိယာယ၊ မာတာပိတူသု ပဏ္ဍိတာ။
ဣဓေဝ နံ ပသံသန္တိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ-

ဟူသော ဤ တစ်ဆယ့်ဂုံးဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၁၆၅။ တာတ၊ ညီထွေး နန္ဒ။ မာတာနာမ၊ အမိ မည်သည်ကား။ ပုတ္တဖလံ၊ သားဆုဟု ဆိုအပ်သော အကျိုးကို။ အာကခ်မာနာ၊ အလိုရှိသည် ဖြစ်၍။ ဒေဝတာယ၊ နတ်အား။ နမဿတိ၊ ရှိခိုး၏။ နက္ခတ္တာနိ စ၊ နက္ခတ်တို့ကို လည်းကောင်း။ ဥတုသံဝစ္ဆရာနိ စ၊ ဥတု နှစ်တို့ကို လည်းကောင်း။ ပုစ္ဆတိ၊ မေး၏။

www.dhammadownload.com

၁၆၆။ နန္ဒ၊ ညီထွေးနန္ဒ။ တသာ၊ ထိုအမိအား။ ဥတုမှီ၊ ရှေး ဖြစ်သော ဥတုသည်။ နှာတာယ၊ သန့်ရှင်းပြီးသော်။ ဂဇ္ဈာသ၊ ကိုယ်ဝန်၏။ ဝေါက္ကမာ၊ တည်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုသို့ ကိုယ်ဝန် တည်သောကြောင့်။ ဒေါဟဠိနီ၊ ချင်ခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ တေန ကာရဏေန၊ ထိုသို့ချင်ခြင်းရှိသောကြောင့်။ သာ မာတာ၊ ထိုအမိကို။ သုဟဒါ၊ သုဟဒါ အမည်ရှိ၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၆၇။ နန္ဒ၊ ညီချစ်နန္ဒ၊ သံဝစ္ဆရံ ဝါ၊ တစ်နှစ်သည် လည်း ကောင်း။ ဦးနံ ဝါ၊ ခုနစ်လသည် လည်းကောင်း။ ပရိဟရိတ္ထ၊ လွယ်၍။ ဝိဇာယတိ၊ ဖွား၏။ တေန ကာရဏေန၊ ထို့သို့ ဖွားသောကြောင့်။ သာ မာတာ၊ ထိုအမိကို။ ဇနယန္တီတိ စ၊ ဇနယန္တီဟူ၍လည်းကောင်း။ဇနေတ္တိ စ၊ ဇနေတ္တိဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၆၈။ နန္ဒ၊ ညီထွေးနန္ဒ။ ယာ မာတာ၊ အကြင်အမိသည်။ ထနဒီရေန စ၊ နို့ရည်ဖြင့် လည်းကောင်း။ ဂိတေန စ၊ သီချင်းဖြင့် လည်း ကောင်း။ အင်္ဂပါဝုရဏေန စ၊ သားမြတ်ကြား၌ အိပ်စေ၍ ကိုယ်အတွေ့ကို နှံ့စေလျက် ကြီးပွားစေသဖြင့် လည်းကောင်း။ ရောဒန္တံ၊ ငိုသော။ ပုတ္တံ၊ သားကို။ တောသေတိ၊ နှစ်သက်စေတတ်၏။ တေန ကာရဏေန၊ ထို့ အကြောင်းကြောင့်။ သာ မာတာ၊ ထိုအမိကို။ တောသေန္တီ၊တောသေန္တီ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၆၉။ နန္ဒ၊ ညီထွေးနန္ဒ။ တတော ပစ္ဆာ၊ ထို့နောင်မှ။ ယာ မာတာ၊ အကြင်အမိသည်။ ဃောရေ၊ ပြင်းစွာသော။ ဝါတာတပေ၊ လေ နေပူသည်။ ဇာတေ၊ ဖြစ်လတ်သော်။ မမံကတ္ထ၊ မြတ်နိုးတနာပြု၍။ ဥဒိက္ခတိ၊ ကြည့်ပေတတ်၏။ အပဇာနန္တံ၊ မှဿိကြား မလိမ္မာသေးသော။ ဒါရကံ၊ မိမိသားငယ်ကို။ ပေါသေတိ၊ မွေးပေတတ်၏။ တေန၊ ထို့ ကြောင့်။ သာ မာတာ၊ ထိုအမိကို။ ပေါသေန္တီ၊ ပေါသေန္တီဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၇၀။ နန္ဒ၊ ညီထွေးနန္ဒ။ မာတု၊ အမိ၏။ ယဉ္စ ဓနံ၊ အကြင် ဥစ္စာသည်လည်း။ ဟောတိ၊ ရှိ၏။ ပိတု၊ အဘ၏။ ယဉ္စ ဓနံ၊ အကြင်

www.dhammadownload.com

ဥစ္စာသည်လည်း။ ဟောတိ၊ ရှိ၏။ ဥဘယံပိ၊ နှစ်ပါးသော ဥစ္စာကိုလည်း။ နော၊ ငါတို့၏။ ပုတ္တာသ၊ သားအား။ အပိ သိယာ၊ ဖြစ်ငြားအံ့လည်း မသိ။ ဣတိ၊ ဤသို့။ တေဿ၊ ထိုသား၏။ အတ္ထာယ၊ အကျိုးငှာ။ မာတာ၊ အမိသည်။ ဂေါပေတိ၊ စောင့်ရှောက်ပေတတ်၏။

၁၇၁။ နန္ဒ၊ ညီထွေးနန္ဒ။ ပုတ္တံ၊ သားမိုက်။ ဧဝံ၊ ဤသို့ ပြုပါလော့။ ပုတ္တ၊ သားမိုက်။ အဒုံ၊ ဤအမှုကိုပြုလော့။ ဣတိ၊ ဤသို့။ မာတာ၊ အမိသည်။ ဝိညာယတိ-သိက္ခာပေတိ၊ သွန်သင်ပေ၏။ ပရဒါရေသု၊ သူတစ်ပါး မယားတို့၌။ ပမတ္တံ၊ မေ့လျော့သော။ အနာသန္ဒံ၊ မရောက်လာသော။ ပုတ္တံ၊ သားကိုလည်းကောင်း။ နိသိထေ၊ ညှဉ်အခါ၌။ အနာ့ယန္တံ၊ မရောက်လာဒသ၊ ပုတ္တံ၊ သားကိုလည်းကောင်း။ ပတ္တယောဗ္ဗနေ၊ အရွယ်သို့ရောက်ပြီးသော။ အနာယန္တံ၊ မရောက်လာသော။ ပုတ္တံ၊ သားကိုလည်းကောင်း။ သာယံ၊ ညှဉ်အခါ၌။ အနာယန္တံ၊ မရောက်လာသော။ ပုတ္တံ၊ သားကိုလည်းကောင်း။ ဣတိ ဣဒမဟိ ကာရဏာဟိ၊ ဤသို့သောအကြောင်းတို့ဖြင့်။ မာတာ၊ အမိသည်။ ဝိဟညတိ၊ ပင်ပန်းတတ်၏။

အမိ မလုပ်ကျွေးပြစ်

၁၇၂။ နန္ဒ၊ ညီထွေးနန္ဒ။ ဧဝံ-ဣမိနာ ဝုတ္တပ္ပကာရေန၊ ဤသို့ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ ကိစ္စာဘာဘော၊ ဆင်းရဲ ငြိုငြင်သဖြင့် သုတ်သင် မွေးကျွေးအပ်သော။ ယော ပေါသော၊ အကြင်သားသည်။ မာတု၊ အမိအား။ အပရိစာရကော၊ မလုပ်ကျွေး။ သော ပေါသော၊ ထိုသားသည်။ မာတရိ၊ အမိ၌။ မိစ္ဆာစရိဘာဝန၊ မလုပ်ကျွေးသောကြောင့်။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်၏။

အဘ မလုပ်ကျွေးပြစ်

၁၇၃။ နန္ဒ၊ ညီထွေးနန္ဒ။ ဧဝံ-ဣမိနာဝုတ္တပ္ပကာနေ၊ ဤသို့ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ ကိစ္စာဘာဘော၊ ဆင်းရဲ ငြိုငြင်သဖြင့် သုတ်သင်ကျွေးမွေးအပ်သော။ ယော ပေါသော၊ အကြင်သားသည်။ ပိတု၊ အဘအား။ အပရိစာရကော၊ မလုပ်မကျွေး။ သော ပေါသော၊ ထိုသားသည်။ ပိတရိ၊ အဘ၌။ မိစ္ဆာစရိတ္တာန၊ မလုပ်မကျွေးသောကြောင့်။ နိရယံ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်၏။

www.dhammadownload.com

၁၂၄။ တဘတ၊ ညီထွေးနန္ဒ။ ဓနကာမဘနံ၊ ဥစ္စာကိုအလိုရှိကုန်သော သူတို့၏။ ဓနမ်ိဳ၊ ရပြီးသော ဥစ္စာသည်လည်း။ မာတရံ၊ အမိကို။ အပရိစရိတ္ဘာန၊ မလုပ်မကျွေးသောကြောင့်။ နဿတိ၊ ပျက်စီးတတ်၏။ သော ပေါသော၊ ထိုအမိကို မလုပ်ကျွေးသော သားသည်။ ကိစ္ဆံဝါ၊ဆင်းရဲခြင်းသို့လည်း။ နိဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ၊ ဤသို့။မေ-မယာ၊ ငါသည်။ သုတံ၊ ကြားဖူး၏။

၁၂၅။ တဘတ၊ ညီထွေးနန္ဒ။ ဓနကာမဘနံ၊ ဥစ္စာကို အလိုရှိကုန်သော သူတို့၏။ ဓနမ်ိဳ၊ ဖြစ်ပြီးသော ဥစ္စာသည်လည်း။ ပိတရံ၊ အဘကို။ အပရိစရိတ္ဘာန၊ မလုပ်မကျွေးသောကြောင့်။ နဿတိ၊ ပျက်စီးတတ်၏။ သော ပေါသော၊ ထိုအဘကို မလုပ်မကျွေးသော သားသည်။ ကိစ္ဆံ ဝါ၊ ဆင်းရဲငြိုငြင်ခြင်းသို့လည်း။ နိဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ၊ ဤသို့။ မေ-မယာ၊ ငါသည်။ သုတံ၊ ကြားဖူး၏။

၁၂၆။ တဘတ၊ ညီထွေးနန္ဒ။ အဘနန္ဒော စ၊ နှစ်သက်ခြင်းကိုလည်းကောင်း။ ပမောဒေါ စ၊ လွန်စွာနှစ်သက်ခြင်းကို လည်းကောင်း။ ဟသိတဿ၊ ရယ်ရွှင်ခြင်းကို လည်းကောင်း။ ကီဠိတဿ၊ မြူးထူးပျော်ပါးကစားခြင်းကို လည်းကောင်း။ တေသံသုံ၊ ဤအလုံးစုံကို။ မာတရံ၊ အမိကို။ ပရိစရိတ္ဘာန၊ ရှိသေစွာ လုပ်ကျွေးသောကြောင့်။ ဝိဇာနတော၊ ပညာရှိသောသား၏။ သဒါ၊ အခါခပ်သိမ်း။ လဘ္ဘံ၊ ရအပ်၏။

၁၂၇။ တဘတ၊ ညီထွေး နန္ဒ။ အဘနန္ဒော စ၊ နှစ်သက်ခြင်းကို လည်းကောင်း။ ပမောဒေါ စ၊ လွန်စွာနှစ်သက်ခြင်းကို လည်းကောင်း။ ဟသိတဿ၊ ရယ်ရွှင်ခြင်းကို လည်းကောင်း။ ကီဠိတဿ၊ မြူးထူးပျော်ပါးကစားခြင်းကို လည်းကောင်း။ တေသံသုံ၊ ဤအလုံးစုံကို။ ပိတရံ၊ အဘကို။ ပရိစရိတ္ဘာန၊ ရှိသေစွာ လုပ်ကျွေးသောကြောင့်။ ဝိဇာနတော၊ ပညာရှိသောသား၏။ သဒါ၊ အခါခပ်သိမ်း။ လဘ္ဘံ၊ ရအပ်၏။

သင်္ဂဟတရား ၄-ပါး

၁၂၈။ တဘတ၊ အမောင်နန္ဒ။ ဣဓ လောကေ၊ ဤလူ့ရွာ၌။ မာတာပိတူနံ၊ အမိအဘတို့အား။ ယံ ဒါနဿ၊ အကြောင်းပေးအပ်သော ဝတ္ထု

www.dhammadownload.com

သည်လည်း။ အတ္ထိ၊ ရှိ၏။ တံ ဒါနဉ္စ၊ ထိုပေးအပ်သော၀တ္ထုကိုလည်း။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ယံ ပိယ၀ါစဉ္စ၊ အကြင်ချစ်ဖွယ်သော စကားသည်လည်း။ အတ္ထိ၊ ရှိ၏။ တံ ပိယ၀ါစဉ္စ၊ ထိုချစ်ဖွယ်သော စကားကိုလည်း။ ဘဏိတဗ္ဗံ၊ ပြောဆိုအပ်၏။ ယာ အတ္ထစရိယာ စ၊ အကြင်ဖြစ်သောကိစ္စကို ပြီးစေသောအားဖြင့် အကျိုးကို ကျင့်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ သာ အတ္ထစရိယာ စ၊ ထိုဖြစ်သောကိစ္စကို ပြီးစေသောအားဖြင့် အကျိုးကို ကျင့်ခြင်းကိုလည်း။ စရိတဗ္ဗံ၊ ကျင့်အပ်၏။ တတ္ထ တတ္ထ၊ ထိုထိုအရပ်၌။ ယထာရဟံ၊ ထိုက်သည် အား‌လျော်စွာ။ ဓမ္မေသု၊ ကြီးသောသူတို့အား အရှိအသေပြုအပ်သော ကုသိုလ်တရားတို့၌။ ယာ သမာနတ္တတာ စ၊ အကြင် ကိုယ်နှင့် ထပ်တူ ကျင့်အပ်သော အဖြစ်သည်လည်း။ အတ္ထိ၊ ရှိ၏။ သာ-သမာနတ္တတာ စ၊ ထိုကိုယ်နှင့် ထပ်တူကျင့်အပ်သော အဖြစ်ကိုလည်း။ ကာတဗ္ဗာ၊ ပြုအပ်၏။

၁၇၉။ တာတ၊ အမောင်နန္ဒ။ လောကေ၊ လောက၌။ ဧတေခေါ်-သင်္ဂဟာ၊ ဤလေးပါးသော သင်္ဂဟ၀တ္ထုတို့သည်။ ယာယတော၊ သွား‌သော။ ရထဿ၊ ရထား၏။ အာဏီ၀၊ နား‌စောင့်ကဲ့သို့တည်း။ ဧတေစ-သင်္ဂဟာ၊ ဤလေးပါးသော အင်္ဂဟ၀တ္ထုတို့ကိုလည်း။ နာဿု၊ မဖြစ်စေကုန်ငြားအံ့။ ပုတ္တကာရဏာ၊ သား‌ဟူသော အကြောင်း‌ကြောင့်။ မာတာ၊ အမိသည်။ နု ဘဒ္ဒ၀ယ္ဖ၊ မဖြစ်ရာ။

၁၈၀။ နန္ဒ၊ ညီထွေးနန္ဒ။ ပုတ္တကာရဏာ၊ သား‌ကိုစဲ့၍။ ပိတာ ၀ါ၊ အဘသည်မူလည်း။ ပုဇံ ၀ါ၊ ပူဇော်ခြင်းကို လည်း‌ကောင်း။ မာနံ ၀ါ၊ မြတ်နိုး‌ခြင်းကို လည်း‌ကောင်း။ လတေထ၊ ရရာ၏။ ယသ္မာ စ၊ အကြင့် ကြောင့်လည်း။ ဧတေ၊ ဤလေးပါးတို့သည်။ သင်္ဂဟာ၊ သင်္ဂဟ၀တ္ထု မည်ကုန်၏။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သမ္မ၀েက္ခန္တိ၊ ကောင်းစွာရှုကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုလေးပါးလျော အင်္ဂဟ၀တ္ထုတို့သည်။ မဟတ္တံ၊ မြတ်သောအဖြစ်သို့။ ပပေါန္တိ၊ ရောက်ကုန်၏။ ပသံသာစ၊ ချီး‌မွမ်း‌ခြင်း‌ငှာ ထိုက်ကုန်သည်လည်း။ ဘ၀န္တိ၊ ဖြစ်ကုန်၏။

၁၈၁။ မာတာပိတရော၊ အမိအဘတို့ကို။ ပုတ္တဲ့၁နံ၊ သား‌တို့၏။ ပြဟ္မာတိ၊ ပြဟ္မာဟူ၍ လည်း‌ကောင်း။ ပုဗ္ဗာစရိယာတိ၊ လက်ဦးဆရာဟူ၍ လည်း‌ကောင်း။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။

www.dhammadownload.com

မိဘကို ရှိခိုးသင့်ကြောင်း

၁၈၂။ နန္ဒ၊ ညီထွေး နန္ဒ၊ မာတာပိတရော၊ အမိအဘတို့သည်။ ပုတ္ထာနုံ၊ သားတို့၏။ အဝဟုနေယျော စ၊ ဆောင်၍ ပူဇော်အပ်သော ဝတ္ထု ကိုလည်း ခံထိုက်၏။ ပဇာယ၊ သား၌။ ယသ္မာ၊ အကြောင့်ကြောင့်။ အနုကမ္မကာ၊ အစဉ်သနားခြင်း ရှိကုန်၏။ တသ္မာတိ၊ ထို့ကြောင့်သာလျှင်။ နေ၊ ထိုမိဘတို့ကို။ ပဏ္ဍိတော၊ ပညာရှိသော သားသည်။ အန္နေနစ၊ ထမင်းဖြင့် လည်းကောင်း။ အထော၊ ထိုမှတစ်ပါး။ ပါနေန စ၊ အဖျော်ဖြင့်လည်းကောင်း။ ဝတ္ထေန စ၊ အဝတ်ဖြင့်လည်းကောင်း။ သယနေန စ၊ အိပ်ရာနေရာဖြင့် လည်းကောင်း။ ဥစ္ဆာဒနေန စ၊ ခြေလက် ဆုပ်နယ်ခြင်းဖြင့် လည်းကောင်း။ နှာပနေန စ၊ ရေနွေးရေအေးတို့ဖြင့် ရေချိုးစေခြင်းဖြင့် လည်းကောင်း။ ပါဒါနုံ၊ ခြေတို့ကို။ ဓောဝနေန စ၊ ဆေးသဖြင့် လည်းကောင်း။ နုမဿေယျ စ၊ ရှိလည်းခိုးရာ၏။ သက္ကရေယျ စ၊ အရှိအသေကိုလည်း ပြုရာ၏။

၁၈၃။ နန္ဒ၊ ညီထွေးနန္ဒ။ မာတာပိတူသုံ၊ အမိအဘတို့၌။ တာယ-ပါရိစရိယာယ၊ ထိုသို့ လုပ်ကျွေးခြင်းကြောင့်။ နုံ၊ ထိုသားကို။ ပဏ္ဍိတော၊ ပညာရှိဟူ၍။ ပုစ္ဆတိ၊ ဆုံအပ်၏။ ဣဓေဝ၊ ဤလူ.ပြည်၌ပင်လျှင်။ နုံ၊ ထို မိဘတို့၌ လုပ်ကျွေးသောသားကို။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ ပေစ္စ၊ တမလွန်ဘဝ၌။ သဂ္ဂဂ၊ နတ်ပြည်၌။ ပမောဒတိ၊ မွေ.လျော်ရ၏။

ဤသို့လျှင် ဘုရားလောင်းသည် မြင်းမိုရ်တောင်မင်းကို လိမ့်စေဘိ သကဲ့သို့ မမွေဒသနာကို ပြီးစေတော်မူ၏။ ထိုမမွေဒသနာတော်ကို နာရ၍ အလုံးစုံလည်း ဖြစ်ကုန်သော တစ်ရာ့တစ်ပါးသော မှင်းတို့သည် မိမိတို့ ဗိုလ်ပါအပေါင်းနှင့်တကွ ကြည်ညိုကုန်၏။ ထိုအခါ တစ်ရာ့တစ်ပါးသော မင်းတို့ကို ငါးပါးသော သီလတို့၌ တည်စေတော်မူပြီးလျှင် "အလှူပေးခြင်း အစရှိသည်တို့၌ မမေ့မလျော့ ဖြစ်ကြကုန်လော့" ဟု ဆုံးမတော်မူ၍ လွှတ်လိုက်၏။ အလုံးစုံသော မင်းတို့သည်လည်း တရားနှင့်အညီ မင်းပြု၍ အသက်၏ အဆုံး၌ နတ်ပြည်ကို ပြည့်စေကုန်၏။ နောင်တော် သောဏ ပညာရှိရသေ., ညီတော်နန္ဒပညာရှိ ရသေ.တို့သည်လည်း အသက်ထက်ဆုံး မယ်တော်, ခမည်းတော်တို့ကို လုပ်ကျွေး၍ ပြဟ္မာ့ပြည်သို့ လားကုန်၏။

www.dhammadownload.com

ဇာတ်ပေါင်း သင်္ဘဉ္ဇူ မြတ်စွာဘုရားသည် ဤမမ္မဒေသနာကို ဆောင်တော်မူပြီးလျှင် သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူ၏အဆုံး၌ မိဘတို့ကို လုပ်ကျွေးသော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား—ယခုအခါ မြတ်သော သာကီဝင်မင်းမျိုး ဖြစ်ကုန်သော မယ်တော် မဟာမာယာ, ခမည်းတော် သုဒ္ဓေါဒနမင်းကြီးတို့သည် ထိုအခါ မယ်တော်, ခမည်းတော်တို့ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ညီတော်အာနန္ဒာသည် ထိုအခါ နန္ဒပညာရှိရသေ. ဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတြာသည် ထိုအခါ မနောဇာမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ရှစ်ကျိပ်ကုန်သော မထေရ်တို့သည် လည်းကောင်း, တစ်ပါးကုန်သော မထေရ်တို့သည်လည်းကောင်း ထိုအခါ တစ်ရာ့တစ်ပါးသော မင်းတို့ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားပရိသတ်တို့သည် ထိုအခါ နှစ်ဆယ့်လေးခါတိတိ အရေအတွက်ရှိသော နွားစုစ်သည်တို့ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ သောဏပညာရှိရသေ. ဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

သောဏ, နန္ဒ၊ နည်းအရ၊ နှစ်ပါးမိဘ လုပ်ကျွေးကြ။

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော သောဏနန္ဒဇာတ်သည် ပြီး၏။

www.dhammadownload.com

နိဂုံး

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ဆင်ဖြူမျှားရှင် ဘဝရှင်တရားမင်းမြတ်၏ သားတော်အကြီး မဟာဥပရာဇ်သည် အလွန်တရာ ခဲယဉ်းစွာသော ရခိုင်ပြည်ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ စီးပွားချမ်းသာအကျိုးငှာ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိ ဘုရားရှင်၏ အရှေ့မျက်နှာအရပ်၌ မဟာဥပရာဇ် မယ်တော် အရှင်မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျော် ကျောင်းတော်နေ ညောင်ကန်ဆရာတော်သည် မြန်မာ ပြန်ဆိုအပ်သော သတ္တတိနိပါတ် ကျမ်း၌ နှစ်ခုသောဇာတ်တို့ဖြင့် တန်ဆာဆင်အပ်သော သတ္တတိနိပါတ်ဇာတ်ဝတ္ထုသည် ဤမျှသောသဒ္ဒါ၏ အစဉ်အနက်၏ အစဉ်အားဖြင့် အပြီးသို့ရောက်၏။

ဇတ္တာဝတာ-

မင်္ဂလာဘူမိ ကိုတ္တိချေ၊ ဝသတာ မန္ဒိရေ ရမေ။
ဂုရုနာ မြမွဘာသာယ၊ ဝုတ္တဂန္ဆော ဂတော နိဋ္ဌံ။

ဇတ္တဝတာ၊ ဤမျှသောစကားအစဉ်ဖြင့်။ ရဒမေ၊ မွေ့လျော်ဖွယ်ရှိသော။ မင်္ဂလာဘူမိကိုတ္တိချေ၊ မင်္ဂလာဘုံကျော် အမည်ရှိသော၊ မန္ဒိရေ၊ အမရပူရမြို့တော်သည် ဆင်ဖြူမျှားရှင် ဘဝရှင်တရားမင်းမြတ်၏ မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော ကျောင်းတော်၌။ ဝသတာ၊ သီတင်းသုံးနေသော။ ဂုရုနာ၊ ဆရာတော်သည်။ မြမွဘာသာယ၊ မြန်မာတိုင်းသူတို့၏ အဆိုအမိန့်ဖြင့်။ ဝုတ္တဂန္ဆော၊ ဆိုအပ်သော ဇာတ်ပေါင်း နှစ်ဇာတ်တို့ဖြင့် တန်ဆာဆင်အပ်သော သတ္တတိနိပါတ်ကျမ်းသည်။ နိဋ္ဌံ၊ပြီးဆုံးခြင်းသို့။ ဂတော၊ ရောက်၏။

သတ္တတိနိပါတ် ဇာတ်ဝတ္ထုသည် ဤတွင်ရွေ့. ပြီး၏။

www.dhammadownload.com

ပုံ ကောင် ခုံ

ငါးရောင်းဆယ်ကောင်တွေ့



အသိတိ နိပါတ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁–စူဠဟံသဇာတ်

တပည့်လိမ္မာကြောင့် ဆရာသေဘေးမှလွတ်ခြင်း

ဟောတော်မူရာဌာန နတ်နှင့်တကွသော လောကကိုဆုံးမတော် မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "သုမုခ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤစူဠဟံသဇာတ်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်အာနန္ဒာ မထေရ်မြတ်၏ မြတ်စွာဘုရား ကိုယ်တော်စား အသက်ကိုစွန့်ခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု ထိုစကားသည် မှန်၏။ ဒေဝဒတ်သည် ဘုရားသခင်ကို သတ်စိမ့်သောငှာ စေလွှတ်ကုန်သော လေးသမားတို့တွင် အလုံးစုံသော လေးသမားတို့၏ ရှေးဦးစွာ လွှတ်အပ်သော လေးသမားသည် လာလတ်၍ "အရှင်ဒေဝဒတ်....အကျွန်ုပ်သည် ဘုရားသခင်ကို သတ်ခြင်းငှာ မတတ်နိုင်ပါ၊ ဘုရားသခင်သည် ကြီးသော တန်ခိုးရှိ၏၊ ကြီးသော အာနုဘော်ရှိ၏" ဟု ဆိုလတ်သော် ဒေဝဒတ်သည် ဤသို့ဆို၏။ "ဒါယကာ....မသင့်၊ သင်သည် ရဟန်းဂေါတမကို မသတ်လင့်လော့၊ ငါသည်ပင်လျှင် ရဟန်းဂေါတမကို သတ်အံ့" ဟုဆို၍ သဗ္ဗညု ဘုရားသခင်သည် ဂိဇ္ဈကူဋ်တောင်၏ အနောက်အရပ်ဝယ် စင်္ကြံကွတော်မူသည်ရှိသော် ဂိဇ္ဈကူဋ်တောင်သို့ တက်

www.dhammadownload.com

လတ်၍ ယန္တရားအဟုန်ဖြင့် ကြီးစွာသော ကျောက်ကိုယူ၍ "ဤကျောက်ဖြင့် ရဟန်းဂေါတမကို ငါသတ်အံ့"ဟုကြံ၍လိုမ့်၏။ တောင်ထွတ်နှစ်ခုတို့သည် တကွလာလတ်ကုန်၍ ထိုကျောက်ကို ခံလင့်ကုန်၏။ ထိုကျောက်မှ ကျောက်ချပ်လွှာသည် ကွာ၍ ဘုရားသခင့် ခြေမတော်ကို ခတ်မိ၍ သွေးကို ဖြစ်စေ၏၊ ကြီးစွာသော ဝေဒနာတို့သည် ဖြစ်ကုန်၏။ ဇီဝကသည် ဘုရားသခင်ခြေတော်ကို ဓားငယ်ဖြင့်ခွဲ၍ မကောင်းသောသွေးကို ထုတ်ပြီးလျှင် ပုပ်သော အသားတော်ကိုပယ်၍ ဖန်ဆေးသဖြင့် ဆေးလိမ်းကျံ၍ အနာမရှိသည်ကိုပြု၏။ သဗ္ဗညု မြတ်စွာဘုရားသည် ရှေ့နေ့ကဲ့သို့လျှင် ရဟန်းအပေါင်း ခြံရံလျက် တင့်တယ်လှစွာသော ဘုရား၏ စံပယ်ခြင်းဖြင့် ကြွတော်မူ၏။

နာဠာဂိရိဆင်နှင့်တိုက်

ထိုအခါ ဘုရားသခင်ကိုမြင်၍ ဒေဝဒတ်သည် ကြံ၏။ "ဂေါတမ၏အဆင်း၏ သင့်တယ်ခြင်းအစုသို့ ရောက်သောကိုယ်ကို မြင်သည်ရှိသော် တစ်စုံတစ်ယောက်သော လူဖြစ်သောသူသည် ချဉ်းကပ်ခြင်းငှာ မတတ်နိုင်၊ အဇာတသတ် မင်းကြီး၏ နာဠာဂိရိ အမည်ရှိသော ဆင်တော်သည် အလွန်ကြမ်းကြုတ်၏၊ ခက်ထန်၏၊ လူကို သတ်တတ်၏၊ ဘုရားဂုဏ်ကျေးဇူး, တရား ဂုဏ်ကျေးဇူး, သံဃာဂုဏ်ကျေးဇူးတို့ကိုမသိ၊ ထို နာဠာဂိရိ ဆင်တော်သည် ဂေါတမကို အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့"ဟု ကြံ၍ ထိုဒေဝဒတ်သည် သွား၍ အဇာတသတ် မင်းကြီးအား ထိုအကြောင်းကို ကြား၏။ အဇာတသတ်မင်းသည် "ကောင်းပြီ"ဟု ဝန်ခံ၍ ဆင်ထိန်းကို ခေါ်စေပြီးလျှင် "အချင်းဆင်ထိန်း....နက်ဖြန် နာဠာဂိရိ ဆင်တော်ကို ယစ်အောင်ပြု၍ နံနက်စောစောကလျှင် ရှင်ဂေါတမနှင့် ခရီးရင်ဆိုင် လွှတ်လော့"ဟုဆို၏။ ဒေဝဒတ်သည်လည်း ထိုဆင်ထိန်းကို "ဒါယကာ.... သင်သည် တစ်ပါးသောနေ့၌ ထိုဆင်တော်ကို အဘယ်မျှလောက် သုရာကို တိုက်သနည်း"ဟု မေးသည်ရှိသော် "အရှင်ဘုရား....ရှစ်ဖောင်းအိုးကို တိုက်ပါ၏"ဟု ဆိုလတ်သော် "ထိုသို့တိုက်ပြီးကား နက်ဖြန် သင်သည် ထို နာဠာဂိရိ ဆင်တော်ကို တစ်ဆယ့်ခြောက်ဖောင်းအိုးကိုတိုက်၍ ရဟန်းဂေါတမ ဆွမ်းခံသွားသောခရီးသို့ ရှေးရှုလွှတ်လော့"ဟု ဆို၏။ ထို ဆင်ထိန်းသည် "ကောင်းပြီ"ဟု ဝန်ခံ၏။ အဇာတသတ် မင်းကြီးသည် "နက်ဖြန် နာဠာဂိရိ ဆင်တော်ကို သုရာယစ်သည်ကိုပြု၍ မြို့၌ လွှတ်ကုန်

www.dhammadownload.com

လတ္တံ့၊ မြို့သူအပေါင်းတို့သည် နံနက်စောစောကလျှင် အလုံးစုံသော ပြုဖွယ်ကိစ္စတို့ကို ပြုကုန်၍ ခရီးလမ်းမသို့ မသွားကြကုန်လင့်''ဟု မြို့ဦးစည်လည်စေတော်မူ၏။ ဒေဝဒတ်သည်လည်း နန်းတော်မှဆင်းခဲ့၍ ဆင်တင်းကုပ်သို့သွားပြီးလျှင် ဆင်ထိန်းတို့ကိုခေါ်၍ ''အချင်းတို့....ငါတို့သည် မြင့်သောအရာ၌ရှိသောသူကို နိမ့်သောအရာ၌လည်းကောင်း၊ နိမ့်သောအရာရှိသောသူကို မြင့်သောအရာ၌လည်းကောင်း တည်စေခြင်းငှာ တတ်နိုင်ကုန်၏။ သင်တို့သည် စည်းစိမ်ချမ်းသာကို အကယ်၍ အလိုရှိကုန်အံ့၊ နက်ဖြန် နံနက်စောစောကလျှင် နာဠာဂိရိဆင်တော်ကို ထက်လှစွာသောတစ်ဆယ့်ခြောက်လုံးသော အရက်ကိုတိုက်၍ ဂေါတမလိဿသောအခါ လုံမချန်း တောင်းတို့ဖြင့် ထိုးဖောက်ကုန်လျက် အမျက်ထွက်စေပြီးလျှင် ဆင်တင်းကုပ်ကို ချိုးဖျက်စေ၍ ရဟန်းဂေါတမ သွားသော ခရီးကို ရှေ့ရှုလွှတ်၍ ဂေါတမကို အသက်ကုန်ခြင်းသို့ ရောက်စေကုန်လော့''ဟုဆို၏။ ထိုဆင်ထိန်းတို့သည် ''ကောင်းပြီ''ဟု ဝန်ခံကုန်၏။ ထိုအကြောင်းသည် အလုံးစုံသော ရာဇဂြိုဟ်ပြည်၌ နှံ့၏။

ဘုရား, တရား, သံဃာ၌ မြတ်နိုးကုန်သော ဒါယကာတို့သည် ထိုစကားကို ကြားကုန်၍ ဘုရားသခင်သို့ ကပ်ကုန်ပြီးလျှင် ''အရှင်ဘုရား.... ဒေဝဒတ်သည် အဇာတသတ်မင်းကြီးနှင့် တကွ တပေါင်းတည်း ဖြစ်၍ နက်ဖြန် အရှင်ဘုရားတို့ ကြွရောက်တော်မူသော ခရီး၌ နာဠာဂိရိဆင်တော်ကို လွှတ်ပါလတ္တံ့၊ နက်ဖြန် ဆွမ်းခံကြွတော် မမူပါလင့်၊ ဤဝေဠုဝန်ကျောင်းတော်၌သာလျှင် နေတော်မူပါကုန်၊ အကျွန်ုပ်တို့သည် ကျောင်းတော်၌သာလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာဆွမ်းလုပ်ကျွေးပါကုန်အံ့''ဟု လျှောက်ကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည်လည်း ''နက်ဖြန် ဆွမ်းခံမသွားအံ့''ဟု မိန့်တော်မမူဘဲ ''ငါဘုရားသည် နက်ဖြန် နာဠာဂိရိဆင်ကြမ်းကို ဆုံးမတော်မူသဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူ၍ တိတ္ထိတို့ကို နှိမ်နင်းလျက် ရာဇဂြိုဟ်ပြည်၌ ဆွမ်းအလိုငှာ မသွားမူ၍လျှင် ရဟန်းအပေါင်းခြံရုံလျက် မြို့မှထွက်၍ ဝေဠုဝန် ကျောင်းသို့သာလျှင် ငါလာအံ့၊ ရာဇဂြိုဟ်ပြည်၌နေကုန်သော လူအပေါင်းဘို့သည်လည်း မျှားစွာကုန်သော ဆွမ်းခွက်တို့ကို ယူခဲ့ကုန်၍ ဝေဠုဝန်ကျောင်းသို့လျှင် လာလတ်ကြကုန်လတ္တံ့၊ နက်ဖြန် ကျောင်းတော်၌သာလျှင် ဆွမ်းဘုဉ်းပေးခြင်း ဖြစ်လတ္တံ့'' ဟု ဤအကြောင်းဖြင့် ထိုသူတို့အား သည်းခံတော်မူ၏။ ထိုပြည်သူတို့သည်

www.dhammadownload.com

ဘုရားသခင် သည်းခံတော်မူခြင်းကို သိကုန်လျှင် ဆုမ်းခွက်တို့ကို ဆောင်ယူခဲ့ကုန်၍ ဝေဠုဝန် ကျောင်းတော်၌သာလျှင် အလှူ ပေးကြကုန်အံ့''ဟု ဖဲကြလေကုန်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ပထမဗုဒ္ဓယာမ်၌ တရားဟောတော်မူ၍ မဇ္ဈိမယာမ်၌ ပြဿနာကို ဖြေတော်မူ၍ ပစ္ဆိမယာမ် ပထမအစု၌ ကသရာဇာ ခြင်္သေ့မင်းကဲ့သို့ ကျိန်းအိပ်တော်မူခြင်းကို ကျိန်းအိပ်တော်မူပြီးလျှင် ဒုတိယအစု၌ ဖလသမာပတ်ဖြင့် လွန်စေတော်မူ၍ တတိယအစု၌ မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူ၍ ကျွတ်ထိုက်ကုန်သော သတ္တဝါတို့ကို ကြည့်တော်မူသည်ရှိသော် နာဠာဂိရိဆင်ကြမ်းကို ဆုံးမတော်မူသဖြင့် ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့ အကျွတ်တရားရမည်ကို မြင်တော်မူ၍ ထိုညဉ့်သည် လင်းလက်သော် ပြုအပ်ပြီးသော ကိုယ်, လက် သုတ်သင်ခြင်း ကိစ္စရှိတော်မူသည်ဖြစ်၍ အရှင်အာနန္ဒာမထေရ်ကို ခေါ်တော်မူ၍ ''အာနန္ဒာ....ယနေ့ ရာဇဂြိုဟ်ပြည်၏ ထက်ဝန်းကျင်ဖြစ်ကုန်သော တစ်ဆယ့်ရှစ်ရပ်ကုန်သော ကျောင်းတိုက်ကြီးတို့၌ အလုံးစုံကုန်သော ရဟန်းတို့အား ငါ ဘုရားနှင့်တကွ ရာဇဂြိုဟ်ပြည်သို့ ဝင်စိမ့်သောငှာ ကြားချေလော့''ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာမထေရ်သည် ဘုရားသခင် မိန့်တော်မူတိုင်း ပြု၏။ အလုံးစုံကုန်သော ရဟန်းတို့သည်လည်း ဝေဠုဝန်ကျောင်းတော်၌ စည်းဝေးကြကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ရဟန်းသံဃာအပေါင်း ခြံရုံလျက် ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူ၏။ ဆင်ထိန်းထို့သည် ဒေဝဒတ်ဆုံးမတိုင်း ကျင့်ကုန်၏။ မျှားစွာသော အစည်းအဝေးသည် ဖြစ်၏။

သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော လူတို့သည် ''ယနေ့ ဘုရားတည်းဟူသော ဆင်မြတ်အား တိရစ္ဆာန်ဖြစ်သောဆင်နှင့် စစ်ထိုးခြင်း ဖြစ်လတ္တံ့သတတ်၊ နှိုင်းယှဉ်စရာ ဥပမာမရှိသော ဘုရား၏ တင့်တယ်စံပယ်ခြင်းဖြင့် နာဠာဂိရိ ဆင်ကြမ်းကို ဆုံးမတော်မူသည်ကို ကြည့်ကြကုန်အံ့''ဟု ကြံ၍ ပြာသာဒ်ရှည်, ပြာသာဒ်ဦးပြည်း, အိမ်အမိုး အစရှိသည်တို့ကို တက်၍ တည်ကုန်၏။

မသဒ္ဓါ မကြည်ညိုကုန်သော မိစ္ဆာအယူရှိကုန်သော သူတို့သည်ကား ''နာဠာဂိရိဆင်တော်သည် အလွန် ကြမ်းကြုတ်၏၊ ခက်ထန်၏၊ လူကို

www.dhammadownload.com

သတ်တတ်၏၊ ဘုရားအစရှိသည်တို့၏ ဂုဏ်ကျေးဇူးကို မသိ၊ ထိုနာဠာဂိရိဆင်တော်သည် ယနေ့ ရှေအဆင်းတူသော အဆင်းရှိသော ရဟန်းဂေါတမကို ဖျက်ဆီး၍ အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့၊ ယနေ့ငါတို့ ရန်သူ၏ပျက်စီးခြင်းကို မြင်ရကုန်လတ္တံ့”ဟုကြံ၍ ပြာသာဒ်ထက် အစရှိသည်တို့၌ တည်ကုန်၏။

နာဠာဂိရိ ဆင်သည်လည်း ဘုရားသခင် ကြွတော်မူလတ်သည်ကို မြင်လျှင် လူတို့ကို ခြိမ်းခြောက်လျက် အိမ်တို့ကို ဖျက်ဆီးပြီး၍ လှည်းတို့ကို မှန်မှန်ညက်ညက် ကျစေလျက် နှာမောင်းကို မြှောက်၍ နားရွက်အမြီးတို့ကို ထောင်လျက် တောင်ကြီးကဲ့သို့ လှုပ်မိုး၍ အကြင်အရပ်၌ ဘုရားသခင် ရှိတော်မူ၏။ ထိုအရပ်သို့ ရှေးရှုပြေးလာ၏။ ထိုနာဠာဂိရိဆင်လာလတ်သည်ကို မြင်၍ ရဟန်းတို့သည် သင္ဃာတို့ မြတ်စွာဘုရားကို ဤသို့သောစကားကို နားတော်လျှောက်ကုန်၏။ “ဘုန်းတော် ကြီးသော အရှင်ဘုရား....နာဠာဂိရိဆင်သည် ကြမ်းတမ်း၏၊ ခက်ထန်၏၊ လူကို သတ်တတ်၏၊ ဤအရပ်သို့ ကြွတော်မမူပါလင့်။ စင်စစ်သော်ကား ဤ နာဠာဂိရိဆင်သည် ဘုရားအစရှိသည်၏ ဂုဏ်ကျေးဇူးကိုမသိပါ၊ ဘုန်းတော် ကြီးသော အရှင်ဘုရား.... အရှင်ဘုရားသည် နောက်သို့ ဆုတ်တော်မူပါလော့၊ ကောင်းသောစကားကို ဆိုတော်မူတတ်သော အရှင်ဘုရား.... အရှင်ဘုရားသည် နောက်သို့ ဆုတ်တော်မူပါလော့”ဟု နားတော် လျှောက်ကြကုန်၏။

သင္ဃာမြတ်စွာဘုရားသည် “ရဟန်းတို့....သင်တို့သည် မကြောက်ကြကုန်လင့်၊ ငါဘုရားသည် နာဠာဂိရိဆင်ကြမ်းကို ဆုံးမခြင်းငှာ စွမ်းနိုင်တော်မူ၏”ဟု မိန့်တော်မူ၏။ ထိုသို့မိန့်တော်မူသောအခါ အရှင်သာရိပုတြာမထေရ်သည် ဘုရားသခင်ကို တောင်းပန်၏ “ဘုန်းတော်ကြီးသော အရှင်ဘုရား.... အဘအားဖြစ်သော ကိစ္စမည်သည်ကား သားကြီး၏ ဝန်တည်း၊ အကျွန်ုပ်သည်လျှင် ထို နာဠာဂိရိဆင်ကြမ်းကို ဆုံးမပါအံ့”ဟု တောင်းပန်၏။ ထိုအခါ အရှင်သာရိပုတြာမ့ထေရ်ကို သင္ဃာမြတ်စွာဘုရားသခင်သည် “သာရိပုတြာ....ဘုရားအားတော်မည်သည်ကား တစ်ပါးတည်း၊ သာဝကတို့အားလည်း တစ်ပါးတည်း၊ သင်သည် ရပ်လေ”ဟု တားမြစ်တော်မူ၏။ အရှင်သာရိပုတြာမထေရ်အတူ မျှားသောအားဖြင့် ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့သည်လည်း တောင်းပန်ကြကုန်၏။ သင္ဃာမြတ်စွာဘုရားသည်

www.dhammadownload.com

အလုံးစုံသော သာဝကတို့ကို တားမြစ်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာ မထေရ်သည် သဗ္ဗညုမြတ်စွာဘုရားသခင်၌ အားကြီးစွာသော ချစ်ခြင်းရှိသည်ဖြစ်၍ သည်းခံခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ "ဆင်သည် ငါ့ကို ရှေးဦးစွာ သတ်ပါစေ"ဟု ဘုရားသခင်အကျိုးငှာ မိမိအသက်ကို စွန့်သဖြင့် သွား၍ ဘုရားသခင်ရှေ့တော်၌ ရပ်၏။ ထိုအခါ အရှင်အာနန္ဒာကို ဘုရားသခင်သည် "အာနန္ဒာ.... ဖဲလလော့၊ ငါဘုရားရှေ့တော်၌ သင် မရပ်လင့်"ဟု မိန့်တော်မူ၏။ ထိုအခါ အရှင်အာနန္ဒာ မထေရ်သည် ဘုရားသခင်ကို ကျိသို့ နားတော်လျောက်ပြန်၏။ "ဘုန်းတော်ကြီးသော အရှင်ဘုရား....ဤ နာဠာဂိရိဆင်သည် ကြမ်းတမ်း၏၊ ခက်ထန်၏၊ လူကို သတ်တတ်၏၊ ကမ္ဘာလောင်မီးနှင့်တူ၏၊ ရှေးဦးစွာ အကျွန်ုပ်ကို သတ်စေ၍ နောက်မှ အရှင်ဘုရားထံတော်သို့ လာပါစေလော့"ဟု အရှင်အာနန္ဒာသည် နားတော်လျောက်၏။ သုံးကြိမ်မြောက်အောင် မြစ်တော်မူသော်လည်း ထိုရှေ့တော်၌သာလျှင် ရပ်၏၊ နောက်သို့မဆုတ်။ ထိုအခါ မြတ်စွာဘုရားသည် အရှင်အာနန္ဒာမထေရ်ကို တန်ခိုးတော်၏အစွမ်းဖြင့် နောက်သို့ ဆုတ်စေတော်မူ၍ ရဟန်းတို့၏အလွယ်၌ ချထားတော်မူ၏။

ဆင်ကို ဆုံးမတော်မူခြင်း

ထိုဓာတ်၌ မိန်းမတစ်ယောက်သည် နာဠာဂိရိဆင်ကိုမြင်လျှင် သေဘေးမှကြောက်သည်ဖြစ်၍ ခါးပိုက်ဖြင့်ချီခဲ့သော သားငယ်ကို နာဠာဂိရိဆင်၏လည်းကောင်း၊ ဘုရားသခင်၏လည်းကောင်း အလယ်ကြား၌ စွန့်၍ ပြေးလေ၏။ နာဠာဂိရိဆင်သည် ထို မိန်းမကို လိုက်ပြီးလျှင် ပြန်လည်၍ သူငယ်အထံသို့ သွား၏။ ထိုအခါ သူငယ်သည် သည်းစွာသောအသံဖြင့် ငိုမြည်တမ်း၏။ သဗ္ဗညုမြတ်စွာဘုရားသခင်သည် နာဠာဂိရိဆင်ကို ရည်မှတ်တော်မူ၍ ထို နာဠာဂိရိဆင်ကိုပင်လျှင် မေတ္တာဖြင့်နှံ့စေ၍ သာယာစွာသော ဗြဟ္မာမင်း၏အသံနှင့်တူသော အသံတော်ကို မြွက်တော်မူ၍ "အို.... နာဠာဂိရိဆင်.... သင့်ကို တစ်ဆယ့်ခြောက်လုံးသော သုရာတို့ကိုသောက်စေ၍ ယစ်ခြင်းကို ပြုကုန်သည်ရှိသော် တစ်ပါးသောသူကို ကျွဲဆင်သည် ဖမ်းလတ္တံ့ဟုကြံ၍ မပြုကုန်၊ စင်စစ်သော်ကား ငါဘုရားကို ဖမ်းယူလတ္တံ့ဟုကြံ၍ ပြုကုန်၏၊ အကြောင်းမဟုတ်သည်၌ မြင်းခေါင်း အစရှိသည်တို့ကို ပင်ပန်းစေလျက် သင်မသွားလင့်၊ ကျွဲ ငါဘုရားအထံသို့ လာလှည့်"ဟု ခေါ်တော်မူ၏။ ထို နာဠာဂိရိဆင်သည် ဘုရားသခင့်စကားတော်ကို ကြား

www.dhammadownload.com

လျှင် မျက်စိတို့ကိုဖွင့်၍ ဘုရားသခင့် အဆင်းတော်၏ တင့်တယ်ခြင်း၊ အသရေကိုကြည့်၍ ထိတ်လန့်ခြင်းကို ရရကား ဘုရားသခင့် တန်ခိုးတော်ကြောင့် သုရာယစ်ခြင်း ပြေသည်ဖြစ်၍ နှာမောင်းကိုချသဖြင့် နားရွက်တို့ကို တဲ့လျားချလျက်သွား၍ ဘုရားသခင့် ခြေတော်ရင်း၌ ဝပ်၏။ ထိုအခါ နာဠာဂိရိဆင်ကို ဘုရားသခင်သည် "နာဠာဂိရိ.... သင်သည် တိရစ္ဆာန်ဖြစ်သော ဆင်တည်း၊ ငါကား ဘုရားတည်းဟူသော ဆင်တည်း၊ ဤနေ့မှစ၍ မကြမ်းတမ်းလင့်၊ မခက်ထန်လင့်၊ လူတို့ကိုမသတ်လင့်၊ ခပ်သိမ်းသော သတ္တဝါတို့၌ မေတ္တာစိတ်ကို အဖန်တလဲလဲ ပွားစေလော့"ဟု မိန့်တော်မူလျက် လက်ယာလက်ကို ဆန့်တော်မူ၍ ဦးကင်း၌ သုံးသပ်တော်မူလျက် ဆုံးမတော်မူလိုရကား ÷

မာ ကုဉ္ဇရ နာဂမာသဒေါ၊
ဒုက္ခော ဟိ ကုဉ္ဇရ နာဂ မာသဒေါ။
နံ ဟိ နာဂ ဟဘာသ ကုဉ္ဇရ၊
သုဂတိ ဟေတိ ဣတော ပရာယဏော။
မာ စ မဒေါ မာ စ ပမာဒေါ၊
န ဟိ ပမတ္တာ သုဂတိံ ဝဇန္တိ တေ။
တွံညေဝ တထာ ကရိဿသိ၊
ယေန တံ သုဂတိံ ဂမိဿသိ—

ဟူသော ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

နာဂ၊ တောင်နှင့်တူသော။ ကုဉ္ဇရ၊ဆင်မင်း။ မာ မာသဒေါ၊ သူတစ်ပါးကို ပြည်းဆဲ မနှိပ်စက်လင့်။ ကုဉ္ဇရ၊ နှာမောင်းရှိသော။ နာဂ၊ဆင်မင်း။ မာသဒေါ၊ သူတစ်ပါးကို နှိပ်စက်ညှဉ်းဆဲခြင်းသည်။ ဒုက္ခော ဟိ၊ဆင်းရဲခြင်း၏ အကြောင်းသာလျှင်တည်း။ နာဂ၊ တောင်ကဲ့သို့ ကြီးမြင့်သော။ ကုဉ္ဇရ၊ဆင်မင်း။ဟိ၊ ထိုစကားသည် မှန်၏။ ဟတဿ၊ သူတစ်ပါးကိုနှိပ်စက်ညှဉ်းဆဲသောသူအား။ ဣတော၊ ဤပစ္စုပ္ပန်ဘဝမှ။ ပရာယနော၊ ဘဝတစ်ပါးသို့ ပြောင်းသွားသည် ရှိသော်။ သုဂတိံ၊ သုဂတိဘဝသို့ လားရသည်။ န ဟေတိ၊ မဖြစ်။

နာဂ၊ နာဠာဂိရိဆင်မင်း။ တုံ၊ သင်သည်။ မာစမဒေါ၊မာန်လည်း မယစ်လင့်။ မာစ ပမာဒေါ၊ မေ့လည်း မမေ့မလျော့သင့်။ ဟိ၊ထိုစကား

www.dhammadownload.com

သည် မှန်၏။ ပမတ္တာ၊ မေ့လျော့ကုန်သော။ တေ၊ ထိုသူတို့သည်။ သုဂတိံ၊ နတ်ရွာသို့။ နဝဇ္ဇန်၊ မသွားကုန်။ ယေန၊ အကြင်ကောင်းမှုဖြင့်။ တံ၊ သင်္ဃသည်။ သုဂတိံ၊ နတ်ရွာသို့။ ဂမိဿသိ၊ သွားရလတ္တံ့။ တေန၊ ထိုဒကောင်းမှုကို။ တွဉ္ဉေဝ၊ သင်သည်သာလျှင်။ တထာ၊ထိုအခြင်းဖြင့်။ ကရိဿသိ၊ ပြုလော့။

ဤသို့ မိန့်တော်မူ၍ တရားဟောတော်မူလျှင် ထိုနာဠာဂိရိဆင်၏ ကိုယ်အလုံးသည် ပီတိဖြင့် မပြတ်တွေ့၏။ ထိုနာဠာဂိရိဆင်သည် အကယ်၍ တိရစ္ဆာန် မဖြစ်အံ့၊ သောတာပတ္တိဖိုလ်ကို ရလတ္တံ့သတတ်၊ လူတို့သည် ထိုတန်ခိုးပြာဋိဟာကို မြင်ရကုန်၍ ပဲ့တင်ထပ်စေကုန်၏၊ လက်ပန်းပေါက် ခတ်ကုန်၏။ ကောင်းစွာဖြစ်သော ဝမ်းမြောက်ခြင်း ရှိကုန်သည်ဖြစ်၍ အထူးထူးသော တန်ဆာတို့ကို ပစ်ကြကုန်၏။ ယိုရှေ့ငွေအစရှိသော ရတနာတန်ဆာတို့သည် နာဠာဂိရိဆင်ကို ဖုံးအုပ်မိကုန်၏။ ထိုအခါမှစ၍ နာဠာဂိရိဆင်သည် ဓနပါလဆင်ဟူ၍ တွင်၏။ ထိုဓနပါလဆင်ကြီးကို ဆုံးမတော်မူသော အစည်းအဝေးဌာန၌ကား ချစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့သည် အမြိုက်နိဗ္ဗာန်တည်းဟူသော အဖျော်ကို သောက်ရကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသခင်သည် ဓနပါလဆင်ကို ငါးပါးသောသီလတို့၌ တည်စေတော်မူ၏။ ထိုဓနပါလဆင်သည် နှာမောင်းဖြင့် ဘုရားသခင့်ခြေတော်၌ မြေမှုန့်တို့ကိုယူ၍ ဦးခေါင်းထက်၌ ကြဲမြောက်သဖြင့် ရှိသေတုပ်ဝပ်လျက် နောက်ဆုတ်သွားသဖြင့် မြင်ကောင်းသောအရပ်၌ တည်လျက် သဗ္ဗညုမြတ်စွာဘုရားကို ရှိခိုး၍ ပြန်လာသဖြင့် ဆင်တင်းကုပ်သို့ ဝင်၏။ ထိုအခါမှစ၍ ယဉ်ကျေးသော ဆင်တကာတို့ထက် အထူးသဖြင့် ယဉ်ကျေးသည်ဖြစ်၍ တစ်စုံတစ်ယောက်သောသူကို မညှဉ်းဆဲပြီ။

ဘုရားဘခင်သည် နှလုံးတော်အလိုပြီးခြင်းသို့ ရောက်တော်မူသည်ဖြစ်၍ "အကြင်သူတို့သည် အကြင်ဥစ္စာကို ပစ်ကြဲအပ်၏၊ ထိုဥစ္စာသည် ထိုသူတို့အားသာလျှင် ဖြစ်စေသတည်း" ဟု မိန့်ဆိုတော်မူ၍ "ယနေ့ငါဘုရားသည် ကြီးစွာသော တန်ခိုးပြာဋိဟာကို ပြုတော်မူအပ်ပြီ၊ ဤရာဇဂြိုဟ်မြို့၌ ဆွမ်းအလှူဌာနသွားခြင်းသည် မသင့်လျော်ပြီ" ဟု နှလုံးသွင်းတော်မူ၍ တိတ္ထိတို့ကို နှိမ်နင်းတော်မူသဖြင့် ရဟန်းအပေါင်း ခြံရံလျက် ရန်ကို အောင်မြင်ခြင်းသို့ရောက်သော မင်းကဲ့သို့ ရာဇဂြိုဟ်မှ ထွက်တော်မူခဲ့ပြီးလျှင် ဝေဠုဝန်ကျောင်းတော်သို့သာလျှင် ကြွတော်မူ၏။

www.dhammadownload.com

ရာဇဂြိုဟ်မြို့သူ အပေါင်းတို့သည် မျှားစွာသော ဆုမ်း အဖျော်ခဲဖွယ် ဘောဇဉ် စားဖွယ်သောက်ဖွယ်တို့ကိုယူခဲ့၍ ဝေဠုဝန်ကျောင်းတော်သို့ သွားကုန်၍ ကြီးစွာသော အလှူကို ဖြစ်စေကုန်၏။ ထိုဓနပါလဆင်ကို ဆုံးမတော်မူသောနေ့ ညချမ်းအခါ၌ တရားသဘင်ကိုပြည့်စေ၍ နေကုန်သော ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏။ အဘယ်သို့ ဖြစ်စေကုန်သနည်း ဟူမူကား "ငါ့ရှင်တို့ အရှင်အာနန္ဒာမထေရ်သည် သဗ္ဗညုမြတ်စွာဘုရားသခင်အကျိုးငှာ မိမိအသက်ကိုစွန့်သဖြင့် ပြုနိုင်ခဲသောအမှုကို ပြုပေ၏၊ နာဠာဂိရိဆင်ကို မြင်၍ ဘုရားသခင်သည် သုံးကြိမ်မြင်တော်မူသော်လည်း မဆုတ်နစ်၊ ငါ့ရှင်တို့ အရှင်အာနန္ဒာမထေရ်သည် ဒဏ်ဖွယ် ရှိစွာ၊ ပြုနိုင်ခဲသော အမှုကို ပြုပေ၏" ဟု အရှင်အာနန္ဒာမထေရ်အား ချီးမွမ်းပြောပခြင်းစကားကို ဖြစ်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် "အာနန္ဒာ၏ ဂုဏ်ကျေးဇူးစကားသည် ဖြစ်၏" ဟု သိတော်မူလျှင် "ထိုအရပ်သို့ ငါဘုရားသည် သွားအပ်၏" ဟု ကြွတော်မူ၍ ဂန္ဓကုဋီတော်မှ ထွက်ကြွတော် မူခဲ့သဖြင့် ကြွလာတော်မူလတ်၍ "ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း" ဟု မေးတော်မူလတ်၍ "ဤမည်သော စကားဖြင့် စည်းဝေးပါကုန်၏" ဟု နှားတော် လျှောက်ကုန်လတ်သော် "ရဟန်းတို့ ယခုအခါ၌သာလျှင် အာနန္ဒာသည် ငါဘုရား၏ အကျိုးငှာ မိမိအသက်ကို စွန့်သည်မဟုတ်သေး၊ ရှေးဦးလည်း အာနန္ဒာသည် တိရစ္ဆာန်အမျိုးမျိုး၌ ဖြစ်သော်လည်း ငါဘုရား၏ အကျိုးငှာ မိမိအသက်ကို စွန့်ဖူးပြီ" ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့ လွန်လေပြီးသောအခါ မဟိသကတိုင်းသာဂလမြို့၌ သာဂလအမည်ရှိသော မင်းသည် တရားနှင့်အညီ မင်းပြု၏။ ထိုအခါမြို့မှ မနီးမဝေးသော တစ်ခုသော မုဆိုးတို့ရွာ၌ တစ်ယောက်သော မုဆိုးသည် ကျော့ကွင်းတို့ဖြင့် ငှက်တို့ကို ထောင်ပြီးလျှင် မြို့၌ ရောင်းချ၍ အသက်မွေး၏။ သာဂလမြို့မှလည်း မနီးမဝေးသော အရပ်၌ အဝန်းတစ်ဆယ့်နှစ်ယူဇနာရှိသော ငါးပါးသော အဆင်းရှိသော ပဒုမ္မာကြာဖြင့် ဖုံးလွှမ်းအပ်သော မာနုဿိယ အမည်ရှိသော အိုင်သည် ရှိ၏။ ထို မာနုဿိယပဒုမ္မာအိုင်၌ အထူးထူး အပြားပြား ရှိကုန်သော မျှားစွာကုန်သော ငှက်အပေါင်းတို့သည် သက်ကုန်၏။ ထို ငှက်မုဆိုးသည် ထို မာနုဿိယ ပဒုမ္မာကြာအိုင်၌ အဘယ်ငှက်ဟူ၍ မမှတ်ဘဲ ကျော့ကွင်းကို ထောင်၏။ ထိုအခါ၌

www.dhammadownload.com

ဓတရဋ္ဌ ဟသ်ာမင်းသည် ကိုးသောင်း ခြောက်ထောင်ကုန်သော ဟသ်ာအပေါင်း ခြံရံလျက် စိတ္တကုဋ္ဌတောင်ဝယ် ရွှေဂူ၌ နေတော်မူ၏။ ထို ဟသ်ာမင်းအား သုမုခ အမည်ရှိသော ဟသ်ာ စစ်သူကြီးသည် ရှိ၏။ ထိုအခါ တစ်နေ့သ၌ တို ဟသ်ာအပေါင်းမှ နှစ်ခု သုံးခုကုန်သော ရွှေဟသ်ာတို့သည် မာနုဿိယ အမည်ရှိသော ပဒုမ္မာအိုင်သို့ သွားကုန်သော် များသော အစာရှိသော ထိုမာနုဿိယ ပဒုမ္မာအိုင်၌ အလိုရှိတိုင်း ကျက်စားကုန်၍ ဝ့ကုန်လတ်သော် စိတ္တကုဋ္ဌတောင်သို့ သွား၍ ဓတရဋ္ဌ ရွှေဟသ်ာမင်းအား ကြား လျှောက်ကုန်၏။ "မြတ်သော မင်းကြီး....လူ့ပြည် ခရီး၌ မာနုဿိယ အမည်ရှိသော ပဒုမ္မာအိုင်သည် ပြည့်စုံသော ကျက်စားရာရှိ၏၊ ထိုအိုင်၌ အစာကို ယူခြင်းငှာ သွားကြကုန်အံ့" ဟု ကြားလျှောက်ကြကုန်၏။

ဟသ်ာမင်း ကျော့ကွင်းမိပြီ

ထို ဘုရားလောင်း ဓတရဋ္ဌ ဟသ်ာမင်းသည် "လူ့ပြည် မည်သည်ကား ဘေးဘျမ်းနှင့်တကွ ဖြစ်၏၊ ရုံရှာဖွယ်ရှိ၏၊ သင်တို့သည် မနှစ်သက်ကြကုန်လင့်" ဟု ပယ်တော်မူသော်လည်း ထို ဟသ်ာတို့သည် အဖန်တလဲလဲ လျှောက်ဆိုအပ်သည်ဖြစ်၍ "သင်တို့သည် အကယ်၍ နှစ်သက်ကုန်အံ့၊ သွားကြကုန်အံ့" ဟု အခြံအရံနှင့်တကွ ထိုအိုင်သို့ သွားတော်မူ၏။ ထိုဘုရားလောင်း ဓတရဋ္ဌ ဟသ်ာမင်းသည် ကောင်းကင်မှ သက်သည်ရှိသော် ခြေကို ကျော့ကွင်း၌ သွင်းလျက်သာလျှင်သက်၏။ ထိုအခါ ဘုရားလောင်း ဟသ်ာမင်း ခြေကို ကျော့ကွင်းသည် သံပြားဖြင့် ငင်သကဲ့သို့ ဖဲ့၍ ယူ၏။ ထိုအခါ "ကျော့ကွင်းကို ဖြတ်အံ့" ဟု ကြံ၍ ငင်သော ဘုရားလောင်း၏ ရှေးဦးစွာ အကြိမ်၌ အရေပြတ်၏၊ နှစ်ကြိမ်မြောက် ငင်ရာ၌ အသားပြတ်၏၊ သုံးကြိမ်မြောက် ငင်ရာ၌ အကြောပြတ်၏၊ ကျော့ကွင်းသည် အရိုးကိုထိ၍ တည်၏၊ သွေးသည် ယိုစီး၏၊ သည်းစွာဒသာ ဝေဒနာတို့သည် ဖြစ်ကုန်၏။

ထို ဘုရားလောင်းသည် ကြံ၏၊ "ငါသည် ကျော့ကွင်းမိသော မြည်သံကို အကယ်၍ မြည်ငြားအံ့၊ ငါ၏ ဆွေမျိုးတို့သည် ထိတ်လန့်ကုန်သည်ဖြစ်၍ အစာကို မယူကုန်မူ၍ ဆာမွတ်သော ကိုယ်ရှိသည်ဖြစ်၍ ပြေးလွှားကုန်လတ်သော် အားနည်းသည်၏ အဖြစ်ကြောင့် မဟာသမုဒ္ဒရာ၌ ကျကုန်လတ္တံ့" ဟု ကြံတော်မူ၏။ ကြံပြီး၍ ဘုရားလောင်းသည် သည်းစွာသော ဝေဒနာကို သည်းခံတော်မူ၍ ဆွေမျိုးဖြစ်ကုန်သော ဟသ်ာတို့၏ အလိုရှိတိုင်း

www.dhammadownload.com

စားပြီး၍ ကစားသောအခါ၌ သည်းစွာသော အသံဖြင့် ကျော့ကွင်းမိသော အသံကို မြည်တော်မူ၏။ ထို မြည်သံကို ကြားကုန်လျှင် ဟင်္သာတို့သည် သေဘေးမှ ကြောက်ကုန်သဖြင့် အစုအစုဖြစ်၍ စိတ္တကူဋ်ဘောင်သို့ ရှေးရှု ပျံသွားကြလေကုန်၏။

စစ်သူကြီးသုမုခ ပြန်လာခြင်း

ထို ဟင်္သာတို့ ပျံသွားကုန်သည်ရှိသော် သုမုခ အမည်ရှိသော ဟင်္သာစစ်သူကြီးသည် "အသို့နည်း၊ စင်စစ်လျှင် ဤဘေးသည် ငါတို့သခင် အရှင်မင်းမြတ်အား ဖြစ်လေသလော့၊ ထိုဘေးကို သိအောင်ပြုအံ့" ဟု ကြံ၍ လျှင်မြန်စွာ ပျံသွားသဖြင့် ရှေ့ကသွားသော ဟင်္သာအပေါင်း၌ ဘုရားလောင်းကို မမြင်လျှင် အလယ်ကသွားသော ဟင်္သာအပေါင်း၌ စုံစမ်း ရှာဖွေ၏။ ထို အလယ် ဟင်္သာအပေါင်း၌လည်း ထို ဘုရားလောင်းကို မမြင်၍ နောက်ကသွားသော ဟင်္သာအပေါင်း၌ စုံစမ်းရှာဖွေပြန်၏။ ထို ဟင်္သာအပေါင်း၌လည်း မမြင်၍ "မချတ်လျှင် ထိုဘေးသည် ငါတို့သခင် အရှင်မင်းမြတ်အားသာလျှင် ဖြစ်၏" ဟု ပြန်လည်ခဲ့သဖြင့် လာလတ်သော် ကျော့ကွင်း၌ မိသော သွေးအလိမ်း အလိမ်း ကပ်လျက် ဆင်းရဲနာကျင်စွာ ညည်းပျောင်း အပြင်း၌နေသော ဘုရားလောင်းကို မြင်၍ "အရှင် မင်းမြတ်.... ကြောက်တော်မမူလင့်၊ အကျွန်ုပ်သည် အသက်ကိုစွန့်၍ အရှင်မင်းမြတ်တို့ကို ကျော့ကွင်းမှ လွတ်ပါစေအံ့" ဟု ဆိုလျက်လျှင် ကောင်းကင်မှ သက်လတ်၍ ဘုရားလောင်းကို နှစ်သိမ့်စေလျက် ညည်းပျောင်း အပြင်း၌ နေ၏။

ဟင်္သာမင်းနှင့် လွတ်သော်

ထိုသို့ နေသောအခါ ဘုရားလောင်းသည် စစ်သူကြီး သုမုခကို စုံစမ်းတော်မူလိုရကား—

၁။ သုမုခ အနုပစိနန္တော၊ ပက္ကမန္တိ ဝိဟင်္ဂမော။
ဂစ္ဆ တုဝမ်ိဳ မာ ကခ်ံဳ၊ နတ္ထိ ဗဒ္ဓေ သဟာယတာ—

ဟူသော ရှေးဦးစွာသော ဂျိဂါထာကို ဆိုတော်မူ၏။

၁။ သုမုခ၊ အမောင် သုမုခ၊ အနုပစိနန္တော၊ ချစ်ခင်သဖြင့် မကြည့်ကုန်မူ၍။ ဝိဟင်္ဂမော၊ ဆွမျိုးဖြစ်ကုန်သော ကိုးသောင်းခြောက်

www.dhammadownload.com

ထောင်ကုန်သော ဟသ်ၚတို့သည်။ မံ၊ ငါ့ကို။ ဆဋ္ဌေတ္ဝာ၊ စွန့်ခဲ့ကုန်၍။ ပက္ကမန္တိ၊ ပျံသွားလေကုန်၏။ ဗဒ္ဓေ၊ ကျေ့ကွင်းမိသော ငါဠဲ့။ သဟာယတာ၊ အဆွေခင်ပွန်းဖြစ်သော အပေါင်းအဖော်မည်သည်။ နတ္ထိ၊ မရှိ။ တုဗံပိ၊ သင်သည်လည်း။ ဂစ္ဆ၊ သွားလော့။ မာ ကခ်ံ၊ ငါ့ထံ၌ နေခြင်းကို အလိုမရှိလင့်။

စစ်သူကြီး ငြင်းဆန်ပုံ

ထိုစကားကိုကြား၍ စစ်သူကြီးသုမုခသည် ဟသ်ၚင်းကိုစွန့်၍ မိမိသွားလိုသောအကြောင်းကို ဟသ်ၚမင်းအား ပြန်ကြားတင်လျှောက်လိုရကား—

၂။ ဂစ္ဆေ ဝါဟံ နဝါဂစ္ဆေ၊ နတေန အမရော သိယံ။
သုခီတံ တံ ဥပါသိတ္ဝာ၊ ဒုက္ခီတံ တံ ဂထံ ဇဟော။

၃။ မရဏံ ဝါ တယာ သဒ္ဓိံ၊ ဇီဝိတံ ဝါ တယာ ဝိနာ။
တဒေဝ မရဏံ သေယျော၊ ယဉ္စေ ဇီဝေ တယာ ဝိနာ။

၄။ နေသ ဓမ္မော မဟာရာဇ၊ ယံ တံ ဇဟေ ဂတံ ဇဟော။
ယာ ဂတီ တုယ္ဟံ သာမယ္ဟံ၊ ရုစ္စတေ ဝီဟဂါဓိပ—

ဟူသော ဤ သုံးဂါထာတို့ကို ဆို၏။

၂။ မဟာရာဇ၊ မြတ်သော မင်းကြီး။ အဟံ၊ အကျွန်ုပ်သည်။ ဂစ္ဆေဝါ၊ သွားမူလည်း သွားအံ့။ နဂစ္ဆေဝါ၊ မသွားဘဲမူလည်းနေအံ့။ တေန၊ ထိုအရှင်မင်းကြီးကို စွန့်၍ သွားသဖြင့်။ အမရောပိ၊ မသေနေရသည်လည်း။ နသိယံ၊ မဖြစ်လတ္တံ့။ သုခီတံ၊ ချမ်းသာသော။ တံ၊ အရှင်မင်းကြီးကို။ ဥပါသိတ္ဝာ၊ မှီဝဲဆည်းကပ်ပြီး၍။ ဒုက္ခီတံ၊ ဆင်းရဲသော။ တံ၊ အရှင်မင်းကြီးကို။ ဂထံ၊ အကယ်၊ အကြောင့်။ ဇဟော၊ စွန့်ရှာနည်း။

၃။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တယာ၊ အရှင် မင်းကြီးနှင့်။ သဒ္ဓိံ၊ တကွ။ မရဏံ ဝါ၊ သေခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ တယာ၊ အရှင်မင်းကြီးနှင့်။ ဝိနာ၊ ကင်း၍။ ဇီဝိတံဝါ၊ အသက်ရှည်ခြင်းသည်

www.dhammadownload.com

လည်း။ အတ္ထိ၊ ရှိ၏။ ဣမေသု ဒ္ဒိသု၊ ဤ နှစ်ပါးတို့တွင်။ တယာ၊ အရှင်မင်းကြီးနှင့်။ သဒ္ဒိ၊ ကု။ တဒေဝမ့ရဏံ၊ ထို သေခြင်းသည်လျှင်။ သေယျော၊ အထူးသဖြင့် မြတ်၏။ တယာ၊ အရှင်မင်းကြီးနှင့်။ ဝိနာ၊ ကင်း၍။ ယံဇီဝေ၊ အကြင် အသက်ရှည်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံဇီဝိတံ၊ ထိုအရှင်မင်းကြီးနှင့်ကင်း၍ အသက်ရှည်ခြင်းသည်။ န သေယျော၊ မမြတ်။

၄။ မဟာရာဇ၊ မြတ်သောမင်းကြီး၊ ယံ-ယေန၊ အကြင့်ကြောင့်။ ဧဝံ၊ ဤသို့။ ဂတံ၊ ကျေးဇူးပြုအပ်သော။ တံ၊ အရှင်မင်းကြီးကို။ ဇနေဟာ၊ စွန့်ငြားအံ့။ သေ-ဧသော၊ ဤသို့ ချမ်းသာသောအခါ မှီဝဲ၍ ဆင်းရဲသော အခါ စွန့်ခြင်းသည်။ န ဓမ္မော၊ သူတော်ကောင်းသဘော မဟုတ်။ ဝိဟဂါမိပ၊ ဟသ်ာမင်း။ တုယ္ဟံ၊ အရှင်မင်းကြီး၏။ ယာ ဂတိ၊ အကြင် ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သာ ဂတိ၊ ထို ဖြစ်ခြင်းကို။ မယ္ဟံ၊ အကျွန်ုပ်သည်။ ရုစ္စတေ၊ နှစ်သက်အပ်၏။

အဘယ်ကြောင့် သေလိုသနည်း

ထိုသို့ သုမုခစစ်သူကြီး တင်လျှောက်သောစကားကို ကြား၍ ရွှေဟသ်ာမင်းသည် "အမောင် သုမုခ.... သင့်အသက်ကိုစွန့်၍ ငါ့အသက်ကို ရှင်ခြင်းသည် အကြောင်းမရှိ၊ ကန်းလေပြီးသော သူသည် လင်းစေလို၍ ဆီမီးတန်ဆောင် အထောင်မက ထွန်းငြားပါသော်လည်း အလင်းမဖြစ်နိုင်သကဲ့သို့ သင့်အသက်ကို စွန့်ခြင်း၏ အကျိုးအထူးကို ငါမမြင်" ဟု မိန့်တော်မူ၍ ထိုအကြောင်းကို သုမုခအား ကြားတော်မူလိုရကား-

၅။ ကာ နု ပါသေန ဗန္ဓဿ၊ ဂတိ အာသာ မဟာနသာ။
သာ ကထံ စေဟယာနဿ၊ မုတ္တဿ တဝ ရုစ္စတိ။

၆။ ကံ ဝါ တုံ ပဿသေ အတ္ထံ၊ မမ တုယ္ဟ ပက္ခိမ။
ဉာတီနံ ပါ ဝသိဋ္ဌာနံ၊ ဉာဘိန္နံ ဇီဝိတက္ခယေ။

၇။ ယံ နု ကဉ္ဇနဒေပိဋ္ဌ၊ အန္ဓေန တမသာ ဂတံ။
တာဒိသေ သဉ္ဇံ ပါဏံ၊ က'မတ္ထ'မဘိဇောတယေ-

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

www.dhammadownload.com

၅။ သုမုခ၊ အမောင် သုမုခ။ ပါသေန၊ ကျေ့ကွင်းဖြင့်။ ဗန္ဓသ၊ ဖဲ့မိသောငါ့အား။ မဟာနုသာ၊ စဖိုအိမ်မှ။ အညာ၊ တစ်ပါးသော။ ဂတိ၊ လားရာသည်။ ကာနုအတ္ထိ၊ အတိမ်္မာရှိအုံ့နည်း။ စေတယာနသ၊ ကျေ့ကွင်းမိသည်ကို သိသောစိတ်ရှိသော။ မုတ္တာသ၊ ကျေ့ကွင်းမှ လွတ်သော။ တ၊ သင်သည်။ ကထံ၊ အဘယ့်ကြောင့်။ သာ၊ ထိုစဖိုအိမ်သို့ ငါသွားရအုံ့သည်ကို။ ရုစ္စတိ၊ နှစ်သက်ဘိသနည်း။

၆။ ပက္ခိမ၊ အတောင်ရှိသော။ သုမုခ၊ အမောင်သုမုခ။ ဥဘိန္နံ၊ နှစ်ယောက်ကုန်သော ငါတို့သည်။ ဇီဝိတက္ခယေ၊ အသက်ကုန်ခြင်းဌာ။ မမဥ္ဆ၊ ငါ၏လည်းကောင်း။ တုယ္ဟဥ္ဆ၊ သင်၏လည်းကောင်း။ အဝသိဋ္ဌာနံ၊ ငါတို့မှ ကြွင်းကုန်သော။ ဥဘိနံ ဝါ၊ ဆွေမျိုးတို့သည် လည်းကောင်း။ ကံ ဝါအက္ထံ၊ အဘယ်အကျိုးကိုလျှင်။ ဘံ၊ သင်သည်။ ဂဿသေ၊ မြင်ဘိသနည်း။

၇။ ကဉ္ဆနဒေပိဥ္ဆ၊ ရွှေအဆင်းနှင့်တူသော အတောင်နှစ်ဖက် ရှိသော။ သုမုခ၊ အမောင် သုမုခ။ တာဒိသေ၊ ထိုသို့သဘောရှိသော လုံ့လပြု၍ အကျိုးမရှိသော အရာ၌။ ပါဏံ၊ မိမိအသက်ကို။ သဥ္ဆံ၊ စွန့်သော သင်သည်။ ကံ အတ္ထံ၊ အဘယ်အကျိုးကို။ အဘိဇောတယေ၊ ပြုနိုင်အုံ့နည်း။ ယံ-ယေန၊ အကြင့်ငကြောင့်။ အဇ္ဈန၊ သူကန်းသည်။ တမသာ၊ အမိုက်တိုက်၌။ ဂတန္ဒု၊ ဆိမိုးထွန်းသည်နှင့် တူ၏။

ဘရားရှိသူ တရားက စောင့်

ထို့နောင်မှ သုမုခသည် မိမိအသက်ကို စွန့်ရာ၌ အကျိုးကို ဘုရားလောင်းအား ပြလိုရကား—

၈။ ကဏန္ဒု၊ ပတတံ သေဋ္ဌ၊ ဓမ္မေ အတ္တံ နပဋ္ဌယိ။
ဓမ္မော အပဖ်ံဟာသ၊ အတ္တံ ဒဿေတိ ပါဏိနံ။

၉။ သောဟံ ဓမ္မံ အပေက္ခာနော၊ ဓမ္မော ဧတ္တံ သမုဋ္ဌိတံ။
ဘတ္တိဥ္ဆ ကယိ သမ္မဿံ၊ နာဝကင်္ခါမိ ဇီဝိတံ—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

၈။ ပဟာတံ၊ ပျံတတ်သော ဋ္ဌက်အပေါင်းတို့ထက်။ သေဋ္ဌ၊ အထူး သဖြင့် မြတ်တော်မူသော ဟသ်ာမင်း။ တုံ၊ အရှင်မင်းကြီးသည်။ ဓမ္မေ၊ ကျင့်အပ်သော တရား၌။ ကထံ၊ အဘယ်ကြောင့်။ အတ္ထံ၊ အဂ်ီးကို။ နု ဗုဇ္ဈသနု၊ မသိသနည်း။ မယာ၊ အကျွန်ုပ်သည်။ သန္တေ၊ ထင်ရှားရှိသော။ ဓမ္မေ၊ ကျင့်အပ်သော တရားကို။ အပစိတေ၊ ပူဇော်အပ်၏။ ဓမ္မေ၊ ကျင့်အပ်သော ကုသိုလ်တရားသည်။ ပါဏိနံ၊ သတ္တဝါတို့၏။ အတ္ထံ၊ အစီးအပွားကို။ ဒဿေတိ၊ ပေးတတ်၏။

၉။ မဟာရာဇ၊ မြတ်သောမင်းကြီး။ သော အဟံ၊ ထိုအကျွန်ုပ် သည်။ ဓမ္မံ၊ ကျင့်အပ်သော ဝတ်ရားကို။ အပေက္ခာနော၊ ရှုသည်ဖြစ်၍။ ဓမ္မော၊ ကျင့်အပ်သော ကုသိုလ်တရားကြောင့်။ သမုဋ္ဌိတံ၊ ဖြစ်သော။ ယံ အတ္ထံဆ္ဆ၊ အကြင် အကျိုးစီးပွားသည် လည်းကောင်း။ တယိ၊အရှင်မင်းကြီး ၌။ ယံ ဘတ္တိံ စ၊ အကြင်ချစ်ခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအကျိုးကို။ သမ္မဿံ-သမ္မဿန္တော၊ ရှုသည်ဖြစ်၍။ ဇီဝိတံ၊ အကျွန်ုပ် အသက်ကို။ နာဝကင်္ခါမိ၊ အလိုမရှိ။

မိတ်ဆွေအစစ်

ထိုစကားကိုကြား၍ ဘုရားလောင်း ဋ္ဌေဟသ်ာမင်းသည် သဘော အားဖြင့် ချီးမွမ်းတော်မူသဖြင့် သုမုခကို မှာထား၍ တစ်ပါးသော အရပ် သို့ သွားစေလိုရကား—

၁၀။ အဒ္ဓါ သော သတံ ဓမ္မော၊ ယော မိတ္တော မိတ္တာမာပဒေ။
နံ စဇေ ဇီဝိတဿာပိ၊ ဟေတု ဓမ္မံ အနုဿရံ။

၁၁။ သွာယံ ဓမ္မော စ တေ စိဏ္ဏော၊ ဘတ္တိ စ ဝိဒိတာ မယိ။
ကာမံ ကရဿု မယ္ဟေတံ၊ ဂစ္ဆေ ဝါ နုမတော မယာ။

၁၂။ အပိ တေဝံ ဂတေ ကာလေ၊ ယံ ခတ္တံ ဉာတိနံ မယာ။
တယာ တံ ဗုဒ္ဓိသမ္ပန္နံ၊ အဿ ပရမသံဝုတံ—

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၁၀။ သုမုခ၊ အမောင်သုမုခ။ ယော ;မိတ္တော၊ အကြင် အဆွေ ခင်ပွန်းသည်။ ဓမ္မံ၊ အဆွေခင်ပွန်း ကျင့်ဝတ်တရားကို။ အနုဿရ

www.dhammadownload.com

အနုသရန္တော၊ အောက်မေ့သည်ဖြစ်၍။ ဇီဝိတသာပိ၊ အသက်၏လည်း။ ဟေတု၊ အကြောင်းကြောင့်။ အာပဒေ၊ ဘေးရန်ရှိလတ်သော်။ မိတ္တံ၊ အဆွေခင်ပွန်းကို။ နု စဇေ၊ မစွန့်။ တာသ မိတ္တသ၊ ထိုအဆွေခင်ပွန်း၏။ ဇသော၊ ဤသို့ ဘေးရန်ရှိသောအခါ အဆွေခင်ပွန်းကို မစွန့်ခြင်းသည်။ အဒ္ဓါ၊ စင်စစ်။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မော၊ သဘောပေတည်း။

၁၁။ သုမုခ၊ အမောင် သုမုခ။ တေ၊ သင်သည်။ သုဘယဓမ္မော၊ ထို အဆွေခင်ပွန်းကျင့်ဝတ် တရားကိုလျှင်။ စိဏ္ဏော၊ ကျင့်လိုအံ့။ မယိ၊ ငါ၌။ ဘတ္တိ စ၊ ချစ်ခြင်းကိုလည်း။ ဝိဒိတာ၊ သိအံ့။ မယှံ၊ ငါ၏။ ကာမံ၊ အလိုရှိအပ်သော။ တေံ၊ ဤငါ့စကားကို။ ကုရဿု၊ လိုက်နာလော့။ မယာ၊ ငါသည်။ အနုမတော ဇဝ၊ ခွင့်ပြုသည်သာလျှင်တည်း။ တွံ၊ သင်သည်။ ဂစ္ဆ၊ သွားလေလော့။

၁၂။ သုမုခ၊ အမောင် သုမုခ။ အပိတု၊ စင်စစ်သဖြင့်ကား။ ဇဝံ ဂတော၊ ဤသို့ဖြစ်သော။။ ကာလေ၊ အခါ၌။ မယာ၊ ငါသည်။ ဉာတီနံ၊ အဆွေအမျိုးတို့အား။ယံ ခဏ္ဍံ၊ အကြင် အပိုင်းအခြားကို။ ကတံ၊ ပြုအပ်ပြီ။ တံ ခဏ္ဍ၊ ထို အပိုင်းအခြားကို။ တယာ၊ သင်သည်။ ဗုဒ္ဓိသမ္မန္နံ၊ ပညာနှင့် ပြည့်စုံသည် ဖြစ်၍။ ပရမသံဝုတံ၊ လွန်စွာ စောင့်ရှောက်သည်။ အာသ၊ ဖြစ်ခဲလော့။

ဤသို့ ဘုရားလောင်း ရှေဟသ်ာမင်းနှင့် စစ်သူကြီး သုမုခတို့ မှာထား ပြောဆိုကြစဉ် ငှက်မှဆိုးသည် မြင်လေ၏။ ရှေဟသ်ာမင်းတို့ သည်လည်း ရန်သူဖြစ်သော မုဆိုးကို ကြည့်ကြကုန်၍ ဆိတ်ဆိတ်နေသဖြင့် မတုန်လှုပ် ကြကုန်။

ဘာကြောင့် မပျံသနည်း

ငှက်မှဆိုးသည် လျှင်မြန်စွာ ဟသ်ာမင်းတို့ အထံသို့ လာလတ်သဖြင့် ချဉ်းကပ်၍ "နှစ်ခုကိုပင် မိသနလော" ဟု ကြံစည် ဒဏ်ရာတောလျက် ရှေဟသ်ာဟို့ကို ပေးလေ၏။

ထိုအကြောင်းကို ပြတော်မူလိုသော သဗ္ဗညူ မြတ်စွာဘုရားသည်—

၁၃။ လာဘော်စဝံ မန္တယန္တာနံ၊ အရိယာနံ အရိယဝုတ္တိနံ။
ပစ္စဒိသတိ နေသာဒေါ၊ အာတုရာန မိဝန္ဓကော ။လ။

www.dhammadownload.com

၂၀။ ကိန္နု တျာဟံ ဒိဇော ဟောတိ၊ မုတ္တော ဗဒ္ဓံ ဥပါသသိ။ သြဟာယ သကုဏော ယန္တိ၊ ကိံ ဇေကော အဝဟီယသိ— ဟူသော ဤ ရှစ်ဂါထာတို့ကို ဟောတော်မူ၏။

၁၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ဤစွေဝံ၊ ဤသို့လျှင်။ အရိယဝုတ္တိနံ၊ မြတ်သော အကျင့်ရှိကုန်သော။ အရိယာနံ၊ မြတ်ဒသော ဌက်မင်း နှစ်ပါး တို့၏။ မန္တာယန္တာနံ၊ တိုင်ပင် ပြောဟောကုန်စဉ်၊ အာတုရာနံ၊ ရောဂါ နှိပ်စက်ကုန်သော သူတို့အား။ အန္တကော၊ သေမင်းသည်။ ပစ္စဒိဿတိ ဤဝ၊ ထင်လာသကဲ့သို့။ နေသာဒေါ။ ဌက်မုဆိုးသည်။ ပစ္စဒိဿတိ၊ ထင်လာ၏။

၁၄။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဉ့် ပတ်လုံး။ ဟိတာ၊ အချင်းချင်း အကျိုးစီးပွားကို ဆောင်ကုန်သော။ တေဒိဇာ၊ ထို ရွှေဟင်္သာမင်း နှစ်ပါးတို့သည်။ သတ္တာ၊ ရန်သူဖြစ်သော မုဆိုးကို။ အဘိသဉ္ဇိက္ခ၊ ကြည့်ကုန်၍။ တုဏ္ဍိမာသိတ္ထ၊ ဆိတ်ဆိတ်နေကုန်၏။ ဥဘယော၊ ဟင်္သာ နှစ်ပါးတို့သည်။ အာဿနာ၊ နေရာမှ။ နစပစ္စေသုံ၊ မတုန်မလှုပ်ကုန်။

၁၅။ ဘိက္ခဝေ၊ ရဟန်းတို့။ တတော တတော၊ ထိုထို အရပ်မှ။ သမုဒ္ဒေန္တေ၊ ကောင်းကင်သို့ ပျံတက်ကုန်ဒသော။ ဓတရဋ္ဌေ စ၊ ဓတရဋ္ဌ ရွှေဟင်္သာတို့ကိုလျှင်။ ဒိဿဝန၊ မြင်လတ်၍။ ဒိဇသတ္တာ၊ ဌက်မုဆိုးသည်။ ဒိဇာမိပေ၊ ဟင်္သာမင်းတို့သို့။ ဝဇဂန၊ လျင်စွာ။ အဘိက္ကမထ၊ ရောက်လေ၏။

၁၆။ ဘိက္ခဝေ၊ ရဟန်းတို့။ သော စ နေသာဒေါ၊ ထို ဌက်မုဆိုး သည်လည်း။ ဝဇဂန၊ လျင်စွာ။ အဘိက္ကမ္မ၊ ရောက်တည့်လာ၍။ ပရဓမေ၊ မြှောက်ကုန်သော။ ဒိဇေ၊ ဟင်္သာမင်းတို့သို့။ အာသဇ္ဇ၊ ချဉ်းကပ်၍။ ဗဒ္ဓါ၊ နှစ်ခုကိုပင် မိလေသလော။ ဣတိ၊ ဤသို့။ ဝိစိန္တယံ-ဝိစိန္တယဒန္တော၊ စုံစမ်းလျက်။ ပစ္စကမိတ္ထ၊ ဖြည်းဖြည်းသာသာ သွားလေ၏။

၁၇။ ဧကံဝါ၊ တစ်ခုကိုသာလျှင်။ ဗဒ္ဓံ၊ ကျော့ကွင်းမိသည်ဖြစ်၍။ အာသီနံ၊ နေ၏။ ပုနာပရံ၊ ဟင်္သာမင်း တစ်ခုကို။ အဗဒ္ဓဥ္စ၊ ကျော့ကွင်း

www.dhammadownload.com

လည်း မမိ။ ဗဒ္ဓံ၊ ကျေ့ကွင်းမိသော ဟသ်ာမင်းသို့။ အာသင့္ဇ၊ ကပ်၍။ အာဒီနဝံ၊ အပြစ်ကို။ ပေက္ခမာနံ၊ ရှုကြည့်လျက်။ အာသီနံ၊ နေ၏။

၁၈။ ဘိက္ခဝေ၊ ရဟန်းတို့။ တတော၊ ထို့နောင်မှ။ သော၊ ထို ဌက်မုဆိုးသည်။ ဝိမတောယေဝ၊ နှစ်ခုကိုပင် မိလေသလောဟု တွဲးတော ယုံမှားရှိသည်ဖြစ်၍လျှင်။ ပဏ္ဍရေ၊ ရွှေအဆင်းနှင့် တူကုန်သော။ ပဝစု-ကာယေ၊ ကြီးသောကိုယ် ရှိကုန်သော။ အာသီနေ၊ ညွှန်ပျော်းဥ် နေကုန် သော။ ဒီဇသင်္ဃဂဏာဓိပေ၊ ဌက်အပေါင်းတို့၏ အရှင် ဖြစ်ကုန်သော ဟသ်ာမင်းတို့ကို။ အဇ္ဈဘာသထ၊ ဤသို့ မေးလေ၏။

၁၉။ ပက္ခီ၊ ဟသ်ာမင်း။ ယံယေန၊ အကြင့်ကြောင့်။ မဟတာ၊ ကြီးစွာသော။ ပါသေန၊ ကျေ့ကွင်းဖြင့်။ ဗဒ္ဓေါ၊ မိသော ဟသ်ာမင်း သည်ကား။ ဒိသံ၊ အရပ်တစ်ပါးသို့။ ဂန္တုံ၊ သွားခြင်းငှာ။ နကုရုတေ၊ မပြုနိုင်မူကား သင့်တန်စေ။ အဗဒ္ဓေါ၊ ကျေ့ကွင်းမမိသော ဟသ်ာမင်း သည်ကား။ ဒိသံ၊ အရပ်တစ်ပါးသို့။ ဂန္တုံ၊ သွားခြင်းငှာ။ ကုရုတေ နှုံ၊ ပြုနိုင်၏ မဟုတ်လော။ အထ၊ ထိုသို့ဖြစ်လျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ အဗဒ္ဓေါ၊ ကျေ့ကွင်းမမိသော။ ဗလီ၊ ကြီးသော ခွန်အားရှိသော။ တံ့၊ သင်သည်။ နဂစ္ဆသိ၊ မသွားဘိသနည်း။

၂၀။ အယံ ဒိဇော၊ ဤ ရှေဟသ်ာသည်။ တေ၊ သင်နှင့်။ ကိန္နု ဟောဟိ၊ အသို့တော်ကြသနည်း။ မုတ္တော၊ ကျေ့ကွင်း မမိသော သင်သည်။ ဗဒ္ဓံ၊ ကျေ့ကွင်းကိုမိသော ရှေဟသ်ာသို့။ ဥပါသသိ၊ ဆည်းကပ်၏။။ သကုဏာ၊ သင်မှ တစ်ပါးသော ဟသ်ာတို့သည်။ ဩဟာယ၊ စွန့်၍။ ယန္တိ၊ ပျံသွားကုန်၏။ နံ့ကို့၊ အဘယ်ကြောင့်။ ဧကော၊ သင် တစ်ယောက်တည်း။ အဝဟီယသိ၊ ကျန်ရစ်ဘိသနည်း။

မိတ်ဆွေကို မစွန့်ကောင်း

ထိုသို့ မေးသောအခါ သုမုခသည် ဘုရားလောင်း ဟသ်ာမင်းကို စွန့်၍ မိမိ မသွားသော အကြောင်းကို မုဆိုးအား ကြားလိုရကား-

၂၁။ ရာဇာ မေ သော ဒိဇာမိတ္တော၊ သခါ ပါဏသမော စ မေ။
နေဝ နံ ဝိဇဟိဿာမိ၊ ယာဝ ကာလဿ ပရိဟာယံ—

ဟူသော ဤဂါထာကို ဆို၏၊

www.dhammadownload.com

၂၁။ ဒီဇာမိတ္တာ၊ အဆွေမုဆိုး။ ဧသော၊ ဤရွှေဟသ်ံသည်။ မေ၊ ငါ၏။ ရာဇာ၊ အရှင်မင်းတည်း။ မေ၊ ငါ၏။ ပါဏသမော၊ အသက်နှင့်တူသော။ သခါ၊ အဆွေခင်ပွန်းတည်း။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ကာလဿ၊ သေခြင်း၏။ ပရိယာယံ၊ အလှည့်သည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်သော ကာလုပတ်လုံး။ နံ၊ ထို ရွှေဟသ်ံမင်းကို။ နော ဝိဇာတိဿာမိ၊ ငါမစွန့်အံ့။

ကျောက်ဆင်းကို မမြင်သလော

ထိုစကားကိုကြား၍ မုဆိုးသည် "ငှက်တို့၏အရှင်....ဟသ်ံမင်းဖြစ်လျက် မိမိအလိုဌာ ထောင်အပ်သော ကျောက်ဆင်းကို အဘယ်ကြောင့် မသိသနည်း" ဟု ဆို၍ ထိုသုမုခအား မေးလိုရကား—

၂၂။ ကထံ ပနာယံ ဝိဟင်္ဂါ၊ နာဒ္ဒသ ပါသ မောဠိဘံ။
ပဒံ ဟေတံ မဟန္တာနံ၊ ဗဟဒ္ဓု မရဟတိ အာပဒံ။

ဟူသော ဤဂါထာကို ဆို၏။

၂၂။ သမ္မဟံသ၊ အဆွေဟသ်ံမင်း။ အယံ ဝိဟင်္ဂါ၊ ဤဟသ်ံမင်းသည်။ မဟန္တာနံ၊ အခြံအရံများသော သူ ပညာကြီးသော သူတို့တွင်။ ဧကော၊ တစ်ယောက်ဖြစ်ပါလျက်။ ကထံပန၊ အဘယ်ကြောင့်လျှင်။ ဩဠိတံ၊ မိမိအလိုဌာ ထောင်အပ်သော။ ပါသံ၊ ကျောက်ဆင်းကို။ နာဒ္ဒသ၊ မမြင်လေသနည်း။ ဟိ-သစ္စံ၊ မှန်၏။ တေ၊ သင်၏။ ရာဇာ၊ အရှင်မင်းသည်။ အာပဒံ၊ ဘေးရန်ဖြစ်ခြင်း၏ အကြောင်းဟူ၍။ ဗဟဒ္ဓုံ၊ သိခြင်းဌာ။ အရဟတိ၊ ထိုက်ပါ၏။

ပျက်စီးချင်က မမြင်ကြ

သုမုခသည် ထိုမုဆိုးစကားကို ဖြေလိုရကား—

၂၃။ ယဒါ ပရာဘဝေါ ဟောတိ၊ ပေါသော ဇီဝိတသင်္ခယေ။
အထ ဇာလဉ္စ ပါသဉ္စ၊ အာသင်္ဘာပိ န ပဿတိ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၃။ သမ္မ၊ အဆွေမုဆိုး။ ယဒါ၊ အကြင်အခါ၌။ ယော ပေါသော၊ အကြင်သတ္တဝါသည်။ ဇီဝိတသခ်ယေ၊ အသက်ကုန်ခြင်းကြောင့်။ ပရာဘဝေါ၊ ပျက်စီးလိုသည်။ ဟောတိ၊ ဖြစ်အံ့။ အထ၊ ထိုသို့ ပျက်စီးလိုသောအခါ၌။ သောပေါသော၊ ထိုသတ္တဝါသည်။ ဇာလဉ္စ၊ ပိုက်ကွန်သို့ လည်းကောင်း။ ပါသဉ္စ၊ ကျော့ကွင်းသို့ လည်းကောင်း။ အာသဇ္ဇာပိ၊ ရောက်၍လည်း။ နံ ဗုဇ္ဈတိ၊ မသိပြီ။

မုဆိုးသည် ထိုသုမုခ ဖြေဆိုသော စကားကို ဝန်ခံလိုရကား-

၂၄။ အပိ တေဒံဝ မဟာပညေ၊ ပါသာ ဗဟုဝိဓာ တထာ။
ဂုယှ မာသဇ္ဇ မဗျတ္တိ၊ အထေဝံ ဇီဝိတက္ခယေ—

ဟူသော ဤဂါထာကို ဆို၏။

၂၄။ မဟာပညေ၊ ကြီးသောပညာရှိသော ဟသ်ာမင်း။ အပိတေဝ၊ စင်စစ်လျှင်။ ဗဟုဝိဓာ၊ များသော အပြားရှိကုန်သော်။ ပါသာ၊ ကျော့ကွင်းတို့ကို။ မယာ၊ ငါသည်။ တထာ၊ ထို့အတူထောင်အပ်၏။ အထ၊ ထိုသို့ ငါထောင်သော ကျော့ကွင်း၌။ ဧဝံ ဤသို့။ ဇီဝိတက္ခယေ၊ အသက်ဒသလိုသည်ရှိဆဲသော်။ ဂုယှံ၊ လျှို့ဝှက်အပ်ဆဲသော ကျော့ကွားသို့။ အာသဇ္ဇ၊ ရောက်လာကုန်၍။ ဗဇ္ဈန္တိ၊ ဖွဲ့မိကုန်၏။

ချမ်းသာပေးပါ

ဤသို့ ထိုသုမုခယည် စကားပြောဟောသဖြင့် မုဆိုးကို စိတ်နှူးညံ့သည်ကိုပြု၍ ဘုရားလောင်း၏အသက်ကို တောင်းလိုရကား—

၂၅။ အပိ နာဃံ တဟာသဒ္ဓိံ၊ သံဝါသဿ သုခုဒြယော။
အပိ နော အနုမညာသိ၊ အပိ နော ဇီဝိတံ ဒဒေ—

ဟူသော ဤဂါထာကို ဆို၏။

၂၅။ သမ္မလုဒ္ဓက၊ အဆွေမုဆိုး။ အယံ ဤရွှေဟသ်ာမင်းသည်။ တယာ၊ သင်နှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသဿ၊ ပေါင်းဖော်သဖြင့်။ သုခုဒြယော၊ ချမ်းသာသော အကျိုးရှိသည်။ အပိနု၊ စင်စစ်လျှင်။ ဟောတိ၊

www.dhammadownload.com

ဖြစ်၏။ နော၊ ငါတို့အား။ အပိနုမညာသိ၊ အခွင့်ပြုပါလေ့။ နော၊ ငါတို့၏။ ဇီဝိတံ၊ အသက်ကို။ အပိဒဒေ၊ ပေးပါလေ့။

စစ်သူကြီးကိုလှတ်ပြီ

မုဆိုးသည် ထိုသုမုခ၏ သာယာစွာဒသာ တရားစကားဖြင့် ဖဲ့သည်ဖြစ်၍ သုမုခကို လှတ်လိုက်ကား--

၂၆။ နာ စေဝ မေ တံ ဗဒ္ဓေါသိ၊ နပိ ဣစ္ဆာမိ တေ ဝဓံ။
ကာမံ ခိပ်မိတော ဂန္တွာ၊ ဇီဝ တံ အနိယော စိရံ--

ဟူသော ဤဂါထာကို ဆို၏။

၂၆။ သမ္မဟံသ၊ အဆွေဟာသ်ာ။ တံ၊ သင်သည်။ မေ၊ ငါ၏။ ပါသေ၊ ကျော့ကွင်း၌။ ဗဒ္ဓေါ၊ ဖဲ့မိသည်။ နာ စေဝ အာသိ၊ မဖြင်သလျှင်ကတည်း။ တေ၊ သင်အား။ ဝဓံ၊ သတ်ခြင်းကို။ နပိ ဣစ္ဆာမိ၊ ငါ အလိုမရှိ။ ဣတော၊ ဤအရပ်မှ။ ခိပ်ံ၊ လျင်စွာ။ ကာမံ၊ အလိုရှိရာသို့။ ဂန္တွာ၊ သွား၍။ တံ၊ သင်သည်။ အနိယော၊ ဆင်းရဲမရှိသည်ဖြစ်၍။ စိရံ၊ မြင့်ရှည်စွာ။ ဇီဝ၊ အသက်ရှည်လေလော့။

ဟသ်ာမင်းကိုလှတ်ပါ

ထိုနောင်မှ သုမုခသည် မိမိအား လှတ်သည်ကို အလိုမရှိ၊ ဘုရားလောင်းကိုသာလျှင် လှတ်စိမ့်သောငှာ သာယာစွာသော စကားကို ပြောဆိုသဖြင့် အကြောင်းနှင့်တကွ တောင်းပန်ပြန်လိုက်ကား--

၂၇။ နေဝါဟ မေတ မိစ္ဆာမိ၊ အညတြ တဿ ဇီဝိတာ။
သစေ ဇကေန တုဋ္ဌောသိ၊ မုဉ္စေတံ မဉ္ဇ ဘက္ခယ။

၂၈။ အာရောဟ ပရိဏာဟေန၊ တုလျာသ္မာ ဝယသာ ဥဘော။
နာ တေ လာဘေန ဇီဝတ္ထိ၊ ဇေတေန နိမိနာ တုဝံ။

၂၉။ တဒိဃ် သမပေက္ခာသု၊ ဟောတု ဂိဒ္ဓိ တဝ မှသု။
မံ ပုဗ္ဗေ ဗဒ္ဓ ပါသေန၊ ပစ္ဆာ မုဉ္စ ဒိဇာဓိပံ။

၃၀။ တာဝဓေဝ စ တေ လာဘော၊
ကတာသ္မ ယာစနာယ စ။
မိတ္ထီ စ ဓတရဋ္ဌေဟိ၊ ယာဝ ဇီဝါယ တေ သိယာ--

ဟူသော ဤလေးဂါထာတို့ကို ဆို၏။

www.dhammadownload.com

၂၇။ သမ္မလုဒ္ဒက၊ အဆွေမုဆိုး။ အဟံ၊ ငါသည်။ ဧတေသ၊ ထို ရှေဟသ်ံမင်း၏။ ဇီဝိတာ၊ အသက်ရှင်ခြင်းကို။ အညတြ၊ ထား၍။ ဧတံ၊ ဤ ငါ၏အသက်ရှင်ခြင်းကို။ နေဝ ဣစ္ဆာမိ၊ အလိုမရှိသည်သာတည်း။ သစေ၊ အာဂယ်၍။ တုံ၊ သင်သည်။ ဧကေန၊ ဟသ်ံတစ်ခုဖြင့်။ တုဋ္ဌော၊ ရောင့်ရဲသည်။ အသိ၊ ဖြစ်ပါအံ့။ ဧတံ၊ ထိုဟသ်ံမင်းကို။ မုဉ္စ၊ ငါ့ကို သာလျှင်။ ဘက္ခယ၊ စားတော်မူလော့။

၂၈။ တာတ၊ ဖခင်မုဆိုး။ အာရောဟ ပရိဏာဟေန၊ လုံးယပ် သဏ္ဌာန်အားဖြင့် လည်းကောင်း။ ဝယသာ၊ အရွယ်အားဖြင့် လည်း ကောင်း။ ဥဘော၊ နှစ်ယောက်ကုန်သော ငါတို့သည်။ တုလျာသ္မာ၊ တူကုန်၏။ တေ၊ သင် ဖခင်မုဆိုးအား။ ဟံသရာဇဿ၊ ဟသ်ံမင်း၏။ ဇီဝံ၊ အသက်ကို။ လာဘေန၊ ရခြင်းကို။ န အတ္ထိ၊ အလိုမရှိအံ့။ တုဝံ၊ သင်သည်။ ဧတေန၊ ထို ဟသ်ံမင်းနှင့်။ မံ၊ ငါ့ကို။ နိမိနာတိ၊ ဖလှယ် ပါလော့။

၂၉။ သမ္မလုဒ္ဒက၊ အဆွေမုဆိုး။ တံ၊ သင့်ကို။ ဣဿံ၊ တိုက် တွန်းပါ၏။ အမ္မေ၊ အကျွန်ုပ်တို့ကို။ သမပေက္ခဿု၊ အမျှရှုပါလော့။ အမ္မေသု၊ အကျွန်ုပ်တို့၌။ တဝ၊ သင့်အား။ ဂိဒ္ဓိ၊ တပ်မှက်မောခြင်း သည်။ ဟောတု၊ ဖြစ်အံ့။ မံ၊ အကျွန်ုပ်ကို။ ပုဗ္ဗေ၊ ရှေးဦးစွာ။ ပါသေန၊ ကျော့ကွင်းဖြင့်။ ဗန္ဓ၊ ဖွဲ့ပါလော့။ ဒိဇာဓိပံ၊ ရှေဟသ်ံမင်းကို။ ပစ္ဆာ၊ နောက်မှ။ မုဉ္စ၊ လွှတ်တော်မူပါလော့။

၃၀။ သမ္မလုဒ္ဒက၊ အဆွေမုဆိုး။ ယာ ယာစနာစ၊ အကြင်ငါ၏ တောင်းပန်ခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ သာ ယာစနာ၊ ထို တောင်း ပန်ခြင်းကို။ ကတာ၊ ပြုအပ်သည်။ အဿ၊ ဖြစ်၏။ ဓတရဋ္ဌေဟိ၊ ဓတရဋ္ဌ ရှေဟသ်ံမင်းတို့နှင့်။ မိတ္တိစ၊ အဆွေခင်ပွန်းသည်လည်း။ အဿ၊ ဖြစ် ရာ၏။ ယာဝ၊ အကြင်မျှလောက်။ တေ၊ သင့်အား။ ဇီဝါယ၊ အသက် ရှည်ခြင်းငှာ။ သိယာ၊ ဖြစ်ရာ၏။ တာဝဒေဝ၊ ထိုမျှလောက်။ သေ၊ သင်၏။ ဇီဝံ၊ အသက်ကို။ လာဘေဟိ၊ ရပါစေလော့။

ဟသ်ံမင်းကိုပါလွှတ်ပြီ

ဤသို့ဆိုလျှင် မုဆိုးသည် စစ်သူကြီးသုမုခတရားစကားဖြင့် ဆီဠ် ချအပ်သော ဝါဂွမ်းစိုင်ကဲ့သို့ နူးညံ့သောစိတ် ရှိသည်ဖြစ်၍ ဘုရားလောင်း

www.dhammadownload.com

ရှေဟသ်ဘမင်းကို ထိုစစ်သူကြီး သုမုခအား မြတ်သော ပေးခြင်းကို ပေးလို ရကား—

၃၁။ ပဿန္တော် နော မဟာသံဃာ၊ တယာ ပုတ္တံ ဣတော ဂတံ။
မိတ္တာ မစ္စာ စ ဘစ္စာ စ၊ ပုတ္တဒါရာ စ ဗန္ဓဝါ။
၃၂။ နု စ သောဒိသာ မိတ္တာ၊ ဗဟူနံ ဣဓ ဝိဇ္ဇတိ။
တထာ တံ့ မတရဋ္ဌဿ၊ ပါဏာသာဓာရဏော သခါ။
၃၃။ သော တေ သဟာယံ မုဉ္စာမိ၊
ဟောတု ရာဇာ တဝါနုဂေါ။
ကာမံ ခီပ မိတော ဂန္ဓာ၊ ဉာတိမဇ္ဈေ ဝိရောစထ—

ဟူသော ဤသုံးဂါထာကို ဆို၏။

၃၁။ သမ္မဟံသ၊ အဆွေဟသ်ဘမင်း။ တယာ၊ သင်သည်။ မုတ္တံ၊ လွတ်စေအပ်သည်ဖြစ်၍။ ဣတော၊ ဤအရပ်မှ။ ဂတံ၊ သွားလေ၍။ မဟာသံဃာ စ၊ များစွာသော ဆွေမျိုး ဟသ်ာ အပေါင်းတို့သည် လည်း ကောင်း။ မိတ္တာစ၊ အဆွေခင်ပွန်းတို့သည် လည်းကောင်း။ အမစ္စာ စ၊ အမတ်တို့သည် လည်းကောင်း။ ဘစ္စာစ၊ ကျွန်တို့သည် လည်းကောင်း။ ပုတ္တဒါရာစ၊ သားမယားတို့သည် လည်းကောင်း။ ဗန္ဓဝါ စ၊ အဆွေခင်ပွန်း မည်ကာမျှဖြစ်သော သူတို့သည်လည်းကောင်း။ ပဿန္တော်၊ ဖူးမြင်စေကုန်လော့။

၃၂။ သမ္မဟံသ၊ အဆွေဟသ်ဘမင်း။ တံ့၊ သင်သည်။ ဓတရဋ္ဌဿ၊ ဓတရဋ္ဌ ရှေဟသ်ဘမင်း၏။ ပါဏာ သာဓာရဏော၊ အသက်နှင့် ဆက်ဆံသော။ သခါ၊ အဆွေခင်ပွန်းသည်။ အသိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဣဓ၊ ဤလောက၌။ ဗဟူနံ၊ များစွာကုန်သော သူတို့အား။ ဧတာဒိသာ၊ ထိုသင့်နှင့်တူကုန်သော။ မိတ္တာ၊ အဆွေခင်ပွန်းတို့သည်။ နု စ ဝိဇ္ဇတိ-နု စ ဝိဇ္ဇန္တိ၊ မရှိကုန်သလျှင်ကတည်း။

၃၃။ သော အဟံ၊ ထို၎ငါသည်။ တေ၊ သင်၏။ သဟာယံ၊ အဆွေခင်ပွန်းဖြစ်သော ဟသ်ာမင်းကို။ မုဉ္စာမိ၊ လွတ်အံ့။ ရာဇာ၊ ရှေဟသ်ာမင်းသည်။ တဝ၊ သင်၏။ အနုဂေါ်၊ အလိုသို့လိုက်သည်။ ဟောတု၊

www.dhammadownload.com

ဖြစ်လေလော့။ ဣတော၊ ဤအရပ်မှ။ ကာမံ၊ အလိုရှိရာသို့။ ခိပ္ပံ၊ လျင်စွာ၊ ဂန္ဓာ၊ သွား၍။ တုမှေ၊ သင်ဟသ်ာမင်းနှစ်ပါးတို့သည်။ ဉာတိမဇ္ဈေ၊ ဆွေမျိုးတို့၏အလယ်၌။ ဝိရောစထ၊ တင့်တယ်ကြလေကုန်လော့။

ဤသို့သောစကားကိုဆို၍ မုဆိုးသားသည် မေတ္တာစိတ်ဖြင့် ဘုရားလောင်းသို့ ကပ်ပြီးလျှင် ကျော့ကွင်းကိုဖြတ်၍ ပိုက်ဖက်သဖြင့် အိုင်မှထုတ်ဆောင်၍ အိုင်နားခွာ နုပျိုသော နေဇာမြက်အပြင်ဝယ် နေစေ၍ ဘုရားလောင်းခြေဝယ် မိသော ကျော့ကွင်းကို နူးညံ့သောစိတ်ဖြင့် အသာအယာ ဖြည်၍ အင်းသို့ ပစ်လိုက်ပြီးလျှင် ဘုရားလောင်းခွဲ အားကြီးစွာသော ချစ်ခြင်းကို ဖြစ်စေ၏။ မေတ္တာစိတ်ဖြင့် ရေကိုဆောင်ယူ၍ သွေးကိုဆေးသဖြင့် အဖန်တလဲလဲ ဆုပ်နယ်၏။ ထိုမုဆိုးသား၏ မေတ္တာစိတ်အာနုဘော်ဖြင့် ဘုရားလောင်းခြေခွဲ အကြောသည် အကြောချင်း, အသားသည် အသားချင်း, အရေသည် အရေချင်း ဆက်မိကြ၏။ ထိုခဏခွဲလျှင် ဘုရားလောင်းခြေသည် အသားနုတက်သည်၊ ကောင်းသော အရေ ရှိသည်၊ ကောင်းစွာပေါက်ရောက်သော အမွေးရှိသည် ဖြစ်၏၊ ကျော့ကွင်းမမိသောခြေနှင့် အထူးမရှိသည်သာလျှင်တည်း။ ဘုရားလောင်းသည် ချမ်းသာသည် ဖြစ်၍ ပြကတေ့အားဖြင့်လျှင် နေတော်မူ၏။

မုဆိုးကို ဆုပေး၍

ထိုသို့နေသော စစ်သူကြီးသုမုခသည် မိမိကိုယ်ကိုမှီ၍ ဘုရားလောင်းဇရှဟသ်ာမင်း ချမ်းသာသောအဖြစ်ကို မြင်ရလျှင် ကောင်းစွာ ဖြစ်သောဝမ်းမြောက်ခြင်းဖြစ်ရကား မုဆိုးအား ချီးမွမ်းခြင်းကို ပြု၏။

ထိုအကြောင်းကို ပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်—

၃၄။ ဃော ပတိတော ပမုတ္တော်နာ၊ သတ္တုနော ဘတ္တုဂါရဝေါ။
အဒ္ဓဘာသထ ဝက္ကင်္ကော်ါ၊ ဝါစံ ကဏ္ဏသုခံ ဘဏိ။

၃၅။ ဧဝံ လုဒ္ဒက နန္ဒဿု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
ယထာဟ မဇ္ဇ နန္ဒါမိ၊ မုတ္တံ ဒိဿာ ဒိဇာဓိပံ—

ဟူသော ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

ကံဒုက္ခတွေကို ဇာဏ်းဒွယ်ငါးဖာ ပွဲး:ဒုဇင့်ငဟ :ဒွလာဒ်းထဲင် လွှင်ဂး:ခွဲစနဲ့ယာ် ။ငဲင-ဝံ့

(ဇာတ်ဆောင်ဟာဒီဗီ ၁၉-၀၆၆)



www.dhammadownload.com

www.dhammadownload.com

၃၄။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘတ္တုနော၊ မိမိအရှင် ရှေဟသ်ဝမင်းသည်။ ပမုတ္တောန၊ ကျေ့ကွင်းမှ လွတ်သောကြောင့်။ ဝက္ကင်္ဂါ၊ ကောက်သောလည်ရှိသော။ ဘတ္တုဂါရဝေါ၊ အရှင်ကို ရိုသေလေ့ရှိသော။ သေဝ၊ ထိုစစ်သူကြီး သုမုခသည်။ ပတိတေဝ၊ ဝမ်းမြောက်သည် ဖြစ်၍။ ကဏ္ဌသုခံ- နားချမ်းသာသော။ ဝါစံ၊ စကားကို။ ဘဏံ-ဘဏာဒန္တံဝ၊ ပြောဟောလျက်။ အဇ္ဈဘာသထ၊ ဤသို့ဆိုလေ၏။

၃၅။ လုဒ္ဒက၊ အဆွေမှဆိုး၊ အင်္ဂ၊ ဤအခါ၌။ အံဟံ၊ ငါသည်။ မုတ္တံ၊ ကျေ့ကွင်းမှလွတ်သော။ ဒိဇာဓိပံ၊ ရှေဟသ်ဝမင်းကို။ ဒိသွာ၊ မြင်ရ၍။ နန္ဒာမိယထာ၊ နှစ်သက်သကဲ့သို့။ ဧဝံ-တထာ၊ ထို့အတူ။ တုံ၊ သင်အဆွေမှဆိုးသည်။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ အဆွေအမျိုးတို့နှင့်။ သဟ၊ တကွ။ နန္ဒဿု၊ နှစ်သက်ပါစေသတည်း။

မင်းကြီးထံ ပို့စေခြင်း

ဤသို့ ချီးမွမ်းခြင်းကို ပြုပြီး၍ စစ်သူကြီး သုမုခသည် မိမိ ရှေဟသ်ဝမင်းအား ဤသို့ ကြားလျှောက်၏။ "မြတ်သောမင်းကြီး.... ဤမှဆိုးသည် အကျွန်ုပ်တို့အား ကျေးဇူးပြုပေ၏၊ ထိုစကားသည် မှန်၏၊ ဤမှဆိုးသည် အကျွန်ုပ်တို့စကားကို မလိုက်နာမူ၍ ဟသ်ဝဖြစ်ကုန်သော အကျွန်ုပ်တို့ကို ပင်ပန်းစေသည်တို့ကို ပြု၍ ပြည့်ရှင်မင်းတို့အား ဆက်သည် ရှိသော် များစွာသောဥစ္စာကို ရပေရာ၏။ သတ်၍ အသားကိုရောင်းချသည် ရှိသော် အဖိုးကိုလည်း ရပေရာ၏၊ စင်စစ်သဖြင့်ကား မိမိအသက်ကို မကြည့်မူ၍ အကျွန်ုပ်တို့စကားကို နာယူပေ၏၊ ဤမှဆိုးကို မင်း၏အထံသို့ ဆောင်ယူ၍ ချမ်းသာစွာ အသက်မွေးရသည်ကို ပြုကြကုန်အံ့" ဟု ကြားလျှောက်၏။ ဘုရားလောင်းသည် ဝန်ခံတော်မူ၏။ သုမုခသည် မိမိတို့ဘာသာဖြင့် ဘုရားလောင်းနှင့်တကွ တိုင်ပင်ပြောဆိုပြီး၍ တစ်ဖန် လူ့ဘာသာဖြင့် မှဆိုးကိုခေါ်၍ "အဆွေမှဆိုး....သင်သည်အဘယ်အကျိုးငှာကျေ့ကွင်းကိုထောင် ဘိသနည်း" ဟု မေး၍ "ဥစ္စာအကျိုးငှာ ထောင်၏" ဟု ပြောဆိုလတ်သော် "ဤသို့ ဥစ္စာအလိုငှာ ထောင်သည်ရှိသော် ငါတို့ကိုဆောင်ယူ၍ မြို့သို့ ဝင်ပြီးလျှင် မင်းအား ပြလော့၊ သင့်အား များစွာသောဥစ္စာကို ပေးအံ့ဟု ဆို၍ မှဆိုးအား အကြောင်းကို ကြားလိုရကား—

၃၆။ ဇဟိ တံ အနုသိက္ခာမိ၊ ယထာ တုမပိ လစ္ဆသေ။
လာဘံ တဝါယံ ဓတရဋ္ဌော၊ ပါပံ ကိဋ္ဌိ နဒက္ခိဘိ။

www.dhammadownload.com

၃၇။ ခိပ္ပံ မန္တေပုရံ နေတ္ဝာ၊ ဂဉ္ဇော ဒဿေဟိ နော ဥဘော။
အဗဒ္ဓေ ပကတိဘူတေ၊ ကာဇေ ဥဘယတော ဋ္ဌိတေ။

၃၈။ ဓတရဋ္ဌော မဟာရာဇ၊ ဟံသာဓိပတိနော ဣမေ။
အယဉ္စိ ရာဇာ ဟံသာနံ၊ အယံ သေနာပတီတရော။

၃၉။ အသံသယံ ဣမံ ဒိသွာ၊ ဟံသာရာဇံ နရာဓိပေ၊။
ပတိတော သုမနော စိတ္တော၊ ဗဟုံ ဒဿတိ တေ ဓနံ-
ဟူသော လေးဂါထာတို့ကို ဆို၏။

၃၆။ သမ္မလုဒ္ဓက၊ အဆွေမုဆိုး။ ဧဟိ၊ လာလှည့်။ ယထာ၊ အကြင် အခြင်းဖြင့် ငါဆုံးမသည်ရှိသော်။ တုံ၊ သင်သည်။ အပိ၊ စင်စစ်။ လဝဘံ၊ လာဘ်ကို။ လစ္ဆသေ၊ ရလတ္တံ့။ တထာ၊ ထိုအခြင်းဖြင့်။ ဘံ၊ သင့်ကို။ အနုသိက္ခဝမိ၊ ငါဆုံးမအံ့။ အယံ ဓတရဋ္ဌော၊ ဤ ဓတရဋ္ဌ ရှေဟသ်ာမင်း သည်။ တဝ၊ သင့်အား။ ကိဉ္စိ၊ အနည်းငယ်သော။ ပါပံ၊ ယုတ်မာခြင်းကို။ န ဒက္ခတိ၊ မရှု။

၃၇။ သမ္မ၊ အဆွေမုဆိုး။ ခိပ္ပံ၊ လျင်စွာ။ အန္တေပုရံ၊ မင်း၏ နန်းတော်သို့။ ဂန္ဒွာ၊ သွား၍။အဗဒ္ဓေ၊ မဖဲ့အပ်ကုန်သော။ ပကတိဘူတေ၊ ပကတိဖြစ်၍ ဖြစ်ကုန်သော။ ကာဇေ၊ ထမ်းပိုးဌ်။ ဥဘယတော၊ အစွန်းနှစ်ဖက်မှ။ ဋ္ဌိတေ၊ တည်ကုန်သော။ ဥဘော၊ နှစ်ပါးကုန်သော။ နော၊ ငါတို့ကို။ ဂဉ္ဇော၊ မင်းအား။ ဒဿေဟိ၊ ပြလော့။

၃၈။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဣမေ၊ ဤရှေဟသ်ာတို့သည် ဓတရဋ္ဌာ၊ ဓတရဋ္ဌမျိုးဖြစ်ကုန်သော။ ဟံသာဓိပတိနော၊ ဟသ်ာမင်းတို့ တည်း။ ဟိ-သစ္စံ၊ မှန်၏။ အယံ၊ ဤရှေဟသ်ာသည်။ ဟံသာနံ၊ ဟသ်ာတို့၏။ ရာဇာ၊ မင်းတည်း။ ဣတရော၊ ဤရှေဟသ်ာမှတစ်ပါးသော။ အယံ၊ ဤရှေဟသ်ာသည်။ သေနာပတိ၊ စစ်သူကြီးတည်း။

၃၉။ သမ္မ၊ အဆွေမုဆိုး။ နရာဓိပေ၊သင်တို့၏ အရှင်မင်းသည်။ ဣမံဟံသရာဇံ၊ ဤ ငါတို့အရှင် ရှေဟသ်ာမင်းကို။ ဒိသွာ၊ မြင်ရသည် ရှိသော်။ အသံသယံ၊ ယုံမှားမဲ့။ ပတိတော၊ နှစ်သက်သည်ဖြစ်၍။ သုမနော၊

www.dhammadownload.com

ဝမ်းမြောက်သည်ဖြစ်၍။ စိတ္တော၊ပီတိဖြင့် ပြည့်သော ရွှင်သောစိတ် ရှိသည်ဖြစ်၍။ တေ၊ သင့်အား။ ဗဟုံ၊ များစွာသော။ ဓနံ၊ ဥစ္စာကို။ ဒဿတိ၊ ပေးလတ္တံ။

["ငါတို့ကို ဆောင်ယူ၍ မင်းအား ပြလေ့"ဟု သုမုခ ဆိုသည်ကား ဘုရားလောင်း ရှေဟသ်ာမင်း၏ ပညာအစွမ်းကို ပြခြင်းငှာ လည်းကောင်း, မိမိ၏အဆွေခင်ပွန်းသဘောကို ထင်ရှား ပြခြင်းငှာ လည်းကောင်း, မုဆိုးအား ဥစ္စာရခြင်းငှာလည်းကောင်း, သာဂလမဲင်းအား သီလတို့၌ တည်စိမ့်သောငှာ လည်းကောင်း ဤ လေးပါးသော အကြောင်းတို့ကြောင့် ဤသို့ ဆို၏။]

မင်းကြီးထံ ပြလေသော်

ဤသို့ စစ်သူကြီး သုမုခ ဆိုလတ်သော် မုဆိုးသည် "အရှင်....အရှင် တို့သည် မင်းအား ပြခြင်းကို နှစ်သက်ဝံတော်မမူပါလင့်၊ မင်းတို့မည်သည်ကား တုန်လှုပ်သော စိတ်ရှိကုန်၏၊အရှင်တို့ကို ပင်ပန်းစေသည်တို့ကိုမူလည်း ပြုကုန်ရာ၏၊သတ်မူလည်းသတ်ကုန်ဆုံး၏"ဟုဆိုသည်ရှိသော်"အဆွေမုဆိုး.... သင် မကြောက်လင့်၊ ငါသည် သင်ကဲ့သို့ ခက်ထန်ကြမ်းတမ်းသော သတ္တဝါတို့၏ သွေးကို သောက်တတ်သော မုဆိုးကိုစင်လျက် တရားစကားဖြင့် နှုးညံ့သည်ကိုပြု၍ ငါ၏ခြေသို့ ဝပ်စေနိုင်သေး၏။ မင်းတို့မည်သည်ကား ဘုန်းကံနှင့် ပြည့်စုံကုန်၏၊ ပညာလည်း ကြီးကုန်၏၊ ကောင်းသောစကား, မကောင်းသော စကားတို့ကို သိတတ်ကုန်၏၊ လျင်စွာ ငါတို့ကို မင်းအား ပြလေ့"ဟု ဆိုသည်ရှိသော် "ထိုသို့တပြီးကား အကျွန်ုပ်အား အမျက် မထွက်ပါကုန်လင့်၊ အကျွန်ုပ်သည် မချတ်လျှင် အရှင်တို့ အလိုအားဖြင့် ဆောင်ယူပါအံ့"ဟု ဆို၍ ရှေဟသ်ာနှစ်ခုတို့ကိုလည်း ထမ်းပိုးသိုတင်၍ မင်းအိမ်သို့သွား၍ မင်းအား ပြသဖြင့် မင်းသည် မေးအပ်သည်ရှိသော် ဟုတ်မှန်တိုင်း တင်လျှောက်၏။

ထိုအကြောင်းကို ပြတော်မူလိုဒသာ သဗ္ဗညုမြတ်စွာဘုရားသည်—

၄၀။ တဿ တံ ဝစနံ သုတ္ဝာ၊ ကမ္မုနာ ဥပပါဒယိ။
ခိပ္ပ မန္တေပုရံ ဂန္ဆွာ၊ ရညော ဟံသ အဒဿယိ။
အဗဒ္ဓေ ပကတိဘူတေ၊ ကာဇေ ဥဘယတော ဋ္ဌိတ ။လ။

www.dhammadownload.com

၅၆။ ဥပါယနဥ္ဇ တေ ဒေဝ၊ နာညံ ပဿာမိ ဒေဒိသံ။
သဗ္ဗသာကုဏိကာ ဂါမေ၊ တံ့ ပဿ မနုဇာဓိပ—
ဟူသော ဤတစ်ဆယ့်ခုနစ်ဂါထာတို့ကို ဟောတော်မူ၏။

၄၀။ ဘိက္ခဝေ၊ ရဟန်းတို့။ တဿ၊ ထို သုမုခ၏။ တံ ဝစနံ၊ ထို စကားကို။ သုတ္ဝာ၊ ကြား၍။ လုဒ္ဒေါ၊ မုဆိုးသည်။ ကမ္မုနာ၊ ကိုယ်မှုဖြင့်။ ဥပပါဒယိ၊ ပြည့်စုံစေ၏။ ခိပ္ပံ၊ လျင်စွာ။ အန္တေပုရံ၊ မင်း၏ နန်းတော်သို့။ ဂန္ဒွာ၊ သွား၍။ ရညော၊ သဂဂလမင်းအား။ အဗဒ္ဓေ၊ မဖဲ့မချည်ကုန်သော။ ပကတိဘူတေ၊ ပကတိဖြစ်၍ ဖြစ်ကုန်သော။ ကာဇေ၊ ထမ်းပိုးဌာ။ ဥဘ့ယတောဝါ၊ အစွန်းနှစ်ဖက်မှ။ ဌိတေ၊ တည်ကုန်သော။ ဟံသေ၊ ဟင်္သာမင်း နှစ်ခုတို့ကို။ အဒဿယိ၊ ပြလေ၏။

၄၁။ ရညော၊ သဂဂလမင်းသည်။ ပုဋ္ဌော၊ မေးအပ်သော မုဆိုးသည်။ မဟာရာဇ၊ မင်းမြတ်။ ဣမေ၊ ဤ ရွှေဟင်္သာတို့သည်။ ဓတရဋ္ဌာ၊ ဓတရဋ္ဌမျိုး ဖြစ်ကုန်သော။ ဟံသာဓိပတိနော၊ ဟင်္သာမင်းတို့သည်။ ဟိ-သစ္စံ၊ မှန်ပါ၏။ အယံ၊ ဤ ရွှေဟင်္သာသည်။ ဟံသာနံ၊ ဟင်္သာတို့၏။ ရာဇာ၊ မင်းတည်း။ ဣတရော၊ ဤ ဟင်္သာမင်းမှ တစ်ပါးသော။ အယံ၊ ဤ ရွှေဟင်္သာသည်။ သေနာပတိ၊ စစ်သူကြီးတည်း။ ဣတိ၊ ဤသို့။ အာဟ၊ တင်လျှောက်၏။

၄၂။ လုဒ္ဒက၊ မုဆိုး။ ကထံပန၊ အသို့မူ၍လျှင်။ ဣဒမဝိဟင်္ဂါ၊ ဤ ရွှေဟင်္သာတို့သည်၊ တဝ၊ သင်၏။ ဟတ္ထတ္တံ၊ လက်သို့။ အာဂတာ၊ ရောက်ကုန်သနည်း။ ကထံ၊ အသို့လျှင်။ တံ့၊ သင်သည်။ မဟန္တာနံ၊ များစွာကုန်သော ဟင်္သာတို့၏။ ဣဿရော၊ အစိုးရသော မင်းတို့ကို။ ဣဓ၊ ဤအရပ်၌။ အဂ္ဂဟေါ၊ ရသနည်း။

၄၃။ ဇနာဓိပ၊ လူတို့ကို အစိုးရတော်မူသော။ မဟာရာဇ၊ အရှင်မင်းမြတ်။ ယံယံ၊ အကြင် အကြင်သို့ သဘောရှိသော။ အာယတနံ၊ ငှက်အပေါင်းတို့၏ စုဝေးရာသည်။ အတ္ထိ၊ ရှိပါ၏။ ဒိဇာနံ၊ ငှက်တို့၏။ ပါဏ-ရောဓနံ၊ အသက်သေခြင်းကို ပြုတတ်သော။ ပါသံ၊ ကျော့ကွင်းကို။ မညေ၊ အကျွန်ုပ်ကြံမိ၏။ တေသု တေသု ထိုထိုသို့၊ သဘောရှိကုန်သော။ ပလ္လလေသု၊

www.dhammadownload.com

ညွန်ပျောင်းတို၌။ မေ၊ အကျန်ုပ်၏။ ဝိဟိတာ၊ ထောင်အပ်ကုန်သော။ ပါသာ၊ ကျော့ကွင်းတို့သည်။ သန္တီ၊ ရှိကုန်၏။

၄၄။ တာဒိသံ၊ ထိုသို့ သဘောရှိသော။ ပါသံ၊ ကျော့ကွင်းသို့။ အာသင့်၊ ရောက်၍။ ဟံသရာဇာ၊ ရွှေဟင်္သာမင်းသည်။ အဗဗ္ဗထ၊ မိလေ၏။ တံ၊ ထို ကျော့ကွင်းမိသော ရွှေဟင်္သာမင်းကို။ အဗန္ဓေ၊ ကျော့ကွင်း မမိသော စစ်သူကြီးသည်။ ဥပါသိနေ၊ ကပ်လျက်နေ၍။ အယံ၊ ဤ ရွှေဟင်္သာ စစ်သူကြီးသည်၊ မမံ၊ အကျန်ုပ်ကို။ အစ္ဆဘာသဆ၊ ဘောင်းပန်စကား ဆို၏။

၄၅။ မဟာရာဇ၊ အရှင်မင်းမြတ်။ ဘတ္တံ၊ရတ္ထော၊ အံရှင့် အကျိုး တော်၌။ ပရက္ကမန္တော၊ လုံ့လပြုလျက်။ ဓမ္မယုတ္တော၊ ကျင့်ဝတ်တရားနှင့် ယှဉ်သော။ ဝိဟင်္ဂမော၊ ဟင်္သာ စစ်သူကြီးသည်။ အနရိယေဟိ၊ သူယုတ်တို့သည်။ သုဒုက္ကရံ၊ အလွန် ပြုနိုင်ခဲသော။ ဥတ္တမံ၊ မြတ်သော။ ဘာဝံ၊ မိမိ အလိုကို။ ဒဟတေ၊ ပြုပေတတ်၏။

၄၆။ မဟာရာဇ၊ မင်းမြတ်။ ဇီဝိတာရဟော၊ အသက်ရှည်ခြင်းငှာ ထိုက်သော။ အယံ၊ ဤ ဟင်္သာ စစ်သူကြီးသည်။ အတ္တာနော၊ မိမိ၏။ ဇီဝိတံ၊ အသက်ကို။ ပဇိတ္ဝာန၊ စွန့်၍။ အနုတ္ထုနန္တော၊ အရှင့်ကျေးဇူးကို ချီးမွမ်းလျက်။ အာသိနော၊ မိမိအရှင် ဟင်္သာမင်းထံ၌ နေလာ၍။ ဘတ္တာ၊ မိမိ အရှင်၏။ ဇီဝိတံ၊ အသက်ကို။ ယာစိတ္ထ၊ တောင်းပန်၏။

၄၇။ မဟာရာဇ၊ အရှင်မင်းမြတ်။ တဿ၊ ထို ရွှေဟင်္သာ စစ်သူကြီး၏။ တံ ဝစနံ၊ ထိုစကားကို။ သုတ္ဝာ၊ ကြားရ၍။ ဒဟံ၊ အကျန်ုပ်သည်။ ပဿာဒံ၊ ကြည်ညိုခြင်းကို။ အဇ္ဈဂါ၊ ရ၏။ တတော၊ ထိုသို့ ကြည်ညိုသော ကြောင့်။ နံ၊ ထို ရွှေဟင်္သာမင်းကို ပါသာ၊ ကျော့ကွင်းမှ။ ပမုဉ္စိ၊ လွှတ်၏။ သုခေန စ၊ ချမ်းသာသဖြင့်လည်း။ အနုညာသိ၊ အကျန်ုပ် ခွင့်ပြုပါ၏။

၄၈။ မဟာရာဇ၊ အရှင်မင်းမြတ်။ ဘတ္တာနော၊ မိမိ အရှင် ရွှေဟင်္သာမင်းသည်။ ပမုတ္တော်နေ ကျော့ကွင်းမှ လွတ်သည်ရှိသော်။ ဘတ္တာဂါရဝေါ၊ အရှင်ကို ရိုသေတတ်သော။ သော၀ကော်၊ ထို ရွှေဟင်္သာ စစ်သူကြီးသည်။

www.dhammadownload.com

ပတိတော၊ နှစ်သက် ဝမ်းမြောက်သည်ဖြစ်၍။ ကဏ္ဍသုခံ၊ နားဥ် ချမ်းသာသော။ ဝါစံ၊ စကားကို။ ဘဏံ-ဘဏန္တော၊ ပြောဟောလျက်။ အတ္ထဘာသထ၊ ဤသို့ ဆို၏။

၄၉။ သမ္မလုဒ္ဒက၊ အဆွေမုဆိုး။ အင်္ဂ၊ ဤ အခါဉ်။ အဟံ၊ ငါသည်။ မုတ္တံ၊ ကျောက်ကင်းမှ လွတ်သော။ ဒိဇာဓိပံ၊ ရွှေဟင်္သာမင်းကို။ ဒိသ္ဝာ၊ မြင်ရ၍။ နန္ဒာမိယထာ၊ နှစ်သက်သကဲ့သို့။ ဧဝံ၊ ဤအတူ။ တုံ၊ သင်သည်။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဉာတိဘိ၊ အဆွေ အမျိုးတို့နှင့်။ သဟ၊ တကွ။ နန္ဒဿု၊ နှစ်သက်ပါလေလော့။

၅၀။ သမ္မလုဒ္ဒက အဆွေမုဆိုး။ ဧဟိ၊ လာလှည့်။ တံ၊ သင့်ကို။ အနုသိက္ခာမိ၊ ငါ ဆုံးမအံ့။ ယထာ၊ အကြင် အခြင်းဖြင့် ဆုံးမသည်ရှိသော်။ တုံ၊ သင်သည်။ အပိ၊ စင်စစ်။ လာဘံ၊ လာဘ်ကို။ လစ္ဆသေ၊ ရလတ္တံ့။ တထာ၊ ထို အခြင်းဖြင့်။ အနုသိက္ခာမိ၊ ငါ ဆုံးမအံ့။ အယံ၊ ဓတရဋ္ဌော၊ ဤ ဓတရဋ္ဌ ရွှေဟင်္သာမင်းသည်။ ကိဉ္စိ၊ တစ်စုံတစ်ခုသော။ တဝ၊ သင်၏။ ပါပံ၊ မကောင်းခြင်းကို။ နဒက္ခသိ၊ မရှု။

၅၁။ သမ္မလုဒ္ဒက၊ အဆွေမုဆိုး။ ခိပ္ပံ၊ လျင်စွာ။ အန္တေပုရံ၊ မင်း၏ နန်းတော်သို့။ ဂန္ဒွာ၊ သွား၍။ အဗဒ္ဓေ၊ မဖဲ့မချည်အပ်ကုန်သော။ ပကတိဘူတေ၊ ပကတိသဘောဌ် တည်သည်ဖြစ်၍ ဖြစ်ကုန်သော။ ကာဇေ၊ ထမ်းပိုးဌ်။ ဥဘယတော၊ အစွန်းနှစ်ဖက်မှ။ ဌိတေ၊ တည်ကုန်သော။ ဥဘော၊ နှစ်ပါးကုန်သော။ နော၊ ငါတို့ကို။ ဂဏှော၊ မင်းအား။ ဒဿေဟိ၊ သင်ပြလော့။

၅၂။ မဟာရာဇ၊ အရှင်မင်းမြတ်။ ဣမေ၊ ဤရွှေဟင်္သာတို့သည်။ ဓတရဋ္ဌာ၊ ဓတရဋ္ဌမျိုး ဖြစ်ကုန်သော။ ဟံသာဓိပတိနော၊ ဟင်္သာမင်းတို့ တည်း။ ဟိ-သစ္စံ၊ မှန်၏။ အယံ ဤရွှေဟင်္သာသည်။ ဟံသာနံ၊ ကိုးသောင်း ခြောက်ထောင်ကုန်သော ဟင်္သာတို့၏။ ရာဇာ၊ မင်းတည်း။ ဣတရော၊ ဤ ဟင်္သာမင်းမှ တစ်ပါးသော။ အယံ၊ ဤရွှေဟင်္သာသည်။ သေနာပတိ၊ စစ်သူကြီးတည်း။

www.dhammadownload.com

၅၃။ နရာမိပေါ၊ လူတို့ အရှင်ဖြစ်သော။ ရာဇာ၊ မင်းသည်။ ဤမံဟုံသရာဇံ၊ ဤရှေဟသ်ာမင်းကို။ ဒိသ္စာ၊ မြင်ရသည်ရှိသော်။ ပတိဒတာ၊ နှစ်သက်သည်ဖြစ်၍။ သုမနော၊ ဝမ်းမြောက်သည်ဖြစ်၍။ စိတ္တော၊ ရှင်လန်းသောစိတ် ဖြစ်သည်ဖြစ်၍။ အသံသယံ၊ ယုံမှားမဲ့။ တေ၊ သင့်အား။ ဗဟုံ၊ များစွာသော။ ဓနံ၊ ဥစ္စာကို။ ဒဿတိ၊ ပေးလတ္တံ့။

၅၄။ မဟာရာဇ၊ အရှင်မင်းမြတ်။ ဧဝံ၊ ဤသို့ဆိုသော။ ဘေဿ၊ ထိုစစ်သူကြီး သုမုခ၏။ ဝစနာ၊ စကားကြောင့်။ မယာ၊ အကျွန်ုပ်သည်။ ဤမေ ဥဘော၊ ဤရှေဟသ်ာ နှစ်ခုတို့ကို။ အာနိတာ၊ ဆောင်အပ်၏။ ဇော်ထွေဝ့၊ ဤမာနုဿိယအိုင်၌ပင်လျှင်။ မယာ၊ အကျွန်ုပ်သည်။ ဟိ-သစ္စံ၊ အကယ်၍လျှင်။ ဤမေ ဥဘော၊ ဤရှေဟသ်ာ နှစ်ခုတို့ကို။ အနုမတာ၊ ခွင့်ပြုအပ်ကုန်သည်၏ အာသုံ၊ ဖြစ်ကုန်၏။

၅၅။ မဟာရာဇာ၊ အရှင်မင်းမြတ်။ ဧဝံ၊ ဤသို့။ ဂတော၊ ရောက်လာသော်။ ပက္ခီ၊ အတောင်ရှိသော်။ သောအယုံဒိဇော၊ ထိုရှေဟသ်ာ စစ်သူကြီးသည်။ ပရမ ဓမ္မိကော၊ လွန်မြတ်သော တရားကို ဟောင့်ပေ၏။ ဟိ-သစ္စံ၊ မှန်၏။ သော၊ ထိုရှေဟသ်ာ စစ်သူကြီးသည်။ မာဒိသဿ၊ အကျွန်ုပ်ကဲ့သို့သော။ လုဒ္ဒဿ၊ မုဆိုးအား။ မဒ္ဒဝံ၊ နူးညံ့သည်၏အဖြစ်ကို။ ဇနယေယျာထ၊ ဖြစ်စေနိုင်၏။

၅၆။ မနုဇာဓိပ၊ လူတို့အရှင်၊ ဖြစ်တော်မူသော။ ဒေဝ၊ အရှင်မင်းမြတ်။ တေ၊ အရှင်မင်းမြတ်အား။ ဧဒီသံ၊ ဤရှေဟသ်ာ မင်းနှစ်ပါးနှင့်တူသော။ အညံ၊ ရှေဟသ်ာ မင်းနှစ်ပါးမှ တစ်ပါးသော။ ဥပါယနဉ္စ၊ ပဏ္ဏာလက်ဆောင်ကိုလည်း။ နု ပဿာမိ၊ မမြင်ဖူးပါ။ သဗ္ဗသာကုဏိက ဂါမေပိ၊ အလုံးစုံသော ငှက်မူဆိုးတို့ရွာ၌လည်း။ အညံ၊ ရှေဟသ်ာမင်းနှစ်ပါးမှ တစ်ပါးသော ပဏ္ဏာလက်ဆောင်ကို။ နု ပဿာမိ၊ အကျွန်ုပ် မမြင်ဖူးပါ။ တံ၊ အရှင်မင်းမြတ်သည်။ ပဿ၊ ရှုတော်မူပါလော့။

ဟသ်ာမင်းနှင့် မင်းကြီးတို့ စကားဆိုကြပုံ

ဤသို့ ထိုမုဆိုးသည် ရပ်လျက်သာလျှင် စစ်သူကြီး သုမုခ၏ ဂုဏ်ကျေးဇူးကို မင်းအား တင်လျှောက်၏။ ထို့နောင်မှ မင်းသည်

www.dhammadownload.com

ရှေဟသ်ာမင်းအား မြတ်သောသူတို့အားသာလျှင် ထိုက်သောနေရာကို စစ်သူကြီး သုမုခအား ရှေအင်းပျဉ်ကို ပေးစေပြီးလျှင် ထိုနေရာ၌ နေကုန်သော ရှေဟသ်ာမင်း နှစ်ပါးတို့ကို ရှေခွက်တို့ဖြင့် ပေါက်ပေါက် တင်လဲအစရှိသည်တို့ကို ကျွေးမွေးစေ၍ စားသောက်ခြင်းကိစ္စ ပြီးလတ်သော် လက်အုပ်ချီ၍ ဘုရားလောင်း ရှေဟသ်ာမင်းကို တရားဟောစိမ့်သောငှာ တောင်းပန်၍ ရှေနေရာ၌ နေတော်မူ၏။ ထိုမင်းသည် တောင်းပန်အပ်သည် ဖြစ်၍ ဘုရားလောင်း ရှေဟသ်ာမင်းသည် ရှေးဦးစွာ အစေ့အစပ် စကားပြောဟောခြင်းကို ပြုတော်မူ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၅၇။ ဒိသွာ နိသိန္နံ ရာဇာနံ၊ ပိဎ္ဍေ သောဝဏ္ဏယေ သုဘေ။
အဇ္ဈဘာသထ ဝက္ကင်္ဂါ၊ ဝါစံ ကဏ္ဍသုခံ ဘဏံ ။လ။
၆၃။ အထော မေ သဒိသီ ဘရိယာ၊ အဿဝါ ပိယဘာဏိနီ။
ပုတ္တရူပ ယသူပေတာ၊ မမ ဆန္ဒဝသာ နုဂါ--

ဟူသော ဤခုနစ်ဂါထာတို့ကို ဟောတော်မူ၏။

၅၇။ ဘိက္ခဝေ၊ ရဟန်းတို့။ သောဏ္ဏယော၊ ရှေဖြင့်ပြီးသော။ သုဘော၊ တင့်တယ်စွာသော။ ပိဎ္ဍေ၊ အင်းပျဉ်၌။ နိသိန္နံ၊ နေသော။ ရာဇာနံ၊ သာဂလမင်းကို။ ဒိသွာန၊ မြင်၍။ ဝက္ကင်္ဂါ၊ ရှေဟသ်ာမင်းသည်။ ကဏ္ဍသုခံ၊ နားဦချမ်းသာသော။ ဝါစံ၊ စကားကို။ ဘဏံ-ဘဏန္တော၊ ပြောဟောလိုး၍။ အဇ္ဈဘာသထ၊ ဤသို့ဆို၏။

၅၈။ နာရသေဋ္ဌ၊ လူတကာတို့ထက် မြတ်တော်မူသော။ မန္ဒိ-ရိဿရ၊ ရှေနန်းရှင်။ ကစ္စိ၊ အသို့နည်း။ ဘောတော၊ အရှင်မင်းကြီးအား။ ကုသလံ နု၊ အနာကင်းပါ၏လော။ ကစ္စိ၊ အသို့နည်း။ ဘောတော၊ အရှင်မင်းကြီးအား။ အနာမယံ၊ ဆင်းရဲကင်းပါ၏လော။ ကစ္စိ၊ အသို့နည်း။ ဣဒံ ရဋ္ဌံ၊ ဤ မဟိ ံသက တိုင်းပြည်တော်သည်။ ဖီတံ၊ ဝပြော သာယာပါ၏လော။ တံ၊ အရှင်မင်းကြီးသည်။ ဓမ္မေန၊ တရားနှင့်အညီ။ အနုသာသသိ၊ ဆုံးမတော်မူပါ၏လော။

၅၉။ ဟံသ၊ ရှေဟသ်ာမင်း။ မေ၊ ငါ့အား။ ကုသလဉ္စေဝ၊ အနာလည်း ကင်းပေ၏။ ဟံသ၊ ရှေဟသ်ာမင်း။ အထော၊ ထိုမြို့။

www.dhammadownload.com

အနာမယံ၊ ဆင်းရဲလည်း ကင်းပေ၏။ အထေဝ၊ ထိုမြို့။ ဣဒံရဋ္ဌံ၊ ဤငါတို့မတိ သကတိုင်းသည်။ ဖီတံ၊ ဝပြော သာယာပေ၏။ အဟံ၊ ငါသည်။ ဓမ္မေန၊ တရားနှင့်အညီ။ အနုသာသိ၊ ဆုံးမပါ၏။

၆၀။ ဘူနာထ၊ သတ္တဝါတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူထသော။ ဘူပါလ၊ ရေမြေရှင်။ ကစ္စိ၊ အသို့နည်း။ ဘောတော၊ အရှင်မင်းကြီး အား။ အမစ္စော့သူ၊ မှူးတော် မတ်တော်တို့၌။ ကောစိ၊ တစ်စုံတစ်ခုသော၊ ဒေါသော၊ အပြစ်သည်။ နဝိဇ္ဇတိ၊ မရှိကင်းပါ၏လော။ ကစ္စိ၊ အသို့နည်း။ တေအမစ္စာ၊ ထို မှူးမတ်တို့သည်။ တဝ၊ အရှင်မင်းကြီး၏။ အတ္ထေသု၊ အကျိုးစီးပွားတော်တို့၌။ ဇီဝိတံ၊ အသက်ကို။ နာဝကင်္ခန္တိ နု၊ အလိုမရှိပါကုန်၏ဒလော။ (မှူးမတ်တို့သည် အသက်ကို စွန့်၍ အရှင်မင်းကြီးအမှုတော်ကို ထမ်းပါကုန်၏လော ဟူလိုသည်။)

၆၁။ ဟံသ၊ ရွှေဟင်္သာမင်း။ အထောပိ၊ ထိုမြို့လည်း။ မေ၊ ငါ့အား။ အမစ္စော့သို့၊ မှူးတော် မတ်တော်တို့၌။ ကောစိ၊ တစ်စုံတစ်ခုသော။ ဒေါသော၊ အပြစ်သည်။ နဝိဇ္ဇတိ၊ မရှိပေ။ အထောပိ၊ ထိုမြို့လည်း။ မေ၊ ငါ၏။ တေ၊ ထိုမှူးမတ်တို့သည်။ မမ၊ ငါ၏။ အတ္ထေသု၊ အကျိုးစီးပွား အမှုကိုစွတို့၌။ ဇီဝိတံ၊ မိမိတို့အသက်ကို။ နာဝကင်္ခန္တိ၊ အလိုမရှိကြပကုန်။ (မိမိတို့အသက် ကိုစွန့်၍ ငါ၏အမှုတော်ကို ထမ်းရွက်ကြပေ၏ ဟူလိုသည်။)

၆၂။ ဘာရဓ၊ ပြည်ကြီးဝန်ကို ရွက်ဆောင်တော် မူတတ်သော။ ဘူပါလ၊ ရေမြေရှင်။ ကစ္စိ၊ အသို့နည်း။ တေ၊ အရှင်မင်းကြီး၏။ သာဒိသီ၊ ဇာတ်မျိုးအနွယ် တူကုန်သော။ ဘရိယာ၊ မိဖုရားတို့သည်။ အာသဝါ၊ လင်ဖြစ်သော အရှင်မင်းကြီး စကားတော်ကို နားထောင်ပါကုန်၏လော။ ပိယာဘာဏိနီ၊ ချစ်ဖွယ်သော စကားကို ပြောဆိုပါကုန်၏လော။ ပုတ္တာရူပယသူပေတာ၊ သားသမီး အရောင် အဆင်း အခြံအရံနှင့် ပြည့်စုံကြပါကုန်၏လော။ တဝ၊ အရှင်မင်းကြီး၏။ ဆန္ဒဝသာနုဂါ၊ အလိုဆန္ဒသို့ လိုက်ကြပါကုန်၏လော။

၆၃။ ဟံသ၊ ရွှေဟင်္သာမင်း။ အထော၊ ထိုမြို့။ မေ၊ ငါ၏။ သာဒိသီ၊ ဇာတ်အမျိုးအနွယ် တူကုန်သော။ ဘရိယာ၊ မိဖုရားတို့သည်။ အာသဝါ၊ လင်ဖြစ်သော ငါ၏ စကားကို နားထောင်ကြပေကုန်၏။

www.dhammadownload.com

ပိယဘာဏီနီ၊ ချစ်ဖွယ်သောစကားကိုလည်း ပြောဆိုကြပေကုန်၏။ ပုတ္တ-ရူပယသူပေတာ၊ သားသမီး အရောင်အဆင်း အခြံအရံနှင့်လည်း ပြည့်စုံကြပေကုန်၏။ မမ၊ ငါ၏။ ဆန္ဒဝသာနုဂါ၊ အလိုဆန္ဒသို့လည်း လိုက်ကြပေကုန်၏။

ဤသို့ ဘုရားအလောင်းဟင်္သာမင်းသည် စကားပြောဟောခြင်းကို ပြုတော်မူသည်ရှိသော် တစ်ဖန် သာဂလမင်းသည် ထိုဘုရားလောင်း ရွှေဟင်္သာမင်းနှင့်တကွ စကားပြောဟောခြင်းကို ပြုလိုရကား-

၆၄။ ဘဝန္တံ ကစ္စိ နု မဟာ၊ သတ္တု ဟတ္ထတ္တတံ ဂတော။
ဒုက္ခ မာပင္ဒီ ဝိပုလံ၊ တသ္မိ˙ ပဌမ ဇာဟဒေ ။လ။
၇၀။ သွာဂတဥ္ဆေ ဝိဒံ ဘဝတံ၊ ပတိတော စသ္မိ ဒဿနာ။
ဧသော စာပိ ဗဟုံ ဝိတ္တံ၊ လဘတံ ယာဝဒိစ္ဆတိ-

ဟူသော ဤ ခုနစ်ဂါထာတို့ကို ဆို၏။

၅၄။ ဒိဇာဓိပ၊ ဌက်တို့၏ အရှင်ဖြစ်သော။ ဟံသရာဇ၊ ရွှေဟင်္သာမင်း။ ကစ္စိ၊ အသို့နည်း။ ဘဝန္တံ၊ ရွှေဟင်္သာမင်းသည်။ မဟာ-သတ္တု၊ ကြီးစွာသောရန်သူ၏။ ဟတ္ထတ္တတံ၊ လက်သို့။ အာဂတောနု၊ ရောက်သည်မဟုတ်လော။ တသ္မိ˙ အာဟဒေ၊ ထို ဘေးဒုန်ကြောင့်။ ပဌမံ၊ ရှေးဦးစွာ။ ဝိပုလံ၊ ကြီးစွာ၊သော။ ဒုက္ခံ၊ ဆင်းရဲသို့။ အာပင္ဒိ နု၊ ရောက်သည် မဟုတ်လော။

၆၅။ ဟံသရာဇ၊ ရွှေဟင်္သာမင်း။ ကစ္စိ၊ အသို့နည်း။ အာယန္တော၊ ယန္တရား ထောင်တတ်သော မုဆိုးသည်။ အပတိတ္ထောန၊ ပြေးလာတည့်၍။ ဒဏ္ဍောန၊ ဌက်ခတ် လှုင်ကန်ဖြင့်။ သမပေါထယိ၊ ပုတ်ခတ်၏။ တာဝဒေ၊ ထိုသို့ မိသော်ခဏ၌လျှင်။ ဧဝံ၊ ဤသို့ ပုတ်ခတ်ခြင်းသည်။ ဇမ္မာနံ၊ ယုတ်မာကုန်သော။ ဧတေသံ၊ ထို ဌက်ခတ်မုဆိုးတို့၏။ ပါကတိကံ၊ သဘော အလေ့သည်။ ဘဝတိ၊ ဖြစ်၏။

၆၆။ ဘူပါလ၊ ရေမြေ့ရှင် ဖြစ်တော်မူသော။ မဟာရာဇ၊ မင်းမြတ်။ ဧဝံ၊ ဤသို့မိန့်တော်မူတိုင်း။ အာဟဒိယာ၊ ဘေးရန်သည်။ သတိပိ၊

www.dhammadownload.com

ရှိသော်လည်း။ ခေမံ၊ ဘေးမရှိသည်။ အသိ၊ ဖြစ်ပေ၏။ သတ္တူဝ၊ ရန်သူနှင့်တူသော မုဆိုးလက်သို့။ သမပဇ္ဇ၊ ရောက်ရ၏။ ဧဝံ၊ ဤသို့ ရောက်ရသော်လည်း။ အယံ၊ ဤမုဆိုးသည်။ အသ္မာသု၊ အကျွန်ုပ်တို့၌။ ကိစ္စံ၊ တစ်စုံတစ်ခုသော ဆင်းရဲကိုမျှ။ နံ စ အကာသိ၊ မပြုစေသည်သာတည်း။

၆၇။ မဟာရာဇ၊ မင်းမြတ်။ နေသာဒေါ၊ မုဆိုးသည်။ ပစ္စဂမိတ္ထ၊ စုံစမ်း၍ ကပ်လာ၏။ ပုဗ္ဗေဝ၊ ရှေးဦးစွာကလျှင်။ အဇ္ဈဘာသထ၊ နှုးညံ့သော စကားကို ဆိုပေ၏။ တဒါ၊ ထိုသို့ နှုးညံ့သော စကားကို ဆိုသော အခါ၌။ ပဇ္ဈိတော၊ ပညာရှိသော။ အယံ သုမုခေါယော၊ ဤ စစ်သူကြီး သုမုခသည်လျှင်။ ပစ္စဘာသထ၊ စကားတုံ့ ပြောဆို၏။

၆၈။ မဟာရာဇ၊ မင်းမြတ်။ အထ၊ ထိုအခါ၌။ တဿ၊ ထို စစ်သူကြီး သုမုခ၏၊ တံဝစနံ၊ ထိုစကားကို။ သုဘ္ဘ၊ ကြား၍။ အယံနေသာဒေါ၊ ဤ မုဆိုးသည်။ ပဿဒံ၊ ကြည်ညိုခြင်းသို့။ အဇ္ဈဂါ၊ ရောက်ပေ၏။ တတော၊ ထိုသို့ ကြည်ညိုခြင်းသို့ ရောက်သောကြောင့်။ မံ၊ အကျွန်ုပ်ကို။ ပါဿ၊ ကျော့ကွင်းမှ။ ပါမုစီ၊ လွှတ်ပေ၏။ သုခေန စ၊ ချမ်းသာစွာလည်း။ အနုညာသိ၊ ခွင့်ပြုပေ၏။

၆၉။ မဟာရာဇ၊ မင်းမြတ်။ တေသ၊ ဤမုဆိုးအား။ ဓနံ၊ ဥစ္စာကို။ ဂ္ဂစ္ဆတာ၊ ရခြင်းငှာ အလိုရှိသောကြောင့်။ သုမုခေနေဝ၊ သုမုခသည်ပင်လျှင်။ ဂ္ဂဒ္ဓေ၊ ဤ အကြွံကိုလည်း။ တေဒတ္ထာယ၊ ထိုမုဆိုးအား ဥစ္စာအလို့ငှာ။ စိန္တီတံ၊ ကြံအပ်၏။ ဧဝံ၊ ဤသို့ ကြံ၍။ ဘောတော၊ အရှင်မင်းကြီး၏။ သက္ကသော၊ အထံတော်သို့။ အာဂမနံ၊ လာပါကုန်၏။

၇၀။ ဟံသရာဇ၊ ရွှေဟင်္သာမင်း။ ဘဝတံ၊ ရွှေဟင်္သာမင်းတို့၏။ ဂ္ဂဒံ၊ ဤ လာခြင်းသည်။ သဉ္ဉာဝတ္ထွေဝ၊ ကောင်းစေသော လာခြင်းသည်သာတည်း။ တေ၊ ရွှေဟင်္သာမင်းအား။ ဒဿနာ၊ ဖူးမြင်ရခြင်းကြောင့်။ အဟံ၊ ငါသည်။ ပတိတော၊ ဝမ်းမြောက်သည်။ အသ္မိ၊ ဖြစ်ပါ၏။ သော စာပိ၊ ဤမုဆိုးသည်လည်း။ ယာဝ၊ အကြင်မျှလောက်သော ဥစ္စာကို။ ဂ္ဂစ္ဆသိ၊ အလိုရှိ၏။ တာဝ၊ ထိုမျှလောက်။ ဗဟုံ၊ များစွာသော။ ဝိတ္တံ၊ ဥစ္စာကို။ လဘတံ-လဘတု၊ ရပါစေအံ့။

www.dhammadownload.com

မုဆိုးအား ဆုချီးမြှင့်ခြင်း

ဤသို့သော စကားကို ပြောဆိုပြီးလျှင် သာဂလမင်းသည် အမတ်တစ်ယောက်ကို ကြည့်၍ "အရှင်မင်းမြတ်....အဘယ်ကို ပြုရအံ့နည်း" ဟု တင်လျှောက်လတ်သော် "ဤမုဆိုးကို ဆံမုတ်ဆိတ်တို့ကို ပြုပြင်ပြီးလျှင် ရေချိုး၍ နံ့သာလိမ်းသဖြင့် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ ဆောင်ယူခဲ့လော့" ဟု မိန့်တော်မူ၏။ ထိုအမတ်သည် သာဂလမင်း မိန့်ဆို တော်မူတိုင်းပြု၍ ဆောင်ယူခဲ့သော ထိုမုဆိုးအား တစ်နှစ် တစ်နှစ်၌ အခွန် တစ်သိန်းထုက်သော ရွာကို လည်းကောင်း, လှမ်းနှစ်ခု ရှိသော ကြီးစွာသော အိမ်ကို လည်းကောင်း, မြတ်သောရထားကို လည်းကောင်း, တစ်ပါးသော များစွာသော ရွှေငွေတို့ကို လည်းကောင်း ပေးစေတော်မူ၏။

ထိုအကြောင်းကို ပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်-

၇၁။ သန္တိပပယိတ္ဝာ နေသာဒံ၊ ဘောဂေဟိ မနုဇာဓိပေါ။
အဇ္ဈဘာသထ ဝက္ကင်္ဂံ၊ ဝါစံ ကဏ္ဍသုခံ ဘဏံ-

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၇၁။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါ၌။ မနုဇာဓိပေါ၊ လူတို့အရှင်ဖြစ်သော။ ရုဇာ၊ သာဂလ မင်းမြတ်သည်။ ဘောဂေဟိ၊ စည်းစိမ်ချမ်းသာတို့ဖြင့်။ နေသာဒံ၊ မုဆိုးကို။ သန္တိပပယိတ္ဝာ၊ ရောင့်ရဲစေပြီး၍။ ဟံသရာဇာနံ၊ ရွှေဟင်္သာမင်းကို။ အဇ္ဈဘာသထ၊ ဆိုလေ၏။ ဝက္ကင်္ဂေါစ၊ ရွှေဟင်္သာမင်းသည်လည်း။ ကဏ္ဍသုခံ၊ နားချို ချမ်းသာသော။ ဝါစံ၊ စကားကို။ ဘဏံ-ဘဏန္တော၊ ပြောဟောလျက်၊ အဇ္ဈဘာသထ၊ ဆိုလေ၏။

ဟင်္သာမင်းအား နန်းအပ်ပြီ

ထိုအခါ ဘုရားလောင်း ရွှေဟင်္သာမင်းသည် သာဂလမင်းအား တရားဟောတော်မူ၏။ ထို သာဂလမင်းသည် ဘုရားလောင်း၏ တရားစကားကို ကြားရလျှင် အလွန်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ တရားဟောပေတတ်သော ထို ရွှေဟင်္သာမင်းအား ပူဇော်သက္ကာရကို ငါ ပြုအံ့ဟု ကြံ၍ ထီးဖြူကို ပေးသဖြင့် မင်းအဖြစ်ကို ဆောက်နှင်းလိုရကား-

www.dhammadownload.com

၇၂။ ယံ ခလု ဓမ္မ မာဓိနံ၊ ဝသော ဝတ္တေတိ ကိုဠ္ဍိ နံ။
သမ္ဗတ္ထိဿရိယံ ဘဝတံ၊ ပသာသထ ယဒိစ္ဆထ။

၇၃။ ဒါနတ္ထံ ဥပဘောတ္တုံ ဝါ၊ ယံ စညံ ဥပကပ္ပတိ။
တေံ ဒဒါမိ ဝေါ ဝိတ္တံ၊ ကုဿရိယံ ဝိဿဇာမိ ဝေါ-
ဟူသော ဤ နှစ်ဂါထာတို့ကို ဆို၏။

၇၂။ ဟံသရာဇ၊ ရွှေဟသ်ာမင်း။ ခလု၊ စင်စစ်။ ယံ-ယတ္ထ၊ အကြောင်းအရပ်၌။ ဓမ္မံ၊ ရာဇဓံ ဆယ်ပါး သည်။ အာဓိနံ၊ တည်၏။ မမ၊ ငါ၏။ ဝသော၊ အာဏာသည်။ ဝတ္တေတိ၊ တည်၏။ နံ ဌာနံ၊ ထိုအာဏာတည်ရာအရပ်သည်း ကိုဠ္ဍိ၊ အနည်းငယ်သာတည်း။ သမ္ဗတ္ထိဿရိယံ၊ အလုံးစုံသော စည်းစိမ် ချမ်းသာသည်။ ဘဝတံ၊ အရှင် ရွှေဟသ်ာမင်းတို့အား သာလျှင်။ အတ္ထု၊ ဖြစ်စေသတည်း။ ယံ၊ အကြောင်းအမှုကို။ ဣစ္ဆထ၊ အလိုရှိတော်မူကုန်၏။ တံ၊ ထိုအလိုတော်ကို။ ပသာသထ၊ ဆုံးမတော်မူပါလော့။

၇၃။ ဟံသရာဇ၊ ဟသ်ာမင်း။ ဒါနတ္ထံ ဝါ၊ အလှူအလိုငှာ လည်းကောင်း။ ဥပဘောတ္တုံ ဝါ၊ သုံးဆောင်ခြင်းငှာ လည်းကောင်း။ အညံ၊ တစ်ပါးသော။ ယံ ဝိတ္တဉ္စ၊ အကြောင်ဥစ္စာကို လည်းကောင်း။ တုမှာကံ၊ ရွှေဟသ်ာမင်းကိုအား။ ဥပကပ္ပတိ-ရုစ္စတိ၊ နှစ်သက်တော်မူ၏။ တေံ ဝိတ္တံ၊ ထိုဥစ္စာကို။ ဝေါ၊ သင် ရွှေဟသ်ာမင်းတို့အား။ ဒဒါမိ၊ ပေး၏။ အဟံ၊ ငါသည်။ ဝေါ၊ သင် ရွှေဟသ်ာမင်းတို့အား။ ကုဿရိယံ၊ အလုံးစုံသော စည်းစိမ်ကို။ ဝိဿဇာမိ၊ စွန့်လွှတ်ပါ၏။

စစ်သူကြီး စကားဆိုခြင်း

ထိုအခါ ဘုရားဒလာဉ်းရွှေဟသ်ာသည် သာဂလမင်းသည် ပေးအပ်သော ထီးဖြူကို ထိုသာဂလမင်းအား သာလျှင် တစ်ဖန် ပေးတော်မူပြန်၏။ သာဂလမင်းသည်လည်း ကြံ၏။ ရှေးဦးစွာ ရွှေဟသ်ာမင်း တရားစကားကို ငါသည် ကြားနာရပေပြီ၊ မုဆိုးသည်ကား ဤစစ်သူကြီး သုမုခ တရားစကားရှိ၏ဟု အလွန်လျှင် ချီးမွမ်းပြောပ၏၊ ဤစစ်သူကြီး သုမုခ တရားကိုလည်း နာခံအံ့''ဟု ကြံ၍ သာဂလမင်းသည် ထိုစစ်သူကြီးသုမုခနှင့်တကွ စကားပြောလိုရကား—

www.dhammadownload.com

၂၄။ ယထာ စ မျာယံ သုမုခေါ၊ အဇ္ဈဘာသေယျ ပဏ္ဍိတော။
ကာမသာ ဗုဒ္ဓိသမ္မဒန္နော၊ တံ မျာဿ ပရမ္မပ္မိယံ-
ဟူသော အခြားမရှိသော ဤဂါထာကို ဆို၏။

၂၄။ ယထာ စ၊ယဒိ၊ အကယ်၍လည်း။ ကာမသာ၊ မိမိ အလို အား၊ဖြင့်။ ဗုဒ္ဓိသမ္မဒန္နော၊ ဉာဏ်ပညာနှင့်ပြည့်စုံခဲသော။ ပဏ္ဍိ၊တော၊ ပညာရှိသော။ အယံ သုမုခေါ၊ ဤစစ်သူကြီး သုမုခသည်၊ မေ၊ ငါ့အား။ ယံ၊ အကြင်စကား၊ကို။ အဇ္ဈဘာသေယျ၊ ပြောဆိုရာ၏။ တံ၊ ထို၊ပြောဆိုသော စကား၊ကို။ မေ၊ ငါသည်။ ပရမ္မပ္မိယံ၊ အလွန်နှစ်သက်သည်။ အာသ၊ ဖြစ်ရာ၏။

ထို့နောင်မှ စစ်သူကြီး သုမုခသည် ထိုမင်းအား ပြောဆိုလိုရကား—

၂၅။ အဟံ ခလု မဟာရာဇ၊ နာဂရာဇာရိဝန္တံ။
ပဋိဂတ္တုံ နု သက္ကောမိ၊ နု မေ သော ဝိနယော သိယာ။
၂၆။ အမ္မာကဉ္စေဝ သော သေဋ္ဌော၊ တဉ္စဉ္စတ္တမ သတ္တဂေါ။
ဘူမိပါလော မနုဿိန္ဒော၊ ပူဇာ ဗဟူဟိ ဟေတုဘိ။
၂၇။ ဟေသံ ဥဘိန္နံ ဘဏတံ၊ ဝတ္တမာနေ ဝိနိစ္ဆယေ။
နန္တရံ ပတ်ဝတ္တာဗ္ဗံ၊ ပေဿေန မနုဇာဓိပ-
ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၂၅။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အဟံ၊ အကျွန်ုပ်သည်။ ခလု၊ စင်စစ်သဖြင့်။ အန္တရံ၊ ပခြုပ်တွင်းသို့။ ပဝိဒ္ဓော၊ ဝင်သော။ နာဂရာဇာရိဝ၊ နဂါးမင်းကဲ့သို့။ ပဋိဝတ္တုံ၊ စကား တုံ့ပြန်ဆိုခြင်းငှာ။ နု သက္ကောမိ၊ မဝံ့ပါ။ ဇေဝံ၊ ဤသို့ စကား၊တို့ ပြောဖွယ်သည် ရှိသော်။ သော၊ ထိုရှေ့ဟသ်ဝမင်းသည်။ မေ၊ ငါ့အား။ ဝိနယော၊ ဆုံးမသည်။ နု သိယာ၊ မဖြစ်ရာ။

၂၆။ ဘာရဓ၊ ပြည်ကြီးဝန်ကို ရွက်ဆောင်တော် မူတတ်သော။ ဘူပါလ၊ ရေမြေ.ရှင်။ သော၊ ထိုရှေ့ဟသ်ဝမင်းသည်။ အမ္မာကဉ္စေဝ၊

www.dhammadownload.com

အာကျွန်ုပ်တို့ထက်လည်း။ သေဋ္ဌော၊ မြတ်ဒေဝ်မူပေ၏။ မနုဿီန္ဒော လူတို့ကို အစိုးရတော်မူသော။ ဘူမိပါဒလော၊ ရေမြေ့ရှင်ဖြစ်တော်မူသော။ တုဋ္ဌ၊ အရှင်မင်းကြီးသည်လည်း။ ဥတ္တမတ္တဧဝါ၊ မြတ်သော ပုဂ္ဂိုလ်ပေတည်း။ ဗဟူတိ ဟေတူဘိ၊ များစွာသော အဓိကြောင်းတို့ဖြင့်။ ပူဇော၊ ပူဇော်ထိုက် ပေကုန်၏။

၂၃။ မနုဇောဓိပ၊ လူတို့အရှင် ဖြစ်တော်မူသော။ ရာဇိန္ဒ၊ မင်း များနတ်။ ဘဏတံ-ဘဏန္တောနံ၊ပြောဆိုတော်မူကြကုန်သော။ တေသံဥဘိန္နံ၊ ထိုမင်းနှစ်ပါးတို့၏။ ဝိနိစ္ဆယေ၊ အဆုံးအဖြတ်သည်။ ဝတ္တာမာနေ၊ဖြစ်သည် ရှိသော်။ အန္တရံ၊ မင်းနှစ်ပါးတို့၏ အကြား၌။ ပဿေန၊ အမှုကြီးငယ် ကို ရွက်ဆောင်ရသော သူသည်။ နပတိဝတ္တာဇ္ဇံ၊ စကားတုံ့မဆိုရာ။

မင်းကြီး ကျေနပ်ပြီ

သဝဂလမင်းသည် ထိုစစ်သူကြီး သုမုခစကားကို ကြားရလျှင် အလွန် နှစ်သက်တော်မူ၏။ မုဆိုးကိုလည်း ချီးမွမ်းတော်မူ၏။ စစ်သူကြီး သုမုခမှ တစ်ပါးသော သင်္ကဲ့သို့သော သာယာစွာသော တရားစကားကို ဟောတော်မူတတ်သော ပုဂ္ဂိုလ်မည်သည် မဖြစ်ရာဟုဆို၍ ထိုသုမုခစစ်သူကြီး အား ချီးမွမ်းလိုရကား—

၂၀။ ဓမ္မေန ကိရ နေသာဒေါ၊ ပဏ္ဍိတော အလ္လဇော ဣတိ။
နဟေဝ အကတတ္တာဿ၊ နရော ဇောဒိသော သိယာ။
၂၉။ ဧဝံ အဂုပကတိမာ၊ ဧဝံ ဥတ္တမ သတ္တဝေါ။
ယာဝတတ္ထိ မယာ ဒိဋ္ဌာ၊ နာညံ ပဿာမိ ဧဒိသံ။
၃၀။ တုဋ္ဌောသ္မိ ဝေါ ပကတိယာ၊ ဝါကျေန မမုရေန စ။
ဧသော စာပိ မမစ္ဆန္ဒော၊ စိရံ ပဿေယျ ဝေါ ဥဘော—

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၂၀။ သမ္မဟံသ၊ အဆွေဟသ်ော်။ အလ္လဇော၊ ရွှေဟသ်ော်သည်။ ပဏ္ဍိတော၊ ပညာရှိပေ၏။ ဣတိ၊ ဤသို့။ နေသာဒေါ၊ ဆိုးသည်။ ဓမ္မေန၊ ဟုတ်မှန်သောအကြောင်းဖြင့်။ ဝဒတိ ကိရ၊ ဆိုပေသတတ်။ ဟိ-သစ္စံ၊မှန်၏။ အကတတ္တာဿ၊ သူ့ကျေးဇူးကို မသိသောသူအား။ တောဒိသော၊ ဤသုမုခ

www.dhammadownload.com

စစ်သူကြီးနှင့်တူသော။ နရော၊ပညာရှိသည်။နုသိယာ ဧဝ၊ မဖြစ်ရာသလျှင် ကတည်း။

၇၉။ ဧစံ၊ ဤသို့သော အပြားအားဖြင့်။ သုမုခါ၊ သုမုခသည်။ အဂ္ဂပကတိမာ၊ မြတ်သောသဘော ရှိပေ၏။ ဧစံ၊ ဤသို့သောအပြားအား ဖြင့်။ ဥတ္တမသတ္တဝေါ၊ ပုဂ္ဂိုလ်မြတ်ပေတည်း။ မယာ၊ ငါသည်။ ဒိဋ္ဌာ၊ မြင်ရဖူးကုန်သော။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော သတ္တဝါတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ တာဝတာ-တတ္တကေသု၊ ထိုမျှလောက်ကုန်သော သတ္တဝါတို့တွင်။ ဧဒိသံ၊ ဤစစ်သူကြီး သုမုခနှင့်တူသော။ အညံ၊ တစ်ပါးသောသူကို။ နပဿာမိ၊ မမြင်စဘူး။

၈၀။ သမ္မဟံသ၊ အဆွေဟသ်ာမင်း။ဝေါ၊ သင်တို့၏။ ပါကတိယာစ၊ ပြကတေ သဘောကြောင့်လည်းကောင်း။ မှုရေန၊ သာယာစွာသော။ ဝါကျေန စ၊ တရားစကားကြောင့်လည်းကောင်း။ အဟံ၊ ငါသည်။ တုဋ္ဌော၊ နှစ်သက်လှသည်။ အသ္မိ၊ ဖြစ်၏။ စိရံ၊ မြင့်ရှည်စွာသော ကာလပတ်လုံး။ ဥဘော၊ နှစ်ခုကုန်သော။ ဝေါ၊ သင်ရွှေဟသ်ာမင်းတို့ကို။ အဟံ၊ ငါသည်။ ပဿေယျံ၊ မြင်ချင်ပါ၏။ ဧသော စာပိ၊ ဤသို့ရှည်မြင့်စွာသော ကာလပတ်လုံး မြင်ချင်ခြင်းသည်။ မမ၊ ငါ၏။ ဆန္ဒော၊ အလိုတည်း။

ဟသ်ာမင်း ပြန်ခွင့်တောင်းခြင်း

ထို့နောက်မှ ဘုရားလောင်းသည် သာဂလမင်းကို ချီးမွမ်းတော်မူလိုရကား÷

၈၁။ ယံ ကိစ္စံ ပရမေ မိတ္တော၊ ကတမဿာသု တံ တယာ။
ပတ္တာ နိဿံသယံ တျာမှာ၊ ဘတ္တိ ရဿာသု ယာ တဝ။

၈၂။ အဒုဋ္ဌ နူန သုမဟာ၊ ဉာတိသံဃဿ မန္တရံ။
အဒဿနေန အဿာက၊ ဒုက္ခ ဗဟူသု ပက္ခသု။

၈၃။ တေသံ သောက ဝိဃာတာယ၊ တယာ အနုမတာ မယံ။
တံ ပဒက္ခိဏတော ကတ္ဝာ၊ ဉာတိ ပဿေမု ရိန္ဒမ။

၈၄။ အဒ္ဓါဟံ ဝိပုလံ ပီတိ၊ ဘဝံတံ ဝိန္ဒာမိ ဒဿနာ။
ဧသော စာပိ မဟာ အတ္ထော၊ ဉာတိ ဝိဿာသနာ သိယာ÷

ဟူသော ဤလေး၈ါထာတို့ကို ဆို၏။

www.dhammadownload.com

၈၁။ အရိန္ဒမ၊ ရန်သူကို ဆုံးမတော်မူတတ်သော။ ရာဇိန္ဒ၊ မင်း မျှားနတ်။ ယံ ကိစ္စံ၊ အကြောင်အမှုကို။ ပရမေ၊ မြတ်သော။ မိတ္တော၊ အဆွေခင်ပွန်း၌။ ကတံ၊ ပြုအပ်၏။ တံကိစ္စံ၊ ထိုမြတ်သောအဆွေခင်ပွန်း၌ ပြုအပ်သော အမှုကို။ တယာ၊ သင်သည်။ အသ္မာသု၊ ငါတို့၌။ ကတံ၊ ပြုပေ၏။ တဝ၊ သင်မင်းကြီးအား။ အသ္မာသု၊ ငါတို့၌ ယာ ဘတ္တိ၊ အကြင် အဆွေခင်ပွန်းအဖြစ်သည်။ အတ္ထိ၊ရှိ၏။ တာယ ဟတ္ထိယာ၊ ထိုအဆွေခင်ပွန်း၏အဖြစ်သည်။ တေ၊ အရှင်မင်းကြီးနှင့်။ နိဿံသယံ၊ မချွတ်။ ပတ္တာ၊ ရောက်ကုန်သည်။ အမှာ၊ ဖြစ်ကုန်၏။

၈၂။ အရိန္ဒမ၊ ရန်သူတို့ကို ဆုံးမတော်မူတတ်သော။ ဘူပါလ၊ ရေမြေ့ရှင်။ နုနစ၊ စင်စစ်သော်ကား။ သုမဟာ ဉာတိသံဃဿ၊ အလွန် များစွာသော ဆွေမျိုးအပေါင်း၏။ အဒုံ၊ ဤအမည်ရှိသော။ အန္တရံ၊ ပျက်စီးခြင်းသည်။ အတ္ထိ၊ ရှိ၏။ အသ္မာကံ၊ ငါတို့ကို။ အဒဿနေန၊မမြင်ရသောကြောင့်။ ဗဟူသု၊ များစွာကုန်သော။ ပက္ခီသု၊ ဟသ်ာတို့၌။ဒုက္ခံ၊ ဆင်းရဲခြင်းသည်။ ဥပပဇ္ဇိ၊ ဖြစ်လေ၏။

၈၃။ အရိန္ဒမ၊ ရန်သူကို ဆုံးမတော်မူတတ်သော။ မဟာရာဇ၊ မင်းမြတ်။ တေသံ၊ ထိုဆွေမျိုးဖြစ်ကုန်သော ရှေဟသ်ာတို့၏။ သောက ဝိဃာတာယ၊ စိုးရိမ်ခြင်းကို ဖျောက်အံ့သောငှာ။ တယာ၊ သင်မင်းကြီး သည်။ အနုမတာ၊ ခွင့်ပြုအပ်ကုန်သော။ မယံ၊ ငါတို့သည်။ တံ၊ အရှင် မင်းကြီးကို။ ပဒက္ခိဏတော၊ လက်ယာရစ်လည်သောအားဖြင့်။ ကတ္ဝာ၊ ပြု၍။ ဉာတိံ၊ ဆွေမျိုးအပေါင်းကို။ ပဿေမု၊ မြင်ချင်ပါကုန်၏။

၈၄။ ရထေသဘ၊ ရထားစီးချင်း မင်းတကာတို့ထက် မြတ်တော် မူသော။ နရာသဘ၊ လူမျှားသော်နှင်း ပြည့်ရှင်မင်း။ အဒ္ဓါ၊ စင်စစ်လျှင်။ ဘဝတံ၊ သင်မင်းမြတ်ကို။ ဒဿနာ၊ မြင်ရခြင်းကြောင့်။ ဝိပုလံ၊ များစွာသော။ ပီတိံ၊ နှစ်သက်ခြင်းကို။ အဟံ၊ ငါသည်။ ဝိန္ဒာမိ၊ ရပေ၏။ ယာ ဉာတိ ဝိဃာသနာ၊ အကြင်ဆွေမျိုးကို ဆုံးမခြင်းသည်။ သိယာ၊ ရှိသည် ဖြစ်ရာ၏။ သောစာပိ၊ ဤဆွေမျိုးတို့ကို ဆုံးမခြင်းသည်လည်း။ မဟာ အတ္ထော၊ အကျိုးစီးပွား များပါ၏။

ဤသို့ ချီးမွမ်းပြောဆိုသည်ရှိသော် သဂလမင်းသည် ထို ရှေဟသ်ာ တို့၏ သွားခြင်းကို ခွင့်ပြုတော်မူ၏။

www.dhammadownload.com

ဟသ်ာမင်းတို့ ပြန်ကြပြီ

ဘုရားအလောင်းသည်လည်း သဘဂလမင်းအား "ငါးပါးအပြား ရှိသော ဒုဿီလအမှုဋ္ဌ အပြစ်ကို လည်းကောင်း, သီလ၏ အကျိုးအာနိသင်ကို လည်းကောင်း ဟောတော်မူ၍ ဤ သီလကို စောင့်ရှောက်တော်မူ၍ တရား နှင့်အညီ မင်းပြုတော်မူလော့၊ လေးပါးသော သင်္ဂဟာတို့ တို့ဖြင့် လူအပေါင်းကို သင်္ဂြိဟ်တော်မူလော့" ဟု ဆုံးမဒေတော်မူခဲ့ပြီးလျှင် စိတ်တကုဋ္ဌ် တောင်သို့သာလျှင် ကြွတော်မူလေ၏။ ထိုအကြောင်းကို ထင်ရှားပြတော် မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်-

၈၅။ ဤဒံ ဝတ္ဝာ ဓတရဋ္ဌော၊ ဟံသရာဇာ နရာဓိပံ။
ဥတ္တမံ ဇဝ မန္ဒာယ၊ ဥာတိသံဃံ ဥပါဂမုံ။
၈၆။ တေ အရောဂေ အနုပ္ပတ္တေ၊ ဒိသွာန ပရမေ ဒိဇေ။
ကေကာတိ မကရုံ ဟံသာ၊ ပုထုသဒ္ဒေါ အဇာယထ။
၈၇။ တေ ပတီတာ ပမုတ္တေန၊ ဘတ္တုနာ ဘတ္တုဂါရဝါ။
သမန္နာ ပရိကရ သု၊ အဏ္ဍာဇာ လဒ္ဓပစ္စယာ။

ဟူသော ဤ သုံးဂါထာတို့ကို ဟောတော်မူ၏။

၈၅။ ဘိက္ခဝေ၊ ရဟန်းတို့။ ဓတရဋ္ဌော၊ ဓတရဋ္ဌ အမျိုး ဖြစ်သော။ ဟံသရာဇာ၊ ရွှေဟသ်ာမင်းသည်။ နရာဓိပံ၊ လူတို့သခင်ဖြစ်သော ပြည့်ရှင် မင်းကို။ ဤဒံ၊ ဤစကားကို။ ဝတ္ဝာ၊ ဆို၍။ ဥတ္တမံ၊ မြတ်သော။ ဇဝံ၊ လျင် မြန်ခြင်းကို။ အန္ဒာယ၊ စွဲ၍။ ဒွေ ဟံသရာဇာနော၊ ရွှေဟသ်ာ မင်းနှစ်ပါး တို့သည်။ ဥာတိသံဃံ၊ ဆွေမျိုးအပေါင်းသို့။ ဥပါဂမုံ၊ ကပ်လေ့ကုန်၏။

၈၆။ ဘိက္ခဝေ၊ ရဟန်းတို့။ ပရမေ၊ မြတ်ကုန်သော။ အရောဂေ၊ အနာကင်းသည်ဖြစ်၍။ အနုပ္ပတ္တေ၊ စိတ်တကုဋ္ဌတောင်သို့ ရောက်တော်မူကုန် သော။ တေဒိဇေ၊ ထို ရွှေဟသ်ာမင်း နှစ်ပါးတို့ကို။ ဒိသွာန၊ မြင်ကုန်သော ကြောင့်။ ဟံသာ၊ ဆွေမျိုးဖြစ်သော ကိုးသောင်း ခြောက်ထောင်ကုန်သော ဟသ်ာတို့သည်။ ကေကာတိ၊ ကေကာ-ဟူသော အသံကို။ အကရုံ၊ မြည်ကြ ကုန်၏။ ပုထုသဒ္ဒေါ၊ များစွာသော အသံသည်။ အဇာယထ၊ ဖြစ်လေ၏။

၈၇။ ဘိက္ခဝေ၊ ရဟန်းတို့။ ဘတ္တုနာ၊ အရှင်ဖြစ်သော ရွှေဟသ်ာ မင်းသည်။ ပမုတ္တေန၊ ရန်သူလက်မှ လွတ်သည်ရှိသော်။ ပတီတာ၊ ဝမ်း

www.dhammadownload.com

မြောက်ကုန်သည်ဖြစ်၍။ ဘတ္တုဂါရဝါ၊ အရှင်ကို ရှိသေတတ်ကုန်သော။ တေအဏ္ဍဇာ၊ ထို ဆွေမျိုး ဖြစ်ကုန်သော ကိုးသောင်း ခြောက်ထောင်ကုန်သော ဟာသ်ာတို့သည်။ လဒ္ဓပစ္စယာ၊ ရဲအပ်သော ကိုးကွယ်ရာ ရှိကုန်သည် ဖြစ်၍။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ပရိဂိရိ ံသု၊ ခြံရံကုန်၏။

ဟာသ်ာတို့ ဆုတောင်း

ဤသို့ ခြံရံကုန်ပြီး၍ကား ထို ဟာသ်ာတို့သည် အရှင်မင်းကြီး အဘယ်သို့သော အကြောင်းဖြင့် လွတ်တော်မူသနည်းဟု လျှောက်ကြကုန်၏။ ဘုရားလောင်းသည် သုမုခ စစ်သူကြီးကို မှီ၍ လွတ်သော အဖြစ်ကို လည်းကောင်း, သာဂလမင်း မုဆိုးတို့သည် ပြုအပ်သောအမှုကို လည်းကောင်း ပြောဆိုတော်မူ၏။ ထိုသို့ ဘုရားလောင်း ရှေဟာသ်ာမင်း ပြောဆိုသော စကားကို ကြားရလျှင် ဟာသ်ာအပေါင်းသည် အလွန် နှစ်သက်သည် ဖြစ်၍ "သုမုခ စစ်သူကြီးသည် လည်းကောင်း, သာဂလမင်းသည် လည်းကောင်း မုဆိုးသားသည် လည်းကောင်း ချမ်းသာစွာ ဆင်းရဲကုန်သည် ဖြစ်၍ မြင့်ရှည်စွာ အသက်ရှည်ကြပါစေကုန်သတည်း" ဟု ဆုတောင်း ဆုယူ ပြုမူကြကုန်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်-

၈။ ဧဝံ မိတ္တဝတံ အတ္ထာ၊ သဗ္ဗေ ဟောန္တိ ပဒက္ခိဏာ။
ဟံသာ ယထာ ဓတရဋ္ဌာ၊ ဉာတိသံဃံ ဥပါဂမုံ-

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

၈။ ဘိက္ခဝေ၊ ရဟန်းတို့။ ဓတရဋ္ဌာ၊ ဓတရဋ္ဌမျိုး ဖြစ်ကုန်သော။ ဟံသာ၊ ရှေဟာသ်ာမင်းနှစ်ပါးတို့သည်။ ဉာတိသံဃံ၊ ဆွေမျိုးအပေါင်းသို့။ ဥပါဂမုံ ယထာ၊ ချမ်းသာစွာ ကပ်ရကုန်သကဲ့သို့။ ဧဝံဘထာ၊ ထိုအတူ။ မိတ္တဝတံ၊ အဆွေ ခင်ပွန်းကောင်းရှိသော သူတို့အား။ ပဒက္ခိဏာ၊ ချမ်းသာကို ဖြစ်စေတတ်ကုန်သော ကြီးပွားခြင်းနှင့် ယှဉ်ကုန်သော သဗ္ဗ၊ အလုံးစုံကုန်သော။ အတ္ထာ၊ အကျိုးစီးပွားတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤ စူဠဟံသဇာတ် ဓမ္မဒေသနာကို ဆောင်တော်မူ၍ "ရဟန်းတို့....ယခုသာလျှင် အာနန္ဒာ

www.dhammadownload.com

သည် ငါဘုရား အကျိုးငှာ မိမိအသက်ကို စွန့်သည်မဟုတ်သေး၊ ရှေးအခါ၌လည်း အာနန္ဒာသည် ငါဘုရား၏ အကျိုးငှာ မိမိ အသက်ကို စွန့်ဖူးပြီ'' ဟု မိန့်တော်မူ၍ ယခုအခါ ဆန္ဒမထေရ်သည် ထိုအခါ မုဆိုးဖြစ်ဖူးပြီး၊ ယခုအခါ သာရိပုတြာသည် ထိုအခါ သဂဂလမင်း ဖြစ်ဖူးပြီး ယခုအခါ အာနန္ဒာသည် ထိုအခါ ရှေဟသ်ာစစ်သူကြီး သုမုခ ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရား ပရိသတ်တို့သည် ထိုအခါ ကိုးသောင်း ခြောက်ထောင်ကုန်သော ဟသ်ာအပေါင်းတို့ ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် တိုအခါ ကိုးသောင်း ခြောက်ထောင်ကုန်သော ဟသ်ာအပေါင်းတို့၏အရှင် ဓတရဋ္ဌ ရှေဟသ်ာမင်း ဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

ကျေးဇူးရှင်တွက်၊ စွန့်အသက် တိုးတက်ချမ်းသာရာ။
ရှေးဦးစွဲသော စူဠဟံသဇာတ် ပြီး၏။

၂–မဟာဟံသဇာတ်

တပည့်လိမ္မာ၍ ဆရာ အသက်ချမ်းသာခြင်း

ဟောတော်မူရာဌာန နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသခင်သည် ''ဧတေ ဟံသာ ပက္ကမန္တိ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာဟံသဇာတ်ကို ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် အရှင်အာနန္ဒာမထေရ်၏ အသက်ကို စွန့်ခြင်းကိုပင်လျှင် အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု၊ ပစ္စုပ္ပန်ဝတ္ထုသည် အောက်စူဠဟံသဇာတ်၌ ဆိုအပ်ပြီးသည်နှင့် တူသလျှင်ကတည်း။

အထူးကား-ဤ မဟာဟံသဇာတ်၌ သဗ္ဗညု ဘုရားသခင်သည် အတိတ်ကို ဆောင်တော်မူသည်ရှိသော် ဤအကြောင်းကို ဆောင်တော်မူ၏။

www.dhammadownload.com

အတိတ်ဝတ္ထု၂ ရဟန်းတို့ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သံယမ အမည်ရှိသော မင်းသည် မင်းပြု၏။ ထိုမင်းအား ခေမာအမ္ပည်ရှိသော မိဖုရားကြီးသည် ရှိ၏။ ထိုအခါ ဘုရားလောင်း ရွှေဟင်္သာမင်းသည် ကိုးသောင်းသော ဟင်္သာအပေါင်း ခြံရံလျက် စိတ္တကူဋ်တောင်၌ နေတော်မူ၏။

အိပ်မက်ထဲမှာ ရွှေဟင်္သာ

ထိုအခါ တစ်နေ့သ၌ ခေမာ မိဖုရားကြီးသည် မိုးသောက်ထအခါ၌ အိပ်မက် မြင်မက်၏-ခရွှေဟင်္သာတို့သည် လာလတ်ကုန်၍ ရုဇပလ္လင်၌ နေကုန်လျက် သာယာစွာသော အသံဖြင့် တရားဟောကုန်၏၊ ခေမာ မိဖုရားကြီးသည်ကောင်းချီးပေးလျက် တရားတော်ကိုနာစဉ် တရားနာခြင်းဖြင့် မရောင့်ရဲမီသာလျှင် ညဉ့်သည် လင်းလတ်၏၊ ဟင်္သာတို့သည် တရားဟောပြီးကုန်ပြီးလျှင် ခြေသေ့ခံသော လေသွန် နှန်းတံခါးဖြင့် ထွက်၍ သွားကုန်၏၊ ထို ခေမာ မိဖုရားသည် လျင်မြန်စွာ ထလတ်၍ "ပြေးသွားကုန်သော ဟင်္သာတို့ကို ဖမ်းကြပါကုန်လော့, ပြေးသွားကုန်သော ဟင်္သာတို့ကို ဖမ်းကြပါကုန်လော့" ဟု ဆို၍ လက်ကိုဆန့်စဉ်ပင်လျှင် နိုး၏။ ထိုမိဖုရားကြီးစကားကို ကြားကုန်၍ ကိုယ်လုပ် မောင်းမတို့လည်း "ဟင်္သာတို့သည် အဘယ်မှာနည်း" ဟု အတန်ငယ် ပြက်ရယ်ပြုကြကုန်၏။

မိဖုရားကြီး ချင်ခြင်းဖြစ်

ခေမာ မိဖုရားကြီးသည် ထိုခဏ၌ အိပ်မက်အဖြစ်ကိုသိ၍ ကြံ၏၊ "ငါသည် မဟုတ်မမှန်သည်ကို မမြင်မကဲရာ၊ မခွတ်လျှင် ဤလောက၌ ရွှေဟင်္သာတို့သည် ရှိကုန်လတ္တံ့၊ စင်စစ်သော်ကား အကယ်၍ ရွှေဟင်္သာတို့၏တရားကို နာလိုပါ၏ဟု အရှင်မင်းကြီးကို တင်လျှောက်အံ့၊ ငါတို့သည် ရွှေဟင်္သာမည်သည်ကို မမြင်ဖူးပါကုန်၊ ဟင်္သာတို့ တရားစကားမည်သည်လည်း မဖြစ်ဖူးသည်သာလျှင်တည်းဟုဆို၍ အားမထုတ်သည် ဖြစ်လတ္တံ့၊ 'ချင်ခြင်းဖြစ်ပါ၏' ဟု တင်လျှောက်သည်ရှိသော်ကား အမှတ်မရှိသော အကြောင်းဖြင့် ရှာတော်မူလတ္တံ့၊ ဤသို့ ရှာတော်မူသည်ရှိသော် ငါ၏ စိတ်အလိုသည် ပြည့်စုံလတ္တံ့" ဟုကြံ၍ ထိုမိဖုရားကြီးသည် ဖျားနာဟန်ပြုသဖြင့် ကိုယ်လုပ် မောင်းမတို့အား အမှတ်ပေး၍ အိပ်၏။

www.dhammadownload.com

မင်းသည် မင်း၏နေရာ၌ နေသည်ရှိသော် ထိုမိဖုရားကြီးအား မြင်သင့်သောအခါ၌ ထိုမိဖုရားကြီးကို မမြင်၍ ''ခေမာ မိဖုရားကြီးသည် အဘယ်မှာနည်း'' ဟု မေးတော်မူ၍ ''နာပါ၏'' ဟု တင်လျှောက်ကုန်လတ်သော် ထိုမိဖုရားကြီးအထံသို့ သွားပြီးလျှင် အိပ်ရာတစ်ပိုင်းက ထိုင်တော်မူ၍ ကျောကို သုံးသပ်လျက် ''ရှင်မိဖုရားအား အဘယ် မချမ်းသာသနည်း'' ဟု မေးတော်မူ၏။ ''အရှင်မင်းကြီး... အကျွန်ုပ်အား တစ်ပါးသော မချမ်းသာခြင်းမည်သည် မရှိပါ၊ ချင်ခြင်းသည်ကား ဖြစ်ပါ၏'' ဟု တင်လျှောက်၏။ ''ရှင်မိဖုရား....ထိုသို့တပြီးကား ငါ့အား ပြောဆိုလော့၊ အကြင်ဝတ္ထုကို ရှင်မိဖုရား အလိုရှိ၏၊ ထိုဝတ္ထုကိုလျှင် ရှင်မိဖုရားအား လျင်စွာ ပို့ဆောင်စေအံ့'' ဟု မိန့်တော်မူ၏။ ''အရှင်မင်းကြီး....အကျွန်ုပ်သည် ဆောက်အုပ်သော ထီးဖြူရှိသော ရာဇပလ္လင်၌နေသော တစ်ခုသော ရွှေဟင်္သာမင်းအား ပန်းနံ့သာ အစရှိသည်တို့ဖြင့် ပူဇော်ခြင်းကိုပြု၍ ကောင်းချီးပေးလျက် တရားစကားကို နာခြင်းငှာ အလိုရှိပါ၏၊ အကယ်၍ ရအံ့၊ ဤသို့ ရပါသည်ရှိသော် ကောင်း၏။ အကယ်၍ မရအံ့၊ အကျွန်ုပ်အသက်သည် မရှိပြီ'' ဟု တင်လျှောက်၏။

မင်းကြီး ရွှေဟင်္သာရှာခြင်း

ထိုအခါ မိဖုရားကြီးကို မင်းသည် ''လူ့ပြည်၌ အကယ်၍ရှိအံ့၊ ရပါလတ္တံ့၊ မစိုးရိမ်လင့်'' ဟု ထို မိဖုရားကြီးကို နှစ်သိမ့်စေပြီးလျှင် ကျက်သရေရှိသော တိုက်ခန်းမ ထက်တော်မူခဲ့၍ မူးတော် မတ်တော်တို့နှင့်တကွ တိုင်ပင်တော်မူ၏။ ''အို....အမတ်တို့....ခေမာမိဖုရားကြီးသည် ရွှေဟင်္သာမင်း၏ တရားစကားကို နာခြင်းငှာ ရသည်ရှိသော် အသက်ရှင်အံ့၊ မရသည်ရှိသော် အကျွန်ုပ်အသက် မရှိပြီ'' ဟု ငါ့အား တင်လျှောက်၏၊ ရွှေဟင်္သာတို့မည်သည် ရှိပါကုန်မည်လော'' ဟု မေးတော်မူလတ်သော် ''အရှင်မင်းမြတ်....အကျွန်ုပ်တို့သည် မမြင်ဖူး မကြားဖူးပါကုန်'' ဟု တင်လျှောက်ကြကုန်၏။ ''အဘယ်သူတို့သည် သိပါကုန်အံ့နည်း'' ဟု မေးတော်မူပြန်သော် ''အရှင်မင်းမြတ်....ပုဏ္ဏားတို့သည် သိကုန်ရာ၏'' ဟု တင်လျှောက်ကြကုန်၏။

မင်းသည် ပုဏ္ဏားတို့ကို ခေါ်စေတော်မူပြီးလျှင် ပူဇော်သက္ကာရကိုပြုတော်မူ၍ ''ဆရာတို့....ရွှေဟင်္သာတို့သည် ရှိကုန်မည်လော'' ဟု မေး

www.dhammadownload.com

တော်မူ၏။ "အရှင်မင်းမြတ်....ရှိပါကုန်၏၊ အကျွန်ုပ်တို့ ပေဒင်ကျမ်းတို့၌ 'ငါးတို့သည် လည်းကောင်း, ပုစွန်တို့သည် လည်းကောင်း, လိပ်တို့သည် လည်းကောင်း, သမင်တို့သည် လည်းကောင်း, ဥဒေါင်းတို့သည် လည်းကောင်း, ဟသ်ာတို့သည် လည်းကောင်း တိရစ္ဆာန်ဖြစ်ကုန်သော ဤသတ္တဝါတို့သည် ရှေအဆင်းနှင့်တူသော အဆင်းရှိကုန်၏'ဟု လာပါကုန်၏၊ ထို တိရစ္ဆာန်တို့တွင် ဓတရင်္ဒမျိုးဖြစ်ကုန်သော ရှေဟသ်ာတို့မည်သည်ကား ပညာရှိကုန်၏၊ ဉာဏ်နှင့်ပြည့်စုံကုန်၏၊ ဤသို့လျှင် လူတို့နှင့်တကွ နှစ်ယောက်သောသူတို့သည် ရှေအဆင်းနှင့်တူသော အဆင်းရှိကုန်၏"ဟု တင်လျှောက်ကြကုန်၏။ ထိုသို့ တင်လျှောက်သော စကားကို ကြား၍ မင်းသည် ဝမ်းမြောက်သည်ဖြစ်၍ "ဆရာတို့....ဓတရင်္ဒမျိုး ဖြစ်ကုန်သော ရှေဟသ်ာတို့သည် အဘယ်အရပ်၌ နေကုန်သနည်း"ဟု မေးတော်မူ၏။ "အရှင်မင်းမြတ် ...အကျွန်ုပ်တို့သည် မသိပါကုန်"ဟု တင်လျှောက်ကြကုန်၏။ "ဆရာတို့ မသိကုန်သည်ရှိသော် ၊ အဘယ်သူတို့သည် သိပါကုန်အံ့နည်း"ဟု မေးတော်မူပြန်၏။ "အရှင်မင်းကြီး....မုဆိုးသားတို့သည် သိပါကုန်လတ္တံ့"ဟု တင်လျှောက်ကုန်လတ်သော် မိမိနိုင်ငံအတွင်း၌ ရှိကုန်သော အလုံးစုံကုန်သော မုဆိုးတို့ကို စည်းဝေးစေ၍ မေးတော်မူ၏။ "အမောင်တို့....ရှေအဆင်းနှင့်တူသော အဆင်းရှိကုန်သော ဓတရင်္ဒမျိုးဖြစ်ကုန်သော ဟသ်ာတို့သည် အဘယ်အရပ်၌ နေကုန်သနည်း"ဟူ မေးတော်မူ၏။ ထိုအခါ တစ်ယောက်သောမုဆိုးသည် "အရှင်မင်းမြတ်....ဟိမဝန္တာ အရပ်ဝယ် စိတ္တကူဋ်တောင်၌ နေကုန်သတတ်ဟု အကျွန်ုပ်တို့ အမျိုးအဆက်ဆက်မှ ပြောဆိုကြပါကုန်၏"ဟု တင်လျှောက်၏။

"ထို ရှေဟသ်ာတို့ကို ဖမ်းယူအံ့သောအကြောင်းကို သင်သိ၏လော"ဟု မေးတော်မူ၏။ "အရှင်မင်းမြတ်....အကျွန်ုပ် မသိပါ"ဟု တင်လျှောက်လတ်သော် "အဘယ်သူတို့သည် သိကုန်အံ့နည်း"ဟု မေးတော်မူ၍ "အရှင်မင်းမြတ်....ပုဏ္ဏားတို့သည် သိပါကုန်လတ္တံ့"ဟု တင်လျှောက်၏။

ရေကန်တူးစေခြင်း

ထိုမင်းသည် ပုဏ္ဏားပညာရှိတို့ကို ခေါ်စေတော်မူ၍ စိတ္တကူဋ်တောင်၌ ရှေအဆင်းနှင့်တူသော အဆင်းရှိသော ဟသ်ာတို့ရှိသောအဖြစ်ကို ကြား၍ "ထို ရှေဟသ်ာတို့ကို ဖမ်းယူအံ့သောအကြောင်းကို သိကြကုန်၏

www.dhammadownload.com

လော်''ဟု မေးတော်မူ၏။ ''အရှင်မင်းမြတ်....ထို ရွှေဟင်္သာတို့ကိုသွား၍ ဖမ်းယူသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဥပါယ်တမျဉ်ဖြင့် ထို့ရွှေဟင်္သာတို့ကို မြို့တော်အနီးသို့ သွေးဆောင်၍ ဖမ်းယူပါကုန်အံ့''ဟု တင်လျှောက်ကုန်လတ်သော် ''ဥပါယ်တမျဉ်သည် အဘယ်နည်း''ဟု မေးတော်မူ၏။ ''အရှင်မင်းမြတ်....မြို့တော်မှ မနီးမဝေး သုံးဂါဝုတ်ရှိသော မြောက်အရပ်၌ သုံးဂါဝုတ်အတိုင်းအရှည်ရှိသော ဓမာမည်သာအိုင်ကို တူးစေ၍ ရေဖြင့် ပြည့်စေပြီးလျှင် အထူးထူးသော စပါးမျိုးတို့ကို စိုက်ပျိုးစေ၍ ငါးပါးသောအဆင်းရှိသော ကြာပဒုမ္မာတို့ဖြင့် ဖုံးလွှမ်းသည်ကို ပြုစုတော်မူပြီးလျှင် ပညာရှိသော မုဆိုးတစ်ယောက်ကို အပ်နှင်း၍ လူတို့အား ချဉ်းကပ်စိမ့်သောငှာ မဓုပးမူ၍ အိုင်လေးထောင့်တို၌ တည်သောသူတို့ကို ဘေးမဲ့ပေးခြင်းကို ကြွေးကြော်စေတော်မူကုန်လော့၊ ထိုဘေးမဲ့ကြွေးကြော်သံကို ကြားကုန်လျှင် အထူးထူးသောငှက်တို့သည် အရပ်ဆယ်မျက်နှာမှ သက်ကြကုန်လတ္တံ့၊ ထိုသို့ အထူးထူးသောငှက်တို့သည် သက်ကြကုန်သည်ရှိသော် ထိုရွှေဟင်္သာတို့သည်လည်း အဆင့်ဆင့်ဖြင့် ထိုအိုင် ဘေးမရှိသောအဖြစ်ကို ကြား၍လာကုန်လတ္တံ့၊ ထိုသို့ လာကုန်သည်ရှိသော် ထိုရွှေဟင်္သာတို့ကို သားမြီးကွင်းတို့ဖြင့် ထောင်စေ၍ ဖမ်းယူတော်မူကုန်လော့''ဟု တင်လျှောက်ကုန်၏။

ထိုသို့ တင်လျှောက်သောစကားကို ကြား၍ မင်းသည် ထိုပုဏ္ဏားတို့ တင်လျှောက်သော အရပ်၌ ဆိုအပ်ပြီးသော အခြင်းအရာရှိသော အိုင်ကို တူးစေပြီးလျှင် လိမ္မာသော မုဆိုးတစ်ယောက်ကို ခေါ်စေတော်မူ၍ ထိုမုဆိုးအား အသပြာတစ်ထောင်ပေး၍ ''သင်သည် ဤနေ့မှစ၍ မိမိအမှုကို မပြုလင့်၊ ငါသည် သင်၏ သားမယားတို့ကို မွေးကျွေးအံ့၊ သင်သည် မမွေမမျော့ ဓမာအိုင်ကို စောင့်လှက် လူတို့ကိုဖဲ့စေ၍ အိုင်လေးထောင့်တို၌ ဘေးမဲ့ကို ကြွေးကြော်၍ လာတိုင်းလာတိုင်းကုန်သောငှက်တို့ကို ငါ့အား ကြားလာလှည့်၊ ရွှေဟင်္သာတို့သည် လာကုန်သည်ရှိသော် များစွာသော ပဒုမ္မာသကြာရကို ရလတ္တံ့''ဟု မိန့်တော်မူ၍ ထိုမုဆိုးကို နှစ်သိမ့်စေသဖြင့် ဓမာအိုင်ကို အပ်နှင်းတော်မူ၏။ ထိုမုဆိုးသည် ထိုအခါမှစ၍ မင်းမိန့် မှာတော်မူသည့် နည်းဖြင့်လျှင် ထိုအိုင်၌ ကျင့်၏။ ဓမာအိုင်ကို စောင့်ရှောက်၏။ ထိုသို့ ဓမာအိုင်ကို စောင့်ရှောက်သောကြောင့် ထိုမုဆိုးအား ဓမာမုဆိုး ဟူ၍သာလျှင် ထင်ရှားလေ၏။

www.dhammadownload.com

ဟသ်ၤတို့လာကြပြီ

ထိုအခါမှစ၍ အထူးထူးအပြားပြားကုန်သော ငှက်တို့သည် သက်ကုန်၏။ "ခေမာအိုင်သည် ဘေးမရှိ၊ ငြိမ်းချမ်းယာယာ၏" ဟု အဆင့်ဆင့် ကြွေးကြော်သဖြင့် အထူးထူးသော ဟသ်ၤတို့သည် လာလတ်ကုန်၏။ ရှေးဦးစွာ တိဏဟသ်ၤမျိုးတို့သည် လာလတ်ကုန်၏။ ထို တိဏဟသ်ၤတို့၏ ကြွေးကြော်သံကြောင့် ပဏ္ဏာဟသ်ၤမျိုးတို့သည် လာလတ်ကုန်၏။ ထို ပဏ္ဏာဟသ်ၤတို့၏ကြွေးကြော်သံကြောင့် မနောသိလာမျိုး ဖြစ်ကုန်သော 'ဟသ်ၤတို့သည် လာလတ်ကုန်၏။ ထို မနောသိလာမျိုး ဖြစ်ကုန်သော ဟသ်ၤတို့၏ ကြွေးကြော်သံကြောင့် သေတဟသ်ၤမျိုးတို့သည် လာလတ်ကုန်၏။ ထို သေတဟသ်ၤမျိုး ဖြစ်ကုန်သော ဟသ်ၤတို့၏ ကြွေးကြော်သံကြောင့် ပါက ဟသ်ၤမျိုးတို့သည် လာလတ်ကုန်၏။

ထို ပါကဟသ်ၤမျိုးတို့သည် လာလတ်ကုန်သည်ရှိသော် ခေမာမုဆိုးသည် သွားရှာ မင်းအား ကြားလျှောက်၏၊ "အရှင်မင်းမြတ်.... အမျိုးငါးပါးရှိကုန်သော ဟသ်ၤတို့သည် လာလတ်ကုန်၍ အိုင်၌ ကျက်စားကုန်ပြီ၊ ပါကဟသ်ၤမျိုးတို့ လာသည်၏အဖြစ်ကြောင့် ယခုအခါ နှစ်ရက်၊ သုံးရက်ဖြင့် ရွှေဟသ်ၤတို့သည် လာပါကုန်လတ္တံ့၊ အရှင်မင်းမြတ် စိုးရိမ်တော်မမူလင့်" ဟု တင်လျှောက်၏။ ထို စကားကိုကြား၍ မင်းသည် "ခေမာမုဆိုးမှ တစ်ပါးသောသူသည် ထို ခေမာအိုင်သို့ မသွားအပ်၊ အကြင်သူသည် သွားအံ့၊ ထိုသူသည် လက်ခြေ ဖြတ်ခြင်းသို့လည်းကောင်း၊ အိမ်ဖျက်ဆီးခြင်းသို့ လည်းကောင်း ရောက်လတ္တံ့" ဟု မြို့တော်အလုံးရှိ စည်လည်စေတော်မူ၏။ ထိုအခါမှစ၍ ထိုအိုင်သို့ တစ်စုံတစ်ယောက်သော သူသည်မျှ မသွားဝံ့ပြီ။ စိတ္တကူဋ်တောင်၏ မနီးမဝေးဌာနကား ရွှေဂူဝယ် ပါကဟသ်ၤမျိုးတို့သည် နေကုန်၏။ ထို ပါကဟသ်ၤမျိုးတို့သည် ကြီးသော ခွန်အားရှိကုန်၏၊ ဓတရဋ္ဌ ဟသ်ၤမျိုးနှင့်သာလျှင်တကွ နေကုန်၏။ ထို ပါကဟသ်ၤမျိုးတို့၏ ကိုယ်အဆင်းသည်သာလျှင် ထူး၏။ ပါကဟသ်ၤမင်း၏ သမီးသည်ကား ရွှေအဆင်းနှင့် တူသော အဆင်းရှိ၏။ ထို ပါကဟသ်ၤမင်းသည် ထိုသမီးကို ဓတရဋ္ဌရွှေဟသ်ၤမင်းအား လျှောက်ပတ်၏ဟုကြံ၍ ထို ဓတရဋ္ဌ ရွှေဟသ်ၤမင်းအား မိဖုရားကြီးပြု၍ ဆက်စေ၏။ ထိုပါကဟသ်ၤမင်း၏သမီးတော်ကို ဓတရဋ္ဌ ရွှေဟသ်ၤမင်းသည် အလွန်ချစ်နှစ်သက်တော်မူ၏။ ထို အကြောင်းကြောင့်လျှင် ထို ဟသ်ၤမျိုးနှစ်ပါးတို့သည် အချင်းချင်း အကျမ်းဝင်ကုန်သည် ဖြစ်၏။

www.dhammadownload.com

ထိုအခါ တစ်နေ့သ၌ ဘုရားလောင်း ရှေဟသ်ာမင်း၏ အခြံအရံ ဟသ်ာတို့သည် ပါကဟသ်ာတို့ကို မေးကုန်၏။ "ဤနေ့တို့၌ သင်တို့သည် အဘယ်အရပ်၌ ကျက်စားကြကုန်သနည်း" ဟု မေးကုန်၏။ "ငါတို့သည် ဗာရာဏသီပြည်မှ မနီးမဝေးသောအရပ်၌ ခေမာအမည်ရှိသော အိုင်ဝယ် ကျက်စားကြကုန်၏၊ သင်တို့သည်ကား အဘယ်အရပ်သို့ လှည့်လည်ကုန် သနည်း" ဟု မေးကုန်၏။ "ငါတို့သည် ဤမည်သောအရပ်သို့ လှည့်လည် ကြကုန်၏" ဟု ပြောဆိုလတ်သော် "အဘယ်ကြောင့် ခေမာအိုင်သို့ သင်တို့ မသွားကြကုန်သနည်း၊ ထိုစကားသည် မှန်၏၊ ထို ခေမာအိုင်သည် နှလုံး မွေ့လျော်ဖွယ်ရှိ၏။ အထူးထူးသော ငှက်မျိုးတို့ဖြင့် ပြွမ်း၏၊ ကြာမျိုး ငါးပါးတို့ဖြင့် ဖုံးလွှမ်းအပ်၏၊ အထူးထူးသော စပါးတို့ဖြင့် ပြည့်စုံ၏၊ အထူးထူးသော ပျားပိတုန်းတို့ဖြင့် ရင့်ရွှန်းမြူးရာလည်း ဖြစ်၏၊ အိုင် လေးထောင့်တို့၌ အမြဲလျှင်ဖြစ်သော ဘေးမဲ့ကြွေးကြော်သံသည် ဖြစ်၏၊ ထိုခေမာအိုင်သို့ ချဉ်းကပ်အံ့သောငှာ ဝံ့သော တစ်တစ်ယောက်သော သူ မည်သည်မရှိ၊ တစ်ပါးသောဘေးရန်ကို ပြုခြင်းငှာကား အဘယ်ဆိုဖွယ် ရှိအံ့နည်း၊ ဘေးရန် မရှိသည်သာတည်း၊ ခေမာအိုင်သည် ဤသို့သဘောရှိ၏ ဟု ထိုခေမာအိုင်ကို ချီးမွမ်းကြကုန်၏။

ဟသ်ာမင်း တားမြစ်ခြင်း

ထို ဘုရားလောင်း ရှေဟသ်ာမင်း၏ အခြံအရံတို့သည် ထို ပါက ဟသ်ာတို့၏စကားကို ကြားကုန်၍ "ဗာရာဏသီပြည်၏ အနီး၌ ဤသို့ သဘောရှိသော ခေမာအမည်ရှိသောအိုင်သည် ရှိပါသတတ်၊ ပါကဟသ်ာ ကိုသည် ထိုခေမာအိုင်သို့သွားကုန်၍ အစာကို ယူကုန်၏၊ အရှင်တို့သည် လည်း ဓတရဋ္ဌဟသ်ာမင်းအား တင်လျှောက်ကုန်လော့။ အကယ်၍ ခွင့်ပြု တော် မူကုန်အံ့၊ အကျွန်ုပ်တို့သည်လည်း ထို ခေမာအိုင်သို့သွား၍ အစာ ကို ယူပါကုန်အံ့" ဟု စစ်သူကြီး သုမုခအား ကြားလျှောက်ကြကုန်၏။ စစ်သူကြီး သုမုခသည် မိမိအရှင် ဓတရဋ္ဌ ရှေဟသ်ာမင်းအား ထိုအကြောင်း ကို တင်လျှောက်၏။ ဘုရားလောင်း ဓတရဋ္ဌ ရှေဟသ်ာသည် ကြံတော်မူ၏၊ "လူတို့မည်သည်ကား များသောမာယာရှိကုန်၏၊ ကြမ်းတမ်းသော အတိုင် အပင် ရှိကုန်၏၊ ဥပါယ်တံမျဉ်၌ လိမ္မာကုန်၏၊ ထို ခေမာအိုင်၌ အကြောင်း ရှိသည် ဖြစ်ရာ၏၊ ဤမျှလောက်သော ကာလပတ်လုံး ဤအိုင်သည်မရှိ၊ ယခုအခါ၌ ပြုအပ်၏၊ ငါတို့ကို ဖမ်းယူခြင်းငှာ ပြုသည် ဖြစ်လတ္တံ့" ဟု

www.dhammadownload.com

ကြံတော်မူ၏။ ကြံပြီး၍ ထိုဘုရားလောင်း ရွှေဟင်္သာမင်းသည် စစ်သူကြီး သုမုခအား မိန့်တော်မူ၏။ "သုမုခ....သင်သည် ထိုခေမာအိုင်သို့ သွားခြင်းကို မနှစ်သက်လင့်၊ ထို ခေမာအိုင်ကို လူတို့သည် ကုသိုလ်ကောင်းမှု အလိုငှာ မပြုအပ်၊ ငါတို့ကို ဖမ်းယူခြင်းငှာသာ ပြုအပ်၏၊ လူတို့မည်သည် ကား များသောမာယာရှိကုန်၏၊ ကြမ်းတမ်းသော အတိုင်အပင် ရှိကုန်၏၊ ဥပါယ်တံမျဉ်၍ လိမ္မာကုန်၏၊ သင်တို့သည် မိမိတို့ဥစ္စာဖြစ်သော ကျက်စားရာ၌သာလျှင် ကျက်စားကြကုန်လော့" ဟု မိန့်တော်မူ၏။

ရွှေဟင်္သာတို့ လာကြပြီ

ရွှေဟင်္သာတို့သည် ခေမာအိုင်သို့ သွားလိုကုန်သည်သာလျှင် ဖြစ်ပါကုန်၏ဟု နှစ်ကြိမ်မြောက် လည်းကောင်း၊ သုံးကြိမ်မြောက် လည်းကောင်း စစ်သူကြီး သုမုခအား ကြားလျှောက်ကြကုန်၏။ ထိုစစ်သူကြီး သုမုခသည် ထိုအခြံအရံ ရွှေဟင်္သာတို့ ခေမာအိုင်သို့ သွားလိုကြကြောင်းကို ဘုရားလောင်း ဓတရဋ္ဌ ရွှေဟင်္သာမင်းအား တင်လျှောက်ပြန်၏။ ထိုသို့ စစ်သူကြီး သုမုခ တင်လျှောက်သောအခါ ဘုရားလောင်းသည် "ငါ၏ ဆွေမျိုးတို့သည် ငါ့ကိုမှီ၍ မပင်ပန်းစေကုန်လင့်" ဟု နှုတ်သွင်းတော်မူ၍ "ထိုသို့ တပြီးကား သွားကုန်အံ့" ဟု မိန့်တော်မူ၍ ရွှေဟင်္သာအပေါင်း ကိုးသောင်း ခြံရံလျက် ထို ခေမာအိုင်သို့ ကြွသွားတော်မူ၍ အစာကိုယူလျက် ဟင်္သာတို့၏ ကစားမြူးရွင်ခြင်းကို ကစားမြူးရွင်တော်မူပြီး၍ စိတ်တက်ဂွတ်တောင်သို့သာလျှင် တစ်ဖန် ပြန်လည်တော်မူခဲ့၏။ ခေမာမုဆိုးသည် ထို ရွှေဟင်္သာတို့ကျက်စား၍ ပြန်လည်သောအခါ သွား၍ ထိုရွှေဟင်္သာတို့ လာကြောင်းကို မင်းအား ကြားလျှောက်၏။ မင်းသည် အလွန်နှစ်သက်တော်မူသည်ဖြစ်၍ "အချင်း ခေမာမုဆိုး.... တစ်ခုသော ရွှေဟင်္သာကို လည်းကောင်း၊ တစ်ခုသော ရွှေဟင်္သာကိုလည်းကောင်း ဖမ်းယူခြင်းငှာ သင်သည် လုံ့လပြုပါလော့၊ သင့်အား မျှားစ့ဉာသော စည်းစိမ် ချမ်းသာကို ငါပေးအံ့" ဟု ဆို၍ စားနပ်ရိက္ခာပေး၍ ထိုမုဆိုးကို လွှတ်တော်မူလိုက်၏။ ထိုမုဆိုးသည် ခေမာအိုင်သို့သွား အိုးစရည်းနှင့်တူသောချိုင့်၌နေ၍ ဟင်္သာတို့ ကျက်စားရာအရပ်ကို စုံစမ်း၏၊ "ဘုရားအလောင်းတို့ မည်သည်ကား လျှပ်ပေါသော ကျက်စားခြင်းသည် မဖြစ်ကုန်၊ ထို့ကြောင့် ဘုရားလောင်းသည် ဆင်းသက်ရာအရပ်မှစ၍ အစဉ်အတိုင်း ကျက်စားသဖြင့် သလေးကို စားလျက် သွား၏။ ဘုရားလောင်းမှ ကြွင်းကုန်သော ဟင်္သာတို့သည် ထိုမှ

www.dhammadownload.com

ဤမှ စား‌ကုန်လျက်လျှင် သွား‌ကုန်၏။ ထိုအခါ ခေမာမုဆိုးသည် ‘‘ဤ ရှေဟသ်ာသည်‌ကား လျှပ်ပေါ်သော ကျက်စား‌ခြင်း‌မရှိ၊ ဤ ရှေဟသ်ာကို ထောင်ခြင်း‌ငှာ သင့်၏’’ဟု ကြံ၍ နက်ဖြန်နေ့၌ ရှေဟသ်ာတို့သည် အိုင်သို့ မသက်ကုန်မီလျှင် အိုး‌စရည်း‌နှင့်တူသော‌ချိုင့်၌‌နေလျက် ထိုအရပ်သို့သွား၍ မနီး‌မဝေး၌ မိမိကိုယ်ကို ချိုင့်ဖြင့်ဖုံး‌လွှမ်း၍ အခါ‌ပါက်ဖြင့် ကြည့်လျက်နေ၏။ ထိုခဏ၌ ဘုရား‌လောင်း ဓတရဋ္ဌ ရှေဟသ်ာမင်း‌သည် ဟသ်ာကိုး‌သောင်း ခြံရံလျက် ယမန်နေ့ ဆင်း‌သက်ရာအရပ်၌သာလျှင် ဆင်း‌သက်တော်မူ၍ အပိုင်း‌အခြား‌အတွင်း၌နေလျက် ကျက်စား‌ပြီး‌သော် သွား‌လေ၏။

ရှေဟသ်ာမင်း

ခေမာမုဆိုး‌သည် ချိုင့်ပေါက်ဖြင့်ကြည့်လတ်သော် အဆင်း၏ မြတ်သော တင့်တယ်ခြင်း အစုသို့ရောက်သော ဘုရား‌လောင်း ဓတရဋ္ဌ ရှေဟသ်ာမင်း၏ကိုယ်ကိုမြင်ရလျှင် ‘‘ဤ ရှေဟသ်ာသည် လှည်း‌ပုံတောင်း အတိုင်း အရှည်ရှိသော ကိုယ်ရှိ၏၊ ရှေအဆင်း‌နှင့်တူ‌သော အဆင်း‌ရှိ၏၊ သုံး‌ကြောင်း ကုန်သော နီသော‌အရေး‌တို့ဖြင့်လည်း၍ ခြံရံအပ်၏၊ သုံး‌ကြောင်း‌ကုန်သော အရေး‌တို့သည် လည်မှ‌ဆင်း‌သက်၍ ရှေ့အဖို့ပင် လျှောက်၍ သွား‌ကုန်၏၊ အရေး‌သုံး‌ကြောင်း‌တို့သည် နောက်အဖို့ဖြင့် ထုတ်ချင်း‌လျှို‌သွား‌လေကုန်၏၊ ကမ္မလာနီချည်ဖြင့် ဖွဲ့အပ်သော ဆိုင်း၌‌ထား‌အပ်သော ရှေတုံး‌ကဲ့သို့ အလွန် တင့်တယ်၏၊ ဤ ရှေဟသ်ာသည် ထိုဟသ်ာတို့၏ မင်း‌ဖြစ်ရာ၏၊ ဤ ရှေဟသ်ာ သိုက်သာလျှင် ငါဖမ်း‌အံ့’’ဟု ကြံ၏။ ဓတရဋ္ဌ ရှေဟသ်ာမင်း‌သည် လည်း များ‌စွာသော‌အစာကို စား‌ပြီး‌လျှင် ရေကစား‌ခြင်း‌ကို ကစား၍ ဟသ်ာအပေါင်း ခြံရံလျက် စိတ္တကူဋ်တောင် သို့သာလျှင် ကြွတော်မူ၏၊ ဤနည်း‌ဖြင့်လျှင် ငါး‌ရက်တို့ပတ်လုံး အစာကိုယူတော်မူ၏။

ဖမ်း‌မိလေပြီ

ခြောက်ရက်မြောက်သော ဒုန့်ဒဋ်‌ကား ခေမာမုဆိုး‌သည် မည်း‌နက်သော မြင်း‌မြီး‌ဖြင့်ပြီး‌သော မြဲမြံခိုင်ခံ့သော‌ကြိုး‌ကို ကျစ်ပြီး‌သျှင် လုံတံ၌ ကျော့‌ကွင်း‌ကိုဖွဲ့၍ ‘‘နက်ဖြန် ဟသ်ာမင်း‌သည် ဤအရပ်၌ သက်လတ္တံ့’’ဟု ဟုတ်မှန်သော‌အား‌ဖြင့် သိ၍ ရေထဲ၌ လုံတံကျော့‌ကွင်း‌ကို‌ထောင်၏၊ နက်ဖြန်နေ့၌ ရှေဟသ်ာမင်း သကဲ့သည်ရှိသော် ခြေကို ကျော့‌ကွင်း၌ သွတ်သွင်း‌လျှင် သက်မိ၏။ ထိုအခါ ဘုရား‌လောင်း၏ခြေကို ကျော့‌ကွင်းသည် သံ

www.dhammadownload.com

ပြားဖြင့်ငင်သကဲ့သို့ ဖဲ့၍ယူ၏။ ရှေဟသ်ာမင်းသည် "ကျော့ကွင်းတို့ ဖြတ်အံ့" ဟု ကြံ၍ အဟုန်ကိုဖြစ်စေလျက် ငင်၍ခဲ့၏။ ရှေးဦးစွာ ငင်သောအကြိမ်၌ ရှေအဆင်းနှင့်တူသော အဆင်းရှိသောအရေသည် ပြတ်၏။ နှစ်ကြိမ်မြောက်ငင်ရာ၌ ကမ္မလာနှိ အဆင်းနှင့်တူသော အသားသည် ပြတ်၏။ သုံးကြိမ်မြောက် ငင်ရာ၌ အကြောသည် ပြတ်၏။ လေးကြိမ်မြောက် ငင်သော်ကား ဘုရားလောင်း ရှေဟသ်ာမင်း၏ ခြေသည် ပြတ်ရာ၏။ မင်းအား အင်္ဂါချို့တဲ့ခြင်း မည်သည်ကား မလျောက်ပတ်၊ ထို့ကြောင့် အားထုတ်ခြင်းလုံ့လကို ပြုတော်မမူပြီ။ အားကြီးစွာသော ဝေဒနာတို့သည် ဖြစ်ကုန်၏။ ဘုရားလောင်း ရှေဟသ်ာမင်းသည် ကြံတော်မူ၏၊ "ငါသည် ကျော့ကွင်းမိသော မြည်သံကို အကယ်၍ မြည်အံ့၊ ငါ၏ဆွေမျိုးတို့သည် စိတ်နှလုံး ထိတ်လန့်ကုန်သည်ဖြစ်၍ အစာကို မယူဘဲလျှင် ဆာမွတ်သော ကိုယ်ရှိကုန်သည်ဖြစ်၍ ပြေးသွားကုန်သော်လည်း မဟာသမုဒ္ဒရာ၌ ကျကုန်လတ္တံ့" ဟု ကြံတော်မူ၏။

ကြံပြီး၍ ထိုဘုရားအလောင်းသည် ကြီးစွာသောဝေဒနာကို သည်းခံတော်မူလျက် ကျော့ကွင်းနိုင်ငံသို့ လိုက်ရသဖြင့် သလေးစပါးကို စားသကဲ့သို့ဖြစ်၍ ထိုဟသ်ာအပေါင်းတို့၏ အလိုရှိတိုင်းစားပြီး၍ ဟသ်ာတို့၏ ကစားခြင်းကို ကစားသောအခါ၌လျှင် သည်းစွာသောအသံဖြင့် ကျော့ကွင်းမိသောအသံကို မြည်၏၊ ထိုအသံကိုကြား၍ ဟသ်ာတို့သည် သေဘေးမှ ကြောက်ကုန်ရကား အစုအစု စိတ်ကုဋ္ဌတောင်သို့ ရှေးရှုဆိုအပ်ပြီးသောနည်းဖြင့်လျှင် ပြန်သွားကြကုန်လေ၏။

သုမုခစစ်သူကြီး ပြန်လာခြင်း

သုမုခစစ်သူကြီးသည်လည်း အောက်၌ဆိုအပ်ပြီးသောနည်းဖြင့်လျှင် စုံစမ်းရှာဖွေ၍ သုံးခုမြောသော အစုတို့၌လည်း မိမိအရှင် မတရဋ္ဌ ရှေဟသ်ာမင်းကို မမြင်၍ "မချွတ်လျှင် ဤဘေးသည် ငါတို့၏ အရှင်မင်းကြီးအားသာလျှင် ဖြစ်၏" ဟု ကြံ၍ ပြန်လည်ခဲ့သဖြင့် လာလတ် သည်ရှိသော် သွေးလိမ်းကျံလျက် ဆင်းရဲကြင်နာစွာ ညွှန်ပြောင်းအပြင်၌ ကျော့ကွင်းမိသဖြင့် လျောင်းလျက်နေသော ဘုရားလောင်းကိုမြင်၍ "အရှင်မင်းကြီး ကြောက်တော် မမူလင့်၊ အကျွန်ုပ်သည် မိမိအသက်ကိုစွန့်၍ အရှင်မင်းကြီးတို့ကို လွတ်ပါစေအံ့" ဟု ဆိုလျက် ကောင်းကင်မှ သက်လတ်၍ ဘုရားလောင်းကို နှစ်သိမ့်စေလျက် ညွှန်ပြောင်းအပြင်၌ နေလော၏။

www.dhammadownload.com

ဟသ်ာမင်းက ပြန်လှတ်ခြင်း

ဘုရားလောင်းသည် "ကိုးသောင်းကုန်သော ဟသ်ာအပေါင်းတို့သည် ငါ့ကိုစွန့်၍ ပြေးသွားကုန်သည်ရှိသော် ဤသုမုခသည် တစ်ယောက်တည်းသာလျှင် လာ၏၊ အသို့နည်း မုဆိုးလာသောအခါ ငါ့ကိုစွန့်၍ ပြေးသွားလတ္တံ့လော၊ ထိုသို့မဟုတ်မူ မပြေးလတ္တံ့လောဟု စုံစမ်းသည့် အစွမ်းဖြင့် သေးလိမ်းကျံလျက် ကျောက်ဂင်းတံခွန် တဲလျားဆဲလျက်ပင် စစ်သူကြီး သုမုခကို စုံစမ်းတော်မူလိုရကား—

၈၉။ ဧတေ ဟံသာ ပက္ကမန္တိ၊ ဝက်္ကင်္ဂါ ဘယမေရိတာ။
ဟရိတ္တစ ဟေမဝဏ္ဏာ၊ ကာမံ သုမုခ ပက္ကမ့၊

၉၀။ ဩဟာယ မံ ဉာတိဂဏာ၊ ဧကံ ပါသဝသံ ဂတံ။
အနပေက္ခမာနာ ဂစ္ဆန္တိ၊ ကိံ ဧကော အဝဟီယသိ။

၉၁။ ပတေဝ ပတတံ သေဋ္ဌ၊ နတ္ထိ ဗဒ္ဓေ သဟာယတာ။
မာ အနီဃာယ ယာပေသိ၊ ကာမံ သုမုခ ပက္ကမ—

ဟူသော ဤသုံးဂါထာတို့ကို ဆိုတော်မူ၏။

၈၉။ ဟရိတ္တစ၊ ရွှေသော အရောရှိသော။ သုမုခ၊ ကောင်းသော မျက်နှာရှိသော အမောင် သုမုခ။ ဝက်္ကင်္ဂါ၊ ကောက်သော်လည်ရှိကုန်သော။ ဧတေဟံသာ၊ ထို ကိုးသောင်းကုန်သော ဟသ်ာအပေါင်းတို့သည်။ ဘယမေရိတာ၊ ကြောက်ခြင်းဘေးဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ပက္ကမန္တိ၊ ပျံသွားကြလေကုန်ပြီ။ ဟေမဝဏ္ဏာ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော။ သုမုခ၊ အမောင် သုမုခ။ ကာမံ၊ အလိုရှိရာသို့။ ပက္ကမ၊ ပျံသွားလေလော့။

၉၀။ သုမုခ၊ အမောင်သုမုခ။ ဧကံ၊ တစ်ယောက်အထီးတည်း။ ပါသဝသံ၊ ကျောက်ဂင်းအလိုသို့။ဂတံ၊လိုက်ရသော။မံ၊ ငါ့ကို။ဉာတိဂဏာ၊ ကိုးသောင်းကုန်သော ဆွေမျိုးဟသ်ာအပေါင်းတို့သည်။ ဩဟာယ၊ စွန့်၍။ အနပေက္ခမာနာ၊ ငဲ့ကွက်ခြင်း ကင်းကုန်သည်ဖြစ်၍။ ဂစ္ဆန္တိ၊ ပျံသွားလေကုန်ပြီ။ ဟေမဝဏ္ဏာ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော။ သုမုခ၊ အမောင် သုမုခ။ ဧကော၊ အမောင်တစ်ယောက်တည်း။ ကိံ၊ အဘယ့်ကြောင့်။ အဝဟီယသိ၊ ကျန်ရစ်ဘိသနည်း။

www.dhammadownload.com

၉၁။ ပကတူ၊ပျံသွားတက်သော ဟသ်ာအပေါင်းတို့ထက်။ သေဋ္ဌ၊ အထူးသဖြင့် မြတ်သော။ သုမုခ၊ အမောင် သုမုခ။ ပတေဝ၊ ပျံသွားလေလေ့။ ဗဒ္ဓေ၊ ကျေ့ကွင်းမီသော ငါ၌။ သဟာယတာ၊ အပေါင်းအဖော် အဆွေခင်ပွန်း၏ အဖြစ်သည်။ နတ္ထိ၊ မရှိပြီ။ ပတတံ၊ ပျံတက်သွားသော ဟသ်ာအပေါင်းတို့ထက်။ သေဋ္ဌ၊ အထူးသဖြင့် မြတ်သော။ သုမုခ၊အမောင် သုမုခ။ အနိဿာယ၊ ဆင်းရဲခြင်းမရှိဌာ။ ကတ္တာပ္ပံ၊ ပြုအပ်သော။ ဝီရိယံ၊ လုံ့လကို။ မာ၊ ဟာပေသိ၊ မယုတ်စေလင့်။ ကာမံ၊ အလိုအလျောက် ပက္ကမ၊ ပျံသွားပါလေ၊လော့။

မိတ်ဆွေအစစ်ပါ

ထိုစကားကိုကြား၍ စစ်သူကြီး သုမုခသည် "ဤဟသ်ာမင်းကား ငါ၏ အဆွေခင်ပွန်းအဖြစ်ကို မသိ၊ ငါ့ကို အဆွေခင်ပွန်းတုဟူ၍ ထင်မှတ်ဘိ၏၊ ထိုရွှေဟသ်ာမင်းအား အဆွေခင်ပွန်းစစ်အဖြစ်ဖြင့် ချစ်ခင်လေးမြတ်သောအဖြစ်ကို ငါပြအံ့" ဟု ကြံ၍ ပြလိုရကား—

၉၂။ နာဟံ ဒုက္ခပရေတောပိ၊ ဓတရဋ္ဌ တုဝံ ဇဟေ။
ဇီဝိတံ မရဏံ ဝါမေ၊ တယာ သဒ္ဓိံ ဘဝိဿတိ။

၉၃။ နာဟံ ဒုက္ခပရေတေပိ၊ ဓတရဋ္ဌ တုဝံ ဇဟေ။
န မံ အနရိယသံယုတ္တော၊ ကမ္မေ ယောဇေတု မရဟသိ။

၉၄။ သကုမာရော သခါ တျသ္မိ၊ သစိတ္တော စသ္မိ တေဋ္ဌတော။
ဉာတော သေနာပတီ တျဟံ၊ ဟံသာနံ ပဝရုတ္တမ။

၉၅။ ကထံ အဟံ ဝိကတ္ထိဿံ၊ ဉာတိမဇ္ဈေ ဂတော ဂတော။
တံ ဟိတွာ ပတတံ သေဋ္ဌ၊ ကိံဿ ဝက္ခာမိတော ဂတော။
ဂုဓ ပါဏံ စဇိဿာမိ၊ နာနရိယံ ကတ္တုမုဿဟေ—

ဟူသော ဤလေးဂါထာတို့ကို ဆို၏။

၉၂။ ဓတရဋ္ဌ၊ ဓတရဋ္ဌအနွယ်တော်ဖြစ်သော။ မဟာရာဇ၊ အရှင်မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ ဒုက္ခပရေတောပိ၊ ဆင်းရဲနှိပ်စက်အပ်သော်လည်း။ တုဝံ၊ အရှင်မင်းမြတ်ကို။ နဇဟေ၊ မစွန့်ရာ။ မေ၊ အကျွန်ုပ်

www.dhammadownload.com

ဖနောင့်ဖြင့်နင်းအပ်သော ညွှန်ကို အထက်သို့တက်စေလျက် ဦးခေါင်းထက်ဖြင့် သွား၍ ရှေ့မှဆင်းသက်လျက် လျင်မြန်စွာ ချဉ်းကပ်လေ၏။ ထို အကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်—

၉၈။ ဣဏ္ဍစေစံ မန္ဒယန္တိဝနံ၊ အရိယာနံ အရိယဝုတ္တိနံ။
ဒဏ္ဍမာဒါယ နေသာဒေါ၊ အာပတီ တုရိ တာ ဘုသံ။
၉၉။ တမာပတန္တံ ဒိသွာန၊ သုမုခေါ အတိဋ္ဌုဟယိ။
အဒ္ဒာသိ ပုရတော ဍ္ဎာ၊ ဟံသော ဝိဿာသယံ ဗျထံ။
၁၀၀။ မာ ဘာယိ ပတတံ သေဋ္ဌ၊ နဟိ ဘာယန္တိ တာဒိသာ။
အဟံ ယောဂံ ပယုဇ္ဇိဿံ၊ ယုတ္တံ ဓမ္မုပသဉ္ဇိတံ။
တေန ပရိယာဒါနေန၊ ခိပ္ပံ ပါသာ ပမောက္ခသိ—

ဟူသော ဤသုံးဂါထာတို့ကို ဟောတော်မူ၏။

၉၈။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣစ္ဆေဝံ၊ ဤသို့လျှင်။ အရိယဝုတ္တိနံ၊ မြတ်သောအကျင့် ရှိကုန်သော။ အရိယာနံ၊ မြတ်ကုန်သော ရွှေဟင်္သာမင်းနှစ်ပါးတို့၏။ မန္ဒယန္တာဝနံ၊ တိုင်ပင်ပြောဟော ကုန်စဉ်။ နေသာဒေါ၊ ခေမာ မုဆိုးသည်။ ဒဏ္ဍံ၊ လှံတံကို။ အာဒါယ၊ ယူ၍။ တုရိတော၊ အဆောတလျင်။ ဘုသံ၊ ပြင်းစွာ။ အာပတိ၊ လာလတ်၏။

၉၉။ အာပတန္တံ၊ လာလတ်သော။ တံ၊ ထို ခေမာ မုဆိုးကို။ ဒိသွာန၊ မြင်၍။ သုမုခေါ၊ သုမုခအမည်ရှိသော။ ဟံသော၊ ရွှေဟင်္သာစစ်သူကြီးသည်။ ဗျထံ၊ ကြောက်ထိတ်လန့်သော ရွှေဟင်္သာမင်းကို၊ ဝိဿာသယံ-ဝိဿာသယန္တော၊ သက်သာရာရစေလျက်။ ရညော၊ ရွှေဟင်္သာမင်း၏။ ပုရတော၊ ရှေ့မှ။ အဒ္ဒာသိ၊ ရပ်၏။ အတိဋ္ဌုဟယိ၊ ပြင်းစွာသော အသံကို မြွက်၏။

၁၀၀။ ပတတံ၊ ဟင်္သာအပေါင်းတို့ထက်။ သေဋ္ဌ၊ မြတ်တော်မူသော။ မဟာရာဇ၊ အရှင်မင်းမြတ်။ မာ ဘာယိ၊ ကြောက်တော်မမူလင့်။ တာဒိသာ၊ အရှင်မင်းမြတ်နှင့် တူကုန်သော သူတို့သည်။ နဟိ ဘာယန္တိ၊ မကြောက်ကုန်။ အဟံ၊ အကျွန်ုပ်သည်။ ယုတ္တံ၊ သင့်လျော်သော။ ဓမ္မုပသဉ္ဇိတံ၊ အကြောင်းကိုမှီသော။ ယောဂံ၊ ဉာဏ် ဝိရိယနှင့် ယှဉ်သော

www.dhammadownload.com

လုံ့လကို။ ပယုဉ္ဇိဿံ၊ အားထုတ်ပါအံ့။ တေန ပရိယာဒါနေန၊ ထိုသို့ အကျွန်ုပ်သည် ယှဉ်စေအပ်သော စင်ကြယ်သော လုံ့လကြောင့်။ ခိပ္ပံ၊ လျင်စွာ။ တုံ၊ အရှင်မင်းမြတ်သည်။ ပါသာ၊ ကျော့ကွင်းမှ။ ပမောက္ခသိ၊ လွတ်ပါလတ္တံ့။

စစ်သူကြီးတောင်းပန်ပုံ

ဤသို့ စစ်သူကြီးသုမုခသည် မိမိအရှင် ဖြစ်သော ဘုရားလောင်း ဓတရဋ္ဌ ရှေဟသ်ာမင်းကို နှစ်သိမ့်စေလျက် မုဆိုးအထံသို့သွား၍ သာယာစွာသော လူ့ဘာသာကို မြှက်ဆိုလျက် "အဆွေမုဆိုး....သင်သည် အဘယ်အမည် ရှိသနည်း" ဟု မေး၍ "ဟသ်ာမင်း....ငါသည် ခေမာမုဆိုးမည်၏" ဟု ပြောဆိုလတ်သော် "အဘယ်အကျိုးငှာ လာသနည်း" ဟု မေး၏။ "ရှေဟသ်ာမင်းကို ဖမ်းယူခြင်းငှာ လာ၏" ဟု ဆိုလတ်သော် "အဆွေခေမာမုဆိုး....သင်သည် ထောင်အပ်သော ကျော့ကွင်း၌ မိသော ဟသ်ာသည် ဟသ်ာမည်ကာမျှတည်းဟု သင် မမှတ်လင့်၊ ကိုးသောင်းကုန်သော ဟသ်ာတို့ထက် မြတ်တော်မူသော ဓတရဋ္ဌ အမှည်တော်ရသော ရှေဟသ်ာမင်းသည် သင်၏ကျော့ကွင်း၌ မိ၏၊ ဉာဏ်, ပညာ, သီလအကျင့်နှင့် ပြည့်စုံတော်မူ၏၊ သင်္ဂဟတရားလေးပါး၌ တည်တော်မူ၏၊ ဤ ရှေဟသ်ာမင်းကို သတ်ခြင်းငှာ မသင့်၊ ငါသည်လည်း ဤကိုယ်ဖြင့် သင်၏အမှုကြီးငယ်ကို ပြုပါအံ့၊ ဤ ဟသ်ာမင်းသည်လည်း ရှေအဆင်းနှင့်တူသော အဆင်းရှိ၏၊ ငါသည်လည်း ဤ ရှေဟသ်ာမင်း အတူ ရှေအဆင်းနှင့် တူသော အဆင်းရှိ၏၊ ငါသည် ဤ ရှေဟသ်ာမင်းအကျိုးငှာ အသက်ကို စွန့်ပါအံ့၊ အကယ်၍ အသင် မုဆိုးသည် ဤ ရှေဟသ်ာမင်း၏အတောင်တို့ကို ယူလိုသည် ဖြစ်အံ့၊ ငါ၏ အတောင်တို့ကိုယူပါလော့။ ထိုမှတစ်ပါး အရေ, အသား, အကြော, အရိုး တို့တွင် တစ်ခုခုကိုယူလိုသည်ဖြစ်အံ့၊ ငါ၏ကိုယ်မှလျှင် ယူပါလော့၊ အကယ်၍ အရပ်တစ်ပါးသို့သွား၍ ထို ရှေဟသ်ာမင်းကို ဟသ်ာဖြင့် ကစား ခြင်းကိုကစားလိုသည်ဖြစ်အံ့၊ ငါ့ကိုသာလျှင် ကစားပါလော့၊ အရှင်ပင် လျှင်ရောင်းချ၍ ဥစ္စာကို အကယ်၍ ဖြစ်စေလိုအံ့၊ ငါ့ကို ရောင်းချ၍ ဥစ္စာကို ဖြစ်စေလော့၊ ဉာဏ်ပညာ အစရှိသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသော. ရှေဟသ်ာမင်းကို မသတ်ပါလင့်၊ ထိုစကားသည် မှန်၏၊ ထို ရှေဟသ်ာမင်းကို အကယ်၍ သတ်အံ့၊ ငရဲ အစရှိသည်တို့မှ သင် မလွတ်လတ္တံ့၊ ဟု ထိုခေမာမုဆိုးကို ငရဲ အစရှိသော ဘေးဖြင့် ခြိမ်းခြောက်၍ မိမိ၏

www.dhammadownload.com

သာယာစွာသော တရားစကားကို ယူစေပြီးလျှင် တစ်ဖန် ဘုရားလောင်း အထံသို့သွား၍ ဘုရားလောင်းကို နှစ်သိမ့်စေလျက် တည်၏။

မုဆိုးက ရှိခိုးရပြီ

ဒေမာမုဆိုးသည် ထိုစစ်သူကြီး သုမုခစကားကို ကြား၍ "ဤရှေဟသ်ာမင်းသည် တိရစ္ဆာန်ဖြစ်လျက် လူတို့သည်လည်း ပြုခြင်းငှာ မတတ်နိုင်သော ဤသို့သဘောရှိသောအမှုကို ပြုဘိ၏၊ လူတို့သည်လည်း ဤသို့အဆောင်ပုန်းသဘောကို ပြုခြင်းငှာ မတတ်နိုင်ကုန်၊ ဤရှေဟသ်ာသည် အံ့ဖွယ်ရှိစွ၊ ဉာဏ်ပညာနှင့် ပြည့်စုံပေ၏၊ သာယာစွာသော တရားစကားကို ပြောတတ်၏၊ တရားစောင့်ပေစ့ တကား" ဟု ကြံ၍ ကိုယ်အလုံးကို မီတိသောမနဿဖြင့် ပြည့်သည်ကိုပြု၍ ကြက်သီးမွေးညင်းထသဖြင့် လုံတံကို စွန့်ပစ်၍ ဦးခေါင်း၌ လက်အုပ်ကို တင်ထားလျက် နေမင်းကို ရှိခိုးသကဲ့သို့ ရှိခိုး၍ စစ်သူကြီး သုမုခ၏ ဂုဏ်ကျေးဇူးကို ပြောဆိုလျက် တည်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၁၀၁။ တဿ တံ ဝစနံ သုတ္ဝာ၊ သုမုခဿ သုဘာသိတံ။
ပဟဋ္ဌလောမေ နေသာဒေါ၊ အဠာလိဿ ပဏာမယိ။

၁၀၂။ နမေ သုတံ ဝါဒိဒ်ဌံ ဝါ၊ ဘာသန္တော မနုသိ်ဒေဝေါ။
အရိယံ ဗြူဟနော ဝက္ကင်္ဂေါ၊ ဝေဇ္ဇန္တော မာနုသိ်ဂိရံ။

၁၀၃။ ကိန္နု တာယံ ဒိဇော ဟောတိ၊ မုတ္တော ဗဒ္ဓံ ဥပါသသိ။
သြဟာယ သကုဏော ယန္တိ၊ ကိ် ဇကော အဝဟိယျသိ—

ဟူသော ဤသုံးဂါထာတို့ကို ဟောတော်မူ၏။

၁၀၀။ တဿ တံ ဝစနံ သုတ္ဝာ၊ သုမုခဿ သုဘာသိတံ။
ပဟဋ္ဌလောမေ နေသာဒေါ၊ အဠာလိဿ ပဏာမယိ။

၁၀၂။ နမေ သုတံ ဝါဒိဒ်ဌံ ဝါ၊ ဘာသန္တော မနုသိ်ဒေဝေါ။
အရိယံ ဗြူဟနော ဝက္ကင်္ဂေါ၊ ဝေဇ္ဇန္တော မာနုသိ်ဂိရံ။

၁၀၃။ ကိန္နု တာယံ ဒိဇော ဟောတိ၊ မုတ္တော ဗဒ္ဓံ ဥပါသသိ။
သြဟာယ သကုဏော ယန္တိ၊ ကိ် ဇကော အဝဟိယျသိ—

ဟူသော ဤသုံးဂါထာတို့ကို ဟောတော်မူ၏။

၁၀၀။ ဘိက္ခဝေ၊ ရဟန်းတို့။ နေသာဒေါ၊ ဒေမာမုဆိုးသည်။ တဿသုမု-ခဿ၊ ထိုစစ်သူကြီး သုမုခ၏။ သုဘာသိတံ၊ ကောင်းစွာပြောဆိုအပ်သော။ တံ ဝစနံ၊ ထိုစကားကို။ သုတ္ဝာ၊ ကြား၍။ ပဟဋ္ဌလောမော၊ ရွှင်သော ကြက်သီးမွေးညင်း ရှိသည်ဖြစ်၍။ အဿ၊ ထိုသုမုခအား။ အဠာလိ၊ လက်အုပ်ချီလျက်။ ပဏာမယိ၊ ရှိခိုး၏။

၁၀၂။ သမ္မ၊ အဆွေရှေဟသ်ာ၊ တုံ၊ သင်သည်။ ဝက္ကင်္ဂေါ၊ ကောက်သောလည်ရှိသော။ ဒိဇော၊ ငှက်သည်။ သမာနော၊ ဖြစ်လျက်။

www.dhammadownload.com

အဟော၊ အံ့ဖွယ်ရှိစွတကား။ အရိယံ၊အာစာရအရိယာဖြစ်သော။ဒိဇာဓိပံ၊ ရွှေဟသ်ာမင်းကို။ ပြုဟနော၊ နှစ်သိမ့်စေလျက်။ မာနုသိံ၊ လူ၏ဘာသာ ဖြစ်သော။ ဂိရံ၊ စကားကို။ ဝဇန္တော၊ မြွက်ဟပြောဆိုသော။ တေ၊ သင့် အား။ ဒါနိ၊ ယခု။ မယာ၊ ငါသည်။ ဒိဋ္ဌော၊ မြင်ရ၏။ ဤတော၊ ဤအခါမှ။ ပုဗ္ဗေ၊ ရှေး၌။ ဒိဇော၊ ငှက်ဖြစ်လျက်။ မာနုသိံ၊ လူ၏ ဘာသာ စကားကို။ ဘာသန္တော၊ ပြောဆိုသည်ကို။ မေ၊ ငါသည်။ နံ သုတံ ဝါ၊ ကြားလည်းမကြားစဖူး။ နံ ဒိဋ္ဌံ ဝါ၊ မြင်လည်းမမြင်စဖူး။

၁၀၃။ သမ္မ၊ အဆွေရှေဟသ်ာ။ မုတ္တောာ၊ ကျော့ကွင်းမှ လွတ် သော သင်သည်။ ဗဒ္ဓံ၊ ကျော့ကွင်းမိသော။ ယံဒိဇံ၊ အကြင် ရှေဟသ်ာ မင်းသို့။ ဥပါသသိ၊ ချဉ်းကပ်၏။ အယံဒိဇော၊ ဤရှေဟသ်ာမင်းသည်။ တေ၊ သင်နှင့်။ ကိန္နုဟောတိ၊ အသို့တော်ကြသနည်း။ သကုဏာ၊ သင်မှ တစ်ပါးသော ဟသ်ာတို့သည်။ ဩဟာယ၊ ရှေဟသ်ာမင်းကိုစွန့်၍။ ယန္တိ၊ သွားကြကုန်၏။ ကိံ၊ အဘယ့်ကြောင့်။ ဧကော၊ သင်တစ်ယောက်တည်း။ အဝဟိယျသိ၊ ကျန်ရစ်ဘိသနည်း။

စစ်သူကြီးလိမ္မာဖုံ

ဤသို့လျှင် နှစ်သက်စဖွယ်သောစိတ်ဖြင့် ခေမာမုဆိုးသည် မေးအပ် သော ထိုစစ်သူကြီး သုမုခသည် "ဤမှုဆိုးကား စိတ်နှုးညံ့ပြီ၊ ယခုအခါ ထိုမုဆိုးအား အတိုင်းထက်အလွန် နှုးညံ့စိမ့်သောငှာ ငါ၏ ဂုဏ်ကျေးဇူးကို ပြဆိုအံ့" ဟု ကြံ၍ ပြလိုရကား—

၁၀၄။ ရာဇာ မေ သောဒိဇာမိတ္တ၊ သေနာ ပစ္စိဿ ကာရိယိ။
တမာပဒေ ပရိစ္စတ္တုံ၊ နုဿဟေ ဝိဟဂါဓိပံ။
၁၀၅။ မဟာဂဏာယံ ဘတ္တာ မေ၊ မာ ဧကော ဗျသနံ အဂါ။
တထာဟံ သမ္မ နေသာဒ၊ ဘတ္တာယံ အဘိတော ရမေ—
ဟူသော ဤဂါထာတို့ကို ဆို၏။

၁၀၄။ ဒိဇာမိတ္တ၊ အဆွေမုဆိုး။ ဧသော ဒိဇော၊ ဤ ရှေဟသ်ာ မင်းသည်။ မေ၊ ငါ၏။ ရာဇာ၊ မင်းတည်း။ ဧသော၊ ဤ ရှေဟသ်ာ မင်းသည်။ အဿ-မေ၊ ထို ငါ့အား။ သေနာပစ္စံ၊ စစ်သူကြီး၏ အဖြစ်ကို။

www.dhammadownload.com

ကာရယိ၊ ပြုပေ၏။ ဒိဇာဓိပံ၊ ရွှေဟင်္သာတို့၏ မင်းဖြစ်သော။ တံ၊ ထို ငါတို့ အရှင် ရွှေဟင်္သာမင်းကို။ အာပဒေ၊ ဘေးရန် ရလတ်သော်။ ပရိစ္စတ္တုံ၊ စွန့်ခြင်းငှာ။ နဉ္ဉဟော၊ ငါ မဝံ။

၁၀၅။ သမ္မ၊ အဆွေမုဆိုး။ မေ၊ ငါ၏။ ဘတ္တာ၊ အရှင်ဖြစ်တော် မူသော။ အယံ၊ ဤ ရွှေဟင်္သာမင်းသည်။ မဟာဂဏော၊ များသော အပေါင်းအဖော် ရှိတော်မူ၏။ သမ္မနေသာဒ၊ အဆွေမုဆိုး။ ဧကော၊ ကိုယ်တော် တစ်ပါးတည်း။ ဗျသနံ၊ ပျက်စီးခြင်းသို့။ မာ အဂါ၊ မရောက် စေသတည်း။ ယထာ၊ အကြင် အခြင်းဖြင့်။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဆိုအံ့။ တထေဝ၊ ထိုအခြင်းဖြင့်သာလျှင်တည်း။ အယံဘတ္တာ၊ ဤ အရှင် ရွှေဟင်္သာမင်းသည်။ မမ၊ ငါ၏။ အာဘိတော၊ အထံ၌။ ရမေ၊ မွေ့လျော်၏။

ရွှေဟင်္သာတို့ကို လွှတ်လိုက်ပြီ

ဧခမာ မုဆိုးသည် ထို သုမုခ၏ အကြောင်းကိုမှီသော သာယာစွာ သော တရားစကားကို ကြားရလျှင် နှစ်သက် ဝမ်းမြောက်ခြင်းသို့ ရောက် သည်ဖြစ်၍ ရှင်သော ကြက်သီးမွေးညင်းရှိသဖြင့် "အကယ်၍ ငါသည် သီလ အစရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ဤ ရွှေဟင်္သာမင်းကို သတ်ချေအံ့၊ အပါယ်လေးပါးတို့မှ မလွတ်လတ္တံ့၊ အရှင် မင်းမြတ်သည် ငါ့ကို အကြင်အမှုကို ပြုလို၏၊ ထိုအမှုကို ပြုပစေ၊ ငါသည် ဤ ရွှေဟင်္သာ မင်းကို စစ်သူကြီး သုမုခအား မြတ်သောပေးခြင်းကိုပြု၍ လွှတ်အံ့" ဟု ကြံ၍ လွှတ်လိုရကား—

၁၀၆။ အရိယဝတ္တောသိ ဝက္ကင်္၊ ယော ပိဏ္ဍ မပစာယသိ။
စဇာမိ တေ တံ ဘတ္တာရံ၊ ဂစ္ဆတူ ဘော ယထာသုခံ—

ဟူသော ဤဂါထာကို ဆို၏။

၁၀၆။ ဝက္ကင်္၊ ရွှေဟင်္သာမြတ်။ ဒယာ တွံ၊ အကြင် သင်သည်။ ပိဏ္ဍံ၊ ထမင်းသခင်ဖြစ်သော ရွှေဟင်္သာမင်းကို။ အပစာယသိ၊ အရှိအသေ ပြုပေ၏။ သောတ္ဘံ၊ ထို သင်သည်။ အရိယဝတ္တော၊ သူတော်ကောင်းတို့၏ ဂျပ်ဝတ်နှင့် ပြည့်စုံသည်။ အသိ၊ ဖြစ်၏။ တေ၊ သင်၏။ ဘတ္တာရံ၊ အရှင်ဖြစ်သော။ တံ၊ ထို ရွှေဟင်္သာမင်းကို။ စဇာမိ၊ ငါ လွှတ်အံ့။ ဥဘော၊

www.dhammadownload.com

ရှေဟသ်ံဝ မင်းနှစ်ပါးတို့သည်။ ယထာသုခံ၊ အလိုတော်ရှိတိုင်း။ ဂစ္ဆန္တု၊ ကြွတော်မူကုန်လော့။

ဤသို့ ဆိုပြီးလျှင် ခေမာ မုဆိုးသည် နူးညံ့သော စိတ်ဖြင့် ဘုရားလောင်း ရှေဟသ်ံဝမင်းသို့ကပ်၍ လုံတံကို ညှတ်စေ၍ ညွှန်ပြောင်း အပြင်၌ နေစေပြီးလျှင် ကျေ့ကွင်းကို လုံတံမှဖြေ၍ ဘုရားလောင်းကိုချီ၍ အိုင်မှ ဆယ်တင်ပြီးလျှင် နုပျိုသော နေဇာမြက်အပြင်၌ အားကြီးစွာသော ချစ်ခြင်းကို ဖြစ်စေ၍ မေတ္တာစိတ်ဖြင့် ရေကိုယူ၍ သွေးကို ဆေးပြီးလျှင် အဖန်တလဲလဲ သုံးသပ်၏။ ထိုအခါ ထိုမုဆိုး၏ မေတ္တာ အာနုဘော်ကြောင့် အကြောသည် အကြောချင်း, အသားသည် အသားချင်း, အရေသည် အရေချင်း ဆက်မိ၏။ ဘုရားလောင်း ခြေသည် ပကတိဖြစ်၏။ ကျေ့ကွင်း မမိသော ခြေနှင့် အထူးမရှိ။ ဘုရားလောင်းသည် ချမ်းသာခြင်းသို့ ရောက်သည်ဖြစ်၍လျှင် ပကတိအားဖြင့် နေတော်မူ၏။

အဘယ့်ကြောင့် ဖမ်းသနည်း

စစ်သူကြီး သုမုခသည် မိမိကိုမှီ၍ ဘုရားလောင်း ရှေဟသ်ံဝမင်း၏ ချမ်းသာသောအဖြစ်ကို မြင်လျှင် ကောင်းစွာဖြစ်သော ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ဤသို့ကြံ၏။ "ဤမုဆိုးသည် ငါတို့အား မျှားစွာ ကျေးဇူးပြုပေ၏၊ ငါတို့သည် ဤ မုဆိုးအား ကျေးဇူးပြုအပ်သည်မည်သည်မရှိ၊ အကယ်၍ ဤမုဆိုးသည် မင်း၏ အမတ်ကြီး အစရှိသည်တို့၏ အကျိုးငှာ ငါတို့ကို ဖမ်းယူအံ့၊ ထိုမင်း၏ အမတ်ကြီး အစရှိသည်တို့၏ အထံသို့ ဆောင်ယူ၍ မျှားစွာသော ဥစ္စာကို ရလတ္တံ့၊ အကယ်၍ မိမိ အကျိုးငှာ ငါတို့ကို ဖမ်းယူအံ့၊ ငါတို့ကို ရောင်းချ၍ ဥစ္စာကို ရပေလတ္တံ့၊ ထိုမုဆိုးကို ရှေးဦးစွာ မေးအံ့" ဟု ကြံ၏။ ထိုသို့ကြံပြီး၍ ထိုမုဆိုးကို ကျေးဇူးတုံ့ ပြုလိုသည်၏ အဖြစ်ကြောင့် မေးလိုရကား—

၁၀၇။ သစေ အတ္တာပယောဂေန၊ သြဟိတော ဟံသပက္ခိနံ။
ပဋိဂ္ဂဏှာမ တေ သမ္မ၊ တေံ အဘာယဒက္ခိဏံ။

၁၀၈။ နော စေ အတ္တာပယောဂေန၊ သြဟိတော ဟံသပက္ခိနံ။
အနိဿရော မုဉ္စ မမ္မေ၊ ထေယျံ ကယိရာသိ လုဒ္ဒက—

ဟူသော ဤ နှစ်ဂါထာတို့ကို ဆို၏။

P64(၅၅၀·ပဋမ)

www.dhammadownload.com

၁၀၇။ သမ္မလုဒ္ဒက၊ အဆွေမှုဆိုး။ သစေ၊ အကယ်၍။ အတ္တာပ္ပယောဂေန၊ မိမိ၏အကျိုးငှာ။ ဟံသပက္ခိနံ၊ ဟင်္သာနှင့်တကွ တစ်ပါးသောငှက်တို့အား။ ပါသေ၊ ကျော့ကွင်းကို။ သြဟိတော၊ ထောင်အံ့။ တေ၊ သင်၏။ ဝစနံ၊ စကားကို။ ပဋိဂ္ဂဏှာမ၊ ခံကုန်အံ့။ ဧတံ၊ ဤခေမာအိုင်သည်။ အာဘယဒက္ခိဏံ၊ ဘေးမဲ့ပေးရာဖြစ်၍ မြတ်သောအိုင်တည်း။

၁၀၈။ လုဒ္ဒက၊ မုဆိုး။ စေ၊ အကယ်၍။ အတ္တာပ္ပယောဂေန၊ မိမိ၏အကျိုးငှာ။ ဟံသပက္ခိနံ၊ ဟင်္သာနှင့်တကွ တစ်ပါးသော ငှက်တို့အား။ ပါသေ၊ ကျော့ကွင်းကို။ သြဟိတော၊ သင် ထောင်အပ်သည်။ နော၊ မဟုတ်ငြားအံ့။ အမှေ၊ ငါတို့ကို။ အနိဿရော၊ အစိုးမရဘဲ။ မုဉ္စ၊ လွှတ်သည်ဖြစ်၍။ ထေယျံ၊ ခိုးယူ၍ လွှတ်သည်ကို။ တံ၊ သင်သည်။ ကယိရာသိ၊ ပြုသည် မည်ရာ၏။

ထိုစကားကိုကြား၍ ခေမာမှုဆိုးသည် "အကျွန်ုပ်သည် အကျွန်ုပ်အကျိုးငှာ အရှင် ရှေဟင်္သာမင်းတို့ကို မဖမ်းပါ၊ စင်စစ်သော်ကား သံယမမင်း အမည်တော်ရှိသော အကျွန်ုပ်တို့အရှင် ဗာရာဏသီ မင်းမြတ်သည် ဖမ်းစေတော်မူအပ်၏" ဟု ပြောဆို၍ ခေမာ မိဖုရားကြီး အိပ်မက်မြင်သောအခါမှစ၍ အကြင်မျှလောက် သံယမမင်းအား ထို ရှေဟင်္သာတို့လာသော အဖြစ်ကို ကြား၍ "အချင်း ခေမာမှုဆိုး တစ်ခုသော ဟင်္သာကို လည်းကောင်း, နှစ်ခုသော ဟင်္သာတို့ကို လည်းကောင်း ဖမ်းယူခြင်းငှာ သင်သည် လုံ့လပြုပါလော့၊ သင့်အား ကြီးစွာသော စည်းစိမ်ချမ်းသာကိုငါပေးအံ့" ဟု ဆို၍ စားနပ်ရိက္ခာကိုပေး၍ လွှတ်သည်တိုင်အောင်သော အဖြစ်သည်ရှိ၏။ ထိုမျှလောက် အလုံးစုံသော အကြောင်းကို သုမုခစစ်သူကြီးအား လျှောက်၏။

မင်းကြီးထံ ပို့ပါလေ

ထိုသို့ ခေမာမှုဆိုး လျှောက်သောစကားကို ကြား၍ "စစ်သူကြီး သုမုခသည် ဤမှုဆိုးသည် မိမိ၏ အသက်ကို မရေတွက်မူ၍ ငါတို့ကို လွှတ်သဖြင့် ပြုနိုင်ခဲသောအမှုကို ပြုပေ၏၊ ငါတို့သည် ဤအရပ် စိတ္တကူဋ်တောင်သို့သာလျှင် အကယ်၍ သွားကုန်ငြားအံ့၊ ငါတို့အရှင် ဓတရဋ္ဌ ရှေဟင်္သာမင်း၏ ပညာတော်အစွမ်းသည်လည်း ထင်ရှားသည် မဖြစ်လတ္တံ့၊ ငါ၏ အဆွေ

www.dhammadownload.com

ခင်ဗျန်း သဘောသည်လည်း ထင်ရှားသည်မဖြစ်လတ္တံ့၊ မှုဆိုး သားသည်လည်း ကြီးစွာသော စည်းစိမ်ချမ်းသာကို မရလတ္တံ့၊ သံယမ မင်းကြီး သည်လည်း ငါးပါးသော သီလ၌ မတည်လတ္တံ့၊ ခေမာ မိဖုရားကြီး၏ နှလုံးအလိုသည်လည်း အပြီးသို့မရောက်လတ္တံ့" ဟု ကြံ၍ "အဆွေ ခေမာ မှုဆိုး....ဤသို့ ဖြစ်သည်ရှိသော် ငါတို့ကို လွှတ်ခြင်းငှာ မရလတ္တံ့၊ ငါတို့ကို သံယမ မင်းကြီးအား ပြလော့၊ ထို သံယမ မင်းကြီးသည် ငါတို့ကို အလိုတော်ရှိတိုင်း ပြုပစေ" ဟု ဆို၍ ဤအကြောင်းကို ခေမာမှုဆိုးအား ထင်ရှား ပြလိုရကား—

၁၀၉။ ယဿ တံ့ ဘတကော ရဇ္ဇော၊ ကာမံ တဿေဝ ပါပယ။
တတ္ထ သံယမာနော ရာဇာ၊ ယထာဘိညံ ကရိဿတိ—

ဟူသော ဤဂါထာကို ဆို၏။

၁၀၉။ သမ္မလုဒ္ဓက၊ အဆွေမှုဆိုး။ တံ့၊ သင်သည်။ ယဿ ရဇ္ဇော၊ အကြင်မင်း၏။ ဘတကော၊ ကျွန်တည်း။ ကာမံ၊ စင်စစ်။ တဿေဝ ရဇ္ဇော၊ ထို သင်တို့ အရှင်မင်း၏သာလျှင်။ သန္တိကံ၊ အထံသို့။ အမ္မေ၊ ငါတို့ကို။ ပါပယ၊ ပို့လော့။ တတ္ထ၊ ထိုမင်း၏ နန်းတော်၌။ သံယမာနော၊ သံယမ အမည်ရှိသော (တစ်နည်းကား) သံယမာနော၊ စောင့်စည်းသော စိတ်နှလုံးရှိသော။ ရာဇာ၊ မင်းသည်။ ယထာဘိညံ၊ အလိုရှိတိုင်း။ ကရိဿတိ၊ ပြုလတ္တံ့။

ထိုစကားကိုကြား၍ ခေမာ မှုဆိုးသည် "အရှင်တို့သည် မင်းအား ပြခြင်းကို နှစ်သက်တော်မမူပါကုန်လင့်၊ မင်းတို့ မည်သည်ကား ဘေး ဘျမ်းနှင့်တကွ ဖြစ်ကုန်၏၊ ဟင်္သာ ကစားခြင်းကိုမူလည်း ကစားကုန်ရာ၏၊ သတ်မူလည်း သတ်ကုန်ရာ၏ဟု ဆို၏၊ ထိုသို့ ဆိုသောအခါ ခေမာ မှုဆိုးကို စစ်သူကြီး သုမုခသည် "အဆွေမှုဆိုး....ငါတို့ကို သင် မစိုးရိမ်လင့်၊ ငါသည် သင်ကဲ့သို့သော ကြမ်းကြုတ် ရုန့်ရင်းသော သူအား စင်လျက် တရားစကား ဖြင့် နှုးညံ့သောအဖြစ်ကို ဖြစ်စေနိုင်သေး၏၊ မင်းအား အဘယ့်ကြောင့် နှုးညံ့သောအဖြစ်ကို မဖြစ်စေနိုင်ရှိအံ့နည်း၊ ထိုစကားသည် မှန်၏၊ မင်းတို့ မည်သည်ကား ပညာရှိကုန်၏၊ ကောင်းသော စကား, မကောင်းသော စကားကို သိတတ်ကုန်၏၊ လျင်စွာလျှင် ငါတို့ကို မှင်းအထံသို့ ဆောင်ယူ

www.dhammadownload.com

လော့၊ ဆောင်ယူသည်ရှိသော် နှောင်ဖွဲ့သဖြင့် မဆောင်ယူလင့်၊ ပန်းချိုင့်၌ နေစေ၍ ဆောင်ယူလော့၊ ပန်းချိုင့်ကို လုပ်သည်ရှိသော် ငါတို့ အရှင် မတရဋ္ဌ ရှေဟသ်ာမင်းဖို့ ကြီးစွာသော ကြာပဒုမ္မာဖြူတို့ဖြင့် ဖုံးလွှမ်းအပ်သော ချိုင့်ကိုလုပ်၍ ငါ့ဖို့မူ ငယ်သော ကြာပဒုမ္မာနီဖြင့် ဖုံးလွှမ်းအပ်သော ချိုင့်ကို လုပ်ပြီးလျှင် ငါတို့အရှင် မတရဋ္ဌ ရှေဟသ်ာမင်းကို ရှေ့က, ငါ့ကို နောက်က နိမ့်သည်ကိုပြုသဖြင့် ဆောင်ယူ၍ လျင်မြန်စွာ မင်းအား ပြလော့'' ဟု ဆို၏။

ထို ခေမာ မုဆိုးသည် သုမုခ စစ်သူကြီး ဆိုသော စကားကို ကြား၍ ''သုမုခသည် မင်းကို မြင်ရသည်ရှိသော် ငါအား မျှားစွာသော စည်းစိမ်ချမ်းသာကို ပေးစေလိုသည်ဖြစ်လတ္တံ့ဟု ကောင်းစွာ ဖြစ်သော ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ နူးညံ့ကုန်သော နွယ်တို့ဖြင့် ချိုင့်တို့ကို လုပ်ပြီးလျှင် ကြာပဒုမ္မာတို့ဖြင့် ကောင်းစွာ ဖုံးလွှမ်း၍ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်လျှင် ထို ရှေဟသ်ာ မင်းနှစ်ပါးတို့ကို ဆောင်ယူ၍ သွားလေ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်-

၁၁၀။ ဣစ္စေဝံ ဝုတ္တော နေသာဒေါ၊ ဟေမဝဏ္ဏော ဟရိတ္တစေ။
ဥဘော ဟတ္ထေဟိ သံဂယှ၊ ပဋ္ဌရေ အစ္ဆဝေါဒဟိ။

၁၁၁။ တေ ပဋ္ဌရေ ဂတေ ပက္ခီ၊ ဥဘော ဘာသရဝဏ္ဏိနေ။
သုမုခံ မတရဋ္ဌဉ္စ၊ လုဒ္ဒေါ အာဒါယ ပက္ကမိ-

ဟူသော ဤ နှစ်ဂါထာတို့ကို ဟောတော်မူ၏။

၁၁၀။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣစ္စေဝံ၊ ဤသို့လျှင်။ ဝုတ္တော၊ စစ်သူကြီး သုမုခသည် ဆိုအပ်သော်။ နေသာဒေါ၊ ခေမာ မုဆိုးသည်။ ဟေမဝဏ္ဏော၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိကုန်သော။ ဟရိတ္တစေ၊ ရွှေအဆင်းနှင့် တူသော အရေရှိကုန်သော။ ဥဘော၊ ရှေဟသ်ာမင်း နှစ်ပါးတို့ကို။ ဟတ္ထေဟိ၊ လက်နှစ်ဖက်တို့ဖြင့်။ သံဂယှ၊ ချီ၍။ ပဋ္ဌရေ၊ ချိုင့်၌။ အစ္ဆဝေါဒဟိ၊ ထား၏။

၁၁၁။ ပဋ္ဌရေ၊ ချိုင့်၌။ ဂတေ၊ တည်ကုန်သော်။ ဘာသရဝဏ္ဏိနေ၊ အရောင်အဆင်းနှင့် ပြည့်စုံကုန်သော။ သုမုခဉ္စ၊ စစ်သူကြီး သုမုခကို လည်း

www.dhammadownload.com

ကောင်း။ ဓတရဋ္ဌဠ္ဟ၊ ဓတရဋ္ဌ ရွှေဟသ်ံမင်းကို လည်း ကောင်း။ တေဉဘောပက္ခီ၊ ထို ရွှေဟသ်ံ မင်းနှစ်ပါးတို့ကို။ လုဒ္ဒေါ၊ ခေမာ မုဆိုး သည်။ အာဒါယ၊ ယူ၍။ ပက္ကမိ၊ သွားလေ၏။

ဟသ်ံမကို အောက်မေ့ခြင်း

ဤသို့ ထို ရွှေဟသ်ံ မဲင်းနှစ်ပါးတို့ကို ခေမာ မုဆိုး ဆောင်ယူသွား သောအခါ၌ ဓတရဋ္ဌ ရွှေဟသ်ံမင်းသည် ပါက ဟသ်ံမင်း သမီးတော် ဖြစ်သော မိဖုရားကြီးကို အောက်မေ့၍ စစ်သူကြီး သုမုခကို ခေါ်၍ မိမိ၏ ကိလေသာ၏ အစွမ်းအားဖြင့် မြည်တမ်းတော်မူ၏။ ထိုအကြောင်းကို ထင် ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၁၁၂။ ဟရိယမာနော ဓတရဋ္ဌော၊ သုမုခံ တေဒဗြဝိ။
ဗာဠှံ ဘာယာမိ သုမုခ၊ သာမာယ လက္ခဏရုယာ။
အသ္မာကံ ဝဓမညာယ၊ အဒ္ဓါတ္တာနံ ဝဓိဿတိ။
၁၁၃။ ပါကဟံသာ စ သုမုခ၊ သုဟေမာ ဟေမသုတ္တစာ။
ကောဉ္စီ သမ္ဗဒ္ဓတိရေဝ၊ ကပဏာ နူန ရုဇ္ဈတိ—

ဟူသော ဤ နှစ်ဂါထာတို့ကို ဟောတော်မူ၏။

၁၁၂။ ဘိက္ခဝေ၊ ရဟန်းတို့။ ဟရိယမာနော၊ ခေမာ မုဆိုးသည် ဆောင်ယူသွားအပ်သော။ ဓတရဋ္ဌော၊ ဓတရဋ္ဌ ရွှေဟသ်ံမင်းသည်။ သုမုခံ၊ စစ်သူကြီး သုမုခကို။ တေံ၊ ဤစကားကို။ အဗြဝိ၊ ဆို၏။ သုမုခ၊ အမောင် သုမုခ။ လက္ခဏရုယာ၊ မြတ်သော ဥဂ္ဂလက္ခဏာနှင့် ပြည့်စုံသော။ သာမာယ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဟသ်ံမ၏။ မရဏတော၊ သေခြင်းမှ။ ဗာဠှံ၊ လွန်စွာ။ ဘာယာမိ၊ ငါကြောက်၏။ အသ္မာကံ၊ ငါတို့ကို။ ဝဓမညာယ၊ သေချေပြီဟု အမှတ်ရှိသည်ဖြစ်၍။ မေ၊ ငါ၏။ ပိယသာမိကော၊ ချစ်လင်ဖြစ်သော ရွှေဟသ်ံမင်းသည်။ မတော၊ သေသည် ရှိသော်။ မေ၊ ငါ့အား။ ဇီဝိတေန၊ အသက်ရှင်သဖြင့်။ ကိံ၊ အဘယ်အကျိုး ရှိအံ့နည်း။ ဣတိ၊ ဤသို့။ အဒ္ဓါ၊ စင်စစ်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဝဓိဿတိ၊ သတ်လိမ့်သည်တကား။

၁၁၃။ သုမုခ၊ အမောင် သုမုခ။ ပါကဟံသာစ၊ ပါက ဟသ်ံမင်း၏ သမီးတော်လည်း ဖြစ်ထသော။ ဟေမသုတ္တစာ၊ ရွှေအဆင်းနှင့်

www.dhammadownload.com

တူသော အလွန် တင့်တယ်သော အရေလည်း ရှိထသေ။ သုဟေမာ၊ သုဟေမာ အမည်ရှိသော မိဖုရားကြီးသည်။ ကောဋ္ဌီ၊ ကြိုးကြာ ငှက်မသည်။ သမုဒ္ဒတီရေ၊ သမုဒ္ဒရာနားဌ်။ ကပဏာ၊ အထီးကျန်သည် ဖြစ်၍။ ရူဇ္ဈတိ ဣဝ၊ ငိုကြွေးသကဲ့သို့။ နူန၊ စင်စစ်။ ဧဇ္ဈတိ၊ ငိုကြွေးလိမ့်သည်တကား။

မိန်းမတို့ အပြစ်များ

ထိုသို့ ရှေဟသ်ာမင်း မြည်တမ်းသော စကားကို ကြား၍ စစ်သူကြီး သုမုခသည် "ဤ ရှေဟသ်ာမင်းသည် တစ်ပါးသောသူကို ဆုံးမခြင်းငှာ သင့်ပါလျက် မိန်းမကိုမှီ၍ ကိလေသာ၏ အစွမ်းအားဖြင့် မြည်တမ်းဘိ၏၊ ရေကို မီးလောင်သောအခါကဲ့သို့ လည်းကောင်း, စောင်းရန်းသည် ထလုတ်၍ လယ်ဌ်ရှိသော စပါးကို စားသော အခါကဲ့သို့ လည်းကောင်း ဖြစ်ခဲ့ပြီ၊ စင်စစ်သဖြင့် ငါသည် ငါ၏ အစွမ်းဖြင့် မိန်းမ၏အပြစ်ကို ပြ၍ ဤ ရှေဟသ်ာမင်းကို သိစေအံ့" ဟု ကြံ၍ ရှေဟသ်ာမင်းအား ပြလိုရကား—

၁၁၄။ ဧဝံ မဟန္တော လောကဿ၊ အပပမေယျော မဟာဂဏီ။
ကေတ္ထိ မနုဿေစယျ၊ နယိဒံ ပညဝတော မိဝ။
၁၁၅။ ဝါတော၀ ဂန္ဓမာ ဒေတိ၊ ဥဘယံ ဆေကပါပကံ။
ဗာလော အာမကပတ္တံဝ၊ လောလော အန္ဓော၀ အာမိသံ။
၁၁၆။ အဝိနိစ္ဆယညူ အတ္ထေသု၊ မန္ဒော၀ ပဋိဘာသိ မံ။
ကိစ္စာကိစ္စံ နု ဇာနာသိ၊ သမွတ္တော ကာလပရိယာယံ။
၁၁၇။ အဓုမွတ္တော ဥဒီရေသိ၊ ယော သေယျော မညသိတ္ထိယော။
ဗဟုသာဓာရဏာ ဟေတာ၊ သောဏ္ဍာနံဝ သုရာယရံ။

၁၁၈။ မာယာ စေတာ မရီစီဝ၊ သောကော ရောဂေါ စုပဒ္ဒဝါ။
ခရာ စ ဗန္ဓနာ စေတာ၊ မစ္စုပါသာ ဂုဟာသယာ။
တာသု ယော ဝိဿသေ ပေါသော၊ သော နရေသု နရာဓမော-
ဟူသော ဤဂါထာတို့ကို ဆို၏။

၁၁၄။ ဓတရဋ္ဌ၊ ဓတရဋ္ဌအမည်တော်ရှိသော။ မဟာရာဇ၊ မင်းမြတ်။ ဧဝံ၊ ဤသို့။ လောကဿ၊ သတ္တလောကထက်။ မဟန္တော၊ ကြီးမြတ်ပါလျက်။ အပပမေယျော၊ နှိုင်းယှဉ်စရာ ဥပမာမရှိသော ဂုဏ်ကျေးဇူးနှင့်

www.dhammadownload.com

ပြည့်စုံသည်ဖြစ်ပါလျက်။ မဟာဂဏိ၊ များစွာသောအပေါင်း၏ ဆရာ ဖြစ်ပါလျက်။ ဧကိတ္ထိ၊ မိန်းမတစ်ယောက်ကို။ ယုံ အနုသောစေယျ၊ အကြောင်းရိမ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ကုဒံ သော စနံ၊ ဤသို့ စိုးရိမ်ခြင်းသည်။ နပညဝတော ကုဝ၊ ပညာရှိမဟုတ်သကဲ့သို့ ထင်၏။

၁၁၅။ မဟာရာဇ၊ မင်းမြတ်။ ဝါတော၊ လေသည်။ ဆေကပါပကံ၊ ကောင်း, မကောင်းဖြစ်သော။ ဉာဘယံ၊ နှစ်ပါးသော။ ဂန္ဓံ၊ အနံ့ကို။ အာဒေတိ ကုဝ၊ ယူဆောင်လေ့သကဲ့သို့ လည်းကောင်း။ လောလော၊ အစာဌ် လျှပ်ပေါ်သော။ ဗာလော၊ သူမိုက်သည်။ အာမကပက္ကံ၊ အစိမ်း, အမှည့်ဖြစ်သော သစ်သီးကို။ ခါဒတိ ကုဝ၊ စားသကဲ့သို့ လည်းကောင်း။ လောလော၊ အစာဌ်လျှပ်ပေါ်သော။ အန္ဓော၊ သူကန်းသည်။ အာမိသံ၊ အစာအာဟာရကို။ ခါဒတိ ကုဝ၊ စားသကဲ့သို့ လည်းကောင်း။ ဧဝံ၊ ဤအတူ၊ ကုတ္ထိယော၊ မိန်းမတို့သည်။ သဗ္ဗံ၊ အလုံးစုံ အယုတ်အမြတ် ဖြစ်သော ယောကျ်ားသို့။ ဘဇန္တိ၊ ချဉ်းကပ်တတ်ကုန်၏။

၁၁၆။ မဟာရာဇ၊ မင်းမြတ်။ အတ္ထေသု၊ အကြောင်းဟုတ်သည် မဟုတ်သည်တို့၌။ အဝိနိစ္ဆယညူ၊ အဆုံးအဖြတ်ကိုမသိသော။ မန္ဒော ဝ၊ ပညာနုံ့သော သူကဲ့သို့။ မံ-မမ၊ အကျွန်ုပ်၏။ ပဋိဘာသိ၊ ပညာ၌ ထင်ရှား၏။ ကာလပရိယာယံ၊ သေရအံ့သောအလှည့်သို့။ သမ္ပတ္တော၊ ရောက်ပြီးလျက်။ ကိစ္စာကိစ္စံ၊ ပြုသင့်, မပြုသင့်ကို။ တံ၊ အရှင် မင်းမြတ်သည်။ နဇာနာသိ၊ သိတော်မမူ။

၁၁၇။ မဟာရာဇ၊မင်းမြတ်။ ယော၊အကြင်သူသည်။ကုတ္ထိယော၊ မိန်းမတို့ကို။ သေယျော၊ မြတ်ကုန်၏ဟူ၍။ မညသိ၊ မထင်မှတ်အံ့။ သော၊ ထိုမိန်းမတို့ကို အမြတ်ဟု ထင်မှတ်သောသူသည်။ အဖုုမ္ဘော၊ သေသောက် ကြွေး၍ တစ်ပိုင်းရှိသော သူသည်။ ဥဒိရေတိ-ကုဝ၊ မြည်တမ်းသကဲ့သို့ တည်း။ ဟိ-သစ္စံ၊ မှန်၏။ ဧတော၊ ထိုမိန်းမတို့သည်။ သောဏ္ဍာနံ၊ သေသောက်ကြွေးတို့၏။ သုရာဃရံကုဝ၊ သေတင်းကုပ်ကဲ့သို့။ ဗဟုသာဓာရဏာ၊ ယောကျ်းအများနှင့် ဆက်ဆံတတ်ကုန်၏။

၁၁၈။ မဟာရာဇ၊ မင်းမြတ်။ ဧတော၊ ဤမိန်းမတို့သည်။ မာယာကုဝ၊ လှည့်ပတ်တတ်သောကြောင့် မျက်လှည့်သည်နှင့် တူ၏။ မရီစိ ကုဝ၊

www.dhammadownload.com

စိတ်နှလုံးကို ယူကျုံး၍မရတတ်သောကြောင့် တံလှပ်နှင့်တူ၏။ သောကော၊ စိုးရိမ်ခြင်းကိုပြုတတ်၏။ ရောဂေါ၊အနာရောဂါကို ပြုတတ်၏။ ဥပဒ္ဒဝါစ၊ ဘေးရန်လည်း များ၏။ ဇတော၊ ထိုမိန်းမတို့သည်၊ ခရာ စ၊ ဒေါသကြီးသောကြောင့် ခက်ထန်ခိုင်မာ ကြမ်းတမ်းကုန်၏။ ဗန္ဓနာ စ၊ နှောင်ဖွဲ့ခြင်း၏ အကြောင်းလည်း ဖြစ်ကုန်၏။ မစ္စုပါသာ၊ သေမင်း၏ ကျော့ကွင်းလည်း ဖြစ်ကုန်၏။ ဂုဟာသယာ၊ ကိုယ်တည်းဟူသောလိုဏ်၌ နေတတ်ကုန်၏။ ယော ပေါသော၊ အကြင်ယောကျ်ားသည်။ တာသု၊ ထိုမိန်းမတို့၌။ ဝိဿသေ၊ အကျွမ်းဝင်အံ့။ သော ပေါသော၊ ထိုယောကျ်ားသည်။ နရေသု၊ ယောကျ်ားတကာတို့တွင်။ နရာဓမော၊ ယောကျ်ားယုတ်တည်း။

မိန်းမတို့ ဂုဏ်ကျေးဇူးများ

ထို့နောင်မှ ဓတရဋ္ဌ ရှေဟသ်ာမင်းသည် မိန်းမ၌ တပ်စွန်းသော စိတ်ရှိသည်၏အဖြစ်ကြောင့် "သင်သည် မိန်းမတို့၏ ဂုဏ်ကျေးဇူးကို မသိ၊ ပညာရှိတို့သည်သာလျှင် သိကုန်၏၊ ထိုမိန်းမတို့ကို မကဲ့ရဲ့အပ်ကုန်" ဟု ဆို၍ မိန်းမတို့၏ ဂုဏ်ကျေးဇူးကို ပြလိုရကား—

၁၁၉။ ယံ ဝုဒ္ဓေဟိ ဥပညာတံ၊ ကော တံ နိန္ဒိတု မရဟတိ။
မဟာဘူတိတ္ထိယော နာမ၊ လောကသ္မိံ ဥဒပဇ္ဇိံ သု။လ။

၁၂၅။ မုတ္တောပိ နံ ဂ္ဟစ္ဆသိ ဥဠ္ဟေတုံ၊ သယံ ဗန္ဓံ ဥပါဂမိ။
သော ပဇ္ဇ သံသယံ ပတ္တော၊ အတ္တံ ပဏ္ဍာဟိ မာ မုခံ—

ဟူသော ဤခုနစ်ဂါထာတို့ကို ဆို၏။

၁၁၉။ သုမုခ၊ အမောင်သုမုခ။ ယံ၊ အကြင် မိန်းမတို့၏ အကြောင်းကို။ ဝုဒ္ဓေဟိ၊ ကြီးကုန်သော သူတို့သည်။ ဥပညာတံ၊ ကပ်၍သိအပ်၏။ ကော၊ အဘယ်သူသည်။ တံ၊ ထိုမိန်းမကို။ နိန္ဒိတုံ၊ ကဲ့ရဲ့ခြင်းငှာ။ အရဟတိ၊ ထိုက်အံ့နည်း။ လောကသ္မိံ၊ လောက၌။ ဤထို့ယောနာမ၊ မိန်းမတို့မည်သည်လား။ မဟာဘူတာ၊ များမြတ်သော ဂုဏ်ကျေးဇူးရှိကုန်၏။ ပဌမံ၊ ကမ္ဘာဦးအစ ကာလ၌ ပထမရှေးဦးစွာ။ ဥဒပဇ္ဇိံ သု၊ ထင်ရှားဖြစ်ကုန်၏။

www.dhammadownload.com

၁၂၀။ သုမုခ၊ အမောင်သုမုခ။ တျာသု၊ ထိုမိန်းမတို့၌။ ခိုဠာ၊ ကိုယ်နှုတ်တို့၏ မြူးထူးခြင်းတို့သည်။ ပဏိဟိတာ၊ တည်ကုန်၏။ တျာသု၊ ထိုမိန်းမတို့၌။ ရတိ၊ ကာမဂုဏ်ဖြင့် မွေ့လျော်ခြင်းသည်လည်း။ ပတိဋ္ဌိတာ၊ တည်၏။ တျာသု၊ ထိုမိန်းမတို့၌။ ဗီဇာနိ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာ, သာဝက, စကြဝတေး, မန္ဒာတ် အစရှိကုန်သော မျိုးစေ့တို့သည်။ ရူဟန္တိ၊ ရောက်ကုန်၏။ ယဒိဒံ ယေ ဣမေသတ္တာ၊ အကြင် သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ တာသု၊ ထိုမိန်းမတို့၏ ဝမ်းတို့၌။ ပဇာယရေ၊ ဖြစ်ကုန်၏။ ပါဏိဘိ၊ မိမိအသက်တို့ဖြင့်။ ပါဏံ၊ မိန်းမတို့၏ အသက်ကို။ အာသဇ္ဇ၊ ကပ်၍။ ကောပေါသော၊ အဘယ်ယောကျ်ားသည်။ တာသု၊ ထို မိန်းမ့တို့၌။ နိဗ္ဗေ၊ ငြီးငွေ့နိုင်အံ့နည်း။

၁၂၁။ သုမုခ၊ အမောင် သုမုခ။ တုမေဝ၊ သင်သည်သာလျှင်။ ထိနံ၊ မိန်းမတို့၏။ အတ္ထသု၊ အကြောင်းတို့၌။ ဘဉ္ဇသိ၊ ယှဉ်ဘိ၏။ အညော၊ သင်မှ တစ်ပါးသောသူသည်။ နယုဉ္ဇသိ၊ မယှဉ်။ အင္ဇ၊ ယခု။ တဿ တေ၊ ထို သင့်အား။ ဘယေ၊ ဘေးသည်။ ဇာတေ၊ ဖြစ်လတ်သော်။ ဘီတေန၊ ကြောက်လျက်။ မတိ၊ သိခြင်းပညာသည်။ ဇာသတေ၊ ဖြစ်ပေ၏။

၁၂၂။ ဟိ-သစ္စံ၊ ထိုစကားသည် မှန်၏။ သဗ္ဗော၊ အလုံးစုံသော သူသည်။ သံသယံ၊ တွေးတော ယုံမှားခြင်းသို့။ ပတ္တော၊ ရောက်၏။ ပဏ္ဍိတော၊ ပညာရှိသည်။ ဘိရုံဟုတ္တာ၊ သဘေားသို့ ရောက်သည် ဖြစ်လျက်။ ဘယံ၊ ဘေးကို။ တိတိက္ခတိ၊ သည်းခံတတ်၏။ ပဏ္ဍိတာ၊ ပညာရှိကုန်သော။ မဟန္တာနော စ၊ သူမြတ်တို့သည် သာလျှင်။ ဒုယျုဇ္ဇေ၊ ယှဉ်နိုင်ခဲသော၊ အတ္ထော၊ ကိစ္စ၌။ ယုဉ္ဇန္တိ၊ ယှဉ်ကုန်၏။

၁၂၃။ တဒတ္တာယ၊ ထို ဆိုခဲ့ပြီးသော အမှုကို ပြုစိမ့်မသောဌာ။ ရာဇာနော၊ မင်းတို့သည်။ မန္တိနံ၊ အတိုင်အပင် ပညာရှိသော။ သူရံ၊ ရဲရင့်သောသူကို။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ ယံ အာပဒံ၊ အကြင်ဘေးရန်သည်။ အတ္ထိ၊ ရှိ၏။ တံအာပဒံ၊ ထိုဘေးရန်ကို။ သူရော၊ ရဲရင့်သောသူသည်။ ပဋိဗာဟတံ၊ တားမြစ်နိုင်၏။ အတ္တာပရိယာယံ၊ ကိုယ်ကို စောင့်ရှောက်ခြင်းငှာ။ ကရောတိ၊ ပြုနိုင်၏။

F65(၅၅၀-ပဋ္ဌမ)

www.dhammadownload.com

၁၂၄။ သုမုခ၊ အမောင် သုမုခ။ ရညော၊ မင်း၏။ သူဒါ၊ စဖို သည်တို့သည်။ မဟာနသေ၊ စဖိုအိမ်၌။ အင်္ဒ၊ ယနေ့။ နော၊ ငါတို့ ကို။ မာ ဝိကန္တီ သု၊ မဖြတ်စေကုန်သတည်း။ ဝေဠု၊ ဝါးပင်ကို။ နိဿာယ၊ မှီ၍။ ဂဝတ္တံ၊ ဖြစ်သော။ ဖလံ၊ ဝါးသီးသည်။ တံဝေဠု၊ ထို ဝါးပင်ကို။ ဝဓိတ္ထ၀၊ သတ်သကဲ့သို့။ တထာ၊ ထို့အတူ။ ပတ္တာနံ၊ အတောင်တို့၏။ ဝဏ္ဏော ဟိ၊ ရှေအဆင်းနှင့်တူသော အဆင်းသည်လျှင်။ တံ၊ သင့်ကို။ မာ ဝဓိ၊ မသတ်စေလင့်။

၁၂၅။ သုမုခ၊ အမောင်သုမုခ။ တုံ၊ သင်သည်။ မုတ္တောပိ၊ ကျောက်ဝင်းမှ လွတ်ပါလျက်လည်း။ ဥဠ္ဟေတုံ၊ ပျံသွားခြင်းငှာ။ နဂ္ဂစ္ဆသိ၊ အလိုမရှိ။ သယံ၊ မိမိသည်။ ဗန္ဓံ၊ မိခြင်းသို့။ ဥပဂမိ၊ ကပ်လာ၏။ သောပိအဟံ၊ ထို ငါသည်လည်း။ အင်္ဒ၊ ဤအခါ၌။ သံသယံ၊ အသက်ရှည်ခြင်း၌ ၊ယုံမှားခြင်းသို့။ ပတ္တော၊ ရောက်ရ၏။ အတ္ထံ၊ ငါ၏ အစီး အပွားကို။ ဂဏှဟိ၊ သင်ယူလော့။ မုခံ၊ မိန်းမတို့အား ကဲ့ရဲ့အပ်သော အကြောင်းကို။ မာ စိန္တေသိ၊ သင်မကြံလင့်။

ငါ့ကို အသက်ပေးပါ

ဤသို့ ဘုရားလောင်း ရှေဟသ်ာမင်းသည် မိန်းမတို့၏ ဂုဏ်ကျေးဇူး ကို ချီးမွမ်းတော်မူသဖြင့် စစ်သူကြီး သုမုခကို စကားဆိုရာ မရှိသည်ကို ပြုတော်မူ၍ ထို သုမုခ၏ နှလုံးမသာယာသောအဖြစ်ကို သိတော်မူသဖြင့် ယခုအခါ သုမုခကို ချီးမြှောက်တော် မူပြန်လိုရကား-

၁၂၆။ သော တံ ယောဂံ ပယုဇ္ဇသု၊ ဘတ္တံ ဓမ္မ။ပသံဟိတံ။
တဝ ပရိယာပဒါနေန၊ မမ ပါဏာသနံ စရ-

ဟူသော ဤဂါထာကို ဆို၏။

၁၂၆။ သုမုခ၊ အမောင် သုမုခ။ သောတုံ၊ ထိုသင်သည်။ ယုတ္တံ၊ သင့်လျော်သော။ ဓမ္မ။ပသံဟိတံ၊ အကြောင်းနှင့်ယှဉ်သော။ တံယောဂံ၊ ထို လုံ့လကို။ ပယုဇ္ဇသု၊ အားထုတ်ပါလော့။ တဝ၊ သင်၏။ ပရိယာ-ပဒါနေန၊ စင်ကြယ်သော လုံ့လဖြင့်။ မမ၊ ငါ၏။ ပါဏာသနံ၊ အသက် ကိုရှာခြင်းကို။ စရ၊ ကျင့်ပါလော့။

www.dhammadownload.com

အေးအေးသာနေပါ

ထိုအခါ စစ်သူကြီး သုမုခသည် "ဤ ရှေဟသ်ာမင်းကား အလွန်လျင် သေဘေးမှကြောက်၏၊ ငါ၏ ဥာဏ်အစွမ်းကို မသိ၊ ဗာရာဏသီမင်းကို မြင်၍လျင် အတန်ငယ်သော စကားပြောဟောခြင်းကို ရသည်ရှိသော် သိရလတ္တံ့၊ ထို ရှေဟသ်ာမင်းကို ရှေးဦးစွာ နှစ်သိမ့်စေအံ့" ဟု ကြံ၍ နှစ်သိမ့် စေလိုရကား—

၁၂၇။ မာ ဘာယိ ပတတံ သေဋ္ဌ၊ နှ ဟိ ဘာယန္တိ တာဒိသာ။
အဟံ ယောဂံ ပယုဇ္ဇိဿံ၊ ယုတ္တံ ဓမ္မူပသံဟိတံ။
မမ ပရိယာပဒါနေန၊ ခိပ္ပံ ပါသာ ပမောက္ခသိ—

ဟူသော ဤဂါထာကို ဆို၏။

၁၂၇။ ပကတံ၊ကျောင်းကင်သို့ ပျံသွားတတ်သောဟသ်ာအပေါင်း တို့ထက်။ သေဋ္ဌ၊ အထူးသဖြင့် မြတ်သော။ မဟာဆုဇ၊ အရှင်မင်းမြတ်။ မာဘာယိ၊ ကြောက်တော်မမူလင့်။ တာဒိသာ၊ အရှင်မင်းမြတ်နှင့် တူကုန်သော သူတို့သည်။ နှ ဟိ ဘာယန္တိ၊ မကြောက်ကုန်သလျင်ကတည်း။ အဟံ၊ အကျွန်ုပ်သည်။ ယုတ္တံ၊ သင့်လျော်သော။ ဓမ္မူပသံဟိတံ၊ အကြောင်းနှင့် ယှဉ်သော။ ယောဂံ၊ လုံ့လကို။ ပဘဉ္ဇိဿံ၊ အားထုတ်ပါအံ့။ မမ၊အကျွန်ုပ်၏။ ပရိယာပဒါနေန၊ စင်ကြယ်စွာသော လုံ့လဖြင့်။ တံ့၊အရှင်မင်းမြတ်သည်။ ခိပ္ပံ၊ လျင်စွာ။ ပါသာ၊ ဆင်းရဲခြင်းတည်းဟူသော ကျော့ကွင်းမှ။ ပမောက္ခသိ၊ လွတ်တော်မူပါလတ္တံ့။

နန်းတော်သို့ ရောက်ကြပြီ

ဤသို့ ထိုရှေဟသ်ာမင်းနှစ်ပါးတို့ အချင်းချင်း ဟသ်ာတို့ဘာသာဖြင့် စကားပြောဟောကြကုန်သည်တို့ကို ခေမာမုဆိုးတို့သည် တစ်စုံတစ်ခုကိုမျှ မသိ၊ သက်သက်သော်ကား ထိုရှေဟသ်ာမင်းနှစ်ပါးတို့ကို ထမ်းပိုးဖြင့် ဆောင်ယူ၍ ဗာရာဏသီမြို့သို့သာလျှင် ဝင်လေ၏။ အုံဖွယ်သူရဲ မဖြစ်စဖူး ဖြစ်သဖြင့် လူမျှားသည် လက်အုပ်ချီလျက် ပို့လိုက်ကြသည်ဖြစ်၍ ထိုခေမာမုဆိုးသည် မင်း၏နန်းတော်တံခါးသို့ရောက်လျှင် မိမိ လာရောက်သော အကြောင်းကို မင်းကြီးအား လျှောက်စေ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်...,

www.dhammadownload.com

၁၂၀။ သော လုဒ္ဒါ ဟံသကာဇေန၊ ရာဇဒ္ဓါရံ ဥပါဂမိ။
ပဋိဝေဒေထ မံ ရညော၊ ဓတရဋ္ဌာ ယမာဂတော—
ဟူသော ဤဂါထာကို ဟော်တော်မူ၏။

၁၂၀။ ဘိက္ခဝေ၊ ရဟန်းတို့။ သော လုဒ္ဒါ၊ ထိုခေမာမုဆိုးသည်။ ဟံသကာဇေန၊ ဟသ်ာထမ်းသော ထမ်းပိုးဖြင့်။ ရာဇဒ္ဓါရံ၊ နန်းတော် တံခါးသို့။ ဥပါဂမိ၊ ကပ်လေ၏။ ဘော၊ အိုအချင်းတို့။ မံ၊ ငါ့ကို။ ရညော၊ အရှင်မင်းမြတ်အား။ အယံ ဓတရဋ္ဌော၊ ဤရွှေဟသ်ာမင်းသည်။ အာဂတော၊ ရောက်လာပြီ။ ဣတိ၊ ဤသို့။ ပဋိဝေဒေထ၊ တင်လျှောက်ကြကုန်လော့။

မင်းကြီး ဆုတောင်သနားခြင်း

တံခါးစောင့်သည်သူ့၏ မင်းအား ထိုအကြောင်းကို တင်လျှောက်၏။ မင်းသည် ကောင်းစွာဖြစ်သော ဝမ်းမြောက်ခြင်းရှိသည်ဖြစ်၍ "လျင်မြန်စွာ လာစေလော့" ဟု မိန့်တော်မူ၍ မှူးတော်မတ်တော်အပေါင်း ခြံရံပြီးလျှင် ကောင်းစွာ ဆောက်အပ်သော ထီးဖြူရှိသော ရာဇပလ္လင်၌ နေတော်မူလျက် ရွှေဟသ်ာမင်း နှစ်ပါးတို့ကို ထမ်းပိုးဖြင့်ထမ်းယူ၍ ရွှေနန်းတော်ပြာသာဒ်မ အပြင်သို့ တက်လာသော ခေမာမုဆိုးကိုမြင်လျှင် ရွှေဟသ်ာမင်းနှစ်ပါးတို့ကို ကြည့်တော်မူလျက် "ငါ၏စိတ်အလိုတော်သည် ပြည့်စုံပေပြီ" ဟု ကြံ၍ ထိုခေမာမုဆိုးအား ပြုအပ်သော ကိစ္စကို မှူးတော်မတ်တော်တို့အား စေတော်မူလိုက်၏။ ထိုအကြောင်းကို ထင်ရှားပြတော်လိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၁၂၉။ တေ ဒီဃာ ပုညသက်ာသေ၊ ဥဘော လက္ခဏသမ္မတေ။
ခလု သံယမာနော ရာဇာ၊ အမစ္စေ အဇ္ဈဘာသထ။
၁၃၀။ ဒေထ လုဒ္ဒဿ ဝတ္ထာနိ၊ အန္နံ ပါနဉ္စ ဘောဇနံ။
ကာမံ ကရော ဟိရညဿ၊ ယာဝန္တော်ာ ဧသ ဣစ္ဆတိ—
ဟူသော ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

၁၂၉။ ဘိက္ခဝေ၊ ရဟန်းတို့။ ပုညသက်ာသေ၊ မိမိဘုန်းကံနှင့်တူသော ဘုန်းကံပါရမီရှိသော။ လက္ခဏသမ္မဒေဘာ၊ အမြတ်ဟူ၍ သမုတ်အပ်သော။ တေ ဥဘော၊ ထိုဟသ်ာမင်းနှစ်ပါးတို့ကို။ သံယမာနော၊

www.dhammadownload.com

သံယမအမည်တော်ရှိသော့။ ရာဇာ၊ ဗာရာဏသီပြည့်ရှင်မင်းမြတ်သည်။ ခလု၊ စင်စစ်သဖြင့်။ ဒိသ္ဝာ၊ မြင်၍။ အမစ္စေ၊ မှူးတော်မတ်တော်တို့ကို။ အဇ္ဈဘာသထ၊ ဤသို့ ဆိုလေ၏။

၁၃၀။ ဘောန္တော အမစ္စာ၊ အို အမတ်တို့။ လုဒ္ဒဿ၊ ခေမာမုဆိုးအား။ ဝတ္ထာနိ၊အဝတ်ပုဆိုး အထည်မျိုးတို့ကိုလည်းကောင်း၊ အန္နပါနဉ္စ၊ ထမင်းအဖျော်ကိုလည်းကောင်း။ ဘောဇနဉ္စ၊ ခဲဖွယ်ဘောဇဉ်ကို လည်းကောင်း။ ဒေထ၊ ပေးကြကုန်လော့။ သေ-သော၊ ဤမုဆိုးသည်။ ယာဝန္တော၊ အကြင်မျလောက်။ ဣစ္ဆတိ၊ အလိုရှိ၏။ တာဝတတ္တကံ၊ ထိုမျလောက်သော။ဟိရညံ၊ ရွှေကို။ အဿ၊ ထိုမုဆိုးအား။ ကာမံ၊အလိုရှိတိုင်း။ ကရော-ကရောထ၊ ပေးကြကုန်လော့။

ဤသို့လျှင် ကြည်ညိုသောအခြင်းအရာကိုပြု၍ နှစ်သက်ဝမ်းမြောက်ခြင်းသို့ ရောက်သည်ဖြစ်၍ "သွားကြကုန်၊ ထိုမုဆိုးကို တန်ဆာဆင်၍ ဆောင်ခဲ့ကြကုန်လော့"ဟု မိန့်တော်မူ၏။ ထိုအခါ မုဆိုးကို မှူးတော်မတ်တော်တို့သည် နန်းတော်မှ ဆင်းသက်စေပြီးလျှင် ဆံမုတ်ဆိတ်တို့ကို ပြုပြင်၍ ရေချိုးသဖြင့် နံ့သာလိမ်းပြီးသော် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်ယင်၍ မင်းအားပြကုန်၏။ ထိုအခါ မင်းသည် တစ်နှစ်တစ်နှစ်လျှင် အခွန် တစ်သိန်းတစ်သိန်းထုက်သောရွာ တစ်ဆယ့်နှစ်ရွာတို့ကို လည်းကောင်း၊ အာဇာနည်မြင်း က,သော ရထားကို လည်းကောင်း၊ တန်ဆာဆင်အပ်သော ကြီးစွာသော အိမ်ကို လည်းကောင်း၊ ဤသို့ အစရှိသော များစွာသော စည်းစိမ်ချမ်းသာကို ပေးတော်မူ၏။ ထိုဒေမာမုဆိုးသည် များစွာသော စည်းစိမ်ချမ်းသာကို ရပြီး၍ မိမိဆောင်ရွက်ရသောအမှုကို မင်းအား ထင်ရှားပြလိုရကား "အရှင်မင်းမြတ်....အကျွန်ုပ်သည် ဟူးဟူးငြားငြားသော ဟင်္သာကို မဆောင်ယူအပ်၊ စင်စစ်သော်ကား ဤရွှေဟင်္သာမင်းသည် ကိုးသောင်းကုန်သော ဟင်္သာအပေါင်းတို့၏ မင်းဖြစ်သော ဓတရဋ္ဌ အမည်တော်ရသော ရွှေဟင်္သာမင်းတည်း၊ ဤရွှေဟင်္သာမင်းသည် သုမုခ အမည်ရှိသော ဟင်္သာစစ်သူကြီးတည်း"ဟုတင်လျှောက်၏။

ဘယ်လိုမိခဲ့သလဲ

ထိုအခါ မုဆိုးကို မင်းသည် "အမောင်မုဆိုး....အမောင်သည် ဤဟင်္သာတို့ကို အသို့ ဖမ်းယူအပ်သနည်း"ဟု မေးတော်မူ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်—

www.dhammadownload.com

၁၃၁။ ဒိသ္ဝာ လုဒ္ဒံ ပသန္နတ္တံ၊ ကာသိရာဇာ တဒဗြဝိ။
ယဒျာယံ သမ္မ ခေမက၊ ပုဏ္ဏာ ဟံသေဟိ ဟိဠ္ဠတိ။
၁၃၂။ တထံ ရုစိ မဇ္ဈာဂတံ၊ ပါသဟတ္ထော ဥပါဂမိ။
သြကိဏ္ဏံ ဉာတိသံဃေဟိ၊ နိမ္မဇ္ဇိမံ ကထံ ဂတိ—
ဟူသော ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

၁၃၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာသိရာဇာ၊ ကာသိတိုင်းရှင် ဖြစ်သော ဗာရာဏသီမင်းသည်။ ပသန္နတ္တံ၊ ကြည်ညို့သော စိတ်ရှိသည်ဖြစ်၍။ လုဒ္ဒံ၊ ခေမာမုဆိုးကို။ ဒိသ္ဝာ၊ မြင်၍လျှင်။ ဧတံ ဝစနံ၊ ဤစကားကို။ အဖြဝိ၊ ဆို၏။ သမ္မခေမက၊ အမောင်ခေမာမှဆိုး။ အယံ၊ ဤငါတို့ ခေမာအိုင်သည်။ ဟံ သေဟိ၊ ဟင်္သာတို့ဖြင့်။ ပုဏ္ဏာ၊ ပြည့်သည်ဖြစ်၍။ ယဒိ-တိဠ္ဠတိ၊ အကယ်၍တည်၏။

၁၃၂။ မဇ္ဈဂတံ၊ ဟင်္သာအပေါင်းတို့၏ အလယ်၌ဖြစ်သော။ ရုစိံ၊ နှစ်သက်ဖွယ်ရှိသော ရွှေဟင်္သာမင်းကို။ ပါသဟတ္ထော၊ ကျော့ကွင်းလက်စဲ့သော သင်သည်။ ကထံ၊ အသို့လျှင်။ ဥပါဂမိ၊ ချဉ်းကပ်သနည်း။ ဉာတိ-သံဃေဟိ၊ ဆွေမျိုးအပေါင်းတို့ဖြင့်။ သြကိဏ္ဏံ၊ ပြည့်သော။ နိမ္မဇ္ဇိမံ၊ ကြီးမြတ်သော ရွှေဟင်္သာမင်းကို။ ကထံ၊ အသို့လျှင်။ ဂဟိ၊ သင် ဖမ်းယူသနည်း။

ခေမာမုဆိုးသည် ထိုမင်းအား ရွှေဟင်္သာမင်းတို့ကို မိမိဖမ်းယူသောအကြောင်းကို ပြန်ကြားလျှောက်လိုရကား—

၁၃၃။ အင္ဂ မေ သတ္တမာ ရတ္တိ၊ အဒနာနိ ဥပါသတော။
ပဒ မေတဿ အန္ဝေသံ၊ အပ္ပမတ္တော ဃဋ္ဋသိတေ။
၁၃၄။ အထဿ ပဒ မဒ္ဒက္ခိံ၊ စရတော အဒနေသနံ။
တတ္ထာဟံ သြဒဟိံ ပါသံ၊ ဧဝံ တံ ဒိဇမဂ္ဂဟိံ—
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၃၃။ မဟာရာဇ၊ မင်းမြတ်။ အဒနာနိ၊ ကျက်စားရာ အရပ်တို့သို့။ ဥပါသတော၊ ကပ်ဒရောက်လာသော။ မေ၊ အကျွန်ုပ်အား။ အင္ဂ၊

www.dhammadownload.com

ယနေ့။ သတ္တာမာရတ္တိ၊ ခုနစ်ညဉ့်ရှိပြီ။ ဇေဿ၊ ထို ရွှေဟင်္သာမင်း၏။ ပဒံ၊ ကျက်စားရာ၌ နင်းသောခြေရာကို။ အန္ဒေသံ-အန္ဒေသန္တော၊ ရှာယော အာကျွန်ုပ်သည်။ အပ္ပမတ္တော၊ မမေ့မလျော့။ ဃဋ္ဋသိတော၊ အိုးချိုင့်ကို မှီ၏။

၁၃၄။ အထ၊ ထိုအခါ၌။ အဒနေသနံ၊ အစာကိုရှာလျက်။ စရတော၊ ကျက်စားသော။ အဿ၊ ထို ရွှေဟင်္သာမင်း၏။ ပဒံ၊ ခြေရာကို။ အဒ္ဒက္ခီ၊ အကျွန်ုပ် မြင်ရ၏။ တတ္ထ၊ ထိုနင်းသောခြေရာကို မြင်ရာ၌။ အဟံ၊ အကျွန်ုပ်သည်။ ပါသံ၊ ကျော့ကွင်းကို။ ဩဒဟိံ၊ ထောင်ပါ၏။ ဧဝံ၊ ဤသို့ ထောင်သဖြင့်။ တံ ဒိဇံ၊ ထို ရွှေဟင်္သာမင်းကို။ အဂ္ဂဟိံ၊ ဖမ်းယူပါ၏။

တစ်ကောင်တည်းဆို

ထိုစကားကိုကြား၍ မင်းသည် ဤမှုဆိုးကား တံခါးဦးရပ်လျက် ကြားလျှောက်သော်လည်း ဓတရဋ္ဌ ရွှေဟင်္သာမင်း၏ လာခြင်းကိုသာလျှင် ကြားလျှောက်၏။ ယခုအခါ၌လည်း တစ်ခုသော ဤရွှေဟင်္သာမင်းကိုသာ လျှင် မိ၏ဟု ဆို၏၊ ဤအရာ၌ အကြောင်းကား အသို့နည်းဟု ကြံ၍ ခေမာ မှုဆိုးကို မေးလိုရကား—

၁၃၅။ လုဒ္ဒ ဒ္ဝေ ဣမေ သကုဏာ၊ အထ ဧကောတိ ဘာသသိ။
စိတ္တံ နု တေ ဝိပရိယတ္တံ၊ အဒု ကိန္နု ဇီဂီသသိ—

ဟူသော ဤဂါထာကို ဆို၏။

၁၃၅။ လုဒ္ဒ၊ အမောင် မှုဆိုး။ ဣမေ သကုဏာ၊ ဤရွှေဟင်္သာတို့ သည်။ ဒ္ဝေ၊ နှစ်ခုတည်း။ အထ၊ ထိုသို့ နှစ်ခုဖြစ်လျက်။ ဧကောတိ၊ တစ်ခု ဟူ၍သာလျှင်။ ဘာသသိ၊ သင်ပြောဆိုဘိ၏။ တေ၊ သင်၏။ စိတ္တံ၊ စိတ် သည်။ ဝိပရိယတ္တံ နု၊ ဖောက်ပြန်သလော။ အဒု၊ ထိုသို့မဟုတ်မူ။ တုံ၊ သင်သည်။ ကိံ၊ အဘယ်ကို။ ဇီဂီသသိ နု၊ ကြံသနည်း။

တစ်ကောင်က အဖမ်းခံ

ထို့နောင်မှ ခေမာမှုဆိုးသည် “အရှင်မင်းမြတ်....အကျွန်ုပ်၏ စိတ် သည် မှဖောက်ပြန်ပါ၊ အကျွန်ုပ်သည် တစ်ခုသော ရွှေဟင်္သာကို အရှင်မင်း

www.dhammadownload.com

မြတ်မှု တစ်ပါးသော သူအား ပေးလိုသည်လည်း မဟုတ်ပါ၊ စင်စစ်သော် ကားအကျွန်ုပ်သည် ထောင်အပ်သော ကျောက်ငှက်ဒွိ ရှေဟသ်ာ တစ်ခုကိုသာ လျှင်မိပါ၏''ဟု ဆို၍ ထိုအကြောင်းကို ထင်ရှားစွာပြ၍ မင်းအား တင် လျှောက်လိုက်ကား—

၁၃၆။ ယဿ လောဟိတကာ တာလာ၊ တပနီယ နိဘာ သုဘာ။
ဥရုံ သံဟစ္စ တိဋ္ဌန္တိ၊ သော မေ ဗန္ဓံ ဥပါဂမိ။
၁၃၇။ အထာယံ ဘဿရော ပက္ခီ၊ အဗဒ္ဓေါ ဗဒ္ဓမာတုရံ။
အရိယံ ပြုဝါနော အဋ္ဌာသိ၊ ဝဒဉ္ဉော မာနုသိံ ဂိရံ—

ဟူသော ဤနှစ်ဂါတို့ကို ဆို၏။

၁၃၆။ မဟာရာဇ၊ အရှင်မင်းမြတ်။ ယဿ၊ အကြင် ရှေဟသ်ာ မင်းအား။ လောဟိတကာ၊ နီကုန်သော။ တာလာ၊ သုံးကြောင်းကုန် သော အရေးတို့သည်။ တပနီယနိဘာ သုဘာ၊ နေရောင်နှင့်တူသော အဆင်းရှိကုန်၏။ ဥရုံ၊ ရင်ကို။ သံဟစ္စ၊ ဆိုက်၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။ သော၊ ထိုရှေဟသ်ာမင်းသည်။ မေ၊ အကျွန်ုပ်၏။ ဗန္ဓံ၊ ကျောက်ငှက်သို့။ ဥပါဂမိ၊ ကပ်လာ၏။

၁၃၇။ မဟာရာဇ၊ အရှင်မင်းမြတ်။ အထ၊ ထိုအခါဌ်။ အဗဒ္ဓေါ၊ ကျောက်ငှက်မမိသော။ ဘဿရော၊ ပြိုးပြိုးပြက်သော အရောင်ရှိသော။ အယံ ပက္ခီ၊ ဤရှေဟသ်ာ စစ်သူကြီးသည်။ အရိယံ၊ အာစာရ အရိယာဖြစ် သော။ သာတုရံ၊ ကျင်နာသော။ ဗန္ဓံ၊ ကျောက်ငှက်မိသော ရှေဟသ်ာမင်း ကို။ ပြုဝါနော၊ နှစ်သိမ့်စေလျက်။ မာနုသိံ၊ လူ၏ ဘာသာဖြစ်သော။ ဂိရံ၊ စကားကို။ ဝဒဉ္ဉော၊ ပြောဆိုလျက်။ အဋ္ဌာသိ၊ တည်၏။

''အရှင်မင်းမြတ်....ထိုအခါ ဓတရဋ္ဌ ရှေဟသ်ာမင်းအား ကျော့ ကွင်းမိသော အဖြစ်ကိုသိ၍ ပြန်လည်သဖြင့် ဤရှေဟသ်ာမင်းကို နှစ်သိမ့်စေ ၍ အကျွန်ုပ်လာသော အခါဌ်လည်း ခရီးဦးကြိုဆိုခြင်းကိုပြု၍ ကောင်းကင် ဌ်သာလျှင် အကျွန်ုပ်နှင့်တကွ သာယာစွာသော ပျူငှာစကားကို ဆို၍ လူ၏ ဘာသာစကားဖြင့် မိမိအရှင် ဓတရဋ္ဌ ရှေဟသ်ာမင်း၏ ဂုဏ်ကျေးဇူးကို ပြောဆိုလျက် ဟူသည်၏၊ အကျွန်ုပ်စိတ်ကို နူးညံ့အောင်ပြု၍ တစ်ဖန် ရှေ

www.dhammadownload.com

ဟသ်ာမင်း၏ ရှေ့ဦသာလျှင် တည်လာ၏၊ အရှင်မင်းမြတ်....အကျွန်ုပ်သည် ထိုသို့ကောင်းစွာ ပြောဆိုအပ်သော စစ်သူကြီး သုမုခ၏ တရားစကားကို ကြားရလျှင် ကြည်ညိုဖွယ်သာစိတ် ရှိသည်ဖြစ်၍ ဓတရဋ္ဌ ရှေဟသ်ာမင်းကို လွှတ်၏၊ ဤသို့ ဓတရဋ္ဌ ရှေဟသ်ာမင်း၏ ကျေးဇူးမှ လွှတ်ခြင်းကို လည်းကောင်း, ဤ ရှေဟသ်ာမင်း နှစ်ပါးတို့ကိုယူ၍ အကျွန်ုပ် ဤရှေနှင်းတော်သို့ လာခြင်းကို လည်းကောင်း စစ်သူကြီး သုမုခသည်သာလျှင် ပြုပါ၏"ဟုဆို၍ ထိုခေမာမုဆိုးသည် စစ်သူကြီး သုမုခ၏ ဂုဏ်ကျေးဇူးစကင်းကို တင်လျှောက်၏။

သုမုခ ကြောက်သလော

ထိုသို့ တင်လျှောက်သော စကားကိုကြား၍ မင်းသည် စစ်သူကြီး သုမုခ တရားစကားကို နာလိုသည်ဖြစ်၏။ မုဆိုးအား ပူဇော်သက္ကာရကို ပြုစဉ်ပင်လျှင် နေသည်ဝင်၏၊ ဆိမ်းတို့ကို ညှိထွန်းကုန်၏၊ မျှားစွာကုန်သော မင်းအစရှိကုန်သော သူတို့သည် စည်းဝေးကုန်၏။ ခေမာ မိဖုရားကြီးသည် လည်း အထူးထူးသော ကချေသည် ကိုယ်လုပ်မောင်းမ အပေါင်းခြံရံလျက် မင်း၏ လက်ယာနံပါး၌ နေ၏။ ထိုခဏ၌ မင်းသည် စစ်သူကြီး သုမုခကို စကား ပြောစေလိုရကား—

၁၃၇။ အထ ကိ ဒါနိ သုမုခ၊ ဟန္ဒံ သံဟစ္စ တိဋ္ဌသိ။
အဒု မေ ပရိသံ ပတ္တော၊ ဘယာ ဘီတော နု ဘာသသိ–

ဟူသော ဤဂါထာကို ဆို၏။

၁၃၇။ သုမုခ၊ အမောင် သုမုခ။ မဓုကထော၊ သာယာစွာသော တရားစကားကို ပြောဟောတတ်၏။ အထ၊ ထိုသို့ဖြစ်ပါလျက်။ ကိ၊ အဘယ်ကြောင့်။ ဒါနိ၊ ယခုအခါ၌။ တုံ၊ သင်သည်။ ဟန္ဒံ သံဟစ္စ၊ ခံတွင်းကိုပိတ်၍။ တိဋ္ဌသိ၊ တည်ဘိသနည်း။ အဒု၊ အသို့နည်း။ မေ၊ ငါ၏။ ပရိသံ၊ ပရိသတ်သို့။ ပတ္တော၊ ရောက်သည်ဖြစ်၍။ ဘယာ၊ ဘေးမှ။ ဘီတော၊ ကြောက်သည်ဖြစ်၍။ နု ဘာသသိ၊ မပြောဆိုသလော။

မကြောက်ပါ ဘုရား

ထိုစကားကိုကြား၍ စစ်သူကြီး သုမုခသည် မိမိမကြောက်သောအဖြစ်ကို ထိုမင်းအား ပြလိုရကား—

www.dhammadownload.com

၁၃၉။ နာဟံ ကာသိပတိ ဘီတော၊ ဩဂယှ ပရိသံ တဝ။
နာဟံ ဘယာ နု ဘာသိဿံ၊ ဝါက္ကံ အတ္ထသ္မိံ တာဒိသေ-
ဟူသော ဤဂါထာကို ဆို၏။

၁၃၉။ ကာသိပတိ၊ ကာသိတိုင်းရှင် ဖြစ်တော်မူသော။ မဟာ ရာဇ၊ မှင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ တဝ၊ သင် မင်းမြတ်၏။ ပရိသံ၊ ပရိသတ်သို့။ ဩဂယှ၊ ရောက်၍။ နု ဘီတော၊ မကြောက်။ အဟံ၊ ကျွန်ုပ် သည်။ ဘယာ၊ ပရိသတ်မှ ကြောက်သောကြောင့်။ နု ဘာသိဿံ၊ စကား မဆိုသည်ကား။ နု၊ မဟုတ်။ သာဒိဒေ၊ ထိုသို့သဒ္ဘာရှိသော။ အတ္ထသ္မိံ၊ အကျိုးစီးပွားသည်။ ဥပ္ပန္နေ၊ ဖြစ်လတ်သော်။ ဝါက္ကံ၊ စကားကို ဘာသိဿံ၊ ပြောဆိုအံ့။

အဘယ့်ကြောင့် မကြောက်သနည်း

ထိုစကားကိုကြား၍ မင်းသည် ထိုသူမုခစကားကို ပွားစေလိုသော ကြောင့် ပြက်ရယ် ပြုံပြန်လိုရကား—

၁၄၀။ နု တေ အဘိသရံ ပဿေ၊ နု ရထေ နုပိ ပတ္တိကေ။
နာဿ စမ္မံ ကီဠံ ဝါ၊ ဝမ္မိတေ စ ဓနုဂ္ဂဟေ။

၁၄၁။ နု ဟိရညံ သုဝဏ္ဏံ ဝါ၊ နဂရံ ဝါ သုမာပိတံ။
ဩကိဏ္ဏံ ပရိခံ ဒုဂ္ဂံ၊ ဒဠ္ဎ မဋ္ဌာလ ကောဋ္ဌကံ။
ယတ္ထ ပဝိဋ္ဌော သုမုခ၊ ဘာယိတဗ္ဗံ နု ဘာယသိ-
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၄၀။ သုမုခ၊ အမောင်သုမုခ။ တေ၊ သင်၏။ အဘိသရံ၊ လက်နက်စွဲကိုင်သော သူရဲကို။ နု ပဿေ၊ ငါ မမြင်။ ရထေ၊ ရထားစီး သူရဲတို့ကို လည်းကောင်း။ နု ပဿေ၊ငါ မမြင်။ ပတ္တိကေ၊ ခြေသည် သူရဲ တို့ကိုလည်းကောင်း။ နုပိ ပဿေ၊ ငါ မမြင်။ စမ္မံ ဝါ၊ မြားတား သားရေကို လည်းကောင်း။ ကီဠံ ဝါ၊ အိုးခြမ်းလက်စွဲသော သူရဲကို လည်း ကောင်း။ ဝမ္မိတေ၊ ချပ်မိန်ညိုဝတ်ကုန်သော။ ဓနုဂ္ဂဟေစ၊ လေးသမား တို့ကိုလည်းကောင်း။ နု ပဿေ၊ ငါ မမြင်။

www.dhammadownload.com

၁၄၁။ ဟိရညံ ဝါ၊ သုံးဆောင်ပြီးသော ရွှေကို၊ လည်းကောင်း။ သုဝဏ္ဏံ ဝါ၊ မသုံးဆောင်ရသေးသော ရွှေကိုလည်းကောင်း။ သုမာပိတံ၊ ကောင်းစွာတည်အပ်သော။ နဂရံ ဝါ၊ မြို့ကိုလည်းကောင်း။ ဩကိဏ္ဏံ၊ ရေဖြင့်ပြည့်သော။ ဒုဂ္ဂံ၊ ကူးနိုင်ခဲသော။ ပရိခံ ဝါ၊ ကျုံးကို လည်းကောင်း၊ ဒဠ်း၊ မြဲမြံခိုင်ခံ့သော။ အန္ဒုဂါလကောဋ္ဌကံ၊ ပြအိုး, ပစ္စင်, တံခါးမုခ်ကို လည်းကောင်း။ နု ပဿေ၊ ငါ မမြင်။ ယတ္ထ၊ အကြင်အရပ်သို့။ ပဝိဋ္ဌော၊ ဝင်သော သင်သည်။ ဘာယိတဗ္ဗံ၊ ကြောက်အပ်သောအရာကို။ နု ဘာယသိ၊ သင် မကြောက်။ တံ၊ ထိုသင်မကြောက်ရာသော အကြောင်းကို။ နု ပဿေ၊ ငါ မမြင်။

မကြောက်သည့် အရင်းခံတရား

ဤသို့ မင်းသည် သင့်အား မကြောက်ခြင်း၏ အကြောင်းကား အဘယ်နည်းဟု မေးသည်ရှိသော် မင်းအား ထိုမကြောက်ခြင်း၏အကြောင်းကို ပြောဆိုလိုရကား—

၁၄၂။ နု မေ အဘိသရေနတ္ထော၊ နဂရေန မနေန ဝါ။
အပထေန ပတံ ယာမ၊ အန္ဓလိက္ခေ စရာ မယံ။

၁၄၃။ သုတာ စ ပက္ခိတာ တျမှာ၊ နိပုဏာ စတ္ထစိန္တကာ။
ဘာသေ မတ္ထဝတိ ဝါစံ၊ သစ္စေ စဿ ပတိဋ္ဌိတော။

၁၄၄။ ကိဉ္စ တုယ္ဟံ အသစ္စဿ၊ အနရိယဿ ကရိဿတိ။
မုသာဝါဒဿ လုဒ္ဒဿ၊ ဟဏိတမ္ဟိ သုဘာသိတံ—

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၁၄၂။ မဟာရာဇ၊ မင်းမြတ်။ မေ၊ အကျွန်ုပ်အား။ အဘိသရေန၊ အခြံအရုံပရိသတ်ဖြင့်။ အတ္ထော၊ အလိုကိစ္စသည်။ နု အတ္ထိ၊ မရှိ။ နဂရေန ဝါ၊ မြို့ဖြင့်လည်းကောင်း။ မဒနန ဝါ။ ဥစ္စာဖြင့် လည်းကောင်း။ အတ္ထော၊ အလိုသည်။ နု အတ္ထိ၊ မရှိ။ အပထေန၊ ခြေကြောင်းခရီး မဟုတ်သဖြင့်။ ပထံ၊ ကောင်းကင်ခရီးသို့။ မယံ၊ အကျွန်ုပ်တို့သည်။ ယာမ၊ သွားကုန်၏။ မယံ၊ အကျွန်ုပ်တို့သည်။ အန္ဓလိက္ခေ၊ ကောင်းကင်၌။ စရာ၊ သွားကုန်၏။

www.dhammadownload.com

၁၄၃။ တေ၊ သင်္ဂမင်းမြတ်သည်။ မယံ၊ အကျွန်ုပ်တို့ကို။ ပဏ္ဍိတာ၊ ပညာရှိကုန်၏ဟူ၍။ သုတာ စ၊ ကြားအပ်ကုန်သည်လည်း။ အမှာ၊ ဖြစ်ကုန်၏။ မယံ၊ ငါတို့သည်။ နိပုဏာ၊ သိမ်မွေ့ကုန်သော။ အတ္ထစိန္တကာ စ၊ အနက်ကိုလွှည်း ကြံနိုင်ကုန်၏။ သစ္စေ စ၊ သစ္စာဥဿာလျှင်။ ပတိဋ္ဌတော၊ တည်သည်။ အယ်၊ ဖြစ်အံ့။ အတ္ထဝတိံ၊ အကျိုးရှိသော၊ ဝါစံ၊ စကားကို။ ဘာသေမ၊ ပြောဆိုကုန်အံ့။

၁၄၄။ မဟာရာဇ၊ မင်းမြတ်။ အသစ္စာသာ၊ သစ္စာမစောင့်သော။ အနရိယာသာ၊ သူတော်မဟုတ်ဘော။ မုသာဝါဒါသာ၊ မဟုတ် မမှန်သော စကားကို ဆိုတတ်သော။ လုဒ္ဓါသာ၊ ကြမ်းကြုတ်စွာသော။ တုယ္ဟံ၊ သင်မင်းမြတ်အား။ သုဘာသိတံ၊ ကောင်းစွာဆိုအပ်သော စကားကို။ ဘဏိတမ္ပိ၊ ဆိုငြားသော်လည်း။ ကိံ ကရိဿတိ၊ အသို့ပြုလတ္တံ့နည်း။

မင်းယုတ် ဖြစ်ပုံ

ထိုသို့ သုမုခစကားကိုကြား၍ မင်းသည် "အဘယ့်ကြောင့် ငါ့ကို မုသားဆိုတတ်သော သူယုတ်ဟူ၍ သင် ဆိုသနည်း၊ ငါသည် အဘယ်ကို ပြုသနည်း" ဟု ဆို၏။ ထိုအခါ မင်းကို သုမုခသည် "အရှင်မင်းမြတ်.... ထိုသို့တပြီးကား နာတော်မူလော့" ဟု ဆို၍ ထိုမင်း၏ မုသာဝါဒကို ပြလိုရကား-

၁၄၅။ တံ ဗြာဟ္မဏာနံ ဝစနာ၊ ဣမံ ဓမ္မ မကာရယိ။
အဘယဥ္စ တယာ ဃုဋ္ဌံ၊ ဣမာယော ဒဿဓာ ဒိသာ။
၁၄၆။ သြဂ္ဂယ္ဟ တေ ပေါက္ခရဏိံ၊ ဝိပ္ပသန္နော ဒကံ သုစိံ။
ပဟူတံ စာဒနံ တတ္ထ၊ အဟိံသာ စေတ္ထ ပက္ခိကေ။
၁၄၇။ ဣဒံ သုတ္ဝာန နိဂ္ဂေသုံ၊ အာဂတမ္ဖ တဝန္တိကေ။
တေ တေ ဗဒ္ဓသ္မာ ပါသေန၊ တံ တေ ဘာသိတံ မုသာ။
၁၄၈။ မုသာဝါဒံ ပုရက္ခတ္ဝာ၊ ဣစ္ဆာလောဘဥ္စ ပါပကံ။
ဥဘောသန္ဓိ မတိက္ကမ္မ၊ အာသာတံ ဥပပဇ္ဇတိ—

တူးသော ကျွဲလေးဂါထာတို့ကို ဆို၏။

၁၄၅။ မဟာရာဇ၊ မင်းမြတ်။ တံ-တဲ့၊ အရှင်မင်းမြတ်သည်။ ဗြာဟ္မဏာနံ၊ ဆရာပုဏ္ဏားတို့၏။ ဝစနာ၊ စကားကြောင့်။ ဣမံ ဓမ္မံ၊

www.dhammadownload.com

ဤခေမာအိုင်ကို။ အကာရယိ၊ တူးစေခဲတော်မူ၏။ တယာ၊ အရှင်မင်းမြတ်သည်။ အဘယဟူ၊ ဘေးမဲ့ပေးခြင်းကိုလည်း။ ဣမာဒယ ဒသခာ ဒိသာ၊ ဤအရပ်ဆယ်မျက်နှာတို့၌။ ဃံဋံ၊ ကြွေးကြော်ခဲစေတော် မူ၏။

၁၄၆။ တေ၊ အရှင်မင်းမြတ်၏။ ပေါက္ခရဏိံ၊ ခေမာအိုင်သို့။ ဩဂဎယှ၊ သက်၍။ အာဂတာနံ၊ လာကုန်သော ဟာဿတို့၏။ သန္တိကာ၊ အထံမူ။ အယံ၊ ဤခေမာအိုင်သည်။ ဝိပ္ပသန္နောကံ၊ အလွန် ချမ်းအေးကြည်လင်သောရေ ရှိ၏။ သုစိ၊ စင်ကြယ်၏။ တတ္ထ၊ ထိုခေမာအိုင်၌။ အဒနံ၊ ခဲဖွယ် စားဖွယ်သည်။ ပဟူတံ၊ များစွာ၏။ ဧတ္ထ၊ ဤခေမာအိုင်၌။ ပက္ခိနံ၊ ငှက်တို့အား။ အဟိ သာစ၊ ဆင်းရဲခြင်းလည်း မရှိ။

၁၄၇။ မဟာရာဇ၊ မင်းမြတ်။ ဣဒံနိဋ္ဌောသံ၊ ဤဘေးမဲ့ကြွေးကြော်သံကို။ သုတ္ဝာန၊ ကြား၍။ တဝန္တိတေ၊ အရှင်မင်းမြတ်၏ အထံသို့ အာဂတာ၊ လာကုန်သည်။ အမှာ၊ ဖြစ်ကုန်၏။ တေ-မယံ၊ ထိုအကျွန်ုပ်တို့သည်။ တေ၊အရှင်မင်းမြတ်၏။ ပါသေန၊ကျောက်ဂွင်းကျောင့်။ ဗဒ္ဓသ္မာ၊ ဖွဲ့မိကုန်၏။ တေံ မုသာ၊ ဤမုသာဝါဒကို။ တေ၊ အရှင်မင်းမြတ်သည်။ ဘာသိတံ၊ ဆိုတော်မူ၏။

၁၄၈။ မဟာရာဇ၊ မင်းမြတ်။ မုသာဝါဒံစ၊ မုသားဆိုခြင်းကို လည်းကောင်း။ ပါပကံ၊ ယုတ်မာစွာသော။ ဣစ္ဆာလောဘဉ္စ၊ မကောင်းသော အလိုဟူ ဆိုအပ်သောလောဘကို လည်းကောင်း။ ပုရက္ခတ္ဝာ၊ ရှေ့တည်ပြုသည် ရှိသော်။ ဥဘောသန္တိံ၊ လူ့ပြည်, နတ်ပြည်ဟု ဆိုအပ်သော နှစ်ပါးသော ပဋိသန္ဓေကို။ အတိက္ကမ္မ၊ လွန်၍။ အသာတံ၊ ငရဲ၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။

တရား နာလိုကြပါသည်

ဤသို့ ပရိသတ်အလယ်၌ မင်းကို ရှက်စေ၏။ ထိုအခါ သုမုခကို မင်းသည် "အမောင်သုမုခ....ငါသည် အမောင်တို့ကို သတ်၍ အသားကို စားလိုသောကြောင့် မဖမ်းစေ၊ စင်စစ်သော်ကား ပညာရှိသော အဖြစ်ကို ကြား၍ ကောင်းစွာဟောအပ်သောတရားစကားကို နာလို၍ ငါ ဖမ်းစေတော် မူ၏" ဟု ဆို၍ ထိုအကြောင်းကို ပြလိုရကား-

www.dhammadownload.com

၁၄၉။ နာပရဇ္ဈာမ သုမုခ၊ နပိ လောဘ့ာဝ အဂ္ဂဟိံ။
သုတာ စ ပဏ္ဍိတာတျတ္ထံ၊ နိပုဏာ အတ္ထစိန္တကာ။
၁၅၀။ အပ္ပေဝတ္ထဝတိံ ဝါစံ၊ ဗျာကရေယျုံ္ကုခာဂတာ။
တဆာ တံ သမ္မ နေသာဒေါ၊ ဝုတ္တော သုမုခ မံဂ္ဂဟိ—
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၄၉။ သုမုခ၊ အမောင်သုမုခ၊ မယံ၊ ငါတို့သည်။ တုမှာကံ၊ သင်တို့ကို။ နာပရဇ္ဈာမ၊ မသတ်ကုန်အံ့။ လောဘာဝ၊ လောဘဖြင့် သာလျှင်။ တုဒမှ၊ သင်တို့ကို။ နာပိ အဂ္ဂဟိံ၊ ငါ မဖမ်း။ တုဒမှ၊ သင်တို့သည်။ ပဏ္ဍိတာတိ၊ ပညာရှိကုန်၏ဟူ၍လည်း။ သုတာ၊ ကျော်စော ထင်ရှားကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏။ နိပုဏာ၊ သိမ်မွေ့ကုန်သော။ အတ္ထစိန္တကာတိ စ၊ ဖုံးလွှမ်းသောအနက်ကို ကြံနိုင်ကုန်ဟူ၍လည်း။ သုဘာ၊ ကျော်စောထင်ရှားကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏။

၁၅၀။ သုမုခ၊ အမောင် သုမုခ၊ အတ္ထဝတိံ၊ အကြောင်းကို မှီသော။ ဝါစံ၊ တရားစကားကို။ ဂ္ဂဓ၊ ဤငါတို့နှန်းတော်သို့။ အာဂတာ၊ ရောက်လာကုန်သော ပညာရှိတို့သည်။ . အပ္ပေဝဗျာကရေယျုံ၊ ဟောပါကုန်ငြားအံ့လည်းမသိ။ တံဝါစံ၊ ထိုသို့အကြောင်းကိုမှီသော တရားစကားကို။ မယံ၊ ငါတို့သည်။ သုဏာမ၊ နာလိုပါကုန်၏။ သမ္မသုမုခ၊ အချင်းသုမုခ။ တဆာ၊ ထိုအကြောင်းကို မှီသော တရားစကားကို နာလိုသောကြောင့် ။ တံ၊ သင့်ကို။ ဝုတ္တာ၊ ပြောဆိုအပ်သော။ နေသာဒေါ၊ မုဆိုးသည်။ အဂ္ဂဟိ၊ ဖမ်းယူ၏။

စစ်သူကြီး၏ တရားတော်

ထိုသို့ သံယမမင်းသည် ပြောဆိုသောစကားကို ကြား၍ စစ်သူကြီးသုမုခသည် ''မြတ်သောမင်းကြီး....ကောင်းသော တရားစကားကို နာလိုသော သင်မင်းကြီးသည် မသင့်လျော်သည်ကို ပြုတော်မူဘိ၏''ဟု ဆို၍ ထိုအကြောင်းကို မင်းအား ပြောပြလိုရကား—

၁၅၁။ နေဝ သူတာ ကာသိပတိ၊ ဥပနီတသ္မိံ ဇီဝိတေ။
ဘာသေ မတ္ထဝတိံ ဝါစံ၊ သမ္မတ္တာ ကာလပရိယာယံ။

www.dhammadownload.com

၁၅၂။ ယေ မိဂေန မိဂံ ဟန္တိ၊ ပက္ခိံ ဝါ ပန ပက္ခိနော။
သူတေန ဝါ သုတံ ကိဏ္ဏ၊ ကိံ အနရိရံ တတော၁။

၁၅၃။ ယော စာရိယရူဒံ ဘာသေ၊ အနရိယမမ္မဝဿိတော၁။
ဥဘော သော ဓံသတေ လောကာ၊ ဣဓ စေဝ ပရတ္ထ စ။
၁၅၄။ နု မဇ္ဇေထ ယသံ ပတ္တော၁၊ နု ဗျာဓေ ပတ္တသံသယံ၊
ဝါယမေထော ကိစ္စေသု၊ သံဝရေ ဝိဝရာနိ စ။
၁၅၅။ ယေ ဝုဒ္ဓါ အဇ္ဈတိက္ကန္တာ၁၊ သမ္မတ္တာ ကာလပရိယာယံ။
ဣဓ ဓမ္မံ စရိတ္ဝာန၊ ဧဝံ တေ တိဒိဝံ ဂတာ၁။
၁၅၆။ ဣဒံ သုတ္ဝာ ကာသိပတိ၊ ဓမ္မ မတ္တာနိ ပါလယ။
ဓတရဋ္ဌဥ္စ မုဥ္စာဟိ၊ ဟံသာနံ ပဝရတ္တမံ-
ဟူသော ဤ ခြောက်ဂါထာတို့ကို ဆို၏။

၁၅၁။ ကာသိပတိ၊ ကာသိတိုင်းရှင် ဖြစ်တော်မူသော။ သံယမ၊ မင်းမြတ် သံယမ။ ဘူတာ၁၊ သတ္တဝါတို့သည်။ ကာလုပရိယာယံ၊ သေရအံ့သောအလှည့်သို့။ သမ္မတ္တာ၁၊ ရောက်ကုန်သည်ရှိသော်။ ဇီဝိတေ၊ မိမိ အသက်သည်။ ဥပနီတသို့ံ၊ သေမင်းနှိုင်ငံသို့ လိုက်ရသည်ရှိသော်။ အတ္တဝတိံ၊ အကြောင်းနှင့်ယှဉ်သော။ ဝါစံ၊ စကားကို။ နေဝ ဘာသေမ၊ မဟာကြကုန်။

၁၅၂။ မဟာရာဇ၊ မင်းမြတ်။ ယော၁၊ အကြင်သူသည်။ မိဂေန၊ သမင် တိန်ည်ငှက်ဖြင့်။ မိဂံ၊ တောသမင်ကို။ ဟန္တိ၊ သတ်တတ်၏။ ပက္ခိံ၊ ငှက်တိန်ည်ငှက်ဖြင့်။ ပက္ခိံ ဝါ ပန၊ တောငှက်ကိုမူလည်း။ ဟန္တိ၊ သတ်တတ်၏။ တယာ၁၊ သင် မင်းမြတ်သည်။ သုတေန၊ ကျော်စောထင်ရှားသော ခေမာအိုင်ဖြင့်။ သုတံ၊ ပညာရှိဖြစ်သော တရားဟောတတ်သော ပုဂ္ဂိုလ်ကို။ ကိဏ္ဏာ၁၊ ဝယ်အပ်၏။ တတော၁၊ ထို အရှင်မင်းကြီးအမှုထက်။ အနရိယတရံ၊ အလွန်ယုတ်မာသော အမှုသည်။ ကိံ၊ အတီမှာရှိအံ့နည်း။

၁၅၃။ မဟာရာဇ၊ မင်းမြတ်။ ယော စ၊ အကြင်သူသည်ကား။ အရိယရူဒံ၊ ကောင်းမြတ်သော တရားစကားသံကို။ ဘာသေ၊ နှုတ်ဖြင့်သာ ပြောဆို၏။ ကာယေန၊ ကိုယ်ဖြင့်။ အနရိယမမ္မဝဿိတော၁၊ ယုတ်မာသော

www.dhammadownload.com

အကျင့်ကို ကျင့်၏။ သော၊ ထို နှုတ်ဖြင့်သာ ပြောဆို၍ ကိုယ်ဖြင့် ကျင့်သော သူသည်။ ဣဓစေဝ၊ ဤ ပစ္စုပ္ပန်လောကဌ် လည်းကောင်း။ ပရတ္ထ စ၊ တမလွန်လောကဌ် လည်းကောင်း။ ဥဘော လောကာ၊ လောကနှစ်ပါးမှ။ ဓံသဒေတ၊ ပျက်စီး၏။

၁၅၄။ မဟာရာဇ၊ မင်းမြတ်။ ယသံ၊ စည်းစိမ် ချမ်း သာ အခြံအရံသို့။ ပတ္တော၊ ရောက်သောသူသည်။ နု မဇ္ဇေထ၊ မမေ့မလျော့ရာ။ ပတ္တသံသယံ၊ အသက်သေအံ့သော ယုံမှားခြင်းသို့ ရောက်သည် ရှိသော်။ နဗျာဓေ၊ မပင်ပန်းရာ။ ကံ့ခွေသုဓေ၊ အမှုကိစ္စတို့၌သာလျှင်။ ဝါယမေထ၊ လုံ့လပြုရာ၏။ ဝိဝရာနိ စ၊ တံခါးပေါက်တို့ကိုလည်း။ သံဝရေ၊ ပိတ်ရာ၏။

၁၅၅။ မဟာရာဇ၊ မင်းမြတ်။ ယေ ဝုဒ္ဓါ၊ အကြင် ပညာဂုဏ်ကြီးသော သူတို့သည်။ အဇ္ဇတိက္ကန္တာ၊ ဤ ပစ္စုပ္ပန်လောကကို လွန်ကုန်၏။ ကာလပရိယာယံ၊ သေခြင်း အလှည့်သို့။ သမ္ပတ္တာ၊ ရောက်ကုန်သော်လည်း။ ဣဓ၊ ဤ ပစ္စုပ္ပန်ဘဝမှ။ ဓမ္မံ၊ ကုသိုလ်တရားကို။ စရိတ္ဝာ၊ ကျင့်သော ကြောင့်။ ဧဝံ၊ ဤသို့။ ဇာ၊ ထို ပညာဂုဏ်ကြီးသော သူတို့သည်။ တိဒိဝံ၊ နတ်ပြည်သို့။ ဂတာ၊ ရောက်ရကုန်၏။

၁၅၆။ ကာသိပတိ၊ ကာသိတိုင်းရှင်၊ ဖြစ်တော်မူသော။ မဟာရာဇ၊ မင်းမြတ်။ ဣဒံ၊ ဤ အကျွန်ုပ်ဟောသော တရားစကားကို။ သုတ္ဝာန၊ နာရ၍။ အတ္ထာနိ၊ မိမိ၌။ ဓမ္မံ၊ တရားကို။ ပါလယ၊ စောင့်တော်မူလော့။ ဟံသာနံ၊ ဟာသ်ာအပေါင်းတို့ထက်။ ပဝရတ္တာမံ၊ အလွန် မြတ်တော်မူသော။ ဓတရဋ္ဌဠ္ဟ၊ ဓတရဋ္ဌ ရှေဟာသ်ာမင်းကိုလည်း။ မုဉ္စာဟိ၊ လွှတ်တော်မူလော့။

ဟာသ်ာတို့ကိုလွှတ်ရန်

ထိုစစ်သူကြီး သုမုခစကားကို ကြား၍ သံယမမင်းသည် ထို ရှေဟာသ်ာ မင်းတို့ကို လွှတ်လိုသည်ဖြစ်၍ မှူးမတ် အစရှိသော သူတို့အား စစ်သူကြီး သုမုခ၏ ဂုဏ်ကျေးဇူးကို ထင်ရှားပြလိုရကား....

၁၅၇။ အာဟရန္တု ဒကံ ပဇ္ဇံ၊ အာသနဉ္စ မဟာရဟံ။
ပဋိရတော ပမောက္ခာမိ၊ ဓတရဋ္ဌံ ယသဿိနံ။

www.dhammadownload.com

၁၅၈။ တဉ္စ သေနာပတိံ ဓိရံ၊ နိပုဏံ အတ္ထစိန္တကံ။
ယော သုခေ သုခိတော ရညော၊
ဒုက္ခိတေ ဟောတိ ဒုက္ခိတော။

၁၅၉။ ဒေဿော ခေါ အရဟတိ၊ ပိဏ္ဍ မသ္နာတု ဘတ္တုနော။
ယထာယံ သုမုခေါ ရညော၊ ပါဏသာဓာရဏော သခါ—
ဟူသော ဤ သုံးဂါထာတို့ကို ဆို၏။

၁၅၂။ ဘောန္တော အမစ္စာ၊ အို....အမတ်ပေါင်းတို့။ ဒကဉ္စ၊ ခြေဆေးရေကို လည်းကောင်း။ ပဇဉ္စ၊ ခြေနယ်ဆီကို လည်းကောင်း။ မဟာရဟံ၊ မြတ်သောသူတို့အား သာ ထိုက်သော။ အာသနဉ္စ၊ နေရာကို လည်းကောင်း။ အာဟရန္တု၊ ဆောင်ခဲ့ကုန်။ ယသဿိနံ၊ များစ့ဉာသော အခြံအရံရှိသော။ ဓတရဋ္ဌံ၊ ဓတရဋ္ဌ ရှေဟသ်ာမင်းကို။ ပဇ္ဇရတော၊ ချိုင့်မှ။ ပမောက္ခာမိ၊ ငါ လွှတ်အံ့။

၁၅၈။ သုမုခေါ၊ သုမုခ အမည်ရှိသော။ ယော သေနာပတိ၊ အကြင်စစ်သူကြီးသည်။ ရညော၊ မိမိအရှင် ရှေဟသ်ာမင်းသည်။ သုခေ၊ ချမ်းသာသည်ရှိသော်။ သုခိတော၊ မိမိချမ်းသာသည်။ ဟောတိ၊ ဖြစ်၏။ ဒုက္ခိတေ၊ မိမိအရှင် ရှေဟသ်ာမင်း ဆင်းရဲသည်ရှိသော်။ ဒုက္ခိတော၊ မိမိ ဆင်းရဲသည်။ ဟောတိ၊ ဖြစ်၏။ ဓိရံ၊ ပညာရှိသော။ နိပုဏံ၊ သိမ်မွေ့သော။ အတ္ထစိန္တကံ၊ လျှို့ဝှက်ခဲခက်သောအနက်ကို ကြံနိုင်သော။ တဉ္စ သေနာပတိံ၊ ထိုစစ်သူကြီး သုမုခကိုလည်း။ ပမောက္ခာမိ၊ ငါလွှတ်အံ့။

၁၅၉။ ဘောန္တော အမစ္စာ၊ အိုအမတ်တို့။ အယံ သုမုခေါ၊ ဤစစ်သူကြီး သုမုခသည်။ ယထာ၊ အကြင်အခြင်းဖြင့်။ ရညော၊ မိမိအရှင် ရှေဟသ်ာမင်းအား။ ပါဏသာဓာရဏော၊ ဆက်ဆံသော အသက်ရှင်ခြင်း ရှိသော။ သခေါ၊ အဆွေခင်ပွန်းစစ်သည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထိုအခြင်းဖြင့်။ ဒေဿော၊ ထို သုမုခနှင့်တူသော သူသည်။ ဘတ္တုနော၊ အရှင်၏။ ပဏ္ဍံ၊ ထမင်းကို။ အဿာတုံ၊ စားခြင်းငှာ။ အရဟတိ၊ ထိုက်၏။

www.dhammadownload.com

ဟသ်ာတို့ကို ပြုစုစေပြီ

သံယမမှင်း စကားကိုကြား၍ အမတ်တို့သည် ထို ရွှေဟသ်ာမှင်း နှစ်ပါးတို့အား နေရာမင်း၍ ထိုနေရာ၌နေကုန်သော ရွှေဟသ်ာမင်း နှစ်ပါးတို့၏ ခြေတို့ကို နံ့သာရေဖြင့်ဆေး၍ အကြိမ်တစ်ရာချက်သောဆီဖြင့် ဆုပ်နယ်ကုန်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညူ မြတ်စွာဘုရားသည်-

၁၆၀။ ပီဌဉ္စ သဗ္ဗသော၁ဝဏ္ဏံ၊ အဋ္ဌပါဒံ မနောရမံ။
မဉ္ဇံ ကာသိကမတ္ထဆ်ံ၊ ဓတရဋ္ဌော ဥပါဝိသိ။
၁၆၁။ ကောဈဉ္စ သဗ္ဗသော၁ဝဏ္ဏံ၊ ဝေယျဂ္ဃပရိသိဗ္ဗိတံ။
သုမုခေါ အဇ္ဈုပါ၁ေက်ာ်၊ ဓတရဋ္ဌဿ နန္တရာ။
၁၆၂။ တေသံ ကဉ္စနပတ္တေဟိ၊ ပုထူ အာဒါယ ကာသိယော။
ဟံသာနံ အာဘိဟာရေသုံ၊ အဂ္ဂံရညာ ပ၀ါသိတံ—

ဟူသော ဤ သုံးဂါထာတို့ကို ဟောတော်မူ၏။

၁၆၀။ ပီဌဉ္စ သဗ္ဗသော၁ဝဏ္ဏံ၊ အဋ္ဌပါဒံ မနောရမံ။ မဉ္ဇံ ကာသိကမတ္ထဆ်ံ၊ ဓတရဋ္ဌော ဥပါဝိသိ။ ပီဌဉ္စ သဗ္ဗသော၁ဝဏ္ဏံ၊ အလုံးစုံ ရွှေဖြင့်ပြီးသော။ အဋ္ဌပါဒံ၊ အခြေရှစ်ချောင်းရှိသော။ မနောရမံ၊ နှလုံး မွေ့လျော်ဖွယ်ရှိသော။ မဉ္ဇံ၊ နူးညံ့သိမ်မွေ့သော။ ကာသိကမထန်ံ၊ ကာသိကရောင်တိုင်း၌ ဖြစ်သော ပုဆိုးခင်းသော။ ပီဌဉ္စ၊ အင်းပျဉ်သို့လျှင်။ ဓတရဋ္ဌော၊ ဓဟရဋ္ဌ ရွှေဟသ်ာမင်းသည်။ ဥပါဝိသိ၊ ကပ်လေ၏။

၁၆၁။ ဘိက္ခ၀ေ၊ ရဟန်းတို့။ ဝေယ္ယဂ္ဃပရိသိဗ္ဗိတံ၊ ကျားရေဖြင့် ချုပ်အပ်သော။ သဗ္ဗသော၁ဝဏ္ဏံ၊ အလုံးစုံရွှေဖြင့်ပြီးသော။ ကောဈဉ္စ၊ ကပ်ကျစ်နေရာ၌လျှင်။ သုမုခေါ၊ စစ်သူကြီး သုမုခသည်။ ဓတရဋ္ဌဿ၊ ဓဟရဋ္ဌ ရွှေဟသ်ာမှင်း၏။ အနန္တရာ၊ အခြားမဲ့၌။ အဇ္ဈုပါ၁ေက်ာ်၊ ကပ်လေ၏။

၁၆၂။ တေသံ ဟံသာနံ၊ ထို ရွှေဟသ်ာမင်း နှစ်ပါးတို့အား။ ကဉ္စနပတ္တေဟိ၊ ရွှေခွက်တို့ဖြင့်။ အာဒါယ၊ ယူ၍။ ပုထူ၊ များစွာကုန်သော။ ကာသ်ယော၊ ကာသိတိုင်းသူတို့သည်။ ရညော၊ သံယမမင်းသည်။ ပ၀ါသိတံ၊ စေအပ်သော။ အဂ္ဂံ၊ အထူးထူးသော မြတ်သော အရသာရှိသော ခဲဖွယ်ဘောဇဉ်ကို။ အဘိဟာရေသုံ၊ ဆက်ကပ်ကုန်၏။

www.dhammadownload.com

မင်းကြီးနှင့် ရွှေဟင်္သာမင်း

ထို ဟင်္သာမင်းနှစ်ပါးတို့သည် ထို ရွှေခွက်၌ ပျားပေါက်ပေါက်တို့ကို စား၍ ချိုမြိန်မြတ်သော ရေကို သောက်ကုန်၏။ ထိုအခါ ဘုရားလောင်း ဓတရဋ္ဌ ရွှေဟင်္သာမင်းသည် သံယမမင်းကြီးသည် ဆောင်အပ်သော ခဲဖွယ်ဘောဇဉ်ကို လည်းကောင်း၊ ကြည်ညိုခြင်းကို လည်းကောင်း မြင်၍ ပျံသွားလေကဝတ်ကို ပြုတော်မူသဖြင့် အလုံးစုံသော အကြောင်းကို မေးတော်မူ၏။ သံယမမင်းသည် ထို ရွှေဟင်္သာမင်းသည် မေးအပ်သော အလုံးစုံသောအကြောင်းကို ဖြေဆို၏။ ထို အကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်—

၁၆၃။ ဒိသွာ အဘိဟင်္ဒံ အဂ္ဂံ၊ ကာသိရာဇေန ဓေသိတံ။
ကုသလော ခတ္တဓမ္မာနံ၊ တတော ပုစ္ဆိ အနန္တရာ ။လ။
၁၇၉။ သော ကုဒ္ဓေါ ဖရုသံဝါ စံ၊ နိစ္ဆာရေသိ အဓေယျာနိသော။
ယာနသ္မာသု နံ ဝိဇ္ဇန္တိ၊ နံ ယိဒံ ပညဝတောမိဝ—

ဟူသော တစ်ဆယ့်ခုနစ်ဂါထာတို့ကို ဟောတော်မူ၏။

၁၆၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ကာသိရာဇေန၊ ကာသိတိုင်းရှင် ဖြစ်သော သံယမမင်းသည်။ ဓေသိတံ၊ စေအပ်သော။ အဘိဟင်္ဒံ၊ ရွှေးရှုံး ဆောင်အပ်သော။ အဂ္ဂံ၊ မြတ်သော ခဲဖွယ်ဘောဇဉ်ကို။ ဒိသွာ၊ မြင်၍။ ခတ္တဓမ္မာနံ၊ မင်းကျင့်ဝတ်တို့၌။ ကုသလော၊ လိမ္မာသော ရွှေဟင်္သာမင်းသည်။ အနန္တရာ၊ အခြားမဲ့သော။ တတော-တသ္မိံ ကာလေ၊ ထိုအခါ၌။ ပုစ္ဆိ၊ မေး၏။

၁၆၄။ မဟာရာဇ၊ မင်းမြတ်။ ကစ္စိ၊ အသို့နည်း။ ဘောတော၊ အရှင် မင်းကြီးအား။ ကုသလံနု၊ အနာကင်းပါ၏လော။ ကစ္စိ၊ အသို့နည်း။ ဘောတော၊ အရှင်မင်းမြတ်အား။ အနာဝမယံ၊ ဆင်းရဲကင်းပါ၏လော။ ကစ္စိ၊ အသို့နည်း။ ဣဒံ ရဋ္ဌံ၊ ဤကာသိတိုင်းသည်။ ဖီတံ၊ ဝပြောသာယာပါ၏လော။ တံ၊ အရှင်မင်းမြတ်သည်။ ဓမ္မေန၊ တရားနှင့်အညီ။ အနုသာသသိ၊ ဆုံးမပါ၏လော။

၁၆၅။ ဟံသ၊ ရွှေဟင်္သာမင်း။ မေ၊ ငါ့အား။ ကုသလဉ္စ၊ အနာလည်းကင်းပေ၏။ ဟံသ၊ ရွှေဟင်္သာမင်း။ အထော၊ ထို့မျှို့။ အနာဝမယံ၊ ဆင်းရဲ

www.dhammadownload.com

လည်း ကင်းပါ၏။ အထော၊ ထိုမြို့။ ဣဒံ ရဋ္ဌံ၊ ဤ၌ ကာသိတိုင်းသည်။ ဖိတံ၊ ဝပြောသာယာပါ၏။ ဓမ္မေန၊ တရားနှင့်အညီ။ အနုသာသာမိ၊ ဆုံးမပါ၏။

၁၆၆။ မဟာရာဇ၊ မင်းမြတ်။ ကစ္စိ၊ အသို့နည်း။ ဘောတော၊ အရှင်မင်းမြတ်အား။ အမစ္စေသု၊ မှူးတော်မတ်တော်တို့၌။ ကောစိ၊ အနည်းငယ်သော။ ဒေါသော၊ အပြစ်သည်။ နု ဝိဇ္ဇတိ၊ မရှိ ကင်းပါ၏လော။ ကစ္စိ၊ အသို့နည်း။ တေ၊ ထိုမှူးတော်မတ်တော်တို့သည်။ တဝ၊ သင်မင်းမြတ်၏။ အတ္ထေသု၊ အမှုကိစ္စတို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်သည်ရှိသော်။ ဇီဝိတံ၊ မိမိ၏အသက်ကို။ နာဝကင်္ခန္တိ၊ အလိုမရှိပါကုန်၏လော။

၁၆၇။ ဟံသ၊ ရွှေဟင်္သာမင်း။ အထောပိ၊ ထိုမြို့လည်း။ မေ၊ ငါ့အား။ အမစ္စေသု၊ မှူးတော် မတ်တော်တို့၌။ ကောစိ၊ အနည်းငယ်သော။ ဒေါသော၊ အပြစ်သည်။ နု ဝိဇ္ဇတိ၊ မရှိ ကင်းပါ၏လော။ အထောပိ၊ ထိုမြို့လည်း။ တေ၊ ထိုမှူးမတ်တို့သည်။ မမ၊ ငါ၏။ အတ္ထေသု၊ အမှုကိစ္စတို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်သည်ရှိသော်။ ဇီဝိတံ၊ မိမိတို့အသက်ကို။ နာဝကင်္ခန္တိ၊ အလိုမရှိပေကုန်။

၁၆၈။ မဟာရာဇ၊ မင်းမြတ်။ ကစ္စိ၊ အသို့နည်း။ တေ၊ သင်မင်းမြတ်အား။ သာဒိသိ၊ ဇာတ်အမျိုးအနွယ် တူကုန်သော။ ဘရိယာ၊ မယားတို့သည်။ အာသဝါ၊ လင်ဖြစ်သော သင်မင်းကြီး၏အလိုသို့ လိုက်ပါကုန်၏လော။ ပိယဘာဏိနီ၊ ချစ်ဖွယ်သော စကားကို ဆိုကုန်၏လော။ ပုတ္တာရူပယသူပေတာ၊ သားသမီး အရောင်အဆင်း စည်းစိမ်အခြံအရံနှင့် ပြည့်စုံပါကုန်၏လော။ တဝ၊ သင်မင်းမြတ်၏။ ဆန္ဒဝသာနုဂါ၊ အလိုသို့လိုက်ကြပါကုန်၏လော။

၁၆၉။ ဟံသရာဇ၊ ရွှေဟင်္သာမင်း။ မေ၊ ငါ၏။ သာဒိသိ၊ ဇာတ်အမျိုးအနွယ် တူကုန်သော။ ဘရိယာ၊ မယားတို့သည်။ အာသဝါ၊ လင်ဖြစ်သော ငါ၏စကားကို နားဝင်ကုန်၏။ ပိယဘာဏိနီ၊ ချစ်ဖွယ်သော စကားကို ဆိုတတ်ကုန်၏။ ပုတ္တာရူပယသူပေတာ၊ သားသမီး အရောင်အဆင်း အခြံအရံ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံကုန်၏။ မမ၊ ငါ၏။ ဆန္ဒဝသာနုဂါ၊ အလိုဆန္ဒသို့ လိုက်ကုန်၏။

www.dhammadownload.com

၁၃၀။ မဟာရာဇ၊ မင်းမြတ်။ ကစ္စိ၊ အသ္သိနည်း။ ရဋ္ဌံ၊ တိုင်းပြည်ကို။ အနုပ္ပိဋ္ဌံ၊ မညှဉ်းဆဲ၏လော။ အကုတောစိ ဥပဒ္ဒဝံ၊ တစ်စုံတစ်ခုမျှ ဘေးမရှိ၏လော။ အသာဟသေန၊ နှိုင်ထက်ကလူ မမူဘဲ။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီစွာ။ အနုသာသသိ၊ ဆုံးမပါ၏လော။

၁၃၁။ ဟံသရာဇ၊ ရွှေဟသ်ာမင်း။ အထော၊ ထိုမြို့။ အဟံ၊ ငါသည်။ ရဋ္ဌံ၊ တိုင်းပြည်ကို။ အနုပ္ပိဋ္ဌံ၊ မညှဉ်းဆဲ။ အကုတောစိ ဥပဒ္ဒဝံ၊ တစ်စုံတစ်ခုမျှ ဘေးမရှိ။ အဟံ၊ ငါသည်။ အသာဟသေန၊ နှိုင်ထက်ကလူ မမူဘဲ။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီစွာ။ အနုသာသာမိ၊ ဆုံးမပါ၏။

၁၃၂။ မဟာရာဇ၊ မင်းမြတ်။ ကစ္စိ၊ အသ္သိနည်း။ တုမှေဟိ၊ သင် မင်းမြတ်တို့သည်။ သန္တော၊ သူတော်ကောင်းတို့သို့။ အပစိတာ၊ ရိုသေစွာ ဆည်းကပ်ပါကုန်၏လော။ အသန္တော၊ သူယုတ်တို့ကို။ ပရိဝဇ္ဇိဘာ၊ ကြဉ် ရှောင်ပါကုန်၏လော။ စေ၊ အကယ်၍။ ဓမ္မံ၊ ကုသိုလ်တရားကို။ နိရုံ-ကတ္ဝာ၊ စွန့်၍။ အဓမ္မံ၊ အကုသိုလ်တရားကို။ နော အနုဝတ္တသိ၊ မကျင့် ၏လော။

၁၃၃။ ဟံသ၊ ရွှေဟသ်ာမင်း။ မေ၊ ငါသည်။ သန္တော၀၊ သူတော် ကောင်းတို့ကိုသာလျှင်။ အပစိဘာ၊ ရိုသေစွာ ဆည်းကပ်ပါ၏။ အသန္တော၊ သူယုတ်တို့ကို။ ပရိဝဇ္ဇိတာ၊ ကြဉ်ရှောင်ပါ၏။ ဓမ္မေ၀၊ ကုသိုလ်တရားကို သာလျှင်။ အနုဝတ္တာမိ၊ ကျင့်ပါ၏။ မေ၊ ငါသည်။ အဓမ္မော၊ အကုသိုလ် တရားကို၊ နိရက်ာတာ၊ စွန့်ပါ၏။

၁၃၄။ ခတ္တိယ၊ ရေမြေ့အရှင်။ ကစ္စိ၊ အသ္သိနည်း။ အနာဂတံ၊ နောင် ဖြစ်လတ္တံ့သည်ကို။ ဒီဃံ၊ ရှည်စွာ။ သမပေက္ခသိ နု၊ ရှုပါ၏လော။ ကစ္စိ၊ အသ္သိနည်း။ မဒန်ယေ၊ မေ့လျော့ခြင်း၏အကြောင်းဌာ။ မတ္တော၊ မေ့လျော့ သလော။ ပရလောကံ၊ တမလွန်လောကကို။ တံ၊ သင်မင်းမြတ်သည်။ န သန္တသိ၊ မကြောက်လန့်လော။

၁၃၅။ ပက္ခီမ၊ ရွှေဟသ်ာမြတ်။ အဟံ၊ ငါသည်။ အနာဂတံ၊ အနာဂတ်ဘေးကို။ ဒီဃံ၊ ရှည်စွာ။ သမပေက္ခာမိ၊ ရှုပါ၏။ ဒဿုဓမ္မေသု၊

www.dhammadownload.com

ရုဇမံဆယ်ပါးတို့၌။ ဌိတော၊ တည်ပါ၏။ တေန၊ ထိုသို့ ရုဇမံဆယ်ပါး၌ တည်သောကြောင့်။ ပရလောက်၊ တမလွန်လောကကို။ နသန္တဲ့သေ၊ ငါ မကြောက်လန့်။

မင်းကျင့်တရား ၁၀·ပါး

၁၃၆။ ဟံသ၊ ရှေဟသ်ာမင်း။ ဒါနံ၊ အလှူပေးခြင်း လည်းကောင်း။ သီလံ၊ သီလဆောက်တည်ခြင်း လည်းကောင်း။ ပရိစ္စာဂံ၊ ပေးကမ်းစွန့်ကြဲခြင်း လည်းကောင်း။ အာဇ္ဇဝံ၊ ဖြောင့်မတ်ခြင်း လည်းကောင်း။ မဒ္ဒဝံ၊ နူးညံ့ခြင်း လည်းကောင်း။ တပံ၊ ဥပုသ်ဆောက်တည်ခြင်း လည်းကောင်း။ အကောဓံ၊ အမျက်မထွက်ခြင်း လည်းကောင်း။ အဝိဟိံသဉ္စ၊ သူတစ်ပါးကို မညှဉ်းဆဲခြင်း လည်းကောင်း။ ခန္တီ စ၊ သည်းခံခြင်း လည်းကောင်း၊ အဝိရောဓနဉ္စ၊ ပြည်သူတို့နှင့် မဆန့်ကျင်ခြင်း လည်းကောင်း။

၁၃၇။ ဣတိ၊ ဤသို့။ ဧတေ ကုသလေ ဓမ္မေ၊ ဤ ကုသိုလ်တရားတို့ကို။ အတ္ထာနိ၊ မိမိ၌။ ဌိတေ၊ တည်သည်တို့ကို။ ပဿာမိ၊ ငါမြင်၏။ တတော၊ ထိုသို့မြင်သောကြောင့်။ မေ၊ ငါ့အား။ ပီတိ၊ နှစ်သက်ခြင်းသည် လည်းကောင်း။ အနုပ္ပကံ၊ များစွာသော။ သောမနဿဉ္စ၊ ဝမ်းမြောက်ခြင်းသည် လည်းကောင်း။ ဇာယတေ၊ ဖြစ်၏။

၁၃၈။ ဟံသ၊ ရှေဟသ်ာမင်း။ ဝိဟင်္ဂမော၊ ကောင်းကင်သို့ပျံသွားတတ်သော။ အယံ သုမုခေါ၊ ဤ သုမုခသည်။ အစိန္တေ တွာ၊ မကြံမူ၍။ အသွာကံ၊ ငါတို့၏။ ဘာဝဝေါသံ၊ စိတ်၌ဒေါသကို။ အနုညာယ၊ မသိဘဲလျက်။ ဖရုသံ၊ ကြမ်းကြုတ်စွာသော။ ဂိရံ၊ စကားကို။ ဝိဿဇ္ဇိ၊ လွှတ်၏။

၁၃၉။ ဟံသ၊ ရှေဟသ်ာမင်း။ သော၊ ထိုသုမုခသည်။ ကုဒ္ဓေါ၊ အမျက်ထွက်သည်ဖြစ်၍။ အယောနိသော၊ မသင့်သောအားဖြင့်။ ဖရုသံ၊ ကြမ်းကြုတ်စွာသော။ ဝါစံ၊ စကားကို။ နိစ္ဆာရေသိ၊ မြွက်၏။ အသွာသု၊ ငါတို့၌။ ယာနိ၊ အကြင် အပြစ်တို့သည်။ နု ဝိဇ္ဇန္တိ၊ မရှိကုန်။ တာနိ၊ ထို အပြစ်တို့ကို။ ဝဒသိ၊ ဆိုဘိ၏။ ဣဒံ၊ ဤ သုမုခ၏စကားသည်။ ပညဝတာ၊ ပညာရှိသောသူတို့၏။ ဝစနံ ဣဝ၊ စကားကဲ့သို့။ နု ပညာယတိ၊ ငါမထင်။

၁၄၀။ ဟံသ၊ ရှေဟသ်ာမင်း။ သော၊ ထိုသုမုခသည်။ ကုဒ္ဓေါ၊ အမျက်ထွက်သည်ဖြစ်၍။ အယောနိသော၊ မသင့်သောအားဖြင့်။ ဖရုသံ၊ ကြမ်းကြုတ်စွာသော။ ဝါစံ၊ စကားကို။ နိစ္ဆာရေသိ၊ မြွက်၏။ အသွာသု၊ ငါတို့၌။ ယာနိ၊ အကြင် အပြစ်တို့သည်။ နု ဝိဇ္ဇန္တိ၊ မရှိကုန်။ တာနိ၊ ထို အပြစ်တို့ကို။ ဝဒသိ၊ ဆိုဘိ၏။ ဣဒံ၊ ဤ သုမုခ၏စကားသည်။ ပညဝတာ၊ ပညာရှိသောသူတို့၏။ ဝစနံ ဣဝ၊ စကားကဲ့သို့။ နု ပညာယတိ၊ ငါမထင်။

www.dhammadownload.com

စစ်သူကြီး ကန့်တော့ခြင်း

ထိုစကားကိုကြား၍ စစ်သူကြီးသုမုခသည် "ငါသည် ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော မင်းကိုလျှင် ကဲ့ရဲ့မိ၏၊ ဤမင်းသည် ငါ့အား အမျက်ထွက်၏၊ ထိုမင်းကို သည်းခံစေအံ့" ဟု ကြံ၍ သည်းခံစေလိုရကား—

၁၈၀။ အတ္ထိ မေ တံ အတိသာရံ၊ ဝေဂေန မနုဇာဓိပ။
ဓတရဋ္ဌေ ဗဒ္ဓသ္မိံ၊ ဒုက္ခံ မေ ဝိပုလံ အဟု။
၁၈၁။ တံ ပိတာ ဝိယ ပုတ္တာနံ၊ ဘူတာနံ ဓရဏီရိဝ။
အသ္မာကံ အဓိပန္နာနံ၊ ခမဿု ရာဇ ကုဉ္ဇရ—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၁၈၀။ မနုဇာဓိပ၊ လူတို့အရှင် ဖြစ်တော်မူသော။ မဟာရာဇ၊ မင်းမြတ်။ ဓတရဋ္ဌ၊ အကျွန်ုပ် အရှင်ဓတရဋ္ဌ ရှေဟသ်ာမင်းသည်။ ဗဒ္ဓသ္မိံ၊ ကျော့ကွင်းမိသည်ရှိသော်။ မေ၊ အကျွန်ုပ်အား။ ဝိပုလံ၊ များစွာသော။ ဒုက္ခံ၊ ဆင်းရဲခြင်းသည်။ အဟု၊ ဖြစ်၏။ တသ္မာ၊ ထို့သို့ ဆင်းရဲသော ကြောင့်။ မေ၊ အကျွန်ုပ်အား။ ဝေဂေန၊ လျင်စွာ။ တံ အာဘိသာရံ၊ ထို့သို့ ချုတ်ယှင်းသောစကားသည်။ အတ္ထိ၊ ရှိ၏။

၁၈၁။ မဟာရာဇ၊ မင်းမြတ်။ တံ၊ သင်မင်းမြတ်သည်။ ပုတ္တာနံ၊ သားသမီးတို့အား။ ပိတာဝိယ၊ အဘကဲ့သို့။ ဘူတာနံ၊ သတ္တဝါမြက်သစ်ပင်တို့၏။ ပထိဋ္ဌာ၊ တည်ရာဖြစ်သော။ ဓရဏီရိဝ၊ မြေကြီးကဲ့သို့။ အဓိပန္နာနံ၊ အမျက်ဒေါသဖြင့် နှိပ်စက် လှုပ်မိုးအပ်ကုန်သော။ အသ္မာကံ။ အကျွန်ုပ်တို့၏။ အဝဿယော၊ ကိုးကွယ်ရာသည်။ ဟောတိ၊ ဖြစ်တော်မူပါလော့။ ကုဉ္ဇရ၊ မင်းတကာတို့ထက် မြတ်တော်မူသော။ ရာဇ၊ မင်းမြတ်။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဒေါသံ၊ အပြစ်ကို။ ခမဿု၊ သည်းခံတော်မူပါလော့။

မင်းကြီး ကျေနပ်ခြင်း

ဤစကားကို ထိုစစ်သူကြီး သုမုခသည် နေရာမှ ဆင်းသက်၍ အတောင်တို့ကို ယှက်သဖြင့် လက်အုပ်ချီခြင်းကို ပြု၍ ဆို၏။ ထိုအခါ သုမုခကို သံယမမင်းသည် ပိုက်ဖက်သဖြင့်ယူ၍ ရှေအင်းပျဉ်၌ နေစေပြီးလျှင် အပြစ်ကို ကြားခြင်းကို ဝန်ခံလိုရကား—

www.dhammadownload.com

၁၀၂။ ဧတံ တေ အနုမောဒါမိ၊ ယံ ဘာဝံ နု နိဂ္ဂဟာသိ။
ခီလံ ပဘိန္နသိ ပက္ခိ၊ ဥဒုကောသိ ဝိဟင်္ဂမ—
ဟူသော ဤဂါထာကို ဆို၏။

၁၀၂။ ပက္ခိ၊ အတောင်ရှိသော။ ဝိဟင်္ဂမ၊ ကောင်းကင်သို့ ပျံတက်သွားတတ်သော။ သုမုခ၊ အမောင် သုမုခ။ ယံ-ယသ္မာ၊ အကြောင့်ကြောင့်။ တံ၊ သင်သည်။ အတ္တာနော၊ မိမိ၏။ ဘာဝံ၊ စိတ်၌ ဖုံးလွှမ်းအပ်သော အပြစ်ကို။ နု နိဂ္ဂဟာသိ၊ သင် မဖုံးလွှမ်း။ တေ၊ သင်၏။ ဧတံ၊ ထိုသို့ မဖုံးလွှမ်းခြင်းကို။ မယံ၊ ငါတို့သည်။ အနုမောဒါမ၊ ဝမ်းမြောက်ပါကုန်၏။ ခီလံ၊ စိတ်နှလုံး၌ ငြောင့်တံသင်းကို။ ပဘိန္နသိ၊ သင်ဖျက်၏။ ဥဒုကော၊ ဖြောင့်မှန်သည်။ အသိ၊ ဖြစ်ပေ၏။ ဧတံ၊ ဤ စိတ်နှလုံး၌ဖြစ်သော ငြောင့်တံသင်းကို နုတ်ခြင်း ဖြောင့်မှန်းခြင်းကိုလည်း။ အနုမောဒါမ၊ ဝမ်းမြောက်ပါကုန်၏။

နိုင်ငံကို နှင်းအပ်ပြီ

သံယမမင်းသည် စကားကို ဆုံးပြီး၍ ဘုရားလောင်း ရှေဟသ်ာမင်း၏ တရားစကား၌လည်းကောင်း, စစ်သူကြီး သုမုခ၏ ဖြောင့်မှန်သော အဖြစ်၌လည်းကောင်း ကြည်ညိုသည်ဖြစ်၍ ကြည်ညိုသောသူမည်သည် ကြည်ညိုသော အခြင်းအရာကို ပြုအပ်၏ဟု ကြံ၍ ထို ရှေဟသ်ာ မင်းနှစ်ပါးတို့အား မိမိ၏ မင်းစည်းစိမ်နှင့်တကွသော ဗာရာဏသီမြို့ကြီးကို ဆောက်နှင်းလိုရကား—

၁၀၃။ ယံ ကိဉ္စိ ရတနံ အတ္ထိ၊ ကာသိရာဇ နိဝေသနေ။
ရဇတံ ဇာတရူပဉ္စ၊ မုတ္တာ ဝေဠုရိယာ ဗဟူ။
၁၀၄။ မဏယော သင်္ခမုတ္တာ စ၊ ဝတ္ထကံ ဟရိစန္ဒနံ။
အဇိနံ ဒန္တဘဏ္ဍဉ္စ၊ လောဟံ ကာဠာယသံ ဗဟုံ။
ဧတံ ဒဒါမိ ဝေါ ဝိတ္တံ၊ ဣဿရံ ဝိဿဇာမိ ဝေါ—
ဟူသော ဤ နှစ်ဂါထာတို့ကို ဆို၏။

၁၀၃။ ဟံသရာဇာ၊ ရှေဟသ်ာမင်းတို့။ ကာသိရာဇ နိဝေသနေ၊ ကာသိမင်း၏ နန်းတော်၌။ ယံ ကိဉ္စိ၊ အလုံးစုံသော။ ရတနံ၊ ရတနာသည်။

www.dhammadownload.com

အတ္ထိ၊ ရှိ၏။ ရဇတံ၊ ငွေသည် လည်းကောင်း။ ဇာတရူပဉ္စ၊ ရွှေသည် လည်း ကောင်း။ မုတ္တာ၊ ပုလဲသွယ်သည် လည်းကောင်း။ ဝေဠုရိယာ၊ ကျောက် မျက်ရွဲသည် လည်းကောင်း။ ဗဟူ၊ များစွာ။ သန္တိ၊ ရှိကုန်၏။

၁၀၄။ ဗဟူ၊ များစွာကုန်သော။ မဏယော၊ ပတ္တမြား ဘဏ္ဍာ တို့သည် လည်းကောင်း။ သခ်မုတ္တာ စ၊ လက်ယာရစ် ခရုသင်း ရတနာ ပုလဲ ရတနာတို့သည် လည်းကောင်း။ ဝတ္ထကံ၊ နူးညံ့ သိမ်မွေ့သော ကာသိကရာဇ် တိုင်းဖြစ် ပုဆိုးသည် လည်းကောင်း။ ဟရိစန္ဒနံ၊ ရွှေအဆင်းနှင့် တူသော စန္ဒကူးနီသည် လည်းကောင်း။ အဇိနံ၊ သစ်နက်ရေသည် လည်းကောင်း။ ဒန္တဘဏ္ဍဉ္စ၊ ဆင်စွယ်ဘဏ္ဍာသည် လည်းကောင်း။ ဗဟုံ၊ များစွာသော။ လောဟဉ္စ၊ ကြေးနီသည် လည်းကောင်း။ ကာဠာယသဉ္စ၊ ကြေးပုပ်သည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ ဧတံ ဝိတ္တံ၊ ဤဥစ္စာကို။ ဧဝါ၊ သင် ရွှေဟင်္သာ မင်းနှစ်ပါးတို့အား။ အဟံ၊ အကျွန်ုပ်သည်။ ဒဒါမိ၊ ပေး၏။ ဣဿရံ၊ မင်းအဖြစ်ကို။ ဧဝါ၊ သင် ရွှေဟင်္သာ မင်းနှစ်ပါးတို့အား။ ဝိဿဇ္ဇာမိ၊ စွန့်လွှတ်ပါ၏။

ဟင်္သာတို့ ပြန်ခွင့်တောင်းခြင်း

ဤသို့သော စကားကို ဆိုပြီးလျှင် ရွှေဟင်္သာမင်းနှစ်ပါးတို့ကို ထီးဖြူ ဖြင့် ပူဇော်၍ ဗာရာဏသီမင်း အဖြစ်ကို ဆောက်နှင်း၏။ ထိုအခါ ဘုရား လောင်း ဓတရဋ္ဌ ရွှေဟင်္သာမင်းသည် မင်းနှင့်တကွ စကားပြော ဟောလိုရ ကား—

၁၀၅။ အဒ္ဓါ အပစိတာ တျာမှာ၊ သက္ကတာ စ ရထေသဘာ။
ဓမ္မေသု ဝတ္တမာနာန၊ တုနော အာစရိယော ဘဝ။
၁၀၆။ အာစရိယ မနုညာတာ၊ တယာ အနုမတာ မယံ။
တံ ပဒက္ခိဏတော ကတွာ၊ ညတိံ ပဿေမု ရိန္ဒမ—

ဟူသော ဤ နှစ်ဂါထာတို့ကို ဆို၏။

၁၀၅။ အဒ္ဓါ အပစိတာ တျာမှာ၊ သက္ကတာ စ ရထေသဘာ။ ဓမ္မသို့ ဝတ္တမာနာန၊ တုနော အာစရိယော ဘဝ။ ၁၀၆။ အာစရိယ မနုညာတာ၊ တယာ အနုမတာ မယံ။ တံ ပဒက္ခိဏတော ကတွာ၊ ညတိံ ပဿေမု ရိန္ဒမ— ဟူသော ဤ နှစ်ဂါထာတို့ကို ဆို၏။

၁၀၅။ အဒ္ဓါ အပစိတာ တျာမှာ၊ သက္ကတာ စ ရထေသဘာ။ ဓမ္မေသု ဝတ္တမာနာန၊ တုနော အာစရိယော ဘဝ။
၁၀၆။ အာစရိယ မနုညာတာ၊ တယာ အနုမတာ မယံ။
တံ ပဒက္ခိဏတော ကတွာ၊ ညတိံ ပဿေမု ရိန္ဒမ—

ဟူသော ဤ နှစ်ဂါထာတို့ကို ဆို၏။

၁၀၇။ ရထေသဘာ၊ ရထားစီးချင်း မင်းတကာတို့ထက် မြတ်တော် မူသော။ ဆုဇိန္ဒ၊ မင်းမျိုးနတ်။ တေ၊ သင် မင်းမြတ်သည်။ မယံ၊ အကျွန်ုပ် တို့ကို။ အဒ္ဓါ၊ စင်စစ်။ အပစိတာ၊ အရိုအသေ ပူဇော်အပ်ကုန်သည်။ အမှာ၊

www.dhammadownload.com

ဖြစ်ကုန်ပြီ။ သက္ကတာ စ၊ အရှိအသေ ပြုအပ်ကုန်သည်လည်း။ အမှာ၊ ဖြစ်ကုန်ပြီ။ တုံ၊ သင် မင်းမြတ်သည်။ ဓမ္မသုံ၊ ကုသိုလ်ကမ္မပထ တရားတို့၌။ ဝတ္တမာနာနံ၊ ကျင့်ကုန်သော။ နော၊ အကျွန်ုပ်တို့၏။ အာစရိယော၊ ဆရာသည်။ ဘဝ၊ ဖြစ်တော်မူလော့။

၁၀၆။ အာစရိယ၊ ဆရာအရာ၌ တည်ပေသော။ အရိန္ဒမ၊ ရန်သူတို့ကို ဆုံးမပေတတ်သော။ မန္ဒိရိဿရ၊ ရွှေနန်းရှင်။ တယာ၊ သင် မင်းမြတ်သည်။ အနုညာတာ၊ ခွင့်ပြုအပ်ကုန်သော။ အနုမတာ၊ အလိုတော်ကို သိကုန်သော။ မယံ၊ အကျွန်ုပ်တို့သည်။ တံ၊ သင် မင်းမြတ်ကို။ ပဒက္ခိ-ဏတော၊ လက်ယာရစ်လှည့်သည်ကို။ ကတ္တာ၊ ပြု၍။ ဥတိ၊ ဆွမ်းခံ အပေါင်းကို။ ပဿေမု၊ မြင်လိုပါကုန်၏။

ရွှေဟင်္သာတို့ လွှတ်ကြပြီ

ထို သံယမမင်းသည် ရွှေဟင်္သာမင်းတို့အား သွားခြင်းကို ခွင့်ပြုတော်မူ၏။ ဘုရားလောင်း မတရင် ရွှေဟင်္သာမင်း တရားဟော၍ စည်ပင်လျှင် အရဏ်သည်တက်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၁၀၇။ သဗ္ဗရတ္တိ စိန္တယိတ္ဝာ၊ မန္တယိတ္ဝာ ကထာကထံ။
ကာသိရာဇာ အနုညာသိ၊ ဟံသာနံ ပဝရတ္တမံ—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၁၀၇။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါ၌။ ကာသိရာဇာ၊ ကာသိမင်းသည်။ တေဟိ၊ ထို ရွှေဟင်္သာ မင်းနှစ်ပါးတို့နှင့်။ သဒ္ဒိ၊ တကွ။ ယထာကထံ၊ အလိုရှိတိုင်းသော စကားကို။ သဗ္ဗရတ္တိ၊ ညဉ့်သုံးယံပတ်လုံး။ စိန္တယိတ္ဝာ၊ ကြံစည်ပြီး၍။ မန္တယိတ္ဝာ၊ တိုင်ပင်ပြီး၍။ ဟံသာနံ၊ ဟင်္သာ အပေါင်းတို့ထက်။ ပဝရတ္တမံ၊ အလွန်မြတ်သော ရွှေဟင်္သာမင်းကို။ အနုညာသိ၊ အခွင့်ပြု၏။

ဤသို့ ထိုဗာရာဏသီပြည့်ရှင် သံယမမင်း ခွင့်ပြုသည်ရှိသော် ဘုရားလောင်းသည် ဗာရာဏသီမင်းကို "မဓမ္မမလျှ ဘရာနှင့်အညီ မင်း

www.dhammadownload.com

ပြုလေ့ဲ''ဟု ဆိုးမ၍ ငါးပါးသောသီလတို့၌ တည်စေ၏။ ဗာရာဏသီ မင်းသည်လည်း ရွှေဟသ်ာမင်းနှစ်ပါးတို့အား ရွှေခွက်တို့ဖြင့် ပျားပေါက် ပေါက်တို့ကိုလည်းကောင်း၊ ချိုမြိန်မြတ်သော ရေကိုလည်းကောင်း ဆက် ကပ်စေ၍ စားသောက်ခြင်းကိစ္စ ပြီးလတ်သော် ရွှေဟသ်ာမင်း နှစ်ပါးတို့ကို ပန်းနံ့သာ အစရှိသည်တို့ဖြင့် ပူဇော်၍ ဘုရားလောင်းကို ရွှေပန်းတောင်း ဖြင့် မင်းကြီးကိုယ်တိုင်ချီ၍ ခေမာမိဖုရားကြီးသည် စစ်သူကြီးသုမုခကို ချီပြီးလျှင် ရွှေဟသ်ာမင်း နှစ်ပါးတို့ကို မြတ်သော လေသွန်တံခါးကို ဖွင့်၍ နေထွက်သောအခါ၌ ''အရှင်ကောင်းတို့ ကြွတော်မူကြကုန်လော့'' ဟု ဆို၍ လွှတ်တော်မူကြကုန်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလို သော သဗ္ဗညု မြတ်စွာဘုရားသည်—

၁၈၈။ တတော ရတ္တာဝိဝသာနေ၊ သူရိယုဂ္ဂမနံ ပတိ။
ပေက္ခတော ကာသိရာဇဿ၊ ဘဝနတော ဝိဂါဟိသုံ—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၁၈၈။ ဘိက္ခဝေ၊ ရဟန်းတို့။ တတော တဒါကာလေ၊ ထို အခါ၌၊ ရတ္တာဝိဝသာနေ၊ ညဉ့်၏အဆုံး၌။ သူရိယုဂ္ဂမနံ၊ နေထွက်ခြင်း ကို။ ပတိ၊ စဲ၍။ ကာသိရာဇဿ၊ ကာသိမင်း၏။ ပေက္ခတော၊ ရှုကြည့် လျက်။ ဘဝနတော၊ ရွှေနန်းတော်မှ။ သုဝဏ္ဏဟံသာ၊ ရွှေဟသ်ာမင်း နှစ်ပါးတို့သည်။ အာကာသံ၊ ကောင်းကင်သို့။ ဝိဂါဟိသုံ၊ ပျံသွားလေ ကုန်၏။

စိတ္တကုဋ္ဌတော်သို့ ရောက်ကြခြင်း

ဆိုရွှေဟသ်ာမင်း နှစ်ပါးတို့တွင် ဘုရားလောင်းသည် ရွှေပန်း တောင်းမှ ပျံတက်၍ ကောင်းကင်၌ရပ်လျက် ''မြတ်သောမင်းကြီး.... စိုးရိမ်တော်မမူလင့်၊ မမေ့မလျော့ ငါတို့အဆုံးအမ၌ ကျင့်တော်မူလော့'' ဟု ဗာရာဏသီပြည့်ရှင် သံယမမင်းမြတ်ကို နှစ်သိမ့်စေပြီးလျှင် စစ်သူကြီး သုမုခကိုခေါ်၍ စိတ္တကုဋ္ဌတောင်သို့သာလျှင် ကြွတော်မူ၏။ ထိုအခါ ကိုးသောင်းကုန်သော ဟသ်ာတို့သည်လည်း ရွှေဂူမှ ထွက်လတ်၍ စိတ္တကုဋ္ဌ တောင်အပြင်၌ နေကုန်လျက် ထိုရွှေဟသ်ာမင်းနှစ်ပါးတို့ လာလတ်သည် တို့ကို မြင်ကုန်လျှင် ခရီးဦးကြိုဆို၍ ခြံရံကုန်၏။ ထိုရွှေဟသ်ာမင်းနှစ်ပါး

www.dhammadownload.com

ဆွေမျိုးအပေါင်း ခြံရံလျက် စိတ္တကူဋ်တောင်အပြင်သို့ ဝင်ကုန်၏။ ထို အကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်—

၁၀၉။ တေ အရောဂေ အနုပ္ပတ္တော၊ ဒိသွာန ပရမေ ဒိဇေ။
ကေကာတိ မကရုံ ဟံသာ၊ ပုထုသဒ္ဒေါ အဇာယထ။
၁၉၀။ တေ ပတိတာ ပမုဒ္တောန၊ ဘတ္တဲနာ ဘတ္တုဂါရဝါ။
သမန္တာ ပရိကိရိ သု၊ အဏ္ဏဇာ လဒ္ဓပစ္စယာ။
ဟူသော ဤနှစ်ဂါထာတို့ကို ဟောတော်မူ၏။

၁၀၉။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါ၌။ ဟံသာ၊ ဟင်္သာအပေါင်းတို့သည်။ အရောဂေ၊ အနာဂင်းသည်ဖြစ်၍။ အနုပ္ပတ္တော၊ ရောက်လာကုန်သော။ ပရမေ၊ မြတ်ကုန်သော။ တေ ဒိဇေ၊ ထိုရှေဟင်္သာမင်းနှစ်ပါးတို့ကို။ ဒိသွာ၊ မြင်ကုန်၍။ ကေကာတိ၊ မိမိတို့ဘာသာဖြစ်သော ကေကာဟူသော အသံကို။ အကရုံ၊ မြည်ကုန်၏။ ပုထုသဒ္ဒေါ၊ များစွာသော အသံသည်။ အဇာယထ၊ ဖြစ်လေ၏။

၁၉၀။ ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တာနံဝ၊ မိမိတို့အရှင်ဖြစ်သော် ရှေဟင်္သာမင်းသည်။ ပမုဒ္တောန၊ ရန်သူလက်မှ လွတ်သည်ရှိသော်။ ဘတ္တုဂါရဝါ၊ အရှင်ကိုရှိသေတတ်ကုန်သော။ တေ အဏ္ဏဇာ၊ ထိုရှေဟင်္သာတို့သည်။ ပတိတာ၊ ဝမ်းမြောက်ကုန်သည်ဖြစ်၍။ လဒ္ဓပစ္စယာ၊ ရအပ်သော တည်ရာရှိကုန်သည်ဖြစ်၍။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ပရိကိရိ သု၊ ခြံရံအပ်ကုန်၏။

ဟင်္သာတို့ မေတ္တာပို့ကြခြင်း

ဤသို့ ခြံရံကုန်ပြီး၍ကား ထိုဟင်္သာတို့သည် "အရှင်မင်းမြတ်.... အဘယ်သို့သော အကြောင်းကြောင့် လွတ်တော်မူကုန်သနည်း" ဟု မေးလျှောက်ကြကုန်၏။ ဘုရားလောင်း ဓတရဋ္ဌရှေဟင်္သာမင်းသည် စစ်သူကြီးသုမုခကိုမှီ၍ လွတ်သောအကြောင်းကိုလည်းကောင်း, သံယမမင်းမုဆိုးတို့သည် ပြုအပ်သောအမှုကိုလည်းကောင်း ပြောဆိုတော်မူ၏။ ထိုသို့ ပြောဆိုသောစကားကို ကြားကုန်၍ ဟင်္သာအပေါင်းတို့သည် နှစ်သက်ကုန်သည်ဖြစ်၍ "စစ်သူကြီးသုမုခသည် လည်းကောင်း, သံယမမင်းသည် လည်း

www.dhammadownload.com

ကောင်း, မှဆိုးသားသည် လည်းကောင်း ချမ်းသာသဖြင့် ဆင်းရဲကင်းကုန်သည် ဖြစ်၍ မြင့်ရှည်စွာ အသက်ရှည်ပါစေကုန်သတည်း''ဟု ဆိုကုန်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သင်္ဘည္ဥ မြတ်စွာဘုရားသည်—

၁၉၁။ ဧဝံ မိတ္တဝတံ အတ္ထော၊ သဒ္ဓေ ဟောန္တိ ပဒက္ခိဏာ။
ဟံသာ ယထာ ဓတရဋ္ဌ၊ ဉာတိသံဃ မုပါဂမုံ—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၁၉၁။ ဘိက္ခဝေ၊ ရဟန်းတို့။ မိတ္တဝန္တော၊ အဆေ့ခင်ပွန်းကောင်း ဖြစ်ကုန်သော။ ဓတရဋ္ဌော၊ ဓတရဋ္ဌမျိုး ဖြစ်ကုန်သော။ ဟံသာ၊ ရှေဟာ်ာ မင်း နှစ်ပါးတို့သည်။ ပဒက္ခိဏာ၊ အစီးအပွားနှင့် ယှဉ်ကုန်သည် ဖြစ်၍။ ဉာတိသံဃံ၊ ဆွေမျိုးအပေါင်းသို့။ ဥပါဂမုံ ယထာ၊ ကပ်ရကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ မိတ္တဝတံ၊ အဆေ့ခင်ပွန်းကောင်း ရှိသော သူတို့အား။ သဒ္ဓေ၊ အလုံးစုံကုန်သော။ အတ္ထာ၊ အကျိုးတို့သည်။ ပဒက္ခိဏာ၊ စီးပွား ခြင်းနှင့် ယှဉ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဇာတ်ပေါင်း သင်္ဘည္ဥ မြတ်စွာဘုရားသည် ဤ ဓမ္မ ဒေသနာကို ဆောင်တော်မူ၍ ''ရဟန်းတို့.... ယခုအခါ၌သာလျှင် အာနန္ဒာသည် ငါ ဘုရားအကျိုးငှာ မိမိအသက်ကို စွန့်သည်မဟုတ်သေး၊ ရှေးဦးလည်း အာနန္ဒာသည် ငါဘုရားအကျိုးငှာ မိမိအသက်ကိုစွန့်ဖူးပြီ''ဟု မိန့်တော်မူ၍ ''ယခုအခါ ဆန္ဒမထေရ်သည် ထိုအခါခေမာမုဆိုးဖြစ်ဖူးပြီ၊ ယခုအခါ ခေမာ ဘိက္ခုနီမသည် ထိုအခါ ခေမာမိဖုရားကြီးဖြစ်ဖူးပြီ၊ ယခုအခါ သာရိပုတြာသည် ထိုအခါ သံယမမင်းကြီး ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ ရှေဟာ်ာ စစ်သူကြီး သုမုခဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရားပရိသတ်တို့သည် ထိုအခါ ကြင်းသောပရိသတ်တို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ ဓတရဋ္ဌ ရှေဟာ်ာ ဖြစ်ဖူးပြီ''ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ကျေးဇူးထောက်ထား၊ သက်စွန့်ငြား. ကြီးပွားချမ်းသာမည်။
နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော မဟာဟံသဇာတ်သည် ပြီး၏။

www.dhammadownload.com

၃-သုခဘောဇနဇာတ်

ဝန်တိုမစ္ဆရိယ ကင်းဝေးကြောင်း

ဟောတော်မူရာဌာန နတ်နှင့် တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် ''နေဝ ကိဏာမိ'' အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ သုခဘောဇနဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သိတင်းသုံးနေတော်မူစဉ် အလှူဒါနကို အလိုရှိသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု ထိုရဟန်းသည် သာဂတိုဆိုပြည်၌ တစ်ယောက်သော အမျိုးသားဖြစ်၍ ဘုရားသခင်တရားတော်ကို ကြားနာရလျှင် ကြည်ညိုသောစိတ် ရှိသဖြင့် ရဟန်းပြု၍ သီလတို့၌ ဖြည့်ဆည်းလေ့ရှိသည်၊ ဓုတင်ကျေးဇူးနှင့် ပြည့်စုံသည်၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသည်။ ကောင်းစွာ ဖြစ်စေအပ်သော မေတ္တာစိတ်ရှိသည်၊ နှစ်၌ သုံးကြိမ် ဘုရား တရား သံဃာကို လုပ်ကျွေးခစားခြင်း၌ မမေ့မလျော့သည်၊ အကျင့်သီလနှင့် ပြည့်စုံသည်၊ အလှူဒါနကို အလိုရှိသည်ဖြစ်၏၊ သာရဏီယဝတ်ကို ဖြည့်၏၊ မိမိသည် ရအပ်သောပစ္စည်းကို အလှူခံတို့သည် ရိုကုန်လတ်သော် ပြတ်သော ဆုမ်းရှိသည် ဖြစ်သော်လည်း လှူသည်သာလျှင်တည်း။ ထို့ကြောင့် ထိုရဟန်း၏ အလှူဒါန၌ အလိုရှိသောအဖြစ် အလှူဒါန၌ မေ့လျော့သောအဖြစ်သည် ရဟန်းသံဃာအပေါင်း၌ ထင်ရှား၏။

အလှူ.ရှင်ရဟန်း

ထိုအခါ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် စကားကို ဖြစ်စေကုန်၏၊ ''ငါ့ရှင်တို့ ဤအမည်ရှိသော ရဟန်းသည် အလှူဒါနကို အလိုရှိ၏၊ အလှူ၌မေ့လျော့၏၊ မိမိသည် ရအပ်သော တစ်လက်ဖက်မျှလောက်သော ရေကိုသော်လည်း လောဘကိုဖြတ်၍ သီတင်းသုံးဖော်တို့အား ပေးလှူ၏၊ ထိုရဟန်း၏ အလိုသည် ဘုရားလောင်း၏ အလိုဆန္ဒကဲ့သို့ ဖြစ်၏''ဟု စကားကို ဖြန့်စေကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ထို စကားကို နတ်တို့နားနှင့်တူးသော ဒိဗ္ဗသောတ အာဘိညာဉ်ဖြင့် ကြားတော်မူလျှင် ဂန္ဓကုဋိတော်မှ ထွက်တော်မူခဲ့သဖြင့် ကြွလာတော်မူလတ်၍ ''ရဟန်းတို့ ...ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း'' ဟု မေး

www.dhammadownload.com

တော်မူလတ်၍ "ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏" ဟု နားတော် လျှောက်ကုန်လတ်သော် "ရဟန်းတို့....ဤရဟန်းသည် ရှေးဘဝကား ပေးလှူ လေ့မရှိသည် ဝန်တို မိစ္ဆာရှိသည် ဖြစ်၏၊ မြက်ဖျားဖြင့် ဆီပေါက်မျှလောက် ကိုသော်လည်း မပေးမလှူ၊ ထိုအခါ ထိုရဟန်းကို ငါဘုရားသည် ဆုံးမ တော်မူသဖြင့် ယဉ်ကျေးသည်ကို ပြု၍ အလှူဒါန၏ အကျိုးကို ချီးမွမ်း လျက် အလှူပေးခြင်းဌာ တည်စေတော်မူ၏။ ထိုရဟန်းသည် တစ်လက်ဖက် မျှလောက်သော ရေကိုသော်လည်း ရသည်ရှိသော် မလှူမူ၍ မသောက် ပါပြီဟု ငါဘုရားအထံ၌ ဆုကိုယူ၏၊ ထိုသို့ယူဖူးသော ဆု၏အစွမ်းကြောင့် အလှူဒါန၌ အလိုရှိသည် အလှူဒါန၌ မွေ့လျော်သည်ဖြစ်၏" ဟု မိန့် တော်မူ၍ ဆိတ်ဆိတ်နေတော်မူလျှင် ထိုရဟန်းတို့သည် တောင်းပန်အပ် သည် ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့....လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် တစ်ယောက်သော သူကြွယ်သည် မျှားသော ဥစ္စာနှစ် ရှိသည်ဖြစ်၍ ကုဋေရှစ်ဆယ် ကြွယ်ဝ၏။ ထိုအခါ ဗာရာဏသီမင်းသည် ထို သူကြွယ်အား သူဌေး အရာကို ပေးတော်မူ၏။ ထို သူကြွယ်သည် မင်း, ပြည်သူ, ဇနပုဒ်သူတို့သည် ပူဇော်အပ်သည်ဖြစ်၍ တစ်နေ့သ၌ မိမိ စည်းစိမ်ကိုကြည့်၍ ကြံ၏။ "ဤ စည်းစိမ် ချမ်းသာကို ငါသည် ရှေးဘဝ၌ အိပ်သဖြင့်လည်းမရ၊ ကာယဒုစရိုက် အစရှိသည်တို့ကို ပြုသဖြင့်လည်းမရ၊ စင်စစ်သော်ကား သုစရိုက်တရားကို ဖြည့်၍ ရအပ်၏၊ နောင်အခါ၌လည်း ငါသည် ငါ၏တည်ရာကို ပြုခြင်းငှာ သင့်၏" ဟု ကြံ၏။ ကြံပြီး၍ ထို သူကြွယ်သည် မင်း၏ အထံသို့ သွား၍ "အရှင်မင်းမြတ်.... အကျွန်ုပ်အိမ်၌ ဥစ္စာ ကုဋေရှစ်ဆယ်ရှိပါ၏၊ ထို ဥစ္စာကို အရှင်မင်းမြတ်သည် ယူတော်မူပါလော့" ဟု တင်လျှောက်လတ်သော် "သူဌေး....ငါသည် သင့်ဥစ္စာဖြင့်အလိုမရှိ၊ ငါ့အား ဥစ္စာသည် မျှားစ္စာ၏၊ ဤ ငါ၏ နန်းတော်မှ သည် အကြင်ဥစ္စာကို သင် အလိုရှိ၏၊ ထိုဥစ္စာကို သင်ယူလော့" ဟု ဆိုလတ် သော် "အရှင်မင်းမြတ်....အသို့နည်း၊ အကျွန်ုပ် ဥစ္စာကို အကျွန်ုပ်သည် လှူခြင်းငှာ ရပါမည်လော" ဟု တင်လျှောက်ပြန်၏။ ထိုအခါ သူဌေးကို ဗြဟ္မဒတ်မင်းသည် "သင့်ဥစ္စာကို သင် အလိုရှိတိုင်းပြုပါလော့" ဟု ဆိုလတ် သော် မြို့တံခါး လေးမျက်နှာတို့၌ လည်းကောင်း၊ မြို့လယ်၌လည်းကောင်း၊ နေအိမ် တံခါး၌ လည်းကောင်း ဤသို့ ခြောက်ဌာနတို့၌ ခြောက်ဆောင်

www.dhammadownload.com

သော အလှူတင်းကုပ်တို့ကို ဆောက်စေ၍ နေ့တိုင်း နေ့တိုင်း ခြောက်သိန်း သော ဥစ္စာတို့ကို စွန့်ကြဲလျက် ကြီးစွာသော အလှူကို ဖြစ်စေ၏။

မစ္ဆရိယသူဌေး

ထို သူဌေးသည် အသက်ထက်ဆုံး အလှူပေး၍ "ငါ၏ ဤ အလှူ အစဉ်အဆက်ကို မဖြတ်ကြကုန်လင့်" ဟု သားတို့ကို ဆုံးမ၍ အသက်၏ အဆုံး၌ နတ်သိကြားဖြစ်၏။ ထို သူဌေးသားသည်လည်း ထို့အတူလျှင် အလှူပေး၍ စွန့် နတဲသား ဖြစ်၏။ ထို သူဌေးသားသည်လည်း ထို့အတူ အလှူပေး၍ သူရိယနတ်သား ဖြစ်၏။ ထို သူဌေးသားသည်လည်း ထို့အတူ အလှူပေး၍ မာတလိနတ်သားဖြစ်၏။ ထို သူဌေးသားသည်လည်း ထို့အတူ အလှူပေး၍ ပဉ္စသိခ နတ်သား ဖြစ်၏။ ထို သူဌေး၏ သားဖြစ်သော ခြောက်ယောက်မြောက်သော သူဌေးသားသည်ကား သူဌေး ၏အရာကို ရသည်ရှိသော် မစ္ဆရိကောသိယ အမည်ရှိသော သူဌေးဖြစ်၏။ ကုဋေ့ရှစ်ဆယ် ကြွယ်ဝသည်သာလျှင်တည်း။

ခြုံးခြံလွန်းလှသူ

ထို မစ္ဆရိကောသိယ သူဌေးသည် "ငါ၏ အဘ အဘိုးတို့သည် မိုက်သည် ဖြစ်ကုန်၏၊ ဆင်းရဲငြိုငြင်စွာ ဆည်းပူးအပ်သော ဥစ္စာကို စွန့်ကုန်၏၊ ငါမူကား ဤဥစ္စာကိုစောင့်ရှောက်အံ့၊ တစ်စုံတစ်ယောက်သောသူအား အနည်းငယ်မျှသော ဥစ္စာကို ငါမပေးအံ့" ဟု ကြံ၍ အလှူ တင်းကုပ်တို့ကို ဖျက်ဆီး၍ မီးတိုက်ပြီးလျှင် ခက်ထန် ငန်တိုသည်ဖြစ်၏။ ထိုအခါ ထို မစ္ဆရိကောသိယ သူဌေး အိမ်တံခါး၌ အလှူခံ ဖုန်းတောင်းယာစကာ တို့သည် စည်းဝေးကုန်၍ လက်နှစ်ဖက်တို့ကို ချီမြှောက်ကြကုန်လျက် "သူဌေးကြီး....မိမိ၏ အဘ အဘိုး အဆက်ဆက်တို့၏ အလှူဝတ် အစဉ်ကို မဖျက်ဆီးပါလင့်၊ အလှူပေးပါလော့" ဟု ဆို၍ များစွာသော အသံဖြင့် ဝိုင်းကြွေးကုန်၏။ ထို ဝိုင်းကြွေးသံကိုကြား၍ လူမျှားသည် "မစ္ဆရိကောသိယ သူဌေးသည် မိမိ အလှူဝတ်အစဉ်ကို ဖြတ်၏" ဟု ထိုသူဌေးကို ကဲ့ရဲ့ကြကုန်၏။ "ထို မစ္ဆရိကောသိယ သူဌေးသည် ရှက်သည်ဖြစ်၍ အိမ်တံခါးသို့ လာကုန်၊ လာကုန်သော အလှူခံတို့ကို မြင်စိမ့်သောငှာ အစောင့် အရှောက်ကို ထား၏။ ထို အလှူခံ ဖုန်းတောင်းယာစကာ တို့သည် အထောက်အပံ့ မှရှိကုန်သည်ဖြစ်၍ တစ်ဖန် ထို သူဌေးအိမ်တံခါးကို မကြည့်

www.dhammadownload.com

ကုန်ပြီ။ ထို သူဋ္ဌေးသည် ထိုအခါမှစ၍ ဥစ္စာကိုသာလျှင် ဆည်းပူး၏။ ထို ဥစ္စာကို မိမိလည်း မသုံးဆောင်၊ သားမယား အစရှိသော သူတို့အားလည်း မပေး၊ ပဒုံးရည်လျှင် နှစ်ခုံးမြောက်သော ဆန်ကဲ့ ထမင်းကိုသာလျှင် စား၏၊ ဝါချည်ဖြင့် ရက်အပ်ကုန်သော ရုန့်ကြမ်းသော ပုဆိုးတို့ကိုသလျှင်ဝတ်၏၊ သစ်ရွက်ထီးကို ဦးခေါင်းထက်၌ ဆောင်း၍ ဂိုဏ်အိုကသော ဆွေးမြည့်ဟောင်းနွမ်းသော ရထားအိုကိုသာလျှင် စီး၍သွား၏။ ဤသို့လျှင် သူဋ္ဌေးယုတ်၏ ဥစ္စာသည် ခွေးသည်ရအပ်သော အုန်းသီးကဲ့သို့ ဖြစ်၏။

အာဟာရချို့ပြီ

ထို သူဋ္ဌေးသည် တစ်နေ့သ၌ မင်းခစားအံ့သောငှာ သွားသည်ရှိသော် "သူဋ္ဌေးယ်ကိုခေါ်၍ သွားအံ့" ဟု ထို သူဋ္ဌေးယ်အိမ်သို့သွား၏။ ထိုခဏ၌ သူဋ္ဌေးယ်သည် သားသမီးတို့ဖြင့် ခြံရံလျက် ထောပတ်သစ်, ပျားလဖို့ သကာမှုန့်တို့ဖြင့် စီရင်အပ်သော နို့ဃနာကို စားလျက်နေ၏။ ထို သူဋ္ဌေးယ်သည် မစ္ဆရိကောသိယ သူဋ္ဌေးကြီးကိုမြင်လျှင် နေရာမှထ၍ "အရှင် သူဋ္ဌေးကြီး ကြွတော်မူလှည့်၊ ဤပဲလင်၌နေ၍ နို့ဃနာကို စားကြကုန်အံ့" ဟု ဆို၏။ ထို ဃနာကိုမြင်လျှင် ထို မစ္ဆရိကောသိယ သူဋ္ဌေး အာခံတွင်း၌ တံတွေးသည်ဖြစ်၏၊ စားလို၏၊ ဤသို့ စားလိုသော်လည်း တစ်ဖန် ကြံပြန်၏။ "အကယ်၍ ငါသည် ဤ ဃနာကို စားအံ့၊ ဤသို့ စားသည်ရှိသော် သူဋ္ဌေးယ်သည် ငါ့အိမ်သို့ လာသောအခါ ပူဇော်သကာရအတုံ့ ပြုရလတ္တံ့၊ ဤသို့ ပြုတုံ့ ပြုရသည်ရှိသော် ငါ၏ ဥစ္စာသည် ပျက်စီးလတ္တံ့" ဟု ကြံ၍ "ငါ မစားအံ့" ဟု ဆို၏။ အဖန်တလဲလဲ တောင်းပန်သော်လည်း "ယခုအခါ ငါ ထမင်းဝသည်ဖြစ်၏" ဟု ဆို၍ အလိုမရှိ။ သူဋ္ဌေးယ် စားသည်ရှိသော်ကား ကြည့်လျက် ခံတွင်း၌ များစွာသော တံတွေးရှိလျက် နေ၍ ထိုသူဋ္ဌေးယ် စားခြင်းကိစ္စအဆုံး၌ ထိုသူဋ္ဌေးယ်နှင့်တကွ မင်း၏နန်းတော်သို့သွား၍ မင်းကို ဖူးမြင်ပြီးလျှင် မင်းအိမ်မှ သက်ခဲ့၍ မိမိအိမ်သို့ ရောက်လတ်သော် နို့ဃနာကို စားချင်ခြင်း တကာဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ကြံ၏။ "အကယ်၍ ငါသည် နို့ဃနာကို စားလို၏ဟုဆိုအံ့၊ လူများသည်လည်း စားလိုသည် ဖြစ်လတ္တံ့၊ များစွာကုန်သော ဆန် အစရှိသည်တို့သည် ပျက်စီးကုန်လတ္တံ့၊ တစ်စုံတစ်ယောက်သော သူကိုမျှ မပြောမဆိုအံ့" ဟု ကြံ၏။ ကြံပြီး၍ ထိုသူဋ္ဌေးသည် နေ့ညဉ့်မပြတ် နို့ဃနာကိုသာလျှင် ကြံလျက် လွန်စေသော်လည်း ဥစ္စာ

www.dhammadownload.com

ပျက်စီးခြင်းမှ ကြောက်သောကြောင့် တစ်စုံတစ်ယောက်သော သူအား မပြောမဆိုမူ၍လျှင် ငတ်မွတ်ခြင်းကိုသည်းခံ၏။ အစဉ်သဖြင့် သည်းခံခြင်းငှာ မတတ်နိုင်ရကား ဖက်ရွက်ရော်ကဲ့သို့ ဖျော့တော့သော အဆင်းရှိသည် ဖြစ်၏။ ဤသို့ ဖျော့တော့သော အဆင်းရှိသည် ဖြစ်ငြားသော်လည်း ဥစ္စာပျက်စီးခြင်းမှ ကြောက်သောကြောင့် မပြောဆို။ နောက်အဖို့၌ အားနည်းသည် ဖြစ်၍ အိပ်ရာညောင်စောင်းကို ဖက်၍အိပ်၏။

ပုန်း၍ နို့ဃနာချက်ပုံ

ထိုအခါ ထိုမစ္ဆရိကောသိယ သူဌေးကို မှယားသည် ချဉ်းကပ်၍ လက်ဖြင့် ကျောကို သုံးသပ်လျက် "အရှင်....အရှင့်အား အဘယ် မချမ်းသာသနည်း" ဟု ဆ၏။ "ရှင်မ....သင်၏ကိုယ်၌သာလျှင် မချမ်းသာခြင်းကို ပြုလော့၊ ငါ့အား မချမ်းသာခြင်းသည် မရှိ" ဟု ဆို၏။ "အရှင်.... အရှင်သည် ဖက်ရွက်ရော်ကဲ့သို့ ဖျော့တော့သော အဆင်းရှိ၏၊ အရှင့်အား တစ်စုံတစ်ခုသော အကြံသည် ရှိသလော၊ ထိုသို့မဟုတ်မူ အရှင်၏မင်းမြတ်သည် အမျက်ထွက်တော် မူသလော၊ ထိုသို့မဟုတ်မူ သားသမီးတို့သည် မထီမဲ့မြင်ပြုသလော၊ထိုသို့မဟုတ်မူ တစ်စုံတစ်ခုသော ချင်ခြင်းတရားသည် ဖြစ်သလော" ဟု မေး၏။ "ရှင်မ....ငါ့အား ချင်ခြင်းတရားသည် ဖြစ်၏" ဟု ဆိုသတ်သော် "အရှင်....ဖြစ်သောချင်ခြင်းကို ဆိုပါလော့" ဟု ဆို၏။ "ရှင်မ....ထိုချင်ခြင်းကို ငါ မဆိုအံ့" ဟု ဆိုလတ်သော် "အရှင်....ထိုချင်ခြင်းတရားကို စောင့်ခြင်းငှာ မတတ်နိုင်လှတ္တံ့လော" ဟုမေး၏။ "စောင့်အပ်သည်နှင့် လျော်သော အခါသည် အကယ်၍ဖြစ်ငြားအံ့၊ ငါ စောင့်အံ့" ဟုဆို၍ ဤသို့ဖြစ်သော်လည်း ဥစ္စာပျက်စီးအံ့သည်မှ ကြောက်သောကြောင့် ပြောဆိုခြင်းငှာမဝံ့၊ ထိုမယားသည် အဖန်တလဲလဲနှိပ်စက်၍ မေးသည်ရှိသော် ပြောဆို၏။ "ရှင်မ....ငါသည် တစ်နေ့သ၌ ထောပတ်သစ်, ပျား, သကာတို့ဖြင့် ကောင်းစွာ စီရင်အပ်သော နွားနို့ဃနာထမင်းကို သူဌေးငယ် စားသည်ကို မြင်ရလျှင် ထိုအခါမှစ,၍ ထိုနို့ဃနာနှင့်တူသော ဃနာထမင်းကို စားလိုသည် ဖြစ်၏" ဟု ပြောဆိုလတ်သော် "အိုသူယုတ်.... အသို့နည်း၊ သင်သည် ဆင်းရဲပါသလော၊ ဗာရာဏသီမြို့လုံးလျှောက်အောင် နို့ဃနာထမင်းကို ချက်အံ့" ဟု ဆို၏။ ထိုသို့ဆိုသောအခါ ထိုသူဌေး အား ဦးခေါင်း၌ လှံတံဖြင့် ပုတ်ခတ်သကဲ့သို့ ဖြစ်၏။

ထိုသူဌေးသည် မယားအား အမျက်ထွက်၍ "ငါသည် သင်ဥစ္စာမျှားသော အဖြစ်ကို သိပါ၏၊ သင့်အား မိဘအိမ်မှ ဆောင်ယူခဲ့သော

။ဂုံဖောဒယ်ဖြူး:ဒုဂတထေယျကဲ့နှဲ့ :ငြိတ:ထွယ်ကာခုတ ဦးထေဒ :ယြ:ဒါဇိုကင်္ဂငယောကပွဲဇီဂ ။ဒင-ဂုံ
(ဌာဇောဖောငြောတောင် ၁၈-၀၆၆)



www.dhammadownload.com

www.dhammadownload.com

ဥစ္စာသည် အကယ်၍ ရှိအံ့၊ ထိုဥစ္စာဖြင့် နို့ဃနာချက်၍ အလုံးစုံသော မြို့နေသူတို့အား ပေးလော့'' ဟု ဆို၏။ ''ထိုသို့တပြီးကား တစ်ခုသော လမ်းခရီးဥဿနေသော သူတို့အား စားလောက်သည်ကို ပြု၍ ချက်အံ့'' ဟု ဆိုလတ်သော် ''သင့်အား ထိုသူတို့ကို မိမိဥစ္စာကို စားစေသဖြင့် အဘယ် အကျိုးရှိအံ့နည်း'' ဟု ဆို၏။ ''ထိုသို့တပြီးကား ထိုမှ ဤမှ ခုနစ်အိမ်, ခုနစ်အိမ်၌ နေကုန်သော သူတို့အား စားလောက်သည်ကိုပြု၍ ချက်အံ့'' ဟု ဆို၏။ ''ထိုသူတို့ဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း'' ဟု ဆိုလတ်သော် ''ဤ ငါတို့အိမ်၌နေသော ပရိသတ်အပေါင်းအား စားလောက်ရုံ ချက်အံ့'' ဟု ဆို၏။ ''သင့်အား ထိုသူတို့ဖြင့် အဘယ် အကျိုးရှိအံ့နည်း'' ဟု ဆို၏။ ''ထိုသို့တပြီးကား ငါတို့သားသမီး အဆွေအမျိုး တစ်စုအား သာလျှင် စားလောက်ရုံ ချက်အံ့'' ဟု ဆို၏။ သင့်အား ဤသားသမီး ဆွေမျိုးတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟုဆို၏။ ''ထိုသို့တပြီးကား ငါတို့ လင်မယား စားလောက်ရုံ ချက်အံ့'' ဟု ဆိုသည်ရှိသော် ''သင့်အား အဘယ်ပြုအံ့နည်း၊ သင့်အား မသင့်'' ဟု ဆို၏။ ''ထိုသို့တပြီးကား အရှင် တစ်ယောက်တည်းစားလောက်ရုံသာ ချက်အံ့'' ဟု ဆိုလတ်သော် ''ငါ့ဖို့ကို လည်း သင် မချက်ပါလင့်၊ စင်စစ်သော်ကား ဤဃနာကို ဤအိမ်၌ ချက် သည်ရှိသော် မျှားစ့ဉာသော လူတို့သည် တောင့်တ, ကုန်လတ္တံ့၊ ငါ့အား တစ်ခွက်သောဆန်ကိုလည်းကောင်း, ဆန်၏ လေးစုတစ်စုဿသာ နို့ရည်ကို လည်းကောင်း, နို့ရည်အားလျော်သော သကာခွက်ကို လည်းကောင်း, ထောပတ်ခွက်ကိုလည်းကောင်း, ပျားခွက်ကိုလည်းကောင်း, ဃနာချက်စရာ အိုးတစ်လုံးကိုလည်းကောင်း ပေးလော့၊ တောသို့ဝင်၍ ထိုတောဥ်ချက်၍ ငါ စားချေအံ့'' ဟုဆိုလတ်သော် ထိုမယားသည် သူဌေးဆိုတိုင်းပြု၏၊ ထိုသူဌေး သည် အလုံးစုံကို အစေအပါးတစ်ယောက်ကိုယူခဲ့စေ၍ထိုသူဌေးသည်အလုံး စုံကို ''သွားချေ၊ ဤမည်သောအရပ်၌ သင်နေနှင့်လော'' ဟု မှာထားပြီး လျှင် ထိုအလုပ်အကျေးကို ရှေ့ကသွားစေ၍ တစ်ယောက်တည်းသာလျှင် လျှိုဝှက်သည်ကိုပြု၍ မထင်ရှားသော အသွင်ဖြင့် ထိုမှာထားလိုက်ရာအရပ်သို့ သွား၍ မြစ်နားဝယ် တစ်ခုသော ချုံတွင်း၌ ခုံလောက်လုပ်ပြီးလျှင် ထင်း ရှေကိုဆောင်ယူစေ၍ ''သင်သည် သွား၍ တစ်ခုသော လမ်းခရီးဥဿနေ၍ တစ်စုံတစ်ယောက်သောသူကိုမြင်လျှင် ငါ့အား အမှတ်ပေးလှည့်လော့၊ ငါ ခေါ်မှသာလျှင် သင်လာခဲ့လော့'' ဟု ဆို၍ ထိုအလုပ်အကျေးကို စေလိုက် ပြီးလျှင်မီးညှိ၍ နို့ဃနာချက်၏။

www.dhammadownload.com

သိကြားမင်း အလှူခံလာခြင်း

ထိုခဏ၌ သိကြားနတ်မင်းသည် ယူဇနာတစ်ထောင်ရှိသော တန်ဆာဆင်အပ်သော သုဒဿန နတ်မြို့ကိုလည်းကောင်း, ယူဇနာ ခြောက်ဆယ်ရှိသော ရွှေဖြင့်ပြီးသော နတ်လမ်းကို လည်းကောင်း, ယူဇနာ တစ်ထောင်မြင့်သော ဝေဇယန္တာ ပြာသာဒ်ကို လည်းကောင်း, ယူဇနာငါးရာရှိသော သုဓမ္မာ နတ်သဘင်ကို လည်းကောင်း, ယူဇနာ ခြောက်ဆယ်ရှိသော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာနေရာကို လည်းကောင်း, အဝန်း ငါးယူဇနာရှိသော ရွှေပန်းကို လည်းကောင်း, ထီးဖြူကို လည်းကောင်း, နှစ်ကုဋေ့ ငါးသန်းအရေအတွက်ရှိသော နတ်သမီးအပေါင်းတို့ကို လည်းကောင်း, တန်ဆာဆင်ခြင်းနှင့်စပ်သော မိမိကိုယ်အဖြစ်ကို လည်းကောင်း ကျွဲသို့ မိမိ၏ ဘုန်းကျက်သရေအစုကိုကြည့်၍ ''အဘယ်ကောင်းမှုကို ပြု၍ ငါသည် ကျွဲကဲ့သို့သော နတ်မင်းစည်းစိမ် ချမ်းသာကို ရလေသနည်း'' ဟု ကြံဆင်ခြင်လတ်သော် ဗာရာဏသီပြည်၌ သူဌေးဖြစ်စဉ် မိမိသည် ဖြစ်စေအပ်သော အလှူဒါနကို မြင်၏။

ထို့နောင်မှ ''ငါ၏သား အစရှိကုန်သောသူတို့သည် အဘယ်အရပ်၌ ဖြစ်လေသနည်း'' ဟု ကြည့်ပြန်လတ်သော် မိမိသားသည် စန္ဒနတ်သား ဖြစ်၏၊ စန္ဒနတ်သား၏ သားသည် သူရိယနတ်သား ဖြစ်၏၊ ထို သူရိယနတ်သား၏ သားသည် မာတလိနတ်သား ဖြစ်၏၊ ထို မာတလိနတ်သား၏ သားသည် ပဥ္စသိခ နတ်သားဖြစ်၏၊ ကျွဲသို့ အလုံးစုံသော ဖြစ်ခြင်းကိုမြင်၍ ''ပဥ္စသိခနတ်သား၏ သားသည် အဘယ်သို့ သဘောရှိအံ့သနည်း'' ဟု ကြည့်ပြန်လတ်သော် မိမိအနှယ်ကိုဖြတ်သော အဖြစ်ကို မြင်၏။ ထိုအခါ ထိုသိကြားနတ်မင်းအား ကျွဲသို့ အကြံသည် ဖြစ်၏။ ''ကျွဲ သူယုတ်သည် ဇနပိုတ်ပင်သည်ဖြစ်၍ မိမိလည်း မသုံးဆောင်၊ သူတစ်ပါးတို့အားလည်း မပေး၊ ငါ၏ အနှယ်အဆက်ကို ထိုသူယုတ်သည် ဖြတ်၏၊ သေလျှင် ငရဲ၌ ဖြစ်လတ္တံ့၊ ထိုသူယုတ်အား ဆုံးမသဖြင့် ငါ၏အနှယ်အဆက်ကို တည်စေ၍ သူယုတ်၏ ကျွဲ ငါတို့နတ်ပြည်၌ဖြစ်အံ့သော အကြောင်းကို ငါပြုအံ့'' ဟု ကြံ၏။ ကြံပြီး၍ ထိုသိကြားနတ်မင်းသည် စန္ဒနတ်သား အစရှိသော သူတို့ကို ခေါ်စေ၍ ''အမောင်တို့....လာကြကုန်၊ လူ့ပြည်သို့သွားကုန်အံ့၊ မစ္ဆရိကောသိယသူဌေးသည် ငါတို့အနှယ် အဆက်ကို ဖြတ်၏၊ အလှူတင်းကုပ်တို့ကို ဖျက်ဆီး၍ မီးတိုက်အပ်ကုန်၏၊ ဥစ္စာပစ္စည်းတို့ကို မိမိလည်း

www.dhammadownload.com

မသုံးဆောင်၊ သူတစ်ပါးတို့အားလည်း မပေး၊ ယခုအခါနို့ ဃနာကိုစားလို သည်ဖြစ်၍ အိမ်၌ချက်သည်ရှိသော် တစ်ပါးသောသူအားလည်း နို့ ဃနာကို ပေးရလတ္တံ့'' ဟု ကြံ၍ တောသို့ဝင်ပြီးလျှင် တစ်ယောက်တည်း သာလျှင် ချက်၏၊ ထိုသူယုတ်ကို ဆုံးမသဖြင့် အလှူ၏အကျိုးကို သိစေ၍ လာကြကုန်အံ့၊ စင်စစ်သော်ကား အလုံးစုံသော ငါတို့သည် တစ်ပေါင်း တည်း တောင်းကြကုန်သည်ရှိသော် ထိုအရပ်၌ပင်လျှင် သေရာ၏၊ ငါသည် ရှေးဦးစွာသွား၍ ဃနာကိုတောင်း၍ နေသောကာလ၌ သင်တို့သည် ပုဏ္ဏားအသွင်ဖြင့် အစဉ်အတိုင်း လာကုန်၍ တောင်းကြကုန်လော့'' ဟု မှာထားခဲ့ပြီးလျှင် မိမိသည်ကား ရှေးဦးစွာ ပုဏ္ဏားအသွင်ဖြင့် ထိုမစ္ဆရိကောသိယ သူဌေးအထံသို့ ချဉ်းကပ်၍ ''အို....ရှင်သူဌေး....ဗာရာဏသီသို့ သွားရာလမ်းခရီးသည် အဘယ်နည်း'' ဟု မေး၏။ ထိုအခါ သိကြားနတ်မင်းကို မစ္ဆရိကောသိယသူဌေးသည် ''သင်သည် ရူးသလော၊ ဗာရာဏသီပြည် လမ်းခရီးကိုမျှ မသိ၊ အဘယ်ကြောင့် ဤအရပ်သို့ လာသနည်း၊ ဤအရပ်မှသွားလော့'' ဟု ဆို၏။ သိကြားမင်းသည် ထိုသူဌေးဆိုသော စကားကိုကြားလျက်လည်း မကြား၏ကဲ့သို့ ''အသို့ဆိုသနည်း'' ဟု ဆို၍ ထိုသူဌေးသို့ ချဉ်းကပ်သည်သာတည်း။ ထိုသူဌေးသည်လည်း ''ဟယ် ပုဏ္ဏား နားပင်း....အဘယ့်ကြောင့် ဤအရပ်သို့လာသနည်း၊ ရှေ့သို့သွား လော့'' ဟု ဆိုမြည်ရေရွတ်၏။ ထိုအခါ သူဌေးကို သိကြားမင်းသည် ''အိုသူဌေး....အဘယ့်ကြောင့် သင်မြည်တမ်းသနည်း၊ မီးခိုးသည် ထင်၏၊ မီးသည် ထင်၏၊ နို့ ဃနာချက်သလော၊ ပုဏ္ဏားတို့အား ပင့်ဖိတ်ရာအရပ် သည် ဖြစ်ရာ၏၊ ငါသည်လည်း ပုဏ္ဏားတို့အား ဆွမ်းကျေးသောအခါ အတန်ငယ်ရလတ္တံ့၊ အဘယ့်ကြောင့် ငါ့ကို နှင်ထုတ်သနည်း'' ဟု ဆိုလတ်သော် ''ဤအရပ်၌ ပုဏ္ဏားတို့အား ပင့်ဖိတ်ခြင်းသည် မရှိ၊ ရှေ့သို့ အသင် သွားလေးလော့'' ဟု ဆိုသဖြင့် ''ထိုသို့တပြီးကား အဘယ့်ကြောင့် သင် အမျက်ထွက်သနုံးည်း၊ သင်စားသောကာလ၌ အတန်ငယ် ငါရလတ္တံ့'' ဟု ဆို၏။ ထိုအခါ သိကြားမင်းကို သူဌေးသည် ''ပုဏ္ဏား....ငါသည် ထမင်း တစ်လုတ်ကိုမျှလည်း သင့်အားမပေးလတ္တံ့၊ ဤ ဃနာသည် အနည်းငယ် သာတည်း၊ ငါတစ်ယောက်မျှလောက်ရုံသာ ချက်၏၊ တောင်း၍သာလျှင် ငါသည် ရအပ်၏၊ အသို့နည်း၊ သင်သည် တစ်ပါးသောအစာကို ရှာ လေလော့'' ဟု ဆို၍ မယားကို တောင်း၍ ရသောအဖြစ်ကို ရည်၍သာ လျှင် ပြောဆိုသဖြင့် ထိုအကြောင်းကို ပုဏ္ဏားအား ကြားလိုရကား—

www.dhammadownload.com

၁၉၂။ နေဝ ကိဏာမိ နပိ ဝိက္ကိဏာမိ၊
နပိ မေ သန္နိစယော စ အတ္ထိ။
သုကိစ္ဆရူပံ ဝတိဒံ ပရိတ္တံ၊
ပတ္ထောဒနော နာလမယံ ဒုဝိန္နံ—
ဟူသော ဤဂါထာကို ဆို၏။

၁၉၂။ ဗြာဟ္မဏ၊ ပုဏ္ဏား။ အဟံ၊ ငါသည်။ ပါယာသံ၊ နို့ဃနာကို။ နေဝကိဏာမိ၊ ဝယ်လည်းမဝယ်။ နပိ ဝိက္ကိဏာမိ၊ ရောင်းလည်းမရောင်း။ မေ၊ ငါ့အား။ သန္နိစယောစာပိ၊ စုဝှေးသော နို့ဃနာသည်လည်း။ န အတ္ထိ၊ မရှိ။ ဣဒံ၊ ဤနို့ဃနာကို။ သုကိစ္ဆရူပံ၊ အလှန်ငြိုငြင်စွာ ရှာမှီးရ၏။ ပရိတ္တံ၊ အနည်းငယ်သာတည်း။ အယံ၊ ဤ နို့ဃနာသည်။ ပတ္ထောဒနော၊ တစ်ကွမ်းစားချက်သာတည်း။ ဒုဝိန္နံ၊ နှစ်ယောက်ကုန်သော ငါတို့အား။ နာလံ၊ မစား၊လောက်။

ထိုစကားကိုကြား၍ သိကြားမင်းသည် "ငါသည်လည်း သင့်အား သာယာစွာသော အသံဖြင့် တစ်ခုသော ဂါထာကို ဟောအံ့၊ ထိုဂါထာကို နာလော့" ဟု ဆို၍ ငါသည် သင့်ဂါထာဖြင့် အလိုမရှိဟု သူဌေး တား မြစ်စဉ်ပင်လျှင်—

၁၉၃။ အပ္ပမ္မာ အပ္ပကံ ဒဇ္ဇံ၊ အနုမဇ္ဈတော မဇ္ဈကံ။
ဗဟုမ္မာ ဗဟုကံ ဒဇ္ဇံ၊ အဒါနံ နူပပဇ္ဇတိ။
၁၉၄။ တံ တံ ဝဒါမိ ကောသိယ၊ ဒေဟိ ဒါနာနိ ဘုဉ္ဇ စ။
အရိယမဂ္ဂံ သမာရုဟ၊ နေကာသီ လဘတေ သုခံ—
ဟူသော ဤနှစ်ဂါထာတို့၏ အပေါင်းကို ဆို၏။

၁၉၃။ ကောသိယ၊ ကောသိယသူဌေး။ အပ္ပမ္မာ၊ အနည်းငယ်သော ဝတ္ထုမှ။ အပ္ပကံ၊ အနည်းငယ်သော ဝတ္ထုကို။ ဒဇ္ဇံ၊ ပေးလှူအံ့။ အနုမဇ္ဈတော၊ အနည်းငယ်သော ဝတ္ထုထက်ဝက်မှ။ မဇ္ဈကံ၊ အနည်းငယ်ထက်ဝက်သော အဖို့ကို။ ဒဇ္ဇံ၊ ပေးလှူရာ၏။ ဗဟုမ္မာ၊ များသောဝတ္ထုမှ။ ဗဟုကံ၊ များသောဝတ္ထုကို။ ဒဇ္ဇံ၊ ပေးလှူအပ်၏။ အဒါနံ၊ မပေးမလှူသည်။ နူပပဇ္ဇတိ၊ မဖြစ်ရာ။

www.dhammadownload.com

၁၉၄။ ကောသိယ၊ ကောသိယသူဋ္ဌေး။ တံ-တသ္မာ၊ ထို့ကြောင့်။ ဟံ၊ သင့်ကို။ ဝဒါမိ၊ ငါဆို၏။ အရိယမဂ္ဂံ၊ မြတ်သောပုဂ္ဂိုလ်တို့ သွားရာလမ်းခရီးကို။ သမာရုဟ၊ ကောင်းစွာတက်၍။ ဒါနာနိ၊ အလှူတို့ကို။ ဒေဟိ၊ ပေးလှူလော့။ ဘုဥ္ဇစ၊ မိမိလဲညီး သုံးဆောင်လော့။ ဧကောပိ၊ မိမိတစ်ယောက်တည်း။ ဘုဥ္ဇန္တော၊ သုံးဆောင်စားသောက်သော သူသည်။ သုခံ၊ ချမ်းသာသုံးပါးကို။ နလဘတေ၊ မရရာ။

ထိုသူဋ္ဌေးသည် သိကြားမင်း စကားကိုကြား၍ "ပုဏ္ဏား....သင်သည် နှစ်သက်ဖွယ်သော စကားကို ဆိုပေ၏၊ နို့ဃနာ ကျက်လတ်သော် အတန်ငယ်ရလတ္တံ့၊ နေလော့" ဟု ဆို၏။ သိကြားမင်းသည် တင့်တယ်အပ်သောအရပ်၌ နေ၏။

စန္ဒနတ်သား အလှူခံလာခြင်း

သိကြားမင်းနေပြီးသော် စန္ဒနတ်သားသည် ထိုရှေးနည်းဖြင့်သာလျှင် သူဋ္ဌေးအထံသို့ကပ်၍ ထိုရှေးအတူလျှင် စကားကို ဖြစ်စေ၍ ထိုသူဋ္ဌေး တားမြစ်စဉ်မှာပင်လျှင်—

၁၉၅။ မောဃဉ္ဉဿ ဟုတံ ဟောတိ၊ မောဃဉ္ဉာပိ သမိဟိတံ။
အတိထိသ္မိံ ယော နိသိန္နသ္မိံ၊ ဧကော ဘုဥ္ဇတိ ဘောဇနံ။
၁၉၆။ တံ တံ ဝဒါမိ ကောသိယ၊ ဒေဟိ ဒါနာနိ ဘုဥ္ဇ စ။
အရိယမဂ္ဂံ သမာရုဟ၊ နေကာသီ လဘတေ သုခံ—

ဟူသော ဤဂါထာ နှစ်ခုတို့၏ အပေါင်းကို ဆို၏။

၁၉၇။ ကောသိယ၊ ကောသိယသူဋ္ဌေး။ ယော၊ အကြင်သူသည်။ အတိထိသ္မိံ၊ ညှော်သည်သည်။ နိသိန္နသ္မိံ၊ ရှိပါလျက်။ ဧကော၊ တစ်ယောက်တည်း။ ဘောဇနံ၊ ဘောဇဉ်ကို။ ဘုဥ္ဇတိ၊ စား၏။ အဿ၊ ထို သူအား။ ဟုတံ၊ လှူအပ်သော အလှူသည်။ မောဃဉ္ဉ၊ အကျိုးမရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ သမိဟိတံပိ၊ ဥစ္စာကို ဆည်းပူးအပ်သော လုံ့လသည်လည်း။ မောဃဉ္ဉ၊ အကျိုးမရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

၁၉၆။ ကောသိယ၊ ကောသိယသူဋ္ဌေး။ တံ-တသ္မာ၊ ထို့ကြောင့်။ တံ၊ သင့်ကို။ ဝဒါမိ၊ ငါဆို၏။ အရိယမဂ္ဂံ၊ အရိယာတို့ သွားရာလမ်း

www.dhammadownload.com

ခရီးကို။ သမာရုဟ၊ ကောင်းစွာတက်၍။ ဒါနာနိ၊ အလှူတို့ကို။ ဒေဟိ၊ ပေးလှူလော့။ ဘုဥ္ဇ စ၊ မိမိလည်း သုံးဆောင်လော့။ ဧကော၊ တစ်ယောက်တည်း။ ဘုဥ္ဇန္တော်ပိ၊ သုံးဆောင်သော်သူသည်လည်း။ သုခံ၊ ချမ်းသာသုံးပါးကို။ နု လဘတေ၊ မရရာ။

ထိုသူဌေးသည် ထိုစန္ဒနတ်သား စကားကိုကြား၍ ထို ရှေးနည်း အတူသာလျှင် စကားကိုဖြစ်စေ၍ "ငါသည် ဆင်းရဲပြုံးငြင်သဖြင့် ရအပ်၏၊ ထိုသို့ တပြီးကားနေလော့၊ အတန်ငယ် သင်ရလတ္တံ့" ဟု ဆို၏။ ထို စန္ဒနတ်သားသည် သွား၍ သိကြားမင်း အထံ၌ နေ၏။

သူရိယနတ်သား အလှူခံလာခြင်း

ထို့နောင်မူ သူရိယနတ်သားသည် ထိုရှေးနည်းဖြင့်သာလျှင် သူဌေး သို့ကပ်၍ ရှေးနည်းအတူသာလျှင် စကားကိုဖြစ်စေ၍ ထိုသူဌေးသည် တားမြစ်စဉ်ပင်လျှင်—

၁၉၇။ သစ္စဥ္ဆဿ ဟုတံ ဟောတိ၊ သစ္စဥ္ဆာပိ သမိဟိတံ။
အတိထိသ္မိံ ယော နိသိန္နသ္မိံ၊ နေကော ဘုဥ္ဇတိ ဘောဇနံ။
၁၉၈။ တံတံဝဒါမိ ကောသိယ၊ ဒေဟိဒါနာနိ ဘုဥ္ဇ စ။
အရိယမဂ္ဂံ သမာရုဟ၊ နေကာသိ လဘတေ သုခံ—

ဟူသော ဤဂါထာနှစ်ခုတို့၏ အဓိပ္ပါယ်ကို ဆို၏။

၁၉၇။ ကောသိယ၊ ကောသိယ သူဌေး။ ယော၊ အကြင်သူသည်။ အတိထိသ္မိံ၊ ည့ှဉ်သည်သည်။ နိသိန္နသ္မိံ၊ နေပါသည်ရှိသော်။ ဧကော၊ တစ်ယောက်တည်း။ ဘောဇနံ၊ ဘောဇဉ်ကို။ နု ဘုဥ္ဇတိ၊ မစား။ အဿ၊ ထိုသူအား။ ဟုတံ၊ အလှူသည်။ သစ္စဥ္ဆ၊ မှန်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ သမိဟိတံပိ၊ ဥစ္စာကိုဖြစ်စေသော လုံ့လသည်လည်း။ သစ္စဥ္ဆ၊ မှန်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

၁၉၈။ ကောသိယ၊ ကောသိယသူဌေး။ တံ-တသ္မာ၊ ထို့ကြောင့်။ တံ၊ သင့်ကို။ ဝဒါမိ၊ ငါဆို၏။ အရိယမဂ္ဂံ၊ သူတော်ကောင်းတို့ သွားရာလမ်းခရီးသို့။ သမာရုဟ၊ ကောင်းစွာတက်၍။ ဒါနာနိ၊ အလှူတို့ကို။

www.dhammadownload.com

ဒေဟိ၊ ပေးလှူလော့။ ဘုဥ္ဇ စ၊ မိမိလည်း သုံးဆောင်လော့။ ဧကော၊ တစ်ယောက်တည်း။ ဘုဥ္ဇန္တော၊ စားသောက်သော သူသည်။ သုခံ၊ ချမ်းသာသုံးပါးကို။ နံ လဘတေ၊ မရရာ။

ထိုသူရိယနတ်သားစကားကို ကြား၍လည်း "ငါသည် ဆင်းရဲငြိုငြင်သဖြင့် ရအပ်၏၊ ထိုသို့တပြီးကား နေလော့၊ အတန်ငယ် သင်ရလတ္တံ့" ဟု ဆို၏။ ထိုသူရိယ နတ်သားသည် သွား၍ စန္ဒနတ်သားအထံ၌ နေ၏။

မာတလိ အလှူခံလာခြင်း

ထိုအခါ ထိုသူဌေးကို မာတလိနတ်သားသည် ထိုရွေးနည်းဖြင့်လျှင် ချဉ်းကပ်၍ ရွေးအတူ စကားကိုဖြစ်စေ၍ ထိုသူဌေးသည် တားမြစ်စဉ်ပင်လျှင်—

၁၉၉။ သရဥ္ဇ ဇဟတိ မေ သော၊ ဗဟုယာယ ဂယာယ စ။
ဒေါ ဣဏေ တိမ္မရူ တိတ္ထာသို့၊ သီဃသောတေ မဟာဝဟေ။
၂၀၀။ အတြ စသာ ဟုတံ ဟောတိ၊ အတြ စသာ သမီဟိတံ။
အတိထိသို့ ယော နိသိန္နသို့၊ နေကော ဘုဥ္ဇတိ ဘောဇနံ။
၂၀၁။ တံတံ ဝဒါမိ ကောသိယ၊ ဒေဟိ ဒါနာနိ ဘုဥ္ဇ စ။
အရိယမဂ္ဂံ သမာရုဟ၊ နေကာသီ လဘတေ သုခံ—

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၁၉၉။ ကောသိယ၊ ကောသိယသူဌေး။ ပေါသော၊ သတ္တဝါသည်။ သရဥ္ဇ၊ ရေအိုင်သို့လည်း။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဇုဟတိ၊ ပူဇော်၏။ ဗဟုကာယ စ၊ ဗဟုကာ အမည်ရှိသော မြစ်၌လည်းကောင်း။ ဂယာယ စ၊ ဂယာအမည်ရှိသော ရေကန်၌ လည်းကောင်း။ ဒေါ ဣဏေ၊ ဒေါဏမည်သော မြစ်ဆိပ်၌လည်းကောင်း။ တိမ္မရူတိတ္ထာသို့၊ တိမ္မရူမည်သော မြစ်ဆိပ်၌ လည်းကောင်း။ သီဃသောတေ၊ လျင်သော အလျဉ်ရှိသော။ မဟာဝဟေ၊ များသောရေ၌ လည်းကောင်း။ ဇုဟတိ၊ ပူဇော်၏။

၂၀၀။ ကောသိယ၊ ကောသိယသူဌေး။ ယော၊ အကြင်သူသည်။ အတိထိသို့၊ ည့်သည်သည်။ နိသိန္နသို့၊ ရှိလတ်သော်။ နေကော၊ တစ်ယောက်တည်း။ ဘောဇနံ၊ ဘောဇဉ်ကို။ နံ ဘုဥ္ဇတိ၊ မစား။ အဿ၊

www.dhammadownload.com

ထိုသူအား။ အတြ၊ ဤမြစ် အစရှိသည်တို့၌။ ဟုတဉ္စ၊ ပူဇော်အပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ အာဿ၊ ထိုသူအား။ အတြ၊ ဤမြစ် အစရှိသည်တို့၌။ သမီဟိတဉ္စ၊ ဥစ္စာကို ဖြစ်စေသော လုံ့လသည်လည်း။ ဟောတိ၊ ဖြစ်၏။

၂၁၁။ တံ-တသ္မာ၊ ထို့ကြောင့်။ တံ၊ သင့်ကို။ ဝဒါမိ၊ ငါဆို၏။ ကောသိယ၊ ကောသိယသူဌေး။ အရိယမဂ္ဂံ၊ ဘုရားအစရှိသော သူတော်ကောင်းတို့ သွားရာလမ်းခရီးသို့။ သမာရုဟ၊ ကောင်းစွာတက်၍။ ဒါနာနိ၊ အလှူတို့ကို။ ဒေဟိ၊ ပေးလှူလော့။ ဘုဥ္ဇ၊ မိမိလည်း သုံးဆောင်လော့။ ဧကော၊ တစ်ယောက်တည်း။ ဘုဥ္ဇမာနော၊ စားသောသူသည်လည်း။ သုခံ၊ ချမ်းသာသုံးပါးကို။ နု လဘတေ၊ မရရာ။

ထိုသူဌေးသည် မာတလိ နတ်သားစကားကို ကြားရှိသော် တောင်ထွတ်ဖြင့် ဖိသကဲ့သို့ ''ငါသည် ဆင်းရဲငြိုငြင်သဖြင့် ရအပ်၏။ ထိုသို့ တပြီးကား နေလော့၊ အတန်ငယ် သင်္ဃလတ္တံ့ဟု ဆို၏။ မာတလိ နတ်သားသည် သွား၍ သူရိယနတ်သားအထံ၌နေ၏။

ပဥ္စသိခ အလှူခံလာခြင်း

ထို့နောက်မှ ပဥ္စသိခ နတ်သားသည် ထိုရှေးနည်းဖြင့်လျှင်ကပ်၍ ထိုရှေးအတူ စကားကိုဖြစ်စေ၍ ထိုသူဌေးသည် တားမြစ်စဉ်ပင်လျှင်—

၂၀၂။ ဗလိသံ ဟိ သော နိဂိလုတိ၊ ဒီဃသုတ္တံ သဗန္ဓနံ။
အတိထိသ္မိံ ယော နိသိန္နသ္မိံ၊ ဧကော ဘုဥ္ဇတိ ဘောဇနံ။
၂၀၃။ တံ တံ ဝဒါမိ ကောသိယ၊ ဒေဟိ ဒါနာနိ ဘုဥ္ဇ စ။
အရိယမဂ္ဂံ သမာရုဟ၊ နေကာသိ လဘတေ သုခံ—

ဟူသော ဤဂါထာနှစ်ခုတို့၏ အပေါင်းကို ဆို၏။

၂၀၂။ ကောသိယ၊ ကောသိယသူဌေး။ ယော၊ အကြင်သူသည်။ အတိထိသ္မိံ၊ ညှဉ်းသည်သည်။ နိသိန္နသ္မိံ၊ နေပါလျက်။ ဧကော၊ တစ်ယောက်တည်း။ ဘောဇနံ၊ ဘောဇဉ်ကို။ ဘုဥ္ဇတိ၊ စား၏။ သော၊ ထို ညှဉ်းသည်သည် ရှိလျက် တစ်ယောက်တည်း စားသောသူသည်။ ဒီဃသုတ္တံ၊

www.dhammadownload.com

ရှည်စွာသော ကြိုးရှိသော။ သဗန္ဓနံ၊ အဖဲ့နှင့်တကွသော။ ဗလိသံ၊ သံမြှားကောက်ကို။ နိဂိလတိ၊ မျိုသည်နှင့်တူ၏။

၂၀၃။ ကောသိယ၊ ကောသိယသူဌေး။ တံ-သဗ္ဗာ၊ ထို့ကြောင့်။ တံ၊ သင့်ကို။ ဝဒါမိ၊ ငါထို၏။ အရိယမဂ္ဂံ၊ ဘုရားအစရှိသော သူတော်ကောင်းတို့ သွားရာလမ်းခရီးသို့။ သမာရုဟ၊ ကောင်းစွာဘက်၍။ ဒါနာနံ၊ အလှူတို့ကို။ ဒေးဟိ၊ ပေးလှူလော့။ ဘုဥ္ဇ စ၊ မိမိလည်း သုံးဆောင်လေလော့။ ကော၊ တစ်ယောက်တည်း။ ဘုဥ္ဇမာနော၊ စားသောသူသည်။ သုခံ၊ လူ, နတ်, နိဗ္ဗာန် ဟူသော ချမ်းသာသုံးပါးကို။ နလဘတေ၊ မရရာ။

နို့ဃနာများ လှူခြင်း

မစ္ဆရိကောသိယသူဌေးသည် ထိုစကားကိုကြား၍ ဆင်းရဲဝဒနာရှိလျက် ကျိုးညည်းသဖြင့် ''ထိုသို့တပြီးကား နေလော့၊ အတန်ငယ်ရလတ္တံ့'' ဟု ဆို၏။ ပဥ္စသိခနတ်သားသည် သွား၍ မာတလိနတ်သားအထံ၌ နေ၏။

ဤသို့ ထို ပုဏ္ဏားငါးယောက်တို့ နေကာမျှ၌လျင် နို့ဃနာသည် ကျက်၏။ ထိုအခါ နို့ဃနာကို ကောသိယသူဌေးသည် ခုံလောက်မှချ၍ ''သင်တို့ ခွက်တို့ကို ဆောင်ခဲ့ကြကုန်လော'' ဟု ဆို၏။ ထိုပုဏ္ဏားငါးယောက်တို့သည် မထကုန်ဘဲ ထိုင်ကုန်လျက်လျင် လက်တို့ကို ဆန့်၍ ဟိမဝန္တာဝမ အင်ရှက်တို့ကို ဆောင်ကုန်၏။ ကောသိယသူဌေးသည် ထို အင်ရှက်တို့ကိုမြင်၍ သင်တို့အား ဤသစ်ရှက်တို့ကို ပေးအပ်သော နို့ဃနာသည် မရှိ၊ ရှားပင် အစရှိသည်တို့၏ အရွက်တို့ကို ဆောင်ခဲ့ကြကုန်လော့''ဟု ဆိုလတ်သော် ထိုပုဏ္ဏားတို့သည် ထို ရှားရွက် အစရှိသည်တို့ကိုလည်း ဆောင်ခဲ့ကြကုန်၏။ တစ်ရွက် တစ်ရွက်သော ရှားရွက်သည် ရထားပျဉ်ချပ် အတိုင်းအရှည်ရှိ၏။ ထို သူဌေးသည် အလုံးစုံသော ပုဏ္ဏားတို့ကို ယောက်မဖြင့်ယူ၍ နို့ဃနာကိုပေး၏။ အငယ်ဆုံးဖြစ်သော ပုဏ္ဏားအား ပေးလှူသောကာလ၌ ချက်သောအိုး၏အရာမျှသာ ထင်၏။ ငါးယောက်ကုန်သောပုဏ္ဏားတို့အား ပေးပြီး၍ မိမိသည် ချက်သောအိုးကို ကိုင်၍နေ၏။ ထိုခဏ၌ ပဥ္စသိခနတ်သားသည် ထ၍ ကိုယ်အဖြစ်ကို စွန့်ပြီးလျင် ခွေးယောင်ဖန်ဆင်း၍ ထိုသူ၏ရှေ့မှ ကျင်ယဉ်ကို စွန့်လျက် သွား၏။

www.dhammadownload.com

ပုဏ္ဏားတို့သည် မိုးတို့နှုံ့ ဃနာထမင်းကို သစ်ရွက်ဖြင့်ပိတ်ကုန်၏။ ကောသိယသူဌေး လက်ဖမိုးခ်ဳ ကျင်ငယ်ပေါက်သည် ကျ၏။

ခွေးလိုက်ခံရခြင်း

ပုဏ္ဏားတို့သည် ကရားတို့မှရေဖြင့် လက်ဆေး၍ နှုံ့ဃနာကို စားသကဲ့သို့ ဖြစ်ကုန်၏။ ကောသိယသူဌေးသည် "ငါ့အား လည်း ရေကိုပေးကြပါကုန်၊ လက်ဆေး၍စားပါအံ့" ဟု ဆို၏။ "သင်သည် ရေကိုဆောင်၍ လက်ကိုဆေးလော့" ဟု ဆိုကုန်၏။ "ငါသည် သင်တို့အား နှုံ့ဃနာကို ပေးအပ်ပြီ၊ ငါ့အား ကတန်ငယ်သောရေကို ပေးကြဲကုန်လော့" ဟု ဆိုသဖြင့် "ငါတို့သည် အတုံ့ပေးသော အမှုမည်သည်ကို မပြုကုန်" ဟု ဆိုသည်ရှိသော် "ထိုသို့ဘပြီးကား ဤ နှုံ့ဃနာကို ကြည့်ရစ်ကြပါကုန်၊ လက်ဆေး၍ ငါလှာပါအံ့" ဟု ဆို၍ မြစ်သို့ဆင်း၏။ ထိုခဏ၌ ခွေးသည် နှုံ့ဃနာကို ကျင်ငယ်ဖြင့် ပြည့်စေ၏။ ထိုသူဌေးသည် ကျင်ငယ်စွန့်သော ထိုခွေးကိုမြင်လျှင် ကြီးစွာသော လုံ့တံကိုယူ၍ ထိုခွေးကို ခြိမ်းခြောက်လျက်လာ၏။ ထိုခွေးသည် အာဇာနည်မြင်း အတိုင်းအရှည်ရှိသည်ဖြစ်၍ ထိုသူဌေးကို လိုက်သည်ရှိသော် အတူးထူးသော အဆင်းရှိသည်ဖြစ်၏။ မည်းနက်သော အဆင်းရှိသည်လည်း ဖြစ်၏၊ ဖြူလည်း ဖြူ၏၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်လည်း ဖြစ်၏၊ ပြောက်ကျားသော အဆင်းရှိသည်လည်း ဖြစ်၏၊ မြင်းလည်း မြင်း၏၊ နိမ့်လည်း နိမ့်၏၊ ဤသို့လျှင် အထူးထူးသော အဆင်းရှိသည်ဖြစ်၍ မစ္ဆရိကောသိယ သူဌေးကိုလိုက်၏၊ ထိုသူဌေးသည် သေဘေးမှ ကြောက်သည်ဖြစ်၍ ပုဏ္ဏားတို့သို့ ကပ်၏၊ ထိုပုဏ္ဏားတို့သည်လည်း ပုံတက်၍ ကောင်းကင်၌တည်ကုန်၏။

နတ်များကိုသိလေပြီ

ထိုသူဌေးသည် ထိုပုဏ္ဏားတို့၏ တန်ခိုးကိုမြင်၍ ထိုပုဏ္ဏားတို့ကို မေးလိုရကား—

၂၀၄။ ဥဋ္ဌာရဝဏ္ဏော ဝတ ဗြာဟ္မဏာ ဣဒမ၊
အယဉ္စ ဝေါ သုနခေါ ကိဿ ဟေတု။
ဥစ္စာဝစံ ဝဏ္ဏနိဘံ ဝိကုဗ္ဗတိ၊
အက္ခာထ နော ဗြာဟ္မဏာ ကေန္ဒ တုမ္ဟေ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၀၄။ ပြာဟူဏာ၊ ပုဏ္ဏားတို့။ ဣမေ ပြာဟူဏာ၊ ဤ ပုဏ္ဏားတို့သည်။ ဥဉ္ဆာရဝဏ္ဏာ ဝတ၊ အလွန် တင့်တယ်သော အဆင်း ရှိကုန်စွ တကား။ ဝေါ၊ အရှင်ပုဏ္ဏားတို့၏။ အယဉ္စုသူနခေါ၊ ဤခွေးသည်လည်း။ ကိဆဟေတု၊ အဘယ်အကြောင်းကြောင့်။ ဥစ္စာဝစံ၊ ယုတ်ယုတ်မြတ်မြတ်သော။ ဝဏ္ဏနိဘံ၊ အရောင်အဆင်းကို။ ဝိကုဗ္ဗတိ၊ ဖန်ဆင်းသနည်း။ နေ၊ ငါတို့အား။ အက္ခာထ၊ ကြားကြကုန်လော့။ တုမှေ၊ သင်တို့သည်။ ကေ နု၊ အဘယ်မည်သော သူတို့နည်း။

ထိုသူဌေးစကားကိုကြား၍ သိကြားနတ်မင်းသည် ထိုသူဌေးအား ကြားလိုရကား—

၂၀၅။ စန္ဒောစ သူရိယောစ ဥဘော ဣမာဂတာ၊
အယံ ပန မာတလိ ဒေဝသာရထိ။
သက္ကောဟမသ္မိ တိဒသာနမိန္ဒော၊
ဧသော စ ခေါ ပဉ္ဆသိခေါတိ စုံစွတိ—

ဟူသော ဤဂါထာတို့ကို ဆို၏။

၂၀၅။ မဟာသေဋ္ဌိ၊ သူဌေးကြီး။ စန္ဒော စ၊ ဧနွန်တ်သား လည်းကောင်း။ သူရိယော စ၊ သူရိယနတ်သား လည်းကောင်း။ တိ၊ ဤသို့။ ဥဘော၊ နှစ်ယောက်ကုန်သော နတ်သားတို့သည်။ ဣမ၊ ဤအရပ်သို့။ အာဂတာ၊ လာကုန်၏။ အယံ ပန၊ ဤသူသည်ကား။ ဒေဝသာရထိ၊ နတ်၏ရထားထိန်း ဖြစ်သော။ မာတလိ၊ မာတလိနတ်သားတည်း။ အဟံ၊ ငါသည်ကား။ တိဒသာနံ၊ တာဝတိံသာနတ်တို့ကို။ ဣန္ဒော၊ အစိုးရသော။ သက္ကော၊ သိကြားနတ်မင်းသည်။ အသ္မိ၊ ဖြစ်၏။ ဧသော စ၊ ဤသူကို ကား။ ပဉ္ဆသိခေါတိ၊ ပဉ္ဆသိခနတ်သားဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သိကြားနတ်မင်းသည် ဤဂါထာဖြင့် ပြောဆိုပြီး၍ တစ်ဖန် ထို နတ်တို့၏ စည်းစိမ်ချမ်းသာကို ချီးမွမ်းပြောဆိုလိုရကား—

၂၀၆။ ပါဏီသရာ မုဒိင်္ဂါ စ၊ မုရဇာ လမ္မရာနိ စ။
သုတ္တမေနံ ပဗောဓေန္တိ၊ ပဋိဗုဒ္ဓါ စ နန္ဒတိ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၀၆။ မဟာသေဋ္ဌိ၊ သူဌေးကြီး၊ ပါဏာတိပါတာ စ၊ ခွက်ခွင်းသံတို့သည် လည်းကောင်း။ မုဒိဂ်ါ စ၊ မုဂ္ဂိုးစည်တို့သည် လည်းကောင်း။ မုရဇ စ၊ မုရဇမည်သော စည်တို့သည် လည်းကောင်း။ အာလမ္ဗရာနိ စ၊ ထက်စည်တို့သည် လည်းကောင်း။ သုတ္တံ၊ အိပ်ပျော်သော။ နံ မံ၊ ထိုငါ့ကို။ ပဗောဓေန္တိ၊ နှိုးစေကုန်၏။ ပဋိဗုဒ္ဓေါ စ၊ နိုးသော ငါသည်လည်း။ နန္ဒတိ၊ နှစ်သက်၏။

စဉ်းလဲသူများ ငရဲလား

ထိုသူဌေးသည် သိကြားမင်းစကားကိုကြား၍ "အရှင်နတ်မင်း.... ဤသို့သဘောရှိသော နတ်စည်းစိမ်ကို အဘယ်အမှုပြု၍ ရသနည်း" ဟု မေး၏။ သိကြားမင်းသည် ပေးကမ်းလှူဒါန်းလေ့ မရှိကုန်သော, ယုတ်မာသော အကျင့်ရှိကုန်သော, ဝန်တိုစဉ်းလဲ ပိတ်ပင်တတ်ကုန်သော သူတို့သည် နတ်ပြည်သို့ မရောက်ရကုန်၊ ငရဲ၌သာလျှင် ဖြစ်ကုန်၏" ဟုဆို၍ ထိုအကြောင်းကို သူဌေးအား ပြလိုရကား—

၂၀၇။ ယေကေစိ မေ မစ္ဆရိနော ကဒရိယာ၊
ပရိဘာသကာ သမဏာ ဗြာဟ္မဏာနံ။
ဣဓေဝ နိက္ခိပ္ပ သရီရဒေဟံ၊
ကာယဿ ဘေဒါနိရယံ ဝဇန္တိ—

ဟူသော ဤဂါထာကို ဆို၏။

၂၀၇။ မဟာသေဋ္ဌိ၊ သူဌေးကြီး၊ မစ္ဆရိနော၊ ဝန်တိုပိတ်ပင်တတ်ကုန်သော။ ကဒရိယာ၊ စဉ်းလဲခက်ထန်ကုန်သော။ ယေကေစိ၊ အလုံးစုံကုန်သော။ ဣမေ၊ ဤသူတို့သည် လည်းကောင်း။ သမဏာ ဗြာဟ္မဏာနံ၊ မကောင်းမှုကို ငြိမ်းစေပြီးသော သူ, မကောင်းမှုကို အပယ်ပြုပြီးသော သူတို့ကို။ ပရိဘာသကာ၊ ဆဲရေး ရေရွတ်တတ်ကုန်သော သူတို့သည်လည်းကောင်း။ ဣဓေဝ၊ ဤလူ့ပြည်၌သာလျှင်။ သရီရဒေဟံ၊ သရီရဟူ၍ ဆိုအပ်သော ကိုယ်ကို။ နိက္ခိပ္ပ၊ စွန့်၍။ ကာယဿ၊ ကရဇကာယ၏။ ဘေဒါ၊ ပျက်သည်မှ။ ပရံ၊ နောက်၌။ နိရယံ၊ ငရဲသို့။ ဝဇန္တိ၊ သွားရကုန်၏။

ကုသိုလ်ပြုကံ နတ်ပြည်စံ

ဤဂါထာဖြင့် ဝန်တိုစဉ်းလဲခဲသာသူသည် ငရဲသို့ လားရကြောင်းကို ဆိုပြီး၍ ဝန်တိုခြင်း ကင်းသဖြင့် ကုသိုလ်ကမ္မပထဘရား ဆယ်ပါး၌ တည်ကုန်သော သူတို့၏ နတ်ပြည်သို့ ရောက်ခြင်းကို ပြလိုရကား—

www.dhammadownload.com

၂၀၈။ ယေကေစိ မေ သုဂ္ဂတိမာသမာနဒ၊
ဓမ္မေ ဌိတာ သံယမေ သံဝိဘာဂေ။
ဣဓေဝ နိက္ခိပ္ပ သရီရဒေဟံ၊
ကာယဿ ဘေဒါ သုဂတိ ဝဇန္တိ—
ဟူသော ဤဂါထာကို ဆို၏။

၂၀၈။ မဟာသေဋ္ဌိ၊ သူဌေးကြီး။ သုဂတိ၊ သုဂတိဘဝကို။ အာသမာနဒ၊ တောင့်တကုန်သော။ ဓမ္မေ စ၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါး၌ လည်းကောင်း။ သံယမေ စ၊ ကိုယ်နှုတ်နှလုံး စောင့်စည်းခြင်း၌ လည်းကောင်း။ သံဝိဘာဂေ စ၊ ခွဲခြမ်းဝေဖန်၍ သုံးဆောင်ခြင်း၌လည်းကောင်း။ ဌိတာ၊ တည်ကုန်သော။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ဤမေ၊ ဤသူတို့သည်။ ဤဇဝေ၊ ဤလူ.ပြည်၌သာလျှင်။ သရီရဒေဟံ၊ သရီရဟူဆိုအပ်သော ကိုယ်ကို။ နိက္ခိပ္ပ၊ စွန့်၍။ ကာယဿ ဘေဒါ၊ ကိုယ်ခန္ဓာပျက်သည်မှ။ ပရံ၊ နောက်၌။ သုဂတိ၊ သုဂတိဘဝသို့။ ဝဇန္တိ၊ လားကုန်၏။

အမှန်ကို ပြောပြခြင်း

ဤသို့ ပြဆိုပြီး၍ ကောသိယသူဌေး "ငါတို့သည် သင့်အထံသို့ နို့ဃနာအလို၌ မသာကုန်၊ စင်စစ်သော်ကား သနားသောကြောင့် သင့်ကို စောင့်ရှောက်လိုသည်ဖြစ်၍ လာကုန်၏" ဟုဆို၍ ထိုသူဌေးအား အကြောင်းကို ကြားလိုရကား—

၂၀၉။ တုံ နောသိ ဉာတီ ပုရိမာသု ဇာတိသု၊
သော မစ္ဆရီရောသကောပါပဓမ္မော။
တဝေဝ အတ္ထာယ ဣဓာဂတမှာ၊
မာ ပါပဓမ္မော နိရယံ ဂမိတ္ထ—
ဟူသော ဤဂါထာကို ဆို၏။

၂၀၉။ မဟာသေဋ္ဌိ၊ သူဌေးကြီး။ တုံ၊ သင်သည်။ ပုရိမာသု ဇာတိသု၊ ရှေးဘဝတို့၌။ နော၊ ငါတို့၏။ ဉာတိ၊ အဆွေအမျိုးသည်။ အာသိ၊ ဖြစ်၏။ ရောသကော၊ ချုပ်ချယ်တတ်သော။ သော တုံ၊ ထိုသင်သည်။ မစ္ဆရီ၊ ဝန်တိုပိတ်ပင်တတ်၏။ ပါပဓမ္မော၊ ယုတ်မာသော အကျင့်

www.dhammadownload.com

ရှိ၏။ ဂဇဝေ၀၊ သင်၏သားလျှင်။ အတ္ထာယ၊ အကျိုးငှာ။ ဣဓ၊ ဤအရပ်သို့။ အာဂတာ၊ လာကုန်သည်။ အမှာ၊ ဖြစ်ကုန်၏။ ပါပဓမ္မော၊ ယုတ်မာသော အကျင့်ရှိသော သင်သည်။ နိရယံ၊ ငရဲသို့။ မာ ဂမိတ္ထ၊ မရောက်စေသတည်း။

ဆုံးမတော်မူကြပါ

ထိုစကားကိုကြား၍ ကောသိယသူဌေးသည် ''ဤသူတို့သည် ငါ၏အကျိုးစီးပွားကို အလိုရှိကုန်သတတ်၊ ငါ့ကို အပါယ်ငရဲမှ ထုတ်ဆောင်၍ နတ်ပြည်၌ တည်စေလိုကုန်သတတ်''ဟု နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ မိမိကို ဆုံးမစိမ့်သောငှာ သိကြားမင်းအား တိုက်တွန်းလိုရကား—

၂၁၀။ အဒ္ဓါ မံ ဝေါ ဟိတကာမာ၊ ယံ မံ သမနုသာသထ။
သောဟံ တထာ ကရိဿာမိ၊ သဗ္ဗံ ဝုတ္တံ ဟိတေသိဘိ။

၂၁၁။ သောဟ မဇ္ဇေ၀ ဥပရမာမိ၊ န စာဟံ ကိဉ္စိ ကရေယျ ပါပံ။
န စာပိ မေ ကိဉ္စိ အဒေယျ မတ္ထိ၊
န စာပိ ဒတ္တာ ဥဒကံ် ပိ၀ါမိ။

၂၁၂။ ဧ၀ဉ္စ မေ ဒဒတော သဗ္ဗကာလံ၊
ဘောဂါ ဣမေ ၀ါသ၀ ခီယိဿန္တိ။
တတော အဟံ ပဗ္ဗဇိဿာမိ သက္က၊
ဟိတ္ဘာန ကာမာနိ ယထောဓိကာနိ--
ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၂၁၀။ သက္က၊ သိကြားနတ်မင်း။ အဒ္ဓါ၊ စင်စစ်။ ဧ၀ါ၊ အရှင် နတ်မင်းတို့သည်။ မံ၊ အကျွန်ုပ်ကို။ ယံ-ယေန၊ အကြောင့်ကြောင့်။ သမနုသာသထ၊ ဆုံးမတော်မူကုန်၏။ တေန၊ ထိုသို့ ဆုံးမတော်မူသောကြောင့်လျှင်။ မံ-မမ၊ အကျွန်ုပ်၏။ ဟိတကာမာ၊ အစီးအပွားကို အလိုရှိတော်မူကုန်၏။ ယထာ၊ အကြောင်အခြင်းဖြင့်။ ဝဒထ၊ ဆိုတော်မူပါကုန်။ တထာ၊ ထိုအခြင်းဖြင့်။ ဟိတေသိတိ၊ စီးပွားကို အလိုရှိကုန်သော အရှင်နတ်မင်းတို့သည်။ ဝုတ္တံ၊ မိန့်တော်မူအပ်သော။ သဗ္ဗံ၊ အလုံးစုံကို။ သော အဟံ၊ ထိုအကျွန်ုပ်သည်။ ကရိဿာမိ၊ လိုက်နာပါအံ့။

www.dhammadownload.com

၂၁၁။ သက္က၊ သိကြားမင်း။ ဧသော အဟံ၊ ထိုအကျွန်ုပ်သည်။ အဇ္ဇေဝ၊ ယနေ့ ငင်လျှင်။ မစ္ဆရိယဘာဝတော၊ ဝန်တိုပိတ်ပင်သည်၏ အဖြစ်မှ။ ဥပရမာမိ၊ ကြဉ်ပါအံ့။ အဟံ၊ အကျွန်ုပ်သည်။ ကိဉ္စိ၊ အနည်းငယ်သော။ ပါပံ၊ မဒကောင်းမှုကို။ န ကရေယျံ၊ မပြုပါပြီ။ မေ၊ အကျွန်ုပ်အား။ အဒေယျံ၊ မဒပေးမလှူသော။ ကိဉ္စိပိ၊ အနည်းငယ်သော ဝတ္ထုသည်လည်း။ န စ အတ္ထိ၊ မရှိရပါပြီ။ ဥဒကံပိ၊ တလက်ဖက်မျှသော ရေကို လည်း။ အဒတ္ထ၊ မပေးမလှူမူ၍။ န စ ပိ ဝါမိ၊ မသောက်ပါအံ့။

၂၁၂။ ဝါသဝ၊ သိကြားမင်း။ ဧဝဥ္စ၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့်။ ဘဗ္ဗကာလေ၊ ခပ်သိမ်းသောကာလ၌။ ဒဒတော၊ ပေးလှူသော။ မေ၊ အကျွန်ုပ်၏။ ဣမေ ဘောဂါ၊ ဤဥစ္စာတို့သည်။ ခီယိ-ဿန္တိ၊ ကုန်ကုန်လတ္တံ့။ သက္က၊ သိကြားမင်း။ တတော၊ ထို့သို့ကုန်သော အခါမှ။ အဟံ၊ အကျွန်ုပ်သည်။ ယထောဓိကာနိ၊ အကြင်အကြင် အဖို့ဖြစ်ကုန်သော။ ကာမာနိ၊ ကာမဂုဏ်တို့ကို။ ဟိတ္ဝာန၊ စွန့်၍။ ပဗ္ဗဇိ-ဿာမိ၊ ရဟန်းပြုပါအံ့။

သိကြားနတ်မင်းသည် မစ္ဆရိကောသိယ သူဌေးကို ဆုံးမသဖြင့် ယဉ်ကျေးသည်ကိုပြု၍ တရားဒေဟာသဖြင့် အလှူဒါန၏ အကျိုးကို သိစေပြီးလျှင် ငါးပါးသော သီလတို့၌ တည်စေ၍ ထိုနတ်သား လေးယောက်တို့နှင့်တကွ နတ်ပြည်သို့သာလျှင် ကြွတော်မူ၏။

ရသေ့ဝတ်လေပြီ

မစ္ဆရိကောသိယ သူဌေးသည်လည်း မြို့သို့ဝင်ပြီးလျှင် မင်းကို ခွင့်ပြုစေ၍ ယူခဲ့တိုင်း ယူခဲ့တိုင်းသော ဥစ္စာတို့ကိုပြည့်စေ၍ "အလိုရှိတိုင်း ယူစေကုန်သတည်း" ဟုဆို၍ အလှူခံ ဖုန်းတောင်းယာ စကာတို့အား ဥစ္စာကို ပေးစွန့်၍ ထိုဥစ္စာကုန်ပြီးသော် တောထွက်၍ ဟိမဝန္တာမှ တောင်ဘက်နံပါး၌ ဂင်္ဂါ၏လည်းကောင်း, တစ်ခုသော ဇာတဿရအိုင်၏ လည်းကောင်း၊ အလယ်ကြား၌ သစ်ရွက်မိုးသော ကျောင်းကိုဆောက်ပြီးလျှင် ရဟန်းပြု၍ တောသစ်မြစ် သစ်သီးဟု ဆိုအပ်သော အစာရှိသည်ဖြစ်၍ ထိုဟိမဝန္တာ၌ ကြာမြင့်စွာနေ၍ အိုခြင်းသို့ ရောက်၏။

F71(၅၅၀-ပဥ္စမ)

www.dhammadownload.com

နာရဒရသေ့ ပြဿနာပြုခြင်း

ထိုအခါ သိကြားမင်းအား အာသာ, သဒ္ဓါ, သိရီ, ဟိရီ ဟူသော သမီးတော်လေးယောက်တို့သည် ရှိကုန်၏။ ထို နတ်သမီးလေးယောက်တို့ သည် များစွာကုန်သော နတ်ပန်းတို့ကို ယူခဲ့၍ ရေကစားအံ့သောငှာ အနဝတတ်အိုင်သို့ သွားကုန်၍ ထိုအနဝတ္တအိုင်၌ ရေကစားပြီးလျှင် ဆေးဒန်းမြင်းသီလာကျောက်ဖျာအပြင်၌ နေကုန်၏။ ထို ခဏ၌ နရဒ အမည်ရှိသော ပုဏ္ဏားရသေ့သည် တဝတိံသာနတ်ပြည်သို့ နေ့သန့်ခြင်းငှာ သွား၍ နန္ဒဝနဥယျာဉ် စိတ္တလတာဥယျာဉ်တို့၌ နေ့သန့်ခြင်းကို ပြုပြီးလျှင် ပင်လယ်ကသစ်ပင်ကို ထီးကဲ့သို့အရိပ်အလိုငှာ ဆောင်းလျက် နတ် သမီးတို့နေသော ကျောက်ဖျာအပြင်၏ အထက်အဖို့ဖြင့် မိမိနေရာဖြစ်သော ရွှေဂူသို့သွား၏။ ထိုအခါ ထို နတ်သမီးလေးယောက်တို့သည် နာရဒ ရသေ့လက်၌ ထို ပင်လယ် ကသစ်ပင်ကိုမြင်၍ တောင်းကြကုန်၏။ ထို အကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်-

၂၁၃။ နဂုတ္တမေ ဂိရိဝရေဂန္ဓမာဒနေ၊
မောဒန္တိ တာ ဒေဝဝရာ ဘိပါလိတာ။
ဣဓာဂမာ ဣသိဝရော သဗ္ဗလောကဂူ၊
သုပုပ္ဖိတံ ဒုမဝရသာခ မာဒိယ။

၂၁၄။ သုစိ သုဂန္ဓံ တိဒသေဟိ သက္ကတံ။
ပုပ္ဖုတ္တမံ အမရဝရေဟိ သေဝိတံ။
အလဒ္ဓမစ္စေဟိ ဝ ဒါနဝေဟိ ဝါ၊
အညတြ ဒေဝေဟိ တဒါရဟံ ဟိဒံ။

၂၁၅။ တတော စတသ္သောကနကတ္တစ္ဆဝမာ၊
ဥဋ္ဌာယနာရိယောပမဒါဓိပါမုခိ။
အာသာ စ သဒ္ဓါ စ သိရီတတော ဟိရီ၊
ဣစ္စဗြဝုံနာရဒ ဒေဝ ဗြာဟ္မဏံ။

၂၁၆။ သစေ အနုဒ္ဒိဋ္ဌံ တယာ မဟာမုနိ၊
ပုပ္ဖံ ဣမံ ပါရိဆ္ဆတ္တာသ ဗြာဟ္မဝ။
ဒဒါဟိ နော သဗ္ဗာ ဂတိ တေ ဣဇ္ဈတု၊
တုံပိ နော ဟောတိ ယထေဝ ဝါသဝေါ။

www.dhammadownload.com

၂၁၇။ တံ ယာစမာနာ ဘိသမေက္ခ နာရဒေါ၊
ဣစ္ဆြဒိ သံကလဟံ ဥဒီရယိ။
န မယှမတ္ထတ္ထိ ဣမေဟိ ကောစိ နံ၊
ယာယေဝ ဝေါ သေယျသိ သာ ပိလန္ဓထ—
ဟူသော ဤငါးဂါထာတို့ကို ဟောတော်မူ၏။

၂၁၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ဂိရိဝရေ၊ ဂိရိဝရဟု ဆိုအပ်သော။ ဂန္ဓမာဒနေ၊ ဂန္ဓမာဒန အမည်ရှိသော။ နဂုတ္တမေ၊ မြတ်သော တောင်၌။ ဒေဝဝရာဘိပါလိဟာ၊ ဦးသိကြားမင်းသည် စောင့်အပ်သော။ တာ၊ ထို နတ်သမီးလေးယောက်တို့သည်။ မောဒန္တိ၊ ဝမ်းမြောက်စွာ ရောက်စားကုန်၏။ သဗ္ဗလောကဂ္ဂ၊ အလုံးစုံသော လူ့ပြည်နတ်ပြည်သို့ သွားခြင်းငှာ စွမ်းနိုင်သော။ ဣသိဝရော၊ နာရဒရသော မြတ်သည်။ သုပုပ္ဖိတံ၊ ကောင်းစွာ ပွင့်သော။ ဒုမဝရသာခံ၊ ပင်လယ်ကသစ်ခက်ကို။ အာဒိယ၊ ယူ၍။ ဣဓ၊ ဤအရပ်သို့။ အာဂမာ၊ ကြွလာ၏။

၂၁၄။ ဘိက္ခဝေ၊ ရဟန်းတို့။ ဂိရိဝရေ၊ ဂိရိဝရဟု ဆိုအပ်သော။ ဂန္ဓမာဒနေ၊ ဂန္ဓမာဒန အမည်ရှိသော။ နဂုတ္တမေ၊ မြတ်သော တောင်၌။ ဒေဝဝရာဘိပါလိဟာ၊ ဦးသိကြားမင်းသည် စောင့်အပ်သော။ တာ၊ ထို နတ်သမီးလေးယောက်တို့သည်။ မောဒန္တိ၊ ဝမ်းမြောက်စွာ ရောက်စားကုန်၏။ သဗ္ဗလောကဂ္ဂ၊ အလုံးစုံသော လူ့ပြည်နတ်ပြည်သို့ သွားခြင်းငှာ စွမ်းနိုင်သော။ ဣသိဝရော၊ နာရဒရသော မြတ်သည်။ သုပုပ္ဖိတံ၊ ကောင်းစွာ ပွင့်သော။ ဒုမဝရသာခံ၊ ပင်လယ်ကသစ်ခက်ကို။ အာဒိယ၊ ယူ၍။ ဣဓ၊ ဤအရပ်သို့။ အာဂမာ၊ ကြွလာ၏။

၂၁၄။ ဘိက္ခဝေ၊ ရဟန်းတို့။ သုစိ၊ စင်ကြယ်စွာသော။ သုဂန္ဓံ၊ ကောင်းသော အနံ့ရှိသော။ တိဒသေဟိ၊ တာဝတိံသာ နတ်တို့သည်။ သက္ကတံ၊ အရှိအသေ ပြုအပ်သော။ အမရဝရေဟိ၊ နတ် မြတ် တို့ သည်။ သေဝိတံ၊ မှီဝဲအပ်သော၊ ဥတ္တမံ၊ မြတ်သော။ ပုပ္ဖံ၊ ပင်လယ်ကသစ်ပန်းကို။ ဒေဝေဟိ၊ နတ်တို့ကို။ အာဟရ၊ ထား၍။ မစ္စေဟိ ဝါ၊ နတ်တို့မှ တစ်ပါးသော လူတို့သည်လည်းကောင်း။ ဒါနဝေဟိဝါ၊ ဒါနောဘီလူးတို့သည်လည်း။ အလဒ္ဓံ၊ မရအပ်။ ဣဒံ၊ ဤ ပင်လယ်ကသစ်ပန်းသည်။ တဒါရဟံ၊ ထိုနတ်တို့အား သာလျှင် ထိုက်၏။

၂၁၅။ ဘိက္ခဝေ၊ ရဟန်းတို့။ တတော၊ ထို့နောင်မှ။ ကနကတ္တ-စူပမာ၊ ရွှေအဆင်းနှင့်တူသော အရေရှိကုန်သော။ ပမဒါဓိပါ၊ မိန်းမတကာတို့ထက် မြတ်ကုန်သော။ အာသာ စ၊ အာသာ လည်းကောင်း။ သဒ္ဓါစ၊ သဒ္ဓါလည်းကောင်း။ သိရီစ၊ သိရီလည်းကောင်း။ တတော၊ ထို့မှတစ်ပါး။ ဟိရီ စ၊ ဟိရီလည်းကောင်း။ ဣတိ၊ ဤသို့။ စတဿော၊ လေးယောက်ကုန်သော။ နာရိယော၊ နတ်တမီးတို့သည်။ ဥဋ္ဌာယ၊ နေရာမှ ထကုန်၍။ မုနိံ၊ ရသေ့ဖြစ်သော။ ပြာဟူဏံ၊ မကောင်းမှုကို အပယ်ပြုပြီး

www.dhammadownload.com

သော။ နာရုဒံ ဧဝ၊ နာရဒကိုသာလျှင်။ ဣတိ ဣဒံ၊ ဤစကားကို။ အပြုပုံ၊ ဆိုကုန်၏။

၂၁၆။ ဗြာဟ္မဝေ၊ မကောင်းမှုကို အပပြုတော်မူပြီးသော။ မဟာမုနိ၊ မြတ်သောရှင်ရသေ့။ တယာ၊ ရှင်ရသေ့သည်။ သစေ၊ အကယ်၍။ အနုဒ္ဒိဋ္ဌံ၊ မရည်သေးသည်ဖြစ်အံ့။ ဧဝံ၊ ဤသို့ မရည်သေးသည်ရှိသော်။ ပါရိစ္ဆတ္တာဿ၊ ပင်လယ်ကသစ်ပင်၏။ ဣမံ ပုပ္ဖံ၊ ဤအပွင့်ကို။ နော၊ အကျွန်ုပ်တို့အား။ ဒဒါဟိ၊ ပေးတော်မူလော့။ တေ၊ အရှင်ဘုရားအား။ သဗ္ဗာ၊ အလုံးစုံသော။ ဂတိ၊ စိတ်တော် အလိုရှိတိုင်းသည်။ ဣစ္ဆတု၊ ပြည့်စုံပါစေသတည်း။ နော၊ အကျွန်ုပ်တို့၏။ ဝါသဝေါယထေဝ၊ အဘ သိကြားမင်း ကဲ့သို့လျှင်။ တံပိ၊ အရှင်ဘုရားသည်လည်း။ ဟောဟိ၊ ဖြစ်တော်မူပါလော့။

၂၁၇။ ဘိက္ခဝေ၊ ရဟန်းတို့။ တံ၊ တို့ပင်လယ်ကသစ်ပင့်ကို။ ယာစမာနာ၊ ထောင်းကုန်သော နတ်သမီးတို့ကို။ နာရဒေါ၊ နာရဒရသေ့သည်။ အဘိသမေက္ခ၊ စုံစမ်းဆင်ခြင်၍။ ဣတိ ဣဒံ၊ ဤစကားကို။ အပြဝိ၊ ဆိုလေ၏။ သက်လဟံ၊ ငြင်းခုံခြင်းနှင့် တကွသော စကားကို။ ဥဒီရယိ၊ မြွက်၏။ ဒေဝမိတာယော၊ နတ်သမီးတို့။ မယံ၊ ငါအား။ ဣမေဟိ၊ ဤပင်လယ်ကသစ်ပန်းတို့ဖြင့်။ ကောစိနံ၊ အနည်းငယ်သော။ အတ္ထော၊ အလိုသည်။ နု အတ္ထိ၊ မရှိ။ ဝေါ၊ သင်တို့ လေးယောက်တို့တွင်။ ယာယေဝ၊ အကြင်နတ်သမီးသည်လျှင်။ သေယျော၊ အထူးသဖြင့် မြတ်သည်။ အသိ၊ ဖြစ်၏။ သာယေဝ၊ ထိုအထူးသဖြင့် မြတ်သော နတ်သမီးသည်သာလျှင်။ ဣမံ ပုပ္ဖံ၊ ဤ ကသစ်ပန်းတို့ကို။ ပိသန္ဓထ၊ ပန်ဆင်လေကုန်။

ထိုလေးယောက်ကုန်သော နတ်သမီးတို့သည် ထိုနာရဒစကားကို ကြားကုန်၍ ထို အယုတ်အမြတ်ကို ထိုရသေ့ကိုပင်လျှင် စုံစမ်းစိစစ်စီမံ့သောငှာ ပြန်လျှောက်ကြပြန်လိုရကား—

၂၁၈။ တံ နောတ္တမေ ဝါ ဘိသမေက္ခ နာရဒ၊
ယသိစ္ဆသိ တသာ အနုပ္ပဝေစ္ဆသု။
ယသာ ဟိ နော နာရဒ တံ ပဒဿသိ၊
သာ ယေဝ နော ဟောတိ သေဋ္ဌသမ္မတာ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၁၈။ နာရဒ၊ နာရဒရှင်ရသေ့၊ တုံ ဧဝ၊ အရှင်ဘုရားသည်သာလျှင်။ ဥတ္တမုံ၊ မြတ်သောသူကို။ အဘိသမေက္ခ၊ ရှုတော်မူလော့။ ယဿာ၊ အကြင် နတ်သမီးအား။ တုံ၊ အရှင်ဘုရားသည်။ ဣစ္ဆသိ၊ ပေးခြင်းငှာ အလိုရှိတော်မူ၏။ တဿာ၊ ထိုနတ်သမီးအား။ အနုပဗေ္ဓစ္ဆဿု၊ ပေးတော်မူလော့။ နာရဒ၊ နာရဒရှင်ရသေ့။ တုံ၊ အရှင်ဘုရားသည်။ နော၊ အကျွန်ုပ်တို့၏။ အန္တရေ၊ အလယ်၌။ ယဿာ၊ အကြင်နတ်သမီးအား။ ပဒဿသိ၊ ပေးတော်မူလတ္တံ့။ သာဒယဝ၊ ထိုနတ်သမီးသည်သာလျှင်။ နော၊ အကျွန်ုပ်တို့၏။ အန္တရေ၊ အလယ်၌။ သေဋ္ဌ သမ္မတာ၊ အမြတ်ဟူ၍ သမုတ်အပ်သည်။ ဟဟိတိ၊ ဖြစ်ပါလတ္တံ့။

သိကြားမင်းထံ မေးကြ

ထိုနတ်သမီးတို့၏ စကားကို ကြား၍ နာရဒရှင်ရသေ့သည် ထိုနတ်သမီးတို့ကိုခေါ်၍ သိကြားမင်းကို မေးစေလိုကား—

၂၁၉။ အကလ္လ မေတ ဝစန သုဂတော်၊
ကော ဗြာဟ္မဏော ကသဟံ ဥဒီရယေ။
ဂန္ဓာန ဘူတာဓိပမေဝ ပုစ္ဆထ၊
သစေ နု ဇာနာထ ဣဓုတ္တမာဓမံ—

ဟူသော ဤဂါထာကို ဆို၏။

၂၁၉။ သုဂတော်၊ ကောင်းသောကိုယ်ရှိသော နတ်သမီးတို့။ ဧတံ ဝစနံ၊ ဤ သင်တို့စကားသည်။ မေ၊ ငါ့အား။ အကလ္လံ၊ မသင့်။ ကောဗြာဟ္မဏော၊ အဘယ် ရသေ့ရဟန်းသည်။ ကသဟံ၊ ငြင်းခုံခြင်းကို။ ဥဒီရယေ၊ ပွားစေအံ့နည်း။ ဣဓ၊ ဤအရပ်၌။ တုမှ၊ သင်တို့သည်။ ဥတ္တမာဓမံ၊ အမြတ်အယုတ်ကို။ သစေ နဇာနာထ၊ အကယ်၍ မသိကြကုန်အံ့။ ဧဝံ၊ ဤသို့ မသိကြကုန်သည်ရှိသော်။ ဣတော၊ ဤအရပ်မှ။ ဂန္ဓာန၊ သွားကုန်၍။ ဘူတာဓိပမေဝ၊ အဘ သိကြားမင်းကိုသာလျှင်။ ပုစ္ဆထ၊ မေးကြကုန်ဦးလော့။

ထိုနောင်မှ နတ်သမီးတို့သည် သွား၍ အဘ သိကြားမင်းကို မေးလျှောက်ကြကုန်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်—

www.dhammadownload.com

၂၂၀။ တာ နာရ ဒေန ပရမပ္ပကောပိတာ၊
ဥဒိရိ တာ ဝဏ္ဏမဒေန မတ္တာ။
သံကာသံ ဂန္ဓာန သဟဿစက္ခုနော၊
ပုစ္ဆိ သု ဘူတာဓိပံ ကာနုသေယျသိ–
ဟူသော ဤဂါထာကို ဟောဒတော်မူ၏။

၂၂၀။ ဘိက္ခဝေ၊ ရဟန်းတို့။ နာရဒေန၊ နာရဒရသေ့သည်။ ဥဒိရိတာ၊ ဆိုအပ်ကုန်သော။ တာ၊ ထို နတ်သမီးတို့သည်။ ပရမပ္ပကောပိတာ၊ လှန်စွာ အမျက်ထွက်ကုန်သည်ဖြစ်၍။ ဝဏ္ဏမဒေန၊ အဆင်းမာန်ယစ်ခြင်းဖြင့်။ မတ္တာ၊ ယစ်ကုန်သည်ဖြစ်၍။ သဟဿစက္ခုနော၊ သိကြားနတ်မင်း၏။ သံကာသံ၊ အထံသို့။ ဂန္ဓာန၊ သွားကုန်၍။ တာတ၊ ဖခင်။ အမှေသု၊ အကျွန်ုပ်တို့တွင်။ ကာ၊ အဘယ်သူသည်။ သေယျော၊ အထူးသဖြင့် မြတ်သည်။ အသိနု၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ ဘူတာဓိပံ၊ အဘသိကြားမင်းကို။ ပုစ္ဆိ သု၊ မေးလျှောက်ကြ၏။

သိကြားမင်းသည် သမီးတော်တို့ကိုမြင်၍ "ချစ်သမီးတို့၏ အငြင်းအခုံကို အဘယ်သူပြုသနည်း" ဟု မေးတော်မူ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်–

၂၂၁။ သာ ဒိသွာ အာယတ္တာမနာ ပုရိန္ဒဒေါ၊
ဣစ္ဆဖြိဝိ ဒေဝရာ ကတဉ္ဇလီ။
သဗ္ဗာဝ ဝေါ ဟောထ သုဂတ္တော သာဒိသီ၊
ကေဒှ နေဝ ဘဒ္ဒေ ကလဟံ ဥဒိရယိ–
ဟူသော ဤဂါထာကို ဟောတော်မူ၏။

၂၂၁။ ဘိက္ခဝေ၊ ရဟန်းတို့။ တာ၊ ထိုနတ်သမီးတို့ကို။ ဒိသွာ၊ မြင်၍။ အာယတ္တာမနာ၊ ကြောင့်ကြသော စိတ်ရှိကုန်သည်ဖြစ်၍။ ဝေဒဝဏော၊ နတ်မြတ်ဖြစ်သော။ ကတဉ္ဇလီ၊ နတ်တို့သည် လက်အုပ်ချီအပ်သော။ ပုရိန္ဒဒေါ၊ အဘသိကြားမင်းသည်။ ဣတိ ဣဒံ၊ ဤစကားကို။ အဖြဝိ၊ ဆိုလေ၏။ ဘုဂတ္တော၊ ကောင်းသောကိုယ်ရှိသော ချစ်သမီးတို့။ သဗ္ဗာ စ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဝေါ၊ သင်တို့သည်။ သာဒိသီ၊

www.dhammadownload.com

တူမျှကုန်သည်။ ဟောဆ၊ ဖြစ်ကုန်လေ၃။ ဘဒန္တ၊ ချစ်သမီးတို့။ ဤဓ၊ ဤ အရပ်၌။ ကောဇနေဝ၊ အဘယ်သူသည်လျှင်။ ကလဟံ၊ ငြင်းခုံခြင်းကို။ ဥဒီရယိ၊ ပွားစေသနည်း။

ထိုအခါ သမီးတော်တို့သည် အဘသိကြားမင်းအား ထင်ရှားစွာ တင်လျှောက်ကုန်လိုရကား—

၂၂၂။ ယော သဗ္ဗလောကစ္စရိတော မဟာမုနိ၊
ဓမ္မေ ဌိတော နာရဒေါ သစ္စနိက္ကမော။
သော နော ဗြဝိ ဂိရိဝရေ ဂန္ဓမာဒနေ၊
ဂန္ဓာန ဘူတာဓိပမေဝ ပုစ္ဆထ။
သစေ နံ ဇာနာထ ဤဓုတ္တမာဓမံ—

ဟူသော ဤဂါထာကို ဆို၏။

၂၂၂။ ဘူတာဓိပ၊ နတ်တို့၏ အရှင်ဖြစ်တော်မူသော။ တာတ၊ ဖခင်နတ်မြတ်။ သဗ္ဗလောက စရိတော၊ အလုံးစုံသော လူ့ပြည်နတ်ပြည် သို့ ကြွသွားနိုင်သော။ ဓမ္မေ၊ ကျင့်ဝတ်တရား၌။ ဌိတော၊ တည်သော။ နာရဒေါ၊ နာရဒအမည်ရှိသော။ သစ္စနိက္ကမော၊ မခွတ်သော လုံ့လရှိသော။ ယောမဟာမုနိ၊ အကြင်ရသေ့မြတ်သည်။ အတ္ထိ၊ ရှိ၏။ သောမဟာမုနိ၊ ထိုရသေ့မြတ်သည်။ ဂန္ဓမာဒနေ၊ ဂန္ဓမာဒန အမည်ရှိသော။ ဂိရိဝရေ၊ တောင်မြတ်၌။ နော၊ အကျွန်ုပ်တို့ကို။ အဗြဝိ၊ ဆို၏။ တုမ္ဟေ၊ သင်တို့သည်။ ဤ၊ ဤအရပ်၌။ ဥတ္တမာဓမံ၊ မြတ်သည် ယုတ်သည်ကို။ သစေ နံ ဇာနာထ၊ အကယ်၍ မသိကြကုန်အံ့။ ဂန္ဓာန၊ သွားကုန်၍။ ဘူတာဓိပမေဝ၊ သင်တို့အဘသိကြားမင်းကိုသာလျှင်။ ပုစ္ဆထ၊ မေးကြလေကုန်။ ဤတိ၊ ဤသို့။ နော၊ အကျွန်ုပ်တို့ကို။ နာရဒေါ၊ နာရဒရသေ့သည်။ အဗြဝိ၊ ဆို၏။

ကောသိယ ရှင်ရသေ့ထံ သွားမေးကြ

ထိုသို့ သမီးတော်တို့ တင်လျှောက်သောစကားကို ကြား၍ အဘသိကြားမင်းသည် "ဤလေးယောက်သော နတ်သမီးတို့သည်လည်း ငါ့သမီးတော်ချည်းတည်း၊ အကယ်၍ ငါသည် ဤငါ့သမီးတော် လေးယောက်

www.dhammadownload.com

တို့တွင် တစ်ယောက်သောသမီးသည် ဂုဏ်ကျေးဇူးနှင့် ပြည့်စုံ၍၊ မြတ်၏ဟု အာကယ်၍ ဆိုငြားအံ့၊ ကြင်းကုန်သော သမီးတို့သည် ငါ့ကို အမျက်ထွက်ကုန်လတ္တံ့၊ ဤတရားကို ငါသည် ဆုံးဖြတ်ခြင်းငှာ မတတ်ကောင်း၊ ဤငါ့သမီးခတော်တို့ကို ဟိမဝန္တာဌ်ဒေကောသိယ ရသေ့အထံသို့ စေလိုက်အံ့၊ ထိုကောသိယရသေ့သည် ထိုနတ်သမီးတို့၏ ဘရားကို ဆုံးဖြတ်စီရင်လတ္တံ့'' ဟုကြံ၍ ''ငါသည် ချစ်သမီးတို့ အငြင်းအခုံတရားကို မဆုံးဖြတ်အံ့၊ ဟိမဝန္တာဌ် ကောသိယ အမည်ရှိသော ရသေ့သည်ရှိ၏။ ထိုကောသိယရသေ့အား ငါသည် နတ်သုဝဘုတ်ကို ပို့စေအံ့၊ ထိုကောသိယရသေ့သည် သူတစ်ပါးအား မပေးလှူမူ၍ မစား၊ ပေးလှူ၍သာလျှင်စား၏၊ ထိုသို့ပေးလှူသော်လည်း ရွေးချယ်စိစစ်၍ ဂုဏ်ရှိသော သူတို့အားသာလျှင် ပေးလှူ၏၊ သင်တို့လေးယောက်တို့တွင် အကြင်နတ်သမီးသည် ထိုကောသိယရသေ့လက်မှ နတ်သုဝဘုတ်ကိုရအံ့၊ ထိုနတ်သမီးသည် မြတ်သည် ဖြစ်ပါလတ္တံ့'' ဟု ဆို၍ ထိုအကြောင်းကို သမီးတော်တို့အား ကြားလိုရကား—

၂၂၃။ အသုဗြဟာရညစရော မဟာမုနိ၊
နာဒတ္ဘာ ဘတ္တံ ဝရဂတ္တော ဘုဥ္ဇတိ။
ဝိစေယျ ဒါနာနိ ဒဒါတိ ကောသိယော။
ယဿာ ဟိ သော ဒဿတိ သာဝ သေယျသိ—

ဟူသော ဤဂါထာကို ဆို၏။

၂၂၃။ ဝရဂတ္တော၊ မြတ်သောကိုယ်ရှိသော ချစ်သမီးတို့။ ဗြဟာရညစရော၊ တောကြီး၌ နေလေ့ရှိသော။ အသု၊ ဤအမည်ရှိသော။ မဟာမုနိ၊ ကောသိယ ရသေ့မြတ်သည်။ အဒတ္တဲ့ဘာ၊ သူတစ်ပါးအား မပေးလှူမူ၍။ ဘတ္တံ၊ ထမင်းကို။ နာ ဘုဥ္ဇတိ၊ မစား။ ဒတ္ဘာဝ၊ ပေးလှူ၍သာလျှင်။ ဘုဥ္ဇတိ၊ စား၏။ ကောသိယော၊ ကောသိယ ရှင်ရသေ့သည်။ ဝိစေယျ၊ ရွေးချယ်စိစစ်၍။ ဒါနာနိ၊ အလှူတို့ကို။ ဒဒါတိ၊ ပေးလှူ၏။ ဟိသစ္စံ၊ မှန်၏။ သော၊ ထိုကောသိယရသေ့သည်။ ယဿာ၊ အကြင်နတ်သမီးအား။ ဒဿတိ၊ ပေးအံ့။ သာ ဧဝ၊ ထိုနတ်သမီးသည်သာလျှင်။ သေယျာ၊ အထူးသဖြင့် မြတ်သည်။ အသိ၊ ဖြစ်၏။

ဤသို့ ထိုသိကြားမင်းသည် ကောသိယ ရသေ့အထံသို့ သမီးတော်တို့ကို စေလိုက်ပြီးလျှင် မာတလိ နတ်သားကိုခေါ်၍ ထိုရသေ့အထံသို့ စေလိုက်ပြန်လိုရကား—

www.dhammadownload.com

၂၂၄။ အသူ ဟိ ယော သမ္မတိ ဒက္ခိဏဒိသံ၊
ဂင်္ဂါယ တီရေ ဟိမဝန္တပဿဒ္ဓိ။
သကောသိယော ဒုလ္လဘပါနဘောဇနော၊
ကာသ သုခံ ပါပယ ဒေဝသာရထိ-
ဟူသော အခြားမရှိသော ဤဂါထာကို ဆို၏။

၂၂၄။ ဒေဝသာရထိ၊ နတ်၏ရထားထိန်းဖြစ်သော။ မာတလိ၊ အမောင်မာတလိ နတ်သား။ အသု၊ ဤအမည်ရှိသော။ ယော ကာသိယော၊ အကြင်ကောသိယ ရသေ့သည်။ ဂင်္ဂါယ၊ ဂင်္ဂါမြစ်၏။ တီရေ၊ ကမ်းနား၌။ ဟိမဝန္တပဿနိ၊ ဟိမဝန္တာ၏နံပါး၌။ ဒက္ခိဏဒိသံ၊ တောင်အရပ်မျက်နှာ၌။ သမ္မတိ၊ နေ၏။ သောကောသိယော၊ ထိုကောသိယ ရသေ့သည်။ ဒုလ္လဘပါနဘောဇနော၊ ရခဲသော ဘောဇဉ် အဖျော်ရှိ၏။ မာတလိ၊ အမောင် မာတလိ နတ်သား။ တုံ၊ သင်သည်။ တဿ၊ ထို ကောသိယ ရသေ့အား။ သုခံ၊ နတ်သုခဘုတ်ကို။ ပါပယ၊ ပို့လှူပါ ချေလော့။

နတ်သုခဘုတ် အလှူခံရပြီ

မာတလိနတ်သားသည် နတ်သုခဘုတ်ကို ဆောင်ယူ၍ ကောသိယ ရသေ့အား ကပ်လှူ၏။ ထိုအကြောင်းကို ထင်ရှား ပြတော်မူလိုသော သမ္မည်မြတ်စွာဘုရားသည်-

၂၂၅။ သ မာတလိ ဒေဝဝရေန ပေသိတော။
သဟဿယုတ္တံ အသိရူယ္ဟ သန္ဒနံ။
သုခိပွမေဝ ဥပါဂမ္မ အဿမံ၊
အဒိဿမာနော မုနိ နော သုခံ အဒါသိ-
ဟူသော ဤဂါထာကို ဟောတော်မူ၏။

၂၂၅။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါ၌။ ဒေဝ ဝရေန၊ သိကြားနတ်မင်းသည်။ ပေသိတော၊ စေအပ်သော။ သော မာတလိ၊ ထို မာတလိနတ်သားသည်။ သဟဿယုတ္တံ၊ သိန္ဓောမြင်း တစ်ထောင်က သော။ သန္ဒနံ၊ ရထားကို။ အဘိရူယ္ဟ၊ တက်စီး၍။ သုခိပွမော၊ ကလွန် F72(၅၅၀·ပဋ္ဌမ)

www.dhammadownload.com

လျင်မြန်စွာလျှင်။ အဆာမံ၊ ကောသိယ ရသေ့ကျောင်းသို့။ ဥဂါဂမ္မ၊ အဒိဿမာနေ၁၊ မထင်ရှားသော ကိုယ်ရှိသည်ဖြစ်၍။ မုနိနေ၁၊ ကောသိယ ရသေ့အား။ သုံမံ၊ နတ်သုဓာဘုတ်ကို။ အဒါသိ၊ လှူလေ၏။

ကောသိယရသေ့သည် ထိုနတ်သုဓာဘုတ် ခွက်ကို ကိုင်၍ ရပ်လျက်လျှင် ထိုမာတလိနတ်သားအား အကြောင်းကို မေးလိုရကား—

၂၂၆။ ဥဒဂ္ဂိ ဟုတ္တံ ဥပတိဋ္ဌတော ဟိ မေ၊
ပဘာဂ်ံရံ လောကတမောနုဒုတ္တမံ။
သဗ္ဗာနိ ဘူတာနိ အဓိစ္စ ဝါသဝေါ၊
ကော နေဝ မေ ပါဏိသု ကိံ သု ဓောဒဟိ။

၂၂၇။ သခ္ခံပမံ သေတမတုလျဒဿနံ၊
သုစိံ သုခန္ဓံ ပိယရူပမဒ္ဒုကံ။
အဒိဋ္ဌပုဗ္ဗံ မမ ဇာတု စက္ခုဘိ၊
ကာ ဒေဝတာ ပါဏိသု ကိံ သုဓောဒဟိ—

ဟူသော ဤနှစ်ဂါထာတို့၏အပေါင်းကို ဆို၏။

၂၂၆။ ဇာ၁၊ အချင်းတို့။ ဥဒဂ္ဂိ၊ ရေမီးကို။ ဟုတ္တံ၊ ပူဇော်အပ်သည်ဖြစ်၍။ လောကတမောနုဒံ၊ လောကဌ္ဌ အမှိုက်ကို ဖျောက်တတ်သော။ ဥတ္တမံ၊ မြတ်ဒသော။ ပဘာဂ်ံရံ၊ နေမင်းကို။ ဟိ-သစ္စံ၊ အကယ်လျှင်။ မေ၊ ငါသည်။ ဥပတိဋ္ဌတော၊ ရှိခိုးစဉ်။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ သူတာနိ၊ သတ္တဝါတို့ကို။ အဓိစ္စ၊ လွန်၍။ ဝတ္တမာနေ၁၊ ဖြစ်သော သူသည်။ ဝါသဝေါ၊ သိကြားလော။ ကော၁ဝေ၊ အဘယ်သူသည်သာလျှင်။ မေ၊ ငါ၏။ ပါဏိသု၊ လက်တို့၌။ ကိံ၊ အဘယ့်ကြောင့်။ သုံမံ၊ နတ်သုဓာဘုတ်ကို။ ဩဒဟိ နု၊ ထားဘိသနည်း။

၂၂၇။ သခ္ခံပမံ၊ ခရုသင်းနှင့် တူသော။ သေတံ၊ ဖွေးဖွေးဖြူသော။ အတုလျဒဿနံ၊ အတုမရှိသော အဆင်းရှိသော။ သုစိံ၊ စင်ကြယ်စွာသော။ သုဂန္ဓံ၊ ကောင်းသောအနံ့ရှိသော။ ပိယရူပံ၊ နှစ်သက်ဖွယ်သော အဆင်းရှိသော။ အဒ္ဒုတံ၊ မမြစ်ဘူးမြဲသော။ ဇာတု၊ စင်စစ်သဖြင့်။ မမ၊ ငါ၏။ စက္ခုဘိ၊ မျက်စိတို့ဖြင့်။ အဒိဋ္ဌပုဗ္ဗံ၊ ဤဘဝတွင် မမြင်

www.dhammadownload.com

ဖူးသော။ သုံ၊ နတ်သုခဘုတ်ကို။ ကာ ဒေဝတာ၊ အာဘယ်နတ်သား သည်။ ပါဏီသု၊ ငါ၏လက်တို့၌။ ကိ၊ အာဘယ့်ကြောင့်။ ဩဒဟိ၊ ထား ဘိသနည်း။

ထို့နောင်မှ မာတလိနတ်သားသည် ကောသိယ ရဿ အား အကြောင်းကို လျှောက်ရကား ÷

၂၂၀။ အဟံ မဟိဒ္ဓိန မဟေသိ ပေသိတော၊
သုခဘိဟာသိံ တုရိတော မဟာ။
ဇာနာသိ မံ မာတလိ ဒေဝသာရထိ၊
ဘူဇ္ဇသု ဘတ္တာ့တ္တမ မာဘိဝါရယိ။
၂၂၉။ ဘုတ္တာစ သာ ဒ္ဝါဒသ ဟန္တီ ပါပဓေ၊
ခုဒ္ဒံ ပိပါသံ အရတိ ဒရက္ခမံ။
ကောဓူပနာဟဉ္စ ဝိဝါဒ ပေသုဏံ၊
သိတုဏှ တန္ဒီဉ္စ ရသုတ္တမံ ဣဒံ -
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၂၂၀။ မဟေသီ၊ မြတ်သော ကျေးဇူးတရားကို ရှာလေ့ရှိသော။ မဟာမုနီ၊ မြတ်သော ရှင်ရသေ့။ မဟိဒ္ဓိန၊ သိကြား နတ်မင်းသည်။ ပေသိတော၊ စေတော်မူအပ်သော။ အဟံ၊ အကျွန်ုပ်သည်။ တုရိတော၊ အဆောတလျင်။ သုဓာ၊ နတ်သုခဘုတ်တို့ကို။ အဘိဟာသိံ၊ ရွေးရွ ဆောင်၏။ ဒေဝသာရထိ၊ နတ်၏ ရထားထိန်း ဖြစ်သော။ မာတလိ၊ မာ တလိနတ်သားဟူ၍။ မံ၊ အကျွန်ုပ်ကို။ ဇာနာသိ၊ သိတော်မူလော့။ ဘုဉ္ဇသု၊ မြတ်သော။ ဘတ္တံ၊ သုခဘုတ်ကို။ ဘုဉ္ဇသု၊ ဘုဉ်းပေးတော် မူပါလော့။ မာဘိဝါရယိ၊ မြစ်တော်မမူပါလင့်။

နတ်သြဇ၏စွမ်းအင်

၂၂၉။ ဘန္တေ၊ အရှင်ဘုရား။ ဘုတ္တာ၊ သုံးဆောင် အပ်သော။ သာ စ၊ ထို နတ်သုခဘုတ်သည်ကား။ ခုဒ္ဒံ၊ ထမင်းမွတ်ခြင်းကို လည်း ကောင်း။ ပိပါသံ၊ ရေမွတ်ခြင်းကို လည်းကောင်း။ အရတိ၊ မမွေ့လျော် ခြင်းကို လည်းကောင်း။ ဒရက္ခမံ၊ ပူပန်ခြင်း ပင်ပန်းခြင်းကိုလည်းကောင်း။

www.dhammadownload.com

ကောခံ၊ အမျက်ထွက်ခြင်းကိုလည်းကောင်း။ ဥပနာဟဉ္စ၊ ရန်ငြိုးဖွဲ့ခြင်းကို လည်းကောင်း။ ဝိဝါဒံ၊ ငြင်းခုံခြင်းကိုလည်းကောင်း။ ပေသုဏံ၊ ကုန်းတိုက် ချေပစ်ခြင်းကို လည်းကောင်း။ သီတံ၊ အေးခြင်းကိုလည်းကောင်း။ ဥဏှံ၊ အပူကို လည်းကောင်း။ တန္ဒီဉ္စ၊ ပျင်းရိခြင်းကို လည်းကောင်း။ ဣတိ၊ ဤသို့။ ပါပကေ၊ ဒုဒ္ဒသ၊ တစ်ဆယ့်နှစ်ပါးကုန်သော။ ယုတ်မာကုန် သောမကောင်းကျိုးတို့ကို။ ဟန္ဒိ-ဟနတိ၊ ပယ်ဖျောက်တတ်၏။ ဣဒံ၊ ဤ နတ်သုဓာဘုတ်သည်။ ရသုတ္တမံ၊ မြတ်သောအရသာတည်း။

ထိုစကားကိုကြား၍ ကောသိယ ရဒေသ့သည် မိမိဆောက်တည် သော အာကျင့်ဝတ်ကို ထင်ရှားပြလိုရကား—

၂၃၀။ နာ ကပ္ပတိ မာတလိ မယှ ဘုဉ္ဇိတုံ၊
ပုဗ္ဗေ အဒတ္ဝာ ဣတိ မေ ဝတ္တုဉ္စမံ။
နာစာပိ ကောသ္မဲမရိယပုဋိတံ၊
အသံဝိဘာဂီ စ သုခံ နာ ဝိန္ဒတိ—
ဟူသော ဤဂါထာကို ဆို၏။

၂၃၀။ မာတလိ၊ မာတလိနတ်သား။ ပုဗ္ဗေ၊ မစားမီရှေ့အဖို့၌။ အဒတ္ဝာ၊ မပေးလှူဘဲ။ မယှံ၊ ငါ့အား။ ဘုဉ္ဇိတုံ၊ စားခြင်းငှာ။ နာ ကပ္ပတိ၊ မသင့်။ ဣတိ၊ ဤသို့။ မေ၊ ငါသည်။ ဥဉ္စမံ၊ မြတ်သော။ ဝတံ၊ ကျင့်ဝတ်ကို။ သမာဒိန္နံ၊ ဆောက်တည်အပ်၏။ ကောသ့ပီ၊ တစ် ယောက်တည်း စားခြင်းကိုလည်း။ နာ စ အရိယပုဋိတံ၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည် မချီးမွမ်း။ အသံ ဝိဘာဂီ စ၊ ဝေဖန်ခွဲခြမ်းလေ့ မရှိသော သူသည်လည်း။ သုခံ၊ လူနတ် နိဗ္ဗာန် ချမ်းသာကို။ နာ ဝိန္ဒတိ၊ မရ။

ဤဂါထာကိုဆိုပြီး၍ ''အရှင်ဘုရား....အရှင်ဘုရားတို့သည် သူတစ် ပါး တို့အား မပေးလှူမူ၍ စားခြင်း၌ အဘယ်အပြစ်ကိုမြင်၍ ဤ ကျင့် ဝတ်ကို ဆောက်တည်တော် မူသနည်း'' ဟု မာတလိနတ်သား မေးအပ်သည် ရှိသော် ထိုမာတလိနတ်သားအား ထိုအကြောင်းကို ကြားပြန်လိုရကား—

www.dhammadownload.com

၂၃၁။ ထီ ဃာတကာ ယေဝိမေ ပါရဒါရိကာ၊
မိတ္တဒ္ဒုနော ယေစ သပန္တိ သုဗ္ဗတေ။
သဗ္ဗေဝ တေ မစ္ဆရိ ပဠ္ဍမာ ဓမာ၊
တသ္မာ အဒတ္ဝာ ဥဒကံပ နာသ္ဒယေ။
၂၃၂။ သောဟိတ္ထိယာဝါ ပုရိသဿဝါ ပန၊
ဒဿာမိ ဒါနံ ဝိဒုသမ္ပဝဏ္ဏိတံ။
သဒ္ဓါ ဝဒညူ ဣဓ ဝိဘမစ္ဆရာ၊
ဘဝန္တိ ဟေ တေ သုစိ သစ္စသမ္မတာ—
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၂၃၀။ မာတလိ၊ မာတလိနတ်သား။ ယေဣမေစ၊ အကြင်သူတို့သည်ကား။ ထီဃာတကာ၊ မိန်းမတို့ကို ညှဉ်းဆဲတတ်ကုန်၏။ ယေစ၊ အကြင်သူတို့သည်ကား။ ပါရဒါရိကာ၊ သူတစ်ပါးမယားကို ပြစ်မှားတတ်ကုန်၏။ ယေစ၊ အကြင်သူတို့သည်ကား။ မိတ္တဒ္ဒုနော၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်ကုန်၏။ ယေစ၊ အကြင်သူတို့သည်ကား။ သုဗ္ဗတေ၊ ကောင်းသောအကျင့်ရှိကုန်သော ရသေ့ ရဟန်းတို့ကို။ သပန္တိ၊ ကျိန်ဆဲရေရွတ်တတ်ကုန်၏။ ယေ၊ အကြင်သူတို့သည်။ မစ္ဆရိပဠ္ဍမာ၊ ဝန်တိုခြင်းလျှင် ငါးယောက်မြောက် ရှိကုန်၏။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ၊ ထိုသူတို့သည်။ အဓမာ၊ သူယုတ်မည်ကုန်၏။ တသ္မာ၊ ထို့ကြောင့်၊ ဥဒကံပိ၊ ရေမျှကိုသော်လည်း။ အဒတ္ဝာ၊ သူတစ်ပါးအား မပေးလှူမူ၍။ နာသ္ဒီယေ၊ ငါမသုံးဆောင်။

၂၃၂။ မာဘလိ၊ မာတလိနတ်သား။ သောအဟံ၊ ထိုငါသည်။ ဣတ္ထိယာဝါ၊ မိန်းမအား လည်းဒကောင်း။ ပုရိသဿ ဝါ၊ ယောကျ်ားအား လည်းကောင်း။ ပန၊ စင်စစ်။ ဝိဒုသမ္ပဝဏ္ဏိတံ၊ ဘုရားအစရှိသော ပညာရှိ သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော။ ဒါနံ၊ အလှူကို။ ဒဿာမိ၊ ပေးလှူအံ့၊ ဣဓ၊ ဤလောက၌။ သဒ္ဓါ၊ သဒ္ဓါတရားနှင့်ပြည့်စုံကုန်သော။ ဝဒညူ၊ ကောင်းသော စကားကို သိတတ် ကုန်သော။ ဝိဘမစ္ဆရာ၊ ဝန်တိုခြင်းကင်းကုန်သော။ ဧတေ၊ ဤသူတို့သည်။ သုစိ၊ စင်ကြယ်ကုန်သည်လည်းကောင်း။ သစ္စသမ္မတာ၊ သူမြတ်ဟူ၍ သမုတ်အပ်ကုန်သည်လည်းကောင်း။ ဘဝန္တိ၊ ဖြစ်ကုန်၏။

www.dhammadownload.com

ရှင်ရသေ့နှင့် နတ်သမီးများ

ထိုစကားကိုကြား၍ မာဇလိနတ်သားသည် မှထင်ရှားသော ကိုယ်ဖြင့် တည်၏။ ထိုခဏ၌ လေးယောက်ကုန်သော နတ်သမီးတို့သည် အရပ်လေးမျက်နှာတို့၌ ရပ်လာကုန်၏။ သိရိနတ်သမီးသည် အရှေ့အရပ်၌ ရပ်၏၊ အာသာနတ်သမီးသည် တောင်အရပ်၌ ရပ်၏၊ သဒ္ဓါနတ်သမီးသည် အနောက်အရပ်၌ ရပ်၏၊ ဟိရိနတ်သမီးသည် မြောက်အရပ်၌ ရပ်၏။ ထို အကြောင်းကို ထင်ရှား ပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်—

၂၃၃။ အထော မတာ ဒေဝရေန ပေသိတာ၊
ကညာ စတသော ကနကတ္တ စူပမာ။
အာသာ စ သဒ္ဓါ စ သိရိ တတော ဟိရီ၊
တံ အဿမံ အာဂမုယတ္ထ ကောသိယော ။လ။
၂၃၄။ ယဿာဟမိစ္ဆာမိ သုခံ မဟာမုနိ၊
သော သဗ္ဗကာမေဟိ နရော ပမောဒတိ။
သိရီတိမံ ဇာနာဟိ ဇုဟတုတ္တမ၊
တံ မံ သုဓာယ ဝရပညေ ဘာဇယ—

ဟူသော ဤငါးဂါထာတို့ကို ဟောတော်မူ၏။

၂၃၃။ ဘိက္ခဝေ၊ ရဟန်းတို့။ အထော၊ ထို့နောင်မှ။ ဒေဝရေန၊ သိကြားနတ်မင်းသည်။ မဘာ၊ ခွင့်ပြုအပ်ကုန်သော။ ပေသိတာ၊ စေအပ်ကုန်သော။ ကနကတ္တစူပမာ၊ ရွှေအဆင်းနှင့်တူသော အရေရှိကုန်သော။ အာသာ စ၊ အာသာ လည်းကောင်း။ သဒ္ဓါ စ၊ သဒ္ဓါ လည်းကောင်း။ သိရီ စ၊ သိရီလည်းကောင်း။ တတော၊ ထိုမှတစ်ပါး။ ဟိရီ စ၊ ဟိရီ လည်းကောင်း။ ဣတိ၊ ဤသို့။ စဘဿော၊ လေးယောက်ကုန်သော။ ကညာ၊ နတ်သမီးတို့သည်။ ယတ္ထ၊ အကြင်ကျောင်း၌။ ကောသိယော၊ ကောသိယ ရှင်ရသေ့သည်။ အတ္ထိ၊ ရှိ၏။ တံ အဿမံ၊ ထိုကျောင်းသို့။ အာဂမုံ၊ လာကြကုန်၏။

၂၃၄။ ဘိက္ခဝေ၊ ရဟန်းတို့။ သုတေန၊ ဘင့်တယ်စံပယ်သော။ ဝဏ္ဏေန၊ အဆင်းဖြင့်။ အဂ်ိနော၊ မီး၏။ သိခါရိဝ၊ အလျှံကဲ့သို့။ စတု-ဒ္ဒိသာ၊ အရပ်လေးမျက်နှာတို့၌။ စာတုရော၊ တင့်တယ်ခြင်းနှင့် ပြည့်စုံကုန်

www.dhammadownload.com

သော။ စတဿော၊ လေးယောက်ကုန်သော။ တာ ကညာ၊ ထိုနတ်သမီး တို့ကို။ ဒ္ဒိဿာ၊ မြင်၍။ ကောသိယော၊ ကောသိယရှင်ရသေ့သည်။ သဗ္ဗော ပရမပ္ပမောဒိတော၊ အလုံးစုံ အကြွင်းမရှိ ဝမ်းမြောက်သည်ဖြစ်၍။ မာ-တလိနော၊ မာဘလိနတ်သား၏။ သမ္မုခါဝ၊ မျက်မှောက်၌လျှင်။ ဣတိ-ဣဒံ၊ ဤစကားကို။ အဗြဝိ၊ ဆိုလေ၏။

၂၃၅။ ဒေဝတေ၊ နတ်သမီး။ တုံ၊ သင်သည်။ ပုရိမံဒိသံ၊ အရှေ့-မျက်နှာ၌။ ပဘာသိ၊ ထွန်းတောက်ပ၏။ ကာ၊ အဘယ်သူနည်း။ အလင်္က-တာ၊ တန်ဆာဆင်သည်ဖြစ်၍။ တာရဝရာ၊ ကြယ်တကာတို့ထက် မြတ်သော။ ဩသဓိဝ၊ သောက်ရှူးကြယ်နှင့် တူ၏။ ကဉ္ဇနဝေလ္လဝိဂ္ဂဟော၊ ရွှေရုပ်ကဲ့သို့ ကိုယ်ရှိသော၊ ဒေဝတေ၊ နတ်သမီး၊ တုံ၊ သင့်ကို။ ပုစ္ဆာမိ၊ ငါမေး၏။ တုံ၊ သင်သည်။ ကတမာ၊ အဘယ်မှည်သော။ ဒေဝတာ၊ နတ်သည်။ အသိ၊ ဖြစ်သနည်း။ တုံ၊ သင်သည်။ မေ၊ ငါ့အား။ အာစိက္ခ၊ ကြားလော။

၀၉ ၄ ၉
သရနတ်သမီး

၂၃၆။ ဝရပညဲ၊ မြတ်သော ပညာရှိတော်မူသော ရှင်ရသေ့။ အဟံ၊ အကျွန်ုပ်သည်။ သိရီ၊ သိရီ အမည်ရှိသော။ ဒေဝီ၊ နတ်သမီး တည်း။ အဟံ၊ အကျွန်ုပ်ကို။ မနုဇောဘိ၊ လူတို့သည်။ ပူဇိဘာ၊ ပူဇော်အပ်ကုန်၏။ သဒါ၊ အခါခပ်သိမ်း။ အပါပသတ္တာပု နိသေဝိတာ၊ မြတ်သော သတ္တဝါတို့သည်သာ မှီဝဲဆည်းကပ်အပ်ကုန်၏။ သုဓာဝိဝါဒေန၊ သုဓာဘုတ် အငြင်းအခုံကြောင့်။ တဝန္တိံ၊ အရှင်ဘုရား အထံတော်သို့။ အာဂတာ၊ လာရောက်ပါကုန်၏။ တံ တဿာ၊ ထို့ကြောင့်။ မံ၊ အကျွန်ုပ်ကို။ သုဓာယံ၊ သုဓာဘုတ်ကို။ ဘာဇယ၊ ပေးတော်မူပါလော့။

၂၃၇။ မဟာမုနိ၊ မြတ်သောရှင်ရသေ့။ အဟံ၊ အကျွန်ုပ်သည်။ ယဿနရဿ၊ အကြင်သူ၏။ သုခံ၊ နတ်သုဓာဘုတ်ကို။ ဣစ္ဆာမိ၊ အလို ရှိ၏။ သောနရော၊ ထိုသူသည်။ သဗ္ဗကာမေဟိ၊ အလုံးစုံသော အလိုဆန္ဒ တို့ဖြင့်။ ပမောဒတိ၊ မွေ့လျော်၏။ ဇုဟတံ၊ မီးပူဇော်သောသူတို့ထက်။ ဥတ္တမ၊ မြတ်တော်မူသော။ အရှင်ရသေ့။ မံ၊ အကျွန်ုပ်ကို။ သိရီတိ၊ သိရီ နတ်သမီးဟူ၍။ ဇာနာဟိ၊ သိတော်မူလော့။ ဝရပညဲ၊ မြတ်သော ပညာ

www.dhammadownload.com

ရှိတော်မူသော ရှင်ရသေ့။ တံ တသ္မာ၊ ထို့ကြောင့်။ မံ၊ အကျွန်ုပ်ကို။ သုခာယံ၊ သုခဘုတ်ကို။ ဘာဇယ၊ ပေးတော်မူပါလော့။

ထိုစကားကိုကြား၍ ကောသိယရသေ့သည် ထို သိရီ နတ်သမီး၏ စကားကို ပယ်လိုရကား—

၂၃၈။ သိပ္ပေန ဝိဇ္ဇာစရဏေန ဗုဒ္ဓိယာ၊
နရာ ဥပေတာ ပဂုဏာ သကမ္မုနာ။
တယာ ဝိဟီနာ နလဘန္တိ ကိဉ္စနံ၊
တယိဒံ နသာဓု ယဒိဒံ တယာ ကတံ။

၂၃၉။ ပဿာမိ ပေါသံ အလသံ မဟဋ္ဌသံ၊
သုဒုက္ကုလီနံပိ အဂ္ဂပိ မံ နရံ။
တယာနုဂုတ္တောသိရိဇာတိမာမပိ၊
ပေသေတိဒါသံဝိယဘောဂဝါသုခိ။

၂၄၀။ တံ တံ အသစ္စံ အဝိဘဇ္ဇသေဝိနိံ၊
ဇာနာမိ မုဋ္ဌံ ဝိဒုရာနု ပါတိနိံ။
န တာဒ္ဒိသီ အရဟတိ အာသနုဒကံ၊
ကုတော သုဓာ ဂစ္ဆန မယ္ဟ ရုစ္စသိ—

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၂၃... ။ ဒေဝတေ၊ နတ်သမီး။ သိပ္ပေန၊ ဆင် မြင်း အစရှိသော အတတ်ဖြင့် လည်းကောင်း။ ဝိဇ္ဇာစရဏေန၊ ဗေဒင်သုံးပုံဟု ဆိုအပ်သော အတတ်သိလနှင့် လည်းကောင်း။ ဗုဒ္ဓိယာ၊ ပညာနှင့် လည်းကောင်း။ ပဂုဏာသကမ္မုနာ၊ အားထုတ်အပ်သော မိမိအမှုနှင့် လည်းကောင်း။ ဥပေတာ၊ ပြည့်စုံကုန်သော။ နရာ၊ သတ္တဝါတို့သည်။ သုခံ၊ ချမ်းသာကို။ လဘန္တိ၊ ရကုန်၏။ တယာ၊ သင်သည်ကား။ ဧတေဟိ၊ ထိုအတတ် အစရှိသည်တို့မှ။ ဝိဟီနာ၊ ကင်း၍။ ကိဉ္စနံ၊ စိုးစဉ်းမျှသော ဥစ္စာကို။ န လဘန္တိ၊ မရကုန်။ တယာ၊ သင်သည်။ ယံ ဣဒံ၊ အကြင်အမှုကို။ ကတံ၊ ပြုအပ်၏။ တယာ၊ သင်သည်။ ကတံ၊ ပြုအပ်သော။ တံ ဣဒံ၊ ထိုအမှုသည်။ နသာဓု၊ မကောင်း။

www.dhammadownload.com

၂၃၉။ ပေါသံ၊ ပေါသဟုဆိုအပ်သော့။ အလသံ၊ ပျင်းရိသော။ မဟဋ္ဌသံ၊ အစားကြီးသော။ သုဒုက္ကုလိနံပိ၊ အမျိုးယုတ်သည်လဲဉီး ဖြစ်သော။ အရူပိမံ၊ အဆင်းမလှသည်ဖြစ်သော။ နုရံ၊ သတ္တဝါကို။ ပဿဝိမိ၊ ငါမြင်၏။ တယာ၊ သင်သည်။ အနုဂုတ္တော၊ စောင့်ရှောက်အပ်သော။ သိရီ၊ ဘုန်းကျက်သရေရှိသော။ ဇာတိမာအပိ၊ အမျိုးမြတ်သည်လဲဉီး ဖြစ်သော။ ဘောဂဝါ၊ ဥစ္စာရှိသော။ သုခီ၊ ချမ်းသာခြင်းရှိသော။ နရော၊ သတ္တဝါကို။ ဒါသံ ဝိယ၊ ကျွန်ကိုကဲ့သို့။ ပေဒသတိ၊ စေ၏။

၂၄၀။ တံ-တသ္မာ၊ ထို့ကြောင့်။ အသ္မာ၊ သစ္စာမစောင့်သော။ အဝိဘဇ္ဇံသေဝိနိံ၊ ဝေဖန်ခွဲခြမ်း၍ ဆည်းကပ်လေ့မရှိသော။ မူဠှံ၊ မိုက်မဲတွေဝေသော။ ဝိဒူရာနုပါတိနိံ၊ ပညာရှိကို မဆည်းကပ်တတ်သော။ တံ၊ သင့်ကို။ ဇာနာမိ၊ ငါသိ၏။ တာဒိသိ၊ သင်ကဲ့သို့သောသူသည်။ အာသ-နုဒတံ၊ နေရာရေသို့မျှလည်း။ နာ အရဟတိ၊ မထိုက်။ သုခာ၊ နတ်သုခဘုတ်ကို။ ကုတော အရဟတိ၊ အတီမှာထိုက်အံ့နည်း။ မယှံ၊ ငါသည်။ တံ၊ သင့်ကို။ နာ ရုစ္စတိ၊ မနှစ်သက်။ ဂစ္ဆ၊ သွားလေလော့။

အာသာနတ်သမီး

ထိုသိရီနတ်သမီးသည် ထိုအရပ်၌သာလျှင် ကွယ်လေ၏။ ထိုနောင်မှ အာသာနတ်သမီးနှင့်တကွ စကားပြောလိုရကား—

၂၄၁။ ကာ သုက္ကဒါဌာ ပဋ္ဌိမုက္ကကုဏ္ဍလာ၊
စိတ္တင်္ဂါ ကမ္မုဝိမဋ္ဌမာရိနီ။
ဩသိတ္တဝဲဏ္ဍံ ပရိဒယှ သောဘသိ၊
ကုသဂ္ဂိ ရတ္တံ အပိဋ္ဌယ မဇ္ဈရိံ။
၂၄၂။ မိဂိဝ ဘန္တာ သရစာပမာရိနာ၊
ဝိဏုမိတာ မန္ဒမိဝ ဥဒိက္ခသိ။
ကော တေ ဒုတိယော ဣဓ မုန္ဒလောစနေ၊
နာ ဘာယသိ ကေကိကာ ကာနနေ ဝနေ—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၂၄၁။ ဒေဝတေ၊ နတ်သမီး။ သုက္ကဒါဌာ၊ ဖြူစင်စွာသော သွားရှိသော။ ပဋ္ဌိမုက္ကကုဏ္ဍလာ၊ ပတ္တမြားနှားတောင်းဝတ်သော့။ စိတ္တင်္ဂါ၊

www.dhammadownload.com

ဆန်းကြယ်သော ရတနာခုနစ်ပါးတို့ဖြင့် တန်ဆာဆင်ထသော။ ကမ္မဇဝိမဒ္ဒ-
ဓာရိနီ၊ အလွန်ပြေပြစ်သော ရွှေတန်ဆာလှည်း ဆင်ထသော။ တုံ၊ သင်
ကား။ ကာ၊ အဘယ်သူနည်း။ သြသိတ္တဝဏ္ဏံ၊ သွန်းလောင်းအပ်သော ရေ
အယဉ်အဆင်းနှင့်တူသော နတ်ဘဲဖြူပုဆိုးကို။ ပရိဒယှ၊ ဝတ်ရုံ၍။ ကုသဂ္ဂံ၊
သမန်းမြက်မီးလှျံကဲ့သို့။ရတ္တံ၊ နီသော။ မဇ္ဈရိံ၊ အငုံနှင့်တကွသော အသောက
ပန်းကုံးကို။ အပိဠယ၊ ပန်ဆင်၍။ သောဘသိ၊ တင့်တယ်၏။

၂၄၂။ မန္ဒလောစနေ၊ ညှင်းညှင်းသာယာ ပြုံးရယ်၍ ကြည့်တတ်
သော။ ဒေဝတေ၊ နတ်သမီး။ သရစာပဓာရိနာ၊ မုဆိုးသည်။ ဝိရာဓိတာ၊
မြားဖြင့်ပစ်၍ ချွတ်ယွင်းသော။ မိဂီ၊ သမင်မသည်။ ဘန္တာ၊ တုန်လှုပ်
လျက်။ ဥဒိက္ခသိ ဣဝ၊ ကြည့်သကဲ့သို့။ တုံ၊ သင်သည်။ မန္ဒမိဝ၊ ပြုံးရယ်
သကဲ့သို့ ဖြစ်၍။ ဥဒိက္ခသိ၊ ကြည့်၏။ ဣဒ၊ ဤအရပ်၌။ တေ၊ သင်၏။
ဒုတိယာ၊ အဖော်ကား။ ကာ၊ အဘယ်သူနည်း။ ကာနနေ ဝနေ၊ ဘော
ကြီး၌။ ကေကာ၊ တစ်ယောက်အထီးတည်း။ နဘာယသိ၊ သင် မကြောက်
လော့။

ထို့နောင်မှ အာသာနတ်သမီးသည် မိမိလာသော အကြောင်းကို
ရသေ့အား ကြားလျှောက်လိုရကား—

၂၄၃။ နမေ ဒုတိယော ဣဓမတ္တိ ကောသိယ၊
မဿက္က သာရပ္ပတဝမှိ ဒေဝတာ။
အာသာ သုဓာသာယ တဝန္တိမာဂတာ၊
တံ မံ သုဓာယ ဝရပညေ ဘာဇယ—

ဟူသော ဤဂါထာကို ဆို၏။

၂၄၃။ ကောသိယ၊ ကောသိယရှင်ရသေ့။ ဣဓ၊ ဤအရပ်၌။
မေ၊ အကျွန်ုပ်အား။ ဒုတိယော၊ အဖော်သည်။ နအတ္ထိ၊ မရှိ။ မဿက္က-
သာရပ္ပဘဝါ၊ တာပတိ်သာ နတ်ရွာ၌ဖြစ်သော။ ဒေဝတာ၊ နတ်သမီး
သည်။ အမှိ၊ ဖြစ်၏။ အာသာ၊ အာသာအမည်ရှိသော အကျွန်ုပ်သည်။
သုဓာသာယ၊ နတ်သုဓာဘုတ်ကို အလိုရှိသောကြောင့်။ တဝန္တိံ၊ အရှင်
ဘုရားအထံသို့။ အာဂတာ၊ လာရောက်ပါ၏။ ဝရပညေ၊ မြတ်သောပညာ

www.dhammadownload.com

ရှိတော်မူသော ရှင်ရသေ့။ တံ တသ္မာ၊ ထို့ကြောင့်။ မံ၊ မမ၊ အဘိက္ခနှုပ်အား။ သုခာယ၊ နတ်သုခဘုတ်ကို။ ဘာဇယ၊ သနားတော်မူလော့။

ထို အာသာနတ်သမီးစကားကို ကြား၍ ကောသိယရသေ့သည် သင်သည် အကြင်သူကို နှစ်သက်၏၊ ထိုနှစ်သက်သော သူအားသာလျှင် တောင့်တခြင်း အကျိုးကို ပြီးစေသဖြင့် အလိုအသာကို ပေးသတတ်၊ အကြင်သူကို သင်သည် မနှစ်သက်၊ ထိုမနှစ်သက်သော သူအား အလိုအာသာကို မပေး၊ သင်သည် အညီအမျှဖြစ်ခြင်းမရှိ၊ အညီအမျှကို ဖျက်ဆီးတတ်၏ဟု ဆို၍ ထိုအကြောင်းကို ပြလိုရကား—

၂၄၄။ အာသာယ ယန္တိ ဝါဏိဇာ မနေသိနော၊
နာဂံ သမာရုယှ ပရေန္တိ အဏ္ဏဝေ။
တေ တတ္ထ သိဒန္တိ အထောပိ ဧကဒါ၊
ဇိနမနာ ဧန္တိ ဝိနဋ္ဌမာဂတာ ။လ။

၂၄၀။ အာသာ ဝိသံ ပါဒိက သမ္မဘာ ဣမေ၊
အာသေ သုခာသံ ဝိနယဿု အတ္တနိ။
နာ တာဒိသိ အရဟာတိ အာသနူဒကံ၊
ကုတော သုခာ ဂစ္ဆသိ နာ မယှ ရုစ္စသိ—

ဟူသော ဤဂါထာတို့ကို ဆို၏။

၂၄၄။ ဒေဝတေ၊ နတ်သမီး။ မနေသိနော၊ ဥစ္စဲဘကိုရှာကုန်သော။ ဝါဏိဇာ၊ ကုန်သည်တို့သည်။ အာသာယ၊ အလိုအသာကြောင့်။ ယန္တိ၊ သွားကုန်၏။ အဏ္ဏဝေ၊ သမုဒ္ဒရာဠ်။ နာဂံ၊ လှေသင်္ဘောကို။ သမာရုယှ၊ စီးကုန်၍။ ပရေန္တိ၊ သွားကုန်၏။ တေ၊ ထိုကုန်သည်တို့သည်။ တတ္ထ၊ ထိုသမုဒ္ဒရာဠ်။ သိဒန္တိ၊ နစ်ကုန်၏။ အထောပိ၊ ထို့မှိုလည်း။ ဧကဒါ၊ တစ်ရံတစ်ခါဠ်။ ဇိနာဓနာ၊ ဥစ္စာရှုံးကုန်သည်ဖြစ်၍။ ဧန္တိ၊ လာရကုန်၏။ ဝိနဋ္ဌံ၊ ပျက်စီးခြင်းသို့။ အာဂတာ၊ ရောက်ကုန်၏။

၂၄၅။ ဒေဝတေ၊ နတ်သမီး။ ကဿကာ၊ လယ်လုပ်သော သူတို့သည်။ အာသာယ၊ အလိုအာသာကြောင့်။ ခေတ္တာနိ၊ လယ်တို့ကို။ ကသန္တိ၊ ထွန်ကုန်၏။ ဗီဇာနိ၊ မျိုးစေ့တို့ကို။ ဝပန္တိ၊ စိုက်ပျိုးကုန်၏။ ဥပါ-

www.dhammadownload.com

ယသော၊ အကြောင်းဖြင့်။ ကိုစုံ၊ အမှုကိစ္စကို။ ကရောန်တီ၊ ပြုကုံန်၏။ ဤတိနိပါတေန ဝါ၊ လေဆိုးဖျက်ခြင်း ကြွက်ခဲခြင်း, နှုံကျခြင်း, ကျေးကိုက်ခြင်း, ငမြောင်တောင်ကျခြင်း, ပိုးကျခြင်းဖြင့် လည်းကောင်း။ အဝုဋ္ဌိတာယ ဝါ၊ မိုးခေါင်သဖြင့် လည်းကောင်း။ တေ၊ ထိုလယ်လုပ်သော သူတို့သည်။ တတော၊ ထိုကောက်စပါးမှ။ ကိဉ္စိ၊ အနည်းငယ်သော့။ ဖလာဂမ်၊ စပါးသီးကို။ န ဝိန္ဒန္တိ၊ မရကုန်။

၂၄၆။ အထ၊ ထိုမှတစ်ပါး။ အတ္တကာရုနိ၊ မိမိသည် ပြုအပ်သော ယောကျ်ား အမှုတို့ကို။ ကတ္ဝာ၊ ပြု၍။ ဘတ္တာ၊သူ၊ အရှင်သခင်တို့၏။ ကရောန္တိ၊ အမှုထမ်းကုန်၏။ သုခေသိနော၊ စီးပွားချမ်းသာကို ရှာလေ့ရှိကုန်သော။ နရာ၊ လူတို့သည်။ အာသံ၊ အလိုအာသာကို။ ပူရက္ခတ္ဝာ၊ ရှေ့သွားပြု၍။ ကရောန္တိ၊ မင်းမှုထမ်းကုန်၏။ တေနရာ၊ ထိုလူတို့သည်။ ဘတ္တာ၊ရတ္ထာယ၊ အရှင်သခင်အကျိုးငှာ၊ အတိဂင်္ဆိတာ၊ ရန်သူတို့သည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ပုန၊ တစ်ဖန်။ ကိဉ္စုနံ၊ အနည်းငယ်သော ဥစ္စာကိုမျှ။ အလဒ္ဓါ၊ မရမူ၍။ ဒိသာ၊ အရပ်ထက်ဝန်းကျင်တို့သို့။ ပနယန္တိ၊ ထိုမှ ဤမှ ပြေးဝင်ကုန်၏။

၂၄၇။ ဒေဝတေ၊ နတ်သမီး။ သုခေသိနော၊ ချမ်းသာကို ရှာလေ့ရှိကုန်သော သူတို့သည်။ ဓညဉ္စ၊ စပါးကို လည်းကောင်း။ ဓနဉ္စ၊ ဥစ္စာကိုလည်းကောင်း။ ဉာတကေ စ၊ အာဆွအမျိုးတို့ကို လည်းကောင်း။ ဇဟိတ္ဝာ၊ စွန့်၍။ အာသာယ၊ တဏှာ အာသာကြောင့်။ သဂ္ဂါဓိဂမနာ၊ နတ်ရွာကို ရလိုသည်ဖြစ်၍။ လူခံ၊ ဆင်းရဲကြုံကြိုက်သော။ တပံပိ၊ ပဥ္စာတပ အစရှိသော အကျင့်ကိုလည်း။ စိရတရံ၊ အလွန်ကြာမြင့်စွာ။ တပန္တိ၊ ကျင့်ကုန်၏။ တေ၊ ထိုပဥ္စာတပ အစရှိသောအကျင့် ကျင့်ကုန်သော သူတို့သည်။ ကုမဂ္ဂံ၊ မှကောင်းသော ခရီးသို့။ အာရဓယု၊ တက်၍။ ဒုဂ္ဂတိ၊ အပါယ်လေးပါးကို။ ပူရေန္တိ၊ ပြည့်စေကုန်၏။

၂၄၈။ ဒေဝတေ၊ နတ်သမီး။ ဣမေ၊ ဤ သတ္တဝါတို့သည်။ အာသာယ၊ တဏှာအာသာကြောင့်။ ဒုဂ္ဂတိ၊ အပါယ်လေးပါးသို့။ ဂစ္ဆန္တိ၊ သွားရကုန်၏။ အာသာ၊ အာသာအမည်ရှိသော သင့်ကို။ ဝိသံဒိဝါကသမ္မတာ၊ ခွတ်ယုင်းသောစကားကို ဆိုတတ်၏ဟု သမုတ်အပ်၏။ အာသေ၊

www.dhammadownload.com

အာသာနတ်သမီး။ အတ္တာနိ၊ မိမိ၌။ သုခာယ၊ နတ်သုခာဘုတ်ကို။ ဝိန
ယဿု၊ စွန့်လော့။ တာဒိသီ၊ သင်ကဲ့သို့သောသူသည်။ အသန္နဒက်ပီ၊ နေရာ
ရှေကိုမျှလည်း။ နံ အရဟတိ၊ မထိုက်။ သုခာ၊ နတ်သုခာဘုတ်
သည်ကား။ ကုတော အရဟသိ၊ အဘိမှာထိုက်အံ့နည်း။ မယှံ၊ ငါသည်။
တံ၊ သင့်ကို။ နာရဟတိ၊ မနှစ်သက်။ ဂစ္ဆ၊ သင်သွားလေလော့။

သဒ္ဓါနတ်သမီး

ထိုအာသာနတ်သမီးသည်လည်း ထိုကောသိယ ရဿေသည် ပယ်
အပ်သည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် ကွယ်လေ၏။ ထိုနောင်မှ သဒ္ဓါနတ်
သမီးနှင့်တကွ စကား ပြောပြန်လိုရကား ÷

၂၄၉။ ဒဒ္ဒလ္လမာနာ ယသသာ ယသဿီနီ၊
ဇီဃံညနာမ ဝုယနံ ဒိသံပတိ။
ပုစ္ဆာမိ တံ ကဉ္စန ဝေလ္လိဝဏ္ဏဟာ၊
အာစိက္ခမေ ဘဒ္ဒံ ကတမာသိ ဒေဝတေ—

ဟူသော ဤဂါထာကို ဆို၏။

၂၄၉။ ကဉ္စနဝေလ္လိဝဏ္ဏဟာ၊ ရွှေအဆင်းနှင့်တူသော ကိုယ်ရှိသော
နတ်သမီး။ ဒဒ္ဒလ္လမာနာ၊ ထွန်းတောက်ပသည်ဖြစ်၍။ ယသသာ၊ အခြံ
အရံဖြင့်။ ယသဿီနီ၊ များသော အခြံအရံရှိသော။ ဇီဃံညနာမဝုယနံ၊
အနောက်ဟူ၍ ယုတ်သောအမည်ဖြင့် ခေါ်ဝေါ်အပ်သော။ ဒိသမ္ပတိ၊
အရပ်မျက်နှာ၏ အကြီးအကဲဖြစ်သော။ ဒေဝတေ၊ နတ်သမီး။ တံ၊ သင်
သည်ကား။ ကာ၊ အဘယ်မည်သောသူနည်း။ တံ၊ သင့်ကို။ ပုစ္ဆာမိ၊
ငါမေး၏။ တံ၊ သင်သည်။ ကတမာ၊ အဘယ်မည်သော နတ်သမီးသည်။
အသိ၊ ဖြစ်သနည်း။ မေ၊ ငါ့အား။ အာစိက္ခ၊ ကြားလော့။

ထိုနောင်မှ ထိုသဒ္ဓါနတ်သမီးသည် ထိုကောသိယ ရဿေအား
အကြောင်းကို ကြားလျှောက်လိုရကား....

၂၅၀။ သဒ္ဓါဟ ဒေဝ မနုဇေဟိ ပူဇိတာ၊
အပါပသတ္တာပနိဒေ ဝိနိ သဒါ။
သုခာ ဝိဝါဒေနတဝန္တိမာဂတာ၊
တံ မံ သုခာဃ ဝရပညာ ဘာဇယ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၅၀။ ဝရပဉ္ဉ၊ မြတ်သော ပညာရှိတော်မူသော ရှင်ရသေ့။ အဟံ၊ အကျွန်ုပ်သည်။ သဒ္ဓါ၊ သဒ္ဓါအမည်ရှိ၏။ ဒေဝမနုဇေဟိ၊ နတ်လူတို့သည်။ သဒၶါ၊ အခါခပ်သိမ်း။ ပူဇိတာ၊ ပူဇော်အပ်ကုန်၏။ အပါပသတ္တာ၊ပနိသေဝိနိ၊ မြတ်သောသတ္တဝါတို့သည် ဆည်းကပ်အပ်၏။ ဇရပဉ္ဉ၊ မြတ်သော ပညာရှိတော်မူသော အရှင်ရသေ့။ သုဓာဝိဝါဒေန၊ နတ်သုဓာဘုတ်ကို ရသင့် မရသင့် အငြင်းအခုံကြောင့်။ တဝန္တိံ၊ အရှင်ဘုရား၏ အထံသို့။ အာဂတာ၊ လာရောက်ပါ၏။ တံတသ္မာ၊ ထို့ကြောင့်။ မံ၊ အကျွန်ုပ်ကို။ သုဓာယ၊ နတ်သုဓာဘုတ်ကို။ ဘာဇယ၊ ပေးတော်မူပါလော့။

ထိုအခါ ကောသိယရသေ့သည် ထိုသဒ္ဓါနတ်သမီးကို ပယ်လိုရကား....

၂၅၁။ ဒါနံ ဒမံ စာဂ မထောပိ သံယမံ၊
အာဒါယ ကရောန္တိ ဟေကဒါ။
ထေယျံ မုသာ ကူဋမထောပိ ပေသုဏံ၊
ကရောန္တိ ဟေကေန ပုန ဝိစ္စုတာတယာ။
၂၅၂။ ဘရိယာသုပေါသောသဒိသီသု ပေက္ခဝါ၊
သိလူပပန္နာသုပတိဗ္ဗတာသုပိ။
ဝိနေတ္ဝာန ဆန္ဒံ ကုလိတ္ထိယာသုပိ၊
ကရောသိ သဒ္ဓံ ပုန ကုမ္ဘဒါသိယာ။
၂၅၃။ တုမေဝ သဒ္ဓေ ပရဒါရသေဝိနိ၊
ပါပံ ကရောသိ ကုသလမ္ပိ နိရုဇ္ဈသိ။
နာ တာဒိသီ အရဟတိ အာသနူဒကံ၊
ကုတောသုဓာ ဂစ္ဆ နံ မယ္ဟရုစ္စသ....
ဟူသော သုံးဂါထာတို့ကို ဆို၏။

၂၅၁။ ဒေဝတေ၊ နတ်သမီး။ ဒါနံ၊ ပေးလှူခြင်းကို လည်းကောင်း။ ဒမံ၊ ဣန္ဒြေကို ဆုံးမခြင်းကိုလည်းကောင်း။ စာဂံ၊ စွန့်ကြဲခြင်းကိုလည်းကောင်း။ အထောပိ၊ ထို့မှိုလည်း။ သံယမံ၊ သီလကို စောင့်ခြင်းကို လည်းကောင်း။ အာဒါယ၊ အကြောင်းပြု၍။ သဒ္ဓါယ၊ ယုံကြည်

www.dhammadownload.com

သဖြင့်။ ဧကေ၊ အချို့သောသူတို့သည်။ ကေဒါ၊ တစ်ရံတစ်ခါ၌။ ကရောန္တိ၊ ပြုကုန်၏။ တယာ၊ သင်သည်။ ဝိစ္စုတာ၊ ရွှေ့လျားစေအပ်ကုန်သော။ ဧကေ၊ အချို့သောသူတို့သည်။ ပုန၊ တစ်ဖန်။ ထေယျံ၊ ခိုးဝှက်ခြင်းကို လည်းကောင်း။ မုသာ၊ ချွတ်လွဲသောစကားကို လည်းကောင်း။ ကူဋံ၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲကို လည်းကောင်း။ အထောပိ၊ ထို့မှီလည်း ပေသုဏံ၊ ချောပစ်သော စကားကိုလည်းကောင်း။ ကရောန္တိ ပြုကုန်၏။

၂၅၂။ ဒေဝတာ၊ နတ်သမီး။ ပေက္ခဝါ၊ ဝဏ္ဏာနှင့်တကွသော။ ပေါသော၊ ယောကျ်ားသည်။ သဒိသိသူ၊ အမျိုးအနွယ် စသည်ဖြင့်၊ တူကုန်သော။ သိလူပပန္နာသူ၊ သီလနှင့်ပြည့်စုံကုန်သော။ ပတိဗ္ဗတာသူ၊ လင်ဝတ်နှင့် ပြည့်စုံကုန်သော။ ဘရိယာသုပိ၊ မိမိမယားတို့၌ လည်းကောင်း။ ကုလိတ္ထိယာသုပိ၊ အမျိုးနှင့် ပြည့်စုံသော မိန်းမတို့၌ လည်းကောင်း။ ဆန္ဒံ၊ တပ်စွန်းခြင်းဆန္ဒကို။ ဝိနေတွာန၊ စွန့်၍။ ပုန၊ တစ်ဖန်။ ကုမ္ဘဒါသိယာ၊ ကျွန်မ၏။ ဝစနံ၊ စကားကို။ သဒ္ဓံ၊ ယုံကြည်ခြင်းကို။ ကရောသိ၊ ပြု၏။

၂၅၃။ သဒ္ဓေ၊ သဒ္ဓါနတ်သမီး။ တွမေဝ၊ သင်သည်သာလျှင်။ ပမုဒါသေဝိနီ၊ သူတစ်ပါးမယားကို သွေးလာစေတတ်၏။ တုံ၊ သင်သည်။ ပါပံ၊ မကောင်းမှုကို။ ကရောတိ၊ ပြု၏။ ကုသလံ၊ ကုသိုလ်ကို။ နိရိဇ္ဈသိ၊ အလိုမရှိ။ တာဒိသီ၊ သင်ကဲ့သို့သောသူသည်။ အာသန္နဒကံ၊ နေရာရေကိုမျှလည်း။ န အရဟတိ၊ မထိုက်။ သုဓာ၊ နတ်သုဓာဘုတ်သည်ကား။ ကုဘော အရဟသိ၊ အဘယ်မှာ ထိုက်အံ့နည်း။ မယှံ၊ ငါသည်။ တံ၊ သင့်ကို။ န ရုစ္စတိ၊ မနှစ်သက်။ ဂစ္ဆ၊ သွားလော့။

ဟိရိနတ်သမီး

ကောသိယ ရသေ့သည် ထို သဒ္ဓါနတ်သမီးကို ဤသတ္တဝါတို့သည် တစ်စုံတစ်ယောက်သောသူ၏ စကားကို ယုံကြည်၍ ထိုသို့သော အမှုကို ပြုသည်ရှိသော် ပြုအပ်သောအမှုထက် မပြုအပ်သောအမှုကိုလျှင် အလွန်များစွာ ပြုကုန်၏။ ထိုထိုအလုံးစုံကို သင်သည် ပြုစေအပ်သည်မည်၏ ဟု ဆိုလတ်သော် ထို သဒ္ဓါနတ်သမီးသည် ထို အရပ်၌သာလျှင် ကွယ်လေ၏။

www.dhammadownload.com

ကောသိယ ရသေ့သည်လည်း မြောက်အရပ်၌တည်သော ဟိရိနတ်သမီး နှင့်တကွ စကား ပြောပြန်လိုရကား—

၂၅၄။ ဇိဃညရတ္တိံ အရုဏာသ္မိမှဟတေ၊
ယာ ဒိဿတိ ဥတ္တမ ရူပဝဏ္ဏိနီ။
တထူပမာမံ ပဋိဘာတိ ဒေဝတေ၊
အာစိက္ခ မေ တံ ကတမာသိ အစ္ဆရာ။
၂၅၅။ ကာဠဒေ နိဒါဃေရိစ အဂ်ိဇာရိဝ၊
အနိလေရိတာ လောဟိတပတ္တမာလိနီ။
ကာ တိဋ္ဌသိ မန္ဒ မိဂါဝ ဧလာကယံ၊
ဘာသေ သမာနာဝ ဂိရံ မုဉ္စသိ—
ဟူသော ဤဂါထာနှစ်ခုတို့၏ အပေါင်းကို ဆို၏။

၂၅၄။ ဒေဝတေ၊ နတ်သမီး။ ဇိဃညရတ္တိံ၊ မိုးသောက်ယံ၌။ အရုဏာသ္မိံ၊ နေအရုဏ်သည်။ ဥဟတေ၊ တက်လတ်သော်။ ဥတ္တမရူပဝဏ္ဏိနီ၊ မြတ်သော ကိုယ်အဆင်းကိုဆောင်သော။ ယာ၊ အကြင် အရှေ့အရပ်၌တည်သော နတ်သမီးနှင့်တူသော နတ်သမီးသည်။ ဒိဿတိ၊ ထင်၏။ အယံ၊ ဤအရပ်၌တည်သော နတ်သမီးသည်။ တထူပမာ၊ ထို အရှေ့အရပ်၌တည်သော နတ်သမီးနှင့် တူသည်ဖြစ်၍။ ပဋိဘာသိ၊ ထင်၏။ မေ၊ ငါ့အား။ အာစိက္ခ၊ ကြားလော့။ တံ၊ သင်သည်။ ကတမာ၊ အဘယ်မည်သော။ အစ္ဆရာ၊ နတ်သမီးသည်။ အသိ၊ ဖြစ်သနည်း။

၂၅၅။ ဒေဝတေ၊ နတ်သမီး။ နိဒါဃေ၊ နွေကာလ၌။ ကာဠဒေရိဝ၊ ညိုသောနွယ်ကဲ့သို့လည်းကောင်း။ အနိလေရိတာ၊ လေညင်းခတ်အပ်သော။ အဂ်ိဇာလာရိဝ၊ မီးလျံကဲ့သို့ လည်းကောင်း။ လောဟိတပတ္တမာလိနီ၊ နီသော အရွက် ရှိသော ပန်းကို ပန်ဆင်သည် ဖြစ်၍၊ မန္ဒမိဂါ့ဝ၊ သမင်ငယ်ကဲ့သို့။ ဧလာကယံ၊ ကြည့်လျက်။ တိဋ္ဌသိ၊ တည်သည်ကား။ ကာ၊ အဘယ်သူနည်း။ ဘာသေသမာနာဝ၊ ငါနှင့် စကားပြောလိုသည်ဖြစ်လျက်လျှင်၊ ဂိရံ၊ စကားကို။ နမုဉ္စသိ၊ မလွှတ်။

ထို့နောင်မှ ဟိရိနတ်သမီးသည် ထို ကောသိယ ရသေ့အား အကြောင်းကို ကြားလျှောက်လိုရကား—

www.dhammadownload.com

၂၅၆။ ဟိရာဟ ဒေဝိမနုဇေဟိ ပူဇိတာ၊
အပါပ သတ္တူပ နိသေဝိနီ သဒါ။
သုခဝိဝါဒေန တဇန္တိမာဂတာ၊
ဃာဟံ နု သက္ကောမိ သုခမ္ပိ ယာစိတုံ။
ကောဝိန ရူပါဝိယ ယာစနိတ္ထိယာ—
ဟူသော ဤဂါထာကို ဆို၏။

၂၅၆။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဟိရိ၊ ဟိရီအမည်ရှိသော နတ်သမီးတည်း။ အဟံ၊ အကျွန်ုပ်ကို။ ဒေဝနုဇေဟိ၊ နတ်လူတို့သည်။ ပူဇိတာ၊ ပူဇော်အပ်ကုန်၏။ သဒါ၊ အခါခပ်သိမ်း။ အပါပသတ္တူပနိသေဝိနီ၊ မြတ်သောသတ္တဝါတို့ကိုသာ ဆည်းကပ်လေ့ရှိ၏။ သုခဝိဝါဒေန၊ နတ်သုခဘုတ်ကို ရသင့်, မရသင့် အငြင်းအခုံ ရှိသော ကြောင့်။ တဝန္တိ်ံ၊ အရှင်ဘုရား၏အထံသို့။ အာဂတာ၊ လာရောက်ပါ၏။ သာ အဟံ၊ ထို အကျွန်ုပ်သည်။ သုခမ္ပိ၊ နတ်သုခဘုတ်ကိုလည်း။ ယာစိတုံ၊ ဘောင်းခြင်းငှာ။ နု သက္ကောမိ၊ မဝံ့ပါ။ ဣတ္ထိယာ၊ မိန်းမ၏။ ယာစနာ၊ တောင်းခြင်းသည်။ ကောမိနရူပါဝိယ၊ အရှက်မရှိသည်နှင့် တူ၏။

ထို ဟိရိနတ်သမီး ကြားလျှောက်သောစကားကို ကြား၍ ကောသိယ ရဿေ့သည် ထို ဟိရိနတ်သမီးအား ချီးမွမ်းသဖြင့် နတ်သုခဘုတ်ကို ပေးလိုရကား—

၂၅၇။ ဓမ္မေန ဉာယေန သုဝတ္တေ လဇ္ဇသိ၊
ဧသော ဟိ ဓမ္မော နဟိ ယာစနာ သုခာ။
တံ တံ အယာစန်ိ မဟံ နိမန္တယေ၊
သုခာယ ယဋ္ဌာသိ ဓမ္မ တေ။
၂၅၈။ သာ တံမယာ အဇ္ဇ သကမ္ပိ အာသမေ၊
နိမန္တိတာ ကဉ္ဇန ဝေလ္လိဝဏ္ဏဟော။
တုဝံ ဟိ မေ သဗ္ဗရဿေဟိ ပူဇိယာ၊
တံ ပူဇယိတ္ဝာန သုခမ္ပိ အာသိယေ—
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

၂၅၃။ သုဂတ္တော၊ ကောင်းသော ကိုယ်ရှိသော။ ဒေဝတေ၊ နတ်သမီး။ တွံ၊ သင်သည်။ ဓ့်မေ့မှန၊ သဘောအားဖြင့်။ ဉာယေန၊ အကြောင်းအားဖြင့်။ လဇ္ဇသိ၊ ရှက်ပေ၏။ ဧသော ဟိ၊ ဤသို့ရှက်ခြင်းသည်လျှင်။ ဓမ္မော၊ ကောင်းသော သဘောတည်း။ ယာစနာ၊ တောင်းသဖြင့်။ သုဓာ၊ နတ်သုဓာဘုတ်ကို။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ နလဘိဘဗ္ဗာ၊ မရအပ်။ တံ တသ္မာ၊ ထို့ကြောင့်။ အယာစန္တိ်၊ မတောင်းသော။ တံ၊ သင့်ကို။ အဟံ၊ ငါသည်။ နိမန္တယေ၊ ဖိတ်အံ့။ ယဉ္စသုဓာယ၊ အကြင်နတ်သုဓာဘုတ်ကို။ ဣစ္ဆတိ၊ သင်အလိုရှိ၏။ တံ သုဓံ၊ ထို နတ်သုဓာဘုတ်ကို။ တေ၊ သင့်အား။ ဒမ္မိ၊ ငါပေးအံ့။

၂၅၄။ ကဉ္စနဝေလ္လဝိဂ္ဂဟော၊ ရွှေအဆင်းနှင့် တူသော အဆင်းရှိသော့။ ဟိရိ၊ ဟိရိနတ်သမီး။ သာ တုံ၊ ထိုသင့်ကို၊ မယာ၊ ငါသည်။ အဇ္ဇ၊ ယနေ့။ သကာမှိ အဿဂမ၊ မိမိကျောင်း၌။ နိမန္တိတာ၊ ပင့်ဖိတ်အပ်၏။ ဟိ-သစ္စံ၊ မှန်၏။ မေ၊ ငါသည်။ တုဝံ၊ သင့်ကို။ သဗ္ဗရသေဟိ၊ အလုံးစုံသော အရသာတို့ဖြင့်။ ပူဇိယာ၊ ပူဇော်ဆိုက်၏။ တံ၊ သင့်ကို။ ပူဇယိတ္ဝာ၊ ပူဇော်ပြီး၍။ သုဓမ္မိ၊ ကြွင်းသော သုဓာဘုတ်ကိုလည်း။ အသ္သိယေ၊ ငါစားအံ့။

ရှင်ရသေ့၏ သခ်ိမ်းကျောင်း

ထို့နောင်မှ ကောသိယရှင်ရသေ့သည် ခွင့်ပြုအပ်သော ဘုန်းတန်ခိုး အာနုဘော်နှင့် ပြည့်စုံသော ထိုဟိရိနတ်သမီးသည် နှလုံးမွေ့လျော်ဖွယ်ရှိသော ရေ, အစာ, သင်္ဃိုးနှင့် ပြည့်စုံသော သူတော်ကောင်းတို့သည် ပူဇော်အပ်သော အခါခပ်သိမ်း မြတ်သော သတ္တဝါတို့သည် မပြတ် မှီဝဲဆည်းကပ်အပ်သော ကောသိယ ရှင်ရသေ့ကျောင်းသို့ ဝင်လေ၏။ သဗ္ဗညု မြတ်စွာဘုရားသည် ကောသိယ ရှင်ရသေ့ကျောင်းကို ချီးမွမ်းခြင်းနှင့်တကွ ထိုအကြောင်းကို ထင်ရှား ပြတော်မူလိုရကား ဘုရားဖြစ်တော်မူပြီး၍—

၂၅၉။ သာ ကောသိယေန နုမဘာ ဇုတိမတာ၊
အဒ္ဓါ ဟိရီ ရမ္မံ ပါဝိသိယသ္မိံ။
ဥဒကဝန္တံ ဖလမရိယ ပူဇိတံ၊
အပါပ သတ္တာပ နိသေဝိတံ သဒါ။လ။

www.dhammadownload.com

၂၆၈။ ကဒလိမိဂါ ဗဟူ ဧတ္ထ၊ ဗိဠာရာ သသကဏ္ဌိကာ။
ဆမာ ဂီရိ ပုဗ္ဗဝိဒေဟာ၊
ဒီဇာဘိဃုဋ္ဌာ ဒီဇသံဃသေဝိတာ-
ဟူသော ဤဆယ်ဂါထာတို့ကို ဟောတော်မူ၏။

၂၅၉။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါ၌။ ကောသိယေန၊ ကောသိယ ရှင်ရဿသည်။ အနုမတာ၊ အခွင့်ပြုအပ်သော။ ဇုတိမတာ၊ အရောင်အဝါနှင့် ပြည့်စုံသော။ သာ ဟိရိ၊ ထို ဟိရီ နတ်သမီးသည်။ အဒ္ဓါ၊ စင်စစ်။ ရမ္မံ၊ နှလုံးမွေ့လျော်ဖွယ်ရှိသော။ ဥဒကဝန္တံ့ ရေနှင့် ပြည့်စုံသော။ ဖလံ၊ သစ်သီးနှင့် ပြည့်စုံသော။ အရိယပူဇိတံ၊ သူတော် ကောင်းတို့သည် ပူဇော်အပ်သော။ သဒါ၊ အခါခပ်သိမ်း။ အပါပ-သတ္တာပ နိသေဝိတံ၊ မြတ်သော သတ္တဝါတို့သည် မှီဝဲအပ်သော။ အဿမံ၊ ကောသိယ ရှင်ရဿကျောင်းသို့။ ပါဝိသိ၊ ဝင်လေ၏။

၂၆၀။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတ္ထ၊ ဤကောသိယ ရှင်ရဿကျောင်း၌။ ဗဟုကာ၊ များစွာကုန်သော။ ပုပ္ဖဟာ၊ ကောင်းစွာပွင့်ကုန်သော။ ရုက္ခဂုဟာဏာ၊ အပွင့်အသီးကို ဆောင်ကုန်သော သစ်ပင်တောတို့သည်။ သန္တီ၊ ရှိကုန်၏။ အမ္ဗာ စ၊ သရက်ပင်တို့သည် လည်းကောင်း။ ပိယာလာ စ၊ လုံပင်တို့သည် လည်းကောင်း။ ပနသာ စ၊ ပိန်းပင်တို့သည် လည်းကောင်း။ ကိဉ်သုကာစ၊ ပေါက်ပင်တို့သည် လည်းကောင်း။ သောဘဉ္ဇနာ စ၊ အိမ်ဒန့်သလွန်ပင်တို့သည် လည်းကောင်း။ လောဒ္ဓါ၊ တောက်ရပ်ပင်တို့သည် လည်းကောင်း။ အထော၊ ထိုမြို့။ ပဒုမာပိ၊ ပဒုမ္မာကြာပင်တို့သည် လည်းကောင်း။ ကကာ၊ ထောက်ရှာပင်တို့သည် လည်းတောင်း။ ဘင်္ဂါ စ၊ အင်ပင်တို့သည် လည်းကောင်း။ တိလကာ စ၊ ပြည့်စင်ပင်တို့သည် လည်းကောင်း။ သုပုပ္ဖိတာ၊ ကောင်းစွာပွင့်ကုန်၏။

၂၆၁။ ဧတ္ထ၊ ဤကောသိယရှင်ရဿကျောင်း ထက်ဝန်းကျင်၌။ ဗဟုကာ၊ များစွာကုန်သော။ သာလာ စ၊ အင်ကြင်းပင်တို့သည် လည်းကောင်း။ ကရေရီ စ၊ ရေခံတတ်ပင်တို့သည် လည်းကောင်း။ ဇမ္ဗုယော စ၊ သပြေပင်တို့သည် လည်းကောင်း။ အဿတ္ထ နိဂ္ဂြောဓ မဓုကာစ၊ ညောင် ဗုဒ္ဓဟေပင် ပညောင်ပင် သစ်မြည်စည်ပင်တို့သည် လည်းကောင်း။ ဓဝဒိ

www.dhammadownload.com

သာ၊ ရင်းရဲပင်တို့သည် လှည်းကောင်း။ ဥဒ္ဒါလကာ စ၊ ငုံရွှေပင်တို့သည် လည်းကောင်း။ ပါဠလိ၊ သံသတ်ပင် လည်းကောင်း။ ဆိန္နုဝါရိကာ၊ ကြောင်ပန်းပင်တို့သည် လည်းကောင်း။ မနုညဂန္ဓာ၊ နှစ်သက်ဖွယ်သော အနံ့ရှိကုန်သော။ မုစလိန္ဒကေတကာ၊ ကျည်းပင် ဆတ်သွားပင်တို့သည် လည်းကောင်း။ သန္တီ၊ ရှိကုန်၏။

၂၆၂။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇော်ထု၊ ဤကျောင်း ထက်ဝန်းကျင်၌။ ဟရေဏုကာ၊ ပဲမျိုးတို့သည် လည်းကောင်း။ ဝေဠုကာ၊ ဝါးမျိုးတို့သည် လည်းကောင်း။ ကေနု၊ တောပဲတို့သည် လည်းကောင်း။ ဟိန္ဒုကာ၊ တည်ပင်တို့သည် လည်းကောင်း။ သာမာကနီဝါရာ၊ ကျိတ်လမန်းပင်တို့သည် လည်းကောင်း။ အဒထာပိ၊ ထိုမြို့လည်း။ စိနကာ၊ မင်းပဲငယ်တို့သည် လည်းကောင်း။ မောစာ၊ တောငှက်ပျော်ပင်တို့သည် လည်းကောင်း။ ကဒလီ၊ အိမ်ငှက်ပျော်ပင်တို့သည် လည်းကောင်း။ ဗဟုကာ၊ များစွာကုန်သော။ သာလိယော စ၊ သလေးတို့သည် လည်းကောင်း။ ဝီဟယော စ၊ ကောက်တို့သည် လည်းကောင်း။ အာဘူဇီနော စ၊ ဘူဇပတ်ပင်တို့သည် လည်းကောင်း။ တဏ္ဍုလာ စ၊ ဖွဲမရှိသော ဆန်နှံတို့သည် လည်းကောင်း။ သန္တီ၊ ရှိကုန်၏။

၂၆၃။ ဘိက္ခဝေ၊ ရဟန်းတို့။ တသာ စ၊ ထိုကျောင်း၏လည်း။ ဥတ္တာရပဿော၊ မြောက်နံပါး၌။ ဇာတာ၊ အလိုလိုဖြစ်သော။ အကက္ကသာ၊ ငါးပုပ်, ယောက်သွားပုပ် မွှေးညှီစသည် ကင်းသော ရေရှိသော။ အပဋ္ဌာရာ၊ ချိုင့်ဝှမ်းခြင်းမရှိသော။ သာဓု၊ ကောင်းသော။ အပ္ပဋိဂန္ဓိကာ၊ မစက်ဆုပ်ဖွယ်သော အနံ့ရှိသော ရေရှိသော။ ပေါက္ခရဏီဝါပိ၊ ကြာမျိုး ငါးပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်သည်လည်း။ အတ္ထိ၊ ရှိ၏။

၂၆၄။ တတ္ထ၊ ထိုရေကန်၌။ သန္ဓိရတာ၊ အလွန် မွှေ့လျော်ကုန်သော။ ခေမိနော၊ ဘေးမရှိကုန်သော။ ဗဟုဘောဇနာ၊ များသော အစာရှိကုန်သော။ မစ္ဆာ၊ ငါးတို့သည်။ သန္တိ၊ ရှိကုန်၏။ သိင်္ဃ၊ သိင်္ဃမည်သော ငါးတို့သည် လည်းကောင်း။ သဝက်ာ၊ သဝက်ာမည်သော ငါးတို့သည် လည်းကောင်း။ သက်ုလာ၊ သက်ုလာမည်သော ငါးတို့သည် လည်းကောင်း။ သတဝက်ာ စ၊ သတဝက်ာမည်သော ငါးတို့သည် လည်း

www.dhammadownload.com

ကောင်း။ ရောဟိတာ စ၊ ရောဟိတမည်သော ငါးတို့သည် လည်းကောင်း။ အာဠိဝဂ္ဂရကာကိဏ္ဍာ၊ အာဠိဝဂ္ဂရမည်သော ငါးကာကိဏ္ဍမည်သော ငါးတို့သည် လည်းကောင်း။ပါဋီနာ၊ ပါဋီန ဟုည်သော ငါးတို့သည် လည်းကောင်း။ ကာကမစ္ဆကာ၊ ကာကမစ္ဆကမည်သော ငါးတို့သည် လည်းကောင်း။ သန္တီ၊ ရှိကုန်၏။

၂၆၅။ ဘိက္ခဝေ၊ ရဟန်းတို့။ တတ္ထ၊ ထိုဇာတသရ ရေကန်၌။ သန္ဓီရတာ၊ အလွန်မွေ့လျော်ကုန်သော။ ခေမိနော၊ ဘေးမရှိကုန်သော။ ဗဟုဘောဇနာ၊ များစွာသော အစာရှိကုန်သော။ ပက္ခီ၊ ငှက်မျိုးအပေါင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ ဟံသာ၊ ဟင်္သာတို့သည်လည်းကောင်း။ကောဉ္စာ၊ ကြိုးကြာတို့သည်လည်းကောင်း။မယူရာ စ၊ဥဒဒါင်းတို့သည် လည်းကောင်း။ စက္ကဝါကာ စ၊ စက္ကဝက်ငှက်တို့သည် လည်းကောင်း။ ကုက္ကုဟာ၊ ဘုတ်ငှက်တို့သည် လည်းကောင်း။ ဗဟူ၊ များစွာကုန်သော။ ကုဏ်ဍလကာ။ ဥဩတို့သည် လည်းကောင်း။ စိတြာ၊ ဆန်းကြယ်ကုန်သော။ သိခဏ္ဍိဇဝ-ဇိဝကာ၊ ဦးစွန်းရှိသောငှက်, ဇိဝဇိုးငှက်တို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။

၂၆၆။ ဘိက္ခဝေ၊ ရဟန်းတို့။ တတ္ထ၊ ထိုဇာဂသရ ရေကန်၌၊ ဗဟူ၊ များစွာကုန်သော၊ နာနာမိဂဂဏာ၊ အထူးထူးအပြားပြား ရှိကုန်သော သားအပေါင်းတို့သည်။ ပါနံယ၊ ရေသောက်အံ့သောငှာ။ အာယန္တိ၊ လာကုန်၏။ သီဟာစ၊ ခြင်္သေ့တို့သည်လည်းကောင်း။ ဗျဂ္ဃာစ၊ ကျားတို့သည် လည်းကောင်း။ ဝံရုဟာစ၊ ဝက်တို့သည် လည်းကောင်း။ အစ္ဆ ကောက တရစ္ဆယော၊ဝံ,သစ်ကျုတ်, အောင်းတို့သည်လည်းကောင်း။ ပါနာယ၊ ရေသောက်အံ့သောငှာ။ အာယန္တိ၊ လာကုန်၏။

၂၆၇။ ဘိက္ခဝေ၊ ရဟန်းတို့။ ပလာသာဒါ စ၊ ကြံ့တို့သည် သည်းကောင်း။ ဂဝဇာ စ၊ နွားနောက်တို့သည် လည်းကောင်း။ မဟိံသာစ၊ ကျဲတို့သည်လည်းကောင်း။ ရောဟိဘာ၊ သမင်တို့သည်လည်း ကောင်း။ ရုရု၊ ဆတ်တို့သည်လည်းကောင်း။ ဧဏေယျာ စ၊ ဧကဲ မြည်သော သားတို့သည်လည်းကောင်း။ ဝရာဟာ စေဝ၊ ဝက်တို့သည် လည်းကောင်း။ ဂဏ်ဍနော စ၊ စိုင်တို့သည်လည်းကောင်း။ နိကသူကရာ၊ သိုး

www.dhammadownload.com

ဝက်ဝံတို့သည်လည်းကောင်း။ တတ္ထ၊ ထိုဇာတသာရရေအိုင်၌။ ပါနာယ၊ ရေသောက်အံ့သောငှာ။ အာယန္တိ၊ လာကုန်၏။

၂၆၈။ ဘိက္ခဝေ၊ ရဟန်းတို့။ တတ္ထ၊ ထိုကောသိယ ရဇသ့ ကျောင်းထက်ဝန်းကျင်၌။ ကဒလိမိဂါ၊ ဝံပိုင်တို့သည် လည်းကောင်း။ ဗိဠာရာ၊ ကြောင်တို့သည်လည်းကောင်း။ သသကဏ္ဍကာ၊ ယုန်ငယ်, ဒရယ်တို့သည်လည်းကောင်း။ ဗဟုကာ၊ များစွာကုန်၏။ ဆမာဂိရိ၊ မြေပြင်ကဲ့သို့ ညီညွတ်သော ကျောက်ဖျာရှိ၏။ ပုပ္ပ ဝိစိတြ သန္ထတာ၊ ဆန်းကြယ်သော ပန်းတို့ဖြင့် ကောင်းစွာခင်းအပ်၏။ ဒိဇာဘိဃုဋ္ဌာ၊ ငှက်အပေါင်းတို့၏ အလှန်တန်မြူးထူးရာဖြစ်၏။ ဒိဇသံဃသေဝိတာ၊ ငှက်အစုပေါင်းတို့၏ မှီဝဲရာ ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသော ဂါထာတို့ဖြင့် သဗ္ဗညု ဘုရားသခင်သည် ကောသိယရဇသ့၏ ကျောင်းကို ချီးမွမ်းတော်မူ၏။ ယခုအခါ ဟိရိနတ်သမီး၏ ထိုခကျောင်းသို့ဝင်ခြင်း အစရှိသည် တို့ကို ပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၂၆၉။ သာ သုတ္တာစာ နိလဒုမာဘိလမ္ဗိတာ၊
ဝိဇ္ဇုမဟာဒမဃရိဝဲါနုပဇ္ဇထ။
တဿာ သုသမ္ဗန္ဓသိရံ ကုသာမယံ၊
သုစိ သုဂန္ဓံ အဇိနူပဓေဝိတံ။
အတြိစ္ဆကောစ္ဆံဟိရိမေ တဒဗြဝိ၊
နိသီဒကလျာဏိသုခယိဒမာသနံ ။လ။
၂၇၀။ တဒမန တဒါ သဓက္ကာပိ အပုဇယိ၊
သက္ကန္ဒဒေဝါ သုရကညမုတ္တမံ။
သာ ပဠုလိ ဒေဝမနုံသပူဇိတာ၊
နဝမိ ကောစ္ဆမိ ယဒါ ဥပါဝိသိ—
ဟူသော ဤငါးဂါထာတို့ကို ဟောတော်မူ၏။။

၂၆၉။ ဘိက္ခဝေ၊ ရဟန်းတို့။ သုတ္တာစာ၊ ကောင်းသော အရေရှိသော။ သာ၊ ထိုဟိရိနတ်သမီးသည်။ နိလဒုမာဘိလမ္ဗိတာ၊ စိမ်းညို့သော

www.dhammadownload.com

သစ်ပင် သစ်ခက်၌ ဆဲသကဲ့သို့ တင့်တယ်၏။ မဟာမေဃံ၊ မိုးကြိုးစွာရွာသောအခါ၌။ ဝိဇ္ဇုလ္လတ၊ လျှပ်စစ်ရောင်ကဲ့သို့။ အနုံပဇ္ဇထ၊ ကျောင်းသို့ဝင်လေ၏။ တဿ၊ ထိုဟိရိနတ်သမီးအား။ သုသမ္ဘန္ဓသိရံ၊ ကောင်းစွာဖဲ့အပ်သော ဦးခေါင်းရှိသော။ ကုသာမယံ၊ ပန်းရင်း အစရှိသည်နှင့်ရောသော သမန်းမြက်ဖြင့်ပြီးသော။ သုစိ ံ၊ စင်ကြယ်စွာသော။ သုဂန္ဓံ၊ ကောင်းသောအနံ့ရှိသော။ အဇိနူပသေဝိတံ၊ သစ်နက်ရေဖြင့် တင့်တယ်စွာပြုအပ်သော။ အတြိစ္ဆကောစ္ဆံ၊ အလွန် အလိုရှိအပ်သော ခတ်ကျစ်နေရာကို။ ပဏသာလဒ္ဒါဒရှ၊ ကျောင်းတံခါးဝ၌။ အတ္ထရိတ္ဝာ၊ ခင်း၍။ ကလျာဏိ၊ ကောင်းခြင်းငါးပါးနှင့် ပြည့်စုံသော နတ်သမီး။ သုခံ၊ ကောင်းမြတ်သော။ ဣဒံအာသနံ၊ ဤနေရာ၌။ နိသီဒ၊ နေလော့။ ဣတိ၊ ဤသို့။ ဟိရိ ံ၊ ဟိရိနတ်သမီးကို။ ဧတံ၊ ဤစကားကို။ အဗြဝိ၊ ဆိုလေ၏။

၂၇၀။ ဘိက္ခဝေ၊ ရဟန်းတို့။ ကောသိယော၊ ကောသိယအမည်ရှိသော။ ဇဋ္ဌာ၊ ဆံကျစ်ထုံးသော။ ဇုတိန္ဓရော၊ တန်ခိုးအရောင်းကိုဆောင်သော။ မဟာမုနိ၊ ရသေ့မြတ်သည်။ တဒါ၊ ထိုအခါ၌။ ကောစ္ဆဂတာယ၊ မြတ်သော ခတ်ကျက်အခင်းနေရာ၌ နေပြီးသော။ ယံ-ယာဝဒတ္ထံ၊ အကြင် အကြင် ပေးတိုင်းသော နတ်သုဓာဘုတ်ကို။ ဣစ္ဆမာနာယ၊ အလိုရှိသော။ တဿာ၊ ထိုဟိရိနတ်သမီးအား။ နဝေဟိ ပတ္တေဟိ၊ ကြာပဒုမ္မာအိုင်မှ ခူးယူစဖြစ်၍ စိမ်းစိုသော ပဒုမ္မာရွက်တို့ဖြင့်။ သယံ၊ မိမိလက်ဖြင့်။ သဟုဒကံ၊ ရေနှင့်တကွသော။ သုခံ၊ နတ်သုဓာဘုတ်ကို။ တုရိတော၊ အဆောတလျင်။ အဘိဟာသိ၊ ရွေးရှု၊ဆောင်၏။

၂၇၁။ သာ၊ ထိုဟိရိနတ်သမီးသည်။ တံ၊ ထို နတ်သုဓာဘုတ်ကို။ ဥဘောဟိပါဏိဘိ၊ လက်နှစ်ဖက်တို့ဖြင့်။ ပဋိဂ္ဂယှ၊ ခံယူပြီး၍။ အတ္တမနာ၊ နှစ်သက်ဝမ်းမြောက်သည် ဖြစ်၍။ ဇဋ္ဌာဓရံ၊ ကောသိယ ရှင်ရသေ့ကို။ ဣတိ၊ ဤသို့။ အဗြဝိ၊ ဆိုလေ၏။ ဗြဟ္မေ၊ ရှင်ရသေ့။ အဟံ၊ အကျွန်ုပ်သည်။ ဧတရဟိ၊ ယခုအခါ၌။ တယာ၊ ရှင်ရသေ့သည်။ ပုဋိတာ၊ ပူဇော်အပ်သည်ဖြစ်၍။ ဇိတာဝိနိ၊ အောင်အပ်သည်ဖြစ်၍။ တိဒိဝံ၊ တာဝတိံသာနတ်ရွာသို့။ ဂစ္ဆေယျံ၊ ပြန်သွားတော့အံ့။ ဣတိ၊ ဤသို့။ အဗြဝိ၊ ဆိုလေ၏။

၂၇၂။ ဘိက္ခဝေ၊ ရဟန်းတို့။ ကောသိယေန၊ ကောသိယရှင်ရသေ့သည်။ အနုမတာ၊ ခွင့်ပြုအပ်သော။ ဇုတိမတာ၊ အရောင်အဆင်းနှင့်ပြည့်စုံ

www.dhammadownload.com

သော။ သာ၊ ထိုဟိရိနတ်သမီးသည်။ ဝဏ္ဏမဒဒန၊ အဆင်း မာန်ယစ်ခြင်း ဖြင့်။ မတ္တာ၊ ယစ်သည်ဖြစ်၍။ သဟဿစက္ခုနော၊ သိက္ကားနတ်၏။ သံကာဒသ၊ အထံသို့။ ဂန္ဓာဝန၊ သွားး၍။ ဥဒီရယိ၊ ဆိုလေ၏။ ဝါသဝ၊ ဖခင် သိကြားမင်း။ အယံသုဓာ၊ ဤနတ်သုဓာဘုတ်သည်။ မေ၊ အကျွန်ုပ် အား။ ဇယံ၊ အောင်ခြင်းကို။ ဒေဟိ၊ ပေးတော်မူလော့။ ဣတိ၊ ဤသို့။ ဥဒီရယိ၊ ဆိုလေ၏။

၂၇၃။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါ၌။ သက္ကောပိ၊ သိကြားမင်းသည်လည်း။ တမေနံ၊ ထိုဟိရိနတ်သမီးကို။ အပူဇယိ၊ ပူဇော်လေ၏။ ယဒါ၊ အကြင်အခါ၌။ နဝမိံ၊ အသစ်ဖြစ်သော။ ကောဋ္ဌမိံ၊ မြတ်သော ခတ်ကျစ်အခင်း နေရာ၌။ ပဥ္စလိ၊ လက်အုပ်ချီလျက်။ ဒေဝ-မနုဿပူဇိတာ၊ နတ်လူတို့သည် ပူဇော်အပ်သော။ သာ၊ ထိုဟိရိနတ်သမီး သည်။ ဥပါဝိသိ၊ ဝင်၍နေ၏။ တဒါ၊ ထိုအခါ၌။ သက္ကဒေဝါ၊ သိကြား နတ်မင်းနှင့်တကွသော နတ်သည်။ ပါရိစ္ဆတ္တကပုပ္ဖါဒိဟိ၊ ပင်လယ်ကသစ် ပန်း အစရှိသည်တို့ဖြင့်။ ဥတ္တမံ၊ မြတ်သော။ သုရာဇည်၊ ဟိရိနတ်သမီးကို။ အပူဇယိ-ပူဇယိ သု၊ ပူဇော်ကုန်၏။

ဟိရိနတ်သမီး၏ဂုဏ်ပုဒ်များ

ဤသို့လျှင် သိကြားနတ်မင်းသည် ထိုဟိရိနတ်သမီးကို ပူဇော်ပြီး၍ ကြံ၏။ "အဘယ်အကြောင်းကြောင့် ကောသိယ ရသေ့သည် ဟိရိနတ် သမီးမှ ကြွင်းသော နတ်သမီးတို့အား မပေးမူ၍ ဤဟိရိနတ်သမီးအား သာလျှင် နတ်သုဓာဘုတ်ကို ပေးလေသနည်း" ဟု ကြံ၏။ ကြံပြီး၍ ထို သိကြားနတ်မင်းသည် ထိုအကြောင်းကို သိစိမ့်သောငှာ တစ်ဖန် မာတလိ နတ်သားကို စေလိုက်၏။ ထိုအကြောင်းကို ထင်ရှား ပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်—

၂၇၄။ တမေဝ သံသီပုနဒေဝ မာတလိ၊
သဟဿနေတ္တော တိဒသာနမိန္ဒော။
ဂန္ဓာဝန ဝါကျမမပြုဟိ ကောသိယံ၊
အာသာယ သဗ္ဗါ သိရိယာ စ ကောသိယ၊
ဟိရိ သုဓံ ကေန မလတ္ထ ဟေတုနာ—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

www.dhammadownload.com

၂၃၄။ ဘိက္ခဝေ၊ ရဟန်းတို့။ သဟာဿနေတ္တော၊ မျက်စိတစ်ထောင် အမြင်ဆောင်သော။ တိဒဿာနံ၊ တာဝတိံသာနတ်တို့ကို။ ဣန္ဒော၊ အစိုးရသော သိကြားနတ်မင်းသည်။ ပုနဒဝ၊ တစ်ဖန်။ တမေဝ မာတလိံ၊ ထိုမာတလိနတ်သားကိုလျှင်။ သံသိ၊ ဆိုလေ၏။ မာတလိ၊ အမောင် မာတလိ။ တုံ၊ သင်သည်။ ဂန္ဓာဝန၊ သွား၍။ မမ၊ ငါ၏။ ဝါကံ့၊ စကား ကို။ ကောသိယံ၊ ကောသိယ ရှင်ရသေ့ကို။ ဥဟိ၊ မေးလျှောက်ပါချေ လော့။ ကောသိယ၊ ကောသိယ ရှင်ရသေ့။ အာသာယစ၊ အာသာနတ် သမီးမှု လည်းကောင်း။ သဒ္ဓါစ၊ သဒ္ဓါနတ်သမီးမှု လည်းကောင်း။ သိရိ-ယာစ၊ သိရီနတ်သမီးမှု လည်းကောင်း။ ကေန ဟေတုနာ၊ အဘယ် အကြောင်းကြောင့်။ ဟိရီ၊ ဟိရီနတ်သမီးသည်။ သုဓံ၊ နတ်သုဓာဘုတ်ကို။ အလတ္ထ၊ ရလေသနည်း။ ဣတိ၊ ဤသို့။ သံသိ၊ လျှောက်လေလေ့။

ထိုမာဘလိနတ်သားသည် မိမိအရှင် သိကြားနတ်မင်း စကားကို ဝန်ခံပြီးလျှင် ဧဝဃန္ဓာရထားကို စီး၍ ကောသိယ ရှင်ရသေ့ အထံသို့ သွားလေ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာ ဘုရားသည်—

၂၃၅။ တံသုပ္ပ၊ ဝတ္တုံဥဒဟာရယိ ရထံ၊
ဒဒ္ဒဋ္ဌမာနံ ဥပကာရိယ သာဒိသံ။
ဇမ္မောနဒိသံ တပနေယျသန္နိဘံ၊
အလင်္ကတံ ကဉ္စနစိတ္တသန္နိဘံ။လ။
၂၀၀။ ဣန္ဒသ ဝါက္ယ နိသာမေယိ ကောသိယ၊
ဒူတော အဟံ ပုစ္ဆတိတိ ပုရိန္ဒဒေါ။
အာသာယ သဒ္ဓါ သိရိယာ စ ကောသိယ၊
ဟရိ သုဓ ကေန မလတ္ထ ဟေတုနာ—
ဟူသော ဤခြောက်ဂါထာတို့ကို ဟောတော်မူ၏။

၂၀၅။ ဘိက္ခဝေ၊ ရဟန်းတို့။ သုပ္ပ ဝတံ၊ အလွန်လျင်မြန်သော။ ဒဒ္ဒဋ္ဌမာနံ၊ ထွန်းတောက်ပသော။ ဥပကာရိယသာဒိသံ၊ အဆောက်အဦ ဘက္ခာနှင့်တူသော။ ဇမ္မောနဒိသံ၊ ဇမ္မူရုဇ်ရွှေဖြင့်ပြီးသော ဝက်စွယ်ရှိထ သော။ တပနေယျသန္နိဘံ၊ နှစ်သက်အပ်သော ရွှေနှင့်တူသော အဆောင်ရှိ

www.dhammadownload.com

ထသော။ အလက်ံတံ၊ တန်ဆာဆင်အပ်သော။ ကဉ္စနစိတ္တာသန္နိဘံ၊ ရွှေဖြင့် ပြီးသော ဆန်းကြယ်သော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော။ တံ ရထံ၊ ထိုဝေဇယန္တာရထားကို။ ဥဒတာရယိ၊ သွားအံ့သော အစီအရင်ကို ပြု၏။

ဝေဇယန္တာရထား

၂၃၆။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇတ္ထ၊ ဤ ဝေဇယန္တာရထား၌။ ဗဟူနိ၊ များစွာကုန်သော။ သုဝဏ္ဏစန္ဒကာ၊ ရွှေဖြင့်ပြီးသော ဒေါင်းမြီးကွက်တို့သည် လည်းကောင်း။ ဟတ္ထိဂဝဿာဇ် ပုရိသဗျဂ္ဃဒီပိယော၊ ရွှေငွေ့ ပတ္တမြားဖြင့်ပြီးသော ဆင်ရုပ်, နွားရုပ်,မြင်းရုပ်,ကိန္နရာရုပ်,ကျားရုပ်, သစ်ရုပ်တို့သည် လည်းကောင်း။ ဧကေယျကာ၊ ကောမည်သော သားရုပ်တို့သည် လဲည်းကောင်း။ ဇတ္ထ၊ ဤဝေဇယန္တာရဿာ၌။ လဿ်မယာ၊ ပျံအံ့သကဲ့သို့ ထင်ကုန်သော။ ပက္ခီနော၊ အထူးထူးသော ရတနာတို့ဖြင့် ပြီးကုန်သော ငှက်ရုပ်အပေါင်းတို့သည် လည်းကောင်း။ ပဒ္မိပါဋိယာ၊ အစဉ်အတိုင်း။ ဌိတာ၊ တည်ကုန်။ ဇတ္ထ၊ ဤဝေဇယန္တာ ရထား၌။ ဝေဠုရိယ-မယာ၊ ကျောက်မျက်ရွဲဖြင့် ပြီးကုန်သော။ မိဂါ၊ သမင် အစရှိသော သားရဲရုပ်တို့သည်။ ယုဓာ၊ တိုက်ကြကုန်သကဲ့သို့။ ယုတ္တာ၊ ယှဉ်ကုန်၏။

၂၃၇။ ဘိက္ခဝေ၊ ရဟန်းတို့။ တတ္ထ၊ ထိုဝေဇယန္တာရထား၌။ သုသု-နာဂသာဒိသေ၊ ဆင်ပျို ဆင်ပေါက်ငယ်နှင့် တူကုန်သော။ အလက်တေ၊ တန်ဆာဆင်အပ်ကုန်သော။ ကဉ္စနဇာလုရစ္ဆဒေ၊ ရွှေကွန်ရက်ဖြင့် ဖုံးလွှမ်းအပ်ကုန်သော ရင်လွှမ်းတန်ဆာ ရှိကုန်သော။ အာဝေဋိနေ၊ နားတန်ဆာနှင့် ယှဉ်ကုန်သော။ သဒ္ဒဂမေ၊ နှင်တံမကိုင်ဘဲ အသံဖြင့်သာ သွားကုန်သော။ အသ်ဂိတေ၊ ငြိတွယ်ခြင်း မရှိကုန်သော။ ဒဿတာနိ၊ တစ်ထောင်ကုန်သော။ ဇာဿ ရာဇဟရယော၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော မနောမယသိန္ဓော မြင်းမင်းတို့ကို။ အယောဇေသုံ၊ ကကုန်၏။

၂၃၈။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါ၌။ မာဘလိ၊ မာတလိနတ်သားသည်။ သေဋ္ဌံ၊ အထူးသဖြင့် မြတ်သော၊ တံ ယာနံ၊ ထိုဝေဇယန္တာရထားကို။ အဘိရုယှ၊ တက်စီး၍။ ဣမာ ဒဿဒိသာ၊ ဤအရပ် ဆယ်မျက်နှာတို့ကို။ အဘိနာဒယိတ္ထာ၊ ပဲ့တင်ထပ်စေ၏။ နဘဉ္စ၊ ကောင်းကင်ကို လည်းကောင်း။ သေလဉ္စ၊ တောင်ကို လည်းကောင်း။ ဝနပ္ပတိနဉ္စ၊ တောစိုး

www.dhammadownload.com

သစ်ပင်တို့ကို လည်းကောင်း။ ဝနသဏ္ဍဉ္စ၊ တောအုပ်ကို လည်းကောင်း။ ၊သသာဂရံ၊ သမုဒ္ဒရာနှင့်တကွသော။ မေဒနီ' စ၊ မြေကြီးကိုလည်းကောင်း။ ပဗ္ဗယိတ္ထ၊ တုန်လှုပ်စေ၏။

၂၇၉။ ဘိက္ခဝေ၊ ရဟန်းတို့။ သော မာတလိ၊ ထို မာတလိ နတ်သား သည်။ အဿမံ၊ ကောသိယ ရှင်ရသေ့ ကျောင်းသို့။ ခိပ္ပမေဝ၊ လျင်စွာလျှင်။ ဥပဂမ္မ၊ ကပ်၍။ ပါဂါရံ၊ စုလျားကို။ ကဲသကတော၊ ပခုံးတစ်ဖက်၌ တင်၍။ ကတဉ္ဇလီ၊ လက်အုပ်ချီသျှက်။ ဗဟုဿုတံ၊ များသော အကြားအမြင် ရှိသော။ ဝုဋ္ဌံ၊ ဂုဏ်ဖြင့် ကြီးမြတ်သော။ ဝိနီတဝန္တံ၊ ကောင်းစွာ ဆုံးမအပ်သော အကျင့်ရှိသော။ ဒေဝဗြာဟ္မဏံ၊ ကောသိယ ရသေ့မြတ်ကို။ ဣတိ၊ ဤသို့။ အဗြဝိ၊ မေးခွန်းလျှောက်၏။

၂၈၀။ ကောသိယ၊ ကောသိယ ရသေ့။ ဣဒ္ဓဿ၊ သိကြားနတ်မင်း၏။ ဝါကျံ၊ စကားကို။ နိဿာမေဟိ၊ နာတော်မူလော့။ အဟံ၊ အကျွန်ုပ်သည်။ တဿ၊ ထို သိကြားနတ်မင်း၏။ ဒူတော၊ တစ်မန်တည်း။ ပုရိန္ဒဒေါ၊ သိကြားနတ်မင်းသည်။ တံ၊ အရှင်ဘုရားကို။ ပုစ္ဆတိ၊ မေးလျှောက်၏။ ကောသိယ၊ ကောသိယ ရသေ့။ အာသာယ စ၊ အာသာမှ လည်းကောင်း။ သဒ္ဓါ စ၊ သဒ္ဓါမှလည်းကောင်း။ သိရိယာ စ၊ သိရီမှ လည်းကောင်း။ ကေန ဟေတုနာ၊ အဘယ်အကြောင်းကြောင့်။ ဟိရီ၊ ဟိရီနတ်သမီးသည်။ သုဓံ၊ နတ်သုဓာဘုတ်ကို။ အလတ္ထ၊ ရလေသနည်း။

ကောသိယ ရှင်ရသေ့သည် ထို မာတလိနတ်သား မေးလျှောက်သော စကားကိုကြား၍ ထို မာတလိနတ်သားအား အကြောင်းကို ပြန်ကြားလိုရကား—

၂၈၁။ အန္ဓာ သိရီ မံ ပဋိဘာတိ မာဘလိ၊
သဒ္ဓါအနိစ္စာ ပန ဒေဝသာရထိ။
အာသာ ဝိသံဝါဒိကသမ္မတာဟိ မေ၊
ဟိရီစ အရိယမ္မိ ဂုဏေ ပတိဋ္ဌိတာ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၀၁။ ဒေဝသာရထိ၊ နတ်၏ ရထားထိန်းဖြစ်သော။ မာတလိ၊ မာတလိနတ်သား။ သိရီ၊ သိရီနတ်သမီးသည်။ အန္ဓဲ၊ မိုက်၏ဟူ၍။ မံ၊ ငါ၏။ ပဋိဘာတိ၊ ပညာဥဏ်၏။ သဒ္ဓါ ပန၊ သဒ္ဓါ နတ်သမီးသည်ကား။ အနိစ္စာ၊ အဖြစ်မမြဲ။ အာသာ ပန၊ အာသာနတ်သမီးကား။ မေ၊ ငါသည်။ ဝိသံဝါဒိကသမ္မတာတိ၊ ချွတ်ယွင်းသောစကားကို ဆိုတတ်၏ဟူ၍ သမုတ်အပ်၏။ မူရီ စ၊ ဟိရိနတ်သမီးသည်ကား။ အရိယမှိ၊ မြတ်သော။ ဂုဏေ၊ ဂုဏ်ကျေးဇူး၌။ ပတိဋ္ဌိတာ၊ အမြဲတည်၏။

ယခုအခါ၌လည်း ထိုဟိရိနတ်သမီး၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြန်လိုရကား-

၂၀၂။ ကဲမာရိယောယာစိမာဓေါတ္တရက္ခိဘာ၊
ဇိဏ္ဏောစယာယာစ သဘတ္တုဣတ္ထိယော။
တာဆန္ဒရာဂံ ပုရိသေသု ဥဂ္ဂတံ၊
ဟိရိယာ နိဝါရေန္တီ စိတ္တမတ္တနေ၊

၂၀၃။ သင်္ဂါမ သီသေ သရသတ္တိသံယုတေ၊
ပရာဇိတာနံ ပတတံ ပလာယိနံ။
ဟိရိယာ နိဝတ္တန္တီ ဇဟိတ္ဝာ ဇီဝိတံ၊
တေ သမ္ပဋိစ္ဆန္တီ ပုန ဟိရိမနာ။

၂၀၄။ ဝေလာ ယထာ သာဂရဝေဂ ဝါရိနီ၊
ဟိရာယ ပါပါ ဇနံ နိဝါရိနီ။
တံ သဗ္ဗလောကေဟိ အရိယပူဇိတံ၊
ဣန္ဒသာ တံ ဝေဒယ ဒေဝသာရထိ-

ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၂၀၂။ မာတလိ၊ မာတလိနတ်သား။ ဓေါတ္တရက္ခိတာ၊ အမျိုးအနွယ်ကို စောင့်တတ်သော။ ယာ စ ဣမာ ကုမာရိယော၊ အကြင် အပျိုအရွယ်ဖြစ်ကုန်သော မိန်းမတို့သည် လည်းကောင်း။ ဇိဏ္ဏာ၊ အိုမင်းကုန်သော။ ယာ စ ဣတ္ထိယော၊ အကြင် လင်ကွာ မိန်းမတော်သည် လည်းကောင်း။ သဘတ္တု၊လင်ရှိမယား ဖြစ်ကုန်သော။ ယာ စ ဣတ္ထိယော၊ အကြင် မိန်းမသည် လည်းကောင်း။ သန္တီ၊ ရှိကုန်၏။ တာ၊ ထိုအလုံးစုံကုန်သော မိန်းမတို့တော်သည်။ ပုရိသေသု၊ တစ်ပါးသော ယောကျ်ားတို့၌။ ဥဂ္ဂတံ၊ လွန်စွာ

www.dhammadownload.com

သော။ ဆန္ဒရာဂံ၊ အားကြီးစွာသော တပ်စွန်းခြင်းကို။ ဝိဒိတ္ဝာ၊ သိ၍။ အတ္တနောစိတ္တံ၊ မိမိစိတ်ကို။ ဟိရိယာ၊ အရှက်ဖြင့်။ နိဝါရေန္တီ၊ တားမြစ်ကုန်၏။

၂၈၃။ မာတလိ၊ မာတလိနတ်သား။ သရသတ္တိသံယုတ်ဟော၊ မြားဖျားချင်း ဓားလုံချင်းယှက်သော။ သင်္ကိမသီးသ၊ စစ်မြေဦး၌။ ပတတံ၊ ဆုတ်နစ်ခဲ့ကုန်သော။ ပလာယိနံ၊ ပြေးကုန်သော။ ပရာဇိတာနံ၊ စစ်ရှုံးကုန်သော သူတို့အား။ ဟိရိယာ၊ အရှက်ဖြင့်။ ဇိဝိတံ၊ မိမိတို့အသက်ကို။ ဇဟိတ္ဝာ၊ စွန့်ကုန်၏။ နိဝါရိနီ၊ ပြန်၍ခံကုန်၏။ ဇော၊ ထိုစစ်ရှုံး၍ ပြေးသော သူတို့သည်။ ပုန၊ တစ်ဖန်။ ဟိရိမနာ၊ ရှက်သော စိတ်ရှိကုန်သည်ဖြစ်၍။ သမ္ပဋိစ္ဆန္တိ၊ ခံကုန်၏။

၂၈၄။ ဒေဝသာရထိ၊ နတ်၏ ရထားထိန်းဖြစ်သော။ မာတလိ၊ မာတလိနတ်သား။ ဝေလာ၊ သမုဒ္ဒရာကမ်းသည်။ သာဂရဝေဂံ၊ သမုဒ္ဒရာလှိုင်းတံပိုးအဟုန်ကို။ ဝါရိနိယထာ၊ တားမြစ်သကဲ့သို့။ အယံ ဟိရီ၊ ဤဟိရိနတ်သမီးသည်။ ဇနံ၊ သတ္တဝါအပေါင်းကို။ ပါပါ၊ မကောင်းမှုမှ၊ နိဝါရိနီ၊ တားမြစ်တတ်၏။ သဗ္ဗလောကေ၊ အလုံးစုံသော လူ.ပြည် နတ်ပြည်၌။ တံ ဟိရိံ၊ ထိုဟိရိနတ်သမီးကို။ အရိယပူဇိတံ၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်၏။ တံ၊ ထိုအကြောင်း။ ဤဿ၊ သိကြားနတ်မင်းအား။ ဝေဒယ၊ သင်ကြားလျှောက်လေလေ့။

ထိုစကားကိုကြား၍ မာတလိနတ်သားသည် ကောသိယ ရှင်ရသေ့ မိန့်ဆိုတိုင်း ဝန်ခံလိုရကား—

၂၈၅။ ကော တေ ဤဒံ ကောသိယ ဒိဋ္ဌမောဒဟိ၊
ဖြဟ္မာ မဟိန္ဒော အထဝါ ပဇာပတိ။
ဟိရာယ ဒေဝသု ဟိ သေဋ္ဌသမ္မတာ၊
ဓိတာ မဟိန္ဒဿ မဟေသိ ဇာယထ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၂၀၅။ ကောသိယ၊ ကောသိယ ရှင်ရသေ့။ တေ၊ အရှင်ဘုရား အား။ ကော၊ အဘယ့်ကြောင့်။ ဣမံဒိဋ္ဌိ၊ ဤအယူကို။ သြဒဟိ၊ ယူတော်မူသနည်း။ မဟိန္ဒော၊ သိကြားနတ်မင်းသည်။ ဗြဟ္မာ၊ မြတ်စွာ၏။ အထဝါ၊ ထို့မှတစ်ပါးလည်း။ ပဇာပတိ၊ သတ္တဝါတို့၏ အရှင်ဖြစ်၏။ မဟိန္ဒဿ၊ မြတ်သော သိကြားနတ်မင်း၏။ ဓိတာ၊ သမီးတော်ဖြစ်သော။ မဟေသီ၊ မြတ်ဒေသာကျေးဇူးကို ရှာလေ့ရှိသော။ အယံ ဟိရီ၊ ဤနတ်သမီးသည်။ ဒေဝေသု၊ နတ်ပြည်တို့၌။ သေဋ္ဌသမ္မတာ၊ အထူးသဖြင့် မြတ်သည်ဟု သမုတ်အပ်သည်။ ဇာယထ၊ ဖြစ်လေ၏။

ကောသိယရှင်ရသေ့ နတ်သားဖြစ်ပြီ

ဤသို့ ထိုမာတလိနတ်သား စကားပြောဆိုစဉ်ပင်လျှင် ကောသိယရသေ့အား ကွယ်လွန် ပျက်စီးခြင်း သဘောသည် ဖြစ်လာ၏။ ထိုအခါ မာတလိနတ်သားသည် ထိုကောသိယရသေ့ကို "အရှင်ဘုရား....အာယုသင်္ခါရသည် စွန့်လွှတ်ပြီ၊ အရှင်ဘုရားအား စုတေရအံ့သော သဘောသည်လည်း ရောက်လာပြီ၊ အရှင်ဘုရားအား လူ့ပြည်ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ နတ်ပြည်သို့ သွားကုန်အံ့" ဟု ဆို၍ ထိုနတ်ပြည်သို့ ယူဆောင်လိုရကား-

၂၀၆။ ဟန္ဒေဟိ ဒါနိ တိဒိဝံ အပက္ကမ၊
ရထံ သမာရုယှ မမာယိတံ ဣမံ။
ဣဒန္ဒဝစ တံ ဣန္ဒသင်္ဂါတော် ကဒ်တိ၊
အဇ္ဇေဝ တုံ ဣန္ဒ သဟဗျတံ ဝဇ....

ဟူသော ဤဂါထာကို ဆို၏။

၂၀၆။ ဣန္ဒသင်္ဂါတော်၊ သိကြားနတ်မင်းနှင့်တူသော အမျိုးအနွယ်ရှိသော ရှင်ရသေ့။ ဟန္ဒ၊ အကျွန်ုပ် တိုက်တွန်းပါ၏။ ဧဟိ၊ လာလှည့်။ ဣဒါနိ၊ ယခုအခါ၌။ တိဒိဝံ၊ တာဝတိံသာ နတ်ရွာသို့။ အပက္ကမ၊ ကြွတော်မူလော့။ မမာယိတံ၊ မြတ်နိုးအပ်သော။ ဣမံ ရထံ၊ ဤဝေဇယန္တာရထားကို။ သမာရုယှ၊ တက်စီးပါလော့။ ဣန္ဒောဝစ၊ သိကြားနတ်မင်းသည်လည်း။ တံ၊ အရှင်ဘုရားကို။ ကဒ်တိ၊ အလိုရှိတော်မူ၏။

www.dhammadownload.com

တုံ၊ အရှင်ဘုရားသည်။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ ဣန္ဒသဟမျှတုံ၊ သိကြား နတ်မင်း၏ အပေါင်းအဖော်အဖြစ်သို့။ ဝဇ၊ ကြတော်မူလော့။

ဤသို့ ထိုမာတလိ နတ်သားသည် ကောသိယ ရသေ့နှင့်တကွ စကားပြောဟောစဉ်လျှင် ကောသိယ ရသေ့သည် စုတေ၍ ဥပပါတ် ပဋိသန္ဓေဖြစ်သော နတ်သားဖြစ်၍ တက်ဗီးသဖြင့် ဝေဇယန္တာ နတ် ရထားဦး တည်၏။

ဟိရိနတ်သမီးနှင့် ထိမ်းမြားခြင်း

ထိုအခါ ထိုကောသိယရသေ့ကို မာတလိနတ်သားသည် သိကြားမင်း အထံသို့ ဆောင်ယူလေ၏။ သိကြားနတ်မင်းသည် ထို့ကောသိယ နတ်သားကို မြင်၍လျှင် အလွန်နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ မိမိ သမီးတော်ဖြစ်သော ဟိရိနတ်သမီးကို ထိုကောသိယ နတ်သားအား မိဖုရားကြီး ပြု၍ ပေးတော်မူ၏။ ထိုကောသိယ နတ်သားအား အတိုင်းအရှည်မရှိသော မျှားစွာသော စည်းစိမ်အခြံအရံ ရှိသည်ဖြစ်၍ သဗ္ဗညု ဘုရားသခင်သည် ထိုအကြောင်းကို သိတော်မူ၍ မြတ်ကုန်သော သတ္တဝါတို့၏ ကံမည်သည်ကား ဤသို့လျှင် စင်ကြယ်၏ဟု မိန့်တော်မူ၍ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုရကား—

၂၀၇။ ဇ ဝံဝိသုဇ္ဈန္တိ အပါကမ်ဖိနော၊
အထော သုစိဏ္ဏာဿ ဖလံ နာနာသတိ။
ဃယကေစိ မဒ္ဒက္ခု သုခေယ ဘောဇနံ၊
သဗ္ဗေဝ တေ ဣန္ဒသဟာဗျတံဂတာ—
ဟူသော အဆုံးဖြစ်သော ဂါထာကို ဟောတော်မူ၏။

၂၀၇။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤဆိုအပ်ပြီးသော အပြားအားဖြင့် အပါပကမ်ဖိနော၊ မကောင်းမှုကို မပြုကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဝိသုဇ္ဈန္တိ၊ အထူးသဖြင့် စင်ကြယ်ကုန်၏။ အထော၊ ထို့မှိုံ။ သုစိဏ္ဏာဿ၊ ကောင်းစွာ ကျင့်အပ်သော အမှု၏။ ဖလံ၊ အကျိုးသည်။ နာနာသတိ၊ မပျက်။ ယေကေစိ၊ အလုံးစုံကုန်သော သူတို့သည်။ သုခေယဘောဇနံ၊ နတ်သုခဘုတ်ကို။ ဟိရိယာ၊ ဟိရိနတ်သမီးအား။

www.dhammadownload.com

ဒီယျမာနံ၊ ပေးလှူသည်ကို။ အဒ္ဒက္ခု၊ မြင်ရကုန်၏။ တေသဗ္ဗေ၊ ထို အလုံးစုံကုန်သော သူတို့သည်လည်း။ တံ ဒါနံ၊ ထိုအလှူကို။ အနုမောဒိ-တ္ဝာ၊ ဝမ်းမြောက် ကုန်သောကြောင့်။ ဣန္ဒသဟဗ္ဘုတံ၊ သိကြားနတ်မင်း၏ အပေါင်းအဖော် အဖြစ်သို့။ ဂတာ၊ ရောက်ရကုန်၏။

ဇာတ်ပေါင်း သဗ္ဗညု မြတ်စွာဘုရားသည် ဤသုဓောဘောဇန ဇာတ် ဓမ္မဒေဿနာကို ဆောင်တော်မူ၍ "ရဟန်းတို့....ယခုအခါ၌သာလျှင် အလှူဒါနု၌ မမွေ့လျော်သော ဝန်တို့ ခက်ထန်သည်လျှင် ဖြစ်သော ဤ ရဟန်းကို ဆုံးမတော်မူသည် မဟုတ်သေး၊ ရှေး၌လည်း ဤရဟန်းကို ငါဘုရားသည် ဆုံးမတော် မူဖူးသည်သာလျှင်တည်း" ဟု မိန့်တော်မူ၍ "ယခုအခါ ဥပ္ပလဝဏ်သည် ထိုအခါ ဟိရိနတ်သမီး ဖြစ်ဖူးပြီ။ ယခုအခါ အလှူဒါနု၌ မွေ့လျော်သော အလှူရှင်ဖြစ်သော ဤရဟန်းသည် ထိုအခါ ကောသိယရဇသေ့ ဖြစ်ဖူးပြီ။ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ ပဥ္စသိခ နတ်သား ဖြစ်ဖူးပြီ။ ယခုအခါ အာနန္ဒာသည် ထိုအခါ မာတလိနတ် သား ဖြစ်ဖူးပြီ။ ယခုအခါ မဟာကဿပသည် ထိုအခါ သူရိယနတ်သား ဖြစ်ဖူးပြီ။ ယခုအခါ မဟာမောဂ္ဂလာန်သည် ထိုအခါ စန္ဒနတ်သား ဖြစ် ဖူးပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ နာရဒ ရဇသေ့ ဖြစ်ဖူးပြီ၊ ယခု အခါ ငါဘုရားသည်လျှင် ထိုအခါ သိကြားနတ်မင်း ဖြစ်ဖူးပြီ" ဟု ဇာတ်ကို ပေါင်းတော်မူ၏။

ဝန်တိုသည်သူ၊ ငရဲယူ၊ အလှူရှင်မှ နတ်ပြည်ကြွ။

သုံးခုတို့၏ ပြည့်ကြောင်းဖြစ်သော သုဓောဘောဇနဇာတ်သည် ပြီး၏။



၄—မဟာကုဏာလဇာတ်

ငြင်းခုံခိုက်ရန် မပြုသင့်ခြင်းအကြောင်း

ဟောတော်မူရာဌာန နတ်နှင့်တကွသော လောကကို ဆုံးမတော်မူ တတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ဧဝမ္ပိဿယတိ" အစရှိသော

www.dhammadownload.com

ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤမဟာကုဏ္ဍာလ ဇာတ်ကို ကုဏ္ဍာလအိုင်၌ သီတင်းသုံးနေတော်မူစဉ် မမေ့လျော့ခြင်းဖြင့် နှိပ်စက်ကုန်သော ရဟန်းငါးရာတို့ကိုအကြောင်းပြု၍ ဟောတော်မူ၏။

(ထိုစကား၌ ဤဆိုလတ္တံ့ သည်ကား အစဉ်ဖြစ်သော စကားတည်း။)

ပစ္စုပ္ပန်ဝတ္ထု သာကီဝင်မင်း၊ကောလိယမင်းတို့သည် ကပိလဝတ်ပြည်၏ လည်းကောင်း၊ ကောလိယပြည်၏ လည်းကောင်း အကြားဌ၌ ရောဟိနီမည်သော မြစ်ကို တစ်ခုခုသာ ဆည်ဖြင့် ဆည်၍ ကောက်တို့ကို လုပ်ကုန်၏။

အစည်းအဝေးပဋိပက္ခ

ထိုအခါ၌ နယုန်လအခါဝယ် ကောက်ပင်တို့သည် ညှိုးကုန်လတ်သော နွားစပြည်သားတို့၏ လယ်လုပ်သားတို့သည် စည်းဝေးကြကုန်၏။ ထိုနွားစပြည်သားတို့တွင် ကောလိယပြည်သားတို့သည် ဤသို့ဆိုကုန်၏။ ''ဤရေကို ငါတို့နွားစဉ်းသား ဆောင်ယူသည်ရှိသော် သင်တို့အား လည်းမလောက်၊ ငါတို့အား လည်း မလောက်၊ ငါတို့ ကောက်သည်ကား ရေတစ်ကြိမ်သွင်းသဖြင့် အောင်ပါလတ္တံ့၊ ဤရေကို ငါတို့အား ပေးကုန်လော့'' ဟု ဆိုကုန်၏။ ကပိလဝတ် ပြည်သားတို့သည် ဤသို့ ဆိုကုန်၏။ ''သင်တို့သည် ကျွဲတို့ကို ပြည့်စေ၍ တည်ကုန်သည်ရှိသော် ငါတို့သည် ဤ ငွေ နီလာ ပတ္တမြား သလဲမည်း အသပြာတို့ကို ယူ၍ တောင်းပခြုပ် စသည် လက်စဲကုန်လျက် သင်တို့အိမ်တံခါးသို့ သွားအံ့သောငှာ မဟတ်နိုင်ကုန်၊ ငါတို့ကောက်သည်လည်း ရေတစ်ကြိမ်သွင်းရသဖြင့်လျှင် အောင်လတ္တံ့၊ ဤရေကို ငါတို့အားသာလျှင် ပေးကုန်လော့'' ဟု ဆိုကုန်၏။ ''ငါတို့သည် မပေးကုန်အံ့။ ငါတို့သည် မပေးကုန်အံ့'' ဟု ဆို၍ ခိုက်ရန်ကို ပွားစေသဖြင့် တစ်ယောက်သောသူသည် ထ၍ တစ်ယောက်သောသူကို ပုတ်ခတ်၏။ ထိုသူသည်လည်း တစ်ယောက်သောသူကို ပုတ်ခတ်၏။ ဤသို့အချင်းချင်း ပုတ်ခတ်ကုန်သဖြင့် မင်းမျိုးတို့ ဇာတ်အန္ဓယ်ကို ထိခိုက်၍ တိုက်ခိုက်၍ ခိုက်ရန်ကို ဖြစ်စေကုန်၏။

ကောလိယပြည် လယ်လုပ်သားတို့သည် ဤသို့ ဆိုကုန်၏။ ''သင်တို့သည် ကပိလဝတ်မြို့၌ နေကုန်သော သာကီဝင်မင်းသားတို့ကိုယူ၍ ကြုံးဝါး

www.dhammadownload.com

ကြကုန်၏။ အကြင် ကပိလဝတ်မြို့နေ သာကီဝင် မင်းသားတို့သည် ခွေး၊ မြေခွေး အစရှိသည်တို့ကဲ့သို့ မိမိတို့၏ နှမတို့နှင့်တကွ ပေါင်းဖော်ကြကုန်၏၊ ထို သာကီဝင် မင်းသားတို့၏ ဆင်၊ မြင်း အစရှိသည်တို့သည် လည်းကောင်း၊ ဗိုလ်ပါ လက်နက်တို့သည် လည်းကောင်း ငါတို့အား အဘယ်ပြုကုန်လတ္တံ့နည်း'' ဟု ဆိုကုန်၏။ ကပိလဝတ်ပြည် လုယ်လုပ်သားတို့သည် ဤသို့ ဆိုကုန်၏။ ''သင်တို့သည် ယခုအခါ၌ အနူမျိုးဖြစ်ကုန်သော မင်းသားတို့ကိုယူ၍ ကြုံးဝါးကြကုန်၏။ အကြင် ကောလိယ မင်းသားတို့သည် နှင်ထုတ်အပ်ကုန်သည်ဖြစ်၍ ကိုးကွယ်ရာ မှီရာကုန်သဖြင့် တိရစ္ဆာန်ကဲ့သို့ ကလောပင်အောက်၌ နေရကုန်၏၊ ထိုကောလိယမင်းတို့၏ ဆင်၊ မြင်း အစရှိသည်တို့သည် လည်းကောင်း၊ ဖိုလ်ပါ လက်နက်သည် လည်းကောင်း ငါတို့အား အဘယ်ပြုကုန်အံ့နည်း'' ဟု ဆိုကုန်၏။ ထို နှစ်ဦးသော လုယ်လုပ်သားတို့သည် သွားကုန်၍ ထိုအမှုဋ္ဌယ္ဉသော အမတ်တို့အား ကြားလျှောက်ကုန်၏။ ထိုအမတ်တို့သည် မင်းမျိုးတို့အား ကြားလျှောက်ကုန်၏။

ထို့နောင်မှ သာကီဝင် မင်းသားတို့သည် ''နှမနှင့် ပေါင်းဖော်သော သူတို့၏ အစွမ်းကို လည်းကောင်း၊ ခွန်အားကို လည်းကောင်း ပြကုန်အံ့'' ဟု စစ်ထိုးအံ့သော အစီအရင် ရှိကုန်သည်ဖြစ်၍ ထွက်ကြကုန်၏။ ကောလိယမင်းတို့သည်လည်း ''ကလောပင်အောက်၌ နေကုန်သော သူတို့၏ အစွမ်းကို လည်းကောင်း၊ ခွန်အားကို လည်းကောင်း ပြကုန်အံ့'' ဟု စစ်ထိုးအံ့သော အစီအရင် ရှိကုန်သည်ဖြစ်၍ ထွက်ကြကုန်၏။

မှာထားချက်

[တစ်ပါးကုန်သော ဆရာတို့သည်ကား သာကီဝင်မင်း၊ ကောလိယမင်းတို့၏ ကျွန်မတို့သည် ရေခပ်အံ့သောဌာ မြစ်သို့သွား၍ ခေါင်းခုတို့ကို မြေ၌ချထား၍ ချမ်းသာသောစကားဖြင့် နေကုန်သည်ရှိသော် တစ်ယောက်သော မိန်းမ၏ ခေါင်းခုကို တစ်ယောက်သော မိန်းမသည် မိမိခေါင်းခုအမှတ်ဖြင့် ယူမိ၏၊ ထို ခေါင်းခုကိုမှီ၍ ငါ့ခေါင်းခု သင့်ခေါင်းခုဟု ငြင်းခုံ၍ ခိုက်ရန်ဖြစ်ကြသည်ရှိသော် အစဉ်သဖြင့် ထိုနှပ်ပြည်၌နေကုန်သော ကျွန်အမှုလုပ်တို့သည် လည်းကောင်း, ရွာစားတို့သည် လည်းကောင်း,

www.dhammadownload.com

အမတ်တို့သည် လည်းကောင်း, အိမ်ရှေ့မင်းတို့သည် လည်းကောင်း ဤသို့ အလုံးစုံသောသူတို့သည် စစ်ထိုးအံ့သော အဒိအရင် ရှိကုန်သည်ဖြစ်၍ ထွက်ကြကုန်၏ဟု ဆိုကုန်၏။ ဤနောက်နည်းထက် ရှေးနည်းသာလျှင် မျှားစွာကုန်သော မဟာအဋ္ဌကထာတို့၌ လာ၏၊ သင့်လည်း သင့်၏။ ထို့ကြောင့် ထိုရှေးနည်းကိုသာလျှင် ယူအပ်၏။]

ထို သာကီဝင်မင်း, ကောလိယမင်းတို့သည် ညချမ်းအခါ၌ စစ်ထိုးအံ့သော အစီအရင် ရှိကုန်သည်ဖြစ်၍ ထွက်ကြကုန်၏။

မြတ်စွာဘုရား ငြိမ်းစေခြင်း

ထိုအခါ သဗ္ဗညုမြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည်၌ နေတော်မူလျက် မိုးသောက်ထသောအခါ၌ သတ္တလောကကို ကြည့်တော်မူလတ်သော် ဤသို့ စစ်ထိုးအံ့သော အစီအရင် ရှိသည်ဖြစ်၍ ထွက်ကုန်သော ဤ သာကီဝင်မင်းတို့ကို မြင်တော်မူ၏။ မြင်တော်မူပြီးလျှင် "ငါ ကြွသွားတော်မူသည်ရှိသော် ဤခိုက်ရန်သည် ငြိမ်းလတ္တံ့လော၊ မငြိမ်းလတ္တံ့လော"ဟု စုံစမ်းဆင်ခြင်တော်မူသည်ရှိသော် "ငါသည်လျှင် ထို အရပ်သို့သွား၍ ထိုခိုက်ရန်ကို ငြိမ်းစေသောငှာ ဇာတ်သုံးဇာတ်တို့ကို ဟောအံ့၊ ထိုသို့ဟောသောကြောင့် ခိုက်ရန်သည် ငြိမ်းလတ္တံ့၊ ထိုသို့ ငြိမ်းသောအခါ ညီညွတ်ခြင်းကို ပြအံ့သောငှာ နှစ်ဇာတ်တို့ကိုဟော၍ အတ္ထဒဿုတ်ကို ဟောအံ့၊ ဓမ္မဒေသနာကို ကြားနာရ၍ နှစ်ပြည်သားတို့သည် နှစ်ရာ့ငါးဆယ် နှစ်ရာ့ငါးဆယ်စီသော မင်းသားတို့ကို ပေးကုန်လတ္တံ့၊ ငါသည် ထိုငါးရာသော မင်းသားတို့ကို ရဟန်းပြုအံ့၊ မျှားစွာသော အစည်းအဝေးသည် ဖြစ်လတ္တံ့"ဟု ဆုံးဖြတ်ခြင်းကို ပြုတော်မူ၍ နံနက်ကလျှင် ကိုယ်လက်သုတ်သင်ခြင်းကို ပြုတော်မူပြီးလျှင် သာဝတ္ထိပြည်သို့ ဆွမ်းခံကြွတော်မူ၍ ဆွမ်းခံရွာမှ ဖဲခဲ့ပြီးသည်ရှိသော် ညချမ်းအခါ ဂန္ဓကုဋီတိုက်မှ ထွက်တော်မူခဲ့၍ တစ်စုံတစ်ယောက်သောသူအား ကြားဖူတော်မမူဘဲ ကိုယ်တော်တိုင်သာလျှင် သပိတ် သင်္ကန်းဟော်ကိုယူ၍ နှစ်ဦးသော စစ်သည်တို့၏ အကြားဖြစ်သော ကောင်းကင်၌ ထက်ဝယ်ဖဲ့ခဲ့ နေတော်မူလျှင် နှစ်ဦးသော စစ်သည်တို့အား ထိတ်လန့်စိမ့်သောငှာ နေအခါ၌ အမိုက်တိုက်ပြုအံ့သောငှာ ဆံတော်မှ ညိုသောရောင်ခြည်တော်ကို လွှတ်တော်မူလျက် နေတော်မူ၏။

www.dhammadownload.com

ထိုအခါ ထိတ်လန့်သော စိတ်ရှိကုန်သော ထိုနှစ်ဦးသော စစ်သည်တို့အား ကိုယ်တော်ကိုပြလျက် ခြောက်ပါးသောအဆင်းရှိသော ဘုရားရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။ ကပိလဝတ် ပြည်သားတို့သည်လည်း မြတ်စွာဘုရားကို မြင်ကုန်လျှင် "ငါတို့အမျိုးမြတ်ဖြစ်သော မြတ်စွာဘုရားသည် ကြွတော်မူလာ၏၊ ထို မြတ်စွာဘုရားသည် ငါတို့ကို ခိုက်ရန်ပြုသောအဖြစ်ကို မြင်တော်မူလေသလော" ဟု ကြံ၍ "စင်စစ်သော်ကား မြတ်စွာဘုရား ကြွလာတော်မူသည်ရှိသော် ငါတို့သည် သူတစ်ပါးတို့၌ လက်နက်ကို ချအံ့သောငှာ မတတ်ကောင်း၊ ကောလိယပြည်သားတို့သည် ငါတို့ကို သတ်မူလည်းသတ်ပစေကုန်၊ နှောင်ဖွဲ့မူလည်း ဖွဲ့ပစေကုန်" ဟု သက်နက်တို့ကို စွန့်ကုန်၏။ ကောလိယ ပြည်သားတို့သည်လည်း ထို့အတူလျှင် ပြုကုန်၏။

ထိုအခါ သဗ္ဗညုဘုရားသခင်သည် ကောင်းကင်မှ သက်တော်မူ၍ မေ့လျော့ဖွယ်ရှိသော သဲစုဥခင်းအပ်သော မြတ်သော ဘုရားနေရာ၌ နှုံးယှဉ်စရာ ဥပမာမရှိသော ဘုရားအသရေတော်ဖြင့် တင့်တယ်လျက်နေတော်မူ၏။ ထိုနှစ်ဦးသောမှင်းတို့သည်လည်း သဗ္ဗညုမြတ်စွာဘုရားကို ရှိခိုးလျက် နေကုန်၏။ ထိုသို့နေကုန်သောအခါ ထိုနှစ်ဦးသောမင်းတို့ကို သဗ္ဗညုဘုရားသခင်သည် သိတော်မူလျက်လျှင် "မြတ်သောမင်းမျိုးတို့ အဘယ့်ကြောင့် သင်မင်းမြတ်တို့သည် လာကြကုန်သနည်း" ဟု မေးတော်မူ၏။ "အရှင်ဘုရား မြစ်ကိုရှုအံ့သော်ငှာ မလာပါကုန်၊ မြစ်၌ ကစားအံ့သောငှာလည်း မလာပါကုန်၊ စင်စစ်သော်ကား ဤအရပ်၌ စစ်ထိုးခြင်းကိုဖြစ်စေလိုသောကြောင့် လာပါကုန်၏" ဟု ကြားလျှောက်ကြကုန်၏။ "မြတ်သော မင်းမျိုးတို့....သင်တို့သည် အဘယ်ကိုမှီ၍ ခိုက်ရန်ဖြစ်ကြကုန်သနည်း" ဟု မေးတော်မူ၏။ "အရှင်ဘုရား....ရေကို အမှီပြု၍ ဖြစ်ပါကုန်၏" ဟု လျှောက်ကြကုန်၏။ "မြတ်သော မင်းမျိုးတို့....ရေသည် အဘယ်မျှ အဖိုးထိုက်သနည်း" ဟု မေးတော်မူ၏။ "အရှင်ဘုရား....ရေသည် နည်းသောအဖိုးကို ထိုက်ပါ၏" ဟု လျှောက်ကုန်၏။ "မြတ်သော မင်းမျိုးတို့....မြေသည်ကား အဖိုး အဘယ်မျှထိုက်သနည်း" ဟု မေးတော်မူ၏။ "အရှင်ဘုရား....မြေသည် အဖိုးအတိုင်းမသိ ထိုက်ပါ၏" ဟု လျှောက်ကုန်၏။ "မြတ်သော မင်းမျိုးတို့....မင်းတို့သည် အဖိုးအဘယ်မျှ ထိုက်ကုန်သနည်း" ဟု မေးတော်မူ၏။ "အရှင်ဘုရား....မင်းတို့မည်သည်ကား အဖိုး

www.dhammadownload.com

အတိုင်းမသိ ထိုက်ကုန်၏''ဟု လျှောက်ကုန်၏။ ''မြတ်သောမင်းမျိုးတို့.... အဘယ့်ကြောင့် အဖိုးမထိုက်သောရေကို အမှီပြု၍ အဖိုးများစွာ ထိုတ်သော မင်းတို့ကို ဖျက်ဆီးကုန်ဘိသနည်း၊ ခိုက်ရန်ပြုခြင်း၌ စိတ်ချမ်းသာခြင်းမည်သည် မရှိ၊ မြတ်သောမင်းမျိုးတို့.... ထိုစကားသည် မှန်၏၊ ခိုက်ရန်ပြုခြင်း၏ အစွမ်းအားဖြင့် တစ်ယောက်သော ကြို့ပင်စောင့်နတ်သည် ဝံနှင့်တကွ ရန်ငြိုးဖွဲ့၍ အလုံးစုံသော ဤကမ္ဘာလုံးလည်း ရောက်သည် သာလျှင်တည်း''ဟု မိန့်တော်မူ၍ ဖန္ဒနဇာတ်ကို ဟောတော်မူ၏။ [ဤ ဖန္ဒနဇာတ်ကိုကား တရသကနိပါတ်၌ ဟောတော်မူ၏။]

ထို့နောင်မှ ''မြတ်သောမင်းမျိုးတို့....သူတစ်ပါးစကားကို လိုက်နာခြင်းမည်သည် မဖြစ်ရာ။ ထိုစကားသည် မှန်၏၊ သူတစ်ပါးစကားကို လိုက်နာသည်ဖြစ်၍ ယုန်ငယ်တစ်ခု၏စကားကြောင့် ယူဇနာသုံးထောင် အပြောကျယ်သော ဟိမဝန္တာတော၌ အခြေလေးချောင်းရှိသော သားအပေါင်းတို့သည် မဟာသမုဒ္ဒရာသို့ ချည်းပြေးဆင်း၍ ဝင်ရကုန်၏။ ထို့ကြောင့် သူတစ်ပါးစကားကို လိုက်နာသည် မဖြစ်ရာ''ဟု မိန့်တော်မူ၍ ဒုဒ္ဒရဇာတ်ကို ဟောတော်မူ၏။ [ဤ ဒုဒ္ဒရဇာတ်ကိုကား စတုက္ကနိပါတ်၌ ဟောတော်မူ၏။]

ထို့နောင်မှ ''မြတ်သော မင်းမျိုးတို့....ရုံခါ အားနည်းသော သူသည်လည်း အားကြီးသော သူ၏ အကျိုးမဲ့ကို ပြုနိုင်၏။ ထိုစကားသည် မှန်၏၊ နှံ့စုတ်ငှက်မ,ငယ် စင်လျက် ဆင်ပြောင်ကြီးကို သတ်နိုင်၏'' ဟု မိန့်တော်မူ၍ လဋ္ဌကိဇာတ်ကို ဟောတော်မူ၏။ [ဤ လဋ္ဌကိဇာတ်ကိုကား ပဉ္စကနိပါတ်၌ ဟောတော်မူ၏။]

ဤသို့လျှင် ခိုက်ရန်ငြိမ်းစိမ့်သောဌာ သုံးဇာတ်ကို ဟောတော်မူ၍ ထိုမှတစ်ပါး သင့်တင့်ညီညွတ်ခြင်းကို ပြအံ့သောဌာ နှစ်ဇာတ်ကို ဟောတော်မူ၏၊ ''မြတ်သောမင်းမျိုးတို့.... ထိုစကားသည် မှန်၏၊ သင့်တင့် ညီညွတ်ကုန်သော သူတို့အား တစ်စုံတစ်ဟောက်သောသူသည် အယုတ်မည်သည်ကို မြင်ခြင်းဌာ မတတ်နိုင်''ဟု မိန့်တော်မူ၍ ရုက္ခဓမ္မဇာတ်ကို ဟောတော်မူ၏။ [ဤ ရုက္ခဓမ္မဇာတ်ကိုကား ဧကကနိပါတ်၌ ဟောတော်မူ၏။]

ထိုမှတစ်ပါးလည်း ''မြတ်သောမင်းမျိုးတို့.... သင့်တင့်ညီညွတ်ကုန်သော သူတို့အား တစ်စုံတစ်ယောက်သောသူသည် ကဲ့ပြုံးသည်ကို မြင်

www.dhammadownload.com

ခြင်းငှာ မတတ်နိုင်။ အကြင်အခါ၌ကား အချင်းချင်း ငြင်းခုံခြင်း ခိုက်ရန်ကို ပြုကုန်၏၊ ထိုအခါ၌ ထိုငုံးတို့ကို တစ်ယောက်သော မုဆိုးသည် အသက်ကုန်ခြင်းသို့ ရောက်စေပြီးလျှင် ယူ၍သွားလေ၏၊ ခိုက်ရန်ပြုခြင်း၌ ချမ်းသာခြင်းမည်သည် မရှိ''ဟု မိန့်တော်မူ၍ ဝဋ္ဋကဇာတ်ကို ဟောတော်မူ၏။ [ဤ ဝဋ္ဋကဇာတ်လို့ သမ္မောဒမာနဇာတ် ဟူသောအမည်ဖြင့် ကောကနိပါတ်၌ ဟောတော်မူ၏။]

ရဟန်း ၅၀၀-ရ

ဤသို့လျှင် ငါးဇာတ်လိုက်ကို ဟောတော်မူပြီး၍ အဆုံး၌ အတ္ထဒဏ္ဍသုတ်ကို ဟောတော်မူ၏။ ထိုအခါ သာကီဝင်မင်းတို့သည် ကြည်ညိုကုန်သည်ဖြစ်၍ ''မြတ်စွာဘုရားသည် အကယ်၍ ကြွတော်မမူလာသည်ဖြစ်အံ့၊ ငါတို့သည် အချင်းချင်းသတ်၍ သွေးချောင်းစီးသည်ကို ဖြစ်စေကုန်လတ္တံ့၊ ဘုရားသခင်ကိုမှီ၍ ငါတို့သည် အသက်ကိုရအပ်၏၊ ဘုရားသခင်သည် အိမ်ရာထောင်သောလူ၏ ဘေးဥပဒ်၌ အကယ်၍ နေတော်မူအံ့၊ ကျွန်းငယ်နှစ်ထောင်အရံရှိသော ကျွန်းကြီးလေးကျွန်း၌ ဖြစ်သော မင်းစည်းစိမ်သည် လက်တော်သို့ ရောက်သည်ဖြစ်ရာ၏၊ စင်စစ်သော်ကား ထိုမြတ်စွာဘုရားအား တစ်ထောင် အလွန်ရှိကုန်သော သားတို့သည် ဖြစ်ကုန်ရာ၏၊ ထို ကျွန်းကြီးလေးကျွန်းကို အစိုးရသောကြောင့် မင်းအပေါင်း အခြံအရံရှိသည်ဖြစ်၍လျှင် သွားကုန်၏။ မြတ်စွာဘုရားသည် ထိုသို့သဘောရှိသော စကြာမင်းစည်းစိမ်ကို စွန့်၍ တောထွက်တော်မူသဖြင့် သမ္မဉ္ဇဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ယခုအခါ၌လည်း မင်းမျိုးအပေါင်း အခြံအရံရှိသည်ဖြစ်၍လျှင် ကြွတော်မူစေသတည်း'' ဟု နှစ်ပြည့်ခေါင်းသားတို့ နှစ်ရာ့ငါးဆယ် နှစ်ရာ့ငါးဆယ်စီသော မင်းသားတို့ကို လှူကြကုန်၏။

သမ္မဉ္ဇ ဘုရားသခင်သည် ထို ငါးရာသော မင်းသားတို့က ရဟန်းပြုတော်မူ၍ မဟာဝုန်သို့ ကြွတော်မူ၏။ မိုးသောက်သော နေ့မှစ၍ ထိုငါးရာသော သာကီဝင်မင်းသား ရဟန်းတို့ဖြင့် ခြံရုံလျက် ရုံခါ ကပိလဝတ် ပြည်တော်၌ ရုံခါ ကေ.လိယပြည်တော်၌ ဤသို့ နှစ်ပြည်တို့၌ ဆွမ်းခံကြွတော်မူ၏။ နှစ်ပြည်ထောင်သားတို့သည် ကြွေးစွာသော ပူဇော်သက္ကာရကို ပြုကြကုန်၏။ အလွန် ရှိသေလေးမြတ်ကြသည်ဖြစ်၍ မိမိတို့ အလိုအားဖြင့် ရဟန်းပြုကုန်သော ထိုငါးရာကုန်သော ရဟန်းတို့အား မမေ့.လျော့ခြင်းတို့သည်

www.dhammadownload.com

ဖြစ်၏။ မယားဟောင်းတို့သည် ထိုရဟန်းတို့အား မမေ့လျော့ခြင်း ဖြစ်စိမ့်သောငှာ ထိုထို့သို့သော အကြောင်းကို ပြောဆို၍ သတင်းစကား စေလိုက်ကြကုန်၏။ ထိုရဟန်းတို့သည် လွန်စွာ ငြီးငွေ့ကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ဆင်ခြင်တော်မူလတ်သော် ထိုငါးရာသော သာကီဝင်မင်းသား ရဟန်းတို့ မမေ့လျော့သောအဖြစ်ကို သိတော်မူ၍ "ဤရဟန်းတို့သည် ငါကဲ့သို့သော ဘုရား သဗ္ဗညုနှင့် အတူဟကွေးနကုန်လျက် ငြီးငွေ့ကုန်ဘိ၏၊ ထိုရဟန်းတို့အား အဘယ်သို့သော ဘရားစကားသည် သင့်လျော်ပါအံ့နည်း၊ လျောက်ပတ်ပါအံ့နည်း" ဟု စုံစမ်းဆင်ခြင်တော်မူလတ်သော် ကုဏ္ဍာလဇာတ် ဓမ္မဒေသနာကို မြင်တော်မူ၏။ ထိုအခါ ဘုရားသခင်အား ဤသို့သောအကြံသည် ဖြစ်တော်မူ၏။ "ငါသည် ဤငါးရာသော ရဟန်းတို့ကို ဟိမဝန္တာသို့ ဆောင်ယူ၍ ကုဏ္ဍာလဇာတ် ဓမ္မဒေသနာဖြင့် ထိုရဟန်းတို့အား မိန်းမတို့၏အပြစ်ကို ပြသဖြင့် မမေ့လျော့ခြင်းကို ဖျောက်၍ သောတာပတ္တိဖိုလ်ကို ပေးအံ့" ဟု အကြံဖြစ်တော်မူ၏။ အကြံဖြစ်တော်မူပြီး၍ ထိုဘုရားသခင်သည် နံနက်အခါ၌ သင်းပိုင်ကို ပြင်ဝတ်တော်မူပြီးလျှင် သပိတ် သင်္ကန်းကို ယူတော်မူ၍ ကပိလဝတ်ပြည်သို့ ဆွမ်းခံကြွတော်မူ၍ ဤအခါ ဆွမ်းခံရွာမှ ဖဲခဲပြီးသော် ဆွမ်းဘဉ်းပေးခြင်း ကိစ္စပြီးသော ကာလ၌လျှင် ငါးရာကုန်သော ထိုရဟန်းတို့ကို ခေါ်တော်မူ၍ "ရဟန်းတို့ သင်တို့သည် မေ့လျော့ဖွယ်သော ဟိမဝန္တာအရပ်ကို မြင်ဖူးကုန်၏လော" ဟု မေးတော်မူ၏။

ဟိမဝန္တာသို့ ကြွခြင်း

"အရှင်ဘုရား....ထိုဟိမဝန္တာကို အကျွန်ုပ်တို့ မမြင်ဖူးပါကုန်" ဟု နားတော်လျောက်ကုန်၏။ "ဟိမဝန္တာ၌ လှည့်လည်ခြင်းကို လှည့်လည်ကုန်အံ့လော" ဟု မေးတော်မူလတ်သော် "အရှင်ဘုရား....ဘုန်းတန်ခိုးမရှိကုန်သော အကျွန်ုပ်တို့သည် အသို့ သွားနိုင်ကုန်အံ့နည်း" ဟု တင်လျောက်ကုန်၏။ အကယ်၍ သင်တို့ကို တစ်စုံတစ်ယောက်သောသူသည် ခေါ်၍ သွားငြားအံ့၊ လိုက်ကြကုန်အံ့လော" ဟု မေးတော်မူ၏။ "အရှင်ဘုရား....လိုက်ပါကုန်အံ့" ဟု နားတော်လျောက်ကြကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည် ထိုအလုံးစုံသော ရဟန်းငါးရာတို့ကိုလည်း ကိုယ်တော်မြတ် တန်ခိုးတော်ဖြင့် ဆောင်ယူ၍ ကောင်းကင်သို့ ပျံတက်၍ ဟိမဝန္တာသို့သွား၍ ကောင်းကင်ပြင်၌ ရပ်တော်မူလျက်လျှင် မမေ့လျော့ဖွယ်ရှိသော ဟိမဝန္တာအရပ်၌ ရှေ

www.dhammadownload.com

တောင် ငွေတောင် မြတောင် ဟသ်ာပြဒါးတောင် မျက်စဉ်းတောင် ဖလ်တောင် တောင်လျဉ်တောင်ဝှမ်း ကျိုသို့ အထူးထူး အပြားပြားရှိသော တောင်တို့ကို လည်းကောင်း, ဂင်္ဂါ ယမုနာ အစိရဝတီ မဟီ သရဘူ ဟူကဲ့နှ်သော မြစ်ကြီးငါးစင်းတို့ကို လည်းကောင်း, ကဏ္ဏမုဏ္ဍအိုင် ရထကာရအိုင် သီလပွဲပါတအိုင် ဆဒ္ဒန္တအိုင် တိယင်္ကလအိုင် အနဝတတ်အိုင် ကုဏာလအိုင်ဟူသော အိုင်ကြီးခုနစ်အိုင်တို့ကိုလည်းကောင်း ပြတော်မူ၏။ ဟိမဝန္တာမည်သည်ကား ကြီးကျယ်စွာ၏၊ ယူဇနာငါးရာ အစောက်မြင့်၏၊ ယူဇနာသုံးကောင် အပြောကျယ်၏။ ထို ဟိမဝန္တာ၏ မွေ့လျော်ဖွယ်ရှိသော ဤတစ်စိတ်သောအရပ်ကို ကိုယ်တော်၏ အာနုဘော်ဖြင့် ပြတော်မူ၏။

ထိုဟိမဝန္တာဌ် ပြူအင်သော နေခြင်းရှိကုန်သော ခြင်္သေ့မျိုး ကျားမျိုး ဆင်မျိုး အစရှိကုန်သော အခြေလေးချောင်းရှိသော သားတို့ကိုလည်း တစ်စိတ်အားဖြင့် ပြတော်မူ၏၊ ထိုဟိမဝန္တာဌ် နှလုံးမွေ့လျော်ဖွယ်ရှိသော အရံအစရှိသည်တို့ကို လည်းကောင်း, အပွင့်အသီးကို ဆောင်ကုန်သော သစ်ပင်တို့ကို လည်းကောင်း, အထူးထူး အပြားပြားရှိကုန်သော ငှက်အပေါင်းတို့ကို လည်းကောင်း, ရေပန်းကြည်းပန်းတို့ကို လည်းကောင်း, ဟိမဝန္တာတောင်၏ အရှေ့နံပါးဌ် ရှေအပြင်ကို လည်းကောင်း, အနောက်နံပါးဌ် ဟသ်ာပြဒါး အပြင်ကိုလည်းကောင်း ပြတော်မူ၏။ ကျိုသို့ သဘောရှိကုန်သော မွေ့လျော်ဖွယ်တို့ကို မြင်ရသောအခါမှစ၍ ထိုငါးရာကုန်သော ရဟန်းတို့အား မယားဟောင်းတို့ဌ် အားကြီးစွာသော တပ်ခြင်းရာဂကို ပယ်အပ်ကုန်၏။

ဥဿဒ္ဒကမင်း

ထိုအခါ သဗ္ဗညု ဘုရားသခင်သည် ထိုငါးရာကုန်သော ရဟန်းတို့ကိုယူ၍ ကောင်းကင်မှ သက်တော်မူပြီးလျှင် ဟိမဝန္တာ အနောက်နံပါးဌ် ယူဇနာ ခြောက်ဆယ်ရှိသော မြင်းသီလာ ကျောက်ဖျာအပြင်ဌ် ခုနစ်ယူဇနာရှိသော တစ်ကမ္ဘာလုံးတည်သော အင်ကြင်းပင်အောက်ဌ် သုံးယူဇနာရှိသော မြင်းသီလာ ကျောက်ဖျာအပြင်ဌ် ထိုငါးရာသော ရဟန်းအပေါင်း ခြံရုံလျက် ခြောက်ပါးသော အာဆင်းရှိသော ဘုရား၏ ရောင်ခြည်တော်တို့ကို လွှတ်တော်မူလျက် သမုဒ္ဒရာအဝှမ်းကို ချောက်ချားစေ၍ ထွန်းပ, သော နေလှူလင်ကဲ့သို့ နေတော်မူ၍ သာယာစွာသော အသံတော်ကို

www.dhammadownload.com

မြက်တော်မူလျက် ထိုရဟန်းတို့ကို ခေါ်တော်မူ၏။ "ရဟန်းတို့....ဤဟိမဝန္တာ အရပ်၌ သင်တို့မြင်ဖူးသည်ကို မေးကြကုန်လော့" ဟု မိန့်တော်မူ၏။

ထိုခဏ၌ ဆန်းကြယ်စွာသော ဥဩမ နှစ်ခုတို့သည် လုံတံကို အစွန်းနှစ်ဖက်တို့၌ နှုတ်သီးဖြင့် ကိုက်ယူလျက် အလယ်၌ မိမိတို့ လင်ဖြစ်သော ဥဩမင်း ဘူ နေစေ၍ ဆန်းကြယ်ကုန်သော ဥဩတို့ကို ရှေ့ကရှစ်ခု, နောက်က ရှစ်ခု, လုက်ဝဲက ရှစ်ခု, လက်ယာက ရှစ်ခု, အောက်က ရှစ်ခု, အထက်က ရှစ်ခု အရိပ်ပြု၍ ဤသို့ ဆန်းကြယ်သော ဥဩမင်းကို ခြံရံလျက် ကောင်းကင်ဖြင့် လာလတ်ကုန်၏။

ထိုရဟန်းတို့သည် ထိုဌက်အပေါင်းကိုမြင်၍ ဘုရားသခင်ကို မေးလျှောက်ကြကုန်၏။ "အရှင်ဘုရား....ဤဌက်တို့ကား အဘယ်မည်သော ဌက်တို့နည်း" ဟု မေးလျှောက်ကြကုန်၏။ "ရဟန်းတို့....ဤဌက်အပေါင်းတို့သည်ကား ငါဘုရား၏ အနှယ်တည်း၊ ငါသည် ထားအပ်သော အစည်အဆက်တည်း၊ ငါ့ကို ရှေးဦးစွာ ရှေး၌ ဤသို့ လုပ်ကျွေးဖူးကုန်၏၊ ထိုအခါ၌ကား ဤဌက်အပေါင်းသည် အလွန်မျှားစွာ၏၊ သုံးထောင့်ငါးရာသော ဌက်မတို့သည် ငါ့ကို လုပ်ကျွေးကုန်၏၊ အစဉ်သဖြင့် ဆုတ်ယုတ်၍ ယခုအခါ၌ ဤမျှသာလျှင် ဖြစ်၏" ဟု မိန့်တော်မူ၏။ "အရှင်ဘုရား....ဤသို့သဘောရှိသော တောအုပ်၌ ထိုဌက်မတို့သည် အရှင်ဘုရားတို့ကို အသို့ လုပ်ကျွေးကြကုန်သနည်း" ဟု မေးလျှောက်ကြကုန်၏။

အတိတ်ဝတ္ထု ထိုအခါ ထိုရဟန်းတို့အား သမ္ဗညု ဘုရားသခင်သည် "ရဟန်းတို့....ထိုသို့တပြီးကား နာကြကုန်လော့" ဟု သတိကို ဖြစ်စေတော်မူ၍ လွန်လေပြီးသောအကြောင်းကို ထုတ်ဆောင်၍ ပြတော်မူလိုရကား—

၂၈၈။ ဧဝံ မက္ခာယတိ ဧဝံ မန္ဒုသုယျတိ—
အစရှိသော ဤဂါထာတို့ကို ဟောတော်မူ၏။

ထိုဂါထာတို့၏ အနက်ကား—

www.dhammadownload.com

ဟိမဝန္တာ သားကောင်များ

၂၀၈။ ဘော ဘောန္တော၊ အိုရဟန်းအပေါင်းတို့။ ခလု၊ စင်စစ် သဖြင့်။ သဗ္ဗော သဓမရဏိမရေ၊ အလုံးစုံသော ဆေးကို ဆောင်သော မြေနှင့် ပြည့်စုံသော။ အနေကပုပ္ဖ မာလျဝိတတေ၊ များစွာသော အသီးအလို့ငှာ ပွင့်သောပန်း ပန်စရာမရှိသော ပန်းသို့ဖြင့် ပြည့်စုံထသော။ ဂဇ၊ ဆင်။ ဂဝဇ၊ နွားနောက်။ မဟိံသ၊ ကျဲ။ ရုရု၊ ဆတ်။ စာမရီမည်သော သား။ ပသဒ၊ ချေ။ ခဂ္ဂ၊ ကြံ့။ ဂေါကဏ္ဏ၊ စိုင်။ သီဟ၊ ခြင်္သေ့၊ ဗျဉ္ဃ၊ ကျား။ ဒီပိ၊ သစ်။ ဘစ္ဆ၊ ဝံ။ ကောက၊ သစ်ကြွတ်။ တရစ္ဆ၊ အောင်း။ ဥဒ္ဒါရ၊ ဖျံ။ ကဒလီမိဂ၊ ဝံပိုင့်။ ဗိဠာရ၊ ကြောင်။ သသ၊ ယုန်။ ကဏ္ဌကာနုစရိတေ၊ ဒရယ်တို့၏ ကျင်လည်ရာလည်း ဖြစ်ထသော။ အာကိဏ္ဏ နေလ မဏ္ဍလ မဟာဝဏဟ နာဂကုလ ကရေဏု သဃ်ာဓိဝုတ္ထော်၊ ပြည့်သော ဆင်ငယ်-ဆင်ကြီးအပေါင်း ဆယ်ပါးသော ဆင်မျိုးအပေါင်းတို့၏ နေရာလည်း ဖြစ်ထသော။

၂၀၉။ ဣဏမိဂ၊ ဝံ။ သာခမိဂ၊ မျောက်။ သရဘမိဂ၊ သမင်ဆီးဆောက်။ ဧဏီမိဂ၊ ဧဏီမည်သောသား။ ဝါတမိဂ၊ သမင်ပျံ့။ ပသဒမိဂ၊ ချေ။ ပုရိသာလု၊ ဝါလဝါမည်သော ဘီလူး။ ကိံပုရိသ၊ ဒေဝကိန္နရာ, စန္ဒကိန္နရာ, ဒုမကိန္နရာ စသည်ပြားသော ကိန္နရာမျိုး။ ယက္ခ၊ဘီလူး။ ရက္ခသ နိသေဝိတေ၊ ရက္ခိုသ်ဘီလူးတို့၏ မှီဝဲရာလည်း ဖြစ်ထသော။ အမဋ္ဌဝ ဖြူမဉ္ဇရီ မရ ပဟဋ္ဌ ပုပ္ဖ ဖုသိတဂ္ဂါ နေကပါဒပ ဂဏဝိတတေ၊ ပန်းငုံ ပန်းတံတို့နှင့် ပြည့်စုံသော ထိသော အပွင့်အဖျားရှိသော များစွာသော ပန်းပင်အပေါင်း ဖြင့် ဆန်းကြယ်ထသော။

၂၁၀။ ကုရရ၊ ဝန်လိုင့်က်။ စကောရ၊ စင်ရော်။ ဝါရဏ၊ ငှက်ဆင်။ မယူရ၊ ဥဒေါင်း။ ပရဘတ၊ ဥဩ။ ဇီဝဇီဝက၊ ဇီဝဇိုးငှက်။ စေလာဝက၊ ထီးလိုင်ကာငှက်။ ဘိက်ခာရ၊ ဘိက်ရာဇ်ငှက်။ ကရဝိကမတ္တ ဝိဟင်္ဂကဏ သတသမ္ပဟုဋ္ဌေ၊ ယစ်ကုန်သော ကရဝိက် ငှက်အပေါင်းတို့၏ မပြတ်ကောင်းစွာ တွန်မြွေးရာလည်း ဖြစ်ထဒသော။

ခတ်သတ္တ၊ ရတနာများ

၂၁၀။ အဉ္ဇန၊ မျက်စဉ်း။ မနောသိလာ၊ မြင်းသီလာ။ ဟရိတာလ၊ ဆေးဒန်း။ ဟိင်္ဂုလက၊ ဟသ်ာပြဒါး၊ ဟေမ၊ ရွှေ။

www.dhammadownload.com

ရဇတာ၊ ငွေ။ ကနကာ့နေက ဓာတုသတဝိနဒ္ဓ ပဋိမဏ္ဍိတပဟဒေသေ၊ ရွှေဟူသော မျှားစွာသောဓာတ်တို့ဖြင့် မပြတ် မြွေးယှက်အပ်သည် ဖြစ်၍ တန်ဆာဆင်အပ်သော အရပ်လည်း ရှိထသော်။ ဧဝရူပေ၊ ဤသို့သဘော ရှိသော်။ ရမ္မေ၊ မွေ့လျော်ဖွယ်ရှိသော်။ ဝနသဏ္ဍေ၊ တောအုပ်၌။ အတိဝိယစိတ္တော၊ အထူးသဖြင့်ဆန်းကြယ်သောအဆင်းလည်း ရှိထံသော်။ အတိဝိယ စိတ္တ ပတ္တာစ္ဆဒနေ၊ အလွန်အထူးသဖြင့် ဆန်းကြယ်သော အတောင်ဖြင့် ဖုံးလွှမ်းအပ်သော်။ ကုဏာလေနာမ၊ ကုဏာလအမည်ရှိသော်။ သကုဏော၊ ငှက်မင်းသည်။ ပတိဝသတိ၊ နေ၏။ သောဝနသဏ္ဍော၊ ထိုကုဏာလငှက်မင်း နေရာတောအုပ်ကို။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့်။ အက္ခာယတိ၊ ဆိုအပ်၏။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့်။ အနုသုယျတိ၊ ကြားအပ်၏။

၂၉၂။ ဘော ဘောန္တော၊ အို ရဟန်းအပေါင်းတို့။ ခလု-ကေ-န္တေန၊ စင်စစ်သဖြင့်။ ကုဏာလဿ၊ ကုဏာလအမည်ရှိသော်။ တဿေဝ သကုဏဿ၊ ထိုဥဩငှက်မင်း၏လျှင်။ ပါရိစရိကာ၊ အလုပ်အကျွေး ဖြစ်ကုန်သော်။ ဒိဇကညာယော၊ ငှက်မဖြစ်ကုန်သော်။ အမှုမှုနိ ဣတ္ထိ သဟဿာနိ၊ သုံးထောင့်ငါးရာကုန်သော ဥဩမတို့သည်။ သန္တိ၊ ရှိကုန်၏။

၂၉၃။ ဘော၊ အို ရဟန်းတို့။ အထ၊ ထိုအခါ၌။ ခလု-ကေန္တေန၊ စင်စစ်သဖြင့်။ ဒွေ ဒိဇ ကညာယော၊ နှစ်ခုကုန်သော ဥဩမတို့သည်။ ကဠံ၊ လုံတံကို။ မုခေန၊ နှုတ်သီးဖြင့်။ ဒဠှံ၊ တင်း၍။ ဂဟေတွာ၊ ကိုက်၍။ ကုဏာလံ၊ ကုဏာလ အမည်ရှိသော်။ တံသကုဏံ၊ ထိုဥဩငှက်မင်းကို။ မဇ္ဈေ၊ အလယ်၌။ နိသီဒါပေတွာ၊ နေစေ၍။ ကုဏာလံ၊ ကုဏာလ အမည်ရှိသော်။ နံ သကုဏံ၊ ထိုဥဩငှက်မင်းကို။ အဒ္ဓါန ပရိယာယာတေ၊ အဓွန့်ရှည်သောခရီးကို သွားခြင်း၌။ ကိလမထော၊ ပင်ပန်းခြင်းသည်။ မာ ဥပဂါဟေန္တော၊ မဖြစ်စေသတည်း။ ဣတိ မနသိကတွာ၊ ဤသို့ နှလုံးပိုက်၍။ ဥဒ္ဓေန္တိ၊ ပျံသွားကုန်၏။

၂၉၄။ ပဌမတရာ၊ ငါးရာကုန်သော်။ ဒိဇကညာယော၊ ငှက်မတို့သည်။ သစေ၊ အကယ်၍။ ကုဏာလော၊ ကုဏာလ အမည်ရှိသော်။ အယံ သကုဏော၊ ဤငှက်မင်းသည်။ အာသနာ၊ နေရာမှ။ ပရိပတိဿတိ၊

www.dhammadownload.com

လျှောက္ကသည်ဖြစ်အံ့။ မယံ၊ ငါတို့သည်။ တံ၊ ထိုဌက်မင်းကို။ ပက္ခေဟိ၊ အတောင်တို့ဖြင့်။ ပဋိဂ္ဂဟေဿမ၊ ခံကုန်အံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဟေဋ္ဌတော ဟေဋ္ဌဘော၊ အောက်မှ အောက်မှ။ ဧခုန္တိ၊ ပျံသွားကုန်၏။

၂၉၅။ ပဋ္ဌသတာ၊ ငါးရာကုန်သော။ ဒီဇယညာယော၊ ငှက်မတို့သည်။ ကုဏာလံ၊ ကုဏာလအမည်ရှိသော။ နံ သကုဏံ၊ ထိုဌက်မင်းကို။ အာဝတပေါ၊ နေပူသည်။ မာပရိယာပေသိ၊ မပူစေသနည်း။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဥပရူပရိ၊ အဆင့်ဆင့်။ ဧခုန္တိ၊ ပျံသွားကုန်၏။

၂၉၆။ ပဋ္ဌသတာ၊ ငါးရာကုန်သော။ ဒီဇကညာယော၊ ငှက်မတို့သည်။ ကုဏာလံ၊ ကုဏာလ အမည်ရှိသော။ နံ သကုဏံ၊ ထိုဌက်မင်းကို။ သီတံ ဝါ၊ အချမ်းသည်လည်းကောင်း။ ဥဏှံ ဝါ၊ အပူသည် လည်းကောင်း၊ တိဏံ ဝါ၊ မြက်သည်လည်းကောင်း။ ရဇော ဝါ၊ မြူသည်လည်းကောင်း။ ဝါတော ဝါ၊ လေသည်လည်းကောင်း။ ဥဿာဝေါပါ၊ ဆီးနှင်းသည် လည်းကောင်း။ မာဥပပဂ္ဃါသိ၊ မထိစေသတည်း။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဥဘတော ပဿေန၊ နံပါးနှစ်ဖက်ဖြင့်။ ဧခုန္တိ၊ ပျံသွားကုန်၏။

၂၉၇။ ပဋ္ဌသတာ၊ ငါးရာကုန်သော။ ဒီဇကညာယော၊ ငှက်မတို့သည်။ ကုဏာလံ၊ ကုဏာလအမည်ရှိသော။ နံသကုဏံ၊ ထို ငှက်မင်းကို။ ဂေါပါလကာဝါ၊ နွားကျောင်းသားတို့သည် လည်းကောင်း။ ပသုပါလကာ ဝါ၊ ဆိတ်ကျောင်းသားတို့သည် လည်းကောင်း။ တိဏဘာရကာ ဝါ၊ မြက်ရှိတ်သော သူတို့သည်လည်းကောင်း။ ကဋ္ဌဟာရကာဝါ၊ ထင်းခွေသော သူတို့သည်လည်းကောင်း။ ဝနကမ္မိကာ ဝါ၊ တောကို လုပ်သော သူတို့သည် လည်းကောင်း။ ကဒ္ဒန ဝါ၊ သစ်သားဖြင့် လည်းကောင်း။ ကဋ္ဌလေန ဝါ၊ အိုးခြမ်းကဲ့ဖြင့်လည်းကောင်း။ ပါဏိနာ ဝါ၊ လက်ဖြင့် လည်းကောင်း။ လေဋ္ဌုနာ ဝါ၊ ခဲဖြင့်လည်းကောင်း။ ဒဏ္ဍေန ဝါ၊ တုတ်လှံတံဖြင့် လည်းကောင်း။ သတ္ထေန ဝါ၊ လက်နက်ဖြင့် လည်းကောင်း၊ သက္ခရုဟိ ဝါ၊ ကျောက်စရစ်တို့ဖြင့် လည်းကောင်း။ ပဟရုံ၊ ပုတ်ခတ်ခြင်းကို။ မာ အဒံသု၊ မပေးစေကုန်သတည်း။

၂၉၈။ ကုဏာလေဝ၊ ကုဏာလအမည်ရှိသော။ အယံ၊ သကုဏော၊ ဤငှက်မင်းသည်။ ဂစ္ဆေဟိ ဝါ၊ ချုံတို့ဖြင့်လည်းကောင်း။ လတာဟိ ဝါ၊ နွယ်တို့ဖြင့်လည်းကောင်း။ ရုက္ခေဟိ ဝါ၊ သစ်ပင်တို့ဖြင့် လည်း

www.dhammadownload.com

ကောင်း။ သဘခါဟိဝါ၊ သစ်ခက်တို့ဖြင့် လည်းကောင်း။ ထမ္မေဟိ ဝါ၊ တိုင်တို့ဖြင့် လည်းကောင်း။ ပါသာဏေဟိ ဝါ၊ ကျောက်တို့ဖြင့် လည်းကောင်း။ ဗလဝန္တေဟိ၊ အားကြီးကုန်သော။ ပက္ခီဟိ ဝါ၊ ငှက်တို့ဖြင့် လည်းကောင်း။ မာသက်မေသိ၊ မထိစေသတည်း။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ပုရတော ပုရတော၊ ရှေ့မှ ရှေ့မှ။ ဒေန္တိ၊ ပို့သွားကုန်၏။

၂၉၉။ ပဠသတာ၊ ငါးရာကုန်သော။ ဒီဇကညာယော၊ ငှက်မတို့သည်။ သကုဏာဟိ၊ ပြေပြစ်ကုန်သော။ သခိလာဟိ၊ ချစ်ဖွယ်ရှိကုန်သော။ မဉ္ဇုဟိ၊ သာယာကုန်သော။ မဓုရာဟိ၊ မျိုသာကုန်သော။ ဝါစာဟိ၊ စကားတို့ဖြင့်။ သမုဒါစရန္တိယော၊ ပြောဟောကုန်လျက်။ ကုဏာလော၊ ကုဏာလ အမည်ရှိသော။ အယံ သကုဏော၊ ဤငှက်မင်းသည်။ အာသနေ၊ နေရာ၌။ မာပရိယုဂ္ဂဏှိ၊ မငြိုးငွေ့စေသတည်း။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ပစ္ဆတော ပစ္ဆတော၊ နောက်မှ နောက်မှ။ ဒေန္တိ၊ ပို့သွားကုန်၏။

၃၀၀။ ပဠသတာ၊ ငါးရာကုန်သော။ ဒီဇကညာယော၊ ဥဩမတို့သည်။ ကုဏာလော၊ ကုဏာလ အမည်ရှိသော။ အယံ သကုဏော၊ ဤငှက် ငှက်မင်းသည်။ ခုဒါယ၊ မွတ်သိပ်ခြင်းဖြင့်။ မာပရိကိလမိတ္ထ၊ မပင်ပန်းစေသတည်း။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဒိသောဒိသံ၊ အရပ်ထက်ဝန်းကျင်။ အနေက ရက္ခံ ဝိဝိဓ ဝိကတိဖလံ၊ များစွာသော သစ်ပင်တို့မှ အထူးထူးသော သစ်သီးကို။ အာဟရန္တိယော၊ ဆောင်ယူကုန်၍။ ဒေန္တိ၊ ပို့သွားကုန်၏။

၃၀၁။ ဘော၊ အို ရဟန်းအဓပါင်းတို့။ အထ၊ ထို့အခါ၌။ ခလု-ဇကန္တေန၊ စင်စစ်သဖြင့်။ တာဒိဇကညာယော၊ ထို ငှက်မတို့သည်။ ကုဏာလံ၊ ကုဏာလ အမည်ရှိသော။ တံ သကုဏံ၊ ထို ငှက်မင်းကို။ အာရာမေနေဝ။ အရုံတစ်ခုမှလျှင်။ အာရာမံ၊ အရုံတစ်ခုသို့။ ဥယျာ-နေနေဝ၊ ဥယျာဉ်တစ်ခုမှလျှင်။ ဥယျာနံ၊ ဥယျာဉ်တစ်ခုသို့။ နဒီတိတ္ထေ-နေဝ၊ မြစ်ဆိပ်တစ်ခုမှလျှင်။ နဒီတိတ္ထံ၊ မြစ်ဆိပ်တစ်ခုသို့။ ပဗ္ဘတသိ-ခရေနေဝ၊ တောင်ထွဋ်တစ်ခုမှလျှင်။ ပဗ္ဘတသိခရံ၊ တောင်ထွဋ်တစ်ခုသို့။ အမ္ဗဝနေနေဝ၊ သရက်တော တစ်ခုမှလျှင်။ အမ္ဗဝနံ၊ သရက်ဟောတစ်ခုသို့။ ဇမ္ဗုဝနေ နေဝ၊ သပြေတော တစ်ခုမှလျှင်။ ဇမ္ဗုဝနံ၊ သပြေတော တစ်ခုသို့။ လဗုဇဝနေ နေဝ၊ တောင်ပိန္နဲတော တစ်ခုမှလျှင်။ လဗုဇဝနံ၊

www.dhammadownload.com

တောင်ပိန္နဲတော တစ်ခုသို့။ နာဠိကေရ သဠာရိယေနေဝ၊ အုန်းတော တစ်ခုမှလျှင်။ နာဠိကေရ သဠာရိယံ၊ အုန်းတောတစ်ခုသို့။ ခိပ္ပမေဝ၊ လျင်စွာလျှင်။ ရတိတ္ထာယ၊ ကာမဂုဏ်၌ မေ့.လျော့စိမ့် သောဌ့ာ။ အဘိသမ္ဘောန္တိ၊ ရောက်စေကုန်၏။

၃၀၂။ သော၊ အို....ရဟန်းအပေါင်းတို့။ အထ၊ ထိုအခါ၌။ ခလု-ကေန္တေန၊ စင်စစ်သဖြင့်။ ကုဏာလော၊ ကုဏာလအမည်ရှိသော။ သကုဏော၊ ငှက်မင်းသည်။ တာဟိဒိဇ ကညာဟိ၊ ထို သုံးထောင်ငါးရာ ကုန်သော ငှက်မတို့ဖြင့်။ ဒိဝသံ၊ တစ်နေ့ပတ်လုံး။ ပရိဗ္ဗာဇေဒ္ဓော၊ ထက်ဝန်းကျင် ခြံရုံအပ်သည် ဖြစ်၍။ ဝသလိယော၊ ယုတ်မာကုန်သော။ စောရိယော၊ ခိုးသူနှင့်တူကုန်သော။ ဓုတ္တိယော၊ များသော မာယာရှိကုန်သော။ အသတိယော၊ ပျက်သော သတိရှိကုန်သော။ လဟုစိတ္တာယော၊ မတည်ကြည်သည်ဖြစ်၍ လျင်သော စိတ်ရှိကုန်သော။ ကတဃ၊ ပြုအပ်သော ကျေးဇူးကို။ အပဋိကာရိယော၊ ပြုတုံ့ မပြုတတ်ကုန်သော။ အနိလော ဝိယ၊ လေကဲ့သို့။ ယေန၊ အကြင်အရပ်၌။ ကာမံ၊ အလိုသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအရပ်သို့။ ဂမာယော၊ သွားတတ်ကုန်သော။ တုမှေဝ၊ သင်တို့သည်သာလျှင်။ နာဿထ၊ ပျက်ကြလေကုန်။ ဝသလိ-ယော၊ ယုတ်မာကုန်သော။ တုမှေဝ၊ သင်တို့သည်သာလျှင်။ ဝိနာဿထ၊ ပျက်လေကုန်။ ဣတိဧဝံ၊ ဤသို့။ အပသာဒေတိ၊ ခြိမ်းမောင်း၏။

ဤသို့သောစကားကို မိန့်တော်မူပြီး၍ "ရဟန်းတို့....ဤသို့လျှင် ငါဘုရားသည် တိရစ္ဆာန်မျိုး၌ ဖြစ်သော်လည်း မိန်းမတို့၏ သူ့ကျေးဇူးကို မသိတတ်သော အဖြစ်ကိုလည်းကောင်း၊ မာယာများသောအဖြစ်ကို လည်းကောင်း၊ အကျင့်မကောင်းသောအဖြစ်ကို လည်းကောင်း၊ သီလမရှိသော အဖြစ်ကိုလည်းကောင်း သိတော်မူ၏၊ ထိုအခါ၌လည်း ငါဘုရားသည် ထို မိန်းမတို့၏ အလိုသို့မလိုက်မူ၍ ထို မိန်းမတို့ကိုသာလျှင် ငါ၏ အလိုသို့ လိုက်စေ၏"ဟု မိန့်တော်မူ၍ ဤဂါထာတို့ဖြင့် ထို ရဟန်းတို့၏ မမေ့.လျော့ခြင်းကို ပယ်ဖျောက်တော်မူ၍ ဆိတ်ဆိတ်နေတော်မူ၏။

ဖုဿဥဿမင်း

ထိုဓာတ်၌ မည်းသော ဥဿမနှစ်ခုတို့သည် မိမိတို့လင်ကို လှုံ့တံဖြင့် ချို၍ အောက်အဖို့ အစရှိသည်တို့၌ လေးခု လေးခုကုန်သော ဥဿမတို့သည်

www.dhammadownload.com

ဖြစ်ကုန်၍ ထိုအရပ်သို့ လာလတ်ကုန်၏။ ထို ရဟန်းတို့သည် ထို ဌက်မတို့ကိုလည်း မြင်ကုန်၍ သပ္ပဉ္ညု ဘုရားသခင်ကို မေးလျှောက်ကြကုန်၏။ သပ္ပဉ္ညုမြတ်စွာဘုရားသည် "ရဟန်းတို့....ရှေးဦး ငါ၏ အဆွေခင်ပွန်းဖြစ်သော ပုဏ္ဏမုခ အမည်ရှိသော ဖုဿဉ္ဇသည် ရှိ၏။ ဤ အနုဇ်သည် ထို ပုဏ္ဏမုခ ဉဿ၏ အနုဇ်တည်း" ဟု မိန့်တော်မူ၍ ရှေးနည်းဖြင့်လျှင် ထိုရဟန်းတို့သည် မေးလျှောက်အပ်သည်ဖြစ်၍ ဖြေဆိုတော်မူလိုရကား—

၃၀၃။ တဿေဝ ခလု ဘောဟိမဝတော ပဗ္ဗတရာဇဿ၊
ပုရတ္ထိမေ ဒိသာဘာဂေ။
သုသုခုမ သုနိပုဏာ၊ ဂိရိပပဘဝါ ဟရိတူပယန္တိယော—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၃၀၃။ ဘော၊ အို....ရဟန်းအပေါင်းတို့။ တဿေဝ ဟိမဝတော-ပဗ္ဗတရာဇဿ၊ ထို ဟိမဝန္တာတောင်မင်း၏လျှင်။ ပုရတ္ထိမေ ဒိသာဘာဂေ၊ အရှေ့အရပ် မျက်နှာအဖို၌။ သုသုခုမ သုနိပုဏာ၊ အလွန်သိမ်မွေ့သော ကြည်လင်သော ရေရှိကုန်သော့။ ဂိရိပပဘဝါ၊ တောင်မှစီးကုန်သော။ ဟရိတူပယန္တိယော၊ စိမ်းသောမြက်နှင့် ရောသော ရေအလျဉ်ရှိသော မြစ်တို့သည်။ သန္ဒန္တိ၊ စီးကုန်၏။

ယခုအခါ၌ အကြင်ကုဏ္ဍာလအိုင်ကို လည်၍ သွားကုန်သော မြစ်တို့ကို ချီးမွမ်းတော်မူပြီး၍ ထို ကုဏ္ဍာလအိုင်၌ ရောက်ကုန်သော ပန်းတို့ကို ချီးမွမ်းတော် မူလိုရကား—

၃၀၄။ ဥပ္ပလ ပဒုမ ကုမုဒ နဠိန၊
သတပတ္တ သောဂန္ဓိက မန္ဒာလက။
သမ္ပတိဝိရူဠှ သုစိဂန္ဓ မနုညမာဝကပဒေသေ....

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၃၀၄။ ဘော၊ အို....ရဟန်းအပေါင်းတို့။ သမ္ပတိဝိရူဠှ သုစိဂန္ဓ မနုညမာဝကပဒေသေ၊ ကောင်းစွာရောက်ကုန်သော စင်ကြယ်သောအနံ့တို့ဖြင့် နှလုံးကို ဖွဲ့တတ်သောအရပ်နှင့် ပြည့်စုံသောအိုင်၌။ ဥပ္ပလ ပဒုမ

www.dhammadownload.com

နဋ္ဌိန၊ ကြာညို့, ပဒုမ္မာကြာနီ, ကုမုဒြာကြာ, ပဒုမ္မာကြာဖြူ။သည် လည်းကောင်း။ သတ္တာပတ္တာသောဂန္ဓိက မန္ဒာလက၊ သတပတ်ကြာ ကြသိမ် ကြာခေါင်းလောင်းသည် လဲည်းကောင်း။ သမ္မတိ၊ ပဉ္စင့်။

ထိုကုဏာလအိုင်၌ ရောက်ကုန်သော အထူးထူးသော ကြာပန်းမျိုး တို့ကို ချီးမွမ်းတော်မူပြီး၍ ယခုအခါ ထိုကုဏာလအိုင်၏ ထက်ဝန်းကျင်၌ ရောက်ကုန်သော သစ်ပင်အစရှိသည်တို့ကို ချီးမွမ်းခြင်းနှင့်တကွ ဖုံသည်ညြ၏ စည်းစိမ်အခြံအရံ အခြင်းအရေတို့ကို ပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်....

၉၀၅။ ကုရဝက မုစလိန္ဒကေတက ဝေဒိသ ဝဇ္ဇုလ၊
ပုန္နာဂ ဗကုလ တိလက ပိယက အသန။
သာလ သလဋ္ဌစမ္ပက အသောက နာဂရုက္ခ။
တိရီဋိဘုဇပတ္တ လောဒ္ဓ စန္ဒနောဃဝနေ ။လ။

၄၃၀။ အထ ခလု ဘော ကုဏာလေ့ာ သကုဏော၊
တံ ပဏ္ဍမုခံ ဖုဿကောကိလံ ပက္ခေဟိ မုခတုဏ္ဍကေန စ
ပရိဂ္ဂဟေတွာ။ စုဒ္ဒာပေတွာ နာနာဘေ့သဇ္ဇာနိ ပါယာ-
ပေသိ၊
အထ ခလု ဘော ပဏ္ဍမုခဿ ဖုဿ ကောကိလဿ သော
အာဗာဓော ပဋိပ္ပဿမ္ဘိ။

ဟူသော ဤနှစ်ဆယ့်ခြောက်ဂါထာတို့ကို ဟောတော်မူ၏။

သစ်ပင်မျိုးစုံ

၃၀၅။ ကုရဝက၊ ကုရဝကမည်သော သစ်ပင်။ မုစလိန္ဒ၊ ကျည်းပင်။ ကေတက၊ ဆတ်သွားပင်။ ဝေဒိသ၊ ဝေဒိသမည်သော သစ်ပင်။ ဝဇ္ဇုလ၊ ရင်းရဲပင်။ ပုန္နာဂ၊ ပုန်းညက်ပင်။ ဗကုလ၊ ချယ်ပင်။ တိလက၊ ပြည့်စင်ပင်။ ပိယက၊ မအူပင်။ အသန၊ ပိတောက်ပင်။ သလဋ္ဌ၊ ထင်းရှူးပင်။ စမ္ပက၊ စကားပင်။ အသောက၊ ပန်းသုဉ်းပင်။ နာဂရုက္ခ၊ ကံကော်ပင်။ တိရီဋိ၊ တိရီဋိ အမည်ရှိသော သစ်ပင်။ ဘုဇပတ္တ၊ ဘုဇပတ်ပင်။ လောဒ္ဓ၊ တောက်ရပ်ပင်။ စန္ဒနောဃဝနေ၊ စန္ဒကူးနီပင် အပေါင်းဟူသော တောရှိထသော။

www.dhammadownload.com

၃၀၆။ ကာဠဂဂရ၊ ကြဇုပင်။ ပဒ္မက၊ ကြက်ခြေမာက်ပင်။ ပိယင်္ဂု၊ ဥပါသကာပင်။ ဒေဝဒါရုကာ၊ နတ်သစ်ပင်။ စောစဂဟနေ၊ ဌက်ပျော တောလည်း ရှိထသော။ ကကုဓ၊ ရေခဲတက်ပင်။ ကုဋ္ဌဇ၊ လက်ထုပ်ကြီး ပင်။ အကော်ဝလ၊ မှန်ကူပင်။ ကစ္ဆိကာရု၊ စွန်လက်သည်းပင်။ ကဏိကာရ၊ မဟာလှေကားပင်။ ကဏ္ဍိကာရု၊ ကုလားဇလပ်ပင်။ ကောရဏ္ဍကာ၊ လိပ် ဆူးညှိပင်။ ကောဝိဠာရ၊ ပင်လယ်ကသစ်ပင်။ ကိံသုက၊ ပေါက်ပင်။ ယောဓိက၊ စမွယ်ပင်။ ဝနမလ္လိက၊ တောကြက်ရုံးပင်။ အနင်္ဂဏာ၊ အနင်္ဂဏဲ့ အမည်ရှိသော သစ်ပင်။ အနင်္ဂဏ၌၊ အနင်္ဂဏမည်သော သစ်ပင်။ ဘဏ္ဍို၊ ဇီဇဝါပင်။ သုရုစိရ ဘဂိနီမာလ မာလျဓရော၊ အလှန်နှစ်သက်ဖွယ် ရှိသော ဘဂိနီမည်သော ပန်းကိုလည်း ဆောင်ထသော။

၃၀၇။ ဇာတိသုမန၊ မြတ်လေး။ မဓုကန္တိက၊ သင်းခွေ။ ဓနု၊ ဆူးကျင်္။ တက္ကာရီ၊ ရာသကျဉ်း။ တာလိသ၊ ပစ္စည်းပင်။ တဂရ၊ တောင်ဇလပ်။ မှသိရ၊ ပန်းရင်း။ ကောဋ္ဌ ကစ္ဆ ဝိဘဒတ၊ ပန်းချုံတို့ဖြင့်တင့်တယ်ထသော။ အဓိမုတ္တက သံကုသုဓိတ လုတာ ဝိတတ ပဋိမဏ္ဍိတပဟဒေသော၊ အပင့်ကိုဆောင်သော အထူးထူးသော ပန်းနွယ်တို့ဖြင့် တန်ဆာ ဆင်အပ်သော အရပ်လည်း ရှိထသော။

ငှက်မျိုးစုံ

၃၀၈။ ဟံသ၊ ဟသ်ာ။ ပိလဝ၊ ငှက်ဘီလူး။ ကာဒမ္ဗ၊ ဒီးဒုတ်။ ကာရဏ္ဍဝါ ဘိနာဒိတေ၊ ဝမ်းဘဲ ဟသ်ာတို့၏ အလှန် တွန်မြူးရာလည်း ဖြစ်ထသော။ ဝိဇ္ဇာဓရ သိဒ္ဓိသမဏ တာပသဂဏာဓိဝုဒတ္တာ၊ ဝိဇ္ဇာဓိုရ် အတတ်ဖြင့် ပြီးသောသူ ရဟန်းရသေ့ အပေါင်းတို့၏ နေရာလည်း ဖြစ်ထသော။ ဝရဒဝ ရက္ခသဒနဝ ဂန္ဓဗ္ဗကိန္နရ မဟောရဂါ နုံစိဏ္ဏပဟဒေသော၊ မြတ်ကုန်သောနတ် ရက္ခိုသ် ဒါနောဘီလူး ဂန္ဓဗ္ဗနတ် ကိန္နရာ နဂါးတို့၏ မပြတ်ကျင်လည်ရာ အရပ်လည်း ဖြစ်ထသော။

၃၀၉။ ဓဝရူပေ၊ ဤသို့သဘောရှိသော။ ရမ္မေ၊ မွေ့လျော်ဖွယ် ရှိသော။ ဝနသဏ္ဍေ၊ တောအုပ်၌။ ဘော၊ အို....ရဟန်းအပေါင်းတို့။ ခလု-ကေဇ္ဇန်၊ စင်စစ်သဖြင့်။ အတိဝိယ မဓုရဂိရော၊ အလှန် သာယာသော အသံရှိသော။ ပဝိသာသိတ နု ယန မတ္တကော၊ တင့်တယ်စံပယ်သောမျက်စိ သုရာယစ်သောသူကဲ့သို့ နီသောမျက်စိရှိသော။ ပုဏ္ဏမုခေါ

www.dhammadownload.com

နာမ၊ ပုဏ္ဏမုခအမည်ရှိသော။ ဖုဿ ကောကိလော၊ ဖုဿဥဿြသည်။ ပဋိဝသတိ၊ နေ၏။

ငှက်မတို့ လုပ်ကျေးကြပုံ

၃၁၀။ ဘော၊ အို....ရဟန်းအပေါင်းတို့။ ခလု-ဧကန္တေန၊ စင်စစ်သဖြင့်။ ပုဏ္ဏမုခဿ၊ ပုဏ္ဏမုခအမည်ရှိသော။ တသော ဖုဿ ကောကိလဿ၊ ထိုဖုဿဥဿြမင်း၏လျှင်။ ပရိစာရိကာ။ အလုပ်အကျေး ဖြစ်ကုန်သော။ ဒီဃကညာယော၊ ငှက်မဖြစ်ကုန်သော။ အဓုနုပုဂ္ဂတ္ထိသဘာနို၊ သုံးရာ့ငါးဆယ်ကုန်သော မိန်းမတို့သည်။ ဟောန္တို၊ ဖြစ်ကုန်၏။

၃၁၁။ ဘော၊ အိုရဟန်းအပေါင်းတို့။ အထ၊ ထိုအခါ၌။ ခလု-ဧကန္တေန၊ စင်စစ်သဖြင့်။ ဒ္ဒ၊ နှစ်ခုကုန်သော။ ဒီဃကညာယော၊ ငှက်မတို့သည်။ ကဠံ၊ သစ်သားလှံတံကို။ မုခေန၊ နှုတ်သီးဖြင့်။ ဥသိတ္ဝာ၊ ကိုက်၍။ ပုဏ္ဏမုခံ၊ ပုဏ္ဏမုခ အမည်ရှိသော။ တံ ဖုဿ ကောကိလံ၊ ထိုဖုဿဥဿြမင်းကို။ မင်္ဂဲ၊ အလယ်၌။ နိသိဒါပေတ္ဝာ၊ နေစေ၍။ မုဏ္ဏမုခံ၊ ပုဏ္ဏမုခ အမည်ရှိသော။ နံဖုဿ ကောကိလံ၊ ထိုဖုဿဥဿြကို။ အဒ္ဓါန ပရိ-ယာယ ပဇထ၊ အစဉ်နှင့်ရှည်သော ခရီးကို သွားခြင်း၌။ ကိလမထော၊ ပင်ပန်းခြင်းသည်။ မာဥပ္ပါဒေထ၊ မဖြစ်စေသတည်း။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဥဠန္တိ၊ ပျံသွားကုန်၏။

၃၁၂။ ပညာသ ဒီဃ ကညာယော၊ ငါးဆယ်ကုန်သော ငှက်မတို့သည်။ ပုဏ္ဏမုခါ၊ ပုဏ္ဏမုခမည်သော။ အယံ ဖုဿကောကိလော၊ ဤဖုဿဥဿြသည်။ အာသနာ၊ နေရာမှ၊ သစေ ပရိပတိဿတိ၊ အကယ်၍လျှောကျခြင်းအံ့။ မယံ၊ ငါတို့သည်။ တံ၊ ထိုပုဏ္ဏမုခဥဿြမင်းကို။ပက္ခေဟိ၊ အတောင်တို့ဖြင့်။ ပဋိဂ္ဂဟေဿာမ၊ ခံကုန်အံ့။ ဣတိ၊ ဤသို့ နှလုံးသွင်းကုန်၍။ ဟေဋ္ဌတော ဟေဋ္ဌတော၊ အောက်မှ အောက်မှ၊ ဥဠန္တိ၊ ပျံသွားကုန်၏။

၃၁၃။ ပညာသ ဒီဃ ကညာယော၊ ငါးဆယ်ကုန်သော ငှက်မတို့သည်။ ပုဏ္ဏမုခံ၊ ပုဏ္ဏမုခ အမည်ရှိသော။ နံ ဖုဿကောကိလံ၊ ထိုဖုဿဥဿြမင်းကို။ အာတပေါ၊ နေပူသည်။ မာ ဟဝိတာဝပသိ၊ မပူစေသတည်း။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ဥပရူပရိ၊ အဆင့်ဆင့်။ ဥဠန္တိ၊ ပျံသွားကုန်၏။

www.dhammadownload.com

၃၁၄။ ပညာသ ဒိဇ ကညေ့ယော၊ ငါးဆယ်ကုန်သော ဌက်မတို့သည်။ ပုဏ္ဏမုခံ၊ ပုဏ္ဏမုခအမည်ရှိသော။ ဖုဿကောကိလံ၊ ဖုဿဥဩမင်းကို။ သီတံဝါ၊ အချမ်းသည် လည်းကောင်း။ ဥဏှံ ဝါ၊ အပူသည် လဲည်းကောင်း။ တိဏံ ဝါ၊ မြက်သည် လည်းကောင်း။ ရဇော ဝါ၊ မြူသည် လည်းကောင်း။ ဝါတော ဝါ၊ လေသည် လည်းကောင်း။ ဥဿာဝေါ ဝါ၊ ဆီးနှင်းပေါက်သည် လည်းကောင်း။ မာဥပဗ္ဗုသိ၊ မထိစေသတည်း။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ဥဘဒတာပသော၊ နံပါးနှစ်ဖက်၌။ ဒေန္တိ၊ ပံ့သွားကုန်၏။

၃၁၅။ ပညာသ ဒိဇ ကညာယော၊ ငါးဆယ်ကုန်သော ဌက်မတို့သည်။ ပုဏ္ဏမုခံ၊ ပုဏ္ဏမုခ အမည်ရှိသော။ နံ ဖုဿကောကိလံ၊ ထို ဖုဿဥဩမင်းကို။ ဂေါပါလကာဝါ၊ နွားကျောင်းသားတို့သည်လည်းကောင်း။ ပသုပါလကာဝါ၊ ဆိတ်ကျောင်းသားတို့သည် လည်းကောင်း။ တိဏဟာရကာဝါ၊ မြက်ရိတ်သောသူတို့သည် လည်းကောင်း။ ကဋ္ဌဟာရကာ ဝါ၊ ထင်းခွဲသောသူတို့သည် လည်း ကောင်း။ ဝနကမ္မိကာ ဝါ၊ တောလုပ်သောသူတို့သည် လည်းကောင်း။ ကဋ္ဌေန ဝါ၊ သစ်သားဖြင့် လည်းကောင်း။ ကဋ္ဌလာယ ဝါ၊ အိုးခြမ်းကွဲဖြင့် လည်းကောင်း။ ပါဏီနာ ဝါ၊ လက်ဖြင့် လည်းကောင်း။ လေဋ္ဌနာ ဝါ၊ ခဲဖြင့် လည်းကောင်း။ ဒဏ္ဍေန ဝါ၊ တုတ် လုံတံဖြင့် လည်းကောင်း။ သတ္ထေန ဝါ၊ လက်နက်ဖြင့်လည်းကောင်း။ သက္ခရာဟိ ဝါ၊ ကျောက်ဆစ်တို့ဖြင့် လည်းကောင်း။ ပဟာရံ၊ ပုတ်ခတ်ခြင်းကို။ မာ အာဒံသု၊ မပေးခစကုန်သတည်း။

၃၁၆။ ပုဏ္ဏမုခေါ၊ ပုဏ္ဏမုခ အမည်ရှိသော။ အယံ ဖုဿ ကောကိလော၊ ဤ ဖုဿဥဩမင်းသည်။ ဂစ္ဆေဟိ ဝါ၊ ချုံတို့ဖြင့် လည်းကောင်း။ လတာဟိ ဝါ၊ နွယ်တို့ဖြင့် လည်းကောင်း။ ရုက္ခေဟိ ဝါ၊ သစ်ပင်တို့ဖြင့် လည်းကောင်း။ သာခါဟိ ဝါ၊ သစ်ခက်တို့ဖြင့် လည်းကောင်း။ ထမ္ဘေဟိ ဝါ၊ တိုင်တို့ဖြင့် လည်းကောင်း။ ပါသာဏေဟိ ဝါ၊ ကျောက်တို့ဖြင့် လည်းကောင်း။ ဗလဇန္တေဟိ၊ အားကြီးကုန်သော။ ပက္ခီဟိ ဝါ၊ ဌက်တို့ဖြင့် လည်းကောင်း။ မာ သက်မေသိ၊ မထိစေသဘည်း။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ပုရတော ပုရတော၊ ရှေ့မှ ရှေ့မှ။ ဒေန္တိ၊ ပံ့သွားကုန်၏။

www.dhammadownload.com

၃၁၇။ ပညာသ ဒိဇ ကညာယော၊ ငါးဆယ်ကုန်သော ဌက်မတို့ သည်။ သကုဟိ၊ ပြေပြစ်ကုန်သော။ သခိလာဟိ၊ ချစ်ဖွယ်ကုန်သော။ မဉ္ဇုဟိ၊ သာယာကုန်သော။ မဓုရာဟိ၊ ချိုသာကုန်သော။ ဝါစာဟိ၊ စကားတို့ဖြင့်။ သမုဒါစရန္တိယော၊ ပြောဟောကုန်လျက်။ ပုဏ္ဏမုခါ၊ ပုဏ္ဏမုခ အမည်ရှိ၏သော။ အယံ ဖုဿကောကိလော၊ ဤ ဖုဿ ဥဩမင်း သည်။ အာသနေ၊ နေရာ၌။ မာ ပရိယုဋ္ဌာဟိ၊ မငြိုးငွေ့စေသတည်း။ ဣတိ၊ ဤသို့ နှလုံးသွင်းကုန်၍။ ပစ္ဆတော ပစ္ဆတော၊ နောက်မှ နောက်မှ။ ဥဒ္ဓန်တိ၊ ပံ့သွားကုန်၏။

၃၁၈။ ပညာသ ဒိဇ ကညာယော၊ ငါးဆယ်ကုန်သော ဌက်မတို့ သည်။ ပုဏ္ဏမုခါ၊ ပုဏ္ဏမုခ အမည်ရှိသော။ အယံ ဖုဿကောကိလော၊ ဤ ဖုဿဥဩမင်းသည်။ ခုဒါယ၊ မွတ်သိပ်ခြင်းဖြင့်။ မာပရိကိလမိတ္ထ၊ မပင်ပန်းစေသတည်း။ ဣတိ၊ ဤသို့ နှလုံးသွင်းကုန်၏။ ဒိသော့ဒိသံ၊ အရပ်ထက်ဝန်းကျင်မှ။ အနေက ရုက္ခ ဝိဝိဓ ဝိကတိဖလံ၊ မျိုးစုံသော သစ်ပင်တို့မှ အထူးထူး အပြားပြား ထူးဆန်းသော သစ်သီးကို။ အာဟ-ရန္တိယော၊ ဆောင်ယူကုန်လျက်။ ဥဒ္ဓန်တိ၊ ပံ့သွားကုန်၏။

၃၁၉။ ဘော၊ အို ရဟန်းအပေါင်းတို့။ အထ၊ ထိုအခါ၌။ ခလု-ဇကန္တေန၊ စင်စစ်သဖြင့်။တာ ဒိဇ ကညာယော၊ ထိုဌက်မတို့သည်။ ပုဏ္ဏမုခံ၊ ပုဏ္ဏမုခအမည်ရှိသော။ တံ ဖုဿကောကိလံ၊ ထိုဖုဿဥဩမင်းကို။ အာရာမေ နေဝ၊ အရန်တစ်ခုမှလျှင်။ အာရာမံ၊ အရန်တစ်ခုသို့။ ဥယျာနေနေဝ၊ ဥယျာဉ်တစ်ခုမှလျှင်။ ဥယျာနံ၊ ဥယျာဉ်တစ်ခုသို့။ နဒီတီရေဇ္ဈနေဝ၊ မြစ်ဆိပ်တစ်ခုမှလျှင်။ နဒီတိတ္ထံ၊ မြစ်ဆိပ် တစ်ခုသို့။ ပဗ္ဗတ သိခရေနေဝ၊ တောင်ထွတ် တစ်ခုမှသာလျှင်။ ပဗ္ဗတသိခရံ၊ တောင်ထွတ်တစ်ခုသို့။ သမ္မ-ဝနေနေဝ၊ သရက်တော တစ်ခုမှလျှင်။ အမ္မဝနံ၊ သရက်တောတစ်ခုသို့။ ဇမ္မုဝနေနေဝ၊ သပြေတော တစ်ခုမှလျှင်။ ဇမ္မုဝနံ၊သပြေတောတစ်ခုသို့။ လဗုဇဝနေနေဝ၊ တောင်ပိန္နဲတော တစ်ခုမှလျှင်။ လဗုဇဝနံ၊ တောင်ပိန္နဲတောတစ်ခုသို့။ နာဠိကေရ သဇ္ဇာရယေနေဝ၊ အုန်းတော တစ်ခုမှလျှင်။ နာဠိကေရ သဇ္ဇာရိယံ၊ အုန်းတောတစ်ခုသို့။ ခိပ္ပမေဝ၊ လျင်စွာလျှင်။ ရတိတ္ထာယ၊ ကာမဂုဏ်၌ မွေ့လျော်စိမ့်သောငှာ။ အာဘိသမ္ဘာဒ္ဓိ၊ ရောက်စေကုန်၏။

www.dhammadownload.com

၃၂၀။ ဘော၊ အိုရဟန်းအပေါင်းတို့။ အထ၊ ထိုအခါ၌။ ခလုကေန္တေန၊ စင်စစ်သဖြင့်။ ပုဏ္ဏမုခေါ၊ ပုဏ္ဏမုခမည်သော။ ဖုဿကောကိလော၊ ဖုဿ ဥဩမင်းသည်။ တာဟိ ဒိဇ ကညာဟိ၊ ထိုဌက်မအခပေါင်းတို့ဖြင့်။ ဒိဝသံ၊ နေ့တ်လုံး။ ပရိဗျူဠေဉော၊ ထက်ဝန်းကျင် ခြံရုံအပ်သည် ဖြစ်၍။ ဘဂိနိယော၊ နှမတို့။ သာဓု သာဓု၊ ကောင်းစွ ကောင်းစွ။ တုမှေ၊ သင်တို့သည်။ ဘတ္တာရံ၊ လင်ကို။ ယံပရိစရေယျာထ၊ အကြင် လုပ်ကျေးကုန်၏။ ဧတံ၊ ဤသို့ လုပ်ကျေးခြင်းသည်။ ကုလဓီတာနံ၊ အမျိုး ကောင်းသမီး ဖြစ်ကုန်သော။ တုမှာကံ့၊ သင်တို့အား။ ပတိရူပံ၊ လျောက်ပတ်ပေ၏။ ဧဝံ၊ ဤသို့။ ပသံသတိ၊ ချီးမွမ်း၏။

ကုဏ္ဍာလဌက်မင်းထံသွားခြင်း

၃၂၁။ ဘော၊ အိုရဟန်းအပေါင်းတို့။ အထ၊ ထိုအခါ၌။ ခလုကေန္တေန၊ စင်စစ်သဖြင့်။ ပုဏ္ဏမုခေါ၊ ပုဏ္ဏမုခ အမည်ရှိသော။ ဖုဿ ကောကိလော၊ ဖုဿ ဥဩမင်းသည်။ ယေန၊ အကြင်အရပ်၌။ ကုဏ္ဍာလော၊ ကုဏ္ဍာလ အမည်ရှိသော။ သကုဏော၊ ငှက်မင်းသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ကုဏ္ဍာလဿ၊ကုဏ္ဍာလ အမည်ရှိသော။ သကုဏဿ၊ ငှက်မင်း၏။ ပါရိစာရိကာ၊ အလုပ်အကျေး ဖြစ်ကုန်သော။ ဒိဇကညာယော၊ ငှက်မတို့သည်။ ပုဏ္ဏမုခံ၊ ပုဏ္ဏမုခ မည်သော။ တံ ဖုဿ ကောကိလံ၊ ထိုဖုဿ ဥဩမင်းကို။ ဒူရတောဝ၊ အဝေးမှလျင်။ အာဂစ္ဆန္တံ၊ လာလတ်သည်ကို။ အဒ္ဒသံသုခေါ၊ မြင်ကုန်သလျင် ကတည်း။ ဒိသွာန၊ မြင်ကုန်ပြီး၍။ ယေန၊ အကြင်အရပ်၌။ ပုဏ္ဏမုခေါ၊ ပုဏ္ဏမုခ အမည်ရှိသော။ ဖုဿ ကောကိလော၊ ဖုဿ ဥဩသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိသု၊ ကပ်ကုန်၏။ ဥပသင်္ကမိတ္ဝာ၊ ကပ်ကုန်ပြီး၍။ ပုဏ္ဏမုခံ၊ ပုဏ္ဏမုခ အမည်ရှိသော။ တံ ဖုဿ ကောကိလံ၊ ထို ဖုဿဥဩကို။ တေံဝစနံ၊ ဤစကားကို။ အဒေဝါစုံ၊ ဆိုကုန်၏။

၃၂၂။ သမ္မ ပုဏ္ဏမုခ၊ အမောင် ပုဏ္ဏမုခ။ ကုဏ္ဍာလော၊ ကုဏ္ဍာလ အမည်ရှိသော။ အယံ သကုဏော၊ ဤငှက်မင်းသည်။ အတိဝိယ ဖရုသော၊ အလွန်ကြမ်းကြုတ်သည်၏။ အတိဝိယ ဖရုသဝါစော၊ အလွန်ကြမ်းကြုတ်သော စကားရှိ၏။ တုဝံပိ၊ သင့်ကိုလည်း။ အာဂမ၊ စွဲ၍။ ပိယဝါစံ၊ ချစ်ဖွယ်သော စကားကို။ မယံ၊ ငါတို့သည်၊ အပ္ပဝ နာမ လဘေယျာမ၊ ရပါကုန်ငြားအံ့လည်း မသိ။ ဣတိ၊ ဤသို့။ အဒေဝါစုံ၊ ဆိုကုန်၏။

www.dhammadownload.com

၃၂၃။ ဘဂိနိယော၊ နှမတို့။ တုမ္မေ၊ သင်တို့သည်။ အပ္ပေဝ နာမ-လဘေယျာမ၊ ရပါကုန်ငြားအံ့လည်း မသိ။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ယေန၊ အကြင်အရပ်၌။ ကုဏာလော၊ ကုဏာလ အမည်ရှိသော။ သကုဏော၊ ငှက်မင်းသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအရပ်၌။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတ္ဝာ၊ ကပ်လေပြီး၍။ ကုဏာလေန၊ ကုဏာလ အမည်ရှိသော။ သကုဏေန၊ ငှက်မင်းနှင့်။ သဒ္ဓိံ၊ တကွ။ ပဋိသမ္မောဒိတ္ဝာ၊ နှစ်သက်ဝမ်းသာ ပြောဟော၍။ ဧကမန္တံ၊ တင့်အပ်သော အရပ်၌။ နိသိဒိ၊ နေ၏။ ဧကမန္တံ၊ တင့်အပ်သောအရပ်၌။ နိသိန္နော၊ နေပြီးသော။ ပုဏ္ဏမုခေါ၊ ပုဏ္ဏမုခ အမည်ရှိသော။ ဖုဿ ကောကိလော၊ ဖုဿ ဥဩသည်။ ကုဏာလံ၊ ကုဏာလ အမည်ရှိသော။ တံ သကုဏံ၊ ထိုငှက်မင်းကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ဆို၏။

မိန်းမကောင်းတွေပါ

၃၂၄။ သမ္မကုဏာလ၊ အဆွေကုဏာလ။ တုံ၊ သင်သည်။ ကိဿ၊ အဘယ့်ကြောင့်။ သုဇာတာနံ၊ တူသော ဇာတ်ရှိကုန်သော။ ကုလဓီတာနံ၊ ဥဩသမီး ဖြစ်ကုန်သော။ ဣတ္ထီနံ၊ မိန်းမတို့ကို။ သမ္မာပဋိပန္နာနံ၊ ကောင်းစွာ ကျင့်ပါကုန်လျက်။ မိစ္ဆာပဋိပန္နောတိ၊ မကောင်းသော အကျင့်ရှိ၏ဟူ၍။ ဝဒသိ၊ ဆိုဘိသနည်း။ သမ္မ ကုဏာလ၊ အဆွေကုဏာလ။ ဟိ-သစ္စံ၊ မှန်၍။ ဣတ္ထီနံ၊ မိန်းမတို့သည်။ အမနာပဘာဏီနံပိ၊ မနှစ်သက်ဖွယ်သော စကားကို ဆိုကုန်သော်လည်း။ မနာပတာဏီနာ၊ နှစ်သက်ဖွယ်သော စကားကို ဆိုကုန်သကဲ့သို့။ ပုရိသေဟိ၊ ယောကျ်ားတို့သည်။ ဘဝိ-တဗ္ဗံ၊ ဖြစ်ရာ၏။ မနာပတာဏီနံ၊ နှစ်သက်ဖွယ်သောစကားကို ဆိုလတ်သော်။ ကိံ မံ ပန၊ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။

မယား၏ကြောက် သွားစမ်း

၃၂၅။ ဧဝံ၊ ဤသို့။ ဝုတ္တော၊ ဆိုလတ်သော်။ ကုဏာလော၊ ကုဏာလမည်ရှိသော။ သကုဏော၊ ငှက်မင်းသည်။ ပုဏ္ဏမုခံ၊ ပုဏ္ဏမုခ အမည်ရှိသော။ တံ ဖုဿ ကောကိလံ၊ ထိုဖုဿဥဩမင်းကို။ ဧဝံ၊ ဤသို့။ အပသာဒေတိ၊ ခြိမ်းမောင်း၏။ ဝသလ၊ ယုတ်မာသော။ သမ္မ၊ အဆွေ၊ တုံ၊ သင်သည်။ နာသာ၊ ပျက်လေလော့။ ဇမ္မ ဝသလ၊ အလွန်ယုတ်မာသော။

www.dhammadownload.com

သမ္မ၊ အဆွေ။ တုံ၊ သင်သည်။ ဝိနဿ၊ ပျက်လေ့လေ့ဉ့်။ ဇာယာဇီနေန၊ မယားနိုင်သော။ တယာ၊ သင်နှင့်။ သဒိသော၊ တူသော။ ဝိယတ္တော၊ လိမ္မာသောသူသည်။ ကောနုအတ္ထိ၊ အတိမ္မာရှိအံ့နည်း။ ဣတိ၊ ဤသို့။ အပသာဒေတိ၊ ခြိမ်းမောင်း၏။ ဧဝံ၊ ဤသို့။ အပသာဒိတော ပန၊ ခြိမ်းမောင်းအပ်သည် ရှိသော်ကာ။ ပုဏ္ဏမုခေါ် ပုဏ္ဏမုခ အမည်ရှိသော။ ဖုဿကောကိလော၊ ဖုဿဉ္ဇြသည်။ တတောယေဝ၊ ထိုအရပ်မှလျှင်။ ပဋိဝတ္တိ၊ ပြန်လေ၏။

ဖုဿဉ္ဇြ မက္ခန်းမာ

၃၂၆။ ဘော၊ အိုရဟန်းအပေါင်းတို့။ အထ၊ ထိုအခါ၌။ ခလု-ကေန္တေန၊ စင်စစ်သဖြင့်။ ပုဏ္ဏမုခ၊ ပုဏ္ဏမုခ အမည်ရှိသော။ ဖုဿကောကိလဿ၊ ဖုဿဉ္ဇြအား။ အပရေန သမယေန၊နောက်အခါ၌။ နစိရဿေဝ၊ မကြာမြင့်သော ကာလ၏လျှင်။ အစ္ဆယေန၊ လွန်သဖြင့်။ ခရော၊ပြင်းစွာသော။ အာဗာဓေခ၊ အနာသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။လောဟိတ ပက္ခန္ဒိကာ၊ ဝမ်းသွေးကျကုန်သော။ မာရဏန္တိကာ၊ သေခါနီးကုန်သော။ ဗာဠှာ၊ ပြင်းစွာကုန်သော။ ဝေဒနာ၊ ဒုက္ခဝေဒနာတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။

မယားတို့ ကုဏာလထံ လာကြ

၃၂၇။ ဘော၊ အို ရဟန်းအပေါင်းတို့။ အထ၊ ထိုအခါ၌။ ခလု၊ စင်စစ်။ ပုဏ္ဏမုခဿ၊ ပုဏ္ဏမုခအမည်ရှိသော။ ဖုဿ ကောကိလဿ၊ ဖုဿ ဥဿ၏။ ပရိစာရိကာနံ၊ အလုပ်အကျွေးဖြစ်ကုန်သော။ ဒီဃကညာနံ၊ ဌက်မတို့အား။ ဧဝံ၊ ဤသို့သော အကြံသည်။ အဟောသိ၊ ဖြစ်၏။ ပုဏ္ဏမုခေါ၊ ပုဏ္ဏမုခအမည်ရှိသော။ အယံဖုဿကောကိလော၊ ဤဖုဿဥဿသည်။ အာဗာဓိကော ခေါ၊ အနာဖြင့် နှိပ်စက်အပ်လျှင်ကတည်း။ ဤမမှာ အာဗာဓော၊ ဤအနာမှ။ အပ္ပေဝ နာမ ဝုဋ္ဌဟေယျ၊ ထမြောက် နိုင်ငြားအံ့လည်း မသိ။ ဤတိ၊ ဤသို့။ ဧကံ၊ တစ်ယောက်ဘထီးတည်း။ အဒုတိယံ၊ အဖေဘဲမရှိဘဲ။ ဩဟာယ၊ စွန့်ကုန်၍။ ယေန၊အကြင်အရပ်၌။ ကုဏာလော၊ ကုဏာလအမည်ရှိသော။ သကုဏော၊ ဌက်မင်းသည်၊ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိ သု၊ ကပ်ကုန်၏။

www.dhammadownload.com

ကြိမ်းမောင်း၍ လွှတ်

၃၂၈။ ကုဏာလော၊ ကုဏာလအမည်ရှိသော။ သကုဏော၊ ငှက်မင်းသည်။ ဒုရတော၀၊ အဝေးမှလျှင်။ အာဂစ္ဆန္တိယော။ လာလတ်ကုံန်သော။ တာ ဒီဇကညာယော၊ ထိုငှက်မတို့ကို။ အဒ္ဒသ၊ မြင်လေ၏။ ဒိသွာန၊ မြင်ပြီး၍။ တာ ဒီဇကညာဒယာ၊ ထိုငှက်မတို့ကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဒ၀ါစ၊ ဆို၏။ ၀သလိဒယာ၊ အယုတ်မတို့။ တုမှံ၊ သင်တို့၏။ ဘတ္တာ၊ လင်သည်။ကဟံပန၊ အတိမ္မာနည်း။ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ သမ္မကုဏာလ၊ အရှင်ကုဏာလ။ ပုဏ္ဏမုခေါ၊ပုဏ္ဏမုခ အမည်ရှိသော။ ဖုဿကောကိဒလော၊ ဖုဿဉ္ဇြသည်။ ခေါ၊ စင်စစ်။ အာဗာဓိကော။ အနာဖြင့် နှိပ်စက်အပ်၏။ တမှာ အာဗာဓာ၊ ထိုအနာမှ။ အပ္ပေ၀နာမ ၀ုဋ္ဌဟေယျ၊ ထနိုင်ငြားအံ့လည်း မသိ။ ဣတိ၊ ဤသို့၊ အဝေါစ၊ ဆိုကုန်၏။

၃၂၉။ ဧ၀ံ၊ ဤသို့။ ၀ုတ္တေ၊ ဆိုကုန်လတ်သော်။ ကုဏာလော၊ ကုဏာလအမည်ရှိသော။ သကုဏော၊ ငှက်မင်းသည်။ တာ ဒီဇကညာယော၊ ထိုငှက်မတို့က။ ဧ၀ံ၊ဤသို့။ အပသာဒေတိ၊ ခြိမ်းခြောက်၏။ ၀သလိယော၊ အယုတ်မာမတို့။ တုမှေ၊ သင်တို့သည်။ နဿထ၊ ပျက်လေကုန်။ ၀သလိယော၊ ယုတ်မာကုန်သော။ စောရိယော၊ ခိုးသူနှင့် တူကုန်သော။ မုတ္ထိယော၊ လှည့်ပတ်တတ်ကုန်သော။ အသတိယော၊ သတိမရှိကုန်သော။ လဟုစိတ္တာ၊လျင်သော စိတ်ရှိကုန်သော။ ကတ္တဿ၊ ပြုအပ်သော ကျေးဇူးကို။ အပ္ပဋိကာရိကာယော၊ အတုံ့မပြုတတ်ကုန်သော၊ အနိလော၀ိယ၊ လေကဲ့သို့။ ယေန၊ အကြင်အရပ်၌။ ကာမံ၊ အလိုရှိသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထို အရပ်သို့။ ဂမာယော၊ သွားတတ်ကုန်သော။ တုမှေ၊ သင်တို့သည်။ ဝိနဿထ၊ ပျက်လေကုန်။

ဖုဿကို ဆေးကု

၃၃၀။ ဧ၀ံ၊ ဤသို့။ ၀တ္ဝါ၊ ဆို၍။ ယေန၊ အကြင်အရပ်၌။ ပုဏ္ဏမုခေါ၊ ပုဏ္ဏမုခ အမည်ရှိသော။ ဖုဿ ယောကိလော၊ ဖုဿ ဉ္ဇြသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥသင်္ကမိတ္ဝာ၊ ကပ်လေပြီး၍။ ပုဏ္ဏမုခံ၊ ပုဏ္ဏမုခ အမည်ရှိသော။ တံ ဖုဿ ကောလိလံ၊ ထိုဖုဿဉ္ဇြကို။ ဧတံ ဝစနံ၊ဤစကားကို။ အဝေါစ၊ ဆို၏။ သမ္မပုဏ္ဏမုခ၊

www.dhammadownload.com

အဆွေပုဏ္ဏမုခ။ ကိုဴ၊ အသို့နည်း။ ဇီဝသိ၊ အသက် ရှိပါသေး၏လော။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ သမ္မကုဏ္ဍာလ၊ အဆွေကုဏ္ဍာလ။ အဟံ၊ ငါသည်။ ဇီဝါမိ၊ အသက်ရှိပါသေး၏။ ဣတိ၊ ဤသို့၊ အဝေါစ၊ ဆို၏။

၃၃၁။ ဘော၊ အို....ရဟန်းအပေါင်းတို့။ အထ၊ ထိုအခါ၌။ ခလု၊ စင်စစ်။ ကုဏ္ဍာလော၊ ကုဏ္ဍာလ အမည်ရှိသော။ အကုဏ္ဍော၊ ဌက်မင်းသည်။ ပုဏ္ဏမုခံ၊ ပုဏ္ဏမုခအမည်ရှိသော။ တံ ဖုဿ ကောကိလံ၊ ထို ဖုဿ ဥဿြကို။ ပက္ခေဟိ စ၊ အတောင်တို့ဖြင့် လည်းကောင်း။ မုခ-တုဏ္ဍကေန စ၊ နှုတ်သီးဖြင့်လည်းကောင်း။ ပရိဂ္ဂဟေတွာ၊ ပိုက်ဖက်၍။ ဝုဋ္ဌာပေတွာ၊ ထစေ၍။ နာနာဘေဿဇ္ဇာနိ၊ အထူးထူးသော ဆေးတို့ကို။ ပါယာပေသိ၊ သောက်စေ၏။ ဇဘော၊ အို....ရဟန်းအပေါင်းတို့။ အထ၊ ထိုအခါ၌။ ခလု၊ စင်စစ်။ ပုဏ္ဏမုခဿ၊ ပုဏ္ဏမုခ အမည်ရှိသော။ ဖုဿ ကောကိလဿ၊ ဖုဿဥဿြအား။ သောအာဗာဓော၊ ထို အနာသည်။ ပဋိပဿမ္ဘိ၊ ငြိမ်း၏။

ကုဏ္ဍာလ ဥဿြမင်း တရားဟောခြင်း

ထို ဌက်မအပေါင်းတို့သည်လည်း ပုဏ္ဏမုခ မည်သော ဖုဿ ဥဿြသည် အနာကင်းသည်ရှိသော် လာလတ်ကုန်၏။ ကုဏ္ဍာလဌက်မင်းသည်လည်း ပုဏ္ဏမုခမည်သော ဖုဿဥဿြကို နှစ်ရက်သုံးရက် သစ်သီးကြီးငယ်တို့ကို စားစေ၍ ဥဿြ၏ အားရှိခြင်းသို့ ရောက်သောကာလ၌ "အဆွေ....ယခုအခါ၌ သင်သည် အနာကင်းပြီ၊ သင့်အလုပ်အကျွေးတို့နှင့်တကွ နေရစ်လော့၊ ငါသည်လည်း ငါ၏နေရာအရပ်သို့ သွားတော့အံ့" ဟု ဆို၏။ ထိုအခါ ကုဏ္ဍာလဌက်မင်းကို ဖုဿဥဿြသည် "အဆွေ....ဤမိန်းမတို့သည် ပြင်းစွာနာသော ငါ့ကိုစွန့်ပစ်၍ ပြေးကုန်၏၊ ငါ့အား ဤကာမဂုဏ်းငါးပါး သော မိန်းမတို့ဖြင့် အလိုမရှိ" ဟု ဆို၏။ ထိုစကားကိုကြား၍ ဘုရားလျှောင်း ကုဏ္ဍာလဌက်မင်းသည် "အဆွေ....ထိုသို့တပြီးကား သင့်အား မိန်းမ၏ ယုတ်မာသောအဖြစ်ကို ဟောအံ့" ဟု ပုဏ္ဏမုခကို ခေါ်၍ ဟိမဝန္တာ၏ နံပါးဘို့ မြင်းသီလာအပြင်သို့ ဆောင်ယူ၍ ခုနစ်ယူဇနာရှိသော အင်ကြင်းပင်ငယ် မြင်းသီလာ ကျောက်ဖျာနေရာဘို့ နေ၏။ ပုဏ္ဏမုခ သည် တစ်ခုသောနံပါးဘို့ မိမိအခြံအရုံနှင့်တကွ နေ၏။ အလုံးစုံသော ဟိမဝန္တာ

www.dhammadownload.com

တောဋ္ဌ နတ်အပေါင်းသည်လည်း ကြွေးကြော်၏။ "ယခုအခါ ကုဏ္ဍာလ ဌက်မင်းသည် ဟိမဝန္တာဝယ် မြင်းသီလာ ကျောက်ဖျာနေရာဋ္ဌ နေ၍ ဘုရား၏ တင့်တယ်စံပယ်ခြင်းဖြင့် တရားဟောလတ္တံ့၊ ထိုတရားကို နာ ကုန်လော့" ဟု အဆင့်ဆင့် ကြွေးကြော်သဖြင့် နတ်ပြည် ခြောက်ထပ် နတ်တို့သည် ကြားကုန်၍ မျှားသောအားဖြင့် ထို မြင်းသီလာကျောက်ဖျာ နေရာဋ္ဌ စည်းဝေးကုန်၏။

မျှားစ့ဉာသော နဂါးဇင္ဗုန် ကိန္နရ ဝိဇ္ဇာဓိုရ် အစရှိသည်တို့အား လည်း နတ်တို့သည် ထိုအကြောင်းကို ကြွေးကြော်ကုန်၏။ ထိုအခါ အာ နန္ဒာ အမည်ရှိသော လင်းတမင်းသည် လင်းတ တစ်သောင်း ခြံရုံလျက် ဂိဇ္ဈကူဋ်တောင်ဋ္ဌ နေ၏။ ထို အာနန္ဒာလင်းဘမင်းသည်လည်း ထို အုတ် အုတ်ကျက်ကဲ့သော အသံကိုကြား၍ တရားနာအံ့ဟု မိမိအခြံအရံနှင့် တကွ လာလတ်၍ တင့်အပ်သော အရပ်ဋ္ဌနေ၏။ နာရဒ အမည်ရှိသော အဘိညာဉ်ငါးပါးနှင့် ပြည့်စုံသော ရသေ့သည်လည်း ရသေ့တစ်သောင်း ခြံရုံလျက် ဟိမဝန္တာဋ္ဌ နေသည်ရှိသော် ထိုနတ်တို့ ကြွေးကြော်သံကိုကြား၍ ငါ၏ အဆွေဖြစ်သော ကုဏ္ဍာလဌက်မင်းသည် မိန်းမတို့၏ ကျေးဇူးမဲ့ကို ဟောလိမ့်သတတ်၊ မျှားစ့ဉာသော အစည်းအဝေးသည် ဖြစ်လတ္တံ့သတတ်၊ ငါသည်လည်း ထိုတရားကို နာခြင်းငှာ သင့်၏ဟု အခြံအရံ ရသေ့တစ် သောင်းနှင့်တကွ တန်ခိုးဖြင့် ထိုအရပ်သို့သွား၍ တင့်အပ်သော အရပ်ဋ္ဌ နေ၏။ သဗ္ဗညုဘုရားသခင်တို့၏ တရားဟောတော်မူသော အစည်းအဝေး နှင့် တူသော မျှားစ့ဉာသော အစည်းအဝေးသည် ဖြစ်၏။

ထိုအခါ ဘုရားလောင်း ကုဏ္ဍာလဌက်မင်းသည် ဇာတိသရဉာဏ်ဖြင့် မိန်းမတို့၏ အပြစ်နှင့်ယှဉ်သော ရွေးဘဝဋ္ဌ မြင်ဖူးသောအကြောင်းကို ပုဏ္ဏမုခကို သက်သေပြု၍ ဟော၏။ ထိုအကြောင်းကို ထင်ရှား ပြလို တော်မူသော သဗ္ဗညုမြတ်စ့ဉာဘုရားသည်-

၃၃၂။ အထ ခလု ဘော ကုဏ္ဍာလော သကုဏော၊
တံ ပုဏ္ဏမုခံဖုဿ ကောကိလံ။
ဂိလာန ဝုဋ္ဌိတံ အစိရဝုဋ္ဌိတံ၊
ဂေလညော တေဒေါစ ။လ။

www.dhammadownload.com

၃၄၅။ နေရုနာဝ သမဿာဂတာ၊ ဝိသဒုက္ခောဝိယ နိစ္စဖလော။
နာသာယန္တိ ဃရေ ဘောဂံ၊ ရတနာ နန္တကရိတ္ထိယော-
ဟူသော ဤ တစ်ဆယ့်လေးဂါထာတို့ကို ဟောတော်မူ၏။

၃၄၂။ ဘော၊ အို....ရဟန်းအပေါင်းတို့။ အထ၊ ထိုအခါ၌။ ခလု၊ စင်စစ်။ ကုဏ္ဍာလော၊ ကုဏ္ဍာလ အမည်ရှိသော။ သကုဏော၊ ငှက်မင်းသည်။ ဂိလာနဝုဋ္ဌိတံ၊ အနာမှုထသော။ ဂေလညော၊ နာသော အဖြစ်မှ။ အစိရဝုဋ္ဌိတံ၊ ထ၍ မကြာမြင့်သေးသော။ ဝုဏ္ဏမုခံ၊ ပုဏ္ဏမုခ အမည်ရှိသော။ ဖုဿကောကိလံ၊ ထိုဖုဿဥသြကို။ ဧတံ၊ ထိုစကားကို။ အဝေါစ၊ ဆို၏။

မိန်းမယုတ် ကဏ္ဍာဒေဝီ

၃၄၃။ သမ္မပုဏ္ဏမုခ၊ အဆွေပုဏ္ဏမုခ။ ဒေဝီတိကာ၊ အဘ နှစ် ယောက်ရှိသော။ ပဥ္စပတိကာယ၊ လင်ငါးယောက် ရှိသော။ ကဗန္ဓေ၊ လည်တိုပြိတ္တာနှင့် တူသော။ ပီဌသပ္ပိမှိ၊ ဆွံသော။ ဆဋ္ဌေ၊ ခြောက်ယောက် မြောက်သော။ ပုရိသေ၊ ယောကျ်ားဌ်။ စိတ္တံ၊ စိတ်သည်။ ပဋိဗန္ဓိယာ၊ တပ်စွန်းသော။ ယဒိဒံ-ယာ သော ကဏ္ဍာဒေဝီ၊ အကြင်ကဏ္ဍာဒေဝီသည်။ အတ္ထိ၊ ရှိ၏။ သာ ကဏ္ဍာဒေဝီ၊ ထိုကဏ္ဍာဒေဝီကို။ မယာ၊ ငါသည်။ ဒိဋ္ဌာ၊ မြင်ဖူး၏။ ဧတ္ထ၊ ဤအရာ၌။ အနုတ္တရံ၊ အတုမရှိသော။ ဝါကျံ၊ စကားသည်လည်း။ ဘဝတိ၊ ဖြစ်၏။

၃၄၄။ အထ၊ ထိုအခါ၌။ အဇ္ဇုနော၊ အဇ္ဇုန မင်းသားသည် လည်းကောင်း။ နကုလော၊ နကုလမင်းသားသည် လည်းကောင်း။ ဘီမသေနော၊ ဘီမဿေန မင်းသားသည် လည်းကောင်း။ ယုဓိဋ္ဌိလော၊ ယုဓိဋ္ဌိလမင်းသားသည် လည်းကောင်း။ သဟဒေဝေါစ ရာဇာ၊ သဟဒေဝ မင်းသားသည် လည်းကောင်း။ ဧတေ ပဥ္စပတိကာ၊ ဤ ငါး ယောက်ကုန်သော လင်တို့ကို။ အတိစ္စ၊ လွန်၍။ နာရီ၊ ကဏ္ဍာဒေဝီ မည် သော မင်းသမီးသည်။ ခုဇ္ဇဝါမနကေန၊ ကုန်းလည်းကုန်း ကွလည်းကွ သော။ ပီဌသပ္ပိနာ၊ ငဆွံနှင့်။ သဒ္ဓိံ၊ တကွ။ ပါပုံ။ မကောင်းသော အမှု တို့ကို။ အကာသိ၊ ပြု၏။

www.dhammadownload.com

သစ္စကပါဗိ

၃၃၅။ သမ္မပုဏ္ဏမုခ၊ အဆွေပုဏ္ဏမုခ။ မဟာ၊ ငါသည်။ ဒိဋ္ဌာ၊ မြင်ဖူးသည်ကား။ သစ္စကပါဗိ နာမ၊ သစ္စကပါဗိ အမည်ရှိသော။ သုသာနမဇ္ဈေ၊ သုသာန်အလယ်၌။ ဝသန္တိ၊ နေလေ့ရှိ၏သော။ စတုတ္ထဘဲတို့၊ လေးရက်မြောက် ဖြစ်သော ထမင်းကို။ ပရိဏာမယမာနာ၊ လွန်စေသော်။ သေတသမဏီ၊ အဝတ်ဖြူဝတ်သော ပရိဗိုဇ်မသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုပရိဗိုဇ်မသည်။ သုရာဓုတ္တာကေန၊ သေသောက်ကြူးနှင့်။ သဟာ၊ တကွ။ ပါပံ၊ မကောင်းမှုကို။ အကာသိ၊ ပြု၏။

ကာကဝတိ

၃၃၆။ သမ္မပုဏ္ဏမုခ၊ အဆွေပုဏ္ဏမုခ။ မယာ၊ ငါသည်။ ဒိဋ္ဌာ၊ မြင်ဖူးသည်ကား။ သမုဒ္ဒမဇ္ဈေ၊ သမုဒ္ဒရာအလယ်၌။ ဝသန္တိ၊ နေသော။ ဘရိယာ၊ ဗြဟ္မဒတ်မင်း၏ မယားဖြစ်သော။ ကာကဝတိ နာမ၊ ကာကဝတီ အမည်ရှိသော။ ဒေဝီ၊ မိဖုရားသည်။ ဝေနတေယျဿနဋ္ဌကုဝေရေန၊ ဝေနတေယျ အမည်ရှိသော ကချသည် စောင်းသမားနှင့်။ သဒ္ဓိံ၊ တကွ။ ပါပံ၊ မကောင်းမှုကို။ အကာသိ၊ ပြု၏။

ကုရုဂ်ဒေဝီ

၃၃၇။ သမ္မပုဏ္ဏမုခ၊ အဆွေပုဏ္ဏမုခ။ မယာ၊ ငါသည်။ ဒိဋ္ဌာ၊ မြင်ဖူးသည်ကား။ လောမသုဒ္ဓရီ၊ အမွေးအရေတည်းဟူသော ဆန်းကြယ်သော ဝမ်းရှိသော။ ဌိကကုမာရံ၊ ဌိကသတ္တိုသားကို။ ကာမဓယမ္ပာနာ၊ တောင့်တသော။ ကုရုဂ်ဒေဝီ နာမ၊ ကုရုဂ်ဒေဝီ အမည်ရှိသော မင်းသမီးသည်။ ဆဋ္ဌဂ်ကုမာရဓနုန္တေဝါသိနာ၊ ဆဋ္ဌဂ်ကုမာရ အမည်ရှိသောဆရာ ဓနုန္တေဝါသီ အမည်ရှိသော အလုပ်အဓိကျွန်းနှင့်။ သဒ္ဓိံ၊ တကွ။ ပါပံ၊ မကောင်းသောအမှုကို။ အကာသိ၊ ပြု၏။

ဗြဟ္မဒတ်မင်းမယ်တော်

၃၃၈။ သမ္မပုဏ္ဏမုခ၊ အဆွေ ပုဏ္ဏမုခ။ ဗြဟ္မဒတ္တာဿ၊ ဗြဟ္မဒတ်မင်း၏။ ဧတံ မာတရံ၊ ထိုအမိကို။ မယာ၊ ငါသည်။ ဧဝဠု၊ ဤသို့လျှင်။ ဉာတံ၊ သိအပ်ပြီ။ သာ မာတာ၊ ထိုဗြဟ္မဒတ်မင်း၏ အမိသည်။ ကောသလ

www.dhammadownload.com

ရာဇံ၊ ကောသလမင်းကို။ သြဟာယ၊ စွန့်၍။ ပဉ္စာလစဏ္ဍာန၊ ပဉ္စာလ စဏ္ဍာနှင့်၊ ပါပံ၊ မကောင်းသော အမှုကို။ အကာသိ၊ ပြု၏။ ဧတာ စ၊ ထိုငါးယောက်သော မိန်းမတို့သည် လည်းကောင်း။ အညာ စ၊ ထို ငါးယောက်မှ တစ်ပါးသော မိန်းမတို့သည် လည်းကောင်း။ ပါပံ၊ မကောင်းမှုကို။ အကံသု၊ ပြုကုန်သည်ချည်းတည်း။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ဣတ္ထီနံ၊ မိန်းမတို့အား။ နဝိဿသေ၊ အကျွမ်းမဝင်။ နပွသံသေ၊ မချီးမွမ်း။

မိန်းမတို့ကို မခင်ရ

၃၃၉။ ဇဂတိ၊ ဇဂတိဟု ဆိုအပ်သော။ သမာနရတ္တာ၊ တူသော တပ်ခြင်းရှိသော။ ဝသုန္ဓရာ၊ ရတနာအပေါင်းတို့၏ တည်ရာဖြစ်သော။ ဣတရီတရာပတိဋ္ဌာ၊ အမြတ်အယုတ်တို့၏ တည်ရာဖြစ်သော။ မဟီ၊ မြေသည်။ သဗ္ဗသဟာ၊ အလုံးစုံသော မကောင်းမှုကို သည်းခံနိုင်သည်။ အဖန္ဒနာ၊ မတုန်မလှုပ်သည်။ အကုပ္ပါ၊ မပျက်သည်။ ဟောတိ ယဿာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဣတ္ထိယော၊ မိန်းမတို့သည်။ ဣတရီတရာပတိဋ္ဌာ၊ အမြတ်အယုတ်တို့၏ တည်ရာတို့သည်။ သဗ္ဗသဟာ၊ အလုံးစုံသော မကောင်းမှုကို သည်းခံနိုင်ကုန်သည်။ အဖန္ဒနာ၊ မတုန်မလှုပ်ကုန်သည်။ အကုပ္ပါ၊ မပျက်ကုန်သည်။ ဟောန္တီ၊ ဖြစ်ကုန်၏။ တာယော၊ ထို မိန်းမတို့ကို။ နရော၊ ယောကျ်ားသည်။ နဝိဿဒေ၊ အကျွမ်းမဝင်ရာ။

၃၄၀။ လောဟိတ မံသ ဘောဇနာ၊ အသားအသွေးကို စားတတ်သော။ ဝါဠမိဂေါ၊ သားရဲဖြစ်သော။ ပဉ္စာဝုဓော၊ ငါးပါးသော လက်နက်ရှိသော။ သုရဒ္ဓေါ၊ အလွန်ကြမ်းကြုတ်သော။ ပသယှဒါဒိ၊ နှိုင်ထက်မှု၍ စားလေ့ရှိသော။ သီဟော၊ ခြင်္သေ့သည်။ ပရဟိံသနေ၊ သူဘစ်ပါး ကို ညှဉ်းဆဲခြင်း၌။ ရဇတော၊ မြေ့လျော်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဣတ္ထိယော၊ မိန်းမတို့သည်။ ပရဟိံသနေ၊ သူတစ်ပါးကို ညှဉ်းဆဲခြင်း၌။ ရတာ၊ မြေ့လျော်ကုန်သည်။ ဟောန္တီ၊ ဖြစ်ကုန်၏။ တာယော၊ ထိုမိန်းမတို့ကို။ နဇရော၊ ယောကျ်ားသည်။ နဝိဿသေ၊ အကျွမ်းမဝင်ရာ။

မိန်းမတို့အပြစ်များ

၃၄၁။ သမုပဏ္ဍမုခ၊ အဆွဲ ပဏ္ဍမုခ။ တဒိဒံ-ယာတော၊ အကြောင် မိန်းမတို့ကို။ ဝေသိယော၊ ဝေသိတို့ ဟူ၍ လည်းကောင်း။

www.dhammadownload.com

နာရီယော၊ နာရီတို့ ဟူ၍ လည်းကောင်း။ ဂမနီယော၊ ဂမနီ တို့ဟူ၍ လည်းကောင်း။ ဗန္ဓကီ တို့ဟူ၍ လည်းကောင်း။ နဝုစ္စန္တိ၊ မဆိုအပ်ကုန်။ ဧတာယော၊ ထို မိန်းမတို့သည်။ နဝေသိယော၊ ဝေသိမည်သည်သာလျှင် မဟုတ်ကုန်။ နနာရီယော၊ နာရီမည်သည်သာလျှင် မဟုတ်ကုန်။ သဘာဝတောပန၊ သဘောအားဖြင့်ကား။ ဧတာယော၊ ထို မိန်းမတို့သည်။ ဝမိကာယောနာမ၊ လင်ကိုသတ်သည် မည်၏။

၃၄၂။ စောရောဝိယ၊ ခိုးသူကဲ့သို့။ ဝေဏိကဟာ၊ ဆံထုံးခြင်းကို ပြုတတ်ကုန်၏။ ဒိဒ္ဓါ၊ ဒိဒ္ဓါဟု ဆိုအပ်သော။ မဒိရာဝ၊ အဆိပ်နှင့်ရောသောသုရာနှင့် တူ၏။ ဝါဏိဇောဝိယ၊ ကုန်သည် ကဲ့သို့။ ဝါစာသန္တုတိယော၊ နှုတ်ဖြင့်သာ ချီးမွမ်းတတ်ကုန်၏။ ဣဿသိဂ်မိဝ၊ ဝံ၏လျှင်ခြင်းကဲ့သို့။ ဝိပရိဝတ္တာယော၊ လျှင်သောအပြန်ရှိကုန်၏။ ဥရဂမိဝ၊ မြွေကဲ့သို့။ ဒုဇိဝှာယော၊ လျှာနှစ်ခွရှိကုန်၏။ သောဗ္ဘမိဝ၊ မစင်တွင်းကဲ့သို့။ ပဋိစ္ဆန္နာ၊ ဖုံးလွှမ်းအပ်ကုန်၏။ ပါဘာလမိဝ၊ သမုဒ္ဒရာဌ် ပါတာလမုခကဲ့သို့။ ဒုပ္ပူရာ၊ ပြည့်နိုင်ခဲကုန်၏။ ရက္ခသိဝိယ၊ ရက္ခိုသ်၊ ဘီလူးမကဲ့သို့။ ဒုတ္တောသာ၊ ရောင့်ရဲနိုင်ခဲကုန်၏။

၃၄၃။ ယမောဝ၊ ယမမင်းကဲ့သို့။ ကေန္တဟာရိယော၊ စင်စစ်လျှင် ဆောင်ယူတတ်ကုန်၏။ သိခိရိဝ၊ မီးကဲ့သို့။ သဗ္ဗဘက္ခာ၊ အလုံးစုံကောင်းမဒကောင်းကို စားတတ်ကုန်၏။ နဒီရိဝ၊ မြစ်ကဲ့သို့။ သဗ္ဗဝါဟီ၊ အလုံးစုံကို မျောဘတ်ကုန်၏။ အနိလောဝိယ၊ လေကဲ့သို့။ ယေန၊ အကြင်အရပ်၌။ ကာမံ၊ အလိုသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအရပ်သို့။ စရာ၊ သွားတတ်ကုန်၏။ နေရုဝိယ၊ နေရှုမည်သော ရွှေတောင်ကဲ့သို့။ အဝိသေသကရာ၊ အထူးမရှိသည်ကို ပြုတတ်ကုန်၏။ တာယော၊ ထိုမိန်းမတို့သည်။ ဝိသရုက္ခောဝိယ၊ အဆိပ်ပင်ကဲ့သို့။ နိစ္စဖလိတာယော၊ အမြဲလျှင် အသီးသီးတတ်ကုန်၏။ ဧတ္ထ၊ ဤအရာ၌။ အနုတ္တရံ၊ အတုမရှိသော။ ဝါကံ့ စ၊ စကားသည်လည်း။ ဘဝတိ၊ ဖြစ်၏။

၃၄၄။ ဣတ္ထိယော၊ မိန်းမတို့သည်။ စောရော ယထာ၊ ခိုးသူနှင့်တူ၏။ ဒိဒ္ဓါယထာ၊ အဆိပ်နှင့်ရောသော သုရာနှင့်တူ၏။ ဝါဏိဇောဝ၊ ကုန်သည်ကဲ့သို့။ ဝိကတ္ထနီ၊ အထူးထူးသော စကားတို့ကို ဆိုတတ်ကုန်၏။

www.dhammadownload.com

ဣဿာသိဂ်မိဝ၊ ဝံ၏လျင်ခြင်းကဲ့သို့။ ပရိဝတ္တာ၊ လျင်သောအပြန် ရှိကုန်၏။ ဥရဂေါယထာ၊ မြွေကဲ့သို့။ ဒုဇီဝှာ၊ လျှာနှစ်ခွရှိကုန်၏။ သောဇ္ဈမိဝ၊ မစင်တွင်းကဲ့သို့။ ပဋိစ္ဆန္နာ၊ ဖုံးလွှမ်းအပ်ကုန်၏။ ပါဘာဝလမိဝ၊ ပါတာလမုခကဲ့သို့။ ဒုပ္ပုရာ၊ ပြည့်နှိုင်ခဲကုန်၏။ ရက္ခသိဝိယ၊ ရက္ခိုသ်ဘီလူးမကဲ့သို့။ ဒုတ္တောသာ၊ ရောင့်ရဲနှိုင်ကုန်၏။ ယမောဝ၊ ယမမင်းကဲ့သို့။ ကေန္တဟာရိယော၊ စင်စစ်လျှင် ယူဆောင်တတ်ကုန်၏။ သိခိယထာ၊ မီးနှင့် တူကုန်၏။ နဒီယထာ၊ မြစ်နှင့်တူကုန်၏။ ဝါတောဃထာ၊ လေနှင့် တူကုန်၏။

၃၄၅။ နေရုနာဝ၊ နေရုမည်သော ရွှေတောင်နှင့်လျင်။ သမဂတာ၊ တူသောအဖို့ ရှိကုန်၏။ ဝိသရုက္ခောဝိယ၊ အဆိပ်ပင်ကဲ့သို့။ နိစ္စဖလာ၊ အမြဲလျှင် အသီးသီး၏။ ဃရေ၊ အိမ်၌။ ဘောဂံ၊ စည်းစိမ်ကို။ နာဿယန္တိ၊ ဖျက်ဆီးတတ်ကုန်၏။ ရတနန္တကရာ၊ ရွှေငွေ အစရှိသော ရတနာတို့၏ အန္တရာယ်ကို ပြုတတ်ကုန်၏။

[ဤ ပါဠိတော်ဂါထာတို့၌ အကျဉ်းအားဖြင့် ဟောတော်မူအပ်သော ကဏ္ဍာဒေဝီ အစရှိသော မိန်းမငါးယောက် တို့၏ အကြောင်းကို အဋ္ဌကထာ၌ ဤသို့ အကျယ်ပြဆောင်အပ်၏။]

(၁) ကဏ္ဍာဒေဝီ

ဇာတ်အမျိုးအနွယ် အဆင်းသဏ္ဌာန် ဥစ္စာစည်းစိမ် အခြံအရံနှင့် ပြည့်စုံသော လင် ငါးယောက်ရှိလျက် ခြောက်ယောက်မြောက် ငကုန်းနှင့် ယုတ်မာသော အကျင့်ကို လွန်ကျူးလျက် ကျင့်သော ရွဲးဦးစွာသော ကဏ္ဍာဒေဝီ၏ အကြောင်းကား–

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မည်သော ကာသိမင်းသည် ပြည့်စုံသော ဗိုလ်ပါဆင်မြင်း ရှိသည်၏ အဖြစ်ကြောင့် ကောသလတိုင်းကို သိမ်းယူပြီးလျှင် ကောသလမင်းကိုသတ်၍ နေသော ကိုယ်ဝန်ရှိသော ထိုကောသလမင်း၏ မိဖုရားကို ဆောင်ယူ၍ ဗာရာဏသီပြည်သို့ သွားပြီးလျှင် မိမိ၏ မိဖုရားကြီးပြု၏။ ထိုမိဖုရားကြီးသည် နောက်အဖို့၌ သမီးကိုဖွား၏။ ဗြဟ္မဒတ်မင်းအားကား ပကတိအားဖြင့်လည်းသားတော်သမီးတော်မရှိ။ ထို

www.dhammadownload.com


ဖြဟ္မဒတ်မင်းသည် အလွန်နှစ်သက်သည်ဖြစ်၍ "ရှင်မိဖုရား....ဆုကိုယူလော့" ဟု ဆို၏။ ထိုမိဖုရားသည် ယူအပ်သည်ကိုပြု၍ ထား၏။ ထိုသမီးငယ်အား ကား ကဏ္ဍဒေဝီဟူသော အမည်ကို မှည့်ကုန်၏။ ထိုအခါ ကဏ္ဍဒေဝီသည် အရွယ်ရောက်သည်ရှိသော် မယ်တော်မိဖုရားကြီးသည် သမီးတော် ကဏ္ဍဒေဝီကို ဆို၏။ "ချစ်သမီး....သင့်ခမည်းတော်သည် သင့်အား ဆုပေးတော်မူအပ်၏၊ ထိုဆုကို ငါသည် ယူ၍ ထားအပ်၏၊ သင်သည် နှစ်သက်သောဆုကို ယူလော့" ဟု ဆို၏။ ထိုသမီးတော် ကဏ္ဍဒေဝီသည် "မိခင်....အကျွန်ုပ်အား တစ်ပါးသော်မှမရှိသော ဥစ္စာမည်သည်မှရှိ၊ လင်ကို ယူအံ့သောငှာ မိခင်သည် ဆုကိုပြုလော့" ဟု ဆို၏။ ထိုကဏ္ဍဒေဝီသည် ကိုလေသာ များသည်၏ အဖြစ်ကြောင့် အရှက်အကြောက်ကို ဖျက်၍ မယ်တော်မိဖုရားကြီးကို ဆို၏။ ထိုမယ်တော်မိဖုရားကြီးသည် ခမည်းတော် ဖြဟ္မဒတ်မင်းအား ထိုအဓိပ္ပာယ်ကို ကြားလျှောက်၏။ ခမည်းတော် ဖြဟ္မဒတ်မင်းသည် "နှစ်သက်သော လင်ကို ယူစေလော့" ဟု မိန့်တော်မူ၍ မိမိသည် ဆုကို ကြွေးကြော်စေ၏။ မင်းရင်ပြင်၌ ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော များစွာသော ယောကျ်ားတို့သည် စည်းဝေးကြကုန်၏။

လင်ပို့ဝင် ၅-ယောက်

ကဏ္ဍဒေဝီမင်းသမီးသည် ပန်းပခြုပ်ကို ယူ၍ ခြေသုံ့ခံသော မြောက်လေသာနန်းတံခါး၌ ရပ်လျက် ကြည့်လတ်သော် တစ်ယောက်ကို မျှလည်း မနှစ်သက်။ ထိုအခါ ပဏ္ဍုမင်းမျိုးမှ အင္ဂုမင်းသား, နကုလမင်းသား, ဘီမသေန မင်းသား, ယုဓိဋ္ဌိလ မင်းသား, သဟဒေဝမင်းသား ဟူကုန်သော ညီနောင်ငါးယောက် ဖြစ်ကုန်သော ဤပဏ္ဍုမင်းသားတို့သည် တက္ကသိုလ်ပြည်ဝယ် ဒိသာပါမောက္ခဆရာအထံ၌ အတတ်သင်ပြီး၍ "အရပ်ဒေသတို့၏ အလေ့အကျက်ကို သိကုန်အံ့" ဟု လှည့်လည်ကုန်သည်ရှိသော် ဗာရာဏသီပြည်သို့ ရောက်ကုန်၍ မြို့တွင်း၌ အုတ်အုတ်ကျက်ကျက်ကို ကြားသဖြင့် မေး၍ ထိုအကြောင်းကို သိကုန်လျှင် "ငါတို့သည်လည်း သွားကြကုန်အံ့" ဟု ရှေအဆင်းနှင့်တူသော အဆင်းရှိကုန်သောငါးယောက်ကုန်သော ပဏ္ဍုမင်းသားတို့သည်လည်း ထိုမင်းရင်ပြင်အရပ်သို့ သွားကုန်၍ အစည်အတိုင်း တည်ကုန်၏။ ထိုအခါ ကဏ္ဍဒေဝီမင်းသမီးသည် ထိုငါးယောက်သော မင်းသားညီနောင်တို့ကို မြင်၍ ထိုငါးယောက်သော မင်း

(ဘုရားလယ်ယင်ဟန် ၊၈-၀၆၆)

ပုံ-၁၅။ ဗာဂျာဒေဒီးဒင်းဘုရင် ညီငယ်းစွယ်းဒင်းဘဝဒေဝယ်ယ ။ပြင်-ပုံ



www.dhammadownload.com

www.dhammadownload.com

သားတို့၌ တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ ငါးယောက်ကုန်သော မင်းသား တို့၏ လည်ဉီးခေါင်းတို့၌ ပန်းကုံးတို့ကို စွပ်၍ "မိခင်....ဤငါးယောက် သော သူတို့ကို အကျွန်ုပ်အား ဆုကို ပေးလော့" ဟု ဆို၏။ ထိုမယ်တော် မိဖုရားကြီးသည်လည်း ခမည်းတော် ဗြဟ္မဒတ်မင်းအား ကြားလျှောက် ၏။ ခမည်းတော်ဗြဟ္မဒတ်မင်းသည် ဆုကို ပေးမိသည်၏ အဖြစ်ကြောင့် "မရလတ္တံ့" ဟု မဆိုမူ၍ နှလုံးမသာလျက်လျှင် "အဘယ် အမျိုးအနွယ် ရှိကုန်သနည်း၊ အဘယ်သူ၏ သားတို့နည်း" ဟု မေးတော်မူ၍ ပဏ္ဍု မင်းသား အဖြစ်ကိုသိလျှင် ထိုမင်းသားတို့အား ပူဇော်သက္ကာရကို ပြု၍ သမီးတော်ကဏှာဒေဝီကို ပေးတော်မူ၏။ ထိုကဏှာဒေဝီ မင်းသမီးသည် ဘုံခုနှစ်ဆင့်ရှိသော ပြာသာဒ်၌ ကိလေသာ၏အစွမ်းဖြင့် သင်္ဂြိဟ်၏။

ကဏှာဒေဝီ ဖောက်ပြန်ပုံ

ထိုကဏှာဒေဝီမင်းသမီးအား တစ်ယောက်သော အလုပ်အကျွေး ဖြစ်သော ကုန်းကွသော ငဆွံသည် ရှိ၏။ ထိုကဏှာဒေဝီမင်းသမီးသည် မင်းသား ငါးယောက်တို့ကို ကိလေသာ၏အစွမ်းဖြင့် သင်္ဂြိဟ်ပြီး၍ ထိုမင်း သား ငါးယောက်တို့ အပသို့ ထွက်သွားသောကာလ၌ အခွင့်ရလျှင် ကိလေသာ၏အစွမ်းဖြင့် ပူလောင်သည်ဖြစ်၍ ငကုန်းနှင့်တကွ ယုတ်မာ သော အကျင့်ကို ကျင့်၏။ ထိုငကုန်းနှင့်တကွလည်း စကားပြောသည် ရှိသော် "ငါ့အား သင်နှင့်တူသော ချစ်သူသည်မရှိ၊ မင်းသားတို့ကို သတ်၍ မင်းသားတို့၏ လည်ချောင်းသွေးဖြင့် ခြေတို့ကို ဆေးစေအံ့" ဟု ဆို၏။ မင်းသားငါးယောက်တို့တွင်လည်း မင်းသားကြီးနှင့် အတူတကွ ရောယှက်ခြင်းဖြစ်သော ကာလ၌ "ဤမင်းသား လေးယောက်တို့ထက် သင့်ကိုသာလျှင် ငါသည် သာလွန်၍ ချစ်၏၊ ငါ့အသက်ကိုသော်လည်း သင်၏အကျိုးငှာ စွန့်၏၊ ငါ့ခမည်းတော် မင်းကြီးလွန်သဖြင့် သင့်အား သာလျှင် မင်းအဖြစ်ကို ပေးအံ့" ဟု ဆို၏။ ကြင်းသော မင်းသား လေး ယောက်နှင့် အတူတကွ ပေါင်းဖက် ရောယှက်သော ကာလ၌လည်း ဤနည်း ဖြင့်သာလျှင် ပြောဆို၏။ ထိုမင်းသားတို့သည် "ဤမင်းသမီးသည်ကား ငါတို့ကို အလွန် ချစ်မြတ်နိုးပေ၏၊ ငါတို့အား စည်းစိမ် ချမ်းသာသည် လည်း ဤမင်းသမီးကို မှီ၍ ဖြစ်၏" ဟု ထိုမင်းသမီးအား အလွန်လျှင် နှစ်သက်ကုန်၏။ ထိုကဏှာဒေဝီမင်းသမီးသည် တစ်နေ့သ၌ အနာ နှိပ်စက် သည် ဖြစ်၏။ ထိုအခါ ထိုမင်းသမီးကိုခြုံရုံ၍ မင်းသားတစ်ယောက်ကား

www.dhammadownload.com

ဦးခေါင်းကို ဆုပ်နယ်လျက် နေ၏။ ကြွင်းသော မင်းသားတို့သည်ကား တစ်ယောက် တစ်ယောက်စီ လက်, ခြေတို့ကို ဆုပ်နယ်ကုန်၏။ ငကုန်းသည်ကား ခြေရင်း၌ နေ၏။

ထိုကဏ္ဍာဒေဝီ မင်းသမီးသည် ဦးဒေါင်းကို ဆုပ်နယ်နေသော အစ်ကို ကြီး ဖြစ်သော အင္ဂုနမင်းအား "ကျွန်ုပ်အား အရှင့်သားထက် သာလွန်၍ ချစ်သောသူသည် မရှိပြီ၊ ကျွန်ုပ် အသက်ရှင်ပါသည် ရှိသော် ရှင်မှင်းသားအား အသက်ရှင်ပါလတ္တံ့၊ ခမည်းတော်လွန်သဖြင့် မင်းအဖြစ်ကို ရှင်မင်းသားအား ပေးအံ့" ဟု ဦးခေါင်းအမူအရာဖြင့် အမှတ်ပေးလျက် ထိုမင်းသားကို သင်္ကြိပ်၏။ လေးယောက်ကုန်သော မင်းသားတို့ အားလည်း လက်ခြေ အမူအရာတို့ဖြင့် ထိုင်ရှားအတူလျှင် အမှတ်သညာပေး၏။ ငကုန်းအားကား "သင့်ကိုသာလျှင် ငါသည် ချစ်မြတ်နိုး၏၊ သင်၏အကျိုးငှာ ငါသည် အသက်ရှင်အံ့" ဟု လျှာအမူအရာဖြင့် အမှတ်သညာပေး၏။ ထိုအလုံးစုံသောသူတို့သည်လည်း ရှေး၌ ပြောဆိုပူးသည်၏ အဖြစ်ကြောင့် ထိုအမှတ်သညာဖြင့် ထိုအကြောင်းကို သိကြကုန်၏။ ထိုသူတို့တွင် အင္ဂုနမင်းသားမှ ကြွင်းကုန်သော သူတို့သည် မိမိတို့အား ပေးအပ်သော အမှတ်အသညာဖြင့်သာလျှင် သိကြကုန်၏။ အင္ဂုနမင်းသားသည်ကား ထိုကဏ္ဍာဒေဝီ မင်းသမီး၏ လက်, ခြေ, လျှာ ဖောက်ပြန်ခြင်းတို့ကို မြင်၍ "ငါ့အား အမှတ်သညာ ပေးသကဲ့သို့ ငါမှ ကြွင်းကုန်သော သူတို့အားလည်း အမှတ်ပေးသည် ဖြစ်လတ္တံ့၊ ငကုန်းနှင့်လည်း ထိုမင်းသမီး ပေါင်းဖော်ခြင်းရှိသည် ဖြစ်ထု၏" ဟု ကြံ၍ ညီတော် မင်းသားတို့ကို ခေါ်ပြီးလျှင် အပသို့ထွက်၍ မေး၏။

မင်းသား ၅-ယောက် ရဟန်းပြုခြင်း

"သင်တို့သည် လင်ငါးယောက်ရှိသော မိန်းမသည် ငါ့အား ဦးခေါင်း ဖောက်ပြန်ခြင်းကို ပြု၍ ပြသည်ကို မြင်ကြကုန်၏လော" ဟု မေး၏။ "မြင်ပါကုန်၏" ဟု ဆိုကုန်လတ်သော် "အကြောင်းကို သိကြကုန်၏လော" ဟု မေးပြန်၍ "မသိပါကုန်" ဟု ဆိုကုန်သဖြင့် "ဤအရာ၌ ဤမည်သည်ကား အကြောင်းတည်း၊ သင်တို့အားကား လက်ခြေတို့ဖြင့် ပေးအပ်သော အမှတ်၏ အကြောင်းကို သိကုန်၏လော" ဟု မေး၏။ "သိပါကုန်" ဟု ဆိုသဖြင့် "ငါ့အားလဲည်း ထိုအကြောင်းဖြင့် အမှတ်သညာ

www.dhammadownload.com

ပေး၏၊ ငကုန်းအား လျှောဖောက်ပြန်ခြင်းဖြင့် အမှတ်သညာ ပေးခြင်း၏ အကြောင်းကို သိကုန်၏လော''ဟု မေး၏။ ''မသိပါကုန်'' ဟု ဆိုလတ်သော် ထိုအခါ ညီတော်တို့အား ထိုအကြောင်းကို ကြား၍ ဤငကုန်းနှင့်လည်း အတူတကွ ထိုမင်းသမီးသည် ယုတ်မာသောအမှုကို ပြု၏ဟုဆို၍ ထိုညီတော် လေးယောက်တို့သည် မယုံကြည်ဟုန်သည် ရှိသော် ငကုန်းကို ခေါ်စေ၍ မေး၏။ ထိုငကုန်းသည် အလုံးစုံသော အကြောင်းကို ပြောဆို၏။ ထိုမင်းသားတို့သည် ငကုန်းစကားကို ကြားရလျှင် ထိုမင်းသမီးအား တပ်စွန်းခြင်း ကင်းကုန်သည် ဖြစ်၍ ''မိန်းမတို့ မည်သည်ကား ဩဿော်.... ယုတ်မာစွ၊ ဩဿော်.... သီလမရှိကုန်စွ၊ ငါတို့သို့သော အမျိုးအနွယ်နှင့် ပြည့်စုံသော တင့်တယ်ခြင်း အစုသို့ ရောက်သော မင်းသားတို့ကို စွန့်၍ ဤသို့သဘောရှိသော စက်ဆုပ်ဖွယ်ရှာဖွယ်သော ငကုန်းနှင့်တကွ ယုတ်မာသော အမှုကိုပြု၏၊ ပညာရှိ သဘောရှိသော အာဘယ်မည်သော သူသည် ဤသို့အရှက်အကြောက် မရှိသော ယုတ်မာသော အကျင့်ရှိကုန်သော မိန်းမတို့နှင့်တကွ မေ့.လျော်လတ်တံ.နည်း''ဟု မျှားစွာသော အကြောင်းဖြင့် မိန်းမတို့ကို ကဲ့ရဲ့၍ ''ငါတို့အား အိမ်ရာထောင်ခြင်းဖြင့် အလိုမရှိပြီ''ဟု ငါးယောက်ကုန်သော မင်းသားတို့သည် ဟိမဝန္တာသို့ဝင်၍ ရဟန်းပြုကုန်ပြီးလျှင် ကသိုဏ်းပရိကံကိုပြု၍ အသက်၏ အဆုံး၌ ကံအားလျော်စွာ လားကုန်၏။

ကုဏ္ဍလဒွက်မင်းသည်ကား ထိုအခါနောင်ကော်ကြီး အင္ဂုနမ်င်းသား ဖြစ်၏။ ထို့ကြောင့် မိမိသည် မြင်ဖူးသော အကြောင်းကို ပြလိုသည်ဖြစ်၍ ''ဒိဋ္ဌာမယာ''အစရှိသော နှစ်ဂါထာတို့ကို ဆို၏။

(၂) သစ္စကပါဒိ

နှစ်ခုမြောက်သော သစ္စကပါဒိမည်သော ဂါရိဗိုဇ်မ၏ အကြောင်းကား—

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကိုမှီ၍ သစ္စကပါဒိမည်သော အဝတ်ဖြူဝတ်သော ပရိဗိုဇ်မသည် သုသာန်၌ သစ်ရွက်မိုးသောကျောင်းကို ဆောက်စေ၍ ထိုသုသာန်ကျောင်း၌နေလျက် လေးရက်သော ထမင်းတို့ကို လွန်၍ စား၏။ အလုံးစုံသော ဗာရာဏသီပြည်၌ နေလက္ခဏာကို ထင်ရှား၏။

www.dhammadownload.com

ဗာရာဏသီပြည်အလုံးဥ၌ နေကုန်သော သူတို့သည် ချေသော် လည်းကောင်း, ချင်ချတ်သော် လည်းကောင်း "နမော သစ္စကပါပိယာ" ဟူ၍ ဆိုကုန်၏။

၁၀၀ဝိ ကြီးလောင်း

ထိုအခါ တစ်ခုသောပဲ့သဘင်ဝယ် ရှေးဦးစွာသောနေ့၌ ရှေပန်းထိမ်သည်တို့သည် အပေါင်းဖဲ့သဖြင့် တစ်ခုသော အရပ်၌ မဏ္ဍပ်ဆောက်၍ ငါးအမဲကို လည်းကောင်း, သုရာ နံ့သာ အစရှိသည်တို့ကို လည်းကောင်း ဆောင်ယူခဲ့၍ သုရာသောက်ခြင်းကိုအားထုတ်ကုန်၏။ ထိုအခါ တစ်ယောက်သော ရှေပန်းထိမ်သည်သည် သုရာအိုးကို စွန့်သည်ရှိသော် "နမော သစ္စကပါပိယာ' ဟုဆိုရာ တစ်ယောက်သော ပညာရှိသည် "အလွန်မိုက်စွာသော အချင်း.... တုန်လှုပ်သောစိတ်ရှိသော မိန်းမအား ရှိခိုးခြင်းကို ပြုဘိ၏၊ အလွန် မိုက်စွတကား" ဟု ဆိုလတ်သော် "အချင်း.... ဤသို့ မဆိုပါလင့်၊ ငရဲ၌ဖြစ်စေတတ်သော အမှုကို မပြုလင့်" ဟု ဆို၏။ ထိုအခါ ထိုရှေပန်းထိမ်သည်ကို ထိုပညာရှိသည် "ပညာနည်းသောသူ.... ဆိတ်ဆိတ်နေလော့၊ ဥစ္စာတစ်ထောင် လောင်းတမ်းကို သင်ပြုလော့၊ ငါသည် သင်၏ သစ္စကပါပိကို ဤနေ့မှ ခုနစ်ရက်မြောက်သောနေ့၌ တန်ဆာဆင်ခြင်းနှင့် စပ်သော ဤနေရာ မဏ္ဍပ်၌လျှင် နေလျက် သုရာအိုးကို ရွက်ခဲ့စေ၍ သုရာကို သောက်အံ့၊ မိန်းမသည် မြဲသောသီလရှိသောသူမည်သည် မရှိ" ဟု ဆို၏။ ထို ရှေပန်းထိမ်သည်သည် "သင် မတတ်နိုင်လတ္တံ့" ဟု ဆို၍ ထိုပညာရှိနှင့်တကွ ဥစ္စာတစ်ထောင် လောင်းခြင်းကို ပြု၏။

ရသေ့ယောင်ဆောင်၍ ပိုးသော်

ထိုပညာရှိသည် ထိုရှေပန်းထိမ်သည်ကို တစ်ပါးသော ရှေပန်းထိမ်သည်တို့အား ပန်ကြား၍ နက်ဖြန်နေ့၌ နံနက်စောစောကလျှင် ရသေ့အသွင်ဖြင့် သုသာန်သို့ဝင်၍ ထိုသစ္စကပါပိ ပရိဗိုဇ်မ၏ နေရာအရပ်မှ မနီးမဝေးသောအရပ်၌ နေကို ရှိခိုးလျက်ရပ်၏။ ထို ပရိဗိုဇ်မသည် ဆုမ်းအလိုငှာ သွားသည်ရှိသော် ထို ရသေ့အယောင်ဆောင်သော ပညာရှိကို မြင်၍ "တန်ခိုးကြီးသော ရှင်ရသေ့ဖြစ်လတ္တံ့၊ ငါသည် ရှေးဦးစွာ သုသာန်နံပါး၌ နေ၏၊ ဤ ရှင်ရသေ့သည်ကား သုသာန်အလယ်၌ နေ၏၊ ထို ရှင်ရသေ့ကိုယ်တွင်း၌ နိဗ္ဗာန်တရားသည် ရှိသည်ဖြစ်ဆ၏၊ ထိုရှင်ရသေ့ကို ရှိခိုးအံ့" ဟု ချဉ်းကပ်၍ ရှိခိုး၏။ ထိုရသေ့သည် ကြည့်

www.dhammadownload.com

လည်းမကြည့်၊ စကားလည်းမပြော၊ နှစ်ရက်မြောက်သောနေ့၌လည်း ထို
ရွှေးအတူလျှင် ပြု၏၊ သုံးရက်မြောက်သောနေ့၌ကား ရှိခိုးသောအခါ၌
မျက်နှာအောက်ချလျက် ''သွားလေသော့'' ဟု ဆို၏။ လေးရက်မြောက်
သောနေ့၌ကား ''အသို့နည်း၊ ဆွမ်းခံသဖြင့် မပင်ပန်းလော'' ဟု စကား
ပြောဟောခြင်းကို ပြု၏။ ထိုပရိဗိုဇ်မသည် ''စကားပြောဟောခြင်းကို
ရပေပြီ'' ဟု အလွန်နှစ်သက်သည်ဖြစ်၍ ဖဲခလေ၏။ ငါးရက်မြောက်သော
နေ့၌ကား အလွန်များစွာသော စကားပြောဟောခြင်းကိုရသဖြင့် အဘန်
ငယ်နေ၍ သွားလေ၏။ ခြောက်ရက်မြောက်သောနေ့၌ကား လာလတ်၍
ရှိခိုးလျက်နေသော ထိုသစ္စကပါပိကို ''နှမ ...ယနေ့ ဗာရာဏသီမြို့၌ သီချင်း
သံ တီးမှုတ်သံများစွာ၏၊ အသို့နည်း'' ဟု မေး၍ ''အရှင်ဘုရား....အရှင်
ဘုရားတို့သည် သီတောင်မူကုန်၊ ဗာရာဏသီမြို့၌ ပဲ့သဘင်ကြွေးကြော်၏၊
ဤအသံသည် ထိုပဲ့သဘင်၌ ကစားကုန်သောသူတို့၏ အသံတည်း'' ဟု
ပြောဆိုလတ်သော် ''ဤအသံသည် ထိုသဘင်၌ အသံမည်၏'' ဟု မသိ
သကဲ့သို့ဖြစ်၍ ''နှမ....သင်သည် အဘယ်မျှသော ထမင်းတို့ကို လွန်စေ
သတည်း'' ဟု မေး၏။ ''အရှင်ဘုရား....လေးရက်ထမင်းတို့ကို လွန်ပါစေ၏''
ဟုဆို၍ ''အရှင်ဘုရားတို့သည်ကား....အဘယ်မျှသော ထမင်းတို့ကို လွန်
စေတော်မူကုန်သနည်း'' ဟု မေး၏။ ''နှမ....ခုနစ်ရက်သော ထမင်းတို့ကို
လွန်စေ၏'' ဟု ဤစကားကို ထိုရဟန်းသည် ချက်လဲ့သဖြင့်ဆို၏။ ထိုရဟန်း
သည် နေ့တိုင်း နေ့တိုင်း အခါခပ်သိမ်း ညှဉ်၌စား၏။ ထိုရဟန်းသည်
ပရိဗိုဇ်မကို ''နှမ....ရဟန်းပြုသည်မှာ အဘယ်မျှ ဝါရပြီနည်း'' ဟု မေး၍
ထိုပရိဗိုဇ်မသည် ''တစ်ဆယ့်နှစ်ဝါရပြီ'' ဟု ဆို၏။ ''အရှင်ဘုရားတို့အား....
အဘယ်မျှ ဝါရပြီနည်း'' ဟု မေးလတ်သော် ''ဤဝါသည် ငါ့အား
ခြောက်ခုမြောက်သောဝါဘည်း'' ဟု ဆို၏။ ထိုအခါ ထိုပရိဗိုဇ်မကို ''နှမ....
နှမအား နိဗ္ဗာန်တရားကို ရခြင်းသည် ရှိပါ၏လော'' ဟု မေး၏။ ''အရှင်
ဘုရား....မရှိပါ'' ဟု ပြောဆို၍ ''အရှင်ဘုရားတို့အား နိဗ္ဗာန်တရားကိုရခြင်း
သည် ရှိပါ၏လော'' ဟု မေးလတ်သော် ''ငါ့နှမ....ငါ့အားလည်း မရှိ'' ဟု
ပြောဆို၍ ''နှမ....ငါတို့သည်ကား ကာမချမ်းသာကိုလည်း မရကုန်၊
ရဟန်းချမ်းသာကိုလည်း မရကုန်၊ ငါတို့အားသာလျှင် ငရဲသည်ပူသလော၊
လူအပေါင်းတို့၏ အမူအကျင့်ကို ပြုကုန်အံ့၊ ငါသည်လည်း လူထွက်အံ့၊
ငါ့အား မိဘတို့၏ အမွေဖြစ်သော ဥစ္စာသည်ရှိ၏၊ ငါသည် ဆင်းရဲကို
ခံစားအံ့သောငှာ မဘတ်နိုင်'' ဟု ဆို၏။

www.dhammadownload.com

ရသေ့မ လူထွက်ပြီ

ထို ၎ရိဖို၌မသည် ထိုရသေ့စကားကိုကြားရ၍ မိမိ၏တုန်လှုပ်သောစိတ် ရှိသည်၏အဖြစ်ကြောင့် ထိုရသေ့၌ တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ "အရှင်ဘုရား....အကျွန်ုပ်သည်လည်း ငြီးငွေ့ပါ၏၊ အကယ်၍ အကျွန်ုပ်ကို အရှင်ဘုရားသည် မစွန့်အံ့၊ အကျွန်ုပ်သည်လည်း လူထွက်အံ့" ဟု ဆို၏။ ထိုအခါ ပရိဗိုဇ်မကို ထိုရသေ့ယောင်ဆောင်သော ပညာရှိသည် "နှမ....လာလှည့် သင့်ကို ငါမစွန့်အံ့၊ ငါ၏မယား ဖြစ်လတ္တံ့" ဟုဆို၍ မြို့သို့သွား၍ သင့်နေသဖြင့် သုရာသောက်သောမကျွတ်သို့သွား၍ ထို သစ္စကပါပီ ပရိဗိုဇ်မကို သုရာအိုးကိုယူခဲ့စေ၍ သုရာသောက်၏။ ရှေ့ပန်းထိမ်သည်သည် ဥစ္စာတစ်ထောင်မှ ရှုံးလေ။ ထို သစ္စကပါပီသည် သေသောက်ကြူးကိုစွဲ၍ သားသမီးတို့ဖြင့် ပွား၏။

ထိုအခါ၌ ကုဏာလဒှက်မင်းသည် သေသောက်ကြူး ဖြစ်၏။ ထို့ကြောင့် မိမိသည် မြင်ဖူးသည်ကို ပြလိုသည်ဖြစ်၍ "ဒိဋ္ဌာ မာယာ" အစရှိသောဂါထာကို ဆို၏။

(၃) ကာကဝတီမိဖုရား

သုံးခုမြောက်ဖြစ်သော ကာကဝတီမိဖုရား၏အကြောင်း အတိတ်စကားကို စတုက္ကနိပါတ် ကာကဝတီဇာတ် အဋ္ဌကထာ၌ ခဲ့ဆိုအပ်ပြီ၊ ထိုအခါ ကုဏာလဒှက်မင်းသည် ဂဠုန်မင်းဖြစ်၏။ ထို့ကြောင့် မိမိမြင်ဖူးသည်ကို ပြလိုသည်ဖြစ်၍ "ဒိဋ္ဌာ မာယာ" အစရှိသော ဂါထာကို ဆို၏။

(၄) ကုရုဂ်ဒေဝီမင်းသမီး

ဂလေးခုမြောက်သော ကုရုဂ်ဒေဝီမင်းသမီး အကြောင်းကား—

လွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းသည် ကောသလမင်းကို သတ်၍ တိုင်းပြည်ကိုသိမ်းပြီယူးလျှင် ကိုယ်ဝန်ရှိသော ထိုကောသလမင်း၏ မိဖုရားကြီးကိုယူ၍ ဗာရာဏသီပြည်သို့ ပြန်လည်ခဲ့ပြီးကျင် ထိုမိဖုရားကြီးအား ကိုယ်ဝန်ရှိသော အဖြစ်ကို သိလျက်လည်း ထိုကောသလမင်း၏ မိဖုရားကြီးကို မိမိ၏ မိဖုရားကြီးပြု၏။

www.dhammadownload.com

သားကို ပစ်ထားစေခြင်း

ထိုမိဖုရားသည် ရင့်သောကိုယ်ဝန်ရှိသဖြင့် ရွှေအဆင်းနှင့်တူသော အဆင်းရှိသောသားကို ဖွားရ၍ ကြီးခြင်းသို့ ရောက်လတ်သော် ''ထိုငါ့သားကို ဗာရာဏသီမင်းသည် ဤမင်းသားကား ငါ့ရန်သူ၏ သားတည်း၊ ဤမင်းသားဖြင့် အဘယ်မူအံ့နည်းဟု နှလုံးသွင်း၍ သတ်စေလတ္တံ့၊ ငါ့သားသည် သူဘစ်ပါးလက်၌ မဒသစသတည်း''ဟု ကြုံပြီးလျှင် အထိန်းမိန်းမကို ခေါ်၍ ''မိခင်....ဤသူငယ်ကို ပုဆိုးနှမ်းခင်း၍ သူကောင်ပစ်ရာ သခြေင်း၌ အိပ်စေ၍ လာခဲ့လော့''ဟု ဆို၏။ အထိန်းမိန်းမသည် မိဖုရားကြီး ဆိုတိုင်းပြုပြီးလျှင် ရေချိုး၍ ပြန်ခဲ့၏။

ရေ၌ မျောခံရခြင်း

ကောသလမင်းသည်လည်းသေ၍ သား၏ ကိုယ်စောင့်နတ်ဖြစ်၏။ ထိုနတ်၏ အာနုဘော်ကြောင့် တစ်ယောက်သော ဆိတ်ကျောင်းသား၏ ဆိတ်တို့သည် ထိုအရပ်၌ ကျက်စားကုန်သည်ရှိသော် ဆိတ်မတစ်ခုသည် ထိုမင်းသားကိုမြင်လျှင် ချစ်ခြင်းကို ဖြစ်စေလျက် နို့တိုက်၍ အတန်ငယ် ကျက်စားသဖြင့် တစ်ဖန် လာလတ်၍ နှစ်ကြိမ်,သုံး ဘိမ်,လေးကြိမ် နို့တိုက်၏။ ဆိတ်ကျောင်းသားသည် ထိုဆိတ်မအမူအရာကိုမြင်လျှင် ထိုအရပ်သို့ သွားသဖြင့် သူငယ်ကို မြင်၍ သားဟူသောချစ်ခြင်းကို ဖြစ်စေပြီးလျှင် ရေချိုး၍ မိမိမယားအား ပေး၏။ ထိုမယားသည်ကား သားမရှိ။ ထို့ကြောင့် ထိုမယားအား နို့ရည်မရှိ။ ထိုအခါ ထိုသူငယ်ကို ဆိတ်နို့ရည်ကိုသာလျှင် တိုက်၏။ ထိုနေ့မှစ၍ နေ့တိုင်း နေ့တိုင်း နှစ်ခု သုံးခုသော ဆိတ်မတို့သည် သေကုန်၏။ ဆိတ်ကျောင်းသားသည် ''ဤသူငယ်ကို မေ့မြုံသည်ရှိသော် အလုံးစုံသောဆိတ်မတို့သည် သေကုန်လတ္တံ့၊ ငါတို့အား ဤသူငယ်ဖြင့် အဘယ်အကျိုးရှိအံ့နည်း''ဟု ကြံ၍ ထိုသူငယ်ကို တစ်လုံးသော မြေအိုး၌ အိပ်စေပြီးလျှင် စခန်းတစ်ခုဖြင့် ပိတ်၍ ပဲမှုန့်ညက်ဖြင့် အိုးဝကို ဟင်းလင်းမရှိအောင် လိမ်းကျံ၍ မြစ်၌ခမျာ၏။

ဒွန်းစက္ကားသား ဖြစ်ရခြင်း

မြစ်၌မျောသော ထိုအိုးကို အောက်ဆိပ်၌ မင်းအိမ်၌ ဆေးမြည့်သည်ကို တစ်ဖန် ပြုပြင်တတ်သော ဒွန်းစက္ကားတစ်ယောက်သည် မယားနှင့်တကွ ခဝါဖွပ်သည်ရှိသော် မြင်၍ လျင်မြန်စွာသွားသဖြင့် ဆောင်ယူ

www.dhammadownload.com

ဆယ်တင်၍ ကမ်းဦးထားပြီးလျှင် "ဤအိုးဦး အသို့နည်း" ဟုဖွင့်၍ ကြည့်လတ်သော် သူငယ်ကို မြင်လေ၏။ ထိုဒုန်းစက္ကားမယားသည်လည်း သားမရှိ။ ထို့ကြောင့် သူငယ်ဦး သားဟူသော ချစ်ခြင်းသည် ဖြစ်၏။ ထိုအခါ သူငယ်ကို အိမ်သို့ဆောင်ယူ၍ မွေးကျေး၏။ ထိုသူငယ်ကို ခုနစ်နှစ်, ရှစ်နှစ်အရွယ်မှစ၍ မိဘတို့သည် မင်းအိမ်သို့သွားကုန်သည် ရှိသော် ခေါ်၍ သွားကုန်၏။

မင်းသမီးကို ရခြင်း

တစ်ဆယ့်ခြောက်နှစ်အရွယ် ရှိသောအခါမှစ၍ ထိုသတို့သားသာလျှင် များစွာသွား၍ ဆွေးမြည့်ဟောင်းနွမ်းသည်တို့ကို တစ်ဖန် ပြုပြင်ခြင်းကို ပြို၏။ မင်း၏ မိဖုရားကြီးအားလည်း ကုရုဂ်ဒေဝီ အမည်ရှိသော မြတ်သောအဆင်းကို ဆောင်သော သမီးတော်သည် ရှိ၏။ ထိုကုရုဂ်ဒေဝီမင်းသမီးသည် ထိုသတို့သားကို မြင်ရသောအခါမှ စ၍ ထိုသတို့သားဦး တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ တစ်ပါးသောအရပ်၌ မမွေ့လျော်။ ထိုသတို့သားအမူလုပ်ဆောင်ရာ အရပ်သို့သာလျှင် လာ၏။ မပြတ် မြင်ရသဖြင့် အချင်းချင်း တပ်စွန်းသောစိတ်ရှိကုန်သော ထိုသူနှစ်ယောက်တို့သည် မင်းအိမ်အတွင်း၌သာလျှင် ဖုံးလွှမ်းအပ်သော အရပ်၌ လွန်ကျူးခြင်းသည် ဖြစ်၏။ ကာလရှည်ခြင်းသို့ ဇရာက်လတ်သော် အလုပ်အဆက်မိန်းမတို့သည် သိကုန်၍ ခမည်းတော်မင်းကြီးအား ကြားဝံလျှောက်ကြကုန်၏။ ခမည်းတော်မင်းကြီးသည် အမျက်ထွက်၍ မှူးတော်တို့ကို စည်းဝေးစေပြီးလျှင် "ဤဒုန်းစက္ကားသားသည် ဤမည်သောအမှုကို ပြုကျင့်၏၊ ဤဒုန်းစက္ကားသားအား ပြုအပ်သည်ကို သိကုန်လော့" ဆို၏။

မှူးတော် မတ်တော်တို့သည် "ဤသူကား အပြစ်ကြီးစွာ၏၊ အထူးထူးအပြားပြားသော မင်းဒဏ်ပေးခြင်းကို ပြုစေပြီး၍ နောက်မှ သတ်ခြင်းငှာ သင့်၏" ဟု ဆိုကုန်၏။ ထိုဓဏ္ဍ မင်းသား အဘဖြစ်သော ကိုယ်စောင့်နတ်သည် ထိုမင်းသား မှယ်ဘော်မိဖုရားကြီးကိုယ်၌ ပူးဝင်၏။ ထိုမိဖုရားကြီးသည် နတ်၏ အာနုဘော်ကြောင့် မင်းသို့ကပ်၍ "မြတ်သော မင်းကြီး....ဤသတို့သားသည် ဒုန်းစက္ကားသား မဟုတ်ပါ။ ဤသတို့သားသည် အကျွန်ုပ်၏ ဝမ်းဦးဖြစ်သော ကောသလ မင်းသားတည်း၊ အကျွန်ုပ်သည် ငါးသားသေပြီဟု အရှင်မင်းကြီးအား မုသာဝါဒဖြင့်

www.dhammadownload.com

ပြောဆို၏၊ အကျွန်ုပ်သည် ဤမင်းသားကို အရှင်မင်းကြီး၏ ရန်သူသားတည်းဟု အထိန်းတော်တို့ကို ပေး၍ သူသေကောင်ပစ်ရာ သုသာန်၌ စွန့်စေ၏၊ ထိုအခါ ထိုသူငယ်ကို တစ်ယောက်သော ဆိတ်ကျောင်းသားသည် မေ့းကျေး၏၊ ထိုဆိတ်ကျောင်းသားသည် မိမိဆိတ်မတို့သည် သေကုန်သည် ရှိသော်မြစ်၌ မျောလိုက်၏၊ ထိုအခါမြစ်၌မျောသော ထိုသူငယ်ကို အရှင်မင်းကြီးတို့ နန်းတော်၌ ဆွမ်းမြည့်ဟောင်းနွမ်းသည်တို့ကို တစ်ဖန် ပြုပြင်တတ်သော ဒွန်းစက္ကားသည် မြင်၍ မေ့မြူပါ၏။ အကယ်၍ ယုံတော်မမူကုန်အံ့၊ ထို အလုံးစုံသောသူတို့ကို ခေါ်စေတော်မူ၍ မေးတော်မူကုန်လော့''ဟု တင်လျှောက်၏။ မင်းသည် အထိန်းကို အစပြု၍ အလုံးစုံသောသူတို့ကို ခေါ်စေတော်မူ၍ မေးလျှင် ထိုမိဖုရားကြီးဆိုတိုင်း ထို အကြောင်းကို အဟုတ်အမှန်အားဖြင့် သိတော်မူ၍ ဤမင်းသားသည် အမျိုးနှင့်ပြည့်စုံသော မင်းသားပေတည်းဟု နှစ်သက်သည်ဖြစ်၍ ထိုမင်းသားကို ရေချိုးစေပြီးလျှင် တန်ဆာဆင်၍ ထိုမင်းသားအားသာလျှင် သမီးတော် ကုရုဂ်ဒေဝီကို ပေးတော်မူ၏။

မိဖုရား ယုတ်မာပုံ

ထိုမင်းသားအားကား ဆိတ်မတို့သေသည်၏ အဖြစ်ကြောင့် ဋ္ဌိတကုမာရ ဟူသောအမည်ကို မှည့်ကုန်၏။ ထိုအခါ မင်းသားအား ခမည်းတော်မင်းကြီးသည် စစ်သည်ဗိုလ်ပါ ဆင်မြင်းနှင့်တကွ ပေးတော်မူ၍ ''မောင့်ခမည်းတော်၏ ဥစ္စာဖြစ်သော ကောသလတိုင်း သာဝတ္ထိပြည်ကြီးကို ယူချေလော့''ဟု ဋ္ဌိကမင်းသားကို လွှတ်လိုက်၏။ ထိုဋ္ဌိကမင်းသားသည် ကုရုဂ်ဒေဝီ မင်းသမီးကိုယူ၍ သွားပြီးလျှင် ကောသလမင်း အဖြစ်၌တည်လေ၏။ ထိုအခါ ထိုကောသလမင်းသားအား ဗာရာဏသီမင်းကြီးသည် ''ဤ ကောသလမင်းသားသည် အတတ်ပညာ မသင်ရသေး'' ဟု အတတ်ပညာ သင်စိမ့်သောငှာ ဆဋ္ဌဂ်ကုမာရ အမည်ရှိသော ဆရာကို စေလိုက်၏။ ထိုမင်းသားသည် ဆဋ္ဌဂ်ကုမာရ ဆရာအား ''ဤသူသည် ငါ၏ ဆရာပေတည်း''ဟု စစ်သူကြီးအရာကို ပေး၏။ နောက်အဖို၌ ကုရုဂ်ဒေဝီသည် ထို ဆဋ္ဌဂ်ကုမာရဆရာနှင့်တကွ လွန်ကျူးသော အမှုကိုပြု၏။ ထို ဆဋ္ဌဂ်ဆရာ စစ်သူကြီးအားလည်း မနှစ်သိမ့်အမည်ရှိသော အလုပ်အကျွေးသည် ရှိ၏။ ထိုစစ်သူကြီးသည် ထိုအလုပ်အကျွေးလက်၌ အဝတ်တန်ဆာ စသည်တို့ကို ပေးအပ်၍ ကုရုဂ်ဒေဝီအား ပို့စေ၏။ ထို ကုရုဂ်ဒေဝီ

www.dhammadownload.com

သည် ထိုစစ်သူကြီး အလုပ်အကျေးဖြစ်သော မနန္တေဝါသီနှင့်လည်းတကွ ယုတ်မာသောအကျင့်ကို ကျင့်၏။

ထိုအခါ၌လည်း ကုဏာလင့်က်မင်းသည် ဆင္ဒင်္ကုမာရ ဆရာဖြစ်၏၊ ထို့ကြောင့် မိမိမြင်ဖူးသော ထိုအကြောင်းကို ထုတ်ဆောင်ပြလိုသည်ဖြစ်၍ 'ဒိဋ္ဌာ မာယာ' အစရှိသော ဂါထာကို ဆို၏။

(၅) ဗြဟ္မဒတ်မင်း မယ်တော်

ငါးခုမြောက်သော ဗြဟ္မဒတ်မင်း မယ်တော်အကြောင်းကား--

လွန်လေပြီးသောအခါ၌ ကောသလမင်းသည် ဗာရာဏသီပြည်ကို သိမ်းယူပြီးလျှင် ဗာရာဏသီမင်း၏ ကိုယ်ဝန်ရှိသော မိဖုရားကို မိမိမိဖုရားကြီးပြု၍ မိမိပြည်သို့လျှင် ပြန်ခဲ့၏။ ထို မိဖုရားကြီးသည် နောက်အဖို့၌ သားယောကျ်ားဖွား၏။ ကောသလမင်းသည် သားမရှိသည်၏ အဖြစ်ကြောင့် သားဟူသောချစ်ခြင်းဖြင့် မွေးမြူ၍ ခပ်သိမ်းသောအတတ်တို့ကို သင်စေပြီးလျှင် အရွယ်ရောက်လတ်သော် "မိမိခမည်းတော်၏ ဥစ္စာဖြစ်သော ဗာရာဏသီပြည်ကို ယူချေလော့" ဟု စေလိုက်၏။ ထိုဗြဟ္မဒတ်မင်းသားသည် ဗာရာဏသီပြည်သို့သွား၍ မှင်းပြု၏။

မယ်တော် ယုတ်မာပုံ

ထိုအခါ ဗြဟ္မဒတ်မင်းသား မယ်တော်မိဖုရားကြီးသည် "သားတော် ဗြဟ္မဒတ်မင်းသားကို ဖူးမြင်လိုသည်ဖြစ်၏" ဟု ကောသလမင်းကို ပန်ကြားပြီးလျှင် မျှားစ့ဉာသောအခြံအရံဖြင့် ဗာရာဏသီပြည်သို့ သွားသည်ရှိသော် ကာသိတိုင်း, ကောသလတိုင်း နှစ်တိုင်းတို့၏ အကြားဝယ် တစ်ခုသောနိဂုံး၌ တည်းနေခြင်းကို ပြု၏။ ထိုနိဂုံး၌ ပဉ္စာလစန္ဒာ အမည်ရှိသော ပုဏ္ဏားသတို့သားတစ်ဒယောက် ရှိသည်။ အလွန် အဆင်းလှ၏။ ထို ပဉ္စာလစန္ဒာ ပုဏ္ဏားသည် ထိုမိဖုရားအား လက်ဆောင်ပဏ္ဏာ တို့ကို ဆက်၏။ မိဖုရားကြီးသည် ပဉ္စာလစန္ဒာပုဏ္ဏားကို မြင်လျှင် တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ထိုပဉ္စာလစန္ဒာနှင့်တကွ ယုတ်မာသောအကျင့်ကို ကျင့်ပြီးလျှင် ထိုနိဂုံး၌ နှစ်ရက် သုံးရက် လွန်စေ၍ ဗာရာဏသီပြည်သို့ သွား၍ သားတော်ကို ဖူးမြင်ခဲ့ပြီးလျှင် လျင်မြန်စွာပြန်ခဲ့၍ တစ်ဖန် နိဂုံး၌သာလျှင် တည်းနေခြင်းကိုပြု၍ နှစ်ရက် သုံးရက် ထို ပဉ္စာလစန္ဒာနှင့်တကွ လွန်ကျူး

www.dhammadownload.com

သော အကျင့်ကိုကျင့်ပြီး၍ ကောဿလတိုင်းသို့ သွားလေ၏။ ထိုမိဖုရားကြီးသည် ထိုအခါမှစ၍ မကြာမြင့်မီသာလျှင် ထိုထိုသို့သော အကြောင်းကို ပြောဆို၍ "သားတော်အထံသို့ သွားပါအံ့" ဟု မင်းကို ပန်ကြား၍ သော်လည်းကောင်း၊ ပြန်သော်လည်းကောင်း ထိုနိဂုံး၌သာလျှင် လခွဲအတိုင်းအရှည်ကာလ ထိုပဉ္စာလဇန္ဒာနှင့်တကွ လွန်ကျူးသောအကျင့်ကို ကျင့်လေ၏။

ထိုအခါ၌လည်း ကုဏ္ဍာလ ငှက်မင်းသည် ပဉ္စာလစန္ဒာ ဖြစ်၏၊ ထို့ကြောင့် မိမိသည် သိမြင်ဖူးသောထိုအကြောင်းကို ထုတ်ဆောင်ပြလိုသည် ဖြစ်၍ "ဓဝဇ္ဈေ တံ မယာ ဉာတံ" အစရှိသော ဂါထာကို ဆို၏။

[ဧတာ စ အညာ စ အကံသု ပါပံ-အစရှိသော ဂါထာတို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာ၌ ကျိသို့ အကျယ်ပြအပ်၏။]

မိန်းမအားလုံး ယုတ်မာကြောင်း

အဆေ့ပုဏ္ဏမုခ....ကျွဲ ငါးယောက်ကုန်သော မိန်းမတို့သည်သာလျှင် ယုတ်မာသောအကျင့်ကို ကျင့်ကုန်၏။ ကျွဲငါးယောက်မှ တစ်ပါးသော မိန်းမတို့သည်ကား ယုတ်မာသောအကျင့်ကို မကျင့်ကုန်ဟု မမှတ်လေနှင့်။ စင်စစ်သော်ကား ကျွဲငါးယောက်သော မိန်းမတို့သည် လည်းကောင်း၊ တစ်ပါးသော မိန်းမတို့သည် လည်းကောင်း မျှားစွာသော မကောင်းမှုတို့ကို ပြုတတ်ကုန်၏။ ဇဂတိဟု ဆိုအပ်သော ကျွဲမြေကြီးသည် အမျက်ဒေါသ မရှိသောကြောင့် အလုံးစုံသော ဝတ္ထုတို့၌ တူမျှသော တပ်ခြင်းရှိသည်ဖြစ်၍ အလုံးစုံသော အယုတ်အမြတ် ဖြစ်ကုန်သော ဝတ္ထုတို့၏ တည်ရာဖြစ်သကဲ့သို့ ထို့အတူ မိန်းမတို့သည်လည်း ကိလေသာ၏ အစုမ်းဖြင့် အလုံးစုံသော အယုတ်အမြတ် ဖြစ်ကုန်သော ယောကျ်းတို့၏တည်ရာဖြစ်ကုန်၏။ ထိုစကားသည် မှန်၏၊ ထိုမိန်းမတို့သည် အခွင့်ရကုန်သည်ရှိသော် တစ်စုံတစ်ယောက်သော သူနှင့်တကွ ယုတ်မာသော အကျင့်ကို ကျင့်ကုန်၏။ ကျွဲမြေကြီးသည် အလုံးစုံကိုသာလျှင် သည်းခံသကဲ့သို့ မတုန်လှုပ်သကဲ့သို့ မပျက်စီးသကဲ့သို့ ထို့အတူ မိန်းမတို့သည်လည်း အလုံးစုံ အယုတ်အမြတ် ဖြစ်ကုန်သော ယောကျ်းတို့ကို ကိလေသာ၌ သာယာခြင်း၏ အစွမ်းဖြင့်လျှင် သည်းခံတတ်ကုန်၏။ အကယ်၍ ထိုမိန်းမတို့၏

www.dhammadownload.com

စိတ်၌ တစ်စုံတစ်ယောက်သော ယောကျ်ားသည် တည်ငြားအံ့၊ ဤသို့ စိတ်၌ တည်သည်ရှိသော် ထိုယောကျ်ားကို စောင့်အံ့သောငှာ စဉ်းငယ်မျှ လည်း မတုန်လှုပ် မရှေ့မပြောင်း အုတ်အုတ်ကျက်ကျက်ကို မပြု၊ ဤမြေကြီးသည် မပျက်စီးသကဲ့သို့ မတုန်လှုပ်သကဲ့သို့ ထို့အတူ မိန်းမတို့သည် မေထုန် ကာမအကျင့်ဖြင့် မပျက်စီးကုန် မတုန်လှုပ်ကုန်၊ ထိုမေထုန် ကာမအကျင့်ဖြင့် ပြည့်ခြင်းငှာ မတတ်နိုင်ကုန်။

မိန်းမတို့ခြသေ့နှင့်တူပုံ

သားအပေါင်းတို့၏ အသွေးအသားကို သောက်ထုတ် ဖမ်းစားတတ်သော အလွန်ရက်ရော ကြမ်းကြုတ် ခက်ထန်သော ခြသေ့အားခြေလက်လေးဘက် နှုတ်သီးဟူသော လက်နက်ငါးပါးရှိသကဲ့သို့ ထို့အတူ မိန်းမတို့အား အဆင်း အသံ အနံ့ အရသာ အတွေ့ဟူသော လက်နက်ငါးပါးတို့သည် ရှိကုန်၏။

ထိုခြသေ့သည် မိမိအစာဖြစ်သော သားငါး တိရစ္ဆာန်တို့ကို ဖမ်းယူသည်ရှိသော် ထိုလက်နက်ငါးပါးတို့ဖြင့် ဖမ်းယူသကဲ့သို့ ထို့အတူ မိန်းမတို့သည်လည်း ကိလေသာတည်းဟူသော အစာကို ဆောင်ယူလိုသည်ရှိသော် အဆင်း အစရှိကုန်သော လက်နက်ငါးပါးတို့ဖြင့် ပစ်သတ်၍ ဆောင်ယူတတ်ကုန်၏။ ထိုခြသေ့သည် ကြမ်းကြုတ် ခက်ထန်သည်ဖြစ်၍ နိုင်ထက်မူလျက် စားတတ်သကဲ့သို့ ထို့အတူ မိန်းမတို့သည်လည်း ကြမ်းကြုတ် ခက်ထန်ကုန်၏၊ နိုင်ထက်မူ၍ စားတတ်ကုန်၏။ ထိုစကားသည် လျင်မှန်၏၊ ထိုမိန်းမတို့သည် သီလရှိကုန်သော ယောကျ်ားတို့ကိုလည်း မိမိတို့၏အစွမ်းဖြင့် နိုင်ထက်မူခြင်းကိုပြု၍ သီလ၏ပျက်စီးခြင်းသို့ ရောက်စေတတ်ကုန်၏။ ထိုခြသေ့သည် သူတစ်ပါးကို ညှဉ်းဆဲခြင်း၌ မွေ့လျော်သကဲ့သို့ ထို့အတူ မိန်းမတို့သည်လည်း ကိလေသာ၏အစွမ်းဖြင့် သူတစ်ပါးကို ညှဉ်းဆဲခြင်း၌ မွေ့လျော်ကုန်၏။ ဤသို့သော မကောင်းသော ဂုဏ်ကျေးဇူးမဲ့နှင့် ပြည့်စုံကုန်သော မိန်းမတို့ကို ယောကျ်ားဖြစ်သော သူသည် အကျွမ်းမဝင်ရာ။ အဆွေပုဏ္ဏမုခ ထိုမိန်းမတို့အား ဝေသီအစရှိကုန်သော အကြင်အမည်တို့သည် ထိုမိန်းမတို့အား သဘောအားဖြင့် အမည် မဟုတ်ကုန်။ အကြင်မိန်းမတို့ကို ဝေသီဟူ၍ လည်းကောင်း၊ နာရီဟူ၍ လည်းကောင်း၊ ဂမနီဟူ၍ လည်းကောင်း၊ ဗန္ဓကီဟူ၍ လည်းကောင်း မဆိုအပ်ကုန်။ [ဤဝေသီ အစရှိသည်တို့ကား မိန်းမဟော ပရိယာယ်သဒ္ဒါချည်း။]

www.dhammadownload.com

မိန်းမအလိုလိုက် မင်းလူမိုက်

ထိုမိန်းမတို့သည် ဝေသီမည်သည် မဟုတ်ကုန်၊ ဂမနီမည်သည် မဟုတ်ကုန်၊ ဗန္ဓကီမည်သည် မဟုတ်ကုန်။ သဘောအားဖြင့်ကား ထိုမိန်းမတို့သည် လင်ကိုသတ်တတ်သည် မည်ကုန်၏၊ လင်ကို သတ်တတ်ကုန်၏။ ထိုအနက်ကိုကား....

မာယာ စေတာ မရီစီ စ၊ သောကာ ရောဂါ စုပဒ္ဒဝါ။
ခရာ စ ဗန္ဓနာ စေတာ၊ မစ္စုပါသဂုဟာသယာ။
တာသု ယော ဝိဿဇ္ဇေ ပေါသော၊
သော နရေသု နရာဓမော—

ဟူသော မဟာဟံသ ဇာတ်ဂါထာဖြင့် ပြအပ်၏။

ဂါထာ အနက်ကား....

တောက္ကတ္ထိယော၊ ထိုမိန်းမတို့သည်။ မာယာ၊လှည့်ပတ်တတ်ကုန်၏။ မရီစီ၊ တံလှပ်နှင့်တူကုန်၏။ သောကာ၊ စိုးရိမ်ကြောင့်ကြခြင်းကို ပြုတတ်၏။ ရောဂါ၊ အနာရောဂါကို ပြုတတ်၏။ ဥပဒ္ဒဝေါ စ၊ ဘေးရန်ကိုလည်းပြုတတ်၏။ တော၊ ထိုမိန်းမတို့သည်။ ခရာ စ၊ အမျက်ဒေါသအားဖြင့် ကြမ်းကြုတ်ကုန်၏။ ဗန္ဓနာ စ၊ သတ်ခြင်း နှောင်ဖွဲ့ခြင်း၏ အကြောင်းလည်း ဖြစ်ကုန်၏။ စေတာ၊ ထိုမိန်းမတို့သည်။ မစ္စုပါသာ၊ သေမင်း၏ကျော့ကွင်း မည်ကုန်၏။ ဂုဟာလယာ၊ ကိုယ်တည်းဟူသော လိုဏ်ကိုမှီကုန်၏။ တာသု၊ ထိုမိန်းမတို့၌ ယော ပေါသော၊ အကြင်ယောကျ်ားသည်။ ဝိဿသေ၊ အကျွမ်းဝင်အံ့။ သော ပေါသော၊ ထိုယောကျ်ားသည်။ နရေသု၊ ယောကျ်ားတို့တွင်။ နရာဓမော၊ ယောကျ်ားယုတ်သည်။ ဟောတိ၊ ဖြစ်၏။

မိန်းမတို့ မရောင့်ရဲမှု ၃-ပါး

ဦးသျောင်ကိုထုံး၍ တောအုပ်၌တည်သော ခိုးသူသည် ဥစ္စာကို လုယက်ဘိသကဲ့သို့ ထို့အတူ ထိုမိန်းမတို့သည်လည်း ကံလေသာနှိုင်ငံသို့ ဆောင်ယူ၍ ယောကျ်ားအပေါင်းကို လုယက်ဖျက်ဆီးတတ်ကုန်၏။ အဆိပ်နှင့်ရောသော သုရာသည် ဖောက်ပြန်ခြင်းကို ပြတတ်သကဲ့သို့ ထို့အတူ ထိုမိန်းမတို့သည်လည်း ယောကျ်ားအစ်ပါးတို့၌ တပ်စွဲမ်းသောစိတ် ရှိသည်ဖြစ်၍ ပြုအပ်သည်၊ မပြုအပ်သည်ကို မသိကုန်သည်ဖြစ်၍ တစ်ပါးကို ပြု

www.dhammadownload.com

သည်ရှိသော် တစ်ပါးကိုလျှင် ပြုကုန်သည်ဖြစ်၍ ဖောက်ပြန်ခြင်းကို ပြုတတ်ကုန်၏။ ကုန်သည်သည် မိမိကုန်၏ ကျေးဇူးကိုသာလျှင် ချီးမွမ်းပြောပသကဲ့သို့ ထို့အတူ ထိုမိန်းမတို့သည်လည်း မိမိတို့ ဂုဏ်ကျေးဇူးမဲ့ကို ဖုံးလွှမ်း၍ ဂုဏ်ကျေးဇူးကိုသာလျှင် ပြုတတ်ကုန်၏။ စံသည် လျင်မြန်စွာပြန်၍ တည်သကဲ့သို့ ထို့အတူ မိန်းမတို့သည်လည်း လျင်သောစိတ်ရှိသည်၏ အဖြစ်ကြောင့် လျင်သောအပြန် ရှိသည်သာလျှင် ဖြစ်ကုန်၏။ မြေသည် လျာနှစ်ခုရှိသကဲ့သို့ ထိုမိန်းမတို့သည်လည်း မုသားဆိုတတ်သည်၏ အဖြစ်ကြောင့် လျာနှစ်ခုရှိသည် မည်ကုန်၏။ ပျဉ်ဖြင့် ဖုံးအုပ်သော မစင်တွင်းကဲ့သို့ ထို့အတူ ထိုမိန်းမတို့သည်လည်း အင်တိတန်ဆာဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်၍ သွားတတ်ကုန်၏။ အမှိုက်ဖြင့် ဖုံးလွှမ်းအပ်သောတွင်းသည် နင်းမိသည်ရှိသော သူတစ်ပါး၏ ဆင်းရဲခြင်းကို ဖြစ်စေတတ်သကဲ့သို့ ထို့အတူ ထိုမိန်းမတို့သည်လည်း အကျမ်းဝင်သဖြင့် မှီဝဲသည်ရှိသော် သူတစ်ပါး၏ဆင်းရဲကို ဖြစ်စေတတ်ကုန်၏။ မဟာသမုဒ္ဒရာ၌ ပါတာလမုခသည် ရေဖြင့်ပြည့်နှိုင်ခဲသကဲ့သို့၊ [ပါတာလမုခဟူသည် ဗလဝါမုခပင်တည်း။] ထို့အတူ မိန်းမတို့သည်လဲည်း မေထုန် ကာမအကျင့်ကိုလည်းကောင်း၊ သားဖွားခြင်းဖြင့်လည်းကောင်း၊ တန်ဆာဆင်ခြင်းဖြင့် လည်းကောင်း ဤသုံးပါးသော အကြောင်းတို့ဖြင့် ပြည့်နှိုင်ခဲကုန်၏။ ထို့ကြောင့်လျှင် သဗ္ဗညု မြတ်စွာဘုရားသည်—

တိဏ္ဏံ ဘိက္ခဝေ ဓမ္မာနံ အတိတ္တော်ာ မာတုဂါမော—

အစရှိသည်တို့ကို ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တိဏ္ဏံဓမ္မာနံ၊ မေထုန်အကျင့် သားဖွားခြင်း တန် ဆာ ဆင် ခြင်း ဟူသော သုံးပါးသော အကြောင်းအရာတို့ဖြင့်။ အတိတ္တော်ာ၊ မရောင့်ရဲသည်ဖြစ်၍။ မာတုဂါမော၊ မိန်းမသည်။ ကာလံ ကရောတိ၊ သေရ၏။

အဆိပ်နှင့် မိန်းမ

ရက္ခိုဿ ဘီလူးမသည် သားဟင်းမျိုးကိုသာ တပ်မက်မောသောကြောင့် ဥစ္စာဖြင့် ရောင့်ရဲခြင်းငှာ မတတ်နိုင်။ များစွာသော ဥစ္စာကို လည်းပြုပယ်၍ သားဟင်းမျိုးကိုသာလျှင် ဇောင့်တသကဲ့သို့ ထို့အတူ ထို့

www.dhammadownload.com

မိန်းမတို့သည်လည်း မေထုန်ကာမ၌ တပ်မက်မောသောကြောင့် မျှားစွာသော ဥစ္စာဖြင့်လည်း မရောင့်ရဲနိုင်ကုန်၊ ဥစ္စာကို မဒရတွက်မူ၍ မေထုန်အကျင့်ကိုသာလျှင် တောင့်တကုန်၏။ ယမမင်းသည် စင်စစ်လျှင် စိစစ်တတ်သည်ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မရှောင်ကြဉ်သကဲ့သို့ ထို့အတူ မိန်းမသည်လည်း အမျိုးနှင့်ပြည့်စုံခြင်း အစရှိသောသူတို့တွင် တစ်စုံတစ်ယောက်သောသူကိုမျှ မရှောင်ကြဉ်ကုန်။ အလုံးစုံသော ယောကျ်ားကို ကိုလေသာ၏ အစွမ်းဖြင့် သီလ၏ ပျက်စီးခြင်း အစရှိသည်သို့ ရောက်စေ၍ နှစ်ကြိမ်ဖြစ်မြောက်သော ပဋိသန္ဓေစိတ် အလှည့်၌ ငရဲသို့ ဆောင်တတ်ကုန်၏။ မီးသည် စင်ကြယ်သော ဝတ္ထုကိုလည်းခံကောင်း၊ မစင်ကြယ်သော ဝတ္ထုကို လည်းကောင်း အလုံးစုံ ကောင်းမကောင်းကို မလောင်တတ်သကဲ့သို့ ထို့အတူ ထိုမိန်းမတို့သည်လည်း အယုတ်အမြတ် ဖြစ်ကုန်သော အလုံးစုံသော ယောကျ်ားတို့ကို မှီဝဲတတ်ကုန်၏။

မြစ်သည် အလုံးစုံ ကောင်းမကောင်းဖြစ်ခဲသော ဝတ္ထုကို မျှောတတ်သကဲ့သို့ ထို့အတူ ထိုမိန်းမတို့သည်လည်း အလုံးစုံ အယုတ်အမြတ် ဖြစ်ကုန်သော ယောကျ်ားတို့နှင့် ဆက်ဆံတတ်ကုန်၏။ လေသည် မိမိအလိုရှိရာအရပ်သို့ ပြေးသွားတတ်သကဲ့သို့ ထို့အတူ ထိုမိန်းမတို့သည်လည်း အကြင်အရပ်၌ အလိုရှိ၏၊ ထိုအရပ်သို့သာလျှင် ပြေးသွားတတ်ကုန်၏။ ဟိမဝန္တာဌ်နေရှုမည်သော တစ်ခုသောရှေတောင်ရှိ၏၊ ထိုရှေတောင်သို့ ကပ်ရောက်လာကုန်သောကျီးတို့သည်လည်း ရှေအဆင်းနှင့်တူသော အဆင်းရှိကုန်သည်သာလျှင် ဖြစ်ကုန်၏။ ထိုနေရှုမည်သော ရှေတောင်သည် အထူးမရှိသည်ကိုပြု၍ မိမိသို့ကပ်ရောက်လာကုန်သောသူတို့ကို ထပ်တူထပ်မျှပြုသကဲ့သို့ ထို့အတူ ထိုမိန်းမတို့သည်လည်း အထူးမရှိသည်ကိုပြု၍ မိမိသို့ရောက်လာကုန်သော ယောကျ်းတို့ကို ထပ်တူထပ်မျှပြု၍ ရှုတတ်ကြကုန်၏။ သရက်ပင်နှင့် တူသော။ ကိုပက္ကမည်သောအဆိပ်ပင်သည် အမြဲလျှင် အသီးသီး၏ အဆင်း အစရှိသည်တို့နှင့်လည်း ပြည့်စုံ၏။ ထို့ကြောင့် ထိုအဆိပ်သီးကို ရှုံရှာခြင်း ကင်းကုန်သဖြင့် စားကုန်၍လျှင် သေကုန်သကဲ့သို့ ထို့အတူ ထိုမိန်းမတို့သည်လည်း အဆင်း အစရှိသည်တို့၏ အစွမ်းဖြင့် အမြဲ အသီးသီးကုန်သောကြောင့် မေ့လျော့ဖွယ်ကဲ့သို့ ဆင်ကုန်၏။ မိမိတို့ကို မှီဝဲကုန်သော သူတို့အား မေ့လျော့ခြင်းကို ဖြစ်စေ၍ အပါယ်ဒုက္ခသို့ ပါးတို့၌ ချတတ်ကုန်၏။ ထို့ကြောင့် သပ္ပဉ္ဉူ မြတ်စွာဘုရားသည်—

www.dhammadownload.com

၆၄၀ ပုံတော်စုံ-ငါးရာငါးဆယ် ဇာတ်ဝတ္ထု

အာယတိ• ဒေါသံ နာညာယ၊ ယေ ကာမေ ပဋိသေဝတိ။
ဝိပါကံ တေ ဟနန္တိ နံ၊ ကိ• ပက္ကမိဝ ဘက္ခိတံ—

ဟူ၍ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့၊ ယော၊ အကြင်သူသည်။ အာယတိ•၊ နောင်အခါ၌။ ဒေါသံ၊ အပြစ်ကို။ နာညာယ၊ မသိမူ၍။ ယေကာဒေမ၊ အကြင် ကာမဂုဏ်တို့ကို။ ပဋိသေဝတိ၊ မှီဝဲ၏။ ဝိပါကံ၊ မှည့်သော။ ဘက္ခိတံ၊ စားအပ်သေး။ ကိ• ပက္ကမိဝ၊ ကိ• ပက္ကမည်သော သဆိပ်သီးကဲ့သို့။ တေ၊ ထိုကာမဂုဏ်တို့သည်။ နံ၊ ထိုမှီဝဲသောသူကို။ ဟနန္တိ၊ သတ်တတ်ကုန်၏။

မိန်းမတို့သည် အိမ်ရှင်ဖြစ်သော လင်တို့သည် ဆင်းရဲ ငြိုငြင်စွာ ဆည်းပူးအပ်သော ဥစ္စာရတနာတို့၏ အန္တဲ့ဆုယ်ကို ပြုတတ်ကုန်၏။ ထိုလင်တို့သည် ဆင်းရဲငြိုငြင်စွာ ဆည်းပူးအပ်သော ဥစ္စာ ရတနာကိုလည်း သူတစ်ပါးအား ပေး၍ ယုတ်မာသောအကျင့်ကို ကျင့်တတ်ကုန်၏။ (ဤသို့ အဋ္ဌကထာ၌ အကျယ်ပြအပ်၏။)

ပျက်တတ်ကြောင်း ၄-ပါး

ဤမှနောက်၌လည်း ကုဏ္ဍလ ဌက်မင်းသည် မိမိ၏ တရားဓမ္မ ဒေသနာကို တင့်တယ်စေသဖြင့် ထိုမိန်းမနှင့်တကွ ပျက်စီးသော အကြောင်းလေးပါးတို့ကို ထိုပုဏ္ဏမုခအား ပြပြန်လိုရကား—

၃၄၆။ "စတ္တာရိမာနိ သမ္မပုဏ္ဏမုခ"—
အစရှိသော သုံးဂါထာတို့ကို ဆို၏။

၃၄၆။ သမ္မပုဏ္ဏမုခ၊ အဆွေပုဏ္ဏမုခ။ စတ္တာရိ၊ လေးပါးကုန်သော။ ယာနိ ဣမာနိဝတ္ထူနိ၊ အကြောင်ဝတ္ထုတို့သည်။ ကိစ္စေ၊ ပြုဖွယ် ကိစ္စသည်။ ဇာတေ၊ ဖြစ်လတ်သော်။ အနတ္ထစရာနိ၊ အစီးအပွား မရှိကုန်သည်။ ဘဝန္တိ၊ဖြစ်ကုန်၏။ တာနိ၊ထိုလေးပါးသော ဝတ္ထုတို့ကို။ ပရကုလေ၊ သူတစ်ပါးတို့အိမ်၌။ နဝါသေတဗ္ဗာနိ၊ မနေစေအပ်ကုန်။ ဂဝါဏံ၊ နွားထီး လည်းကောင်း။ ဓေနု၊ နွားမလည်းကောင်း။ ယာနံ၊ ယာဉ် လည်း

www.dhammadownload.com

ကောင်း။ ဘရိယာ၊ မယားလည်းကောင်း။ ကျွတ်၊ ကျိသို့။ စတ္တာရိ၊ လေးပါး ကုန်သော။ ယာနိ၊ ဓနာနိ၊ အကြင်ဥစ္စာတို့သည်။ သေ့သော်၊ ရှိကုန်၏။ ဟေဝနိ၊ ထိုဥစ္စာတို့ကို။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ ဃရာ၊ မိမိ အိမ်မှ။ နိ ဝိပ္ပဝါသယေ၊ ကင်းရှင်းမနေစေရာ။ တတ္ထ၊ ကျိအရာ၌။ ပုန စ၊ တစ်ဖန်လည်း။ ဥတ္တရံ၊ အလွန်သော။ ဝါကံ့၊ ဂါထာစကားသည်။ ဘဝတိ၊ ဖြစ်၏။

၃၄၇။ ဂေါဏံ စ၊ နွားလားလည်းကောင်း။ ဓေနုံ စ၊ နွားမလည်းကောင်း။ ယာနဉ္စ၊ ယာဉ်လည်းကောင်း။ ဉာတိကုလေ၊ မိဘအိမ်၌။ ဘရိယံ စ၊ မယားလည်းကောင်း။ ကျွတ်၊ ကျိသို့။ စတ္တာရိ၊ လေးပါးကုန်သော။ ကျမာနိ ဝတ္ထူနိ၊ ကျိဝတ္ထုတို့ကို။ နိ ဝါသကော၊ မိမိအိမ်မှကင်း၍ မနေစေရာ။

၃၄၈။ အယာနကာ၊ ယာဉ်မရှိသော သူတို့သည်။ ရထံ၊ လှည်းရထားကို။ ဘဉ္ဇန္တီ၊ ဖျက်ဆီးကုန်၏။ အတိဝါဟေန၊ အလွန် လေးသော ဝန်ကို ဆောင်စေခြင်းဖြင့်။ ပုဂ်ဝံ၊ နွားလားကို။ ဟနန္တီ၊ သတ်တတ်ကုန်၏။ ဒေါဟေန၊ နို့ညှစ်သဖြင့်။ ဝစ္ဆကံ၊ နွားငယ်ကို။ ဟနန္တီ၊ သတ်တတ်ကုန်၏။ ဉာတိကုလေ၊ မိဘအိုမ်၌ရှိသော။ ဘရိယာ၊ မယားသည်။ ပဒုဿတိ၊ ပျက်တတ်၏။

ပျက်ရာအကြောင်း ၆-ပါး

ပျက်ရာသည် အကြောင်းလေးပါးတို့ကို ပြုပြီး၍ ပျက်ရာသည် အကြောင်းခြောက်ပါးကို ပြပြန်လိုရကား—

၃၄၉။ "ဆယိမာနိပုဏ္ဏမုခ"—
အစရှိသော အခဲ့နှင့်တကွ နှစ်ဂါထာတို့ကို ဆို၏။

၃၄၉။ သမ္မပုဏ္ဏမုခ၊ အဆေ့ပုဏ္ဏမုခ။ ဆ၊ ခြောက်ပါးကုန်သော။ ယာနိ ကျမာနိ ဝတ္ထူနိ၊ အကြင်ဝတ္ထုတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုခြောက်ပါးသော ဝတ္ထုတို့သည်။ ကိစ္စေ၊ ပြုဖွယ်ကိစ္စသည်။ ဇာတေ၊ ဖြစ်လတ်သော်။ အနတ္ထစရာနိ၊ အကျိုးမဲ့စီးပွားကို ကျင့်တတ်

www.dhammadownload.com

ကုန်သည်။ ဘဝန္တီ။ ဖြစ်ကုန်၏။ အဂုဏံ၊ ညှိုမရှိသော။ ဓနုဠ္ဟ၊ လေးလည်းကောင်း။ ဉာတိကုလေ၊ မိဘအိမ်၌။ ဘရိယာ စ၊ မယား လည်းကောင်း။ ပါရုံ၊ ထိုမှဘဂ်ကမ်း၌။ နာဝါ စ၊ လှေ လည်းကောင်း။ အက္ခဘဂ္ဂံ၊ ဝင်ရိုးကျိုးသော့။ ယာနဠ္ဟ၊ လှည်းရထား လည်းကောင်း။ ဒူရေ၊ အဝေး၌ ရှိသော။ မိတ္တော စ၊ အဆွေခင်ပွန်း လည်းကောင်း။ ပါပသဟာယကော စ၊ မကောင်းသော အဆွေခင်ပွန်း လည်းကောင်း။ ဣမာနိ ဆ၊ ဤ ခြောက်ပါးတို့သည်။ ကိစ္စေ၊ ပြုဖွယ်ကိစ္စသည်။ ဇာတော၊ ဖြစ်လတ်သော်။ အနတ္ထစရာနိ၊ အကျိုးစီးပွားမဲ့ကို ကျင့်တတ်ကုန်၏။ ဘဝန္တီ၊ ဖြစ်ကုန်၏။

လင်ကိုမထီမဲ့သော အကြောင်း ၈-ပါး

ပျက်ရာသည် အကြောင်းခြောက်ပါးတို့ကို ပြပြီး၍ ထို မိန်းမတို့သည် လင်ကို မထီမဲ့မြင်ပြုရာသည် အကြောင်းရှစ်ပါးကို ပြပြန်လိုရကား—

၃၅၀။ "အဋ္ဌဟိ ခလု သမ္မပုဏ္ဏမုခ"—
အစရှိသော ဤနှစ်ဂါထာတို့ကို ဆို၏။

၃၅၀။ သမ္မပုဏ္ဏမုခ၊ အဆေ့ပုဏ္ဏမုခ။ ခလု၊ စင်စစ်၊ အဋ္ဌဟိ၊ ရှစ်ပါးကုန်သော။ ဌာနေဟိ၊ အဘကြောင်းတို့ဖြင့်။ ဣတ္ထိ၊ မိန်းမသည်။ သာမိကံ၊ လင်ကို။ အဝဇာနာတိ၊ မထီမဲ့မြင် ပြုတတ်၏။ ဒလိဒ္ဓတာ၊ ဆင်းရဲသည်၏ အဖြစ်ဖြင့်လည်းကောင်း။ အာတုရတာ၊ ရောဂါနှိပ်စက်သည်၏ အဖြစ်ဖြင့် လှည်းကောင်း။ ဇိဏ္ဏတာ၊ အိုသည်၏ အဖြစ်ဖြင့် လည်းကောင်း။ သုရာသောဏ္ဍတာ၊ သေသောက်ကြူးသည်၏ အဖြစ်ဖြင့် လည်းကောင်း။ မုဒ္ဓတာ၊ အလှန်တွေဝေသည်၏ အဖြစ်ဖြင့် လှည်းကောင်း။ ပမတ္တတာ၊ သုရာယစ်သည်၏ အဖြစ်ဖြင့် လဲည်းကောင်း။ သဗ္ဗကိစ္စေသု၊ အလုံးစုံသော ကိစ္စတို့၌။ အနုဝတ္တနတာ၊ မယားအလိုသို့ လိုက်သည်၏ အဖြစ်ဖြင့်လည်းကောင်း။ သဗ္ဗဓနံ၊ အလုံးစုံသော ဥစ္စာကို။ အနုပ္ပဒါနေန၊ ပေးသဖြင့်လည်းကောင်း။ သမ္မပုဏ္ဏမုခ၊ အဆေ့ ပုဏ္ဏမုခ။ ဤမေဟိ အဋ္ဌဟိ ဌာနေဟိ၊ ဤ ရှစ်ပါးသော အကြောင်းတို့ဖြင့်။ ဣတ္ထိ၊ မိန်းမသည်။ သာမိကံ၊ လင်ကို။ အဝဇာနာတိ၊ မထီမဲ့မြင် ပြုတတ်၏။ ။ ဧတ္ထ၊ ဤအရာ၌။ အနုတ္တရံ၊ အတုမရှိသော။ ဝါကံ၊ ဤဂါထာစကားသည်။ ဘဝတိ၊ ဖြစ်၏။

www.dhammadownload.com

၃၅၁။ ဒလိဒ္ဓံ စ၊ ဆင်းရဲခြင်း လည်းကောင်း။ အာတုရဥ္စာပိ၊ ရောဂါနှိပ်စက်ခြင်း လည်းကောင်း။ ဇိဏ္ဏကဉ္စ၊ အိုခြင်းလည်းကောင်း။ သုဏ္ဍသောဏ္ဍကံ စ၊ သေသောက် ကြူးခြင်း ဖြင့် လည်း ကောင်း။ ပတ္တာမတ္တံ စ၊ သေယျစ်ခြင်းလည်းကောင်း။ မုဒ္ဓပတ္တဉ္စ၊ ဇတ္ဇဝေသောအဖြစ်သို့ ရောက်ခြင်းလည်းကောင်း။ ရတ္တံ၊ တပ်စွန်းသည်ဖြစ်၍။ သဗ္ဗကိစ္စေသု၊ အလုံးစုံသော ကိစ္စတို့၌။ အဟာပနံ၊ မိန်းမအလိုသို့ လိုက်ခြင်း လည်းကောင်း။ သဗ္ဗကာမ ပဒါနေန၊ အလုံးစုံသော အလိုကို ပေးခြင်းဖြင့် လည်းကောင်း။ ဣတိ-ဣမေဟိ၊ ဤ ရှစ်ပါးသော အကြောင်းတို့ဖြင့်။ ဣတ္ထိယော၊ မိန်းမတို့သည်။ သာမိကံ၊ လင်ကို။ အဝဇာနန္တီ၊ မထီမဲ့မြင် ပြုတတ်ကုန်၏။

ဤဂါထာတို့ဖြင့် လင်ကို မထီမဲ့မြင်ပြုရာသော အကြောင်း ရှစ်ပါးကို ပြပြီးလျှင် လင်၌ အပြစ်ကိုဆောင်ရာသည့် အကြောင်းကိုးပါးကို ပြပြန်လိုရကား—

ရောင့်တက်ကြောင်း ၉-ပါး

၃၅၂။ "နဝဟိ ခလု သမ္မပုဏ္ဏမုခ ဌာနေဟိ"— အစရှိသော ဤသုံးဂါထာတို့ကို ဆို၏။

၃၅၂။ သမ္မပုဏ္ဏမုခ၊ အဆေ့ပုဏ္ဏမုခ။ ခလု၊ စင်စစ်။ နဝဟိ-ဌာနေဟိ၊ ကိုးပါးသော အကြောင်းတို့ဖြင့်။ ဣတ္ထိ၊ မိန်းမတို့သည်။ ပဒေါသံ၊ လင်၌ အပြစ်ကို။ အာဟရန္တိ၊ ဆောင်တတ်ကုန်၏။ အာရာမ ဂမန သိလာ စ၊ ပန်းအရုံ အစရှိသည်သို့ သွားလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥယျာန ဂမန သိလာ စ၊ ဥယျာဉ်သို့ သွားလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ နဒီတိတ္ထံ ဂမန သိလာ စ၊ မြစ်ဆိပ်သို့ သွားလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဉာတိကုလ ဂမနသိလာ စ၊ မိဘအိမ်သို့ သွားလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပရကုလ ဂမန သိလာ စ၊ သူတစ်ပါးအိမ်သို့ သွားလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ အာဒါသ ဒုဿမဏ္ဍနာနုယောဂ မနုယုတ္တသိလာ စ၊ မှန်ကြည့်ခြင်း အဝတ်တန်ဆာဆင်ခြင်း၌ အလွန်လုံ့လပြုလေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ မဇ္ဇပါယိနီ စ၊ သေအရက်ကို သောက်လေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ နိလ္လောကန

www.dhammadownload.com

သီလာ စ၊ လေသာပြတင်းပေါက် စသည်ဖြင့် ကြည့်လေ့ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ သဒ္ဓါရဌဌာယိနီ စ၊ မိမိ၏ အင်္ဂါကြီးငယ်တို့ကိုပြလျက် အရာအကြောင်းမဟုတ်သည်၌ တည်လေ့ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ သမ္မပုဏ္ဏမုခ၊ အဆွဲ ပုဏ္ဏမုခ။ ခလု၊ စင်စစ်။ ဣမေဟိ နံဝဟိဌာနေဟိ၊ ဤ ကိုးပါးသော အကြောင်းတို့ဖြင့်။ ဣတ္တိ၊ မိန်းမတို့သည်။ ပဒေါသံ၊ လင်၌အပြစ်ကို။ အာဟရန္တိ၊ ဆောင်တတ်ကုန်၏။ တေ၊ ဤအရာ၌။ အနုတ္ထရံ၊ အတုမရှိသော။ ဝါကျံ၊ ဂါထာစကားသည်။ ဘဝတိ၊ ဖြစ်၏။

၃၅၃။ အာရာမသီလာ၊ ပန်းအရံ အစရှိသည်သို့ သွားလေ့ရှိ၏။ ဥယျာနံ၊ ဥယျာဉ်သို့ သွားလေ့ရှိ၏။ နဒီ၊ မြစ်ဆိပ်သို့ သွားလေ့ရှိ၏။ ဥာတိ၊ မိဘအိမ်သို့ သွားလေ့ရှိ၏။ ပရကုလံ၊ သူတစ်ပါးအိမ်သို့ သွားလေ့ရှိ၏။ အာဒါသ ဒုဿမဏ္ဍန အနုယုတ္တာ၊ မှန်ကြည့်ခြင်း အဝတ်တန်ဆာဆင်ယင်ခြင်း၌ အလွန်အားထုတ်လေ့ရှိ၏။ ယာစဏ္ဍတ္တိ၊ အကြင်မိန်းမသည်လည်း။ မဇ္ဇပါယိနီ၊ သေအရက်ကိုသောက်လေ့ရှိ၏။

၃၅၄။ ယာ စ၊ အကြင်မိန်းမသည်လည်း။ နိလ္လောကနသီလာ၊ လေသာပြတင်းပေါက် စသည်ဖြင့် ကြည့်လေ့ရှိ၏။ ယာ စ၊ အကြင်မိန်းမသည်လည်း။ သဒ္ဓါရဌဌာယိနီ၊ မိမိအင်္ဂါကိုကြီးငယ်ကိုပြလျက် အကြောင်းမဟုတ်သည်၌ တည်လေ့ရှိ၏။ နဝဟိ၊ ကိုးပါးကုန်သော။ တေဟိ ဌာနေဟိ၊ ထိုအကြောင်းတို့ဖြင့်။ ဣတ္ထီ၊ မိန်းမတို့သည်။ ပဒေါသံ၊ လင်၌အပြစ်ကို။ အာဟရန္တိ၊ ဆောင်တတ်ကုန်၏။

ဤဂါထာတို့ဖြင့် လင်၌အပြစ်ကို ဆောင်ရာသည် အကြောင်းကိုးပါးကို ပြပြီး၍ လေးဆယ်သောမာယာတို့ဖြင့် ယောကျ်ားတို့ကိုလွန်၍ ကျင့်ရာသည်ကို ပြလိုရကား—

"စတ္တာလီသေဟိ ခလု သမ္မပုဏ္ဏမုခ" ÷
အစရှိသော ပါဠိတို့ကို ဆို၏။

သမ္မပုဏ္ဏမုခ၊ အဆွဲပုဏ္ဏမုခ။ ခလု၊ စင်စစ်။ စတ္တာလီသာယ၊ လေးဆယ်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ ဣတ္ထီ၊ မိန်းမတို့သည်။

www.dhammadownload.com

ပုရိသံ၊ ယောကျ်ားကို။ အစ္စာစရတိ၊ လွန်ကျူးချေကျင့်၏။ ဝိဇမ္ဘတိ၊ ကိုယ်လက်ဆန့်၏။ ဝိနမတိ၊ ညွတ်၏။ ဝိလာသတိ၊ တင့်တယ်စံပယ်၏။ ဝိလဇ္ဇတိ၊ ရှက်နိုးသကဲ့သို့ ပြု၏။ နခေန၊ လက်သည်း ခြေသည်းဖြင့်။ နာခံ၊ လက်သည်း ခြေသည်းကို။ ဃဋ္ဋေတိ၊ ခြစ်၏။ ပါဒေန၊ ခြေခြင့်။ ပါဒံ၊ ခြေကို။ အင်္ကမတိ၊ နင်း၏။ ကဋ္ဌေန၊ သစ်သားလုံတံဖြင့်။ ပထဝိ၊ မြေကို။ ဝိလိခတိ၊ ခြစ်၏။ ဒါရကံ၊ သူငယ်ကို။ ဥလ္လဃ်တိ၊ မြောက်၏။ ဥလ္လဃ်ဝပေတိ၊ မြောက်စေ၏။ ဥက္ခိပတိ၊ ချီ၏။ ကီဠတိ၊ ကစား၏။ ကီဠာပေတိ၊ ကစားစေ၏။ စုမ္ဗတိ၊ နမ်း၏။ စုမ္ဗာပေတိ၊ နမ်းစေ၏။ ဘုဉ္ဇတိ၊ စား၏။ ဘုဉ္ဇာပေတိ၊ စားစေ၏။ ဒဒါတိ၊ ပေး၏။ ယာစတိ၊ တောင်း၏။ ကတံ၊ ပြုသည်ကို။ အနုကရောတိ၊ အတုလိုက်၍ပြု၏။ ဥစ္စံဘာသတိ၊ မြှင့်၍ဆို၏။ နီစံဘာသတိ၊ နှိမ့်၍ဆို၏။ နခေန၊ ကခြင်းဖြင့်။ ဂီတေန၊ သီခြင်းဖြင့်။ ဝါဒိတေန၊ တီးမှုတ်ခြင်းဖြင့်။ ရောဒိတေန၊ ငိုခြင်းဖြင့်။ ဝိလာသိတေန၊ တင့်တယ်စံပယ်ခြင်းဖြင့်။ ဝိဘူသိတေန၊ တန်ဆင်ဆင်ခြင်းဖြင့်။ အဝိစ္စံဘာသတိ၊ ထင်စ့ာဆို၏။ ဝိဝိစ္စံဘာသတိ၊ ကွယ်၍ဆို၏။ ဇဂ္ဃတိ၊ ပြင်းစ့ာရယ်၏။ ပေက္ခတိ၊ စောင်း၍ကြည့်၏။ ကဋ္ဌံ၊ ခါးကို။ စာလေတိ၊ လှုပ်၏။ ဂုယ္ဟဘဏ္ဍကံ၊ လျို့ဝှက်အပ်သော အင်္ဂါကို။ သဉ္ဇာလေတိ၊ ထက်ဝန်းကျင်လှုပ်၏။ ဥရုံ၊ ပေါင်ကို။ ဝိဝရတိ၊ ဖွင့်၏။ ဥရုံ၊ ပေါင်ကို။ ပိဒဟတိ၊ ဖုံး၏။ ထနံ၊ သားမြတ်ကို။ ဒဿေတိ၊ ပြ၏။ ကစ္ဆံ၊ လက်ကတီးကို။ ဒဿေတိ၊ ပြ၏။ နာဘိံ၊ ချက်ကို။ ဒဿေတိ၊ ပြ၏။ အင်္ဂီံ၊ မျက်စိကို။ နိခနတိ၊ မှိတ်၏။ ဘမုကံ၊ မျက်မှောင်ကို။ ဥက္ခိပတိ၊ ချီ၏။ ဩဋ္ဌံ၊ နှုတ်ခမ်းကို။ ဥပလိခတိ၊ ကိုက်၏။ ဇိဝှာ၊ လျှာကို။ နိလ္လာဒေလတိ၊ ထုတ်၏။ ဒုဿံ၊ အဝတ်ကို။ မုဉ္စတိ၊ ကျွတ်အောင်ပြု၏။ ဒုဿံ၊ အဝတ်ကို။ ပဋိမုဉ္စတိ၊ ပြင်၍ဝတ်၏။ သိရသံ၊ ဆံပင်ကို။ မုဉ္ဆတိ၊ ဖြေ၏။ သိရသံ၊ ဆံပင်ကို။ ဗန္ဓတိ၊ ထုံး၏။ သမ္မပုဏ္ဏမုခ၊ အဆေပုဏ္ဏမုခ။ စတ္တာလီသာဃ၊ လေးဆယ်သော။ ဣမေဟိ ဌာနေဟိ၊ ဤအကြောင်းတို့ဖြင့်။ ဣတ္ထီ၊ မိန်းမတို့သည်။ ပုရိသံ၊ ယောကျ်ားတကာကို။ အစ္စာစရတိ၊ လွန်ကျူး၍ ကျင့်၏။

မိန်းမပျက်အင်္ဂါ ၂၅-ပါး

လေးဆယ်သောအကြောင်းတို့ဖြင့် ထိုမိန်းမတို့သည် ယောကျ်းတို့ကို လွန်ကျူး၍ကျင့်ရာသည်တို့ကို ပြပြီး၍ ထို မိန်းတို့ပျက်ရာသည် အကြောင်း ဒွစ်ဆယ့်ငါးပါးတို့ကို ပြပြန်လိုရကား—

www.dhammadownload.com

၃၅၅။ "ပဉ္ဇဝိသ၁ဟိ ခလု"-
အစရှိသော တစ်ဆယ့်တစ်ဂါထာတို့ကို ဆို၏။

၃၅၅။ သမ္မပုဏ္ဏမုခ၊ အဆေ့ပုဏ္ဏမုခ။ ခလု၊ စင်စစ်။ ပဉ္ဇဝိသာဟိ၊ နှစ်ဆယ့်ငါးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ ဣတ္ထိပဒုဋ္ဌာ၊ မိန်းမတို့ ပျက်စီးခြင်းတို့ကို။ ဝေဒိတဗ္ဗော၊ သိအပ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ သာမိကာဃ၊ လင်၏။ ပဝါသံ၊ အရပ်တစ်ပါးသို့ သွားခြင်းကို။ ဝဏ္ဏေတိ၊ ချီးမွမ်း၏။ ပဝုတ္ထံ၊ အရပ်တစ်ပါးမှရောက်လာသောလင်ကို။ နာ သရုတိ၊ ရအောက်မေ့။ အာဂတံ၊ အရပ်တစ်ပါးမှ ရောက်လာသော လင်ကို။ နာဘိနန္ဒတိ၊ မနှစ်သက်။ တာဿ၊ ထိုလင်၏။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ကို။ ဘဏတိ၊ ပြောဆို၏။ တဿ၊ ပြောဆို၏။ တဿ၊ ထိုလင်၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ နာ ဘဏတိ၊ မပြောဆို။ တဿ၊ ထိုလင်၏။ အနတ္ထံ၊ အကျိုးမဲ့ကို။ စရတိ၊ ကျင့်၏။ တဿ၊ ထိုလင်၏။ အတ္ထံ၊ အကျိုးစီးပွားကို။ နာ စရတိ၊ မကျင့်။ တဿ၊ ထိုလင်အား။ အကိစ္စံ၊ မပြုအပ်သည်ကို။ ကရောတိ၊ ပြု၏။ တဿ၊ ထိုလင်အား။ ကိစ္စံ၊ ပြုအပ်သည်ကို။ နာ ကရောတိ၊ မပြု။ ပရိဒဟိ-တ္ဝာ၊ အစဲတ်ကို မြဖွာဝတ်၍။ သယတိ၊ အိပ်၏။ ပရမ္မုခီ၊ လင်ကို ကျောပေး၍။ နိပ္ပဇ္ဇတိ၊ အိပ်၏။ ပရိဝတ္တကဇာတာ ခေါပန၊ တပြောင်းပြန်ပြန် လူးလဲတတ်သည်။ ဟောတိ၊ ဖြစ်၏။ ကုက်မိယ ဇာတာ၊ အုတ် အုတ် ကျက် ကျက် ဖြစ်၍။ ဒီဃံ၊ ရှည်စွာ။ အဿာသတိ၊ ထွက်သက် ဝင်သက်ကို ဖြစ်စေ၏။ ဒုက္ခံ၊ ဆင်းရဲ ဝေဒနာကို။ ဝေဒယတိ၊ ကြားတတ်၏။ ဥစ္စာရပဿာဝံ၊ ကျင်ကြီးကျင်ငယ်ကို။ အဘိဏ္ဍံ၊ မပြုတ်။ ဂစ္ဆတိ၊ သွား၏။ ဝိလောပံ၊ ဖောက်ပြန်သောအကျင့်ကို။ အာ-စရတိ၊ ကျင့်တတ်၏။ ပရပုရိသဒ္ဒံ၊ တစ်ပါးသော ယောကျ်ား၏အသံကို။ သုတ္ဝာ၊ ကြား၍။ ကဏ္ဏသောတံ၊ နားတွင်းကို။ ဝိဝဋ္ဋ၊ ဖွင့်၍။ တံ၊ ထို တစ်ပါးသော ယောကျ်း၏အသံကို။ ဩဒဟတိ၊ နားထောင်တတ်၏။ ခေါပန၊ စင်စစ်။ နိဟတဘောဂါ၊ ဓည်းစိမ်ဥစ္စာကို ဖျက်ဆီးဘတ်သည်။ ဟောတိ၊ ဖြစ်၏။ ပဋိဝိသကေဟိ၊ အိမ်နီးချင်း ယောကျ်းတို့နှင့်။ သန္ထဝံ၊ ကိလေသာ၏အစွမ်းဖြင့် ပေါင်းဖက်ရောယှက်ခြင်းကို။ ကရောတိ၊ ပြု၏။ နိက္ခန္တပါဒါ၊ ထွက်သွားသော ခြေရှိသည်။ ဟောတိ၊ ဖြစ်၏။ ဝိသိခါနု-စာရိနီ၊ အဒါမဲ့ဖြစ်သော ညဉ့်မှ သွားလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ အတိစာရိနီခေါပန၊ သယောကဲလင်စောင် ထားတတ်သည်လျှင်။ ဟောတိ၊

www.dhammadownload.com

ဖြစ်၏။ နိစ္စံ၊ အမြဲ။ သာမိကော၊ လင်၌။ အဂါရဝါ၊ ရှိသေခြင်း မရှိသည် ဖြစ်၍။ ပဒုဋ္ဌမာန သက်ပွါ၊ ပြစ်မှားလိုသော စိတ်အကြံ ရှိသည်ဖြစ်၍။ အဘိဏှံ၊ မပြတ်။ ဒွါရေ၊ တံခါးဝ၌။ တိဋ္ဌတိ၊ တည်၏။ ကစ္စာဒိနိ၊ လက်ကတိးကြား အစရှိကုန်သော။ အင်္ဂါနိ၊ အင်္ဂါကြီးငယ်ဖြစ်ကုန်သော။ ထနာနိ၊ သားမြတ်တို့ကို့။ ဒဇ္ဇတိ၊ ပြတတ်၏။ ဒိသောဒိသံ၊ ထိုမှဤမှ။ ဂန္ဓွာ၊ သွား၍။ ပေက္ခတိ၊ ကြည့်တတ်၏။ သမ္မပုဏ္ဏမုခ၊ အဆေးပုဏ္ဏမုခ။ ပဏ္ဍိသာဟိ၊ နှစ်ဆယ့်ငါးပါးကုန်သော။ ဤမေဟိ ဌာနေဟိ၊ ဤအကြောင်းတို့ဖြင့်။ ဤတို့ပဒုဋ္ဌော၊ မိန်းမတို့၏ ပျက်စီးခြင်းတို့ကို့။ ဝေဒိဘဗ္ဗော၊ သိအပ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဇတ္ထ၊ ဤအရာ၌။ အနုတ္တရံ၊ အတုမရှိသော။ ဝါကံ့၊ ဂါထာစကားသည်။ ဘာတိ၊ ဖြစ်၏။

၃၅၆။ တဿ၊ ထိုလင်၏။ ပဝါသံ၊ ကွေကွင်းခြင်းကို။ ဝဏ္ဏတိ၊ ချီးမွမ်း၏။ တဿ၊ ထိုလင်၏။ ဂတံ၊ သွားလေသည်ကို။ နသောစတိ၊ မစိုးရိမ်။ အာဂတံ၊ ရောက်လာသော။ ပတိ်ံ၊ လင်ကို့။ ဒိသွာ၊ မြင်ရ၍။ နဘိနန္ဒတိ၊ မနှစ်သက်။ ဘတ္တာရဝဏ္ဏံ၊ လင်၏ကျေးဇူးကို့။ ကဒါစိ၊ တစ်ရံတစ်ဆစ်မျှ။ နဘာသတိ၊ မပြောဆို့။ ဧတေ၊ ဤသည်တို့ကား။ ပဒုဋ္ဌာယ၊ ပျက်စီးခြင်း၏။ လက္ခဏာ၊ လက္ခဏာတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၃၅၇။ တဿ၊ ထိုလင်၏။ အနတ္တံ၊ အကျိုးမဲ့ကို့။ စရတိ၊ ကျင့်၏။ အသညတာ၊ ပျင်းရိသည်ဖြစ်၍။ အတ္ထံ၊ အစီးအပွားကို့။ ဟာပေတိ၊ ယုတ်စေ၏။ အကိစ္စကာရိနီ၊ မပြုအပ်သည်ကို ပြုလေ့ရှိ၏။ ပရိဒဟိတ္ဝာ၊ အဝတ်ကို မြဲစွာဝတ်၍။ ပရမ္မုခီ၊ လင်ကို ကျောပေး၍။ သယတိ၊ အိပ်၏။ ဧတေ၊ ဤသည်တို့ကား။ ပဒုဋ္ဌာယ၊ ပျက်စီးခြင်း၏။ လက္ခဏာ၊ လက္ခဏာတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၃၅၈။ ပရိဝတ္တကဇာတာ စ၊ တပြောင်းပြန်ပြန် လူးလဲကုန်သည်လည်း။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ကုက်ံမိ၊ အုတ်အုတ်ကျက်ကျက်ဖြစ်၍။ ဒီဃံ စ၊ ရှည်စွာလည်း။ အဿာသတိ၊ ထွက်သက် ဝင်သက်ကို ဖြစ်စေ၏။ ဒုက္ခဝေဒိနိ၊ ဆင်းရဲဝေဒနာကို ကြားတတ်၏။ ဥစ္စာရပဿာဝံ၊ ကျင်ကြီး ကျင်ငယ်ကို။ အဘိဏှံ၊ မပြတ်။ ဂစ္ဆတိ၊ သွားတတ်၏။ ဧတေ၊ ဤသည်တို့

www.dhammadownload.com

ကား။ ပဒုဋ္ဌာယ၊ ပျက်ခြင်း၏။ လက္ခဏာ၊ လက္ခဏာတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၃၅၉။ ဝိလောပံ၊ ဖောက်ပြန်သော အကျင့်ကို။ အာစရတိ၊ ကျင့်၏။ အကိစ္စကာရိနိ၊ မပြုအပ်သည်ကို ပြုလေ့ရှိ၏။ ဘာသတော၊ ပြောဆိုသော။ ပရဿ၊ ယောကျ်ားတစ်ပါး၏။ သဒ္ဒံ၊ အသံကို။ နိသာမေတိ၊ နားထောင်တတ်၏။ ဒိဟတ ဘောဂါ စ၊ ဥစ္စာစည်းစိမ်တို့ကိုလည်း ဖျက်ဆီးတတ်၏။ သန္ထဝံ၊ ကိလေသာ၏အစွမ်းဖြင့် ပေါင်းဖက် ရောယှက်ခြင်းကို။ ကရောတိ၊ ပြုတတ်၏။ ဧတေ၊ ဤသည်တို့ကား။ ပဒုဋ္ဌာယ၊ ပျက်ခြင်း၏။ လက္ခဏာ၊ လက္ခဏာတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၃၆၀။ ကိဒ္ဓေန၊ ငြိုငြင်သဖြင့်။ လဒ္ဓံ၊ ရအပ်သော။ ကသိရာဘတံ၊ ဆင်းရဲစွာ ဆောင်အပ်သော။ ဒုက္ခေန၊ ဆင်းရဲငြိုငြင်သဖြင့်။ သမ္ဘဝံ၊ ဖြစ်စေအပ်သော။ ဝိတ္တံ၊ စည်းစိမ်ချမ်းသာဟု ဆိုအပ်သော။ ဓနံ၊ ဥစ္စာကို။ ဝိနာသေတိ၊ ဖျက်ဆီးတတ်၏။ ပဋိဝိသကေဟိ စ၊ အိမ်နီးချင်းယောကျ်းတို့နှင့်လည်း။ သန္ထဝံ၊ ပေါင်းဖက် ရောယှက်ခြင်းကို။ ကရောတိ၊ ပြု၏။ ဧတေ၊ ဤသည်တို့ကား။ ပဒုဋ္ဌာယ၊ ပျက်ခြင်း၏။ လက္ခဏာ၊ လက္ခဏာတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၃၆၁။ နိက္ခန္တပါဒါ၊ ထွက်သွားသောခြေရှိ၏။ ဝိသိခါနုစာရိနီ၊ အခါမဲ့ ညဉ့်မှ သွားလေ့ရှိ၏။ နိစ္စံ၊ အမြဲ။ သာမိမ္ပိ၊ မိမိလင်၌။ ပဒုဋ္ဌ-မာနသာ၊ ပြစ်မှားလိုသောစိတ် ရှိသည်ဖြစ်၍။ အတိစာရိနီ၊ သယောက်လင်စောင့် ထားတတ်သည်။ ဟောတိ၊ ဖြစ်၏။ အပေတဂါရဝါ၊ ရှိသေခြင်း၊ ကင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧတေ၊ ဤသည်တို့ကား၊ ပဒုဋ္ဌာယ၊ ပျက်ခြင်း၏။ လက္ခဏာ၊ လက္ခဏာတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၃၆၂။ အဘိက္ခဏံ၊ မပြတ်။ ဒဠှရမ္ပလေ၊ တံခါးဝ၌။ တိဋ္ဌတိ၊ တည်၏။ ထနာနိ စ၊ သားမြတ်တို့ကို လည်းကောင်း။ ကစ္ဆာနိ စ၊ လက်ကတီးတို့ကို လည်းကောင်း။ ဒဿယန္တီ၊ ပြလျက်။ ဒိသောဒိသံ၊ ထိုမှဤမှ။ ဘန္တစိတ္တာ၊ တုန်လှုပ်သော စိတ်ရှိသည်ဖြစ်၍။ ပေက္ခတိ၊ ကြည့်တတ်၏။ ဧတေ၊ ဤသည်တို့ကား။ ပဒုဋ္ဌာယ၊ ပျက်ခြင်း၏။ လက္ခဏာ၊ လက္ခဏာတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

www.dhammadownload.com

၃၆၃။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ နဒီ၊ မြစ်တို့သည်။ ဝက်ဂတီ၊ ကောက်သဖြင့်သာ သွားကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်ဒသာ။ ဝနာ၊ တောတို့သည်။ ကဋ္ဌမယာ၊ ထင်းဖြင့် ပြီးကုန်၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ဣတ္ထိယော၊ မိန်းမတို့သည်။ နိဝါတကေ၊ ဆိတ်ကွယ်ရာအရပ်ကို။ လဘမာနေ၊ ရသည်ရှိသော်။ ပါပံ၊ ယုတ်မာဒသာ အမှုကို၊ ကရေ၊ ပြုကုန်၏။

၃၆၄။ ခဏံ ဝါ၊ အခွင့်ကို လည်းကောင်း။ ရဟော ဝါ၊ ဆိတ်ကွယ်ရာကို လည်းကောင်း။ နိဝါတ ကံ ဝါပိ၊ ဖျက်ဆီးအံ့ဒသာ သူကို လည်းကောင်း။ သမေလဘေထ၊ အာကယ်၍ ရကုန်ငြားအံ့။ တာဒိသံ၊ ထိုသို့ သဘောရှိသော သူကို။ လဒဘထ၊ ရကုန်ငြားအံ့။ သဗ္ဗာဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဣတ္ထီ၊ မိန်းမတို့သည်။ အည်း၊ တစ်ပါးသော သူကို။ အလဒ္ဓါ၊ မရသည်ရှိသော်။ ပိဋ္ဌသပ္ပိနာပိ၊ ဆွဲသောသူနှင့်လည်း။ သဒ္ဓိံ၊ တကွ။ ပါပံ၊ ယုတ်မာသော အမှုကို။ ကယိရုံနု၊ ပြုကုန်ရာ၏။

၃၆၅။ နရုနံ၊ ယောကျ်ားတို့၏။ အာရမကရာသု၊ မမွေ့လျော်ခြင်းကို ပြုတတ်ကုန်သော။ အနေကစိတ္တာသု၊ များသောစိတ် ရှိကုန်သော။ အနိဂ္ဂဟာသု၊ နှိပ်သဖြင့် ဆုံးမနိုင်ခဲကုန်သော။ နာရီသု၊ မိန်းမတို့၌။ သဗ္ဗတ္ထ၊ အလုံးစုံ၌။ နံဝပိတိကရာပိ၊ နှစ်သက်ခြင်းကို မပြုတတ်သည်သည်း။ စေသိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ န ဝိဿသေ၊ အကျွမ်းမဝင်ရာ။ဟိသစ္စံ၊ မှန်၏။ နာရိယော၊ မိန်းမတို့သည်။ တိတ္ထဘမာ၊ မြစ်ဆိပ်နှင့် တူကုန်၏။

[ဤပါဠိတော် ဂါထာတို့ဖြင့် မိန်းမတို့၏ များသော မာယာရှိသည်၏ အဖြစ်များသော အပြစ်ရှိသည်၏ အဖြစ်တို့ကို ဟောတော်မူထွေ့ဘဒ္ဒကထာ၌ ဤဝတ္ထုကို ပြဆောင်အပ်၏။]

ဝတ္ထုကား—

ကိန္နရဒေဝီ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ကဏ္ဍရီမည်သောမင်းသည် မင်းပြု၍ မြက်သောအဆင်းကို ဆောင်၏။ ထိုမင်းအား နေ့တိုင်း နေ့တိုင်း

www.dhammadownload.com

အမတ်တစ်ထောင်တို့သည် နံ့သာကြဲတိတ်တစ်ထောင်ကို ဆောင်ခဲ့ကုန်၏။ ထို့ကြောင့် ထိုမင်း၏ နန်းတော်၌ အရုံအကာကို ပြုပြီးလျှင် နံ့သာကြုက်တို့ကို ခွဲ၍ နံ့သာကို ထင်းပြု၍ ထမင်းချက်ကုန်၏။ ထိုမင်း၏ မိဖုရားကြီးသည်လည်း အလွန် အဆင်းလှ၏။ အမည်အားဖြင့် ကိုန္နရဒေဝီ အမည်ရှိ၏။ ထိုမင်းအား အရှယ်တူဖြစ်သော၊ ပညာနှင့်ပြည့်စုံသော ပဥ္စာလစန္ဒာ အမည်ရှိသော ပုရောဟိတ်သည် ရှိ၏။ မင်း၏နန်းတော် ပြာသာဒ်ကို မှီ၍ မြို့တံတိုင်းအတွင်း၌ကား သပြေပင်သည် ရှိ၏။ ထိုသပြေ၏ အခက်သည် တံတိုင်းအထက်၌ကား တွဲလျားကျ၏။ ထိုသပြေပင်၏ အရိပ်၌ စက်ဆုပ်ရွံရှာဖွယ်ရှိသော၊ မကောင်းသော အဆင်းသဏ္ဌာန်ရှိသော ငဆွံသည် နေ၏။ ထိုအခါ တစ်နေ့သ၌ ကိုန္နရဒေဝီ မိဖုရားသည် လေသွန်တံခါးဖြင့် ကြည့်လတ်သော် ထိုငဆွံကို မြင်၍ တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ ညဉ့်၌ မင်းကို ကာမဂုဏ် မွေ့လျော်မြင်းဖြင့် သင်္ဂြိုဟ်၍ ထိုမင်း အိပ်ပျော်ခြင်းသို့ ရောက်လတ်သော် အသာအယာ နေရာမှထ၍ အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ကို ရှေ့ခွက်၌ ထည့်၍ ခါးပိုက်ဖြင့် ဆောင်ယူခဲ့ပြီးလျှင် ပုဆိုးကြိုးဖြင့် လေသွန်တံခါးမှ ဆင်းသက်၍ သပြေပင်သို့တက်၍ သပြေခက်ဖြင့် ဆင်းသက်ပြီးလျှင် ငဆွံကို ကျွေးမွေး၍ ယုတ်မာသော အကျင့်ကို ကျင့်ပြီးလျှင် လဲသော လမ်းခရီးဖြင့် နန်းတော် ပြာသာဒ်ထက်သို့ တက်၍ နံ့သာတို့ဖြင့် ကိုယ်ကို လိမ်းကျံပြီးလျှင် မင်းနှင့်တကွ အိပ်၏။

ဤနည်းဖြင့်လျှင် မပြတ် ငဆွံနှင့်တကွ ယုတ်မာသော အကျင့်ကို ကျင့်၏။ မင်းသည်ကား မသိ။ ထိုမင်းသည် တစ်နေ့သ၌ မြို့ကို လက်ယာရစ် လှည့်သည်ကိုပြု၍ နန်းတော်သို့ ဝင်သည်ရှိသော် သပြေပင်ရိပ်၌ အလွန်သနားဖွယ်ရှိသော အဖြစ်သို့ ရောက်သော ထိုငဆွံကို မြင်၍ ပုရောဟိတ်ကို "ဤလူပြိုတ္တာကို ဆရာ မြင်၏လော" ဟု ဆို၏။ "အရှင်မင်းမြတ် မြင်ပါ၏" ဟု လျှောက်တင်လတ်သော် "ဆရာ ဤသို့သဘောရှိသောစက်ဆုပ်ရွံရှာဖွယ်ရှိသောသူကို တစ်စုံတစ်ယောက်သော မိန်းမတို့သည် ဆန္ဒရာဂ၏အစွမ်းဖြင့် ချဉ်းကပ်အံ့လော" ဟု ဆို၏။ ထိုစကားကိုကြား၍ ငဆွံသည် မာနကို ဖြစ်ခစ၍ "ဤမင်းသည် အသို့ဆိုဘိသနည်း၊ မိမိ မယားဖြစ်သော ကိုန္နရဒေဝီသည် ငါ့အထံသို့ လာရောက်သည်ကို မသိလေယောင်တကား" ဟု သပြေပင်အား လက်အုပ်ချီ၍ "အရှင် သပြေပင်စောင့်နတ်.... နာတော်မူပါလော့၊ အရှင်နတ်မင်းကို ထား၍ အရှင်နတ်

www.dhammadownload.com

မင်းမှု တစ်ပါးသောသူသည် ထိုအကြောင်းကို မသိပါ'' ဟု ဆို၏။ ပုရောဟိတ်သည် ထိုငဆွံ့ အမူအရာကိုမြင်၍ ကြံ၏။ ''မချွတ်လျှင် မင်း၏ မိဖုရားကြီးသည် သပြေပင်ဖြင့်သွား၍ ဤငဆွံ့နှင့်တကွ ယုတ်မာသော အမှုကို ပြု၏'' ဟု ကြံ၍ ထိုပုရောဟိတ်သည် မှင်းကိုမေး၏။ ''အရှင်မင်းမြတ်....အရှင်မင်းမြတ်အား ညှဉ်အဖို့၌ မိဖုရားကြီး၏ ကိုယ်အတွေ့သည် အသို့ရှိသနည်း'' ဟု မေး၏။ ဆရာတစ်ပါးကို ငါမြင်၊ သန်းခေါင်ယံ၌ကား ထိုမိဖုရား၏ ကိုယ်အတွေ့သည် အလွန်အေး၏'' ဟု ဆို၏။ ''အရှင်မင်းမြတ်....ထိုသို့ တပြီးတစ်ပါးသော မိန်းမကိုထားဘိဦး အရှင်မင်းမြတ်၏ မိဖုရားကြီးဖြစ်သော ကိန္နရဒေဝီသည် ဤ ငဆွံ့နှင့်တကွ ယုတ်မာသော အကျင့်ကို ကျင့်၏'' ဟု တင်လျှောက်၏။

''ဆရာ....အသို့ဆိုဘိသနည်း၊ ဤသို့သဘောရှိသော အလွန် တင့်တယ်စံပယ်ခြင်းနှင့်ပြည့်စုံသော မိဖုရားကြီးသည် အဘယ့်ကြောင့် အလွန်စက်ဆုပ်ရှုရှာဖွယ်ရှိသော ဤငဆွံ့နှင့်တကွ မေ့.လျော်လတ္တံ့.နည်း'' ဟု ဆို၏။ ''အရှင်မင်းမြတ်....ထိုသို့တပြီးကား ထိုမိဖုရားကြီးကို စုံစမ်းတော်မူလော့'' ဟု တင်လျှောက်လတ်သော် ထိုမှင်းသည် ''ကောင်းပြီ'' ဟု ဝန်ခံ၍ ညစာစားပြီးသော် ထို မိဖုရားကြီးနှင့်တကွ အိပ်၍ ''ထို မိဖုရားကြီးကို စုံစမ်းအံ့'' ဟု ပကတိအားဖြင့် အိပ်သောအချိန်၌ အိပ်ပျော်သောအခါကဲ့သို့ ဖြစ်၏။ ထို မိဖုရားကြီးသည်လည်း ထ၍ ထိုရှေးအတူလျှင် ပြု၏။ မင်းသည် ထိုမိဖုရားကြီးခြေရာသို့လျှောက်၍ သပြေပင်ရိပ်ကိုမှီလျက် ရပ်၏။ ငဆွံ့သည် မိဖုရားအား အမျက်ထွက်၍ ''နင်သည် ယနေ့ အလွန်ကြာမြင့်မှ လာ၏'' ဟု နားဒုဂ်းဖြင့် တန်ဆာဆင်ယင်အပ်သော နားကိုလက်ဖြင့် ပုတ်ခတ်၏။ ထိုအခါ ငဆွံ့ကို ''အရှင်....အကျွန်ုပ်ကို အမျက်မထွက်ပါလင့်၊ မင်း၏အိပ်ပျော်ခြင်းကို ကြည့်ရပါသည်'' ဟု ဆို၍ ထိုငဆွံ့၌ မယားကဲ့သို့ ဖြစ်၏။ ထိုသို့ ပုတ်ခတ်သဖြင့် ထိုမိဖုရားကြီး၏ ခြေသဲ့.ခံတွင်းခံသော နားတောင်းသည် နားမှလျှော၍ မင်း၏ခြေချင်း၌ ကျ၏။ မင်းသည် ''ဤမျှသည် ဖြစ်လတ္တံ့.'' ဟု ထိုနားတောင်းကိုယူ၍ သွားလေသည်။ ထို မိဖုရားကြီးသည်လည်း ငဆွံ့နှင့်တကွ လွန်ကျူးသောအကျင့်ကို ကျင့်ပြီးလျှင် ရှေးနည်းဖြင့်သာလျှင် သွား၍ မင်းနှင့်တကွ အိပ်အံ့သောဌာ အား ထုတ်၏။

မင်းသည် ပယ်၍ ''နက်ဖြန်နေ့၌ ကိန္နရဒေဝီသည် ငါပေးသော အလုံးစုံသော တန်ဆာကို ဆင်ယင်၍ လာစေ'' ဟု စေလိုက်

www.dhammadownload.com

၏။ ထိုကိန္နရဒေဝီသည် "အကျွန်ုပ်၏ ခြေသံ့ခံတွင်းခံသော နားတောင်းသည် ရွှေပန်းထိမ်သည် အထံပါးဌာန၌၏"ဟု ဆို၍ မလာ။ တစ်ဖန်စေလွှတ်သော်ကား နားတောင်း တစ်ဖက်ဝတ်လျက်လျှင် လာ၏။ မင်းသည် "သင်၏နားတောင်းသည် အဘယ်မှာနည်း"ဟု မေး၏။ "ရွှေပန်းထိမ်သည်အထံ၌ရှိပါ၏"ဟု တင်လျှောက်လတ်သော် ရွှေပန်းထိမ်သည်ကို ခေါ်စေ၍ "သင်သည် အဘယ့်ကြောင့် ဤမိဖုရားနားတောင်းကို မပေးသနည်း" ဟု ဆို၏။ "အရှင်မင်းမြတ်....အကျွန်ုပ်မယူပါ"ဟု တင်လျှောက်လတ်သော် မင်းသည် မိဖုရားကိုအမျက်ထွက်၍ "ဟယ်ယုတ်မာစွာသော ဒုန်းစက္ကားမ.... ငါကဲ့သို့သောသူသည် နှင်၏ ရွှေပန်းထိမ်သည် ဖြစ်ရာသလော"ဟု ဆို၍ ထိုနားတောင်းကို မိဖုရားရှေ့မှ ချ၍ ပုရောဟိတ်ကို "ဆရာ....ဆရာဆိုသော စကားသည် အလွန်မှန်ပေ၏၊ သွားချေ ထိုမိဖုရားကြီးဦးခေါင်းကို ဖြတ်ချေလော့"ဟု ဆို၏။

သတ္တိသမီးပျက်

ပုရောဟိတ်သည် ထိုမိဖုရားကြီးကို မင်း၏ နှန်းတော်၌သာလျှင် တစ်ခုသောအရပ်၌ထားပြီးလျှင် မင်းသို့ကပ်၍ "အရှင်မင်းမြတ်....ကိန္နရဒေဝီအား အမျက်ထွက်တော် မမူပါလင့်၊ ခပ်သိမ်းကုန်သော မိန်းမတို့သည် ဤသို့ သဒ္ဓာရှိကုန်သည်သာလျှင်တည်း၊ အကယ်၍လျှင် မိန်းမတို့၏ သီလမရှိသောအဖြစ်ကို သိတော်မူလိုအံ့၊ ထိုမိန်းမ၏ ယုတ်မာသော အကျင့်ကို လည်းကောင်း၊ များသောမာယာ ရှိသောအဖြစ်ကို လည်းကောင်း၊ အရှင်မင်းမြတ်အား ပြပါအံ့၊ ကြွတော်မူလော့၊ မထင်ရှားသော အသွင်ဖြင့် ဇနပုဒ်သို့ လှည့်လည်ကုန်အံ့"ဟု တင်လျှောက်၏။ မင်းသည် "ကောင်းပြီ"ဟု ဝန်ခံ၍ မယ်တော်အား တိုင်းပြည်ကိုအပ်နှင်းခဲ့ပြီးလျှင် ထိုပုရောဟိတ်နှင့်တကွ ဒေသစာရီလှည့်လည်၏။ ထို မင်း, ပုရောဟိတ်တို့သည် တစ်ယူဇနာမျှလောက်သော အရပ်သို့ရောက်၍ ခရီးမဲ့၌ နားနေကုန်စဉ်လျှင် တစ်ယောက်သောသူကြွယ်သည် မိမိသားအလိုငှာ သတ္တိသမီးတစ်ယောက်ကို မင်္ဂလာပြု၍ဖုံးလွှမ်းသောယာဉ်၌နေစေလျက် များစွာသော အခြံအရံဖြင့် သွား၏။

ထိုသို့ သွားသည်ကိုမြင်၍ ပုရောဟိတ်သည် မင်းကို တင်လျှောက်၏။ "အရှင်မင်းမြတ်....အကယ်၍ အလိုတော်ရှိအံ့၊ ဤ သတ္တိသမီးကို အရှင်

www.dhammadownload.com

မင်းမြတ်နှင့်တကွ ယုတ်မာသောအမှုကို ပြုစိမ့်သောငှာ အကျွန်ုပ်တတ်နိုင်ပါအံ့''ဟု တင်လျှောက်၏။ ''ဆရာ....အသို့ဆိုဘိသနည်း၊ မျှားစ့ဉ်သောအခြံအရံ ရှိ၏၊ မတတ်နိုင်ကုန်ရာ''ဟု ဆိုလတ်သော် ''အရှင်မင်းမြတ်....ထိုသို့တပြီးကား ကြည့်တော်မူလော့'' ဟု ဆို၍ ရှေ့ကသွားနှင့်ပြီးလျှင် ခရီးမှ မနီးမဝေးသောအရပ်၌ တင်းထိမ်ကို ကာရံ၍ မင်းကို တင်းထိမ်တွင်း၌ ထားပြီးလျှင် မိမိသည် ခရီးအပါး၌ ငိုလျက်နေ၏။ ထိုအခါ ပုရောဟိတ်ကို သူကြွယ်သည် မြင်၍ ''အမောင်....အဘယ့်ကြောင့် ငိုသနည်း'' ဟု မေး၏။ ''ဖခင်....ကျွန်ုပ်မယားသည် လေးသော ကိုယ်ဝန်ရှိသည်ဖြစ်၍ မိဘအိမ်သို့ ဆောင်ယူအံ့သောငှာ ခရီးသို့သွားပါ၏၊ ထိုမယား၏ ကိုယ်ဝန်သည် ခရီးအကြား၌ လွှပ်၏။ ဤကျွန်ုပ်မယားသည် တင်းထိမ်တွင်း၌ အလွန်ပင်ပန်းလျက် ရှိပါ၏၊ ထိုအကျွန်ုပ်မယား၏အထံ၌ တစ်စုံတစ်ဦးယောက်သော မိန်းမသည် မရှိပါ၊ ကျွန်ုပ်သည်လည်း ထိုအရပ်သို့သွားခြင်းငှာ မဘတ်ကောင်း၊ အသို့ ဖြစ်လတ္တံ့သည်ကို မသိပါ၊ တစ်ယောက်သော မိန်းမကိုရခြင်းငှာ သင့်ပါ၏'' ဟု ပြောဆို၏။ သူကြွယ်သည်လည်း ''အမောင်....မငိုလင့်၊ ငါ့အား မိန်းမတို့သည် များပါကုန်၏၊ တစ်ယောက်သော မိန်းမသည် သွားလတ္တံ့'' ဟု ဆို၏။!!

''ဖခင်....ထိုသို့တပြီးကား ဤသတို့သမီးကိုလျှင် သွားပါစေလော့၊ ဤသတို့သမီးအားလည်း စီးပွားကြောင်းဖြစ်သော မင်္ဂလာသည် ဖြစ်ပါလတ္တံ့'' ဟု ဆိုလတ်သော် ထိုသူကြွယ်သည် ကြံ၏။ ''ဤပုဏ္ဏားသည် ဟုတ်မှန်သော စကားကို ဆိုပေရာ၏၊ ငါ့ချွေးမအားလည်း စီးပွားကြောင်းဖြစ်သော မင်္ဂလာကိုသာလျှင် အလိုရှိ၏၊ ဤနိမိတ်ဖြင့် ထိုချွေးမသည် သားသမီးတို့ဖြင့် ပွားများလတ္တံ့'' ဟု ကြံ၏။ ထိုချွေးမကိုပင်လျှင် စေ၏။ ထိုသတို့သမီးသည် တင်းထိမ်တွင်းသို့ဝင်၍ မင်းကိုမြင်လျှင် တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ ယုတ်မာသော အမှုကိုပြု၏။ မင်းသည်လည်း ထိုသတို့သမီးအား လက်စွပ်ကိုပေး၏။ ထိုအခါ ပြုအပ်သောကိစ္စ ပြီးလတ်သော် တင်းထိမ်တွင်းမှ ထွက်ခဲ့၍ လာလတ်သော ထိုသတို့သမီးကို ''အသို့ဖွားသနည်း'' ဟု မေးကြကုန်၏။ ''ရှေအဆင်းနှင့်တူသော အဆင်းရှိသော သားကို ဖွား၏'' ဟု ပြောဆို၏။ သူကြွယ်သည် ထိုသတို့သမီးကိုယူ၍ သွားလေ၏။ ပုရောဟိတ်သည်လည်း မင်း၏အထံသို့သွား၍ ''အရှင် မင်း

www.dhammadownload.com

မြတ်....အရှင်မင်းမြတ်သည် သတ္တိသမီး စင်လျက်လည်း ဤသို့ ယုတ်မာသော အမှုကို ပြုသည်ကို မြင်တော်မူရပြီ၊ တစ်ပါးသော မိန်းမတို့သည်ကား အဘယ် ဆိုဖွယ်ရှိအံ့နည်း၊ စင်စစ်သော်ကား အရှင်မင်းမြတ်သည် တစ်စုံတစ်ခုကို ပေးတော်မူလိုက်သလော'' ဟု မေး၏။

''ဆရာ....ငါသည် လက်စွပ်ကို ပေးလိုက်၏'' ဟု ဆိုလတ်သော် ''ထို သတ္တိသမီးအား ထိုလက်စွပ်ကို မပေးအံ့'' ဟု လျင်မြန်စွာသွား၍ ယာဉ်ကို ကိုင်၏။ ''ဤယာဉ်ကိုကိုင်သည်ကား အသူနည်း'' ဟု ဆိုလတ်သော် ''ဤသတ္တိသမီးသည် ငါ၏ပုဏ္ဏားမ ဦးခေါင်းရင်း၌ ထားအပ်သော လက်စွပ်ကိုယူ၍ သွားသောကြောင့် လာပါ၏၊ ချစ်သမီး....လက်စွပ်ကို ပေးပါလော့'' ဟု ဆို၏။ ထိုသတ္တိသမီးသည် လက်စွပ်ကို ပေးသည်ရှိသော် ထို ပုဏ္ဏားလက်ကို လက်သည်းဖြင့် ထိုးခြစ်၍ ''ခိုးသူ....ယူလော့'' ဟု ဆို၍ ပေးလိုက်၏။

ဤသို့လျှင် ပုရောဟိတ် ပုဏ္ဏားသည် အထူးထူး အပြားပြား ကုန်သော ဥပါယ်တံမျဉ်တို့ဖြင့် တစ်ပါးလည်း ဖြစ်ကုန်သော မျှားစွာကုန်သော လွန်ကျူး၍ ကျင့်တတ်ကုန်သော မိန်းမတို့ကို မင်းအား ပြ၍ ''ဤအရပ်၌ ဤမျှသည် ဖြစ်စေဦး၊ အရှင်မင်းမြတ်....တစ်ပါးသောအရပ်သို့ သွားကုန်ဦးအံ့'' ဟု ဆို၏။ မင်းသည် အလုံးစုံသော ဇမ္မူဒိပ်ကျန်းကို လှည့်လည်သော်လည်း ''အလုံးစုံသော မိန်းမတို့သည် ဤသို့သဘောရှိသည်သာလျှင် ဖြစ်ကုန်လတ္တံ့၊ ငါတို့အား ထိုမိန်းမတို့ဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ ပြန်လည်ကုန်အံ့'' ဟု ဆို၍ ဗာရာဏသီ ပြည်သို့သာလျှင် ပြန်လည်ခဲ့၍ ''အရှင်မင်းမြတ်....ထိုမိန်းမတို့ မည်သည်ကား ဤသို့ ယုတ်မာသော အကျင့်ရှိကုန်၏၊ ဤသို့ယုတ်မာသော အကျင့်ရှိသည်ကား ထိုမိန်းမတို့၏ ပြကတေ့သဘောတည်း၊ အရှင်မင်းမြတ် ကိန္နရဒေဝီ၏အပြစ်ကို သည်းခံတော်မူကုန်လော့'' ဟု ပုရောဟိတ်သည် တောင်းပန် အပ်သည်ဖြစ်၍ သည်းခံသဖြင့် မင်းအိမ်မှ နှင်ထုတ်စေ၏။ ထိုမိဖုရားကြီး ကိန္နရဒေဝီကို အရာမှကား၍ တစ်ပါးသောမိန်းမကို မိဖုရားကြီးပြု၏။ ထိုငဆွံကိုလည်း နှင်ထုတ်စေ၍ သပြေခက်ကိုလည်း ဖြတ်စေ၏။

ထိုအခါ ကုဏာလဒွက်မင်းသည် ပဥ္စာလစတ္တာ ပုဏ္ဏားဖြစ်၏။ ထို့ကြောင့် မိမိမြင်ဖူးသည်ကိုသာလျှင် ထုတ်ဆောင်၍ ပြလိုရကား—

www.dhammadownload.com

၃၆၆။ ယံဝေ ဒိဿာ ကဏ္ဍရီကိန္နရာနံ၊
သဗ္ဗိတ္ထိယော နရမန္ဒိအဂါရေ။
တံ တာဒိသံ မစ္စံစဇိတ္ဝာ ဘရိယာ၊
အညံ ဒိဿာ ပုရိသံ ပိဠသပ္ပိံ -
ဟူသော ဤဂါထာကို ဆို၏။

၃၆၄။ ကဏ္ဍရီ ကိန္နရာနံ၊ ကဏ္ဍရီမင်း ကိန္နရာမိဖုရားတို့၏။ ယဉ္စ၊ အကြောင်းအကြောင်းကိုလျှင်။ ဒိဿာ၊ မြင်၍။ ဥဇာနိတပ္ပံ၊ သိအပ်၏။ သဗ္ဗိတ္ထိယော၊ အလုံးစုံသော မိန်းမတို့သည်။ အဂါရေ၊ လင်အိမ်၌။ နရမန္ဒိ၊ မမွေ့လျော်ကုန်။ အညံ၊ တစ်ပါးသော။ ပရပုရိသံ၊ တစ်ပါးသော ယောကျ်ားဖြစ်သော။ ပိဠသပ္ပိံ၊ ငဆွံကို။ ဒိဿာ၊ မြင်၍။ တာဒိသံ၊ ထို သို့ မမွေ့လျော်ခြင်း၌ လိမ္မာသောသဘောရှိသော။ တံ၊ ထိုကဏ္ဍရီမင်းကို။ မစ္စံစဇိတ္ဝာ၊ လွန်ကျူး၍။ ဘရိယာ၊ မယားဖြစ်သော ကိန္နရာမသည်။ မနုဿပေတော၊ လူပြိတ္တာဖြစ်သော ငဆွံနှင့်။ သိဒ္ဓိံ၊ တကွ။ ပါပေါ၊မကောင်းမှုကို။ အကာသိ၊ ပြု၏။

ပဉ္စပါပီ

အကြောင်းတစ်ပါးလည်း လွန်လေပြီးသောအခါ တစ်ယောက်သော ဗက အမည်ရှိသော ဗာရာဏသီမင်းသည် တရားနှင့်အညီ မင်းပြု၏။ ထိုအခါ ဗာရာဏသီပြည်၏ အရှေ့တံခါးဦးနေသော တစ်ယောက်သော သူဆင်းရဲအား ပဉ္စပါပီ အမည်ရှိသော သမီးသည် ရှိ၏။

ဘဝအကုသိုလ်

ထိုပဉ္စပါပီသည် ရှေးဘဝ၌လည်း တစ်ယောက်သော သူဆင်းရဲသမီး ဖြစ်၍ မြေကိုနယ်၍ အိမ်နံရံကို လိမ်းကျံ၏။ ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါ တစ်ပါးသည် မိမိလိုဏ်ကို လိမ်းကျံခြင်းကို ပြုအံ့သောငှာ "အဘယ်အရပ်၌ မြေကို ရအံ့နည်း" ဟု ကြံ၍ "ဗာရာဏသီပြည်၌ ရအံ့သောငှာ တတ်ကောင်း၏" ဟု သင်္ကန်းကို ရုံလျက် သပိတ် လှည်စဲလျက် ဗာရာဏသီပြည်သို့ဝင်၍ ထိုသတ္တိသမီး၏ မနီးမဝေး၌ ရပ်တော်မူ၏။ ထိုသတ္တိသမီးသည် သမျက်ထုတ်သဖြင့် ကြည့်လျက်ပြစ်မှားလိုသော စိတ်ဖြင့် "မြေမျှကိုလည်း တောင်းဘိ၏" ဟု ဆို၏။ မတုန်မလှုပ်လျှင် ရပ်တော်မူ၏။

www.dhammadownload.com

ထိုအခါ ထိုသတ္တိသမီးသည် မတုန်မလှုပ်ရပ်၍နေသော အရှင်ပစ္စေကဗုဒ္ဓါကို မြင်၍ တစ်ဖန် ထိုသတ္တိသမီးအား စိတ်ကိုကြည်ညိုစေ၍ ''ရှင်ရဟန်း.... မြေမျှကိုလည်း မရသလော''ဟု ဆို၍ ကြီးစွာသော မြေစိုင်ကိုယူ၍ သပိတ်၌ထည့်၏။ ထိုအရှင် ပစ္စေကဗုဒ္ဓါသည် ထိုမြေစိုင်ဖြင့် လိုဏ်၌ လိမ်း ကျံခြင်းကို ပြုတော်မူ၏။ ထိုသတ္တိသမီးသည် မကြာမြင့်မီလျှင် ထိုဘဝမှ စုတေ၍ ထိုမြို့၌သာလျှင် မြို့ပဖြစ်သော 'တံခါးရွာဝယ်' သူဆင်းရဲမဝမ်း၌ ပဋိသန္ဓေယူ၏။ ထိုသတ္တိသမီးသည် ဆယ်လလွန်သဖြင့် အမိဝမ်းမှ ဖွား၏။ ထိုသတ္တိသားအား မြေစိုင်လှူဖူးသော အကျိုးကြောင့် ကိုယ်သည် အတွေ့နှင့် ပြည့်စုံ၏။ အမျက်ထွက်၍ ကြည့်သောကြောင့်ကား လက်ခြေခံတွင်း မျက်စိနှာခေါင်းတို့သည် ယုတ်မာကုန်သည်၊ အဆင်းမလှကုန်သည် ဖြစ်ကုန်၏။ ထို့ကြောင့် ထိုသတ္တိသမီးကို ပဉ္စပါပီဟူ၍သာလျှင် သိကြကုန်၏။

မင်းကြီး ကြုံကံသွားပြီ

ထိုအခါတစ်နေ့သ၌ ဗာရာဏသီမင်းသည် ညဉ့်အဖို၌ မထင်ရှားသော အသွင်ဖြင့် မြို့ကိုစုံစမ်းသည်ရှိသော် ထိုအနပ်သို့ ရောက်လေ၏။ ထိုပဉ္စပါပီသည်လည်း ရွာသူသားငယ်တို့နှင့်တကွ ကစားသည် ဖြစ်၍ မသိဘဲလျှင် မင်းလက်၌ ကိုင်မိ၏။ ထိုမင်းသည် ပဉ္စပါပီ လက်အတွေ့ကြောင့် မိမိကိုယ်အဖြစ်ဖြင့် တည်အံ့သောငှာ မတတ်နိုင်။ နတ်အတွေ့ဖြင့် တွေ့သကဲ့သို့ ဖြစ်၏။ ထိုမင်းသည် ဖဿရာဂဖြင့် တပ်စွန်းသည် ဖြစ်၍ ထိုသို့ ဖေါက်ပြန်သော အဆင်းရှိသော်လည်း ထိုပဉ္စပါပီကို လက်၌ကိုင်၍ ''အဘယ်သူ သမီးနည်း''ဟု မေး၍ ''တံခါးရွာ၌ နေသောသူ၏ သမီးတည်း''ဟု ပြောဆိုလတ်သော် လင်မရှိသောအဖြစ်ကို မေး၍ ''ငါသည် သင်၏လင် ပြုသွားအံ့၊ သွားချေ မိဘတို့ကို အခွင့်ပြုလော့''ဟု ဆို၏။ ထိုပဉ္စပါပီသည် မိဘတို့ကိုကပ်၍ ''မိခင် ဖခင်တို့....တစ်ယောက်သော ယောကျ်ားသည် အကျန့်ပ်ကို မြင်၍ အလိုရှိ၏''ဟု ပြောဆို၍ ''ထို ယောကျ်ားသည်လည်း ဆင်းရဲသည် ဖြစ်လတ္တံ့၊ အကယ်၍ ထိုသို့သော သူကိုလည်း အလိုရှိအံ့၊ ကောင်းပြီ''ဟု ဆိုကုန်လတ်သော် သွား၍ မိဘတို့သည် ခွင့်ပြုသောအဖြစ်ကို ကြား၏။ ထိုမင်းသည် ထိုအိမ်၌သာလျှင် ထိုပဉ္စပါပီနှင့်တကွ နေ၍ နံနက်စောစောကလျှင် နန်းတော်သို့ ဝင်၏။ ထိုအခါမှစ၍လျှင် မထင်မှားသောအသွင်ဖြင့် မပြတ် ထိုအိမ်သို့သွား၏။ တစ်ပါးသောမိန်းမကို ကြည့်ခြင်းငှာလည်း အလိုမရှိ။

www.dhammadownload.com

နန်တေဝ်သို့ ခေါ်ရန်ကြံခြင်း

ထိုအခါ တစ်နေ့သ၌ ပဉ္စပါပီ၏ အဘအား ဂမ်းသွေးကျသော အနာသည် ဖြစ်၏။ မွန်မြတ်သော နို့ရည်ထောပတ် ပျားသကာနှင့် ယှဉ်သော နို့ဃနာသည်လျှင် ထိုအနာ၏ ဆေးဘည်း။ ထိုဆေးကို ထိုသူတို့သည် ဆင်းရဲသောကြောင့် ရအံ့သောငှာ မတတ်နိုင်ကုန်။ ထိုနောင်မှ ပဉ္စပါပီအမိသည် သမီး ပဉ္စပါပီကို "ချစ်သမီး....အသို့နည်း၊ ချစ်သမီး လင်သည် နို့ဃနာကို ဖြစ်စိမ့်သောငှာ တတ်နိုင်ပါ့လတ္တံ့လော"ဟု ဆို၏။ "မိခင်....အကျွန်ုပ်လင်သည် အကျွန်ုပ်တို့ထက်လည်း အလွန်ဆင်းရဲသည် ဖြစ်ရာ၏၊ ထိုသို့ဖြစ်သော်လည်း အကျွန်ုပ်လင်ကို မေးပါဦးအုံ၊ မစိုးရိမ်လင့်" ဟုဆို၍ ထိုမင်းလာသောကာလ၌ နှလုံးမသာသကဲ့သို့ ဖြစ်၍ နေလင့်၏။ ထိုအခါ ပဉ္စပါပီကို မင်းသည် လာလတ်၍ "ရှင်မ....အဘယ့်ကြောင့် နှလုံး မသာ့သနည်း"ဟု မေး၏။ ပဉ္စပါပီသည် ထိုအကြောင်းကိုကြား၏။ မင်းသည် ထိုစကားကိုကြား၍ "ရှင်မ....ဤအလွန်အရသာရှိသော ဆေးကို အဘယ်မှာ ရကုန်အံ့နည်း"ဟုဆို၍ ကြံ၏။ "ငါသည် အခါခပ်သိမ်း ဤသို့သွားအံ့သောငှာ မတတ်ကောင်း၊ ခရီးအကြာ၌ ဘေးရန်ကိုလည်း ရှုအပ်၏၊ စင်စစ်သော်ကား ဤမိန်းမကို နန်းတော်သို့ အကယ်၍ ဆောင်ယူအံ့၊ ဤသို့ဆောင်ယူသည်ရှိသော် ဤပဉ္စပါပီ၏ အတွေ့နှင့် ပြည့်စုံခြင်းကို မသိကုန်သော သူတို့သည် ငါတို့မင်းသည် ဘီလူးမကို ယူ၍လာ၏ဟု ပြက်ရယ်ပြုကုန်လတ္တံ့၊ မြို့အလုံးဥ၌ နေကုန်သော သူတို့ကို ပဉ္စပါပီ၏ အတွေ့ကို သိစေ၍ သာလျှင် ကဲ့ရဲ့ခြင်းကို လွတ်စေအံ့"ဟု ကြံ၍ ထိုအခါ ပဉ္စပါပီကို "ရှင်မ....မစိုးရိမ်လင့်၊ သင့်အဖဖို့ နို့ဃနာကို ငါဆောင်ယူခဲ့အံ့"ဟု ဆို၍ ထိုပဉ္စပါပီနှင့် တကွ မွေ့လျော်ပြီးလျှင် နန်းတော်သို့သွား၍ နက်ဖြန်နေ့၌ ထိုသို့ သဘော်ရှိသော နို့ဃနာကို ချက်စေပြီးလျှင် ဖက်ရက်တို့ကို ဆောင်ယူစေ၍ နှစ်ထုပ်ပြုပြီးလျှင် တစ်ထုပ်၌ နို့ဃနာကိုထည့်၍ တစ်ထုပ်၌ ပတ္တမြားဦးသျှောင်ကျင်ကို ထား၍ ထုပ်ပြီးလျှင် ညဉ့်အဖို၌သွား၍ "ရှင်မ....ငါတို့သည် ဆင်းရဲကုန်၏၊ ငြိုငြင်သဖြင့် ပြည့်စုံစေရ၏၊ သင့်အဖကို ယနေ့ ဤအထုပ်မှ နို့ဃနာကို စားစေလော့၊ နက်ဖြန် ဤအထုပ်မှပေးလော့"ဟု ဆို၏။

ထိုပဉ္စပါပီသည် မင်းမှာဆိုတိုင်းပြု၏။ ထိုအခါ ပဉ္စပါပီ၏ အဖသည် ဤသို့သော ဩဇာအရသာနှင့် ပြည့်စုံသော နို့ဃနာကို အတန်ငယ်

www.dhammadownload.com

စားလျှင် ရောင့်ရဲသည် ဖြစ်၏။ အကြွင်းကို အမိအားပေးရှု မိမိလည်း စား၏။ သုံးယောက်သော သူတို့သည်လည်း ဝသည်ဖြစ်ကုန်၏။ ပတ္တမြား ဦးသျောင်ကျင် ထည့်သော အထုပ်ကိုကား နက်ဖြန်အလို့ငှာ ထား ကုန်၏။

ဦးသျောင်ကျင်သူခိုး

မင်းသည် နန်းတော်သို့သွားရှု မျက်နှာသစ်ပြီးလျှင် "ငါ၏ ပတ္တမြား ဦးသျောင်ကျင်ကို ဆောင်ခဲ့ကြကုန်လော့" ဟု ဆို၍ "အရှင် မင်းမြတ်....မမြင်ပါကုန်" ဟု ဆိုကုန်လတ်သော် "မြို့အလုံးဦ့ စိစစ်ရှာကြ လေကုန်" ဟု ဆို၏။ မင်းချင်းတို့သည် စုံးမ်းရှာဖွေသော်လည်း မမြင် ကုန်။ "ထိုသို့တပြီးကား မြို့အပဒ္ဓနေကုန်သော သူဆင်းရဲအိမ်တို့ဦ့ ထမင်း ထုပ်ကို အစပြု၍ ရှာလေကုန်" ဟု ဆို၍ ရှာကုန်သည်ရှိသော် ပဥ္စပါပီ အိမ်ဦ့ ပတ္တမြား ဦးသျောင်ကျင်ကိုမြင်၍ ထိုပဥ္စပါပီမိဘတို့ကို ခိုးသူဟု နှောင်ဖွဲ့၍ ဆောင်ယူခဲ့ကြကုန်၏။ ထိုအခါ ပဥ္စပါပီမိဘတို့သည် မင်းအား "အရှင်မင်းမြတ်....အကျွန်ုပ်တို့သည် မခိုးယူပါကုန်၊ တစ်ပါးသောသူသည် ဤပတ္တမြားဦးသျောင်ကျင်ကို ဆောင်ယူခဲ့ပါ၏" ဟု တင်လျှောက်ကုန်၍ "အဘယ်သူသည် ဆောင်ယူခဲ့သနည်း" ဟု မေးလတ်သော် "အကျွန်ုပ် သမက်သည် ဆောင်ယူခဲ့ပါ၏" ဟု တင်လျှောက်ကုန်၏။ "ထိုသမက်သည် အဘယ်မှာနည်း" ဟု မေးလျှင် "အကျွန်ုပ်တို့ သမီးသည် သိပါ၏" ဟု တင်လျှောက်ကုန်၏။ ထို့နောင်မှ သမီးနှင့်တကွ ပြောဆို၏။ "ချစ်သမီး ... ချစ်သမီးလင်ကို သိပါ၏လော" ဟု မေး၏။ "မသိပါ" ဟု ပြောဆိုလတ် သော် "ဤသို့ မသိသည်ဖြစ်ခဲ့က ငါတို့အသက်မရှိပြီ" ဟု ဆိုသဖြင့် "ဖခင်....အကျွန်ုပ်လင်သည် မိုက်သောအခါမှ လာလတ်၍ မိုက်သော အခါကပင်လျှင် သွံးး၏၊ ထို့ကြောင့် ထိုလင်၏ အရုပ်အဆင်းကို မသိ ပါ၊ လက်အတွေ့ဖြင့်ကား ထိုလင်ကိုသိခြင်းငှာ ဟတ်နိုင်ပါ၏" ဟု ဆို၍ ပဥ္စပါပီသည် မင်းချင်းတို့အား ကြား၏။

သူခိုးရှာဖွေစေ

ထိုမင်းချင်းတို့သည်လည်း မင်းအား တင်လျှောက်ကြကုန်၏။ မင်း သည် မသိသကဲ့သို့ဖြစ်၍ "ထိုသို့တပြီးကား ထိုမိန်းမကို မင်းရင်ပြင်ဝယ် တင်းထိမ်တွင်းဦ့ဆား၍ တင်းထိမ်ကို လက်ဆန့်ရုံမျှသော အပေါက်ကို

www.dhammadownload.com

ဖောက်၍ မြို့အလုံးဦးနေသော သူတို့ကို စည်းဝေး၍ လက်အတွေ့ဖြင့် ခိုးသူကို ဖမ်းကြကုန်လော့'' ဟု ဆို၏။ မင်းချင်းတို့သည် မင်းဆိုတိုင်း ပြုအံ့သောငှာ ထိုပဉ္စပါဗိ အထံသို့သွား၍ အဆင်းကို မြင်ကုန်၍လျှင် နှလုံးမသာသည်ဖြစ်၍ ''လမ်းခရီးဦးနေသော မြေဘုတ်ဘီလူးမလော'' ဟု ဆိုကုန်၍ စက်ဆုပ် ရွံရှာကုန်သည်ဖြစ်၍ ထိအံ့သောငှာ မဝံ့ကုန်။ ဆောင်ယူ၍မူကား ထိုပဉ္စပါဗိကို မင်းရင်ပြင်ဝယ် တင်းထိမ်တွင်းဦး ထား၍ မြို့အလုံးဦး နေကုန်သော သူတို့ကို စည်းဝေးစေကုန်၏။ ထိုပဉ္စပါဗိသည် လာတိုင်း လာတိုင်းကုန်သော သူတို့၏ တင်းထိမ်ပေါက်ဖြင့် ဆန့်သောလက်ကိုကိုင်၍သာလျှင် ''ဤသူသည် ခိုးသူမဟုတ်'' ဟု ဆို၏။ ယောကျ်ားတို့သည် ထိုပဉ္စပါဗိ၏ နတ်အတွေ့နှင့်တူသော အတွေ့ဥာဏ် တပ်စွန်းသဖြင့် သွားအံ့သောငှာ မတတ်နိုင်ကုန်။ ''အကယ်၍ ဤမိန်းမသည် မင်းဒဏ်ထိုက်အံ့၊ ဒဏ်ကိုပေး၍လည်းကောင်း၊ ကျွန်အမှုလုပ်အဖြစ်သို့ ကပ်၍လည်းကောင်း၊ ဤမိန်းမကို အိမ်ဦးသာလျှင် ပြုကုန်အံ့'' ဟု ကြံကြကုန်၏။ ထိုအခါ မင်းချင်းတို့သည် တုတ်လုံးဖြင့် ပုတ်ခတ်၍ ထိုသူတို့ကို ပြေးစေကုန်၏။ အိမ်ရှေ့မင်းကို အစပြု၍ အလုံးစုံသော ယောကျ်ားတို့သည် ရှုးကုန်သကဲ့သို့ ဖြစ်ကုန်၏။

သူခိုးမိပြီ

ထိုအခါ မင်းသည် ''အသို့နည်း၊ ငါသည် ဖြစ်လေသလော'' ဟု လက်ကို တင်းထိမ်တွင်းသို့ သွင်း၏။ ထိုမင်းကို လက်ဦးကိုင်၍လျှင် ''ငါသည် ခိုးသူကိုဖမ်းမိပြီ'' ဟု သည်းစွာသော အသံကိုပြု၏။

မင်းသည် ထိုမြို့နေသူ အပေါင်းတို့အား ''သင်တို့သည် ဤမိန်းမသည် သင်တို့လက်တို့၌ ကိုင်သည်ရှိသော် အသို့ ကြံကြကုန်သနည်း'' ဟု မေး၏။ ထိုမြို့နေသူ အပေါင်းတို့သည် ဟုတ်မှန်သောအတိုင်း တင်လျှောက်ကြကုန်၏။ ထိုအခါ ထိုသူတို့ကို မင်းသည် ဤသို့ပြောဆို၏။ ''ငါသည် ဤမိန်းမကို နန်းတော်သို့ ဆောင်ယူခြင်းငှာ ဤသို့ပြု၏၊ ဤမိန်းမ၏ အတွေ့ကို မသိကုန်သောသူတို့သည် ငါ့ကိုကဲ့ရဲ့ကုန်ရာ၏'' ဟု ကြံ၏။ ထို့ကြောင့် ငါသည် အလုံးစုံကုန်သော သင်တို့ကို သိစေအပ်ကုန်ပြီ။ ဆိုကြကုန်လော့၊ ''ယခုအခါ ထိုမိန်းမသည် အဘယ်သူ၏ အိမ်ဦးဖြစ်ခြင်းငှာ သင့်မည်နည်း'' ဟု မေးတော်မူ၏။ ''အရှင်မင်းမြတ်....အရှင်မင်းမြတ်တို့၏ နန်းတော်ဦးဖြစ်ခြင်းငှာ သင့်ပါ၏'' ဟု တင်လျှောက်ကြကုန်၏။

www.dhammadownload.com

မိဖုရားကြီး ဖြစ်ပြီ

ထိုအခါ ပဉ္စပါပီကို အဘိသိက်သွန်း၍ မိဖုရားကြီး ပြု၏။ ထိုပဉ္စပါပီ မိဘတို့အားလည်း မျှားစ့ဉ်သော စည်းစိမ်ဥစ္စာကို ပေးတော်မူ၏။ ထိုအခါမှစ၍ကား ထိုပဉ္စပါပီကို အလွန် မြတ်နိုးသောကြောင့် တရားဆုံးဖြတ်ခြင်းကို မဖြစ်စေ၊ တစ်ပါးသော မိန်းမကိုလည်း မကြည့်ပြီ။

မိဖုရားကြီး ဖြစ်ပြန်ခြင်း

ထိုအခါ တစ်ပါးသော မိန်းမတို့သည် ထိုပဉ္စပါပီ၌ အာဃာတကိုရှာကြကုန်၏။ ထိုပဉ္စပါဝံသည် တစ်နေ့သ၌ မင်းနှစ်ပါးတို့ မိဖုရားကြီး ဖြစ်ခြင်း၏ နိမိတ်ကို အိပ်မက်၌ မြင်မက်၍ မင်းအား ကြားလျှောက်၏။ မင်းသည် အိပ်မက် ဖတ်ကတ်ကုန်သောသူတို့ကိုခေါ်၍ "ဤသို့ သဘောရှိသော အိပ်မက်ကို မြင်မက်သည်ရှိသော် အသို့ဖြစ်လတ္တံ့နည်း" ဟု မေးတော်မူ၏။ ထို အိပ်မက် ဖတ်တတ်သော သူတို့သည် တစ်ပါးကုန်သော မိန်းမတို့၏ အထံမှ တံစိုးကိုယူ၍ "အရှင်မင်းမြတ်၊ မိဖုရားကြီးသည် ကိုယ်လုံးဖြူသော ဆင်ကျောက်ကုန်းထက်၌ နေရသည်ဟုမက်သော အဖြစ်သည် အရှင်မင်းမြတ်တို့၏ သေရလတ္တံ့သော ပုဗ္ဗနိမိတ်တည်း၊ ဆင်ကျောက်ကုန်းထက်၌ နေလျက် လက်ံ သုံးသပ် မှက်ခြင်းသည် အရှင်မင်းတို့အား ရန်သူမင်းတို့ ဆောင်ခြင်း၏ ပုဗ္ဗနိမိတ်တည်း" ဟု ဖက်ဆို၍ "ယခုအခါ အသို့ပြုအပ်သနည်း" ဟု မေးလတ်သော် "အရှင်မင်းမြတ်.... မိဖုရားကြီးကို သတ်ခြင်းငှာ မတတ်ကောင်း၊ ဤမိဖုရားကို လှော်၌ထား၍ မြစ်၌ စွန့်အံ့သောငှာ သင့်၏" ဟု တင်လျှောက်ကြကုန်၏။ မင်းသည် အစာအာဟာရ အဝတ်တန်ဆာတို့နှင့်တကွ ညဉ့်အဖို့ဝယ် လှော်၌ထား၍ မြစ်၌လွှတ်၏။ ထိုမိဖုရားသည် မြစ်၌ မျောသည်ရှိသော် အနာကြွေ လှေဖြင့် ရေကစားသော ဗာဝရိကမင်း၏ ရှေးရှုအရပ်သို့ ရောက်လေ၏။ ထို ဗာဝရိကမင်း၏ စစ်သူကြီးသည် ထိုလှေကို မြင်၍ ဤလှေသည် ငါ့လှေဟု ဆို၏။ မင်းသည် လှော်၌ ဘဏ္ဍာသည် ငါ့ဥစ္စာဟု ဆို၏။ လှေသည် ရောက်လတ်သော် ထို ပဉ္စပါပီကိုမြင်၍ "သင်သည် ရက္ခိုသ်ဘီလူးမနှင့် တူ၏၊ အဘယ်အမည် ရှိသနည်း" ဟု မေး၏။ ထိုပဉ္စပါပီသည် ပြုံးရယ်ခြင်းကိုပြု၍ ဗကမင်း မိဖုရားကြီးအဖြစ်ကို ပြောဆိုလျက် အလုံးစုံသော ထိုအကြောင်းကို ထို ဗာဝရိကမင်းအား ကြား၏။ ထိုမိဖုရားသည်ကား ပဉ္စပါပီဟူ၍ အလုံးစုံသော ဇမ္ဗူဒီပ်ကျွန်း အပြင်၌ ထင်ရှား၏။ ထိုအခါ ထိုပဉ္စပါပီကို ဗာဝရိကမင်း လက်၌ကိုင်၍

www.dhammadownload.com

ခဲ့၏။ ကိုင်မိသည်နှင့်တကွလျှင် ဖဿရာဂ တပ်စွန်းသည် ဖြစ်၍ တစ်ပါး ကုန်သော မိန်းမတို့၌ မိန်းမဟူသော အမှတ်ကို မပြုမူ၍ ထို ပဉ္စပါဝိကို မိဖုရားကြီးအရာ၌ ထား၏။ ထို ပဉ္စပါဝိသည် ဗာဝရိကမင်း၏ အသက်နှင့် အတူ ခြစ်၏။

မင်းနှစ်ပါး၏ မိဖုရားကြီး

ဗကမင်းသည် ထိုအကြောင်းကို ကြား၍ "ငါသည် ထိုဗာဝရိကမင်းအား ပဉ္စပါဝိကို မိဖုရားကြီး ပြုစိမ့်သောငှာ မပေးအံ့"ဟု စစ်သည်ဖိုလ်ပါကို စုရုံး၍ မြစ်ဆိပ်၌ နန်းဆောက်၍ ထိုဗာဝရိကမင်းအား "ငါ၏ မယားကိုလည်း ပေးမည်လော၊ စစ်ကိုတည်း ထိုးမည်လော"ဟု မှာစာကို စေလိုက်၏။ ထို ဗာဝရိကမင်းသည် "စစ်ထိုးခြင်းကိုသာ ပေးအံ့၊ မယားကို မပေး"ဟု မှာလိုက်၍ စစ်ထိုးအံ့သော အစီအရင်ကို ပြု၏။ ထိုမင်းနှစ်ပါးတို့၏ မှူးမတ်တို့သည် "မိန်းမကိုမှီ၍ သေရအံ့သော ကိစ္စသည် မရှိ၊ ရှေးဦးစွာ လင်ဖြစ်သောကြောင့် ဤမိဖုရားသည် ဗကမင်းအားလည်း ရောက်သင့်၏၊ လှေ၌ ရသောကြောင့် ဗာဝရိကမင်းအားလည်း ရောက်သင့်၏၊ ထို့ကြောင့်နှီတစ်ယောက်တစ်ယောက်သော မင်း၏ နန်းတော်၌ ခုနစ်ရက် ခုနစ်ရက်စီ ဖြစ်စေလော့"ဟု တိုင်ပင်၍ မင်းနှစ်ပါးတို့ကိုလည်း သိစေကုန်၏။ ထိုမင်းနှစ်ပါးတို့သည်လည်း နှစ်သက်ကုန်သည်ဖြစ်၍ မြစ်ဆိပ်တစ်ဖက်စီဖြင့် မြို့တည်၍ နေကုန်၏။ ထို ပဉ္စပါဝိသည်လည်း မင်းနှစ်ပါးတို့၏ မိဖုရားကြီးအဖြစ်ကို ပြု၏။ မင်းနှစ်ပါးတို့ သည်လည်း ထို ပဉ္စပါဝိအား အလှန် မြတ်နိုးကုန်၏။

လင်ငယ်နေပြီ

ထို ပဉ္စပါဝိသည်ကား မင်းတစ်ပါး နန်းတော်၌ ခုနစ်ရက်နေပြီး၍ လှေဖြင့် မင်းတစ်ပါး နန်းတော် သွားသည်ရှိသော် လှေကိုလှော်၍ ဆောင်သွားသော အိုမင်းပြီးသော တံငါ ငကုန်းနှင့်တကွ မြစ်လယ်၌ ယုတ်မာသော အကျင့်ကို ကျင့်၏။

ထိုအခါ ကုဏ္ဍာလဒွက်မင်းသည် ဗကအမည်ရှိသော ဗာရာဏသီမင်း ဖြစ်၏။ ထို့ကြောင့် မိမိသည် မြင်ဖူးသောအကြောင်းကို ထုတ်ဆောင်ပြလိုရကား—

www.dhammadownload.com

၃၆၇။ ဗကဿစ ဗာဝရိကဿစရညော၊
အစ္စန္တကာမာ နုဂတာသ ဘာရိယာ။
အဝါဧရီ ဝတ္တဝသာ နုဂဿ၊
ကံဝါ ပိ ဣတ္ထီနာတိစရေ တဒညံ—
ဟူသော ဤဂါထာကို ဆို၏။

၃၆၇။ ဗကဿစ ရညော၊ ဗကမင်း၏ လည်းကောင်း။ ဗာဝရိက-ဿစ ရညော၊ ဗာဝရိကမင်း၏ လည်းကောင်း။ အစ္စန္တကာမာ နုဂတာသ၊ စင်စစ်လျှင် အလိုသို့လိုက်ရသော။ အဝါစရီ၊ ယုတ်မာသော အကျင့်ရှိသော။ ဘာရိယာ၊ မယားသည်။ ပတ္ထာသာ နုဂဿ၊ တောင့်တ၍ မိမိအလိုသို့ လိုက်ရသောသူနှင့်။ သဒ္ဓိံ၊ တကွ။ ပါပံ၊ ယုတ်မာသော အကျင့်ကို။ အကာသိ၊ ပြု၏။ ကံဝါ၊ အဘယ်မည်သော။ အညံ၊ တစ်ပါးသော။ တံပိ၊ ထိုယောကျ်ားကိုလည်း။ ဣတ္ထိ၊ မိန်းမတို့သည်။ နာတိစရေ၊ မလွန်ကျူးဘဲ ရှိအံ့နည်း။

ပိဋကိယာနိမိဖုရား

အကြောင်းတစ်ပါးလည်း လွန်လေပြီးသောအခါ တစ်ယောက်သော ဗြဟ္မဒတ်မင်း၏ မယားဖြစ်သော ပိဋကိယာနီ အမည်ရှိသော မိဖုရားကြီးသည် ခြင်္သေ့ခံသော လေသွန်နှန်းတံခါးကိုဖွင့်၍ ကြည့်လတ်သော် မင်္ဂလာမြင်ထိန်းဘော်ကိုမြင်၍ မင်းအိပ်ပျော်သောအခါ လေသွန်နှန်းတံခါးဖြင့် နှန်းတော်မှဆင်းသက်၍ ထိုမြင်ထိန်းနှင့်တကွ လွန်ကျူးပြီးလျှင် တစ်ဖန် နှန်းတော်ထက်သို့တက်၍ နံ့သာတို့ဖြင့် ကိုယ်ကိုလိမ်းကျံ၍ မင်းနှင့်တကွ အိပ်၏။ ထိုအခါ တစ်နေ့သ၌ မင်းသည် "အဘယ့်ကြောင့် ဤမိဖုရားကြီးကိုယ်သည် သန်းခေါင်ယံအခါ၌ အေးလေသနည်း၊ ထိုမိဖုရားကြီးကို စုံစမ်းအံ့" ဟု တစ်နေ့သ၌ အိပ်ပျော်သကဲ့သို့ဖြစ်၍ ထ၍သွားသော ထိုမိဖုရားသို့လိုက်၍ မြင်းထိန်းနှင့်တကွ လွန်ကျူးသောအမှုကို ပြုသည်ကိုမြင်လျှင် ပြန်ခဲ့၍ အိပ်ရာသို့တက်၏။ ထို မိဖုရားကြီးသည်လည်း လွန်ကျူးသောအမှုကို ပြုခဲ့ပြီးလျှင် လာလတ်၍ နိမ့်သောအိပ်ရာ၌ အိပ်၏။ မိုးသောက်နေ၌ မင်းသည် မှူးတော် မတ်တော် အပေါင်းတို့၏အလယ်၌ ထိုမိဖုရားကိုခေါ်စေ၍ အမှုကို ထင်စွာပြုပြီးလျှင် "ခပ်သိမ်းကုန်သော မိန်းမတို့သည် ယုတ်မာသော အကျင့်ရှိကုန်၏" ဟု ထိုမိဖုရားကြီးအား

www.dhammadownload.com

သတ်ခြင်း နှောင်ဖွဲ့ခြင်း ခြေလက်တို့ကိုဖြတ်ခြင်းဌာ ထိုက်သောအပြစ်ကို သည်းခံ၍ မိဖုရားကြီးအရာမှ ချပြီးလျှင် တစ်ပါးသောမိန်းမကို မိဖုရားကြီး မြှောက်၏။

ထိုအခါ ကုဏ္ဍာလဌက်မင်းသည် ဗြဟ္မဒတ်မင်းဖြစ်၏။ ထို့ကြောင့် မိမိသည် မြင်ဖူးသော ထိုအကြောင်းကို ထုတ်ဆောင်၍ပြလိုရကား-

၃၆၈။ ပိဏ္ဍိယာနီ သဗ္ဗလောကိဿရဿ၊
ရညော ပိယာ ဗြဟ္မဒတ္တဿ ဘရိယာ။
အဝါစရီ ပတ္ထဝသာ နုဂဿ၊
တံဝါပိသာ နာဠဂါ ကာမကာမိနီ-

ဟူသော ဤဂါထာကို ဆို၏။

၃၆၈။ ဗြဟ္မဒတ္တဿ၊ ဗြဟ္မဒတ်အမှည်ရှိသော။ သဗ္ဗလောကိဿရဿ၊ အလုံးစုံသောလူကို အစိုးရသော။ ရညော၊ မင်း၏။ ဘရိယာ၊ မယားဖြစ်သော။ ပိယာ၊ ချစ်အပ်သော။ ပိဏ္ဍိယာနီ၊ ပိဏ္ဍိယာနီ အမည်ရှိသော မိဖုရားကြီးသည်။ ပတ္ထဝသာနုဂဿ၊ တောင့်တ၍ မိမိအလိုသို့ လိုက်ရသော မြင်းထိန်းနှင့်။ အဝါစရီ၊ ယုတ်မာသော အကျင့်ကို လွန်ကျူး၍ ကျင့်သည်ဖြစ်၍။ ကာမကာမိနီ၊ ကာမဂုဏ်ကို တောင့်တသော။ သာ၊ ထို မိဖုရားသည်။ တံဝါပိ၊ ထို တောင့်တသော ကာမဂုဏ်ကိုလည်းကောင်း။ မဟေသိဌာနံဝါ၊ မိဖုရားကြီးအရာကို လည်းကောင်း။ နာဠဝါ၊ မရပြီ။ ဥဘတော၊ နှစ်ပါးစုံမှ။ ဘဋ္ဌာ၊ ပျက်လေ၏။

မပေါင်းအပ်သောမိန်းမများ

ဤသို့လျှင် ဘုရားလောင်း ကုဏ္ဍာလဌက်မင်းသည် ဤအတိတ်ဝတ္ထုတို့ဖြင့် မိန်းမတို့၏အပြစ်ကို ဟောပြီး၍ တစ်ပါးသောအကြောင်းဖြင့် လည်း ထိုမိန်းမတို့၏ အပြစ်ကိုပင်လျှင် ဟောပြောလိုရကား-

၃၆၉။ လုဒ္ဓါနံ လဟုစိတ္တာနံ၊ အကာဘညူန ဒုဗ္ဘိနံ။
နာ ဒေဝ သတ္တော ပုရိသော၊ ထိနံ သဒ္ဓါတု မရဟတိ ။လ။

www.dhammadownload.com

၃၈၀။ နာစုန္တ ဝဏ္ဏာ နုဗဟူ နာန္တာ၊
နဒက္ခီဏာ ဧမဒါ သေဝိတဗ္ဗာ။
နာ ပရဿ ဘရိယာ နာ ဓနဿ ဟေတူ၊
တေတ္တိယော ပဇ္ဇ နာ ထေဝိတဗ္ဗာ—
ဟူသော ဤတစ်ဆယ့်နှစ်ဂါထာတို့ကို ဆို၏။

၃၆၉။ လုဒ္ဓါနံ၊ တပ်မက်မောတတ်ကုန်သော။ လာဘုစိတ္တာနံ၊ လျင်သော စိတ်အပြန်ရှိကုန်သော။ အကတညူနံ၊ သူ့ကျေးဇူးကို မသိတတ်ကုန်သော။ ဒုဇ္ဈာနံ၊ အဆွေခင်ပွန်းကို ပြစ်မှားတတ်ကုန်သော။ ထီနံ၊ မိန်းမတို့၏။ သီလဝန္တဝါဒံ၊ သီလရှိ၏ဟူသော စကားကို။ သဒ္ဓါတုံ၊ ယုံကြည်အံ့သောငှာ။ အဒေဝသတ္တော၊ ရာဂနတ် မဖမ်းသော။ ပုရိသော၊ ယောကျ်ားသည်။ နာ အရဟတိ၊ မထိုက်။

၃၇၀။ တာ၊ ထိုမိန်းမတို့သည်။ ကတံ၊ မိမိအား ပြုအပ်ပြီးသော ကျေးဇူးကို။ နပ္ပဇာနန္တိ၊ မသိကုန်။ ကိစ္စံ၊ ပြုအပ်သော ကျေးဇူးတုံ့ကို။ နပ္ပဇာနန္တိ၊ မသိကုန်။ မာတရံ၊ အမိကိုလည်းကောင်း။ ပိတရံ၊ အဘကိုလည်းကောင်း။ အထ၊ ထိုမှတစ်ပါး။ ဘာတရံဝ၊ မောင်အစ်မ ညီမကိုလည်းကောင်း။ နာ ဇာနန္တိ၊ မသိကုန်။ အနရိယာ၊ ယုတ်မာသောအကျင့်ဥ မရှက်ကုန်။ သမတိက္ကန္တမမ္မာ၊ လွန်ကျူးခြင်း ကျင့်တတ်သော သဘောရှိကုန်၏။ သသေဝ၊ မိမိ၏လျှင်။ စိတ္တာသာ၊ စိတ်၏။ ဝသံ၊ အလိုသို့။ ဝဇ္ဇန္တိ၊ လိုက်ကုန်၏။

၃၇၁။ စိရာနုဝုတ္ထံပိ၊ မြင့်ရှည်စွာ အတူနေ၍လည်း။ ပိယံ၊ ချစ်အပ်သော။ မနာပံ၊ နှစ်လိုအပ်သော။ အနုကမ္မကံ၊ သနားတတ်သော။ ပါဏသမံ၊ အသက်နှင့်တူသော။ နံ၊ ဘတ္တာံပိ၊ ထိုလင်ကိုသော်လည်း။ အာဝါသုစ၊ ဘေးရန်တို့ကြောင့် လည်းကောင်း။ ကိစ္စေသု စ၊ ထိုထို ကိစ္စတို့ကြောင့် လည်းကောင်း။ ဇဟန္တိ၊ စွန့်တတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ဣတ္ထိနံ၊ မိန်းမတို့ကို။ နာ ဝိဿသာမိ၊ အကျမ်းမဝင်။

၃၇၂။ ဟိ သစ္စံ၊ မှန်၏။ ထီနံ၊ မိန်းမတို့၏။ စိတ္တံ၊ စိတ်သည်။ ဝါနရဿ၊ မျောက်၏။ စိတ္တံယထာ၊ စိတ်နှင့်တူ၏။ ရုက္ခဆာယာ၊ သစ်ပင်

www.dhammadownload.com

ရိပ်သည်။ ကဏ္ဍပ္ပကဏ္ဍံ၊ သက်တိုင်းသက်တိုင်းသော သူကို။ အဘိရူယှတိယထာ၊ တက်သကဲ့သို့တည်း။ ဣတ္ထိနံ၊ မိန်းမတို့၏။ ဟဒယံ၊ နှလုံးသည်။ စလာစလံ၊ အလွန်တုန်လှုပ်၏။ စက္ကဿ၊ လှည်းဘီးစက်၏။ နေမိဝိယ၊ အကွပ်ကဲ့သို့။ ပရိဝတ္တတိ၊ လည်တတ်၏။

၃၇၃။ ယဒါ၊ အကြင်အခါ၌။ တာ၊ ထိုမိန်းမတို့သည်။ သမေကွမာနာ၊ ကြည့်ရှုအပ်ကုန်သည် ဖြစ်၍။ အာဒေယျရူပံ၊ ယူအပ်သော သဘောခရှိသော။ ပုရိသဿ၊ ယောကျ်း၏။ ဝိတ္တံ၊ ဥစ္စာကို။ ပဿန္တီ၊ မြင်ကုန်၏။ တဒါ၊ ထိုအခါ၌။ သဏှာဟိ၊ သိမ်မွေ့ပြေပြစ်ကုန်သော။ ဝါစာဟိ၊ စကားတို့ဖြင့်။ ဓနံ၊ ဥစ္စာကို။ နယန္တိ၊ ဆောင်တတ်ကုန်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ကမ္မောဇကာ၊ ကမ္မောဇ တိုင်းသားတို့သည်။ ဇလဇေန၊ ရေ၌ဖြစ်သော မှော်ဖြင့်။ အဿံ၊ မြင်းကို။ နယန္တိ ဣဝ၊ ဆောင်ကုန်သကဲ့သို့တည်း။

၃၇၄။ ယဒါ၊ အကြင်အခါ၌။ တာ၊ ထိုမိန်းမတို့သည်။ သမေကွမာနာ၊ ရှုကုန်သည်ဖြစ်၍။ အာဒေယျရူပံ၊ ယူအပ်သော သဘောရှိသော။ ပုရိသဿ၊ ယောကျ်း၏။ ဝိတ္တံ၊ ဥစ္စာကို။ န ပဿန္တိ၊ မမြင်ကုန်။ တဒါ၊ ထိုအခါ၌။ သမန္တာတော၊ ထက်ဝန်းကျင်မှ။ နံ၊ ထိုယောကျ်းကို။ ပရိဝဇ္ဇယန္တိ၊ ကြဉ်ရှောင်ကုန်၏။ တိဏ္ဏော၊ ကူးမြောက်ပြီးသော။ နဒီပါရဂတော၊ မြစ်တစ်ဘက်သို့ ရောက်သောသူသည်။ ကုလ္လံ၊ ဖောင်ကို။ နပဋိကင်္ခတိ ဣဝ၊ မကြည့်သကဲ့သို့တည်း။

၃၇၅။ ဣတ္ထိယော၊ မိန်းမတို့သည်။ သိလေသုပမာ၊ မျောက်နှဲ့စေးနှင့်တူကုန်၏။ သဗ္ဗဘက္ခာ၊ အလုံးစုံ ကောင်းမှကောင်းကို စားတတ်သော။ သိခီရိဝ၊ မီးနှင့်တူကုန်၏။ သီဃသောတာ၊ လျင်သော အလျဉ်ရှိသော။ နဒီရိဝ၊ မြစ်ကဲ့သို့။ တိက္ခမာယာ၊ ထက်သောမာယာရှိကုန်၏။ ဟိသစ္စံ၊ မှန်၏။ နာဝါ၊ လှေသည်။ ဩရကုလံ၊ ဤမှာ ဘက်ကမ်းကို လည်းကောင်း။ ပရဩကုလံ၊ ထိုမှာ ဘက်ကမ်းကို လည်းကောင်း။ သဝတိယထာ၊ မှီဝဲသကဲ့သို့။ တထာ၊ ထို့အတူ။ ဧတာ၊ ထိုမိန်းမတို့သည်။ ပိယဩ၊ ချစ်မြတ်နိုးသော ယောကျ်းကိုလည်းကောင်း။ အပ္ပိယဩ၊ မုန်းသောယောကျ်း လည်းကောင်း။ သဝန္တိ၊ မှီဝဲတတ်ကုန်၏။

www.dhammadownload.com

၃၂၆။ တာ၊ ထိုမိန်းမတို့သည်။ ကေဿ၊ တစ်ယောက်သောသူ အား။ နဟောန္တို၊ မဖြစ်ကုန်။ ဒိုန်း၊ နှစ်ယောက်သောသူတို့အား။ နဟောန္တို၊ မဖြစ်ကုန်။ ပသာရိတော၊ ကျင်းပအပ်သော။ အာပဏော၀၊ အိမ်စျေးနှင့်တူ၏။ ယော၊ အကြင်ယောကျ်ားသည်။ တာ၊ ထိုမိန်းမတို့ကို။ မယ္ဟံ၊ ငါ၏။ ဘရိယာတိ၊ မယားဟူ၍။ မညေယျ၊ အောက်မေ့ငြားအံ့။ သော၊ ထိုယောကျ်ားသည်။ ၀ါတံ၊ လေကို၊ ဇာလေန၊ ကွန်ဖြင့်။ ဗဟဓေ၊ ဖွဲ့မိရာ၏။

၃၂၇။ လောကေ၊ လ့ောကဋ္ဌ။ ဣတ္ထိယောနာမ၊ မိန်းမတို့မည်သည်ကား။ ဧစံ၊ ဤသို့သဘောရှိကုန်၏။ နဒီ ယထာစ၊ မြစ်ဆိပ်ကဲ့သို့လည်းကောင်း။ ပန္ထောယထာ စ၊ နှံခရီးလမ်းမကဲ့သို့ လည်းကောင်း။ ပါနာဂါရံ ယထာစ၊ သေသောက်ရာ တင်းကုပ်ကဲ့သို့ လည်းကောင်း။ သဘာယထာ စ၊ သဘင်ကဲ့သို့ လည်းကောင်း။ ပပါ ယထာ စ၊ ရေအိုးစင်ကဲ့သို့ လည်းကောင်း။ တာသံ၊ ထိုမိန်းမတို့အား။ ဇေလ့ာ၊ အချိန်အခါသည်။ နဝိဇ္ဇတိ၊ မရှိ။

၃၂၈။ တော၊ ထိုမိန်းမတို့သည်။ ဃတာသနပမာ၊ မီးနှင့်တူကုန်၏။ ကဏ္ဟာသပ္ပသိရူပမာ၊ မြွေဟောက်ဦးခေါင်းနှင့် တူကုန်၏။ ဂါ၀ေါ၊ နွားတို့သည်။ တိဏဿ၊ မြက်၏။ ဗဟိ၊ အပဋ္ဌ။ ဝရ၀ရံ၊ ကောင်းနိုးရာရာကို။ သြမသန္တိ ဣဝ၊ ရှာစားသည်နှင့် တူကုန်၏။

၃၂၉။ ဃဘာသနံ၊ မီးကိုလည်းကောင်း။ ကုဥ္ဇရံ၊ ဆင်ကို လည်းကောင်း။ တဏှာသပ္ပံ၊ မြွေဟောက်ကို လည်းကောင်း။ မုဒ္ဓါဘိသိတ္တံ၊ မင်းကို လည်းကောင်း။ သဗ္ဗာ၊ အလုံးစုံကုန်သော။ ပမဒါစ၊ မိန်းမကို လ့ည်းကောင်း။ ဧတေ၀ဠ္ဆ၊ ထိုငါးယောက်တို့ကို။ နရော၊ လူသည်။ နိစ္စယတော၊ မြဲသော သတိရှိသည်ဖြစ်၍။ ဘဇေထ၊ ဆည်းကပ်ရာ၏။ ဟ၀ေ၊ စင်စစ်။ တေသံ၊ ထိုငါးယောက်တို့၏။ သဗ္ဗဘာ၀ေါ၊ အလုံးစုံသော အလိုကို။ ဒုဗ္ဘိဒူ၊ သိနိုင်ခဲ၏။

မချစ်သင့်သော မိန်းမမျိုး

၃၈၀။ အစ္ဆန္တော၀ဏ္ဏာ၊ အလှန်အဆင်းနှင့် ပြည့်စုံသောမိန်းမကို။ နဧသ၀ိတဗ္ဗာ၊ မမှီ၀ဲအပ်ကုန်။ ဗဟူနကန္တာ၊ မျိုးစုံသောသူတို့ ချစ်နှစ်သက်သောမိန်းမကို။ နဧသ၀ိတဗ္ဗာ၊ မမှီ၀ဲအပ်ကုန်။ ဒက္ခိဏာ၊ ကခြင်းသီခြင်း၌

www.dhammadownload.com

လိမ္မာကုန်သော။ ပမဒါ၊ မိန်းမတို့ကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်ကုန်။ ပရဏ္ဍာ၊ သူတစ်ပါး၏။ သရိယာ၊ မယားကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်ကုန်။ ယာစ၊ အကြောင်မိန်းမသည်ကား။ ဓနဏ္ဍာ၊ ဥစ္စာ၏။ ဟေတု၊ အကြောင်းကြောင့်။ ဘဇတိ၊ မိမိသို့ ဆည်းကပ်၏။ သာ၊ ထိုမိန်းမကို။ အပရိဂ္ဂဟာပိ၊ သိမ်းဆည်းသောသူပင် မရှိသော်လည်း။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်။ ပဋ္ဌ၊ ငါးယောက်ကုန်သော။ တောဏ္ဍတ္ထိယော၊ ထိုမိန်းမတို့ကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်ကုန်။

အာနန္ဒာလင်းတမင်း၏ မိန်းမ တရား

ဤသို့ ဟောသည်ရှိသော် လူမျှားသည် "ဘုရားလောင်း ကုဏ္ဍာလဒွက်မင်းအား သြော် အံ့ဖွယ်ရှိစွ ကောင်းစွာဟောပေ၏" ဟု ကောင်းချီးပေးကြ၏။ ထိုဘုရားလောင်း ကုဏ္ဍာလဒွက်မင်းသည်လည်း ဤမျှသော အကြောင်းတို့ဖြင့် မိန်းမတို့၏ ကျေးဇူးမဲ့ကို ဟောပြီးလျှင် ဆိတ်ဆိတ် နေတော်မူ၏။ ထိုကုဏ္ဍာလဒွက်မင်း၏ တရားစကားကို ကြား၍ အာနန္ဒာလင်းတမင်းသည် "အဆွေကုဏ္ဍာလဒွက်မင်း....ငါသည်လည်း ငါ၏ ဉာဏ်စွမ်းဖြင့် မိန်းမတို့၏ ကျေးဇူးမဲ့ကို ဟောအံ့" ဟုဆို၍ မိန်းမတို့၏ ကျေးဇူးမဲ့ကို ဟောအံ့" ဟု ဆို၍ မိန်းမတို့၏ ကျေးဇူးမဲ့စကားကို အားထုတ်၏။ ထိုအကြောင်းကို ပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်-

၃၀၁။ "အထ ခလု ဘော အာနန္ဒော ဂိဇ္ဈရာဇာ"—
အစရှိသော တစ်ဆယ့်ငါးဂါထာတို့ကို ဟောတော်မူ၏။

၃၀၁။ ဘော၊ အိုရဟန်းအပေါင်းတို့။ အထ၊ ထိုအခါ၌။ ခလု၊ စင်စစ်။ အာနန္ဒော၊ အာနန္ဒာအမည်ရှိသော။ ဂိဇ္ဈရာဇာ၊ လင်းတမင်းသည်။ ကုဏ္ဍာလဿ၊ ကုဏ္ဍာလအမည်ရှိသော။ သကုဏ္ဍဿ၊ ဒွက်မှင်း၏။ အာဒိမဇ္ဈကထာ ပရိယောသာနံ၊ စကား၏အစ အလယ် အဆုံးကို။ ဝိဒိတွာ၊ သိပြီး၍။ တာယံ ဝေလာယံ၊ ထိုအခါ၌။ ဣမာ ဂါထာ။ ဤဂါထာတို့ကို။ အဘာသိ၊ ရွတ်၏။

၃၀၂။ ပုရိသော၊ ယောကျ်ားသည်။ သမ္မတာယ၊ မြတ်နိုးအပ်သော။ ဣတ္ထိယာ၊ မိန်းမအား။ ဓနေန၊ ဥစ္စာဖြင့်။ ပုဏ္ဏံ၊ ပြည့်သော။ ဣမံ ပထဝိံ၊ ဤမြေကြီးကို။ စေဒဇ္ဈာပိ၊ အကယ်၍ပေးငြားသော်လည်း။

www.dhammadownload.com

ခဏံ၊ အခွင့်ကို။ လဒ္ဓါ၊ ရသည်ရှိသော်။ ဘံပိ၊ ထိုယောကျ်ားကိုလည်း။ အတိမညေ့ယျ၊ မထီမဲ့မြင်ပြုရာ၏။ အသန္တိနံ၊ သူယုတ်မာ ဖြစ်ကုန်သော။ တာသံ၊ ထိုမိန်းမတို့၏။ ဝသံ၊ နိုင်ငံသို့။ နဂစ္ဆေ၊ မလိုက်ရာ။

၃၈၃။ စေပိ၊ အကယ်၍လည်း။ အလိနဝုတ္တိံ၊ မတ္ဆန့်တိုသော ဖြစ်ခြင်းရှိသည် ဖြစ်၍။ ဥဋ္ဌာဟကံ၊ လုံ့လ ပြုရာ၏။ ပိယံ၊ ချစ်အပ်သော။ မနာပံ၊ နှစ်လိုအပ်သော။ နံ ကောမာဓဘတ္တာရံပိ၊ ထိုသတို့သားငယ် ဖြစ်သော လင်ကိုသော်လည်း။ အာဝါသု စ၊ ဘေးရန်တို့ကြောင့် လည်းကောင်း။ ကိစ္စေသု စ၊ ထိုထိုကိစ္စတို့ကြောင့်လည်းကောင်း။ ဇဟန္တီ၊ စွန့်တတ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ဣတ္ထိနံ၊ မိန်းမတို့အား။ န ဝိဿသာမိ၊ အကျွမ်းမဝင်။

၃၈၄။ ပေါသော၊ ယောကျ်ားသည်။ မံ၊ ငါ့ကို။ ဣစ္ဆတိ၊ အလိုရှိ၏။ ဣတိ၊ ဤသို့ထင်မှတ်၍။ န ဝိဿသေ၊ အကျွမ်းမဝင်ရာ။ မေ၊ ငါ၏။ သံကာသေ၊ အထံ၌။ ရောဒတိ၊ ကြင်နာ၏။ ဣတိ၊ ဤသို့။ န ဝိဿသေ၊ အကျွမ်းမဝင်ရာ။ ဧတာ၊ ထိုမိန်းမတို့သည်။ ပိယမပ္ပိယဉ္ဉ၊ ချစ်သောသူ မချစ်သောသူကိုလည်း။ သေဝန္တီ၊ မှီဝဲတတ်ကုန်၏။ နာဝါ၊ လှေသည်။ ဩရကုလံ၊ ဤမှာဘက်ကမ်းသို့ လည်းကောင်း။ ပရဉ္ဆကုလံ၊ ထိုမှာဘက်ကမ်းသို့လည်းကောင်း။ နေတိ ယထာ၊ပို့ဆောင် သကဲ့သို့တည်း။

အကျွမ်းမဝင်သင့် ၄-ပါး

၃၈၅။ သာခပုရာဏာ သန္ထုတံ၊ ဟောင်းလေပြီးသော သစ်ခက်အခင်းကို။ န ဝိဿသေ၊ အကျွမ်းမဝင်ရာ။ မိတ္တာ ပုရာဏာ စေဝံ၊ အဆွေခင်ပွန်းဟောင်းဖြစ်သော ခိုးသူကို။ န ဝိဿဒေ့သ၊ အကျွမ်း မဝင်ရာ၊ ရာဇာနံ၊ မင်းကို။ မမ၊ ငါ၏။ သခါ၊ အဆွေခင်ပွန်းတည်း။ ဣတိ၊ဤသို့။ န ဝိဿသေ၊ အကျွမ်းမဝင်ရာ။ ဒ သန္ဒ မာဘရံ၊ သားတစ်ကျိပ်တို့၏ အမိဖြစ်သော်လည်း။ ဣတ္ထိ၊ မိန်းမကို။ န ဝိဿသေ၊ အကျွမ်းမဝင်ရာ။

၃၈၆။ ရာမကရာသု၊ လူမိုက်တို့၏ မေ့လျော့ခြင်းကို ပြုတတ်ကုန်သော။ အစ္စန္တသီလာသု၊လွန်ကျူးခြင် ကျင့်လေ့ရှိကုန်သော။အသညတာသု၊ ကိုယ်နှုတ်နှလုံးကို မစောင့်ကုန်သော့။ နာရီသု၊ မိန်းမတို့၌။ န ဝိဿဒေ့သ၊

www.dhammadownload.com

အက္ခမ်းမဝင်ရာ။ ဘရိယာ၊ မယားသည်။ အစ္ဆန္နပေမာနုဂတာ၊ စင်စစ်လျှင် အတုလိုက်သော ချစ်ခြင်းရှိသည်။ အဿ၊ ဖြစ်ငြားအံ့။ နဝိဿဒေသ၊ အက္ခမ်းမဝင်ရာ။ ဟိ-သစ္စံ၊ မှန်၏။ နာရိယော၊ မိန်းမတို့သည်။ တိတ္ထသမာ၊ မြစ်ဆိပ်နှင့် တူကုန်၏။

၃၇၇။ ဣတ္ထိယော၊ မိန်းမတို့သည်။ သာမိကံ၊ လင်ကို။ ဟနေယျုံပိ၊ သတ်မူလည်း သတ်ကုန်၏။ ဆိန္ဒေယျုံပိ၊ ဖြတ်မူလည်း ဖြတ်ကုန်ရ၏။ ဆေဒါပေယျုံပိ၊ ဖြတ်စေမူလည်း ဖြတ်စေကုန်ရာ၏။ ကဏ္ဏောပိ၊ လည်း၌လည်း။ ဆေတ္တာ၊ ဖြတ်၍။ ရုဟိရံ၊ သွေးကို။ ပိဒေယျုံ၊ သောက်ကုန်ရာ၏။ မာဒိနကာမာသု၊ ယုတ်မာသောအလိုရှိကုန်သော။ အသညတာသု၊ မစောင့်စည်းကုန်သော။ ဂဂ်တိတ္ထူပမာသု၊ ဂဂ်ါဆိပ်နှင့် တူကုန်သော။ နာရိသု၊ မိန်းမတို့၌။ ဘာဝံ၊ ချစ်ခြင်းကို။ အကရေ၊ မပြုရာ။

မိန်းမသစ္စာ မုသားသာ

၃၇၈။ တာသံ၊ ထိုမိန်းမတို့အား။ မုသာ၊ မုသာဝါဒသည်။ သစ္စံ ယထာ၊ သစ္စာနှင့်တူ၏။ တာသံ၊ ထိုမိန်းမတို့၏။ သစ္စံ၊ သစ္စာသည်။ မုသာ ယထာ၊ မုသာဝါဒနှင့် တူ၏။ ဂါဝေါ၊ နွားတို့သည်။ တိဏာဿ၊ မြက်၏။ ဗဟိ၊ အပ၌။ ဝရာဝရံ၊ ကောင်းနိုးရာရာကို။ သြမဿန္တီ ဣဝ၊ ရှာစားကုန်သကဲ့သို့တည်း။

၃၇၉။ ဧတာ၊ ထိုမိန်းမတို့သည်။ ဂတေန၊ သွားခြင်းဟူသော။ နိမိတ္တေနစ၊ နိမိတ်ဖြင့် လည်းကောင်း။ ပေက္ခိတေန၊ ကြည့်ရှုခြင်းဟူသော။ နိမိတ္တေနစ၊ နိမိတ်ဖြင့်လည်းကောင်း။ မိုဒိတေန၊ ပြုံးခြင်းဟူသော။ နိမိတ္တေနစ၊ နိမိတ်ဖြင့်လည်းကောင်း။ အဆောပိ၊ ထိုမှဘစ်ပါးလည်း။ ဒုန္နိဝတ္ထနစ၊ မကောင်းသောဝတ်ခြင်းဖြင့် လည်းကောင်း။ မဥ္ဇုနာ ဘဏိတေန စ၊ သာယာစွာ ပြောဆိုခြင်းဖြင့် လည်းကောင်း။ ပဒလာဘေန္တိ၊ ဖြားယောင်းတတ်ကုန်၏။

၃၈၀။ ဟိ-သစ္စံ၊ မှန်၏။ ဧတာ၊ ထိုမိန်းမတို့သည်။ စောရိယော၊ ခိုးသူနှင့်တူကုန်၏။ ကဋ္ဌိနာ၊ ခက်ထန်သောစိတ် ရှိကုန်၏။ ဝါဠာ၊ ကြမ်းကြုတ်ကုန်၏။ တာ၊ ထိုမိန်းမတို့သည်။ လပသက္ခရာ၊ အကျိုးမဲ့ပြောဆို

www.dhammadownload.com

သဖြင့် သကာခဲကဲ့သို့ နှုတ်ဖြင့် ချိုသာကုန်သည်ဖြစ်၍။ ကိုဋ္ဌိ၊ စိုးစဉ်းသော စိတ်အကြံဇာစည်ကို။ တဘ၊ ထိုမိန်းမတို့သည်။ နှ ဇာနန္တီ၊ မသိနိုင်ကုန်။ မနုဿေသု၊ လူတို့၌။ ယံ ဝဠှနံ၊ အကြင် လှည့်ပတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ ဝဠှနံ၊ ထိုလှည့်ဖျားခြင်းကို။ နှ ဇာနန္တီ၊ မသိနိုင်ကုန်။

၃၉၁။ လောကေ၊ လောကဒ္ဒိ။ ထိယော နာမ၊ မိန်းမတို့မည်သည်ကား။ အသာ၊ သတိမရှိသည်ဖြစ်၍ ယုတ်မာကုန်၏။ တာသံ၊ ထိုမိန်းမတို့အား။ ဝေလာ၊ အပိုင်းအခြားသည်။ နှ ဝိဇ္ဇတိ၊ မရှိ။ သဗ္ဗရတ္တာ စ၊ အခါခပ်သိမ်း တပ်စွန်းခြင်းနှင့်တကွ ဖြစ်ကုန်၏။ ပဂဗ္ဘာ စ၊ ကိုယ်နှုတ်နှလုံးလည်း ကြမ်းတမ်းကုန်၏။ သဗ္ဗဿသော၊ အလုံးစုံ ကောင်းမကောင်းကို စားတတ်သော။ သိခီ ယထာ၊ မီးနှင့်တူကုန်၏။

၃၉၂။ ထီနံ၊ မိန်းမတို့အား။ ပိယော နာမ၊ ချစ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ အပိယောပိ၊ မချစ်ခြင်းသည်လည်း။ နှ ဝိဇ္ဇတိ၊ မရှိ။ ဟိ-သစ္စံ၊ မှန်၏။ နာဝါ၊ လှေသည်။ ဩရကုလဲဠ္ဟ၊ ဤမှာဘက်ကမ်းကို လည်းကောင်း။ ပရဠ္ဟကုလံ၊ ထိုမှာဘက်ကမ်းကို လည်းကောင်း။ သေဝတိ-ယထာ၊ မှီဝဲသကဲ့သို့။ တထာ၊ ထိုအတူ။ တော၊ ထိုမိန်းမတို့သည်။ ပိယဿ၊ ချစ်သောယောကျ်ားကို လည်းကောင်း။ အပိယဿ၊ မချင်သောယောကျ်ားကို လည်းကောင်း။ သေဝန္တိ၊ မှီဝဲတတ်ကုန်၏။

၃၉၃။ ထီနံ၊ မိန်းမတို့အား။ ပိယော နာမ၊ ချစ်ခြင်းမည်သည်။ နှ ဝိဇ္ဇတိ၊ မရှိ။ အပိယောပိ၊ မချစ်ခြင်းသည်လည်း။ နှ ဝိဇ္ဇတိ၊ မရှိ။ ဒုမနီဿိတာ၊ သစ်ပင်ကိုမှီသော။ လတာ၊ နွယ်သည်။ ဒုမံ၊ အလုံးစုံကောင်းမကောင်းဖြစ်သော သစ်ပင်အပေါင်းကို။ ပဝေဋ္ဌတိ ဣာ၊ ရစ်ပတ်၍ နွယ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဓနတ္ထဲဝါ၊ ဥစ္စာဟူသော အကြောင်းကြောင့်။ ပဋိဝလ္လန္တီ၊ မှီဝဲရစ်ပတ်တတ်ကုန်၏။

မိန်းမတို့ကြိုက်တတ်ရာ

၃၉၄။ ဟတ္ထိဗန္ဓံ၊ ဆင်ထိန်းကိုလည်းကောင်း။ အဿဗန္ဓံ၊ မြင်းထိန်းကို လည်းကောင်း။ ဂေါပုရိသံ၊ နွားကျောင်းသားကို လည်းကောင်း။ ဆဝဒါဟကံ၊ သူကောင်ဖုတ်ဖြစ်သော့။ စတ္တာလဉ္ဆ၊ ဒွန်းစတ္တားကို လည်း

www.dhammadownload.com

ကောင်း။ ပုပ္ဖဆဋ္ဌကံ၊ မစင်ကျုံးသောသူကို လည်းကောင်း။ သဓနံ၊ ဥစ္စာရှိသော။ ပုရိသမဏ္ဍလံ၊ ယောကျ်ားအပေါင်းကို။ နာရိယော၊ မိန်းမတို့သည်။ အနုပတန္တိ၊ အစဉ်လိုက်တတ်ကုန်၏။

၃၉၅။ နာရိယော၊ မိန်းမတို့သည်။ အကိဉ္စနံ၊ ဥစ္စာမရှိသော။ ကုလဲပုတ္တံ၊ အမျိုးကောင်းသားကိုလည်း။ ဇဟန္တိ၊ စွန့်တတ်ကုန်၏။ ဆဝကသမသဒိသံ၊ ခွေးသားကိုစားသော ဒုန်းစက္ကားနှင့်တူ၏။ သဓနံ၊ ဥစ္စာရှိသောသူကို။ မနပေတာ၊ ဥစ္စာဟူသောအကြောင်းကြောင့်။ ဂစ္ဆန္တိ-အနုပတန္တိ၊ အစဉ်လိုက်တတ်ကုန်၏။

နာရဒရသေ့၏ မိန်းမတရား

ဤသို့လျှင် အာနန္ဒာမည်သော လင်းတမင်းသည် မိမိဥာဏ်၌တည်၍ မိန်းမတို့၏ ကျေးဇူးမဲ့ကို ဟောပြီးလျှင် ဆိတ်ဆိတ်နေ၏။

ထို အာနန္ဒာ လင်းတမင်း တရားစကားကိုကြား၍ နာရဒရသေ့သည်လည်း မိမိဥာဏ်၌တည်၍ ထိုမိန်းမတို့၏ ကျေးဇူးမဲ့ကို ဟော၏။ ထို အကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်—

၃၉၆။ "အထ ခလု ဘော နာရဒေါ"—
အစရှိသော တစ်ဆယ့်နှစ်ဂါထာတို့ကို ဟောတော်မူ၏။

၃၉၆။ ဘော၊ အို ရဟန်းအပေါင်းတို့။ အထ၊ ထိုအခါ၌။ ခလု၊ စင်စစ်။ ဒေဝဗြဟ္မာဏော၊ မြတ်သောပုဏ္ဏားဖြစ်သော။ နာရဒေါ၊ နာရဒရသေ့သည်။ အာနန္ဒကိဠရာဇဿ၊ အာနန္ဒာအမည်ရှိသော လင်းတမင်း၏။ အာဒိမဇ္ဈကထာ ပရိယောသာနံ၊ စကား၏ အစ အလယ် အဆုံးကို။ ဝိဒိတ္ဝာ၊ သိပြီး၍။ တာယံဝေလာယံ၊ ထိုအခါ၌။ ဣမာ ဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ရွတ်၏။

မပြည့်နိုင်သော အရာများ

၃၉၇။ ဒိဇမွတိ၊ ငှက်တကာတို့၏ မင်းဖြစ်သော ဥဩမင်းသည်။ ဘာသတော၊ ဆိုလတ္တံ့သော။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ သုဏာထ၊

www.dhammadownload.com

နာလေင့်ကုန်။ သမုဒ္ဒါ၊ မဟာသမုဒ္ဒရာ လည်းကောင်း။ ဗြာဟ္မဏော၊ ပုဏ္ဏားလည်းကောင်း။ ရာဇာ၊ မင်းလည်းကောင်း။ ဣတ္ထီစာပိ၊ မိန်းမလည်းကောင်း။ ဣမေ စတ္တာရော၊ ဤလေးယောက်သော သူတို့သည်။ နပူရေန္တိ၊ မပြည့်နိုင်ကုန်။

၃၉၈။ ယာကာစိ၊ အလုံးစုံကုန်သော။ ပထဝိဿိတာ၊ မြေကို မှီကုန်သော။ သရိတာ၊ မြစ်တို့သည်။ သာဂရံ၊ သမုဒ္ဒရာသို့။ ယန္တိ၊ စီးဝင်ကုန်၏။ တာ၊ ထိုမြစ်တို့သည်။ သမုဒ္ဒံ၊ မဟာသမုဒ္ဒရာကို၊ နပူရေန္တိ၊ မပြည့်စေနိုင်ကုန်။ ဥနတ္တာဟိ၊ ယုတ်သည်၏အဖြစ်ကြောင့်လျှင်။ နပူရတိ၊ မပြည့်နိုင်။

၃၉၉။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်လည်း။ ပဌမံ၊ ဤတိဟာသကျမ်းလျှင် ငါးခုမြောက်ဖြစ်သော။ ဓေဒမက္ခာနံ၊ ဗေဒင်လေးပုံကို။ အဓိယာန၊ သင်၍။ ဘိုယျောပိ၊ လှန်စွာလည်း။ သုဟံ၊ အကြားအမြင်ကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။ ဥနတ္တာဟိ၊ ယုတ်သည်၏ အဖြစ်ကြောင့်လျှင်။ နပူရတိ၊ မပြည့်နိုင်။

၄၀၀။ ရာဇာ၊ မင်းသည်လည်း။ သသမုဒ္ဒံ၊ သမုဒ္ဒရာနှင့်တကွသော။ သပဗ္ဗတံ၊ စကြဝဠာတောင်နှင့်တကွသော။ အဇ္ဈာဝသံ၊ နေရာဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသော။ ပထဝိံ၊ မြေကို။ ဝိဇိနိတ္ဝာပိ၊ အောင်မြင်ပြီးသော်လည်း။ အနန္တေ ရတနောစိတံ၊ အထူးထူးမျိုးသော ရတနာတို့ဖြင့် ပြည့်သော၊ ပါရံ၊ သမုဒ္ဒံ၊ သမုဒ္ဒရာ၏ ကမ်းတစ်ဖက်ကို။ ပတ္ထေတိ၊ တောင့်တ၏။ ဥနတ္တာဟိ၊ ယုတ်သည်၏ အဖြစ်ကြောင့်လျှင်။ နပူရတိ၊ မပြည့်နိုင်။

၄၀၁။ ဧကမေကာယ ဣတ္ထိယာ၊ တစ်ယောက် တစ်ယောက်သော မိန်းမအား။ သုရာ စ၊ ကာမဠှ အလွန်ရဲရင့်သည်လည်း ဖြစ်ကုန်သော။ ဗလဝန္တော စ၊ ကာမဠှ အားကြီးသည်လည်း ဖြစ်ကုန်သော။ သဗ္ဗံကာမ ရသာဟရာ၊ အလုံးစုံသော ကာမအရသာကို ဆောင်နိုင်ကုန်သော။ အဋ္ဌဋ္ဌပတိနော၊ ရှစ်ယောက် ရှစ်ယောက်သော လင်တို့သည်။ သိယာ-သိယုံ၊ ရှိသည်ဖြစ်ကုန်ငြားအံ့။ နဝဝမေ၊ ကိုးယောက်မြောက်သော

www.dhammadownload.com

လင်ဦ့်။ ဆန္ဒံ၊ ဆန္ဒကို့။ ကရေယျ၊ ပြုသည်သာတည်း။ ဥိနတ္တာတိ၊ ယုတ်သည်၏ အဖြစ်ကြောင့်လျှင်။ နု ပူရတိ၊ မပြည့်နိုင်။

၄၀၂။ သဗ္ဗိတ္ထိယော၊ ခပ်သိမ်းသော မိန်းမတို့သည်။ သဗ္ဗဘက္ခာ၊ အလုံးစုံကို စားတတ်သော။ သိခီရိဝ၊ မီးနှင့်တူကုန်၏။ သဗ္ဗိတ္ထိယော၊ ခပ်သိမ်းသော မိန်းမတို့သည်။ သဗ္ဗဝါဟီ၊ အလုံးစုံကို မျှောတတ်သော။ နဒီရိဝ၊ မြစ်နှင့်တူကုန်၏။ သဗ္ဗိတ္ထိယော၊ ခပ်သိမ်းသော မိန်းမတို့သည်။ ကဏ္ဏကာနံဝ သဘခါ၊ အဆူးရှိသောသစ်ခက်နှင့် တူကုန်၏။ သဗ္ဗိတ္ထိယော၊ ခပ်သိမ်းကုန်သော မိန်းမတို့သည်။ ဓနဟေတု၊ ဥစ္စာဟူသော အကြောင်းကြောင့်။ ဝဇန္တိ၊ ယောကျ်ားတစ်ပါးသို့ ကပ်တတ်ကုန်၏။

၄၀၃။ ယော နရော၊ အကြင်ယောကျ်ားသည်။ သဗ္ဗဘာဝံ၊ အလုံးစုံသောအလိုကို့။ ပမဒါသု၊ မိန်းမတို့၌။ ဩဿဇ္ဇ၊ လွှတ်ငြားအံ့။ သော နရော၊ ထိုယောကျ်ားသည်။ ဝါတံ၊ လေကို့။ ဇာလေန၊ ကွန်ဖြင့်။ ပရုမသေ၊ ဖမ်းရာ၏။ သဘဂရံ၊ မဟာသမုဒ္ဒရာကို့။ ကေပါဏိနာ၊ လက်တစ်ဖက်တည်းဖြင့်။ ဩဿိဉ္စေယျ၊ သွန်ရာ၏။ သကေနဟတ္ထေန၊ မိမိလက်ဖြင့်။ ဃောသံ၊ အသံကို့။ ကရေယျ၊ ပြုရာ၏။

၄၀၄။ ယာသု၊ အကြင်မိန်းမတို့၌။ သစ္စံ၊ မှန်သောစကားကို့။ သုဒုလ္လဘံ၊ အလွန်ရခဲ၏။ စောဒိနံ၊ ခိုးသူနှင့်တူကုန်သော။ ဗဟုဗုဒ္ဓိနံ၊ များသော ဥပါယ်တံမျဉ်ရှိကုန်သော။ ထိနံ၊ မိန်းမတို့၏။ ဘာဝေါ၊ အလိုကို့။ ဒုရာဇာနော၊ သိနိုင်ခဲကုန်၏။ ဥဒကေ၊ ရေ၌။ မစ္ဆဿ၊ ငါး၏။ ဂတံ ဣဝ၊ သွားခြင်းကဲ့သို့တည်း။

၄၀၅။ အနလာ၊ သုံးပါးကုန်သော တရားတို့ဖြင့် တန်ပြိုဟုမဆိုကုန်။ မုဒုသမ္ဘာသာ၊ နူးညံ့ချိုသာသော စကားရှိကုန်၏။ တာ၊ထိုမိန်းမတို့သည်။ ဒုပ္ပူရာ၊ ကိလေသာဖြင့် ပြည့်နိုင်ခဲသည်ဖြစ်၍။ နဒီသမာ၊ မြစ်နှင့်တူကုန်၏။ ဣတ္ထိယော၊ မိန်းမတို့သည်။ အပါယေသု၊ အပါယ်လေးပါး တို့၌။ သိဒန္တိ၊ နစ်တတ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိဒိတ္ဝာန၊ သိ၍။ အာရကာ၊ ဝေးစွာ၊ ပရိဝဇ္ဇယေ၊ ကြဉ်ရှောင်ရာ၏။

F86(၂၅၀-ပဋ္ဌမ)

www.dhammadownload.com

၄၀၆။ ဣတ္ထိယော၊ မိန်းမတို့သည်။ မဟာမာယာ၊ မျှားစ့ဉ်သော မာယာရှိကုန်သည်ဖြစ်၍။ အာဝဋ္ဋနီ၊ မျက်လှည့်သည်နှင့် တူကုန်၏။ ဗြဟ္မစရိယ ဝိဓာဝ ပနာ၊ မြတ်သောအကျင့်ကို ဖျက်ဆီးတတ်ကုန်၏။သီဒန္တိ၊ အပါယ်လေးပါးဌ နစ်တတ်ကုန်၏။ ဣတိ၊ ဤသို့။ ဝိဒိတ္ဝာန၊ သိ၍။ အာရကာ၊ ဝေးစ့ဉ။ ပရိဝဇ္ဇယေ၊ ကြဉ်ရှောင်ရာ၏။

၄၀၇။ ဇေတာ၊ ထိုမိန်းမတို့သည်။ ယံ၊ အကြင်ယောကျ်ားကို။ ဆန္ဒသာဝါ၊ ချစ်မြတ်နိုးသောကြောင့် လည်းကောင်း၊ ဓနေနဝါ၊ ဥစ့ဉာကြောင့် လ့ည်းကောင်း။ ဥပသေဝန္တီ၊ မှီဝဲတတ်ကုန်၏။ ဇာတဝေဒေါ၊ မီးသည်။ သဏ္ဍာနံ၊ မိမိတည်ရာကို။ ဒဟတိ ဣဝ၊ လောင်သကဲ့သို့။ တထာ၊ ထို့အတူ။ နံ၊ ထိုမိန်းမကို မှီဝဲသော ယောကျ်ားကို။ခိပ္ပံ၊လျင်စ့ဉာ။ အနုဒဟန္တိ၊ လောင်တတ်ကုန်၏။

ကုဏာလ ဥဩမင်း၏ မိန်းမတရား

ဤသို့ နာရဒရသေ့သည် မိန်းမတို့၏ ကျေးဇူးမဲ့ကို ပြသည်ရှိသော် တစ်ဖန် ဘုရားလောင်း ကုဏာလဒွက်မင်းသည် အထူးပြု၍ ထိုမိန်းမတို့၏ ကျေးဇူးမဲ့ကို ပြတော်မူ၏။ ထိုအကြောင်းကို ထင်ရှားစ့ဉာ ပြတော်မူလိုသော သဗ္ဗညုမြတ်စ့ဉာဘုရားသည်-

၄၀၈။ "အထ ခလု ဘော ကုဏာလော"-
အစရှိသော ဂါထာနှစ်ဆယ်တို့ကို ဟောတော်မူ၏။

၄၀၈။ ဘော၊ အို ရဟန်းအပေါင်းတို့။ အထ၊ ထိုအခါဌ။ ခလု၊ စင်စစ်။ ကုဏာလော၊ ကုဏာလ အမည်ရှိသော။ သကုဏော၊ ဒွက်မင်းသည်။ ဒေဝဗြာဟ္မဏဿ၊ မြတ်သော ပုဏ္ဏားဖြစ်သော။ နာရဒဿ၊ နာရဒရသေ့၏။ အာဒိမဇ္ဈကထာ ပရိဒ်ယာသာနံ၊ စကား၏ အစ အလယ် အဆုံးကို။ ဝိဒိတ္ဝာန၊ သိပြီး၍။ တာယံဝေလာယံ၊ ထိုအခါဌ။ ဣမာဂါထာယော၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟော၏။

၄၀၉။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ နိသိတ ခဂ္ဂ ပါဏိနာအပိ၊ ထက်စ့ဉာ သွေးအပ်ပြီးသော သန်လျက် လက်စဲ့သော သူနှင့် လည်းကောင်း။

www.dhammadownload.com

ပိုသာစ ဒေါသိနာအပိ၊ ဒေါသထွက်သော ဘီလူးနှင့် လည်းကောင်း။ သလ္လပေ၊ စကားပြောရာ၏။ ဥဂ္ဂတေဇံ၊ ထက်သော အဆိပ်ရှိသော။ ဥရဂံ၊ မြွေကိုသော်လည်း။ အာသိဒဒ၊ ကိုင်ရာ၏။ ဧကောဧကောဃ၊ တစ်ယောက်တည်းချင်း။ ပမဒါယ၊ မိန်းမနှင့်။ နာလဓေ၊ ဆိတ်ကွယ်ရာ၌ စကားမပြောရာ။

မိန်းမတို့ လက်နက်များ

၄၁၀။ ဟိသစ္စံ၊ မှန်၏။ နာရိယော၊ မိန်းမတို့သည်။ လောကစိတ္တ မထနာ၊ လူတို့၏စိတ်ကို ညှဉ်းဆဲတတ်ကုန်၏။ နစ္စ ဂီတ ဘဏီတ မိုတာ ဝုဓာ၊ ကခြင်း, သီခြင်း, စကားပြောခြင်း, ပြုံးရယ်ခြင်း လက်နက်ရှိကုန်သည်ဖြစ်၍။ တာ၊ ထိုမိန်းမတို့သည်။ အနုပဋ္ဌိတဿတိ၊ မထင်သော သတိရှိသော ယောကျ်ားကို။ ဗာဓယန္တိ၊ နှိပ်စက်တတ်ကုန်၏။ ဒီပေ၊ သမုဒ္ဒရာကျန်းငယ်၌။ ရက္ခသိဂဏော၊ ရက္ခိုသ် ဘီလူးအပေါင်းသည်။ ဝါဏိဇေ၊ ကုန်သည်တို့ကို။ ခါဒန္တိဂ္ဂဝ၊ စားကုန်သကဲ့သို့တည်း။

၄၁၁။ တာသံ၊ ထိုမိန်းမတို့အား။ ဝိနယော၊ ကောင်းသောအကျင့်သည်။ နတ္ထိ၊ မရှိ။ သံဝရော၊ စောင့်စည်းခြင်းသည်။ နတ္ထိ၊ မရှိ။ မဇ္ဇမံသာ နိရတာ၊ သေအရက်, ငါး, အမဲနှင့် မွေ့လျော်ကုန်၏။ အသညတာ၊ ကိုယ် နှုတ် နှလုံးကို မစောင့်ကုန်။ တာ၊ ထိုမိန်းမတို့သည်။ ပုရိသဿ၊ ယောကျ်ားသည်။ ပါဘတံ၊ ဆင်းရဲစွာ ဆည်းပူးအပ်သော ဥစ္စာကို။ ဂိလန္တိ၊ ဖျက်ဆီးတတ်ကုန်၏။ တိမိင်္ဂလော၊ တိမိင်္ဂလ အမှည်ရှိသော ငါးကြီးသည်။ သာဂရေ၊ သမုဒ္ဒရာ၌။ မကရံ၊ မကာ်းကို။ ဂိလတိဂ္ဂဝ၊ မျိုသကဲ့သို့တည်း။

၄၁၂။ ပဋ္ဌကာမကုဏ္ဍသာတ ဂေါစရာ၊ ငါးပါးကုန်သော ကာမဂုဏ်၌ သာယာခြင်း၏အာရုံ ဖြစ်ကုန်၏။ ဥဒ္ဓတာ၊ တက်သောစိတ် ရှိကုန်၏။ အနိယတာ၊ မမြဲကုန်။ အသညတာ၊ မစောင့်စည်းကုန်။ ပမဒါ၊ မိန်းမတို့သည်။ ပမာဒိနံ၊ မေ့လျော့သော ယောကျ်ားတို့အား။ ဩသရန္တိ၊ အနီးသို့ ကပ်တတ်ကုန်၏။ အာပဂါ၊ မြစ်တို့သည်။ လောဏဒတာယဝတိယံ၊ ဆားငန်ရေ အတိပြီးသော မဟာသမုဒ္ဒရာသို့။ ဩသရန္တိဂ္ဂဝ၊ စီးဝင်ကုန်သကဲ့သို့တည်း။

www.dhammadownload.com

မိန်းမကပ်ဆေး

၄၁၃။ နာရီယော၊ မိန်းမတို့သည်။ ဆန္ဒသာ ဝါ၊ ချစ်ခင်လေး မြတ်သဖြင့် လည်းကောင်း။ ရတိယာ ဝါ၊ စာမဂုဏ်၌ မွေ့လျော်လို သဖြင့် လည်းကောင်း။ ဓနေန ဝါ၊ ဥစ္စာဟူသော အကြောင်းကြောင့် လည်းကောင်း။ ယံနရုံ၊ အကြင်ယောကျ်ားကို။ ဥပလဘေန္တိ၊ ဖြားယောင်း တတ်ကုန်၏။ ရာဂဒေါသဝဓိကာ၊ ရာဂ ဒေါသတို့ဖြင့် နှိပ်စက်တတ်ကုန် သော မိန်းမတို့သည်။ ဇာတဝေဒသဒိသံ၊ မီးကဲ့သို့ ထင်ရှားသော။ တာဒိသံ၊ ထိုသို့ သဘောရှိသော။ နံ-နရုံပိ၊ ထိုယောကျ်ားကိုလည်း။ ဒဟန္တိ၊ လောင်တတ်ကုန်၏။

၄၁၄။ အဇ္ဈံ၊ ကြွယ်ဝကုံလုံ ပြည့်စုံသော။ မဟဒ္ဓနံ၊ များသောဥစ္စာ ရှိသော။ ပုရိသံ၊ ယောကျ်ားကို။ ဥတ္တာ၊ သိ၍။ သဓနံ၊ မိမိဥစ္စာကို။ ဒတ္တာ၊ ပေး၍။ သဟတ္တနာ၊ အတ္တဘော တည်းဟူသော ကိုယ်နှင့်တကွ။ ဩသရန္တိ၊ အနီးသို့ ကပ်တတ်ကုန်၏။ ရတ္တစိတ္တံ၊ တပ်စွန်းသော စိတ်ရှိ သော။ နံ-ပုရိသံ၊ ထိုယောကျ်ားကို။ အတိဝေဠယန္တိ၊ အလွန် ရစ်ပတ် တတ်ကုန်၏။ ကာနနေ၊ တောကြီး၌။ မာလုဝလတာ၊ ပြိတ်နွယ်သည်။ သာလံ၊ အင်ကြင်းပင်ကို။ အတိဝေဠယိ ဣဝ၊ ရစ်ပတ်သကဲ့သို့တည်း။

၄၁၅။ တာ၊ ထိုမိန်းမတို့သည်။ အလက်တာ၊ တန်ဆာဆင်ကုန် သောကြောင့်။ စိတြဗိမ္ဗမုခိယော၊ ဆန်းကြယ်သော ကိုယ်မျက်နှာ ရှိကုန် သည် ဖြစ်၍။ ဝိဝိဓေန၊ အထူးထူးအပြားပြားသော။ ဆန္ဒသာ၊ အလိုဆန္ဒ ဖြင့်။ ဥပေန္တိ၊ ကပ်ကုန်၏။ နာရီယော၊ မိန်းမတို့သည်။ ဥဟသန္တိ၊ ?ပြင်းစွာ ရယ်ကုန်၏။ ပဟသန္တိ၊ ညှင်းညှင်းသာသာရယ်ကုန်၏။ သံဝရောဣဝ၊ မျက် လှည့်သည် ရာဟုအသူရိန်နှင့် တူကုန်၏။ သတမာယာကောဝိဒါ၊ များ စွာသော မာယာ၌ လိမ္မာကုန်၏။

၄၁၆။ ဇာတရူပ မဏိမုတ္တာဘူသိတာ၊ ရွှေ ပတ္တမြား ပုလဲတို့ဖြင့် တန်ဆာဆင်အပ်ကုန်သည် ဖြစ်၍။ ပဒ္မိကုလေသု၊ လင့်အိမ်တို့၌။ သက္ကတာ၊ အရှိအသေပြုကုန်သော်လည်း။ နာရီယော၊ မိန်းမတို့သည်။ အရက္ခီတာ၊ မစောင့်ရှောက်အပ်ကုန်သည်ဖြစ်၍။ သာမိကံ၊လင်ကို။ အတိစရန္တိ၊လွန်ကျူး တတ်ကုန်၏။ကိံမိဝ၊အဘယဲကဲ့သို့နည်းဟူမူကား။ ဟဒယန္တိ၌ရသိတာ၊ဒါနေ

www.dhammadownload.com

ဘီလူး၏ဝမ်းဠ္ဍ ထားအပ်သော မိန်းမသည်။ ဒါနဝံ၊ ဒါနေဘီလူးကို။ အတိစရတိဏ္ဍဝ၊ လွန်ကျူး၍ ကျင့်သကဲ့သို့။ အတိစရန္တိ၊ လွန်ကျူး၍ ကျင့်ကုန်၏တည်း။

၄၁၇။ ဟိ-သစ္စံ၊မှန်၏။တေဇဝါ၊တန်ခိုးကြီးသော။ ဝိစက္ခဏော၊ ပညာအဆင်ခြင်နှင့် ပြည့်စုံသော။ ဗဟုဇနဿ၊ များစွာသော သူသည်။ သက္ကတော၊ အရှိအသေပြုအပ်သော။ ပူဇိတော၊ပူဇော်အပ်သော။ နရောပိ၊ ယောကျ်ားသည်လည်း။ နာရိနံ၊ မိန်းမတို့၏။ ဝသံ၊ အလိုသို့။ ဂတော၊ လိုက်သည်ရှိသော်။ န သောဘ့တိ၊မတင့်တယ်။ ကိံမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ရာဟုနာ၊ ရာဟု အသူရိန်သည်။ ဥပဟတော၊ ဖမ်းအပ်သော။ စန္ဒိမာ၊ လသည်။ န သောဘ့တိ ဏ္ဍဝ၊ မတင့်တယ်သကဲ့သို့တည်း။

၄၁၈။ ကုပ္ပိတော၊ အမျက်ထွက်သော သူသည်။ ဒုဋ္ဌစိတ္တော၊ ပျက်စီးသောစိတ်ရှိသည်ဖြစ်၍။ ဒိသောဒိသံ၊ အရပ်ထက်ဝန်းကျင်မှ။ ဝသံ၊ မိမိနိုင်ငံသို့။ အာဂတံ၊ ရောက်လာသော။ အရိံ၊ ရန်သူကို။ ယံဗျသနံ၊ အကြင်ပျက်စီးခြင်းကို။ ကရေယျ၊ ပြုရာ၏။ တေနဘိယျောဗျသနံ၊ထိုရန်သူ ပျက်စီးသောထက်။ နာရိနံ၊ မိန်းမတို့၏။ ဝသံ၊ နိုင်ငံသို့၊ ဂတော၊ လိုက်သော၊ အပေက္ခဝါ၊ တဏှာကိုငဲ့သောသူသည်။ ဘိယျော၊ လွန်စွာ။ဗျသနံ၊ ပျက်စီးခြင်းသို့။ နိဂစ္ဆတိ၊ ရောက်၏။

၄၁၉။ ကောသလုနနခဆိန္နတဇ္ဇိတာ၊ ဆံကိုနှုတ်ခြင်း။ ခြေသည်း လွတ်သည်းတို့ဖြင့် ကုတ်ဖဲ့ခြင်းတို့ဖြင့် ခြိမ်းခြောက်ကုန်သည် ဖြစ်၍။ ပါဒပါဏိကာသ ဒဏ္ဍာ တာဠိတာ၊ ခြေ လက် တတောင် ကြိုး လုံတံတို့ဖြင့် ပုတ်ခတ်ကုန်သော်လည်း။ နာရိယော၊ မိန်းမတို့သည်။ ဟီနမေဝ၊ အယုတ် ကိုသာလျှင်။ ဥပဂစ္ဆတာ၊ ကပ်တတ်ကုန်၏။ တာ၊ထိုမိန်းမတို့သည်။မကွီကာ၊ ယင်တို့သည်။ ကုဏပေ၊ အပုပ်၌။ ရမန္တိဏ္ဍဝ၊ မွေ့လျော်ကုန်သကဲ့သို့။ ဟီနေယေဝ၊ အယုတ်၌သာလျှင်။ ရမန္တိ၊ မွေ့လျော်တတ်ကုန်၏။

၄၂၀။ တာ၊ ထိုမိန်းမတို့သည်။ ကုလေသု ဝါ၊ လင့်အိမ်တို့၌ လည်းကောင်း။ ဝိသိခန္တရေသု ဝါ၊ ခရီးလမ်းမတို့၌ လည်းကောင်း။ ရုဇ္ဇာနီ နိဂမေသု ဝါ၊ မင်းနေပြည် ရွာနိုဂုံးတို့၌ လည်းကောင်း။ ပုန၊

www.dhammadownload.com

တစ်ဖန်။ ဩဋ္ဌိတံ၊ထောင်အပ်သော။ နမုစိပါသဝါ ကရုံ၊ ကိလေသာမာရ်၌ ကျော့ကွင်းကုပ်ညှတ်ကို။ ဩဋ္ဌန္တိ၊ထောင်ကုန်၏။ တံ၊ထိုကျော့ကွင်းကုပ်ညှတ်ကို။ သုခတ္တိကော၊ချမ်းသာကိုအလိုရှိသော။ စက္ခုမာ၊ပညာမျက်စိနှင့် ပြည့်စုံသောသူသည်။ ပရိဝဇ္ဇေ၊ ကြဉ်ရှောင်ရာ၏။

၄၂၁။ ကုသလံ၊ ကုသိုလ်ဟုဆိုအပ်သော။ တပေါဂုဏံ၊ အကျင့်ဂုဏ်ကျေးဇူးကို။ ဩဿဇိတ္ဝာ၊ စွန့်၍။ ယော၊ အကြင်သူသည်။ အနရိယ-စရိတာနိ၊ ကာမဂုဏ်၌ မကောင်းသောအကျင့်တို့ကို။ စရိ၊ ကျင့်အံ့။သော၊ ထိုသူကို။ ဒေဝတာဟိ၊ နတ်တို့သည်။ နိရယံ၊ ငရဲသို့။ နယိဿတိ၊ ဆောင်လတ္တံ့။ ဝါဏိဇော၊ ကုန်သည်သည်။ သတ သဟဿဿ်ဘဏ္ဍံ၊ အဖိုးတစ်သိန်းထိုက်သော ဥစ္စာကို။ ဒတ္ဝာ၊ ပေး၍။ ဆေဒါဂါမိမဏိယံ၊ စဉ်းကျောက်ကို။ ဂဏှတိ ဣဝ။ ယူသကဲ့သို့တည်း။

၄၂၂။ သော ဒုမ္မတိ၊ ထိုပညာနည်းသောသူသည်။ ဣဓ စ၊ ဤပစ္စုပ္ပန်လောက၌။ ဂဟရိတော၊ ကဲ့ရဲ့အပ်သည်ဖြစ်၍။ ပရတ္ထစ၊တမလွန်ဘဝ၌လည်း။ သကမ္မုနာ၊ မိမိပြုသော မကောင်းမှုသည်။ ဥပဟတော၊ ဖျက်ဆီးအပ်သည်ဖြစ်၍။ ဂဠှဝဂ္ဂံ၊ လူ့ပြည် နတ်ပြည်မှ လျှောကျ၍။ အနိယတော၊ ရှည်မြင့်စွာသော တာလပတ်လုံး။ အပါယေသု၊ အပါယ်တို့၌။ ပစ္စိဿတိ၊ ကျက်ရလတ္တံ့။ ဒုဋ္ဌာဒြဘရထော၊ ပျက်သော မြင်းက,သော ရထားသည်။ ဥပ္ပထေ၊ ခရီးမဟုတ်သည်၌။ ဂစ္ဆတိ ဣဝ၊ သွားသကဲ့သို့တည်း။

တပ်မက်လွန်းသူ့ ငရဲ

၄၂၃။ သော၊ ထိုကာမဂုဏ်၌ မက်မောသောသူသည်။ ပတာပနံ၊ ပတာပန အမည်ရှိသော။ နိရယံ၊ ငရဲကြီးသို့။ ဥပေတိ၊ ရောက်ရ၏။ အာယသံ၊ သံဖြင့်ပြီးသော။ သတ္တိသိမ္မလိဝနဥ္စ၊ လှံသွားကဲ့သို့ ဆူးရှိသော လက်ပံဧတာသို့လည်း။ ဥပေတိ၊ ရောက်ရ၏။ တိရစ္ဆာနဿ် ယောနိယံ၊ တိရစ္ဆာန်အမျိုး၌။ အာဝသိတ္ဝာန၊ ဖြစ်ပြီး၍။ ပေတရာဇဝိသယံ၊ ပြိတ္တာအသုရကာယ်မှ။ နမုစ္စတိ၊ မလွတ်။

၄၂၄။ ပမဒါ၊ မိန်းမတို့သည်။ ပမာဒီနံ၊ မေ့လျော့သော ယောဂျိုးတို့အား။ နန္ဒနေ၊ နန္ဒဝန်ဥယျာဉ်၌။ ဒိဗ္ဗခိဋ္ဌရတိယော၊ နတ်

www.dhammadownload.com

ပြည်၌ဖြစ်သော မြူးထူးခြင်း မေ့လျော့ခြင်းတို့ကို လည်းကောင်း။ မာနသေ၊ လူ့ပြည်၌။ စက္ကဝတ္တိ စရိတ၌၊ စကြဝတေးမင်း၏ စည်းစိမ် ချမ်းသာကို လည်းကောင်း။ နာသယန္တီ၊ ဖျက်ဆီးတတ်ကုန်၏။ နံ၊ ထို မေ့လျော့သော ယောကျ်ားကို။ ဒုဂ္ဂတိ၌၊ အပါယ်လေးပါးသို့လည်း။ ပဋိပါဒယန္တီ၊ ရောက်စေတတ်ကုန်၏။

၄၂၅။ ယေ ပုရိသာ၊ အကြင် ယောကျ်ားတို့သည်။ ပမဒါဟိ၊ မိန်းမတို့ဖြင့်။ အနတ္ထိကာ၊ အလိုမရှိကုန်သည်ဖြစ်၍။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရန္တီ၊ ကျင့်ကုန်၏။ တေဟိ ပုရိသေဟိ၊ ထို့ယောကျ်းတို့သည်။ ဒိဗ္ဗခီဠာရတိယော၊ နတ်၌ဖြစ်သော မြူးထူးခြင်း မေ့လျော့ခြင်းတို့ကို။ နာဒ္ဒသာ၊ ရလတ်ကုန်၏။ မနုဿေ၊ လူ့ပြည်၌။ စက္ကဝတ္တိ-စရိတ၌၊ စကြဝတေးမင်း စည်းစိမ်ကိုလည်း။ နာဒ္ဒသံ၊ ရလတ်၏။ သော၀ဏ္ဏဗျမှာ နိုလယာ၊ ရွှေဗိမာန်၌ နေကုန်သော။ အစ္ဆရာ စ၊ နတ်သမီးတို့ကိုလည်း။ နာဒ္ဒသာ၊ ရလတ်ကုန်၏။

၄၂၆။ ယေပုရိသာ၊ အကြင် ယောကျ်ားတို့သည်။ ပမဒါဟိ၊ မိန်းမတို့ကို။ အနတ္ထိကာ၊ အလိုမရှိကုန်သည် ဖြစ်၍။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရန္တီ၊ ကျင့်ကုန်၏၊ တေဟိ ပုရိသေဟိ၊ ထို့ယောကျ်းတို့သည်။ ကာမဓာတု သမတိက္ကမာ၊ ကာမဓာတ်ကို လွန်ခြင်းဟု ဆိုအပ်သော။ ယာ ဂတိ၊ အကြင်ဖြစ်ခြင်းကို လည်းကောင်း။ ရူပဓာတုယာ၊ ရူပဘုံ၌။ ယော ဘာ၀ေါ၊ အကြင် ဖြစ်ခြင်းကို လည်းကောင်း။ နာ ဒုလ္လ-ဘော၊ ရခဲသည်မဟုတ်။ ဝိတရာဂ ဝိသယူပ ပတ္တိယာ၊ သုဒ္ဓါဝါသဘုံ၌ ဖြစ်ခြင်းငှာ။ နာ ဒုလ္လဘာ၊ ရခဲသည်မဟုတ်။ သုလဘာ ဧ၀၊ ရလွယ်သည်သာလျှင်တည်း။

၄၂၇။ ယေ ပုရိသာ၊ အကြင် ယောကျ်ားတို့သည်။ ပမဒါဟိ၊ မိန်းမတို့ကို။ အနတ္ထိကာ၊ အလိုမရှိကုန်သည် ဖြစ်၍။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရန္တီ၊ ကျင့်ကုန်၏။ နိဗ္ဗုတေဟိ၊ ကိလေသာတို့မှ ငြိမ်းကုန်ပြီးသော။ သုစိဘိ၊ ကိလေသာတို့မှ စင်ကြယ်ကုန်ပြီးသော။ တေဟိ ပုရိသေဟိ၊ ထို့ယောကျ်းတို့သည်။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသော ဆင်းရဲအပေါင်းမှ။ သမတိက္ကမံ၊ လွန်ရာဖြစ်သော။ သိစံ၊ ငြိမ်သက်ခြင်းကို

www.dhammadownload.com

ပြုတတ်သော။ အစွန်တံ၊ စင်စစ်။ အစလိတံ၊ ကိလေသာတို့ဖြင့် တုန်လှုပ်ခြင်း မရှိသော။ အသခ်တံ၊ ကံ စိတ် ဥတု အာဟာရတည်း ဟူသော အကြောင်းတရား လေးပါးတို့သည် မပြုပြင်အပ်သော။ နိဗ္ဗာနံပိ၊ နိဗ္ဗာန်ကိုသော်လည်း။ နဒုလ္လဘံ၊ ရခဲသည်မဟုတ်။ သုလဘံ ဧဝ၊ ရလွယ်သည်သာလျှင်တည်း။

ဤသို့လျှင် ဘုရားလောင်း ကုဏ္ဍာလဉ့က်မင်းသည် အမြိုက်နိဗ္ဗာန်သို့ ရောက်စေသဖြင့် ဓမ္မဒေသနာတော်ကို ပြီးစေတော်မူ၏။ ဟိမဝန္တာအရပ်၌ နေကုန်သော ကိန္နရာ နဂါးအစရှိသည်တို့သည် လည်းကောင်း, ကောင်းကင်၌ တည်ကုန်သော နတ်တို့သည် လည်းကောင်း "သြော်.... အံ့ဖွယ်ရှိစွ၊ သပ္ပဉ္ဉုဘုရားရှင်၏ တင့်တယ်စံပယ်ခြင်းဖြင့် ဟောပေ၏" ဟု ချီးမွမ်းကုန်လျက် ကောင်းချီးပေးကြကုန်၏။ အာနန္ဒာ အမည်ရှိသော လင်းတမင်းသည် လည်းကောင်း, နာရဒရဿသည် လည်းကောင်း, သုမုခ အမည်ရှိသော ဖုဿ ဥဩသည် လည်းကောင်း မိမိ မိမိတို့၏ ပရိသတ်တို့ကို ယူ၍ မိမိတို့နေရာ အရပ်သို့သာလျှင် သွားကြကုန်၏။ ဘုရားလောင်း ကုဏ္ဍာလ ဉ့က်မင်းသည် မိမိနေရာအရပ်သို့ သွားလေ၏။ အာနန္ဒာ မည်သော လင်းတမင်း, နာရဒရဿ,, ပုဏ္ဏမုခ ဥဩတို့သည်ကား ကြိုးကြား ကြိုးကြား လာလတ်ကုန်၍ ဘုရားလောင်း ကုဏ္ဍာလဉ့က်မင်းထံ၌ အဆုံးအမကိုယူ၍ ထိုအဆုံးအမ၌ တည်ကုန်၍လျှင် နတ်ပြည်သို့ လားကြကုန်၏။

ဇာတ်ပေါင်း သပ္ပဉ္ဉု မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူပြီး၍ ဇာတ်ကို ပေါင်းပြန်တော်မူလိုရကား—

၄၂၀။ ကုဏ္ဍာလော ဟံ တဒါ အာသိံ၊
ဥဒါယီ ဖုဿကောကိလော။
အာနန္ဒော ဂိဇ္ဈရာဇာသိ၊ သာရိပုတ္တော စ နာရဒေါ။
ပရိသာ ဗုဒ္ဓပရိသာ၊ ဧဝံ ဓာရေထ ဇာတကံ—

ဟူသော အဆုံးဖြစ်သော ဤဂါထာကို ဟောတော်မူ၏။

၄၂၀။ ဘိက္ခဝေ၊ ရဟန်းတို့။ တေရဟိ၊ ယခုအခါ၌။ အဟံ၊ ငါသည်။ တဒါ၊ ထိုအခါ၌။ ကုဏ္ဍာလော၊ ကုဏ္ဍာလဉ့က်မင်းသည်။ အာသိံ၊

www.dhammadownload.com

ဖြစ်ဖူးပြီ။ ဧတရဟိ၊ ယခုအခါ၌။ ဥဒါယိ၊ ဥဒါယိသည်။ တဒါ၊ ထိုအခါ၌။ ဖုဿ ကောကိ့သော၊ ပုဏ္ဏမုခအမည်ရှိသော ဖုဿဥဩသည်။ အသိ၊ ဖြစ်ဖူးပြီ။ ဧတရဟိ၊ ယခုအခါ၌။ အာနန္ဒော၊ အာနန္ဒသည်။ တဒါ၊ ထိုအခါ၌။ ဂိဇ္ဈရာဇာ၊ အာနန္ဒအမည်ရှိသော လင်းတမင်းသည်။ အသိ၊ ဖြစ်ဖူးပြီ။ ဧတရတိ၊ ယခုအခါ၌။ သာရိပုတ္တော စ၊ သာရိပုတြာသည်ကား။ တဒါ၊ ထိုအခါ၌။ နာရဒေါ၊ နာရဒရသေ့သည်။ အသိ၊ ဖြစ်ဖူးပြီ။ ဧတရဟိ၊ ယခုအခါ၌။ ဗုဒ္ဓပရိသာ၊ ငါဘုရားပရိသတ်တို့သည်။ တဒါ၊ ထိုအခါ၌။ ပရိသာ၊ ကုဏ္ဍာလဌက်မင်း ပရိသတ်တို့သည်။ အဟေသုံ၊ ဖြစ်ဖူးကုန်ပြီ။ ဧဝံ၊ ဤသို့။ ဇာတတံ၊ ဇာတ်ပေါင်းခြင်းကို။ ဓာရေထ၊ မှတ်လေကုန်။

ထိုငါးရုကုန်သော သာကီဝင်မင်းသားတို့သည်ကား သွားသော အခါ မြတ်စွာဘုရား အာနုဘော်တော်ဖြင့် သွားကုန်၍ လာသောအခါ၌ ကား မိမိ မိမိတို့၏ အာနုဘော်ဖြင့်သာလျှင် လာကြကုန်၏။ ထိုငါးရုကုန်သော သာကီဝင် မင်းသား, ရဟန်းတို့အား သဗ္ဗညုမြတ်စွာဘုရားသည် မဟာဝုန်တောဋ္ဌ ကမ္မဋ္ဌာန်းကို ဟောတော်မူ၏။ အလုံးစုံသော ရဟန်းတို့သည်လည်း ထိုနေ့ဋ္ဌပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ မျှားစွာသော နတ်တို့၏ အစည်းအဝေးသည် ဖြစ်၏။ ထို မျှားစွာသော နတ်တို့ အစည်းအဝေး၌ မြတ်စွာဘုရားသည် မဟာသမယသုတ်ကို ဟော တော်မူ၏။

မိန်းမတို့မှာ၊ ပြစ်မျှားစွာ၊ သိကာ ချမ်းသာရ။

လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော မဟာကုဏ္ဍာလ ဇာတ်သည် ပြီး၏။

www.dhammadownload.com

၅-မဟာသုတသောမဇာတ်

ပညာဥာဏ်ဖြင့် အလိုဆန္ဒပြည့်ဝခြင်း

ဟောတော်မူရာ ဌာန

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညု မြတ်စွာဘုရားသည် "ကသ္မာ တုဝံ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤ မဟာသုတသောမဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အဂ်ုလိမာလမထေရ်ကို ဆုံးမတော်မူခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ပစ္စုပ္ပန်ဝတ္ထု [ထိုအင်္ဂုလိမာလ မထေရ်၏ အတ္ထုပ္ပတ္တိကို လည်းကောင်း, ရဟန်းပြုခြင်းကို လည်းကောင်း အင်္ဂုလိမာလသုတ် အဋ္ဌကထာ၌ ဆိုအပ်ပြီးသောနည်းဖြင့် သိအပ်၏။]

အထူးကား ထို အင်္ဂုလိမာလမထေရ်သည် သစ္စာပြုသဖြင့် သားမဖွားနိုင်သော မိန်းမအား ချမ်းသာခြင်းကိုပြုသဖြင့် ထိုအခါမှစ၍ ရလွယ်သော ဆွမ်းရှိသည်ဖြစ်၍ ကမ္မဋ္ဌာန်းကိုပွားစေလျက် နောက်အဖို၌ ရဟန္တာအဖြစ်သို့ရောက်သဖြင့် ထင်ရှားသည်ဖြစ်၍ ရှစ်ကျိပ်သော မဟာထေရ်တို့၏ အတွင်း၌ဖြစ်၏။ ထိုအခါ တရားသဘင်၌ ရဟန်းတို့သည် စကားကို ဖြစ်စေကုန်၏။ "ငါ့ရှင်တို့....ဩော် အံ့ဖွယ်ရှိစွ၊ သဗ္ဗညု ဘုရားသခင်သည် ထိုသို့သဘောရှိသော ရွှန့်ရင်းကြမ်းကြုတ်စွာသော လက်၌သွေးရှိသော ခိုးသူကြီးဖြစ်သော အင်္ဂုလိမာလ မထေရ်ကိုစင်လျက် တုတ်လုံတံ လက်နက် ကိုင်စွဲတော်မမူဘဲ ဆုံးမတော်မူ၍ အဆိပ်မရှိသည်ကို ပြုတော်မူသဖြင့် ပြုနိုင်ခဲသောအမှုကို ပြုတော်မူ၏၊ သဗ္ဗညုဘုရားရှင်တို့ မည်သည်ကား အံ့ဖွယ်ရှိစွ၊ ပြုနိုင်ခဲသောအမှုကို ပြုတော်မူပေစွ" ဟု စကားကို ဖြစ်စေကုန်၏။

သဗ္ဗညုမြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်တော်၌ တည်တော်မူလျက်လျှင် ဒိဗ္ဗသောတဖြင့် ရဟန်းတို့စကားကို ကြားတော်မူ၍ "ယနေ့ တရားသဘင်သို့ ငါကြွတော်မူခြင်းသည် သတ္တဝါတို့အား မျှားစွာသော ကျေးဇူးရှိသည် ဖြစ်လတ္တံ့၊ ကြီးစွာသော တရားဓမ္မဒေသနာသည် ဖြစ်လတ္တံ့" ဟု သိတော်မူ၍ နှိုင်းယှဉ်စရာဥပမာမရှိသော ဘုရား၏ တင့်တယ်စံပယ်ခြင်းဖြင့် တရားသဘင်သို့ ကြွတော်မူ၍ ခင်းအပ်သော ဘုရားနေရာ

www.dhammadownload.com

တော်၌နေတော်မူလျက် "ရဟန်းတို့... ယခုအခါ အဘယ်မည်သောစကား ဖြင့် စည်းဝေးကုန်သနည်း"ဟု မေးတော်မူ၍ "ဤမည်သောစကားဖြင့် စည်းဝေးပါကုန်၏"ဟု နားတော်ခံလျှက်လတ်သော် "ရဟန်းတို့....ယခု အခါ၌ကား အလွန်မြင့်မြတ်သော သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော် မူ၍ ငါဘုရားသည် အင်္ဂုလိမာလမထေရ်ကို ဆုံးမတော်မူခြင်းသည် အံ့ဖွယ် မရှိသေး၊ ငါဘုရားသည် ရှေး၌ ဘုရားအကျင့်ကို ကျင့်တော်မူသည် ရှိသော် တစ်စိတ်တစ်ဒေသဖြစ်သော ပဒေသညာဏ်၌တည်လျက်လည်း ထို အင်္ဂုလိမာလကို ဆုံးမတော်မူဖူးပြီ"ဟု မိန့်တော်မူ၍ ဆိတ်ဆိတ်နေတော် မူလျှင် ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အာဘိတ်ကို ဆောင် တော်မူ၏။

အတိတ်ဝတ္ထု ရဟန်းတို့၊ လွန်လေပြီးသောအခါ ကုရုတိုင်း၊ ဣန္ဒပတ္တနဂိုရ်မြို့၌ ကောရဗျ အမည်ရှိသော မင်းသည် ရာဇဓံ ဆယ်ပါးနှင့် အညီ မင်းပြု၏။ ထိုအခါ ဘုရားလောင်းသည် ထို ကောရဗျမင်း၏ မိဖုရားကြီး ဝမ်း၌ ဖြစ်၏။ ထိုမိဖုရားသည် ဆယ်လလွန်သည်ရှိသော် ရှေ့ အဆင်းနှင့်တူသော အဆင်းရှိသော သားကို ဖွား၏။ အကြားအမြင်တည်း ဟူသော နှစ်သက်ဖွယ်သော ဥစ္စာရှိသည်၏အဖြစ်ကြောင့်ကား ထို သတို့ သားကို "သုတသောမ"ဟူ၍ မှည့်ကုန်၏။ ခမည်းတော် ကောရဗျမင်းကြီး သည် အရွယ်သို့ရောက်သော ထိုသားတော် သုတသောမ မင်းသားကိုမြင်၍ ရွှေစင်နိကွေ တစ်ထောင်းပေး၍ ဒိသာပါမောက္ခ ဆရာအထံ၌ အတတ်သင် စိမ့်သောငှာ တက္ကသိုလ်ပြည်သို့ စေလိုက်၏။ ထိုသုတသောမမင်းသားသည် ဆရာစားဖြစ်သော ရွှေစင်နိကွေ တစ်ထောင်ကိုယူ၍ မြို့မှ ထွက်ခဲ့သဖြင့် ခရီး သို့ သွား၏။ ထိုအခါ ဗာရာဏသီပြည်၌ ကာသိမင်းသား ဖြစ်သော ဗြဟ္မဒတ်မင်းသားသည်လည်း ထိုသုတသောမ မင်းသားအတူလျှင် ခမည်း တော် ကာသိကရာဇ်မင်းကြီးသည် စေအပ်သည်ဖြစ်၍ မြို့မှ ထွက်ခဲ့သဖြင့် ခရီးသို့ သွား၏။ ထိုအခါ သုတသောမ မင်းသားသည် ခရီးသို့ သွား၍ တက္ကသိုလ်မြို့တံခါး ဇရပ်ပျဉ်၌ အပင်အပန်း ဖြေအံ့သောငှာ နားလေ၏။

မိတ်ဆွေ မင်းသား နှစ်ပါး

ဗြဟ္မဒတ် မင်းသားသည်လည်း သွား၍ ထို သုတသောမမင်းသား နှင့်တကွ ပျဉ်တစ်ပြားတည်း၌ နေ၏။ ထိုအခါ ဗြဟ္မဒတ်မင်းသားကို

www.dhammadownload.com

သုတသောမမင်းသားသည် စကားပြောဟောခြင်းကို ပြုလိုသည် ဖြစ်၍ ဤသို့ ဆို၏။ "အဆွေ.... ခရီးသွားရသဖြင့် ပင်ပန်းသလော၊ အဘယ် အရပ်မှ လာခဲ့သနည်း" ဟု မေး၍ "ဗာရာဏသီပြည်မှ လာခဲ့၏" ဟု ပြောဆိုလတ်သော် "အဘယ်သူ၏ သားနည်း" ဟု မေး၏။ "ကာသိမင်း၏ သားတော်ဘည်း" ဟု ပြောဆိုလတ်သော် "အဘယ်အမည် ရှိသနည်း" ဟု မေး၍ "ငါကား ဗြဟ္မဒတ်မင်းသား အမည်ရှိ၏" ဟု ပြောဆိုလတ်သော် "အဘယ်အကြောင်းကြောင့် ဤအရပ်သို့ လာသနည်း" ဟု မေး၏။ ထို ဗြဟ္မဒတ်မင်းသားသည် "အတတ်သင်အံ့သောငှာ လာ၏" ဟုဆို၍ "သင် သည်လည်း ခရီးပင်ပန်းသလော၊ အဘယ်အရပ်မှ လာခဲ့သနည်း" ဟု ထို နည်းဖြင့်လျှင် သုတသောမ မင်းသားကို မေး၏။ ထို သုတသောမမင်းသား သည်လည်း အလုံးစုံသော အကြောင်းကို ပြောဆို၏။ ထိုသူနှစ်ယောက်တို့ သည်လည်း "ငါတို့သည် မင်းမျိုးချည်းတည်း၊ တစ်ဆရာတည်း၌ အထံ၌ အတတ်သင်အံ့သောငှာ သွားကြကုန်အံ့" ဟု အချင်းချင်း မိတ်ဖွဲ့ခြင်းကို ပြုပြီးလျှင် မြို့သို့ဝင်၍ ဆရာ့အိမ်ကို သွားသဖြင့် ဆရာကို ရှိခိုးကုန်၍ မိမိ တို့၏ အမျိုးအနွယ်ကို ထင်စွာပြု၍ အတတ်သင်အံ့သောငှာ လာသော အဖြစ်ကို ပြောဆိုကုန်၏။ ထိုဆရာသည်လည်း "ကောင်းပြီ" ဟု ဝန်ခံ၏။ ထိုမင်းသား နှစ်ယောက်တို့သည် ဆရာစားကို ပေး၍ အတတ်သင်ကြကုန်၏။

ပညာသင်ပြီး ပြန်ခဲ့ကြပြီ

သက်သက်သော်ကား ထိုမင်းသားတို့သည်သာ မဟုတ်ကုန်။ ထို အခါ၌ ထိုမင်းသားနှစ်ပါးတို့မှ တစ်ပါးကုန်သော ဇမ္ဗူဒီပါကျွန်း၌ တစ်ရာ့တစ်ပါးသော မင်းသားတို့သည်လည်း ထိုဆရာ့အထံ၌သာလျှင် အတတ်သင်ကြကုန်၏။ သုတသောမ မင်းသားသည် ထိုမင်းတို့ထက် တပည့် ကြီးဖြစ်၍ အတတ်သင်သည်ရှိသော် မကြာမြင့်မီလျှင် အပြီးသို့ ရောက်၏။ ထိုသုတသောမမင်းသားသည် တစ်ပါးသောသူ၏ အထံသို့ မသွားမူ၍ "ဗြဟ္မဒတ်မင်းသားသည်ကား ငါ၏ အဆွေခင်ပွန်းတည်း" ဟု ဗြဟ္မဒတ် မင်းသား၏ အထံသို့သာလျှင် သွား၍ ဗြဟ္မဒတ်မင်းသား ဆရာစောင်ဖြစ်၍ အတတ်ကို သင်စေ၏။ သုတသောမ မင်းသားမှ တစ်ပါးကုန်သော မင်း သားတို့အား လည်း အစဉ်သဖြင့် အတတ်သည် အပြီးသို့ ရောက်၏။ ထိုမင်း တို့သည် ခက်ဆစ်ခက်ရပ်တို့ကို သုတ်သင်ပြီးလျှင် ဆရာကို ရှိခိုး၍ သုတ သောမ မင်းသားကို ခြံရံကုန်လျက် တက္ကသိုလ်ပြည်မှ ထွက်ခဲ့ကြကုန်၏။

www.dhammadownload.com

မင်း ဖြစ်ကြသော်

ထိုအခါ ထိုမင်းသားတို့ကို သုတသောမ မှင်းသားသည် ခရီး အလယ်၌ရပ်၍ လှတ်လိုသည်ရှိသော် "သင်တို့သည်မိမိ မိမိတို့၏ မိဘတို့အား ပညာကိုပြု၍ မင်းအဖြစ်၌ တည့်ကြကုန်လတ္တံ့၊ တည်ကုန်ပြီးသော်ကား ငါ၏သြဝါဒကို ပြုကြကုန်လော့" ဟု ဆို၏။ "ဆရာ.... အသို့နည်း" ဟု မေးကုန်လတ်သော် "လုဆန်းပက္ခ, လဆုတ်ပက္ခ ဥပုသ်နေ့တို့၌ ဥပုသ် ဆောက်တည်ကုန်လျက် အသက်သတ်ခြင်းကို မပြုကုန်လင့်ဟု စည်လည်ခြင်းကို ပြုလေကုန်လော့" ဟု ဆုံးမ၏။ ထိုမင်းသားတို့သည် "ကောင်းပြီ" ဟု ဝန်ခံကုန်၏။ ဘုရားလောင်း သုတသောမ မင်းသားသည်လည်း အင်္ဂါဝိဇ္ဇာ အတတ်၌ ထင်ရှားသောကြောင့် "နောင်သောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသားကို မှီ၍ ကြီးစွာသော ဘေးသည် ဖြစ်လတ္တံ့" ဟု သိ၍ ထိုမင်းသားတို့အား အဆုံးအမကို ပေး၍ လှတ်လိုက်၏။ ထို အလုံးစုံကုန်သော မင်းသားတို့သည်လည်း မိမိတို့၏ ပြည်ရွာသို့ သွားကုန်၍ မိဘတို့အား အတတ်ပညာကို ပြ၍ မင်းအဖြစ်၌ တည်ပြီး၍ မင်းအဖြစ်၌ တည်သော အဖြစ်ကို လည်းကောင်း၊ အဆုံးအမကို လိုက်နာသော အဖြစ်ကို လည်း ကောင်း သိစိမ့်သောဌာ ပဏ္ဍာလက်ဆောင်နှင့်တကွ မှာစာတို့ကို စေလိုက်ကုန်၏။ ဘုရားလောင်းသည် ထိုအကြောင်းကို ကြား၍ "မမေ့မမလျော့ သာလျှင် ဖြစ်ကြလေကုန်လော့" ဟု မှာစာတို့ကို ပြန်၍ စေလိုက်၏။

ဗာရာဏသီမင်း လူသားစားခြင်း

ထိုမင်းသားတို့တွင် ဗာရာဏသီမင်းသည် အမဲနှင့်ကင်း၍ ထမင်း မစား။ ထိုဗာရာဏသီမင်းအား ဥပုသ်နေ့အလို၌ အမဲကိုဝယ်၍ ထား ရ၏။ ထိုအခါ တစ်နေ့သ၌ ဤသို့ထားအပ်သောအမဲကို စားတော်ချက် သည် မေ့လျော့သဖြင့် မင်းအိမ်၌မွေးသော ခွေးတို့သည် စားကုန်၏။ စားတော်ချက်သည် ထိုအမဲကို မမြင်၍ အသပြာတို့ကိုယူ၍ လှည့်လည်ရှာဖွေ သော်လည်း အမဲကို ရစိမ့်သောဌာ မတတ်နိုင်သည်ဖြစ်၍ "အမဲမရှိသော စားတော်ပွဲကို အကယ်၍ ဆက်ချအံ့၊ ငါ၏အသက်သည် မရှိပြီ၊ အသို့ ပြုရအံ့နည်း" ဟု ကြံ၍ ဤအကြောင်းသည်ရှိ၏ဟု ညဉ့်အခါ၌ သုသာန်သို့ သွား၍ ထိုခဏ၌သေသော ယောကျ်ား၏ပေါင်သားကိုယူပြီးလျှင် ကောင်း စွာ ချက်၍ စားတော်ပွဲကို ဆက်၏။ မင်းအား အသားတုံးကို လျှာဖျားဌ

www.dhammadownload.com

ထားခါမျှဥ်သာလျှင် အရသာကိုဆောင်သော အကြော ခုနစ်ထောင်တို့ကို နှံ့၏။ ကိုယ်အလုံးသည် ချောက်ခဲ့၏။

[အဘယ့်ကြောင့်နည်းဟူမူကား ထိုငြဟ္မဒတ်မင်းအား ရှေးဘဝ၌ လူသားကို စားဖူးသောကြောင့် ကိုယ်အလုံးသည် ချောက်ချား၏။ ထို ငြဟ္မဒတ်မင်းသည် အခြားမရှိသော ကိုယ်အဖြစ်၌ ဘီလူးဖြစ်၍ လူသားကို များစွာ စားဖူးသတတ်။ ထို့ကြောင့် ထိုမင်းအား လူသားကို ချစ်မြတ်နိုး၏။]

ထိုငြဟ္မဒတ်မင်းသည် ကြံ၏။ "ငါသည် ဆိတ်ဆိတ်သာလျှင် အကယ်၍ စားအံ့၊ ဤစားတော်ချက်သည် ငါ့အား ဤအမဲကို မပြောဆိုလတ္တံ့" ဟု ကြံ၍ တံတွေးနှင့်တကွလျှင် မြှိုချထွေး၏။ "အရှင်မင်းမြတ်.... အမဲသည် အပြစ်မရှိပါ၊ စားတော်မူလော့" ဟု တင်လျှောက်လတ်သော် လူတို့ကိုဖဲ့စေ၍ "ငါသည်လည်း ထိုအမဲ အပြစ်မရှိသောအဖြစ်ကို သိ၏၊ ဤအသားသည် အဘယ်အသားနည်း" ဟု မေး၏။ "အရှင်မင်းမြတ်.... ရှေးနေ့တို့၌ သုံးဆောင်အပ်သော အမဲပင်တည်း" ဟု တင်လျှောက်လတ်သော် "တစ်ပါးသောကာလ၌ ဤအမဲသည် အရသာမရှိတကား" ဟု ဆိုလတ်သော် "အရှင်မင်းမြတ်....ယနေ့ အချက်ကောင်းပါ၏" ဟု တင်လျှောက်၏။ "ရှေးနေ့တို့၌လည်း ဤအတူချက်သည် မဟုတ်လော" ဟု မေး၏။ ထိုအခါ စားတော်ချက် ဆိတ်ဆိတ်နေသည်ကိုသိ၍ "ဟုတ်မှန်တိုင်း ပြောဆိုလော့၊ အကယ်၍ ဟုတ်မှန်တိုင်း မပြောဆိုအံ့၊ သင့်အသက်သည် မရှိပြီ" ဟု ဆို၏။ ထိုစားတော်ချက်သည် ဘေးမဲ့ကိုဒေါင်းပန်၍ ဟုတ်မှန်သော အတိုင်း တင်လျှောက်၏။ ငြဟ္မဒတ်မင်းသည် "အသံမပြုလင့်၊ ဆိတ်ဆိတ်နေလော့၊ ပကတိအားဖြင့် ချက်သောအမဲကို သင်စား၍ ငါ့ဖို့မူကား လူသားကိုသာလျှင် ချက်လော့" ဟု ဆို၏။ "အရှင်မင်းမြတ်....လူသားကို ရခဲပါ၏" ဟု တင်လျှောက်လတ်သော် "သင် မကြောက်လင့်၊ ရလတ္တယ်၏" ဟု ဆို၏။ "အရှင်မင်းမြတ်....မပြုတ်လျှင် အဘယ်မှာ ရပါလတ္တံ့နည်း" ဟု တင်လျှောက်လတ်သော် "နှောင်အိမ်၌ လူတို့သည် များစွာရှိကုန်သည် မဟုတ်လော" ဟု ဆို၏။

လူတို့ ဆူကြသော်

ထိုစားတော်ချက်သည် ထိုအခါမှစ၍ ထိုမင်း ဆိုတိုင်းပြု၏။ နောက်အဖို၌ နှောင်အိမ်၌ လူတို့သည် ကုန်လတ်သော် "အရှင်မင်းမြတ်....

www.dhammadownload.com

ယခုအခါ၌ အသို့ပြုပါအံ့နည်း''ဟု တင်လျှောက်၏။ ''ခရီးအကြား၌ အာသပြာထောင်ထုပ်ကိုပစ်ချ၍ အကြင်သူသည် ထိုအသပြာထောင်ထုပ်ကို ယူလတ္တံ့၊ ထိုသူကို ခိုးသူဟု ဖမ်း၍ သတ်ပြီးလျှင် ချက်လော့''ဟု ဆို၏။ ထိုစားတော်ချက်သည် မင်းဆိုတိုင်း ပြု၏။ နောက်အဖို၌ မင်းဘေးမှ ကြောက်ကုန်သောကြောင့် အသပြာတောင်ထုပ်ကို ကြည့်သော်သူကိုမျှ လည်း မမြင်၍ ''အရှင်မင်းမြတ်....ယခုအခါ အသို့ပြုပါရအံ့နည်း''ဟု မေးလျှောက်ပြန်၏။ ''အကြင် သန်းခေါင်ယံ အခါ၌ မြို့အလုံးသည် ခိုးသူတို့ဖြင့် နှောင့်ယှက်၏၊ ထိုအခါသင်သည် တစ်ခုသော အိမ်ခြံစပ်၌ လည်းကောင်း, ခရီးလမ်းမ၌လည်းကောင်း, ခရီးလမ်းအဆုံး၌လည်းကောင်းရပ်၍ လူကိုသတ်ပြီးလျှင် အသားကို ယူလော့''ဟု ဆို၏။ စားတော်ချက်သည် ထိုနေ့မှစ,၍ မင်းဆိုတိုင်းပြုလျက် ဆူဖြိုးသောအသားကို ယူ၍သွားလေ၏။ ထိုထိုအရပ်၌ လူသေကောင်တို့ကို မြင်ကုန်၍ ငါ၏ အမိသည်မထင်၊ ငါ၏ အဘသည် မထင်၊ ငါ၏ညီအစ်ကိုသည် လည်းကောင်း, နှမသည် လည်းကောင်း မထင်၏ဟု လူတို့၏ငိုကြွေးသံကို ကြားကြကုန်၏။ ပြည်သူတို့သည် ကြောက်လန့်ကုန်သည် ဖြစ်၍ ဤသူတို့ကို ခြင်္သေ့ စားလေသလော၊ ကျားသည် စားလေသလော၊ ဘီလူးသည် စားလေသလောဟု ကြည့်ကြကုန်လတ်သော် ထိုးခုတ်ရာကို မြင်ကုန်၍ တစ်ယောက်သော လူသားစား,ခိုးသူသည် ဤသူတို့ကို စား၏ဟု သိကြကုန်၏။ လူများတို့သည် မင်းရင်ပြင်၌ စည်းဝေး၍ ကြွေးကြော်ကြကုန်၏။ ဗြဟ္မဒတ်မင်းသည် ''အမောင်တို့....အသို့နည်း''ဟု မေး၏။ ''အရှင်မင်းမြတ်....ဤမြို့တော်၌ လူသားစားသော ခိုးသူသည် ရှိပါ၏၊ ထိုလူသားစားခိုးသူကို ဖမ်းစေတော်မူပါလော့''ဟု တင်လျှောက်ကြကုန်၏။ ''ငါသည် အသို့မူ၍ ထိုခိုးသူကို သိနိုင်မည့်နည်း၊အသို့နည်း၊ငါသည် မြို့ကိုစောင့်ရှောက်လျက် လှည့်လည်ရမည်လော''ဟု ဆို၏။

လူသတ်သူကို မိပြီ

လူများတို့သည် ''ဤမင်းကား တိုင်းပြည်ဖြင့် အလိုမရှိ၊ ကာဠဟတ်အမည်ရှိသော စစ်သူကြီးအား ကြားလျှောက်ကြကုန်အံ့''ဟု ဆို၍ ထိုစစ်သူကြီးအား ထိုအကြောင်းကို ကြားလျှောက်ကုန်၍ ''ခိုးသူကို ရှာအံ့သောငှာ သင့်၏''ဟု ဆိုကြကုန်၏။ ထိုစစ်သူကြီးသည် ''ကောင်းပြီ၊ ခုနစ်ရက်မျှ ငံ့ကြကုန်လော့၊ ခိုးသူကို ရှာ၍ပေးအံ့''ဟု ဆို၍ လူများကို

www.dhammadownload.com

လွှတ်လိုက်ပြီးလျှင် မင်းချင်းတို့ကိုခေါ်၍ "အမောင်တို့....မြို့၌ လူသားစားဒသာခိုးသူ ရှိသတတ်၊ အမော့်ငတို့သည် ထိုထိုအရပ်၌ ပုန်းကွယ်၍ ထိုခိုးသူကို ဖမ်းကြကုန်လော့" ဟု စေလိုက်၏။ ထို မင်းချင်းတို့သည် "ကောင်းပြီ"ဟု ဝန်ခံကုန်ပြီးလျှင် ထိုနေ့မှစ၍ မြို့ကို စုံစမ်းကြကုန်၏။ စားတော်ချက်သည်သည်း တစ်ခုသောအိမ်ခြံစပ်၌ပုန်းကွယ်လျက် မိန်းမတစ်ယောက်ကိုသတ်ပြီးလျှင် တခဲနက်သော အသားကိုယူ၍ အမဲတောင်းကို ပြည့်စိမ့်သောငှာ အားထုတ်၏။ ထိုအခါ စားတော်ချက်ကို မင်းချင်းတို့သည် ဖမ်းယူ၍ ပုတ်ခတ်သဖြင့် လက်ပြန်နှောင်ဖွဲ့၍ "လူသားစားခိုးသူကို ဖမ်းမိပြီ"ဟု သည်းစွာသော အသံကို ပြုကုန်၏။ လူများသည် ထိုစားတော်ချက်ကို ဝန်းရံလာ၏။ ထိုအခါ ထိုစားတော်ချက်ကို မြဲမြံစွာ နှောင်ဖွဲ့ပြီးလျှင် အမဲတောင်းကို လဲညှိဆွဲလျက် ဆောင်ယူ၍ စစ်သူကြီးအား ပြကုန်၏။

အဘယ့်ကြောင့် သတ်သနည်း

စစ်သူကြီးသည် ထိုစားတော်ချက်ကို မြင်လျှင် "အသို့နည်း၊ ဤသူသည် ဤလူသားကို စားလေသလော၊ ထိုသို့မဟုတ်မူ တစ်ပါးသော အမဲနှင့်ရောရော၍ ရောင်းလေသလော၊ ထိုသို့မဟုတ်မူ တစ်ပါးသောသူ၏ စကားဖြင့် သတ်လေသလော့"ဟု ကြံ၍ ထိုအကြောင်းကို မေးလိုရကား—

၄၂၉။ ကသ္မာ တုဝံ ရသက ဒေဒိသာနိ၊
ကရောသိ ကမ္မာနိ သုဒါရုဏာနိ။
ဟနာသိ ဣတ္ထိံ ပုရိသေစ မူဠှော၊
မံသဿ ဟေတု အဒု ဓနဿကာရဏာ ဣ
ဟူသော ရွှေးဦးစွာသော ဤဂါထာကို ဆို၏။

၄၂၉။ သမ္မရသက၊ အချင်း စားတော်ချက်။ တုဝံ၊ သင်သည်။ ဒေဒိသာနိ၊ ဤသို့ သဘောရှိကုန်သော။ သုဒါရုဏာနိ၊ အလွန်ကြမ်းကြုတ်ကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ကသ္မာ၊ အဘယ့်ကြောင့်။ ကရောသိ၊ ပြုဘိသနည်း။ မူဠှော၊ တွေဝေသည်ဖြစ်၍။ ဣတ္ထိံ စ၊ မိန်းမတို့ကို လည်း ကောင်း။ ပုရိသေ စ၊ ယောကျ်းတို့ကို လည်းကောင်း။ ဟနာသိ၊ သတ်သလော့။ မံသဿ၊ အသား၏။ ဟေတု၊ အကြောင်းကြောင့်။ ဟနာသိ၊

www.dhammadownload.com

သတ်သလော။ အဒု၊ ထိုမြို့။ ဓနဿ၊ ဥစ္စာ၏။ ကာရဏာ၊ အကြောင်းကြောင့်။ ဟနာသိ၊ သတ်သလော။

မင်းကြီး ခိုင်းစေပါသည်

ထို့နောင်မှ စားတော်ချက်သည် စစ်သူကြီးအား အကြောင်းကို ပြန်လျှောက်လိုရကား—

၄၃၀။ နု အတ္တဟေတု နု ဓနဿ ကာရဏာ၊
နု ပုတ္တဒါရဿ သဟာယ ဉာတိနံ။
ဘတ္တာ စ မေ ဘဂဝါ ဘူမိပါလော၊
သော့ ခါဒတိ မံသံ ဘဒန္တော ဒိသံ—

ဟူသော နှစ်ခုမြောက်သော ဤဂါထာကို ဆို၏။

၄၃၀။ သာမိ၊ အရှင် စစ်သူကြီး။ တေ၊ အရှင် စစ်သူကြီးအား။ ဘဒ္ဒံ၊ ကောင်းမြတ်သည်။ အတ္ထု၊ ဖြစ်စေသတည်း ။အဟံ၊ အကျွန်ုပ်သည်။ အတ္တဟေတု၊ အကျွန်ုပ်၏ အားကြောင်းကြောင့်လည်း။ နု ဟနာမိ၊ မသတ်ပါ။ ဓနဿ၊ ဥစ္စာ၏။ ကာရဏာ၊ အကြောင်းကြောင့်။ နု ဟနာမိ၊ မသတ်ပါ။ပုတ္တဒါရဿ၊ သားမယား၏။ ဟေတု၊ အကြောင်းကြောင့်။ နု ဟနာမိ၊ မသတ်ပါ။ သဟာယဉာတိနံ၊ အဆွေခင်ပွန်းအဆွေအမျိုးတို့၏။ ကာရဏာ၊ အကြောင်းကြောင့်။ နု ဟနာမိ၊ မသတ်ပါ။ မေ၊ အကျွန်ုပ်၏။ ဘတ္တာ စ၊ ထမင်းရှင်လဲည်းဖြစ်သော။ ဘဂဝါ၊ ကြီးသော ဘုန်းတော်လည်းရှိထသော။ ဘူမိပါလော၊ ရေမြေကို အစိုးရသော။ ယော ရာဇာ၊ အကြင် ပြည့်ရှင်မင်းမြတ်သည်။ အတ္ထိ၊ ရှိ၏။ သော ရာဇာ၊ ထိုပြည့်ရှင်မင်းမြတ်သည်။ ဒိသံ၊ ဤသို့ သဘောရှိသော။ မံသံ၊ အသားကို။ ခါဒတိ၊ စားပါ၏။

ဘုရင့်ရှေ့တော်မှာ ဖြေလော့

ထိုစကားကိုကြား၍ ကာဠဟတ်စစ်သူကြီးသည် ထိုအကြောင်းကို မင်းရှေ့တော်၌ ရသကကို ပြောဆိုခစလိုရကား—

၄၃၁။ သစေ တုဝံ ဘတ္တုဒျတ္ထော၊
ပယုတ္တော ကရောသိ ကမ္မာနိ သုဒါရုဏာနိ။
ပါတော အန္တေပုရံ ပါပုဏိတ္ဝာ၊
လပေယျာသိ ရာဇိနော သမ္မုခေ တံ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၄၃၁။ သမ္မရသက၊ အချင်း ရသက။ တုဝံ၊ သင်သည်။ ဘတ္တုရတ္ထော၊ အရှင့် အစီးအပွားတော်၌။ ပယုတ္တော၏၊ ယှဉ်သည်ဖြစ်၍။ သုဒါရဏာနိ၊အလှန်ကြမ်းကြုတ်ကုန်သော။ကမ္မာနံ၊အမှုတို့ကို။ကရောသိ၊ ပြုအံ့။ ဧဝံ၊ ဤသို့ ပြုသည်ရှိသော်။ ပါတောဝ၊ နံနက်စောစောကသျှင်။ အန္တေပုရံ၊ နန်းတော်တွင်းသို့။ ပါပုဏိတ္ဝာ၊ ရောက်၍။ ရာဇိနော၊ အရှင်မင်းမြတ်၏။ သမ္မုခေ၊ ရှေ့တော်၌။ ဧတံ၊ ဤစကားကို။ မေ၊ ငါ့အား။ လုပေယျာသိ၊ ပြောဆိုလော့။

ထိုအခါ ရဿကသည် ထိုသို့ပြောဆိုအံ့သည်ကို ဝန်ခံလိုရကား-

၄၃၂။ တထာ ကရိဿာမိ အဟံ ဘဒန္တေ၊
ယထာ တုဝံ ဘာသသိ ကာဠဟတ္ထိ။
ပါကာဝ အန္တေ ပုရံ ပါပုဏိတ္ဝာ၊
ဝက္ခာမိ တေ ရာဇိနော သမ္မုခေတံ—
ဟူသော ဤဂါထာကို ဆို၏။

၄၃၂။ ဘဒန္တေ၊ ကောင်းသော မျက်နှာရှိသော။ ကာဠဟတ္ထိ၊ အရှင်ကာဠဟတ်။ တုဝံ၊ အရှင် ကာဠဟတ်သည်။ ယထာ၊ အကြင်အခြင်းဖြင့်။ ဘာသသိ၊ ဆို၏။ တထာ၊ ထိုအခြင်းဖြင့်။ အဟံ၊ အကျွန်ုပ်သည်။ ကရိဿာမိ၊ ပြုပါအံ့။ ပါတောဝ၊ နံနက်စောစောလျှင်။ အန္တေပုရံ၊ နန်းတော်တွင်းသို့။ ပါပုဏိတ္ဝာ၊ ရောက်၍။ ရာဇိနော၊ အရှင်မင်းမြတ်၏။ သမ္မုခေ၊ ရှေ့တော်၌။ ဧတံ၊ ဤစကားကို။ တေ၊ အရှင်ကာဠဟတ်အား။ အဟံ၊ အကျွန်ုပ်သည်။ ဝက္ခာမိ၊ ဆိုပါအံ့။

ဤသို့ စိစစ်ပြောဆိုပြီးသော စစ်သူကြီးကာဠဟတ်သည် ရဿကကို မြဲမြံစွာ နှောင်ဖွဲ့တိုင်းသာလျှင် အိပ်စေ၍ မိုးသောက်သည်ရှိသော် မှူးမတ်စသော ပြည်သူအပေါင်းနှင့်တကွ တိုင်ပင်၍ အလုံးစုံသော သူတို့သည် တူသောဆန္ဒရှိကုန်လတ်သော် အလုံးစုံသော အရပ်တို့၌ အစောင့်အရှောက်ထား၍ မြို့ကို မိမိလက်သို့ ရောက်သည်ကိုပြုပြီးလျှင် ရဿကလည်း၌ အမဲတောင်းကို ဆွဲလျက် ခေါ်ယူ၍ မင်း၏နန်းတော်သို့ သွားလေ၏။ မြို့အလုံးသည် တွန်မြူးထူး၏။ ပြဟ္မဒတ်မင်းသည်လည်း ယမန်နေ့က နံနက်စာ စား

www.dhammadownload.com

ပြီးသော် ညဉ့်အခါ အမဲကိုမရ၍ "ရသကသည် ယခုပင် လာလတ္တံ့၊ ရသကသည် ယခုပင် လာလတ္တံ့" ဟု ဆိုလျက်သာလျှင် ညဉ့်ကို လွန်စေ၍ "ယနေ့လည်း ရသကသည် မလာ၊ ပြည်သူတို့၏ မျှားစွာသော အသံကိုလည်း ကြားရ၏၊ ဤအကြောင်းကား အသို့နည်း" ဟု နန်းတော် လေသွန်တံခါးဖြင့် ကည့်လတ်သော် ထိုသို့သော အခြင်းအရာအား ဖြင့် ၊ဆောင်ယူခဲ့သော ရသကကို မြင်၍ "ဤအကြောင်းသည် ထင်ရှားသည်ဖြစ်ချေပြီ" ဟု ကြံ၍ သတိကိုဖြစ်စေလျက် ရာဇပလ္လင်၌လျှင် နေလင့်၏။

စစ်သူကြီး လျှောက်ချက်

စစ်သူကြီး ကာဠဟတ်သည်လည်း ထိုမင်းသို့ကပ်၍ အကြောင်းကို စိစစ်၏။ ထိုမင်းသည်လည်း စစ်သူကြီး ကာဠဟတ်အား ပြောဆို၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညုမြတ်စွာဘုရားသည်-

၄၃၃။ တတော ရတျာ ဝိဝသာနေ၊ သူရိယုဂ္ဂမနံ ပတိ။
ကာဠော ရသကမာဒါယ၊ ရာဇာနံ ဥပသင်္ကမိ။
ဥပသင်္ကမ္မ ရာဇာနံ၊ ဤဒံ ဝစန မဗြဝိ။

၄၃၄။ သစ်ဝံ ကိရ မဟာရာဇ၊ ရသကော ပေသိတော တယာ။
ဟနတိ ဤတ္ထိ ပုရိသေ၊ တုဝံ မံသာနိ ခါဒသိ—

ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

၄၃၃။ ဘိက္ခဝေ၊ရဟန်းတို့။ တတော-တဒါကာလေ၊ ထိုအခါ၌။ ရတျာ၊ ညဉ့်သည်။ ဝိဝသာနေ၊ မိုးသောက်လတ်သော်။ သူရိယုဂ္ဂမနံပတိ၊ နေထွက်သောအခါ၌။ ကာဠော၊ စစ်သူကြီး ကာဠဟတ်သည်။ ရသကံ၊ ရသကကို။အာဒါယ၊ယူဆောင်ခဲ့၍။ ရာဇာနံ၊ ဗြဟ္မဒတ်မင်းသို့၊ဥပသင်္ကမိ၊ ကပ်၏။ ဥပသင်္ကမ္မ၊ ကပ်ပြီး၍။ ရာဇာနံ၊ ဗြဟ္မဒတ်မင်းကို။ ဤဒံဝစနံ၊ ဤစကားကို။ အဗြဝိ၊ ဆို၏။

၄၃၄။ မဟာရာဇ၊ အရှင်မင်းမြတ်။ တယာ၊ အရှင်မင်းမြတ်သည်။ ရသကော၊ ရသကကို။ ပေသိတော၊ စေတော်မူအပ်သည်။သစ်ဝံကိရ၊ မှန်ပေသလော။ အယံရသကော၊ ဤရသကသည်။ ဤတ္ထီစ၊ မိန်းမတို့ကို လည်းကောင်း။ ပုရိသေစ၊ ယောကျ်ားတို့ကို လည်းကောင်း။ ဟနတိ၊

www.dhammadownload.com

သတ်၏။ တုစံ၊ အရှင်မင်းမြတ်သည်။ မံသာနို၊ လူသားတို့ကို။ခါဒသိ ကိုရ၊ စားတော်မူသတတ်ဟူသည်။ သစ္စံ၊ မှန်ပေသဖြစ်လော။

မင်းကြီး၏ အဖြေ

ထိုစကားကိုကြား၍ ပြဟ္မဒတ်မင်းသည် မိမိအမှုကို ဝန်ခံသဖြင့် စစ်သူကြီးကာဠဟတ်ကို အပြစ်တင်လိုရကား--

၄၃၅။ ဧဝမေဝ တထာ ကာဠ၊ ရသကော ပေသိတော မယာ။
မမ အတ္ထံ ကရောန္တဿ၊ ကိမေတံ ပရိဘာသသိ--

ဟူသော ဤဂါထာတို့ကို ဆို၏။

၄၃၅။ ကာဠ၊ ကာဠဟတ်။ ဧဝမေဝ၊ ဤသို့ဆိုတိုင်း ဟုတ်သည် သာလျှင်တည်း။ တထာ၊ ထိုအခြင်းဖြင့်။ ရသကော၊ ရသကို့။ မယာ၊ ငါသည်။ ပေသိတော၊ စေအပ်၏။ မမ၊ ငါ၏။ အတ္ထံ၊ အကျိုးစီးပွားကို့။ ကရောန္တဿ၊ ပြုစဉ်။ တေံ၊ ဤရသကို့။ ကိံ၊ အဘယ့်ကြောင့်။ ပရိဘာသသိ၊ ဆဲရေးဘိသနည်း။

ထိုစကားကိုကြား၍ စစ်သူကြီး ကာဠဟတ်သည် "ဤမင်းသည် ကား မိမိနှုတ်ဖြင့်သာလျှင် ဝန်ခံဘိ၏၊ ငါ၏ အဆွေခင်ပွန်းဖြစ်သော မင်းသည် အံ့ဖွယ်ရှိစွ၊ ဤမျှလောက်သော ကာလပတ်လုံး ဤလူတို့ကို ဤမင်းသည် စားအပ်ကုန်၏၊ ထိုမင်းကို ငါမြစ်အံ့"ဟုကြံ၍ "အရှင်မှင်းမြတ် ဤသို့ပြုတော်မမူလင့်၊ လူသားတို့ကို စားတော်မမူပါလင့်"ဟု တားမြစ်၏။ "ကာဠဟတ်....သင်သည် အသို့ဆိုသနည်း၊ ငါသည် ဤလူသားတို့ကို ကြဉ်ရှောင်ခြင်းငှာ မတတ်နိုင်"ဟု ဆို၏။ "အကယ်၍ အရှင်မင်းမြတ် ဤလူသားကို ကြဉ်ရှောင်တော် မမူအံ့၊ ဤသို့ မကြဉ်ရှောင်သည်ရှိသော် ကိုယ်တော်ကို လည်းကောင်း, တိုင်းပြည်အလုံးကိုလည်းကောင်း ဖျက်ဆီးသည်မည်လတ္တံ့"ဟုဆို၏။ "ကာဠဟတ်....ဤသို့ ပျက်စီးသော်လည်း ငါသည် ထိုလူသားမှ ကြဉ်ရှောင်ခြင်းငှာ မတတ်နိုင်"ဟု ဆို၏။ ထို့နောင်မှ စစ်သူကြီး ကာဠဟတ်သည် ထိုမင်းသိစိမ့်သောငှာ ဤဝတ္ထုကို ထုတ်ဆောင်၍ပြ၏။

www.dhammadownload.com

ငါးကြီးအာနန္ဒာ

မြတ်သောမင်းကြီး လွန်လေပြီးသောအခါ မဟာသမုဒ္ဒရာ၌ ငါးကြီးခြောက်ခုတို့သည် ရှိကုန်၏။ ထိုငါးကြီးခြောက်ခုတို့တွင် အာနန္ဒာမည်သောငါး, တိမိနန္ဒာမည်သောငါး, အဇ္ဈာရောဟမည်သောငါး, ဤငါးကြီး သုံးခုတို့သည် ယူဇနာငါးရာစီ ရှိကုန်၏။ တိပိင်္ဂလမည်သောငါး, တိမိရပိင်္ဂလမည်သောငါး, မဟာတိမိရပိင်္ဂလမည်သောငါး ဤငါးကြီးသုံးခုတို့သည် ယူဇနာ တစ်ထောင်စီ ရှိကုန်၏။ ထိုအလုံးစုံသော ငါးကြီးတို့သည်လည်း ကျောက်စစ်မှော် ရေညှိကိုသာလျှင် စားကုန်၏။ ထိုငါးကြီးခြောက်ခုတို့တွင် အာနန္ဒာငါးကြီးသည် မဟာသမုဒ္ဒရာ နံပါးတစ်ဘက်၌ နေ၏။ ထိုအာနန္ဒာငါးကြီးကို ဖူးမြင်အံ့သောငှာ မျှားစွာကုန်သော ငါးတို့သည် ကပ်လာကုန်၏။ တစ်နေ့သ၌ ထိုအလုံးစုံသော ငါးတို့အား ဤသို့သောအကြံသည် ဖြစ်၏။ "အခြေနှစ်ချောင်းရှိသောလူ, အခြေလေးချောင်းရှိသော သားတို့အား မင်းသည်ထင်၏၊ ငါတို့အား မင်းသည် မရှိ၊ ငါတို့သည်လည်း ထိုအာနန္ဒာငါးကြီးကို မင်းမြှောက်ကြကုန်အံ့" ဟု အကြံသည်ဖြစ်၏။ ကြံပြီး၍ အလုံးစုံသောငါးတို့သည် တူသောဆန္ဒ ရှိကုန်သည်ဖြစ်၍ အာနန္ဒာငါးကြီးကို မင်းမြှောက်ကြကုန်၏။ ထိုငါးတို့သည် ထိုအခါမှစ၍ ညဉ့်နံနက် ထိုအာနန္ဒာငါးကြီးအား ခစားခြင်းငှာ သွားကုန်၏။

ထိုအခါ တစ်နေ့သ၌ အာနန္ဒာငါးကြီးသည် တစ်ခုသောတောင်၌ ကျောက်စစ်ညှိမှော်ရေတို့ကို စားသည်ရှိသော် မသိ၍မူမော် ရေညှိ ဟူသော အမှတ်ဖြင့် ငါးတစ်ခုကို စားမိ၏။ ထိုအသားကို စားမိသော အာနန္ဒာငါးကြီး၏ ကိုယ်အလုံးသည် ချောက်ချား၏။ ထိုအာနန္ဒာငါးကြီးသည် "အဘယ်ကြောင့်လျှင် ဤအစာသည် အလွန်အရသာ ရှိလေသနည်း" ဟု ထုတ်၍ ကြည့်လတ်သော် ငါးတုံးကိုမြင်၍ "ငါသည် ဤမျှလောက်သော ကာလပတ်လုံး မသိသောကြောင့်လျှင် မစားမိ" ဟုကြံ၍ ညဉ့်နံနက် ငါးတို့ ခစားအံ့သောငှာ လာ၍ပြန်သွားသောအခါ၌ တစ်ခုသောငါးကို လဲ့ညိုးကောင်း, နှစ်ခုသောငါးကို လည်းကောင်း စားအံ့။၊ ထင်ရှားစွာပြု၍ စားသည်ရှိသော် တစ်ခုသောငါးသည်မျှလည်း ငါသို့ မချဉ်းကပ်လတ္တံ့၊ အလုံးစုံသော ငါးတို့သည် ပြေးကုန်လတ္တံ့၊ ဖုံးလွှမ်းသည်ကိုပြု၍ ငါးတို့ ပြန်သောအခါ နောက်ဆုံးငါးကိုသတ်၍ စားအံ့" ဟုကြံလျက် ထိုသို့

www.dhammadownload.com

ကြံတိုင်းပြု၍စား၏။ ငါးတို့သည် ကုန်သည်ကိုသိ၍ ကြံကြကုန်၏။ "အဘယ်အရပ်မှလျှင် ငါတို့ဆွေမျိုးတို့အား ဘေးဖြစ်သနည်း" ဟုဆိုကုန်၏။ ထိုအခါ တစ်ခုသော ငါးပညာရှိသည် "ငါသည် အာနန္ဒာငါးကြီး၏ အမူအရာကို မနှစ်သက်၊ ထိုအာနန္ဒာငါးကြီးကို စုံစမ်းအံ့" ဟုကြံ၍ ငါးတို့သည် ခစားအံ့သောငှာ သွားကြကုန်လတ်သော် အာနန္ဒာငါးကြီး၏ နားရွက်ဖြင့် ဖုံးလွှမ်းလျက်တည်၏။ အာနန္ဒာ ငါးကြီးသည် ငါးတို့ကို လှတ်လိုက်၍ အလုံးစုံတို့၏ နောက်မှသွားသောငါးကို စား၏။ ထိုပညာရှိသည် ထိုအမူအရာကိုမြင်လျှင် ဟစ်ငါးသောငါးတို့အား ထိုအကြောင်းကို ပြောဆို၏။ ထိုအလုံးစုံသော ငါးတို့သည်လည်း ကြောက်လန့်တကြား ပြေးလေကုန်၏။

ဇာတ်တူသားစား၍ သေပြီ

အာနန္ဒာငါးကြီးသည် ထိုအခါမှစ၍ ငါးအသားဌ္ဌ တပ်မက်မောသောကြောင့် တစ်ပါးသောအစာကို မယူ။ ထိုအာနန္ဒာငါးကြီးသည် မှတ်သိပ်ဆာလောင်ခြင်းဖြင့် နှိပ်စက်ရကား ပင်ပန်းသည်ဖြစ်၍ "ဤငါးတို့သည် အဘယ်အရပ်သို့ ပြေးသွားကြလေကုန်သနည်း" ဟု ထိုငါးတို့ကို စုံစမ်းရှာဖွေသည်ရှိသော် တောင်တစ်ခုကိုမြင်၍ "ငါမှ ကြောက်ကုန်သောကြောင့် ဤတောင်ကိုမှီ၍ နေကုန်သည်ထင်၏၊ ထိုတောင်ကို ရစ်ပတ်၍ စုံစမ်းရှာဖွေအံ့" ဟု အမြီးဖြင့်လည်းကောင်း, ဦးခေါင်းဖြင့်လည်းကောင်း, နံပါးနှစ်ဘက်၌ ရစ်ပတ်၍ရှာ၏။ ထိုနောင်မှ "အကယ်၍ ဤတောင်၌ နေကုန်အံ့၊ ပြေးကုန်လတ္တံ့ ဟု တောင်ကိုရစ်ပတ်သည်ရှိသော် မိမိ၏အမြီးကိုမြင်၍ "ဤငါးသည် ငါ့ကိုလှည့်ပတ်သဖြင့် တောင်ကိုမှီ၍ နေ၏" ဟု အမျက်ထွက်သည်ဖြစ်၍ ယူဇနာငါးဆယ်ရှိသော မိမိအမြီးပိုင်းကို တစ်ပါးသော ငါးမှတ်သဖြင့် မြဲစွာဖမ်းယူ၍ အပိုင်းပိုင်း ပြတ်စေလျက် စား၏။ သည်းစွာသော ဆင်းရဲဝေဒနာသည် ဖြစ်၏။ သွေးအနံ့ကြောင့် ငါးတို့သည် ရုံးစုပြီးလျှင် စားကုန်လျက် ဦးခေါင်းတိုင်အောင် သွားကုန်၏။ ကြီးသော ကိုယ်ရှိသည်၏အဖြစ်ကြောင့် ပြန်အံ့သောငှာ မတတ်နိုင်သည်ဖြစ်၍ ထိုအရပ်၌လျှင် အသက်ကုန်ခြင်းသို့ ရောက်၏။ အရိုးစုသည် တောင်ကဲ့သို့ ဖြစ်၏။ ကောင်းကင်ဖြင့် ပျံသွားကုန်သော ရဿေ, ရဟန်း, ပရိဗိုဇ်တို့သည် ထိုအရိုးစုကို မြင်ကုန်၍ လူတို့အား ကြားကုန်၏။ အလုံးစုံသော

(ဟံသာဝတီခေတ်ဝင်ဟန် ၁၈-ဝ၆၆)



www.dhammadownload.com

www.dhammadownload.com

ဇမ္မုဒိပ်ကျွန်းဦး နေကုန်သော သူတို့သည် သိကုန်၏။ ထို၀တ္ထုကို ထုတ်ဆောင်၍ ပြလိုသော စစ်သူကြီး ကာဠဟတ်သည်-

၄၃၆။ အာနန္ဒော သဗ္ဗမစ္ဆာနံ၊
ခါဒိတ္ဝာ ရသဂိဒ္ဓိမာ။
ပရိက္ခီဏာယ ပရိသာယ၊
အတ္တာနံ ခါဒိယာ မတော။

၄၃၇။ ဧဝံ ပမတ္တောရသဂါရဝေ ရတ္တော၊
ဗာလော ယဒိအာယတိနာ၀ဗုဇ္ဈတိ။
၀ိဓမ္မပုတ္တေ စဇိ ဉာတကေ စ၊
ပရိ၀တ္တိယ အတ္တာနညေ၀ ခါဒတိ။

၄၃၈။ ဣဒံ တေ သုတ္ဝာန ၀ိဂေတု ဆန္ဒော။
မာဘာက္ခံယီ ရာဇ မနုဿမံသံ။
မာ တုံ ဣမံ ကေ၀လံ၀ါရိဇော၀၊
ဒ္ဝိပဒါဓိပ သုညမကာသိ ရဋ္ဌံ-
ဟူသော ဤသုံးဂါထာတို့ကို ဆို၏။

၄၃၆။ မဟာရာဇ၊ မင်းမြတ်။ ရသဂိဒ္ဓိမာ၊ အရသာ၌ တပ်မက်မောခြင်း ရှိသော။ အာနန္ဒော၊ အာနန္ဒာငါးကြိမ်းသည်။ သဗ္ဗမစ္ဆာနံ၊ အလုံးစုံသော ငါးတို့ကို။ ခါဒိတ္ဝာ၊ စား၍။ ပရိသာယ၊ ပရိသတ်သည်။ ပရိက္ခီဏာယ၊ ကုန်သည်ရှိသော်။ အတ္တာနံ၊ မိမိကိုယ်ကို။ ခါဒိယ၊ စား၍။ မတော၊ သေရလေသည်။

၄၃၇။ ဧဝံ၊ ဤအတူ ၎င်းလျှင်။ ပမတ္တော၊ မေ့လျော့သော။ ရသဂါရဝေ၊ လူသားအရသာ သဘောဌာန်။ ရတ္တော၊ တပ်မက်မောသော။ ဗာလော၊ မလိမ္မာသော။ သော၀တ်၊ ထိုအရှင်မင်းမြတ်သည်။ အာယတိ၊ နောင်ဖြစ်လတ္တံ့သော ဆင်းရဲကို။ ယဒိန ၁၀ဗုဇ္ဈတိ၊ အကယ်၍ သိတော်မမူအံ့။ ဧဝံ၊ ဤသို့ သိတော်မမူသည်ရှိသော်။ ပုတ္တေ စ၊ သားသမီးတို့ကိုလည်း။ ၀ိဓမ္မ၊ ဖျက်ဆီး၍။ ဉာတကေ စ၊ အဆွေအမျိုးတို့ကိုလည်း။ စဇိ၊ စွန့်လော့။ ပရိ၀တ္တိယ၊ မြို့အလုံးကို လှည့်လည်လျက်။ မနုဿမံသံ၊

www.dhammadownload.com

လူသားကို။ အလဘိတ္ထ၊ မရသည်ရှိသော်။ အတ္တာနညော၊ မိမိကိုယ်ကို သာလျှင်။ ခါဒတိ၊ စားလတ္တံ့။

၄၃၈။ မဟာရာဇ၊ မင်းမြတ်။ ဤဒံ၊ ဤအကြောင်းကို။ သုတ္ထာန၊ ကြားရသောကြောင့်။ တေ၊ အရှင်မင်းမြတ်၏။ ဆန္ဒော၊ လူသားဌဉ် ချင်ခြင်းကို။ ဝိဂေတု၊ ဖျောက်စေချင်ပါ၏။ ရာဇ၊ မင်းမြတ်။ မနုဿမံသံ၊ လူသားကို။ မာဘက္ခယိ၊ စားတော်မမူပါလှင့်။ ဒ္ဝိပဒါဓိပ၊ လူတို့အရှင် ဖြစ်တော်မူသော။ မဟာရာဇ၊ မင်းမြတ်။ တုံ၊ အရှင်မင်းမြတ်သည်။ ကော၀လံ၊ စင်စစ်။ ဝါရိဇော၀၊ ငါးမင်းအာနန္ဒာကဲ့သို့။ ဤဒံရဋ္ဌံ၊ ဤကာသိတိုင်းကို။ သုညံ၊ ဆိတ်သည်ကို။ မာအကာသိ၊ ပြုတော်မမူပါလှင့်။

ဇမ္ဗုသပြေသီးမက်၍ သေရသူ

ထိုစကားကို ကြား၍ ဗြဟ္မဒတ်မင်းသည် "အချင်း ကာဠဟတ်.... သင်သည်သာလျှင် ဥပမာကို သိသလော၊ ငါသည်လည်း သိ၏၊ လူသားကို တပ်မက်မောသောကြောင့် ရှေးအကြောင်းကို ထုတ်ဆောင်၍ ပြလို ရကား—

၄၃၉။ သုဇာတောနာမ နာမေန၊ သြရသော တဿ အတြဇော။
ဇမ္ဗုပေသိ မလဒ္ဓါန၊ မတော သော တဿ သခ်ယော။
၄၄၀။ ဧဝံ မေဝ အဟံ ကာဠ၊ ဘုတ္တာ ဘက္ခံ ရသုတ္တမံ။
အလဒ္ဓါ မာနုသံ မံသံ၊ မညေ ဟိဿာမိ ဇီဝိတံ—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၄၃၉။ ကာဠ၊ ကာဠဟတ်။ နာမေန၊ အမည်အားဖြင့်။ သုဇာတောနာမ၊ သုဇာတ အမည်ရှိသော။ ယောကုဋုမ္ဗိကော၊ အကြင်သူကြွယ်သည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုသူကြွယ်၏။ အတြဇော၊ မိမိမှဖြစ်သော။ သြရသော၊ သားဦးသည်။ ဇမ္ဗုပေသိ၊ ဇမ္ဗုသပြေသီးကို။ အလဒ္ဓါန၊ မရ၍။ တဿ ဇမ္ဗုပေသိယာ၊ ထိုဇမ္ဗုသပြေသီး၏။ သခ်ယော၊ ကုန်ခြင်းကြောင့်။ မတော၊ သေလေ၏။

၄၄၀။ ကာဠ၊ ကာဠဟတ်။ ဧဝံ မေဝ၊ ဤအတူငင်းလျှင်။ အဟံ၊ ငါသည်။ ရသုတ္တမံ၊ အရသာတကာတို့ထက် မြတ်သော။ ဘက္ခံ၊ အစာကို။

www.dhammadownload.com

ဘုတ္တဝာန၊ စားဦး၍။ မာနုသံမံသံ၊ လူသားကို။ အလဒ္ဓါ၊ မရခြင်းကြောင့်။ မေ၊ ငါ၏။ ဇီဝိတံ၊ အသက်ကို။ ဟိဿာမိ မညေ၊ စွန့်ရအံ့ယောင် တကား။

ဤဂါထာ၌ အကျဉ်းအားဖြင့် ပြဆောင်အပ်သော သုဇာတသူကြွယ်၏ အကြောင်းကို အဋ္ဌကထာ၌ ဤသို့ အကျယ်ပြဆောင်အပ်၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ သုဇာတ အမည်ရှိသော သူကြွယ် သည် ချဉ်ဆား မှိုဝဲအံ့သောဌာ ဟိမဝန္တာမှ လာကုန်သော ရသေ့ငါးရာတို့ကို မိမိဥယျာဉ်၌နေစ၍ အမြဲ လုပ်ကျွေး၏။ အိမ်၌ အမြဲ ငါးရာအတိုင်းအရှည်ရှိသော ဆွမ်းသည် ဖြစ်၏။ ထို ရသေ့တို့သည်ကား ရံခါဇနပုဒ်သို့ ဆွမ်းခံသွားကုန်၏။ ရံခါကြီးစွာသော ဇမ္ဗုသပြေသီးကို ဆောင်ယူ၍ စားကုန်၏။ ထိုရသေ့တို့ ဇမ္ဗုသပြေသီးကို ဆောင်ယူ၍ စားသောအခါ၌ သုဇာတသူကြွယ်သည် ကြံ၏။ "ယခုအခါ အရှင်ကောင်းတို့သည် သုံးရက် လေးရက်တို့ မလာကုန်၊ အဘယ်အရပ်သို့သွား ကြလေကုန်သနည်း" ဟု ကြံ၍ ထိုသူကြွယ်သည် မိမိသားငယ်ကို လက်၌ ဆဲစေ၍ ထိုရသေ့တို့ ဆွမ်းဘဉ်းပေးသောအခါ၌ ထိုကျောင်းသို့လာ၏။ ထိုသူကြွယ် လာသောအခါ၌လျှင် ရသေ့ကြီးတို့ ခံတွင်းဆေးသော ကာလ၌ ရေကိုပေး၍ အငယ်ဆုံးဖြစ်သော ရသေ့သည် ဇမ္ဗု၊သပြေသီးကို စား၏။ သုဇာတသူကြွယ်သည် ရသေ့တို့ကိုရှိခိုး၍ ထိုင်လျက် "အရှင်ဘုရားတို့ အဘယ်ကို ဘဉ်းပေးတော်မူကြကုန်သနည်း" ဟု မေးလျှောက်၏။ "ဒါယကာ....ဇမ္ဗု၊သပြေသီးကို စားကုန်၏" ဟု ပြောဆိုကုန်လတ်သော် ထိုစကားကိုကြား၍ သားသူငယ်သည် ချင်ခြင်းကို ဖြစ်စေ၏။ ထိုအခါ ထိုသူငယ်အား ရသေ့အပေါင်းတို့၏ ကိုယ်းဆရာဖြစ်သော ရသေ့ကြီး သည် အတန်ငယ်သော ဇမ္ဗု၊သပြေသီးကို ပေး၏။ ထိုသူငယ်သည် ထို့ဇမ္ဗု၊ သပြေသီးကို စားရလျှင် အရသာ၌ အလွန်တပ်စွန်း၍ "ငါ့အား ဇမ္ဗု၊ သပြေသီးကို ပေးကုန်လော့, ငါ့အား ဇမ္ဗု၊သပြေသီးကို ပေးကုန်လော့" ဟု အဖန်တလဲလဲ တောင်း၏။

သူကြွယ်သည် တရားနာပြီး၍ "ချစ်သား....မင်္ဂလာ၊ အိမ်သို့ရောက်လျှင် စားရလတ္တံ့" ဟု ထိုသားငယ်ကို လှည့်စားလျက် "ဤသူငယ်ကိုမှီ၍

www.dhammadownload.com

အရှင်ကောင်းတို့သည် ငြိုးငွေ့ကုန်လတ္တံ့''ဟု ထိုသားငယ်ကို နှစ်သိမ့်စေလျက် ရသေ့အပေါင်းကို မပန်ကြားမူ၍လျှင် အိမ်သို့ သွားလေ၏။ အိမ်သို့ရောက်သောအခါမှစ၍ သူကြွယ်၏သားသည် ''ငါ့အား ဇမ္ဗုသပြေသီးကို ပေးကုန်လော့, ငါ့အား ဇမ္ဗုသပြေသီးကို ပေးကုန်လော့'' ဟု ငိုမြည်တမ်း၏။ သုဇာတာသူကြွယ်သည် ''ရသေ့တို့ကိုသာလျှင် ပြောကြားအံ့''ဟု ဥယျာဉ်သို့ လာ၏။ ရသေ့အပေါင်းတို့သည်လည်း ''ဤအရပ်၌ ငါတို့သည် ကြာမြင့်ကုန်ပြီ''ဟု ဟိမဝန္တာသို့လျှင် သွားကြကုန်သဖြင့် ကျောင်း၌ ရသေ့တို့ကို မမြင်ကုန်သည်ဖြစ်၍ ထိုသူငယ်အား သပြေသီး, သရက်သီး, ပိန္နဲသီး, ဥက်ပျောသီး အစရှိသည်တို့ကို ပျားသကာနှင့်နယ်၍ ပေး၏။ ထိုအရသာတို့သည် ထိုသူငယ်၏ လျှာဖျား၌ ထားကာမျှဖြင့်လျှင် လတ်တလော သေစေတတ်သော အဆိပ်နှင့်တူသည် ဖြစ်ကုန်၏။ ထိုသူငယ်သည် ခုနစ်ရက်ပတ်လုံး အစာကင်းသည်ဖြစ်၍ အသက်ကုန်ခြင်းသို့ရောက်၏။ ဗြဟ္မဒတ်မင်းသည် ဤအကြောင်းကို ထုတ်ဆောင်၍ ပြလိုသည်ဖြစ်၍ ''သုဇာတော နာမ နာမေန'' အစရှိသော နှစ်ဂါထာတို့ကို ဆို၏။ (ဤသို့ အဋ္ဌကထာ၌ အကျယ်အားဖြင့် ပြဆောင်အပ်၏။)

ထိုနောင်မှ စစ်သူကြီး ကာဠဟတ်သည် ''ဤမင်းကား အလွန်လျှင် အရသာ၌ တပ်မက်မော၏၊ ထိုမင်းအား တစ်ပါးလည်းဖြစ်ကုန်သော ပုံသက်သေတို့ကို ပြဆောင်ဦးအံ့''ဟု ကြံ၍ ''အရှင်မင်းမြတ်....လူသားကို စားခြင်းမှ ကြဉ်ရှောင်ဆတ်မူလော့''ဟု ဆို၏။ ထို ဗြဟ္မဒတ်မင်းသည် ''လူသားကိုစားခြင်းမှ ကြဉ်ရှောင်ခြင်းငှာ မတတ်နိုင်''ဟု ဆိုလတ်သော် ''အရှင်မင်းမြတ်....အကယ်၍ ကြဉ်ရှောင်တော် မမူနိုင်သည်ဖြစ်အံ့၊ အရှင်မင်းမြတ်သည် ဆွတော် မျိုးတော် အပေါင်းမှလည်းကောင်း, ပြည်စည်းစိမ် အသရေမှ လည်းကောင်း ယုတ်လတ္တံ့၊ ထိုစကားသည် မှန်၏။''

သောတ္ထိယ အရက်သမား

အရှင်မင်းမြတ်....လွန်လေပြီးသောအခါ ဤ ဗာရာဏသီပြည်၌ပင်လျှင် ပဥ္စသီ ငါးပါးကိုစောင့်သော သောတ္ထိယ အမျိုးသည်ရှိ၏။ ထို သောတ္ထိယအမျိုးအား တစ်ယောက်သော သားငယ်သည်ရှိ၏။ ထို သားငယ်သည် မိဘတို့အား ချစ်မြတ်နိုး၏၊ ပညာရှိ၏၊ လိမ္မာ၏၊ ဗေဒင်သုံးပုံတို့၏ ကမ်းတစ်ဖက်သို့ ရောက်၏။ ထိုသားငယ်သည် အရွယ်တူဖြစ်ကုန်သော

www.dhammadownload.com

လုလင်မျိုတို့နှင့်တကွ အပေါင်းဖွဲ့သဖြင့် သွား၏။ ထိုလုလင်မှ ကြွင်းကုန်သော အပေါင်းဖွဲ့ကုန်သော သူတို့သည် ငါးအမဲတို့ကို စားကုန်လျက် သုရာကို သောက်ကုန်၏။ ထိုလုလင်သည် ငါးအမဲအစရှိသည်တို့ကို မစား၊ သုရာကို မသောက်။ ထိုအပေါင်းအဖော်တို့သည် တိုင်ပင်ကြကုန်၏။ "ဤလုလင်သည် သုရာကို မသောက်သောကြောင့် ငါတို့အား အဖိုးကို မပေး၊ ဥပါယ်တမျှဉ်ဖြင့် ထိုလုလင်ကို သုရာသောက်စေကုန်အံ့" ဟု ဆို၍ ထိုလုလင်နှင့်တကွ စည်းဝေး၍ "အဆွေ သဘင်ကစားအံ့" ဟု ဆိုကုန်၏။ "အဆွေတို့ သင်တို့သည်သာလျှင် သုရာကိုသောက်ကုန်လော့၊ ငါသည် မသောက်အံ့၊ သင်တို့သည်သာလျှင် သွားကြကုန်လော့" ဟု ဆိုလတ်သော် "အဆွေ သင်သောက်ရန် အလို့ငှာ နို့ရည်ကို ယူစေကုန်အံ့" ဟု ဆိုကုန်၏။ ထိုသောတွိယလုလင်သည် "ကောင်းပြီ" ဟု ဝန်ခံ၏။

သေသောက်ကြူးတို့သည် ဥယျာဉ်သို့သွားကုန်၍ ကြံဳဝပဒုမွာရွက်တို့၌ ထက်စွာသော သုရာကိုထုပ်၍ ထားကုန်၏။ ထိုအခါ ထိုသူတို့၏ သုရာသောက်သော ကာလ၌ လုလင်အား နို့ရည်ကိုပေးကုန်၏။ ထို့နောက် တစ်ယောက်သော သေသောက်ကြူးသည် "အချင်းတို့....ကြာမှုဖြစ်သော ပျားကို ဆောင်ယူခဲ့ကြကုန်လော့" ဟု ဆောင်ယူစေ၍ ပဒုမွာကြာရွက်ထုပ်ကို အောက်မှ အပေါက်ဖောက်ပြီးလျှင် လက်တို့ဖြင့် ခံတွင်း၌ထား၍ စုံတ်၏။ ဤအတူ တစ်ပါးသော သေသောက်ကြူး လုလင်တို့သည်လည်း ယူဆောင်၍ သောက်ကြကုန်၏။ လုလင်သည် "ဤသည်ကား အသို့နည်း" ဟု မေး၍ "ကြာပျားမည်၏" ဟု ဆိုသည်ရှိသော် "အချင်းတို့....ငါ့အား လည်း အတန်ငယ် ရလိုပါ၏၊ ပေးပါကုန်လော့" ဟု ဆိုသဖြင့် ထိုလုလင်အားလည်း ပေးစေကုန်၏။ ထိုလုလင်သည် ကြာမှုဖြစ်သော ပျားဟူသော အမှတ်ဖြင့် သုရာကိုသောက်၏။ ထိုအခါ ထိုလုလင်အားလည်း မိုးကျိုးဥ်ကင်သော အမဲကိုလည်း ပေးကုန်၏။ ထိုအမဲကိုလည်း စား၏။ ဤသို့လျှင် အဖန်တလဲလဲ သောက်သော ထိုလုလင်အား ယစ်သောအခါ၌ "ဤသည်ကား ကြာမှုဖြစ်သော ပျားမဟုတ်၊ ဤသည်ကား သုရာတည်း" ဟု ဆိုကုန်၏။ ထိုလုလင်သည်လည်း "ဤမျှလောက်သော ကာလပတ်လုံး ငါသည် ဤသို့ကောင်းမြတ်သော အရသာကိုမသိ၊ အချင်းတို့....သုရာကို ဆောင်ခဲ့ပါကုန်လော့" ဟု ဆို၏။ ထိုသေသောက်ကြူးတို့သည် တစ်ဖန်လည်း ဆောင်ယူ၍ ပေးကုန်၏။ ချင်ခြင်း မုတ်ခြင်းသည် များစွာဖြစ်၏။

www.dhammadownload.com

ထိုအခါ တစ်ဖန်လည်း တောင်းပြန်သော ထိုလုလင်အား "ကုန်ပြီ" ဟု ဆိုကုန်၏။ ထိုလုလင်သည် "အချင်းတို့....ယခု ထိုသူရာကို ဆောင်ချေကုန်လော့" ဟု ဆို၍ လက်စွပ်ကိုပေး၏။ ထိုလုလင်သည် တစ်နေ့ပတ်လုံး ထိုသူတို့နှင့်တကွ သောက်စား၍ ယစ်သောကြောင့် နီသောမျက်စိရှိသည်ဖြစ်၍ တုန်လှုပ်လျက် မြည်တမ်းလျက် အိမ်သို့သွား၍ အိပ်၏။ ထိုအခါ ထိုလုလင်၏ အဖသည် သူရာသောက်သော အဖြစ်ကိုသိ၍ အယစ်ပြေသည်ရှိသော် "ချစ်သား....အသင်ချစ်သားသည် မသင့်လျော်သည်ကို ပြုကျင့်၏၊ သောတ္ထိယအမျိုး၌ ဖြစ်ပါလျက် သူရာကို သောက်သဖြင့် မသင့်၊ တစ်ဖန် ဤသို့မပြုလင့်" ဟု ဆို၏။ "ဖခင်....သူရာသောက်သဖြင့် အကျွန်ုပ်အား အဘယ်အပြစ် ရှိသနည်း" ဟု ဆို၍ "သူရာသောက်သော အဖြစ်သည် မသင့်" ဟု ဆိုသည်ရှိသော် "ဖခင်....အသို့ဆိုသနည်း၊ အဲကျွန်ုပ်သည် ဤမျလောက်သော ကာလပတ်လုံး ဤသို့သဘောရှိသော ကောင်းမြတ်သော အရသာကို မရဘူးပါ" ဟုဆို၏။ အဖ ပုဏ္ဏားသည်လည်း အဖန်တလဲလဲ တောင်းပန်၏။ ထိုလုလင်သည်လည်း "ကြည့်ရှောင်အံ့သောငှာ မတတ်နိုင်" ဟု ဆို၏။ ထိုအခါ ထိုလုလင်ကို အဖပုဏ္ဏားသည် "ဤသို့ဖြစ်သည်ရှိသော် ငါတို့ အမျိုးအနွယ်သည်လည်း ပြတ်လတ္တံ့၊ ဥစ္စာသည်လည်း ပျက်စီးလတ္တံ့" ဟု ကြံ၍ သားကို ဆုံးမလိုရကား—

၄၄၁။ မာဏဝ အာဘိရူပေါသိ၊
ကုလေ ဇာတော သိ သောတ္ထိယေ။
နတ္ထံ အရဟာသိ တာတ၊ အဘက္ခံ ဘက္ခယေ တဝေ—

ဟူသော ဤဂါထာကို ဆို၏။

၄၄၁။ မာဏဝ၊ လုလင်ဖြစ်သော။ တာတ၊ ချစ်သား။ တံ၊ သင် ချစ်သားသည်။ အာဘိရူပေါ၊ အလှနှအဆင်းလှသည်။ အသိ၊ ဖြစ်၏။ သောတ္ထိယေ၊ သောတ္ထိယဖြစ်သော။ ကုလေ၊ အမျိုး၌။ ဇာတော၊ ဖြစ်သည်။ အသိ၊ ဖြစ်၏။ တာတ၊ ချစ်သား။ တံ၊ သင်ချစ်သားသည်။ အဘက္ခံ၊ မစားမသောက်အပ်သည်ကို။ ဘက္ခယေတဝေ၊ စားသောက်ခြင်းငှာ။ နှ အရဟာသိ၊ မထိုက်။

www.dhammadownload.com

အရက်ကိုမက်၍ သေရပြီ

ဤသို့သော စကားကို ပြောဆိုပြီး၍ကား "ချစ်သား....ကြည့်ရှောင်လော့၊ အကယ်၍ မကြည့်ရှောင်အံ့၊ ချစ်သား....ငါသည်လည်း ဤအိမ်မှ ထွက်အံ့၊ သင်ချစ်သားကိုလည်း တိုင်းပြည်မှ နှင်ထုတ်သောအမှုကို ပြုအံ့" ဟု ဆို၏။ လုလင်သည် "ဖခင်....ဤသို့နှင်ထုတ်သော်လည်း အကျွန်ုပ်သည် သုရာသောက်ခြင်းကို စွန့်အံ့သောငှာ မတတ်နိုင်" ဟု ဆို၍ ထိုအကြောင်းကို အဖပုဏ္ဏားအား ကြားလိုရကား—

၄၄၂။ ရသာနံ အညတရံ ဇေတံ၊ ကသ္မာ မံ ဟံ့ နိဝါရယေ။
သောဟံ တတ္ထ ဂမိဿာမိ၊ ယတ္ထ လစ္ဆာမိ ဒေဝိသံ။
၄၄၃။ သောဝါ ဟံ နိပ္ပတိဿာမိ၊ နတေ ဝစ္ဆာမိ သန္တိကေ။
ယဿ မေ ဒဿနေနတ္ထံ၊ နာဘိနန္ဒသိ ဗြာဟ္မဏ—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၄၄၂။ ဗြာဟ္မဏ၊ ဖခင်ပုဏ္ဏား။ ဇေတံ၊ ဤသုရာသည်။ ရသာနံ၊ အရသာတကာတို့တွင်။ အညတရံ၊ မြတ်သော တစ်ပါးသော အရသာသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ မံ၊ အကျွန်ုပ်ကို။ တံ့၊ သင် ဖခင်သည်။ နိဝါရယေ၊ တားမြစ်ဘိသနည်း။ ဗြာဟ္မဏ၊ ဖခင်ပုဏ္ဏား။ ယောအဟံ၊ အကြင် ငါသည်။ ယတ္ထ၊ အကြင်အရပ်၌။ ဒေဝိသံ၊ ဤသို့ သဘောရှိသော အရသာကို။ လစ္ဆာမိ၊ ရအံ့။ တတ္ထ၊ ထိုအရပ်သို့။ သော အဟံ၊ ထိုငါသည်။ ဂမိဿာမိ၊ သွားပါအံ့။

၄၄၃။ ဗြာဟ္မဏ၊ ဖခင်ပုဏ္ဏား။ တံ့၊ သင်ဖခင်သည်။ ယဿ-မေ၊ အကြင်ငါအား။ ဒဿနေန၊ မြင်ရသဖြင့်။ နာဘိနန္ဒသိ၊ မနှစ်သက်။ သော အဟံ၊ ထိုငါသည်။ တေ၊ သင် ဖခင်၏။ သန္တိကေ၊ အထံ၌။ နဝစ္ဆာမိ၊ မနေပြီ။ နိပ္ပတိဿာမိ၊ ထွက်ပါတော့အံ့။

ဤသို့သောစကားကိုဆို၍ "ငါသည် သုရာသောက်ခြင်းကို မကြည့်ရှောင်အံ့၊ အကြင်အမှုကို ပြုခြင်းငှာ သင်ဖခင်သည် နှစ်သက်၏၊ထိုအမှုကို ပြုလော့" ဟု ဆို၏။ ထိုအခါ အဖပုဏ္ဏားသည် "သင်သည် ငါတို့ကို စွန့်သည်ရှိသော် ငါတို့သည်လည်း သင့်ကိုစွန့်အံ့" ဟု ဆို၍ ထိုအကြောင်းကို သားအား ကြားလိုရကား—

www.dhammadownload.com

၄၄၄။ အဒ္ဓါ အညေပိ ဒါယာဒေ၊ ပုတ္တော လစ္ဆဝမ မာဏဝ။
တဉ္စ ဇမ္မ ဝိနဿသဿု၊ ယတ္ထ ပတ္တံ နုတံ သုဏော—
ဟူသော ဤဂါထာကို ဆို၏။

၄၄၄။ မာဏဝ၊ လုလင်။ ဒါယာဒေ၊ အမွေခံ ထိုက်သော။ အညေပိ၊ သင်မှတစ်ပါးလည်း ဖြစ်ကုန်သော။ ပုတ္တော၊ သားသမီးတို့ကို။ အဒ္ဓါ၊ စင်စစ်။ လစ္ဆဝမ၊ ရကုန်အံ့။ ဇမ္မ၊ သူယုတ်။ ယတ္ထ၊ အကြင်အရပ်သို့။ ပတ္တံ၊ ရောက်လေသော။ တံ၊ သင့်ကို။ နု သုဏော၊ ငါတို့မကြဲးရ။တတ္ထ၊ ထိုအရပ်သို့။ တဉ္စ၊ သင်သည်လျှင်။ ဝိနဿသဿု၊ သွားလေခြေလွဲ။

ထိုအခါ အဖပုဏ္ဏားသည် ထိုသားယုတ်ကို တရားဆုံးဖြတ်ရာ အရပ်သို့ဆောင်၍ သားမဟုတ်သောအဖြစ်ကိုဆို၍ နှင်ထုတ်စေ၏။ ထိုလုလင်သည် နောက်အဖို၌ အထောက်အပံ့ မရှိသောကြောင့် အထီးကျန်သည်ဖြစ်၍ ပုဆိုးနွမ်းကိုဝတ်ရသဖြင့် ခွက်လက်စဲ့လျက် အစာအာဟာရ အလှူငှာ တောင်းစားလျက် တစ်ခုသောနံရံကိုမှီ၍ သေ၏။

ဤအကြောင်းကိုဆောင်၍ စစ်သူကြီးကာဠဟတ်သည် ဗြဟ္မဒတ်မင်းအား ပြလျက် "မြတ်သောမင်းကြီး....အရှင်မင်းကြီးသည် အကျွန်ုပ်တို့စကားကို အကယ်၍ လိုက်နာတော်မမူအံ့၊ သင်မင်းကြီးအား ပြည်မှ နှင်ထုတ်သော အမှုကို ပြုကုန်အံ့" ဟုဆို၍ ထိုအကြောင်းကို မင်းကြီးအားကြားလိုရကား—

၄၄၅။ ဧဝမေဝ တုဝံ ရာဇ၊ ဒ္ဝိပဒိန္ဒ သုဏော ဟိမေ။
ပဗ္ဗာဇေဿန္တိ တံ ရဋ္ဌာ၊ သောဏ္ဍံမာဏဝကံ ယထာ—
ဟူသော ဤဂါထာကို ဆို၏။

၄၄၅။ ဒ္ဝိပဒိန္ဒ၊ အခြေနှစ်ချောင်းရှိသော လူတို့ကို အစိုးရတော်မူသော။ ရာဇ၊ မင်းမြတ်။ တုဝံ၊ အရှင်မင်းမြတ်သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏောဟိ၊ နာဟော်မူလေ့။ သောဏ္ဍံ၊ သေသောက်ကြူးသော။ မာဏဝကံ၊ လုလင်ပျိုကို။ ပဗ္ဗာဇေဿန္တိ ယထာ၊ တိုင်းပြည်မှ နှင်ထုတ်ကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ တံ၊ အရှင်မင်းကြီးကို။ ရဋ္ဌာ၊ တိုင်းနိုင်ငံမှ။ ပဗ္ဗာဇေဿန္တိ၊ နှင်ထုတ်ကုန်လတ္တံ့။

www.dhammadownload.com

နတ်သမီးကိုမက်၍ သေသူ

ဤသို့စစ်သူကြီး ကာဠဟတ်သည် ဥပမာ ပုံသက်သေကို ပြဆောင်သော်လည်း ဗြဟ္မဒတ်မင်းသည် ထိုလူသား၌ ကြဉ်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ တစ်ပါးသောပုံသက်သေကို စစ်သူကြီး ကာဠဟတ်အား ပြပြန်လိုရကား—

၄၄၆။ သုဇာတောနာမ နာမေန၊ ဘာဝိတတ္တာန သာဝကော။
အစ္ဆရံ ကာမယန္တော၀၊ နသောဘူဠိန သောပိဝိ။

၄၄၇။ ကုသဂ္ဂေနုဒကမာဒါယ၊ သမုဒ္ဒေ ဥဒကံ့ မိနေ။
ဧဝံ မာနုသကာ ကာမာ၊ ဒိဗ္ဗကာမာန သန္တိကေ။

၄၄၈။ ဧဝမေဝ အဟံ ကာဠ၊ ဘုတ္တာ ဘက္ခံ့ ရသုတ္တမံ။
အလဒ္ဓါ မာနုသံ မံသံ၊ မညေ ဟိဿာမိ ဇီဝိတံ—

ဟူသော ဤသုံးဂါထာကို ဆို၏။

၄၄၆။ ကာဠ၊ ကာဠဟတ်။ ဘာဝိတတ္တာနံ၊ ပွားစေအပ်ကုန်သော စိတ်ရှိကုန်သော။ ပဥ္စန္နံ ဣသိသတာနံ၊ ရသေ့ ငါးရာတို့ကို။ သာ၀ကော၊ တပည့် တကာ ဖြစ်သော။ နာမေန၊ အမည်အား ဖြင့်။ သုဇာတောနာမ၊ သုဇာတ အမည်ရှိသော။ ယော ကုဋ္ဌုမ္ဗိကော၊ အကြင် သူကြွယ်သည်။ အတ္ထိ၊ ရှိ၏။ သော ကုဋ္ဌုမ္ဗိကော၊ ထိုသူကြွယ်သည်။ အစ္ဆရံ၊ နတ်သမီးကို။ ကာမယန္တော၀၊ အလိုရှိသည်ဖြစ်၍လျှင်။ နဘူဠိ၊ စားလည်း မစား။ သော၊ ထိုသူကြွယ်သည်။ နပိဝိ၊ သောက်လည်း မသောက်။

၄၄၇။ ကာဠ၊ ကာဠဟတ်။ ကုသဂ္ဂေန၊ သမန်းမြက်ဖြင့်။ ဥဒကံ၊ ရေကို။ အာဒါယ၊ ယူ၍။ သမုဒ္ဒေ၊ သမုဒ္ဒရာဇ်၌။ ဥဒကံ၊ ရေကို။ မိနေယျထာ၊ နှိုင်းယှဉ်သကဲ့သို့။ ဧဝံ၊ ထိုအတူ။ မာနုသကာ၊ လူဥစ္ဆာဖြစ်ကုန်သော။ ကာမာ၊ ကာမဂုဏ်တို့သည်။ ဒိဗ္ဗကာမာနံ၊ နတ်ဥစ္ဆာဖြစ်ကုန်သော ကာမဂုဏ်တို့၏။ သန္တိကေ၊ အထံ၌။ ဟောန္တိ၊ ဖြစ်ကုန်၏။

၄၄၈။ ကာဠ၊ ကာဠဟတ်။ ဧဝမေဝ၊ ဤအတူငင်းလျှင်။ အဟံ၊ ငါသည်။ ရသုတ္တမံ၊ အရသာ တကာတို့ထက်မြတ်သော အရသာရှိသော။ ဘက္ခံ့၊ အစာကို။ ဘုတ္တာ၊ စားဦး၍။ မာနုသံမံသံ၊ လူသားကို။ အလဒ္ဓါ၊

www.dhammadownload.com

မရခြင်းကြောင့်။ မေ၊ ငါ၏။ ဇီဝိတံ၊ အသက်ကို။ ဟိဿာမိ မညေ၊ စွန့်ရအံ့ယောင်တကား။

[ဤဂါထာတို့၌ အကျဉ်းအားဖြင့် ပြဆောင်အပ်သော သုဇာတသူကြွယ်၏ဇာတ္ထုကို အဋ္ဌကထာ၌ အကျယ် ဤသို့ပြဆောင်အပ်၏။]

နတ်သမီးကိုမက်၍ သေရသူ

အောက်၌ဆိုအပ်ပြီးသော သုဇာတမည်သော သူကြွယ်သည် ရသေ့ငါးရာတို့ ဇမ္မူသပြေသီးကို စားသောအခါ၌ မလဲသည်ကိုသိ၍ "အရှင်ကောင်းတို့သည် အဘယ့်ကြောင့် မကြွလာကုန်သနည်း၊ အကယ်၍ တစ်စုံတစ်ခုသောအရပ်သို့ ကြွတော်မူကုန်အံ့၊ အကြောင်းကိုသိအံ့။ အကယ်၍ တစ်စုံတစ်ခုသောအရပ်သို့ ကြွတော်မမူကုန်အံ့၊ ထိုသို့ တစ်ပါးသော အရပ်သို့ ကြွတော်မမူကုန်သည် ရှိသော် ထိုအရှင်မြတ်တို့၏ အထံ၌ တရားတော်ကို နာအံ့" ဟု ဥယျာဉ်သို့သွား၍ ရသေ့အပေါင်းကို ရှိခိုး၍ ဂုဏ်းဆရာဖြစ်သော ရှင်ရသေ့ကြီးအထံ၌ တရားနာလျက် နေစဉ်လျှင် နေသည်ဝင်၏။ ထိုရသေ့တို့သည် လှတ်လိုက်ကုန်သော်လည်း "ယခုနေ့ ဤကျောင်း၌သာလျှင်နေအံ့" ဟုဆို၍ ရသေ့အပေါင်းကို ရှိခိုးလျက် ကျောင်းတံခါးသို့ဝင်၍အိပ်၏။ ညဉ့်အဖို၌ သိကြားနတ်မင်းသည် နတ်သမီးအပေါင်း ခြံရံလျက် မိမိ အလုပ်အကျွေးတို့နှင့်တကွ ရသေ့အပေါင်းကို ရှိခိုးအံ့သောငှာ လာလတ်၏။ အလုံးစုံသော ကျောင်းအရံသည် တစ်ပြိုင်နက်သာလျှင်လင်း၏။ သုဇာတာ သူကြွယ်သည် "ဤအလင်းကား အဘယ်နည်း" ဟုထ၍ ကျောင်းအပေါက်ဖြင့် ကြည့်လတ်သော် ရသေ့အပေါင်းကို ရှိခိုးအံ့သောငှာ လာလတ်သော နတ်သမီးအပေါင်း ခြံရံအပ်သော သိကြားနတ်မင်းကိုမြင်၍ နတ်သမီးတို့ကို မြင်သည်နှင့်တကွလျှင် ရာဂဖြင့် တပ်စွန်းသော စိတ်ရှိသည်ဖြစ်၏။ သိကြားနတ်မင်းသည် ထိုကျောင်း၌နေ၍ သာယာစွာသော တရားတော်ကို နာပြီးလျှင် မိမိနေရာ တာဝတိံသာနတ်ရွာသို့လျှင် သွားလေ၏။

သုဇာတာ သူကြွယ်သည်လည်း မိုးသောက်သောနေ့၌ ရသေ့အပေါင်းကို ရှိခိုး၍ "အရှင်ဘုရားတို့....ညဉ့်အဖို၌ အရှင်ဘုရားတို့ကို ရှိခိုးအံ့သောငှာ လာသောထိုသူသည် အဘယ်မည်သော သူနည်း" ဟု မေးလျှောက်၏။ "ဒါယကာ....သိကြားမင်းတည်း" ဟု ပြောဆို၍ "ထို

www.dhammadownload.com

သိကြ၊ားနတ်မင်းကို ခြံရုံလျက်နေကုန်သော ထိုမိန်းမတို့ကား အဘယ်မည်သော သူတို့နည်း''ဟု မေးသည်ရှိသော် ''ဒါယကာ....ဤမိန်းမတို့ကား နတ်သမီးတည်း''ဟု ပြောဆိုသဖြင့် ထိုသူကြွယ်သည် ရသေ့အပေါင်းကို ရှိခိုး၍ အိမ်သို့သွားပြီးလျှင် အိမ်သို့ရောက်သောအခါမှစ၍ ''ငါ့အား နတ်သမီးကို ပေးကုန်လော့၊ ငါ့အား နတ်သမီးကို ပေးကုန်လော့''ဟု မြည်တမ်း၏။ ဆွေမျိုးတို့သည် ခြံရုံကုန်၍ ''ဖုတ်ဝင်းလေသလော''ဟု လှက်ဖျစ်တီးကုန်၏။ ထိုသူကြွယ်သည် ''ငါ့ကိုဖုတ်မဝင်း၊ ငါသည် ဤနတ်သမီးကို မပြောဆို၊ တာဝတိံသာ နတ်သမီးကိုသာလျှင် ငါပြောဆို၏''ဟုဆို၍ ''ဤသူကား နတ်သမီးတည်း''ဟု နတ်သမီးကဲ့သို့ တန်ဆာဆင်၍ ဆောင်ယူပြအပ်သော မိမိမယားကို လည်းကောင်း, ပြည့်တန်ဆာမကို လည်းကောင်း ကြည့်၍ ''ဤသူကား နတ်သမီးမဟုတ်၊ ဤသူသည် ဘီလူးမတည်း၊ ငါ့အား နတ်သမီးကို ပေးကုန်လော့''ဟု မြည်တမ်းလျက် အစာကင်းသည်ဖြစ်၍ ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ရောက်လေ၏။

''အချင်း ကာဠဟတ်... အကြင်သူသည် သမန်းမြက်ဖျာဖြင့် ရဟန်းကိုယူ၍ မဟာသမုဒ္ဒရာ၌ ရေသည် ဤမျှသည်ဖြစ်ရာ၏ဟု မဟာသမုဒ္ဒရာရေနှင့်တကွ နှိုင်းယှဉ်ရာ၏၊ ထိုသူသည် သက်သက်သာလျှင် နှိုင်းယှဉ်ရာ၏၊ သမန်းမြက်ဖြင့် ယူအပ်သော ရေသည်ကား အလွန်နည်းသည်သာလျှင် ဖြစ်သကဲ့သို့၊ ထို့အတူ ၎င်းလျှင် လူ၌ဖြစ်သော ကာမဂုဏ်တို့သည် နတ်၌ဖြစ်သော ကာမဂုဏ်တို့၏ အထံ၌ သမန်းမြက်ဖျာဖြင့် ယူအပ်ခဲသော ရေကဲ့သို့လျှင် ဖြစ်ကုန်၏။ ထို့ကြောင့် ထိုသုဇာတာ သူကြွယ်သည် တစ်ပါးသောမိန်းမကို မကြည့်မူ၍ နတ်သမီးကိုသာလျှင် တောင့်တလျက် သေလေ၏။ ထိုသူကြွယ်သည် နတ်၌ဖြစ်သော ကာမဂုဏ်ကိုမရ၍ မိမိအသက်ကို စွန့်သကဲ့သို့ ထို့အတူ ငါသည်လည်း မြတ်သော အရသာဖြစ်သော လူသားကို မရသည်ရှိသော် ငါ၏အသက်ကို စွန့်ရအံ့ဟုဆို၏။ (ဤသို့ အဋ္ဌကထာ၌ ပြဆောင်အပ်၏။)

ဇာတ်တူသားစား ရွှေဟင်္သာများ

ဤသို့ ဗြဟ္မဒတ်မင်း ပြဆောင်အပ်သော ပုံသက်သေ စကားကို ကြား၍ စစ်သူကြီး ကာဠဟတ်သည် ''ဤမင်းကား အလွန်လျှင် အရသာ၌ မက်မောပါ၏၊ ထိုမင်းကို သိစေအံ့''ဟုကြံ၍ မိမိနှင့် ဇာတ်တူဖြစ်သော

www.dhammadownload.com

သူ၏အသားကိုစား၍ ကောင်းကင်သို့ ပျံသွားတတ်ကုန်သော ရွှေဟသ်ာတို့ စင်လျက်လည်း ပျက်စီးကုန်သေးဟု ထိုအကြောင်းကို မိမိအရှင် ဗြဟ္မဒတ်မင်းအား ပြလိုရကား--

၄၄၉။ ယထာပိ တေ ဓတရဋ္ဌာ၊ ဟံသာ ဝေဟာယသင်္ဂမာ။
အဘုတ္တံ ပရိဘောဂေန၊ သဗ္ဗေ အဇ္ဈတ္တဆဒံ ဂတာ။
၄၅၀။ ဧဝမေဝ တုဝံ ရာဇ၊ ဒ္ဝိပဒိန္ဒ သုဏောဟိ မေ။
အဘက္ခံ ရာဇ ဘက္ခေသိ၊ တသ္မာ ပဗ္ဗာဇယန္တိ တံ—

ဟူသော ဤနှစ်ဂါထာတို့၏အပေါင်းကို ဆို၏။

၄၄၉။ ဒ္ဝိပဒိန္ဒ၊ အခြေနှစ်ချောင်းရှိသော လူတို့က အစိုးရတော်မူသော။ ရာဇ၊ မင်းမြတ်။ တုဝံ၊ အရှင်မင်းမြတ်သည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏောဟိ၊ နာတော်မူလော့။ ဓတရဋ္ဌာ၊ ဓတရဋ္ဌမျိုးဖြစ်ကုန်သော။ ဝေဟာယသင်္ဂမာ၊ ကောင်းကင်သို့ပျံသွားလေ့ရှိကုန်သော။ ယေဟံသာ၊ အကြင်ဟသ်ာတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေဟံသာ၊ ထိုရွှေဟသ်ာတို့သည်။ အဘုတ္တပရိဘောဂေန၊ မစားအပ်သော အစာကို စားသောကြောင့်။ အဇ္ဈတ္တဆဒံ၊ ပျက်စီးခြင်းသို့။ ဂတာဃထာပိ၊ ရောက်ကုန်သကဲ့သို့တည်း။

၄၅၀။ ဧဝမေဝ၊ ဤအတူငှင်းလျှင်။ ရာဇ၊ မင်းမြတ်။ တုဝံ၊ အရှင်မင်းမြတ်သည်။ ယသ္မာ၊ အကြင့်ကြောင့်။ အဘက္ခံ၊ မစားအပ်သော အစာကို။ ဘဒက္ခသိ၊ စားတော်မူဘိ၏။ တသ္မာ၊ ထို့ကြောင့်။ တံ၊ အရှင်မင်းမြတ်ကို။ ရဋ္ဌာ၊ တိုင်းနိုင်ငံမှ။ ပဗ္ဗာဇယန္တိ၊ နှင်ထုတ်ကုန်လတ္တံ့။

[ဤဥပမာ ပုံသက်ဆိုသည့် အကျဉ်းမျှ ပြဆောင်အပ်သော ဇာတ်တူဖြစ်သော အသားကိုစားသောကြောင့် ပျက်စီးခြင်းသို့ ရောက်ကုန်သော ရွှေဟသ်ာမင်းတို့၏ ဝတ္ထုကို အဋ္ဌကထာဆရာတို့ အကျယ်ပြဆောင်အပ်၏။]

လွန်လေပြီးသောအခါ စိတ္တကူဋ်တောင်ဝယ် ရတနာရွှေဂူဟူ၍ ကိုးသောင်းကုန်သော ရွှေဟသ်ာတို့သည် နေကုန်၏။ ထိုရွှေဟသ်ာတို့သည် မိုးလေးလပတ်လုံး အပသို့ မထွက်ကုန်။ အကယ်၍ ထွက်ကုန်ငြားအံ့၊ ရေ

www.dhammadownload.com

ပြည့်သော အတောင်တို့ဖြင့် ပုံပျံသွားခြင်းငှာ မတတ်နိုင်ကုန်သည်ဖြစ်၍ မဟာသမုဒ္ဒရာ၌သာလျှင် ကျကုန်၏။ ထို့ကြောင့် အပသို့မထုတ်ကုန်။ မိုးကာလ နီးလတ်သော် ဇာတသရအိုင်မှ အလိုလိုသာလျှင်ဖြစ်သော သလေးတို့ကို ဆောင်ယူ၍ ရွှေဂူကို ပြည့်စေပြီးလျှင် သလေးကို စားကုန်လျက် နေကုန်၏။ ထိုရွှေဟင်္သာတို့၏ ရွှေဂူတံခါး၌ တစ်ခုသော ရထားလှည်းဘီး ပမာဏရှိသော ဥဏ္ဏနာဘိ အမည်ရှိသောပင့်ကူသည် တစ်လတစ်လ၌ တစ်ခုတစ်ခုသော အမြွေးကိုဖွဲ့၏။ ထိုပင့်ကူ၏ တစ်ခုတစ်ခုသော အမြွေးချည်သည် နွားချည်ကြိုးပမာဏ ရှိ၏။ ဟင်္သာတို့သည် ထိုပင့်ကူမြွေး ကွန်ရက်ကို ဖောက်လတ္တံ့ဟု တစ်ခုသော ဟင်္သာပျိုအား နှစ်စုံသော အစာတို့ကို ပေးကုန်၏။ ထိုဟင်္သာပျိုသည် မိုးစဲလတ်သော် အလုံးစုံသော ဟင်္သာတို့ရှေ့ကသွား၍ ထိုပင့်ကူမြွေး ကွန်ရက်ကို ဖောက်၏။ ကြွင်းကုန်သော ဟင်္သာတို့သည် ထိုခရီးဖြင့် သွားကြကုန်၏။

ထိုအခါ တစ်ပါးသော ကာလ၌ ငါးလပတ်လုံး မိုးရွာ၏။ ဟင်္သာတို့သည် အစာကုန်လတ်သော် "အသို့လျှင် ပြုပါရအံ့နည်း" ဟု တိုင်ပင်၍ "ငါတို့သည် အသက်ရှင်ကုန်သည်ရှိသော် အဥတို့ကို ရကုန်လတ္တံ့" ဟု ရှေးဦးစွာ အဥတို့ကို စားကုန်၏။ ထို့နောင်မှ ဟင်္သာငယ်တို့ကို စားကုန်၏။ ထို့နောင်မှ အိုသောဟင်္သာတို့ကို စားကုန်၍ ငါးလလွန်သဖြင့် မိုးစဲလတ်သော် ပင့်ကူသည် ငါးခုသော အမြွေးကွန်ရက်တို့ကို ဖွဲ့၏။ ဟင်္သာတို့သည် မိမိနှင့် ဇာတ်တူတို့၏ အသားကို စားကုန်သောကြောင့် နည်းသောအား ရှိသည်ဖြစ်ကုန်၏။ နှစ်ဆတက်သော အစုအစာကိုရသော ဟင်္သာမျိုသည် ပင့်ကူမြွေး ကွန်ရက်တို့ကို ဖြတ်သဖြင့် လေးထပ်သော ကွန်ရက်တို့ကို ဖောက်၏။ ငါးခုမြောက်သော ကွန်ရက်ကိုဖောက်ခြင်းငှာ မတတ်နိုင်။ ထိုငါးခုမြောက်သော ကွန်ရက်၌သာလျှင် ငြိလေ၏။ ထိုအခါ ပင့်ကူသည် ထိုဟင်္သာပျို၏ ဦးခေါင်းကိုဖြတ်၍ သွေးကိုသောက်၏။ တစ်ပါးကုန်သော ဟင်္သာတို့သည်လည်း လာလတ်ကုန်၍ ကွန်ရက်ကို ဖောက်ကုန်၏။ ထိုဟင်္သာတို့သည်လည်း ထိုကွန်ရက်၌သာလျှင် ငြိကုန်၏။ ဤသို့လျှင် ပင့်ကူသည် အလုံးစုံကုန်သော ဟင်္သာတို့၏ သွေးကိုသောက်၏။ ထိုအခါ ဓတရဋ္ဌဟင်္သာမျိုးသည် ပြတ်၏။

ထိုဟင်္သာတို့သည် မစားအပ်သော မိမိတို့နှင့် ဇာတ်တူတို့၏ အသားကို စားကုန်သကဲ့သို့ ထို့အတူ အရှင်မင်းကြီးသည်လည်း မစားအပ်သော

www.dhammadownload.com

လူသားကို စားတော်မူဘိ၏၊ တိုင်းပြည်အလုံးသည် ဘေးသို့ရောက်၏။ "အရှင်မင်းမြတ်....အရှင်မင်းမြတ်သည် လူသားစားခြင်းမှ ကျဉ်ရှောင်တော်မူလေ၍၊ အကြင့်ကြောင့် မစားအပ်သော မိမိနှင့် ဇာတ်တူဖြစ်သော လူသားကို စားတော်မူဘိ၏၊ ထို့ကြောင့် ဤပြည်သူတို့သည် အရှင်မင်းမြတ်ကို တိုင်းနိုင်ငံမှ နှင်ထုတ်ကုန်လတ္တံ့" ဟု ဆို၏။ (ဤသို့ ပြဆောင်အပ်၏။)

တိုင်းပြည်မှ နှင်လိုက်ပြီ

ဗြဟ္မဒတ်မင်းသည် တစ်ပါးသော ပုဏ္ဏပမာကိုလည်း ဆိုလိုသည်ဖြစ်၏။ ပြည်သူတို့သည်ကား ထလဲတ်ကုန်၍ "အရှင်စစ်သူကြီး....အသို့ပြုကုန်သနည်း၊ လူသားစား ခိုးသူကိုယူ၍ အသို့ကျင့်လတ္တံ့နည်း၊ အကယ်၍ လူသားစားခြင်းကို မကြဉ်ရှောင်အံ့၊ ထိုမင်း ကိုတိုင်းပြည်မှ နှင်ထုတ်တော်မူလော့" ဟု ဆိုကုန်၍ ထိုမင်းအား စကားဆိုစိမ့်သောငှာ မပေးကုန်။ ဗြဟ္မဒတ်မင်းသည် မျှားစွာကုန်သော လူတို့၏စကားကို ကြား၍ ကြောက်ရကား တစ်ဖန်ဆိုခြင်းငှာ မတတ်နိုင်။ တစ်ဖန်လည်း ထိုဗြဟ္မဒတ်မင်းကို စစ်သူကြီးကာဠဟတ်သည် "အရှင်မင်းမြတ်....အသို့နည်း၊ လူသားကို ကြဉ်ရှောင်အံ့သောငှာ တတ်နိုင်လတ္တံ့လော၊ သို့မဟုတ် မတတ်နိုင်လတ္တံ့လော" ဟု မေးပြန်၍ "မတတ်နိုင်" ဟု ဆိုလတ်သော် "အလုံးစုံကုန်သော ကိုယ်လုပ်မောင်းမတို့ကို လည်းကောင်း, သားဘော် သမီးတော်တို့ကို လည်းကောင်း ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်သည်တို့ကို ရွှတော်မူလော့" ဟု ဆို၍ "အရှင်မင်းမြတ်....ဤသို့ သဘောရှိကုန်သော ဆွမျိုးအပေါင်းတို့ကို လည်းကောင်း, မှူးတော်မတ်ဘော် အပေါင်းတို့ကို လည်းကောင်း, မင်းစည်းစိမ်အသရေကို လည်းကောင်း, ရွှတော်မူလော့၊ မပျက်ပါစေလင့်၊ လူသားကို စားခြင်းမှ ကြဉ်ရှောင်တော်မူပါ" ဟုတင်လျှောက်၏။ ဗြဟ္မဒတ်မင်းသည် "ငါသည် ဤစည်းစိမ်ကို လူသားထက် မချစ်အပ်ကုန်" ဟု ဆို၍ "အရှင်မင်းမြတ်....ထိုသို့တပြီးကား ဤမြို့မှ လည်းကောင်း, ဤတိုင်းပြည်မှ လည်းကောင်း ထွက်တော်မူကုန်လော့" ဟု တင်လျှောက်လတ်သော် "အချင်း ကာဠဟတ်....ငါသည် မင်းအဖြစ်ကို အလိုမရှိပြီ၊ မြို့မှထွက်သွားတော့အံ့၊ စင်စစ်သော်ကား တစ်ခုသော သန့်လျက်ကို လည်းကောင်း, ရသကကို လည်းကောင်း, လူသားချက်ရန် အိုးကိုလည်းကောင်း ငါ့အားပေးပါလော့" ဟုဆို၏။ ထိုအခါ ထိုဗြဟ္မဒတ်

www.dhammadownload.com

မင်းအား သန်လျက်ကို လည်းကောင်း, လူသားချက်သော အိုးကိုလည်း ကောင်း, လူသားထည့်သော တောင်းကို လည်းကောင်း, ရသကကိုလည်း ကောင်း ပေးပြီးလျှင် တိုင်းပြည်မှ နှင်ထုတ်သောအမှုကို ပြုကုန်၏။

မရ ရသက ချိုင်

ထိုဗြဟ္မဒတ်မင်းသည် သန်လျက်ကို လည်းကောင်း, ရသကကို လည်း ကောင်း ယူ၍ မြို့နန်းမှ ထွက်သွားပြီးလျှင် တောသို့ဝင်၍ တစ်ခုသော ပင် ညောင်ပင်ရင်း၌ နေရာအရပ်ကို ပြုသဖြင့် ထိုပညောင်ပင်ရင်း၌ နေလျက် တောအုပ်ခရီး၌ရပ်၍ လူတို့ကိုသတ်ပြီးလျှင် ဆောင်ယူ၍ စားတော်ချက် ရသကအား ပေး၏။ ရသကသည်လည်း လူသားကိုချက်၍ ထိုဗြဟ္မဒတ် မင်းအား ဆက်ရ၏။ ဤသို့လျှင် နှစ်ယောက်သော သူတို့သည် အသက် မွေးခြင်းကို ပြုကုန်၏။ လူကိုဖမ်းဒသာအခါ၌ကား ငါသည် လူကိုခိုးစား သတ်ဖြတ်တတ်သော ပေါရိသာဒတည်းဟု မိမိအမည်ကို ကြား၍ ထို ပေါရိသာဒသည် ထွက်လတ်သော် တစ်စုံတစ်ယောက်သော သူသည် မိမိ ကိုယ် အဖြစ်ဖြင့် တည်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ အလုံးစုံသော သူတို့ သည် မြေ၌လည်း ကုန်၏။ ထိုလူတို့တွင် အကြင်သူကို အလိုရှိ၏။ ထိုသူကို ခြေမိုးမြှောက် ဦးခေါင်းစောက်ထိုးထား၍ ပုတ်ခတ်သတ်ပြီးလျှင် ရသက အားပေး၏။ ထိုပေါရိသာဒသည် တစ်နေ့သောအခါ တော၌တစ်စုံတစ်ခု သော လူသားကိုမရ၍ လာလတ်သည်ရှိသော် "ခုံလောက်၌ အိုးကို တည် လော့" ဟု ဆို၏။ "အရှင်မင်းမြတ်....အမဲသည် အဘယ်မှာနည်း" ဟု ဆို လတ်သော် "ငါသည် အမဲကို ရလတ္တံ့" ဟုဆို၏။ ထိုရသကသည် "ယခု အခါ ငါ၏အသက်သည် မရှိပြီ" ဟု တုန်လှုပ်လျက် ခုံလောက်၌ မီးညှိ၍ အိုးကိုတည်၏။ ထိုအခါ ပေါရိသာဒသည် ထိုရသကကို သန်လျက်ဖြင့် ခုတ်ပြီးလျှင် အသားကိုချက်၍ စား၏။ ထိုအခါမှစ၍ တစ်ယောက်တည်း သာလျှင် ဖြစ်၏။ မိမိကိုယ်တိုင်သာလျှင် ချက်၍စား၏။ ပေါရိသာဒသည် ခရီးသွားကုန်သော သူတို့ကိုသတ်၍စား၏ဟု ဇမ္မူဒိပ်ကျွန်းအလုံး၌ ထင် ရှား၏။

ပေါရိသာဒ ရှာဥတ်စူးပြီ

ထိုအခါ တစ်ယောက်သော ပြည့်စုံသော ဥစ္စာစည်းစိမ် ရှိသော ပုဏ္ဏားသည် လှည်းငါးရာတို့ဖြင့် ကုန်သွယ်ခြင်းကိုပြုလျက် အဒ္ဓ.အစ္စန်း

www.dhammadownload.com

မှသည် အနောက်အစွန်းသို့ သွား၏။ ထိုပုဏ္ဏားသည် ကြံ၏။ "ပေါရိုသာဒ အမည်ရှိသော ခိုးသူသည် ခရီး၌ လူတို့ကိုသတ်သတတ်၊ ဥစ္စာကို ပေး၍ ထိုတောအုပ်ကို လွန်အံ့" ဟု ကြံ၏။ ကြံပြီး၍ ထိုပုဏ္ဏားသည် တောအုပ်၌နေကုန်သော သူတို့ကိုဆို၏။ "သင်တို့သည် ငါ့ကိုတောအုပ်ကို လွန်စေကုန်လော့" ဟု ဆို၍ အသပြာတစ်ထောင်ကို ပေးပြီးလျှင် ထိုသူတို့နှင့်တကွ ခရီးသို့သွား၏။ သွားသော်လည်း ထိုပုဏ္ဏားသည် အလုံးစုံသော လှည်းကို ရှေ့ကသွားစေသဖြင့် ရေချို၍ နံ့သာလိမ်းပြီးသော် ခပ်သိမ်းသော တန်ဆာတို့ဖြင့် တန်ဆာဆင်လျက် ဖြူသောနွားကသော ညင်သာသောလှည်း၌ စီးလျက် ထိုတောအုပ်ကိုစောင့်သော သူတို့ဖြင့်ခြံရုံလျက် မိမိသည် အလုံးစုံသောလူတို့၏ နောက်မှသွား၏။ ထိုခဏ၌ ပေါရိုသာဒသည် သစ်ပင်သို့တက်၍ လူကိုစုံစမ်း ကြည့်ရှုသည်ရှိသော် လာလတ်သော ထိုပုဏ္ဏားကိုမြင်၍ "ဤပုဏ္ဏားမှာကြင်းသောသူတို့၌စားဖွယ်သည်အဘယ်မှာရှိအံ့နည်း" ဟု အလုံးစုံသော သူတို့၌ကင်းသော ဆန္ဒရှိသည်ဖြစ်၍ ပုဏ္ဏားကို မြင်သောအခါမှ စ,၍ စားလိုသည်၏အဖြစ်ကြောင့် ယိုစီးသော တံတွေးရှိသည် ဖြစ်၏။ ထိုပေါရိုသာဒသည် မိမိအထံသို့ ထိုပုဏ္ဏား ရောက်လတ်သော် သစ်ပင်မှ ဆင်းသက်၍ "ဟယ် အချင်းတို့...ငါသည် ပေါရိုသာဒတည်း" ဟု မိမိအမည်ကို သုံးကြိမ်ကြား၍ သန်လျက်ကို ပတ်ပတ် လှည့်လျက် သဲဖြင့် ထိုသူတို့၏ မျက်စိတို့ကို ပြည့်စေသကဲ့သို့ ပြေးလာ၏။

တစ်ယောက်သောသူသည်မျှလည်း တည်တံ့ခြင်းငှာ စွမ်းနိုင်သောမည်သည်မရှိ။ အလုံးစုံသော သူတို့သည် ရှင်ဖြင့် မြေ၌ ဝပ်ကုန်၏။ ထိုပေါရိုသာဒသည် ညင်သာသောလှည်း၌စီးသော ပုဏ္ဏားကို ခြေ၌ကိုင်၍ ကျောက်ကုန်း၌ ဦးခေါင်း စောက်ထိုးတွဲလျားဆွဲလျက် ဦးခေါင်းကို ဖမျက်တို့ဖြင့် ပုတ်ခတ်လျက် ချီယူ၍ သွားလေ၏။ ထိုအခါ လူတို့သည် ထ,၍ "အိုအချင်းတို့....ငါတို့သည် ပုဏ္ဏားလက်မှ အသပြာတစ်ထောင်ကို ယူကုန်၏၊ ငါတို့အား ယောကျ်းတို့သည် ပြုအပ်သော ကိစ္စသည် အသို့နည်း၊ တတ်နိုင်မူလည်း ဖြစ်စေ, မတတ်နိုင်မူလည်း ဖြစ်စေ အတန်ငယ်လိုက်ကုန်အံ့" ဟု လူတို့သည် ထိုပေါရိုသာဒသို့ လိုက်ကုန်၏။ ပေါရိုသာဒသည်လည်း ပြန်ကြည့်လတ်သော် တစ်စုံတစ်ယောက်သော သူကို မမြင်၍ ဖြည်းဖြည်းသွား၏။ ထိုခဏ၌ အားနှင့် ပြည့်စုံသော တစ်ယောက်သောရဲရင့်သောသူသည် လျင်မြန်စွာလိုက်၍ ပေါရိုသာဒကို မီလေ၏။ ပေါရိုသာဒ

www.dhammadownload.com

သည် ထိုရဲရင့်သောသူကို မြင်၍ တစ်ခုသော စောင်ရန်းကို ခုန်လတ်သော် ရှားငှက်ကို နင်းမိ၏။ ရှားငှက်သည် ဖဝါးမှစူး၍ ခြေဖမိုးသို့ ထွက်၏။ သွေးယိုစီးလျက် ခုန်သည်ဖြစ်၍ သွား၏။ ထိုအခါ ရဲရင့်သော သူသည် ထိုပေါရိုသာဒကိုမြင်၍ "အချင်းတို့....ငါသည် ဤပေါရိုသာဒကို ထိုးပစ်အပ်ပြီ၊ သက်သက်ဒသာ်ကား သင်တို့သည် နောက်မှ လာလှည့်ကုန်၊ ထိုပေါရိုသာဒကို ဖမ်းကုန်အံ့" ဟု ဆို၏။ ထိုလူတို့သည် အားနည်းသော အဖြစ်ကို သိကုန်၍ ပေါရိုသာဒသို့ လိုက်ကုန်၏။

ပညောင်ပင်စောင့်နတ်ကို တောင်းပန်

ပေါရိုသာဒသည် ထိုလူတို့ လိုက်သောအဖြစ်ကို သိလျှင် ပုဏ္ဏားကို လွှတ်၍ မိမိကိုယ်ကို ချမ်းသာခြင်းကို ပြု၏။ အခစားသော သူတို့သည် ပုဏ္ဏားကို ရသောအခါမှစ၍ "ငါတို့အား ခိုးသူဖြင့် အဘယ်မှုအံ့နည်း" ဟု ထိုအရပ်မှလျှင် ပြန်ကုန်၏။ ပေါရိုသာဒသည်လည်း မိမိနေရာ ပညောင်ပင် ရင်းသို့ သွားပြီးလျှင် ပညောင်ပင်မြစ် ပါးပျဉ်းကြားသို့ ဝင်၍ အိုပ်လျက် "အရှင် ပညောင်ပင်စောင့်နတ်....အကယ်၍ ခုနစ်ရက် အတွင်း၌ လျှင် ငါ၏အနာကို ချမ်းသာအောင် ပြုခြင်းငှာ တတ်နိုင်သည် ဖြစ်အံ့၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ တစ်ရာ့တစ်ယောက်သော မင်းတို့၏ လည်ချောင်းသွေးဖြင့် အရှင်နတ်မင်း၏ ပင်စည်ကိုဆေးအံ့၊ အအူတို့ဖြင့် ရစ်ပတ်၍ ငါးပါးသော အရသာရှိသော အမဲသားဖြင့် ပူဇော်သော အမှုကို ငါ ပြုအံ့" ဟု တောင်းပန်ခြင်းကို ပြု၏။ ထိုပေါရိုသာဒအား ထမင်းအဖျော် အမဲသားကို မရသဖြင့် ကိုယ်သည် ခြောက်ကပ်၍ ခုနစ်ရက် အတွင်း၌သာလျှင် အနာသည် ချမ်းသာ၏။ ထိုပေါရိုသာဒသည် ပညောင်ပင်စောင့်နတ်၏ အာနုဘော်ကြောင့် ထိုအနာ ချမ်းသာသော အဖြစ်ကို မှတ်၏။ ထိုပေါရိုသာဒသည် နှစ်ရက်, သုံးရက် လူသားကိုစား၍ အားကိုယူ၍ ကြံ၏။ "ငါ့အား ဤနတ်သည် မျှားစွာ ကျေးဇူးကို ပြုပေ၏၊ ထိုနတ်အား တောင်းပန်ခြင်းကို လွှတ်စေအံ့" ဟု ကြံ၍ ထိုပေါရိုသာဒသည် သန်လျက်ကို ယူကာ ပညောင်ပင်ရင်းမှ ထွက်၍ "တစ်ရာ့တစ်ယောက်သော မင်းတို့ကို ဆောင်ယူခဲ့အံ့" ဟု သွား၏။

ပဒလက္ခဏ မန္တန်

ထိုအခါ ပေါရိုသာဒကို ရှေးဘဝ၌ ဘီလူးဖြစ်သောအခါ အတူတက္ခ လူသားစားဖက်ဖြစ်သော အဆွေခင်ပွန်းဖြစ်သော ဘီလူးသည်

www.dhammadownload.com

သွားသည်ကို မြင်၍ "ဤသူသည် ရှေးဘဝ၌ ငါ၏ အဆွေခင်ပွန်းတည်း" ဟု သိ၍ "အဆွေ....ငါ့ကို သိ၏လော" ဟု မေး၏။ "ငါ မသိပါ" ဟု ဆိုလတ်သော် ထိုအခါ ပေါရိသာဒအား ဘီလူးသည် ရှေးဘဝ၌ ဖြစ်ဖူးသော အကြောင်းကို ပြောဘို့၏။ ထိုပေါရိသာဒသည် သိ၍ စကားပြောဟောခြင်းကို ပြု၏။ "အဘယ်အရပ်၌ ဖြစ်သနည်း" ဟု မေးလတ်သော် ဖြစ်ရာအရပ်ကိုလည်းကောင်း, တိုင်းပြည်မှ နှင်ထုတ်သော အကြောင်းကို လည်းကောင်း, ယခုအခါ၌ နေသောအရပ်ကို လည်းကောင်း, ရှာဖွေတ် စူးမိသော အကြောင်းကို လည်းကောင်း, နတ်အား တောင်းပန်ခြင်းမှ လွတ်စိမ့်သောငှာ သွားသော အကြောင်းကို လည်းကောင်း အလုံးစုံကို ပြောဆို၍ "အဲဆွ....သင်သည်လည်း ငါ၏ ဤအမှုကို ထုတ်ဆောင်သင့်ပါ၏၊ အဆွေ....ငါတို့နှစ်ယောက်သည်လည်း သွားကြကုန်အံ့" ဟု ဆို၏။ "အဆွေ....ငါသည် မလိုက်အံ့၊ စင်စစ်သော်ကား ငါ့အား တစ်ခုသော အမှုသည် ရှိ၏၊ ငါသည်လျှင် အဖိုးမျှားစွာထိုက်သော ပဒုလက္ခဏာ မည်သော တစ်ခုသော မန္တန်ရွားကို တတ်၏၊ ထိုမန္တန်ရွားသည် ခွန်အားကို လည်းကောင်း, လျင်မြန်ခြင်းကို လည်းကောင်း, ဘုန်းတန်ခိုးကို လည်းကောင်း, အသက်ကိုလည်းကောင်း ပြုနိုင်၏၊ ထိုမန္တန်ရွားကို ယူလော့" ဟု ဆို၏။ ထိုပေါရိသာဒသည် ကောင်းပြီဟု ဝန်ခံ၏။ ဘီလူးသည်လည်း ထိုပေါရိသာဒအား ပဒုလက္ခဏာ မန္တန်ရွားကို ပေး၍ သွားလေ၏။

မင်းတို့ကို ဖမ်းခြင်း

ပေါရိသာဒသည် မန္တန်ရွားကိုသင်၍ ထိုအခါမှစ၍ လေကဲ့သို့ လျင်မြန်၏၊ ရဲရင့်၏။ ထိုပေါရိသာဒသည် ခုနစ်ရက်အတွင်း၌သာလျှင် တစ်ရာ့တစ်ပါးသော မင်းတို့ကို ဥယျာဉ်အစရှိသည်တို့သို့ သွားသည်တို့ကိုမြင်လျှင် လေကဲ့သို့သော လျင်မြန်ခြင်း အဟုန်ဖြင့် ပြေးသွားလျက် "ဟယ်အချင်းတို့....ငါကား ပေါရိသာဒတည်း" ဟု အမည်ကိုကြား၍ ဟစ်ကြွေးကြော်ငြာလျက် ကြောက်မက်ဖွယ်သို့ ဆောက်သည်ကိုပြု၍ ခြေတို့ကို ကိုင်လျက် ဦးခေါင်းစောက်ထိုးထား၍ ဖနှောင့်ဖြင့် ဦးခေါင်းကိုပုတ်ခတ်လျက် လေကဲ့သို့သော လျင်ခြင်းဖြင့် ဆောင်ယူ၍ လက်ဝါးပြင်တို့၌ အပေါက်ဖောက်ပြီးလျှင် ကြိုးဖြင့်သီပြီး ခြေဖျားတို့ဖြင့် မြေကို ထိစေကုန်လျက် ပညောင်ပင်၌ ဆဲ၏။

www.dhammadownload.com

ထိုအလုံးစုံသော မင်းတို့သည် လေခတ်သည်ရှိသော် ညှိုးသော လိပ်သရွေပန်းကုံးကဲ့သို့ တပြောင်းပြန်ပြန် လည်ကုန်လျက် တဲ့ရရွဲဆဲ့ကုန်၏။ သုတသောမ မင်းသည်ကား ငါ၏ ဆရာစောင်ပေတည်း၊ အကယ်၍ ထိုသုတသောမ မင်းကို ဖမ်းယူသည်ဖြစ်အံ့၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းသည် အချည်းနှီးဖြစ်လတ္တံ့'' ဟု နှလုံးသွင်း၍ သုတသောမမင်းကို မဆောင်ယူ။ ထိုပေါရိသာဒသည် ''နတ်အား ပူဇော်သောအမှုကို ပြုအံ့'' ဟု မီးညှိ၍ တံစို့ကို ချန်လျက်နေ၏။

သုတသောမ မင်းကို ဖမ်းစေခြင်း

ပညောင်ပင်စောင့်နတ်သည် ထိုအမူအရာကိုမြင်၍ ''ဤပေါရိသာဒသည် ငါ့အား ပူဇော်သောအမှုကို ပြုလတ္တံ့သတတ်၊ ငါသည် ထိုပေါရိသာဒအနာကို တစ်စုံတစ်ခုမျှ ချမ်းသာသည်ကို ပြုအပ်သည်မရှိ၊ ယခုအခါ ဤမင်းတို့အား ကြီးစွာသော ပျက်စီးခြင်းကို ပြုလတ္တံ့၊ အသို့လျှင် ပြုပါရအံ့နည်း'' ဟုကြံ၍ ''ငါသည် ပေါရိသာဒကို မြစ်ခြင်းငှာ မတတ်နိုင်လတ္တံ့'' ဟု စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့အထံသို့သွားပြီး ထိုအကြောင်းကို ပြောဆို၍ ထိုပေါရိသာဒကို မြစ်ပါကုန်လော့ဟု ဆို၏။

ထိုစတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့သည်လည်း ''ငါတို့သည် ပေါရိသာဒအမှုကို မြစ်ခြင်းငှာ မတတ်နိုင်ကုန်'' ဟု ဆိုကုန်လတ်သော် ''အဘယ်သူသည် တတ်နိုင်ပါအံ့နည်း'' ဟု မေး၍ ''သိကြားနတ်မင်းသည် တတ်နိုင်လတ္တံ့'' ဟု ဆိုကုန်၍ ထိုစကားကိုကြား၍ သိကြားနတ်မင်းအထံသို့ကပ်၍ ထိုအကြောင်းကို ပြောဆိုသဖြင့် ''ထိုပေါရိသာဒကို မြစ်တော်မူပါကုန်လော့'' ဟုဆို၍ ထိုသိကြားနတ်မင်းသည်လည်း ''ငါသည် ထိုပေါရိသာဒကို မြစ်ခြင်းငှာ မတတ်နိုင်၊ တတ်နိုင်သောသူကိုမူကား ငါကြားအံ့'' ဟုဆို၍ ''တတ်နိုင်သောသူသည် အဘယ်သူနည်း'' ဟု မေးလျှောက်သော် ''နတ်နှင့်တကွသော လောကၥ် တစ်ပါးသော တူသောသူမရှိသော ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်မြို့၌ ကောရဗျမင်း၏ သားတော်ဖြစ်သော သုတသောမ အမည်ရှိသော မင်းမြတ်သည် ထိုပေါရိသာဒကို အဆိပ်မရှိသည်ကိုပြု၍ ဆုံးမလတ္တံ့၊ မင်းတို့၏အသက်ကိုလည်း ပေးလတ္တံ့၊ ပေါရိသာဒကိုလည်း လူသားစားခြင်းမှ ကြဉ်ရှောင်စေလတ္တံ့၊ ဇမ္ဗူဒိပ်ကျွန်းအလုံး၌ အမြိုက်ကဲ့သို့ တရားရေအေးဖြင့် သွန်းလတ္တံ့။ အကယ်၍

www.dhammadownload.com

မင်းတို့၏ အသက်ကို ပေးလိုသည်ဖြစ်အံ့၊ သုတသောမမင်းကို ဆောင်၍ ပူဇော်သောအမှုကို ပြုခြင်းငှာ သင့်၏ဟု ပြောဆိုလေလော့''ဟု မိန့်တော်မူလိုက်၏။

ထိုပညောင်ပင်စောင့်နတ်သည် ကောင်းပြီဟု ပန်ခံ၍ လျှင်မြန်စွာ လာလတ်ပြီးလျှင် ရဟန်းအသွင်ဖြင့် ထိုပေါရိုဏာဒ၏ မနီးမဝေးသို့ သွား၏။ ထိုပေါရိုဏာဒသည် ခြေသံဖြင့် ''တစ်စုံတစ်ယောက်သော မင်းသည် ထွက်ပြေးသည် ဖြစ်လတ္တံ့''ဟု ကြည့်လတ်သော် ထိုပညောင်ပင်စောင့်နတ်ကိုမြင်၍ ''ရဟန်းတို့မည်သည်ကား မင်းလျှင်ပင်ဘည်း၊ ဤရဟန်းကို ဖမ်း၍ မင်း တစ်ရာ့တစ်ပါး ပြည့်စေပြီးလျှင် နတ်အား ပူဇော်သောအမှုကို ပြုအံ့''ဟု ထ၍ သန့်လျက်ကို လက်စွဲလျက်လိုက်၏။ သုံးယူဇနာတိုင်တိုင် လိုက်သော်လည်း ထိုရဟန်းကို မှီခြင်းငှာ မတတ်နိုင်။ ကိုယ်မှခွေးတို့သည် ထွက်ကုန်၏။ ထိုပေါရိုဏာဒသည် ကြံ၏။ ''ငါသည် ခွေးကာလ၌ကား ပြေးသွားသောဆင်ကို လည်းကောင်း, မြင်းကို လည်းကောင်း, ရထားကိုလည်းကောင်း လိုက်၍ဖမ်းနိုင်၏၊ ယခုမူကား မိမိ၏ ပကတိအားဖြင့်သွားသော ဤရဟန်းကို အားထုတ်ကုန်သဖြင့် ပြေးသွား၍ လိုက်ပါသော်လည်း ငါသည် ဖမ်းယူခြင်းငှာ မတတ်နိုင်၊ ဤအကြောင်းကား အသို့နည်း''ဟု ကြံ၏။ ကြံပြီး၍ ထိုပေါရိုဏာဒသည် ရဟန်းမည်သည်ကား စကားကို လိုက်နာတတ်ကုန်၏။ ရပ်လော့ဟုဆို၍ ရပ်သော ရဟန်းကို ဖမ်းယူအံ့ဟုကြံ၍ ''ရှင်ရဟန်း....ရပ်လော့''ဟု ဆို၏။ ''ငါသည်ကားရပ်၏၊ သင်မူကား ပြေးသွားအံ့သောငှာ လုံ့လပြု၏'' ထိုအခါ ရဟန်းကို ''အို့ရဟန်း....ရဟန်းတို့ မည်သည်ကား အသက်ဟူသော အကြောင်းကြောင့်လည်း မဟုတ်မမှန်သောစကားကို မပြောဆိုကုန်၊ သင်သည်ကား မုသားဆိုခြင်းကို ပြုဘိ၏''ဟုဆို၍ ထိုရဟန်းကို သိစေလိုရကား—

၄၅၁။ တိဋ္ဌာဟိတိ မယာဝုတ္တော၊ သော တုံ ဂစ္ဆသိ ပမုခေါ။
အဋ္ဌိတော တုံ ဌိတောမှိတိ၊ လပသိ ဗြဟ္မစာရိနံ။
ဣဒံ တေ သမဏ ယုတ္တံ၊ အသိဋ္ဌ မေ မညသိ ကက်ပတ္တံ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၄၅၁။ သမဏ၊ ရှင်ရဟန်း။ တိဋ္ဌဟိ၊ ရပ်လော့။ ဣတိ၊ ဤသို့။ မယာ၊ ငါသည်။ ဝုတ္တော၊ ဆိုအပ်သော။ သောတုံ၊ ထိုသင်သည်။ ပမုခေါ်၊ အရပ်တစ်ပါးသို့ ရှေးရှု။ ဂစ္ဆသိ၊ ပြေးသွားဘိ၏။ ပြဟ့စာရှိနှီ၊ မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော။ သမဏ၊ ရှင်ရဟန်း။ အဋ္ဌံတော၊ မရပ်ဘဲလျက်။ ဋ္ဌိတော၊ ရပ်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ တေ၊ သင်ရဟန်းသည်။ အယုတ္တံ၊ မသင့်သော။ ဣဒံ၊ ဤစကားကို။ လပသိ၊ ပြောဆို၏။ မေ၊ ငါ၏။ အသိဒ္ဓ၊ သန့်လျက်ကိုလည်း။ ကင်္ခပတ္တံ၊ သိန်းတောင်ကဲ့သို့။ မညသိ၊ သင် အောက်မေ့သလော။

ထို့နောင်မူ ပညောင်ပင်စောင့်နတ်သည် ထို ပေါရိသဒအား အကြောင်းကို ကြားလိုရကား—

၄၅၂။ ဋ္ဌိတော ဟမသ္မိ သဒ္ဓမ္မေသု ဆုဇ၊
နနာမဂေါတ္တံ ပရိဝတ္တယာမိ။
စောရဏ္ဍ လောကေ အဋ္ဌိတံ ဝဒန္ဒီ၊
အပါယိကံ နေရယိကံ ဣတော စုတံ။

၄၅၃။ သစေ တုံ သဒ္ဒဟသိ ဆုဇ၊
သုတံ ဂဏ္ဍာဟိ ခတ္တိယ။
တေန ယညံ ယဇိတ္ဝာန၊
ဧဝံ သဂ္ဂံ ဂမိဿသိ—

ဟူသော ဤဂါထာနှစ်ခုတို့၏ အပေါင်းကို ဆို၏။

၄၅၄။ ဆုဇ၊ မင်းမြတ်။ အဟံ၊ ငါသည်။ သဒ္ဓဲမ္မေသု၊ သူတော်ကောင်း တရားတို့၌။ ဋ္ဌိတော၊ တည်သည်။ အသ္မိ၊ ဖြစ်၏။ နာမဂေါတ္တံ၊ အမည်အမျိုးကို။ နံ ပရိဝတ္တယာမိ၊ မပြန်။ မဟာဆုဇ၊ မင်းမြတ်။ ဣတော၊ ဤလူ့ပြည်မှ။ စုတံ၊ စုတေသည်။ ဟုတ္ဝာ၊ ဖြစ်၍။ အပါယိကံ၊ ချမ်းသာကင်းသော။ နေရယိကံ၊ ငရဲ၌ဖြစ်လတ္တံ့သော။ စောရဏ္ဍ၊ ခိုးသူကိုသာလျှင်။ အဋ္ဌိတံ၊ မရပ်သောသူဟူ၍။ လောကေ၊ လောက၌။ ဝဒန္ဒီ၊ ဆိုကုန်၏။

၄၅၅။ ခတ္တိယ၊ ရေမြေကို အစိုးရသော။ ဆုဇ၊ မင်းမြတ်။ တုံ၊ သင်မင်းမြတ်သည်။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ သဒ္ဓေ သဒ္ဒဟသိ၊

www.dhammadownload.com

အကယ်၍ ယုံကြည်အံ့။ သုတံ၊ သုတသောမမင်းကို။ ဂဏှာဟိ၊ ဖမ်းယူလော့။ တေ၊ ထို သုတသောမမင်းဖြင့်။ ယညံ၊ ယဇ်ကို။ ယဇိတွဲနှ၊ ပူဇော်၍။ ဧဝံ၊ ဤသို့ ပူဇော်သဖြင့်။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿသိ၊ ရောက်လတ္တံ့။

ပေါရိသာဒ ရဂန်တွင်း ဆင်းနေ

ဤသို့သော စကားကို ပြောဆိုပြီးလျှင် ပညောင်ပင်စောင့်နတ်သည် ရဟန်းအသွင်ကို ကွယ်စေ၍ မိမိအသွင်ဖြင့် ကောင်းကင်၌ ထွက်သစ်သော နေလုလင်ကဲ့သို့ ထွန်းတောက်ပလျက် တည်၏။ ပေါရိသာဒသည် ထိုနတ်၏ စကားကို ကြား၍ အသွင်ကိုကြည့်လျက် "သင်သည်ကား အဘယ်သူနည်း" ဟု မေး၏။ "ဤ ပညောင်ပင်၌ဖြစ်သော နတ်တည်း" ဟု ပြောဆိုလတ်သော် ထို ပေါရိသာဒသည် "အရှင်နတ်မင်းကို ငါသည် မြင်ရပေပြီ" ဟု အလွန်နှစ်သက်သည်ဖြစ်၍ "အရှင်နတ်မင်း.... သုတသောမ မင်းကြောင့် စိုးရိမ်တော် မမူလင့်၊ အရှင်နတ်မင်း၏ ပညောင်ပင်သို့သာလျှင် ဝင်တော်မူလော့" ဟု ဆို၏။ ပညောင်ပင်စောင့်နတ်သည် ထို ပေါရိသာဒ မြင်စဉ်လျှင် ပညောင်ပင်သို့ ဝင်လေ၏။ ထို့ခဏ၌ နေသည် ဝင်၏။ လသည် ထွက်၏။ ပေါရိသာဒသည် ဗေဒင်၌ လိမ္မာ၏။ နက္ခတ်သွားခြင်းတို့ကို သိ၏။ ထိုပေါရိသာဒသည် ကောင်းကင်သို့ကြည့်လတ်၍ "နက်ဖြန် လသည် ဖုသျှနက္ခတ်နှင့် ယှဉ်လတ္တံ့၊ သုတသောမ မင်းသည် ရချိုးအံ့သောဌာ ဥယျာဉ်သို့ ထွက်လတ္တံ့၊ ထို့ဥယျာဉ်၌ သုတသောမမင်းကို ဖမ်းယူအံ့၊ ထို သုတသောမ မင်းအား အစောင့်အရှောက်ကား များသည် ဖြစ်လတ္တံ့၊ ထက်ဝန်းကျင် သုံးယူဇနာတိုင်တိုင် အလုံးစုံသော မြို့နေလူတို့သည် စောင့်ရှောက်ကုန်လျက် သွားလတ္တံ့၊ အစောင့်အရှောက်ကို မစီရင်မီ ပထမယာမ်ကသာလျှင် မိဂါဇိန်ဥယျာဉ်သို့သွား၍ မင်္ဂလာရောကန်သို့ ဆင်းသက်၍ နေအံ့" ဟု ကြံလျက် ထို မိဂါဇိန်ဥယျာဉ်သို့ သွား၍ မင်္ဂလာရောကန်သို့ ဆင်းသက်ပြီးလျှင် ပဒုမ္မာကြာရွက်ဖြင့် ဦးခေါင်းကို ဖုံးလျက် နေ၏။ ထို ပေါရိသာဒ၏တန်ခိုးကြောင့် ငါး, လိပ် အစရှိသည်တို့သည် ရွှေ့လျောကုန်လျက် ရေအဆုံး၌သာလျှင် အစုအစုဖြစ်၍ သွားကုန်၏။

[ဤတန်ခိုးကို ပေါရိသာဒသည် အဘယ် အကြောင်းကြောင့်ရသနည်း ဟူမူကား ရှေးကောင်းမှု၏ အစွမ်းကြောင့် ရသတတ်။]

www.dhammadownload.com

ထိုစကားသည် မှန်၏။ ထိုပေါရိုဿဒသည် ကဿပမြတ်စွာဘုရား ပွင့်တော်မူလတ်သောအခါ နို့ဃနာဖြင့်ပြီးသော စာရေးတံဆွမ်းကို လှူဖူး၏။ ထို့ကြောင့် ခွန်အားကြီးသည် ဖြစ်၏။ မီးတင်းကုပ် ဆောက်လုပ်၍ ရဟန်းအား အချမ်းပျောက်စီမံသောငှာ မီးကိုလည်းကောင်း၊ ထင်းကို လည်းကောင်း, ထင်းဖြတ်ရန် ပဲခွပ်ကို လည်းကောင်း, ပုဆိန်ကို လည်းကောင်း လှူဖူး၏။ ထို့ကြောင့် တန်ခိုးကြီးသည် ဖြစ်၏။ ဤသို့လျှင် ပေါရိုဿဒသည် မိ.ါဇိန် ဥယျာဉ်အတွင်းသို့ ရောက်ပြီးသော် မိုးသောက် အားကြီးသောအခါ၌ ထက်ဝန်းကျင်မှ သုံးယူဇနာတိုင်တိုင် အစောင့် အရှောက်ကို ယူကုန်၏။

သုတသောမမင်း ထွက်ချီလာပြီ

သုတသောမင်းသည်လည်း နံနက်စောစောကလျှင်နံနက်စာ စားပြီးသော် တန်ဆာဆင်အပ်သော မြတ်သော ဆင်ကျောက်ကုန်းထက်၌ စီး၍ အင်္ဂါလေးပါးရှိသော စစ်သည် ရဲမက်အပေါင်း ခြံရံလျက် မြို့မှ ထွက်၏။

ထိုအခါ တက္ကသိုလ်ပြည်မှ နန္ဒအမည်ရှိသော ပုဏ္ဏားသည် လေးပါးကုန်သော သတာရဟဂါထာတို့ကို ယူ၍ ယူဇနာ တစ်ရာ့ရှစ်ဆယ်ရှိသော ခရီးကိုလွန်၍ ထိုဣန္ဒပတ္ထနဂိုရ်မြို့သို့ ရောက်လျှင် တံခါးရွာ၌နေ၍ နေထွက်လတ်သော် ထိုမြို့တွင်းသို့ဝင်၍ သုတသောမမင်းကို အရှေ့ဘံခါးဖြင့် ထွက်သည်ကိုမြင်လျှင် လက်ကိုဆန့်၍ အောင်ဆုပေး၏။ သုဘသောမမင်းသည် အရပ်တစ်ပါးသို့ ရှေးရှုသော မျက်နှာရှိသည်ဖြစ်၍ သွားလတ်သော် မြင့်ရာအရပ်၌ တည်သော ပုဏ္ဏား၏ ဆန့်သောလက်ကို မြင်လျှင် ဆင်တော်ဖြင့် ပုဏ္ဏားသို့ချဉ်းကပ်၍ မေးတော်မူလိုရကား-

၄၅၄။ ကိသ္မိံ နု ရဋ္ဌေ တဝ ဇာတိဘူမိ၊
အထ ကေန ဒ္ဝတ္ထေန ဣဓာနု ပတ္ထော။
အက္ခာဟိ မေ ဗြာဟ္မဏ ဧတမတ္ထံ၊
ကိမိစ္ဆသိ ဒေမိ တယဇ္ဇ ပတ္ထိတံ-

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၄၅၄။ ဘောဇြာဟ္မဏ၊ အို....ပုဏ္ဏား။ တဝ၊ သင်၏။ ဇာတိဘူမိ၊ ဖွားရာအရပ်သည်။ ကိသ္မိံ၊ အဘယ်မည်သော။ ရဋ္ဌေ၊ တိုင်း၌။ အထနု၊ ဖြစ်သနည်း။ ကေန၊ အဘယ်မည်သော။ အတ္ထေန၊ အကြောင်းကြောင့်။ ဣဓ၊ ဤအရပ်သို့၊ တုံ၊ သင်သည်။ အနုပပ္ပတ္တော၊ ရောက်လာသနည်း။ ဗြာဟ္မဏ၊ ပုဏ္ဏား။ တေမတ္ထံ၊ တိုအကြောင်းကို။ ပုစ္ဆိတော၊ မေးအပ်သော သင်သည်။ မေ၊ ငါ့အား။ အက္ခာဟိ၊ ကြားလျှောက်လော့။ ကိံ၊ အဘယ်ကို။ ဣစ္ဆသိ၊ အလိုရှိသနည်း။ ဗြာဟ္မဏ၊ ပုဏ္ဏား။ တယာ၊ သင်သည်။ ပတ္ထိတံ၊ တောင့်တအပ်သော ဝတ္ထုကို။ တေ၊ သင့်အား။ အဇ္ဇ၊ ယခု။ ဒေမိ၊ ငါပေးအံ့။

ထိုသို့မေးသောအခါ နန္ဒပုဏ္ဏားသည် ထိုသုတသောမ မင်းအား မိမိလာရောက်သော အကြောင်းကို တင်လျှောက်လိုရကား....

၄၅၅။ ဂါထာ စတဿော ဓရဏ္ဍိမ ဟိဿရ၊
သုဂမ္ဘီရတ္ထဝေဒသာ ဂရုပမာ။
တဝေဝ အတ္ထာယ ဣဓဂတောသ္မိ၊
သုဏောဟိ ဂါထာ ပရမတ္ထသဉ္ဇိတာ—

ဟူသော ဤဂါထာကို ဆို၏။

၄၅၅။ ဓရဏိမ့ဟိဿရ၊ အလုံးစုံသော မြေအပြင်ကို အစိုးရတော်မူသော။ ဘူမိပါလ၊ ရေမြေ့.ရှင်။ သုဂမ္ဘီရတ္ထာ၊ အလွန်နက်နဲသော အနက်အဓိပ္ပာယ် ရှိကုန်သော။ ဝေဒသာဂရုပမာ၊ မြတ်သောသမုဒ္ဒရာလျှင် ဥပမာရှိကုန်သော။ စတဿော၊ လေးပါးကုန်သော။ ဂါထာ၊ ဂါထာတို့သည်။ သန္တိ၊ ရှိကုန်၏။ တဝေဝ၊ အရှင်မင်းမြတ်၏သာလျှင်။ အတ္ထာယ၊ အကျိုးငှာ။ ဣဓ၊ ဤအရပ်သို့။ အာဂတော၊ ရောက်လာသည်။ အသ္မိ၊ ဖြစ်၏။ ပရမတ္ထသဉ္ဇိတာ၊ မြတ်သော အကျိုးစီးပွားနှင့် စပ်ကုန်သော။ ဂါထာ၊ ဂါထာတို့ကို။ သုဏောဟိ၊ နာတော်မူလော့။

ဤသို့ တင်လျှောက်ပြီး၍ကား "အရှင်မင်းမြတ်....ဤဂါထာတို့ကို ကဿပ မြတ်စွာဘုရားသည် ဟောတော်မူကုန်၏။ ဤသတာရဟ လေးဂါထာတို့ကို အရှင်မင်းမြတ်တို့သည် အကြားအမြင်၌ နှစ်သက်တော် မူ

www.dhammadownload.com

ကုန်၏ဟု ကြား၍ အရှင်မင်းမြတ်တို့အား ဟောအံ့သောငှာ လာရောက်ပါ၏'' ဟု တင်လျှောက်၏။ သုတသောမမင်းသည် အလွန်နှစ်သက်တော်မူသည်ဖြစ်၍ ''ဆရာ....ဆရာ့ လာရောက်ခြင်းသည်ကား ကောင်းသော လာရောက်ခြင်းတည်း၊ ငါသည်ကား ပြန်လည်အံ့သောငှာ မတတ်ကောင်း၊ ယနေ့ ဖုသ္ဘနက္ခတ်နှင့် ယှဉ်သဖြင့် ဦးခေါင်းဆေး လျှော်အံ့သောငှာ လာသည်ဖြစ်၏၊ ငါသည် နက်ဖြန်နေ့၌ လာလတ်၍နာပါအံ့၊ ဆရာသည် မငြီးငွေ့ပါလင့်'' ဟု ဆို၍ ''သွားချကုန်၊ ဆရာပုဏ္ဏားအား ဤမည်သော အိမ်၌ အိပ်ရာနေရာကိုခင်း၍ အဝတ်အစားကို စီရင်လေကုန်'' ဟု မှူးတော်မတ်တော်တို့ကို ၄စလိုက်ပြီးလျှင် ဥယျာဉ်သို့ ဝင်တော်မူ၏။ တိုဉယျာဉ်သည် တစ်ဆယ့်ရှစ်တောင် အစောက်မြင့်သော တံတိုင်းဖြင့် ခြံရံအပ်၏။ ထိုဉယျာဉ်ကို အချင်းချင်း ဦးကင်းထိကုန်သော ဆင်တို့သည် ခြံရံကုန်၏။ ထို့နောင်မှ မြင်းတို့သည် ခြံရံကုန်၏။ ထို့နောင်မှ ရထားတို့သည် ခြံရံအပ်ကုန်၏။ ထို့နောင်မှ လေးသမားတို့သည် ခြံရံအပ်ကုန်၏။ ထို့နောင်မှ ခြေသည်သူရဲတို့သည် ခြံရံအပ်ကုန်၏။ လေ၏အဟုန်ဖြင့် ချောက်ချားသော သမုဒ္ဒရာကဲ့သို့ ရဲမက်ဗိုလ်ပါ အပေါင်းသည် ပဲ့တင်ထပ်စေ၏။

ထိုအခါ မဟာသုတသောမမင်းသည် လေးကုန်သော တန်ဆာတို့ကို ချွတ်၍ ဆံမုတ်ဆိတ်ပြုပြင်ခြင်းအမှုကို ပြုစေပြီးလျှင် ေ့ါသောကိုယ်ရှိသည်ဖြစ်၍ မင်္ဂလာရေကန်တော်အတွင်း၌ မင်း၏ တင့်တယ် စံပယ်ခြင်းဖြင့် ရေချိုး၍ ရေမှုတ်ပြီးလျှင် ဝတ်လဲတော်ပုဆိုးကိုဝတ်၍ တည်၏။ ထိုအခါ မဟာသုတသောမမင်းအား အဝတ်တန်ဆာ ပန်းနံ့သာတို့ဖြင့် ဆက်ကုန်၏။

မင်းအား ဖမ်းလေပြီ

ပေါရိုဏ်ဒသည် ကြံ၏။ ''သုတသောမမင်းသည် တန်ဆာ ဆင်ယင်ပြီးသော အခါ၌ လေးသည့် ဖြစ်လတ္တံ့၊ ပေါ့သော အခါ၌သာလျှင် ထိုသုတသောမမင်းကို ဖမ်းယူအံ့'' ဟု ကြံ၍ ထိုပေါရိုဏ်ဒသည် ဟစ်ကြွေးကြော်ငြာလျက် ရေ၌ ငါးတို့ကို တုန်လှုပ်ချောက်ချားစေလျက် လျှပ်စစ်နွယ်ကဲ့သို့ သန်လျက် ဦးခေါင်းထက်၌ ပတ်ပတ်လှည့်၍ ''ဟယ်အချင်းတို့.... ငါ မဟာပေါရိုဏ်ဒတည်း'' ဟု မိမိအမည်ကို ကြွားစေ၍ လဲက်ချောင်းကို နဖူးပြင်၌ ထားလျက် ရေထဲမှ တက်လတ်၏။ ထိုပေါရိုဏ်ဒအသံကို

www.dhammadownload.com

ကြား၍လျှင် ဆင်စီးသူရဲတို့သည် ဆင်ထက်မှ လျှောကျကုန်၏။ မြင်းစီး သူရဲတို့သည် မြင်းထက်မှ လျှောကျကုန်၏။ ရထားစီး သူရဲတို့သည် ရထား ထက်မှ လျှောကျကုန်၏။ ရဲမက် ဗိုလ်ပါအပေါင်းတို့သည် စွဲကိုင်တိုင်း သော လက်နက်တို့ကို စွန့်ပစ်၍ ရင်ဖြင့် မြေ၌ဝပ်ကုန်၏။ ပေါရိုဿဒ သည် သုတသောမမှင်းကို ပိုက်ချီ၍ ယူ၏။ သုတသောမမင်းမှ ကြွင်း ကုန်သော မင်းတို့ကိုကား ခြေ၌ကိုင်၍ ဦးခေါင်းစောက်ထိုးထား၍ ဖနှောင့်ဖြင့် ဦးခေါင်းကို ပုတ်ခတ်လျက် သွား၏။

မင်းကြီး ကြောက်၍ ငိုသလော

ဘုရားလောင်း သုတသောမမင်းကိုကား ကပ်၍ ညှတ်စေလျက် အသာအယာပိုက်ချီ၍ ပခုံး၌ နေစေ၏။ ထိုပေါရိုဿဒသည် "ဥယျာဉ် တံခါးဖြင့် ထွက်သွားသည်ရှိသော် ကြာမြင့်သည် ဖြစ်လတ္တံ့" ဟု ရှေးရှုရာ အရပ်ဖြင့်သာလျှင် တစ်ဆယ့်ရှစ်တောင် အစောက်မြင့်သော ဥယျာဉ် တံတိုင်းကို ခုန်လွှား၍ ရှေ့မှ အမှန်ယစ်သော ဆင်ဦးကင်းတို့ကို နင်း၍ တောင်ထွတ်တို့ကို ဖြတ်၍ ချဘိသကဲ့သို့ လျင်မြန်ခြင်းအဟုန်ဖြင့် မြင်းတို့၏ ကျောက်ကုန်း၌ နင်းလျက် လဲည်းစေ၏။ ရထားဦး, ရထားနောင်းပန်းတို့၌ နင်း၍ပတ်ပတ်လည်ခြင်းကိုလှည့်လည်ဘိသကဲ့သို့ လည်စေလျက် ပညောင်ပင် ရွက်တို့ကိုနင်းနယ်ဘိသကဲ့သို့ မျှားစွာသော လက်နက်ကိုင်တို့ကို နှိပ်နှင်းလျက် တစ်ဟုန်တည်းခြင်းဖြင့် သုံးယူဇနာရှိသောခရီးကိုသွား၍ "သုတသောမမင်း အကျိုးငှာ နောက်မှ လိုက်လာလော တစ်စုံတစ်ယောက်သော သူသည် ရှိသလော" ဟုနှလုံးသွင်း၍ကြည့်သဖြင့် တစ်စုံတစ်ယောက်သောသူကိုမမြင်၍ ဖြည်းဖြည်းသာသာ သွားသည်ရှိသော် သုတသောမ မင်းကြီး ဆံတော်တို့မှ ရေပေါက်တို့သည်မိမိရင်ပေါ်၌ ကျသည်တို့ကိုမြင်၍ "သဘေးမှမကြောက်သော သူ မည်သည်မရှိ! သုတသောမမင်း စင်လျက်လည်း သေရအံ့သော သဘေးမှ ကြောက်သောကြောင့် ငိုယောင်တကား" ဟု ကြံစည်၍ ထိုအကြောင်းကို မေးလိုရကား—

၄၅၆။ နု ဇဝ ရုဒန္တီ မတိမန္တာ သပညာ၊
ပဟုဿုတာ ယေ ပဟုဠာန စိန္တီနော။
ဒီပဉ္ဉီ တေံ ပရမံ နရာနံ၊
ယံ ပတ္ထိတာ သောကနုဒါ ဘဝန္တီ။

www.dhammadownload.com

၄၅၃။ အတ္တာနံ ဉာတီ ဥဒါဟု ပုတ္တဒါရံ၊
ဓညံ ဓနံ ရဇတံ ဇာတရူပံ။
ကိံမေဝတ္ထံ သုတသောမာ နုတပ္ပေ၊
ကောရဗ္ဘသေဋ္ဌဝစနံ သုဏောဓ တေတံ—
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၄၅၄။ သုတသောမ၊ မင်းမြတ်သုတသောမ။ ယေ ပတ္ထိတာ၊ အကြင်ပညာရှိတို့သည် ။ မတိမန္တာ၊ အကျိုးရှိသည် မရှိသည်, အကြောင်း ဟုတ်သည် မဟုတ်သည်ကို သိနိုင်သော ပညာနှင့် ပြည့်စုံကုန်၏။ သပညာ၊ ဆင်ခြင်တိုင်းထွာတတ်သော ဉာဏ်ပညာ ရှိကုန်၏။ ဗဟုဿုတာ၊ များသော အကြားအမြင်ကို ဆောင်ကုန်၏။ ဗဟုဋ္ဌာနစိန္တိနော၊ များစွာသော အရာအထူးကို ကြံစည်နိုင်ကုန်၏။ တေ ပတ္ထိတာ၊ ထိုပညာရှိတို့သည်။ ဝေ၊ စင်စစ်။ နံ ရဒန္တိ၊ မင့်ကုန်။ သုတသောမ၊ မင်းမြတ် သုတသောမ။ ယေသံပတ္ထိတာနံ၊ အကြင်ပညာရှိတို့၏။ ယံ အသောစနံ၊ အကြင် မစိုးရိမ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တေံအသောစနံ၊ ထိုမစိုးရိမ်ခြင်းသည်။ နရာနံ၊ လူတို့၏။ ပရမံ၊ မြတ်သော။ ဒီပဥ်၊ မှီခိုရာသည်ပင်လျှင်။ ဟောတိ၊ ဖြစ်၏။ တေပတ္ထိတာ၊ ထိုပညာရှိတို့သည်။ သောကနုဒါ၊မစိုးရိမ်ခြင်း ကင်းကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၄၅၅။ ကောရဗ္ဘ၊ ကောရဗ္ဘအန္ဓယ်ဖြစ်သော။ သေဋ္ဌ၊ အထူးသဖြင့် မြတ်သော။ သုတသောမ၊ မင်းမြတ်သုတသောမ။ တုံ၊ သင်သည်။ အတ္တာနံ၊ မိမိကိုယ်ကိုတည်း။ အနုတပ္ပေ၊ စိုးရိမ်သလော။ ဉာဒါဟု၊ ထိုသို့ မဟုတ်မူ။ ဉာတီ၊ အဆွေအမျိုးတို့ကိုတည်း။ အနုတပ္ပေ၊ စိုးရိမ်သလော။ ပုတ္တဒါရံ၊ သားမယားကိုတည်း။ အနုတပ္ပေ၊ စိုးရိမ်သလော။ ဓနံ၊ ငွေကြေးကိုတည်း။ အနုတပ္ပေ၊ စိုးရိမ်သလော။ ရဇတံ၊ ငွေကိုတည်း။ အနုတပ္ပေ၊ စိုးရိမ်သလော။ ဇာတရူပံ၊ ရွှေကိုတည်း။ အနုတပ္ပေ၊ စိုးရိမ်သလော။ သုတသောမ၊မင်းမြတ်သုတသောမ။ ကိံမေဝ၊ အဘယ်ကိုလျှင်။ အနုတပ္ပေ၊ စိုးရိမ်သနည်း။ တေ၊ သင်၏။ တံ ဝစနံ၊ ထိုစကားကို။ သုဏောမ၊ ကြားနာလိုပါကုန်၏။

www.dhammadownload.com

ခုလ္ဘတ်ပါ ပြန်လာအံ့

သုတသောမမင်းသည် ပေါရိသာဒအား ထိုအကြောင်းကို ကြား လိုရကား—

၄၅၈။ နေဝါဟ မတ္တာန မနုတ္ထုနာမိ၊
နပုတ္တဒါရံ နဓနံ နရဋ္ဌံ။
သတ္ထု ဓမ္မော စရိတော ပုရာဏော၊
တံ သင်္ဂံ ဗြာဟ္မဏာသာ နုတပ္ပေ။

၄၅၉။ ကတော မယာ သင်္ဂရော ဗြာဟ္မဏေန၊
ရဋ္ဌေ သကေ ဣဿရိကေ ဌိတေန။
တံ သင်္ဂံ ဗြာဟ္မဏံ သမ္မဒါယ၊
သစ္စာနုရက္ခီ ပုနရာဂဓီသံ—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၄၅၈။ သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ အဟံ၊ ငါသည်။ အတ္ထာနံ၊ မိမိကိုယ်ကို။ နေဝ အနုတ္ထုနာမိ၊ မစိုးရိမ်။ ပုတ္တဒါရံ၊ သား မယားကိုလည်း။ နေဝ အနုတ္ထုနာမိ၊ မစိုးရိမ်။ ဓနံ၊ ဥစ္စာကိုလည်း။ န အနုတ္ထုနာမိ၊ မစိုးရိမ်။ ရဋ္ဌံ၊ တိုင်းပြည်ကိုလည်း။ န အနုတ္ထုနာမိ၊ မစိုးရိမ်။ သတ္ထု သပ္ပုရိသာနံ၊ သူတော်ကောင်းတို့၏။ စရိတော၊ လေ့ကျက် အပ်သော။ ပုရာဏော၊ ရှေးဦးဖြစ်သော။ ယော ဓမ္မော၊ အကြင် တရားသည်။ အတ္ထိ၊ ရှိ၏။ ဗြာဟ္မဏသာ၊ နန္ဒပုဏ္ဏားနှင့်။ ယံ သင်္ဂံ၊ အကြင် အချိန်းအချက်ကို။ ကတ္တာ၊ ပြုမိသောကြောင့်။ တံ သင်္ဂံ၊ ထိုအချိန်းအချက်ကိုလျှင်။ အနုတပ္ပေ၊ စိုးရိမ်၏။

၄၅၉။ သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ သကေရဋ္ဌေ၊ မိမိတိုင်းနိုင်ငံ ဖြစ်သော။ ဣဿရိယေ၊ မင်းစည်းစိမ်၌။ ဌိတေန၊ တည်သော။ မယာ၊ ငါသည်။ ဗြာဟ္မဏေန၊ နန္ဒပုဏ္ဏားနှင့်။ ယော သင်္ဂရော၊ အကြင် အချိန်းအချက်ကို။ ကတော၊ ပြုအပ်၏။ တံ သင်္ဂံ၊ ထိုအချိန်းအချက်ကို။ ဗြာဟ္မဏံ၊ နန္ဒပုဏ္ဏားကို။ သပ္ပဒါယ၊ ပြည့်စုံစေဦး၍။ သစ္စာနုရက္ခီ၊ စောင့်သော သစ္စာရှိသော ငါသည်။ ပုနရာဂဓီသံ၊ တစ်ဖန် ပြန်လာပါအံ့။

www.dhammadownload.com

တကယ် ပြန်လာမလား

ထိုအခါ ပေါရိုသာဒသည် ထိုသုတသောမမင်း၏ စကားကို မယုံကြည်သဖြင့် စကားတုံ့ ပြန်လိုရကား-

၄၆၀။ နေဝါဟမေတံ အဘိသဒ္ဒဟာမိ၊
သုခီ နရော မစ္စုမုခါ ပမုတ္တော။
အမိတ္တဟတ္ထံ ပုနရာဝဇေယျ၊
ကောရဗျ သေဋ္ဌ နု ဟိမံ ဥပေသိ။

၄၆၁။ မုတ္တော တုဝံ ပေါရိုသာဒဿ ဟတ္ထာ၊
ဂန္ဓာ သက် မန္ဒိရံ ကာမ ကာမီ။
မဓုရံ ပိယံ ဇီဝိတံ လဒ္ဓါ ရာဇ၊
ကုတော တုဝံ ဧဟိသိ မေ သကာသံ-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၄၆၀။ ကောရဗျ၊ ကောရဗျ အန္ဓယ်ဖြစ်၏သာ။ သေဋ္ဌ၊ အထူးသဖြင့် မြတ်သော။ ရာဇ၊ မင်းမြတ်။ မစ္စုမုခါ၊ သေမင်းခံတွင်းမှ။ ပမုတ္တော၊ လွတ်ပြီးသော။ နရော၊ လူသည်။ သုခီ၊ ချမ်းသာခြင်း ရှိပြီးလျက်။ အမိတ္တဟတ္ထံ၊ ရန်သူ လက်သို့။ ပုနရာဝဇေယျ၊ တစ်ဖန် လာပြန်ရာ၏။ ဧတံ၊ ဤသို့ တစ်ဖန်ပြန်လာခြင်းကို။ အဟံ၊ ငါသည်။ နေဝ အဘိသဒ္ဒဟာမိ၊ အလွန် မှယုံသည်သာလျှင်တည်း။ တုဝံ၊ သင်သည်။ မံ၊ ငါ့သို့။ န ဟိ ဥပေသိ၊ မှကပ်ပေရာ။

၄၆၁။ ရာဇ၊ မင်းမြတ်။ ပေါရိုသာဒဿ၊ လူသားစား၏။ ဟတ္ထာ၊ လက်မှ။ မုတ္တော၊ လွတ်ပြီးသော။ ကာမကာမီ၊ လိုချင်တောင့်တအပ်သော ကာမဂုဏ်ရှိသော။ တုဝံ၊ သင်သည်။ သက် မန္ဒိရံ၊ မိမိနန်းတော်သို့။ ဂန္ဓာ၊ သွားဦး၍။ မဓုရံ၊ ကောင်းမြတ်သော။ ပိယံ၊ ချစ်အပ်သော။ ဇီဝိတံ၊ အသက်ကို။ လဒ္ဓါ၊ ရပြီးလျက်။ ကုတော၊ အဘယ်မှာ။ တုဝံ၊ သင်သည်။ မေ၊ ငါ၏။ သကာသံ၊ အထံသို့။ ဧဟိသိ၊ လာပေအံ့နည်း။

တကယ် ပြန်လာမယ်

ထိုစကားကိုကြား၍ ဘုရားလောင်း သုတသောမ မင်းသည် ခြင်္သေ့မင်းကဲ့သို့ မကြောက်မရုံ့သည် ဖြစ်၍ ထိုပေါရိုသာဒအား အကြောင်းကို ပြောဆိုပြန်လိုရကား-

www.dhammadownload.com

၄၆၂။ မှတံ ဝရေယျ၊ ပရိသုဒ္ဓသီလော၊
နဇီဝိတံ ဂရုဟိတော ပါပဓမ္မော။
နဟိ တံ နုရံ တာယတေ ဒုဂ္ဂတီဘိ၊
ပရဿ ဟေတု အလိကံ ဘဏေယျ—

ဟူသော ဤဂါထာကို ဆို၏။

၄၆၂။ သမ္မပေါရိသာဒ၊ အဆေ့ပေါရိသာဒ။ ပရိသုဒ္ဓဲသီလော၊ သန့်ရှင်းစင်ကြယ်သော သီလရှိသော။ ယော နရော၊ အကြင်သူသည်။ ဇီဝိတဟေတုပိ၊ အသက်ဟူသော အကြောင်းကြောင့်လည်း။ အလိကံ၊ မဟုတ်မမှန်သော စကားကို။ ဝဒေယျ၊ ဆိုငြားအံ့။ သော နရော၊ ထိုသူသည်။ မတံ၊ သေခြင်းသည်။ ဝဒရယျ၊ မြတ်ရာ၏။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ န ဝဒရယျ၊ မမြတ်ရာ။ ဂရုဟိတော၊ ကဲ့ရဲ့အပ်သော။ ပါပဓမ္မော၊ ယုတ်မာသော သဘောရှိသော။ ယော နရော၊ အကြင်သူသည်။ ယဿာပိ၊ အကြင်သူ၏လည်း။ ဟေတု၊ အကြောင်းကြောင့်။ အလိကံ၊ မဟုတ် မမှန်သော စကားကို။ ဘဏေယျ၊ ပြောဆိုရာ၏။ တံ နုရံ၊ ထိုသူကို။ သော နရော၊ ထိုသူတစ်ပါးသည်။ ဒုဂ္ဂတီဟိ၊ ဒုဂ္ဂတိတို့မှ။ န ဟိ တာယတိ၊ မကယ်ပေရာ။

ဤသို့ ပြောဆိုပြီးမှ မှုသာဝါဒမှ မိမိကြဉ်ရှောင်ကြောင်းကို ထိုပေါရိသာဒအား ပြန်ကြားလိုရကား—

၄၆၃။ သစေပိ ဝါတော ဂိရိမာ ဝဟေယျ၊
စန္ဒေါစ သူရိယောစ ဆမာ ပတေယျုံ။
သဗ္ဗာ စ နဒ္ဓော ပတိသောတံ ဝဇေယျုံ၊
နတ္ထေဝ ဟ ရာဇ မုသာ တဏေယျ။
၄၆၄။ နဘံ ဖလေယျ ဥဒဓီပိ သုဿေ၊
သံဝတ္တေယျ၊ ဘူတဓရာ ဝသုန္ဓရာ။
သိလုစ္စယော မေရု သမူလ မုဗ္ဗဟေယျ၊
နတ္ထေဝဟံ ရာဇ မုသာဘဏေယျံ—

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

www.dhammadownload.com

၄၆၃။ သမ္မပေါရိသာဒ၊ အဆေပေါရိသာဒ။ ဂါတော၊ အရုပ်ရှစ်မျက်နှာမ္မလာသော လေသည်။ ဂိရိံ၊ ကြီးစွာသောတောင်ကို။ သစေပိ၊ အကယ်၍လည်း။ အာဝဟေယျ၊ လွင့်နိုင်ရာ၏။ စန္ဒေစ၊ လသည် လည်းကောင်း။ သူရိယောစ၊ နေသည်လည်းကောင်း။ ဆမာ၊ မြေ၌။ သစေပိ၊ အကယ်၍လည်း။ ပတေယျုံ၊ ကျကုန်ရာ၏။ သဗ္ဗာ၊ အလုံးစုံကုန်သော။ နဇ္ဇောစ၊ မြစ်တို့သည်လည်း။ ပတိသောတံ၊ အညာသို့။ သစေပိ၊ အကယ်၍လည်း။ ဝဇေယျုံ၊ စီးကုန်ရာ၏။ ရာဇ၊ မင်းမြတ်။ အဟံ၊ ငါသည်။ မုသာ၊ မဟုတ်မမှန်သော စကားကို။ နတ္ထဝ ဘဒန္တေယျ၊ မ့ပြောမဆိုရာ။

၄၆၄။ သမ္မပေါရိသာဒ၊ အဆေပေါရိသာဒ။ နဘံ၊ ကောင်းကင်သည်။ ဖလေယျ၊ ကွဲရာ၏။ ဥဒဓိ၊ မဟာသမုဒ္ဒရာသည်။ သုဿေ၊ ခြောက်တတ်ရာ၏။ ဘူတဓရာ၊ သတ္တဝါတို့၏ တည်ရာဖြစ်သော။ ဝသုန္ဓရာ၊ မြေမျက်နှာသည်။ သံဝတ္တေယျ၊ အောက် အထက်ပြန်ရာ၏။ သိလုစ္စယောမေရု၊ မြင်းမိုရ်တောင်မင်းသည်။ သမူလံ၊ အမြစ်နှင့်တကွ။ ဥပ္ပဇေယျ၊ ရွေ့ရာ၏။ ရာဇ၊ မင်းမြတ်။ အဟံ၊ ငါသည်။ မုသာ၊ မဟုတ်မမှန်သော စကားကို။ နတ္ထဝ ဘဏေယျံ၊ မဆိုရာ။

ကျိန်စာ ဆိုရမယ်

ဤသို့ မဟာသုတသောမမင်းမြတ် ပြောဆိုခြားသော်လည်း ထိုပေါရိသာဒသည် မယုံကြည်သည်သာလျှင်တည်း။ ထိုအခါ ဘုရားလောင်း မဟာသုတ သောမမင်းသည် "ဤပေါရိသာဒသည် ငါ့ကိုမယုံ၊ ကျိန်ဆိုရာသဖြင့်လည်း ထိုပေါရိသာဒကို ယုံကြည်စေအံ့" ဟု ကြံ၍ "အဆေပေါရိသာဒ....ငါ့ကို ငဆုံးမခြဉီးလော့၊ ကျိန်ဆိုခြင်းကိုပြု၍ သင့်ကို ယုံစေအံ့" ဟု ဆိုသဖြင့် ထိုပေါရိသာဒသည် သုတသောမမင်းကို မြေ၌ချသည်ရှိသော် ဘုရားလောင်းသည် ကျိန်ဆိုခြင်းကို ပြုလိုရကား—

၄၆၅။ အသိဉ္စ သတ္တိဉ္စ ပဏုမသာမိ၊
သပထံပိ တေ သမ္မ အဟံ ကရောမိ။
တယာ ပမုတ္တောဒ္မိ အကာကော ဘဝိတ္တံ၊
သစ္စာနုရက္ခီ ပုန ရာဝဇီသ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၄၆၅။ သမ္မ၊ အဆေ့ပေါရိုသာဒ။ ယောအဟံ၊ အကြင်ငါသည်။ အသိဉ္ဆ၊ သန်လျက်ကုံလည်းကောင်း။ သတ္တိဉ္ဆ၊ လုံကိုလည်းကောင်း။ ပရာမသာမိ၊ သုံးသပ်အံ့။ သပထံပိ၊ ကျိန်ဆိုခြင်းကိုလည်း။ တေ၊ သင့်အား။ ကရောမိ၊ ပြုအံ့။ တယာ၊ သင်သည်။ ပမုတ္ထော၊ လွတ်အပ်သော။ သောအဟံ၊ ထိုငါသည်။ အဏဏော၊ မြီမရှိသည်။ ဘဝိတ္တာ၊ ဖြစ်ဦး၍။ သစ္စာနုရက္ခီ၊ သစ္စာစောင့်သည်ဖြစ်၍။ ပုနရာဝဇိဿံ၊ တစ်ဖန်ပြန်လာအံ့။

တကယ် ပြန်လာပါ

ထို့နောင်မှ ပေါရိုသာဒသည် "ဤသုတသောမမင်းသည် မင်းမျိုးတကာတို့သည် မပြုအပ်သော ကျိန်ဆိုခြင်းကို ပြု၏၊ ဤ သုတသောမမင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဤ သုတသောမမင်းသည် လာသည်မူလည်းဖြစ်စေ, မလာသည်မူလည်းဖြစ်စေ ငါသည်လည်း ရေမြေကို အစိုးရသောမင်းတည်း၊ ငါ၏ လက်ရုံးသွေးကိုလျင်ယူ၍ နတ်အား ပူဇော်သောအမှုကို ပြုအံ့၊ ဤ သုတသောမမင်းသည် အလွန်လျင် ပင်ပန်း၏" ဟုကြံ၍ သုတသောမမင်းကို လွတ်လိုရကား-

၄၆၆။ ယော တေ ကတော သင်္ကော ဗြာဟ္မဏေန၊
ရဋ္ဌေ သကေ ဣဿရိယေ ဌိတေန။
တံ သင်္ကံ ဗြာဟ္မဏံ သမ္မဒါယ၊
သစ္စာနုရက္ခီ ပုနံ ရာဝဇိဿု-

ဟူသော ဤဂါထာကို ဆို၏။

၄၆၆။ သမ္မ သုတသောမ၊ အဆေ့သုတသောမ။ တေ၊ သင်သည်။ သကေရဋ္ဌေ၊ မိမိတိုင်းနိုင်ငံ၌။ ဣဿရိယေ၊ မင်းအဖြစ်၌။ ဌိတေန၊ တည်သဖြင့်။ ဗြာဟ္မဏေန၊ ပုဏ္ဏားနှင့်။ ယော သင်္ကော၊ အကြင်အချိန်းအချက်ကို။ ကတော၊ ပြုအပ်၏။ တံ သင်္ကံ၊ ထိုအချိန်းအချက်ကို။ ဗြာဟ္မဏံ၊ ပုဏ္ဏားတို့ကို။ သမ္မဒါယ၊ ပြည့်စုံစေဦး၍။ သစ္စာနုရက္ခီ၊ သစ္စာစောင့်သည်ဖြစ်၍။ ပုနရာဝဇိဿု၊ တစ်ဖန် ပြန်ခဲ့လော့။

တရားနာပြီး ပြန်လာမည်

ထိုအခါ ပေါရိုသာဒကို ဘုရားလောင်း သုတသောမ မင်းသည် "အဆေ့ ပေါရိုသာဒ....သင်မစိုးရိမ်လင့်၊ သတာရဟ လေးဂါထာတို့ကို

www.dhammadownload.com

နှာ၍ တရားဟောပေသော ပုဂ္ဂိုလ်အား ပူဇော်ခြင်းကို ပြုပြီးလျှင် နံနက်စောစောကလျှင် လာအံ့'' ဟု ဆို၍ ထိုအကြောင်းကို ကြားလိုရကား—

၄၆၇။ ယော မေ ကတော သင်္ကော ပြာဟ္မဏေန၊
ရဋ္ဌေ သကေ ဣဿရိယေ ဌိတေန။
တံ သင်္ကံ ပြာဟ္မဏံ သမ္မဒါယ၊
သစ္စာနုရက္ခီ ပုန ရာဝဇိသံ—

ဟူသော ဤဂါထာကို ဆို၏။

၄၆၈။ သမ္မ၊ အဆေ ပေါရိသာဒ။ သဒေက၊ မိမိ၏ဥစ္စာဖြစ်သော။ ရဋ္ဌေ၊ တိုင်းနိုင်ငံ၌။ ဣဿရိယေ၊ မင်းအဖြစ်၌။ ဌိတေန၊ တည်သော။ မေ၊ ငါသည်။ ပြာဟ္မဏေန၊ နန္ဒပုဏ္ဏားနှင့်။ ယော သင်္ကော၊ အကြင် အချိန်းအချက်ကို။ ကတော၊ ပြုအပ်၏။ တံ သင်္ကံ၊ ထိုအချိန်းအချက်ကို။ ပြာဟ္မဏံ၊ နန္ဒပုဏ္ဏားကို။ သမ္မဒါယ၊ ပြည့်စုံစေ၍။ သစ္စာနုရက္ခီ၊ သစ္စာကို စောင့်သောငါသည်။ ပုနရာဝဇိသံ၊ တစ်ဖန်ပြန်လာအံ့။

ကောင်းပြီ၊ သူးပေတော့

ထိုအခါ သုတသောမမင်းကို ပေါရိသာဒသည် ''မြတ်သော မင်းကြီး....သင်မင်းကြီးတို့သည် မင်းမျိုးတကာတို့သည် မပြုအပ်သော ကျိန်ဆိုခြင်းကို ပြုအပ်၏၊ ထိုကျိန်ဆိုခြင်းကို အောက်မေ့တော်မူလော့'' ဟုဆို၍ ''အဆွေ့ ပေါရိသာဒ....သင်သည် ငါ့ကို ငယ်သောအခါကစ၍ သိ၏၊ ရယ်မြူးလိုသဖြင့်လည်း မုသာဝါဒကို ငါမဆိုစဘူး၊ ငါသည် ယခုအခါ မင်းအဖြစ်၌ တည်လျက် အကြောင်းဟုတ်သည်, မဟုတ်သည်ကိုသိလျက် အဘယ့်ကြောင့် မဟုတ်မမှန်သော စကားကို ဆိုအံ့နည်း။ ငါ့ကို ယုံကြည်လော့၊ ငါသည် နက်ဖြန် သင်၏ နတ်ပူဇော်ခြင်းကိစ္စကို မှီအောင် ရောက်ပါစေအံ့'' ဟု ယုံကြည် စေအပ်ကုန်သည်ဖြစ်၍ ''မြတ်သော မင်းကြီး.... ထိုသို့တပြီးကား သူးလေလော့၊ သင်မင်းကြီးတို့သည် မရောက်ကုန်သည် ရှိသော် နတ်အား ပူဇော်သောအမှုသည် ပျက်လတ္တံ့၊ နတ်သည်လည်း ရှင်မင်းကြီးတို့နှင့်ကင်း၍ ပူဇော်မခံ၊ ငါ နတ်ပူဇော်သောအမှု၏ အန္တရာယ်ကို မပြုပါလင့်'' ဟု ဆို၍ ဘုရားလောင်း သုတသောမမင်းကို လှုတ်လိုက်၏။

www.dhammadownload.com

နန်းတော်သို့ ပြန်ရောက်သော်

ထိုသုတသောမမင်းသည် ရာဟုခံတွင်းမှ လွတ်သော လက္ခဏာ ငါးပြောင်အား နှင့် တူသော အားအစွမ်းနှင့် ပြည့်စုံသည်ဖြစ်၍ လျင်မြန်စွာ လျှောက်မြို့သို့ရောက်၏။ ထိုသုတသောမမင်း၏ စစ်သည်တို့သည်လည်း "ငါတို့ အရှင် သုတသောမ မင်းမြတ်သည် ပညာရှိတော်မူ၏၊ သာယာစွာသော တရားစကားကို ပြောဟောတော် မူတတ်၏။ တစ်ဂါထာ နှစ်ဂါထာကို ဟောခြင်းငှာ အခွင့်ရသည်ရှိသော် ပေါရိသာဒကိုဆုံးမ၍ ခြသေ့ခံတွင်းမှ လွတ်သော အမှန်ယစ်သော ဆင်ပြောင်ကြီးကဲ့သို့ လာတော်မူလတ္တံ့၊ ဤ စစ်သည်တို့သည် အရှင်မင်းမြတ်ကို ပေါရိသာဒအား ပေး၍ လဲကုန်၏" ဟု လူအပေါင်းတို့သည် ကဲ့ရဲ့ကုန်လတ္တံ့" ဟု ကြံ၍ မြို့ပဒ္ဓသာလျှင် သစ်တပ်ကိုတည်၍ နေလင့်၏။

ထိုဘုရားလောင်း သုတသောမမင်းကို အဝေးမှလျှင် လာလတ်သည်ကို မြင်လျှင် ခရီးဦးကြို့ဆို၍ ရှိခိုးလျက် "အရှင်မင်းမြတ် အသို့နည်း၊ ပေါရိသာဒသည် အရှင်မင်းမြတ်တို့ကို ပင်ပန်းစေအပ်သလော" ဟု မေးမြန်း တင်လျှောက်ခြင်းကို ပြုသည်ရှိသော် "ပေါရိသာဒသည် ငါ့အား အမိအဖတို့သည်လည်း ပြုနိုင်ခဲသောအမှုကို ပြုပေ၏၊ တိုသို့သဘောရှိသော ကြမ်းကြုတ် ရက်ရောစွာ နိုင်ထက်ကလူ မူတတ်သော ပေါရိသာဒစင်လျက်လည်း ငါ၏တရားစကားကို ကြားရသဖြင့် ငါ့ကိုလွှတ်ပေ၏" ဟု မိန့်ဆိုတော်မူလတ်သော် သုတသောမမင်းကို တန်ဆာ ဆင်ယင်ပြီးလျှင် ဆင်ကျောက်ကုန်းထက်သို့ တင်၍ ခြံရံကုန်လျက် မြို့တွင်းသို့ဝင်လေ၏။ ထိုသုတသောမ မင်းကို မြင်ရကုန်၍ အလုံးစုံသော ပြည်သူအပေါင်းတို့သည် အလွန်နှစ်သက်ကြကုန်၏။

တရား တောင်းပြီ

ထိုသုတသောမ မင်းသည်လည်း တရားကို အလေးအမြတ် ပြုတော်မူသောကြောင့် တရားနာ ကြားတော်မူသောကြောင့် မယ်တော် ခမည်းတော်တို့ကို မဖူးမြင်ဘဲလျှင် နောက်မှသာ ထိုမယ်တော် ခမည်းတော်တို့ကို ဖူးမြင်အံ့ဟု နန်းတော်သို့ဝင်ပြီးလျှင် မင်း၏နေရာ၌ နေလျက် နန္ဒပုဏ္ဏားကို ခေါ်စေ၍ ထိုပုဏ္ဏားအား ဆဲမုတ်ဆိတ်ပြုပြင်ခြင်း စသည်တို့ကို ပြုပြင်စေ၍ ဆဲမုတ်ဆိတ် ပြုပြင်ခြင်း၏ကိစ္စသည် ပြီးလတ်သော် ရေချိုး၍

www.dhammadownload.com

နံ့သာလိမ်းသဖြင့် အဝတ်တန်ဆာ ဆင်ပြီးလျှင် ဆောင်ယူခဲ့၍ ပြသောအခါ၌ မိမိသည် နောက်မှရေချိုး၍ နံ့သာလိမ်းပြီးသော် ထို နန္ဒပုဏ္ဍားအား မိမိစားတော် ထမင်းကိုပေးစေ၍ ထိုနန္ဒပုဏ္ဍား စားပြီးသော် မိမိစား၍ ထိုနန္ဒပုဏ္ဍားကို မြတ်သော သူတို့အားသာလျှင် ထိုက်သော ပလ္လင်၌ နေစေ၍ တရားကို အလေးအမြတ် ပြုတော်မူသောကြောင့် ပန်းနံ့သာ အစရှိသည်ဖြင့် ပူဇော်ခြင်းကို ပြု၍ မိမိသည် နိမ့်သောနေရာ၌ နေလျက် "ဆရာ.... ဆရာတို့သည် အကျွန်ုပ်အား ဆောင်အပ်ကုန်သော သတာရဟ ဂါထာတို့ကို နာပါအံ့" ဟု တောင်းပန်၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု မြတ်စွာဘုရားသည်—

၄၆၈။ မုတ္တောစ သောပေါရိသာဒဿ ဟတ္ထာ၊
ဂန္ဒာနံ တံ ဗြာဟ္မဏံ ဇေဒဓဝါစ။
သုဏောမိ ဂါထာယော သတာရဟာယော၊
ယာ မေ သုတာ အဿ ဟိတာယ ဗြဟ္မေ—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၄၆၈။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါ၌။ ဓယာ သုတသောမော၊ အကြင် သုတသောမ မင်းမြတ်သည်။ ပေါရိသာဒဿ၊ လူသားစား၏။ ဟတ္ထာ၊ လက်မှ။ မုတ္တောစ၊ လွတ်သည်ဖြစ်၍လျှင်။ ဂန္ဓာနံ၊ မိမိနန်းတော်သို့ သွားဦး၍။ ဗြဟ္မေ၊ ဆရာ နန္ဒပုဏ္ဍား။ မေ၊ ငါသည်။ သုတာ၊ ကြားအပ်ကုန်သော။ ယာ ဂါထာ၊ အကြင် ဂါထာတို့သည်။ ဟိတာယ၊ စီးပွားခြင်းငှာ။ အဿု၊ ဖြစ်ကုန်၏။ သတာရဟာယော၊ သတာရဟ ဖြစ်ကုန်သော။ တာ ဂါထာယော၊ ထိုဂါထာတို့ကို။ သုဏောမိ၊ နာပါအံ့။ ဣသိ၊ ဤသို့။ တံ ဗြာဟ္မဏံ၊ ထိုနန္ဒပုဏ္ဍားကို။ ဇေတဝနံ၊ ဤစကားကို။ အဝေါစ၊ ဆို၏။

နန္ဒပုဏ္ဍား၏ တရား ၄-ဂါထာ

ထိုအခါ နန္ဒပုဏ္ဍားသည် ဘုရားလောင်း သုတသောမ မင်းသည် တောင်းပန်သောအခါ၌ နံ့သာတို့ဖြင့် လက်ကို ပွတ်သပ်ပြီးလျှင် လွယ်အိတ်မှ နှလုံးမွေ့လျော်ဖွယ်ရှိသော ရွှေပေကိုထုတ်၍ လက်နှစ်ဘက်တို့ဖြင့် ကိုင်လျက် "မြတ်သောမင်းကြီး....အကျွန်ုပ်သည် တိုက်တွန်းပါ၏၊ တာဿပ

www.dhammadownload.com

မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်သော ရာဂဖြင့် ယစ်ခြင်း အစရှိသည်တို့ကို နှိပ်စက်တတ်ကုန်သော သေခြင်းကင်းရာဖြစ်သော အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်ကုန်သော လေးပါးကုန်သော သတာရဟဂါထာတို့ကို နာတော်မူလော့'' ဟု ဆို၍ ရှေ့ပေကို ကြည့်လျက် ဟောလိုရကား--

၄၆၉။ သကိံ ဒေဝ သုတသောမ၊ သင်္ဘီ ဟောတိ သမာဂမော။
သာ နံ သင်္ကိ ပါ လေတိ၊ နာသင်္ဘီ ဗဟုသင်္ကမော။

၄၇၀။ သင်္ဘီရေဝ သမာသေထ၊ သင်္ဘီ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊ သေယျော ဟောတိ နု ပါပိယော။

၄၇၁။ ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော န ဇရံ ဥပေတိ၊
သန္တော်ဝ ဟဝေ သင်္ဘိ ပဝေဒယန္တိ။

၄၇၂။ နဘဉ္စ ဒူရေ ပထဝီ စ ဒူရေ၊
ပါရံ သမုဒ္ဒဿ တဒါဟုဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ--

ဟူသော ဤလေးဂါထာတို့ကို ဆို၏။

၄၆၉။ သုတသောမ၊ သုတသောမ အမည်ရှိတော်မူသော။ မဟာရာဇ၊ မင်းမြတ်။ သင်္ဘီ၊ သူတော်ကောင်းတို့နှင့်။ သကိံ ဒေဝ၊ တစ်ကြိမ်သာလျှင်။ ယော သမာဂမော၊ အကြင် ပေါင်းဖက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သာ သင်္ကိ၊ ထိုပေါင်းဖက်ခြင်းသည်။ နံ၊ ထိုသူကို။ ပါလေတိ၊ စောင့်ရှောက်ပေတတ်၏။ အသင်္ဘီ၊ သူတော်မဟုတ် သူယုတ်တို့နှင့်။ ဗဟု၊ အကြိမ်များစွာ။ ယော သင်္ကမော၊ အကြင် ပေါင်းဖက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သာ သင်္ကိ၊ ထိုပေါင်းဖက်ခြင်းသည်။ နံ၊ ထိုသူကို။ နု ပါလေတိ၊ မစောင့်ရှောက်တတ်။

၄၇၀။ သင်္ဘီရေဝ၊ သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဖက်ကုန်ရာ၏။ သင်္ဘိ၊ သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ ပေါင်းဖက်ခြင်းကို။ ကုဗ္ဗေထ၊ ပြုကုန်ရာ၏။ သတံ၊ ဘုရား အစရှိသော ပညာရှိတို့၏။

www.dhammadownload.com

သဒ္ဓဲမှံ၊ သူတော်ကောင်းတို့ တရားကို။ အညာယ၊ သိ၍။ သေယျော၊ အထူးသဖြင့် မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ပါပိယော၊ ယုတ်မာသည်။ န ဟောတိ၊ မဖြစ်။

၄၇၁။ မဟာရာဇ၊ မြတ်သော မင်းကြီး။ သုစိတ္တာ၊ ဆန်းကြယ်ကုန်သော။ ရာဇရထာ၊ မင်းစီး ရထားတို့သည်။ ဝေ၊ စင်စစ်။ ဇီရန္တိ၊ ဆွဲမြည့် ပျက်စီးတတ်ကုန်၏။ အထော၊ ထို့မို့။ သရီရမှိ၊ ခန္ဓာကိုယ်သည်လည်း။ ဇရံ၊ အိုခြင်းသို့။ ဥပေတိ၊ ရောက်တတ်၏။ သန္တော၊ ဘုရား အစရှိသော သူကောင်းကောင်းတို့သည်။ သဇ္ဇ၊ နိဗ္ဗာန်တရားကို။ ဟဝေ၊ စင်စစ်။ ပဝေဒယန္တိ၊ ချီးမွမ်းကုန်၏။ သတံ၊ သူဘော်ကောင်းတို့၏။ ဓမ္မော စ၊ နိဗ္ဗာန်တရားသည်ကား။ ဇရံ၊ အိုခြင်းသို့။ န ဥပေတိ၊ မရောက်။

၄၇၂။ ရာဇ၊ မင်းမြတ်။ နဘဉ္ဉ၊ ကောင်းကင်သည်လည်း။ ဒူရေ၊ မြေနှင့် ဝေး၏။ ပထဝီ စ၊ မြေသည်လည်း။ ဒူရေ၊ ကောင်းကင်နှင့် ဝေး၏။ သမုဒ္ဒဿ၊ သမုဒ္ဒရာ၏။ ယံ ပါရံ၊ အကြင် ထိုမှာဘက်ကမ်းသည်။ အတ္ထိ၊ ရှိ၏။ တံပါရံ၊ ထိုထိုမှာဘက်ကမ်းကို။ ဒူရေ၊ ဤမှာဘက်ကမ်းထက်ဝေး၏ဟူ၍။ အာဟု၊ ဆိုကုန်၏။ တတော၊ ထို့ကောင်းကင်နှင့်မြေ သမုဒ္ဒရာ တစ်ဖက်ကမ်းဝေးသောထက်။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မော စ၊ တရားသည် လည်းကောင်း။ အသတံ၊ သူတော်မဟုတ် သူယုတ်မာတို့၏။ ဓမ္မော စ၊ တရားသည် လည်းကောင်း။ ဟဒဝေ၊ စင်စစ်။ ဒူရတရံ၊ အလွန်ဝေး၏။ ဣတိ၊ ဤသို့။ ပဏ္ဍိတာ၊ ဘုရားအစရှိသော ပညာရှိတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

အသပြာ ၄၀၀ဝိဖြင့် ပူဇော်ပြီ

နန္ဒပုဏ္ဏားသည် ဤသတာရဟ လေးဂါထာတို့ကို ကဿပမြတ်စွာဘုရား ဟောတော်မူသော နည်းဖြင့်လျင် ဟော၍ ဆိတ်ဆိတ်နေ၏။ ထိုသတာရဟ လေးဂါထာတို့ကိုနာပြီး၍ ဘုရားလောင်းသုတသောမမင်းသည် "ငါ၏လာခြင်းသည် အကျိုးရှိ၏" ဟု နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ "ဤဂါထာတို့ကို သာဝကတို့သည် မဟာအပ်ကုန်၊ ရသေ့တို့သည်လည်း မဟောအပ်ကုန်၊ တစ်စုံတစ်ယောက်သော သူသည် မဟာအပ်ကုန်၊ သမ္မည္ဟု မြတ်စွာဘုရားသည်သာလျင် ဟောတော်မူအပ်၏၊ အဘယ်မျ

www.dhammadownload.com

အဖိုးထိုက်တန်သနည်း''ဟု ကြံသည်ရှိသော် ဤဂါထာတို့အား အလုံးစုံသော စကြဝဠာတိုက်ကို ဗြဟ္မာ့ပြည်တိုင်အောင် ရတနာခုနစ်ပါးဖြင့်ပြည့်သည်သာဖြစ်၍ ပေးငြားသော်လည်း လျော်ပတ်သည်ကို ပြုခြင်းငှာ မတတ်ကောင်း။ စင်စစ်သော်ကား ထိုနန္ဒပုဏ္ဏားအား ငါသည် ယူဇနာသုံးရာရှိသော ကုရုတိုင်း ခုနစ်ယူဇနာရှိသော ဤနန္ဒပတ္ထဝနိုရ်မြို့၌ မင်းအဖြစ်ကိုပေးခြင်းငှာ စွမ်းနိုင်၏။

''ထိုနန္ဒပုဏ္ဏားအား မင်းပြုထိုက်သောဘုန်းကံသည် ရှိပါ၏လော'' ဟု အာဂန္တုဘော်အစွမ်းဖြင့် ကြည့်လတ်သော် မင်းဖြစ်ထိုက်သော ဘုန်းကံကိုမမြင်။ ထို့နောင်မှ စစ်သူကြီးအရာ အစရှိသည်တို့ကိုကြည့်၍ တစ်ရွာစားထိုက်သော ဘုန်းကိုမျှလည်း မမြင်၍ ''အသပြာလေးထောင်ဖြင့် ထိုပုဏ္ဏားကို ပူဇော်အံ့''ဟုအသပြာလေးထောင်ထုပ်ကို ပေးစေ၍''ဆရာ.... ဆရာတို့သည် တစ်ပါးကုန်သောမင်းတို့အား ဤဂါထာကို ဟောကုန်သည်ရှိသော် အဘယ်မျှသောဥစ္စာကို ရပါကုန်သနည်း''ဟု မေး၏။ ''မြတ်သောမင်းကြီး....တစ်ဂါထာ တစ်ဂါထာသည် ဥစ္စာ တစ်ရာ တစ်ရာစီ ့ရပါ၏၊ ထို့ကြောင့်လျှင် သတာရဟ ဂါထာမည်ပါ၏''ဟု တင်လျှောက်၏။

ထိုအခါ ထိုနန္ဒပုဏ္ဏားကို သုံတသောမမင်းသည် ''ဆရာ....ဆရာသည် မိမိဥစ္စာကို ယူ၍ရောင်းအပ်သော ဘဏ္ဍာ၏ အဖိုးကိုလည်းမသိ၊ ဤနေ့မှစ၍ တစ်ဂါထာ တစ်ဂါထာသည် တစ်ထောင်စီထိုက်စေသတည်း'' ဟု ဆို၍ ထိုအကြောင်းကို နန္ဒပုဏ္ဏားအား ကြားလိုရကား—

၄၃၃။ သဟသိယော ဤမာ ဂါထာ၊
နယိမာ ဂါထာ သတာရဟာ။
စတ္တာရိ တံ သဟဿာနိ၊
ခိပ်ံ ဂဏှာဟိ ဗြာဟ္မဏ၊
ဟူသော ဤဂါထာကို ဆို၏။

၄၃၃။ ဗြာဟ္မဏ၊ ဆရာပုဏ္ဏား။ ဤမာ ဂါထာ၊ ဤဂါထာတို့သည်။ သဟသိယော၊ အသပြာ တစ်ထောင်စီထိုက်ကုန်၏။ ဤမာ ဂါထာ၊ ဤဂါထာတို့သည်။ နသတာရဟာ၊ အသပြာ တစ်ရာစီမထိုက်ကုန်။ တံ၊ သင်

www.dhammadownload.com

သည်။ စတ္တာရိ သဟဿာနိ၊ အသပြာလေးထောင်တို့ကို။ ခိပ်ပံ၊ လျင်စွာ။ ဂဏှာဟိ၊ ယူလေလော့။

ခမည်းတော် ကဲ့ရဲ့ခြင်း

ထိုအခါ နန္ဒပုဏ္ဏားအား တစ်ခုသော ညှင်သာသောယာဉ်ကို ပေး၍ "ဆရာ....နန္ဒပုဏ္ဏားကို ချမ်းသာစွာ အိမ်သို့ပို့ကြဲလေကုန်လော့" ဟု မင်းချင်းတို့ကိုစေ၍ ထိုပုဏ္ဏားကို လွှတ်လိုက်၏။ ထိုခဏ၌ "သုတသောမမင်းသည် သတာရဟဂါထာကို သဟဿာရဟ ဂါထာပြု၍ ပူဇော်ပေ၏၊ ကောင်းစွ ကောင်းစွ" ဟု မျှားစွာသော ကောင်းချီးပေးသော အသံသည် ဖြစ်၏။ ထို သုတသောမမင်း၏ မယ်တော် ခမည်းတော်တို့သည် ထိုကောင်းချီးပေးသံကိုကြားလျှင် "ဤအသံသည် အဘယ်အသံနည်း" ဟု မေး၍ ဟုတ်မှန်သော အတိုင်းကြားရလျှင် မိမိတို့၏ဥစ္စာ၌ တပ်မက်မောသောကြောင့် သားတော် မဟာသုတ သောမမင်းအား အမျက်ထွက်ကုန်၏။ သားတော် မဟာသုတသောမမင်းလည်း နန္ဒပုဏ္ဏားကို လွှတ်လိုက်ပြီးလျှင် ထိုမယ်တော် ခမည်းတော်တို့ အထံသို့သွား၍ ရှိခိုးလျက် တည်၏။ ထိုသို့တည်သောအခါ ထိုမင်း၏ ခမည်းတော်သည် "ချစ်သား....အသို့မူ၍ ဤသို့သဘောရှိသော နှိုင်ထက်ကလူမူတတ်သော ခိုးသူလက်မှ လွှတ်ရသနည်း" ဟု မေးမြန်းပြောဆိုခြင်း ပဋိသန္ထာရမျှကိုလည်း မပြုမူ၍ မိမိဥစ္စာ၌ တပ်မက်မောသည်၏ အဖြစ်ကြောင့် "ချစ်သား....သင်သည် လေးဂါထာတို့ကို ကြားနာရ၍ အသပြာလေးထောင်ကို ပေးသတတ်ဟု ငါကြားရသည် မှန်သလော" ဟု မေး၍ "မှန်၏" ဟု ပြောဆိုလတ်ံသော် သားတော် မဟာသုတသောမမင်းကို ကဲ့ရဲ့လိုရကား—

၄၃၄။ အာသီတိယာ နာဝုတိယာ စ ဂါထာ၊
သတာရဟာစာပိ ဘဝေယျ ဂါထာ။
ပစ္ဆိတ္တမေဝ သုတသောမ ဇာနာဟိ၊
သာဟဿိယာနာမ ကာအတ္ထိ ဂါထာ—

ဟူသော ဤဂါထာကို ဆို၏။

၄၃၄။ သုတသောမ၊ ချစ်သားသုတတောမ။ အာသီတိယာ၊ ရှစ်ဆယ်ထိုက်သော။ ဂါထာ၊ ဂါထာသည်။ ဘဝေယျ၊ ရှိသည်ဖြစ်ရာ၏။

www.dhammadownload.com

နာဝုတိယာ၊ ကိုးဆယ်ထိုက်သော။ ဂါထာ စ၊ ဂါထာသည်လည်း။ သိယာ၊ ရှိသည်ဖြစ်ရာ၏။ သတာရဟာစာပိ၊ တစ်ရာထိုက်သော ဂါထာသည်လည်း။ ဘဝေယျ၊ ရှိသည်ဖြစ်ရာ၏။ တာတ သုတသောမ၊ ချစ်သား သုတသောမ။ ပစ္စတ္တမေဝ၊ မိမိသည်သာလျှင်။ ဇာနာဟိ၊ သိလော့။ သာဟာသိယာ နာမ၊ တစ်ထောင်ထိုက်သည် မည်သော။ ဂါထာ၊ ဂါထာသည်။ ကာ အတ္ထိ၊ အတီမှာ ရှိဖူးသနည်း။

ဗဟုသုတ လိုလားအပ်

ထိုအခါ ခမည်းတော်ကို ဘုရားလောင်း မဟာသုတသောမ မင်းသည် "ဖခင်....အကျွန်ုပ်သည် ဥစ္စာဖြင့် စီးပွားခြင်းကို အလိုမရှိ၊ အကြားအမြင်ဖြင့် စီးပွားခြင်းကိုသာလျှင် အလိုရှိ၏" ဟု ဆို၍ ထိုခမည်းတော်ကို သိစေလိုရကား—

၄၃၅။ "ဣစ္ဆာမိ ဝေါ ဟံ သုတဝုဍ္ဎိ မတ္တနော" — အစရှိသော သုံးဂါထာတို့ကို ဆို၏။

၄၃၅။ ရာဇသေဋ္ဌ၊ မင်းတကာတို့ထက် မြတ်တော်မူသော။ တာတ၊ ခမည်းတော်မင်းမြတ်။ အဟံ၊ အကျွန်ုပ်သည်။ အတ္တနော၊ မိမိ၏။ သုတဝုဍ္ဎိံ၊ အကြားအမြင်ဖြင့် ကြီးပွားခြင်းကို။ ဣစ္ဆာမိ၊ အလိုရှိ၏။ သန္တော်၊ ငြိမ်သက်တည်ကြည်ကုန်သော။ သပ္ပုရိသာ စ၊ သူတော်ကောင်းတို့သည်လည်း။ ယံ မံ၊ အကြင် အကျွန်ုပ်သို့။ ဘဇေယျုံ၊ ဆည်းကပ်ကုန်ရာ၏။ သော အဟံ၊ ထိုအကျွန်ုပ်သည်။ မဟောဒမိ၊ မဟာသမုဒ္ဒရာသည်။ သဝန္တိဟိ၊ စီးဝင်လာကုန်သော မြစ်ငယ်တို့ဖြင့်။ နတပပွတိ ဣဝ၊ မရောင့်ရဲသကဲ့သို့။ သုဘာသိတေန၊ ကောင်းစွာဆိုအပ်သော စကားဖြင့်။ နတပ္ပါမိ၊ မရောင့်ရဲ။

၄၃၆။ ရာဇသေဋ္ဌ၊ မင်းတကာတို့ထက် မြတ်တော်မူသော။ တာတ၊ ခမည်းတော်မင်းမြတ်။ အဂ္ဂိ၊ မီးသည်။ တိဏကဋ္ဌံ၊ မြက်ထင်းကို။ ဒဟန္တော်၊ လောင်သည်ရှိသော်။ နတပပွတိ ယထာ၊ မရောင့်ရဲသကဲ့သို့လည်းကောင်း။ သာဂရော၊ မဟာသမုဒ္ဒရာသည်။ နဒီဟိ၊ မြစ်ငယ်တို့ဖြင့်။ နတပပွတိ ဣဝ၊ မရောင့်ရဲသကဲ့သို့လည်းကောင်း။ ဧဝမိဝ၊ ဤအတူလျှင်။

www.dhammadownload.com

ဝေ၊ စင်စစ်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သုတ္တာ၊ ကြားနာရ၍။ သုဘာသိတေန၊ ကောင်းစွာဆိုအပ်သော စကားဖြင့်။ နံ တပ္ပန္တိ၊ မရောင့်ရဲကုန်။

၄၂၃။ ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော။ တာတ၊ ခမည်းတော် မင်းမြတ်။ သကဿ၊ မိမိ၏။ ဒါသဿ၊ ကျွန်၏။ အတ္ထဝတိံ၊ အစီးအပွားရှိသော။ ယံ ဂါထံ၊ အကြင်ဂါထာကို။ ယဒါ၊ အကြင်အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ သုဏောမိ၊ ကြားနာရအံ့။ တမေဝ၊ ထိုဂါထာကို သာလျှင်။ သက္ကစ္စံ၊ ရိုသေစွာ။ နိသာမယာမိ၊ နာလျက်နေပါအံ့။ ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ မမ၊ အကျွန်ုပ်၏။ တိတ္တိ၊ ရောင့်ရဲခြင်းသည်။ နံ ဟိ အတ္ထိ၊ မရှိသလျှင်ကတည်း။

ပေါရိသာဒထံ သုဝးရမည်

ဤသို့သောစကားကို ဆိုပြီး၍ ''ဖခင်....အကျွန်ုပ်ကို ဥစ္စာဟူသော အကြောင်းကြောင့် မရေရွတ်ပါလင့်၊ အကျွန်ုပ်သည် တရားနာပြီးလျှင် လာပါအံ့ဟု ပေါရိသာဒအထံ၌ ကျိန်စာရွတ်၍ လာခဲ့ရ၏၊ ယခုအခါ အကျွန်ုပ်သည် ပေါရိသာဒ အထံသို့ သုံးရပါအံ့၊ သင် ဖခင်မင်းမြတ်၏ ဤတိုင်းပြည်ကို ယူတော်မူရစ်ကုန်လော့'' ဟု ဆို၍ တိုင်းပြည်ကို ခမည်းတော်အား အပ်နှင်းလိုရကား—

၄၂၀။ ဣဒံ တေ ရဋ္ဌံ သဓနံ သဒယာဂ်ံ၊
သကာယုရံ သဗ္ဗကာမူပပန္နံ။
ကိံ ကာမဟေတု ပရိဘာသသိမံ၊
ဂစ္ဆာမဟံ ပေါရိသာဒဿ ဥတ္တေ—

ဟူသော ဤဂါထာကို ဆို၏။

၄၂၀။ တာတ၊ ခမည်းတော်မင်းမြတ်။ သဓနံ၊ ရတနာဥစ္စာနှင့် တကွသော။ သယောဂ်ံ၊ ဆင်ယာဉ် မြင်းယာဉ်နှင့် တကွသော။ သကာယုရံ၊ မင်းမြောက်တန်ဆာနှင့် တကွသော။ သဗ္ဗကာမူပပန္နံ၊ အလုံးစုံသော ကာမဂုဏ်နှင့် ပြည့်စုံသော။ တေ၊ သင်ခမည်းတော်မင်းမြတ်၏။ ဣဒံ ရဋ္ဌံ၊ ဤတိုင်းပြည်ကို။ အန္နသာသ၊ ဆုံးမတော်မူရစ်လော့။ တာတ၊ခမည်းတော်

www.dhammadownload.com

မင်းမြတ်။ ကာမဟေတု၊ ဝတ္ထုကာမဟူသော အကြောင်းကြောင့်။ မံ၊ အက္ခန်ုင်ကို။ ကိ ံ၊ အဘယ့်ကြောင့်။ ပရိဘာသသိ၊ ရေရွတ်တော်မူဘိသနည်း။ အဟံ၊ အက္ခန်ုပ်သည်။ ပေါရိသာဒဿ၊ လူသားစား၏။ ဥတ္တေ၊ အထံသို့။ ဂစ္ဆာမိ၊ သွားရပါအံ့။

ခမည်းတော် နှိမ်နင်းမည်

ထိုသို့ သား တော် သုတသောမမင်း အပ် နှင်း သော အခါ၌ ခမည်းတော်မင်း၏ နှလုံးသည် အလွန်ပူပြင်း၏။ ထိုခမည်းတော် မင်းကြီးသည် "ချစ်သား သုဘသောမ....အဘယ့်ကြောင့် ဤစကားကို ပြောဆိုဘိသနည်း၊ ငါတို့သည် အင်္ဂါလေးပါးရှိသော စစ်သည်ဖြင့် လူသားစား ခိုးသူကို ဖမ်းယူကုန်အံ့" ဟု ဆို၍ ထိုအကြောင်းကို သားတော်အား ကြားလို ရကား—

၄၃၉။ အတ္ထာနုရက္ခာယ ဘဝန္တီ ဟေကေ၊
ဟတ္ထာရောဟာ ရထိကာ ပတ္တိကာစ။
အဿာရောဟေ ယေစ မနုဂ္ဂဟာ၊
သေနံ ပယူဇ္ဇာမ ဟနာမ သတ္တုံ—

ဟူသော ဤဂါထာကို ဆို၏။

၄၃၉။ တာတ သုတသောမ၊ ချစ်သား သုတသောမ။ ဧကေ၊ အချို့ကုန်သော ပညာရှိတို့သည်။ အတ္တာနုရက္ခာယ၊ မိမိကိုယ်ကို စောင့်ရှောက်ခြင်းငှာ။ ဘဝန္တိဟိ၊ ဖြစ်ကုန်သလျှင်ကတည်း။ ယေဟတ္ထာရောဟာ စ၊ အကြင်ဆင်စီး သူရဲတို့သည်လည်းကောင်း။ ယေရထိကာ စ၊ အကြင် ရထားစီး သူရဲတို့သည် လည်းကောင်း။ ယေပတ္တိကာ စ၊ အကြင်ခြေသည် သူရဲတို့သည် လည်းကောင်း။ ယေအဿာရောဟာ စ၊ အကြင်မြင်းစီးသူရဲတို့သည် လည်းကောင်း။ ယေမနုဂ္ဂဟာသေစ၊ အကြင်လေးစွဲ သူရဲတို့သည် လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ တေံသေနံ၊ ဤစစ်သည်အပေါင်းကို။ပယူဇ္ဇာမ၊ တိုက်စေကုန်အံ့။ သတ္တုံ၊ ရန်သူကို။ ဟနာမ၊ သတ်ကုန်အံ့။

တစ်နန်းတော်လုံး ငိုကြွေးကြပြီ

ထိုအခါ သားတော် မဟာသုတသောမမင်းကို မယ်တော် ခမည်းဘော်တို့သည် မျက်ရည်ဖြင့်ပြည့်သော မျက်နှာရှိကုန်သည် ဖြစ်၍ ငိုမြည်

www.dhammadownload.com

တမ်းကုန်လျက် "ချစ်သား သုတသောမ....မသွားပါလင့်၊ သွားခြင်းငှာ မရလတ္တံ့"ဟု တောင်းပန်ကုန်၏။ တစ်သောင်း ခြောက်ထောင်ကုန်သော မောင်းမတို့သည်လည်းကောင်း, ကြွင်းကုန်သော အလုပ်အကျွေးတို့သည်လည်းကောင်း "အရှင်မင်းကြီး....အကျွန်ုပ်တို့ကို ကိုးကွယ်ရာမရှိသည်တို့ကို ပြု၍ အဘယ်အရပ်သို့ ကြတော်မူမည်နည်း"ဟု ငိုကြွေးကုန်၏။ အလုံးစုံသော မြို့၌ တစ်စုံတစ်ယောက်သောသူသည် မိမိကိုယ်အဖြစ်ဖြင့် တည်ခြင်းငှာ မတတ်နိုင်သည်ဖြစ်၍ "အချင်းတို့....သုတသောမမင်းသည်ပေါရိုဿဒအား ဝန်ခံခြင်းကို ပေး၍ လာရသတတ်၊ ယခုအခါ လေ့းပါးကုန်သော သတာရဟ ဂါထာတို့ကို နာပြီး၍ တရားဟောပုဂ္ဂိုလ်အား ပူဇော်သကာရကိုပြု၍ မယ်တော် ခမည်းတော်တို့ကို ရှိခိုး၍ တစ်ဖန်လည်း လူသားစား ခိုးသူ၏ အထံသို့ သွားလိမ့်သတတ်"ဟု မြို့အလုံးသည် တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်ဖြစ်၏။

မသွား၍ မဖြစ်ပြီ

မဟာသုတသောမမင်းသည်လည်း မယ်တော် ခမည်းတော်တို့စကားကို ကြား၍ ထိုမယ်တော် ခမည်းတော်တို့အား အကြောင်းကို ကြားလိုရကား—

၄၈၀။ သုဒုက္ကရံ ပေါရိသာဒေါ အကာသိ၊
ဇီဝံ ဂဟေတ္ဝာန အဝဿဇိမံ။
တံ တာဒိသံ ပုဗ္ဗကိစ္စံ သရန္တော၊
ဒုတ္ဇော အဟံ တဿ ကထံ ဇနိန္ဒ—

ဟူသော ဤဂါထာကို ဆို၏။

၄၈၀။ ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော။ တာတ၊ ခမည်းတော် မင်းမြတ်။ ပေါရိုဿဒေါ၊ ပေါရိုဿဒသည်။ သုဒုက္ကရံ၊ အလွန်ပြုနိုင်ခဲစွာသော အမှုကို။ အကာသိ၊ ပြုပေ၏။ မံ၊ အကျွန်ုပ်ကို။ ဇီဝံဂဟေတ္ဝာန၊ အရှင်ဖမ်းဦး၍။ အဝဿဇိ၊ လွှတ်ပေ၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ တံ ပုဗ္ဗကိစ္စံ၊ ထိုရှေးကျေးဇူးကို။ သရန္တော၊ အောက်မေ့သော။ အဟံ၊ အကျွန်ုပ်သည်။ တဿ၊ ထိုပေါရိုဿဒအား။ ကထံ ဒုဇ္ဇော၊ အသို့ပြစ်မှားအံ့နည်း။

www.dhammadownload.com

ပေါရိုသာဒဆံ သွားပြီ

ထိုသုတသောမမင်းသည် မယ်တော် ခမည်းတော်တို့ကို နှစ်သိမ့်စေ၍ "အို မိခင် ဖခင်တို့....သင်မိခင် ဖခင်တို့သည် အကျွန်ုပ်ကို စိုးရိမ်တော် မမူကြပါကုန်လင့်၊ အကျွန်ုပ်သည် ပြုအပ်ပြီးသော ကောင်းမှုရှိ၏၊ အကျွန်ုပ် အားကာမဝစရနတ်ပြည်ခြောက်ထပ်နတ်တို့၌ဖြစ်သောစည်းစိမ်ချမ်းသာကို ရခဲသည် မဟုတ်" ဟု ဆို၍ မယ်တော် ခမည်းတော်တို့ကို ရှိခိုး၍ ကြွင်းသော ပရိသတ်ကိုလည်း နှစ်သိမ့်စေပြီး၍ ပေါရိုသာဒအထံသို့ သွားလေ၏။ ထိုအကြောင်းကို ထင်ရှားပြတော်မူလိုသော သဗ္ဗညု၊ မြတ်စွာဘုရားသည်—

၄၈၁။ ဝန္ဒိတ္ဝာ သော ပိတရံ မာတရဉ္စ၊
အနုသာ သေတ္ဝာ နေဂမဉ္စ ဗလဉ္စ။
သစ္စဝါဒီ သစ္စာနုရက္ခမာနော၊
အဂမာသိ သော ယတ္ထ ပေါရိုသာဒေါ—

ဟူသော ဤဂါထာကို ဟောတော်မူ၏။

၄၈၁။ ဘိက္ခဝေ၊ ရဟန်းတို့။ တဒါ၊ ထိုအခါ၌။သော၊ ထိုသုတသောမမင်းသည်။ မာတရဉ္စ၊မယ်တော်ကိုလည်းကောင်း။ ပိတရဉ္စ၊ ခမည်းတော်ကိုလည်းကောင်း။ ဝန္ဒိတ္ဝာ၊ ရှိခိုး၍။ နေဂမဉ္စ၊ နိဂုံးဇနပုဒ်သူအပေါင်းကို လည်းကောင်း။ ဗလဉ္စ၊ စစ်သည်ဗိုလ်ပါအပေါင်းကို လည်းကောင်း။ အနုသာသေတ္ဝာ၊ ဆုံးမပြီး၍။ သစ္စဝါဒီ၊ မှန်သောစကားကို ဆိုလေ့ရှိသော။ သော၊ ထိုသုတသောမ မင်းမြတ်သည်။ သစ္စာနုရက္ခမာနော၊ သစ္စာစောင့်ရှောက်လိုသည်ဖြစ်၍။ ယတ္ထ၊ အကြင်အရပ်၌။ ပေါရိုသာဒေါ၊ ပေါရိုသာဒသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ထိုအရပ်သို့။အဂမာသိ၊သွားလေ၏။

မဟာသုတသောမ မင်းသည် ထိုညဉ့်ပတ်လုံး နန်းတော်၌သာလျှင်နေပြီး၍ မိုးသောက်သောနေ့၌ အရုဏ်တက်သောအခါ မယ်တော် ခမည်းတော်တို့ကို ရှိခိုး၍ မယ်တော် ခမည်းတော်တို့မှကြွင်းသော လူအပေါင်းကို သက်သာရာ ရစေ၍ မျက်ရည်စွက်စိုဝိုင်သောမျက်နှာရှိသော အထူးထူးအပြားပြားဖြင့် ငိုကြွေးသော မင်းမောင်းမ အစရှိသော လူမျှားအပေါင်းသည် ပို့လိုက်အပ်သည်ဖြစ်၍ မြို့နန်းမှထွက်၏။ထိုလူအပေါင်းကို ပြန်လည်စိမ့်သောငှာ မတတ်နိုင်သည်ဖြစ်၍ ခရီး၌ လုံတံဖြင့် ဖီလာအရေးကို ငင်၍ "ငါ၌ ချစ်ခြင်းသည် အကယ်၍ ရှိငြားအံ့၊ ဤအရေးကို မလွန်စေကုန်

www.dhammadownload.com

သတည်း''ဟု ဆို၏။ လူအများသည် သီလရှိသော ဘုန်းတန်ခိုးနှင့် ပြည့်စုံသော မင်း၏အာဏာကို လွန်ခြင်းငှာ မဝံ့ကုန်သည်ဖြစ်၍ သည်းစွာသော အသံဖြင့် ငိုကြွေးလျက် ခြသေ့မင်းကဲ့သို့ တင့်တယ်စံပယ်လျက် ကြွသွားတော်မူသော ထို မဟာသုတသောမ မင်းမြတ်ကိုကြည့်၍ မဟာသုတသောမ မင်းသည် မြင်ကောင်းရာအရပ်ကို လွန်သည်ရှိသော် တစ်ပြိုင်နက် ငိုကြွေးခြင်းကို ငိုကြွေးလျက် မြို့တွင်းသို့ ဝင်ကြလေကုန်၏။

ငါ တရားနာပြီး ပြန်ခဲ့သည်

မဟာသုတသောမမင်းသည်သည်း လာခဲ့သော ခရီးဖြင့်လျင် ထို ပေါရိသာဒ အထံသို့ သွားလေ၏။ ထိုအခါ၌ ပေါရိသာဒသည် ဤသို့ ကြံလင့်၏။ ''အကယ်၍လျင် ငါ၏ အဆွေခင်ပွန်းဖြစ်သော မဟာသုတသောမ မင်းမြတ်သည် လာလိုသည် ဖြစ်အံ့, လာပစေ၊ မလာလိုသည်ဖြစ်အံ့, နေပစေ၊ ပညောင်ပင်စောင့်နတ်မင်းသည် ငါ့အား အကြင်အမှုကို ပြုလို၏၊ ထိုအမှုကို ပြုပစေ၊ ဤမင်းတို့ကိုသတ်၍ ငါးပါးသော မွန်မြတ်သော အသားဖြင့် နတ်အား ပူဇော်သော အမှုကို ပြုအံ့''ဟု ထင်းတို့ကို စုပုံပြီးလျင် မီးညှိ၍ ''မီးကျီးစုသည် ဖြစ်စေဦး'' ဟု ထို ပေါရိသာဒသည် တံစို့တို့ကို ချန်၍နေသော အခါ၌ သုတသောမ မင်းလည်း ရောက်လာ၏။ ထိုအခါ ပေါရိသာဒသည် သုတသောမမင်းကို မြင်၍ နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ''အဆွေ သုတသောမ.... မြို့နန်းသို့သွား၍ သင်သည် ပြုအပ်သော ကိစ္စကို ပြုခဲ့ပြီလော'' ဟု မေး၏။ မဟာသုတသောမ မင်းသည် ''မင်းကြီး.... ပြုခဲ့ပြီ၊ ငါသည် ကဿပ အမည်တော်ရှိသော သမ္မာသမ္ဗုဒ္ဓ၏ စွာဘုရားသည် ဟောတော်မူအပ်ကုန်သော ဂါထာတို့ကိုနာ၍ တရားဟော ပုဂ္ဂိုလ်အားလည်း ပူဇော်သက္ကာရကို ပြုအပ်ပြီ၊ ထို့ကြောင့် မြို့နန်းသို့ သွား၍ ပြုအပ်သော ကိစ္စကို ပြုအပ်ပြီးသည် မည်၏'' ဟု ပြောဆို၍ ထို အကြောင်းကို ပေါရိသာဒအား ပြလိုရကား-

၄၈၂။ ကတော မယာသင်္ဂရော ဗြာဟ္မဏေန၊
ရဋ္ဌေ သကေ ဣဿရိယေ ဌိတေန။
ကံ သင်္ဂံ ဗြာဟ္မဏ သမ္ပဒါယ၊
သစ္စာနုရက္ခီ ပုနရာဂတော သို့။
ယဇဿု ယညံ ခါဒ မံ ပေါရိသာဒ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၄၈၂။ သမ္မပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ သကေ၊ ငါ၏ဦးစွာ ဖြစ်သော။ ရဒ္ဓေ၊ တိုင်းနိုင်ငံ၌။ ဣဿရိယေ၊ မင်းအဖြစ်၌။ ဌိတေန၊ တည်သော။ မယာ၊ ငါသည်။ ဗြာဟ္မဏေန၊ နန္ဒပုဏ္ဏားနှင့်။ သဟ၊ တကွ။ ယော သင်္ဂရော၊ အကြင် အချိန်းအချက်ကို။ ကတော၊ ပြုအပ်၏။ တံ သင်္ဂရံ၊ ထိုအချိန်းအချက်ကို။ ဗြာဟ္မဏံ၊ နန္ဒပုဏ္ဏားကို။ သမ္မဒါယ၊ ပြည့်စုံစေဦး၍။ သစ္စာနုရက္ခီ၊ သစ္စာကို စောင့်လေ့ရှိသော ငါသည်။ ပုနရာဂတော၊ တစ်ဖန် သင့်အထံသို့ ပြန်လာသည်။ အသ္မိ၊ ဖြစ်၏။ သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ မံ၊ ငါ့ကို။ ဟန္ဒ၊ သတ်၍။ ယည်၊ ယင်္ကို။ ယဇဿု ဝါ။ ပူဇော်လိုလျှင်လည်း ပူဇော်လော့။ မံ၊ ငါ့ကို။ ခါဒ ဝါ၊ စားလိုမူလည်း စားလော့။

ငါ့အား တရားဟောပါ

ထိုစကားကို ကြား၍ ပေါရိသာဒသည် "ဤမင်းကား မကြောက်၊ သေဘေးမှ ကြောက်ခြင်းကင်းသည် ဖြစ်၍ ဆိုဘိ၏၊ ဤသို့ မကြောက်ခြင်းသည် အဘယ်တန်ခိုး၏ အာနုဘော်နည်း" ဟုကြံ၍ "တစ်ပါးသော ဘုန်းတန်ခိုး အာနုဘော်သည် မရှိရာ၊ ဤသုတသောမ မင်းသည် ကဿပမြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်သော ဂါထာတို့ကို ငါသည် နာအပ်ကုန်၏ဟု ဆို၏၊ ထိုဂါထာတို့၏ အာနုဘော် ဖြစ်ရာ၏၊ ငါသည်လည်း ကြောက်ခြင်း မရှိသည်ဖြစ်အံ့" ဟု ဆုံးဖြတ်ခြင်းကို ပြု၍ ထိုဂါထာတို့ကို နာလိုရကား—

၄၈၃။ နု ဟာယတေ ခါဒိတံ မယှံ ပစ္ဆာ၊
စိတကာ အယံ တာဝ သာဓုမိကာစ။
နိဒ္ဒြမကေ ပစိဟံ သာဓုပက္ကံ၊
သုဏောမိ ဂါထာယော သတာရဟာဒယာ—

ဟူသော ဤဂါထာကို ဆို၏။

၄၈၃။ သမ္မသုတသောမ၊ အဆွေ သုတဒသောမ။ မယှံ၊ ငါ့အား။ ပစ္ဆာ၊ နောက်၌။ ခါဒိတံ၊ စားခြင်းသည်။ နု ဟာယတေ၊ မဟုတ်။ တာဝ၊ ရှေးဦးစွာ။ အယံ စိတကာ၊ ဤ ထင်းစုသည်။ သဓုမိကာစသအဓုမိကာ စ ဧဝ၊ အခိုးအလှိုမရှိသည်လျှင်။ ဘဝါဟိ၊ ဖြစ်စေဦး။

www.dhammadownload.com

နိဒ္ဒြာမကော၊ အခိုးအလုံ့ မရှိသော မီးကျီးစုဥ်။ ပစိတံ၊ ကင်အပ်သော အမဲသည်။ သဒ္ဓေပက္ကံ၊ ကောင်းစွာ ကျက်၏။ သမ္မ သုတသောမ၊ အဆွေ သုတသောမ။ သတာရဟာယော၊ သတာရဟ ဖြစ်ကုန်သော။ ဂါထာ-ယော၊ ဂါထာတို့ကို။ သုဏောမိ၊ နာပါအံ့။

တရားနှင့် မတရားသူ မတန်

ထိုစကားကိုကြား၍ ဘုရားလောင်း သုတသောမမင်းသည် "ဤပေါရိုဏာဒသည် ယုတ်မာသော အကျင့်ရှိ၏။ ဤ ပေါရိုဏာဒကို အတန်ငယ် နှိပ်သဖြင့် ရှက်စေလျက် ဟောအံ့" ဟု ကြံ၍ နှိပ်လိုရကား—

၄၀၄။ အဓမ္မိကော တံ ပုရိသာဒ မကာသိ၊
ရဋ္ဌာ စ သင်္ဃော ဥဒရဿ ဟေတု။
ဓမ္မဉ္ဆိမာ အဘိဝဒန္တိ ဂါထာ၊
ဓမ္မော အဓမ္မော စ ကုဟိံ သမေတိ။
၄၀၅။ အဓမ္မိကဿ လုဒ္ဓဿ၊ နိစ္စံ လောဟိတပါဏိနော။
နတ္ထိ သစ္စံ ကုတော ဓမ္မော၊ ကိံ သုဒေန ကရိဿသိ—
ဟူသော ဤ နှစ်ဂါထာတို့ကို ဆို၏။

၄၀၄။ သမ္မပေါရိုဏာဒ၊ အဆွေ ပေါရိုဏာဒ။ တံ၊ သင်သည်။ အဓမ္မိကော၊ တရားမစောင့်သည်ဖြစ်၍။ ပုရိသာဒံ၊ လူသားစားခြင်းကို။ အကာသိ၊ ပြုဘိ၏။ ဥဒရဿ၊ ဝမ်း၏။ ဟေတု၊ အကြောင်းကြောင့်။ ရဋ္ဌာစ၊ တိုင်းနိုင်ငံမှလည်း။ ဘဋ္ဌော၊ လျှောက်၏။ သမ္မပေါရိုဏာဒ၊ အဆွေ ပေါရိုဏာဒ။ ဣမာ ဂါထာ၊ ဤ ဂါထာတို့သည်။ ဓမ္မဉ္ဆ၊ ကိုး ပါးသော လောကုတ္တရာ တရားကိုသာလျှင်။ အဘိဝဒန္တိ၊ အလွန် ဟော ကုန်၏။ ဓမ္မော စ၊ သူတော်ကောင်းတို့၏ အကျင့်သည်လည်းကောင်း၊ အဓမ္မော စ၊ သူယုတ်မာတို့၏ အကျင့်သည်လည်းကောင်း။ ကုဟိံ၊ အဘယ် အရပ်၌။ သမေတိ၊ ညီကြသနည်း။

၄၀၅။ သမ္မ ပေါရိုဏာဒ၊ အဆွေ ပေါရိုဏာဒ။ အဓမ္မိကဿ၊ တရားမဒစောင့်သော။ လုဒ္ဓဿ၊ ကြမ်းကြုတ်စွာသော။ နိစ္စံ၊ အမြဲ။ လောဟိတပါဏိနော၊ လက်၌ သွေးရှိသော။ ယဿ တော၊ အကြင် သင့်

www.dhammadownload.com

အား။ သစ္စံ၊ ဝစီသစ္စာသည်မျှလည်း။ နတ္ထိ၊ မရှိ။ ဓမ္မေဝ၊ တရား သည်ကား။ ကုတောအတ္ထိ၊ အဘယ်မှာရှိအံ့နည်း။ သေဝတုံ၊ ထိုသင်သည်။ သုတေန၊ အကြားအမြင်ဖြင့်။ ကိံ ကရိဿသိ၊ အသို့ပြုအံ့နည်း။

လူသားစားတာ လူသတ်တာ ဘာထူးသလဲ

ထို ပေါရိဏာဒသည် ဤသို့ သုတသောမမင်းဆိုသော်လည်း အမျက် မထွက်။ အဘယ့်ကြောင့် အမျက်မထွက်သနည်း ဟူမူကား ဘုရားလောင်း မဟာသုတသောမမင်း၏ မေတ္တာကို ပွားစေခြင်း၏ မျှားသည်၏ အဖြစ် ကြောင့် အမျက်မထွက် သလျင်ကတည်း။ ထိုအခါ သုတသောမမင်းကို ပေါရိဏာဒသည် "အဆွေ သုတသောမ.... အသို့နည်း၊ ငါသည်သာလျှင် တရားမစောင့်သလော" ဟု ဆို၍ ထို အကြောင်းကို သုတသောမ မင်း အား ကြားလိုရကား—

၄၈၆။ ယော မံသဟေတု မိဂံ စရေယျ၊
ယော ဝါဟနေ ပုရိသမတ္တဟေတု။
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ၊
ကဿာ နော အဓမ္မိကံ ဗြူသိ မံ တုံ—

ဟူသော ဤဂါထာကို ဆို၏။

၄၈၆။ သမ္မသုတသောမ၊ အဆွေ သုတသောမ။ ယော ရာဇာ၊ အကြင်မင်းသည်။ မံသဟေတု၊ အမဲကို အလိုရှိသောကြောင့်။ မိဂံ၊ သမင်တော၏။ စရေယျ၊ သွားရာ၏။ ယော ရာဇာဝါ၊ အကြင်မင်း သည်လည်း။ အတ္တဟေတု၊ မိမိအမှုကြောင့်။ ပုရိသံ၊ လူဖြစ်သော သတ္တဝါကို။ ဟနေ၊ သတ်ရာ၏။ ဥဘောပိ၊ နှစ်ပါးကုန်သော။ တေ ရာဇာ၊ ထိုမင်းတို့သည်။ ပေစ္စ၊ တမလွန်ဘဝ၌။ သမာ၊ တူမျှကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ကဿာ၊ အဘယ့်ကြောင့်။ မံ ဇဝ၊ ငါ့ကိုသာလျှင်။ အဓမ္မိကံ၊ တရားမစောင့်ဟူ၍။ တုံ၊ သင်သည်။ ဗြူသိ၊ ဆိုဘိသနည်း။

သင် မင်းကျင့်တရား ပျက်၏

ထိုစကားကို ကြား၍ ဘုရားလောင်း မဟာသုတသောမ မင်းသည် ထို ပေါရိဏာဒအယူကို ဖျက်ဆီးလိုရကား—

www.dhammadownload.com

၄၀၇။ ပဠုပဠုန ခါ ဘက္ခာ၊ ခတ္တိယေန ပဇာနတာ။
အဘက္ခံ ရာဇ ဘက္ခေသိ၊ တသ္မာ အဓမ္မိကော တုဝံ—

ဟူသော ဤဂါထာကို ဆို၏။

၄၀၇။ ရာဇ၊ မင်းကြီး။ ပဇာနတာ၊ မင်းကျင့်တရားကိုသိသော။ ခတ္တိယေန၊ ပြည့်ရှင်မင်းသည်။ ပဠုပဠု၊ ငါးပါး ငါးပါးကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ခါ-ခါဒိတဗ္ဗယုတ္တကာ၊ စားအပ်သည်နှင့် ယှဉ်ကုန်သော။ ဘက္ခာ၊ အစာတို့သည်။ နု ဟောန္တိ၊ မဖြစ်ကုန်။ အထ၊ ထို့ကြောင့်လျက်။ တုဝံ၊ သင်သည်။ အဘက္ခံ၊ မစားအပ်သော လူသားကို။ ဘက္ခေသိ၊ စားဘိ၏။ တသ္မာ၊ ထို့ကြောင့်။ တုဝံ၊ သင်သည်။ အဓမ္မိကော၊ တရားမစောင့်သည်။ ဇာတော၊ ဖြစ်၏။

သင် ရာဇမာယာကို မသိ

ဤသို့ ထိုပေါရိသဒဿည နှိပ်နင်းခြင်းသို့ ရောက်လျှင် တစ်ပါးသော ကိုးကွယ်ရာကိုမမြင်၍ မိမိမကောင်းမှုကို ဖုံးလွှမ်းလိုရကား—

၄၀၈။ မုတ္တော တုဝံ ပေါရိသဒဿ ဟတ္ထာ၊
ဂန္ဒာ သကံ မန္ဒိရံ ကာမကာမီ။
အမိတ္တဟတ္ထံ ပုနရာ ဂတောသိ၊
နု ခတ္တဓမ္မေ ကုသလောသိ ရာဇ—

ဟူသော ဤဂါထာကို ဆို၏။

၄၀၈။ ရာဇ၊ မင်းမြတ်။ ပေါရိသဒဿ၊ လူသား၏။ ဟတ္ထာ၊ လက်မှ။ မုတ္တော၊ လွတ်သော။ ကာမကာမီ၊ လိုချင် တောင့်တသော ကာမရှိသော။ တုဝံ၊ သင်သည်။ သကံမန္ဒိရံ၊ မိမိနန်းတော်သို့။ ဂန္ဒာ၊ သွား၍။ အမိတ္တဟတ္ထံ၊ ရန်သူလက်သို့။ ပုနရာဂတော၊ တစ်ဖန် လာပြန်သည်။ အသိ၊ ဖြစ်ဘိ၏။ ရာဇ၊ မင်းမြတ်။ တုဝံ၊ သင်မင်းမြတ်သည်။ ခတ္တ ဓမ္မေ၊ မင်းကျင့်တရားဟု ဆိုအပ်သော ရာဇမာယာ၌။ ကုသလော၊ လိမ္မာသည်။ နု အသိ၊ မဖြစ်။

www.dhammadownload.com

ရာဇမာယာဟာ ငရဲစာ

ထိုအခါ ပေါရိုဏာဒကို မဟာသုတသောမ မင်းသည် "အဆွေ ပေါရိုဏာဒ ရာဇမာယာ၌ လိမ္မာဆာသူ မည်သည်ကား ငါနှင့်တူသည် ဖြစ်ရာ၏၊ ထိုစကားသည် မှန်၏၊ ငါသည် ထိုရာဇမာယာကို သိ၏၊ ထိုသို့ သိသော်လည်း ထိုရာဇမာယာ အလိုဌာ မကျင့်" ဟု ဆို၍ ထိုအကြောင်း ကို ပေါရိုဏာဒအား ကြားလိုရကား—

၄၈၉။ ယေ ခတ္တာဓမ္မေ ကုသလာ ဘဝန္တိ၊
ပါယေန တေ နေရယိကာ ဘဝန္တိ။
တသ္မာ အဟံ ခတ္တာဓမ္မံ ပဟာယ၊
သစ္စာနုရက္ခီ ပုနရာဂတောသ္မိ။
ယဇ္ဇု ယညံ ခါဒ မံ ပေါရိုဏာဒ—

ဟူသော ဤဂါထာကို ဆို၏။

၄၈၉။ သမ္မ ပေါရိုဏာဒ၊ အဆွေပေါရိုဏာဒ။ ယေရာဇာနော၊ အကြင်မင်းတို့သည်။ ခတ္တာဓမ္မေ၊ ရာဇမာယာ၌။ ကုသလာ၊ လိမ္မာကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တေရာဇာနော၊ ထိုမင်းတို့သည်။ ပါယေ၊ များသောအားဖြင့်။ နေရယိကာ၊ ငရဲ၌ဖြစ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ ခတ္တာ ဓမ္မံ၊ ရာဇမာယာကို။ ပဟာယ၊ စွန့်၍။ သစ္စာနုရက္ခီ၊ သစ္စာကို စောင့်လေ့ရှိသည်ဖြစ်၍။ ပုနရာဂတောသ္မိ၊ တစ်ဖန်လာပြန်သည်။ အသ္မိ၊ ဖြစ်၏။ သမ္မပေါရိုဏာဒ၊ အဆွေပေါရိုဏာဒ။ မံ၊ ငါ့ကို။ ဟန္ဓ၊ သတ်၍။ ယညံ၊ ယဇ်ကို။ ယဇ္ဇု ဝါ၊ ပူဇော်လိုမူလည်း ပူဇော်လော့။ ခါဒ ဝါ၊ စားလိုမူလည်း စားလော့။

သစ္စာစောင့်သိ ဘယ်ကျိုးရှိ

ထိုစကားကိုကြား၍ ပေါရိုဏာဒသည် သစ္စာစောင့်ခြင်း၌ အကျိုး ကို သုတသောမမင်းအား မေးမြန်းလိုရကား—

၄၉၀။ ပေါဏာဒ ဝါဏာ ပထဝိဂတဏာ၊
ကာမိတ္ထိယော ကာသိကစန္ဒနဉ္စ။
သဗ္ဗံတဟိံ လဇ္ဇာသိသာမိတာယ၊
သစ္စေနကိံ ပဏသိ အာနိသံသံ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၄၉၀။ သမ္မသုတသောမ၊ အဆွေသုတသောမ။ ယေ ပါသာဒ-ဝါသာ စ၊ အကြင်နေရာ ရွှေနန်းပြာသာဒ်တို့၌ လည်းကောင်း။ ယေ ပထဝီ ဂဝဿာ စ၊ အကြင်မြေအပြင်၌ နွားမြင်းတို့သည် လည်းကောင်း။ ယံ ကာမိတ္ထိယော စ၊ အကြင်ကာမဂုဏ်၏ အကြောင်းဖြစ်သော မိန်းမတို့သည် လည်းကောင်း။ ယံ ကာသိကစန္ဒနန္တု၊ အကြင်ကာသီတိုင်းဌ ဖြစ်သော ပုဆိုး စန္ဒကူးနီသည် လည်းကောင်း။ ဗဟူ၊ များစွာကုန်သော။ တံ သဗ္ဗံ၊ ထို အလုံးစုံကို။ တဟိံ၊ ထိုဣန္ဒပတ္ထနဂိုရ်မြို့၌။ သာမိတာယ၊ အစိုးရသည်၏ အဖြစ်ကြောင့်။ ပရိဘုဉ်တုံ၊ သုံးဆောင်ခြင်းငှာ။ လဗ္ဘသိ၊ ရ၏။ အထ၊ ထိုသို့လျက်။ သစေ့စေန၊ သစ္စာဖြင့်။ ကိံ အာနိသံ၊ အဘယ်အကျိုးကို။ ပဿသိ၊ သင်မြင်သနည်း။

သစ္စာတည်က နိဗ္ဗာန်ရ

မဟာသုတသောမ မင်းသည် သစ္စာအကျိုးကို ထိုပေါရိသာဒအား ဟောလိုရကား—

၄၉၁။ ယေ့ကေစိမေ အတ္ထိ ရသာ ပထဗျာ၊
သစ္စံ တေသ သာဓုတရ ရသာနု။
သစ္စေ ဌိတာ သမဏာ်ပြာဟ္မဏာ စ၊
တရန္တိ ဇာတိ မ့ရဏဿ ပါရံ—

ဟူသော ဤဂါထာကို ဆို၏။

၄၉၁။ သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ ပထဗျာ၊ မြေအပြင်၌။ ယေကေစိ၊ အလုံးစုံကုန်သော။ ဣမေ၊ ဤသို့ သဘောရှိကုန်သော။ ရသာ၊ အရသာတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ တေသံ-ရသာနံ၊ ထိုအရသာတို့ထက်။ သစ္စံ၊ သစ္စာဟူသော အရသာသည်။ သာဓုရသံ၊ ကောင်းမြတ်သော အရသာမည်၏။ သစ္စေ၊ သစ္စာတရား၌။ ဌိတာ၊ တည်ကုန်သော။ သမဏာ်ပြာဟ္မဏာစ၊ ရဟန်းပုဏ္ဏားတို့သည်။ ဇာတိ-မ့ရဏဿ၊ ပဋိသန္ဓေနေခြင်း သေခြင်း၏။ ပါရံ၊ ကမ်းတစ်ဘက်သို့။ တရန္တိ၊ ကူးမြောက်နိုင်၏။

သင် သေရမှာ မကြောက်လော

ဤသို့ ထိုပေါရိသာဒအား မဟာသုတသောမ မင်းသည် သစ္စာအကျိုးအာနိသင်ကို ဟော၏။ ထိုနောင်မှ ပေါရိသာဒသည် ပွင့်သစ်သော

www.dhammadownload.com

ကြာပဒုမ္မာ လုပြည့်ဝန်းအသရေနှင့် တူသည်သာလျှင် ဖြစ်သော မဟာသုတသောမမင်းမြတ်၏ မျက်နှာတော်ကို ကြည့်၍ "ဤ သုတသောမမင်းသည် မီးကျီးပုံကိုလည်းမြင်၏၊ အမဲတံစို့ ချွန်သည်ကိုလည်း မြင်၏၊ ထို သုတသောမမင်းအား စိတ်၏ ထိတ်လန့်ခြင်းမျှလည်း မရှိ၊ အသို့နည်း၊ ဤသို့ မကြောက်မလန့်ခြင်းသည် သတာရဟဂါထာ၏ အာနုဘော်လော၊ ထိုသို့ မဟုတ်မူ သစ္စာ၏ အာနုဘော်လော၊ တစ်ပါးလည်းဖြစ်သော တစ်စုံတစ်ခု၏ အာနုဘော်လေလော" ဟု ကြံ၍ ရှေးဦးစွာ ထို သုတသောမမင်းကို ငါမေးအံ့ဟု မေးလိုရကား—

၄၉၂။ မုတ္တော တုဝံ ပေါရိသာဒဿ ဟတ္ထာ၊
ဂန္ဓာ သကံ မန္ဒိရံ ကာမကာမီ။
အမိတ္တာဟတ္ထံ ပုနရာဂတောသိ၊
နု ဟိ နူ နု တေ မရဏာဘယံ ဇနိန္ဒ။
အလီနစိတ္တော အသိ သစ္စဝါဒီ—
ဟူသော ဤဂါထာကို ဆို၏။

၄၉၂။ ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော။ မဟာရာဇ၊ မင်းမြတ်။ ပေါရိသာဒဿ၊ လူသားစား၏။ ဟတ္ထာ၊ လက်မူ။ မုတ္တော၊ လွတ်ပြီးသော။ ကာမကာမီ၊ လိုချင်တောင့်တသော ကာမဂုဏ် ရှိသော။ တုဝံ၊ အရှင်မင်းမြတ်သည်။ သကံမန္ဒိရံ၊ မိမိနန်းတော်သို့။ ဂန္ဓာ၊ သွားဦး၍။ အမိတ္တာဟတ္ထံ၊ ရန်သူ့လက်သို့။ ပုနရာဂတော၊ တစ်ဖန်ပြန်လာသည်။ အသိ၊ ဖြစ်၏။ သစ္စဝါဒီ၊ မှန်သောစကားကို ဆိုလေ့ရှိသော။ မဟာရာဇ၊ မင်းမြတ်။ တေ၊ သင် မင်းမြတ်အား။ မရဏာဘယံ၊ သေဘေးမှ ကြောက်ခြင်းသည်။ နု ဟိ နူ နု၊ မရှိလေယောင်တကား။ အလီနစိတ္တော၊ မတွန့်မဆုတ်သော စိတ်ရှိသည်။ အသိ နု၊ ဖြစ်ယောင်တကား။

ကုသိုလ်မျှားလို့ သေဖို့မကြောက်

ထိုစကားကို ကြား၍ ဘုရားလောင်း မဟာသုတ သောမမင်းသည် ထိုပေါရိသာဒအား မိမိမကြောက်သော အကြောင်းကို ကြားလိုရကား—

www.dhammadownload.com

၄၉၃။ "ကတာ မေ ကလျာဏာ အနေကရူပါ"—အစရှိသော ဤရှစ်ဂါထာတို့ကို ဆို၏။

၄၉၃။ သမ္မပေါရိလာဒ၊ အဆွေပေါရိသာဒ။ မေ၊ ငါသည်။ အနေကရူပါ၊ မျိုးသောအပြား ရှိကုန်သော။ ကလျာဏာ၊ ကောင်းမှုတို့ကို။ ကတာ၊ ပြုအပ်ကုန်ပြီ။ ဝိပုလာ၊ ပြန့်ပြောစွာကုန်သော။ ပသဒ္ဒာ၊ ပညာရှိ သူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန်သော။ ယေ ယညာ၊ အကြင် ယဇ်တို့ကို။ ယိဒ္ဓာ၊ ပူဇော်အပ်ကုန်ပြီ။ ပရလောကဿ၊ တမလွန်လောက၏။ မဂ္ဂေါ၊ ခရီးကို။ ဝိသောဓိတော၊ ငါ သုတ်သင်အပ်ပြီ။ ဓမ္မေ၊ ကုသိုလ်တရားဌာန်။ ဌိတော၊ တည်သော။ မာဒိသော၊ ငါနှင့်တူသော။ ကော၊ အဘယ်မည်သောသူသည်။ မရဏာဿ၊ သေဘေးမှ။ ဘာယေ၊ ကြောက်ရအံ့နည်း။

၄၉၄။ သမ္မပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ မေ၊ ငါသည်။ အနေကရူပါ၊ မျိုးသော အပြားရှိကုန်သော။ ကလျာဏာ၊ ကောင်းမှုတို့ကို။ ကတာ၊ ပြုအပ်ကုန်ပြီ။ ဝိပုလာ၊ ပြန့်ပြောစွာကုန်သော။ ပသဒ္ဒာ၊ ပညာရှိ သူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန်သော။ ယေ ယညာ၊ အကြင်ယဇ်တို့ကို။ ယိဒ္ဓာ၊ ပူဇော်အပ်ကုန်ပြီ။ အနာနုတပ်ပံ၊ တစ်ဖန် စိုးရိမ်ခြင်း မရှိသည်ဖြစ်၍။ ပရလောကံ၊ တမလွန်လောကသို့။ ဂမိဿံ၊ ငါ သွားအံ့။ သမ္မပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ မံ၊ ငါ့ကို။ ဟန္ဒ၊ သတ်၍။ ယည်ံ၊ ယဇ်ကို။ ယဇဿု ဝါ၊ ပူဇော်လိုမူလည်း ပူဇော်လော့။ အဒ ဝါ၊ စားလိုမူလည်း စားလော့။

၄၉၅။ သမ္မပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ မေ၊ ငါသည်။ ပိတာ စ၊ အဘကိုလည်းကောင်း။ မာတာ စ၊ အမိကို လည်းကောင်း။ ဥပဒ္ဒိတာ၊ ရှိသေစွာ လုပ်ကျွေး အပ်ကုန်ပြီ။ မေ၊ ငါသည်။ ဓမ္မေန၊ ဆုဇမံဆယ်ပါးနှင့်အညီ။ လ္ဟဿရိယဉ္စ၊ တိုင်းပြည်ကိုလည်း။ ပသဒ္ဒံ၊ ဆုံးမအပ်ပြီ။ ပရလောကဿ၊ တမလွန်လောက၏။ မဂ္ဂေါ၊ ခရီးကို။ ဝိသော-ဓိတော၊ သုတ်သင်အပ်ပြီ။ ဓမ္မေ၊ ကုသိုလ်တရားဌာန်။ ဌိတော၊ တည်သော။ မာဒိသော၊ ငါနှင့်တူသော။ ကော၊ အဘယ်သူသည်။ မရဏာဿ၊ သေဘေးမှ။ ဘာယေ၊ ကြောက်ပေလိမ့်နည်း။

www.dhammadownload.com

၄၉၆။ သမ္မပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ မေ၊ ငါသည်။ ပိတာ စ၊ အဘာကို လည်းကောင်း။ မာတာ စ၊ အမိကို လည်းကောင်း။ ဥပဋ္ဌိတာ၊ ရှိသေစွာ လုပ်ကျွေးအပ်ကုန်ပြီ။ မေ၊ ငါသည်။ ဓမ္မေန၊ ရာဇဓံဆယ်ပါးနှင့်အညီ။ ဣဿရိယံ၊ တိုင်းပြည်ကို။ ပသဋ္ဌံ၊ ဆုံးမအပ်ပြီ။ အနာနုတပ္ပံ၊ တစ်ဖန် စိုးရိမ်ခြင်းမရှိသည်ဖြင့်၍။ ပရလောကံ၊ တမလွန်လောကသို့။ ဂမိဿံ၊ ငါသွားအံ့။ မံ၊ ငါ့ကို။ ဟန္ဒ၊ သတ်၍။ ယည်ံ၊ ယဇ်ကို။ ယဇဿု ဝါ၊ ပူဇော်လိုမူလည်း ပူဇော်လော့။ အဒ ဝါ၊ စားလိုမူလည်း စားလော့။

၄၉၇။ သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ မေ၊ ငါသည်။ ဉာတီသု၊ အဆွေအမျိုးတို့၌ လည်းကောင်း။ မိတ္တေသု၊ အဆွေခင်ပွန်းတို့၌ လည်းကောင်း။ ကာတာကာရာ၊ ကျေးဇူးပြုအပ်ကုန်ပြီ။ မေ၊ ငါသည်။ ဓမ္မေန၊ ရာဇဓံ ဆယ်ပါးနှင့် အညီ။ ဣဿရိယံ၊ တိုင်းပြည်ကို။ ပသဋ္ဌံ၊ ဆုံးမအပ်ပြီ။ ပရလောကသ၊ တမလွန်လောက၏။ မဂ္ဂေါ၊ ခရီးကို။ ဝိသောဓိတော၊ ငါသုတ်သင်အပ်ပြီ။ ဓမ္မေ၊ကုသိုလ်တရား၌။ ဌိတော၊ တည်သော။ မာဒိသော၊ ငါနှင့်တူသော။ ကော၊ အဘယ်သူသည်။ မရဏဿ၊ သေဘေးမှ။ ဘာယေ၊ ကြောက်ရအံ့နည်း။

၄၉၈။ သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ မှယာ၊ ငါသည်။ ဉာတီသု၊ အဆွေအမျိုးတို့၌ လည်းကောင်း။ မိတ္တေသု၊ အဆွေခင်ပွန်းတို့၌ လည်းကောင်း။ ကတာကာရာ၊ ကျေးဇူးပြုအပ်ကုန်ပြီ။ မေ၊ ငါသည်။ ဓမ္မေန၊ ရာဇဓံ ဆယ်ပါးနှင့်အညီ။ ဣဿရိယံ၊ တိုင်းကားပြည်ရွာကို။ ပသဋ္ဌံ၊ ဆုံးမအပ်ပြီ။ အနာနုတပ္ပံ၊ တစ်ဖန် စိုးရိမ်ခြင်း မရှိသည်ဖြစ်၍။ ပရလောကံ၊ တမလွန်လောကသို့။ ဂမိဿံ၊ ငါသွားအံ့။ မံ၊ ငါ့ကို။ ဟန္ဒ၊ သတ်၍။ ယည်ံ၊ ယဇ်ကို။ ယဇဿုဝါ၊ ပူဇော်လိုမူလည်း ပူဇော်လော့။ ခါဒ ဝါ၊ စားလိုမူလည်း စားလော့။

၄၉၉။ သမ္မပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ မေ၊ ငါသည်။ ဗဟုဓာ၊ များသော အပြားအားဖြင့်။ ဗဟူနံ၊ များစွာကုန်သော သူတို့အား။ ဒါနံ၊ အလှူကို။ ဒိန္နံ၊ ပေးလှူအပ်ပြီ။ သမဏဗြာဟ္မဏာ စ၊ ရဟန်းပုဏ္ဏားတို့ကိုလည်း။ သန္တပ္ပိတာ၊ ရောင့်ရဲစေအပ်ကုန်ပြီ။ ပရလော-

www.dhammadownload.com

ကဿ၊ တမလွန်လောက၏။ မင်္ဂါ၊ ခရီးကို။ ဝိဿာဓိတော၊ ငါ သုတ် သင်အပ်ပြီ။ ဓမ္မေ၊ ကုသိုလ်တရား၌။ ဌိတော၊ တည်သော။ မာဒိသော၊ ငါနှင့်တူသော။ ကော၊ အဘယ်သူသည်။ မရဏဿ၊ သေဘေးမှ။ ဘာယေ၊ ကြောက်ရအံ့နည်း။

၅၀၀။ သမ္မပေါရိသာဒ၊ အဆေ့ပေါရိသာဒ။ မေ၊ ငါသည်။ ဗဟုဓာ၊ များသောအပြားဖြင့်။ ဗဟူနံ၊ များစွာကုန်သော သူတို့အား။ ဒါနံ၊ အလှူကို။ ဒိန္နံ၊ ပေးလှူအပ်ပြီ။ သမဏဗြာဟ္မဏာ စ၊ ရဟန်းပုဏ္ဏား တို့ကိုလည်း။ သန္တပ္ပိတာ၊ ရောင့်ရဲစေအပ်ကုန်ပြီ။ အနာနုံတပ်ပံ၊ တစ်ဖန် စိုးရိမ်ခြင်း မရှိသည်ဖြစ်၍။ ပရလောကံ၊ တစလွန်လောကသို့။ ဂမိဿံ၊ ငါသွားအံ့။ မံ၊ ငါ့ကို။ ဟန္ဒ၊ သတ်၍။ ယည်ံ၊ ယင်္ဂကို။ ယဇဿု ဝါ၊ ပူဇော်လိုမူလည်း ပူဇော်လော့။ ခါဒ ဝါ၊ စားလိုမူလည်း စားလော့။

သတ္ထာရဟ ဂါထာကို ဟော်ပါ

ထိုစကားကိုကြား၍ ပေါရိသာဒသည် "ဤ သုတသောမမင်းကြီး သည် သူတော်ကောင်းပေတည်း၊ ဉာဏ်ပညာနှင့် ပြည့်စုံ၏၊ သာယာစွာ သောစကားကို ပြောတတ်၏။ အကယ်၍ ငါသည် ဤ သုတသောမမင်း မြတ်ကို စားအံ့၊ ငါ၏ ဦးခေါင်းသည် ခုနစ်စိတ်ကွဲရာ၏၊ ဤမြေကြီးသည် မူလည်း နှစ်ဖြာကွဲ၍ ငါ့ကို မျိုချေရာ၏" ဟု ကြောက်ထိတ်လန့်သည်ဖြစ်၍ "အခေ့ဆ သုတသောမ မင်းမြတ်....ငါသည် သင်မင်းမြတ်ကို စားအပ် သော သဘောရှိသည် မဖြစ်" ဟု ဆို၍ ထိုအကြောင်းကို မဟာသုတသောမ မင်းကြီးအား ကြားလိုရကား—

၅၀၁။ ဝိသံ ဗဇ္ဈာနံ ပုရိသော အဒေယျ၊
အာသိဝိသံ ဇလိတမုဂ္ဂတေဇံ။
မုဒ္ဓါပိ တဿ ဖလေယျ သတ္တဓာ၊
ယော တာဒိသံ သစ္စဝါဒိံ အဒေယျ—

ဟူသော ဤဂါထာကို ဆို၏။

၅၀၁။ သမ္မသုတသောမ၊ အခေ့ သုတသောမ။ ယော ပုရိသော၊ အကြင်ယောကျ်ားသည်။ ပဇ္ဈာနံ-ပဇ္ဈာနန္တော၊ သိလျက်။ ဝိသံ၊ လတ်

www.dhammadownload.com

တလော သေစေတတ်သော အဆိပ်ကို။ အဒေယျ၊ စားငြားအံ့။ ယော ပုရိသော။ အကြွင်ယောကျ်ားသည်။ ဇလိတံ၊ အဆိပ်တန်ခိုးဖြင့် ပြောင် ပြောင်တောက်သော။ ဥဂ္ဂတေဇံ၊ ထက်သော တန်ခိုးရှိသော။ အာသိဝိသံ၊ လျင်သော အဆိပ်ရှိသောမြွေကို။ ဂဏှေယျ၊ ကိုင်ငြားအံ့။ သောပုရိသော၊ ထိုယောကျ်ားသည်။ အာသုံ၊ မချုတ်။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ပါပုဏေယျ၊ ရောက်ရာ၏။ ယော၊ အကြွင်သူသည်။ သစ္စဝါဒီ၊ မှန်သောစကား ကိုဆိုလေ့ရှိသော။ တာဒိသံ၊ သင်မင်းကြီးကဲ့သို့သော သူကို။ ခါဒေယျ၊ စားငြားအံ့။ တဿ၊ ထိုသူ၏။ မုဒ္ဓါပိ၊ ဦးခေါင်းသည်လည်း။ သတ္တဓာ၊ ခုနစ်စိတ်။ ဖလေယျ၊ ကွဲရာ၏။

ဤသို့လျှင် ထိုပေါရိုသာဒသည် ဘုရားလောင်း မဟာသုတသောမ မင်းကို လတ်တလော သေစေတတ်သော အဆိပ်နှင့်တူသည်ကို ပြု၍ "အဘယ်သူသည် သင့်ကို စားလတ္တံ့နည်း" ဟု ဆို၍ ထို သတာရဟာဂါထာတို့ကို နာလိုသည်ဖြစ်၍ မဟာသုတသောမမင်းကို တောင်းပန်သဖြင့် ထိုသုတသောမမင်းသည် တရားဥစ္စာ ရှိသေခြင်းကို ဖြစ်စိမ့်သောငှာ "အဆွေ ပေါရိုသာဒ....သင်သည် ဤသို့ သဘောရှိကုန်သော အပြစ်မရှိကုန်သော ဂါထာတို့၏ တည်ရာမဟုတ်ဟု ပယ်သော်လည်း ဇမ္မူဒီပ်ကျွန်းအလုံးဥစ္စာ ဤ သုတသောမမင်းနှင့်တူသော ပညာရှိ မည်သည် မရှိ၊ ဤ သုတသောမမင်း သည် ငါ၏လက်မှ လွတ်သဖြင့် သွားလေ၍ ထိုဂါထာတို့ကို နာပြီးလျှင် တရားဟောပုဂ္ဂိုလ်အား ပူဇော်သက္ကာရပြု၍ မိမိနဖူးပြင်ဖြင့် သေစာကိုယူ၍ တစ်ဖန် ငါ၏ အထံသို့လာပြန်၏၊ ထိုဂါထာတို့သည် အလွန် ကောင်းမြတ် သော သဘောရှိသည် ဖြစ်ကုန်လတ္တံ့" ဟု လွန်စွာ တရားနာခြင်းဥစ္စာ ကောင်းစွာဖြစ်သော ရှိခြင်း ရှိသည်ဖြစ်၍ ထိုသုတသောမမင်းကို တောင်းပန်လိုရကား—

၅၀၂။ သုတ္ဘာ ဓမ္မံ ဝိဇာနန္တိ၊ နာရာ ဂလျာဏ ပါပကံ။
အပိ ဂါထာ သုဏိတ္ဘာန၊ ဓမ္မေ မေ ရမတေ မနော—

ဟူသော် ဤဂါထာကို ဆို၏။

၅၀၂။ သမ္မသုတသောမ၊ အဆွေ သုတသောမ။ နရာ၊ လူတို့သည်။ ဓမ္မံ၊ တရားကို။ သုတ္ဘာ၊ ကြားနာကုန်ပြီး၍။ ကလျာဏ ပါပကံ၊ ကောင်း

www.dhammadownload.com

သည် မကောင်းသည်ကို။ ဝိဇာနန္တိ၊ သိရကုန်၏။ ဂါထာ၊ ဂါထာကို။ သုဏိတ္ဝာန၊ နာရသောကြောင့်။ မေ၊ ငါ၏။ မနော၊ စိတ်သည်။ ဓမ္မေ၊ တရား၌။ အပိ ရမတေ၊ မွေ့လျော်ပါ၏ဘုရားအံ့လည်း မသိ။

ထိုသို့ တောင်းပန်သောအခါ မဟာသုတသောမ မင်းသည် "ယခု အခါ ပေါရိုဏာဒသည် နာလိုပြီ၊ ငါဟောအံ့" ဟု ကြံ၍ "အဆွေ ပေါရိုဏာဒ....ထိုသို့တပြီးကား ကောင်းစွာ နာခလော့" ဟု ထိုပေါရိုဏာဒကို နားထောင်စေ၍ နန္ဒပုဏ္ဏားသည် ဟောအပ်သောနည်းဖြင့်လျှင် ဂါထာတို့ကို ချီးမွမ်းခြင်းကို ပြုသဖြင့် ကာမာဝစရ နတ်ပြည် ခြောက်ထပ်တို့၌ တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်ပြု၍ နတ်တို့သည် ကောင်းချီးပေးကုန်သည်ရှိသော် ဘုရားလောင်း မဟာသုတသောမ မင်းသည် ထိုပေါရိုဏာဒအား ဟောလိုရကား—

၅၀၃။ သကိံ ဒေဝ မဟာရာဇ၊ သဗ္ဗံ ဟေဒံ သမာဂမော။
သာ နံ သင်္ကတိ ပါလေတိ၊ နာသဗ္ဗံ ဗဟု သင်္ဂမော။
၅၀၄။ သဗ္ဗံရေဝ သမာသေထ၊ သဗ္ဗံ ကုပ္ပေထ သန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊ သေယျော ဟောတိ နု ပါပိယော။
၅၀၅။ ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော နု ဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။
၅၀၆။ နဘဉ္စ ဒူရေ ပထဝီ စ ဒူရေ၊
ပါရံ သမုဒ္ဒဿ တဒါဟု ဒူရေ။
တတော ဟဝေ ဒူရတရံ ဝဒန္တိ၊
သတဉ္စ ဓမ္မော အသတဉ္စ ရာဇ—
ဟူသော ဤလေးဂါထာတို့ကို ဟော၏။

၅၀၃။ မဟာရာဇ၊ မင်းမြတ်။ သဗ္ဗံ၊ သူတော်ကောင်းတို့နှင့်။ သကိံ ဒေဝ၊ တစ်ကြိမ်သာလျှင်။ ယော သမာဂမော၊ အကြင်ပေါင်းဖော်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သာသင်္ကတိ၊ ထိုသို့ ပေါင်းဖော်ခြင်းသည်။ နံ၊ ထိုသူကို။ ပါလေတိ၊ စောင့်ရှောက်ပေ၏။ အသဗ္ဗံ၊ သူတော်မဟုတ် သူ

www.dhammadownload.com

ယုတ်မာတို့နှင့်။ ဗဟု၊ အကြိမ်များစွာ။ ယော သင်္ကန်မော၊ အကြောင်ပေါင်း ဖော်ခြင်းသည်။ နံ၊ ထိုသူကို။ နပါလေတိ၊ မစောင့်ရှောက်။

၅၀၄။ ရာဇာ၊ မင်းမြတ်။ သင်္ဘာရော၊ သူတော်ကောင်းတို့နှင့် သာလျှင်။ သမာသေထ၊ ပေါင်းဖော်ကုန်ရာ၏။ သင်္ဘာ၊ သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ ပေါင်းဖော်ခြင်းကို။ ကုဗ္ဗထ၊ ပြုကုန်ရာ၏။ သတံ၊ ဘုရားအစရှိသော ပညာရှိတို့၏။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အညာယ၊ သိ၍။ သေယျော၊ အထူးသဖြင့် မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ပါပိဒယာ၊ ယုတ်မာသည်။ နဟောတိ၊ မဖြစ်ရာ။

၅၀၅။ ရာဇာ၊ မင်းမြတ်။ သုစိတ္တာ၊ ကောင်းစွာ ဆန်းကြယ်ကုန်သော။ ရာဇရထာ၊ မင်းစီးရထားတို့သည်။ ဝေ၊ စင်စစ်။ ဇီရန္တိ၊ ဆွေးမြေ့ ပျက်စီးတတ်ကုန်၏။ အထော၊ ထို့မျှို့။ သရီရမ္ပိ၊ ခန္ဓာကိုယ်သည်လည်း။ ဇရံ၊ အိုခြင်းသို့။ ဥပေတိ၊ ရောက်တတ်၏။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မော စ၊ နိဗ္ဗာန်တရားသည်ကား။ ဇရံ၊ အိုခြင်းသို့။ နဥပေတိ၊ မရောက်။ သန္တော၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည်။ သင်္ဘိ၊ နိဗ္ဗာန်တရားကို။ ဟဝေ၊ စင်စစ်။ ပဝေဒယန္တိ၊ ချီးမွမ်းကုန်၏။

၅၀၆။ ရာဇာ၊ မင်းမြတ်။ နဘဉ္ဉ၊ ကောင်းကင်သည်လည်း။ ဒူရေ၊ မြေနှင့်ဝေး၏။ ပထဝီ စ၊ မြေသည်လည်း။ ဒူရေ၊ ကောင်းကင်နှင့် ဝေး၏။ သမုဒ္ဒဿ၊ သမုဒ္ဒရာ၏။ ယံ ပါရံ၊ အကြင် ကမ်းတစ်ဖက်သည်။ အတ္ထိ၊ ရှိ၏။ တံ ပါရံ၊ ထိုကမ်းတစ်ဖက်ကို။ ဒူရေ၊ ဝေး၏ဟူ၍။ အာဟု၊ ဆိုကုန်၏။ တတော၊ ထိုကောင်းကင်နှင့် မြေ သမုဒ္ဒရာကမ်းတစ်ဖက် ဝေးသောထက်။ ဟဝေ၊ စင်စစ်။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မော စ၊ တရား သဘောသည် လည်းကောင်း။ အသတံ၊ သူဘော်မဟုတ် သူယုတ်မာတို့၏။ ဓမ္မော၊ တရားသဘောသည် လည်းကောင်း။ ဒူရတရံ၊ အလွန်ဝေး၏ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။

လိုဿာဆု ၄-ခု ပေးပြီ

ထိုပေါရိသာဒအား သုတသောမမင်းသည် ကောင်းစွာ ဟောအပ်သည်၏ အဖြစ်ကြောင့် လည်းကောင်း, မိမိပညာရှိသည်၏ အဖြစ်ကြောင့်

www.dhammadownload.com

လဲည်းကောင်း "ထိုဂါထာတို့ကို သပ္ပဉ္ဉု မြတ်စွာဘုရားသည် ဟောတော်မူသကဲ့သို့တကား" ဟု ကြံဆင်ခြင်သော ထိုပေါရိသာဒ၏ ကိုယ်အလုံးသည် ငါးပါးအပြားရှိသော ပီတိဖြင့်ပြည့်၏။ မဟာသုဘသောမမင်း၌ နှုးညံ့သော စိတ်ရှိသည်ဖြစ်၏။ ထီးဖြူကို ပေးတတ်သော အဖကဲ့သို့ မဟာသုဘသောမမင်းကို ထင်မှတ်၏။ ထိုပေါရိသာဒသည် "ငါသည် မဟာသုတသောမမင်းအား ပေးအပ်သော တစ်စုံတစ်ခုသော ရွှေငွေကို မမြင်၊ ထိုမဟာသုတသောမမင်းအား တစ်ဂါထာ တစ်ဂါထာဖြင့် တစ်ပါး တစ်ပါးစီသော ဆုကို ပေးအံ့ဟုကြံ၍ ဆုကိုပေးလိုရကား--

၅၀၇။ ဂါထာ ဣမာ အတ္ထဝတီ သုဗျဥ္ဇနာ၊
သုဘာသိတာ တုယှ ဇနိန္ဒ သုတ္တာ။
အာနန္ဒီ ဝိတ္တော သုမနော ပတီတော၊
စတ္တာရိတေ သမ္မ ဝရေ ဒဒါမိ--

ဟူသော ဤဂါထာကို ဆို၏။

၅၀၇။ ဇနိန္ဒ၊ လူတကာတို့ကို အစိုးရတော်မူသော။ သမ္မ သဲတသောမ၊ အဆွေသုတသောမ။ အတ္ထဝတီ၊ ကောင်းသော အနက်ရှိကုန်သော။ သုဗျဥ္ဇနာ၊ ကောင်းသော ,သဒ္ဒါရှိကုန်သော။ တုယှံ၊ သင်သည်။ သုဘာသိတာ၊ ကောင်းစွာဟောအပ်ကုန်သော။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ သုတ္တာ၊ နာ၍။ အာနန္ဒီ၊ ဝမ်းမြောက်ခြင်း ရှိသော။ ဝိတ္တော၊ နှစ်သက်ခြင်းရှိသော။ သုမနော၊ ရွှင်လန်းသောစိတ်ရှိသော။ ပတီတော၊ ဝမ်းမြောက်ခြင်းရှိသော။ သောအဟံ၊ ထိုငါသည်။ တေ၊ သင့်အား။ စတ္တာရိ၊ လေးပါးကုန်သော။ ဝရေ၊ ဆုတို့ကို။ ဒဒါမိ၊ ပေး၏။

နှုတ်ဆု ပေးမှာလား

ထိုအခါ ပေါရိသာဒကို မဟာသုတသောမ မင်းသည် အချင်းပေါရိသာဒ သင်သည် အဘယ်မည်သောဆုကို ပေးအံ့နည်းဟု ခြိမ်းမောင်းလိုရကား--

၅၀၈။ ယော နာတ္တာနော မရဏံ ဗုဇ္ဈသိ ဘုံ၊
ဟိတာဟိတံ ဝိနိပါတဥ္စသဂ္ဂံ။
ဂိဒ္ဓေါ ရသေ ဒုစ္စရိတေ နိဝိဋ္ဌော၊
ကိံ တုံ ဝရံ ဒဿသိ ပါပဓမ္မ။

www.dhammadownload.com

၅၀၉။ အဟဉ္စတံ ဒေဟိ ဝရန္တိ ဝဇ္ဇံ၊
တဉ္စာပိ ဒတ္ဝာန အဝါကရေယ္ယ။
သန္နိဋ္ဌိကံ ကလဟ မိမံ ဝိဝါဒံ၊
ကော ပဏ္ဍိတော ဇာနိ မုပဇ္ဈဧယ္ယ—
ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၅၀၈။ ပါပဓမ္မေ၊ယုတ်မာသောအကျင့်ရှိသော။ သမ္မေပါရိသာဒ၊ အဆွေပေါရိသာဒ။ ယော တုဝံ၊ အကြင် သင်သည်။ အတ္တာနော၊ မိမိ၏။ မရဏံ၊ သေခြင်းကို။ နာဇာနာသိ၊ မသိ။ ဟိတာဟိတဉ္စ၊ အစီးအပွား ရှိသည် မရှိသည်ကို လည်းကောင်း။ ဝိနိပါတဉ္စ၊ အပါယ်ငရဲသို့ ကျဖို့ရာကို လည်းကောင်း။ သဂ္ဂဉ္စ၊ နတ်ရွာကို လည်းကောင်း။ နာဇာနာသိ၊ မသိ။ ရသေ၊ လူသားအရသာ၌။ ဂိဒ္ဓေါ တပ်မက်သော။ ဒုစ္စရိတေ၊ မကောင်းသော အကျင့်၌။ နိဝိဋ္ဌော၊ တည်သော။ သော တုံ၊ ထိုသင်သည်။ ကိံ ဝဒေံ၊ အဘယ်ဆုကို။ ဒဿသိ၊ ပေးအံ့နည်း။

၅၀၉။ ပါပဓမ္မေ၊ယုတ်မာသောအကျင့်ရှိသော။ သမ္မေပါရိသာဒ၊ အဆွေပေါရိသာဒ။ အဟဉ္စ၊ ငါသည်လည်း။ ဝဒေံ၊ ဆုကို။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့။ တံ၊ သင့်ကို။ ဝဇ္ဇံ၊ ဆိုချေအံ့။ တဉ္စာပိ၊ သင်သည်လည်း။ ဒတ္ဝာ၊ နှုတ်ဖြင့် ပေးဦး၍။ နာဇာနာသိ၊ မသိ။ ဟိတာဟိတဉ္စ၊ အစီးအပွား ရှိသည် မရှိသည်ကို လည်းကောင်း။ ဝိနိပါတဉ္စ၊ အပါယ်ငရဲသို့ ကျဖို့ရာကို လည်းကောင်း။ သဂ္ဂဉ္စ၊ နတ်ရွာကို လည်းကောင်း။ နာဇာနာသိ၊ မသိ။ ရသေ၊ လူသားအရသာ၌။ ဂိဒ္ဓေါ တပ်မက်သော။ ဒုစ္စရိတေ၊ မကောင်းသော အကျင့်၌။ နိဝိဋ္ဌော၊ တည်သော။ သော တုံ၊ ထိုသင်သည်။ ကိံ ဝဒေံ၊ အဘယ်ဆုကို။ ဒဿသိ၊ ပေးအံ့နည်း။

ထို့နောင်မူ ပေါရိသာဒသည် “ဤသုတသောမမင်းသည် ငါ့ကို မယုံကြည်၊ ထိုသုတသောမ မင်းကို ယုံကြည်ဒစအံ့” ဟု ဝန်ခံလိုရကား—

၅၁၀။ နံ တံ ဝဒေံ အရဟတိ ဇန္တုဒါတုံ၊
ယံ ဝါပိ ဒတ္ဝာန အဝါကရေယ္ယ။
ဝရဿု သမ္မ အဝိကမ္မမာနော၊
ပါဏံ စဇီတ္ဝာပိ ဒဿမေဝ—
ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၅၁၀။ ခတ္တိယ၊ ရေမြေ့ရှင်ဖြစ်တော်မူသော၊ သမ္မသုံတသောမ၊ အဆွေသုတသောမ။ ယောဇန္တု၊ အကြင်သူသည်။ ယံ ဝရံ၊ အကြင်ဆုကို။ ဒတ္တာပိ၊ ပေးပြီးလျက်လည်း။ နအဝါကရေယျ၊ တောင်းတိုင်းမပေးအံ့။ သောဇန္တု၊ ထိုသူသည်။ တံ ဝရံ၊ ထိုဆုကို။ ဒါတုံ၊ ပေးခြင်းငှာ။ နအရဟတိ၊ မထိုက်။ သမ္မ၊ အဆွေသုတ။ သောမ။ အဝိကမ္ပမာနော၊ တုန့်တိုခြင်းမရှိသည်ဖြစ်၍။ ဝရဿု၊ ယူလော့။ ပါဏံ၊ အသက်ကို။ စဇိတ္ဝာနပိ၊ စွန့်၍လည်း။ ဒဿံဝေ၊ ပေးအံ့သလျင်ကတည်း။

(၁) အနုစ်တစ်ရာ အသက်ရှည်ပါစေ

ထိုအခါမဟာသုတသောမမင်းသည် "ဤပေါရိသာဒသည် အလွန်လျင် ရဲရင့်သည် ဖြစ်၍ဆို၏၊ ငါ၏ စကားကို လိုက်နာအံ့၊ ဆုကိုယူအံ့၊ အကယ်၍ကား လူသားကို မစားအပ်ဟု ရှေးဦးစွာလျင် မြစ်ချေအံ့၊ အလွန်လျင် ပင်ပန်းလတ္တံ့၊ ရှေးဦးစွာ တစ်ပါးကုန်သော သုံးပါးသော ဆုတို့ကို ယူဦး၍ နောက်မှ လူသားကို စားခြင်းမှ ကြဉ်ရှောင်ခြင်း ဟူသော ထိုဆုကို ယူအံ့ဟုကြံ၍ ဆုကို ယူလိုရကား—

၅၁၁။ အရိယဿ အရိယေန သမေတိ သခ္ခံ၊
ပညဿ ပညာဏဝတာ သမေတိ။
ပဿေယျံ တံ ဝဿသတံ အာရောဂျံ၊
တေ ဝရာနံ ပဌမံ ဝရာမိ—

ဟူသော ဤဂါထာကို ဆို၏။

၅၁၁။ သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ အရိယဿ၊ မြတ်သောသူ၏။ အရိယေန၊ မြတ်သောသူနှင့်။ သခ္ခံ၊ အဆွေခင်ပွန်းသဘောသည်။ သမေတိ၊ ညီကြ၏။ ပညဿ၊ ဉာဏ်ပညာနှင့် ပြည့်စုံသောသူ၏။ ပညာဏဝတာ၊ ဉာဏ်ပညာနှင့် ပြည့်စုံသောသူနှင့်။ သခ္ခံ၊ အဆွေခင်ပွန်းသဘောသည်။ သမေတိ၊ ညီကြ၏။ သမ္မပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ အာရောဂျံ၊ အနာမရှိသည်၏ အဖြစ်ကို။ ပဿေယျံ၊ မြင်ချင်ပါ၏။ ဝရာနံ၊ သင်ပေးအပ်သော ဆုလေးပါးတို့တွင်။ ပဌမံ၊ ရှေးဦးစွာသော့။ တေ ဝရံ၊ သင့်ဆုကို။ ဝရာမိ၊ ယူ၏။

www.dhammadownload.com

အသက် ၁၀၀ ရှည်စေ

ပေါရိသာဒသည်လည်း ထိုစကားကို ကြား၍လျှင် "ဤ သုတသောမ မင်းသည် စည်းစိမ်ချမ်းသာကို ဖျက်ဆီး၍ ယခုအခါ လူသားကို စားလိုသော ဤသို့ မျှားစွာသော အကျိုးစီးပွားမဲ့ကို ပြုတတ်သော ခိုးသူကြီး ဖြစ်သော ငါ၏အသက်ကို အလိုရှိဘိ၏၊ အံ့ဖွယ်ရှိစွ၊ ငါ၏ အစီးအပွားကို အလိုရှိပေစွတကား" ဟု နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ သုတသောမမင်းသည် လှည့်ပတ်၍ ဆုယူသောအဖြစ်ကို မသိသည်ဖြစ်၍ သုတသောမမင်းအား ထိုဆုကို ပေးလိုရကား—

၅၁၂။ အရိယဿ အရိယေန သမေတိ သခ္ခံ၊
ပညဿ ပညာဏဝဘာ သမေတိ။
ပဿသိ မံ ဝဿသတံ အာရောဂ်ံ၊
တေံ ဝရာနံ ပဌမံ ဒဒါမိ—

ဟူသော ဤဂါထာကို ဆို၏။

၅၁၂။ သမ္မသုတသောမ၊ အဆွေ သုတသောမ။ အရိယဿ၊ မြတ်သောသူ၏။ အရိယေန၊ မြတ်သောသူနှင့်။ သခ္ခံ၊ အဆွေခင်ပွန်းသဘောသည်။ သမေတိ၊ ညီကြ၏။ ပညဿ၊ ဉာဏ်ပညာနှင့် ပြည့်စုံသောသူ၏။ ပညာဏဝတာ၊ ဉာဏ်ပညာနှင့် ပြည့်စုံသောသူနှင့်။ သခ္ခ၊ အဆွေခင်ပွန်းသဘောသည်။ သမေတိ၊ ညီကြ၏။ သမ္မ၊ အဆွေသုတသောမ။ တုံ၊ သင်သည်။ မံ၊ ငါ့ကို။ ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ အာရောဂ်ံ၊ အနာမရှိသည်၏ အဖြစ်ကို။ ပဿသိ၊ မြင်လော့။ ' ဝရာနံ၊ ငါပေးအပ်သော ဆုလေးပါးတို့တွင်။ ပဌမံ၊ ရှေးဦးစွာသော။ တေံ ဝရံ၊ ဤဆုကို။ ဒဒါမိ၊ ငါပေး၏။

(၂) ဖမ်းထားသော မင်းတို့ကို လွှတ်ပါ

ထို့နောင်မှ မဟာသုတသောမမင်းသည် တစ်ပါးသော ဆုကို ယူပြန်လိုရကား—

၅၁၃။ ယေ ခတ္တိယာသေ ဣဓ ဘူမိပါလော၊
မုဒ္ဓါဘိသိတ္တာဝကတနာမဓေယျာ။
နာ တာဒိသေ ဘူမိပတီ အဒေသိ၊
တေံ ဝရာနံ ဒုတိယံ ဝရာမိ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၅၁၃။ သမ္မပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ ဣဓ၊ ဤအရပ်၌။ ဘူမိပါလော၊ ရေမြေကို အစိုးရကုန်သော။ မုဒ္ဓါဘိသိတ္တော၊ ထိပ်၌ အဘိသိက် သွန်းအပ်ကုန်ပြီးသော။ ကတနာမမေယျော၊ မှည့်အပ်သော အမည် အထူး ရှိသော။ ယေ ခတ္တိယာသေ၊ အကြင်မင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တာဒိသေ၊ ထိုသို့ သဘောရှိကုန်သော။ တေ ဘူမိပတီ၊ ထိုမင်းတို့ကို။ နအဒေသိ၊ မစားပါလင့်။ ဝရာနံ၊ လေးပါးသော ဆုတို့တွင်။ ဒုတိယံ၊ နှစ်ခုမြောက် ဖြစ်သော။ ဧတံ ဝရံ၊ ဤဆုကို။ ဝရာမိ၊ ယူပါ၏။

မင်း ၁၀၀တို့ကို လွှတ်မည်

ဤသို့လျှင် မဟာသုတသောမ မင်းသည် နှစ်ခုမြောက်သော ဆုကို ယူသည်ရှိသော် အရာမကကုန်သော မင်းတို့၏ အသက်ရှင်ခြင်းဆုကို ယူတော်မူ၏။

ပေါရိသာဒသည်လည်း ထိုသုတသောမမင်းအား ဆုပေးလိုရကား

၅၁၄။ ယေ ခတ္တိယာသေ ဣဓ ဘူမိပါလာ၊
မုဒ္ဓါဘိသိတ္တာ ကတ နာမဓေယျာ။
နတာဒိသေ ဘူမိပတီ အဒေမိ၊
ဧတံ ဝရာနံ ဒုတိယံ ဒဒါမိ—

ဟူသော ဤဂါထာကို ဆို၏။

၅၁၄။ သမ္မသုတသောမ၊ အဆွေ သုတသောမ။ ဣဓ၊ ဤအရပ်၌။ ဘူမိပါလာ၊ ရေမြေကို အစိုးရကုန်သော။ မုဒ္ဓါဘိသိတ္တာ၊ ထိပ်၌ အဘိသိက် သွန်းအပ်ကုန်ပြီးသော။ ကတနာမမေယျာ၊ မှည့်အပ်ပြီးသော အမည်ထူး ရှိကုန်သော။ ယေ ခတ္တိယာသေ၊ အကြင်မင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တာဒိသေ၊ ထိုသို့ သဘောရှိကုန်သော။ တေ ဘူမိပတီ၊ ထိုမင်းတို့ကို။ နအဒေမိ၊ ငါမစားပြီ။ ဝရာနံ၊ လေးပါးသော ဆုတို့တွင်။ ဒုတိယံ၊ နှစ်ခုမြောက်သော။ ဧတံ ဝရံ၊ ဤဆုကို။ ဒဒါမိ၊ ငါပေး၏။

(၃) မင်း ၁၀၀ တို့ကို ပြန်ပို့ပါ

အသို့နည်း။ ထိုအရာမကကုန်သော မင်းတို့သည် မဟာသုတသောမ မင်း ပေါရိသာဒတို့၏ စကားပြောဟာကြသော အသံကို ကြားကုန်

www.dhammadownload.com

သလော၊ မကြားကုန်သလောဟူမူ အလုံးစုံကို မကြားကုန်။ ထိုစကားသည် မှန်၏။ ပေါရိုဏာဒသည် ပညောင်ပင်ကို မီးခိုးလုံးဖြင့် နှိပ်စက်မည် စိုးသောကြောင့် အဝေးတို့သွား၍ မီးကိုညှို၏။ မီးပုံကြီး၏ လည်းကောင်း, ပညောင်ပင်၏လည်းကောင်း အလယ်၌နေ၍ မဟာသုတသောမ မင်းသည် ထိုပေါရိုဏာဒနှင့်တကွ စကားပြော၏။ ထို့ကြောင့် အလုံးစုံသောစကားကို မကြားမူ၍ ထက်ဝက် ထက်ဝက်သော စကားကိုသာလျှင် ကြားရကုန်၏။ ထိုအရာမကကုန်သော မင်းတို့သည် "ယခုအခါ မဟာသုတသောမ မင်းမြတ်သည် ပေါရိုဏာဒကို ဆုံးမလတ္တံ့၊ မကြောက်ကြကုန်လင့်"ဟု အချင်းချင်း သက်သာရာကို ရစေကုန်၏။ ထိုခဏ၌ မဟာသုတသောမမင်းသည် တစ်ပါးသော ဆုကို ယူပြန်လိုရကား-

၅၁၅။ ပရောသတံ ခတ္တိယာ တေ ဂဟီတာ၊
တလာဝုတာ အဿုမုခါ ရုဒန္တာ။
သကေ တေ ရဋ္ဌေ ပဋိပါဒယာဟိ၊
တေ ဝရာန တတိယံ ဝရာမ-

ဟူသော ဤဂါထာကို ဆို၏။

၅၁၅။ သမ္မပေါရိုဏာဒ၊ အဆွေပေါရိုဏာဒ။ တေ တယာ၊ သင်သည်။ ဂဟီတာ၊ ဖမ်းယူအပ်ကုန်သော။ တလာဝုတာ၊ ကြိုးဖြင့် သီအပ်သော လက်ဝါးပြင်ရှိကုန်သော။ အဿုမုခါ၊ မျက်ရည်ဖြင့် ပြည့်သော မျက်နှာရှိကုန်သော။ ရုဒန္တာ၊ ငိုကုန်သော။ ပရောသတံ၊ အရာမက ကုန်သော။ ယေ ခတ္တိယာ၊အကြင်မင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ ခတ္တိယေ၊ ထိုမင်းတို့ကို။ သကေ၊ မိမိဥစ္စာ ဖြစ်ကုန်သော။ ရဋ္ဌေ၊ တိုင်းပြည်တို့သို့။ ပဋိပါဒယာဟိ၊ ပို့ပါလော့။ ဝရာနံ၊ သင်ပေးအပ်သော ဆုလေးပါးတို့တွင်။ တတိယံ၊ သုံးခုမြောက်ဖြစ်သော။ ဧတံ ဝရံ၊ ဤဆုကို။ ဝရာမိ၊ ယပါ၏။

ပြန်ပို့ပေးပါမည်

ဤသို့လျှင် မဟာသုတသောမ မင်းသည် သုံးခုမြောက်ဖြစ်သောဆုကို ယူသည်ရှိသော် ထိုမင်းတို့ကို မိမိတို့ တိုင်းပြည်တို့သို့ ပို့အပ်သောဆုကို ယူတော်မူ၏။ အဘယ့်ကြောင့် ဤဆုကို ယူတော်မူသနည်း ဟူမူကား ထို

www.dhammadownload.com

ပေါရိသာဒသည် မစားသော်လည်း ဘေးရန်ကို ကြောက်သောကြောင့် ထိုအလုံးစုံသောမင်းတို့ကို ကျွန်ပြု၍ တောဋ္ဌသာလျှင် နေစေရာ၏။ သတ်၍ မူလည်း စွန့်ပစ်ရာ၏။ ရပ်စွန်ပြည်နှင်းသို့ဆောင်ယူ၍မူလည်း ရောင်းချရာ၏။ ထို့ကြောင့် ထိုမင်းတို့အား မိမိတိုင်းပြည်တို့သို့ ပို့ဆောင်စိမ့်သော ဆုကို ယူ၏။ ပေါရိသာဒသည်လည်း ထိုသုတသောမမင်းအား ဆုကို ပေးလိုရကား—

၅၁၆။ ပရောသတံ ခတ္တိယာမေ ဂဟီတာ၊
တလာဝုတာ အဿုမုခါရွဒန္တာ။
သကေ တေ ရဋ္ဌေ ပဋိပါဒယာမိ၊
ဧတံ ဝရာနံ တတိယံ ဒဒါမိ—

ဟူသော ဤဂါထာကို ဆို၏။

၅၁၆။ သမ္မသုတသောမ၊ အဆေ့သုဘဒသောမ။ မေ၊ ငါသည်။ ဂဟီတာ၊ ဖမ်းယူအပ်ကုန်သော။ တလာဝုတာ၊ လက်ဝါးပြင်၌ ကြိုးဖြင့် သီအပ်ကုန်သော။ အဿုမုခါ၊ မျက်ရည်ဖြင့်ပြည့်သော မျက်နှာ ရှိကုန်သော။ရုဒန္တာ၊ငိုကုန်သော။ပရောသတံ၊ အရာမကကုန်သော။ ခယ ခတ္တိယာ၊ အကြင်မင်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေ ခတ္တိယေ၊ထိုမင်းတို့ကို။ သကေ၊ မိမိတို့၏ ဥစ္စာဖြစ်ကုန်သော။ ရဋ္ဌေ၊ တိုင်းပြည်တို့သို့။ ပဋိပါဒယာမိ၊ ပို့ပါအံ့။ ဧ ရာနံ၊ ငါပေးအပ်သော ဆုလေးပါးတို့တွင်။ တတိယံ၊ သုံးခု မြောက် ဖြစ်သော၊ ဧတံ ဝရံ၊ ဤဆုကို။ ဒဒါမိ၊ ပေး၏။

(၄) လူသားစား ရှောင်ကြဉ်ပါ

ထို့နောင်မှ မဟာသုတသောမ မင်းသည်လည်း လေးခုမြောက်ဖြစ်သောဆုကို ယူလိုရကား—

၅၁၇။ ဆိဒ္ဓံ တေ ရဋ္ဌံ ဗျထိတာ ဘယာဟိ၊
ပုထူ နရာ လေဏမနုပ္ပဝိဋ္ဌာ။
မနုဿမံသံ ဝိရမေဟိ ရာဇ၊
ဧတံ ဝရာနံ စတုတ္ထံ ဝရာမိ—

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၅၁၇။ သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ပေါရိသာဒေါ၊ လူသားစား ခိုးသူသည်။ ဣဒါနိ၊ ယခုအခါ၌။ အာဂမိဿတိတိ၊ လာလတ္တံ့ဟူ၍။ တယိ၊ သင်၌။ ဘယာဟိ၊ ကြောက်ခြင်းတို့ဖြင့်။ ဗျထိတာ၊ တုန်လှုပ်ချောက်ချားခြင်းရှိသော။ တေ၊ သင်၏။ ဂဠ္ဟံ၊ တိုင်းပြည်သည်။ ဆိဒ္ဓံ၊ ဟင်းလင်းသာ ရှိရစ်သည်ဖြစ်၍။ ပုထူ၊ များစွာကုန်သော။ နရာ၊ လူတို့သည်။ လေဏံ၊ ပုန်းကွယ်ရာသို့၊ အနုပ္ပဝိဋ္ဌာ၊ ဝင်ကုန်၏။ ရာဇ၊ မင်းမြတ်။ မနုဿမံသံ၊ လူသားမှ။ ဝိရမေဟိ၊ ကြည်ရှောင်ပါလော့။ ဝရာနံ၊ သင်ပေးအပ်သော ဆုလေးပါးတို့တွင်။ စတုတ္ထံ၊ လေးခုမြောက် ဖြစ်သော။ ဧတံ ဝရံ၊ ဤဆုကို။ ဝရာမိ၊ ယူပါ၏။

အခြားဆုကို တောင်းပါ

ဤသို့ သုပ္ပဗုဒ္ဓသာမ မင်းဆိုသည်ရှိသော် ပေါရိသာဒသည် လက်ခုပ်တီး၍ ရယ်သွမ်းသွေးလျက် "အဆွေသုတသောမ....အဘယ့်ကြောင့် ဤစကားကို ဆိုဘိသနည်း၊ ငါသည် သင့်အား ဤဆုကို အသို့ပေးအံ့နည်း၊ အကယ်၍ ယူလိုသည် ဖြစ်အံ့၊ တစ်ပါးသောဆုကို ယူလော့" ဟု ဆို၍ ထိုဆုကို ပယ်လိုရကား—

၅၁၈။ အဒ္ဓါဟိသော ဘက္ခောမမ မနာပေါ၊
တေဿဟေတုမ့ိ ဝနံ ပဝိဋ္ဌော။
သော ဟံ ကထံ ဇေတ္တော ဥပါရမေယ်္ယံ၊
အညံ ဝရာနံ စတုတ္ထံ ဝရဿု—

ဟူသော ဤဂါထာကို ဆို၏။

၅၁၈။ သမ္မသုတသောမ၊ အဆွေသုတသောမ။ အဒ္ဓါဟိ၊ စင်စစ်လျှင်။ သောဘက္ခော၊ ထိုအစာသည်။ မမ၊ ငါ၏။ မနာပေါ၊ နှလုံးကို ပွားစေတတ်သော။ ဘက္ခော၊ အစာတည်း။ တေဿ၊ ထိုအစာ၏။ ဟေတု၊ အကြောင်းကြောင့်။ ဓနံ၊ တောသို့။ ပဝိဋ္ဌော၊ ဝင်ရောက်လာသည်။ အမ့ိ၊ ဖြစ်၏။ အထ၊ ထို့သို့လျက်။ သောအဟံ၊ ထို့ငါသည်။ ဇေတ္တော၊ ဤအခါမှ၊ ကထံ၊ အဘယ့်ကြောင့်။ ဥပါရမေယ်္ယံ၊ ကြည်ရှောင်နိုင်ပါအံ့နည်း။ သမ္မသုတသောမ၊ အဆွေသုတသောမ၊ ဝရာနံ၊ ငါပေး

www.dhammadownload.com

အပ်သောဆုလေးပါးတို့တွင်။ စတုတ္ထံ၊ လေးခုမြောက်ဖြစ်သော။ အညံ၊ တစ်ပါးသောဆုကို။ ဝရဿု၊ သင်ယူလော့။

မိမိကိုယ်သာ အမှန်မြတ်ဆုံး

ထိုအခါ ပေါရိသာဒကို မဟာသုတသောမ မင်းသည် "အဆွေ ပေါရိသာဒ....သင်သည် လူသားကို ချစ်မြတ်နိုးသောကြောင့် ထိုလူသားမှ ကြဉ်ရှောင်ခြင်းငှာ မတတ်နိုင်ဟု ဆို၏၊ ထိုစကားသည် မှန်၏၊ အကြင်သူသည် ချစ်မြတ်နိုးအပ်သော ဝတ္ထုကို မှီ၍ မဒကာင်းမှုကို ပြု၏၊ ထိုသူသည် သူမိုက်မည်၏" ဟုဆို၍ ထိုအကြောင်းကို ပေါရိသာဒအား ဟောလိုရကား-

၅၁၉။ န ဝေပိယံ မေတိ ဇနိန္ဒ တာဒိသော၊
အတ္ထံ နိရံကစ္စ ပိယာနိ သေဝတိ။
အတ္တာဝ သေယျော ပရမာစ သေယျော၊
လဗ္ဘာ ပိယာ ဩစိတတ္တေန ပစ္ဆာ-
ဟူသော ဤဂါထာကို ဆို၏။

၅၁၉။ ဇနိန္ဒ၊ လူတို့ကိုအစိုးရသော။ သမ္မပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ တာဒိသော၊ သင်ကဲ့သို့သော သူသည်။ ဣဒံ၊ ဤဝတ္ထုကို။ မေ၊ ငါသည်။ ပိယံ၊ ချစ်အပ်၏။ ဣတိ၊ ဤသို့။ အတ္ထံ၊ မိမိကိုယ်ကို။ နိရံကစ္စ-နိရံကတ္ဝာ၊ စွန့်၍။ ပိယာနိ၊ ချစ်အပ်ကုန်သော ဝတ္ထုတို့ကို။ သေ၊ စင်စစ်။ န သေဝတိ၊ မမှီဝဲရာ။ ကိံ ကာရဏာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ အတ္တာဝ၊ မိမိသည်သာလျှင်။ သေယျော၊ အထူးသဖြင့် မြတ်၏။ ကုတော၊ အဘယ်ထက်မြတ်သနည်းဟူမူကား။ ပရမာ၊ အလွန်မြတ်သော ဝတ္ထုထက်လျှင်။ သေယျော၊ အထူးသဖြင့် မြတ်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဩစိတတ္တေန၊ ပဉ္စဝိဒ်းအပ်သော ကိုယ်စိတ်ရှိသော သူသည်။ ပိယာ၊ ချစ်မြတ်နိုးအပ်ကုန်သော ဝတ္ထုတို့ကို။ ပစ္ဆာ၊ နောက်၌။ လဗ္ဘာ၊ ရအပ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အတ္တာဝံ၊ မိမိကိုယ်သည်သာ လျှင်။ သေယျော အထူးသဖြင့် မြတ်၏။

တခြားဆုသာ တောင်းပါ

ဤသို့ မဟာသုတသောမမင်း ဆိုလတ်သော် ပေါရိသာဒသည် ကြောက်တိတ်လှန့်ခြင်းသို့ ရောက်သည်ဖြစ်၏။ "ငါသည်သာလျှင် သုတ

www.dhammadownload.com

သောမမင်းမြတ်သည် ယူအပ်သောဆုကို စွန့်စေခြင်းငှာ လည်းကောင်း, လူသားမှု ကြဉ်ရှောင်ခြင်းငှာ လည်းကောင်း မတတ်နိုင်၊ အသို့ ပြုရအံ့ပါနည်း''ဟု မျက်ရည်တို့ဖြင့်ပြည့်ကုန်သော မျက်စိတို့ဖြင့် ငိုမြည်တမ်းလျက် တစ်ပါးသောဆုကို ယူစေလိုရကား—

၅၂၀။ ပိယံမေ မာနုသံ မံသံ၊ သုတသောမေ ဝိဇာနဟိ။
နမ္မိ သက္ကာ နိဝါရေတုံ၊ အညံဝရံ သမ္မ ဝရဿု—

ဟူသော ဤဂါထာကို ဆို၏။

၅၂၀။ သုတသောမ၊ မင်းမြတ်သုတသောမ။ဝိဇာနာဟိ၊သိးတော်မူလော့။ မေ၊ ငါသည်။ မာနုံသံမံသံ၊ လူသားကို။ ပိုယံ၊ ချစ်မြတ်နိုးအပ်၏။ နိဝါရေတုံ၊ မြစ်ခြင်းငှာ။ သက္ကာ၊ တတ်နိုင်သည်။ နအမ္မိ၊ မဖြစ်။ သမ္မ၊ အဆွေသုတသောမ။ တုံဝံ၊ သင်သည်။ အညံ၊ တစ်ပါးသော။ ဝရံ၊ ဆုကို။ ဝရဿု၊ ယူပါလော့။

အပြစ်နှင့် အကျိုး

ထို့နောင်မှ မဟာ သုတသောမမင်းသည် ထိုပေါရိသာဒအား မကောင်းမှုကို ပြုခြင်း၌ အပြစ်ကိုပြ၍ တရားဟောလိုရကား—

၅၂၁။ ယော ဇဝ ပိယံ မေတိ ပိယာနုရက္ခီ၊
အတ္တံ နိရံကစ္စ ပိယာနိ သေဝတိ။
သောဇ္ဇာဝ ပိတ္ဝာ ဝိသမိဿ ပါနံ၊
တေ နေဝသော ဟောတိ ဒုက္ခီ ပရတ္ထ။
၅၂၂။ ယော စိဓ သန်ဟိယ ပိယာနိ ဟိတ္ဝာ၊
ကိစ္ဆေနပိ သေဝတိ အရိယဓမ္မေ။
ဒုက္ခီတော ပိတ္ဝာန ယဒတာသဓာနိ၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထ--

ဟူသော ဤဂါထာတို့ကို ဆို၏။

၅၂၁။ သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ သောဇ္ဇာ၊ သေသောက်ကြွေးသည်။ ဝိသမိဿပါနံ၊ အဆိပ်နှင့် ရောနှောသော သေကို။

www.dhammadownload.com

ပိုတ္ထာန၊သောက်၍။ တနေဝ၊ ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော။ ပါပကမ္မေန၊ ယုတ်မာသော အမှုကြောင့်။ ပရတ္ထ၊ တမလွန်ဘဝ၌။ ဒုက္ခီ၊ ဆင်းရဲခြင်းသည်။ ဟောတိ ဣဝ၊ ဖြစ်သကဲ့သို့။ ယော၊ အကြင်သူသည်။ တေံ၊ ဤဝတ္ထုကို။ မေ၊ ငါသည်။ ဝေ၊ စင်စစ်။ ပိယံ၊ ချစ်အပ်၏။ ဣတိ၊ ဤသို့။ ပိယာနုံကွိ၊ ချစ်အပ်သော ဝတ္ထုကို စောင့်သည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ နိရုံကစ္စ-နိရုံကတ္တာ၊ စွန့်၍။ ပိယာနိ၊ ချစ်အပ်ကုန်သော ဝတ္ထုတို့ကို။ သေဝတိ၊ မှီဝဲ၏။ သော၊ ထိုသူသည်။ တေနဒေ၊ ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော။ ပါပကမ္မေန၊ ယုတ်မာသော အမှုကြောင့်။ ပရတ္ထ၊ တမလွန်ဘဝ၌။ ဒုက္ခီ၊ ဆင်းရဲခြင်းသည်။ ဟောတိ၊ ဖြစ်၏။

၅၂၂။ သမ္မပေါရိသာဒ၊ အဆွေးပါရိသာဒ။ ဣဓ၊ ဤလောက၌။ ယောစ၊ အကြင်သူသည်ကား။ သခ်ါယ၊ ဆင်ခြင်၍။ ပိယာနိ၊ ချစ်အပ်ကုန်သော ဝတ္ထုတို့ကို။ ဟိတ္ဝာ၊ စွန့်၍။ ဒုက္ခီဒေဝ၊ ဆင်းရဲစွာလျှင်။ ယတော သမာနိ၊ အကြင်ကြောင့် ရအပ်သော ဝတ္ထုတို့ကို။ ပိတ္ထာန၊စား သောက်၍။ ကိစ္စေနပိ၊ ဆင်းရဲငြိုငြင်သဖြင့်လည်း။ အရိယဓမ္မေ၊ မြတ်သော တရားတို့ကို။ သေဝတိ၊ မှီဝဲ၏။ သော၊ ထိုသူသည်။ တေနေဝ၊ ထိုသို့သဘောရှိသည်သာလျှင် ဖြစ်သော။ ပုညကမ္မေန၊ ကောင်းသောအမှုကြောင့်။ ပရတ္ထ၊ တမလွန်ဘဝ၌။ သုခီ၊ ချမ်းသာခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ပေါရိသာဒ ဦးကြွေးရပြီ

ဤသို့ဆိုသည်ရှိသော် ပေါရိသာဒသည် သနားဖွယ်သော ဦးကြွေးခြင်းကို ဦးကြွေးလိုရကား—

၅၂၃။ ဩဟာယ ဟံ ပိတရံ မာတရဉ္စ၊
မနာပိဿယ ကာမဂုဏေစ ပဉ္စ။
ဧတဿ ဟေတုမ္ပိ ဝနံ ပဝိဋ္ဌော၊
တံ တေ ဝရံ ကိန္တိ မဟံ ဒဒါမိ။

ဟူသော ဤဂါထာကို ဆို၏။

၅၂၃။ သမ္မသုတဒသာမ၊ အဆွေ သုဘသောမ။ ယော အဟံ၊ အကြင်ငါသည်။ ပိတရဉ္စ၊ ခမည်းတော်ကို လည်းကောင်း။ မာတရဉ္စ၊

www.dhammadownload.com

မယ်တော်ကို လည်းကောင်း။ မနာပိယေ၊ ချစ်နှစ်သက်ဖွယ် ရှိကုန်သော။ ပဋ္ဌ၊ ငါးပါးကုန်သော။ ကာမဂုဏေ စ၊ ကာမဂုဏ်တို့ကိုလည်းကောင်း။ ဩဟာယ၊ စွန့်၍။ ဇေဿ၊ ဤလူသား၏။ ဟေတု၊ အကြောင်းကြောင့်။ ဝနံ၊ တောသို့။ ပဝိဋ္ဌော၊ ဝင်ရောက်လာသည်။ အမို့၊ ဖြစ်၏။ အထ၊ ထို့သို့လျက်။ တေ၊ သင့်အား။ တံ ဝရံ၊ ထိုဆုကို။ ကိန္တိ၊ အသို့မူ၍။ သော အဟံ၊ ထိုငါသည်။ ဒဒါမိ၊ ပေးပါရအံ့နည်း။

ပေါရိသာဒ စကားနှစ်ခွ

ထို့နောင်မှ မဟာသုတသောမ မင်းသည် ထိုပေါရိသာဒ စကားကို ကဲ့ရဲ့လိုရကား—

၅၂၄။ နံ ပဏ္ဍိတာ ဒိဂုဏမာဟု ဝါကျံ၊
သစ္စပ္ပဋိညော ဘဝန္တိ သန္တော။
ဝရဿု သမ္မ ဣတိ မံ အဝေါစ၊
ဣစ္စေ ဗြဝိ တုံ နံ ဟိ တေ သမေတိ—

ဟူသော ဤဂါထာကို ဆို၏။

၅၂၄။ သမ္မပေါရိသာဒ၊ အဆွေပေါရိသာဒ။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဒိဂုဏံ၊ နှစ်ထပ်သော။ ဝါကျံ၊ စကားကို။ နံ အာဟု၊ မဆို ကုန်။ သန္တော၊ သိမ်မွေ့ကုန်သော။ တေ၊ ထိုပညာရှိတို့သည်။ သစ္စပ္ပဋိ-ညော၊ မှန်သောဝန်ခံခြင်း ရှိကုန်သည်လျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ သမ္မ၊ အဆွေပေါရိသာဒ။ တုဝံ၊ သင်သည်။ မံ၊ ငါ့ကို။ သမ္မသုတသောမ၊ အဆွေသုတသောမ။ ဝရံ၊ ဆုကို။ ဝရဿု၊ ယူလော့။ ဣတိ၊ ဤသို့။ အဝေါစ၊ သင်ဆို၏။ ဝတ္တွာ စ၊ ဆိုပြီးလျက်လည်း။ ဣတိ၊ ဤသို့။ အဗြဝိ၊ ဆိုပြန်၏။ ဇေ၊ သင်၏။ တံဝစနံ၊ ထိုစကားသည်။ နံ ဟိ သမေတိ၊ ရှေ့နောက် မညီ။

ဘယ်လိုလုပ် ပေးရပါ့မလဲ

ထိုအခါ ပေါရိသာဒသည် တစ်ဖန်လည်း ငိုကြွေးလျက် ထိုဆုကို ပေးလိုရကား—

www.dhammadownload.com

၅၂၅။ အပုညလာဘံ အယသံ အကိတ္တိံ၊
ပါပံ ဗဟုံ ဒုစ္စရိတံ ကိလေသံ။
မနုဿ မံသဿ ကဘေ ဥပါဂါ၊
တံ တေ ဝရံ ကိန္တိ မဟံ ဒဒေယ္ယံ—
ဟူသော ဤဂါထာကို ဆို၏။

၅၂၅။ သမ္မသုတသောမ၊ အဆေ့သုတသောမ။ ယဿ မနုဿ မံသဿ၊ အကြင်လူသား၏။ ကတေ-ဟေတု၊ အကြောင်းကြောင့်။ အပုညလာဘံ၊ မကောင်းမှုကို ရရှိခြင်းသို့ လည်းကောင်း။ အယသံ၊ စည်းစိမ်အခြံအရံမှ ကင်းခြင်းသို့ လည်းကောင်း။ အကိတ္တိံ၊ အကျော်အစောမဲ့သို့ လည်းကောင်း။ ဗဟုံ၊ များစွာသော။ ပါပံ၊ ယုတ်မာသော အကျင့်သို့လည်းကောင်း။ ဒုစ္စရိတံ၊ မကောင်းသော အကျင့်သို့ လည်းကောင်း။ ကိလေသံ၊ ညစ်ညူးခြင်းသို့ လည်းကောင်း။ ဥပဂါ၊ ရောက်ချေပြီ။ အထ၊ ထို့သို့လျက်။ တေ၊ သင့်အား။ တံ ဝရံ၊ ထိုဆုကို။ ကိန္တိ၊ အသို့မူ၍။ အဟံ၊ ငါသည်။ ဒဒေယ္ယံ၊ ပေးပါရအံ့နည်း။

ပေါရိသာဒ စကားမ,တည်

ထိုအခါ မဟာသုတသောမမင်းသည် ထို ပေါရိသာဒသည် ရှေးဦးစွာပေးအပ်သော ထိုဆုကို ထုတ်ဆောင်ဖော်ပြလိုရကား -

၅၂၆။ နံ တံ ဝရံ အရဟာတိ ဇန္တု ဒါတုံ၊
ယံ ဝါပိ ဒတ္ဝာ နံ အဝါကရေယ္ယ။
ဝရဿု သမ္မ အဝိကမ္မမာနော၊
ပါဏံ စဇိတ္ဝာ နပိ ဒဿမေဝ—
ဟူသော ဤဂါထာကို ဆို၏။

၅၂၆။ သမ္မ သုတသောမ၊ အဒဆ္ဓ သုတသောမ။ ယော ဇန္တု၊ အကြင်သူသည်။ ယံ ဝရံ၊ အကြင်ဆုကို။ ဒတ္ဝာပိ၊ ပေးပြီး၍လည်း။ နံ အဝါကရေယ္ယ၊ တောင်းတိုင်း မပေးအံ့။ သော ဇန္တု၊ ထိုသူသည်။ တံ ဝရံ၊ ထိုဆုကို။ ဒါတုံ၊ ပေးခြင်းငှာ။ နံ အရဟာတိ၊ မထိုက်။ သမ္မသုတသောမ၊ အဆေ့ သုတသောမ။ အဝိကမ္မမာနော၊ တုန့်တိုခြင်း မရှိ

www.dhammadownload.com

သည်ဖြစ်၍။ ဝရဿု၊ ယူလေ့။ ပါဏံ၊ အသက်ကို။ စဇီတွာနပိ၊ စွန့်၍ လည်း။ ဒဿမေဝ၊ ပေးအံ့သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ မံ၊ ငါ့ကို။ အဓေါစ၊ သင်ဆို၏။ ဝတ္ဝာစ၊ ဆိုပြီး၍လည်း။ ဣတိ၊ ဤသို့။ အဗြဝိ၊ ဆိုပြန်၏။ ဂေါ၊ သင်၏။ တံ ဝစနံ၊ ထိုစကားသည်။ နသမေတိ၊ ရှေ့နောက်မညီ။

တရားအတွက် အားလုံးကိုစွန့်သင့်

ဤသို့ ထိုပေါရိုဿဒသည် ရှေးဦးစွာ ဆိုအပ်ပြီးသော ဂါထာကို ထုတ်ဖော်ပြီး၍ ဆုပေးခြင်း၌ အားထုတ်စေလိုရကား-

၅၂၇။ ပါဏံ စဇန္တိ သန္တော နာပိ ဓမ္မံ၊
သစ္စပဋိညာဝ ဘဝန္တိ သန္တော။
ဒတ္ဝာ ဝရံ ခိပ္ပ မဝါကရောဟိ၊
ဧတေန သမ္ပဇ္ဇ သုရာဇသေဋ္ဌ။

၅၂၈။ စဇေ ဓနံ အင်္ဂဝရဿ ဟေတု၊
အင်္ဂံ စဇေ ဇီဝိတံ ရက္ခမာနော။
အင်္ဂံ ဓနံ ဇီဝိတဉ္စာပိ သဗ္ဗံ၊
စဇေ နရာ ဓမ္မ မနုဿရန္တော-

ဟူသော ဤနှစ်ဂါထာတို့ကို ဆို၏။

၅၂၄။ သုရာဇသေဋ္ဌ၊ မင်းမြတ် ဖြစ်သော။ သမ္မ ပေါရိသာဒ၊ အနဆ္ဆ ပေါရိသာဒ။ သန္တော၊ သူတော်ဒကာင်းတို့သည်။ ပါဏံ၊ ကိုယ် အသက်ကို။ စဇန္တိ၊ စွန့်ကုန်၏။ ဓမ္မံ၊ သဘောတရားကို။ အပိ၊ စင်စစ်။ နာ စဇန္တိ၊ မစွန့်ကုန်။ သန္တော၊ သူတော်ကောင်းတို့သည်။ သစ္စပဋိညာဝ၊ မှန်သော ဝန်ခံခြင်းရှိကုန်သည်သာလျှင်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ သုရာဇ-သေဋ္ဌ၊ မင်းမြတ်ဖြစ်သော။ သမ္မ၊ အဆွေ ပေါရိသာဒ။ ဝရံ၊ ဆုကို။ ဒတ္ဝာ၊ ငါ့အားပေးသောကြောင့်။ ခိပ္ပံ၊ လျင်စွာ။ အဝါကရောဟိ၊ တောင်းတိုင်းသောဆုကို ပေးလော့။ ဧတေန၊ ထို သစ္စဝဓမ္မနှင့်။ သမ္ပဇ္ဇ၊ ပြည့်စုံတော်မူလော့။

၅၂၈။ သုရာဇသေဋ္ဌ၊ မြင့်သောမင်းမြတ်ဖြစ်သော။ သမ္မပေါရိသာဒ၊ အဆွေ ပေါရိသာဒ။ ပဏ္ဍိတော၊ ပညာရှိသော။ ယောနရော၊ အကြင်သူသည်။ အင်္ဂဝရဿ၊ မြတ်သောအင်္ဂါ၏။ ဟေတု၊ အကြောင်းကြောင့်။

www.dhammadownload.com

ဓနံ၊ ဥစ္စာကို။ စဇေ၊ စွန့်ရာ၏။ ဇီဝိတံ၊ အသက်ကို။ ရက္ခမာနော၊ စောင့်ရှောက်လိုသည်ဖြစ်၍။ အင်္ဂံ၊ မြတ်သော အင်္ဂါကို။ စဇေ၊ စွန့်ရာ၏။ ဓမ္မံ၊ မြတ်သော သဒ္ဓာဘာတရားကို။ အနုဿရန္တော၊ အောက်မေ့သောသူသည်။ အင်္ဂဉ္စ၊ မြတ်သော အင်္ဂါကိုလည်းကောင်း။ ဓနဉ္စ၊ ဥစ္စာကိုလည်းကောင်း။ ဇီဝိတဉ္စာပိ၊ အသက်ကိုလည်းကောင်း။ သဗ္ဗံ၊ အလုံးစုံကို။ စဇေ၊ စွန့်ရာ၏။

ဆရာနှင့် မိတ်မပျက်စေသင့်

ဤသို့လျှင် ဘုရားလောင်း မဟာသုတသောမ မင်းသည် ဤအကြောင်းတို့ဖြင့် ထို ပေါရိသာဒကို သစ္စာတရား၌ တည်စေပြီး၍ ယခုအခါ၌ မိမိ၏ ဆရာ၏အဖြစ်ကို ပေါရိသာဒအား ပြလိုရကား—

၅၂၉။ ယသ္မာ ဟိ ဓမ္မံ ပုရိသော ဝိဇညာ၊
ယေစဿ ကဒ်ံ ဝိနယန္တိသန္တော်။
တဉ္ဒိဿ ဒိဗ္ဗဉ္စ ပရာယနဉ္စ၊
နံ တေန မိတ္တိံ ဇိရယေထ ပညော—
ဟူသော ဤဂါထာကို ဆို၏။

၅၂၄။ သမ္မ ပေါရိသာဒ၊ အဆ္ဆ ပေါရိသာဒ။ ပညော၊ ပညာရှိသော။ ယောပုရိသော၊ အကြင် ယောကျားသည်။ ယသ္မာဟိ၊ အကြင်ပုဂ္ဂိုလ်မှလျှင်။ ဓမ္မံ၊ အကျိုးအပြစ်ကို ပြတတ်သော အကြောင်းကို။ ဝိဇညာ၊ သိရာ၏။ ယေစ သန္တော၊ အကြင်သူတော်ကောင်းတို့သည်မူလည်း။ အဿ၊ ထိုတစ်ယောက်သော ပုဂ္ဂိုလ်၏။ ကဒ်ံ၊ ယုံမှားခြင်းကို။ ဝိနယန္တိ၊ ဖျောက်ကုန်၏။ တဉ္ဒိ၊ ထိုသူသည်လျှင်။ အဿ၊ ထိုသူ၏။ ဒိဗ္ဗဉ္စ၊ မြို့ခိုရာလည်း ဖြစ်၏။ ပရာယနဉ္စ၊ လဲလျောင်းရာလည်း ဖြစ်၏။ တေန၊ ထိုဆရာဖြစ်သောသူနှင့်။ မိတ္တိံ၊ အဆွေခင်ပွန်းသဘောကို။ နံ ဇိရယေထ၊ မဖျက်ဆီးရာ။

လူသား မစားတော့ပြီ

မဟာသုတသောမ မင်းသည် ဤသို့သော စကားကို ပြောဆိုပြီး၍ “အဆ္ဆ ပေါရိသာဒ.... ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ဆရာ၏ စကားမည်သည်ကို ဖျက်ဆီးခြင်းငှာ မသင့်၊ ငါသည်လျှင် ယ်စဉ်ကာလ၌လည်း

www.dhammadownload.com

သင်၏ ဆရာစောင်ဖြစ်၍ မျှားစွာဒသာ အတတ်ပညာကို သင်ဖူး၏။ ယခု အခါ၌လည်း ဘုရား၏ တင့်တယ်စံပယ်ခြင်းဖြင့် သတာရဟာ၊ါထာတို့ကို ဟော၏။ ထို့ကြောင့် ငါ၏ စကားကို လိုက်နာခြင်းငှာ ထိုက်၏''ဟုဆို၏။ ထိုစကားကို ကြား၍ ပေါရိသာဒသည် ''ဤသုတဒသာမမင်းကား ငါ၏ ဆရာလည်း မှန်ပေ၏၊ ထို သုတဒသာမမင်းအား ဆုကိုလည်း ငါပေးအပ်၏၊ အသို့ပြုခြင်းငှာ တတ်နိုင်ပါအံ့နည်း၊ တစ်ခုဒသာ ကိုယ်အဖြစ်၌ သခြင်း မည်သည်ကား မြဲ၏၊ ငါသည် သေရဒသ်လည်း လူသားကိုမစား ပြီ၊ ထိုသုတသောမမင်းအား ဆုကို ပေးအံ့''ဟု ယိုစီးသော မျက်ရည် အယဉ်ဖြင့် ထ၍ မဟာသုတသောမ မင်းမြတ်၏ ခြေဂုဏ်းတို့၌ ဝပ်၍ ဆု ပေးလိုရကား—

၅၃၀။ အဒ္ဓါ ဟိ သော ဘက္ခော မမ မနာပေါ၊
တေဿ ဟေတုမ့ိ ဝနံ ပဝိဋ္ဌော။
သစေ စ မံ ယာစသိ တေမတ္ထံ၊
တေမ့ိ ဘေ သမ့မ ဝရံ ဒဒါမိ—

ဟူသော ဤဂါထာကို ဆို၏။

၅၃၀။ အနန္တကိတ္တိမ၊ အတိုင်းမသိသော ကျော်စောခြင်း ရှိတော်မူသော။ သမ့မသုတသောမ၊ မင်းမြတ် သုတဒသာမ။အဒ္ဓါဟိ၊ စင်စစ်လျှင်။ သောဘက္ခော၊ ထိုလူသားဟူသော အစာသည်။ မမ၊ ငါ၏။ မနာပေါ၊ နှစ်သက်အပ်သော အစာတည်း။ တေဿ၊ဤအစာ၏။ ဟေတု၊ အကြောင်းကြောင့်။ ဝနံ၊ တောသို့။ ပဝိဋ္ဌော၊ ဝင်ရသည်။ အမ့ိ၊ ဖြစ်၏။တေမတ္ထံ၊ ဤအစာတည်းဟူသော ဆုအလို့ငှာ။ မံ၊ ငါ့ကို။ သစေ စ၊ အကယ်၍လည်း။ ယာစသိ၊ တောင်း၏။ တေမ့ိ၊ ထိုဆုကိုလည်း။ တေ၊ သင့်အား။ ဒဒါမိ၊ ငါပေး၏။

ပေါရိသာဒ သီလဆောက်တည်

ထိုအခါ ပေါရိသာဒကို မဟာသုတသောမမင်းသည် ဤသို့ဆို၏။ ''အဆွေ ပေါရိသာဒ.... သီလ၌ တည်သောသူအား သေရခြင်းသည်လည်း မြတ်၏၊ အဆွေ ပေါရိသာဒ.... သင်သည် ပေးအပ်သောဆုကို ငါယူ၏၊ ဤနေ့မှစ၍ မြတ်သောအကျင့်၌ တည်သည် ဖြစ်ပေပြီ၊ ဤသို့ ဖြစ်သော်

www.dhammadownload.com

လည်း သင့်ကို ငါတောင်းပန်ပါဦးအံ့၊ အကယ်၍ သင့်အား ငါ၌ ချစ်ခြင်းရှိသည် ဖြစ်အံ့၊ ငါးပါးသော သီလတို့ကို ယူလော့'' ဟု ဆို၏။ ''အဆွေ သုတသောမ.... ကောင်းပြီ၊ ငါ့အား ငါးပါးသော သီလတို့ကို ပေးလော့၊ ယူအံ့'' ဟုဆို၍ ထိုပေါရိသာဒသည် ဘုရားလောင်း မဟာသုတသောမမင်းကို ငါးပါးသော ထိခြင်းဖြင့် ရှိခိုးလျက် တင့်အပ်သောအရပ်၌ နေ၏။ မဟာသုတသောမ မင်းသည်လည်း ထိုပေါရိသာဒကို ငါးပါးသော သီလတို့၌ တည်စေတော်မူ၏။ ထို၁၈၌ ထိုအရပ်တွင် စည်းဝေးလာကုန်သော ဘုမ္မစိုးနတ်တို့သည် မဟာသုတသောမမင်း၌ နှစ်သက်ခြင်းကို ဖြစ်စေ၍ ''အောက်အစီစိမ့်အထက်ဘဝဂ်တိုင်အောင် မဟာသုတသောမမင်းမှတစ်ပါးသော ဤ ပေါရိသာဒကို လူသားစားခြင်းမှ မြစ်အံ့သောဌာနစုမ်းနှိုင်သော သူမည်သည် မရှိ၊ အံ့ဖွယ်ရှိစွ၊ မဟာသုတသောမ မင်းမြတ်သည် ပြုနိုင်ခဲသော အမှုကို ပြုပေစွတကား'' ဟု သည်းစွာသောအသံဖြင့် အလုံးစုံသော တောကို ပဲ့တင်ထပ်စေလျက် ကောင်းချီးပေးကြကုန်၏။ ထိုဘုမ္မစိုးနတ်တို့၏ အသံကို ကြားကုန်၍ စာတုမဟာရာဇ်နတ်တို့သည်လည်း ကောင်းချီးပေးကြကုန်၏။

မင်းတရားတို့ကို လွှတ်ကြမည်

ဤသို့သောနည်းဖြင့် အထက်ပြဟ္မာ့ပြည်တိုင်အောင် တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက်သော အသံသည် ဖြစ်၏။ ပညောင်ပင်၌ဆဲ့၍ ထားအပ်ကုန်သော မင်းတို့သည်လည်း ထိုနတ်သားတို့ ကောင်းချီးပေးသော အသံကို ကြားကြကုန်၍ ပညောင်ပင်စောင့် နတ်သည်လည်း မိမိ ဗိမာန်၌ တည်လျက်လျှင် ကောင်းချီးပေး၏။ ဤသို့လျှင် နတ်တို့၏ အသံကိုသာလျှင် ကြားရ၏။ အရုပ်အဆင်းကို မမြင်ရ။ ထိုနတ်တို့ ကောင်းချီးပေးသော အသံကို ကြားရကုန်၍ အရာမကသော မင်းတို့သည် ကြံကြကုန်၏။ ''သုတသောမ မင်းမြတ်ကို မှီ၍ ငါတို့သည် အသက်ကို ရပေကုန်ပြီ၊ သုတသောမ မင်းမြတ်သည် ဧပေါရိသာဒကို ဆုံးမတော်မူသဖြင့် ဖြစ်ခဲစွာသောအမှုကို ပြုတော်မူပေ၏'' ဟု မဟာသုတသောမမင်းအား ချီးမွမ်းခြင်းကို ပြုကုန်၏။ ပေါရိသာဒသည် မဟာသုတသောမမင်း ခြေတော်တို့ကို ရှိခိုး၍ တင့်အပ်သော အရပ်၌ နေ၏။ ထိုအခါ ပေါရိသာဒကို မဟာသုတသောမမင်းသည် ''အဆွေ ပေါရိသာဒ....အရာမကသော မင်းတို့ကို လွှတ်ပါလော့'' ဟု ဆို၏။ ထိုပေါရိသာဒသည် ကြံ၏။ ''ငါသည် ထိုမင်းတို့၏ ရန်သူတည်း၊ ငါသည် လွှတ်အပ်ကုန်သည်ရှိသော် ထိုမင်းတို့သည် ငါ၏ ရန်သူကို ဖမ်း

www.dhammadownload.com

ကြကုန်လော့''ဟု ငါ့ကို ဖမ်းယူ၍ ညဉ်းဆဲကုန်ရာ၏၊ ငါသည်လည်း အသက်ကို စွန့်ရသော်လည်း သုတသောမမင်းထံမှ ယူအပ်သော သီလကို ဖျက်ဆီးခြင်းငှာ မတတ်ကောင်း၊ ဤသုဘသောမမင်းနှင့်တကွလျှင် သွား၍ လွှတ်အံ့၊ ဤသို့ လွှတ်သည်ရှိသော် ငါ့အား ဘေးမရှိသည် ဖြစ်လတ္တံ့''ဟု ကြံ၏။ ထိုသို့ ကြံပြီးမှ မဟာသုတသောမမင်းကို ရှိခိုး၍ ''အဆွေ သုတသောမ.... ငါတို့နှစ်ယောက်တို့သည်လျှင် သွားကုန်၍ ထိုမင်းတို့ကို လွှတ်ကုန်အံ့''ဟု ဆို၍ လွှတ်လိုရကား—

၅၃၁။ သတ္ထာစ မေ ဟောသိ သခါစ မေသိ၊
ဝ စနမ္မိ ကေ သမ္မ အဟံ အကာသိ'။
တုဝံပိ မေ သမ္မ ကရောဟိ' ဝါကျံ၊
ဥဘောပိ ဂန္တွာန ပမောစယာမ—

ဟူသော ဤဂါထာကို ဆို၏။

၅၃၁။ သမ္မ သုတသောမ၊ အဆွေ သုတသောမ။ တုံ၊ သင်သည်။ မေ၊ ငါ၏။ သတ္ထာစ၊ ဆရာသည်လည်း။ အဟောသိ၊ ဖြစ်ပါ၏။ မေ၊ ငါ၏။ သခါစ၊ အဆွေ ခင်ပွန်းသည်လည်း။ အသိ၊ ဖြစ်ပါ၏။ သမ္မ၊ အဆွေသုတသောမ။ အဟံ၊ ငါသည်။ တေ၊ သင်၏။ ဝစနမ္ပိ၊ စကားကိုလည်း။ အကာသိ၊ လိုက်နာပြီ။ သမ္မ၊ အဆွေ သုတသောမ။ တုဝံပိ၊ သင်သည်လည်း။ မေ၊ ငါ၏။ ဝါကျံ၊ စကားကို။ ကရောဟိ၊ လိုက်နာပါလော့။ သမ္မသုတသောမ၊ အဆွေ ဘုတသောမ။ ဥဘောပိ၊ နှစ်ယောက်ကုန်သော ငါတို့သည်လျှင်။ ဂန္တွာန၊ သွားကုန်၍။ ပမောယာမ၊ လွှတ်ကြပါကုန်အံ့။

ထိုသို့ ပြောဆိုသောအခါ ပေါဂိသာဒကို မဟာသုတသောမမင်းသည် နှစ်ယောက်အတူ လွှတ်လိုရကား—

၅၃၂။ သတ္ထာစ တေ ဟောမိသခါစ တျမ္ဟိ၊
ဝစနပ္ပိ မေ သမ္မ တုဝံ အကာသိ။
အဟမ္ပိ တေ သမ္မ ကဒရာမိ ဝါကျံ၊
ဥဘောပိ ဂန္တွာန ပမောစယာမ—

ဟူသော ဤဂါထာကို ဆို၏။

၅၃၂။ သမ္မပေါဂိသာဒ၊ အဆွေ ပေါဂိသာဒ။ အဟံ၊ ငါသည်။ တေ၊ သင်၏။ သတ္ထာစ၊ ဆရာသည်လည်း။ ဟောမိ၊ ဖြစ်၏။ တေ၊

www.dhammadownload.com

သင်၏။ သခါစ၊ အဆွေ ခင်ပွန်းသည်လည်း။ အမှိ၊ ဖြစ်၏။ သမ္မ၊ အဆွေ ပေါရိသာဒ။ တုဝံ၊ သင်သည်။ မေ၊ ငါ၏။ ဝစနမ္ပိ၊ စကား ကိုလည်း။ အကာသိ၊ လိုက်နာခဲ့ပ၏။ သမ္မ၊ အဆွေ ပေါရိသာဒ။ အဟမ္ပိ၊ ငါသည်လည်း။ တေ၊ သင်၏။ ဝါကျံ၊ စကားကို။ ကရောမိ၊ လိုက်နာအံ့။ ဥဒေဟာပိ၊ ငါတို့နှစ်ယောက်တို့သည်လျှင်။ ဂန္ဒာန၊ သွားကုန်၍။ ပမောစယာမ၊ လွှတ်ကြကုန်အံ့။

သုတသောမမင်း ခံဝန်ချက်ယူ

ဤစကားကို ဘုရားလောင်း မဟာသုတသောမမင်းသည် "နှစ်ယောက်ကုန်သော ငါတို့သည်လျှင် သွား၍ လွှတ်ကြကုန်အံ့"ဟု ပေါရိသာဒအား ဝန်ခံပြီး၍ "မင်းတို့ မည်သည်ကား မာန်ခက်ထန်ကုန်၏၊ လွှတ်ကာမျှဉ်လျှင် ဤပေါရိသာဒသည် ငါတို့ကို နှိပ်စက်ညှဉ်းဆဲအပ်ကုန်၏ဟု ပေါရိသာဒကို ပုတ်ခတ်မူလည်း ပုတ်ခတ်ကုန်ရာ၏၊ သတ်မူလည်း သတ်ကုန်ရာ၏။ ဤ ပေါရိသာဒသည်ကား ထိုမင်းတို့၌ မပြစ်မှားလတ္တံ့၊ ငါတစ်ယောက်တည်းသာလျှင် သွား၍ ရှေးဦးစွာ ထို မင်းတို့၏ ဝန်ခံခြင်းကို ယူချေကုန်အံ့"ဟုကြံ၍ ထိုအရပ်သို့သွားသဖြင့် လက်ဝါးပြင်၌ ကြိုးဖြင့်သီ၍ ခြေဖျားတို့ဖြင့် မြေကို ထိစေကုန်လျက် ပညောင်ခက်တို့၌ ဆွဲအပ်ကုန်သော လေတ်သောကာလ၌ ဆင်စွယ်ကောက်၌ ဆွဲအပ်ကုန်သော လိပ်ဆူးရှေ ပန်းကုံးခြောက်တို့သည် လည်ကုန်သကဲ့သို့ လည်ကုန်သော ထိုမင်းတို့ကို မြင်လေ၏။ ထိုမင်းတို့သည်လည်း မဟာသုတသောမမင်းကို မြင်ကုန်လျှင် "ယခုအခါ ငါတို့သည်ကား ဘေးမရှိသည် ဖြစ်ကုန်ပြီဟု တစ်ပြိုင်နက်လျှင် သည်းစွာသော ဟစ်ကြွေးခြင်းကို ဟစ်ကြွေးကြကုန်၏။ ထိုအခါ မင်းတို့ကို ဘုရားလောင်း မဟာသုဘသောမမင်းသည်လည်း "မင်းမြတ်တို့... မကြောက်ကြကုန်လင့်"ဟု နှစ်သိမ့်စေ၍ "ငါတို့သည် ပေါရိသာဒကို ဆုံးမ၍ သင် မင်းမြတ်တို့အား ဘေးမရှိခြင်းကို ယူအပ်ပြီ၊ ထို့ကြောင့် သင် မင်းမြတ်တို့သည်တား ငါ၏ စကားကို လိုက်နာကြကုန်လော့"ဟု ဤသို့ ပြောဆိုပြီးလျှင် ထို မင်းများတို့သို့ ကပ်၍ ဝန်ခံစေလိုရကား-

၅၃၃။ ကမ္မာသ ပါဒေန ဝိဒဟဋ္ဌိတတ္ထ၊
တသာဝုတာ အဿုမုခါ ရုဒန္တာ။
နာဇာတု ဒုဗ္ဘေထ ဣမသ္မာ ရညော၊
သစ္စပ္ပဋိညံ မေ ပဋိသုဏာထ-

ဟူသော ဤဂါထာကို ဆို၏။

www.dhammadownload.com

၅၃၃။ ဘောန္တော ဆုဇာနော၊ အိုမင်းမျှားတို့။ တလာဝုတာ၊ ကြိုးဖြင့် သီအပ်သော လက်ဝါးပြင်ရှိကုန်သည်ဖြစ်၍။ အဿုမုခါ၊ မျက်ရည်ဖြင့် ပြည့်သောမျက်နှာ ရှိကုန်လျက်။ ရုဒန္တော၊ ငိုကုန်သော။ တုမ္မေ၊ သင်မင်းမြတ်တို့ကို။ ကမ္မာသပါဒေန၊ ခြေကျားသည်။ ဝိဟေဋ္ဌိတတ္ထ၊ ညှဉ်းဆဲအပ် ကုန်ပြီ။ ဧဝံသန္တေပိ၊ ဤသို့ ညှဉ်းဆဲအပ်ကုန် ငြားသော်လည်း။ ဣမဿ ရညော၊ ဤမင်းအား။ ဇာတု၊ စင်စစ်သဖြင့်။ နဒုဗ္ဘေထ၊ မပြစ်မှားကြကုန်လင့်။ မေ၊ ငါ၏။ သစ္စပပ္ပဋိညံ၊ ဟုတ်မှန်သော ဝန်ခံခြင်းကို။ ပဋိဿုဏာထ၊ နာတော်မူကြကုန်။

ထိုမင်းတို့သည် ဝန်ခံလိုကုန်ရကား—

၅၃၄။ ကမ္မာသပါဒေန ဝိဟေဋ္ဌိတမှာ၊
တလာဝုတာ အဿုမုခါ ရုဒန္တော။
နဇာတု ဒုဗ္ဘေမ ဣမဿ ရညော၊
သစ္စပပ္ပဋိညံ တေ ပဋိဿုဏာမ—

ဟူသော ဤဂါထာကို ဆို၏။

၅၃၄။ ဘူနာထ၊ သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်သော။ မဟာ့ရာဇ၊ မင်းမြတ်။ တလာဝုတာ၊ ကြိုးဖြင့်သီအပ်ကုန်သော လက်ဝါးပြင်ရှိ ကုန်သည်ဖြစ်၍။ အဿုမုခါ၊ မျက်ရည်ဖြင့်ပြည့်သော မျက်နှာရှိကုန်လျက်။ ရုဒန္တော၊ ငိုကုန်သော။ အမှေ၊ အကျွန်ုပ်တို့ကို။ ကမ္မာသပါဒေန၊ ခြေကျားသည်။ ဝိဒ္ဒေဟတမှာ၊ ညှဉ်းဆဲအပ်ကုန်ပြီ။ ဧဝံသန္တေပိ၊ ဤသို့ ညှဉ်းဆဲအပ်ကုန်သော်လည်း။ ဣမဿ ရညော၊ ဤမင်းအား၊ ဇာတု၊ စင်စစ်သဖြင့်။ နဒုဗ္ဘမ၊ မပြစ်မှားပါကုန်အံ့။ တေ၊ သင်မင်းမြတ်၏။ သစ္စပပ္ပဋိညံ၊ ဟုတ်မှန်သော ဝန်ခံခြင်းကို။ ပဋိဿုဏာမ၊ နာပါကုန်အံ့။

ပေါရိသာဒကို အဘအရာထားကြ

ထိုအခါ ထိုမင်းတို့ကို ဘုရားလောင်း မဟာသုတသောမမင်းသည် “မင်းမြတ်တို့....ထိုသို့တပြီးကား ဝန်ခံခြင်းကို ပေးကြကုန်သော့” ဟု ဆို၍ ဝန်ခံစေလိုရကား—

www.dhammadownload.com

၅၃၅။ ယထာ ပိတာဝါ အထဝါပိ မာတာ၊
အနုကမ္မကာ အတ္ထကာမာ ပဇာနံ။
ဧဝမေဝ ဝေါဟောတု၊ အယ္ဟ ရာဇာ၊
တုမ္မေစ ဝေါ ဟောထ ယထေဝပုတ္တာ—
ဟူသော ဤဂါထာကို ဆို၏။

၅၃၅။ ဘောဒန္တာရာဇာနော၊ အိုမင်းမျှားတို့။ ပိဘာဝါ၊ အဘသည်လည်းကောင်း။ အဆဝါပိ၊ ထိုမြို့လည်း။ မာတာဝါ၊ အမိသည်လည်းကောင်း။ ပဇာနံ၊ သားသမီးတို့အား။ အနုကမ္မကာစ၊ သနားတတ်ကုန်သည် လည်းကောင်း။ အတ္ထကာမာ စ၊ ဒုက္ခိုးစီးပွားကို အလိုရှိကုန်သည် လည်းကောင်း။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ အယ္ဟ ရာဇာ၊ ဤမင်းသည်လည်း။ တုမ္ဟာကံ၊ သင်မင်းမြတ်တို့၏။ ပိတာဃယထာ၊ အဘကဲ့သို့။ ဟောတု၊ ဖြစ်စေလော့။ တုဒ္မ စ၊ သင်မင်းမြတ်တို့သည်လည်း။ ဣမဿ ရညော၊ ဤမင်း၏။ ပုတ္တာဃယထေဝ၊ သားတို့ကဲ့သို့လျှင်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။

ထိုမင်းတို့လည်း ဝန်ခံလိုရကား—

၅၃၆။ ယထာ ပိတာဝါ အထဝါပိ မာတာ၊
အနုကမ္မကာ အတ္ထကာမာ ပဇာနံ။
ဧဝမေဝ နော ဟောတု အယ္ဟ ရာဇာ၊
မယံပိ ဟေဿာမ ယထေဝ ပုတ္တာ—
ဟူသော ဤဂါထာကို ဆို၏။

၅၃၆။ နရနာထ၊ လူတို့၏ကိုးကွယ်ရာဖြစ်တော်မူသော။ ရာဇသေဋ္ဌ၊ မင်းမြတ်။ ပိတာဝါ၊ အဘသည်လည်းကောင်း။ အထဝါပိ၊ ထိုမြို့လည်း။ မာတာဝါ၊ အမိသည် လည်းကောင်း။ ပဇာနံ၊ သားသမီးတို့အား။ အနုကမ္မကာစ၊ အစဉ် သနားတတ်ကုန်သည် လည်းကောင်း။ အတ္ထကာမာစ၊ အကျိုးစီးပွားကို အလိုရှိကုန်သည် လည်းကောင်း။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ နောဧဝမေဝ၊ ဤအတူလျှင်။ အယ္ဟ ရာဇာ၊ ဤမင်းသည်လည်း။ နော၊ အကျွန်ုပ်တို့၏။ ပိဘာဃယထာ၊ အဘကဲ့သို့။ ဟောတု၊

www.dhammadownload.com

ဖြစ်ပါစေသတည်း။ မယဲပိ၊ အကျွန်ုပ်တို့သည်လည်း။ ပုတ္တဲ့ဝယဒထဝ၊ သား တို့ကဲ့သို့လျှင်။ ဟောဿမ၊ ဖြစ်ပါကုန်အံ့။

မင်းများကို လွှတ်ကြပုံ

ဤသို့လျှင် မဟာသုတသောမ မင်းသည် ထိုမင်းတို့၏ ဝန်ခံခြင်း ကိုယူပြီးလျှင် ပေါရိသာဒကိုခေါ်၍ "အဆွေ ပေါရိသာဒ....လာလှည့် ထိုမင်းတို့ကို လွှတ်လော့" ဟု ဆို၏။ ထိုပေါရိသာဒသည် သန်လျက်ကို ကိုင်၍ တစ်ယောက်သောမင်း၏ ဖွဲ့သောကြိုးကို ဖြတ်၏။ ထိုမင်းသည် ခုနစ်ရက်ပတ်လုံး အစာကင်းသဖြင့် ဆင်းရဲဝေဒနာသို့ ရောက်သည်ဖြစ်၍ ဖွဲ့သောကြိုးကို ဖြတ်သည်နှင့်တကွ မိန်းမောသည်ဖြစ်၍ မြေ၌လဲ၏။ ထိုသို့ လဲသည်ကိုမြင်၍ မဟာသုတသောမ မင်းသည် သနားခြင်းကိုပြု၍ "အဆွေ ပေါရိသာဒ... ဤသို့ မဖြတ်ပါလင့်" ဟု ဆို၍ တစ်ယောက်သော မင်းကို လက်နှစ်ဖက်တို့ဖြင့် မြဲစွာကိုင်၍ ရင်၌ပိုက်ဖက်ပြီးလျှင် "အဆွေ ပေါရိ သာဒ....ယခုအခါ ဖွဲ့သောကြိုးကို ဖြတ်လော့" ဟု ဆို၏။ ပေါရိသာဒသည် သန်လျက်ဖြင့် ဖြတ်၏။ မဟာသုတသောမ မင်းသည် အားခွန်နှင့် ပြည့်စုံ တော်မူသောကြောင့် ထိုမင်းကို ရင်ခွင်၌ အုပ်စေ၍ ရင်၌ဖြစ်သော သား ကဲ့သို့ နူးညံ့သောစိတ်ဖြင့် ချ၍ မြေ၌ အိပ်စေ၏။ ဤနည်းဖြင့်လျှင် အလုံးစုံသောမင်းတို့ကို မြေ၌အိပ်ခစေပြီးလျှင် အနာတို့ကိုဆေး၍ သူငယ် တို့၏ ထွင်းသစ်သောနားမှ ချည်ကို အသာ အသာ ငင်သကဲ့သို့ အသာ အသာ သီးသာ ကြိုးစွန်းကိုငင်၍ သွေးပြည်တို့ကို ဆေးသဖြင့် အနာ၌ သွေးပြည် အစေးမရှိသည်တို့ကိုပြု၍ "အဆွေပေါရိသာဒ....တစ်ခုသော သစ်ပင်မှ အခေါက်ကို ကျောက်ပြင်၌သွေး၍ ဆောင်ယူခဲ့ပါလော့" ဟု ဆောင်ယူခဲ့စေပြီးလျှင် သစ္စာပြုခြင်းကို ပြုတော်မူ၍ ထိုမင်းတို့၏ လက်ဝါး ပြင်တို့ကို လိမ်းကျံ၏။ ထိုခဏ၌လျှင် အနာသည် ချမ်းသာ၏။

ပေါရိသာဒသည် ဆန်ကိုယူ၍ ထမင်းလုံး မရှိသော ယက်မန်း ယာဂုကို ကျွေး၏။ မဟာသုတသောမမင်း ပေါရိသာဒတို့သည်လည်း အရာ မကသော မင်းတို့ကို ယက်မန်း ယာဂုကို တိုက်ကုန်၏။ဤသို့လျှင် ထိုအလုံးစုံ သော မင်းတို့ကို ယက်မန်း ယာဂုဖြင့် ရောင့်ရဲစေကုန်စဉ် နေသည် ဝင်၏။ နက်ဖြန် မိုးသောက်သောနေ့၌ နံနက်စောစော အခါ၌ လည်းကောင်း, မွန်းတည့်သောအခါ၌ လည်းကောင်း, ညချမ်းအခါ၌ လည်းကောင်း

www.dhammadownload.com

ယက်မန်း ယာဂုကိုသာလျှင် တိုက်၍ သုံးရက်မြောက်သောနေ့၌ ထမင်းလုံးနှင့် တကွသော ယာဂုကို တိုက်ကုန်၏။ အကြင်မျှလောက်ကုန်သော မင်းတို့သည် အားရှိကုန်၏။ ထိုမျှလောက်ကုန်သော မင်းတို့သည် အနာကင်းကြကုန်၏။ ထိုအခါ ထိုမင်းတို့ကို မဟာသုတသေ.မ မင်းသည် ''သွားခြင်းငှာ တတ်နိုင်ပါကုန် လတ္တံ့လော'' ဟု မေး၍ ''သွားနိုင်ပါကုန်၏'' ဟု ဆိုကုန်လတ်ဒသော် ''အဆွေပေါရိသာဒ....လာလှည့်၊ မိမိပြည်ရွာသို့ သွားကြကုန်အံ့'' ဟု ဆို၏။ ထိုအခါ ပေါရိသာဒသည် ဦးကြွေးလျက် မဟာသုတသောမမင်း၏ ခြေတို့၌ ဝပ်၍ ''အာဒသုတသောမ....သင်သည်သာလျှင် ဤမင်းတို့ကိုယူ၍ သွားလေလော့၊ ငါမူကား ဤတောင်သာလျှင် သစ်မြစ်သစ်သီးတို့ကို စားလျက်နေပါအံ့'' ဟု ဆို၏။

''အဆွေပေါရိသာဒ....ဤတောအရပ်၌ အဘယ်ပြုအံ့နည်း၊ သင်၏တိုင်းပြည်သည် အလွန်မွေ့လျော်ဖွယ် ရှိ၏၊ ဗာရာဏသီပြည်၌ မင်းပြုလော့'' ဟု ဆိုလတ်သော် ''အဆွေသုတသောမ....အသို့ဆိုဘိသနည်း၊ ငါသည် ထိုဗာရာဏသီပြည်သို့ သွားခြင်းငှာ မတတ်ကောင်း၊ ထိုစကားသည် မှန်၏၊ အလုံးစုံသောမြို့၌ နေကုန်သောသူတို့သည် ငါ၏ ရန်သူတို့တည်း၊ ထိုအလုံးစုံသော မြို့သူတော်သည် ပေါရိသာဒသည် ငါ၏အမိကို စားအပ်၏၊ ငါ၏အဖကို စားအပ်၏၊ ငါ၏ ညီအစ်ကို၊မောင်နှမကို စားအပ်၏၊ ဤခိုးသူကို ဖမ်းကြကုန်လော့'' ဟု ဆို၍ ငါ့ကို ဆဲရေးကုန်လတ္တံ့။ တစ်ခုတစ်ခုစီသော လုံတံဖြင့်သော်လည်းကောင်း, တစ်ခု တစ်ခုစီသော ခဲဖြင့်သော်လည်းကောင်း ငါ့ကို အသက်ကုန်ခြင်းသို့ ရောက်စေကုန်လတ္တံ့။ ငါသည်လည်း သင်မင်းမြတ်တို့အထံ၌ သီလကို ဆောက်တည်အပ်ပြီ။ အသက်ဟူသော အကြောင်းကြောင့်လည်း ငါသည် သူတစ်ပါးကို သတ်ခြင်းငှာ မတတ်ကောင်း၊ ထို့ကြောင့် ငါသည် မလိုက်ပြီ။ ငါသည် လူသားမှု ကြည်ရောင်ရသောကြောင့် အဘယ်မျှ အသက်ရှည်အံ့နည်း။ ယခုအခါ ငါ့အား သင်မင်းမြတ်တို့ကို မြင်ရခြင်းသည် မရှိပြီဟု ဦးကြွေး၍ သင်မင်းမြတ်တို့သည်သာလျှင် ကြွေတော်မူကုန်လော့'' ဟု ဆို၏။

ပေါရိသာဒ ပြည်တော်ဝင်ခန်း

ထိုအခါ မဟာသုတသောမ မင်းသည် ထိုပေါရိသာဒကျောကို သုံးသပ်၍ ''အဆွေပေါရိသာဒ....သင် မစိုးရိမ်လင့်၊ ဆုဘသာ အမည်ရှိ

www.dhammadownload.com

သော ငါသည် သင်ကဲ့သို့သော ကြွမ်းကြုတ်ရှုန့်ရင်းသော သူကို စင်လျက် ဆုံးမနိုင်သေး၏၊ ဗာရာဏသီပြည်၌ နေကုန်သော သူတို့ကို ဆုံးမခြင်း၌ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ ငါသည် သင့်ကို ဗာရာဏသီမင်း အဖြစ်၌ တည်စေအံ့၊ အကယ်၍ မတတ်နိုင်သည် ရှိသော် ငါ၏တိုင်းပြည်ကို ထက်ဝက် ခွဲ၍ ပေး၏'' ဟု ဆိုလတ်သော် ''သင်မင်းမြတ်တို့၏ မြို့တော်၌လည်း ငါ၏ ရှုန့်သူတို့သည် ရှိကုန်သည်သာလျှင်တည်း'' ဟု ဆိုသဖြင့် ''ဤပေါရိသာဒသည် ငါ၏စကားကို လိုက်နာသဖြင့် ပြုနိုင်ခဲသော အမှုကို ပြုပေ၏၊ အဘယ်သို့သော အကြောင်းဖြင့် ငါသည် ဤပေါရိသာဒကို ရှေးတည်မြဲတိုင်းသော နေရာ၌ တည်စေရအံ့နည်း'' ဟု ကြံ၍ ထိုပေါရိသာဒအား ဖြားယောင်းအံ့သောငှာ ဗာရာဏသီပြည်၏ ပြည့်စုံခြင်းကို ချီးမွမ်းလိုရကား—

၅၃၇။ ''စတုပ္ပဒံ သာကုဏ္ဍာဝိ မံသံ''—
အစရှိသော ဤဂါထာတို့ကို ဆို၏။

အစားကောင်းမျှား

၅၃၇။ မဟာရာဇ၊မင်းမြတ်။တတ္ထ၊ ထိုဗာရာဏသီမြို့၌။သူဒေဟိ၊ စားတော်ချက်တို့သည်။ ရန္ဓံ၊ ဖျော်အင်သော။ သုကတံ၊ အထူးထူး အပြားပြားတို့ဖြင့် ကောင်းစွာစီရင်အပ်သော။ သုနိဋ္ဌိတံ၊ အထူးထူး အပြားပြားသော အဆောက်အဦ တို့ဖြင့် ကောင်းစွာ ပြီးစေအပ်သော။ စတုပ္ပဒံ၊ အခြေလေးချောင်း ရှိသော သားမှဖြစ်သော။ ယံ မံသဉ္စ၊ အကြင်အသားကို လည်းကောင်း။ သာကုဏ္ဍာဝိပိ၊ ငှက်မှလည်း ဖြစ်ထသော။ ယံ မံသဉ္စ၊ အကြင်အသားကို လည်းကောင်း။ ဣန္ဒေါ၊ သိုကြွားနတ်မင်းသည်။ သုဓံ၊ နတ်သုဓာဘုတ်ကို။ ဘုဉ္ဇတိဣဝ၊ စားသကဲ့သို့။ ပရိဘုဉ္ဇိယာန၊ သုံးဆောင် စားသောက်၍။ တံ၊ ထို ဘောဇဉ်ကို။ ဟိတ္ဝာ၊ စွန့်၍။ ဧကော၊ တစ်ယောက်အထီးတည်း။ အရညေ၊ တောင်၌။ ကထံရမသိ၊ အသို့မွေ့လျော် လတ္တံ့နည်း။

မိန်းမလှမျှား

၅၃၈။ မဟာရာဇ၊ မင်းမြတ်။ တတ္ထ၊ ထို ဗာရာဏသီမြို့၌။ အလင်္ကတာ၊ တန်ဆာဆင်အပ်ကုန်သော၊ ဝေလီ၊ ဦးသစ်သော ရွှေစင်

www.dhammadownload.com

အစုကဲ့သို့ တခဲနက်သော ကိုယ်ရောင် ရှိကုန်ထသော။ ဝိသဝကမဇ္ဈာ၊ စည်း ကျပ်သေး သွယ် ရှုဖွယ်သော ခါး လည်း ရှိကုန်ထသော။ ယာ ခတ္တိယာ၊ အကြင် မင်းသမီးတို့သည်။ ဒေဝဝသု၊ နတ်ပြည်တို့၌၊ ဣန္ဒံ၊ သိကြားနတ်မင်းကို။ ဒေဝစ္ဆရာ၊ နတ်သမီးတို့သည်။ သမ္မရိဝါရယိတ္ဝာ၊ ကောင်းစွာခြံရုံ၍။ ပမောဒယန္တိဣဝ၊ မွေ့လျော်စေကုန်ဘိသကဲ့သို့။ တံ၊ သင့်ကို။ သမ္မရိဝါရယိတ္ဝာ၊ ကောင်းစွာ ခြံရုံကုန်၍၊ ပမောဒယိ သု၊ မွေ့လျော်စေကုန်ပြီ။ တာ ခတ္တိယာ၊ ထို မင်းသမီးတို့ကို။ ဟိတ္ဝာ၊ စွန့်၍။ ဧကော၊ တစ်ယောက် အထီးတည်း။ အရညေ၊ တောင်၌။ ကထံ ရမသိ၊ အသို့မွေ့လျော်လတ္တံ့နည်း။

အိပ်ရာ နေရာကောင်းများ

၅၃၉။ မဟာရာဇ၊ မင်းမြတ်။ တတ္ထ၊ ထို ဗာရာဏသီမြို့၌။ တမ္မူပဓာနေ၊ နီသောအုံးဝန်ရှိထသော။ ဗဟုဂေါဏကမ္ပိ၊ များသော ကော်ဇောဖြင့်ပြီးသော။ သုတမ္ပိ၊ တင့်တယ် စွာသော။ သင်္ဂေါ၊ အထပ် ထပ်သော ဖုံလျှိုရှိသော။ သဗ္ဗသယနမ္ပိ၊ အလုံးစုံ အခင်းအလှမ်းရှိသော အိပ်ရာ၌။ တံ၊ သင်သည်။ ပုဗ္ဗေ၊ ရှေးကာလ၌။ သယသိ၊ အိပ်၏။ တာဒိသဿ၊ ထိုသို့ သဘောရှိသော။ သယနဿ၊ အိပ်ရာ၏။ မဇ္ဈမ္ပိ၊ အလယ်၌။ သုခံ၊ ချမ်းသာစွာ။ သယိတ္ဝာ၊ အိပ်ပြီး၍။ တံ၊ ထိုသို့ သဘောရှိသောအိပ်ရာကို။ ဟိတ္ဝာ၊ စွန့်၍။ ဧကော၊ တစ်ယောက်အထီး တည်း။ အရညေ၊ တောင်၌။ ကထံ ရမသိ၊ အဘယ့်ကြောင့် မွေ့လျော် လတ္တံ့နည်း။

သီဆို တီးမှုတ်ခြင်းများ

၅၄၀။ မဟာရာဇ၊ မင်းမြတ်။ တတ္ထ၊ ထို ဗာရာဏသီမြို့၌။ နိသီထ၊ ညဉ့်အဖို၌။ ယံ ပါဏိသရဉ္ဇ၊ အကြင် မောင်းကြေးနင်းခွက် ခွင်းသံကိုလည်းကောင်း။ ယံ ကုမ္ဘထုနဉ္ဇ၊ အကြင် အိုးစည်သံကို လည်း ကောင်း။ အထောပိ၊ ထို မြို လည်း။ ဝေ၊ စင်စစ်။ နပ္ပုရိသမ္ပိ၊ ယောကျ်ားနှင့်မစပ်သော။ တူရိယံ၊ တူရိယာမျိုးကို။ ဗဟုံ၊ များစွာ။ သုဂိတဉ္ဇ၊ ကောင်းစွာ သီခြင်းကိုလည်းကောင်း။ သုဝါဒိတဉ္ဇ၊ ကောင်း စွာ တီးမှုတ်ခြင်းကို လည်းကောင်း။ ကတ္ဝာ၊ ပြု၍။ တံ၊ သင့်ကို။

www.dhammadownload.com

ပမောဒယိ သူ၊ မွေ့လျော်စေကုန်ပြီ။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ သမ္ပတ္တိ၊ စည်းစိမ်ကို။ ဟိတ္ဝာ၊ စွန့်၍။ ဧကော၊ တစ်ယောက်အထီး တည်း။ အရညေ၊ တောခွင်။ ကထံ ရမသိ၊ အသို့မွေ့လျော်လတ္တံ့နည်း။

မွန်မြတ်သောမိုးတော်

၅၄၁။ မဟာရာဇ၊ မင်းမြတ်။ တတ္ထ၊ ထို ဗာရာဏသီပြည်၌။ ပဟူတ္တမာလံ့၊ ပြန့်ပြောသော ပန်းသစ်ပင်ရှိသော။ တဝ၊ သင်၏။ ဥယျာနသမ္ပန်း၊ ဥယျာဉ်ရေကန်နှင့် ပြည့်စုံသော။ ပုရံ၊ ပြည် သည်။ သုရမ်မံ၊ အလွန်မွေ့လျော်ဖွယ်ရှိ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ပဟူတမာလဝန်တံ၊ အထူးထူး အပြားပြား မျိုးသော ပန်းမျိုး ရှိသော။ မိဂါဇိနုပေတံ၊ မိဂါဇိန်ဥယျာဉ်နှင့် ပြည့်စုံ၏။ တသ္မာ၊ ထို့ကြောင့်။ သုရမ်မံ၊ အလွန်မွေ့လျော်ဖွယ်ရှိ၏။ မိဂါဇိနုပေတံ၊ မိဂါဇိန်ဥယျာဉ်နှင့် ပြည့်စုံသော။ တဝ၊ သင်၏။ ပုရံ၊ ပြည်သည်။ သုရမ်မံ၊ အလွန် မွေ့လျော်ဖွယ်ရှိ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဟယေဟိ စ၊ မြင်းတို့နှင့် လည်းကောင်း။ နာဂေဟိ စ၊ ဆင်တို့နှင့် လည်းကောင်း။ ရထေဟိစ၊ ရထားတို့နှင့် လည်းကောင်း။ ဥပေတံ၊ ပြည့်စုံ၏။ တသ္မာ၊ ထို့ကြောင့်။ သုရမ်မံ၊ အလွန် မွေ့လျော်ဖွယ်ရှိ၏။ တံ၊ ထို ဗာရာဏသီပြည်ကို။ ဟိတ္ဝာ၊ စွန့်၍။ ဧကော၊ တစ်ယောက်အထီး တည်း။ အရညေ၊ တောခွင်။ ကထံ ရမသိ၊ အသို့ မွေ့လျော်လတ္တံ့နည်း။

ဤသို့လျှင် မဟာသုတသောမမင်းသည် "ဤ ပေါရိသာဒသည် ရှေးခဲ့ ခံစားသုံးဆောင်ဖူးသော အရသာကိုအောက်မေ့၍ သွားလိုသည် ဖြစ်ငြားအံ့လည်း မသိ" ဟု ကြံ၍ ရှေးဦးစွာ အစာဖြင့် ဖြားယောင်း၏။ နှစ်ကြိမ်မြောက်၌ ကိလေသာ၏ အစွမ်းဖြင့် ဖြားယောင်း၏။ သုံးကြိမ် မြောက်၌ အိပ်ရာနေရာဖြင့် ဖြားယောင်း၏။ လေးကြိမ်မြောက်၌ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းဖြင့် ဖြားယောင်း၏။ ငါးကြိမ်မြောက်၌ ဥယျာဉ် ရေကန်ဖြင့်လည်းကောင်း၊ မြို့ရွာဖြင့် လည်းကောင်း ဖြားယောင်း၏။

လာ သွားကြစို့

ဤသို့လျှင် ဤ ငါးပါးသော အကြောင်းတို့ဖြင့် ဖြားယောင်း၍ "မင်းမြတ်.... လာလှည့်၊ ငါသည် သင့်ကို ယူဆောင်၍ သွားသဖြင့် ဗာရာဏသီပြည် မင်းအဖြစ်၌ တည်စေပြီး၍ နောက်မှ ငါတို့ပြည်သို့ သွား

www.dhammadownload.com

အံ့။ အကယ်၍ ဗာရာဏသီပြည်ကို မရအံ့၊ ငါ၏ ပြည်ထက်ဝက်ကို သင့်အား ငါပေးအံ့၊ သင့်အား တော၌နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါ့စကားကို လိုက်နာလော့''ဟု ဆို၏။

ပေါရိသာဒ ပြည်တော်ဝင်

ထို ပေါရိသာဒသည် မဟာသုတသောမမင်း စကားကို ကြားရလျှင် သွားလိုသည်ဖြစ်၍ ''သုဘသောမမင်းသည် ငါ၏ အကျိုးစီးပွားကို အလိုရှိ၏၊ အစဉ် သနားတတ်၏၊ ထိုစကားသည် မှန်၏၊ ရှေးဦးစွာ ငါ့ကို ကောင်းမှုဌာန တည်စေ၍ ယခုအခါ ရှေး စည်းစိမ်ချမ်းသာဌာနလည်း တည်စေအံ့''ဟု ဆို၏။ ဤ သုတသောမမင်းသည် တည်စိမ့်သောငှာ တတ်နိုင်လတ္တံ့သည်သာလျှင်တည်း၊ ဤသုတသောမမင်းနှင့် တကွသာလျှင် သွားခြင်းငှာ သင့်၏၊ ငါ့အား တော၌နေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း'' ဟု ကြံလျက် နှစ်သက်သောစိတ် ရှိသည်ဖြစ်၍ ထိုသုတသောမမင်း၏ ဂုဏ်ကျေးဇူးကို မှီ၍ ချီးမွမ်းခြင်းကို ပြောဆိုလိုသည်ဖြစ်၍ ''အဆွေ သုတသောမ.... အဆွေခင်ဗျန်းကောင်းနှင့် ပေါင်းဖော်ရသောထက် ကောင်းမြတ်သော မည်သည် မရှိ၊ ယုတ်မာသော အဆွေခင်ဗျန်းနှင့် ပေါင်းဖော်ရသောထက် အထူးသဖြင့် ယုတ်မာသော မည်သည်လည်း မရှိ'' ဟု ဆို၍ ထိုအကြောင်းကို မဟာသုတသောမမင်းအား ကြားလျှောက်လိုရကား—

၅၄၂။ ကာဠ ပက္ခေ ယထာ စန္ဒော ။လ။—
အစရှိသော ဤခုနစ်ဂါထာတို့ကို ဆို၏။

သူတော်ကောင်းနှင့် ပေါင်းဖော်သင့်ပုံ

၅၄၂။ ရထေသဘ၊ ရထားစီးချင်း မင်းဘကာတို့ထက် အာသဘ မြောက်တော်မူသော။ ရာဇ၊ မင်းမြတ်။ ကာဠပက္ခ၊ လဆုတ်ပက္ခ၌။ စန္ဒော၊ လသည်။ သုဇသုဝေ၊ နေ့တိုင်း နေ့တိုင်း။ ဟာယတေ၀၊ ဆုတ်ယုတ်သည်သာလျှင်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧ၀မေ၀၊ ဤအတူ ၎င်းလျှင်။ အသတံ၊ သူတော်မဟုတ် သူယုတ်တို့နှင့်။ သမာဂမော၊ ပေါင်းဖော်ရခြင်းသည်။ ကာဠပက္ခူပမော၊ လဆုတ်ပက္ခနှင့် တူသည်။ ဟောဟိ၊ ဖြစ်၏။

www.dhammadownload.com

၅၄၃။ ဘူနံဒထ၊ သတ္တဂါတို့၏ ကိုးကွယ်ရာ ဖြစ်တော်မူသော။ ရာဇိန္ဒ၊ မင်းမျိုးနတ်။ ရသက်၊ ရသက အမည်ရှိသော။ သူဒံ၊ စဖို့သည် ဖြစ်သော။ ကာပုရိသာဓမံ၊ အလွန် ယုတ်မာသော ယောကျ်ားကို။ အာဂမ္မ၊ စဲ၍။ အဟံ၊ အကျွန်ုပ်သည်။ ယဆာ၊ အကြင်အခြင်းဖြင့်။ ယေနကမ္မေန၊ အကြင်အမှုကြောင့်။ ဒုဂ္ဂတိံ၊ မကောင်းသော အလားသို့။ ဂစ္ဆာမိ၊ လားရလေအံ့။ တထာ၊ ထိုအခြင်းဖြင့်။ ပါပကံ၊ ယုတ်မာသော။ တံ ကမ္မံ၊ ထိုအမှုကို။ အကာသိံ၊ ပြုမိ၏။

၅၄၄။ ရဋ္ဌာဓိပတိ၊ ပြည်ကြီးအရှင် ဖြစ်တော်မူသော။ ရာဇ၊ မင်းမြတ်။ သုက္ကပက္ခေ၊ လဆန်းပက္ခ၌။ စန္ဒေ၊ လသည်။ သုဒေ သုဝေ၊ နေ့တိုင်း နေ့တိုင်း။ ဝဏ္ဏဝေ၊ ပုဉ်းသည်သာလျှင်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဇဝမေဝ၊ ဤအတူငှင်းလျှင်။ သတံ၊ သူတော်ကောင်းတို့နှင့်။ သမာဂမော၊ ပေါင်းဖော်ရခြင်းသည်။ သုက္ကပက္ခ။ပမော၊ လဆန်းပက္ခနှင့် တူသည်။ ဟောဟိ၊ ဖြစ်၏။

၅၄၅။ ဘာရဓ၊ ပြည်ကြီးဝန်ကို ရွက်ဆောင်တော်မူတတ်သော။ သုတသောမ၊ မင်းမြတ် သုတသောမ။ ပဇာနာဟိ၊ သိတော်မူလော့။ အဟံ၊ အကျွန်ုပ်သည်။ တုဝံ၊ သင်မင်းမြတ်ကို။ အာဂမ္မ၊ စဲ၍။ ယထာ၊ အကြင် အခြင်းဖြင့် ယေနကမ္မေန၊ အကြင်အမှုကြောင့်။ သုဂတိံ၊ ကောင်းသော အလားသို့။ ဂစ္ဆာမိ၊ လားရအံ့။ တထာ၊ ထိုအခြင်းဖြင့်။ ကုသလံ၊ အပြစ်မရှိသော အကျိုးကို ပေးတတ်သော။ တံ ကမ္မံ၊ ထိုအမှုတို့ကို။ ကာဟာမိ၊ ပြုရပေပြီ။

၅၄၆။ ဇနိန္ဒ၊ လူတို့ကို အစိုးရတော်မူသော။ ဘူမိပါလ၊ ရေမြေ့ရှင်။ ထလေ၊ ကြည်းကုန်း၌။ ဝုဋ္ဌံ၊ ရှိသော။ ဝါရိ၊ မိုးရေသည်။ အနဒ္ဓ-နေယျံ၊ မရှည်သော အခွန်ရှိသည်။ နဒီရဋ္ဌံတိကံ၊ ကြာမြင့်စွာ မတည်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံပိ၊ ဤအတူငှင်းလျှင်။ အသတံ၊ သူတော်မဟုတ် သူယုတ်မာတို့နှင့်။ သမာဂမော၊ ပေါင်းဖော်ရခြင်းသည်။ ထလေ၊ ကြည်းကုန်း၌။ ဥဒကံဝ၊ မိုးရေကဲ့သို့။ အနဒ္ဓနေယျော၊ မရှည်သော အခွန်ရှိသည်။ ဟောတိ၊ ဖြစ်၏။

၅၄၇။ နရဝိရသေဋ္ဌ၊ ဝိရိယဖြင့် လူအပေါင်းတို့ထက် မြတ်တော်မူသော။ ဇနိန္ဒ၊ လူမျိုးနတ်။ သရေ၊ မဟာသမုဒ္ဒရာဇ်၌။ ဝုဋ္ဌံ၊ ရှိသော၊

www.dhammadownload.com

ဝါရိ၊ မိုးရေသည်။ စိရဒ္ဌိတိကံ၊ ကြာမြင့်စွာတည်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံပိ၊ ဤအတူဌင်းလျှင်။ သတံ၊ သူတော်ကောင်းတို့နှင့်။ သမာဂမော၊ ပေါင်းဖော်ရခြင်းသည်။ သရေ၊ မဟာသမုဒ္ဒရာဌ်။ ဥဒကံ-ဣဝ၊ ရေကဲ့သို့။ စိရဒ္ဌိတိကံ၊ ကြာမြင့်စွာ တည်သည်။ ဟောတိ၊ ဖြစ်၏။

၅၄၈။ ရာဇာဓိရာဇ၊ မင်းထက် မင်းမြတ် ဖြစ်တော်မူသော။ ရာဇ-သေဋ္ဌ၊ မင်းမြတ်။ သတံ၊ သူတော်ကောင်းတို့နှင့်။ သမာဂမော၊ ပေါင်းဖော်ရခြင်းသည်။ အဇျာယိကော၊ မပျက်စီးသည်။ ဟောတိ၊ ဖြစ်၏။ ယာဝမိ၊ အကြင်မျှလောက်သော ကာလပတ်လုံးလည်း။ တိဋ္ဌေယျ၊ တည်ရာ၏။ တာဝမိ၊ ထိုမျှလောက်သော ကာလပတ်လုံးလည်း၊ မိတ္တဘာဝေါ၊ အဆွေခင်ပွန်း၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ နဇီရတိ၊ မပျက်စီး။ အသတံ၊ သူတော်မဟုတ် သူယုတ်တို့နှင့်။ သမာဂမော၊ ပေါင်းဖော်ရခြင်းသည်။ ခိပ္ပဉ်၊ လျင်စွာလျှင်။ ဝေတိဝိနသတိ၊ ပျက်စီးတတ်၏။ တသ္မာ၊ ထို့ကြောင့်။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မော၊ တရားသည်။ အသတ္တိ၊ သူတော်မဟုတ်သော သူယုတ်တို့မှ။ အာရကာ၊ ဝေးစွာ၏။

ဤသို့လျှင် ပေါရိသာဒသည် ဤခုနစ်ဂါထာတို့ဖြင့် မဟာသုတသောမမင်း၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၏။ မဟာသုတသောမ မင်းသည်လည်း ပေါရိသာဒကို လည်းကောင်း, ထိုမင်းတို့ကို လည်းကောင်းယူ၍ ကုရုတိုင်း ဣန္ဒပတ္တနုဂိုရ်ပြည် ပစ္စန်္တရစ်သို့ ရောက်လေ၏။

ပစ္စန်္တရစ်၌ နေကုန်သောသူတို့သည် မဟာသုတသောမမင်းကို မြင်ကုန်လျှင် ဣန္ဒပတ္တနုဂိုရ်မြို့သို့ သွားကုန်၍ မှူးတော် မတ်တော်တို့အား ကြားလျှောက်ကုန်၏။ မှူးတော် မတ်တော်တို့သည် ဗိုလ်ပါရဲမက် အပေါင်းကို ယူပြီးလျှင် သွား၍ ခြံရံကြကုန်၏။ မဟာသုတသောမ မင်းသည် ထိုအခြံအရံဖြင့် ဗာရာဏသီပြည်သို့ သွားလေ၏။ ခရီးအကြာ၌ ဇနပုဒ်နေသူတို့သည် မဟာသုတသောမမင်းအား လက်ဆောင်ပဏ္ဏာကို ဆက်၍ ပို့လိုက်ကုန်၏။ မျှားစွာသောအခြံအရံသည် ဖြစ်၏။ ထိုမျှားစွာသော အခြံအရံနှင့်တကွ ဗာရာဏသီပြည်သို့ ရောက်လေ၏။

ပြိုတံခါး ပိတ်ကြပြီ

ထိုအခါ ပေါရိသာဒ၏သားသည် မင်းပြု၏။ စစ်သူကြီးကား ကာဠဟတ်ပင်တည်း။ ပြည်သူတို့သည် မင်းအား ကြားလျှောက်ကြကုန်၏။ ''အရှင်မင်းမြတ်....မဟာသုတသောမမင်းသည် ပေါရိသာဒကို ဆုံးမသဖြင့်

www.dhammadownload.com

ယူ၍ ဗာရာဏသီပြည်သို့ လာရောက်ပါသတတ်၊ ထိုပေါရိသာဒအား မြို့သို့ ဝင်စိမ့်သောဌာ မပေးကုန်အံ့''ဟု လျှင်မြန်စွာ မြို့တံခါးတို့ကိုပိတ်၍ လက်နက်တို့ကို စွဲကုန်လျက် တည်ကုန်၏။

မဟာသုတသောမမင်းသည် မြို့တံခါးကိုပိတ်သော အဖြစ်ကို သိ၍ ပေါရိသာဒကိုလည်းကောင်း, တစ်ရာမကသော မင်းတို့ကို လည်းကောင်း ထားခဲ့၍ အမတ်နှစ်ယောက် သုံးယောက်တို့နှင့်တကွ လာလေတ်၍ ''ငါကား သုတသောမ မင်းတည်း၊ မြို့တံခါးကို ဖွင့်ကုန်လော့''ဟု ဆို၏။ မင်းချင်းတို့သည် သွား၍ မင်းအား တင်လျှောက်ကြကုန်၏။ ထိုမင်းသည် ''လျှင်မြန်စွာ တံခါးကို ဖွင့်လေကုန်''ဟု မြို့တံခါးကို ဖွင့်စေ၏။ မဟာသုတသောမမင်းသည် မြို့တွင်းသို့ ဝင်တော်မူ၏။ မင်းသည်လည်းကောင်း, ကာဠဟတ်စစ်သူကြီးသည် လည်းကောင်း မဟာသုတနာမ မင်းအား ခရီးဦးကြိုဆိုခြင်းကို ပြုသဖြင့် ခေါ်၍ ရှေနှန်းပြာသာဒ်ထက်သို့ တင်ကုန်၏။

သုတသောမမင်း

ထိုမဟာသုတဒသာမမင်းသည် မင်း၏နေရာ၌ နေတော်မူ၍ ပေါရိသာဒ၏ မိဖုရားကြီးကို လည်းကောင်း, မိဖုရားကြီးမှ ကြွင်းကုန်သော အမတ်တို့ကိုလည်းကောင်း ခေါ်၍ ကာဠဟတ်ကိုဆိုတော်မူ၏။ ''အချင်းကာဠဟတ်....အဘယ့်ကြောင့် မင်းအား မြို့တွင်းသို့ ဝင်စိမ့်သောဌာ မပေးကြကုန်သနည်း''ဟု ဆိုတော်မူ၏။ ''အရှင်မင်းမြတ်....ထိုမင်းသည် မင်းပြုသည်ရှိသော် ဤမြို့၌ မျှားစွာသော လူတို့ကို စားဘိ၏၊ မင်းတကာတို့သည် မပြုကျင့်အပ်သော အမှုကို ပြုကျင့်ဘိ၏၊ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို မင်းပြတ်သည်ကို ပြုဘိ၏၊ ထိုမင်းသည် ဤသို့ သဘောရှိသော ယုတ်မာသော အကျင့်ရှိ၏၊ ထို့ကြောင့် မြို့သို့ ဝင်စိမ့်သောဌာမပေးကုန်''ဟု တင်လျှောက်၏။

ဆုံးမ၍ တရားဟောခြင်း

''အချင်းကာဠဟတ်....ယခုအခါ ထိုပေါရိသာဒသည် ဤသို့သဘောရှိသောအမှုကို မပြုလုတ္တံ၊ မစိုးရိမ်ကြကုန်လင့်၊ ငါသည် ထိုပေါရိသာဒကို ဆုံးမ၍ သီလတို်၌ တည်စေပြီ၊ အသက်ဟူသော အကြောင်းကြောင့်

www.dhammadownload.com

လည်း တစ်စုံတစ်ယောက်သော သူကို မညှဉ်းဆဲလတ္တံ့၊ သင့်အား ထို ပေါရိသာဒမှု ဘေးမရှိပြီ၊ ဤသို့ မပြုကုန်လင့်၊ သားတို့ မည်သည်ကား မိဘတို့ကို ရှိသေစွာ လုပ်ကျွေးအပ်ကုန်၏၊ ထိုစကားသည် မှန်၏၊ မိဘတို့ကို ရှိသေစွာ လုပ်ကျွေးကုန်သော သားသမီးတို့သည် နတ်ပြည်သို့ရောက်ရကုန်၏၊ မိဘတို့ကို ရှိသေစွာ မလုပ်ကျွေးကုန်သော သားသမီးတို့သည် အပါယ်ငရဲသို့ သွားရကုန်၏''ဟု မဟာသုတသောမမင်းသည် နိမ့်သော နေရာ၌နေသော ပေါရိသာဒ၏ သားဖြစ်သောမင်းသားအား အဆုံးအမကို ပေးတော်မူပြီး၍ ''အချင်းကာဠဟတ်....သင်သည် မင်း၏ အဆွေခင်ပွန်းလည်း ဖြစ်၏၊ မင်းကို ခစားမှီဝဲသော အမတ်လည်း ဖြစ်၏၊ မင်းသည်လည်း ကြီးစွာသော စည်းစိမ်ချမ်းသာ၌ တည်စေ၏၊ သင်သည်လည်း မင်း၏ အကျိုးစီးပွားကို ကျင့်ဆောင်ခြင်းငှာ သင့်၏''ဟု စစ်သူကြီး ကာဠဟတ်ကိုလည်း ဆုံးမတော်မူပြီး၍ ''ရှင်မိဖုရား....ရှင်မိဖုရားသည်လည်း မိဘအိမ်မှလာ၍ ထိုမင်းအထံ၌ မိဖုရားကြီးအရာသို့ ရောက်၍ သားသမီးတို့ဖြင့် ပွားခြင်းသို့ ရောက်၏။ သင်သည်လည်း ထိုမင်း၏အကျိုးစီးပွားကို ကျင့်ဆောက်တည်ခြင်းငှာ သင့်၏''ဟု မိဖုရားကြီးကိုလည်း ဆုံးမတော်မူ၍ ထိုအကြောင်းကိုလျှင် အပြီးသို့ ရောက်စိမ့်သောငှာ တရားဟောလိုရကား-

၅၄၉။ နသော ရာဇာ ယော အဇေယျ ဇိနာတိ ။လ။
အစရှိသော လေးဂါထာတို့ကို ဟောတော်မူ၏။

မယားမိုက်နှင့် သားသမီးမိုက်

၅၄၉။ ဘောန္တော ရာဇာနော၊ အို မင်းများတို့။ ယောရာဇာ၊ အကြင်မင်းသည်။ အဇေယျံ၊ မအောင်အပ်သော မိဘကို။ ဇိနာတိ၊ အောင်၏။ သော၊ ထိုမင်းသည်။ နရာဇာ၊ မင်းမမည်။ ယော သခါ၊ အကြင် အဆွေခင်ပွန်းသည်။ သခါရံ၊ အဆွေခင်ပွန်းတစ်ယောက်ကို။ ဇိနာတိ၊ အောင်၏။ သော သခါ၊ ထိုအဆွေခင်ပွန်းသည်။ နသခါ၊ အဆွေခင်ပွန်းမမည်။ ယာ ဘရိယာ၊ အကြင်မယားသည်။ ပတိနော၊ မိမိလင်အား။ နဝိဇေတိ၊ မကြောက်။ သာ ဘရိယာ၊ ထို မယားသည်။ နဘရိယာ၊ မယားမမည်။ ယေပုတ္တာ၊ အကြင် သားသမီးတို့သည်။ ဇိဏ္ဏံ၊ အိုမင်းပြီးသောမိဘကို။ နဘရန္တံ၊ မမွေးမြူကုန်။ တေ ပုတ္တာ၊ ထို သားသမီးတို့သည်။ နပုတ္တာ၊ သားသမီးမမည်ကုန်။

www.dhammadownload.com

လူမိုက်နှင့် လူလိမ္မာ

၅၅၀။ ယတ္ထ၊ အကြင်သဘင်၌။ သဒ္ဓန္တာ၊ ပညာရှိသော သူတော် ကောင်းတို့သည်။ နု သန္တိ၊ မရှိကုန်။ သာ သဘာ၊ ထို သဘင်သည်။ နု သဘာ၊ သဘင်မမည်။ ယေ သန္တော၊ အကြင် သူတော်ကောင်းတို့ သည်။ ဓမ္မံ၊ ဟုတ်မှန်သောတရားကို။ နု ဘာဏန္တိ၊ မဆိုကုန်။ တေသန္တော၊ ထို့သူတော်ကောင်းတို့သည်။ နု သန္တော၊ သူတော်ကောင်း မမည်ကုန်။ ရာဂဉ္စ၊ တပ်မက်မောခြင်းကို လည်းကောင်း။ ဒေါသဉ္စ၊ အမျက်ထွက် ခြင်းကို လည်းကောင်း။ မောဟဉ္စ၊ မိုက်မဲတွေဝေခြင်းကို လည်းကောင်း။ ပဟာယ၊ စွန့်၍။ ဓမ္မံ၊ ဟုတ်မှန်သော သဒ္ဓာကို။ ဘာဏန္တာဝ၊ ဆိုကုန် သော ပညာရှိတို့သည်သာလျှင်။ သန္တော၊ သူဘော်ကောင်း မည်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။

၅၅၁။ ဘောန္တော ရာဇာနော၊ အိုမင်းမျှားတို့။ ဗာလေဟိ၊ သူမိုက် တို့နှင့်။ မိဿံ၊ ပေါင်းသင်းရောနှောသော။ ပဏ္ဍိတံ၊ ပညာရှိကို။ အဘာ-သမာနံ၊ မပြောဆိုသည်ရှိသော်။ ပဏ္ဍိတော၊ ပညာရှိဟူ၍။ နု ဇာနန္တိ၊ မသိကုန်။ အမတံ၊ သေခြင်းကင်းသော။ ပဒံ၊ နိဗ္ဗာန်ကို။ ဒေသေန္တံ၊ ဟောကြားတတ်သော။ ပဏ္ဍိတံ၊ ပညာရှိကို။ ဘာသမာနဉ္စ၊ ပြောဆိုမှု သာလျှင်။ ပဏ္ဍိတော၊ ပညာရှိဟူ၍။ ဇာနန္တိ၊ သိကုန်၏။

၅၅၂။ တသ္မာ၊ ထို့ကြောင့်။ ဓမ္မံ၊ သဘောတရားကို။ ဘာသရေ၊ ဆိုရာ၏။ ဇောတယေ၊ ထွန်းပစေရာ၏။ ယေ ဣသယော၊ အကြင် ဘုရား အစရှိသော သူတော်ကောင်းတို့သည်။ သုဘာသိတဒ္ဓဇာ၊ ကောင်းစွာဆို အပ်သော တရားတည်းဟူသော တံခွန်ရှိကုန်၏။ တေသံ ဣသီနံ၊ ထို ဘုရား အစရှိသော သူတော်ကောင်းတို့၏။ တံ ဓဇံ၊ ထို တရားတည်းဟူသော တံခွန်ကို။ ပဂ္ဂဏှေယျ၊ ချီးမြှောက်ရာ၏။ ဟိ-သစ္စံ၊ မှန်၏။ ဓမ္မော၊ သဘောတရားသည်။ ဣသီနံ၊ ဘုရားအစရှိသော သူတော်ကောင်းတို့၏။ ဓဇော၊ တံခွန်မည်၏။

ပေါရိသာဒ မင်းဖြစ်ပြီ

ထို မဟာသုတသောမ မင်း၏ စကားကို ကြားနာရ၍ မင်းသည် လည်းကောင်း, စစ်သူကြီးသည် လည်းကောင်း, ပေါရိသာဒ၏ မိဖုရား

www.dhammadownload.com

သည် လည်းကောင်း အလွန်နှစ်သက်ကုန်သည်ဖြစ်၍ "အရှင်မင်းကြီး.... သွားပါကုန်အံ့၊ ဆောင်ယူပါကုန်အံ့" ဟု မဟာသုတသောမမင်းကို တင်လျှောက်ပြီးလျှင် ဗာရာဏသီမြို့အလုံးဌ် စည်လည်စေ၍ မြို့သူတို့ကို စည်းဝေးစေပြီးလျှင် "သင်တို့သည် မခြောက်ကြကုန်လင့်၊ ငါတို့ အရှင်မင်းကြီးသည် တရားဌ်တည်ဒတ်မူပြီးသတတ်၊ လာလှည့်ကုန်၊ ငါတို့အရှင်မင်းကြီးကို ဆောင်ယူစေကုန်အံ့" ဟု လူအများကိုခေါ်၍ မဟာသုတသောမမင်းကို ရှေ့ထားလျက် ပေါရိသာဒအထံသို့ သွားကြကုန်ပြီးလျှင် ရှိခိုး၍ ဆတ္တာသည်တို့ကို ဆံမုတ်ဆိတ်တို့ကို ပြုပြင်စေ၍ ပြုပြင်ပြီးသော ဆံမုတ်ဆိတ်ရှိသော် ရေချိုး၍ နံ့သာလိမ်းပြီးလျှင် တင့်တယ်စေပြီးသော မင်းကို ရတနာစုဌ်ထားလျက် အဘိသိက်သွန်း၍ မြို့တွင်းသို့ သွင်းကုန်၏။

ပေါရိသာဒသည် မင်းဖြစ်ပြီး၍ တစ်ရာမကကုန်သော မင်းတို့အား လည်းကောင်း, မဟာသုတသောမ မင်းအားလဲည်းကောင်း များစွာသော ပဏ္ဍော်သက္ကာရကို ပြုစေ၏။

လူအပေါင်းတို့၏ အရှင်ဖြစ်တော်မူသော မဟာသုတသောမမင်းမြတ်သည် ပေါရိသာဒကို ဆုံးမ၍ မင်းအဖြစ်ကို တည်စေတော်မူသတတ်ဟု ဇမ္ဗူဒ္ဝိပ်ကျွန်းအလုံးဌ် ကြီးစွာသော အုတ်အုတ်ကျက်ကျက်သည် ထင်ရှားစွာဖြစ်၏။

ဤဒပတ္ထနဂိုရ်မြို့ဌ် ပြည်သူတို့သည် "အကျွန်ုပ်တို့အရှင် မဟာသုတသောမမင်းမြတ်သည် ကြွလာတော်မူပါစေသတည်း' ဟု တမန်စေလိုက်ကုန်၏။ ထိုမဟာ သုတသောမမင်းသည် ဗာရာဏသီပြည်ဌ် တစ်လ အတိုင်း အရှည် နေတော်မူ၍ "အဆွေပြဟ္မဒတ်....ငါတို့သည် သွားကုန်အံ့၊ သင်သည် မမေ့မလျော့ ဖြစ်ရစ်လော့၊ မြို့တံခါး လေးမျက်နှာတို့ဌ် လည်းကောင်း, နန်းတော် တံခါးဌ်လည်းကောင်း ဤသို့ ငါးဌာနဖို့ဌ် ငါးဆောင်သော အလှူတင်းကုပ်တို့ကို ဆောက်စေလော့၊ မင်းကျင့်တရားဆယ်ပါးတို့ကို မပျက်စေမူ၍ အဂတိလိုက်ခြင်းကို ပယ်လော့" ဟု ပေါရိသာဒကို ဆုံးမတော်မူ၏။

F100(၃၅၀ ပဋ္ဌမ)

www.dhammadownload.com

သုတသောမမင်း ပြန်ကြွပြီ

တစ်ရာမကကုန်သော မင်းနေပြည်ကြီးတို့မှ မျှားသောအားဖြင့် ဗိုလ်ပါအပေါင်းတို့သည် မျှဉ်းသောအားဖြင့် စုဝေးလာကုန်၏။ မဟာသုတသောမမင်းသည် ထိုဗိုလ်ပါအပေါင်းဖြင့် ခြံရုံလျက် ဗာရာဏသီပြည်မှ ထွက်ခဲ့တော်မူ၏။ ပေါရိသာဒသည်လဲ့ညီး မြို့နန်းမှထွက်၍ ခရီးထက်ဝက် တိုင်အောင် ပို့လိုက်ပြီးမှ ပြန်ခဲ့၏။ မဟာ သုတသောမ မင်းသည် ယာဉ်မရှိကုန်သောမင်းတို့အား ဆင်ယာဉ်၊ မြင်းယာဉ်တို့ကို ပေးတော်မူ၍ လွှတ်တော်မူ၏။ ထိုမင်းတို့သည်လည်း မဟာသုတသောမ မင်းနှင့်တကွ ဝမ်းမြောက်ကုန်ပြီး၍ မဟာသုတသောမမင်းကို ရှိခိုးခြင်းစသည်တို့ကိုပြု၍ မိမိတို့၏ မြို့ရွာသို့ သွားကြကုန်၏။

ပညောင်ပင်စောင့်နတ်ကို ပူဇော်ခြင်း

မဟာ သုတသောမမင်းသည်လည်း နေပြည်တော်သို့ ရောက်တော်မူလျှင် ဣန္ဒပတ္ထနဂိုရ် မြို့သူတို့သည် နတ်မြို့ကဲ့သို့ တန်ဆာဆင်အပ်သော မြို့တော်သို့ ဝင်တော်မူပြီးလျှင် မယ်တော် ခမည်းတော်တို့ကို ရှိခိုး၍ သာယာစွာသော စကားပြောဟောခြင်းကို ပြုတော်မူ၍ ရှေးနန်း ပြာသာဒ်အပြင်သို့ တက်တော်မူ၏။ ထိုမဟာသုတသောမမင်းသည် တရားနှင့်အညီ မင်းပြုလျက် ဤသို့ကြံ၏။ ''ပဒုညောင်ပင်စောင့်နတ်သည် ငါ့အား မျှားစွာသော ကျေးဇူးကို ပြုပေ၏၊ ထိုပညောင်ပင်စောင့်နတ်အား ပူဇော်သက္ကာရလာဘ်ကို ပြုအံ့'' ဟုကြံ၍ ထိုမဟာသုတသောမမင်းသည် ပညောင်ပင်မှ မနီးမဝေးသောအရပ်၌ ကြီးစွာသော တစ်ဖက်ဆည်ကန်ကို ပြုစေပြီးလျှင် မျှားစွာကုန်သော လူမျိုးတို့ကို စေလွှတ်၍ ရွာတည်ထောင်၏။ ထိုရွာသည် ကြီးကျယ်၏။ ရှစ်သောင်းသော အိမ်စျေးတို့ဖြင့် တန်ဆာဆင်အပ်၏။ ထို ပညောင်ပင်ရင်းကိုလည်း အခက်စွန်းဖျားမှစ၍ ညီညွတ်သော အပြင်ရှိသည်ကို ပြုစေပြီးလျှင် ထက်ဝန်းကျင် ပွတ်တိုင်ရံခြင်း, တံခါးတိုင် တံခါးရွက် တံခါးမှခ်နှင့် ယှဉ်ခြင်းကိုပြု၏။ ပညောင်ပင်စောင့်နတ်သည် အလွန်ကြည်ညို၏။ ခြေကျားကို ဆုံးမရာအရပ်၌ တည်သောကြောင့်ကား ထိုရွာသည် ''ကမ္မာသဒမ္မနိဂုံး'' မည်၏။ အလုံးစုံသော ထိုမင်းတို့လည်း ဘုရားလောင်း ဧဟာသုတသောမမင်း အဆုံးအမ၌တည်၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြုကုန်၍ နတ်ပြည်ကို ပြည့်စေကုန်၏။

www.dhammadownload.com

ဇာတ်ပေါင်း သင်္ဘည္၊ မြတ်စွာဘုရားသည် ဤ မဟာသုတသောမ ဇာတ် ဓမ္မဒေသနာကို ဆောင်တော်မူ၍ "မဟန်းတို့....ယခုအခါ၌သာလျှင် ငါဘုရားသည် အင်္ဂုလိမာလကို ဆုံးမတော်မူသည် မဟုတ်သေး၊ ရှေး၌လည်း ဤအင်္ဂုလိမာလကို ငါဘုရားသည် ဆုံးမတော်မူဖူးပြီ" ဟု မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား "ရဟန်းတို့....ယခုအခါ အင်္ဂုလိမာလသည် ထိုအခါ ပေါရိုဏဒြဖစ်ဖူးပြီ၊ ယခုအခါ သာရိပုတ္တရာသည် ထိုအခါ စစ်သူကြီး ကာဠဟတ်ဖြစ်ဖူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ နန္ဒပုဏ္ဏားဖြစ်ဖူးပြီ၊ ယခုအခါ မဟာကဿပသည် ထိုအခါ ပညောင်ပင်စောင့်နတ် ဖြစ်ဖူးပြီ၊ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားမင်း ဖြစ်ဖူးပြီ၊ ယခုအခါ ငါဘုရား ပရိသတ်သည် ထိုအခါကြွင်းကုန်သော မင်းတို့သည် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ မြတ်ဒသာ သာကီဝင်မင်းမျိုး ဖြစ်ကုန်သော မယ်ဘော် ခမည်းတော်တို့သည် ထိုအခါ မယ်တော်ခမည်းတော် ဖြစ်ဖူးကုန်ပြီ၊ ယခုအခါ ငါဘုရားသည်လျှင် ထိုအခါ မဟာသုတသောမ မင်းမြတ်ဖြစ်ဖူးပြီ။ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

ဇာတ်တူအသား၊ စားသူအား၊ ပျက်ပြားရပေမည်။

ငါးခုမြောက်သော မဟာသုတသောမဇာတ်သည် ပြီး၏။

www.dhammadownload.com

နိဒါန်း

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ဆင်ဖြူမျိုးရှင် ဘဝရှင်တရားမင်းမြတ်၏ သားတော်အကြီး မဟာဥပရာဇ်သည် အလွန်တရာ ခဲယဉ်းစွာသော ရခိုင်ပြည်ကြီးကို မင်းနှင့်တကွ သိမ်းယူတော်မူပြီး၍ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၏ စိုးပွားချမ်းသာ အကျိုးငှာ ပင့်ဆောင်တော်မူခဲ့သော မဟာမုနိဘုရားရှင်၏ အရှေ့မျက်နှာအရပ်၌ မဟာဥပရာဇ် မယ်တော် အရှင်မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော မင်္ဂလာဘုံကျောင်း ကျောင်းတော်နေ ညောင်ကန်ဆရာတော်သည် မြန်မာပြန်ဆိုအပ်သော ငါးခုသော ဇာတ်တို့ဖြင့် တန်ဆာဆင်အပ်သော အသီတိနိပါတ် ဇာတ်ဝတ္ထုသည် ဤမျှသော သဒ္ဒါ၏ အစဉ်အနက်၏ အစဉ်အားဖြင့် အပြီးသို့ ရောက်၏။

ဇော်ဂေါဝဘာ—

မင်္ဂလာဘူမိ ကိတ္တိဓေျ၊ ဝသတာ မန္ဒိရေ ရမေ။

ဂုရုနာ မြမ္မာဘာသာယ၊ ဝုတ္တဂန္ထော ဂတော နိဋ္ဌံ။

ဇော်ဂေါဝတာ၊ ဤမျှသော စကားအစဉ်ဖြင့်။ ရမေ၊ မွေ့လျော်ဖွယ်ရှိသော။ မင်္ဂလာဘူမိ ကိတ္တိဓေျ၊ မင်္ဂလာဘုံကျောင် အမည်ရှိသော။ မန္ဒိရေ၊ အမရပူရမြို့တော်သည် ဆင်ဖြူမျိုးရှင် ဘဝရှင်တရားမင်းမြတ်၏ မိဖုရားမြတ်သည် ဆောက်လုပ်အပ်သော ကျောင်းတော်၌။ ဝသတာ၊ သီတင်းသုံးနေသော။ ဂုရုနာ၊ ဆရာတော်သည်။ မြမ္မာဘာသာယ၊ မြန်မာတိုင်းသူတို့၏ အဆိုအမိန့်ဖြင့်။ ဝုတ္တဂန္ထော၊ ဆိုအပ်သော ငါးဇာတ်အတိုင်းအရှည်ရှိသော အသီတိနိပါတ် ကျမ်းသည်။ နိဋ္ဌံ၊ ပြီးဆုံးခြင်းသို့။ ဂတော၊ ရောက်၏။

အသီတိနိပါတ် ဇာတ်ဝတ္ထုသည် ဤတွင်ရွေ့ပြီးပြီ။

www.dhammadownload.com

ကျမ်းပြီးနိဂုံး

ဥဋ္ဌာရဇ္ဈာ သယာနတ္ထ၊ ပတ္ထိန္တေ နုဋ္ဌာဒရနေဝ။
ဥပရညာ ဒုဝေမစ္စေ၊ ပေသယိတ္ဝာ ဘိယာစေဘာ။
ယံ ကတံ တံ ဒိဝင်္ဂါစ၊ ဒိဗ္ဗစေတာ ပဒမာဒေတု။
မောဒေန္တော ပါဏိနော သဗ္ဗေ၊ တေပိ သဗ္ဗေ သုခံ ယန္တု။

ဥဋ္ဌာရေနေဝ၊ မြတ် သော ဆန္ဒ ရှိ သည် သာ လျှင် ဖြစ် သော။ ဥပရညာ၊ ဆင်ဖြူမျိုးရှင် တရားမင်းမြတ်၏ သားတော်အကြီး မဟာ ဥပရာဇ်သည်။ ဥဋ္ဌာရဇ္ဈာသယာနံ၊ မြတ်သောအလိုဆန္ဒ ရှိကုန်သော သူတော်ကောင်းတို့၏။ အတ္ထံ၊ လောကီလောကုတ္တရာ အကျိုးစီးပွားကို။ ပတ္ထေန္တေန၊ တောင့်တတတ်မူသဖြင့်။ ဒုဝေမစ္စေ၊ နှစ်ယောက်သော အမတ်တို့ကို။ ပေသယိတ္ဝာ၊ စေလွှတ်တော်မူ၍။ ဘိယာစေတာ၊ ရှေးဦးတောင်းပန်အပ်သော။ မယာ၊ ငါသည်။ ယံ ပုညံ၊ အကြင်ကျမ်းဂန်ပြုခြင်းကောင်းမှုကို။ ကတံ၊ ပြုအပ်ပြီ။ တံ ပုညံ၊ ထိုကျမ်းဂန်ပြုခြင်းကောင်းမှုကို။ ဒိဝင်္ဂါ၊ နတ်ရွာလားတော်မူပြီးသော မဟာဥပရာဇ်မင်းမြတ်သည်။ ဒိဗ္ဗစေတာ၊ နတ်ဥဖြစ်သော ကုသိုလ်စိတ်တော်ဖြင့်။ ပဒမော-ဒေတု၊ ဝမ်းမြောက်တော်မူစေသတည်း။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ မောဒေန္တော၊ ဝမ်းမြောက် ပါဒစကုန်သတည်း။ တေ သဗ္ဗေပိ၊ ထိုအလုံးစုံသော သူတို့သည်လည်း။ သုခံ၊ ချမ်းသာခြင်းသို့။ ယန္တု၊ ဒရာက်ကြပါစေကုန်သတည်း။

ငါးရာငါးဆယ် ဇာတ်ဝတ္ထု၊ ဤတွင်ပြီး၏။